အရှင်

# ကုမာရ

၏

# အဘိဓမ္မတ္ထသင်္ဂဟ

# ပန်းကုံး

စာပေအမှတ် [၈]

ပဋ္ဌောတာရုံတိုက်သစ်

မြောင်းမြ

အရှင်ကုမာရ

ရေး

# အဘိဓမ္မတ္ထသင်္ဂဟ

## ပန်းကုံး

တိုက်သစ် ပဏ္ဍိတာရုံ စာသင်တိုက်

မြောင်းမြမြို့

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃

ခရစ်—၁၉၈၁-ခု

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ခွင့်အမှတ် (၂၆၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၃၉)

—

ပထမအကြိမ်

—

၁၉၇၁-ခု

—

ဇူလိုင်လ

—

အုပ်ရေ ၂၀၀၀

—

အဖုံး-စကားဝါ

—

ပန်းချီ-သက်မြင့်ဦး

—


စာအုပ်ချုပ်-အေးမိသားစု။

—

( ဓမ္မဒါန )

ဦးမေဓာသာရ၊ ကင်းလွတ်ခွင့် ( ၁၀၇ )၊ ရွှေဟင်္သာတိုက်သစ်၊ ကံဘဲ့၊ ကျောက်ကုန်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးတင်မောင် (၀၂၅၆မြ-) စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ် ၉၀, အေ-ဘီ၊ ဝေဇယန္တာလမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ရန်ကုန်က ပုံနှိပ်သည်။ ဖုံး—၅၅၉၁၅။

# ကျမ်းဦးပန္တက်



**ဝန္ဒနီယံ ဝတ္ထုတ္တယံ၊ ဝရဒံ ပာရံ ဝရံ။**
**ဝဏ္ဏယိဿံ ဝန္ဒိတွာန၊ ဝရတ္ထဒ္ဓေ၀ သင်္ဂဟံ။**

အဟံ၊ ငါသည်။ ဝရံ၊ ဆည်းကပ်သမျှ, သာဝကကို, ဒုက္ခပယ်ဖျောက်, သုခရောက်အောင်, စောင့်ရှောက်ကာကွယ်, မြဲကယ်ဆယ်၍, တကယ်ပင် တောင့်တအပ်ပေထသော။ ပဝရံ၊ မြူတောဂုဏ်မွန်, စုဝေလျှံ၍, အလွန်ပင် မွန်မြတ်ပေထသော။ ဝရဒံ၊ တကြိမ်ရိုကျိုး, ရှိလျှင်ခိုးက, ကောင်းကျိုး အသခံ်, ပေးစွမ်းနိုင်ပေထသော။ ဝန္ဒနီယံ၊ ဖြူဟ္မာနတ်လူ, သုံးဘုံသူတို့,

ကြည်ဖြူနှစ်ခြိုက်, ရှိခိုးထိုက်ပေထသော။ ဝတ္ထုတ္တယံ၊ ဘုရားတရား, သံဃာအားဖြင့်, သုံးပါးရတနာ, ကိုးကွယ်ရာကို။ ဝန္ဒာမိ၊ ကြောင်းမျိုးအလျောက်, ကောင်းကျိုးရောက်ဖို့, ဝမ်းမြောက်ထောမနာ, ရှိခိုးပါ၏။

ဝန္ဒိတွာ၊ ကြောင်းမျိုးလျော်စွာ, ကောင်းကျိုးလာဖို့, ကြည်သာဝပ်ချိုး, ရှိခိုးပြီး၍။ ဝရတ္တဋ္ဌေဝ၊ စာသွားတင့်တယ်, နက်မိပ္ပါယ်တို့, ပြည့်ကြွယ်ကောင်းစွာ, ပါရှိသည်လည်းဖြစ်ပေထသော။ ဝနံ့စ၊ အဘိဓမ္မာနက်ကျယ်, မြစ်ပင်လယ်ကို, ကူးလွယ်သင့်တန်, ယာဉ်ကောင်းမှန်၍,အလှန်လည်း တောင့်တအပ်ပေထသော။ ပဝရံစ၊ ရုပ်ဓာတ် နာမ်ဓာတ်, ပရမတ်နှင့်,ပညတ်တဖြာ, ဘာဝနာမလွတ်, ပြည့်နှံတတ်၍, အလွန်လည်း ကောင်းမြတ်ပေထသော။ ဝရဒံစ၊ လောကီ လောကုတ္တရာ, နှစ်ဖြာကောင်းကျိုး, အမျိုးမျိုးကို, ဖွံ့ဖြိုးမြိုင်မြိုင်, တကယ်လည်း ပေးစွမ်းနိုင်ပေထသော။ သင်္ဂဟံ၊ အဘိဓမ္မတ္ထ, သင်္ဂဟဟု, နာမတင့်ဆန်း, သင်္ဂြိုဟ်ကျမ်းကို။ ဝဏ္ဏယိဿံ၊ ပန်းကိုသီကုံး, ပြုပုံထုံးသို့, ရုံးစုပြီးခါ, နက်မိပ္ပါကို, သင့်ရာကုံးထား, ဆောင်ပုဒ်များနှင့်, ဇယားစွက်ကာ, ဖွင့်ဆိုရပါတော့အံ့။

## လိုလားကြည်ဖြူ သင်သူများသောကျမ်း

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းသည် တင့်တယ်ဆန်းကြွယ်၏၊ ဝါကျအထားအသိုကောင်း၏၊ စာသွားစာလာ ချောမောပြေပြစ် ညက်ညောကျစ်လစ်၏၊ တိုတိုစိစိနှင့် လိုရင်းကိုမိ၏၊ အဘိဓမ္မာဆိုင်ရာ အနက်အဓိပ္ပါယ်တို့ ပြည့်ကြွယ်စုံလင်သော ကျမ်းကောင်းကျမ်းမြတ်ဖြစ်၏၊ ငယ်ပင်ငယ်သော်လည်း တကယ်ထယ်၍ အရေးပါ အရာရောက်သော ကျမ်းထူးတဆူပါပေတည်း။

ဗုဒ္ဓအဘိဓမ္မာသည် သဘောအဓိပ္ပါယ်အားဖြင့် နက်နဲ ခက်ခဲ၏၊ ကျမ်းဂန်စာသား အနေအားဖြင့် ကျယ်ဝန်းများပြား၏၊ သာမန်အသိဉာဏ်ရှိသူများ သက်ဝင်ကျက်စားဖို့ရန် မလွယ်ကူလှပေ၊ နက်လှပြန့်ကျယ် သမုဒ္ဒရာအလယ်မှာ ယုန်ငယ်ခြေထောက်ဖြင့် ထောက်တည်ရာ မရနိုင်သကဲ့သို့သာ ဖြစ်ဖွယ်ရာရှိပါတော့သည်။

ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကား ယင်းအဘိဓမ္မာနက်ကျယ် မြစ်ပင်လယ်ကို အလွယ်တကူ သက်ဝင်ကျက်စားနိုင်ဖို့ရန် ယာဉ်ကောင်း ယာဉ်မွန်သဖွယ် ဖြစ်ပါပေသည်၊ ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းအကူအညီဖြင့် အဘိဓမ္မာ နက်ကျယ်' မြစ်ပင်လယ်ကို အလွယ်တကူ သက်ဝင်ကျက်စားနိုင်သူတို့ကား တယောက်လည်း မဟုတ်၊ နှစ်ယောက်လည်း မဟုတ်ပါ၊ မရေမတွက်နိုင် လောက်အောင်ပင် များပြားလှပါသည်။

ထိုသူတို့သည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းအကူအညီဖြင့် ဗုဒ္ဓအဘိဓမ္မာ၏ သဘောအဓိပ္ပါယ်ကို အလွယ်တကူပင် သိမြင်နားလည်သွားကြပါသည်၊ ထို့ကြောင့်လည်း ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားသူတိုင်း ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို လက်လွှတ်မခံနိုင်ကြပါ၊ လိုလိုလားလား လေ့လာလိုက်စားကြရသည်ချည်းသာ ဖြစ်ပါသည်။

ယင်း အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ ရုပ်ပရမတ်ကိုလည်း ခွဲစိတ်ဝေဖန်ပြသ္ဍန်ထားပါသည်၊ "စိတ်,စေတသိက်,နိဗ္ဗာန်" ဟူသော နာမ်ပရမတ်ကိုလည်း ခွဲစိတ် ဝေဖန်ပြသ္ဍန်ထားပါသည်၊ အချို့အချို့သော စိတ်,စေတသိက်တို့၏ အာရုံအကြောင်းဖြစ်သော သဒ္ဒပညတ်,အတ္ထပညတ်တို့ကိုလည်း ခွဲစိတ်ဝေဖန်ပြသ္ဍန်ထားပါသည်၊ ကျမ်း၏အဆုံး၌ မြေလျှိုး မိုးပျံ အဘိညာဉ်နှင့် နိဗ္ဗာန်တိုင်အောင် ပို့ဆောင်နိုင်သော သမထ,ဝိပဿနာ ဘာဝနာနည်းများကိုပင် တိကျသေချာ ပြသ္ဍန်ထားလိုက်ပါသေးသည်။

သို့ဖြစ်၍ ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းသည် သာမန်ကျမ်းစာမျိုး မဟုတ်ပါ၊ လောကီကောင်းကျိုး, လောကုတ္တရာကောင်းကျိုး အမျိုးမျိုးတို့ကို အပြည့်အဝပေးနိုင်သည့် အလွန်မြင့်မြတ် အထက်တန်းကျသော ကျမ်းစာမျိုးသာ ဖြစ်ပါသည်၊ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ၏ အနှစ်သာရကို လိုလားကြည်ဖြူ အဘယ်မည်သောသူသည် ဤအဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို မသင်ယူလိုပဲ ရှိပါတော့မည်နည်း။

**အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး**

အကျွန်ုပ်သည် မာတိကာ ဓာတုကထာပန်းကုံး, ယမကပန်းကုံး, ပဋ္ဌာန ပန်းကုံးတို့ဖြင့် ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားသူတို့၏ လိုအင်ဆန္ဒကို အထိုက်အလျောက် ပြည့်ဝစေခဲ့ပါသည်၊ ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သိမ့်စေခဲ့ပါသည်၊ ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားသူများအား အဘိဓမ္မာညဝါနှင့်ပတ်သက်၍ အထိုက်အလျောက် အကူအညီပေးခဲ့ပါသည်၊ အကူအညီရသလောက်လည်း သူတို့တတွေ ခရီးရောက်ကြပါသည်၊ တိုးတက်အောင်မြင်မှုကို ရရှိကြပါသည်။

သို့သော် သူတို့တတွေကား ထိုမျှလောက်ဖြင့် အားရတင်းတိမ်မှုကို မရရှိနိုင်ကြပါ၊ ကျွန်ုပ်ထံမှ နောက်ထပ် အကူအညီတခုကို လိုလိုလားလားတောင်းခံလာကြပါသည်၊ ပြုစုပြီး အဘိဓမ္မာညဝါကျမ်းစာများနှင့် သဘောမပြားတသားတည်းဖြစ်အောင် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကိုလည်း လွယ်ကူရှင်းလင်း ဇယားနည်းသွင်းကာ ပြုစုပေးပါမည့်အကြောင်း လျှောက်ထားတောင်းပန်ကြပါသည်။

အကျွန်ုပ်သည် အောက်အခြေခံကျမ်းစာများနှင့်တကွ အထက်ပါဋ္ဌိတော် အဋ္ဌကထာ, ဋီကာကျမ်းများကိုပါ ရွှေကျင်နိကာယ ဒသမ-ဎာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးထံမှာ အများဆုံး နာကြားသင်ယူခဲ့ရပါသည်၊ အထူးအားဖြင့် ''သဒ္ဒါ,သင်္ဂြိုဟ်''စသော အချို့အချို့သော ကျမ်းစာများကို ကိုယ်တိုင်ဆိုရ၍ မိမိရရ သင်ယူခဲ့ရပါသည်၊ ဆရာတော်ဘုရား၏ အထံတော်မှ သင်္ဂြိုဟ်ဆိုင်ရာအနက်အဓိပ္ပါယ်နှင့် သရုပ်ခွဲပုံခွဲနည်းများကိုလည်း တိတိကျကျ ရရှိလာခဲ့ပါသည်။

ဆရာတော်ဘုရား၏ အဘိဓမ္မာဆိုင်ရာ အနက်အဓိပ္ပါယ် ယူဆပုံယူဆနည်း, သရုပ်ခွဲပုံခွဲနည်းများသည် လွယ်ကူရှင်းလင်းသည်၊ တိကျသေချာသည်၊ ပြည့်ဝစုံလင်သည်၊ မပျောက်ကွယ်သင့်သော နည်းကောင်းနည်းမွန်ချည်းသာ ဖြစ်ပါဘိသည်။

သို့ဖြစ်၍ လျောက်ထား တောင်းပန်သူများလည်း အလိုပြည့်ဝအောင် ကျေးဇူးတော်ရှင် မြောင်းမြဆရာတော်ဘုရားကိုလည်း ကျေးဇူးဆပ်ရာ ရောက်အောင် မြောင်းမြဆရာတော်ဘုရား၏ နည်းကိုပင် အခြေခံထားလျက် ဤ အဘိဓမ္မတ္ထသင်္ဂဟာပန်းကုံးကို ပြုစုတင်ဆက်ရပါသည်။

အချို့အချို့သော နေရာများ၌မူကား ဆရာတူတပည့်ကြီးလည်းဖြစ်,ကျွန်ုပ်တို့၏ ဆရာလည်းဖြစ်တော်မူသော တောင်မြို့ဆရာတော်ဘုရား၏ အဘိဓမ္မာဆိုင်ရာ အခြေပြုကျမ်းစာနှင့် ဘာသာဋီကာကျမ်းစာများကိုလည်း မှီငြမ်းပြုထားပါသေးသည်။

**ပန်ကြားချက်**

ဤသို့လျှင် ဤအဘိဓမ္မတ္ထသင်္ဂဟာပန်းကုံးသည် ဒသမ ရွှေကျင် သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး၏နည်းနှင့် တောင်မြို့ဆရာတော်ဘုရား၏ အဘိဓမ္မာဆိုင်ရာ ကျမ်းစာများကို မှီငြမ်းပြုကာ ပေါ်ထွက်လာသော ကျမ်းစာတစောင်ဖြစ်ပါသည်၊ ယင်းသို့ အခြေခံမှီရာကောင်းမှ ပေါက်ပွါးပေါ်ထွက်လာသည့်အတွက် ''ဤကျမ်းစာသည်လည်း အံများ လက်ခံနိုင်လောက်သော ကျမ်းစာကောင်းတစောင် ဖြစ်လိမ့်မည်၊ လျှောက်ထားတောင်းပန်သူတို့၏ အလိုဆန္ဒကို ပြည့်စေနိုင်သော ကျမ်းစာဖြစ်လိမ့်မည်''ဟု ယုံကြည်ကိုးစားပါသည်။

သို့သော် အရေးအသား မလိမ်မာ မကျွမ်းကျင်မှု, စီစဉ်တင်ပြပုံဟန်မရမှု, မိမိ၏ အသိဉာဏ် မနှံ့စပ်မှုတို့ကြောင့် ချွတ်ချော်တိမ်းပါး လွဲမှားသော အချက်အလက်များလည်း ပါဝင်ကောင်း ပါဝင်နိုင်စရာ ရှိပါသည်။

ယင်းသို့ ချွတ်ချော်တိမ်းပါး လွဲမှားသော အချက်အလက်များကို တွေ့ရှိကြပါလျှင် အပြစ်မတင် မေတ္တာဝင်၍ ကြည်လင်ဝမ်းသာ ပြင်ဆင်ကြည့်ရှုကြပါရန်လည်း ပန်ကြားအပ်ပါသည်။

* ရေးအသား၊ တင်ပြထား ဟန်မူရာ၊
* မစွမ်းသန်—အမှန်ပျောက်လို့ရယ်၊ မှားမှောက်တတ်ပါ၊
* မောဟလွှမ်း - ဉာဏ်စွမ်းရယ်တဲ့ ကင်းလွတ်ကွာ၊
  လွဲမှားပါ ချက်လက်များ၊
* ပြစ်မတင်—အချစ်ဝင် မေတ္တာသက်လို့ရယ်၊ ဖြည့်စွက် ပြင်ထား။

**အရှင်ကုမာရ**
တိုက်သစ် ပဋ္ဌာနတာရုံ စာသင်တိုက်
မြောင်းမြမြို့

၁၃၄၂-ခု၊ ကဆုန်လပြည့်ကျော် ၁၂-ရက်။
(၈၀-၅ ၀၀)

အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## ကျမ်းဦး ပန္နက်

| | | | |
|---|---|---|---|
| ၁။ | ပဏာမဂါထာ | .... | [ ဂ ] |
| ၂။ | လိုလားကြည်ဖြူ သင်သူများသောကျမ်း | .... | [ ဃ ] |
| ၃။ | အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး | .... | [ င ] |
| ၄။ | ပန်ကြားချက် | .... | [ စ ] |

## အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး

| | | | |
|---|---|---|---|
| ၁။ | ပဏာမနှင့်ပဋိညာဉ် | .... | ၁ |
| ၂။ | ပရမတ္ထတရား လေးပါး | .... | ၂ |

## ၁။ စိတ်ပိုင်း

| | | | |
|---|---|---|---|
| ၁။ | အကုသိုလ်စိတ် ၁၂-ပါး | .... | ၅ |
| ၂။ | အဟိတ်စိတ် ၁၈-ပါး | .... | ၁၃ |
| ၃။ | ကာမာဝစရသောဘနစိတ် ၂၄-ပါး | .... | ၁၉ |
| ၄။ | ရူပါဝစရစိတ် ၁၅-ပါး | .... | ၂၃ |
| ၅။ | အရူပါဝစရစိတ် ၁၂-ပါး | .... | ၂၅ |
| ၆။ | လောကုတ္တရာစိတ်အကျဉ်း ၈-ပါး | .... | ၂၉ |
| ၇။ | စိတ်အကျဉ်း ၈၉-ပါး | .... | ၃၁ |
| ၈။ | စိတ်အကျယ် ၁၂၁-ပါး | .... | ၃၃ |
| ၉။ | လောကုတ္တရာစိတ်အကျယ် ၄၀- | .... | ၃၃ |

## ၂။ စေတသိက်ပိုင်း

| | | | |
|---|---|---|---|
| ၁။ | စေတသိက်လက္ခဏာ ၄-ပါး | .... | ၃၈ |
| ၂။ | အညသမာန်းစေတသိက် ၁၃-ပါး | .... | ၃၉ |
| ၃။ | အကုသိုလ်စေတသိက် ၁၄-ပါး | .... | ၄၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | သောဘနစေတသိက် ၂၅-ပါး | .... | ၄၂ |
| ၅။ | သမ္ပယောဂနည်း၏ သဘောလက္ခဏာ | — | ၄၅ |
| ၆။ | သမ္ပယောဂနည်း ဥဒ္ဒေသ | .... | ၄၆ |
| ၇။ | အညသမာန်းသမ္ပယောဂနည်း ၇-ပါး | — | ၄၈ |
| ၈။ | အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ | — | ၅၂ |
| ၉။ | အကုသိုလ်သမ္ပယောဂနည်း ၅-ပါး | .... | ၅၄ |
| ၁၀။ | အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ | .... | ၅၆ |
| ၁၁။ | သောဘနသမ္ပယောဂနည်း ၄-ပါး | — | ၅၈ |
| ၁၂။ | ကာမာဝစရသောဘနစိတ်၌ စေတသိက်ယှဉ်ပုံ | — | ၆၂ |
| ၁၃။ | မဟဂ္ဂုတ်လောကုတ္တရာစိတ်၌ စေတသိက်ယှဉ်ပုံ | — | ၆၄ |
| ၁၄။ | နိယတယောဂီ အနိယတယောဂီစေတသိက်များ | — | ၆၅ |
| ၁၅။ | သင်္ဂဟနည်း ဥဒ္ဒေသ | — | ၆၈ |
| ၁၆။ | လောကုတ္တရာစိတ်သင်္ဂဟနည်း ၅-ပါး | — | ၆၉ |
| ၁၇။ | မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၅-ပါး | — | ၇၂ |
| ၁၈။ | ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း ၁၂-ပါး | — | ၇၅ |
| ၁၉။ | ထိုထိုစိတ်၌ မယှဉ်သော စေတသိက် | — | ၇၈ |
| ၂၀။ | ဝိသေသက စေတသိက် | .... | ၇၉ |
| ၂၁။ | ဝိပ္ပယောဂ နည်းသစ် | .... | ၈၀ |
| ၂၂။ | အကုသိုလ်စိတ်သင်္ဂဟနည်း ၇-ပါး | .... | ၈၆ |
| ၂၃။ | အဟိတ်စိတ်သင်္ဂဟနည်း ၄-ပါး | — | ၉၀ |
| ၂၄။ | နှစ်နည်းစပ်တွဲ သရုပ်ခွဲ | .... | ၉၃ |
| ၂၅။ | စေတသိက်ချင်းယှဉ်ပုံ | — | ၉၄ |


## ၃။ ပကိဏ်းပိုင်း


| | | | |
|---|---|---|---|
| ၁။ | ဝေဒနာသင်္ဂဟ | — | ၉၇ |
| ၂။ | ဝေဒနာဖြင့်စိတ်ကို ဝေဖန်ခြင်း | — | ၉၉ |
| ၃။ | ဝေဒနာဖြင့်စေတသိက်ကို ဝေဖန်ခြင်း | .... | ၁၀၀ |
| ၄။ | ဟေတုသင်္ဂဟ | — | ၁၀၅ |
| ၅။ | ဟိတ်ဖြင့်စိတ်ကိုဝေဖန်ခြင်း | — | ၁၀၆ |
| ၆။ | ဟိတ်ဖြင့်စေတသိက်ကို ဝေဖန်ခြင်း | — | ၁၁၀ |
| ၇။ | ကိစ္စသင်္ဂဟ | .... | ၁၁၂ |
| ၈။ | ကိစ္စဖြင့်စိတ်ကို ဝေဖန်ခြင်း | — | ၁၁၄ |
| ၉။ | ကိစ္စဖြင့်စေတသိက်တို့ကို ဝေဖန်ခြင်း | .... | ၁၁၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀။ | ဒွါရသင်္ဂဟ | .... | ၁၂၁ |
| ၁၁။ | ဒွါရဖြင့်စိတ်ကို ဝေဖန်ခြင်း | .... | ၁၂၂ |
| ၁၂။ | ဒွါရဖြင့်စေတသိက်ကို ဝေဖန်ခြင်း | .... | ၁၂၅ |
| ၁၃။ | အာရမ္မဏသင်္ဂဟ | .... | ၁၂၇ |
| ၁၄။ | အာရုံတရားများကို အုပ်စု ၆-ပါးဖြင့် ခွဲဝေပြပုံ | .... | ၁၂၈ |
| ၁၅။ | အာရမ္မဏသင်္ဂဟအကျဉ်းချုပ်ဇယား | .... | ၁၃၇ |
| ၁၆။ | ကေန်ဆောင်ပုဒ် | .... | ၁၄၁ |
| ၁၇။ | အနေကန်ဆောင်ပုဒ် | .... | ၁၄၂ |
| ၁၈။ | စေတသိက်အာရုံ | .... | ၁၄၂ |
| ၁၉။ | ဝတ္ထုသင်္ဂဟ | .... | ၁၄၃ |
| ၂၀။ | ဝတ္ထုဖြင့်စိတ်ကို ဝေဖန်ခြင်း | .... | ၁၄၄ |
| ၂၁။ | ဝတ္ထုဖြင့်စေတသိက်ကို ဝေဖန်ခြင်း | .... | ၁၄၇ |


## ၄။ ဝီထိပိုင်း


| | | | |
|---|---|---|---|
| ၁။ | ဆဆက္ကမာတိကာ | .... | ၁၅၀ |
| ၂။ | စိတ်သက်နှင့် ရုပ်သက် | .... | ၁၅၃ |
| ၃။ | ပဉ္စဒွါရဝီထိ | .... | ၁၅၅ |
| ၄။ | စက္ခုဒွါရဝီထိ-၁၅ | .... | ၁၆၄ |
| ၅။ | မနောဒွါရကာမဇောဝါရ | .... | ၁၆၆ |
| ၆။ | မနောဒွါရအပ္ပနာဇောဝါရ | .... | ၁၆၉ |
| ၇။ | တဒါရမ္မဏနိယမ | .... | ၁၇၇ |
| ၈။ | ဇဝနနိယမ | .... | ၁၈၂ |
| ၉။ | ပုဂ္ဂလဘေဒ | .... | ၁၈၈ |
| ၁၀။ | ကာမပုဂ္ဂိုလ်ဝီထိစိတ်ရ | .... | ၁၉၂ |
| ၁၁။ | ဘူမိဝိဘာဂ | .... | ၁၉၄ |
| ၁၂။ | ထိုထိုဘုံ၌ ရသင့်သောဝီထိစိတ် | .... | ၁၉၇ |
| ၁၃။ | ယထာရဟံအရ ရူပပုဂ္ဂိုလ်တို့၏စိတ်ရ | .... | ၁၉၈ |
| ၁၄။ | ယထာရဟံအရ အရူပပုဂ္ဂိုလ်တို့၏စိတ်ရ | .... | ၁၉၉ |
| ၁၅။ | လေ့ကျက်ရန် နည်းအမြွက် | .... | ၂၀၀ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ၅။ ဝီထိမုတ်ပိုင်း | | |
| ၁။ | ဘူမိစတုက္က | .... | ၂၀၃ |
| ၂။ | ဘုံပုဂ္ဂိုလ်ရ | .... | ၂၀၆ |
| ၃။ | ပဋိသန္ဓိစတုက္က | — | ၂၀၉ |
| ၄။ | အပါယ်ပဋိသန္ဓေတပါး | .... | ၂၀၉ |
| ၅။ | ကာမသုဂတိပဋိသန္ဓေ ၉-ပါး | — | ၂၁၀ |
| ၆။ | ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း | — | ၂၁၂ |
| ၇။ | ရူပါဝစရပဋိသန္ဓေ ၆-ပါး | .... | ၂၁၅ |
| ၈။ | ရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း | .... | ၂၁၆ |
| ၉။ | အာရုပ္ပပဋိသန္ဓေ ၄-ပါး | .... | ၂၁၈ |
| ၁၀။ | အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း | .... | ၂၁၉ |
| ၁၁။ | တဘာဝဋ္ဌတူမြဲတရား ၃-ပါး | .... | ၂၁၉ |
| ၁၂။ | ကမ္မစတုက္က | — | ၂၂၀ |
| ၁၃။ | အကုသိုလ်ကံ ၃-ပါး | — | ၂၂၄ |
| ၁၄။ | ကာမဝစရကုသိုလ်ကံ | — | ၂၂၇ |
| ၁၅။ | ရူပါဝစရကုသိုလ်ကံ | — | ၂၃၀ |
| ၁၆။ | အရူပပါဝစရကုသိုလ်ကံ | .... | ၂၃၁ |
| ၁၇။ | အကုသိုလ်ကံ၏ အကျိုးပေးရာဘုံ | — | ၂၃၁ |
| ၁၈။ | ကာမာဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ | .... | ၂၃၂ |
| ၁၉။ | ရူပါဝစရကုသိုလ်ကံ၏အကျိုးပေးရာဘုံ | — | ၂၃၇ |
| ၂၀။ | အရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ | .... | ၂၃၉ |
| ၂၁။ | မရဏုပ္ပတ္တိစတုက္က | .... | ၂၄၀ |
| ၂၂။ | စုတေခါနီး အာရုံထင်ပုံ | .... | ၂၄၁ |
| ၂၃။ | စုတေခါနီးစိတ် အစဉ်ဖြစ်ပုံ | .... | ၂၄၃ |
| ၂၄။ | မရဏာသန္နဝီထိ | — | ၂၄၄ |
| ၂၅။ | ပဋိသန္ဓေစိတ် ဖြစ်ပုံ | .... | ၂၄၆ |
| ၂၆။ | ကာမပဋိသန္ဓေ၏ အာရုံ | .... | ၂၄၇ |
| ၂၇။ | ရူပပဋိသန္ဓေ၏ အာရုံ | — | ၂၅၀ |
| ၂၈။ | အရူပပဋိသန္ဓေ၏ အာရုံ | .... | ၂၅၀ |
| ၂၉။ | စုတိနောင် ပဋိသန္ဓေ | — | ၂၅၂ |
| ၃၀။ | ဘဝင်နှင့်စုတိဖြစ်ပုံ | — | ၂၅၄ |
| ၃၁။ | သံသရာစက် လည်ပုံ | .... | ၂၅၅ |
| ၃၂။ | သံသရာစက် ပြတ်ပုံ | — | ၂၅၆ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **၆။ ရုပ်ပိုင်း** | | |
| ၁။ | အနုသန္ဓေနှင့် ပဋိညာဉ် | .... | ၂၅၈ |
| ၂။ | သင်္ဂဟ ၅-ပါး မာတိကာ | .... | ၂၅၉ |
| ၃။ | ရူပသမုဒ္ဒေသ | .... | ၂၆၀ |
| ၄။ | ဥပစယနှင့် သန္တတိ ထူးသလား | .... | ၂၆၇ |
| ၅။ | ရူပသမုဒ္ဒေသဇယား | .... | ၂၆၈ |
| ၆။ | ရူပဝိဘာဂ | .... | ၂၆၉ |
| ၇။ | ရူပဝိဘာဂဇယား | .... | ၂၇၅ |
| ၈။ | ရူပသမုဋ္ဌာန | .... | ၂၇၆ |
| ၉။ | ကံက ရုပ်ကိုဖြစ်စေပုံ | .... | ၂၇၇ |
| ၁၀။ | စိတ်က ရုပ်ကို ဖြစ်စေပုံ | .... | ၂၇၇ |
| ၁၁။ | ရုပ်ကို ဖြစ်စေတတ်သောစိတ်တို့၏ သတ္တိထူး | .... | ၂၇၈ |
| ၁၂။ | ဥတုက ရုပ်ကို ဖြစ်စေပုံ | .... | ၂၈၀ |
| ၁၃။ | အာဟာရက ရုပ်ကို ဖြစ်စေပုံ | .... | ၂၈၁ |
| ၁၄။ | ဆိုင်ရာအကြောင်းကြောင့်ဖြစ်သောရုပ်များ | .... | ၂၈၂ |
| ၁၅။ | ရူပကလာပ | .... | ၂၈၄ |
| ၁၆။ | ကလာပ်အင်္ဂါ ၃-ပါး | .... | ၂၈၄ |
| ၁၇။ | ကလာပ်ဖွဲ့ရန်အခြေခံ | .... | ၂၈၅ |
| ၁၈။ | ကမ္မဇကလာပ် ၉-စည်း | .... | ၂၈၆ |
| ၁၉။ | စိတ္တဇကလာပ် ၆-စည်း၊ ၈-စည်း | .... | ၂၈၇ |
| ၂၀။ | ဥတုဇကလာပ် ၄ စည်းနှင့်အာဟာရဇ ကလာပ် ၂-စည်း | .... | ၂၈၈ |
| ၂၁။ | အဇ္ဈတ္တ ဗဟိဒ္ဓကလာပ်ခွဲပုံ | .... | ၂၈၉ |
| ၂၂။ | ကလာပ်မထိုက်သော ရုပ် ၅-ပါး | .... | ၂၉၀ |
| ၂၃။ | ရူပပဝတ္တိက္ကမ | .... | ၂၉၀ |
| ၂၄။ | ကာမဘုံ၌ ရုပ်ဖြစ်စဉ် | .... | ၂၉၀ |
| ၂၅။ | ရုပ်ချုပ်စဉ် | .... | ၂၉၇ |
| ၂၆။ | ရူပဘုံ၌ ရုပ်ဖြစ်စဉ် | .... | ၂၉၉ |
| ၂၇။ | အသညသတ်ရုပ်ဖြစ်စဉ် | .... | ၃၀၀ |
| ၂၈။ | ပဋိသန္ဓေအခါမှာမရသောရုပ် | .... | ၃၀၂ |
| ၂၉။ | နိဗ္ဗာန် | .... | ၃၀၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **၇။ သမုစ္စည်းပိုင်း** | | |
| ၁။ | အကုသလသင်္ဂဟ | .... | ၃၀၈ |
| ၂။ | တထောင့်ငါးရာကိလေသာ | .... | ၃၁၅ |
| ၃။ | အကုသလသင်္ဂဟလေ့လာရန် | .... | ၃၁၇ |
| ၄။ | မိဿကသင်္ဂဟ | .... | ၃၁၈ |
| ၅။ | အဓိပတ်နှင့်ဣန္ဒြေ | .... | ၃၂၃ |
| ၆။ | မိဿကသင်္ဂဟ သရုပ်ခွဲလေ့လာရန် | .... | ၃၂၆ |
| ၇။ | ဗောဓိပက္ခိယသင်္ဂဟ | .... | ၃၂၈ |
| ၈။ | ဗောဓိပက္ခိယသင်္ဂဟလေ့လာရန် | .... | ၃၃၃ |
| ၉။ | သဗ္ဗသင်္ဂဟ | .... | ၃၃၆ |
| ၁၀။ | ခန္ဓဝိမုတ်. | .... | ၃၄၀ |
| ၁၁။ | အာယတန ဓာတ် ပြားပုံ | .... | ၃၄၁ |
| ၁၂။ | သစ္စာတရားကိုယ် | .... | ၃၄၂ |
| ၁၃။ | သစ္စဝိမုတ် | .... | ၃၄၃ |
| ၁၄။ | သစ္စဝိမုတ်နှင့်သစ္စာ | .... | ၃၄၃ |
| | **၈။ ပစ္စည်းပိုင်း** | | |
| ၁။ | နည်း ၂-ပါးနှင့် ထူးခြားချက် | .... | ၃၄၆ |
| ၂။ | အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည် | .... | ၃၄၇ |
| ၃။ | သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည် | .... | ၃၄၉ |
| ၄။ | ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည် | .... | ၃၄၉ |
| ၅။ | နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည် | .... | ၃၅၀ |
| ၆။ | သဠာယတနကြောင့် ဖဿဖြစ်သည် | .... | ၃၅၁ |
| ၇။ | ဖဿကြောင့်ဝေဒနာဖြစ်သည် | .... | ၃၅၁ |
| ၈။ | ဝေဒနာကြောင့် တဏှာဖြစ်သည် | .... | ၃၅၂ |
| ၉။ | တဏှာကြောင့် ဥပါဒါန်ဖြစ်သည် | .... | ၃၅၃ |
| ၁၀။ | တဏှာနှင့် ကာမုပါဒါန် | .... | ၃၅၃ |
| ၁၁။ | ဥပါဒါန်ကြောင့် ဘဝဖြစ်သည် | .... | ၃၅၄ |
| ၁၂။ | သင်္ခါရနှင့်ကမ္မဘဝ | .... | ၃၅၄ |
| ၁၃။ | ဘဝကြောင့်ဇာတိဖြစ်သည် | .... | ၃၅၅ |
| ၁၄။ | သောက ပရိဒေဝ ဥပါယာသတို့ ထူးခြားပုံ | .... | ၃၅၅ |
| ၁၅။ | ကာလသုံးပါး | .... | ၃၅၇ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆။ | အပြား ၂၀၊ ၃-သွယ်အစပ်၊ ၄-ရပ်အဖွဲ့ | .... | ၃၅၉ |
| ၁၇။ | သင်္ခါရနှင့် ကမ္မဘဝ | .... | ၃၆၀ |
| ၁၈။ | ဝဋ် ၃-ပါး | .... | ၃၆၂ |
| ၁၉။ | ဝဋ်မြစ် ၂-ပါး | .... | ၃၆၂ |
| ၂၀။ | ဝဋ်ပြတ်ပုံ | .... | ၃၆၃ |
| ၂၁။ | အဝိဇ္ဇာ၏အကြောင်း | .... | ၃၆၃ |
| ၂၂။ | ပဋ္ဌာန်းနည်း | .... | ၃၆၄ |
| ၂၃။ | နာမ်က နာမ်အား ၆-ပစ္စည်း | .... | ၃၆၉ |
| ၂၄။ | နာမ်က နာမ်ရုပ်အား ၅-ပစ္စည်း | .... | ၃၇၁ |
| ၂၅။ | နာမ်က ရုပ်အား ၁-ပစ္စည်း | .... | ၃၇၄ |
| ၂၆။ | ရုပ်က နာမ်အား ၁-ပစ္စည်း | .... | ၃၇၅ |
| ၂၇။ | ပညတ် နာမ် ရုပ်က နာမ်အား ၂-ပစ္စည်း | .... | ၃၇၆ |
| ၂၈။ | နာမ်ရုပ်က နာမ်ရုပ်အား ၉-ပစ္စည်း | .... | ၃၇၉ |
| ၂၉။ | ပစ္စည်းအကျဉ်း ၄-မျိုး | .... | ၃၈၈ |
| ၃၀။ | တေကာလိကစသည်အခွဲ | .... | ၃၉၀ |
| ၃၁။ | ပညတ် ၂-မျိုး | .... | ၃၉၂ |
| ၃၂။ | ပညတ် ၂-မျိုးကို သိပုံနှင့် နာမပညတ်ဖြစ်လာပုံ | .... | ၃၉၇ |


## ၉။ ကမ္မဋ္ဌာန်းပိုင်း


| | | | |
|---|---|---|---|
| ၁။ | ကမ္မဋ္ဌာန်း ၄၀ | ... | |
| ၂။ | သပ္ပါယဘေဒ | .... | ၄၀၀ |
| ၃။ | ဘာဝနာဘေဒ | .... | ၄၀၆ |
| ၄။ | ဂေါစရဘေဒ | .... | ၄၀၈ |
| ၅။ | ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ | .... | ၄၁၃ |
| ၆။ | ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ | .... | ၄၁၄ |
| ၇။ | ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ | .... | ၄၁၄ |
| ၈။ | ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ | .... | ၄၁၆ |
| ၉။ | အပ္ပနာသို့မရောက်စေနိုင်သောကမ္မဋ္ဌာန်းများ | .... | ၄၁၉ |
| ၁၀။ | အဘိညာဉ် | .... | ၄၂၀ |
| ၁၁။ | ဝိပဿနာနည်းဝယ် သိမှတ်ဖွယ် | .... | ၄၂၃ |
| ၁၂။ | သီလဝိသုဒ္ဓိ | .... | ၄၂၄ |
| ၁၃။ | စိတ္တဝိသုဒ္ဓိ | .... | ၄၂၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄။ | ဒိဋ္ဌိဝိသုဒ္ဓိ | .... | ၄၂၅ |
| ၁၅။ | ကင်္ခါဝိတရဏဝိသုဒ္ဓိ | .... | ၄၂၆ |
| ၁၆။ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | .... | ၄၂၆ |
| ၁၇။ | ဝိပဿနုပက္ကိလေသ ၁၀-ပါး | .... | ၄၂၉ |
| ၁၈။ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | .... | ၄၃၁ |
| ၁၉။ | ပစ္စဝေက္ခဏာဉာဏ် ဆယ့်ကိုးတန် | .... | ၄၃၄ |
| ၂၀။ | ဉာဏဒဿနဝိသုဒ္ဓိ | .... | ၄၃၅ |
| ၂၁။ | ဝိသုဒ္ဓိနှင့် ဉာဏ်စဉ် | .... | ၄၃၅ |
| ၂၂။ | ဝိမောက္ခဘေဒ | .... | ၄၃၆ |
| ၂၃။ | ပုဂ္ဂလဘေဒ | .... | ၄၄၀ |
| ၂၄။ | သမာပတ္တိဘေဒ | .... | ၄၄၂ |
| ၂၅။ | ကျမ်းပြီးနိဂုံး | .... | ၄၄၆ |
| ၂၆။ | အာသီသ | .... | ၄၄၇ |
| ၂၇။ | အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး၏ နိဂုံး | .... | ၄၄၈ |

# အဘိဓမ္မတ္ထ သင်္ဂဟ ပန်းကုံး

**ပဏာမနှင့် ပဋိညာဉ်**

**၁။ အဟံ၊ ငါသည်။ သသဒ္ဓမ္မဂဏုတ္တမံ၊ သဒ္ဓမ္မသုံးဖြာ မြတ်သော အရိယာဂိုဏ်း (သံဃာ) နှင့်တကွ ဖြစ်တော်မူသော။ အတုလံ၊ ပုံတော် တင့်လွန် ဂုဏ်မြင့်မွန်၍ နှိုင်းရန်တူသူ ရှိတော်မမူထသော။ သမ္မာသမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ (အဘိဝန္ဒာမိ၊ ကြည်ညိုမြတ်နိုးအထူးအားဖြင့်ရှိခိုးပါ၏။)**

**အဘိဝါဒိယ၊ ကြည်ညိုမြတ်နိုး အထူးအားဖြင့် ရှိခိုးပြီး၍။ အဘိဓမ္မတ္ထ သင်္ဂဟံ၊ အဘိဓမ္မာ ဒေသနာဝယ် ကျယ်စွာဟောထား အနက်များကို**

---

၁။ သမ္မာသမ္ဗုဒ္ဓ မတုလံစသော ဂါထာဖြင့် ပဏာမနှင့် ပဋိညာဉ်ကို ပြပါသည်။

**ပဏာမ။** ။ရှိခိုးခြင်းကို ''ပဏာမ''ဟုခေါ်သည်၊ ကျမ်း၏အစ၌ ပဏာမကို ပြုစီရင်ခြင်းသည် အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်းအကျိုး ရှိပါသည်၊ ထို့ကြောင့် ကျမ်းပြုဆရာတို့သည် ကျမ်း၏အစမှာ ပဏာမကို ပြုစီရင်ကြရပါသည်။

''သမ္မာသမ္ဗုဒ္ဓမတုလံ၊သသဒ္ဓမ္မဂဏုတ္တမံ။အဘိဝါဒိယ'' ဟူသော ပါဠ်ဖြင့် ပဏာမကို ပြသည်၊ သဒ္ဓမ္မသုံးဖြာ အရိယာဂိုဏ်းသံဃာနှင့်တကွ အတူမရှိသော မြတ်စွာဘုရားကို အထူးအားဖြင့် ရှိခိုးပါ၏-ဟု ဆိုလိုသည်။

**သဒ္ဓမ္မသုံးဖြာ**

၁။ ပရိယတ္တိ=သင်အပ်သော ပိဋကတ်ပါဠိတော် အဋ္ဌကထာစသည်၊
၂။ ပဋိပတ္တိ=ကျင့်အပ်သော ဓုတင်ကမ္မဋ္ဌာန်း စသည်၊
၃။ ပဋိဝေဓ=ထိုးထွင်း သိအပ်သော မဂ် ဖိုလ် နိဗ္ဗာန်၊
ဤသို့ သဒ္ဓမ္မ သုံးပါး ရှိပါသည်။

**အရိယာဂိုဏ်းသံဃာ** ။မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်, ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်-ဟု ဆိုအပ်သော အရိယာ ပုဂ္ဂိုလ် အပေါင်းကိုပင် ''မြတ်သောအရိယာဂိုဏ်း သံဃာ''ဟု ဆိုရပါသည်။

**အဘိဝါဒိယ။** ။ကြောက်၍ရှိခိုးရခြင်း,လာဘ်လာဘကိုမြော်လင့်တောင့်တ၍ ရှိခိုးရခြင်း, ထုံးတမ်းစဉ်လာအားဖြင့် ရှိခိုးရခြင်း, သူတပါး တို့ ကဲ့ရဲ့မှာစိုး၍ ရှိခိုးရခြင်း စသည်ဖြင့် လောက၌ ရှိခိုးရခြင်းအမျိုးမျိုး

ချုံးထားပေါင်းကာ သိမ်းယူရာဖြစ်သော အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို။ ဘာသိသာ၊ မိန့်ဆိုတီထွင် စီရင်ရပေအံ့။

## ပရမတ္ထတရား ၄-ပါး

၂။ တတ္ထ၊ ထိုအဘိဓမ္မာပိဋကတ်၌။ သဗ္ဗထာ၊ (ကုသိုလ်အစရှိသော ခန္ဓာအစရှိသော) ခပ်သိမ်းသောအပြားအားဖြင့်။ (ဘဂဝတာ၊ မြတ်စွာဘုရားသည်။) ဝုတ္တာ၊ ဟောတော်မူအပ် ကုန်သော။ အဘိဓမ္မတ္ထာ၊ အဘိဓမ္မာ၏အနက်တို့သည်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ စိတ္တံ၊ စိတ်ဒင်း။

---

ရှိသည်၊ ယင်းသို့အကြောင်း အမျိုးမျိုးကြောင့် ရှိခိုးရခြင်းကို ''အထူးအားဖြင့် ရှိခိုးသည်''ဟုမဆိုရပါ၊ ကြည်ညိုမြတ်နိုးသောအားဖြင့် ရှိခိုးခြင်းကိုသာ ''အထူးအားဖြင့် ရှိခိုးသည်''ဟု ဆိုရပါသည်။

**ပဋိညာဉ်**။ ။''ကျမ်းကို ရေးသားမည်၊ ပြုစီရင်မည်''ဟု ဝန်ခံမှုကို ''ပဋိညာဉ်''ဟု ခေါ်သည်၊ ဘာသိသာ၊ အဘိဓမ္မတ္ထသင်္ဂဟံဖြင့် ပဋိညာဉ်ကို ပြပါသည်၊ ''အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ရေးသားပြုပြင်စီရင်ပြဆိုပါတော့မည်''ဟု ဆိုလိုပါသည်။

**အဘိဓမ္မတ္ထသင်္ဂဟ**။ ။အဘိဓမ္မာ ဒေသနာတော်၌ အကျယ်အားဖြင့် ဟောထားသော အနက်တို့ကို အကျဉ်းချုံး၍ ပြဆိုထားသောကျမ်းကို ''အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း''ဟုခေါ်သည်၊ [အဘိဓမ္မ-အဘိဓမ္မာဒေသနာတော်၏ + အတ္ထ – အနက်အဓိပ္ပါယ်တို့ကို + သံ–အကျဉ်းချုံး၍+ ဂဟ–ယူရာဖြစ်သောကျမ်း။]

၂။ တတ္ထ ဝုတ္တာ စသောဂါထာဖြင့် အဘိဓမ္မတ္ထ ၄-ပါးကို အကျဉ်းပြသည်။

၁။ စိတ်=အာရုံကိုသိခြင်း (ရအောင်ယူနိုင်ခြင်း) သဘောတရား၊

၂။ စေတသိက်=စိတ်၌မှီသော (စိတ်နှင့်ယှဉ်သော) သဘောတရား၊

၃။ ရုပ်=အေးအား အပူ စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်ကတ်သော သဘောတရား၊

၄။ နိဗ္ဗာန်=ဒုက္ခပ်သိမ်းတို့၏ အေးငြိမ်းရာဖြစ်သော သဘောတရား၊ ဤသို့ အဘိဓမ္မတ္ထတရား လေးပါးရှိသည်-ဟု ဆိုလိုသည်။

ယင်း လေးပါးသော တရားတို့ကိုပင် ''ပရမတ္ထတရား ၄-ပါး''ဟုလည်း ခေါ်ကြပါသေးသည်။

**စေတသိကံ၊ စေတသိက်ဒင်း။ ရူပံ၊ ရုပ်ဒင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဒင်း။ ဣတိ၊ ဤသို့။ စတုဓာ၊ လေးပါးသော အပြားတို့ဖြင့်။ (ဌိတာ၊ တည်ကုန်၏။)**

(ပရမ- မိမိသဘောမှ မဖောက်မပြန် မှန်ကန် မြင့်မြတ်သော+အတ္ထ- အနက်သဘော။)မိမိသဘောမှ မဖောက်မပြန် မှန်ကန်တိမတ် မြင့်မြတ်သော ကြောင့် ''ပရမတ္ထ'' မည်ပါသည်။

တနည်း–(ပရမ- မြတ်သော သဗ္ဗညုတဉာဏ်တော်၏+အတ္ထ- အာရုံ၊) သဗ္ဗညုတဉာဏ်တော်မြတ်၏ အာရုံ ဖြစ်သောကြောင့်''ပရမတ္ထ''မည်ပါသည်။

**ဆောင်။** ။မဖောက်မပြန်,မှန်ကန်တိမတ်, လွန်မြင့်မြတ်, ပရမတ်ဟု ခေါ်။
သဗ္ဗညုဉာဏ်မြတ်, အာရုံခတ်,ပရမတ်ဟု ခေါ်။

**သဗ္ဗထာ။** ။ဓမ္မသင်္ဂဏီ ပါဠိတော်၌ ''ကုသလာ ဓမ္မာ'' စသည်ဖြင့် ကုသိုလ်ကို စ၍ ဟောတော်မူသည်၊ ဝိဘင်း ပါဠိတော်၌''ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓော''စသည်ဖြင့် ခန္ဓာကို စ၍ ဟောတော်မူသည်၊ ထိုသို့ ဟောတော်မူ အပ်သော ကုသိုလ်စသောအပြား ခန္ဓာစသောအပြားတို့ကိုပင်''သဗ္ဗထာ''ဟု ဆိုထားပါသည်။

* အဘိဓမ္မတ္ထကို နာမ်ရုပ်အားဖြင့် ၂-ပါးမဆိုပဲ အဘယ့်ကြောင့် ၄-ပါး ဆိုရပါသနည်း။

အမည်သာမညအားဖြင့်သာ မဆိုမူ၍ စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော အမည်ဝိသေသအားဖြင့်သာ ဆိုသင့်သောကြောင့် ၂-ပါးမဆိုပဲ ၄-ပါး ဆိုရပါသည်။

* စိတ် စေတသိက် နိဗ္ဗာန် ရုပ် ဟု နာမ်ချင်း အတူထားကာ ဆိုသင့် ပါလျက် အဘယ့်ကြောင့် နိဗ္ဗာန်ကို အဆုံးထား၍ ဆိုရပါသနည်း။

စိတ် စေတသိက် ရုပ်တို့၏ ချုပ်ရာကို ပြလိုသောကြောင့် နိဗ္ဗာန်ကို အဆုံး ထား၍ ဆိုရပါသည်။

* ထိုသို့ နိဗ္ဗာန်ကို အဆုံးထား၍ဆိုသော် ရူပံ စိတ္တံ စေတသိကံ နိဗ္ဗာနံ- ဟု ဆိုပါတော့လော၊ ဝိဘင်းပါဠိ၌လည်း ရုပ်ကိုပင် ရှေးဦးစွာ ဟောတော် မူသည်မဟုတ်ပါလော။

ဝိဘင်းပါဠိ၌ ရုပ်ကို ရှေးဦးစွာ ဟောတော်မူသည် မှန်၏၊ သို့ပင် ဟောသည် မှန်သော်လည်း ဝိဘင်းပါဠိကို မမှီမူ၍ ဓမ္မသင်္ဂဏီပါဠိကိုမှီ၍ ဤအဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို ပြုလိုသော အရှင်အနုရုဒ္ဓါဆရာသည် စိတ် စေတသိက်ကို ရှေးဦးစွာ ဆိုအပ်သတည်း။

# ၁။ စိတ်ပိုင်း

## ဘုံစိတ်အပြား ၄-ပါး

၃။ တတ္ထ၊ ထိုလေးပါးသော အဘိဓမ္မတ္ထတို့တွင်။ တာဝ၊ ရှေးဦးစွာ။ (မယာ၊ ငါသည်။ ဥဒ္ဒိဋ္ဌံ၊ အကျဉ်း ပြအပ်သော။) စိတ္တံ၊ စိတ်သည်။ ကာမာဝစရံ၊ ကာမာဝစရစိတ်ရင်း။ ရူပါဝစရံ၊ ရူပါဝစရစိတ်ရင်း။ အရူပါဝစရံ၊ အရူပါဝစရစိတ်ရင်း။ လောကုတ္တရံစ၊ လောကုတ္တရာစိတ်ရင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

---

* အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါ ဆရာသည် ဓမ္မသင်္ဂဏီပါဠိကို မှီ၍ ပြုခြင်းငှါ အလိုရှိလေသနည်း။

ဓမ္မသင်္ဂဏီပါဠိသည် အမြစ်ပင်စည်နှင့်တူ၏၊ ဝိဘင်းပါဠိသည် အခက်အလက် စသည်နှင့်တူ၏၊ သို့ဖြစ်ရကား အခက်အလက် စသည်နှင့်တူသော ဝိဘင်းပါဠိကို မမှီမူ၍ အမြစ် ပင်စည်နှင့်တူသော ဓမ္မသင်္ဂဏီပါဠိကို မှီခြင်းငှါ အလိုရှိရပါသည်။

စိတ် စေတသိက် နှစ်ပါးတို့တွင် စိတ်ကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုလေသနည်း။

စိတ် စေတသိက် နှစ်ပါးတို့တွင် စိတ်သည် နိဿယဖြစ်၏၊ စေတသိက်သည် နိဿိတဖြစ်၏၊ ယင်းနိဿယ နိဿိတ ၂-ပါးတို့တွင် နိဿယကို ရှေးဦးစွာ ပြသင့်သောကြောင့် နိဿယဖြစ်သော စိတ်ကို ရှေးဦးစွာ ဆိုရပါသည်။

၃။ ''တတ္ထ စိတ္တံ'' စသော စကားရပ်ဖြင့် အဘိဓမ္မတ္ထ လေးပါး၏ အကျယ်ကို ပြသည်၊ ထိုတွင် စိတ်ပိုင်းကုန်အောင်သော စကားရပ်ဖြင့် ''စိတ္တံ'' ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

စေတသိက်ပိုင်း ကုန်အောင်သော စကားရပ်ဖြင့်''စေတသိကံ''ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

ပကိဏ်းပိုင်းဖြင့်''စိတ္တံ စေတသိကံ'' ဟူသော အကျဉ်း ဥဒ္ဒေသတို့၏ အကျယ်ကို ထပ်ဆင့် ချဲ့ဖွင့်သော ပဋိနိဒ္ဒေသကို ပြသည်၊ ဝီထိပိုင်း ဝီထိမုတ်ပိုင်းတို့ဖြင့် ယင်းစိတ် စေတသိက်တို့၏ ပဝတ္တိအခါမှာဖြစ်ပုံ ပဋိသန္ဓေအခါ, စုတိအခါမှာဖြစ်ပုံ စသည်တို့ကို ထပ်ဆင့် ဖွင့်ပြပြန်သည်။

## အကုသိုလ်စိတ် ၁၂-ပါး
## လောဘမူစိတ် ၈-ပါး

**၄။ တတ္ထ၊ ထိုလေးပါးသော အဘိဓမ္မတ္ထတို့တွင်။ ကတမံ၊ အဘယ်စိတ်သည်။ ကာမာဝစရံ၊ ကာမာဝစရမည်သနည်း။**

ရုပ်ပိုင်း ရူပပဝတ္တိက္ကမ ဆုံးအောင်သော စကားရပ်ဖြင့် "ရူပံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

ရုပ်ပိုင်း အဆုံး၌ လာသော "နိဗ္ဗာနံ ပန (ပ) တထာဂတာ"ဟူသော စကားရပ်ဖြင့်"နိဗ္ဗာနံ"ဟူသောအကျဉ်းဥဒ္ဒေသ၏အကျယ်နိဒ္ဒေသကိုပြသည်။

သမုစ္စည်းပိုင်း,ပစ္စည်းပိုင်း, ကမ္မဋ္ဌာန်းပိုင်းတို့ဖြင့်"စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ"ဟူသော အဘိဓမ္မတ္ထ ၄-ပါးနှင့်စပ်၍ သိမှတ်ဖွယ်ရာကို စုပေါင်း ပြဆိုထားပါသည်။

၁။ ကာမာဝစရ=ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော စိတ်၊ ကာမ ၁၁-ဘုံ၌ များသောအားဖြင့် သက်ဝင်၍ ဖြစ်သောစိတ်၊
၂။ ရူပါဝစရ=ရူပတဏှာ၏ ကျင်လည်ရာဖြစ်သောစိတ်၊ အသညသတ် ကြဉ်သော ရူပ ၁၅- ဘုံ၌ များသောအားဖြင့် သက်ဝင်၍ ဖြစ်သောစိတ်၊
၃။ အရူပါဝစရ=အရူပတဏှာ၏ ကျင်လည်ရာဖြစ်သော စိတ်၊ အရူပ ၄-ဘုံ၌ များသောအားဖြင့် သက်ဝင်၍ဖြစ်သော စိတ်၊
၄။ လောကုတ္တရ=ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ-ဟု ဆိုအပ်သော လောကမှ လွန်မြောက်ဆဲ လွန်မြောက်ပြီးဖြစ်သော စိတ်၊

ဤသို့ ဘုမ္မိဘေဒအားဖြင့် စိတ် ၄-မျိုးပြားသည်။

**ရှေ့နောက်စီစဉ်ပုံ။** ။ထိုစိတ် ၄-မျိုးတို့တွင် ကာမာဝစရစိတ်သည် အညံ့ဆုံးဟီန ဖြစ်၏၊ ရူပါဝစရစိတ်သည် အမြတ် ဥက္ကဋ္ဌ ဖြစ်၏၊ အရူပါဝစရစိတ်သည် အထူးအမြတ် ဥက္ကဋ္ဌတရဖြစ်၏၊ လောကုတ္တရာစိတ်သည် အမြတ်ဆုံး ဥက္ကဋ္ဌတမ ဖြစ်၏။

ဤသို့ ဟီန,ဥက္ကဋ္ဌ,ဥက္ကဋ္ဌတရ, ဥက္ကဋ္ဌတမ အစဉ်အားဖြင့်"ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာ"ဟု စိတ် ၄-မျိုးကို ရှေ့နောက် စဉ်ထားပါသည်။

**ဆောင်။** ။ဟီနုက္ကဋ္ဌ,တရတမာ, စဉ်ဖြင့်သာ, လေးဖြာစိတ်ကိုဟော။

၄။ အကုသိုလ်စိတ်သည် မူလဘေဒအားဖြင့် "လောဘမူ, ဒေါသမူ, မောဟမူ"ဟု ၃-ပါးပြား၏၊ တဖန် ဝေဒနာဘေဒ, သမ္ပယောဂဘေဒ-

## မောဟမူစိတ် ၂-ပါး

၆။ ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ ဝိစိကိစ္ဆာသမ္ပယုတ္တံ၊ ဝိစိကိစ္ဆာနှင့် အညီအမျှ ကေပ္ပ္ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်သော။ ဧကံ၊ ၎င်း။ ဥဒ္ဓစ္စသမ္ပယုတ္တံ၊ ဥဒ္ဓစ္စနှင့် အညီအမျှ ကေပ္ပ္ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်သော။ ဧကံ၊ ၎င်း။ ဣတိ၊ ဤသို့။ ဒွေပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။ ဣမာနိ၊ ဤ စိတ်တို့သည်။ မောမူဟစိတ္တာနိ-နာမ၊ မောမူဟစိတ်တို့ မည်၏။

## နိဂုံး

၇။ ဣစ္စေဝံ၊ ဤသို့။ ဝါ၊ ဤ ဆိုအပ်ပြီးသော သဒ္ဒါအပေါင်း, အနက်အပေါင်း, သဒ္ဒါအစဉ်, အနက်အစဉ်ဖြင့်။ သဗ္ဗထာပိ၊ (ဝေဒနာယောဂ သင်္ခါရဟူငြား) ခပ်သိမ်းသော အပြားအားဖြင့်လည်း။ ဒွါဒသ၊ တဆယ့်နှစ်ပါးကုန်သော။ အကုသလ စိတ္တာနိ၊ အကုသိုလ်စိတ်တို့သည်။ သမတ္တာနိ၊ ပြီးကုန်ပြီ။

---

၆။ **မောမူဟ**။ ။"မောဟမူဟ"ဟု ဆိုလိုလျက်ရှေ့'ဟ'ကိုချေ၍"မောမူဟ" ဟုဖြစ်လာရသည်၊ ထိုတွင် မောဟသဒ္ဒါသည် တွေဝေခြင်း အနက်ကို ဟောသည်၊ မူဟသဒ္ဒါလည်း တွေဝေခြင်းအနက်ကိုပင် ဟောသည်၊ ထို့ကြောင့်"တွေဝေ တွေဝေသောစိတ်၊ အလွန့်အလွန် တွေဝေသော စိတ်-ဟုဆိုလိုသည်၊ "မောဟ"ဟု ဆိုအပ်သော မူလရှိသောကြောင့်"မောဟ မူလစိတ်" ဟု၎င်း၊ 'လ'ကိုချေ၍ "မောဟမူစိတ်" ဟု၎င်း ခေါ်ကြပါသေးသည်၊ ဤ မောဟမူစိတ် ၂-ပါးသည် အသင်္ခါရိကလည်း မဟုတ်၊ သသင်္ခါရိက လည်း မဟုတ်၊ သင်္ခါရဝိမုတ်မျှသာ ဖြစ်ပါသည်။

၇။ **နိဂုံး**။ ။ရှေ့ကဆိုအပ်ခဲ့ပြီးသော အနက်တို့ကို တပေါင်းတည်း သွင်းယူရာ ဝါကျကို"နိဂုံး"ဟု ဆိုသည်၊ဆိုအပ်ပြီးသော"လောဘ မူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, မောဟမူစိတ် ၂-ပါး"အားဖြင့် ၁၂-ပါးသော အကုသိုလ်စိတ်တို့ကို ဣစ္စေဝံ စသော နိဂုံးဝါကျ၌ တပေါင်းတည်း သွင်းယူထားသည်၊ နောက်၌လည်း ဤနည်းချည်း မှတ်ပါ။

## သင်္ဂဟဂါထာ

**၈။ လောဘမူလာနိ၊ လောဘမူစိတ်တို့သည်။ အဋ္ဌဓာ၊ ရှစ်ပါး ပြားကုန်၏။ ဒေါသမူလာနိစ၊ ဒေါသမူစိတ်တို့သည်ကား။ ဒွိဓာ၊ နှစ်ပါး ပြားကုန်၏။ မောဟမူလာနိစ၊ မောဟမူစိတ်တို့သည်ကား။ ဒွေ၊ နှစ်ပါးတို့ တည်း။ ဣတိ၊ ဤသို့။ အကုသလာ၊ အကုသိုလ်စိတ်တို့သည်။ ဒွါဒသ၊ တဆယ့်နှစ်ပါးတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။**

---

**၈။ သင်္ဂဟဂါထာ**။ ။(သံ–အကျဉ်းချုံး၍ + ဂဟ–ယူကြောင်းစကား၊) ဆောင်လွယ် မှတ်လွယ်စေရန် အကျဉ်းချုပ် ရေးသားထားသော ဆောင်ပုဒ်ကဗျာမျိုးကို ''သင်္ဂဟဂါထာ''ဟု ခေါ်သည်။

အဋ္ဌဓာ လောဘမူလာနိဖြင့် သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ စသော အကျယ်စကားကို အကျဉ်းချုံးထားသည်၊ ''အဋ္ဌဓာ''ဟူသောသချာ၏ သင်္ချေယျကို ယင်း အကျယ်စကားကို ကြည့်၍ ရေတွက်ပါ။

ဒေါသမူလာနိစ ဒွိဓာဖြင့် ဒေါမနဿသဟဂတံစသော အကျယ်စကားကို အကျဉ်းချုံးထားသည်၊ ဒွိဓာ၏အရကို ယင်း အကျယ်စကားအတိုင်းပင် ရေတွက်ပါ။

မောဟမူလာနိစ ဒွေဖြင့် ဥပေက္ခာသဟဂတံ စသော မောဟမူစိတ် ၂-ပါးကို အကျဉ်းချုံးထားသည်၊ ဒွေ၏ အရကိုလည်း ရေတွက်ကြည့်ပါ။

ဣတိ ဒွါဒသာကုသလာ သိယုံဖြင့် ဣစ္စေဝံ စသော နိဂုံးစကားကို အကျဉ်းချုံးပြသည်၊ နောက်လည်း ဤနည်းချည်း ခွဲစိတ်ဝေဖန်ပါ။

လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါး၊ ပေါင်း အကုသိုလ်စိတ် ၁၂-ပါး ဖြစ်သည်-ဟူလို။

**သရုပ်ခွဲ အခြေခံ**။ ။အကုသိုလ်စိတ်သည် မူလဘေဒအားဖြင့် ''လောဘမူ, ဒေါသမူ, မောဟမူ''ဟု ၃-မျိုး ပြား၏၊ ထိုတွင် လောဘမူစိတ်သည် ဝေဒနာအားဖြင့် ''သောမနဿ,ဥပေက္ခာ''ဟု ၂-ပါး× သမ္ပယောဂအားဖြင့် ''သမ္ပယုတ်, ဝိပ္ပယုတ်''ဟု ၂-ပါး×သင်္ခါရအားဖြင့် ''အသင်္ခါရိက, သသင်္ခါရိက''ဟု ၂-ပါး=အသီးသီး ကွဲပြားသောကြောင့် ၈-ပါးဖြစ်လာရသည်၊ ထို့ကြောင့် လောဘမူစိတ်ကို''ဝေဒနာ,သမ္ပယောဂ, သင်္ခါရဘေဒ အကုသိုလ်''ဟု ခေါ်သင့်၏။

ဒေါသမူစိတ်ကား''ဝေဒနာ,သမ္ပယောဂ''အားဖြင့် ကွဲပြားမှုမရှိ၊သင်္ခါရ အားဖြင့်သာ''အသင်္ခါရိက, သသင်္ခါရိက''ဟု ကွဲပြားမှုရှိသည်၊ ထို့ကြောင့် ဒေါသမူစိတ်ကို ''သင်္ခါရဘေဒအကုသိုလ်''ဟု ဆိုသင့်သည်။

မောဟမူစိတ်လည်း ''ဝေဒနာ,သင်္ခါရ'' အားဖြင့် ကွဲပြားမှုမရှိ၊ ''ဝိစိကိစ္ဆာ သမ္ပယုတ်, ဥဒ္ဓစ္စသမ္ပယုတ်'' ဟု သမ္ပယောဂအားဖြင့်သာ ကွဲပြားမှုရှိသည်၊ ထို့ကြောင့် မောဟမူစိတ်ကို ''သမ္ပယောဂဘေဒအကုသိုလ်'' ဟု ဆိုသင့်သည်။

ဤသဘောသွားကိုပင် အခြေခံထား၍ သရုပ်ခွဲဇယားကို ရေးသားထားပါသည်၊ နောက်နောက် ဇယားများကိုလည်း ယင်း သဘောသွားအလိုက် ထိုက်သည်အားလျော်စွာ နည်းယူ၍ ကြံစည် စဉ်းစားပါ။

**အကုသိုလ်စိတ် ၁၂-ပါး သရုပ်ခွဲဇယား**

| စိတ်ပေါင်း | ဝေဒနာ | | | သမ္ပယောဂ | | သင်္ခါရ | | မူလ [ စိတ် ] | | |
|---|---|---|---|---|---|---|---|---|---|---|
| | သော | ဒေါ | ဥ | သံ | ဝိပ္ပ | အ | သ | လော | ဒေါ | မော |
| လောဘမူစိတ် ၈ ပါး | ။ | | | ဒိဋ္ဌိ | | ။ | | ၁ | | |
| | ။ | | | ဒိဋ္ဌိ | | | ။ | ၁ | | |
| | ။ | | | | ဒိဋ္ဌိ | ။ | | ၁ | | |
| | ။ | | | | ဒိဋ္ဌိ | | ။ | ၁ | | |
| | | | ။ | ဒိဋ္ဌိ | | ။ | | ၁ | | |
| | | | ။ | ဒိဋ္ဌိ | | | ။ | ၁ | | |
| | | | ။ | | ဒိဋ္ဌိ | ။ | | ၁ | | |
| | | | ။ | | ဒိဋ္ဌိ | | ။ | ၁ | | |
| ဒေါ ၂ | | ။ | | ပဋိဃ | | ။ | | | ၁ | |
| | | ။ | | ပဋိဃ | | | ။ | | ၁ | |
| မော ၂ | | | ။ | ဝိစိ | | | | | | ၁ |
| | | | ။ | ဥဒ္ဓစ္စ | | | | | | ၁ |
| ၁၂ | ၄ | ၂ | ၆ | ၈ | ၄ | ၅* | ၅* | ၈ | ၂ | ၂ |

**ညွှန်ကြားချက်။** ။သော စသည်တို့၏အောက်မှာ အမှတ်တွေ့ပါက သောမနဿသဟဂုတ် စသည် ဆိုပါ၊ သံ, ဝိပ္ပတို့၏ အောက်မှာ အမှတ်တွေ့ပါက ဒိဋ္ဌိဂတသမ္ပယုတ်, ဒိဋ္ဌိဂတဝိပ္ပယုတ် စသည်ဖြင့် ယထာရဟ ဆိုပါ၊ အ(သင်္ခါရ), သ(သင်္ခါရ) တို့၏ အောက်မှာ အမှတ် တွေ့ပါက ''အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ်'' ဟု ဆိုပါ၊ အမှတ်ရှိရာကိုရှုလျက် ဆိုခဲ့ပြီးသည့် အတိုင်း လက်ဝဲမှ လက်ျာသို့ တတန်းပြီးတတန်း ဇယားကုန်အောင် ဆိုသွားပါ၊ သင်္ဂြိုဟ်ပါဠိနှင့်လည်း ညှိနှိုင်း တိုက်ဆိုင်ပါ၊ တဖက်၌ ပြထားသည်ကိုလည်း ရှုပါ။

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် တခု၊
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် တခု၊ (ပ)
၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် တခု၊
ဤသို့ လောဘမူစိတ် ၈-ပါးဖြစ်သတည်း။

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် တခု၊
၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် တခု၊
ဤသို့ ဒေါသမူစိတ် ၂-ပါး ဖြစ်သတည်း။

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် တခု၊
၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် တခု၊
ဤသို့ မောဟမူစိတ် ၂-ပါး ဖြစ်သတည်း။

ဤသို့လျှင် လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါးအားဖြင့် အကုသိုလ်စိတ် ၁၂-ပါး ဖြစ်သတည်း။ (ဤကား မူလဘေဒတည်း။)

အောက်၌ ပြဆိုထားသော သင်္ချာတို့၏ သရုပ်ကို ဇယားကိုရှုလျက် ရေတွက်ပါ။ (သ—ထင်ရှားရှိသော+ရူပ—သဘောတရား။)

ယင်း အကုသိုလ်စိတ်သည် သောမနဿသဟဂုတ် ၄-ပါး၊ ဒေါမနဿသဟဂုတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ် ၆-ပါးအားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း။ (ဤကား ဝေဒနာဘေဒတည်း။)

သမ္ပယုတ် ၈-ပါး၊ ဝိပ္ပယုတ် ၄-ပါး အားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း။ (ဤကား သမ္ပယောဂဘေဒတည်း။)

အသင်္ခါရိက ၅-ပါး၊ သသင်္ခါရိက ၅-ပါး၊ အသင်္ခါရိက သသင်္ခါရိက မဟုတ်သော (သင်္ခါရ ဝိမုတ်) စိတ် ၂-ပါး အားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း။ (ဤကား သင်္ခါရဘေဒတည်း။)

လောဘမူ သောမနဿ ၄-ပါး၊ ဥပေက္ခာ ၄-ပါး၊ ဒေါသမူ ဒေါမနဿသဟဂုတ် ၂-ပါး၊ မောဟမူ ဥပေက္ခာသဟဂုတ် ၂-ပါးအားဖြင့်လည်း ၁၂-ပါးဖြစ်သတည်း။ (မူလ+ဝေဒနာ ဒုကဘေဒတည်း။)

လောဘမူသမ္ပယုတ် ၄-ပါး၊ ဝိပ္ပယုတ် ၄-ပါး၊ ဒေါသမူသမ္ပယုတ် ၂-ပါး၊ မောဟမူသမ္ပယုတ် ၂-ပါး အားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း၊ (ဤကား မူလ+သမ္ပယောဂ ဒုကဘေဒတည်း။)

လောဘမူ အသင်္ခါရိက ၄-ပါး၊ သသင်္ခါရိက ၄-ပါး၊ ဒေါသမူ အသင်္ခါရိက ၁-ပါး၊ သသင်္ခါရိက ၁-ပါး၊ မောဟမူသင်္ခါရဝိမုတ် ၂-ပါး အားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း၊ (ဤကား မူလ+သင်္ခါရဒုက ဘေဒတည်း။)

သောမနဿသဟဂုတ် သမ္ပယုတ် ၂-ပါး၊ ဝိပ္ပယုတ် ၂-ပါး၊ ဥပေက္ခာ သဟဂုတ် သမ္ပယုတ် ၄-ပါး၊ ဝိပ္ပယုတ် ၂-ပါး၊ ဒေါမနဿ သဟဂုတ် သမ္ပယုတ် ၂-ပါးအားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း၊ (ဤကား ဝေဒနာ+သမ္ပယောဂဒုကဘေဒတည်း။)

သောမနဿသဟဂုတ် အသင်္ခါရိက ၂-ပါး၊ သသင်္ခါရိက ၂-ပါး၊ ဥပေက္ခာသဟဂုတ် အသင်္ခါရိက ၂-ပါး၊ သသင်္ခါရိက ၂-ပါး၊ သင်္ခါရ ဝိမုတ် ၂-ပါး၊ ဒေါမနဿသဟဂုတ် အသင်္ခါရိက ၁-ပါး၊သသင်္ခါရိက ၁-ပါး အားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း၊ (ဤကား ဝေဒနာ+သင်္ခါရ ဒုက ဘေဒတည်း။)

သမ္ပယုတ်အသင်္ခါရိက ၃-ပါး ၊သသင်္ခါရိက ၃-ပါး၊ သင်္ခါရ ဝိမုတ်စိတ် ၂-ပါး၊ ဝိပ္ပယုတ်အသင်္ခါရိကစိတ် ၂-ပါး၊ သသင်္ခါရိကစိတ် ၂-ပါးအားဖြင့် လည်း ၁၂-ပါးဖြစ်သတည်း၊ (ဤကား သမ္ပယောဂ+သင်္ခါရဒုကဘေဒ တည်း။)

၁။ သောမနဿသာ ဖြစ်၍ သမ္ပယုတ် မဖြစ်သော စိတ် ၂-ပါး၊

၂။ သမ္ပယုတ်သာ ဖြစ်၍ သောမနဿ မဖြစ်သော စိတ် ၆-ပါး၊

၃။ သောမနဿလည်းဖြစ် သမ္ပယုတ်လည်းဖြစ်သော စိတ် ၂-ပါး၊

၄။ သောမနဿလည်းမဟုတ် သမ္ပယုတ်လည်းမဟုတ်သော စိတ် ၂-ပါး၊

ဤသို့အားဖြင့်လည်း ၁၂-ပါးဖြစ်သတည်း၊ (ဤကား လေးချက်သေ စက်လှည့်၍ ခွဲနည်းအမြွက်တည်း၊ ဖြစ်သင့်သည်အားလျော်စွာ နည်းမှီ၍ ခွဲပါ။)

ဤနည်းအတိုင်း ကြွင်းသော ဇယားတို့ကိုလည်း ရသင့်သည် အား လျော်စွာ ခွဲစိတ်ဝေဖန်ပါ၊ သရုပ်ကိုလည်း အသီးသီးရေတွက်ပါ၊ သို့မှသာ သရုပ်ကြေညက်မည်၊ တဦးက ဇယားကိုကြည့် တဦးက ဤသရုပ်ခွဲနည်း

## အဟိတ်စိတ် ၁၈-ပါး

## အကုသလဝိပါက် ၇-ပါး

**၉။ ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်ဝင်း။ တထာ၊ ထိုဥပေက္ခာသဟဂုတ်ဖြစ်သော။ သောတဝိညာဏံ၊ သောတဝိညာဏ်စိတ်ဝင်း။ ဃာနဝိညာဏံ၊ ဝင်း။ ဇိဝှါဝိညာဏံ၊ ဝင်း။ ဒုက္ခသဟဂတံ၊ ဒုက္ခဝေဒနာနှင့်တကွဖြစ်သော။ ဝါ၊ ဒုက္ခဝေဒနာနှင့် ကေပ္ပါဒတာ အစရှိသည်တို့၏ အဖြစ်သို့ ရောက်သော။ ကာယဝိညာဏံ၊ ကာယဝိညာဏ်စိတ်ဝင်း။ ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ သမ္ပ-ဋိစ္ဆနစိတ္တံ၊ သမ္ပဋိစ္ဆိုင်းစိတ်ဝင်း။ ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ သန္တီရဏ စိတ္တံစ၊ သန္တီရဏစိတ်ဝင်း။ ဣတိ၊ ဤသို့။ သတ္တပိ၊ ၇-ပါးလည်း ဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ အကုသလဝိပါကစိတ္တာနိနာမ၊ အကုသလဝိပါက်စိတ်တို့မည်၏။**

---

များကိုကြည့်၍ စာသင်ဖက်ချင်း အပြန်ပြန် အလှန်လှန် မေးမြန်းဖြေဆိုမှုကို ပြုလျက် လေ့လာမှုကိုလည်း ပြုကြစေလိုပါသည်။

၉။ အဟိတ်စိတ်သည်''အကုသလဝိပါက်, ကုသလဝိပါက်, ကြိယာ''ဟု သုံးပါးပြား၏၊ တဖန် စက္ခုအစရှိသော မှီရာ, သမ္ပဋိစ္ဆိုင်း အစရှိသော ကိစ္စတို့၏ အပြားအားဖြင့် ၁၈-ပါးဖြစ်လာရပါသည်၊ ဤသဘော အဓိပ္ပါယ်များမှာ နောက်သရုပ်ခွဲဇယား၌ ပေါ်လွင် ထင်ရှား လာပါလိမ့်မည်။

**တထာ**။ ။တထာသောတဝိညာဏ်၌ပါသော တထာသဒ္ဒါဖြင့် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ်စိတ်တို့လည်း စက္ခုဝိညာဏ်စိတ်ကဲ့သို့ ဥပေက္ခာသဟဂုတ်ဖြစ်ကြောင်းကို ညွှန်ပြသည်၊ ထို့ကြောင့် ''တထာ၊ ထိုဥပေက္ခာသဟဂုတ်ဖြစ်သော''ဟု အနက်ယောဇနာရသည်။

**အကုသလ ဝိပါက**။ ။(အကုသလ— အကုသိုလ်၏+ဝိပါက— အကျိုးဖြစ်သော စိတ်၊) အကုသိုလ်၏ အကျိုး ဖြစ်သော စိတ်များကို''အကုသလဝိပါက်စိတ်''ဟု ခေါ်သည်၊ ထိုတွင် သန္တီရဏစိတ်သည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး ၂-မျိုးလုံးပင် ဖြစ်နိုင်သည်၊ ကြွင်းသော စိတ် ၆-ပါးတို့ကား ပဝတ္တိကျိုးမျှသာ ဖြစ်သည်။

## အဟိတ် ကုသလဝိပါက်စိတ် ၈-ပါး

၁၀။ ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ ကုသလဝိပါကံ၊ ကုသိုလ်၏အကျိုးဖြစ်သော။ စက္ခုဝိညာဏံ၊ ၎င်း။ (ပ)။ သောမနဿသဟဂတံ၊ သော။ ဝါ၊ သော။ သန္တီရဏစိတ္တံ၊ ၎င်း။ ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ သန္တီရဏစိတ္တံစ၊ ၎င်း။ ဣတိ၊ ဤသို့။ အဋ္ဌပိ၊ ရှစ်ပါးလည်း ဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ ကုသလဝိပါကာဟေတုကစိတ္တာ နိနာမ၊ ကုသလဝိပါက်အဟိတ်စိတ်တို့ မည်၏။

## အဟိတ်ကြိယာစိတ် ၃-ပါး

၁၁။ ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၎င်း။ တထာ၊ ထိုဥပေက္ခာသဟဂုတ်ဖြစ်သော။ မနောဒွါရာဝဇ္ဇနစိတ္တံ၊ မနောဒွါရာဝဇ္ဇန်း စိတ်၎င်း။ သောမနဿသဟဂတံ၊ သော။ ဝါ၊ သော။ ဟသိတုပ္ပါဒစိတ္တံစ၊ ဟသိတုပ္ပါဒ်စိတ်၎င်း။ ဣတိ၊ ဤသို့။ တီဏိပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ အဟေတုကကြိယစိတ္တာနိနာမ၊ အဟိတ်ကြိယာစိတ်တို့မည်၏။

---

၁၀။ **ကုသလဝိပါကာဟေတုကာ**။ ။(ကုသလ-ကုသိုလ်၏ + ဝိပါက-အကျိုးဖြစ်သော + အဟေတုက-သမ္ပယုတ်ဟိတ်မရှိသောစိတ်၊) ကုသိုလ်၏ အကျိုးဖြစ်၍ ယှဉ်ဖက်သမ္ပယုတ်ဟိတ်မရှိသော စိတ်များသည် ကုသလဝိပါက်အဟိတ်စိတ်မည်၏၊ ထို ၈-ပါးတို့တွင် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ပဋိသန္ဓေအကျိုး,ပဝတ္တိအကျိုး ၂-မျိုးလုံးပင် ဖြစ်နိုင်သည်၊ ကြွင်းသော စိတ် ၇-ပါးတို့ကား ပဝတ္တိကျိုးများသာ ဖြစ်နိုင်ကြသည်။

**အဟေတုက သဟေတုကာဝိဓေ သသန**။ ။အကုသလဝိပါက်သည် အဟိတ်တမျိုးသာရှိသည်၊ သဟိတ်မရှိ၊ ထိုသို့ တားမြစ်စရာ သဟိတ်ဝိပါက်မရှိသည့်အတွက် အဟေတုကသဒ္ဒါဖြင့် အထူးမပြုပဲ ''အကုသလဝိပါက်''ဟုသာ ဆိုရသည်။

ကုသလဝိပါက်မှုကား (ကာမာဝစရအရာ၌) အဟိတ်လည်း ရှိသည်၊ သဟိတ်လည်းရှိသည်၊ ထို့ကြောင့် အဟိတ်ဝိပါက်မျှကိုသာ အလိုရှိပါက အဟေတုကသဒ္ဒါကို ထည့်စွက်လျက်''ကုသလဝိပါက်အဟိတ်စိတ် (အဟိတ် ကုသလဝိပါက်စိတ်)''ဟု ဆိုရသည်။

## နိဂုံး

**၁၂။ ဣစ္စေဝံ၊ ဤသို့။ ဝါ၊ ဆိုအပ်ပြီးသော သဒ္ဒါအပေါင်း အနက်အပေါင်း သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ သင်္ဂဟပိ၊ (အကုသလ,ဝိပါက နှင့်, ကုသလဝိပါ, ကြိယာဟူငြား) ခပ်သိမ်းသော အပြားအားဖြင့်လည်း။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါးကုန်သော။ အဟေတုကစိတ္တာနိ၊ အဟိတ်စိတ်တို့ သည်။ သမတ္တာနိ၊ ပြီးကုန်ပြီ။**

## သင်္ဂဟဂါထာ

**၁၃။ အကုသလဝိပါကာနိ၊ အကုသလ ဝိပါက်စိတ်တို့သည်။ သတ္တ၊ ခုနစ်ပါးတို့တည်း။ ပုညပါကာနိ၊ အဟိတ်ကုသလဝိပါက်စိတ် တို့သည်။ အဋ္ဌဓာ၊ ရှစ်ပါး ပြားကုန်၏။ ကြိယစိတ္တာနိ၊ အဟိတ်ကြိယာစိတ်တို့ သည်။ တီဏိ၊ သုံးပါးတို့တည်း။ ဣတိ၊ ဤသို့။ အဟေတုကာ၊ အဟိတ် စိတ်တို့သည်။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါးတို့တည်း။**

---

သဟိတ် ဝိပါက်ကိုသာ အလိုရှိပါက သဟေတုက သဒ္ဒါကိုထည့်လျက် "သဟိတ်ကာမာဝစရ ဝိပါက်စိတ်"ဟု ဆိုရသည်၊ အဟိတ်ဝိပါက်, သဟိတ် ဝိပါက် ၂-ပါးလုံးကို အလိုရှိပါက မည်သည့်ဝိသေသနမျှ မထည့်စွက်ပဲ "ကာမာဝါစရ ဝိပါက်စိတ်"ဟုသာ ဆိုရသည်။

၁၁။ ကြိယာ စိတ်သည်လည်း (ကာမာဝစရအရာ၌) "အဟိတ်ကြိယာ, သဟိတ်ကြိယာ"ဟု ၂- မျိုးရှိသည်၊ ထို့ကြောင့် အဟိတ် ကြိယာမျှကိုသာ အလိုရှိပါက အဟေတုကသဒ္ဒါ ထည့်စွက်လျက် "အဟိတ်ကြိယာစိတ်"ဟု ဆိုရသည်၊ သဟိတ်ကြိယာမျှကိုသာ အလိုရှိပါက သဟေတုကသဒ္ဒါ ထည့် စွက်လျက်"သဟိတ်ကာမာဝစရ ကြိယာစိတ်"ဟု ဆိုရသည်၊ အဟိတ်ကြိယာ သဟိတ်ကြိယာ ၂-မျိုးလုံးကို အလိုရှိပါက မည်သည့် ဝိသေသနမျှမထည့် စွက်ပဲ "ကာမာဝစရ ကြိယာစိတ်"ဟုသာ ဆိုရသည်။

**ဆောင်**။ ။နှစ်မျိုးကွဲပြား, တရားများတွင်, တပါးပါးသာ, ယူလိုရာ, လျော်စွာ ထူးပြုရ။

၁၂။ **သဗ္ဗထာပိ**။ ။သဗ္ဗထာအရ အကုလဝိပါက်အပြား, ကုသလဝိပါက် အပြား, ကြိယာအပြားတို့ကို ယူရသည်၊ အကုသလ ဝိပါက်, ကုသလဝိပါက်, ကြိယာတို့၏ အပြားအားဖြင့် အလုံးစုံကုန် ဝေဖန် သော်လည်း ၁၈-ပါးမျှသာ ဖြစ်သည်ဟု—ဆိုလိုသည်။

ထိုတွင် အကုသလဝိပါက်,ကုသလဝိပါက်တို့သည် စက္ခုအစရှိသော မှီရာ သမ္ပဋိစ္ဆိုင်းအစရှိသော ကိစ္စတို့၏ အပြားအားဖြင့် ထိုက်သည်အားလျော်စွာ ၇-ပါး၊ ၈-ပါး၊ ပြားကြသည်၊ ကြိယာစိတ်သည် အာဝဇ္ဇန်းအစရှိသော ကိစ္စတို့၏ အပြားအားဖြင့် ၃-ပါး ပြားရသည်၊ သို့ဖြစ်၍ ဝိပါက်စိတ်များသည် နိဿယဘေဒ,ကိစ္စဘေဒ အဟိတ်စိတ်များ ဖြစ်ကြသည်၊ ကြိယာစိတ်သည် ကိစ္စဘေဒ အဟိတ်စိတ် ဖြစ်သည်၊ သရုပ်ခွဲ ဇယားကိုလည်း ဤ သဘောတရားကိုပင် အခြေခံထား၍ ပြဆိုထားပါသည်။

**သမ္မယောဂသင်္ခါရဝိမုတ်။** ။ဤအဟိတ်စိတ် ၁၈-ပါးတို့ကို ''သမ္မယုတ်''ဟုရင်း ''ဝိပ္ပယုတ်''ဟုရင်း ''အသင်္ခါရိက''ဟုရင်း ''သသင်္ခါရိက'' ဟုရင်း မဆိုသင့်ပါ၊ အဟိတ်စိတ် ၁၈- ပါးလုံး သမ္မယောဂဝိမုတ်, သင်္ခါရဝိမုတ်တို့သာ ဖြစ်ကြပါသည်။

**အဟိတ်စိတ် ၁၈-ပါး သရုပ်ခွဲဇယား**

| စိတ်ပေါင်း | ဝေဒနာ: သုခ | ဒုက္ခ | သောမနဿ | ဥပေက္ခာ | နိဿယ: စက္ခု | သောတ | ဃာန | ဇိဝှာ | ကာယ | ကိစ္စ: သမ္ပဋိစ္ဆိုင်း | သန္တီရဏ | အာဝဇ္ဇန်း: ပဉ္စ | မ | ဟသိတုပ္ပါဒ် | အဟိတ်စိတ်: အကုဝိ | ကုဝိ | ကြိယာ | ဒေသနာစဉ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကုဝိပါက် ၈ အကုသလဝိပါက် ၇ | | | ॥ | ॥ | ॥ | | | | | | | | | | ၁ | ၁ | | ၂ |
| | | | | ॥ | | ॥ | | | | | | | | | ၁ | ၁ | | ၂ |
| | | | | ॥ | | | ॥ | | | | | | | | ၁ | ၁ | | ၂ |
| | | | | ॥ | | | | ॥ | | | | | | | ၁ | ၁ | | ၂ |
| | | ॥ | | | | | | | ॥ | | | | | | ၁ | | | ၂ |
| | ॥ | | | | | | | | ॥ | | | | | | | ၁ | | |
| | | | | ॥ | | | | | | ॥ | | | | | ၁ | ၁ | | ၂ |
| | | | | ॥ | | | | | | | ॥ | | | | ၁ | ၁ | | ၃ |
| | | | ॥ | | | | | | | | ॥ | | | | | ၁ | | |
| ကြိယာ ၃ | | | | ॥ | | | | | | | | ॥ | | | | | ၁ | ၂ |
| | | | | ॥ | | | | | | | | | ॥ | | | | ၁ | |
| | | | ॥ | | | | | | | | | | | ॥ | | | ၁ | ၁ |
| ၁၈ | ၁ | ၁ | ၂ | ၁၄ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၃ | ၂ | | ၁ | ၇ | ၈ | ၃ | ၁၈ |

ရှေးဆရာများကား ''ဒိဋ္ဌိ, ပဋိဃ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဉာဏ်''တည်းဟူသော စေတသိက်အထူးတို့နှင့်မယှဉ်သောကြောင့် အဟိတ်စိတ် ၁၈-ပါးလုံး ''ဝိပ္ပ-ယုတ်''ဟုရင်း၊ဆိုင်ရာ အကြောင်းများ ပြည့်စုံလျှင် ဖြစ်လေ့ရှိကြ၍ တိုက်တွန်း ဖွယ်မလိုသောကြောင့် ''အသင်္ခါရိက''ဟုရင်း ယူကြ၏၊ နောက်ဆရာအချို့ ကမူ ''အသင်္ခါရိက, သသင်္ခါရိက ၂-ပါးပင် ဖြစ်သင့်သည်''ဟု ယူကြ၏။

## သရုပ်ခွဲ

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် တခု၊ ·(ပ)

၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် တခုအားဖြင့် အကုလဝိပါက်စိတ် ၇-ပါး ဖြစ်သည်။

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် တခု၊ (ပ)

၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် တခုအားဖြင့် အဟိတ်-ကုသလ ဝိပါက်စိတ် ၈-ပါး ဖြစ်သည်။

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် တခု၊

၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် တခု၊

၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် တခုအားဖြင့် အဟိတ်ကြိယာ စိတ် ၃-ပါး ဖြစ်သည်။

ဤသို့လျှင် အကုသလဝိပါက် ၇-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ အဟိတ် ကြိယာစိတ် ၃-ပါးအားဖြင့် အဟိတ်စိတ် ၁၈-ပါး ဖြစ်သတည်း။

''စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိ-ညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး၊ (ဤ ၅-စုံကို ''ဒွေးပဉ္စဝိညာဏ် ၁၀''ဟု ခေါ်သည်။)သမ္ပဋိစ္ဆိုင်းဒွေး၊သန္တီရဏ ၃-ခု၊ အာဝဇ္ဇန်းဒွေး၊ ဟသိတုပ္ပါဒ်'' အားဖြင့် အဟိတ်စိတ် ၁၈-ပါး ဖြစ်သတည်း။ (ဒေသနာစဉ် အားဖြင့် ရေတွက်ပုံ။)

''ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ဟသိတုပ္ပါဒ်''အားဖြင့် အဟိတ်စိတ် ၁၈-ပါး ဖြစ်သတည်း။ (ဝီထိစဉ်အားဖြင့် ရေတွက်ပုံ။)

''သုခသဟဂုတ်စိတ် တပါး၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ သောမနဿ သဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁၄-ပါး''အားဖြင့် အဟိတ် စိတ် ၁၈-ပါး ဖြစ်သတည်း။ (ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ။)

## သောဘနစိတ် ၅၉။ ၉၁

**၁၄။ ပါပါဟေတုကမုတ္တာနိ၊ အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်ကုန်သော။ ဧကူနသဋ္ဌိ၊ တခုယုတ် ခြောက်ဆယ်သော။ စိတ္တာနိ၊ စိတ်တို့ကို။ သောဘနာနီတိ၊ သောဘနစိတ်တို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။ အထဝါ၊ အကျယ်တနည်းကား။ ပါပါဟေတုကမုတ္တာနိ၊ ကုန်သော။ ဧကနဝုတိပိ၊ ကိုးဆယ့်တပါးလည်းဖြစ်သော။ စိတ္တာနိ၊ စိတ်တို့ကို။ သောဘနာနီတိ၊ တို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။**

---

### အသောဘနစိတ် ၃၀

''အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈-ပါး'' အားဖြင့် ၃၀-သောစိတ်တို့ကို ''အသောဘနစိတ်''ဟု ခေါ်သည်။

''အကုသိုလ်စိတ် ၁၂-ပါး၊ ဝိပါက်စိတ် ၁၅-ပါး၊ ကြိယာစိတ် ၃-ပါး'' အားဖြင့် အသောဘနစိတ် ၃၀-ဖြစ်သည်။ (ဇာတိဘေဒအားဖြင့် ခွဲပုံ။)

''သုခသဟဂုတ်စိတ် ၁-ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ သောမနဿသဟဂုတ်စိတ် ၆-ပါး၊ ဒေါမနဿသဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၂၀''အားဖြင့် အသောဘနစိတ် ၃၀-ဖြစ်သည်။ (ဝေဒနာဘေဒ။)

သုခသဟဂုတ်စိတ် ၁-ပါးဟူသော်ကား အဟိတ်ကုသလဝိပါက် ကာယဝိညာဏ်တည်း၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး ဟူသော်ကား အကုသလဝိပါက် ကာယဝိညာဏ်တည်း၊ သောမနဿသဟဂုတ် ၆-ပါးဟူသော်ကား အကုသိုလ်သောမနဿ ၄-ပါး၊ အဟိတ်သောမနဿ ၂-ပါးတို့ပင်တည်း၊ ဒေါမနဿသဟဂုတ်စိတ် ၂-ပါးဟူသော်ကား ဒေါသမူဒွေးပင်တည်း၊ ဥပေက္ခာသဟဂုတ်စိတ် ၂၀-ဟူသော်ကား အကုသိုလ် ဥပေက္ခာသဟဂုတ်စိတ် ၆-ပါး၊ အဟိတ်ဥပေက္ခာသဟဂုတ်စိတ် ၁၄-ပါးတို့ပင်တည်း။

ဤသို့ စသည်ဖြင့် ရသင့်သမျှကို ခွဲစိတ်ဝေဖန်ပါ၊ တဆင့်ပြီး တဆင့် အထပ်ထပ်လေ့လာပါ၊ သို့မှသာ သရုပ်ကြေညက်မည်။

၁၄။ ပါပါဟေတုကမုတ္တာနိ စသော ဂါထာသည် သောဘန အမည်မှည့်သော ဂါထာ ဖြစ်သည်၊ အကုသိုလ်စိတ် အဟိတ်စိတ်တို့မှတပါး ကြွင်းသော စိတ် ၅၉-ပါးတို့သည် ''သောဘန'' မည်၏၊ တနည်းအားဖြင့် အကုသိုလ်စိတ် အဟိတ်စိတ်တို့မှတပါး ကြွင်းသောစိတ် ၉၁-ပါးတို့သည် ''သောဘနစိတ် မည်၏''ဟု ဆိုလိုသည်။

## ကာမာဝစရသောဘနစိတ် ၂၄-ပါး
### မဟာကုသိုလ်စိတ် ၈-ပါး

၁၅။ သောမနဿသဟဂတံ၊ သော။ ဝါ၊ သော။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့်အညီအမျှ ကျေပွါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်သော။ အသင်္ခါရိကံ၊ သော။ ဝါ၊ သော။ ကော၊ တပါးသေ းစိတ်ဋင်း။ သသင်္ခါ-ရိကံ၊ သော။ ဝါ၊ သော။ (ပ) ဥပေက္ခာသဟဂတံ၊ သော။ ဝါ၊ သော။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်နှင့်မယှဉ်သော။ အသင်္ခါရိကံ၊ သော။ ဝါ၊ သော။ ကော၊ ဋင်း။ သသင်္ခါရိကံ၊ သော။ ဝါ၊ သော။ ကော၊ ဋင်း။ ဣတိ၊ ဤသို့။ အဋ္ဌပိ၊ ရှစ်ပါးလည်းဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ ကာမာဝစရ ကုသလစိတ္တာနိနာမ၊ ကာမာဝစရကုသိုလ်စိတ်တို့ မည်၏။

### မဟာဝိပါက်စိတ် ၈-ပါး

၁၆။ (ပ) သဟေတုကကာမာဝစရဝိပါကစိတ္တာနိ နာမ၊ သဟိတ် ကာမာဝစရ ဝိပါက်စိတ်တို့ မည်၏။

---

လောကုတ္တရာစိတ်ကို အကျဉ်းအားဖြင့် ၈-ပါးမျှသာ ယူပါက "ကာမာဝစရ သောဘနစိတ် ၂၄-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် ၈-ပါး"အားဖြင့် သောဘနစိတ် ၅၉-ပါး ဖြစ်၏။

လောကုတ္တရာစိတ်ကို အကျယ်ချဲ့န်ပွါးလျက် ၄၀-ယူပါက"ကာမာဝစရ သောဘနစိတ် ၂၄-ပါး၊ မဟဂ္ဂုစိတ် ၂၇-ပါး၊ လောကုတ္တရာစိတ် ၄၀" အားဖြင့် သောဘနစိတ် ၉၁-ပါး ဖြစ်၏။

ကြဉ်ထားခဲ့သော အကုသိုလ်စိတ်နှင့် အဟိတ်စိတ်တို့ကိုကား ဗျတိရေက နည်း, အဝုတ္တသိဒ္ဓိနည်း အားဖြင့် "အသောဘနစိတ်"ဟု ခေါ်ကြသည်၊ သောဘနမှ တပါးသောစိတ်များ-ဟု ဆိုလိုပါသည်။

(သောဘန မဟုတ်လျှင် အသောဘနပင်တည်း-ဟု ပြောင်းပြန်ယူရသော နည်းသည်"ဗျတိရေကနည်း"မည်၏၊ တိုက်ရိုက်မဆိုသော်လည်း ပြီးနိုင်သော နည်းသည်"အဝုတ္တသိဒ္ဓိနည်း"မည်၏။)

"အသောဘနစိတ် ၃၀၊ သောဘနစိတ် ၅၉-ပါး"အားဖြင့်စိတ်အကျဉ်း တခုယုတ် ကိုးဆယ် (၈၉-ပါး) ဖြစ်သည်။ (တခု ယုတ်ကိုးဆယ်=ကိုးဆယ် ပြည့်ရန် တခုလို၊ ၈၉-ပါး။)

"အသောဘနစိတ် ၃၀၊သောဘနစိတ် ၉၁-ပါး"အားဖြင့် စိတ်အကျယ် ၁၂၁-ပါးဖြစ်သည်။

## မဟာကြိယာစိတ် ၈-ပါး

**၁၇။ (ပ) သဟေတုကကာမာဝစရကြိယ စိတ္တာနိ နာမ၊ သဟိတ် ကာမာဝစရကြိယာစိတ်တို့ မည်၏။**

### နိဂုံး

**၁၈။ ဣစ္စေဝံ၊ ဤသို့။ ဝါ၊ ဖြင့်။ သဗ္ဗထာပိ၊ (ကုသလဝိပါ ကြိယာဟူ၍ခွဲ) ခပ်သိမ်းသော အပြားအားဖြင့်လည်း။ စတုဝီသတိ၊ နှစ်ဆယ့်လေးပါးသော။ သဟေတုက ကာမာဝစရကုသလဝိပါကကြိယ- စိတ္တာနိ၊ ကာမာဝစရကုသိုလ် သဟိတ်ကာမာဝစရဝိပါက် သဟိတ်ကာမာ ဝစရကြိယာစိတ်တို့သည်။ သမတ္တာနိ၊ ပြီးကုန်ပြီ။**

### သင်္ဂဟဂါထာ

**၁၉။ သဟေတု ကာမာဝစရ ပုညပါကကြိယာ၊ ကာမာဝစရကုသိုလ် သဟိတ်ကာမာဝစရဝိပါက် သဟိတ်ကာမာဝစရကြိယာစိတ်တို့ကို။ ဝေဒနာ-**

---

**သဟေတုက**။ ။ကုသိုလ်မှန်က သဟိတ်တမျိုးသာ ရှိသည်၊ အဟိတ်မရှိ၊ အဟိတ်, သဟိတ်ခွဲခြားရန်မလို၊ သဟိတ်ကေန် ဖြစ်သည်၊ ထို့ကြောင့် သဟေတုကသဒ္ဒါနှင့် မယှဉ်ပဲ ''ကာမာဝစရ ကုသိုလ်''ဟုသာ ဆိုရပါသည်။

ဝိပါက်နှင့် ကြိယာတို့မှာမူ(ကာမာဝစရအရာ၌)''သဟိတ်,အဟိတ်''အား ဖြင့် ၂-ပါးစီရှိကြသောကြောင့် အဟိတ်ဝိပါက်,အဟိတ်ကြိယာတို့ကို နှစ်စေဖို့ ရန် သဟေတုကသဒ္ဒါနှင့် ယှဉ်တွဲ စပ်ဟပ်လျက် ''သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရကြိယာ''ဟု ဆိုရသည်၊ ယထာလာဘ (ရသင့်ရလိုယူရ သော) နည်းအားဖြင့် သဟေတုကသဒ္ဒါကို ကုသိုလ်နှင့် မတွဲစပ်ပဲ ဝိပါက်, ကြိယာတို့နှင့်သာ တွဲစပ်ရမည်-ဟု ဆိုလိုပါသည်။

ဤကာမာဝစရကုသိုလ်,သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရ ကြိယာတို့ကို ရူပ, အရူပ, လောကုတ္တရာ, ကုသိုလ်, ဝိပါက်,ကြိယာတို့ထက် အရေအတွက် များသောကြောင့် ''မဟာကုသိုလ်, မဟာဝိပါက်, မဟာ ကြိယာ''ဟုလည်း ခေါ်ကြပါသေးသည်။ (မဟာ—များသော + ကုသလ— ကုသိုလ် စသည်။)

၁၉။ ဝေဒနာဉာဏသင်္ခါရဘေဒေန စသော ဂါထာသည် ကာမာဝစရ သောဘနစိတ်ကို အကျဉ်းချုပ် ရေတွက်ပြသော သင်္ဂဟဂါထာ ဖြစ်သည်။

**ဉာဏ သင်္ခါရဘေဒေန၊ ဝေဒနာအပြား ဉာဏ်အပြား သင်္ခါရအပြား အားဖြင့်။ စတုဝီသတိ၊ နှစ်ဆယ့်လေးပါးဟူ၍။ မတာ၊ သိအပ်ကုန်၏။**

---

ကာမာဝစရသောဘနစိတ်သည် ''ကုသိုလ်, ဝိပါက်, ကြိယာ'' အားဖြင့် ၃-ပါး ရှိသည်၊ တပါးတပါး၌ သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ် ၂-ပါးစီ ရှိပြန်သောကြောင့် ၂ ဖြင့် မြှောက်က (၃ × ၂) = ၆-ပါးဖြစ်သည်၊ ထိုတွင် တပါးတပါး၌ ''ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်'' ဟု ၂-ပါးစီ ရှိပြန်သောကြောင့် ၂-ဖြင့် ထပ်မြှောက်က (၆ × ၂) = ၁၂-ဖြစ်သည်၊ ထိုတွင် တပါး တပါး၌ ''အသင်္ခါရိက,သသင်္ခါရိက'' ဟု ၂-မျိုးစီ ပြားပြန်သောကြောင့် ၂-ဖြင့် ထပ်မြှောက်က (၁၂ × ၂) = ၂၄-ပါး ဖြစ်သည် ဟု ဆိုလိုပါသည်၊ ကုသိုလ်,ဝိပါက်,ကြိယာတို့ကို ၈-ပါးစီ ဖြစ်လာအောင် အသီးသီးလည်း မြှောက်ကြည့်ပါ။

**ကာမာဝစရသောဘနစိတ်သရုပ်ခွဲ**

| စိတ်ပေါင်း | ဝေဒနာ | | ဉာဏ | | သင်္ခါရ | | စိတ် | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | သော | ဥ | သံ | ဝိပ် | အ | သ | ကု | ဝိ | ကြိ | |
| ကုသိုလ် - ၈၊ ဝိပါက် - ၈၊ ကြိယာ - ၈ | ။ | | ။ | | ။ | | ၁ | ၁ | ၁ | ၃ |
| | ။ | | ။ | | | ။ | ၁ | ၁ | ၁ | ၃ |
| | ။ | | | ။ | ။ | | ၁ | ၁ | ၁ | ၃ |
| | ။ | | | ။ | | ။ | ၁ | ၁ | ၁ | ၃ |
| | | ။ | ။ | | ။ | | ၁ | ၁ | ၁ | ၃ |
| | | ။ | ။ | | | ။ | ၁ | ၁ | ၁ | ၃ |
| | | ။ | | ။ | ။ | | ၁ | ၁ | ၁ | ၃ |
| | | ။ | | ။ | | ။ | ၁ | ၁ | ၁ | ၃ |
| ၂၄ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၈ | ၈ | ၈ | ၂၄ |

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု၊ (ပ)

၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု အားဖြင့် ကာမာဝစရကုသိုလ်စိတ် ၈-ပါး၊ ထို့အတူ သဟိတ်ကာမာဝစရ ဝိပါက်စိတ် ၈-ပါး၊ သဟိတ် ကာမာဝစရ ကြိယာစိတ် ၈-ပါး ဖြစ်သည်။

၁၅၄၆၁
သာသနာ့ရေးဦးစီးဌာန
စာကြည့်တိုက်

## **ကာမစိတ် ၅၄–သင်္ဂဟ ဂါထာ**

**၂၀။ ကာမေ၊ ကာမတဆယ့်တဘုံ၌။ (အဝစရနိ၊မျှားသောအားဖြင့် သက်ဝင်၍ ဖြစ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။) တေဝီသ၊ နှစ်ဆယ့် သုံးပါးသော။ ပါကာနိ၊ ဝိပါက်စိတ်တို့ရင်း။ ဝီသတိ၊ နှစ်ဆယ်သော။ ပုညာပုညာနိ၊ ကုသိုလ် အကုသိုလ်စိတ်တို့ရင်း။ ကောဒသ၊ တဆယ့်တပါး ကုန်သော။ ကြိယာစ၊ ကြိယာစိတ်တို့ရင်း။ ဣတိ၊ ဤသို့။ သဗ္ဗထာ၊ (ကု အကုဝိပါ ကြိယာ၏ တွင်းမှာဝင်ငြား) ခပ်သိမ်းသော အပြားအား ဖြင့်။ စတုပညာသ၊ ငါးဆယ့်လေးပါးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။**

---

ဤသို့လျှင် "ကာမာဝစရ ကုသိုလ်စိတ် ၈-ပါး, သဟိတ် ကာမာဝစရ ဝိပါက်စိတ် ၈-ပါး, သဟိတ် ကာမာဝစရကြိယာစိတ် ၈-ပါး"အားဖြင့် ကာမာဝစရသောဘနစိတ် ၂၄-ပါး ဖြစ်သတည်း၊ ဝေဒနာဘေဒ-စသည် ဖြင့်လည်း ခွဲပါ လွယ်ပါပြီ။

ဤစိတ်များသည် ကာမာဝစရစိတ်၌ ပါဝင်သောကြောင့် "ကာမာ ဝစရ"လည်းမည်သည်၊ သောဘနစိတ်များ၌ပါဝင်သောကြောင့်"သောဘ- န"လည်း မည်သည်၊ သို့ဖြစ်၍ အမည် ၂-ရပ်ပေါင်းစပ်လျက် "ကာမာဝစရ သောဘန"ဟူသော အမည်ကို ရကြသည်။

ဤသို့လျှင် "အသောဘနစိတ် ၃၀, ကာမာဝစရ သောဘနစိတ် ၂၄- ပါး"အားဖြင့် ကာမစိတ် ၅၄-ပါးဖြစ်သတည်း။

ဝေဒနာဘေဒ, သမ္ပယောဂဘေဒ, သင်္ခါရဘေဒ စသည်တို့ဖြင့် ရသင့် သည်အားလျော်စွာ ဆက်လက် ခွဲစိတ်ဝေဖန်ပါဦး။

၂၀။ ကာမေ တေဝီသ ပါကာနိ စသော ဂါထာသည် ကာမစိတ် ၅၄-ပါးကို ဇာတ်အားဖြင့် ပေါင်းစုရေတွက်ပြသော သင်္ဂဟဂါထာ ဖြစ် သည်၊ ဝိပါက် ၂၃-ပါး, ကုသိုလ်အကုသိုလ် ၂၀,ကြိယာ ၁၁-ပါး"အား ဖြင့် ကာမစိတ် ၅၄-ပါးဖြစ်၏-ဟု ဆိုလိုသည်။

"အကုသလဝိပါက် ၇-ပါး, အဟိတ် ကုသလဝိပါက် ၈-ပါး, သဟိတ် ကာမာဝစရဝိပါက် ၈-ပါး"အားဖြင့် ၂၃-ပါးသည် တေဝီသ ပါကာနိ၌ တေဝီသ၏ အရဖြစ်သည်။

"အကုသိုလ်စိတ် ၁၂-ပါး, မဟာကုသိုလ်စိတ် ၈-ပါး"အားဖြင့် ၂၀- သည် ပုညာပုညာနိ ဝီသတိ၌ ဝီသတိ၏ အရဖြစ်ပါသည်။

"အဟိတ်ကြိယာ ၃-ပါး,သဟိတ်ကာမာဝစရကြိယာ ၈-ပါး"အားဖြင့် ၁၁-ပါးသည် ဧကာဒသ ကြိယာစ၌ ဧကာဒသ၏ အရဖြစ်ပါသည်။

## ရူပါဝစရစိတ် ၁၅-ပါး

## ကုသိုလ်စိတ် ၅-ပါး

**၂၁။ ဝိတက္ကဝိစာရပီတိ သုခေကဂ္ဂတာ သဟိတံ၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော။ ပဌမဇ္ဈာနကုသလ- စိတ္တံ၊ ပဌမဈာန်ကုသိုလ်စိတ်ရင်း။ ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ၊ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ လေးပါးနှင့် တကွ ဖြစ်သော။ ဒုတိယဇ္ဈာနကုသလစိတ္တံ၊ ဒုတိယဈာန်ကုသိုလ်စိတ်ရင်း။ ပီတိသုခေကဂ္ဂတာ- သဟိတံ၊ ပီတိ သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါသုံးပါးနှင့် တကွ ဖြစ်သော။ တတိယဇ္ဈာနကုသလစိတ္တံ၊ တတိယဈာန်ကုသိုလ်စိတ်ရင်း။ သုခေကဂ္ဂတာ- သဟိတံ၊ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော။ စတုတ္ထ- ဇ္ဈာနကုသလစိတ္တံ၊ စတုတ္ထဈာန် ကုသိုလ်စိတ်ရင်း။ ဥပေက္ခေကဂ္ဂတာ- သဟိတံ၊ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွ ဖြစ်သော။ ပဉ္စမဇ္ဈာနကုသလစိတ္တံစ၊ ပဉ္စမဈာန်ကုသိုလ်စိတ်ရင်း။ ဣတိ၊ ဤသို့။ ပဉ္စပိ၊ ငါးပါးလည်း ဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ ရူပါ- ဝစရ ကုသလစိတ္တာနိနာမ၊ ရူပါဝစရကုသိုလ်စိတ်တို့မည်၏။**

---

၂၁။ "ကာမာဝစရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီးသည့်နောက်"ရူပါဝစရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသ ကို ပြလိုရကား ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ စသော စကား ရပ်ကို မိန့်ဆိုရပါသည်။

**ဈာန်အင်္ဂါ** ။ ။(ဈာန=ဈာန်+အင်္ဂ=အစိတ်အပိုင်း။) ဈာန်၏ အစိတ် အပိုင်းဖြစ်သော "ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ" ဟူသော တပါးပါးသော စေတသိက်ကို "ဈာန် အင်္ဂါ"ဟု ခေါ်သည်၊ လက်, ခြေ, နား, နှာ စသော ကိုယ်၏ အစိတ်အပိုင်းကို "ကိုယ်အင်္ဂါ"ဟု ခေါ်ရသကဲ့သို့တည်း။

**ဈာန်နှင့် ဈာန်စိတ်**။ ။ထိုဝိတက် ဝိစာရ စသော ဈာန်အင်္ဂါတို့၏ အပေါင်းကို"ဈာန်"ဟုခေါ်သည်၊ လက်, ခြေ, နား, နှာ စသော ကိုယ်အင်္ဂါတို့၏ အပေါင်းကို"ကိုယ်"ဟု ခေါ်ရသကဲ့သို့တည်း၊ ထိုဈာန်နှင့် ယှဉ်သော စိတ်များကိုကား"ဈာန်စိတ်"ဟု ခေါ်ရသည်။

## ဝိပါက်စိတ် ၅-ပါး

၂၂။ ဝိတက္ကဝိစာရ ပီတိသုခေကဂ္ဂတာသဟိတံ၊ သော။ ပဌမဇ္ဈာန-ဝိပါကစိတ္တံ၊ ပထမစျာန်ဝိပါက်စိတ်ရင်း။ (ပ) ရူပါဝစရဝိပါကစိတ္တာနိ နဝမ၊ ရူပါဝစရဝိပါက်စိတ်တို့ မည်၏။

## ကြိယာစိတ် ၅ပါး

၂၃။ ဝိတက္က ဝိစာရ ပီတိသုခေကဂ္ဂတာသဟိတံ၊ သော။ ပဌမဇ္ဈာန-ကြိယစိတ္တံ၊ ပထမစျာန်ကြိယာစိတ်ရင်း။ (ပ) ရူပါဝစရကြိယစိတ္တာနိနဝမ၊ ရူပါဝစရကြိယာစိတ်တို့ မည်၏။

## နိ ဂုံး

၂၄။ ဣစ္စေဝံ၊ ဤသို့။ ဝါ၊ ဖြင့်။ သဗ္ဗထာပိ၊ (ကုသိုလ်တဖြာ ဝိပါကာနှင့် ကြိယာဟူငြား) ခပ်သိမ်းသော အပြားအားဖြင့်လည်း။ ပန္နရသ၊တဆယ့်ငါးပါးကုန်သော။ရူပါဝစရကုသလဝိပါကကြိယစိတ္တာနိ၊ ရူပါဝစရကုသိုလ် ရူပါဝစရဝိပါက် ရူပါဝစရ ကြိယာစိတ် တို့သည်။ သမတ္တာနိ၊ ပြီးကုန်ပြီ။

### သင်္ဂဟဂါထာ

၂၅။ ရူပါဝစရမာနသံ၊ ရူပါဝစရစိတ်သည်။ ဈာနဘေဒေန၊ ဈာန် အင်္ဂါတို့နှင့် ယှဉ်ခြင်း၏ အပြားအားဖြင့်။ ပဉ္စဓာ၊ ငါးပါးပြား၏။ တံ၊ ထိုငါးပါးပြားပြီးသော စိတ်သည်။ ပုညပါကကြိယာ ဘေဒါ၊ ကုသိုလ် ဝိပါက် ကြိယာတို့၏ပြားခြင်းကြောင့်။ ပဉ္စဒသဓာ၊ တဆယ့်ငါးပါးပြား သည်။ ဘဝေ၊ ဖြစ်၏။

---

ထို့ကြောင့် ''ဝိတက်, ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ'' ဟူသော တခုတခု သော စေတသိက်ကို ဈာန်အင်္ဂါ၊ ထိုစေတသိက် ၅-ပါး အပေါင်းကို ပထမဈာန်၊ ထိုပထမဈာန်နှင့် ယှဉ်သောစိတ်ကို ပထမဈာန်စိတ်—ဟု ခေါ် သည်၊ ဒုတိယဈာန်စိတ် စသည်တို့ကိုလည်း ထိုက်သည် အားလျော်စွာ အသီးသီးခွဲစိတ်ဝေဖန်ပါ။

**ဆောင်။** ။အစိတ်အင်္ဂါ, ပေါင်းဈာန, ယှဉ်လာမချွတ်, ဈာန်စိတ်မှတ်။

## အရူပါဝစရစိတ် ၁၂-ပါး

### ကုသိုလ်စိတ် ၄-ပါး

**၂၆။ အာကာသာနဉ္စာယတန ကုသလစိတ္တံ၊ အာကာသာနဉ္စာယတန ကုသိုလ်စိတ်ရင်း။ ဝိညာဏဉ္စာယတနကုသလစိတ္တံ၊ ဝိညာဏဉ္စာယတနကုသိုလ်စိတ်ရင်း။ အာကိဉ္စညာယတနကုသလစိတ္တံ၊ အာကိဉ္စညာယတနကုသိုလ်စိတ်ရင်း။ နေဝသညာနာသညာယတနကုသလစိတ္တံစ၊ နေဝသညာနာသညာယတနကုသိုလ်စိတ်ရင်း။ ဣတိ၊ ဤသို့။ စတ္တာရိပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ အရူပါဝစရ ကုသလစိတ္တာနိနာမ၊ အရူပါဝစရကုသိုလ်စိတ်တို့ မည်၏။**

### ဝိပါက်စိတ် ၄-ပါး

**၂၇။ အာကာသာနဉ္စာ ယတနဝိပါကစိတ္တံ၊ အာကာသာနဉ္စာယတန ဝိပါက်စိတ်ရင်း။ (ပ) အရူပါဝစရဝိပါကစိတ္တာနိနာမ၊ အရူပါဝစရဝိပါက် စိတ်တို့ မည်၏။**

---

၂၅။ **ဈာနဘေဒေန**။ ။ဈာန်အင်္ဂါ ၅-ပါးနှင့်ယှဉ်သော အင်္ဂါ ၅-ပါးရှိသော ဈာန်စိတ်၊ ဈာန်အင်္ဂါ ၄-ပါးနှင့်ယှဉ်သော အင်္ဂါ ၄-ပါးရှိသော ဈာန်စိတ်၊ ဈာန်အင်္ဂါ ၃-ပါးနှင့်ယှဉ်သော အင်္ဂါ ၃-ပါးရှိသော ဈာန်စိတ်၊ ဈာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်သော အင်္ဂါ ၂-ပါးရှိသော ဈာန်စိတ်၊ တဖန် ဈာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်သော ဈာန်အင်္ဂါ ၂-ပါးရှိသော ဈာန်စိတ်။

ဤသို့ ဈာန်အင်္ဂါတို့၏ ယှဉ်ပုံ ၅-မျိုးပြားခြင်းကိုပင်''ဈာနဘေဒေန''ဟု ခေါ်သည်၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါ ဆရာကိုယ်တိုင်ပင်''ဈာနင်္ဂယောဂ-ဘေဒေန၊ ကတွေကေကံတု ပဉ္စဓာ''ဟု လောကုတ္တရာစိတ်အကျယ် သင်္ဂဟ ဂါထာ၌ မိန့်ဆိုထားပါသည်။

ယင်းသို့ ဈာန်အင်္ဂါတို့နှင့် ယှဉ်ခြင်းအပြားအားဖြင့် ဈာန်စိတ် ၅-ပါး ပြားရသည်၊ တဖန်''ကုသိုလ်, ဝိပါက်, ကြိယာ''ဟု ၃-မျိုးကွဲပြားပြန်သော ကြောင့် ရူပါဝစရစိတ်(၅×၃=) ၁၅-ပါး ဖြစ်ရသည်—ဟူလို။

၂၆။ ''ရူပါဝစရံ''ဟူသော အကျဉ်းဥဒ္ဒေ၏ အကျယ်နိဒ္ဒေသကို ပြဆိုပြီးသည့်နောက်''အရူပါဝစရံ''ဟူသော အကျဉ်းဥဒ္ဒေ၏ အကျယ်နိဒ္ဒေသကို ပြလိုသောကြောင့် အာကာသာနဉ္စာယတနကုသလစိတ္တံ စသော စကားရပ်ကို မိန့်ဆိုရပါသည်။

## ကြိယာစိတ် ၄-ပါး

၂၈။ အာကာသာ နဉ္စာယတန ကြိယစိတ္တံ၊ အာကာသာနဉ္စာယတန ကြိယာစိတ်ငင်း။ (ပ)အရူပါဝစရကြိယစိတ္တာနိနာမ၊ အရူပါဝစရကြိယာ စိတ်တို့မည်၏။

## နိဂုံး

၂၉။ ဣစ္စေဝံ၊ဤသို့။ ဝါ၊ဖြင့်။သဗ္ဗာထာပိ၊ (ကုသိုလ်တဖြာ ဝိပါကာ နှင့် ကြိယာဟူ၍ြား)ခပ်သိမ်းသော အပြားအားဖြင့်လည်း။ဒွါဒသ၊တဆယ့် နှစ်ပါးကုန်သော။အရူပါဝစရ ကုသလ ဝိပါက ကြိယစိတ္တာနိ၊ အရူပါဝစရ ကုသိုလ် အရူပါဝစရဝိပါက် အရူပါဝစရကြိယာစိတ်တို့သည်။ သမတ္တာနိ၊ ပြီးကုန်ပြီ။

## သင်္ဂဟဂါထာ

၃၀။ အာရုပ္ပမာနသံ၊ အရူပါဝစရစိတ်သည်။ အာလမ္ဗဏပ္ပဘေဒေန၊ အာရုံတို့၏ အပြားအားဖြင့်။ စတုဓာ၊လေးပါးပြား၏။ ပုန၊ တဖန်။ ပုည ပါက ကြိယာ ဘေဒါ၊ ကုသိုလ် ဝိပါက် ကြိယာတို့၏ ပြားခြင်းကြောင့်။ ဒွါဒသဓာ တဆယ့်နှစ်ပါး အပြားအားဖြင့်။ ဌိတံ၊ တည်၏။

---

၃၀။ **အာလမ္ဗဏပ္ပဘေဒေန**။ ။အောက်အောက် စျာန်၏ အင်္ဂါကို ပယ်ခွါနိုင်မှ အထက်အထက် ရူပစျာန်များ ဖြစ်နိုင်ကြသည်၊ ထို့ကြောင့်ရူပါဝစရစျာန်ကို ''အင်္ဂါတိက္ကမစျာန်'' ဟု ခေါ်ရသည်၊ ယင်းအထက်အထက် ရူပစျာန်များသည် အောက်အောက် စျာန်၏ အာရုံကိုလည်း အာရုံပြုနိုင်ကြသည်။ (အင်္ဂ—စျာန်အင်္ဂါကို +အတိက္ကမ—လွန်မြောက်သောစျာန်။)

အရူပါဝစရစျာန်တို့မူကား ထိုသို့ မဖြစ်နိုင်ကြကုန်၊ အောက်အောက် စျာန်၏ အာရုံကို လွန်မြောက်ခြင်းကြောင့်သာ ဖြစ်ကြရသည်၊ ထို့ကြောင့် အရူပါဝစရစျာန်ကို''အာရမဏာတိက္ကမစျာန်''ဟု ခေါ်သည်၊ (အာရမဏ— အာရုံကို+အတိက္ကမ—လွန်မြောက်သောစျာန်။)

သို့ဖြစ်၍ အာလမ္ဗဏပ္ပဘေဒေန ၌ အာလမ္ဗဏအရ ''အတိက္ကမိတဗ္ဗ (လွန် မြောက်အပ်သော) အာရုံ, အာလမ္ဗိတဗ္ဗ (အာရုံပြုအပ်သော) အာရုံ''ဟု အာရုံ ၂-ပါး ကွဲပြားလာရပါသည်။

ထိုတွင် "ကသိုဏ်းပညတ်အာရုံ, ကောင်းကင်ပညတ်အာရုံ, ပဌမာရုပ္ပဝိညာဏ်အာရုံ, နတ္ထိဘာဝပညတ်အာရုံ"ဟု အတိက္ကမိတဗ္ဗအာရုံ ၄-ပါး၊ "ကောင်းကင်ပညတ်အာရုံ,ပဌမာရုပ္ပဝိညာဏ်အာရုံ,နတ္ထိဘာဝပညတ်အာရုံ, တတိယာရုပ္ပဝိညာဏ်အာရုံ"ဟု အာလမ္ဗိတဗ္ဗအာရုံ ၄-ပါး အစဉ်အတိုင်း ပြားသောကြောင့် ထိုအာရုံနှင့် စပ်၍ဖြစ်ရသော အရူပါဝစရစိတ်သည်လည်း ၄-မျိုးပြားရသည်၊ အောက်၌ ပြထားသော ဇယားကိုလည်းရှုပါ။

တဖန် "ကုသိုလ်, ဝိပါက်, ကြိယာ"ဟု ၃-မျိုးစီပြားပြန်သောကြောင့် အရူပါဝစရစိတ်(၄×၃)=၁၂-ပါး ဖြစ်ရသည်—ဟု ဆိုလိုသည်။

**အရူပါဝစရစိတ် ၄-ပါး ပြားပုံ**

| အတိက္ကမိတဗ္ဗအာရုံ | အာလမ္ဗိတဗ္ဗအာရုံ | စိတ် |
|---|---|---|
| ကသိုဏ်းပညတ် | ကောင်းကင်ပညတ် | အာကာ |
| ကောင်းကင်ပညတ် | ပဌမာရုပ္ပဝိညာဏ် | ဝိညာ |
| ပဌမာရုပ္ပဝိညာဏ် | နတ္ထိဘာဝပညတ် | အာကိဉ္စညာ |
| နတ္ထိဘာဝပညတ် | တတိယာရုပ္ပဝိညာဏ် | နေဝသညာ |

**ဆောင်။** ။ကသိုဏ်းအာကာ, ပဌမာ, ဘာဝနတ္ထိ တိက္ကမိ။
ကောင်းကင် ပဌမာ, နတ္ထိဘာ, တဖြာတတိ အာလမ္ဗိ။

**မဟဂ္ဂုတ်စိတ် သရုပ်ခွဲ**

| မဟဂ္ဂုတ် | ဈာန် ဝိတက် | ဝိစာရ | ပီတိ | ဝေဒနာ သု | ဥ | ဧကဂ္ဂတာ | စိတ်အမည် | စိတ် ကုသိုလ် | ဝိပါက် | ကြိယာ | ပေါင်း | ဝေဒနာ ဘေဒ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရူပါဝစရစိတ် ၁၅ | ။ | ။ | ။ | ။ | | ။ | ပ | ၁ | ၁ | ၁ | ၃ | သောမနဿ ၁၂ |
| | | ။ | ။ | ။ | | ။ | ဒု | ၁ | ၁ | ၁ | ၃ | |
| | | | ။ | ။ | | ။ | တ | ၁ | ၁ | ၁ | ၃ | |
| | | | | ။ | | ။ | စ | ၁ | ၁ | ၁ | ၃ | |
| | | | | | ။ | ။ | ပဉ် | ၁ | ၁ | ၁ | ၃ | ဥပေက္ခာ ၁၅ |
| အရူပါဝစရစိတ် ၁၂ | | | | | ။ | ။ | အာ | ၁ | ၁ | ၁ | ၃ | |
| | | | | | ။ | ။ | ဝိ | ၁ | ၁ | ၁ | ၃ | |
| | | | | | ။ | ။ | အာကိ | ၁ | ၁ | ၁ | ၃ | |
| | | | | | ။ | ။ | နေ | ၁ | ၁ | ၁ | ၃ | |
| ပေါင်း | | | | | | | | ၉ | ၉ | ၉ | ၂၇ | ၂၇ |

## မဟဂ္ဂုတ်စိတ် ၂၇

ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊ ပေါင်း ၂၇-ပါးသော စိတ်တို့ကို ''မဟဂ္ဂုတ်စိတ်''ဟု ခေါ်သည်။ (မဟာ—မြတ်သည်၏ အဖြစ်သို့+ဂတ—ရောက်သောစိတ်၊ တနည်း မဟာ—မြတ်သော ဈာန်ရ ပုဂ္ဂိုလ်တို့ကသာ+ဂတ—ရအပ်သော စိတ်။)

**ဝေဒနာဘေဒ။** ။သရုပ်ခွဲဇယား၌ ပြထားသည့်အတိုင်း အရူပါဝစရစိတ်များသည် ''ဥပေက္ခာ, ဧကဂ္ဂတာ''ဟူသော ဈာန်အင်္ဂါ ၂-ပါးနှင့် ယှဉ်သည့် ပဉ္စမဈာန်စိတ်များဖြစ်ကြသည်၊ ထို့ကြောင့် ''သောမနဿသဟဂုတ် ၁၂-ပါး၊ ဥပေက္ခာသဟဂုတ် ၁၅-ပါး''အားဖြင့် မဟဂ္ဂုတ်စိတ် ၂၇-ပါးဖြစ်သည်—ဟု ခွဲခြတ်ဝေဖန်ပါ၊ (စိတ်သရုပ်ကို ရေတွက်ရာ၌ အာကာသာနဉ္စာယတနကုသိုလ်စိတ်တခု စသည်ဖြင့်သာဆိုပါ၊ ''ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော''ဟု ထည့်မဆိုပါနှင့်။)

## လောကီစိတ် ၈၁

ကာမာဝစရစိတ် ၅၄-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ ပေါင်း ၈၁-ပါးသော စိတ်တို့ကို ''လောကီစိတ် ၈၁''ဟု ခေါ်သည်။ (လောက—လောက၌ + ဤ—ထင်ရှားသောစိတ်၊ ၈—တခု + အသီတိ—ရှစ်ဆယ်= ၈၁—၈၁-ခု။)

သုခသဟဂုတ် ၁-ပါး၊ ဒုက္ခသဟဂုတ် ၁-ပါး၊ သောမနဿသဟဂုတ် ၃၀၊ ဒေါမနဿသဟဂုတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ် ၄၇-ပါးအားဖြင့် လောကီစိတ် ၈၁-ပါး ဖြစ်သည်။

သောမနဿသဟဂုတ် ၃၀-ဟူသော်ကား ကာမာဝစရ သောမနဿသဟဂုတ် ၁၈-ပါး၊ မဟဂ္ဂုတ်သောမနဿသဟဂုတ် ၁၂-ပါးတို့တည်း၊ ဥပေက္ခာသဟဂုတ် ၄၇-ပါးဟူသော်ကား ကာမာဝစရဥပေက္ခာသဟဂုတ် ၃၂-ပါး၊ မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ် ၁၅-ပါးတို့တည်း။ (ဤကား ဝေဒနာဘေဒတည်း။)

အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၁၇-ပါး၊ ဝိပါက်စိတ် ၃၂-ပါး၊ ကြိယာစိတ် ၂၀-အားဖြင့်လည်း လောကီစိတ် ၈၁-ပါး ဖြစ်၏။ (ဇာတိဘေဒ။)

ကာမာဝစရစိတ် ၅၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါးအားဖြင့်လည်း လောကီစိတ် ၈၁-ပါးဖြစ်၏၊ (ဘူမိဘေဒ။)

## လောကုတ္တရာစိတ် အကျဉ်း ၈-ပါး
### မဂ်စိတ် ၄-ပါး

၃၁။ သောတာပတ္တိမဂ္ဂစိတ္တံ၊ သောတာပတ္တိမဂ်စိတ်ရင်း။ သကဒါဂါမိမဂ္ဂစိတ္တံ၊ သကဒါဂါမိမဂ်စိတ်ရင်း။ အနာဂါမိမဂ္ဂစိတ္တံ၊ အနာဂါမိမဂ်စိတ်ရင်း။ အရဟတ္တမဂ္ဂစိတ္တံစ၊ အရဟတ္တမဂ်စိတ်ရင်း။ ဣတိ၊ ဤသို့။ စတ္တာရိပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ လောကုတ္တရ-ကုသလစိတ္တာနိနာမ၊ လောကုတ္တရာကုသိုလ်စိတ်တို့မည်၏။

### ဖိုလ်စိတ် ၄-ပါး

၃၂။ သောတာပတ္တိဖလစိတ္တံ၊ သောတာပတ္တိဖိုလ်စိတ်ရင်း။ (ပ) လော-ကုတ္တရဝိပါက စိတ္တာနိနာမ၊ လောကုတ္တရာဝိပါက်စိတ်တို့မည်၏။

### နိဂုံး

၃၃။ ဣစ္စေဝံ၊ ဤသို့။ ဝါ၊ဖြင့်။ သဗ္ဗထာပိ၊ (ကုသိုလ်တချက် ဝိပါက်ဟူ၍ ခွဲ၍) ခပ်သိမ်းသော အပြားအားဖြင့်လည်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ လောကုတ္တရ ကုသလ ဝိပါကစိတ္တာနိ၊ လောကုတ္တရာကုသိုလ် လောကုတ္တရာ ဝိပါက်စိတ်တို့သည်။ သမတ္တာနိ၊ ပြီးကုန်ပြီ။

### သင်္ဂဟဂါထာ

၃၄။ စတုမဂ္ဂပ္ပဘေဒေန၊ လေး၂ါးသော မဂ်တို့၏ အပြားအားဖြင့်။ ကုသလံ၊ လောကုတ္တရာ ကုသိုလ်စိတ်သည်။ စတုဓာ၊ လေးပါးပြား၏။ ပါကံ၊ ဝိပါက်စိတ်သည်။ တဿ၊ ထိုကုသိုလ်စိတ်၏။ ဖလတ္တာ၊ အကျိုး၏ အဖြစ်ကြောင့်၊ တထာ၊ ထို့အတူ။ စတုဓာ၊ လေးပါးပြား၏။ ဣတိ၊ ဤသို့၊ အနုတ္တရံ၊ လောကုတ္တရာစိတ်ကို။ အဋ္ဌဓာ၊ ရှစ်ပါးပြား၏ဟူ၍။ မတံ၊ သိအပ်၏။

---

၃၁။ "အရူပါဝစရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြဆိုပြီးသည့်နောက် "လောကုတ္တရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြလိုသောကြောင့် "သောတာပတ္တိမဂ္ဂစိတ္တံ"စသည်ကို မိန့်ဆိုရပါသည်။

**စတုမဂ္ဂပ္ပဘေဒေန**။ ။"ဣန္ဒြေမထက်မြက်မှု, ထက်မြက်မှု, အထူးထက်မြက်မှု, အစွမ်းကုန်ထက်မြက်မှု"အားဖြင့် မဂ်လေးပါး ပြားရသောကြောင့် ထိုမဂ်နှင့် ယှဉ်သော ကုသိုလ်စိတ်သည်လည်း လေးပါး ပြားရပါသည်။

ချဲ့ပါဦးမည်၊ ''သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ''ဟု ဆိုအပ်သော တပါးတပါးစီသော စေတသိက်တို့ကို မဂ်၏ အစိတ်အပိုင်း ဖြစ်သောကြောင့် ''မဂ္ဂင်''ဟု ခေါ်သည်၊ ထိုမဂ္ဂင် ၈-ပါး အပေါင်း အစုကို ''မဂ်''ဟု ခေါ်သည်၊ ထိုမဂ်နှင့် ယှဉ်သော စိတ်ကို ''မဂ်စိတ်''ဟု ခေါ်သည်။

မဂ်စိတ် လေးပါး၌ မဂ္ဂင် ၈-ပါး အညီအမျှပင် ယှဉ်သည်၊ ထိုတွင် သမ္မာဒိဋ္ဌိသည် ပညိန္ဒြေမည်၏၊ သမ္မာဝါယာမသည် ဝီရိယိန္ဒြေမည်၏၊ သမ္မာသတိသည် သတိန္ဒြေမည်၏၊ သမ္မာသမာဓိသည် သမာဓိန္ဒြေမည်၏။

ထိုပညိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေတို့ မထက်မြက်သေးလျှင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ သံယောဇဉ်တို့ကိုသာ ပယ်နိုင်၍ အစဆုံး သောတာပတ္တိမဂ် ဖြစ်သည်။

ထိုဣန္ဒြေတို့ အတော်အတန် ထက်မြက်လျှင် ကာမရာဂ, ဗျာပါဒ သံယောဇဉ်တို့ကို နည်းပါးသွားအောင် ပယ်နိုင်၍ သကဒါဂါမိမဂ် ဖြစ်သည်။

ထိုဣန္ဒြေတို့ အထူးထက်မြက်လျှင် ထိုကာမရာဂ,ဗျာပါဒ သံယောဇဉ်တို့ကို အကြွင်းမရှိအောင် ပယ်နိုင်၍ အနာဂါမိမဂ် ဖြစ်သည်။

ထိုဣန္ဒြေတို့ အစွမ်းကုန် ထက်မြက်လျှင် ကြွင်းကျန်သမျှသော ရူပရာဂ စသော သံယောဇဉ်တို့ကို အကြွင်းမရှိအောင် ပယ်နိုင်၍ အရဟတ္တမဂ် ဖြစ်သည်။

ဤသို့ ဣန္ဒြေမထက်မြက်မှု, ထက်မှု, အထူးထက်မှု, အစွမ်းကုန်ထက်မှုသို့ လိုက်၍ မဂ် ၄-ပါး ပြားရသောကြောင့် ထိုမဂ်နှင့် ယှဉ်သော ကုသိုလ်စိတ် (မဂ်စိတ်)လည်း ၄-ပါးပြားလာရသည်။

**ဆောင်။** ။မထက် ထက်မြက်, အထူးထက်နှင့်, ထက်မြက်စွမ်းကုန်,ဣန္ဒ်စွမ်း
ဟုန်သို့, လိုက်ကုန်မဂ်များ, လေးပါးပြား, လေးပါးမဂ်
ယှဉ်စိတ်။

**တနည်း။** ။မထက်မြက်၊ ထက်မြက်ရယ်နဲ့ အထူးသာ၊
အစွမ်းကုန်—ထက်ပါဘိတယ်၊ ဣန္ဒြိယာ၊
စွမ်းသတ္တိ—အားလျော်စွာ၊ မဂ်လေးဖြာ ကွဲပြား၊
ထို့ကြောင့်ပင်—ကုသလငယ်၊ ပြားရ လေးပါး။

ကုသိုလ်ဖြစ်သော မဂ်က လေးပါးပြားသည့်အတွက် အကျိုးဖြစ်သော ဝိပါက်(ဖိုလ်)စိတ်လည်း မဂ်နှင့် တူစွာပင် ၄-ပါး ပြားရတော့သည်၊ ဤသို့ လောကုတ္တရာစိတ် ၈-ပါးပြားရတော့သည်—ဟူလို။

## စိတ်အကျဉ်း ၈၉-ပါး
## ဇာတ်အားဖြင့် ရေတွက်ပြခြင်း

၃၅။ ဧဝံ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အကုသလာနိ၊ အကုသိုလ်စိတ်တို့သည်။ ဒွါဒသဧဝ၊ တဆယ့်နှစ်ပါးတို့သာတည်း။ ကုသလာနိ၊ ကုသိုလ်စိတ်တို့သည်။ ဧကဝီသတိဧဝ၊ နှစ်ဆယ့်တပါးသာတည်း။ ဝိပါကာနိ၊ ဝိပါက်စိတ်တို့သည်။ ဆတ္တိံသဧဝ၊ သုံးဆယ့်ခြောက်ပါးသာတည်း။ ကြိယာစိတ္တာနိ၊ ကြိယာစိတ်တို့သည်။ ဝီသတိဧဝ၊ နှစ်ဆယ်သာတည်း။

## ဘုံအားဖြင့် ရေတွက်ခြင်း

၃၆။ ကာမေ၊ ကာမတဆယ့်တဘုံ၌။ (အဝစရာနိ၊ များသောအားဖြင့် သက်ဝင်၍ ဖြစ်ကုန်သော။) စိတ္တာနိ၊ စိတ်တို့ကို။ စတုပညာသဧဝ၊

---

ဤ လောကုတ္တရာစိတ်ကိုလည်း ''သမ္ပယုတ်''ဟုရင်း၊ ''ဝိပ္ပယုတ်''ဟုရင်း၊ ''အသင်္ခါရိက''ဟုရင်း၊ ''သသင်္ခါရိက''ဟုရင်း မဆိုသင့်၊ ဤ လောကုတ္တရာစိတ်အကျဉ်းကို ဝေဒနာဘေဒအားဖြင့်လည်းခွဲ၍မဖြစ်သေးပါ။

လောကီစိတ် ၈၁-ပါး၊ လောကုတ္တရာစိတ် ၈-ပါးအားဖြင့် စိတ်တခုယုတ် ကိုးဆယ် ဖြစ်၏၊ ပါပါဟေတုကမုတ္တာနိ ဂါထာ၌ ပြဆိုခဲ့သော ကျေနသင်္ဂြိုဟ်အရကိုလည်း ပြပြီး ဖြစ်တော့သည်။

၃၅။ **ဇာတိဘေဒသင်္ဂဟ**။ ။ပရမတ္ထတရားတို့၏ အမျိုးအစားကို''ဇာတိ (ဇာတ်)''ဟု ခေါ်သည်၊ ယင်းဇာတ်သည် ''ကုသိုလ်ဇာတ်၊ အကုသိုလ်ဇာတ်၊ အဗျာကတဇာတ်''အားဖြင့် ၃-ပါး၊ တနည်း၊ ''ကုသိုလ်ဇာတ်၊ အကုသိုလ်ဇာတ်၊ ဝိပါက်ဇာတ်၊ ကြိယာဇာတ်'' အားဖြင့် ၄-ပါးရှိ၏၊ ထိုဇာတ်တို့၏ အပြားအားဖြင့် စိတ်တို့ကို ပေါင်းစု ရေတွက်ပြသောကြောင့် ဒွါဒသာကုသလာနေဝံ စသော ဂါထာကို''ဇာတိဘေဒသင်္ဂဟဂါထာ''ဟု ဆိုရသည်။ (ဇာတိ—အမျိုးအစား+ဘေဒ—အပြားအားဖြင့်+သင်္ဂဟ—စိတ်တို့ကို ပေါင်းစုရေတွက်ပြသော ဂါထာ။)

''အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀''အားဖြင့် စိတ် ၈၉-ပါးဖြစ်၏—ဟု ဆိုလိုသည်။

၃၆။ **ဘူမိဘေဒသင်္ဂဟ**။ ။''ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ လောကုတ္တရာအဝတ္ထာဘုံ''ဟူသော ဘုံ ၄-မျိုးဖြင့် စိတ်တို့ကို ပေါင်းစု ရေတွက်ပြသောကြောင့် စတုပညာသဓာကာမေ - စသောဂါထာကို ''ဘူမိဘေဒသင်္ဂဟဂါထာ''ဟု ဆိုရသည်။

ငါးဆယ့်လေးပါး ပြားကုန်၏ ဟူ၍။ ပရမတ္ထဝိဒူ၊ ပရမတ်မြင်သိ ပညာရှိ သည်။ ဤရယေ၊ ဆိုရာ၏။ ရူပေ၊ အသညသတ်ကြဉ်သော ရူပတဆယ့် ငါးဘုံ၌။ (အဝစရာနိ၊ ကုန်သော။)စိတ္တာနိ၊ တို့ကို။ ပန္နရသ၊ တဆယ့် ငါးပါးတို့ဟူ၍။ ပရမတ္ထဝိဒူ၊ သည်။ ဤရယေ၊ ၏။ အာရုပ္ပေ၊ အရူပ လေးဘုံ၌။ (ဤပစ္စည်းသွတ္ထ၊) (အဝစရာနိ၊ ကုန်သော။)စိတ္တာနိ၊ တို့ကို။ ဒွါဒသ၊ တဆယ့်နှစ်ပါးတို့ဟူ၍။ ပရမတ္ထဝိဒူ၊ သည်။ ဤရယေ၊ ၏။ တထာ၊ ထိုမှတပါး။ အနုတ္တရေ၊ လောကုတ္တရာတရား အပေါင်း၌။ (သမဘိနိဝိဋ္ဌာနိ၊ ကောင်းစွာ အကျုံးဝင်ကုန်သော။) စိတ္တာနိ၊ တို့ကို။ အဋ္ဌဓာ၊ ရှစ်ပါးပြားကုန်၏ ဟူ၍။ ပရမတ္ထဝိဒူ၊ သည်။ ဤရယေ၊ ၏။

တနည်းကား။ ကာမေ၊ ကာမတဆယ့်တဘုံ၌ များသောအားဖြင့် သက်ဝင်၍ ဖြစ်ကုန်သော။ စိတ္တာနိ စတုပညာသဓာ ပရမတ္ထဝိဒူ ဤရယေ။ ရူပေ၊ အသညသတ်ကြဉ်သော ရူပတဆယ့်ငါးဘုံ၌ များသောအားဖြင့် သက်ဝင်၍ ဖြစ်ကုန်သော။ စိတ္တာနိ ပန္နရသ ပရမတ္ထဝိဒူ ဤရယေ။ ("အဝစရ နောက်ပုဒ်ကျေသည်"ဟုရင်း၊ ဒုတိယာဗဟုဝုစ် ယောဝိဘတ် အပြု နိဒ္ဒေသကို ပြေထားသည်"ဟုရင်း ကြံပါ) အာရုပ္ပေ၊ အရူပဘုံ၌ ဖြစ်ကုန်သော။ စိတ္တာနိ ဒွါဒသ ပရမတ္ထဝိဒူ ဤရယေ။ အနုတ္တရေ၊ လောကုတ္တရာဖြစ်ကုန်သော။ စိတ္တာနိ၊ တို့ကို။ အဋ္ဌဓာ၊ ရှစ်ပါး ပြားကုန် ၏ ဟူ၍။ ပရမတ္ထဝိဒူ၊ ပရမတ်မြင်သိ ပညာရှိသည်။ ဤရယေ၊ ဆိုရာ၏။ (ဆဋ္ဌမူ၌ "အရူပေ"ဟု ရှိနေသည်၊ "အာရုပ္ပေ" ဟု ရှိမှ ဋီကာဖွင့်နှင့် ညီမည်။)

## နိဂုံး

၃၇။ ပန၊ အပေါင်းကိုပြဦးအံ့။ ဣတ္ထံ၊ ဤဆိုအပ်ပြီးသော အပြား အားဖြင့်။ မာနသံ၊ စိတ်ကို။ ကေူန နဝုတိ ပဘေဒံ၊ တခုယုတ်ကိုးဆယ် အပြားရှိသည်ကို။ (ကတွာ၊ပြု၍။) ဝိစက္ခဏာ၊ ပညာရှိတို့သည်။ ဝိဘဇန္တိ၊ ဝေဘန်ကြကုန်၏။

---

ကာမစိတ် ၅၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း စိတ် ၈၉-ပါးဖြစ်၏—ဟု ဆိုလိုသည်။

**အထဝဲါ၊ တနည်းကား။ ဧကူန နဝုတိ ပဘေဒံ၊ တခုယုတ်ကိုးဆယ် အပြားရှိသော။ မာနသံ၊ စိတ်ကို။ ကေဝီသ သတံ၊ တရာ့နှစ်ဆယ့်ဘပါး ရှိသည်ကို။ (ကတ္ဘာ၊ ပြု၍လည်း။) ဝိစက္ခဏာ၊ ပညာရှိတို့သည်။ ဝိဘဇန္တိ၊ ကုန်၏။ (ဤသို့ ယောဇနာမှသာ ကထမေကူန နဝုတိ ဝိခံ-အစရှိသော နောက်စကားနှင့် ညီညွတ်မည်။)**

## စိတ်အကျယ် ၁၂၁-ပါး

**၃၈။ ဧကူန နဝုတိ ဝိခံ၊ တခုယုတ်ကိုးဆယ် အပြားရှိသော။ စိတ္တံ၊ စိတ်သည်။ ဧကဝီသ သတံ၊ တရာ့နှစ်ဆယ့်တပါးရှိသည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်နိုင်ပါသနည်း။**

## လောကုတ္တရာစိတ်အကျယ် ၄၀

## သောတာပတ္တိမဂ်စိတ် ၅-ပါး

**ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ၊ သော။ ပထမဈာန-သောတာပတ္တိမဂ္ဂ စိတ္တံ၊ ပထမဈာန် သောတာပတ္တိမဂ်စိတ်ဝင်း။ (ပ) သောတာပတ္တိ မဂ္ဂစိတ္တာနိ နာမ၊ သောတာပတ္တိ မဂ်စိတ်တို့မည်၏။**

## အထက်မဂ်စိတ် ၁၅-ပါးနှင့် ဖိုလ်စိတ် ၂၀

**၃၉။ တထာ၊ ထိုငါးပါးစီ ပြားသော။ သကဒါဂါမိမဂ္ဂစိတ္တံ၊ သက-ဒါဂါမိမဂ်စိတ်ဝင်း။ အနာဂါမိမဂ္ဂစိတ္တံ၊ အနာဂါမိမဂ်စိတ်ဝင်း။ အရဟတ္တ-**

---

၃၇။ **နိဂုံး**။ ။ဣတ္ထမေကူန နဝုတိပဘေဒံ-ကား ဆိုခဲ့ပြီးသော စိတ်တခုယုတ် ကိုးဆယ်ကို နိဂုံးချုပ်သော စကားတည်း၊ ဆိုခဲ့ပြီးသည့်အတိုင်း ဝေဒနာအပြား, သမ္ပယောဂအပြား, သင်္ခါရအပြား, စက္ခုစသောမှီရာ, သမ္ဗန္ဓိတ္တိုင်း စသော ကိစ္စအပြား, ဇာတ်အပြား,ဘုံအပြား, ဈာန်အပြား, အာရုံအပြား, မဂ်အပြား အားဖြင့် တခုယုတ် ကိုးဆယ် ပြားအောင် ပညာရှင်များက စိတ်ကို ဝေဖန်ကြသည်-ဟူလို။

**စကားဦး**။ ။ကေဝီသသတံ ဝါဒ, ဝိဘဇန္တိ ဝိစက္ခဏာကား စိတ်အကျယ် ၁၂၁-ပါး ပြားပုံကို ပြပြန်လိုသည့်အတွက် စ-ချီရသော စကားဦး စကားလက်မှန်တည်း၊ တနည်းအားဖြင့် တခုယုတ်ကိုးဆယ် ပြားသော စိတ်ကို ၁၂၁-ပါးဖြစ်အောင်လည်း ပညာရှင်များ ဝေဖန်ကြပါ သေးသည်-ဟု ဆိုလိုသည်။

**မဂ္ဂစိတ္တံ၊ အရဟတ္တမဂ်စိတ်ရင်း။ ဣတိ၊ ဤသို့။ သမဝီသတိ၊ အတိအကျ နှစ်ဆယ်သော။ မဂ္ဂစိတ္တာနိ၊ မဂ်စိတ်တို့ရင်း။**

**၄၀။ တထာ၊ ထိုအတိအကျနှစ်ဆယ်သော။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့ ရင်း။ ဣတိ၊ ဤသို့။ သမစတ္တာလီသ၊ အတိအကျ လေးဆယ်သော။ လောကုတ္တရစိတ္တာနိ၊ လောကုတ္တရာစိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ (ကျေနနဝုတိငိမ်၊ တခုယုတ်ကိုးဆယ် အပြားရှိသော။ စိတ္တံ၊ စိတ်သည်။ ဧကဝီသ သတံ၊ တရာ့နှစ်ဆယ့်တပါးရှိသည်။ ဟောတိ၊ ဖြစ်နိုင် ပါ၏။)**

---

၃၉။ **တထာ**။ ။''သောတာပတ္တိမဂ်စိတ်နှင့် အလားတူပင် သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အရဟတ္တ မဂ်စိတ်များလည်း ၅-ပါးစီ ပြားကြသည်''ဟု တထာသဒ္ဒါဖြင့် ညွှန်ပြသည်၊ သောတာပတ္တိ-မဂ္ဂစိတ္တံ-နေရာဝယ် ''သကဒါဂါမိမဂ္ဂစိတ္တံ'' စသည်တို့ကို လဲလှယ် ထည့်သွင်းလျက် ပါဠိဖော်ထုတ်ပါ၊ သရုပ်ရေတွက်ပါ။

''သကဒါဂါမိမဂ္ဂစိတ္တံ၊ အနာဂါမိမဂ္ဂစိတ္တံ၊ အရဟတ္တမဂ္ဂစိတ္တံ''ဟု ဆိုလိုလျက် စကားကျဉ်းအောင် ရှေ့ပုဒ်တို့၌ စိတ္တသဒ္ဒါကို မယှဉ်စပ်ပဲ ''သကဒါဂါမိမဂ္ဂ အနာဂါမိမဂ္ဂ အရဟတ္တမဂ္ဂစိတ္တံ'' ဟု ဝါကျ ချုံးဆိုနည်းဖြင့် ချုံးဆိုထားသည်။

**သမဝီသတိမဂ္ဂစိတ္တာနိ**။ ။အကျဉ်း မဂ်စိတ် ၄-ပါးကို စျာန် ငါးပါးဖြင့် အသီးသီးခွဲ့ထွင် ပွါးများပါက အတိအကျ မဂ်စိတ် ၂၀-ဖြစ်လာရပါသည်၊ ဤကဲ့သို့ ပွါးများအောင် ပြုလုပ်ခြင်းကိုပင် ''စျာန်ပွါးသည်''ဟု ခေါ်ကြသည်။

၄၀။ **တထာ**။ ။''မဂ်စိတ်များကို ပွါးများသကဲ့သို့ ဖိုလ်စိတ်များကို ပွါးများလျှင်လည်း အတိအကျ ၂၀-ပင် ဖြစ်လာရသည်''ဟု တထာသဒ္ဒါဖြင့် ညွှန်ပြပြန်သည်၊ သောတာပတ္တိမဂ္ဂစိတ္တံ-နေရာ၌ သောတာပတ္တိဖလစိတ္တံ-စသည်တို့ကို လဲလှယ် ထည့်သွင်းလျက် ပါဠိကို ဖော်ထုတ်ပါ၊ သရုပ်ရေတွက်ပါ၊ သရုပ်ခွဲဇယားကိုလည်း ရှုပါ။

**သမစတ္တာလီသ**။ ။မဂ်စိတ် ၂၀၊ ဖိုလ်စိတ် ၂၀-အားဖြင့် လောကုတ္တရာစိတ် ၄၀-အတိအကျ ဖြစ်လာရသည်၊ ပါပါဟေတုကမုတ္တာနိ-စသော ဂါထာကဆိုခဲ့ပြီးသော ''အထေကနဝုတိပိဝါ''အရကိုလည်း ပြပြီး ဖြစ်တော့သည်။

## သင်္ဂဟဂါထာ

၄၁။ တု၊ အကျဉ်းချုပ်ကား။ ဈာနင်္ဂယောဂဘေဒေန၊ ဈာန်အင်္ဂါတို့၏ ယှဉ်ပုံ အပြားအားဖြင့်။ ဧကေကံ၊ တပါး တပါးသော လောကုတ္တရာစိတ်ကို။ ပဉ္စဓာ၊ ငါးပါးစီ ပြားသည်ကို။ ကတွာ၊ ပြု၍။ အနုတ္တရံ၊ လောကုတ္တရာဖြစ်သော။ စိတ္တံ၊ စိတ်ကို။ စတ္တာလီသဝိဓန္တိစ၊ လေးဆယ် အပြားရှိ၏ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။

## လောကီ လောကုတ္တရာ ဈာန်စိတ်ပေါင်း

၄၂။ ရူပါဝစရံ၊ ရူပါဝစရစိတ်ကို။ ပထမာဒိဈာနဘေဒေ၊ ပထမဈာန် အစရှိသော ဈာန်အပြား၌။ ဂယှတိယထာ၊ သွင်းယူအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ အနုတ္တရံစ၊ လောကုတ္တရာစိတ်ကိုလည်း။ ပထမာဒိဈာနဘေဒေ၌။ ဂယှတိ၊ ၏။ အာရုပ္ပဉ္စမေ၊ ပဉ္စမဈာန်၌။ ဂယှတိ၊ သွင်းယူအပ်၏။ အရူပါဝစရစိတ်ကိုလည်း။ ပဉ္စမေ၊

တနည်းကား-ရူပါဝစရံစ၊ ရူပါဝစရစိတ်ကိုရင်း။ အနုတ္တရံစ၊ လောကုတ္တရာစိတ်ကိုရင်း။ ပထမာဒိဈာန ဘေဒေ၊ ၌။ ဂယှတိယထာ၊ သို့။ တထာ၊ ထို့အတူ။ အာရုပ္ပဉ္စာပိ၊ ကိုလည်း။ ပဉ္စမေ၊ ၌။ ဂယှတိ၊ ၏။

---

လောကီစိတ် ၈၁-ပါး၊ လောကုတ္တရာစိတ်အကျယ် ၄၀-ကို ပေါင်းလျှင် စိတ်အကျယ် ၁၂၁-ပါး ဖြစ်သည်၊ ထို့ကြောင့်ပင် "စိတ်တခုယုတ် ကိုးဆယ်, အကျယ် ၁၂၁-ပါး"ဟု ခေါ်ဝေါ်သုံးစွဲ ပြောဆိုနေကြသည်။

၄၁။ **စတ္တာလီသဝိဓံ။** ။ဈာနင်္ဂ ယောဂဘေဒေန-စသော ဂါထာသည် လောကုတ္တရာ စိတ်အကျယ်ကို ပေါင်းယူရေတွက်ပြသော သင်္ဂဟဂါထာဖြစ်သည်၊ အချို့စိတ်မှာ ဈာန်အင်္ဂါ ၅-ပါး ယှဉ်သည်၊ အချို့စိတ်မှာ ၄-ပါးယှဉ်သည်၊ အချို့စိတ်မှာ ၃-ပါးယှဉ်သည်၊ အချို့စိတ်မှာ ၂-ပါးယှဉ်သည်၊ တဖန် အချို့စိတ်မှာ ၂-ပါး ယှဉ်သည်။

ဤသို့ ဈာန်အင်္ဂါယှဉ်ပုံက ၅-မျိုး ပြားသောကြောင့် လောကုတ္တရာစိတ် (မဂ်စိတ်, ဖိုလ်စိတ်) တပါး တပါးက ၅-ပါး ၅-ပါးစီ ကွဲပြားလာရကား လောကုတ္တရာစိတ်အကျယ် (၈×၅)=၄၀-ဖြစ်လာရသည်။

"သောမနဿသဟဂုတ် ၃၂-ပါး, ဥပေက္ခာသဟဂုတ် ၈-ပါး"အားဖြင့် လောကုတ္တရာစိတ် ၄၀-ဖြစ်သည်၊ ဤသို့ ဝေဒနာဘေဒမျှဖြင့်သာ ခွဲထားပါဦး။

တသွာ၊ ထို့ကြောင့်။ ပဌမာဒိကံ၊ ပဌမဈာန် အစရှိသော။ ဧကေကံ၊ တမျိုးတမျိုးသော။ ဈာန်၊ ဈာန်စိတ်ကို။ ကောဒသဝိဓံ၊ တဆယ့်တစ်ပါးစီ အပြားရှိ၏ဟူ၍။ ဤရိတ၊ ဆိုအပ်၏။ အန္တေ၊ အဆုံး၌။ (ဌိတံ၊ တည်သော။) ဈာနံတု၊ ပဥ္စမဈာန်စိတ်သည်ကား။ တေဝီသတိ ဝိဓံ၊ နှစ်ဆယ့်သုံးပါး အပြားရှိသည်။ ဘဝေ၊ ဖြစ်၏။

---

## လေဣကုတ္တရာစိတ်အကျယ် သရုပ်ခွဲ

| [illegible] | ဈာန် | | | | | | [illegible] | လောကုတ္တရာစိတ် | | | | | | | | ဈာန်စိတ်ပေါင်း | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | [illegible] | [illegible] | [illegible] | [illegible] | | [illegible] | | [illegible] | | | | [illegible] | | | | | |
| | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | |
| [illegible] | ။ | ။ | ။ | ။ | | ။ | | | | | | | | | | ၈ | [illegible] |
| | | ။ | ။ | ။ | | ။ | | | | | | | | | | ၈ | |
| | | | ။ | ။ | | ။ | | | | | | | | | | ၈ | |
| | | | | ။ | | ။ | | | | | | | | | | ၈ | |
| | | | | | ။ | ။ | | | | | | | | | | ၈ | [illegible] |
| [illegible] | | | | | | | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ၄၀ | ၄၀ |

၄၂။ ဈာန်စိတ်ပေါင်း။ ။ယထာစရူပါဝစရံ စသော ၂-ဂါထာသည် ဈာန်စိတ်တို့ကို ပေါင်းယူ ရေတွက်ပြသော သင်္ဂဟဂါထာ ဖြစ်သည်၊ (ကုသိုလ်, ဝိပါက်, ကြိယာ ဟူသော) ရူပါဝစရ စိတ်ကို ပဌမဈာန် အစရှိသော ဈာန်ငါးမျိုး၌ သွင်းယူရသကဲ့သို့ (သောတာပတ္တိမဂ် စသော) လောကုတ္တရာ စိတ်တို့ကိုလည်း ပဌမဈာန် အစရှိသော ဈာန် ၅-မျိုး၌ သွင်းယူရသည်၊ အရူပစိတ်ကိုလည်း (ဥပေက္ခာ, ဧကဂ္ဂတာ) ဈာန်အင်္ဂါချင်း တူသောကြောင့် ပဥ္စမဈာန်၌ သွင်းယူရသည်။

ထို့ကြောင့် ပဌမဈာန် ကောဒသ (၁၁-ပါး)၊ ဒုတိယဈာန် ကောဒသ၊ တတိယဈာန် ကောဒသ၊ စတုတ္ထဈာန် ကောဒသ၊ ပဥ္စမဈာန် တေဝီသ (၂၃-ပါး) ဖြစ်လာရသည်၊ မဟဂ္ဂုတ်ဇယားနှင့် လောကုတ္တရာဇယားတို့ကို ပေါင်းစပ်ကြည့်ရှုပါ။

## ဇာတိဘေဒ အကျယ်ပြ

၄၃။ ပုညံ၊ ကုသိုလ်စိတ်သည်။ သတ္တတိံ့သဝိဓံ၊ ၃၇-ပါး အပြား ရှိ၏။ ပါကံ၊ ဝိပါက်စိတ်သည်။ ဒွိပညာသဝိဓံ၊ ၅၂-ပါး အပြားရှိ၏။ တထာ၊ ထိုမှတပါး။ (အကုသလာနိ၊ အကုသိုလ်စိတ်တို့သည်။ ဒွါဒသ-ဓေဝ၊ ၁၂-ပါးတို့သာတည်း။ ကြိယစိတ္တာနိ၊ ကြိယာစိတ်တို့သည်။ ဝီသတိ-ဓေဝ၊ ၂၀-သာတည်း။) ဣတိ၊ ဤသို့။ စိတ္တာနိ၊ စိတ်တို့ကို။ ဧက-ဝီသ သတံ၊ ၁၂၁-ပါး ဟူ၍။ ဗုဓာ၊ ပညာရှိတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

အဘိဓမ္မတ္ထသင်္ဂဟေ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌။ စိတ္တသင်္ဂဟ ဝိဘာ-ဂေါနာမ၊ စိတ္တသင်္ဂဟ ဝိဘာဂမည်သော။ ပထမော၊ ရှေးဦးစွာသော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ၊ ပြီးပြီ။

---

၄၃။ **ဇာတိဘေဒအကျယ်။** ။သတ္တတိံ့သဝိဓံ ပုညံ-စသော ဂါထာသည် စိတ်အကျယ် ၁၂၁-ပါးကို ဇာတ်အားဖြင့် ပေါင်းယူ ရေတွက်ပြသော ဇာတိဘေဒ သင်္ဂဟဂါထာဖြစ်သည်၊ အကုသိုလ်နှင့် ကြိယာတို့မှာ အကျဉ်း, အကျယ် ကွဲပြားမှု မရှိပါ၊ ကုသိုလ်နှင့် ဝိပါက်တို့မှာသာ အကျဉ်း, အကျယ် ကွဲပြားမှု ရှိပါသည်၊ ထို့ကြောင့် ထူးခြားမှု ရှိသော ကုသိုလ်, ဝိပါက်တို့ကိုသာ သင်္ဂဟဂါထာ၌ ထည့်သွင်း ပြဆို၍ ထူးခြားမှုမရှိသော အကုသိုလ်နှင့် ကြိယာတို့ကို မပြဆိုတော့ပါ၊ သို့ပင် မပြဆိုစေကာမူ ဆိုခဲ့ပြီးသော ဒွါဒသာကုသလာနေဝံ-စသော ဂါထာမှ ယူ၍ အနက် ပေးထားပါသည်။

ကုသိုလ်စိတ် ၃၇-ပါး၊ ဝိပါက်စိတ် ၅၂-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ ကြိယာစိတ်-၂၀၊ ပေါင်းစိတ်အကျယ် ၁၂၁-ပါး ဖြစ်၏-ဟု ဆိုလိုပါသည်။

ကုသိုလ် ၃၇-ပါး-ဟူသော်ကား လောကီကုသိုလ် ၁၇၊ လောကုတ္တရာ ကုသိုလ် ၂၀-တို့ပင်တည်း၊ ဝိပါက်စိတ် ၅၂-ပါး ဟူသော်ကား လောကီ ဝိပါက် ၃၂-ပါး၊ လောကုတ္တရာဝိပါက် ၂၀-တို့ပင်တည်း။

ဝေဒနာဘေဒ, ဘူမိဘေဒ-စသည်တို့ဖြင့်လည်း ခွဲစိတ် ဝေဖန်ပါ။

စိတ်ပိုင်း ပြီး၏။

# ၂။ စေတသိက်ပိုင်း

## စေတသိက်လက္ခဏာ ၄-ပါး

**၁။ ဧကုပ္ပါဒနိရောဓာစ, တုလျာသောဖြစ်ခြင်း, တူသောချုပ်ခြင်း ရှိကုန်သည်ရင်း။ ဧကာလမ္ဗဏဝတ္ထုကာစ၊ တူသောအာရုံ, တူသောမှီရာ ရှိကုန်သည်ရင်း။ (ဟုတ္တွာ၊ ဖြစ်ကုန်၍။) စေတောယုတ္တာ၊ စိတ်၌ယှဉ်ကုန်သော။ ဒွိပညာသ၊ ငါးဆယ့်နှစ်ပါးသော။ ဓမ္မာ၊ သဘောတရားတို့ကို။ စေတသိကာ၊ စေတသိက်တို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။**

---

၁။ 'စိတ္တံ' ဟူသော အကျဉ်း ဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီး၍ 'စေတသိကံ' ဟူသော အကျဉ်း ဥဒ္ဒေသ၏ အကျယ် နိဒ္ဒေသကို ပြလိုရကား ''ဧကုပ္ပါဒနိရောဓာစ'' စသော စကားရပ်ကို မိန့်ဆိုရပါသည်။

**စေတသိက်သက္ခဏာ**

၁။ ဧကုပ္ပါဒ — တူသော ဖြစ်ခြင်း၊ (စိတ်ဖြစ်သည်နှင့် တပြိုင်နက် ဖြစ်ခြင်း၊)

၂။ ဧကနိရောဓ — တူသော ချုပ်ခြင်း၊ (စိတ်ချုပ်သည်နှင့် တပြိုင်နက် ချုပ်ခြင်း၊)

၃။ ဧကာလမ္ဗန— တူသောအာရုံရှိခြင်း၊ (စိတ်ယူအပ်သော အာရုံကိုသာ ယူခြင်း၊)

၄။ ဧကဝတ္ထုက— တူသောမှီရာရှိခြင်း၊ စိတ်မှီရာဝတ္ထုကိုသာ မှီခြင်း၊)

ဤလေးပါးကို ''စေတောယုတ္တလက္ခဏာ''ဟု ခေါ်သည်၊ ''သမ္ပယုတ္တလက္ခဏာ''ဟုရင်း၊ ''စေတသိကလက္ခဏာ'' ဟုရင်း ခေါ်ကြပါသေးသည်။ (စေတောယုတ္တ–စိတ်၌ယှဉ်ခြင်း + လက္ခဏ—အမှတ်အသား။ သမ္ပယုတ္တ- စိတ်၌ယှဉ်ခြင်း၏ + လက္ခဏ— အမှတ်အသား။ စေတသိက—စေတသိက် အမည်ရခြင်း၏ + လက္ခဏ—အမှတ်အသား။)

မည်သည့် စေတသိက်မဆို (ကာမဘုံ, ရူပဘုံ၌) စိတ်၌ ယှဉ်သည့်အခါ ဤအင်္ဂါ ၄-ပါးနှင့် ညီညွတ်ကြရသည်။

## အညသမာန်း စေတသိက် ၁၃-ပါး

## သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး

၂။ ကထံ၊ ငါးဆယ့်နှစ်ပါး အဘယ်သို့ ပြားသနည်း။

ဖဿော၊ ဖဿရှင်း။ ဝေဒနာ၊ ဝေဒနာရှင်း။ သညာ၊ သညာရှင်း။ စေတနာ၊ စေတနာရှင်း။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာရှင်း။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေရှင်း။ မနသိကာရောစ၊ မနသိကာရရှင်း။ ဣတိ၊ ဤသို့။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမေ စေတသိကာ၊ ဤစေတသိက်တို့သည်။ သဗ္ဗစိတ္တ သာဓာရဏာနာမ၊ သဗ္ဗစိတ္တ သာဓာရဏ စေတသိက်တို့ မည်၏။ (အနက် အကျယ် ပေးလိုက အောက်ခြေ မှတ်ချက်၌ ဖွင့်ပြထားသည့် အတိုင်း "ဖဿော၊ အာရုံကို တွေ့ထိခြင်းသဘောရှင်း" စသည်ဖြင့် ပေးပါ။)

---

၂။ **သဗ္ဗစိတ္တသာဓာရဏ**

၁။ ဖဿ—အာရုံကို တွေ့ထိခြင်း၊

၂။ ဝေဒနာ—အာရုံကို ခံစားခြင်း၊

၃။ သညာ—အာရုံကို မှတ်သားခြင်း၊

၄။ စေတနာ—ယှဉ်ဖက် တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ကြဖို့ရာ စေ့ဆော်ခြင်း၊

၅။ ဧကဂ္ဂတာ—အာရုံ၌ တည်တံ့ခြင်း၊ တည်ကြည်ခြင်း၊

၆။ ဇီဝိတိန္ဒြေ—ယှဉ်ဖက်တရားတို့ကို စောင့်ထိန်းခြင်း၊

၇။ မနသိကာရ—စိတ်ထဲ၌ အာရုံပေါ်လာအောင် ပြုပေးခြင်း၊

ဤစေတသိက် ၇-ပါးတို့ကို "သဗ္ဗစိတ္တ သာဓာရဏ စေတသိက်"ဟု ခေါ်သည်၊ "အလုံးစုံသောစိတ်နှင့် ဆက်ဆံသော စေတသိက်၊ စိတ်အားလုံး၌ ယှဉ်နိုင်သော စေတသိက်၊ စိတ်ဖြစ်တိုင်း ပါသော စေတသိက်"ဟု ဆိုလိုသည်။ (သဗ္ဗ—အလုံးစုံသော + စိတ္တ–စိတ်နှင့် + သာဓာရဏ—ဆက်ဆံသော စေတသိက်။)

**ပကိဏ်းစေတသိက် ၆-ပါး**

**၃။ ဝိတက္ကော၊ ဝိတက်ရှင်း။ ဝိစာရော၊ ဝိစာရရှင်း။ အဓိမောက္ခော၊ အဓိမောက္ခရှင်း။ ဝီရိယံ၊ ဝီရိယရှင်း။ ပီတိ၊ ပီတိရှင်း။ ဆန္ဒောစ၊ ဆန္ဒရှင်း။ ဣတိ၊ ဤသို့။ ဆ၊ ခြောက်ပါးကုန်သော။ ဣမေ စေတသိကာ၊ ဤစေတသိက်တို့သည်။ ပကိဏ္ဏကာနာမ၊ ပကိဏ်း စေတသိက်တို့ မည်၏။**

**၄။ ဧဝံ၊ ဤသို့။ တေရသ၊ တဆယ့်သုံးပါးကုန်သော။ ဧတေ စေတသိကာ၊ ဤစေတသိက် တို့ကို။ အညသမာနာတိ၊ အညသမာန်း စေတသိက်တို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။**

---

၃။ **ပကိဏ်းစေတသိက်**

၁။ ဝိတက္က—ယှဉ်ဖက်တရားတို့ကို အာရုံသို့ တင်ပေးခြင်း၊ ကြံစည်ခြင်း၊

၂။ ဝိစာရ—အာရုံကို ထပ်၍ ထပ်၍ ယူခြင်း၊ သုံးသပ်ခြင်း၊

၃။ အဓိမောက္ခ—အာရုံကို ဆုံးဖြတ်ချက်ချခြင်း၊

၄။ ဝီရိယ—အားထုတ်ခြင်း၊

၅။ ပီတိ—နှစ်သက်ခြင်း၊

၆။ ဆန္ဒ—လိုလားတောင့်တခြင်း၊

ဤစေတသိက် ၆-ပါးတို့ကို ''ပကိဏ်းစေတသိက်''ဟု ခေါ်သည်၊ ''စိတ်အားလုံး၌ မယှဉ်ပဲ ဟိုစိတ်မှာတချို့ သည်စိတ်မှာတချို့ ရောရော ပြွမ်းပြွမ်း ယှဉ်သော စေတသိက်များ''ဟုဆိုလိုသည်၊ (ပ—အပြားအားဖြင့်+ကိဏ္ဏက—ရောပြွမ်းသော စေတသိက်။)

၄။ **အညသမာန်း။** ။သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါး၊ ပကိဏ်း စေတသိက် ၆-ပါး၊ ပေါင်း ၁၃-ပါးသော စေတသိက်တို့ကို ''အညသမာန်းစေတသိက်''ဟု ခေါ်သည်။

သောဘနကို ထောက်စာလျှင် အသောဘနတို့သည် ''အည'' မည်၏၊ အသောဘနကို ထောက်စာလျှင် သောဘနတို့သည်''အည''မည်၏၊ ထိုသို့ ''အည'' အမည်ရသော အသောဘန, သောဘနတို့နှင့် လိုက်လျောညီမျှ ယှဉ်နိုင်ကြသော စေတသိက်များ—ဟု ဆိုလိုပါသည်။ (အည—တပါးသော တရားတို့နှင့်+သမာန—တူသော စေတသိက်တို့။)

## အကုသိုလ်စေတသိက် ၁၄-ပါး

**၅။ မောဟော၊ မောဟရင်း။ အဟိရိကံ၊ အဟိရိကရင်း။ အနောတ္တပ္ပံ၊ အနောတ္တပ္ပရင်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စရင်း။ လောဘော၊ လောဘရင်း။ ဒိဋ္ဌိ၊ ဒိဋ္ဌိရင်း။ မာနော၊ မာနရင်း။ ဒေါသော၊ ဒေါသရင်း။ ဣဿာ၊ ဣဿာရင်း။ မစ္ဆရိယံ၊ မစ္ဆရိယရင်း။ ကုက္ကုစ္စံ၊ ကုက္ကုစ္စရင်း။ ထိနံ၊ ထိနရင်း။ မိဒ္ဓံ၊ မိဒ္ဓရင်း။ ဝိစိကိစ္ဆာစ၊ ဝိစိကိစ္ဆာရင်း။ ဣတိ၊ ဤသို့။ စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ဣမေ စေတသိကာ၊ ဤစေတသိက်တို့သည်။ အကုသလာနာမ၊ အကုသိုလ်စေတသိက်တို့ မည်၏။**

---

၅။ **အကုသိုလ်စေတသိက်**

၁။ မောဟ— အာရုံ၏ အမှန်သဘောကို ဖုံးကွယ်ခြင်း၊

၂။ အဟိရိက— ဒုစရိုက်တို့မှ မရှက်ခြင်း၊

၃။ အနောတ္တပ္ပ— ဒုစရိုက်တို့မှ မကြောက်လန့်ခြင်း၊

၄။ ဥဒ္ဓစ္စ— ပျံ့လွင့်ခြင်း၊

၅။ လောဘ— လောကီအာရုံ ကာမဂုဏ်တို့၌ လိုချင်ခြင်း၊

၆။ ဒိဋ္ဌိ— မှားမှားယွင်းယွင်း သိမြင်ခြင်း၊

၇။ မာန— ထောင်လွှားတက်ကြွခြင်း၊

၈။ ဒေါသ— ခက်ထန် ကြမ်းတမ်းခြင်း၊

၉။ ဣဿာ— သူတပါး ဂုဏ်သိန် စည်းစိမ် ချမ်းသာကို ငြူစူစောင်းမြောင်းခြင်း၊

၁၀။ မစ္ဆရိယ— ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်း၊

၁၁။ ကုက္ကုစ္စ—(ဒုစရိုက်ကိုပြုပြီးမှုရင်း, သုစရိုက်ကို မပြုခဲ့၍ရင်း) နောင်တတဖန် ပူပန်ခြင်း၊

၁၂။ ထိန—စိတ်မလန်းပဲ ခပ်ထိုင်းထိုင်း ဖြစ်နေခြင်း၊

၁၃။ မိဒ္ဓ—ယှဉ်ဖက်စေတသိက်များ မလန်းပဲ မှိုင်းတိုင်းတိုင်း ဖြစ်နေခြင်း၊

၁၄။ ဝိစိကိစ္ဆာ—ဘုရား တရား စသည်များ၌ ယုံမှားခြင်း၊

ဤစေတသိက် ၁၄-ပါးတို့ကို ''အကုသိုလ်စေတသိက်''ဟု ခေါ်သည်၊ အကုသိုလ်မှာသာ ယှဉ်ကြသော စေတသိက်များ—ဟု ဆိုလိုသည်။

## သောဘနစေတသိက် ၂၅-ပါး

### သောဘနသာဓာရဏ စေတသိက် ၁၉-ပါး

၆။ သဒ္ဓါ၊ သဒ္ဓါ၎င်း။ သတိ၊ သတိ၎င်း။ ဟိရီ၊ ဟိရီ၎င်း။ ဩတ္တပ္ပံ၊ ဩတ္တပ္ပ၎င်း။ အလောဘော၊ အလောဘ၎င်း။ အဒေါသော၊ အဒေါသ၎င်း။ တတြမဇ္ဈတ္တတာ၊ တတြမဇ္ဈတ္တတာ၎င်း။ ကာယပဿဒ္ဓိ၊ ကာယပဿဒ္ဓိ၎င်း။ စိတ္တပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၎င်း။ ကာယလဟုတာ၊ ကာယလဟုတာ၎င်း။ စိတ္တလဟုတာ၊ စိတ္တလဟုတာ၎င်း။ ကာယမုဒုတာ၊ ကာယမုဒုတာ၎င်း။ စိတ္တမုဒုတာ၊ စိတ္တမုဒုတာ၎င်း။ ကာယကမ္မညတာ၊ ၎င်း။ စိတ္တကမ္မညတာ၊ ၎င်း။ ကာယပါဂုညတာ၊ ၎င်း။ စိတ္တပါဂုညတာ၊ ၎င်း။ ကာယုဇုကတာ၊ ၎င်း။ စိတ္တုဇုကတာ စ၊ ၎င်း။ ဣတိ၊ သို့။ ဧကူနဝီသတိ၊ တခုယုတ်နှစ်ဆယ်သော။ ဣမေ စေတသိကာ၊ တို့သည်။ သောဘနသာဓာရဏာနာမ၊ သောဘနသာဓာရဏ စေတသိက်တို့ မည်၏။

---

၆။ သောဘနသာဓာရဏစေတသိက်

၁။ သဒ္ဓါ— စစ်မှန်သော ဘုရား တရား သံဃာနှင့် ကံ ကံ၏အကျိုး စသည်တို့ကို ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ ကျေကျေနပ်နပ်ရှိခြင်း၊
၂။ သတိ— ကုသိုလ်နှင့် ဆိုင်ရာကို အောက်မေ့ခြင်း၊ အမှတ်ရခြင်း၊
၃။ ဟိရီ— ဒုစရိုက်တို့မှ ရှက်ခြင်း၊
၄။ ဩတ္တပ္ပ— ဒုစရိုက်တို့မှ ကြောက်လန့်ခြင်း၊
၅။ အလောဘ— လောကီအာရုံ ကာမဂုဏ်ကို မလိုချင် မစုံမက်ခြင်း၊
၆။ အဒေါသ— မခက်ထန် မကြမ်းတမ်းခြင်း၊
၇။ တတြမဇ္ဈတ္တတာ— (စိတ် စေတသိက်တို့ကို ဆိုင်ရာကိစ္စ၌ အပို အလွန် မရှိရအောင် အလယ်အလတ်၌ တည့်မတ်ခြင်း) လျစ်လျူရှုခြင်း၊
၈။ ကာယပဿဒ္ဓိ— စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်း၊
၉။ စိတ္တပဿဒ္ဓိ— စိတ်၏ ငြိမ်းအေးခြင်း၊
၁၀။ ကာယလဟုတာ— စေတသိက် အပေါင်း၏ လျင်မြန် ပေါ့ပါးခြင်း၊
၁၁။ စိတ္တလဟုတာ— စိတ်၏ လျင်မြန် ပေါ့ပါးခြင်း၊
၁၂။ ကာယမုဒုတာ— စေတသိက် အပေါင်း၏ နူးညံ့ခြင်း၊
၁၃။ စိတ္တမုဒုတာ— စိတ်၏ နူးညံ့ခြင်း၊

## ဝိရတိစေတသိက် ၃-ပါး

**၇။ သမ္မာဝါစာ၊ သမ္မာဝါစာဝင်း။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တဝင်း။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝဝင်း။ ဣတိ၊ ဤသို့။ တိဿော၊ သုံးပါးသော သဘောတရားတို့သည်။ ဝိရတိယော နာမ၊ ဝိရတိစေတသိက်တို့ မည်၏။**

---

၁၄။ ကာယကမ္မညတာ—စေတသိက် အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခန့်ညားခြင်း၊

၁၅။ စိတ္တကမ္မညတာ— စိတ်၏ ကုသိုလ်ကောင်းမှု၌ ခန့်ညားခြင်း၊

၁၆။ ကာယပါဂုညတာ— စေတသိက် အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ပြွမ်းတီးလေ့လာခြင်း၊

၁၇။ စိတ္တပါဂုညတာ—စိတ်၏ ကုသိုလ်ကောင်းမှု၌ ပြွမ်းတီးလေ့လာခြင်း၊

၁၈။ ကာယုဇုကတာ—စေတသိက် အပေါင်း၏ ဖြောင့်မတ်ခြင်း၊

၁၉။ စိတ္တုဇုကတာ—စိတ်၏ ဖြောင့်မတ်ခြင်း၊

ဤစေတသိက် ၁၉-ပါးတို့ကို ''သောဘန သာဓာရဏ စေတသိက်''ဟု ခေါ်သည်၊ သောဘနစိတ်အားလုံးနှင့် ဆက်ဆံသော စေတသိက်၊ သောဘန စိတ်အားလုံးနှင့် ယှဉ်နိုင်သော စေတသိက်၊ သောဘနစိတ် ဖြစ်တိုင်းဖြစ်တိုင်း ပါဝင်နိုင်သော စေတသိက်များ-ဟု ဆိုလိုသည်။ (သောဘန — သောဘန စိတ်နှင့် + သာဓာရဏ — ဆက်ဆံသော စေတသိက်။)

### ၇။ ဝိရတိစေတသိက်

၁။ သမ္မာဝါစာ — (အသက်မွေးမှုနှင့် မစပ်ဆိုင်သော) ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်း၊

၂။ သမ္မာကမ္မန္တ — (အသက်မွေးမှုနှင့် မဆိုင်သော) ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်း၊

၃။ သမ္မာအာဇီဝ — (''အသက်မွေးမှုနှင့် စပ်ဆိုင်သော ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါး''ဟု ဆိုအပ်သော) ဒုရာဇီဝမှ ရှောင်ကြဉ်ခြင်း၊

ဤစေတသိက် ၃-ပါးကို ''ဝိရတိ စေတသိက်''ဟု ခေါ်သည်။ (ဝိရတိ— မကောင်းမှု ဒုစရိုက် ဒုရာဇီဝမှ ရှောင်ကြဉ်ခြင်း။)

## အပ္ပမညာ ၂-ပါးနှင့် ပညိန္ဒြေစေတသိက်

ဂ။ ကရုဏာ၊ ကရုဏာသည်၎င်း။ မုဒိတာ၊ မုဒိတာသည်၎င်း။ အပ္ပမညာယော နာမ၊ အပ္ပမညာစေတသိက်တို့ မည်၏။ ဣတိ၊ ဤသို့။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အပြားအားဖြင့်လည်း။ ပညိန္ဒြိယေန၊ ပညိန္ဒြေစေတသိက်နှင့်။ သဒ္ဓိံ၊ တကွ။ ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးပါးသော။ ဣမေ စေတသိကာ၊ ဤစေတသိက်တို့ကို။ သောဘနာတိ၊ သောဘနတို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဣတိ၊ ငါးဆယ့်နှစ်ပါး ဤသို့ပြားသတည်း။

### သင်္ဂဟဂါထာ

ဃ။ စ၊ အကျဉ်းချုပ်၍ နိဂုံးကိုပြဦးအံ့။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ အညသမာနာ၊ အညသမာန်းမည်ကုန်သော။ တေရသစ၊ တဆယ့်သုံးပါးသော စေတသိက်တို့၎င်း။ တထာ၊

---

ဂ။ **အပ္ပမညာ**

၁။ ကရုဏာ— ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း၊

၂။ မုဒိတာ—သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း၊

ဤစေတသိက် ၂-ပါးကို ''အပ္ပမညာ စေတသိက်''ဟုခေါ်သည်၊ 'ဤရွေ ဤမျှ'ဟု အတိုင်းအရှည် ပမာဏမထားပဲ သတ္တဝါပညတ်ကို အာရုံပြု၍ ဖြစ်သော တရားများ—ဟု ဆိုလိုသည်။

**ပညိန္ဒြေ**။ ။သိမှုကိစ္စ၌ အစိုးတရဖြစ်သောကြောင့် ''ပညိန္ဒြေ''မည်သည်၊ ဤပညိန္ဒြေ စေတသိက်ကိုပင် ''အမောဟ''ဟု၎င်း၊ ''ဉာဏ်''ဟု၎င်း ခေါ်ကြပါသေးသည်။

**သောဘန**။ ။သောဘန သာဓာရဏ စေတသိက် ၁၉-ပါး, ဝိရတိစေတသိက် ၃-ပါး, အပ္ပမညာစေတသိက် ၂-ပါး, ပညိန္ဒြေစေတသိက် ၁-ပါး၊ ဤ ၂၅-ပါးသော စေတသိက်တို့ကို ''သောဘန စေတသိက်''ဟု ခေါ်သည်။ (သောဘန— အပြစ်မရှိ တင့်တယ်သော စေတသိက်။)

ဃ။ **သင်္ဂဟဂါထာ**။ ။'တေရသညသမာနာစ' စသော ဂါထာကား အုပ်စု ၃-ခုဖွဲ့၍ ပြထားခဲ့သော စေတသိက်တို့ကို အကျဉ်းချုံး၍ သိမ်းယူကြောင်း ဖြစ်သော 'သင်္ဂဟဂါထာ'တည်း။

**ထိုမှတပါး။ အကုသလာ၊** အကုသိုလ်မည်ကုန်သော။ စုဒ္ဒသ၊ တဆယ့်လေး**ပါးသော စေတသိက်တို့ဝင်း။ သောဘနာ၊** သောဘနမည်ကုန်သော။ ပဉ္စဝီသ၊ နှစ်ဆယ့်ငါးပါးသော စေတသိက်တို့ဝင်း။ ဣတိ၊ သို့။ ဒွိပညာသ၊ **ငါးဆယ့်နှစ်ပါးဟူ၍။ ပဝုစ္စရေ၊** ဆိုအပ်ကုန်၏။

## သမ္ပယောဂနည်း၏ သင်္ဂြောလက္ခဏာနှင့် ပဋိညာဉ်

**၁၀။ စိတ္တာဝိယုတ္တာနံ၊** စိတ်နှင့်မယှဉ်သည် မဟုတ်ကုန်သော။ **ဝါ၊** စိတ်နှင့် မယှဉ်ပဲ မဖြစ်နိုင်ကုန်သော။ **တေသံ၊** ထိုစေတသိက်တို့၏။ စိတ္တုပ္ပါ**ဒေသု၊** ဥပါဒ်ဖြစ်ပေါ်လာသော စိတ်တို့၌။ **ပစ္စေကံ၊** အသီး အသီး။ **သမ္ပယောဂေါ၊** ယှဉ်ပုံယှဉ်နည်းကို။ **ဣတော၊** ဤအခါမှ။ **ပရံ၊** နောက်၌။ **ယထာယောဂံ၊** ယှဉ်ထိုက်သည်အားလျော်စွာ။ **ပဝုစ္စတိ၊** အပြားအားဖြင့် **ဆိုအပ်၏။** (ယုတ္တ-ယှဉ်သည်၊ ဝိယုတ္တ- မယှဉ်၊ အဝိယုတ္တ- မယှဉ်သည် မဟုတ်၊ စိတ္တာဝိယုတ္တ-စိတ်နှင့် မယှဉ်သည် မဟုတ်။)

---

တေရသညသမာနာ ဖြင့် 'ဖဿော ဝေဒနာ'စသော အညသမာန်း အုပ်စုကို အကျဉ်းချုံး ပေါင်းယူပြသည်၊ ယင်း 'ဖဿော ဝေဒနာ'အစရှိသော အကျယ်စကားရပ်ကို ရှုလျက် "တေရသ" ဟူသော သင်္ချာ၏ သင်္ချေယျကို ဖော်ထုတ်ပါ။

စုဒ္ဒသာကုသလာဖြင့် 'မောဟော အဟိရိကံ' အစရှိသော အကုသိုလ် အုပ်စုကို ပေါင်းယူထားသည်၊ ယင်းအကျယ်စကားရပ်ကို ရှုလျက် စုဒ္ဒသ၏ အရကို ရေတွက်ပါ။

သောဘနာ ပဉ္စဝီသ ဖြင့် 'သဒ္ဓါ သတိ' အစရှိသော သောဘန အုပ်စုကို အကျဉ်းပေါင်းယူ ပြထားသည်၊ ယင်း 'သဒ္ဓါ သတိ' အစရှိသော အကျယ် စကားရပ်ကို ရှုလျက် ပဉ္စဝီသ၏ အရကို ကောက်ယူပါ။

ဣတိ ဒွိပညာသ ပဝုစ္စရေ ဖြင့် "ယင်း ၃-ရပ်ကို ပေါင်းက စေတသိက် ၅၂-ပါး ဖြစ်လာသည်"ဟု အပေါင်း သင်္ချာကို ပြသည်။

၁၀။ **သမ္ပယောဂ**။ 'တေသံ စိတ္တာဝိယုတ္တာနံ' စသော ဂါထာသည် သမ္ပယောဂနည်း၏ သင်္ဂြောလက္ခဏာနှင့် ပဋိညာဉ်ကို ပြသောဂါထာဖြစ်သည်၊ စိတ်နှင့်ကင်းကွာ၍ မဖြစ်နိုင်ကုန်သော စေတသိက်တို့၏ စိတ်တို့၌ အသီးအသီး ယှဉ်ပုံယှဉ်ပန်ကို ပြသောနည်းသည် 'သမ္ပယောဂနည်း' မည်၏။

## သမ္ပယောဂနည်း ဥဒ္ဒေသဂါထာ

**၁၁။ သတ္တ၊ သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ခုနစ်ပါး တို့သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော စိတ်တို့၌။ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။ ပကိဏ္ဏကာ၊ ပကိဏ်း စေတသိက်တို့သည်။ သဗ္ဗတ္ထ၊ (ဒွေးပဥ္စဝိညာဏ် ၁၀-မှ တပါး) အလုံးစုံသော စိတ်တို့၌။ ယထာယောဂံ၊ ယှဉ်ထိုက်သည် အားလျော်စွာ။ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။ စုဒ္ဒသ၊ အကုသိုလ် စေတသိက် တဆယ့်လေးပါး တို့သည်။ အကုသလေသွေဝ၊ အကုသိုလ်စိတ်တို့၌သာ။ ယထာယောဂံ၊ စွာ။ ယုဇ္ဇန္တိ၊ ကုန်၏။ သောဘနာ၊ သောဘန စေတသိက်တို့သည်။ သောဘနေသွေဝ၊ သောဘန စိတ်တို့၌သာ။ ယထာယောဂံ၊ စွာ။ ယုဇ္ဇန္တိ၊ ကုန်၏။**

---

ယင်း သမ္ပယောဂနည်းကို ၅၂-ပါးသော စေတသိက်တို့၏ သရုပ်ကို ပြပြီးသည့် နောက်မှာ ထိုက်သည်အားလျော်စွာ ပြဆိုရပါတော့မည်—ဟူလို။

**သမ္ပယောဂနည်း ဥဒ္ဒေသ**

၁၁။ ဤ ' သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ ' စသော ဂါထာသည် သမ္ပယောဂ နည်း၏ အကျဉ်း ခေါင်းစဉ်မျှကို ပြသော ဥဒ္ဒေသဂါထာ ဖြစ်သည်၊ ဇယား ဖြင့် ရှင်းပြပါဦးမည်။

| စေတသိက်ယှဉ်ပုံ | အသောဘနစိတ် | | သောဘနစိတ် |
|---|---|---|---|
| | အကုသိုလ်စိတ် | အဟိတ်စိတ် | |
| အည — သဗ္ဗစိတ္တသာဓာရဏ ၇ | ။ | ။ | ။ |
| အည — ပကိဏ်း * ၆ | ။ | ။ | ။ |
| အကုသလ * ၁၄ | ။ | | |
| သောဘန * ၂၅ | | | ။ |
| စေတသိက်ပေါင်း | ၂၇ | ၁၂ * | ၃၈ |

* ဤ အမှတ်ပြထားသော စေတသိက်များသည် ယှဉ်ထိုက်သည်အား လျော်စွာ ယှဉ်သော စေတသိက်များ ဖြစ်ကြသည်။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့သည် စိတ်အားလုံး၌ ယှဉ်သည်၊ ပကိဏ်း စေတသိက် ၆-ပါးတို့သည်(ဒွေးပဉ္စဝိညာဏ် ၁၀-မှ တပါး) စိတ်အားလုံးမှာ ယှဉ်ထိုက်သည် အားလျော်စွာ ယှဉ်ကြသည်၊ အကုသိုလ်စေတသိက် ၁၄-ပါးတို့သည် အကုသိုလ် စိတ်များမှာသာ ယှဉ်ထိုက်သလို ယှဉ်ကြသည်၊ သောဘန စေတသိက် ၂၅-ပါး တို့သည် သောဘနစိတ်တို့မှာသာ ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်။

ဇယားကို လက်ဝဲ လကျ်ာ ကြည့်ပါလျှင် ဂါထာ၌ ပြဆိုထားသော ဤသဘောသွားကိုပင် တွေ့ရမည်။

အကုသိုလ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့ အပြည့်အဝ ယှဉ်နိုင်ကြသည်၊ ပကိဏ်း စေတသိက် ၆-ပါးနှင့် အကုသိုလ် စေတသိက် ၁၄-ပါးတို့မှကား ယှဉ်ထိုက်သည် အားလျော်စွာ ယှဉ်ကြသည်၊ ထို့ကြောင့် အကုသိုလ်စိတ်၌ ယှဉ်သော စေတသိက် ၂၇-ပါး ဖြစ်သည်။

အဟိတ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့ ခြွင်းချက်မရှိ ယှဉ်ကြသည်၊ ပကိဏ်း စေတသိက် ၆-ပါးတို့မှကား ယှဉ်ထိုက်သည် အားလျော်စွာ ယှဉ်ကြသည်၊ ထို့ကြောင့် အဟိတ်စိတ်၌ ယှဉ်သော စေတသိက် ၁၂-ပါး ဖြစ်သည်။ ( * ဆန္ဒ လုံးဝမယှဉ်နိုင်သောကြောင့်ပင်တည်း။)

သောဘနစိတ်၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့ ခြွင်းချက်မရှိ ယှဉ်ကြသည်၊ ပကိဏ်း စေတသိက် ၆-ပါးနှင့် သောဘန စေတသိက် ၂၅-ပါးတို့မှကား ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်၊ ထို့ကြောင့် သောဘနစိတ်၌ယှဉ်သော စေတသိက် ၃၈-ပါး ဖြစ်သည်။

ဤကား ဇယားကို အပေါ်နှင့် အောက် ကြည့်သည့်အခါမှာ ပေါ်ထွက်လာသော အဓိပ္ပါယ်တည်း၊ ဇယားသဘောကို ပိုင်နိုင်အောင် လေ့လာထားပါ။

ဤသည်ကိုပင် အထောက်အထား ပြု၍ အညသမာန်း သမ္မယောဂနည်း၏ အဆုံးမှာ အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံကို ပြပါမည်၊ အကုသိုလ်စေတသိက် သမ္မယောဂနည်း၏ အဆုံးမှာ အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံကို ပြပါမည်၊ သောဘန စေတသိက်၏ သမ္မယောဂနည်း အဆုံးမှာ သောဘနစိတ်များ၌ စေတသိက်ယှဉ်ပုံကို ပြသွားပါမည်၊ ယင်းသို့ ပြသဖြင့် သင်္ဂဟနည်းပါ တပါတည်း ကိစ္စ ပြီးသွားပါလိမ့်မည်၊ သမ္မယောဂနည်းမှပင် သင်္ဂဟနည်း ပေါ်ထွက်လာပါလိမ့်မည်။

## အညသမာန်း သမ္ပယောဂနည်း ၇–ပါး

၁၂။ ကထံ၊ အဘယ်သို့ ယှဉ်ကုန်သနည်း။

တာဝ၊ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်ကုန်သော။) သဗ္ဗစိတ္တသာဓာရဏာ၊ သဗ္ဗစိတ္တသာဓာရဏ မည်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမေ စေတသိကာ၊ ဤ စေတသိက်တို့ကို။ သဗ္ဗေသုပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧကူန နဝုတိစိတ္တုပ္ပါဒေသု၊ တခုယုတ် ကိုးဆယ်သော စိတ်တို့၌။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

၁၃။ ပန၊ အဖို့တပါးကား။ ပကိဏ္ဏကေသု၊ ပကိဏ်း စေတသိက်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်သော။) ဝိတက္ကော၊ ဝိတက်သည်။ ဒွိပဉ္စဝိညာဏ ဝဇ္ဇိတ ကာမာဝစရစိတ္တေသုစေဝ၊ ဒွေးပဉ္စဝိညာဏ် တဆယ်ကို ကြဉ်တတ်သော ကာမစိတ်လေးဆယ့်လေးပါးတို့ရင်း။ ဝါ၊ ဒွေးပဉ္စဝိညာဏ် တဆယ်သည် ကြဉ်အပ်သော ကာမစိတ် လေးဆယ့်လေးပါးတို့ရင်း။ ကောဒသသု၊ တဆယ့်တပါးကုန်သော။ ပဌမဈာနစိတ္တေသုစ၊ ပဌမဈာန် စိတ်တို့ရင်း။ ဣတိ၊ သို့။ ပဉ္စပညာသစိတ္တေသု၊ ငါးဆယ့်ငါးပါးသော စိတ်တို့၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၁၂၁-၆၆=၅၅။)

၁၄။ ပန၊ ကား။ ဝိစာရော၊ ဝိစာရသည်။ ဟောသုစေဝ ထိုဝိတက်နှင့် ယှဉ်သည့် ငါးဆယ့်ငါးပါးသော စိတ်တို့ရင်း။ ကောဒသသု၊ ကုန်သော။

---

အညသမာန်း သမ္ပယောဂနည်း

၁၂။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့သည် စိတ်အားလုံးမှာ ယှဉ်ကြသည်၊ မယှဉ်သော 'စိတ်' ဟူ၍ မရှိ။

၁၃။ ဝိတက်သည် ဒွေးပဉ္စဝိညာဏ်၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး၊ ပဌမဈာန်စိတ် ၁၁-ပါး၊ ပေါင်း ၅၅-ပါးသော စိတ်တို့၌ ယှဉ်သည်၊ (ပဉ္စပညာသအရ။)

ဒွေးပဉ္စဝိညာဏ် ၁၀၊ ဒုတိယဈာန်စိတ် ၁၁၊ တတိယဈာန်စိတ် ၁၁၊ စတုတ္ထဈာန်စိတ် ၁၁၊ ပဉ္စမဈာန်စိတ် ၂၃-ပါး၊ ပေါင်း ၆၆-ပါးသော စိတ်တို့၌ မယှဉ်။ (ဆသဋ္ဌိ အရ။)

၁၄။ ဝိစာရသည် ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ်၄၄-ပါး၊ ပဌမဈာန်စိတ် ၁၁-ပါး၊ ဒုတိယဈာန်စိတ် ၁၁-ပါး၊ ပေါင်း ၆၆-ပါးသော စိတ်တို့၌ ယှဉ်သည်။ (ဆသဋ္ဌိ အရ။)

**ဒုတိယဇ္ဈာနစိတ္တေသုစ၊ ဒုတိယဈာန်စိတ်တို့ရင်း။ ဣတိ၊ သို့။ ဆသဋ္ဌိ စိတ္တေသု၊ ခြောက်ဆယ့်ခြောက်ပါးသော စိတ်တို့၌။ ဥပ္ပဇ္ဇတိ၊ ၏။ (၁၂၁–၆၆=၅၅)**

**၁၅။ အဓိမောက္ခော၊ အဓိမောက္ခသည်။ ဒွိပဉ္စဝိညာဏ ဝိစိကိစ္ဆာ သဟဂတ ဝဇ္ဇိတစိတ္တေသု၊ ဒွေးပဉ္စဝိညာဏ်ဘာဆယ် ဝိစိကိစ္ဆာသဟဂုတ်သည် ကြဉ်အပ်သော ခုနစ်ဆယ့်ရှစ်ပါးသော စိတ်တို့၌။ ဥပ္ပဇ္ဇတိ၊ ၏။ (၈၉–၁၁=၇၈)**

**၁၆။ ဝီရိယံ၊ ဝီရိယသည်။ ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝဇ္ဇိတ စိတ္တေသု၊ ပဉ္စဒွါရာဝဇ္ဇန်း ဒွေးပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏသည် ကြဉ်အပ်သော ခုနစ်ဆယ့်သုံးပါးသော စိတ်တို့၌။ ဥပ္ပဇ္ဇတိ၊ ၏။ (၈၉–၁၆=၇၃)**

**၁၇။ ပီတိ၊ ပီတိသည်။ ဒေါမနဿုပေက္ခာသဟဂတ ကာယဝိညာဏ စတုတ္ထဇ္ဈာန ဝဇ္ဇိတစိတ္တေသု၊ ဒေါသမူဒွေး ဥပေက္ခာသဟဂုတ်စိတ် ငါး**

---

ဒွေးပဉ္စဝိညာဏ် ၁၀၊ တတိယဈာန်စိတ် ၁၁-ပါး၊ စတုတ္ထဈာန်စိတ် ၁၁-ပါး၊ ပဉ္စမဈာန်စိတ် ၂၃-ပါး၊ ပေါင်း ၅၅-ပါးသော စိတ်တို့၌ မယှဉ်။ (ပဉ္စပညာသ အရ။)

၁၅။ အဓိမောက္ခသည် ဝိစိကိစ္ဆာသဟဂုတ်မှ တပါး အကုသိုလ်စိတ် ၁၁-ပါး၊ ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော အဟိတ်စိတ် ၈-ပါး၊ သောဘန စိတ် ၅၉-ပါး၊ ပေါင်း ၇၈-ပါးသော စိတ်တို့၌ ယှဉ်သည်။ (အဋ္ဌသတ္တတိ အရ။)

ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ပါး၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ ပေါင်း ၁၁-ပါးသော စိတ်တို့၌ မယှဉ်။ (ဧကာဒသ အရ။)

၁၆။ ဝီရိယသည် အကုသိုလ်စိတ် ၁၂-ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ သောဘနစိတ် ၅၉-ပါး၊ ပေါင်း ၇၃-ပါးသော စိတ်တို့၌ ယှဉ်သည်။ (တိသတ္တတိ အရ။)

အဟိတ်ဝိပါက်စိတ် ၁၅-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊ ပေါင်း ၁၆-ပါးသော စိတ်တို့၌ မယှဉ်။ (သောဠသ အရ။)

၁၇။ ပီတိသည် ကာမာဝစရ သောမနဿ သဟဂုတ်စိတ် ၁၈-ပါး၊ ပထမဈာန်စိတ် ၁၁-ပါး၊ ဒုတိယဈာန်စိတ် ၁၁-ပါး၊ တတိယဈာန်စိတ် ၁၁-ပါး၊ ပေါင်း ၅၁-ပါးသော စိတ်တို့၌ ယှဉ်သည်။ (ဧကပညာသ အရ။)

ဆယ့်ငါးပါး ကာယဝိညာဏ်ဒွေး စတုတ္ထဈာန်စိတ် ၁၁-ပါးသည် ကြဉ်အပ်သော ငါးဆယ့်တပါးသော စိတ်တို့၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၁၂၁-၇၀=၅၁)

၁၈။ ဆန္ဒော၊ ဆန္ဒသည်။ အဟေတုက မောမူဟ ဝဇ္ဇိတ စိတ္တေသု၊ အဟိတ်စိတ် ဆယ့်ရှစ်ပါး မောဟမူဒွေးသည် ကြဉ်အပ်သော ခြောက်ဆယ့်ကိုးပါးသော စိတ်တို့၌။ ဥပ္ပဇ္ဇတိ၊ ၏။ (၈၉-၂၀=၆၉)

ဣတိ၊ ပကိဏ်းစေတသိက်တို့ ဤသို့ ယှဉ်ကုန်၏။

## သင်္ဂဟဂါထာများ

၁၉။ ပန၊ အကျဉ်းချုပ်ကား။ ပကိဏ္ဏက ဝိဝဇ္ဇိတာ၊ ပကိဏ်းစေတသိက်သည် ကြဉ်အပ်ကုန်သော။ တေစိတ္တုပ္ပါဒါ၊ ထိုစိတ်တို့သည်။ ယထာက္ကမံ၊အစဉ်အားလျော်စွာ။ ဆသဋ္ဌိ၊ ၆၆-ပါးသည်ရှင်း။ ပဉ္စပညာသ၊ ၅၅-ပါးသည်ရှင်း။ ဧကာဒသ၊ ၁၁-ပါးတို့သည်ရှင်း။ သောဠသ၊ ၁၆-ပါးတို့သည်ရှင်း။ သတ္တတိ၊ ၇၀-သည်ရှင်း။ ဝီသတိစေဝ၊ ၂၀-သည်ရှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

ဒေါသမူဒွေး၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၊ ကာယဝိညာဏ်ဒွေး၊ စတုတ္ထဈာန်စိတ် ၁၁-ပါး၊ ပေါင်း ၇၀-သော စိတ်တို့၌ မယှဉ်။ (သတ္တတိ အရ၊)

၁၈။ ဆန္ဒသည် လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ သောဘနစိတ် ၅၉-ပါး၊ ပေါင်း ၆၉-ပါးသော စိတ်တို့၌ ယှဉ်သည်။ (ကျေူန သတ္တတိ အရ၊)

မောဟမူဒွေး၊ အဟိတ်စိတ် ၁၈-ပါး၊ ပေါင်း ၂၀-သော စိတ်တို့၌ မယှဉ်။ (ဝီသတိ အရ၊)

. ၁၉။ တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံနှင့် ဆသဋ္ဌိအစရှိသော ၂-ဂါထာ, တို့ဖြင့် ပကိဏ်း စေတသိက် သမ္ပယောဂနည်းကို အကျဉ်း ပေါင်းယူ ရေတွက်ပြသည်၊ ထိုတွင် ဆသဋ္ဌိ အစရှိသော ပထမဂါထာဖြင့် ပကိဏ်း စေတသိက်တို့နှင့် မယှဉ်သော စိတ်အရေအတွက် သချ်ာများကို အစဉ် အားလျော်စွာ ပြသည်၊ ယင်းဂါထာ၌ ပါသော ပကိဏ္ဏကဝိဝဇ္ဇိတာကို တောက်ပါ။

**သပကိဏ္ဏကာ၊ ပကိဏ်း စေတသိက်နှင့် တကွ ဖြစ်ကုန်သော။ တေစိတ္တုပ္ပါဒါ၊ တို့သည်။ ယထာက္ကမံ၊ စွာ။ ပဉ္စပညာသ၊ ၅၅–ပါးသည်ရင်း။ ဆသဋ္ဌိ၊ ၆၆–ပါးသည်ရင်း။ ဒသုတ္တရသတ၊ ၁၁၀–ပါးသည်ရင်း။ ပဉ္စုတ္တရသတ၊ ၁၀၅–ပါးသည်ရင်း။ ဧကပညာသ၊ ၅၁–ပါးသည်ရင်း။ ဧကူနဝီသတိ၊ တခုယုတ် ၇၀–သည်ရင်း။ ယောဂါ၊ ဖြစ်ကုန်၏။**

---

ပဉ္စပညာသ အစရှိသော ဒုတိယဂါထာဖြင့် ပကိဏ်း စေတသိက်တို့နှင့် ယှဉ်သော စိတ် အရေအတွက် သင်္ချာများကို အစဉ် အားလျော်စွာ ပြသည်၊ ယင်း ဂါထာ၌ ပါသော သပကိဏ္ဏကာကို ထောက်ပါ၊ ယင်းသင်္ချာတို့၏ သင်္ချေယျကို ရှေ့၌ ပြထားပြီး ဖြစ်ပါသည်။

**ယထာက္ကမံအရယူပုံ**

| စေတသိက် | မယှဉ်သောစိတ် | ယှဉ်သောစိတ် | ပေါင်း |
|---|---|---|---|
| ၁။ ဝိတက် | ဆသဋ္ဌိ | ပဉ္စပညာသ | ၁၂၁ |
| ၂။ ဝိစာရ | ပဉ္စပညာသ | ဆသဋ္ဌိ | ၁၂၁ |
| ၃။ အဓိမောက္ခ | ဧကာဒသ | ဒသုတ္တရသတ | ၁၂၁ |
| ၄။ ဝီရိယ | သောဠသ | ပဉ္စုတ္တရသတ | ၁၂၁ |
| ၅။ ပီတိ | သတ္တတိ | ဧကပညာသ | ၁၂၁ |
| ၆။ ဆန္ဒ | ဝီသတိ | ဧကုတ္တရသတ | ၁၂၁ |

အဓိမောက္ခ ဝီရိယ ဆန္ဒတို့သည် လောကုတ္တရာစိတ် အကုန်လုံးမှာ ယှဉ်နိုင်ကြသည်၊ ထို့ကြောင့် ၎င်းတို့၏ သမ္ပယောဂနည်းကို စိတ် အကျဉ်း သင်္ချာဖြင့် ပြသည်။

ဝိတက် ဝိစာရ ပီတိတို့မူကား အချို့သော လောကုတ္တရာစိတ်မှာသာ ယှဉ်ကြသည်၊ ထို့ကြောင့် ၎င်းတို့၏ သမ္ပယောဂနည်းကို စိတ် အကျယ် သင်္ချာဖြင့် ပြသည်။

သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့ ယှဉ်ပုံ ၁–နည်း၊ ဝိတက် အစရှိသော ပကိဏ်း စေတသိက် ၆–ပါးတို့၏ အသီးအသီး ယှဉ်ပုံ ၆–နည်း၊ ပေါင်း အညသမာန်း စေတသိက် သမ္ပယောဂနည်း ၇–ပါး ဖြစ်သတည်း။

**သမ္ပယောဂနည်းနှင့် သင်္ဂဟနည်း ထူးခြားချက်**

စေတသိက်တို့၏ စိတ်တို့၌ အသီးအသီး ယှဉ်ပုံကို ပြသော နည်းသည် သမ္ပယောဂ မည်၏။ (၄၅–နံပါတ်ကိုလည်း ပြန်ရှုပါ။)

ထိုထိုစိတ်၌ ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို ပေါင်းယူ ရေတွက် ပြသော နည်းသည် သင်္ဂဟနည်း မည်၏၊ ဤကား နည်း ၂-ပါးတို့၏ ထူးခြားချက်တည်း။

**ဆောင်။** ။စေတသိက်များ, စိတ်အများ၌, သီးခြားယှဉ်ဟန်,ခွဲဝေဖန်၍, ပြညွှန်နည်းကို, သမ္ပယုတ်ဆို၏၊ ထိုထိုစိတ်၌၊ ယှဉ်ထိုက်စေတသိ, ပေါင်းပြဘိမူ, မည်ရှိသင်္ဂဟ၊ ထူးပုံပြသည် .. မှတ်ကြ ဤနည်း ဤပုံတည်း။

**တနည်း။** ။စေတသိက်၊ စိတ်တို့၌ သီးသီးသာ၊
ယှဉ်ကြဟန်—ဝေဖန်ပြလျှင်၊ သမ္ပ ယောဂါ။
စိတ်တို့၌—ယှဉ်ထိုက်သည့် စေများစွာ၊ပေါင်းယူပါ သင်္ဂဟော၊
နည်းနှစ်တန်—ထူးဟန်ပြတယ်၊ မှတ်ကြစေသော။

**အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ**

| ယှဉ်သောမာန်စေတသိက် / အဟိတ်စိတ် | ဒွေးပဉ္စ ၁၀ | [illegible] | [illegible] ၈ | [illegible] ၈ | [illegible] ၈ | စိတ်ပေါင်း |
|---|---|---|---|---|---|---|
| [illegible] | ။ | ။ |  | ။ | ။ | [illegible] |
| [illegible] |  | ။ | ။ | ။ | ။ | · |
| [illegible] |  |  |  | ။ | ။ | ၂ |
| [illegible] |  |  | ။ |  | ။ | ၂ |
| [illegible] |  |  |  |  |  |  |
| [illegible] |  |  |  |  |  |  |

**ဇယားကို လက်ဝဲ လက်ျာ ကြည့်ပါက**

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့သည် အဟိတ်စိတ် ၁၈-ပါး လုံး၌ ယှဉ်သည်၊ "ဝိတက်, ဝိစာရ, အဓိမောက္ခ" ဟူသော ပကိဏ်း စေတသိက် ၃-ပါးတို့သည် ဒွေးပဥ္စဝိညာဏ် ၁၀-၌ မယှဉ်၊ ကြွင်းသော အဟိတ်စိတ် ၈-ပါးတို့၌သာ ယှဉ်ကြသည်၊ ဝီရိယသည် "မနောဒွါရာဝဇ္ဇန်းနှင့် ဟသိ-တုပ္ပါဒ်" ဟူသော စိတ် ၂-ပါးတို့၌သာ ယှဉ်သည်၊ ပီတိသည် "သောမနဿ-သန္တီရဏ, ဟသိတုပ္ပါဒ်" ဟူသော အဟိတ်စိတ် ၂-ပါးတို့၌သာ ယှဉ်သည်၊ ဆန္ဒသည် မည်သည့် အဟိတ်စိတ်မှာမှ မယှဉ်နိုင်ပါ။

ဤသို့ သမ္မယောဂ သရုပ်ခွဲ ပေါ်ထွက်လာမည်၊ ပကိဏ်း စေတသိက်တို့၏ အဟိတ်စိတ်တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်ပုံကိုလည်း ပြပြီး ဖြစ်တော့သည်။

## ဇယားကို အပေါ်နှင့် အောက် ကြည့်ပါက

ဒွေးပဉ္စဝိညာဏ် ၁၀-၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးမျှသာ ယှဉ်သည်၊ ''ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး, ဥပေက္ခာသန္တီရဏ ၂-ပါး'' အားဖြင့် ၅-ပါးသော စိတ်တို့၌ ''သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး ဝိတက်, ဝိစာရ, အဓိမောက္ခ'' အားဖြင့် ၁၀-ပါးသော စေတသိက်တို့ ယှဉ်သည်၊ သောမနဿသန္တီရဏ စိတ်၌ '' သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး, ဝိတက်, ဝိစာရ, အဓိမောက္ခ, ပီတိ''အားဖြင့် ၁၁-ပါးသော စေတသိက်တို့ ယှဉ်ကြသည်၊ မနောဒွါရာဝဇ္ဇန်းစိတ်၌ '' သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး, ဝိတက်, ဝိစာရ,အဓိမောက္ခ, ဝီရိယ'' အားဖြင့် ၁၁-ပါးသော စေတသိက်တို့ ယှဉ်ကြသည်၊ ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါးတို့ ယှဉ်ကြသည်။

ဤသို့ သင်္ဂဟနည်း သရုပ်ခွဲ ပေါ်ထွက် လာလိမ့်မည်။

ထို့ပြင်— အဟိတ်စိတ် ၁၈-ပါးလုံး၌ ယှဉ်သော စေတသိက်တို့ကား သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့တည်း၊ ဒွေးပဉ္စဝိညာဏ် ၁၀-မှ တပါး အဟိတ်စိတ် ၇-ပါးတို့၌ ယှဉ်သော စေတသိက်တို့ကား ''ဝိတက်, ဝိစာရ, အဓိမောက္ခ''အားဖြင့် ၃-ပါးတို့တည်း၊ အဟိတ်စိတ် ၂-ပါးစီ၌ ယှဉ်သော စေတသိက်တို့ကား ''ဝီရိယ, ပီတိ''တို့တည်း၊ ဤသို့ စသည်ဖြင့် ဉာဏ်ရှိသလို ခွဲနိုင်ပါသေးသည်။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး တို့သည် ''သဗ္ဗာဟေတုကာ ယောဂီ''ဖြစ်၍ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိတို့သည် ''အဟေတုက ဝိသေသက စေတသိက်''များ ဖြစ်ကြသည်။

နောက်ဇယားများ ကိုလည်း ဤသဘောအတိုင်း ခွဲစိတ် ဝေဖန်ပါ၊ သမ္မယောဂနည်းမှပင် သင်္ဂဟနည်း ပေါ်ထွက်လာအောင် သရုပ်ခွဲတတ်ပါစေ၊ ပြီးက ဆိုင်ရာ သင်္ဂဟနည်းကို ခုန်ကျော်၍ ပို့ချပေးပါ၊ ကြည့်ရှုလေ့လာပါ။

## အကုသိုလ်သမ္ပယောဂနည်း ၅-ပါး

၂၀။ ပန၊ အဖွိတပါးကား။ အကုသလေသု၊ အကုသိုလ် စေတသိက်တို့တွင်။ မောဟော၊ မောဟရင်း။ အဟိရိကံ၊ အဟိရိကရင်း။ အနောတ္တပ္ပံ၊ အနောတ္တပ္ပရင်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စရင်း။ ဣတိ၊ သို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ စေတသိကာ၊ ဤစေတသိက်တို့သည်။ သဗ္ဗာ-ကုသလသာဓာရဏာ နာမ၊သဗ္ဗာကုသလ သာဓာရဏ စေတသိက်တို့မည်၏။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ စေတသိကာ၊ ဤစေတသိက်တို့ကို။ သဗ္ဗေသုပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဒွါဒသာကုသလေသု၊ တဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့၌။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

၂၁။ လောဘော၊ လောဘကို။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ လောဘ-သဟဂတစိတ္တေသွေဝ၊ လောဘသဟဂုတ်စိတ်တို့၌သာ။ လဗ္ဘတိ၊ ရအပ်၏။ (ဧဝ သဒ္ဒါကို နောက်ဝါကျများသို့လည်း လိုက်စေပါ။)

၂၂။ ဒိဋ္ဌိ၊ ဒိဋ္ဌိကို။ စတူသု၊ လေးပါးကုန်သော။ ဒိဋ္ဌိဂတ သမ္ပယုတ္တေသု ဧဝ၊ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်တို့၌သာ။ လဗ္ဘတိ၊ ရအပ်၏။

၂၃။ မာနော၊ မာနကို။ စတူသု၊ ကုန်သော။ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တေသု ဧဝ၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်တို့၌သာ။ လဗ္ဘတိ၊ ရအပ်၏။

---

**အကုသလသမ္ပယောဂနည်း**

၂၀။ မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ၊ ဤစေတသိက် ၄-ပါးတို့သည် ''သဗ္ဗာကုသလသာဓာရဏ စေတသိက်'' မည်ကြသည်၊ အကုသိုလ်စိတ် ၁၂-ပါးလုံးမှာပင် ယှဉ်နိုင်ကြသည်။ (သဗ္ဗာပုညေသု စတ္တာရော။)

အကုသိုလ်စိတ် အားလုံးနှင့် ဆက်ဆံသော စေတသိက်, အကုသိုလ်စိတ်အားလုံး၌ ယှဉ်သော စေတသိက်, အကုသိုလ်စိတ် ဖြစ်တိုင်းပါသော စေတသိက်ကို ''သဗ္ဗာကုသလ သာဓာရဏ စေတသိက်'' ဟု ခေါ်သည်။ (သဗ္ဗ—အလုံးစုံသော + အကုသလ — အကုသိုလ် စိတ်တို့နှင့် + သာဓာရဏ—ဆက်ဆံသော စေတသိက်။)

၂၁။ လောဘသည် လောဘမူစိတ် ၈-ပါး၌သာ ယှဉ်သည်၊

၂၂။ ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌သာ ယှဉ်သည်၊

၂၃။ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌သာ ယှဉ်သည်၊

(ဤ ၃-ပါးသည်ပင် လောဘမူလေ တယော ဂတာ အရ ဖြစ်၏။)

၂၄။ ဒေါသော၊ ဒေါသဝင်း။ ဣဿာ၊ ဣဿာဝင်း။ မစ္ဆရိယံ၊ မစ္ဆရိယဝင်း။ ကုက္ကုစ္စံ၊ ကုက္ကုစ္စဝင်း။ ဣတိ၊ ဤစေတသိက်တို့ကို။ ဒွိသု၊ နှစ်ပါးကုန်သော။ ပဋိဃ သမ္ပယုတ္တ စိတ္တေသု ဧဝ၊ ပဋိဃသမ္ပယုတ်စိတ်တို့၌သာ။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

၂၅။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ ပဉ္စသု၊ ငါးပါးကုန်သော။ သသင်္ခါရိက စိတ္တေသု ဧဝ၊ သသင်္ခါရိကစိတ်တို့၌သာ။ လဗ္ဘတိ၊ ရအပ်၏။

၂၆။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာကို။ ဝိစိကိစ္ဆာ သဟဂတ စိတ္တေယေဝ၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌သာ။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ အကုသိုလ် စေတသိက်တို့ ဤသို့ ယှဉ်ကုန်၏။

## သင်္ဂဟဂါထာများ

၂၇။ စတ္တာရော၊ လေးပါးသော စေတသိက် တို့သည်။ သဗ္ဗာပုညေသု၊ အလုံးစုံသော အကုသိုလ် စိတ်တို့၌။ ဂတာ၊ ဖြစ်ကုန်၏။ တယော၊ သုံးပါးသော စေတသိက်တို့သည်။ လောဘမူလေ၊ လောဘမူ စိတ်၌။ ဂတာ၊ ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ စတ္တာရော၊ လေးပါးသော စေတသိက်တို့သည်။ ဒေါသမူလေသု၊ ဒေါသမူစိတ်တို့၌သာ။ ဂတာ၊ ကုန်၏။ တထာ၊ ထို့မှတပါး။ ဒွယံ၊ ထိန မိဒ္ဓနှစ်ပါး အပေါင်းသည်။ သသင်္ခါရေ၊ သသင်္ခါရိကစိတ် ငါးပါး၌သာ။ ဂတံ၊ ဖြစ်၏။

ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ စေတသိက်သည်။ ဝိစိကိစ္ဆာစိတ္တေ၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌သာ။ (စ သဒ္ဒါအဝဓာရဏတ္ထ) ဂတာ၊ ဖြစ်၏။ ဣတိ၊ သို့။ စတုဒ္ဒသ၊ တဆယ့်လေးပါးသော အကုသိုလ် စေတသိက်တို့သည်။ ဒွါဒသာကုသလေသ္ဝေ၊ ၁၂-ပါးသော အကုသိုလ် စိတ်တို့၌သာ။ ပဉ္စဓာ၊ ငါးပါး အပြားအားဖြင့်။ သမ္ပယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။

---

၂၄။ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ၊ ဤစေတသိက် ၄-ပါး တို့သည် ဒေါသမူစိတ် ၂-ပါး၌သာ ယှဉ်ကြသည်။ (ဒေါသမူလေသု စတ္တာရော။)

၂၅။ 'ထိန, မိဒ္ဓ' စေတသိက် ၂-ပါးသည် သသင်္ခါရိကစိတ် ၅-ပါး၌ သာ ယှဉ်သည်။ (သသင်္ခါရေ ဒွယံ။)

၂၆။ ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ သဟဂုတ် စိတ်၌သာ ယှဉ် သည်။ (ဝိစိကိစ္ဆာ ဝိစိကိစ္ဆာစိတ္တေ။)

**သမ္ပယုဇ္ဇနယ ပဋ္ဌမ ဖြင့်—**

၁။ သဗ္ဗာပုညေသု စတ္တာရော—အရ တနည်း၊
၂။ လောဘမူလေ တယော ဂတာ—အရ တနည်း၊
၃။ ဒေါသမူလေသု စတ္တာရော—အရ တနည်း၊
၄။ ‘သသင်္ခါရေ ဒွယံ— အရ တနည်း၊
၅။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာစိတ္တေစ—အရ တနည်း—ဟူကုန်သော အကုသိုလ် စေတသိက်တို့၏ သမ္ပယောဂနည်း ၅-ပါးကို ပြသည်၊ ‘စတ္တာရော’ စသော သင်္ချာတို့၏ အရကို ညွှန်ပြထားသည့်အတိုင်း ကြည့်ရှု ရေတွက်ပါ။

(* လောဘ ဒိဋ္ဌိ မာနတို့သည် ယှဉ်ပုံချင်း မတူပါသော်လည်း ယှဉ်ရာစိတ်မှာ လောဘမူချည်းသာ ဖြစ်သည်၊ ထို့ကြောင့် ‘‘လောဘ မူလေ တယော ဂတာ’’ဟု သမ္ပယောဂနည်း တနည်းတည်း သတ်မှတ် ပြဆိုသည်။)

**အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ**

| စေတသိက် ၂၇ \ အကုသိုလ်စိတ် ၁၂ | | လောဘမူစိတ် ၈ ပါး | | | | | | | ဒေါ ၂ | | မော ၂ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သော × ဒိ × အ | သော × ဒိ × သ | သော × ဝိ × အ | သော × ဝိ × သ | ဥ × ဒိ × အ | ဥ × ဒိ × သ | ဥ × ဝိ × အ | ဥ × ဝိ × သ | ဒေါ × ပ × အ | ဒေါ × ပ × သ | ဥ × ဝိစိ | ဥ × ဥဒ္ဓ | စိတ်ပေါင်း |
| အညသမာန ၁၀, သဗ္ဗာကု ၄ | ၁၄ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၁၂ |
| အဓိမောက္ခ | ၁ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | | ॥ | ၁၁ |
| ပီတိ | ၁ | ॥ | ॥ | ॥ | ॥ | | | | | | | | | ၄ |
| ဆန္ဒ | ၁ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | | | ၁၀ |
| လောဘ | ၁ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | | | | | ၈ |
| ဒိဋ္ဌိ | ၁ | ॥ | ॥ | | | ॥ | ॥ | | | | | | | ၄ |
| မာန | ၁ | | | ॥ | ॥ | | | ॥ | ॥ | | | | | ၄ |
| ဒေါသစတုက္က | ၄ | | | | | | | | | ॥ | ॥ | | | ၂ |
| ထိန မိဒ္ဓ | ၂ | | ॥ | | ॥ | | ॥ | | ॥ | | ॥ | | | ၅ |
| ဝိစိကိစ္ဆာ | ၁ | | | | | | | | | | | ॥ | | ၁ |
| စေတသိက်ပေါင်း | ၂၇ | ၁၉ | ၂၁ | ၁၉ | ၂၁ | ၁၈ | ၂၀ | ၁၈ | ၂၀ | ၂၀ | ၂၂ | ၁၅ | ၁၅ | |

အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ (၅၂)၌ နည်းပေးထားခဲ့သည့်အတိုင်း သမ္ပယောဂနည်း, သင်္ဂဟနည်းတို့ဖြင့် ခွဲစိတ် ဝေဖန်ပါ။

အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်သော စေတသိက်များမှာ ဆန္ဒ ပီတိ အဓိမောက္ခ ကြဉ်သော အညသမာန်း ၁၀-ပါး၊ သဗ္ဗာကုသလ သာဓာရဏ ၄-ပါး၊ ပေါင်း ၁၄-ပါး ဖြစ်သည်၊ ဤစေတသိက်တို့ကို "သဗ္ဗာကုသလ ယောဂီ"ဟု ခေါ်သည်၊ ကြွင်း ၁၃-ပါးသော စေတသိက်တို့သည် "အကုသလ ဝိသေသက စေတသိက်"များ ဖြစ်ကြသည်။

အကုသိုလ်စိတ် ၁၀-ပါး၌ ယှဉ်သော စေတသိက်မှာ အဓိမောက္ခ ဖြစ်သည်။

အကုသိုလ်စိတ် ၁၀-ပါး၌ ယှဉ်သော စေတသိက်မှာ ဆန္ဒ ဖြစ်သည်။

အကုသိုလ်စိတ် ၈-ပါး၌ ယှဉ်သော စေတသိက်မှာ လောဘ ဖြစ်သည်။

အကုသိုလ်စိတ် ၅-ပါး၌ ယှဉ်သော စေတသိက်မှာ ထိန မိဒ္ဓ ဖြစ်သည်။

အကုသိုလ်စိတ် ၄-ပါး၌ ယှဉ်သောစေတသိက်မှာ ပီတိ ဒိဋ္ဌိ မာနတို့ ဖြစ်သည်၊ ထိုတွင် ပီတိသည် လောဘမူ သောမနဿ ၄-ပါး၌ ယှဉ်သည်၊ ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်သည်၊ မာနသည် ဒိဋ္ဌိဂတ-ဝိပ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်သည်။

အကုသိုလ်စိတ် ၂-ပါး၌ ယှဉ်သော စေတသိက်မှာ ဒေါစတုက်တို့ ဖြစ်သည်။

အကုသိုလ်စိတ် ၁-ပါး၌သာ ယှဉ်သော စေတသိက်မှာ ဝိစိ-ကိစ္ဆာ ဖြစ်သည်။

လောဘမူစိတ် ၈-ပါးလုံး၌ ယှဉ်သော စေတသိက်မှာ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ လောဘ ၁-ပါး၊ ပေါင်း ၁၇-ပါးဖြစ်သည်၊ ဤစေတသိက်တို့ကို "သဗ္ဗလောဘမူလ ယောဂီ"ဟု ခေါ်သင့်သည်၊ ပီတိ ဒိဋ္ဌိ မာန ထိန မိဒ္ဓတို့ကား "လောဘမူလ ဝိသေသက စေတသိက်"တို့တည်း။

ဒေါသမူစိတ် ၂-ပါးလုံး၌ ယှဉ်သော စေတသိက်မှာ ပီတိကြဉ် အညသမာန်း စေတသိက် ၁၂-ပါး၊ သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ ဒေါစတုက် ၄-ပါး၊ ပေါင်း ၂၀-ဖြစ်သည်၊ ၎င်းတို့ကို

## သောဘနသမ္ပယောဂနည်း ၄-ပါး

၂၀။ ပန၊ ကား။ သောဘနေသု၊ သောဘန စေတသိက်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်ကုန်သော။) သောဘန သာဓာရဏာ၊ သောဘနသာဓာရဏ မည်ကုန်သော။ ဧကူနဝီသတိ၊ တစ်ခုယုတ်နှစ်ဆယ်သော။ ဣမေ စေတသိကာ၊ တို့သည်။ သဗ္ဗေသုပိ၊ ကုန်သော။ ဧကူနသဋ္ဌိ သောဘနစိတ္တေသု၊ တစ်ခုယုတ် ၆၀-သော သောဘနစိတ်တို့၌။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ (ယှဉ်ကုန်၏။)

၂၁။ ပန၊ ကား။ တိဿောပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဝိရတိယော၊ ဝိရတိ စေတသိက်တို့ကို။ လောကုတ္တရစိတ္တေသု၊ လောကုတ္တရာ စိတ်တို့၌။ သဗ္ဗထာပိ၊ (ဒုစရိုက်ဒုရာဇီဝ ဟူသမျှကို လုံးဝကုန်စင် ရှောင်ကြဉ်ပယ်ရှား) အလုံးစုံသော အပြားအားဖြင့်လည်း။ နိယတာ၊ အမြဲယှဉ်ကုန်လျက်။ ဧကတောဝ၊ တပြိုင်နက်ပင်လျှင်။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ပန၊ ကား။ လောကိယေသု၊ လောကီစိတ်တို့တွင်။ ကာမာဝစရ ကုသလေသွေဝ၊ ကာမာဝစရ ကုသိုလ်စိတ်တို့၌သာ။ ကဒါစိ၊ (ဒုစရိုက် ဒုရာဇီဝ တို့မှ ရှောင်ကြဉ်ခိုက်သာ) တရံတခါ၌။ ဝိသုံဝိသုံ၊ အသီးအသီး။ ဝါ၊ တပါးချင်း တပါးချင်း။ သန္ဒိဿန္တိ၊ ထင်ကုန်၏။ (ယှဉ်ကုန်၏။)

---

"သဗ္ဗဒေါသမူလ ယောဂီ"ဟု ခေါ်သင့်သည်၊ ထိန မိဒ္ဓတို့ကား "ဒေါသမူလဝိသေသက စေတသိက်"တို့တည်း။

မောဟမူစိတ် ၂-ပါးလုံး၌ ယှဉ်သော စေတသိက်မှာ သဗ္ဗာကုသလ ယောဂီစေတသိက် ၁၄-ပါးတို့သာတည်း၊ အဓိမောက္ခနှင့် ဝိစိကိစ္ဆာတို့ကား "မောမူဟ ဝိသေသက စေတသိက်"များတည်း၊ ဤသို့ စသည်ဖြင့်လည်း ဇယားကိုကြည့်၍ ခွဲပါ။

**သောဘနသမ္ပယောဂနည်း**

၂၀။ သောဘန သာဓာရဏ စေတသိက် ၁၉-ပါးသည် သောဘနစိတ် ၅၉၊ (အကျယ် ၉၁) ပါးတို့၌ ယှဉ်သည်။ (ဧကူနဝီသတိ ဓမ္မာ ဇာယန္တေကူနသဋ္ဌိသု။)

၂၁။ ဝိရတိ စေတသိက် ၃-ပါးသည် လောကုတ္တရာစိတ် ၈-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ ပေါင်း ၁၆-ပါးသော စိတ်တို့၌ ယှဉ်သည်၊ (တယော သောဠသ စိတ္တေသု။)

ထိုတွင် လောကုတ္တရာစိတ်၌ ယှဉ်သည့်အခါ—

၁။ **သဋ္ဌထာ**=ဒုစရိုက် ဒုရာဇီဝအားလုံးကို ဆိုင်ရာမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်နိုင်သောကြောင့်

၂။ **နိယတာ**=လောကုတ္တရာစိတ် ဖြစ်တိုင်း ဖြစ်တိုင်း အမြဲယှဉ်သည်၊

၃။ **ဧကတော**=ယင်းသို့ ယှဉ်သည့် အခါမှာလည်း တပါးနှင့် တပါး မကင်းကွာပဲ ၃-ပါးလုံး အတူတကွ တပြိုင်နက်ပင် ယှဉ်ကြသည်၊

မဟာကုသိုလ်စိတ်၌ ယှဉ်သည့်အခါမှာမူ—

၁။ **ကဒါစိ**=လောကုတ္တရာ စိတ်မှာကဲ့သို့ အမြဲယှဉ်သည် မဟုတ်ပါ၊ ဒုစရိုက် ဒုရာဇီဝတို့မှ ရှောင်ကြဉ်ရာ တရံတခါ၌သာ ယှဉ်သည်၊ မှန်၏=ဘုရားဖူး တရားနာ အစရှိသော အခါမျိုး၌ မဟာကုသိုလ်စိတ်များ ဖြစ်ကြသော်လည်း ဒုစရိုက် ဒုရာဇီဝတို့မှ ရှောင်ကြဉ်မှု မရှိသောကြောင့် ဝိရတီများ မယှဉ်နိုင်ပါ၊

၂။ **ဝိသုံ ဝိသုံ**=ထိုသို့ တရံတခါ၌သာ ယှဉ်ကြသော်လည်း လောကုတ္တရာ၌ ကဲ့သို့ အတူတကွ ယှဉ်နိုင်ကြသည်ကား မဟုတ်ပါ၊ အသီး အသီး တပါးချင်း တပါးချင်းသာ ယှဉ်နိုင်ကြပါသည်။

ဝစီဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာဝါစာယှဉ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝတို့ မယှဉ်နိုင်၊ ကာယဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာဝါစာ သမ္မာအာဇီဝတို့ မယှဉ်နိုင်၊ ဒုရာဇီဝမှ ရှောင်ကြဉ်၍ သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာ သမ္မာကမ္မန္တတို့ မယှဉ်နိုင်—ဟု ဆိုလိုပါသည်။

သတ်ဖြတ် ခိုးဝှက်မှု စသည်တို့ကို ပြုလုပ်လျက် မတရား အသက်မွေးမှုကို "ဒုရာဇီဝ"ဟု ခေါ်သည်။ (ဒု-မကောင်းသော+အာဇီဝ-အသက်မွေးမှု။)

**ဆောင်**။ ။လောကုတ်ယှဉ်မှီ, ဝိရတီလျှင်, ဒုရာဇီဝ, စရိတကို, လုံးဝပယ်ခွါ, သို့တွက်တာ, မြဲစွာအတူယှဉ်။
ထူးခြားလောကီ, ဝိရတီမူ, ဝစီကာယာ, ဒုမျှားစွာနှင့်, ဒုရာဇီဝ, ရှောင်ရခိုက်သာ, ရံတခါ, ယှဉ်လာသီးသီးပင်။

၃၀။ ပန၊ ကာ။ အပ္ပမညာယော၊ အပ္ပမညာ စေတသိက်တို့သည်။ ဒွါဒသသု၊ တဆယ့်နှစ်ပါးကုန်သော။ ပဥ္စမဇ္ဈာန ဝဇ္ဇိတ မဟဂ္ဂတစိတ္တေသု စေဝ၊ ပဥ္စမဈာန်သည် ကြဉ်အပ်သော မဟဂ္ဂုတ်စိတ်တို့ရင်း။ ကာမာ ဝစရ ကုသလေသုစ၊ ကာမာဝစရ ကုသိုလ်စိတ်တို့ရင်း။ သဟေတုက ကာမာဝစရ ကြိယ စိတ္တေသုစ၊ သဟိတ် ကာမာဝစရ ကြိယာ စိတ်တို့ရင်း။ ဣတိ၊ သို့။ အဋ္ဌဝီသတိ စိ-တ္တေသွေဝ၊ နှစ်ဆယ့်ရှစ်ပါးသော စိတ်တို့၌သာ။ ကဒါစိ၊ (သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု ဝမ်းမြောက်မှု ဖြစ်ရာ) တရံတခါ၌။ နာနာ၊ အသီးအသီးတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ပန၊ ဝါဒအထူး ဆက်ပြဦးအံ့။ တေ္တ၊ ဤ နှစ်ဆယ့်ရှစ်ပါးသော စိတ်တို့တွင်။ ဥပေက္ခာ သဟဂတေသု၊ ဥပေက္ခာ သဟ ဂုတ်စိတ် ရှစ်ပါးတို့၌။ ကရုဏာ မုဒိတာ၊ ကရုဏာ မုဒိတာ စေတသိက် တို့သည်။ န သန္တိ၊ မရှိကုန်။ ဣတိ၊ သို့။ ကေစိ၊ အချို့သော ဆရာတို့ သည်။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏။

---

၃၀။ အပ္ပမညာ စေတသိက် ၂-ပါးသည် ရူပါဝစရ ပထမဈာန်စိတ် ၃-ပါး၊ ဒုတိယဈာန်စိတ် ၃-ပါး၊ တတိယဈာန်စိတ် ၃-ပါး၊ စတုတ္ထဈာန် စိတ် ၃-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပေါင်း ၂၈-ပါးသော စိတ်တို့၌ ယှဉ်သည်။ (အဋ္ဌဝီသတိယံ ဒွယံ။) ထိုသို့ယှဉ်သည့်အခါမှာလည်း—

၁။ **ကဒါစိ** သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု ဝမ်းမြောက်မှု ဖြစ်သည့် အခါမျိုးမှာသာ ယှဉ်သည်၊ ဘုရားကို ကြည်ညို ဝတ်ပြုရာ စသော အခါမျိုးမှာ မယှဉ်နိုင်ပါ။

၂။ **နာနာ** = ယင်းသို့ တရံတခါမှာသာ ယှဉ်ကြပါသော်လည်း ၂-ပါး အတူတကွ ယှဉ်နိုင်ကြသည် မဟုတ်ပါ၊ တသီးတခြားစီသာ ယှဉ်နိုင်ကြပါသည်၊ ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ သနားသည့်အခါမှာ ကရုဏာ ယှဉ်သည်၊ မုဒိတာ မယှဉ်နိုင်၊ သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သည့်အခါမှာ မုဒိတာသာ ယှဉ်သည်၊ ကရုဏာ မယှဉ်နိုင်—ဟု ဆိုလိုပါသည်။

ထို ၂၈-ပါးသော စိတ်တို့တွင် မဟာကုသိုလ် ဥပေက္ခာသဟဂုတ်၄-ပါး၊ မဟာကြိယာ ဥပေက္ခာသဟဂုတ် ၄-ပါး၊ ပေါင်း ၈-ပါးသော ဥပေက္ခာ

**၃၁။ ပန၊ ကား။ ပညာ၊ ပညာ စေတသိက်သည်။ ဒွါဒသသု၊ ကုန်သော။ ဉာဏသမ္ပယုတ္တ ကာမာဝစရ စိတ္တေသုစေဝ၊ ဉာဏသမ္ပယုတ် ကာမာဝစရစိတ်တို့ရင်း။ သမ္ဘေသုပိ၊ ကုန်သော။ ပဉ္စတ္တိံသ မဟဂ္ဂတ-လောကုတ္တရ စိတ္တေသုစ၊ သုံးဆယ့်ငါးပါးသော မဟဂ္ဂုတ် လောကုတ္တရာ စိတ်တို့ရင်း။ ဣတိ၊ သို့။ သတ္တ စတ္တာလီသ စိတ္တေသု၊ လေးဆယ့်ခုနစ်ပါးသော စိတ်တို့၌။ သမ္ပယောဂံ၊ ယှဉ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ၊ သောဘန စေတသိက်တို့ ဤသို့ ယှဉ်ကုန်၏။**

## သင်္ဂဟဂါထာများ

**၃၂။ ကေ္ဂန ဝိသတိ၊ တခုယုတ် နှစ်ဆယ်သော။ ဓမ္မာ၊ သဘော တရားတို့သည်။ ကေ္ဂန သဋ္ဌိသု၊ တခုယုတ် ခြောက်ဆယ်သောစိတ်တို့၌။ ဇာယန္တိ၊ ဖြစ်ကုန်၏။ တယော၊ သုံးပါးသော စေတသိက်တို့သည်။ သောဠသ စိတ္တေသု၊ တဆယ့်ခြောက်ပါးသော စိတ်တို့၌။ ဇာယန္တိ၊ ကုန်၏။ ဒွယံ၊ စေတသိက် နှစ်ပါး အပေါင်းသည်။ အဋ္ဌဝိသတိယံ၊ နှစ်ဆယ့်ရှစ်ပါးသော စိတ်၌။ ဇာယတိ၊ ဖြစ်၏။**

**ပညာ၊ ပညာကို။ သတ္တ စတ္တာလီသ ဝိဓေသုပိ၊ လေးဆယ့်ခုနစ်ပါး အပြားရှိသော စိတ်တို့၌။ (ပိသဒ္ဒါအနက်မရှိ၊) ပကာသိတာ၊ ပြအပ်၏။ ဧဝံ၊ ဤသို့။ သောဘနာ၊ သောဘန စေတသိက်တို့သည်။ သောဘနေ-သွေဝ၊ သောဘနစိတ်တို့၌သာ။ စတုဓာ၊ လေးပါးအပြားအားဖြင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်၏။**

---

သဟဂုတ် စိတ်တို့၌ ကရုဏာမုဒိတာတို့ မယှဉ်သင့်—ဟု အချို့ဆရာများ မိန့်ဆိုကြပါသေးသည်၊ သို့ပင်ဆိုကြစေကာမူ သူတို့ဆိုတိုင်း မမှတ်ယူသင့်ပါ၊ ၂၈-ပါးသော စိတ်တို့၌ ယှဉ်နိုင်သည်—ဟုသာ မှတ်ယူသင့်ပါသည်။

၃၁။ ပညာ စေတသိက်သည် ဉာဏသမ္ပယုတ် ကာမာဝစရစိတ် ၁၂-ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါး၊ ပေါင်း ၄၇-ပါးသော စိတ်တို့၌ ယှဉ်သည်။ (ပညာ ပကာသိတာ သတ္တ—စတ္တာလီသ ဝိဓေသုပိ။)

၃၂။ 'သမ္ပယုတ္တာ စတုဓေဝံ'ဖြင့်—

၁။ "ကေ္ဂန ဝိသတိ ဓမ္မာ၊ ဇာယန္တေ္ဂန သဋ္ဌိသု=သောဘန သာဓာရဏ စေတသိက်တို့၏ သမ္ပယောဂနည်း ၁-ပါး၊

၂။ တယော သောဠသ စိတ္တေသု = ပိရတိ စေတသိက်တို့၏ သမ္ပယောဂ နည်း ၁-ပါး၊

၃။ အဋ္ဌဝီသတိယံ ဒွယံ = အပ္ပမညာ စေတသိက်တို့၏ သမ္ပယောဂနည်း ၁-ပါး၊

၄။ ပညာ ပကာသိတာ သတ္တ—စတ္တာလိသ ဝိဓေသုပိ = ပညိန္ဒြေ၏ သမ္ပယောဂနည်း ၁-ပါး" အားဖြင့် သောဘန စေတသိက်တို့၏ သမ္ပယောဂနည်း ၄-ပါးကို ပြသည်၊ ကျေနသင့် စသော သချာ တို့၏ သချေယျကို ရှေ့၌ ညွှန်ပြခဲ့ပြီးပါပြီ။

**သမ္ပယောဂနည်းပေါင်း**

အညသမာန်း စေတသိက်တို့၏ သမ္ပယောဂနည်း .... ၇—ပါး
အကုသိုလ် စေတသိက်တို့၏ သမ္ပယောဂနည်း .... ၅—ပါး
သောဘန စေတသိက်တို့၏ သမ္ပယောဂနည်း .... ၄—ပါး
ပေါင်း သမ္ပယောဂနည်း ....၁၆—ပါးဖြစ်သတည်း။

**ဆောင်**။ ။အညသတ္တ, ပဥ္စအကု, သောစတု, ပေါင်းစု ဆယ့်ခြောက်ပါး။

## ကာမာဝစရသောဘနစိတ်၌ စေတသိက်ယှဉ်ပုံ

| အညသောဘနစေ ၃၈ / ကာမသော ၂၄ | မဟာကု ၈ | | | | မဟာဝိ ၈ | | | | မဟာကြိ ၈ | | | | စိတ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၁ | ၂ | ၃ | ၄ | ၁ | ၂ | ၃ | ၄ | |
| အည ၁၃ သော ၁၉ · ၃၂ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၂၄ |
| ပီတိ ၁ | ။ | ။ | | | ။ | ။ | | | ။ | ။ | | | ၁၂ |
| ဝိရတီ* ၃ | ။ | ။ | ။ | ။ | | | | | | • | | | ၈ |
| အပ္ပမညာ* ၂ | ။ | ။ | ။ | ။ | | | | | ။ | ။ | ။ | ။ | ၁၆ |
| ပညာ ၁ | ။ | | ။ | | ။ | | ။ | | ။ | | ။ | | ၁၂ |
| စေတသိက်ပေါင်း ၃၈ | ၃၈ | ၃၇ | ၃၇ | ၃၆ | ၃၃ | ၃၂ | ၃၂ | ၃၁ | ၃၅ | ၃၄ | ၃၄ | ၃၃ | |

ဆိုခဲ့ပြီးသည့်အတိုင်း သမ္ပယောဂနည်း သင်္ဂဟနည်းတို့ဖြင့် ခွဲစိတ်ဝေဖန်ပါ၊ အဟိတ်စိတ်၌စေတသိက် ယှဉ်ပုံ(၅၂)၌ နည်းပေးထားခဲ့သည်ကိုလည်း ပြန်ရှုပါ။

ကာမာဝစရ သောဘနစိတ် ၂၄-ပါးလုံးမှာ ယှဉ်သော စေတသိက်တို့ကား ပီတိကြဉ် အညသမာန်း စေတသိက် ၁၂-ပါး၊ သောဘန သာဓာရဏ စေတသိက် ၁၉-ပါး၊ ပေါင်း ၃၁-ပါးတို့တည်း၊ ဤ စေတသိက်တို့ကို "သဗ္ဗ ကာမာဝစရ သောဘန ယောဂီ စေတသိက်များ"ဟု ဆိုသင့်သည်၊ ကျန် စေတသိက်များ၏ ကာမာဝစရ ဝိသေသက ဖြစ်ကြောင်းကိုကား "ဝိရတိ ဉာဏ ပီတိစ၊ ပရိတ္တေသု ဝိသေသကာ"ဟု ဆရာကိုယ်တိုင်ပင် မိန့်ဆိုထားပါသည်။

ကာမာဝစရ သောဘနစိတ် ၁၆-ပါးမှာ ယှဉ်သော စေတသိက်ကား အပ္ပမညာဒွေးတည်း။

ကာမာဝစရ သောဘနစိတ် ၁၂-ပါးမှာ ယှဉ်သော စေတသိက်ကား ပီတိနှင့်ပညာတို့တည်း၊ ထိုတွင် ပီတိသည် သောမနဿသဟဂုတ် ၁၂-ပါးမှာ ယှဉ်၍ ပညာသည် ဉာဏသမ္ပယုတ် ၁၂-ပါးမှာ ယှဉ်ပါသည်။

ကာမာဝစရ သောဘနစိတ် ၈-ပါးမှာ ယှဉ်သော စေတသိက်ကား ဝိရတိ စေတသိက် ၃-ပါးတည်း။

မဟာကုသိုလ်စိတ် ၈-ပါးလုံးမှာ ယှဉ်သော စေတသိက်ကား ပီတိကြဉ် အညသမာန်း စေတသိက် ၁၂-ပါး၊ ပညာကြဉ် သောဘန စေတသိက် ၂၄-ပါး၊ ပေါင်း ၃၆-ပါးတည်း၊ ဤ စေတသိက်တို့ကို "သဗ္ဗ ကာမာဝစရ ကုသလ ယောဂီ စေတသိက်"ဟု ခေါ်သင့်သည်၊ ပီတိနှင့် ပညာတို့သည် "ဝိသေသက စေတသိက်"များ ဖြစ်သည်။

မဟာကြိယာစိတ် ၈-ပါးလုံးမှာ ယှဉ်သော စေတသိက်ကား ပီတိကြဉ် အညသမာန်း ၁၂၊ သောဘနသာဓာရဏ ၁၉၊ အပ္ပမညာ ၂၊ ပေါင်း ၃၃-ပါးတည်း၊ ၎င်းတို့ကို "သဗ္ဗ သဟေတုက ကာမာဝစရ ကြိယ ယောဂီ စေတသိက်"ဟု ဆိုသင့်သည်၊ ပီတိနှင့် ပညာတို့ကား "ဝိသေသက" များတည်း၊ မဟာဝိပါက်စိတ် ၈-ပါးလုံး၌ ယှဉ်သော စေတသိက် စသည်တို့ကိုလည်း ရေတွက်ကြည့်ပါ။

## မဟဂ္ဂုတ်လောကုတ္တရာစိတ်၌ စေတသိက်ယှဉ်ပုံ

| [illegible] | မဟဂ္ဂုတ် ၂၇ | | | | | လောကုတ္တရာ ၄၀ | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| [illegible] | [illegible] | [illegible] | [illegible] | ၊ | ။ | ၊ | ။ | ။ | ။ | ။ | ၆၇ |
| ဝိတက် | ။ | | | | | ။ | | | | | ၁၁ |
| ဝိစာရ | ။ | ။ | | | | ။ | ။ | | | | ၂၂ |
| ပီတိ | ။ | ။ | ။ | | | ။ | ။ | ။ | | | ၃၃ |
| ဝေဒနာ { သုခ | ။ | ။ | ။ | ။ | | ။ | ။ | ။ | ။ | | ၅၅ |
| ဝေဒနာ { ဥပေက္ခာ | | | | | ။ | | | | | ။ | [illegible] |
| [illegible] | | | | | | ။ | ။ | ။ | ။ | ။ | ၄၀ |
| [illegible] | ။ | ။ | ။ | ။ | | | | | | | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |

မဟဂ္ဂုတ် လောကုတ္တရာစိတ် အားလုံးမှာ ယှဉ်သော စေတသိက်ကား ဝိတက် ဝိစာရ ပီတိကြဉ် အညသမာန်း ၁၀၊ ဝိရတီ အပ္ပမညာ ကြဉ်သော သောဘန စေတသိက် ၂၀၊ ပေါင်း ၃၀-တို့တည်း၊ ၎င်းတို့ကို ''သဗ္ဗ မဟဂ္ဂတ လောကုတ္တရ ယောဂီ စေတသိက်''ဟု ခေါ်သင့်သည်၊ မဟဂ္ဂုတ်စိတ် အားလုံးမှာ ယှဉ်သော စေတသိက်များလည်း ၎င်းတို့ပင် ဖြစ်သည်၊ ဝိတက် ဝိစာရ စသော ကျန်တရားများနှင့် အပ္ပမညာတို့သည် ''မဟဂ္ဂတ ဝိသေသက စေတသိက်''များ ဖြစ်သည်၊ ''အပ္ပမညာစ မဇ္ဈိမေ''ကိုလည်း ထောက်ပါ။

လောကုတ္တရာစိတ် အားလုံး၌ ယှဉ်သော စေတသိက်များကား ဝိတက် ဝိစာရ ပီတိကြဉ် အညသမာန်း စေတသိက် ၁၀၊ အပ္ပမညာကြဉ်သော သောဘန စေတသိက် ၂၃-ပါး၊ ပေါင်း ၃၃-ပါး ဖြစ်သည်၊ ၎င်းတို့ကို ''သဗ္ဗ လောကုတ္တရ ယောဂီ စေတသိက်များ''ဟု ခေါ်သင့်သည်၊ ''ဝိတက် ဝိစာရ ပီတိ ဝေဒနာ''ဟု ဆိုအပ်သော ကျန်တရားတို့သည် ''လောကုတ္တရ ဝိသေသက စေတသိက်''များ ဖြစ်ကြသည်၊ ထို့ကြောင့်ပင် ဆရာကိုယ်တိုင် ''အနုတ္တရေ ဈာနဓမ္မာ''ဟု မိန့်ဆိုထားသည် မဟုတ်ပါလော။

ပြဆိုခဲ့ပြီးသော သရုပ်ခွဲများကို ပိုင်နိုင်အောင် လေ့လာထားပါက နောက် ပြဆိုမည့် သင်္ဂဟနည်းအတွက်ပါ နားလည်ပြီး ဖြစ်လာပါလိမ့်မည်၊ တစုံ

## နိယတ အနိယတ ယောဂီ စေတသိက်များ

၃၃။ ယထာ ဝုတ္တာ နုသာ ရေန၊ အကြင် အကြင် ဆိုအပ်ပြီးသော သမ္ပယောဂနည်းကို အစဉ်လိုက်သဖြင့်။ ဣဿာ မစ္ဆေရ ဝိရတိ ကရုဏာ-ဒယော၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ( လောကီ ) ဝိရတိသုံးပါး ကရုဏာ မုဒိတာ စေတသိက်တို့သည်။ နာနာ၊ တသီးတခြား တပါးစီတို့သည်။ ကုတ္တာ၊ ဖြစ်ကုန်၍။ ကဒါစိ၊ တရံတခါ၌။ ဇာယန္တိ၊ ဖြစ်ကုန်၏။ မာနောစ၊ မာန စေတသိက်သည်လည်း။ ကဒါစိ၊ ( ငါ အမြတ်ဆုံး စသည်ဖြင့် ဖြစ်ရာ ) တရံ ၈ခါ၌။ ဇာယတိ၊ ဖြစ်၏။ ထိန မိဒ္ဓံ၊ ထိန မိဒ္ဓသည်။ တထာ၊ (ထိုထိုအမှု၌ မနကာင်းသည်၏ အဖြစ်ဖြင့် ဖြစ်ရာ) ထို တရံတခါ၌။ သဟ၊ အတူတကွ။ ဇာယတိ၊ ဖြစ်၏။

---

တရာ အခက်တွေ့ရတော့မည် မဟုတ်ပါ၊ သို့ဖြစ်၍ အပြန်ပြန် အလှန်လှန် ကြေညက်နိုင်သမျှ ကြေညက်အောင် လေ့လာထားစေလိုပါသည်။

''သမ္ပ ... ယောဂီ စေတသိက်'' နှင့် ''ဝိသေသက စေတသိက်'' တို့ကို အချိုး တကျ အသုံးချတတ်အောင်လည်း အထူး ကြိုးစားထားစေလိုပါသည်။

**နိယတယောဂီ အနိယတယောဂီ။** ။မိမိတို့ ယှဉ်ဖက်စိတ် ဖြစ်တိုင်း ဖြစ်တိုင်း အမြဲယှဉ်လျက်ပါသော စေတသိက်တို့ကို ''နိယတယောဂီ'' ဟု ခေါ်သည်၊ မိမိတို့၏ ယှဉ်ဖက်စိတ် ဖြစ်တိုင်း အမြဲ ယှဉ်လျက် မပါပဲ တရံတခါမှသာ ယှဉ်ပါလာသော စေတသိက်တို့ကို ''အနိယတယောဂီ''ဟု ခေါ်သည်။ ( နိယတ—အမြဲ + ယောဂီ- ယှဉ်လေ့ရှိသော စေတသိက်၊ အနိယတယောဂီ—အမြဲယှဉ်လေ့ရှိသည် မဟုတ်သော စေတသိက်။ )

ထို စေတသိက်တို့၏ သဘောကို သမ္ပယောဂနည်း၌ ပြဆိုခဲ့သော စေတသိက် ယှဉ်ပုံ အားလျော်စွာ ခွဲစိတ် ဝေဖန်ပြပါမည်၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတိ ကရုဏာ မုဒိတာ မာန ထိန မိဒ္ဓ၊ ဤ ၁၁-ပါးသော စေတသိက်တို့သည် ''အနိယတယောဂီ'' မည်ကြသည်။ (ကရုဏာဒယော-၌ အာဒိသဒ္ဒါဖြင့် မုဒိတာကို ယူရသည်။)

ယင်း စေတသိက်တို့ကို ''နာနာ ကဒါစိ စေတသိက်, ကဒါစိ စေတသိက်, သဟ ကဒါစိ စေတသိက် (တနည်း—သဟနာနာကဒါစိ စေတသိက်)''ဟု ၃-မျိုး ခွဲပြပါမည်။

[တနည်းကား=ထိနမိဒ္ဓံ၊ သည်။ တသာ၊ ထိုတရံတခါ၌။ သဟ၊ ဒေါသမူ သသင်္ခါရိကစိတ်၌ ယှဉ်ခိုက် ဣဿာ မစ္ဆရိယ ကုက္ကုစ္စ, ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက၌ ယှဉ်ခိုက် မာနတို့နှင့် ဧကတွရင်း။ နာနာစ၊ (လောဘမူ သသင်္ခါရိက ဒေါသမူ သသင်္ခါရိကစိတ်တို့၌ ယှဉ်ခိုက်သော်မှလည်း)တသီးတခြားရင်း။ ဥဒယတိ၊ ဖြစ်၏။ ]

သေသာ၊ ကြွင်းသော စေတသိက်တို့သည်။ နိယတ ယောဂိနော၊ အမြဲယှဉ်လေ့ရှိသော စေတသိက်တို့မည်၏။

---

ထိုတွင် ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတီ ၃ ကရုဏာ မုဒိတာ၊ ဤ ၈-ပါးသော စေတသိက်တို့သည် "နာနာကဒါစိ စေတသိက်"တို့ မည်၏၊ မှန်၏= ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့သည် ဒေါသမူဒွေး၌ ယှဉ်ကြသော်လည်း ဒေါသမူစိတ် ဖြစ်တိုင်း ပါနိုင်ကြသည်ကား မဟုတ်ပါ၊ သူတပါး စည်းစိမ်ကို အာရုံပြု၍ ငြူစူမှုစသည် ဖြစ်ခိုက်မှသာ ပါနိုင်ကြပါသည်။

ယင်းသို့ ပါဝင်ကြသည့် အခါမှာလည်း ဣဿာက သူများစည်းစိမ်ကို အာရုံပြုသည်၊ မစ္ဆရိယက ကိုယ့်စည်းစိမ်ကို အာရုံပြုသည်၊ ကုက္ကုစ္စက ပြုပြီး ဒုစရိုက် မပြုခဲ့သော သုစရိုက်ကို အာရုံပြုသည်၊ ဤသို့ အာရုံ မတူကြသည့်အတွက် ဧကောလမ္ဗဏသေက္ခဏာ ချို့တဲ့ကြသောကြောင့် အတူတကွ မပါဝင်နိုင်ကြပါ၊ မိမိတို့ ဆိုင်ရာအာရုံကို အာရုံပြုခိုက် တပါးစီသာ ပါဝင်နိုင်ကြပါသည်။

**ဆောင်။** ။သူများဥစ္စာ, ကိုယ်ဥစ္စာနှင့်, ကတာကတ, စရိတဟု, အာရုံပြုရာ, ကွဲပြားပါ၍, ဣဿာ မစ္ဆရိယ, ကုက္ကုစ္စ, ယှဉ်ရသီးသီးသာ။

**တနည်း။** ။သူတပါး၊ စည်းစိမ်များ ဣဿာ၊
ကိုယ်စည်းစိမ်-မစ္ဆရိယ်၊ ပြုဘိ မှန်စွာ၊
ဒုပြုမိ-မပြုမိ သုစရိုက်တာ၊ ကုက္ကုစ္စာ ပြုအပ်၊
ဤသို့သာ-အာရုံပြားလို့ရယ်၊ သီးခြား ယှဉ်လတ်။

ထို့ပြင် ဝိရတီနှင့် ကရုဏာ မုဒိတာတို့သည် မဟာကုသိုလ်စိတ်၌ ယှဉ်ကြစေကာမူ မဟာကုသိုလ်စိတ် ဖြစ်တိုင်း ယှဉ်နိုင်ကြသည်ကား မဟုတ်ပါ၊ ဝစီဒုစရိုက် စသည်တို့မှ ရှောင်ကြဉ်သည့် အခါမျိုးမှာသာ ယှဉ်နိုင်ကြပါသည်။

ယင်းသို့ ယှဉ်သည့်အခါ၌သော်မှလည်း ဝိရတီက ဝီတိက္ကမိတဗ္ဗ ဝတ္ထုကို အာရုံပြု၍ အပ္ပမညာက သတ္တပညတ်ကို အာရုံပြုသည့်အတွက် ဧကာလမ္ဗဏ မဖြစ်ကြသောကြောင့် အတူတကွ မယှဉ်နိုင်ကြပါ၊ မိမိ မိမိတို့၏ ဆိုင်ရာအာရုံကို အာရုံပြုသည့် အခိုက်မှာသာ တပါးစီ တပါးစီ ယှဉ်ကြပါသည်၊ ဝိရတီချင်း အပ္ပမညာချင်း အတူတကွ မဖြစ်နိုင်ပုံကို (၅၉၊၇၃)၌ ရှုပါ။

**ဆောင်။**　။သုံးဝိရတီ,တိက္ကမိတဗ်, ဝတ္ထုရုပ်နှင့်, အပ္ပမညာ, နှစ်ပါးမှာမူ, သတ္တပညတ်,ပြုပါအပ်၍, ပြားလတ်အာရုံ, တူမဆုံ,ယှဉ်ကုန် သီးသီးသာ။

**တနည်း။**　။ဝိရတိ၊ တိက္ကမိတဗ္ဗာ၊
ဝတ္ထုဆို–အာရုံစုကို၊ ပြုဘိသေချာ၊
ပမညာ၊ သတ္တပညတ်၊
ဤသို့သာ–အာရုံပြားလို့ရယ်၊ သီးခြား ယှဉ်လတ်။

မာနသည် ကဒါစိ စေတသိက်မည်၏၊ မှန်ပါသည်=မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ယှဉ်စေကာမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ဖြစ်တိုင်း ယှဉ်နိုင်သည်ကား မဟုတ်ပါ၊ ငါသာ အမြတ်ဆုံး အစရှိသည်ဖြင့် ထောင်လွှား တက်ကြွ သည့် အခါမျိုးမှာသာ ယှဉ်နိုင်ပါသည်။ (ကဒါစိနှင့် အနိယတယောဂီ သဘောသွား တူကြောင်းကိုလည်း သတိပြုပါ။)

ထိန မိဒ္ဓသည် သဟကဒါစိ စေတသိက် ဖြစ်၏၊ မှန်ပါသည်=ထိန မိဒ္ဓတို့သည် အကုသိုလ် သသင်္ခါရိကစိတ် ၅-ပါး၌ ယှဉ်ပါသော်လည်း အမြဲ ယှဉ်နိုင်သည်ကား မဟုတ်ပါ၊ ထိုထိုအမှု၌ မကောင်းသည်၏ အဖြစ်ဖြင့် ဖြစ်ရာ တရံတခါ၌သာ ယှဉ်နိုင်ပါသည်၊ ယင်းသို့ ယှဉ်သည့် အခါမှာလည်း ၂-ပါးမခွဲ တတွဲတည်းပင် ယှဉ်နိုင်သည်။

စိတ်မလန်းပဲ ခပ်ထိုင်းထိုင်း ဖြစ်နေမှုသည် "ထိန" မည်၍ ယှဉ်ဖက် စေတသိက်များ မလန်းပဲ မှိုင်းတိုင်းတိုင်း ဖြစ်နေမှုက "မိဒ္ဓ" မည်ရကား စိတ်နှင့် ယှဉ်ဖက် စေတသိက်တို့ကို ခွဲခြား၍ မရသလို ထိနနှင့် မိဒ္ဓကိုလည်း ခွဲခြား၍ မရစကောင်းပါ၊ ထို့ကြောင့် အတူတူယှဉ်ရပါသည်။

**တနည်း** = ထိန မိဒ္ဓသည် သဟနာနာကဒါစိ စေတသိက် ဖြစ်၏၊ မှန်ပါသည် = ထိန မိဒ္ဓသည် ဒေါသမူသသင်္ခါရိကစိတ်၌ ယှဉ်သည့်အခါ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ တို့တွင် တပါးပါးနှင့် တကွဖြစ်၍ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ ယှဉ်သည့်အခါ မာနနှင့်တကွ ဖြစ်နိုင်သည်။ (သဟကဒါစိ)

## သင်္ဂဟနည်း ၃၃-ပါး

၃၃။ ဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုစေတသိက်တို့၏။ သင်္ဂဟဥ္စ၊ (ထိုထိုစိတ်၌ ယှဉ်ထိုက်သမျှ ပေါင်းယူပြသည့်) သင်္ဂဟနည်းကိုလည်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပဝက္ခာမိ၊ ဆိုပေအံ့။

## သင်္ဂဟနည်း ဥဒ္ဒေသ ဂါထာ

၃၅။ အနုတ္တရေ၊ လောကုတ္တရာစိတ်၌။ ဆတ္တိံသ၊ ၃၆-ပါးသော။ ဓမ္မာ၊ သဘောဓမ္မတရားတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ မဟဂ္ဂတေ၊ မဟဂ္ဂုတ်စိတ်၌။ ပဉ္စတ္တိံသ၊ ၃၅-ပါးသော။ ဓမ္မာ၊ တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ကာမာဝစရ သောဘနေ၊ ကာမာဝစရ သောဘနစိတ်၌။ အဋ္ဌတ္တိံသာပိ၊ ၃၈-ပါးလည်းဖြစ်သော။ ဓမ္မာ၊ တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။

---

ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ်၌ ယှဉ်ခိုက် ဣဿာ မစ္ဆရိယ ကုက္ကုစ္စ မာနတို့နှင့် တသီးတခြား ဖြစ်သည်၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိက ဒေါသမူသသင်္ခါရိကစိတ်တို့၌ ယှဉ်ခိုက်သော်မှလည်း တသီးတခြား ဖြစ်နိုင်ပါသေးသည်၊ (နာနာကဒါစိ) ဤသဘောသွား ၂-ရပ်ကို ပေါင်းပေ၍ "သဟနာနာကဒါစိ" ဟု ဆိုရပါသည်။

ဆိုခဲ့ပြီးသော အနိယတယောဂီ စေတသိက် ၁၁-ပါးမှ ကြွင်းသော ၄၁-ပါးသော စေတသိက်တို့သည် "နိယတယောဂီ စေတသိက်" တို့ မည်၏။

၃၄။ ပဋိညာဉ်။ ။'သင်္ဂဟဉ္စ ပဝက္ခာမိ၊ တေသံ ဒါနိ ယထာရဟံ'ဖြင့် ပဋိညာဉ်ကို ပြုသည်၊ ယခုအခါ ထိုစေတသိက်တို့၏ သင်္ဂဟနည်းကို ပြပါတော့မည်—ဟု ဆိုလိုသည်။

ထိုက်ရာစိတ်၌ ရထိုက်သမျှသော စေတသိက်တို့ကို ပေါင်းယူ ရေတွက်ပြသော နည်းသည် "သင်္ဂဟနည်း" မည်၏။ (သံ- ပေါင်း၍ + ဂဟ—ယူကြောင်း နည်း။)

### သင်္ဂဟနယ ဥဒ္ဒေသ

၃၄။ 'ဆတ္တိံသာနုတ္တရေဓမ္မာ' စသော စကားရပ်ဖြင့်—

၁။ ဖြစ်သင့်သလို လောကုတ္တရာစိတ်၌ စေတသိက် ၃၆-ပါး ယှဉ်သည်။
၂။ မဟဂ္ဂုတ်စိတ်၌ စေတသိက် ၃၅-ပါး ယှဉ်သည်။
၃။ ကာမာဝစရ သောဘနစိတ်၌ စေတသိက် ၃၈-ပါး ယှဉ်သည်။

အပုညမှိ၊ အကုသိုလ်စိတ်၌။ သတ္တဝီသတိ၊ ၂၇-ပါးသော။ ဓမ္မာ၊ တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ အဟေတုကေ၊ အဟိတ်စိတ်၌။ ဒွါဒသ၊ ၁၂-ပါးကုန်သော။ ဓမ္မာ၊ တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ဣတိစ၊ ဤသို့လျှင်။ ယထာသမ္ဘဝ ယောဂေန၊ ဖြစ်သင့်သည်အားလျော်စွာ ယှဉ်ခြင်းဖြင့်။ တတ္ထ၊ ထိုစိတ်တို့၌။ ပဉ္စဓာ၊ ၅-ပါး အပြားအားဖြင့်။ သင်္ဂဟော၊ ပေါင်းယူရေတွက်နည်းသည်။ ဟောတိ၊ ဖြစ်၏။

## လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-ပါး

၃၆။ ကထံ၊ အဘယ်သို့ ရအပ်သနည်း။

တာဝ၊ ရှေးဦးစွာ (နိဒ္ဒိဋ္ဌသု၊ ညွှန်ပြအပ်ကုန်သော။) လောကုတ္တရေသု၊ လောကုတ္တရာစိတ်တို့တွင်။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ ပဌမဇ္ဈာနိကစိတ္တေသု၊ ပဌမဈာန်နှင့် ယှဉ်သော စိတ်တို့၌။ အညသမာနာ၊ အညသမာန်း မည်ကုန်သော။ တေရသ၊ ၁၃ ပါးကုန်သော။ စေတသိကာ၊ စေတသိက်တို့ရင်း။ အပ္ပမညာ ဝဇ္ဇိတာ၊ အပ္ပမညာသည် ကြဉ်အပ်ကုန်သော။ တေဝီသတိ၊ ၂၃-ပါးသော။ သောဘန စေတသိကာစ၊ သောဘန စေတသိက်တို့ရင်း။ ဣတိ၊ ဤသို့။ ဆတ္တိံသ၊ ၃၆-ပါးသော။ ဓမ္မာ၊ သဘောတရားတို့သည်။ သင်္ဂဟံ၊ ပေါင်းယူအပ်သည်၏ အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

---

၄။ အကုသိုလ်စိတ်၌ စေတသိက် ၂၇-ပါး ယှဉ်သည်။

၅။ ဖြစ်သင့်သလို အဟိတ်စိတ်၌ စေတသိက် ၁၂-ပါး ယှဉ်သည်။

ဤသို့ သင်္ဂဟနည်း ၅-မျိုး၏ ခေါင်းစဉ် ဥဒ္ဒေသကို ပြသည်၊ ယင်းသင်္ချာတို့၏ သရုပ်မှာ လွယ်ပါပြီ။

**လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-ပါး**

၃၆။ လောကုတ္တရာ ပဌမဈာန်စိတ် ၈-ပါး၌ အညသမာန်း စေတသိက် ၁၃-ပါး၊ အပ္ပမညာကြဉ်သော သောဘန စေတသိက် ၂၃-ပါး၊ ပေါင်း စေတသိက် ၃၆-ပါး ယှဉ်သည်၊ လောကုတ္တရာ ပဌမဈာန်စိတ် ၈-ပါး၏ သရုပ်ကိုလည်း စိတ်ပိုင်း၌ ပြဆိုထားခဲ့သည် အားလျော်စွာ ရေတွက်ကြည့်ပါ။

ဒုတိယဇ္ဈာနိက စိတ္တေသု၊ ဒုတိယဈာန်နှင့် ယှဉ်သော စိတ်တို့၌။ ဝိတက္က ဝဇ္ဇာ၊ ဝိတက်သည် ကြဉ်အပ်ကုန်သော။ တသာ၊ (အညသမာန်း အပ္ပမညာကြဉ်သည့် သောဘန စေတသိက်–ဟု ဆိုအပ်ကုန်သော) ထို ၃၅-ပါးသော သဘောတရားတို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

တတိယဇ္ဈာနိက စိတ္တေသု၊ တတိယဈာန်နှင့်ယှဉ်သော စိတ်တို့၌။ ဝိတက္က ဝိစာရ ဝဇ္ဇာ၊ ဝိတက် ဝိစာရသည် ကြဉ်အပ်ကုန်သော။ တထာ၊ ထို ၃၄–ပါးသော သဘောတရားတို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

စတုတ္ထဇ္ဈာနိက စိတ္တေသု၊ စတုတ္ထဈာန်နှင့်ယှဉ်သော စိတ်တို့၌။ ဝိတက္က ဝိစာရ ပီတိ ဝဇ္ဇာ၊ ဝိတက် ဝိစာရ ပီတိသည် ကြဉ်အပ်ကုန်သော။ တထာ၊ ထို ၃၃–ပါးသော သဘောတရားတို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

---

**အပ္ပမညာဝဇ္ဇိတာ။** ။လောကုတ္တရာစိတ်က နိဗ္ဗာန်ကို အာရုံပြုသည်၊ အပ္ပမညာက သတ္တဝါပညတ်ကို အာရုံပြုသည်၊ ဤသို့ အာရုံပြုပုံချင်း မတူကြသောကြောင့် ကောလမ္ဗကာလင်္ဂါ ချိတ်ရကား လောကုတ္တရာစိတ်၌ အပ္ပမညာ စေတသိက်တို့ မယှဉ်နိုင်ကြပါ။

**ဆောင်။** ။လောကုတ္တရ, နိဗ္ဗာနနှင့်, အပ္ပမညာ, သတ္တဝါစု, အာရုံပြု, ယှဉ်မှု မသင့်မှတ်။

**တနည်း။** ။နိဗ္ဗာန်မြတ်၊ အာရုံမှတ် လောကုတ္တာ၊
သတ္တဝါ-ပညတ်မျှငယ်၊ အပ္ပမညာ၊
ဤသို့သာ၊ အာရုံက ကွဲပြား၊
လောကုတ်ဝယ်-ပမညကို၊ ကြဉ်ချ ပယ်ထား။

လောကုတ္တရာ ဒုတိယဈာန်စိတ် ၈-ခု၌ ဝိတက်ကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ အပ္ပမညာကြဉ်သော သောဘန စေတသိက် ၂၃-ပါး၊ ပေါင်း ၃၅-ပါး ယှဉ်သည်၊ တထာသဒ္ဒါဖြင့် အညသမာန်းနှင့် အပ္ပမညာ ကြဉ်သော သောဘန စေတသိက်တို့ကို ငင်သည်၊ အကြောင်း သိသာ ထင်ရှားပါပြီ။

ပဉ္စမဇ္ဈာနိက စိတ္တေသုပိ၊ ပဉ္စမစျာန်နှင့် ယှဉ်သော စိတ်တို့၌လည်း။ ဥပေက္ခာ သဟဂတာ၊ ဥပေက္ခာနှင့် တကွ ဖြစ်ကုန်သော။ တေ ဧဝ၊ ထို ၃၃-ပါးသော သဘောတရားတို့ကိုပင်။ သင်္ဂယှန္တိ၊ ပေါင်းယူအပ်ကုန်၏။ ဣတိ၊ သို့။ သဗ္ဗထာပိ၊ အလုံးစုံသော အပြားအားဖြင့်လည်း။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ လောကုတ္တရစိတ္တေသု၊ လောကုတ္တရာစိတ်တို့၌။ ပဉ္စကဇ္ဈာန ဝသေန၊ ပဉ္စကစျာန်၏ အပြားအားဖြင့်။ ပဉ္စဓာဝ၊ ငါးပါးပါးအပြားအားဖြင့်သာ။ သင်္ဂဟော၊ ပေါင်းယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ ရအပ်ကုန်၏။

---

**ပဉ္စမဇ္ဈာနိက စိတ္တေသုပိ။** ။စတုတ္ထစျာန်စိတ်မှာသာ ၃၃-ပါး ယှဉ်သည် မဟုတ်၊ ပဉ္စမစျာန်စိတ်မှာလည်း ၃၃-ပါးပင် ယှဉ်သည်၊ သို့သော် "သုခဝေဒနာ အရာဝယ် ဥပေက္ခာဝေဒနာကို လဲလှယ် ထည့်သွင်းရမည်"ဟု သိစေလိုသောကြောင့် 'ပဉ္စမဇ္ဈာနိက စိတ္တေသုပိ' စသည်ကို မိန့်ဆိုထားသည်။

**ပဉ္စကဇ္ဈာန ဝသေန။** ။"ပဉ္စကစျာန်, စတုက္ကစျာန်"ဟု စျာန် ၂-မျိုး ရှိသည်၊ ထိုနှစ်မျိုးတို့တွင် ပဉ္စကစျာန်၏ အပြားအားဖြင့်—

၁။ ပထမစျာန် စိတ်၌ သင်္ဂဟကား ၃၆-ပါး တည်း၊
၂။ ဒုတိယစျာန် စိတ်၌ သင်္ဂဟကား ၃၅-ပါး တည်း၊
၃။ တတိယစျာန် စိတ်၌ သင်္ဂဟကား ၃၄-ပါး တည်း၊
၄။ စတုတ္ထစျာန် စိတ်၌ သင်္ဂဟကား ၃၃-ပါး တည်း၊
၅။ ပဉ္စမစျာန် စိတ်၌ သင်္ဂဟကား ၃၃-ပါး ပင်တည်း၊

ဤသို့ သင်္ဂဟနည်း ၅-ပါး ဖြစ်ပေါ်လာသည်။

စတုက္ကစျာန်၏ အပြားအားဖြင့်မူကား—

၁။ ပထမစျာန် စိတ်၌ ၃၆-ပါးသင်္ဂဟ တနည်း၊
၂။ ဒုတိယစျာန် စိတ်၌ ၃၄-ပါးသင်္ဂဟ တနည်း၊
၃။ တတိယစျာန် စိတ်၌ ၃၃-ပါးသင်္ဂဟ တနည်း၊
၄။ စတုတ္ထစျာန် စိတ်၌ ၃၃-ပါးသင်္ဂဟ တနည်း၊

၃၇။ အနုတ္တရေ၊ လောကုတ္တရစိတ်၌။ (သင်္ဂဟာ၊ သင်္ဂဟနည်းတို့သည်။) ယထာက္ကမံ၊ အကြင် အကြင် အစဉ်ရှိတိုင်း။ ဆတ္တိံသ၊ ဆတ္တိံသ သင်္ဂဟရင်း။ ပဉ္စတ္တိံသ၊ ပဉ္စတ္တိံသသင်္ဂဟရင်း။ စတုတ္တိံသ၊ စတုတ္တိံသ သင်္ဂဟရင်း။ တေတ္တိံသဒွယံ၊ တေတ္တိံသ သင်္ဂဟနှစ်ပါး အပေါင်းရင်း။ ဣစ္စေဝံ၊ ဤသို့။ ပဉ္စဓာ၊ ငါးပါး အပြားအားဖြင့်။ ဋ္ဌိတာ၊ တည်ကုန်၏။

## မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၅=ပါး

၃၈။ ပန၊ ကား။ မဟဂ္ဂတေသု၊ မဟဂ္ဂုတ်စိတ်တို့တွင်။ တဝေ၊ ရှေးဦးစွာ။ (နိဒ္ဒေသေသု၊ ညွှန်ပြအပ်ကုန်သော။) တိသု၊ သုံးပါးကုန်သော။ ပထမဇ္ဈာနိက စိတ္တေသု၊ ပထမဈာန်နှင့် ယှဉ်သော စိတ်တို့၌။ အညသမာနာ၊ ကုန်သော။ တေရသ၊ ကုန်သော။ စေတသိကာ၊ တို့ရင်း။ ဝိရတိတ္တယ-ဝဇ္ဇိတာ၊ ဝိရတီ သုံးပါးအပေါင်းသည် ကြဉ်အပ်ကုန်သော။ ဒွါဝီသတိ၊ ၂၂=ပါးသော။ သောဘန စေတသိကာစ၊ တို့ရင်း။ ဣတိ၊ ဤသို့။ ပဉ္စတ္တိံသ၊ ၃၅-ပါးသော။ ဓမ္မာ၊ တို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

---

ဤသို့ သင်္ဂဟနည်း ၄-နည်းမျှသာ ဖြစ်လာပါလိမ့်မည်၊ စတုက္က နည်း၌ "ပတိ သုခ ကေဂ္ဂတာ ဈာန်အင်္ဂါ သုံးပါးအပေါင်းကို ဒုတိယ ဈာန်, သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါး အပေါင်းကို တတိယဈာန်, ဉပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးအပေါင်းကို စတုတ္ထဈာန်" ဟု ခေါ်သည်။

## မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၅-ပါး

၃၈။ ဝိရတိတ္တယဝဇ္ဇိတာ=အကျင့်သီလ ဖြူစင်သန့်ရှင်းပြီးသော ယောဂီ သူမွန်တို့၏ သန္တာန်၌ သမာဓိ ကောင်းစွာရ၍ စိတ်တည်ကြည်ရုံမျှဖြင့် မဟဂ္ဂုတ်ဈာန်များ ဖြစ်နိုင်ကြသည်၊ ထို့ကြောင့် မဟဂ္ဂုတ်ဈာန်တို့ သီးခြား ပယ်ဖို့ရန် ဒုစရိုက် ဒုရာစိဝ မရှိတော့ပါ၊ လောကုတ္တရာ စိတ်များကဲ့သို့ ဒုစရိုက် အနုသယဓာတ်ကို အကြွင်းမဲ့ ဖြတ်နိုင်ကြသည်လည်း မဟုတ်၊ ထို့ကြောင့် မဟဂ္ဂုတ်စိတ်၌ ဝိရတီ စေတသိက်များ မယှဉ်နိုင်ပါ။

ပန၊ အမှာအသား စကားတရပ် ကြားညှပ်ပြအံ့။ ဧတ္ထ ဤ ၃၅-ပါး တို့တွင်။ ကရုဏာ မုဒိတာ၊ ကရုဏာ မုဒိတာတို့ကို။ ပစ္စေကမေဝ၊ တသီး တခြား တပါးစီသာ။ ယောဇေတဗ္ဗာ၊ ယှဉ်စေထိုက်ကုန်၏။

ဒုတိယဇ္ဈာနိက စိတ္တေသု၊ တို့၌။ ဝိတက္က ဝဇ္ဇာ၊ ကုန်သော။ တထာ၊ (အညသမာန်း စေတသိက်, ဝိရတီ ကြဉ်သည့် သောဘန စေတသိက်ဟု ဆိုအပ်ကုန်သော) ထို ၃၄-ပါးသော သဘောတရားတို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

တတိယဇ္ဈာနိက စိတ္တေသု၊ တို့၌။ ဝိတက္က ဝိစာရ ဝဇ္ဇာ၊ ကုန်သော။ တသာ၊ ထို ၃၃-ပါးသော သဘောတရားတို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

စတုတ္ထဇ္ဈာနိက စိတ္တေသု၊ တို့၌။ ဝိတက္က ဝိစာရ ပီတိ ဝဇ္ဇာ၊ ကုန်သော။ တထာ၊ ထို ၃၂-ပါးသော သဘောတရားတို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

---

**ဆောင်**။ ။သီလကောင်းစွာ, သန့်စင်ပါ၍, သမာဓိရ, တည်ကြည်ကြသော်, မဟဂ္ဂုစျာန်, ရနိုင်ပြန်၍, ပယ်ရန်ဒုစ္စရိ, ဒုရာဇီတို့, မရှိသည့်တွက်, စိတ်မဟဂ်ဝယ်, ယှဉ်ဖက်မရာ, ကြဉ်ရပါ, သုံးဖြာဝိရတီ။

**တနည်း**။ ။ကျင့်သီတင်း၊ ဖြူသန့်ရှင်း ယောဂီရှင်၊
စိတ်တည်ကြည်—ဈာန်ကို ရလျှင်၊ ပယ်ကြဖို့ပင်၊
ဒုစ္စရိ—မရှိစင်၊ ထို့ကြောင့်ပင် ဝိရတီ၊
မဟဂ်ဝယ်—ကြဉ်ဖယ်ရတယ်၊ မှတ်ကြပါဘိ။

**ပစ္စေကမေဝ**။ ။ကရုဏာသည် ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၏၊ မုဒိတာမူကား သုခိတ သတ္တဝါပညတ်ကို အာရုံပြု၏၊ ဤသို့ အာရုံ မတူကြသောကြောင့် ကရုဏာနှင့် မုဒိတာတို့ကို အသီးအသီး တပါးစီသာ ယှဉ်စေရသည်၊ ကရုဏာယှဉ်ခိုက် မုဒိတာကို မယှဉ်စေရ၊ မုဒိတာယှဉ်ခိုက် ကရုဏာကို မယှဉ်စေရ။

**ဆောင်**။ ။ကရုဒုက္ခိ, မုဒိသုခ, သတ္တပညတ်, ပြားလတ်အာရုံ, တူမဆုံ, ယှဉ်ပုံ သီးသီးသာ။

**အဘိဓမ္မတ္ထ-၁၀**

ဝန၊ ကား။ ပန္နရသသု၊ ၁၅-ပါးကုန်သော။ ပဉ္စမဇ္ဈာနိက စိတ္တေသု၊ တို့၌။ အပ္ပမညာယော၊ အပ္ပမညာတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဣတိ၊ သို့။ သဗ္ဗထာပိ၊ လည်း။ သတ္တဝီသတိ မဟဂ္ဂတ စိတ္တေသု၊ ၂၇-ပါးသော မဟဂ္ဂုတ်စိတ်တို့၌။ ပဉ္စကဇ္ဈာန ဝသေန၊ ဖြင့်။ ပဉ္စဓာဝ၊ လျှင်။ သင်္ဂဟော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ ရအပ်ကုန်၏။

## သင်္ဂဟဂါထာ

၃၉။ မဟဂ္ဂတေ၊ မဟဂ္ဂုတ်စိတ်၌။ (သင်္ဂဟာ၊ တို့သည်။) ယထာက္ကမံ၊ တိုင်း။ ပဉ္စတ္တိံသ၊ ပဉ္စတ္တိံသ သင်္ဂဟရင်း။ စတုတ္တိံသ၊ ရင်း။ တေတ္တိံသ၊ ရင်း။ ဗာတ္တိံသ စေဝ၊ ရင်း။ တိံသ၊ တိံသ သင်္ဂဟရင်း။ ဣတိ၊ သို့။ ပဉ္စဓာဝ၊ ငါးပါး အပြားအားဖြင့်ပင်လျှင်။ ဋ္ဌိတာ၊ တည်ကုန်၏။

---

တနည်း။ ၊ဒုက္ခိတ၊ မှတ်ပါကြ ကရုဏာ၊
သုခိဆို—ပုဂ္ဂိုလ်စုငယ်၊ မုဒိဖို့ရာ၊
ဤသို့သာ—အာရုံကကွဲပြား၊
သိမ်းသိမ်းလျှင်—ယှဉ်စေဘိတယ်၊ သိရှိမှတ်သား။

မဟဂ္ဂုတ် ပဉ္စမဈာန်စိတ် ၁၅-ပါး၌ ဝိတက် ဝိစာရ ပီတိကြဉ် အညသမာန်း စေတသိက် ၁၀၊ ဝိရတီ အပ္ပမညာကြဉ် သောဘန စေတသိက် ၂၀၊ ပေါင်း ၃၀-ယှဉ်သည်၊ သို့သော် ဝေဒနာမှာ ဥပေက္ခာ ဝေဒနာသာ ဖြစ်သည်။

မဟဂ္ဂုတ် စိတ်၌လည်း—

၁။ ပထမဈာန် စိတ်၌ ပဉ္စတ္တိံသ သင်္ဂဟ တနည်း၊

၂။ ဒုတိယဈာန် စိတ်၌ စတုတ္တိံသ သင်္ဂဟ တနည်း၊

၃။ တတိယဈာန် စိတ်၌ တေတ္တိံသ သင်္ဂဟ တနည်း၊

၄။ စတုတ္ထဈာန် စိတ်၌ ဗာတ္တိံသ သင်္ဂဟ တနည်း၊

၅။ ပဉ္စမဈာန် စိတ်၌ တိံသ သင်္ဂဟ တနည်း၊

ဤသို့ ပဉ္စကဈာန်အားဖြင့် သင်္ဂဟနည်း ၅-နည်းပင် ဖြစ်သည်၊ စတုက္ကနည်းဖြင့် ရေတွက်လိုပါက လောကုတ္တရာ၌ ဆိုထားခဲ့သည်ကို နည်းမှီး ရေတွက်ပါ၊ သင်္ချာတို့၏ အရကိုလည်း အကျယ်စကားရပ်ကို ကြည့်ကောက်ပါ။

## ကာမာဝစရ သောဘနစိတ် သင်္ဂဟနည်း ၁၂-ပါး

**၄၀။ ပန၊ ကား။ ကာမာဝစရ သောဘနေသု၊ ကာမာဝစရ သောဘန စိတ်တို့တွင်။ တာဝ၊ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေသု၊ ကုန်သော။) ကုသလေသု၊ ကုသိုလ်စိတ်တို့တွင်။ ပဌမဒွယေ၊ ပဌမအစုံ၌။ အညသမာနာ၊ ကုန်သော။ တေရသ၊ ကုန်သော။ စေတသိကာ၊ တို့ရင်း။ ပဉ္စဝီသတိ၊ ၂၅-ပါးသော။ သောဘန စေတသိကာ စ၊ တို့ရင်း။ ဣတိ၊ ဤသို့။ အဋ္ဌတ္တိံသ၊ ၃၈-ပါးသော။ ဓမ္မာ၊ တို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။**

**ပန၊ အမှာအထား စကားတရပ် ကြားညှပ် ပြဦးအံ့။ တ္ထေ၊ ဤ ၃၈-ပါးသော စေတသိက်တို့တွင်။ အပ္ပမညာ ဝိရတိယော၊ အပ္ပမညာ ဝိရတီတို့ကို။ ပဉ္စပိ၊ ငါးပါးလုံးတို့ကိုလည်း။ ပစ္စေကမေဝ၊ သာ။ ယောဇေတဗ္ဗာ၊ ကုန်၏။**

---

**ကာမာဝစရ သောဘန စိတ်သင်္ဂဟနည်း**

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိက စိတ်တို့ကို "ပဌမအစုံ"ဟု ဆိုသည်၊ ဒုတိယ အစုံ စသည်တို့ကိုလည်း ဆက်လက် ရေတွက်ပါ။

မဟာကုသိုလ် ပဌမအစုံ၌ အညသမာန်း ၁၃-ပါး၊ သောဘန စေတသိက် ၂၅-ပါး၊ ပေါင်း ၃၈-ပါးသော စေတသိက်တို့ ယှဉ်ကြသည်၊ ဝိရတီနှင့် အပ္ပမညာတို့ အသီးအသီး ယှဉ်ရခြင်း၏ အကြောင်းကို အနိယတ ယောဂီ အဖွင့် (၆၇) ၌ ပြခဲ့ပါပြီ။

ယင်းသို့ ဝိရတီနှင့် အပ္ပမညာတို့အသီးအသီး ယှဉ်ရသောကြောင့် "အများဆုံး ၃၄-ပါး တပြိုင်နက် ယှဉ်ကြသည်၊ အမြဲအားဖြင့်မူ ၃၃-ပါးသာ ယှဉ်နိုင်သည်"ဟု ခွဲပါ၊ နာနာ ကဒါစိ စေတသိက်တို့ ပါဝင်သည့် နေရာတိုင်း မှာ "ယှဉ်နိုင်သမျှသော စေတသိက်, အများဆုံး တပြိုင်နက် ယှဉ်သော စေတသိက်, အမြဲအားဖြင့်ယှဉ်သော စေတသိက်"ဟု ၃-မျိုးရသင့်သည်ချည်း။

မဟာကြိယာ စိတ်၌လည်း အစုံ ၄-စုံပင် ဖြစ်သည်၊ ထိုတွင် ပဌမ အစုံ၌ ဝိရတီကြဉ် ၃၅-ပါးယှဉ်သည်၊ ဒုတိယအစုံ စသည်တို့၌လည်း ဉာဏ်ပီတိတို့ကို ယထာရဟ ကြဉ်၍ ရေတွက်ရရုံမျှသာ ဖြစ်သည်။

**ဝိရတိဝဇ္ဇိတာ။** ။ဇလောကီ ဝိရတီမှန်လျှင် ကေန် ကုသိုလ်သဘောရှိသည်၊ ထို့ကြောင့် အဗျာကတဇာတ် ဖြစ်သော ဝိပါက်, ကြိယာတို့၌ မယှဉ်နိုင်။

ဒုတိယ ဒွယေ၊ ဒုတိယ အစုံ၌။ ဉာဏ ဝဇ္ဇိတာ၊ ဉာဏ်သည် ကြဉ်အပ်ကုန်သော။ တထာ၊ ထို ၃၇-ပါးသော သဘောတရားတို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

တတိယ ဒွယေ၊ တတိယ အစုံ၌။ ဉာဏ သမ္ပယုတ္တာ၊ ဉာဏ်နှင့် ယှဉ်ကုန်သော။ ပီတိ ဝဇ္ဇိတာ၊ ပီတိသည် ကြဉ်အပ်ကုန်သော။ တထာ၊ ထို ၃၇-ပါးသော သဘောတရားတို့သည်။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

စတုတ္ထ ဒွယေ၊ စတုတ္ထ အစုံ၌။ ဉာဏ ပီတိ ဝဇ္ဇိတာ၊ ဉာဏ် ပီတိ သည် ကြဉ်အပ်ကုန်သော။ တေဝေ၊ ထိုအညသမာန်း သောဘန စေတသိက်တို့ကိုပင်။ သင်္ဂယှန္တိ၊ ပေါင်းယူအပ်ကုန်၏။

ကြိယ စိတ္တေသုပိ၊ ကြိယာစိတ်တို့၌လည်း။ ဝိရတိ ဝဇ္ဇိတာ၊ ဝိရတီသည် ကြဉ်အပ်ကုန်သော။ တေဝေ၊ ထိုအညသမာန်း သောဘန စေတသိက်တို့ကိုပင်။ တထေဝ၊ ထိုမဟာကုသိုလ်စိတ် အတူသာလျှင်။ စတူသုပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဒုကေသု၊ အစုံတို့၌။ စတုဓာဝ၊ လေးပါး အပြားအားဖြင့်သာလျှင်။ သင်္ဂယှန္တိ၊ ကုန်၏။

တထာ၊ ထိုကြိယာစိတ်အတူ။ ဝိပါကေသု စ၊ ဝိပါက်စိတ်တို့၌လည်း။ အပ္ပမညာ ဝိရတိ ဝဇ္ဇိတာ၊ အပ္ပမညာ ဝိရတီသည် ကြဉ်အပ်ကုန်သော။ တေဝေ၊ တို့ကိုပင်။ သင်္ဂယှန္တိ၊ ကုန်၏။ ဣတိ၊ သို့။ သဗ္ဗထာပိ၊ လည်း။ စတုဝီသတိ ကာမာဝစရ သောဘန စိတ္တေသု၊ ၂၄-ပါးသော ကာမာ

---

ဆောင်။ ။ဝိရတ်ဇာတ်,လောကီဖြစ်လျှင်,စင်စစ်ကုသလ, သဘာဝကြောင့်, အဗျာဇာတိ,ဝိပါက် ကြိ,မှတ်သိ မယှဉ်သင့်။

တနည်း။ ။ဝိရတိ၊ လောကီယမှန်လျှင်၊
[illegible]ကန်—[illegible]သလငယ်၊ ဖြစ်ရထင်ထင်၊
[illegible]ကြောင့်ပင်၊ ဗျာဇာတ်တွင် လွတ်ကင်း၊
တွဲမယှဉ်—ပဲကြဉ်ရတယ်၊ မှတ်ကြ ရှင်းရှင်း။

မဟာဝိပါက် စိတ်၌လည်း ၄-စုံပင် ရှိသည်၊ ပထမ အစုံ၌ အညသမာန်း ၁၃၊ အပ္ပမညာ ဝိရတိကြဉ် သောဘန စေတသိက် ၂၀၊ ပေါင်း ၃၃ ပါးယှဉ်သည်၊ ဤသို့ စသည်ဖြင့် ခွဲစိတ် ဝေဖန်ပါ။

ဝစရ သောဘန စိတ်တို့၌။ ဒုက ဝသေန၊ အစုံ၏ အပြားအားဖြင့်။ ဒွါဒသဓာဝ၊ ၁၂-ပါး အပြားအားဖြင့်သာလျှင်။ သင်္ဂဟော၊ ပေါင်းယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ ရအပ်ကုန်၏။

## သင်္ဂဟဂါထာများ

၄၁။ သဟေတု ကာမာဝစရ ပုည ပါက ကြိယာ မနေ၊ ကာမာဝစရ ကုသိုလ်,သဟိတ် ကာမာဝစရ ဝိပါက်,သဟိတ် ကာမာဝစရ ကြိယာစိတ်တွင်။ သုဘော၊ ကာမာဝစရ ကုသိုလ်စိတ်၌။ အဋ္ဌတ္တိံသ၊ အဋ္ဌတ္တိံသသင်္ဂဟသည်ရင်း။ သတ္တတ္တိံသ ဒွယံ၊ သတ္တတ္တိံသ သင်္ဂဟ နှစ်ပါးအပေါင်းသည်ရင်း။ ဆတ္တိံသ သကံ၊ ဆတ္တိံသ သင်္ဂဟသည်ရင်း။ ဘဝေ၊ ဖြစ်၏။ ကြိယေ၊ သဟိတ် ကာမာဝစရ ကြိယာစိတ်၌။ ပဉ္စတ္တိံသ၊ သည်ရင်း။ စတုတ္တိံသ ဒွယံ၊ စတုတ္တိံသ သင်္ဂဟ နှစ်ပါးအပေါင်းသည်ရင်း။ တေတ္တိံသ သကံ၊ တေတ္တိံသ သင်္ဂဟသည်ရင်း။ ဘဝေ၊ ဖြစ်၏။ ပါကေ၊ သဟိတ် ကာမာဝစရ ဝိပါက်စိတ်၌။ တေတ္တိံသ၊ သည်ရင်း။ ဗာတ္တိံသ ဒွယံ၊ ဗာတ္တိံသ သင်္ဂဟ နှစ်ပါးအပေါင်းသည်ရင်း။ ဧကတ္တိံသကံ၊ ဧကတ္တိံသ သင်္ဂဟသည်ရင်း။ ဘဝေ၊ ဖြစ်၏။

---

**အပ္ပမညာဝဇ္ဇိတာ**။ ။ကာမ ဝိပါက်သာ မှန်ခဲ့ပါလျှင် "ပရိတ္တ" ခေါ်သော ကာမတရားကို ကေန်အာရုံပြုကြရသည်၊ ထို့ကြောင့်ပင် ယင်းကာမ ဝိပါက်စိတ်တို့၌ သတ္တဝါပညတ်ကို ကေန် အာရုံပြုကြသော အပ္ပမညာတို့ မယှဉ်နိုင်ပေ။

**ဆောင်**။ ။ကာမာဝစရ, ဝိပါကလျှင်, ပရိတ္တဖု,အာရုံပြု၍, ဒုသု ပညတ်, အာရုံကပ်သည်,အပ္ပမညာ,ထိုနှစ်ဖြာ,မှန်စွာမယှဉ်သင့်။

**တနည်း**။ ။ဝိပါက၊ ကာမသာ မှန်ခဲ့လျှင်၊
ပရိတ္တာ—အာလမ္ဗဏ်၊ ဖြစ်ရ ကြောင်းထင်၊
အပ္ပမဉ်၊ မြဲအစဉ် ပညတ်၊
အာရုံသာ—ပြုပါကြတယ်၊ ကြဉ်ရ မချွတ်။

ဆိုခဲ့ပြီးသည်အား လျော်စွာ ကာမာဝစရ သောဘနစိတ်ကို အစုံဖွဲ့လျှင် ကုသိုလ်အတွက် ၄-စုံ၊ ကြိယာအတွက် ၄-စုံ၊ ဝိပါက်အတွက် ၄-စုံ၊ ပေါင်း ၁၂-စုံ ဖြစ်သောကြောင့် တစုံလျှင် သင်္ဂဟနည်း တနည်းစီအားဖြင့် သင်္ဂဟနည်း ၁၂-နည်းဖြစ်သည်။

## ထိုထို စိတ်၌ မယှဉ်နိုင်သော စေတသိက်များ

၄၂။ ဧတ္ထ၊ ဤသောဘနစိတ်တို့တွင်။ ကြိယေသုစ၊ သဟိတ်ကာမာဝစရ ကြိယာစိတ်တို့၌ရင်း။ မဟဂ္ဂတေ၊ မဟဂ္ဂုတ်စိတ်၌ရင်း။ ဝိရတီ၊ ဝိရတီတို့သည်။ န ဝိဇ္ဇန္တိ၊ မရှိကုန်။ အနုတ္တရေ၊ လောကုတ္တရာစိတ်၌။ အပ္ပမညာ၊ အပ္ပမညာတို့သည်။ န ဝိဇ္ဇန္တိ၊ မရှိကုန်။ ကာမပါကေ၊ သဟိတ်ကာမာဝစရ ဝိပါက်စိတ်၌။ ဒွယံ၊ ဝိရတီ အပ္ပမညာ နှစ်မျိုးလုံးသည်။ တထာ၊ ထို့အတူ။ န ဝိဇ္ဇတိ၊ မရှိ။

| စိတ် | ကုသိုလ်၌ | ကြိယာ၌ | ဝိပါက်၌ |
|---|---|---|---|
| ပထမဈာန် | [illegible] | [illegible] | [illegible] |
| ဒုတိယဈာန် | [illegible] | [illegible] | [illegible] |
| တတိယဈာန် | [illegible] | [illegible] | [illegible] |
| စတုတ္ထဈာန် | [illegible] | [illegible] | [illegible] |

### ထိုထိုစိတ်၌ မယှဉ်နိုင်သောစေတသိက်

၄၂။ 'န ဝိဇ္ဇန္တေတ္ထ' စသော ဂါထာသည် ဆိုခဲ့ပြီးသော သောဘန သင်္ဂဟနည်းတို့ဝယ် ထိုထိုစိတ်၌ မယှဉ်နိုင်သော စေတသိက်တို့ကို ပေါင်းယူ ရေတွက်ပြသော ဂါထာ ဖြစ်သည်။

မဟာကြိယာစိတ်နှင့် မဟဂ္ဂုတ်စိတ်တို့၌ ဝိရတီမယှဉ်၊ လောကုတ္တရာစိတ်၌ အပ္ပမညာ မယှဉ်၊ မဟာဝိပါက်စိတ်၌ ဝိရတီ အပ္ပမညာ ၂-ပါးလုံး မယှဉ်—ဟု ဆိုလိုသည်။

ဤသည်ကိုပင် အထောက်အထားပြု၍—

၁။ လောကုတ္တရာစိတ်၌ ဝိရတီသာယှဉ်၍ အပ္ပမညာ မယှဉ်၊
၂။ မဟာကြိယာစိတ်နှင့် မဟဂ္ဂုတ်စိတ်တို့၌ အပ္ပမညာသာ ယှဉ်၍ ဝိရတီ မယှဉ်၊
၃။ မဟာကုသိုလ်စိတ်၌ ဝိရတီ, အပ္ပမညာ ၂-ပါးလုံး ယှဉ်နိုင်သည်၊
၄။ မဟာဝိပါက်စိတ်၌ ဝိရတီ, အပ္ပမညာ ၂-ပါးလုံး မယှဉ်နိုင်၊ ဤသို့လည်း ခွဲစိတ် ဝေဖန်နိုင်ပါသေးသည်။

## စိတ်ချင်း ထူးခြားအောင်ပြုသော စေတသိက်များ

**အနုတ္တရေ၊ လောကုတ္တရာစိတ်၌။ ဈာနင်္ဂမှာ၊ ဈာန်တရားတို့သည်။ ဝိသေသကာ၊ စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုတတ်ကုန်၏။ မဇ္ဈိမေ၊ မဟဂ္ဂုတ်စိတ်၌။ အပ္ပမညာစ၊ အပ္ပမညာတို့သည်ရှင်း။ ဈာနင်္ဂမှာစ၊ ဈာန်တရားတို့သည်ရှင်း။ ဝိသေသကာ၊ ကုန်၏။ ပရိတ္တေသု၊ ကာမသောဘန စိတ်တို့၌။ ဝိရတိ ဉာဏ ပီတိစ၊ ဝိရတိ ဉာဏ် ပီတိတို့သည်ရှင်း။ အပ္ပမညာစ၊ အပ္ပမညာတို့သည်ရှင်း။ ဝိသေသကာ၊ ကုန်၏။**

---

**ဝိသေသကစေတသိက်**

''အနုတ္တရေ ဈာနင်္ဂမှာ''စသော ဂါထာဖြင့် ဝိသေသက စေတသိက်များကို ပေါင်းစု ရေတွက်ပြသည်၊ မိမိယှဉ်ရာ စိတ်စုကို တသန့်ထား၍ မိမိယှဉ်ရာ မဟုတ်သော စိတ်များနှင့် ခွဲခြားတတ်သည်ကိုပင် ''ဝိသေသက (ထူးခြားအောင် ပြုသည်)'' ဟု ဆိုရသည်။

**ဆောင်။**　။ယှဉ်ရာစိတ်များ, သီးသန့်ထား၍, ယှဉ်ငြားမရာ, စိတ်များစွာ, ခွဲပါ ဝိသေသက။

**တနည်း။**　။ယှဉ်စိတ်များ၊ သီးသန့် ထားပြီးကာ၊
ကိုယ်ယှဉ်ရာ—မဟုတ်ငြားတယ်၊ စိတ်များနှင့်သာ၊
သေချာစွာ၊ နေရာကျ ခွဲခြား၊
ခေါ်ရလေ—ဝိသေသယ်၊ ကျန မှတ်သား။

လောကုတ္တရာစိတ်၌ ဈာန်တရားတို့က စိတ်ချင်း ကွဲပြားအောင် ပြုပေးကြသည်၊ မဟဂ္ဂုတ်စိတ်၌ အပ္ပမညာနှင့် ဈာန်တရားတို့က စိတ်ချင်း ကွဲပြားအောင် ပြုပေးကြသည်၊ ကာမာဝစရ သောဘနစိတ်တို့၌ ဝိရတီ, ဉာဏ်, ပီတိနှင့်အပ္ပမညာတို့က စိတ်ချင်း ကွဲပြားအောင် ပြုပေးကြသည်။

ထိုတွင် 'ဈာန်တရားတို့' ဟူသည် ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, (ဧကဂ္ဂတာ) တို့ပင်တည်း၊ ဝိတက်သည် လောကုတ္တရာစိတ်တွင် ပထမဈာန်စိတ်၌သာ ယှဉ်၍ ဒုတိယဈာန်စိတ် စသည်တို့၌ မယှဉ်၊ ဤသို့ ဝိတက်ယှဉ်မှု မယှဉ်မှုကြောင့် ပထမဈာန်စိတ်သည် ဒုတိယဈာန်စိတ် စသည်တို့မှ ကွဲပြား ထူးခြားရလေသည်၊ ဝိစာရစသည်တို့နှင့် စပ်လျဉ်း၍လည်း ဖြစ်ထိုက်သည် အားလျော်စွာ ချဲ့ထွင် စဉ်းစားပါ၊ ဤသို့ မိမိယှဉ်ရာ စိတ်စုကိုတသန့်ထား၍ မိမိယှဉ်ရာ မဟုတ်သော စိတ်များနှင့် ခွဲခြားတတ်သော သဘောကိုပင် ''ဝိသေသက (ထူးခြားအောင် ပြုသည်)''ဟု ဆိုသည်။

ဝိသေသက အမည်ရသင့်သော စေတသိက်များကား ဤမျှသာ ရှိသည် မဟုတ်ပါ၊ အသောဘနစိတ်တို့၌ အထူးပြုတတ်သော ဝိသေသက စေတသိက်များလည်း ရှိပါသေးသည်၊ ယင်းတို့ကို သမ္ပယောဂနည်း၌ အထိုက်အလျောက် ပြဆိုထားခဲ့ပြီးပါပြီ။

## ဝိပ္ပယောဂနည်းသစ်

**ဆောင်။** ။ (၁) မှတ်လော့ များရှင်လူ၊ — နဝိဇ္ဇန္တေတ္ထ, ဆရာပြတိုင်း၊ ဝိပ္ပနည်းသစ်ထုပိမ့်။ လွယ်တကူ မှတ်လိုငြား၊ — သတ္တဝီ အကု၊ ဟေတုတေရ၊ အဋ္ဌတိံသာ၊ သောဘနာဟု၊ ဦးစွာသုံးစု ထားလော့။ (၂) စိတ်ရှစ်ပါး လောဘမူ၊ — ဒေါစတုက္ကာ၊ ဝိ-ကိစ္ဆာကို၊ ဦးစွာနုတ်ပယ်ယူသင့်။ သမ်လေးမူ၊ မာနပယ်၊— ဝိပ္ပယုတ်တွင်၊ ဒိဋ္ဌိကြဉ်၍၊ 'ဥ' တွင် ပီတိထပ်ပယ်လော့။ ဒေါသမူဝယ် ကေန်ပင်၊— "ပီ, လော, ဒိဋ္ဌ, မာ၊ ဝိကိစ္ဆာ"ဟု၊ ငါးဖြာ နုတ်ပယ် ကြဉ်လော့။ ငါးအသင်ထိ, မိဒ်ပယ်၊— မောဟမူကျ၊ ဆန္ဒ, ပီတိ၊ လော, ဒိ, မာန၊ ဒေါစတုက္ကာ၊ ထံ, မိဒ္ဓါတို့၊ မရာ ကင်းဆိတ်ကွယ်၏။ ဝိစိဝယ် မိမောကွံ၊ — ဥဒ္ဓစ္စတွင်၊ ဝိစိကြဉ်၍၊ မယှဉ်နယ၊ အကုသဝယ်၊ ကိုးမျှ မှတ်သင့်တန်၏။ (၃) ဟသိတုပ္ပံ ဆန္ဒသာ၊— ဝေါဋ္ဌဗ္ဗန၊ ဆန္ဒနှင့်ပီ၊ သောသန္တိဝယ်၊ ဝီနှင့်ဆန္ဒော။ မနောခါတု၊ ဥပေက်သန္တိ၊ ပေါင်းငါးလီမှာ၊ ဆန်, ပီ, ဝီရိယ၊ ဒွေးပဉ္စဝယ်၊ ကြဉ်ရ ပကိဏ်း၊ ငါးမျိုးထိန်းသည်၊ လူပြိန်း လွယ်လှပါ၏။ (၄) မဟာကြိယာ မဟဂ္ဂုတ်၊— ဝိရတီကြဉ်၊ လောကုတ်တွင်မူ၊ ပမဉ်ကြဉ်ဘိ၊ မဟာဝိဝယ်၊ ဝိနှင့်ပမဉ်၊ ငါးခု ကြဉ်သော်၊ ပေါင်းယှဉ် ကေန်ဟုတ်လိမ့်။ အစိတ်ယုတ်ဆင့်ပယ်လေ၊— မဟာကုသလာ၊ ဝိပါကြိယ၊ ဒုတိယမှန်၊ ဒွေးသုံးတန်၌၊ ဉာဏ်ကို ပယ်ပေး၊ တတိဒွေး၌၊ ကင်းဝေး ပီတိ၊ စတုတ်ဒွိ၌၊ ပီတိနှင့်ဉာဏ်၊ ဤနှစ်တန်ကို၊ မချန် ကြွင်းမဲ့ချေဟု။ ဒုတိယေ ဈာန်ဆယ့်တခု၊— ဝိတက်ကြဉ်ရ၊ တတိယဆက်၊ ဆယ့်တချက်၌၊ ဝိတက်, ဝိစာ၊ စတုတ္ထာမူ၊ တက်, စာ, ပီနုတ်၊ မဟဂ္ဂုတ်မှန်၊ ပဉ္စဈာန်သတ်မှတ်၊ ဆယ့်ငါးရပ်၌၊ အပ္ပမညာ၊ တက်, စာ, ပီတိ၊ ကြဉ်ရဘိသည်၊ ဆယ်ရှိနည်းတစုနှင့်။ (၅) ပေါင်းကာစု စတုဝိ၊— စေတသိက်ယှဉ်ရာ၊ လွယ်လှပါသည်၊ ဝိပ္ပါနည်းအဆီ တည့်လေ။

## အဝိပ္ပါယ်ဖွင့်ပြချက်

(၁) 'န ဝိဇ္ဇန္တေတ္ထ ဝိရတီ' စသော ဂါထာကို နည်းယူ၍ ဝိပ္ပယောဂနည်းကို ဆက်လက် ပြဆိုပါဦးမည်။

စေတသိက်ယှဉ်ရာ၌—

၁။ အညသမာန်း စေတသိက် ၁၃-ပါး၊ အကုသိုလ်စေတသိက် ၁၄-ပါး၊ ဤ ၂၇-ပါးကို အကုသလရာသိ၊

၂။ အညသမာန်း စေတသိက် ၁၃-ပါးကို အဟေတုကရာသိ၊

၃။ အညသမာန်း စေတသိက် ၁၃-ပါး၊ သောဘန စေတသိက် ၂၅-ပါး၊ ဤ ၃၈-ပါးကို သောဘနရာသိ၊

ဤသို့ ရာသိ ၃-ပါးကို ဦးစွာ ပိုင်းခြားထားအပ်၏။

(အဟိတ်စိတ် ၁၈-ခုတို့၌ ဆန္ဒ မယှဉ်သော်လည်း ကြည်လွယ်စေခြင်းငှါ အဟေတုကရာသိကို ၁၃-ပါးပင် ထားသည်။)

## (၂) အကုသိုလ်စိတ်၌ ဝိပ္ပယောဂနည်း ၉-ပါး

၁။ လောဘမူစိတ် ၈-ပါး၌ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ၊ ဤ စေတသိက် ၅-ပါး မယှဉ်၊

၂။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ မာန မယှဉ်၊

၃။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ ဒိဋ္ဌိ မယှဉ်၊

၄။ ဥပေက္ခာသဟဂုတ် ၄-ခုတို့၌ ပီတိ မယှဉ်၊

၅။ ဒေါသမူဒွေး၌ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ၊ ဤစေတသိက် ၅-ပါး မယှဉ်၊

၆။ လောဘမူ ဒေါသမူ အသင်္ခါရိကစိတ် ၅-ခုတို့၌ ထိန, မိဒ္ဓ မယှဉ်၊

၇။ မောဟမူဒွေး၌ "ဆန္ဒ, ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ" ဟူသော စေတသိက် ၁၁-ပါး မယှဉ်၊

၈။ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ အဓိမောက္ခ မယှဉ်၊

၉။ ဥဒ္ဓစ္စ သဟဂုတ်စိတ်၌ ဝိစိကိစ္ဆာ မယှဉ်၊

ဤသို့ အကုသိုလ်စိတ်၌ ဝိပ္ပယောဂနည်း ၉-ပါး ဖြစ်၏။

## (၃) အဟိတ်စိတ်၌ ဝိပ္ပယောဂနည်း ၅-ပါး

၁။ ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒ မယှဉ်၊

၂။ မနောဒွါရာဝဇ္ဇန်း စိတ်၌ ဆန္ဒ, ပီတိ မယှဉ်၊

၃။ သောမနဿ သန္တီရဏစိတ်၌ ဆန္ဒ, ဝီရိယ မယှဉ်၊

၄။ သမ္ပဋိစ္ဆိုင်း ဒွေး, ဥပေက္ခာသန္တီရဏ ၂-ပါး, ပဉ္စဒွါရာဝဇ္ဇန်း၊ ဤ ၅-ပါးသော စိတ်တို့၌ ဆန္ဒ, ပီတိ, ဝီရိယ မယှဉ်၊

၅။ ဒွေး ပဉ္စဝိညာဏ် ၁၀-၌ ပကိဏ်းစေတသိက် ၆-ပါး မယှဉ်၊

ဤသို့အဟိတ်စိတ်၌ ဝိပ္ပယောဂနည်း ၅-ပါး ဖြစ်၏။

## (၄) သောဘနစိတ်၌ ဝိပ္ပယောဂနည်း ၁၀-ပါး

၁။ မဟာကြိယာစိတ် ၈-ပါး, မဟဂ္ဂုတ်စိတ် ၂၇-ပါးတို့၌ ဝိရတီ ၃-ပါး မယှဉ်၊ (န ဝိဇ္ဇန္တေတ္ထ ဝိရတီ၊ ကြိယေသု စ မဟဂ္ဂတေ။)

၂။ လောကုတ္တရာစိတ်၌ အပ္ပမညာ ၂-ပါး မယှဉ်၊ (အနုတ္တရေ အပ္ပမညာ။)

၃။ မဟာဝိပါက်စိတ် ၈-ပါး၌ ဝိရတီ အပ္ပမညာ စေတသိက် ၅-ပါး မယှဉ်၊ (ကာမပါကေ ဒွယံ တထာ။)

၄။ မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ဒုတိယဒွေး၌ ဉာဏ်မယှဉ်၊

၅။ တတိယဒွေး၌ ပီတိ မယှဉ်၊

၆။ စတုတ္ထဒွေး၌ကား ဉာဏ်, ပီတိ ၂-ပါးလုံးပင် မယှဉ်၊

၇။ မဟဂ္ဂုတ် လောကုတ္တရာ ဒုတိယစျာန် ၁၁-ခုတို့၌ ဝိတက် မယှဉ်၊

၈။ တတိယစျာန်စိတ် ၁၁-ခုတို့၌ ဝိတက်, ဝိစာရ မယှဉ်၊

၉။ စတုတ္ထစျာန်စိတ် ၁၁-ခုတို့၌ ဝိတက်, ဝိစာရ, ပီတိ မယှဉ်၊

၁၀။ မဟဂ္ဂုတ် ပဉ္စမစျာန်စိတ် ၁၅-ပါးတို့၌ ဝိတက်, ဝိစာရ, ပီတိ, အပ္ပမညာ၊ ဤ ၅-ပါး မယှဉ်၊

ဤသို့ သောဘနစိတ်၌ ဝိပ္ပယောဂနည်း ၁၀-ပါး ဖြစ်၏။

(၅) ဤသို့လျှင် ''အကုသိုလ် ဝိပ္ပယောဂနည်း ၉-ပါး, အဟိတ် ဝိပ္ပယောဂနည်း ၅-ပါး, သောဘန ဝိပ္ပယောဂနည်း ၁၀-ပါး''အားဖြင့် ဝိပ္ပယောဂနည်း ၂၄-ပါး ဖြစ်သတည်း။

## သင်္ဂဟနည်း အခြေခံ

အကုသိုလ်စိတ် ၁၂-ပါးတို့၌ အကုသလရာသိ စေတသိက် ၂၇-ပါးတို့ ဖြစ်သင့်သည်အားလျော်စွာ ယှဉ်သည်၊ ယင်းဖြစ်သင့်သည်အားလျော်စွာ ယှဉ်ပုံကို သိလိုလျှင် အကုသလရာသိ စေတသိက် ၂၇-ပါးကိုတည်၊ မယှဉ်သည်ကို နှုတ်၊ အကြွင်း အယှဉ် ဖြစ်၏။

အဟိတ်စိတ် ၁၈-ပါးတို့၌ အဟေတုကရာသိ စေတသိက်များ ဖြစ်သင့်သည်အားလျော်စွာ ယှဉ်သည်၊ ယင်းဖြစ်သင့်သည်အားလျော်စွာ ယှဉ်ပုံကို သိလိုလျှင် အဟေတုကရာသိ စေတသိက် ၁၃-ပါးကို တည်၊ မယှဉ်သည်ကို နှုတ်၊ အကြွင်း အယှဉ် ဖြစ်၏။

သောဘန စိတ်တို့၌ သောဘနရာသိ စေတသိက် ၃၈-ပါး ဖြစ်သင့်သည် အားလျော်စွာ ယှဉ်သည်၊ ယင်းဖြစ်သင့်သည်အားလျော်စွာ ယှဉ်ပုံကို သိလိုလျှင် မယှဉ်သည်ကို နှုတ်၊ အကြွင်း အယှဉ် ဖြစ်၏။

အသောဘနစိတ်, သောဘနစိတ် ၂-မျိုး ပါဝင်ရာ၌ စေတသိက် ၅၂-ပါးကို မူတည်၍ မယှဉ်သည်ကို နှုတ်၊ အကြွင်း အယှဉ် ဖြစ်၏။

## သင်္ဂဟနည်း

### အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ

လောဘမူစိတ် ၈-ပါး၌ ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ် စေတသိက် ၂၂-ပါး ယှဉ်သည်။

ပထမ အသင်္ခါရိက စိတ်၌ ယင်း ၂၂-ပါးတွင် မာန,ထိန,မိဒ္ဓကို နှုတ်၊ အကြွင်း ၁၉-ပါး ယှဉ်သည်၊ သသင်္ခါရိက စိတ်၌ မာန တခုကိုသာ နှုတ်၊ ၂၁-ပါး ယှဉ်သည်။

ဒုတိယ အသင်္ခါရိက စိတ်၌ ဒိဋ္ဌိ, ထိန,မိဒ္ဓကို နှုတ်၊ ၁၉-ပါး ယှဉ်သည်၊ သသင်္ခါရိက စိတ်၌ ဒိဋ္ဌိ တခုကိုသာ နှုတ်၊ ၂၁-ပါး ယှဉ်သည်။

တတိယ အသင်္ခါရိက စိတ်၌ ပီတိ,မာန,ထိန,မိဒ္ဓ ၄-ပါးကို နှုတ်၊ ၁၈-ပါး ယှဉ်သည်၊ သသင်္ခါရိက စိတ်၌ ပီတိနှင့်မာနကိုသာ နှုတ်၊ ၂၀-ယှဉ်သည်။

စတုတ္ထ အသင်္ခါရိက စိတ်၌ ပီတိ,ဒိဋ္ဌိ,ထိန,မိဒ္ဓ ၄-ပါးကို နှုတ်၊ ၁၈-ပါး ယှဉ်သည်၊ သသင်္ခါရိက စိတ်၌ ပီတိနှင့် ဒိဋ္ဌိကိုသာ နှုတ်၊ ၂၀-ယှဉ်သည်။

ဤလောဘမူစိတ် ၈-ပါး၌ ပီတိ,ဒိဋ္ဌိ,မာန,ထိန,မိဒ္ဓ၊ ဤ ၅-ပါးတို့ကို သတိထား၍ နှုတ်ပါလေ။

ဒေါသမူဒွေး၌ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ် စေတသိက် ၂၂-ပါး ယှဉ်သည်။

ပဌမ အသင်္ခါရိကစိတ်၌ ယင်း ၂၂-ပါးတွင် ထိန,မိဒ္ဓကို နှုတ်၊ ၂၀-ယှဉ်သည်၊ သသင်္ခါရိက စိတ်၌ နှုတ်ဖွယ်မလို၊ ၂၂-ပါးပင် ယှဉ်သည်။

မောဟမူဒွေး၌ မယှဉ် ၁၁-ပါးကိုနှုတ်၊ အကြွင်း ၁၆-ပါးယှဉ်သည်။

ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ ယင်း ၁၆-ပါးတွင် အဓိမောက္ခကို နှုတ်၊ ကျန် ၁၅-ပါး ယှဉ်သည်။

ဥဒ္ဓစ္စ သဟဂုတ်စိတ်၌ ဝိစိကိစ္ဆာကို နှုတ်၊ ကျန် ၁၅-ပါးယှဉ်သည်။

**အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ**

ဟသိတုပ္ပါဒ်စိတ်၌ အပဟေတုကရာသိတွင် ဆန္ဒကို နှုတ်၊ ကြွင်း ၁၂-ပါး ယှဉ်သည်။

မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒနှင့်ပီတိကို နှုတ်၊ ကြွင်း ၁၁-ပါးယှဉ်သည်။

သောမနဿ သန္တီရဏစိတ်၌ ဆန္ဒနှင့် ဝီရိယကို နှုတ်၊ ကြွင်း ၁၁-ပါး ယှဉ်သည်။

သမ္ပဋိစ္ဆိုင်းဒွေး၊ ဥပေက္ခာ သန္တီရဏ ၂-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဤ၅-ပါး သော စိတ်တို့၌ ဆန္ဒ,ပီတိ,ဝီရိယကို နှုတ်၊ ကြွင်း ၁၀-ပါးယှဉ်သည်။

ဒွေးပဉ္စဝိညာဏ် ၁၀-၌ ပကိဏ်း စေတသိက် ၆-ပါးကို နှုတ်၊ ကြွင်း သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးယှဉ်သည်။

ဤအဟိတ်စိတ်၌ ဝိတက်,ဝိစာရ,အဓိမောက္ခ,ဝီရိယ,ပီတိ၊ဤ ၅-ပါးတို့ကို သတိထားပါ။

**ကာမာဝစရ သောဘနစိတ်၌ စေတသိက်ယှဉ်ပုံ**

မဟာကုသိုလ်စိတ် ၈-ပါး၌ရင်း၊ မဟာကုသိုလ် ပထမအစုံ၌ရင်း သော ဘနရာသိအတိုင်း စေတသိက် ၃၈-ပါး ယှဉ်သည်။

ဒုတိယ အစုံ၌ ယင်း ၃၈-ပါးတွင် ဉာဏ်ကို နှုတ်၊ ၃၇-ပါး ယှဉ်သည်။

တတိယ အစုံ၌ ပီတိကို နှုတ်၊ ကြွင်း ၃၇ ပါး ယှဉ်သည်။

စတုတ္ထ အစုံ၌ ဉာဏ်,ပီတိကို နှုတ်၊ ကျန် ၃၆-ပါးယှဉ်သည်။

မဟာဝိပါက်စိတ် ၈-ပါး၌ရင်း၊ မဟာဝိပါက်စိတ် ပထမ အစုံ၌ရင်း သောဘနရာသိတွင် ဝိရတီနှင့် အပ္ပမညာကို နှုတ်၊ ကျန် ၃၃-ပါး ယှဉ်သည်။

မဟာကြိယာစိတ် ၈-ပါး၌ရင်း၊ မဟာကြိယာ ပထမ အစုံ၌ရင်း သော-ဘန ရာသိတွင် ဝိရတီ ၃-ပါးကို နှုတ်၊ ကျန် ၃၅-ပါး ယှဉ်သည်။

မဟာဝိပါက် မဟာကြိယာ ဒုတိယ အစုံ,တတိယအစုံ, စတုတ္ထအစုံတို့၌ လည်း ကုသိုလ်၌ ပြထားခဲ့သည့်အတိုင်း နှုတ်ပါ၊ လွယ်လှပါ၏။

**မဟဂ္ဂုတ်စိတ်၌ စေတသိက်ယှဉ်ပုံ**

မဟဂ္ဂုတ်စိတ် ၂၇-ပါး၌ရင်း၊ မဟဂ္ဂုတ် ပထမစျာန်စိတ် ၃-ပါး၌ရင်း သောဘန ရာသိတွင် ဝိရတီ ၃-ပါးကို နှုတ်၊ ကျန် ၃၅-ပါး ယှဉ်သည်။

ဒုတိယ စျာန်စိတ် ၃-ခု၌ ယင်း ၃၅-ပါးတွင် ဝိတက်ကို နှုတ်၊ ၃၄-ပါး ယှဉ်သည်။

တတိယ ဈာန်စိတ် ၃-ပါး၌ ဝိတက်နှင့် ဝိစာရကို နှုတ်၊ ၃၃-ပါးယှဉ်သည်။

စတုတ္ထ ဈာန်စိတ် ၃-ပါး၌ ဝိတက်,ဝိစာရ,ပီတိတို့ကို နှုတ်၊ ၃၂-ပါး ယှဉ်သည်။

ပဉ္စမ ဈာန်စိတ် ၁၅-ပါးတို့၌ ဝိတက်, ဝိစာရ,ပီတိ,အပ္ပမညာတို့ကို နှုတ်၊ ၃၀-ယှဉ်သည်။

**လောကုတ္တရာစိတ်၌ စေတသိက်ယှဉ်ပုံ**

လောကုတ္တရာစိတ် အကျဉ်း ၈-ပါး,အကျယ် ၄၀-၌ရှင်း၊ လောကုတ္တရာ ပထမ ဈာန်စိတ် ၈-ပါး၌ရှင်း သောဘန ရာသိတွင် အပ္ပမညာကို နှုတ်၍ ကျန် ၃၆-ပါး ယှဉ်သည်။

ဒုတိယ ဈာန်စိတ် ၈-ပါး၌ ယင်း ၃၆-ပါးတွင် ဝိတက်ကို နှုတ်၊ ကျန် ၃၅-ပါး ယှဉ်သည်။

တတိယ ဈာန်စိတ် ၈-ပါး၌ ဝိတက်နှင့် ဝိစာရကို နှုတ်၊ ကျန် ၃၄-ပါး ယှဉ်သည်။

စတုတ္ထ ဈာန်စိတ် ၈-ပါး၌ ဝိတက်,ဝိစာရ,ပီတိတို့ကို နှုတ်၊ကျန် ၃၃-ပါး ယှဉ်သည်။

ပဉ္စမဈာန်စိတ် ၈-ပါး၌လည်း သောမနဿ ဝေဒနာအစား ဥပေက္ခာ ဝေဒနာကို သွင်း၍ ၃၃-ပါးပင် ယှဉ်သည်။

**ဇာတ်အားဖြင့် ပြဆိုချက်**

အကုသိုလ်စိတ် ၁၂-ပါး၌ အကုသလ ရာသိ အတိုင်း စေတသိက် ၂၇-ပါးယှဉ်သည်၊ ကုသိုလ်စိတ် ၂၁-ပါး၌ သောဘန ရာသိအတိုင်း ၃၈-ပါး ယှဉ်သည်၊ ဝိပါက်စိတ် ၃၆-ပါး၌ သောဘန ရာသိတွင် အပ္ပမညာကို နှုတ်၊ ၃၆-ပါး ယှဉ်သည်၊ ကြိယာစိတ် ၀ိသ၌ သောဘန ရာသိတွင် ဝိရတီကို နှုတ်၊ ၃၅-ပါး ယှဉ်သည်၊ ကုသိုလ်, အကုသိုလ်စိတ် ၃၃-ပါး တို့၌ အကုသလ ရာသိ,သောဘန ရာသိ စေတသိက် ၅၂-ပါးလုံးယှဉ်သည်။

**ဘုံအားဖြင့် ဝေဖန်ပုံ**

ကာမစိတ် ၅၄-ပါး၌ အကုသလ ရာသိ, သောဘန ရာသိ ၂-ရပ် ပေါင်း စေတသိက် ၅၂-ပါး ယှဉ်သည်၊ ရူပစိတ် ၁၅-ပါး၌ သောဘန ရာသိတွင် ဝိရတီကို နှုတ်က ကျန် ၃၅-ပါး ယှဉ်သည်၊ အရူပစိတ် ၁၂-ပါး၌ သောဘန ရာသိတွင် ဝိရတိ, ဝိတက်, ဝိစာရ, ပီတိ, အပ္ပမညာတို့ကို နှုတ်က ကျန် ၃၀-သာ ယှဉ်သည်၊ လောကုတ္တရာစိတ် ၈-ပါး၌ သောဘန ရာသိတွင် အပ္ပမညာကို နှုတ်၍ ကျန် ၃၆-ပါး ယှဉ်သည်။

## အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၇-ပါး

၄၃။ ပန၊ ကား။ အကုသလေသု၊ အကုသိုလ်စိတ်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌေသု၊ ကုန်သော။) လောဘမူလေသု၊ လောဘမူစိတ်တို့တွင်။ ပဌမေ၊ ပဌမ ဖြစ်သော။ အသင်္ခါရိကေ၊ အသင်္ခါရိကစိတ်၌။ အညသမာနာ၊ ကုန်သော။ တေရသ၊ ကုန်သော။ စေတသိကာ၊ တို့ရင်း။ သဗ္ဗာကုသလသာဓာရဏာ၊ သဗ္ဗာကုသလ သာဓာရဏ မည်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ စေတသိကာစ၊ စေတသိက်တို့ရင်း။ ဣတိ၊ သို့။ သတ္တရသ၊ ၁၇-ပါးသော စေတသိက်တို့သည်။ လောဘဒိဋ္ဌီဟိ၊ လောဘဒိဋ္ဌိတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဧကူနဝီသတိ၊ တခုယုတ် နှစ်ဆယ်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ သင်္ဂဟံ၊ ပေါင်းယူ အပ်ကုန်သည်၏ အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

၄၄။ ဒုတိယေ၊ ဒုတိယ ဖြစ်သော။ အသင်္ခါရိကေ၊ အသင်္ခါရိက စိတ်၌။ လောဘမာနေန၊ လောဘ မာနနှင့်။ သဒ္ဓိံ၊ တကွ။ တထေဝ၊ ထို အညသမာန်း အကုသလ သာဓာရဏ စေတသိက်တို့သည် ပင်လျှင်။ သင်္ဂဟံ ဂစ္ဆန္တိ။

---

သမ္ပယောဂနည်း ၁၆-ပါး, ဝိပ္ပယောဂနည်း ၂၄-ပါးတို့ကို သဘော ကျအောင် ကြံပါ၊ သဘောကျက သင်္ဂဟနည်း ၃၃-ပါးလည်း သဘော ကျပြီး နားလည်ပြီး ဖြစ်သွားပါလိမ့်မည်။

**အကုသိုလ်စိတ်သင်္ဂဟနည်း**

ဤအကုသိုလ်စိတ် သင်္ဂဟနည်းဝယ် အသင်္ခါရိကစိတ် ၅-ပါး၏ သင်္ဂဟ နည်းကို အစဉ်အတိုင်း ပြပြီးမှ သသင်္ခါရိကစိတ် ၅-ပါး၏ သင်္ဂဟနည်းကို ပြထားပါသည်၊ ထို့နောက် အသင်္ခါရိက သသင်္ခါရိက အလွတ် ဖြစ်သော (သင်္ခါရဝိမုတ်ဖြစ်သော) မောဟမူဒွေးကို ပြသည်၊ ထိုတွင် စေတသိက်ယှဉ်ပုံ ထူးသောကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်ကို ဥဒ္ဓစ္စသဟဂုတ်စိတ်၏ နောက်မှာ ပြထားသည်။

၄၃။ ပဌမ အသင်္ခါရိက (သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက)စိတ်၌ အညသမာန်း ၁၃၊ သဗ္ဗာကုသလသာဓာရဏ ၄၊ လောဘ, ဒိဋ္ဌိ၊ ပေါင်း ၁၉-ပါးသော စေတသိက်တို့ ယှဉ်သည်၊ ဤသို့ စသည်ဖြင့် သရုပ်ရေတွက်ပါ၊ ဇယားဖြင့်လည်း (၅၆-၌)ပြခဲ့ပြီးပါပြီ။

၄၅။ တတိယေ၊ တတိယ ဖြစ်သော။ အသင်္ခါရိကေ၊ ၌။ ပီတိ ဝဇ္ဇိတာ၊ ပီတိသည် ကြဉ်အပ် ကုန်သော။ လောဘဒိဋ္ဌိဟိ၊ လောဘ ဒိဋ္ဌိတို့နှင့်။ သဟ၊ တကွ။ အဋ္ဌာရသ၊ ၁၈-ပါးကုန်သော။ တထေဝ၊ တို့သည်ပင်လျှင်။ သင်္ဂဟံ ဂစ္ဆန္တိ။

၄၆။ စတုတ္ထေ၊ စတုတ္ထဖြစ်သော။ အသင်္ခါရိကေ၊ ၌။ လောဘ မာနေန၊ လောဘ မာနနှင့်။ သဟ၊ တကွ။ တထေဝ၊ တို့သည်ပင်လျှင်။ သင်္ဂဟံ ဂစ္ဆန္တိ။

၄၇။ ပန၊ ကား။ ပဉ္စမေ၊ ပဉ္စမ ဖြစ်သော။ ပဋိဃသမ္ပယုတ္တေ၊ ပဋိဃသမ္ပယုတ် ဖြစ်သော။ အသင်္ခါရိကေ၊ အသင်္ခါရိကစိတ်၌။ ဒေါသော၊ ဒေါသရင်း။ ဣဿာ၊ ရင်း။ မစ္ဆရိယံ၊ ရင်း။ ကုက္ကုစ္စံ၊ ရင်း။ ဣတိ၊ သို့။ စတူဟိ၊ ၄-ပါးသော စေတသိက်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ပီတိ ဝဇ္ဇိတာ၊ ပီတိသည် ကြဉ်အပ်ကုန်သော။ ဝီသတိ၊ ၂၀-သော။ တေ ဓမ္မာ၊ ထို အညသမာန်း အကုသလ သာဓာရဏ တရားတို့ကိုပင်။ သင်္ဂယှန္တိ၊ ပေါင်းယူအပ်ကုန်၏။ ပန၊ အမှာအသား စကားတရပ် ကြားညှပ် ပြဦးအံ့။ ဧတ္ထ၊ ဤ ၂၀-သော စေတသိက်တို့တွင်။ ဣဿာ မစ္ဆရိယ ကုက္ကုစ္စာနိ၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ကို။ ပစ္စေကမေဝ၊ တသီးတခြား တပါးစီသာ။ ယောဇေတဗ္ဗာနိ၊ ယှဉ်စေထိုက်ကုန်၏။

၄၈။ သသင်္ခါရိက ပဉ္စကေပိ၊ သသင်္ခါရိကစိတ် ၅-ပါး အပေါင်း ၌လည်း။ တထေဝ၊ ထိုအသင်္ခါရိကစိတ်၌ ယှဉ်ထိုက်သော၊ စေတသိက်တို့ကိုပင်။ ထိန မိဒ္ဓေန၊ ထိန မိဒ္ဓဖြင့်။ ဝိသေ သေတွာ၊ အထူးပြု၍။ ယောဇေတဗ္ဗာ၊ ယှဉ်စေထိုက်ကုန်၏။

---

၄၇။ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၌ ဒေါသ, ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ၄-ပါး၊ ပီတိကြဉ် အညသမာန်း ၁၂-ပါး၊ သဗ္ဗာ-ကုသလသာဓာရဏ ၄-ပါး၊ ပေါင်း စေတသိက် ၂၀-တို့ ယှဉ်ကြသည်၊ ထိုတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ကို တရံတခါ တသီးတခြားစီသာ ယှဉ်စေရမည်၊ ယင်းသို့ ယှဉ်ရခြင်း၏ အကြောင်းကို အနိယတ ယောဂီ စေတသိက်အပွင့် (၆၆) ၌ ပြဆိုခဲ့ပြီးပါပြီ။

၄၈။ အသင်္ခါရိက စိတ် ၅-ပါး၌ ယှဉ်သော စေတသိက်များတွင် အစဉ်အတိုင်း ထိန, မိဒ္ဓကို ပေါင်းထည့် ရေတွက်ပါက သသင်္ခါရိကစိတ်

၄၉။ ပန၊ ကား။ ဆန္ဒ ပီတိ ဝဇ္ဇိတာ၊ ဆန္ဒပီတိ သည် ကြဉ်အပ်ကုန်သော။ အညသမာနာ၊ ကုန်သော။ တေရသ၊ ၁၁-ပါးတို့ရင်း။ အကုသလ သာဓာရဏာ၊ သဗ္ဗာကုသလ သာဓာရဏ မည်ကုန်သော။ စတ္တာရော စ၊ ၄-ပါးတို့ရင်း။ ဣတိ၊ သို့။ ပန္နရသ၊ ၁၅-ပါးကုန်သော။ ဓမ္မာ၊ သဘော တရားတို့သည်။ ဥဒ္ဓစ္စသဟဂတေ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌။ သမ္ပယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။

၅၀။ စ၊ အဘိုတပါးကား။ ဝိစိကိစ္ဆာ သဟဂတ စိတ္တေ၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌။ အဓိမောက္ခ ဝိရဟိတာ၊ အဓိမောက္ခမှ ကင်းကုန်သော။ ဝိစိကိစ္ဆာ သဟဂတာ၊ ဝိစိကိစ္ဆာနှင့်တကွ ဖြစ်ကုန်သော။ ပန္နရသ၊ ၁၅-ပါးကုန်သော။ တထေဝ ဓမ္မာ၊ ထိုအညသမာန်း အကုသလ သာဓာရဏစေတသိက်တို့ကိုပင်။ သမုပလဗ္ဘန္တိ၊ ကောင်းစွာ ရအပ်ကုန်၏။

ဣတိ၊ သို့။ သဗ္ဗထာပိ၊ လည်း။ ဒွါဒသာကုသလ စိတ္တုပ္ပါဒေသု၊ ၂၁-ပါးသော အကုသိုလ်စိတ်တို့၌။ ပစ္စေကံ၊ အသီးအသီး၊ ယောဇိယ-မာနာပိ၊ ယှဉ်စေအပ်ကုန်သော်လည်း။ ဂဏန ဝသေန၊ ဂဏန်းသင်္ချာတို့၏ အပြားအားဖြင့်။ သတ္တဓာဝ၊ ၇-ပါး အပြားအားဖြင့်သာလျှင်။ သင်္ဂဟိတာ၊ ပေါင်းယူအပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ ရအပ်ကုန်၏။

---

၅-ပါး၌ ယှဉ်သော စေတသိက်များ အစဉ်အတိုင်း ပေါ်ထွက်လာကြသည်၊ ပထမအသင်္ခါရိကာ၌ ယှဉ်သော စေတသိက် ၁၉-ပါးတွင် ထိန, မိဒ္ဓကို ပေါင်းထည့်က ၂၁-ပါး ဖြစ်လာသည်၊ ယင်း ၂၁-ပါးသော စေတသိက်တို့သည်ပင် ပထမ သသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက်များ ဖြစ်သည်၊ ဤသို့ စသည်ဖြင့် ခွဲထွင် ရေတွက်ပါ။

၄၉။ ဆန္ဒ, ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၁-ပါး၊ သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ ပေါင်း ၁၅-ပါးသော စေတသိက်တို့သည် ဥဒ္ဓစ္စ သဟဂုတ်စိတ်၌ ယှဉ်ကြသည်။

၅၀။ ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ် အညသမာန်း စေတသိက် ၁၀-ပါး-သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ ဝိစိကိစ္ဆာ ၁-ပါး၊ ပေါင်း ၁၅-ပါသော စေတသိက်တို့သည် ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ ယှဉ်၊ ကြသည်။

## သင်္ဂဟဂါထာ

**၅၁။ အကုသလေ၊ အကုသိုလ်စိတ်၌။ (သင်္ဂဟာ၊ သင်္ဂဟနည်းတို့ သည်။) ကျေနဝီသ၊ ကျေနဝီသ သင်္ဂဟ ၎င်း။ အဋ္ဌာရသ၊ ၎င်း။ ဝီသ၊ ၎င်း။ ကေဝီသ၊ ၎င်း။ ဝီသတိ၊ ၎င်း။ ဒွါဝီသ၊ ၎င်း။ ပန္နရသ၊ ပန္နရသ သင်္ဂဟ၎င်း။ ဣတိ၊ သို့။ သတ္တဓာ၊ ၇-ပါး အပြားအားဖြင့်။ ဌိတာ တည်ကုန်၏။**

## အကုသလယောဂီစေတသိက် ၁၄-ပါး

**၅၂။ စတ္တာရော၊ လေးပါးကုန်သော။ သာဓာရဏာ စ၊ သဗ္ဗာကုသလ သာဓာရဏ စေတသိက်တို့၎င်း။ အပရေ၊ တပါးကုန်သော။ ဒသ၊ ဆယ် ပါးကုန်သော။ သမာနာစ၊ (ဆန္ဒ, ပီတိ, အဓိမောက္ခ ကြဉ်သော) အည သမာန်း စေတသိက်တို့၎င်း။ (ဣတိ၊ သို့။) စုဒ္ဒသ၊ ၁၄-ပါးကုန်သော။ ဧတေ၊ ဤစေတသိက်တို့ကို။ သဗ္ဗာကုသလယောဂိနော၊ အလုံးစုံသော အကုသိုလ်စိတ်တို့၌ ယှဉ်ကုန်၏ ဟူ၍။ ပဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။**

---

**သတ္တဓာ၀။**　။ဆိုခဲ့ပြီးသည့်အတိုင်း အကုသိုလ်စိတ်များ၌ ယှဉ်သော စေ တသိက်တို့ကို ပေါင်းစု ရေတွက်သည့်အခါမှာ ၁၂-မျိုးထွက် လာပါသည်၊ သို့သော် သချာအနေအထား အမျိုးအစားအားဖြင့် ရေတွက် ပါက ၇-မျိုးမျှသာ ရှိပါသည်၊ ယင်း ၇-မျိုးတို့ကို သင်္ဂဟဂါထာနှင့် ညှိနှိုင်း၍ ပြပါမည်။

၁။ ပထမ ဒုတိယ အသင်္ခါရိကစိတ် ၂-ပါး၌ ကျေနဝီသ သင်္ဂဟ တနည်း၊

၂။ တတိယ စတုတ္ထ အသင်္ခါရိကစိတ် ၂-ပါး၌ အဋ္ဌာရသသင်္ဂဟ တနည်း၊

၃။ ပဉ္စမ အသင်္ခါရိကစိတ်၌ ဝီသသင်္ဂဟ တနည်း၊

၄။ ပထမ ဒုတိယ သသင်္ခါရိကစိတ် ၂-ပါး၌ ကေဝီသသင်္ဂဟ တနည်း၊

၅။ တတိယ စတုတ္ထ သသင်္ခါရိကစိတ် ၂-ပါး၌ ဝီသတိသင်္ဂဟ တနည်း၊

၆။ ပဉ္စမ သသင်္ခါရိကစိတ်၌ ဒွါဝီသသင်္ဂဟ တနည်း၊

၇။ ဥဒ္ဓစ္စ သဟဂုတ်နှင့် ဝိစိကိစ္ဆာ သဟဂုတ်၌ ပန္နရသသင်္ဂဟ တနည်း၊ ပေါင်း အကုသိုလ်စိတ် သင်္ဂဟနည်း ၇-ပါး ဖြစ်၏။

၅၂။ **သဗ္ဗာကုသလယောဂီ။**　။'သာဓာရဏာ စ စတ္တာရော' စသော ဂါထာဖြင့် အကုသိုလ်စိတ် အားလုံး၌ ယှဉ်နိုင်သော စေတသိက်တို့ကို ပေါင်းစု ရေတွက်ပြသည်၊ ဤဂါထာဖြင့်ပင် ကြွင်း ၁၃-ပါးသောစေတသိက်တို့၏ အကုသလ ဝိသေသက စေတသိက် ဖြစ်ကြောင်းကိုလည်း ပြပြီး ဖြစ်တော့သည်။

## အဟိတ်စိတ်သင်္ဂဟနည်း ၄-ပါး

၅၃။ ပန၊ ကား။ အဟေတုကေသု၊ အဟိတ်စိတ်တို့တွင်။ တာဝ၊ စွာ။ (နိဒ္ဒိဋ္ဌေ၊ သော။) ဟသနစိတ္တေ၊ ဟသိတုပ္ပါဒ်စိတ်၌။ ဆန္ဒဝဇ္ဇိတာ၊ ဆန္ဒသည် ကြဉ်အပ်ကုန်သော။ အညသမာနာ၊ ကုန်သော။ ဒွါဒသ၊ ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သင်္ဂဟံ၊ ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

၅၄။ ဝေါဋ္ဌဗ္ဗနေ၊ ဝုဋ္ဌောစိတ်၌။ ဆန္ဒ ပီတိ ဝဇ္ဇိတာ၊ ဆန္ဒ ပီတိသည် ကြဉ်အပ်ကုန်သော။ တဆဿ၊ ထိုအညသမာန်း စေတသိက်တို့သည်။ သင်္ဂဟံ ဂစ္ဆန္တိ။

၅၅။ သုခ သန္တီရဏေ၊ သောမနဿသဟဂုတ် သန္တီရဏစိတ်၌။ ဆန္ဒ ဝီရိယ ဝဇ္ဇိတာ၊ ဆန္ဒ ဝီရိယသည် ကြဉ်အပ်ကုန်သော။ တထာ၊ တို့သည်။ သင်္ဂဟံ ဂစ္ဆန္တိ။

၅၆။ မနောဓာတုတ္တိကာဟေတုက ပဋိသန္ဓိ ယုဂဠေ၊ မနောဓာတ် သုံးပါး အဟိတ်ပဋိသန္ဓေအစုံ၌။ ဆန္ဒ ပီတိ ဝီရိယ ဝဇ္ဇိတာ၊ ဆန္ဒ ပီတိ ဝီရိယသည် ကြဉ်အပ်ကုန်သော။ တထာ၊ တို့သည်။ သင်္ဂဟံ ဂစ္ဆန္တိ။

---

သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ ဆန္ဒ, ပီတိ, အဓိမောက္ခ ကြဉ် အညသမာန်း စေတသိက် ၁၀-ပါး၊ ပေါင်း ၁၄-ပါးသော စေတသိက်တို့သည် အကုသိုလ်စိတ် အားလုံး၌ ယှဉ်နိုင်ကြသည်။

**အဟိတ်စိတ်သင်္ဂဟနည်း**

၅၃။ ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါးယှဉ်သည်။

၅၄။ မနောဒွါရာဝဇ္ဇန်းစိတ်ကို "ဝုဋ္ဌော"ဟု ခေါ်သည်၊ ယင်း ဝုဋ္ဌော ခေါ် မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပီတိကြဉ် အညသမာန်း စေတသိက် ၁၁-ပါး ယှဉ်သည်။

၅၅။ သောမနဿ သဟဂုတ် သန္တီရဏစိတ်၌ ဆန္ဒ, ဝီရိယကြဉ် အညသမာန်း စေတသိက် ၁၁-ပါး ယှဉ်သည်။

၅၆။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းနှစ်ခုကို "မနောဓာတ် ၃-ပါး"ဟု ခေါ်သည်၊ ဥပေက္ခာ သဟဂုတ် သန္တီရဏ ၂-ပါးကို "အဟိတ်ပဋိသန္ဓေအစုံ"

**၅၇။ ဒွိပဉ္စဝိညာဏေ၊ ဒွေးပဉ္စဝိညာဏ်တဆယ်၌။ ပကိဏ္ဏကဝဇ္ဇိတာ၊ ပကိဏ်း စေတသိက်သည် ကြဉ်အပ်ကုန်သော။ တေယေဝ၊ ထို အညသမာန်း စေတသိက်တို့ကိုပင်။ သင်္ဂယှန္တိ၊ ပေါင်းယူအပ်ကုန်၏။ ဣတိ၊ သို့။ သဗ္ဗထာပိ၊ လည်း။ အဋ္ဌာရသသု၊ ၁၈-ပါးကုန်သော။ အဟေတုကေသု၊ အဟိတ်စိတ်တို့၌။ ဂဏန ဝသေန၊ ဂဏန်းသချ်ာ၏ အပြားအားဖြင့်။ စတုဒ္ဒသ၊ လေးပါးအပြားအားဖြင့်သာလျှင်။ သင်္ဂဟော၊ ပေါင်းယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ ရအပ်ကုန်၏။**

## သင်္ဂဟဂါထာများ

**၅၈။ အဋ္ဌာရသာဟေတုကေသု၊ ၁၈-ပါးသော အဟိတ်ဟုဆိုအပ် ကုန်သော။ စိတ္တုပ္ပါဒေသု၊ ဥပါဒ်သော စိတ်တို့၌။ သင်္ဂဟော၊ သင်္ဂဟ**

---

ဟုခေါ်သည်၊ ယင်းပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး, ဥပေက္ခာသန္တီရဏ ၂-ပါး၊ ပေါင်း ၅-ပါးသော စိတ်တို့၌ ဆန္ဒ,ပီတိ,ဝီရိယကြဉ် အည သမာန်း စေတသိက် ၁၀-ပါး ယှဉ်သည်။

၅၇။ စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေး, ဃာနဝိညာဏ်ဒွေး, ဇိဝှါဝိညာဏ်ဒွေး,ကာယဝိညာဏ်ဒွေး၊ ဤအစုံ ၅-ခုကို ''ဒွေးပဉ္စဝိညာဏ်'' ဟုခေါ်သည်၊ (ဒွေ+ နှစ်ခုစီ နှစ်ခုစီသော+ပဉ္စ—ငါးပါးသော+ဝိညာဏ— ဝိညာဏ်။)

ယင်း ဒွေးပဉ္စဝိညာဏ် ၁၀-၌ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး ယှဉ်သည်။

**စတုဒ္ဒသ**။ ။ပြဆိုခဲ့ပြီးသော အစဉ်ဖြင့် ရေတွက်ပါက သင်္ဂဟနည်း ၅-နည်း ဖြစ်သင့်ပါသည်၊ သို့သော် ဝုဋ္ဌောနှင့် သုခသန္တီရဏ တို့၌ ဂဏန်းသချ်ာ တူသောကြောင့် တခုတည်း ပေါင်းစု ရေတွက်၍ ၄-နည်းသာ ဖြစ်လာရသည်၊ ယင်း ၄-နည်းတို့ကို သင်္ဂဟဂါထာနှင့် တွဲစပ် ပြပါဦးမည်။

၁။ ဟသိတုပ္ပါဒ်စိတ်၌ ဒွါဒသ သင်္ဂဟ တနည်း၊
၂။ ဝုဋ္ဌောနှင့် သုခသန္တီရဏစိတ်တို့၌ ဧကာဒသ သင်္ဂဟ တနည်း၊
၃။ မနောဓာတ်သုံးခု အဟိတ်ပဋိသန္ဓေအစုံ၌ ဒသ သင်္ဂဟ တနည်း၊
၄။ ဒွေးပဉ္စဝိညာဏ် ၁၀-၌ သတ္တ သင်္ဂဟ တနည်း၊
ဤသည်တို့ကား အဟိတ်စိတ်၌ ရသင့်သော သင်္ဂဟနည်း ၄-နည်း တို့ပေတည်း။

နည်းသည်။ ဒွါဒသ၊ ဒွါဒသ သင်္ဂဟရင်း။ ကောဒသ၊ ရင်း။ ဒသ၊ ရင်း။ သတ္တစ၊ သတ္တ သင်္ဂဟရင်း။ ဣတိ၊ သို့။ စတုဗ္ဗိဓော၊ လေးပါး အပြားရှိ၏။

၅၉။ သဗ္ဗတ္ထ၊ အလုံးစုံသော။ အပေါတုကေသု၊ အဟိတ်စိတ်တို့၌။ သတ္တ၊ ခုနစ်ပါးသော သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့သည်။ (ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။) သေသာ၊ ကြွင်းသော ပကိဏ်းစေတသိက်တို့သည်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ (ယုဇ္ဇန္တိ၊ ကုန်၏။) ဣတိ၊ သို့။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ တေတ္တိံသ ဝိဓ သင်္ဂဟာ၊ ၃၃-ပါး အပြားရှိသော သင်္ဂဟနည်းကို။ ဝုတ္တော၊ ဆိုအပ်ပြီ။

## စေတသိက်တို့ကို စိတ်နှင့်အပျ ခေွတွက်ခြင်း

၆၀။ ဣတ္ထံ၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ စိတ္တာဝိယုတ္တာနံ၊ စိတ်နှင့်မယှဉ်ပဲ မဖြစ်နိုင်ကုန်သော စေတသိက်တို့၏။ သမ္ပယောဂဥ္စ၊ သမ္ပယောဂနည်းကိုရင်း။ သင်္ဂဟံ၊ သင်္ဂဟနည်းကိုရင်း။ ဥတွာ၊ သိပြီးသည်

၅၉။ သဗ္ဗ စိတ္တ သာဓာရဏ စေတသိက် ၇-ပါးတို့သည် အဟိတ်စိတ် အားလုံး၌ ယှဉ်သော "သဗ္ဗာဟေတုကယောဂီ" စေတသိက်တို့ ဖြစ်ကြသည်၊ ဆန္ဒကြဉ် ပကိဏ်းစေတသိက် ၅-ပါးတို့သည် ထိုက်သည်အားလျော်စွာ ယှဉ်သော "ဝိသေသက" စေတသိက်များ ဖြစ်ကြသည်။

သင်္ဂဟာနုတ္တရေ ဓမ္မာ အစရှိသော ဂါထာ၌ "ယထာသမ္ဘဝ ယောဂေန၊ ပဉ္စဓာ တတ္ထ သင်္ဂဟော" ဟု အကျဉ်းချုပ်ပြခဲ့သော သင်္ဂဟ ၅-မျိုးကို ဖြစ်သင့်သလို ခွဲတွင် ယှဉ်ပြသည့်အခါ သင်္ဂဟနည်းပေါင်း အကျယ် ၃၃-ပါး ဖြစ်ပေါ်လာပါသည်၊ ၎င်းတို့ကိုပြပြီးပါပြီ—ဟုဆိုလိုသည်။

**သင်္ဂဟနည်းပေါင်း**

| | | | |
|---|---|---|---|
| ၁။ | လောကုတ္တရာစိတ်၌ သင်္ဂဟနည်း | .... | ၅—နည်း၊ |
| ၂။ | မဟဂ္ဂုတ်စိတ်၌ သင်္ဂဟနည်း | .... | ၅—နည်း၊ |
| ၃။ | ကာမာဝစရ သောဘနစိတ်၌ သင်္ဂဟနည်း | .... | ၁၂—နည်း၊ |
| ၄။ | အကုသိုလ်စိတ်၌ သင်္ဂဟနည်း | .... | ၇—နည်း၊ |
| ၅။ | အဟိတ်စိတ်၌ သင်္ဂဟနည်း | .... | ၄—နည်း၊ |

ဤသို့ သင်္ဂဟနည်း အကျယ် ၃၃-ပါး ဖြစ်သတည်း။ ၃၃

ဆောင်။ ။ငါး—ငါး—ဆယ့်နှစ်, ခုနစ်—လေးပါး, စဉ်သင့်ထား,
ပေါင်းခြားသင်္ဂဟ—တေတ္တိံသ။

**ရှိသော်။ ယထာယောဂံ၊ ယှဉ်ထိုက်သည်အားလျော်စွာ။ စိတ္တေန၊ ယှဉ်ရာစိတ်နှင့်။ သမံ၊ အနေရအတွက် ညီမျှသော။ ဘေဒံ၊ အပြားကို။ ဥဒ္ဒိသေ၊ ထုတ်ပြရာ၏။ (ဥဒ္ဒိတ္တွာနှင့် ဥဒ္ဒိသေတို့ကား ကတ္တား မတူကြ။)**

**အဘိဓမ္မတ္ထသင်္ဂဟေ၊ ၌။ စေတသိက သင်္ဂဟ ဝိဘာဂေ၊ နာမ၊ စေတသိက သင်္ဂဟ ဝိဘာဂ မည်သော၊ ဒုတိယော၊ နှစ်ပိုင်းတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဋ္ဌိတော၊ ပြီးပြီ။**

---

**ယှဉ်ရာစိတ်နှင့်အမျှ စေတသိက်ပြားပုံ**

၆၀။ 'ဣတ္ထံ စိတ္တာဝိယုတ္တာနံ' စသော ဂါထာဖြင့် "ပြဆိုခဲ့ပြီးသည်အားလျော်စွာ စေတသိက်တို့၏ သမ္ပယောဂနည်းနှင့် သင်္ဂဟနည်းတို့ကို (စာသင်သားများ) သိနားလည်ပြီးဖြစ်ခဲ့ပါလျှင် ယှဉ်ရာစိတ်နှင့် ညီမျှသော စေတသိက် အပြားကို (စာချဆရာက) ထုတ်ပြရမည်"ဟု နည်းပေးမှာကြားသည်။

ဖဿသည် စိတ် ၈၉-ပါးနှင့် ယှဉ်သည်၊ ထို့ကြောင့် ဖဿပေါင်း ၈၉-ပါးပင် ဖြစ်သည်၊ ဤသို့ စသည်ဖြင့် စေတသိက်ကုန်အောင် ထုတ်ပြရမည်-ဟု ဆိုလိုသည်။

## နှစ်နည်းစပ်တွဲ သရုပ်ခွဲ

ပြဆိုခဲ့ပြီးသော သမ္ပယောဂနည်း သင်္ဂဟနည်းတို့ဖြင့် စိတ်နှင့် စေတသိက်တို့ ယှဉ်ကြပုံကိုသာ နားလည်နိုင်ပါသည်၊ စေတသိက်ချင်း ယှဉ်ပုံကိုမူ နားမလည်နိုင်သေးပါ၊ ယင်းနည်း ၂-ပါးတို့ကို ပေါင်းစပ် ခွဲစိတ်မှသာ စေတသိက်ချင်း ယှဉ်ပုံကို သိနားလည်နိုင်ပါသည်။

သို့ဖြစ်၍ စေတသိက် တပါးတပါးနှင့် ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို သိလိုပါလျှင်—

၁။ ထိုထို စေတသိက်၏ ယှဉ်ရာစိတ်ကို သမ္ပယောဂနည်းအားလျော်စွာ ဖော်ထုတ်ထားပါ၊

၂။ ထို့နောက် ယင်းစိတ်များ၌ ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို သင်္ဂဟနည်း သဘောသွားအတိုင်း ရှာဖွေပါ၊

၃။ ယင်း စေတသိက်များထဲမှ အရင်းခံ မူလစေတသိက်ကို ပယ်နုတ်ထားလိုက်ပါ၊

၄။ ကြွင်းသော စေတသိက်များသည် ယင်း ပယ်နုတ်ထားသော စေတသိက်နှင့် ယှဉ်ထိုက်သော စေတသိက်များ ဖြစ်ရတော့သည်။

**ဆောင်**။ ။ဘီးသီး စေတသိက်, ယှဉ်သည့်စိတ်၌, ယှဉ်ထိုက်'စေ'မှ, ကြဉ်ရမူလာ, အကြွင်းမှာ, ယှဉ်လာ စေတသိက်။

## စေတသိက်ချင်း ယှဉ်ပုံ

| စေတသိက် | ယှဉ်စိတ် | ယှဉ်စေ | စေ | မှတ်ချက် |
|---|---|---|---|---|
| ဖဿ | ၈၉ | ၅၂ | ၅၁ | ဖဿကြဉ် [ ဖေဝသည်တူဖြိ ] |
| ဝိတက် | ၅၅ | ၅၂ | ၅၁ | ဝိတက် [ ဝိစာရလည်းတူ ] |
| အဓိ | ၇၈ | ၅၁ | ၅၀ | အဓိနှင့်ဝိစိကြဉ် |
| ဝီရိယ | ၇၃ | ၅၂ | ၅၁ | ဝီရိယကြဉ် |
| ပီတိ | ၅၁ | ၄၇ | ၄၆ | ပီတိ ဒေါ၄ ဝိစိကြဉ် |
| ဆန္ဒ | ၆၉ | ၅၁ | ၅၀ | ဆန္ဒ ဝိစိ ကင်္ခာကြဉ် |
| မောဟ | ၁၂ | ၂၇ | ၂၆ | မောကြဉ် [ အပါဒိရိကစသည်တူဖြိ ] |
| လောဘ | ၈ | ၂၂ | ၂၁ | လော ဒေါ်စတုက် ဝိစိကြဉ် |
| ဒိဋ္ဌိ | ၄ | ၂၁ | ၂၀ | ဒိဋ္ဌိ ဒေါစတုက် မာနကြဉ် |
| မာန | ၄ | ၂၁ | ၂၀ | မာန ဒေါစတုက် ဒိဋ္ဌိကြဉ် |
| ဒေါသ | ၂ | ၂၂ | ၂၁ | ဒေါ ပီ လော ဒိဋ္ဌိ မာန ဝိစိကြဉ် |
| ဣဿာ | ၂ | ၂၂ | ၁၉ | မစ္ဆရိယစသည်တို့ကိုထပ်ကြဉ် |
| ထိန | ၅ | ၂၆ | ၂၅ | ထိန ဝိစိကြဉ် [ မိဒ္ဓလည်းတူဖြိ ] |
| ဝိစိကိစ္ဆာ | ၁ | ၁၅ | ၁၄ | ဝိ ပီ ဓိ လော၃ ဒေါ၄ ထိ မိဒ္ဓကြဉ် |
| သဒ္ဓါ | ၅၉ | ၃၈ | ၃၇ | သဒ္ဓါကြဉ် [ သတိစသည်တူဖြိ ] |
| သမ္မာဝါစာ | ၁၆ | ၃၈ | ၃၃ | ဝိရတီနှင့်ပမာဉ်ကြဉ် [ ကမ္မန္တ - ဖြိ ] |
| ကရုဏာ | ၂၈ | ၃၈ | ၃၃ | ဝိရတီနှင့်ပမာဉ်ကြဉ် [ မုဒိ တူဖြိ ] |
| ပညာ | ၄၇ | ၃၈ | ၃၇ | ပညာကြဉ် |

**ဖဿနှင့်ယှဉ်သော စေတသိက်**

၁။ ဖဿသည် စိတ် ၈၉-ပါး၌ ယှဉ်သည်။ (သမ္ပယောဂနည်း။)

၂။ ထိုစိတ် ၈၉-ပါး၌ စေတသိက် ၅၂-ပါးယှဉ်သည်။ (သင်္ဂဟနည်း။)

၃။ ယင်း စေတသိက် ၅၂-ပါးထဲမှ အရင်းခံ မူလ ဖဿ စေတသိက်ကို နှုတ်လိုက်ပါက —

၄။ ကျန် စေတသိက် ၅၁-ပါးသည် ဖဿနှင့် ယှဉ်သော စေတသိက်များ ဖြစ်သည်။

ထို့ကြောင့် ''ဖဿသည် စိတ်တခုယုတ် ကိုးဆယ် ဖဿကြဉ်သော စေတသိက် ၅၁-ပါးနှင့် ယှဉ်သည်''ဟု မှတ်ပါ၊ ဇယားနှင့် တိုက်ဆိုင် ကြည့်ပါ။

**ပီတိနှင့်ယှဉ်သော စေတသိက်**

၁။ ပီတိသည် စတုတ္ထဈာန်မှ တပါးသော သောမနဿသဟဂုတ် ၅၁-ပါး၌ ယှဉ်သည်။

၂။ ထို ၅၁-ပါးသော စိတ်၌ (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်) စေတသိက် ၄၇-ပါး ယှဉ်နိုင်သည်။

၃။ ထို့ကြောင့် ပီတိသည် ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၆-ပါးနှင့် ယှဉ်သည်။

ဤသို့ စသည်ဖြင့် ဇယားကို ရှုကာ စေတသိက် တခုတခုနှင့် ယှဉ်နိုင်သော စေတသိက်များကိုလည်း နားလည်အောင် လေ့လာထားသင့်သည်၊ ဤနည်းကို နားလည်မှ ညဝါအရကောက်များကို သဘောကျနိုင်သည်။

စေတသိက်ပိုင်း ပြီး၏။

# ၃။ ပကိဏ်းပိုင်း

## ပဋိညာဉ်

၁။ ယထာ ယောဂံ၊ ယှဉ်ထိုက်သည် အားလျော်စွာ။ သမ္ပယုတ္တာ၊ အညီအမျှ ကေပ္ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သဘာဝတော၊ မိမိ မိမိတို့၏ သဘောလက္ခဏာအားဖြင့်။ ဝေပညာသ၊ ၅၃-ပါးသည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) ဒါနိ၊ ယခုအခါ၌။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ တေသံ၊ ထို ၅၃-ပါးသော သဘောတရားတို့၏။—

၂။ ဝေဒနာ ဟေတုတော၊ ဝေဒနာအပြား ဟိတ်အပြားအားဖြင့်၎င်း။ ကိစ္စ ဒွါရာလမ္ဗန ဝတ္ထုတော၊ ကိစ္စအပြား ဒွါရအပြား အာရုံအပြား ဝတ္ထုအပြားအားဖြင့်၎င်း။ သင်္ဂဟော နာမ၊ ရောပြွမ်းပေါင်းပြု ပကိဏ္ဏကမည်သော သင်္ဂဟကို။ စိတ္တုပ္ပါဒ ဝသေနေဝ၊ စိတ်၏ အစွမ်းဖြင့်သာ။ နီယတေ၊ ဆောင်အပ်၏။

---

၁။ စိတ်ပိုင်း စေတသိက်ပိုင်းတို့ဖြင့် "စိတ္တံ စေတသိကံ" ဟူသောအကျဉ်း ဥဒ္ဒေသတို့၏ အကျယ်နိဒ္ဒေသကို ပြဆိုပြီးသည့်နောက် ယင်းကိုတဖန် ထပ်ဆင့်ချဲ့ဖွင့် လိုပြန်သောကြောင့် 'သမ္ပယုတ္တာ ယထာ ယောဂံ' အစရှိသော စကားရပ်တို့ မိန့်ဆိုရပါသည်။

**ပဋိညာဉ်။** ။ယှဉ်ထိုက်သည် အားလျော်စွာ ယှဉ်ကြသော စိတ် စေတသိက် တရားတို့သည် မိမိ မိမိတို့၏ သဘောလက္ခဏာ အားဖြင့် ၅၃-ပါး ဖြစ်ကြသည်၊ ယခု ထို ၅၃-ပါးသော သဘောတရားတို့၏ ပကိဏ္ဏကသင်္ဂဟကို ထိုက်သည်အားလျော်စွာ စိတ်နှင့်စပ်လျဉ်း၍သာ ပြဆိုရပါတော့မည်။

ထို ပကိဏ္ဏက သင်္ဂဟ၌—

၁။ ဝေဒနာသင်္ဂဟ–ဝေဒနာအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊

၂။ ဟေတုသင်္ဂဟ ဟိတ် အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊

## ဝေဒနာသင်္ဂဟ

### ဝေဒနာ အပြား

**၁။ တတ္ထ၊ ထို ၆-ပါးသော သင်္ဂဟတို့တွင်။ တာဝ၊ စွာ။ (နိဒ္ဒိဌေ၊ ညွှန်ပြအပ်သော။) ဝေဒနာသင်္ဂဟေ၊ ဝေဒနာ သင်္ဂဟ၌။ ဝေဒနာ၊ ဝေဒနာသည်။ သုခံ၊သုခဝေဒနာဇင်း။ ဒုက္ခံ၊ ဒုက္ခဝေဒနာဇင်း။ အဒုက္ခမသုခါ စ၊ အဒုက္ခ မသုခါ ဝေဒနာဇင်း။ ဣတိ၊ သို့။ တိဝိဓာ၊ (အာရမဏာနုဘဝန လက္ခဏာအားဖြင့်) သုံးပါး အပြားရှိ၏။**

---

၃။ ကိစ္စသင်္ဂဟ=ကိစ္စ အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာစကားရပ်၊
၄။ ဒွါရသင်္ဂဟ=ဒွါရအပြားအားဖြင့် စိတ်တို့ကိုပေါင်းယူရာစကားရပ်၊
၅။ အာလမ္ဗဏသင်္ဂဟ=အာရုံ အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊
၆။ ဝတ္ထုသင်္ဂဟ=ဝတ္ထု အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊

ဤသို့ သင်္ဂဟ ၆-ပါး ပါဝင်သည်။ (ဝေဒနာ စသော သင်္ဂဟ ၆-ပါးကို ရောပြွမ်း ပေါင်းစု၍ ပြဆိုရာ ဖြစ်သောကြောင့် "ပကိဏ္ဏက သင်္ဂဟ" မည်ပါသည်။)

**တေပညာသ သဘာဝ**။ ။စိတ်သည် အကျဉ်းအားဖြင့် တခုယုတ် ကိုးဆယ် အကျယ်အားဖြင့် ၁၂၁-ပါး အပြားရှိပါသော်လည်း အာရုံကို မသိတတ်သော "စိတ်"ဟူ၍ မရှိ၊ စိတ်သာ မှန်က အာရုံကို သိတတ်သည်ချည်းသာ ဖြစ်သောကြောင့် အာရမ္မဏ ဝိဇာနန (အာရုံကို သိခြင်းသဘော) လက္ခဏာအားဖြင့် တပါးသာ ဖြစ်သည်။

စေတသိက်တို့မူကား 'ဖုသန' အစရှိသည်ဖြင့် အသီး အသီး ကိုယ်ပိုင် လက္ခဏာ ရှိကြသည့်အတွက် ၅၂-ပါးပင် ဖြစ်ကြသည်။

ထို့ကြောင့် မိမိ မိမိတို့၏ သဘော လက္ခဏာအားဖြင့် စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး၊ ပေါင်း ၅၃-ပါးဖြစ်သည်၊ ယင်းကိုပင် "နာမ်တေပညာသ"ဟုလည်း ခေါ်ကြသည်။

### ဝေဒနာသင်္ဂဟ

၁။ ဝေဒနာ အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရေတွက်၍ မပြမီ အခြေခံ မူလဖြစ်သော ဝေဒနာအပြားကို ဦးစွာ ပြလိုသောကြောင့် 'တိဝိဓာ ဝေဒနာ' စသော စကားရပ်ကို မိန့်ဆိုရသည်။

**ပန၊ တနည်းကား။ သုခံ၊ သုခ ဝေဒနာငှင်း။ ဒုက္ခံ၊ ဒုက္ခ ဝေဒနာငှင်း။ သောမနဿံ၊ ငှင်း။ ဒေါမနဿံ၊ ငှင်း။ ဥပေက္ခာ၊ ဥပေက္ခာ ဝေဒနာငှင်း။ ဣတိ စ၊ ဤသို့လည်း။ ဘေဒေန၊ ဣန္ဒြေ အပြားအားဖြင့်။ ပဉ္စဓာ၊ ငါးပါး ပြားသည်။ ဟောတိ၊ ဖြစ်၏။**

---

**ဝေဒနာ ၃-ပါး။** ။ယင်းစကားရပ်၌ 'တိဝိဓာဝေဒနာ' စသည်ဖြင့် ပထမ ပြဆိုထားသောနည်းသည် အာရမဏာနုဘဝန လက္ခဏာ အားဖြင့် ပြထားသော နည်းဖြစ်သည်၊ အာရုံ ခံစားပုံ သဘော လက္ခဏာ အားဖြင့် ဝေဒနာသုံးပါး ပြားလာရသည်—ဟု ဆိုလိုပါသည်။ (အာရမဏ— အာရုံ+အနုဘဝန—ခံစားပုံ+လက္ခဏ—အမှတ်အသား။)

အဘယ်သို့လျှင် အာရုံခံစားပုံ သဘောအားဖြင့် ဝေဒနာ ၃-မျိုးပြားလာ ရသနည်း။

၁။ ဣဋ္ဌာရုံ အလိုရှိအပ် ကောင်းမြတ်အပ်သော အာရုံမျိုး၊

၂။ အနိဋ္ဌာရုံ အလိုမရှိအပ် မကောင်းမြတ်သော အာရုံမျိုး၊

၃။ ဣဋ္ဌမဇ္ဈတ္တာရုံ ဣဋ္ဌာရုံလောက်လည်း မကောင်းတတ် အနိဋ္ဌာရုံ လောက်လည်း မဆိုးရွားပဲ အလယ်အလတ်မျှ အလိုရှိအပ်သော အာရုံမျိုး၊

ဤသို့ အာရုံ ၃-မျိုးရှိသည်၊ ထိုတွင် ဣဋ္ဌာရုံကို ခံစားသော ဝေဒနာသည် သာယာသောအားဖြင့် ခံစား၏၊ ဤခံစားမှုမျိုးကို "သုခဝေဒနာ"ဟု ခေါ်သည်။

အနိဋ္ဌာရုံကို ခံစားသောဝေဒနာသည် မသာယာသောအားဖြင့် ခံစား၏၊ ဤခံစားမှုမျိုးကို "ဒုက္ခဝေဒနာ"ဟု ခေါ်သည်။

ဣဋ္ဌမဇ္ဈတ္တာရုံကို ခံစားသော ဝေဒနာသည် သာယာသည်လည်းမဟုတ်၊ မသာယာသည်လည်းမဟုတ်၊ လျစ်လျူရှုသောအားဖြင့် ခံစား၏၊ ဤခံစား မှုမျိုးကို "အဒုက္ခမသုခ (ဥပေက္ခာ) ဝေဒနာဟု" ခေါ်သည်။

ဤသို့ အာရုံခံစားပုံ သဘောလက္ခဏာအားဖြင့် ဝေဒနာ ၃-မျိုး ပြားလာ ရသည်။

**ဝေဒနာ ၅-ပါး။**　　။'သုခံ ဒုက္ခံ'စသည်ဖြင့် ဒုတိယပြထားသော နည်းသည် ဣန္ဒြိယဘေဒအားဖြင့် ပြားသော နည်း ဖြစ်သည်၊ ဣန္ဒြိယ ဒေသနာတော်၌ ''သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိယံ''ဟု ဝေဒနိန္ဒြေ ၅-ပါး ဟောထားသည်၊ ယင်းဣန္ဒြေ အပြားအားဖြင့် ''သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ''ဟု ဝေဒနာ ၅-မျိုး ပြားလာရသည်။

## ဝေဒနာဖြင့် စိတ်ကို ဝေဖန်ပုံ

| စိတ် ၁၂၁ | အင် / ကိန်း | သုခ | | ဒုက္ခ | | ဥပေက္ခာ |
|---|---|---|---|---|---|---|
| | | သုခဝေ | သောမနဿ | ဒုက္ခဝေ | ဒေါမနဿ | |
| သုခသဟဂုတ် ကာယဝိညာဏ် | ၁ | ॥ | | | | |
| သောမနဿ သဟဂုတ်စိတ် | ၆၂ | | ॥ | | | |
| ဒုက္ခသဟဂုတ် ကာယဝိညာဏ် | ၁ | | | ॥ | | |
| ဒေါသမူ | ၂ | | | | ॥ | |
| ဥပေက္ခာ သဟဂုတ် | ၅၅ | | | | | ॥ |
| သက်ဆိုင်ရာဝေဒနာနှင့်ယှဉ်သည့်စိတ် | | ၁ | ၆၂ | ၁ | ၂ | ၅၅ |
| | | ၆၃ | | ၃ | | |

ဤဝေဒနာသင်္ဂဟ၌ ဝေဒနာ ၅-ပါး အပြားအားဖြင့်ပင် စိတ်တို့ကို ပေါင်းယူ ရေတွက်ပြထားသည်၊ စိတ်ပိုင်း၌ ပြဆိုခဲ့ပြီးသော ဝေဒနာဘေဒ သရုပ်ခွဲနည်းအတိုင်းပင် ဖြစ်သည်၊ တစုံတရာ ထူးခြားမှု မရှိပါ။

သို့သော် ထိုထို ဝေဒနာနှင့်ယှဉ်သော စိတ်တို့ကို သိနားလည်ရုံမျှဖြင့် မပြည့်စုံ မလုံလောက်သေးပါ၊ ယှဉ်ဖက် စေတသိက်များကိုလည်း သိရှိနားလည်ထားရန် လိုပါသေးသည်၊ ယင်း ယှဉ်ဖက် စေတသိက်များကိုပါ သိရှိနားလည်ထားမှသာ အဘိဓမ္မာ ဉာဏ်ပါအရကောက်များ၌ ကျေးဇူးများနိုင်ပါသည်၊ ထို့ကြောင့် စေတသိက်ယှဉ်ပုံကိုပါ တွဲဖက် ရေတွက်ပြသွားပါမည်။

## ဝေဒနာဖြင့် စိတ်ကို ဝေဖန်ခြင်း

၄။ တတ္ထ၊ ထိုငါးပါးသော ဝေဒနာတို့တွင်။ သုခသဟဂတံ၊ သုခဝေဒနာနှင့် တကွဖြစ်သော စိတ်သည်။ ကုသလဝိပါကံ၊ ကုသလ ဝိပါက်ဖြစ်သော။ ကာယဝိညာဏံ ဧကံ ဧဝ၊ ကာယဝိညာဏ်စိတ် တခုသာတည်း။

---

## ဝေဒနာဖြင့် စေတသိက်ကို ဝေဖန်ပုံ

| [illegible] | သုခဝေ | ဒုက္ခဝေ | သောမနဿ | ဒေါမနဿ | ဥပေက္ခာ | [illegible] |
|---|---|---|---|---|---|---|
| [illegible] | | | | ။ | | ၆ |
| [illegible] | | | | | ။ | |
| [illegible] | | | ။ | | | |
| [illegible] | | | ။ | | ။ | [illegible] |
| [illegible] | | | ။ | ။ | ။ | ၁၁ |
| [illegible] | ။ | ။ | ။ | ။ | ။ | ၆ |
| [illegible] | | | | | | ၁ |
| [illegible] | ၆ | ၆ | ၄၆ | ၂၁ | ၄၆ | ၅၂ |

အပေါ်နှင့် အောက် ဂဟိတဂ္ဂဟဏနည်း၊ လက်ဝဲ လကျာ အဂ္ဂဟိတဂ္ဂဟဏနည်း၊ နောက်၌လည်း အကျယ်ပြထားပါသည်၊ သရုပ်မြင်အောင် ရှုပါ။

**ဆောင်။** ။ခြောက်စီ သု-ဒု၊ သော-ဥ တို့မှာ၊ ဆ စတ္တာ၊ ဒေါမှာ နှစ်ဆယ့်တစ်။

**တနည်း။** ။သု-ဒုက္ခာ၊ ယှဉ်လာကြ ခြောက်ချည်းသာ၊
သော၌ဝယ်—လေးဆယ်ခြောက်ငယ်၊ စစ်ပေါက် ဖွေရှာ၊
ဒေါ-ယှဉ်ရာ၊ ကေ်ဝီသာမှတ်ထား၊
ဥ၌ဝယ်—လေးဆယ်ခြောက်ကို၊ ကောက်တော့ မမှား။

၄။ **သုခ** ဝေဒနာနှင့် ယှဉ်သော စိတ်ကား အဟိတ် ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁-ပါးသာ ဖြစ်သည်။ (သမ္ပယောဂနည်း။)

ထို သုခ သဟဂုတ် ကာယဝိညာဏ်စိတ်၌ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါး ယှဉ်သည်။ (သင်္ဂဟနည်း။)

**ဒုက္ခသဟဂတံ၊ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော စိတ်သည်။ အကုသလ ဝိပါကံ၊ အကုသလ ဝိပါက်ဖြစ်သော။ တထာ၊ ထို ကာယဝိညာဏ်စိတ် တခုသာတည်း။**

**၅။ ပန၊ ကား။ သောမနဿ သဟဂတ စိတ္တာနိ၊ သောမနဿ ဝေဒနာနှင့် တကွဖြစ်သော စိတ်တို့သည်။ စတ္တာရိ၊ လေးပါးကုန်သော။ လောဘမူလာနိ၊ လောဘမူစိတ်တို့ရင်း။ ဒွါဒသ၊ ၁၂-ပါးကုန်သော။ ကာမာဝစရ သောဘနာနိ၊ ကာမာဝစရ သောဘနစိတ်တို့ရင်း။ ဒွေ၊ နှစ်ပါးကုန်သော။ သုခသန္တီရဏ ဟသနာနိစ၊ သောမနဿသန္တီရဏ ဟသိတုပ္ပါဒ်စိတ်တို့ရင်း။ ဣတိ၊ သို့။ အဋ္ဌာရသ၊ ၁၈-ပါးကုန်သော။ ကာမာဝစရ သောမနဿ သဟဂတ စိတ္တာနိစေဝ၊ ကာမာဝစရ သောမနဿ သဟဂုတ်စိတ်တို့ရင်း။ ပဌမ ဒုတိယ တတိယ စတုတ္ထဇ္ဈာန သင်္ခါတာနိ၊ ပဌမဈာန် ဒုတိယဈာန် တတိယ ဈာန် စတုတ္ထဈာန် ဟု ဆိုအပ်ကုန်သော။ စတုစတ္တာလီသ၊ ၄၄-ပါးသော။ မဟဂ္ဂတ လောကုတ္တရ စိတ္တာနိစ၊ မဟဂ္ဂုတ် လောကုတ္တရာစိတ်တို့ရင်း။ ဣတိ၊ သို့။ ဒွါသဋ္ဌိ ဝိဓာနိ၊ ၆၂-ပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။**

---

တို့ကြောင့် သုခ ဝေဒနာ ကြဉ်သော သဗ္ဗ စိတ္တ သာဓာရဏ စေတသိက် ၆-ပါးသည် သုခ ဝေဒနာနှင့် ယှဉ်သော စေတသိက်များ ဖြစ်သည်၊ ဤသို့ နှစ်နည်း စပ်တွဲ သရုပ်ခွဲနည်း အတိုင်း ယူပါ၊ ဇယားကိုလည်း ရှုပါ။

ဒုက္ခဝေဒနာနှင့်ယှဉ်သော စိတ်သည်လည်း အကုသလ ဝိပါက်ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် တပါးသာဖြစ်သည်၊ ထို ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်၌သဗ္ဗ စိတ္တ သာဓာရဏ စေတသိက် ၇-ပါး ယှဉ်သည်၊ ထို့ကြောင့် ဒုက္ခ ဝေဒနာ ကြဉ်သော သဗ္ဗ စိတ္တ သာဓာရဏ စေတသိက် ၆-ပါးသည် ဒုက္ခ ဝေဒနာနှင့် ယှဉ်သော စေတသိက် ဖြစ်သည်၊ ဤသည်ကိုပင် ရည်ရွယ်၍ ''ခြောက်စီ သု-ဒု''ဟု ဆိုထားပါသည်။ (သုခ ဝေဒနာ စသည် အချင်းချင်း သမ္ပယုတ် ဝိပ္ပယုတ် မဟုတ်သောကြောင့် ကြဉ်ရသည်။)

၅။ သောမနဿ ဝေဒနာနှင့် ယှဉ်သော စိတ်တို့သည် (လောဘမူ သောမနဿ သဟဂုတ် ၄-ပါး၊ ကာမာဝစရ သောဘန သောမနဿ သဟဂုတ် ၁၂-ပါး၊ သောမနဿ သန္တီရဏစိတ်နှင့် ဟသိတုပ္ပါဒ် ၂-ပါးအားဖြင့်) ကာမာဝစရ သောမနဿ သဟဂုတ်စိတ် ၁၈-ပါး၊ (ပဌမဈာန်စိတ် ၁၁-ပါး၊ ဒုတိယဈာန်စိတ် ၁၁-ပါး၊ တတိယဈာန်စိတ် ၁၁-ပါး၊ စတုတ္ထဈာန်စိတ် ၁၁-ပါးအားဖြင့်) မဟဂ္ဂုတ် လောကုတ္တရာ သောမနဿ သဟဂုတ်စိတ် ၄၄-ပါး၊ ပေါင်း ၆၂-ပါးသော စိတ်တို့ပင် ဖြစ်သည်။

**၆။ ပန်ကား။ ဒေါမနဿ သဟဂတ စိတ္တာနိ၊ ဒေါမနဿ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်တို့သည်။ ဒွေ၊ နှစ်ပါးကုန်သော။ ပဋိဃ သမ္ပယုတ္တ စိတ္တာနိ ဧဝ၊ ပဋိဃ သမ္ပယုတ် စိတ်တို့သာတည်း။**

**၇။ သေသာနိ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပဉ္စပညာသ၊ ၅၅-ပါးသည်။ ဥပေက္ခာ သဟဂတ စိတ္တာနိ ဧဝ၊ ဥပေက္ခာ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်တို့ ချည်းသာတည်း။ ဣတိ၊ ဤကား ဝေဒနာ အပြားအားဖြင့် ပေါင်းယူ ရေတွက်ခြင်းတည်း။**

---

ယင်း ၆၂-ပါးသော စိတ်တို့၌ စေတသိက် ၄၇-ပါ ယှဉ်နိုင်သည်၊ ထို့ကြောင့် ဝေဒနာ(ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ)ကြဉ်သော စေတသိက် ၄၆-ပါးသည် သောမနဿ ဝေဒနာနှင့် ယှဉ်သော စေတသိက်များ ဖြစ်ကြသည်၊ သည်ကိုရည်၍ "သော-ဉ ကို့မှာ, ဆ စတ္တာ"ဟု ဆိုတားပါသည်။

၆။ ဒေါမနဿ ဝေဒနာနှင့် ယှဉ်သော စိတ်တို့ကား ဒေါသမူဒွေးပင် ဖြစ်သည်၊ ယင်း ဒေါသမူဒွေး၌ စေတသိက် ၂၂-ပါး ယှဉ်သည်၊ ထို့ကြောင့် ဝေဒနာ, (ပီတိ,လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ) ကြဉ်သော စေတသိက် ၂၁-ပါးသည် ဒေါမနဿ ဝေဒနာနှင့် ယှဉ်သော စေတသိက် များ ဖြစ်သည်၊ သည်ကို ရည်၍ "ဒေါမှာ နှစ်ဆယ့်တစ်"ဟု ဆိုထား ရပါသည်။

၇။ (အကုသိုလ် ဥပေက္ခာ သဟဂုတ်စိတ် ၆-ပါး၊ အဟိတ် ဥပေက္ခာ သဟဂုတ်စိတ် ၁၄-ပါး၊ ကာမာဝစရ သောဘန ဥပေက္ခာသဟဂုတ်စိတ် ၁၂-ပါးအားဖြင့်)ကာမာဝစရ ဥပေက္ခာသဟဂုတ်စိတ် ၃၂-ပါး၊ ပဉ္စမဈာန် ၂၃-ပါး၊ ပေါင်း ၅၅-ပါးသော စိတ်တို့သည် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သော စိတ်များ ဖြစ်ကြသည်။

ယင်း ၅၅-ပါးသော စိတ်တို့၌ စေတသိက် ၄၇-ပါး ယှဉ်နိုင်သည်၊ ထို့ကြောင့် ဝေဒနာ, (ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ) ကြဉ်သော စေတသိက် ၄၆-ပါးတို့သည် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သော စေတသိက်များ ဖြစ်ကြသည်၊ သည်ကိုရည်၍ "သော-ဉတို့မှာ, ဆစတ္တာ" ဟု ဆိုထားခဲ့ရပါသည်။

အာရမဏာနုဘဝန နည်းအားဖြင့် ခွဲစိတ်ဝေဖန်ပါက သုခ သဟဂုတ် စိတ် ၆၃-ပါး၊ ဒုက္ခ သဟဂုတ်စိတ် ၃-ပါး၊ ဥပေက္ခာ သဟဂုတ်စိတ် ၅၅-ပါး ဖြစ်သည်၊ စေတသိက်တို့ကိုလည်း သိနိုင်လောက်ပါပြီ။

ယခု ပြဆိုခဲ့ပြီးသော စေတသိက်ယှဉ်ပုံ နည်းကား ယူပြီးသည်ကိုလည်း ထပ်ယူရသော (ဂဟိတဂ္ဂဟဏ)နည်း ဖြစ်သည်၊ ယူပြီးသည်ကို ထပ်၍ မယူရ သော (အဂ္ဂဟိတဂ္ဂဟဏ)နည်းကိုလည်း ပြပါဦးမည်။

**ဆောင်**။ ။ဝေဒနာတစ်, ခြောက်ပါးဖြစ်၏၊ နှစ်မှာ၄ဝိ၊ သုံးလီဆယ့်တစ်၊ ငါးဖြစ်ခြောက်ပါး၊ 'မ' တပါး၊ ပေါင်းငြားငါးဆယ့်နှစ်။

**တနည်း**။ ။တပါးဆ၊ နှစ်ယှဉ်ရ ၄ဝိ၊
သုံးယှဉ်လာ—တဆယ့်တစ်ငယ်၊ ခြောက်ဖြစ် ငါးညီ၊
မယှဉ်ပြီ၊ သေ့ဖိရ တပါး၊
ပေါင်းစုလျှင်—ငါးဆယ့်နှစ်ငယ်၊ စိစစ်မှတ်သား။

**ဝေဒနာတစ်, ၆-ပါးဖြစ်၏**။ ။ပီတိသည် သောမနဿ သဟဂုတ်စိတ်မှာ သာ ယှဉ်နိုင်သည့်အတွက် သောမနဿ ဝေဒနာ တပါးနှင့်သာ ယှဉ်ရသည်၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ သည် ဒေါသမူဒွေး၌သာ ယှဉ်ကြသည့်အတွက် ဒေါမနဿ ဝေဒနာ တပါး နှင့်သာ ယှဉ်ရသည်၊ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌သာ ယှဉ်ရသည့် အတွက် ဥပေက္ခာ ဝေဒနာ တပါးနှင့်သာ ယှဉ်ရသည်၊ ထို့ကြောင့် "ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ" အားဖြင့် ဝေဒနာ တပါးနှင့် ယှဉ်သော စေတသိက် ၆-ပါး ဖြစ်လာရသည်။

**နှစ်မှာ၄ဝိ**။ ။လောဘ, ဒိဋ္ဌိ, မာနတို့နှင့် သောဘန စေတသိက် ၂၅-ပါး အားဖြင့် ၂၈-ပါးသော စေတသိက်တို့၏ ယှဉ်ရာစိတ်များ၌ သောမနဿ, ဥပေက္ခာ ဝေဒနာ ၂-ပါး ပါရှိသည်၊ ထို့ကြောင့် ဝေဒနာ ၂-ပါးနှင့် ယှဉ်သော စေတသိက်တို့ကား လောဘ စသော ၂၈-ပါးတို့ပင်တည်း။

**သုံးလီဆယ့်တစ်**။ ။ဝိတက်ကြဉ် ပကိဏ်း စေတသိက် ၅-ပါး၊ သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ ထိန, မိဒ္ဓ၊ ဤ ၁၁-ပါးသော စေတသိက်တို့သည် ဒွေးပဉ္စဝိညာဏ် ၁ဝ-မှ တပါးသော စိတ်တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်၊ယင်းစိတ်တို့၌ "သောမနဿ, ဒေါမနဿ,ဥပေက္ခာ"အားဖြင့် ဝေဒနာ ၃-ပါး ပါရှိသည်၊ ထို့ကြောင့် ယင်း ဝေဒနာ ၃-ပါးနှင့် ယှဉ်သော စေတသိက်တို့သည် ဆိုခဲ့ပြီးသော စေတသိက် ၁၁-ပါးတို့ပင် ဖြစ်သည်။

## သင်္ဂဟဂါထာများ

ဂ။ တတ္ထ၊ ထိုဝေဒနာသင်္ဂဟ၌။ ဝေဒနာ၊ တို့သည်။ သုခံ၊ သုခဝေဒနာ ရင်း။ ဒုက္ခံ၊ ရင်း။ ဥပေက္ခာ၊ ရင်း။ ဣတိ၊ သို့။ တိဝိဓာ၊ (အာရမဏာနုဘဝန လက္ခဏာအားဖြင့်) သုံးပါး အပြားရှိကုန်၏။ သောမနဿံ၊ သောမနဿ ဝေဒနာရင်း။ ဒေါမနဿံ၊ ရင်း။ ဣတိ၊ ဤနှစ်ပါးကို ပေါင်းထည့်၍။ ဘေဒေန၊ ဣန္ဒြိယ အပြားအားဖြင့်။ ပဉ္စဓာ၊ ငါးပါးပြားကုန်၏။

ဇ။ သုခံ၊ သုခ ဝေဒနာသည်ရင်း။ ဒုက္ခဥ္စ၊ ဒုက္ခ ဝေဒနာသည်ရင်း၊ ဧကတ္ထ၊ တခုစီသော ကာယဝိညာဏ်စိတ်၌။ ဋ္ဌိတံ၊ တည်၏။ ဒေါမနဿံ၊ ဒေါမနဿ ဝေဒနာသည်။ ဒွယေ၊ စိတ်နှစ်ပါး အပေါင်း၌။ ဋ္ဌိတံ၊ ၏။ သောမနဿံ၊ သောမနဿ ဝေဒနာသည်။ ဒွါသဋ္ဌိသု၊ ၆၂-ပါးသော စိတ်တို့၌။ ဋ္ဌိတံ၊ ၏။ ဣတရာ၊ ဆိုအပ်ပြီးသည်မှ တပါးသော ဥပေက္ခာ ဝေဒနာသည်။ ပဉ္စပညာသကေ၊ ၅၅-ပါးသော စိတ်၌။ ဋ္ဌိတာ၊ တည်၏။

---

ငါးပြစ် ၆-ပါး။ ။ဝေဒနာ ကြဉ်သော သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၆-ပါးတို့သည် စိတ်အကုန်လုံး၌ ယှဉ်ကြသည်၊ ယင်း စိတ်များသည်လည်း ဝေဒနာ ဘေဒအားဖြင့် ၅-ပါး ပြားကြသည်၊ ထို့ကြောင့် ဝေဒနာ ၅ပါးနှင့် ယှဉ်သော စေတသိက်များကား ဝေဒနာ ကြဉ်သော ယင်း သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၆-ပါးတို့ပင်တည်း။

'မ'ဏ-မါး။ ။ဝေဒနာနှင့် ယှဉ်ဖက်ဖြစ်သော အခြား ဝေဒနာတပါး မရှိတော့သည့်အတွက် ဝေဒနာ စေတသိက်သည် မည်သည့် ဝေဒနာနှင့်မျှ မယှဉ်နိုင်တော့ပါ။

၊။ သင်္ဂဟ။ ။'သုခံ ဒုက္ခမုပေက္ခာတိ' စသော ဂါထာဖြင့် 'တိဝိဓာ ဝေဒနာ' စသော အကျယ် စုဏ္ဏိယစကားရပ်ကို အကျဉ်း ချုံး၍ ပေါင်းယူပြသည်၊ ယင်း အကျယ်စုဏ္ဏိယနှင့် ညှိနှိုင်း၍ သရုပ် ရေတွက်ပါ။

ဇ။ 'သုခမေကတ္ထ' စသော ဂါထာဖြင့် 'တတ္ထ သုခသဟဂတံ' စသော အကျယ်စကားရပ်ကို အကျဉ်းချုံး၍ ပေါင်းစု ပြသည်၊ သချ်ာတို့၏ သရုပ် ကို သက်ဆိုင်ရာ အကျယ်စကားရပ်နှင့် တိုက်ဆိုင် ညှိနှိုင်း ရေတွက်ပါ။

## ဟေတုသင်္ဂဟ

### ဟိတ် ၆-ပါး

**၁၀။ ဟေတုသင်္ဂဟော၊ ဟေတု သင်္ဂဟော၊ ဟေတုနာမ၊ ဟိတ်တို့ မည်သည်။ လောဘော၊ လောဘဟူသော ဟိတ်သည်၎င်း။ ဒေါသော၊ ၎င်း။ မောဟော၊ ၎င်း။ အလောဘော၊ ၎င်း။ အဒေါသော၊ ၎င်း။ အမောဟော၊ ၎င်း။ ဣတိ၊ သို့။ ဆဗ္ဗိဓော၊ ခြောက်ပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။**

---

**ဘုံ ပုဂ္ဂိုလ်ဖြင့် ဝေဒနာတို့ကို ဝေဖန်ခြင်း**

ကာမဘုံ၌ ပုထုဇဉ် ၄-ယောက် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်တို့မှာ ဝေဒနာ ၅-ပါးပင် ဖြစ်နိုင်သည်၊ အနာဂါမ် ရဟန္တာများမှာ ဒေါမနဿ ဝေဒနာမှ တပါး ဝေဒနာ ၄-ပါး ဖြစ်နိုင်သည်၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် ၄-ယောက်တို့မှာ သောမနဿ ဝေဒနာ, ဥပေက္ခာ ဝေဒနာ ၂-ပါးသာ ဖြစ်နိုင်သည်။

ရူပ အရူပဘုံတို့၌ သောမနဿ, ဥပေက္ခာ ဝေဒနာ ၂-ပါးသာ ဖြစ်သင့်သည်။

### ဟေတုသင်္ဂဟ

၁၀။ ဟိတ်အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူ ရေတွက်၍ မပြမီ ဟိတ်အပြားကို ဦးစွာ ပြလိုသောကြောင့် 'ဟေတုသင်္ဂဟေ ဟေတုနာမ' စသော စကားရပ်ကို မိန့်ဆိုရသည်။

''လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ'' ဟု ဟိတ် ၆-ပါးရှိသည်—ဟုဆိုလိုသည်၊ ထိုတွင် 'အမောဟ' ဟူသည် ပညိန္ဒြေစေတသိက်ပင်တည်း၊ ဟိတ်များဖြင့် စိတ်ကို ဝေဖန်ယင်း စေတသိက်တို့ကိုလည်း တပါတည်း ပေါင်းယူ ရေတွက် ပြသွားပါမည်။

**ဆောင်။** ။အဟိတ် တေရ, ကေနှစ်ဆယ်, ဒွိဝယ် ၄စတ်, တိဟိတ်မှတ်,
ရလတ်သုံးဆယ့်ငါး။

**တနည်း။** ။စေတသိက်၊ အဟိတ်ရယ်တဲ့ ဆယ့်သုံးဖြာ၊
ကေဝယ်—နှစ်ဆယ်ရှိတယ်၊ ဒွိ ၄စတ္တာ၊

## ဟိတ်ဖြင့် စိတ်ကို ဝေဖန်ခြင်း

၁၁။ တတ္ထ၊ ထိုခြောက်ဘုံသင်္ဂြိုဟ်၌။ ပဉ္စဒွါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ဟသန ဝသေန၊ ပဉ္စဒွါရာဝဇ္ဇန်း ဒွေးပဉ္စဝိညာဏ် တဆယ် သမ္ပဋိစ္ဆိုင်းဒွေး သန္တီရဏသုံးခု ဝုဋ္ဌော ဟသိတုပ္ပါဒ်တို့၏ အပြားအားဖြင့်။ အဋ္ဌာရသ၊ ၁၈-ပါးသော စိတ်တို့သည်။ အဟေတုကာ စိတ္တာနိနာမ၊ အဟိတ်စိတ်တို့မည်၏။

---

> တိဟိတ်မှာ၊ သုံးငါးသာ မှတ်ထား၊
> ဟိတ်ယှဉ်နေ—စေတသိကို၊ နှိုင်းညှိ စဉ်းစား။

### ဟိတ်ဖြင့် စိတ်ကို ဝေဖန်ခြင်း

| စိတ် ရေ | | | အကု-ဟိတ် | | | ကုသိုလ်ဟိတ် | | | ဟိတ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | လောဘ | ဒေါသ | မောဟ | အလောဘ | အဒေါသ | အမောဟ | |
| [illegible] | | | | | | | | | |
| [illegible] | [illegible] | [illegible] | | | ။ | | | | |
| | ၂၂ | [illegible] | ။ | | ။ | | | | |
| | | [illegible] | | ။ | ။ | | | | |
| | | [illegible] | | | | ။ | ။ | | |
| | [illegible] | [illegible] | | | | ။ | ။ | ။ | [illegible] |
| [illegible] | | | | | | [illegible] | [illegible] | [illegible] | |

၁၁။ "ပဉ္စဒွါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဏ်၁၀, သမ္ပဋိစ္ဆိုင်းဒွေး,သန္တီရဏ ၃-ခု, ဝုဋ္ဌော, ဟသိတုပ္ပါဒ်" အားဖြင့် ၁၈-ပါးသော စိတ်တို့သည် (ယှဉ်ဖက် ဟိတ် မရှိသောကြောင့်)အဟိတ်စိတ်မည်၏။ (ဇီဝိတဖြင့် ရေတွက်ပြသည်။)

ယင်း အဟိတ်စိတ် ၁၈-ပါး၌ ဆန္ဒကြဉ် အညသမာန်း စေတသိက် ၁၂-ပါး ယှဉ်သည်၊ "အဟိတ် စေတသိက် ၁၂-ပါး"ဟု မှတ်သား ထားခဲ့ပါ။

**၁၂။** သေသာနိ၊ ကြွင်းကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ **ကေသတ္တတိ** စိတ္တာနိ၊ ၇၁-ပါးသော စိတ်တို့သည်။ သဟေတုကာနေဝ၊ သဟိတ်စိတ်တို့ချည်းသာတည်း။

**၁၃။** တတ္ထာပိ၊ ထိုသဟိတ်စိတ်တို့တွင်လည်း။ ဒွေ၊ နှစ်ပါးကုန်သော။ မောမူဟာ စိတ္တာနိ၊ မောဟမူစိတ်တို့သည်။ **ဧက** ဟေတုကာနိ၊ **ဧကဟိတ်** စိတ်တို့တည်း။

**၁၄။** သေသာနိ၊ မောဟမူဒွေးမှ ကြွင်းကုန်သော။ ဒသ၊ ဆယ်ပါးကုန်သော။ အကုသလ စိတ္တာနိစေဝ၊ အကုသိုလ်စိတ်တို့ရှင်း။ ဉာဏဝိပ္ပယုတ္တာနိ၊ ဉာဏဝိပ္ပယုတ် ဖြစ်ကုန်သော။ ဒွါဒသ၊ ၁၂-ပါးကုန်သော။ ကာမာဝစရ သောဘနာနိစ၊ ကာမာဝစရ သောဘနစိတ်တို့ရှင်း။ ဣတိ၊ သို့။ ဒွါဝီသတိ၊ ၂၂-ပါးသည်။ ဒွိဟေတုက စိတ္တာနိ၊ ဒွိဟိတ်စိတ်တို့တည်း။

---

၁၂။ ယင်း အဟိတ်စိတ်မှ ကြွင်းသည့် စိတ် ၇၁-ပါးလုံးသည် သဟိတ်စိတ်တို့ချည်းသာဖြစ်ကြသည်။ (သ+ဟေတုက—ယှဉ်ဖက်ဟိတ် ရှိသောစိတ်။)

၁၃။ ယင်း သဟိတ်စိတ်တို့တွင် မောဟမူဒွေးသည် 'ဧကဟိတ်စိတ်' မည်၏။ (ဧက—တပါး+ဟေတုက—ယှဉ်ဖက်ဟိတ်ရှိသောစိတ်။)

ထိုမောဟမူဒွေး၌ စေတသိက် ၁၆-ပါး ယှဉ်သည်၊ ယင်း စေတသိက် ၁၆-ပါးထဲ၌ မောဟဟိတ်တပါး ပါဝင်နေသည်၊ ယင်း မောဟဟိတ်ကို နှုတ်လိုက်ပါက စေတသိက် ၁၅-ပါး ကျန်သည်၊ ယင်း ကျန်နေသော စေတသိက် ၁၅-ပါး (နှင့် မောဟမူဒွေး) တို့သည် ယင်း ''မောဟ'' ဟူသော ဟိတ်တပါးနှင့် ယှဉ်ကြသည်၊ ထို့ကြောင့် 'ဧကဟိတ်' မည်ကြသည်၊ သို့ဖြစ်၍ ''ဧကဟိတ် စေတသိက် ၁၅-ပါး'' ဟု မှတ်သားထားခဲ့ပါဦး။

ယင်း မောဟမူဒွေး၌ ယှဉ်သော မောဟကား တခြားယှဉ်ဖက် ဟိတ်မရှိတော့သည့်အတွက် အဟိတ်စေတသိက် ဖြစ်ရတော့သည်။

ဤသို့လျှင် ''အဟိတ်စိတ်၌ ယှဉ်သော စေတသိက် ၁၂-ပါး၊ မောဟမူဒွေး၌ ယှဉ်သော မောဟ''အားဖြင့် အဟိတ် စေတသိက် ၁၃-ပါး ဖြစ်လာရတော့သည်၊ သည်ကို ရည်၍ ''အဟိတ် တေရ'' ဟု ဆိုထားခဲ့ရပေသည်။

၁၄။ လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ဉာဏ ဝိပ္ပယုတ် ကာမာဝစရ သောဘနစိတ် ၁၂-ပါး၊ ပေါင်း ၂၂-ပါးသော စိတ်တို့သည် ဒွိဟိတ်စိတ်တို့မည်၏။ (ဒွိ— နှစ်ပါးသော+ဟေတုက—ယှဉ်ဖက်ဟိတ်ရှိသော စိတ်။)

**၁၅။ ဒွါဒသ၊ ၁၂-ပါးကုန်သော။ ဉာဏသမ္ပယုတ္တကာမာဝစရသောဘနာနိစေဝ၊ ဉာဏသမ္ပယုတ်ကာမာဝစရ သောဘန စိတ်တို့ရင်း။ ပဉ္စတ္တိံသ၊ ၃၅-ပါးသော။ မဟဂ္ဂတလောကုတ္တရစိတ္တာနိစ၊ မဟဂ္ဂုတ် လောကုတ္တရာစိတ်တို့ရင်း။ ဣတိ၊ သို့။ သတ္တစတ္တာလီသ၊ ၄၇ ဒ ပါးသည်။ တိဟေတုကစိတ္တာနိ၊ တိဟိတ်စိတ်တို့တည်း။ ဣတိ၊ ဤကား ဟိတ်အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။**

---

ထိုဒွိဟိတ်စိတ် ၂၂-ပါး၌ ဝိစိကိစ္ဆာနှင့် ယှဉ်ဘပြည့် ပညာကြည် စေတသိက် ၅၀-ယှဉ်နိုင်သည်၊ ယင်း ၅၀-၌ ''လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ'' ဟု ဟိတ် ၅-ပါး ပါဝင်နေသည်၊ ယင်းဟိတ် ၅-ပါးကို နုတ်က စေတသိက် ၄၅-ပါးကျန်သည်၊ ယင်း စေတသိက် ၄၅-ပါးသည် ယှဉ်ထိုက်သည် အားလျော်စွာ လောဘမူ၌ ယှဉ်သည့်အခါ ''လောဘ, မောဟ'' ဟူသော ဟိတ် ၂-ပါးနှင့် ယှဉ်နိုင်သည်၊ ဒေါသမူ၌ ယှဉ်သည့်အခါ ''ဒေါသ, မောဟ'' ဟူသော ဟိတ် ၂-ပါးနှင့် ယှဉ်နိုင်သည်၊ ဉာဏ ဝိပ္ပယုတ် စိတ်၌ ယှဉ်သည့်အခါ ''အလောဘ, အဒေါသ'' ဟူသော ဟိတ် ၂-ပါးနှင့် ယှဉ်နိုင်သည်၊ ထို့ကြောင့် ဒွိဟိတ် စေတသိက်များ ဖြစ်ကြသည်၊ ''ဒွိဟိတ် စေတသိက် ၄၅-ပါ'' ဟု မှတ်သားထားခဲ့ပါဦး။

နုတ်ထားခဲ့သော ဟိတ် ၅ ပါးတို့တွင် လောဘမူ၌ ယှဉ်သော လောဘသည် မောဟဟိတ် တပါးနှင့်သာ ယှဉ်သည်၊ မောဟသည်လည်း လောဘဟိတ်တပါးနှင့်သာ ယှဉ်သည်၊ ဒေါသမူ၌ ယှဉ်သော ဒေါသသည် မောဟဟိတ်တပါးနှင့်သာ ယှဉ်သည်၊ မောဟသည်လည်း ဒေါသဟိတ်တပါးနှင့်သာ ယှဉ်သည်၊ ဉာဏဝိပ္ပယုတ်စိတ်၌ ယှဉ်သော အလောဘသည် အဒေါသ ဟိတ်တပါးနှင့်သာ ယှဉ်သည်၊ အဒေါသ သည်လည်း အလောဘ ဟိတ်တပါးနှင့်သာ ယှဉ်သည်၊ ထို့ကြောင့် ယင်းဟိတ် ၅-ပါးတို့သည် ဧကဟိတ် စေတသိက်များသာ ဖြစ်ကြရပါတော့သည်။

ဤသို့လျှင် မောဟမူဒွေး၌ ယှဉ်သည့် မောဟကြဉ်သော စေတသိက် ၁၅-ပါး၊ ဒွိဟိတ်စိတ်၌ ယှဉ်သော ဟိတ် ၅-ပါး၊ ဤ ၂၀-သော စေတသိက်တို့သည် 'ဧကဟိတ် စေတသိက်'တို့ မည်ကြသည်၊ ထို့ကြောင့်ပင် ''ဧကနှစ်ဆယ်'' ဟု ဆိုရပေသည်။

၁၅။ ဉာဏသမ္ပယုတ် ကာမာဝစရ သောဘန စိတ် ၁၂-ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါး၊ ပေါင်း ၄၇-ပါးသော စိတ်တို့သည် တိဟိတ် စိတ်တို့ မည်၏။ (တိ—၃ ပါးသော+ဟေတုက—ယှဉ်ဖက် ဟိတ်ရှိသော စိတ်။)

ယင်း တိဟိတ်စိတ် ၄၇-ပါး၌ စေတသိက် ၃၈-ပါး ယှဉ်သည်၊ ဟိတ် ၃-ပါးကို နှုတ်က စေတသိက် ၃၅-ပါး ကျန်သည်၊ ယင်း စေတသိက် ၃၅-ပါးသည် နှုတ်ထားသော ဟိတ် ၃-ပါးနှင့် ယှဉ်သောကြောင့် တိဟိတ် စေတသိက်များ ဖြစ်ကြသည်၊ ထို့ကြောင့်ပင် ''တိဟိတ်မှတ်, ၃လတ် သုံးဆယ့်ငါး''ဟု ဆိုရပေသည်။

နှုတ်ထားခဲ့သော စေတသိက် ၃-ပါးတို့တွင် အလောဘသည် ''အဒေါသ, အမောဟ''ဟူသော ဟိတ် ၂-ပါးနှင့် ယှဉ်သည်၊ အဒေါသသည် ''အလောဘ, အမောဟ''ဟူသော ဟိတ် ၂ ပါးနှင့်ယှဉ်သည်၊ အမောဟသည် ''အလောဘ, အဒေါသ''ဟူသော ဟိတ် ၂-ပါးနှင့် ယှဉ်သည်၊ ထို့ကြောင့် ယင်းတိဟိတ် စိတ်၌ ယှဉ်သော ဟိတ် ၃-ပါးတို့သည် 'ဒွိဟိတ် စေတသိက်'များ ဖြစ်ကြရ တော့သည်။

ဤသို့လျှင် ဒွိဟိတ်စိတ်၌ ယှဉ်သည့် ဟိတ် ၅-ပါးကြဉ်သော စေတသိက် ၄၅-ပါး၊ တိဟိတ်စိတ်၌ ယှဉ်သော ဟိတ် ၃-ပါး၊ ပေါင်း ၄၈-ပါးသော စေတသိက်တို့သည် 'ဒွိဟိတ် စေတသိက်'များ ဖြစ်ကြသည်၊ ထို့ကြောင့်ပင် ''ဒွိ ဝယ် ၄၈''ဟု ဆိုထားရပေသည်။

ဟိတ်နှင့် ယှဉ်သော စေတသိက်တို့ကို အင်္ဂဟိတဂ္ဂဟဏနည်းဖြင့်လည်း ပြပါဦးမည်၊ ဆောင်ပုဒ်နှင့် ဇယားကို နှိုင်းနှောတိုက်ဆိုင် ကြည့်ရှု လေ့လာပါ။

**ဆောင်။** ။သုံးမှာ ၁၈, နဝ နှစ်စီ, သတ္တဝီ တိ, တစ်ရှိ ပဥ္စ, ဒွါဒသ် ဆ, ပေါင်းက ဒွေးပညာ။

**တနည်း။** ။ဟိတ် ၁၈၊ ယှဉ်ပါရ စေသုံးတန်၊
ဒွိ ကိုးလျှင်—ဘိ ယှဉ်သင့်တယ်၊ နှစ်ဆယ်နှင့်ခွန်၊
ဟိတ် ငါးတန်၊ ယှဉ်ပြန်ရ တပါး၊
ဟိတ် ခြောက်ဖြာ—ဒွါဒသငယ်၊ ကျန မှတ်သား။

**သုံးမှာ ၁၈။** ။''ဝိစိကိစ္ဆာ, လောဘ, ဒေါသ'' အားဖြင့် စေတသိက် ၃-ပါးတို့သည် 'မောဟ'ဟူသော ဟိတ် ၁-ပါးနှင့်သာ ယှဉ်ကြသည်။

**နဝ နှစ်စီ။** ။''မောဟ, ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, အလောဘ, အဒေါသ, အမောဟ''အားဖြင့် ၉-ပါးသော စေတသိက် တို့သည် ထိုက်သည်အားလျော်စွာ ဟိတ် ၂-ပါးနှင့် ယှဉ်ကြသည်။

## ဟိတ်ဖြင့် စေတသိက်တို့ကို ဝေဖန်ခြင်း

| စေတသိက် ၅၂ | | လောဘ | ဒေါသ | မောဟ | အလောဘ | အဒေါသ | အမောဟ | ဟိတ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| ဟိတ် [illegible] | [illegible] | | | ။ | | | | [illegible] |
| ဟိတ် ၂ [illegible] စေတသိက် | [illegible] | ။ | ။ | | | | | |
| | [illegible] | ။ | | ။ | | | | |
| | [illegible] | | ။ | ။ | | | | |
| | [illegible] | | | | | ။ | ။ | |
| | [illegible] | | | | ။ | | ။ | ၂ |
| | [illegible] ၁ | | | | ။ | ။ | | ၂ |
| ဟိတ် [illegible] | [illegible] | ။ | ။ | ။ | | | | [illegible] |
| [illegible] | [illegible] | | | | ။ | ။ | ။ | [illegible] |
| ဟိတ် ၅ | [illegible] | ။ | | ။ | ။ | ။ | ။ | [illegible] |
| ဟိတ် ၆ | [illegible] | ။ | ။ | ။ | ။ | ။ | ။ | [illegible] |
| | [illegible] | [illegible] | | [illegible] | [illegible] | [illegible] | [illegible] | |

ထို ၉-ပါးသော စေတသိက်တို့တွင် မောဟသည် လောဘ, ဒေါသ ဟိတ် ၂-ပါးနှင့် ယှဉ်သည်၊ ဒိဋ္ဌိနှင့် မာနသည် လောဘ, မောဟ ဟိတ် ၂ ပါးနှင့် ယှဉ်သည်၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ တို့သည် ဒေါသ, မောဟ ဟိတ်-ပါးနှင့် ယှဉ်သည်၊ အလောဘ အဒေါသ အမောဟ တို့သည် အချင်းချင်း အပြန်အလှန် ယှဉ်ကြသည်။

**သတ္တဝီ တိ**။ ။"အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ ထိန မိဒ္ဓ ဟိတ် ၃-ပါး ကြဉ်သော ငဲသာဘန စေတသိက် ၂၂-ပါး"အားဖြင့် ၂၇-ပါးသော စေတသိက်တို့သည် ထိုက်သည်အားလျော်စွာ ဟိတ် ၃-ပါးနှင့် ယှဉ်ကြသည်။

ထိုတွင် အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ ထိန မိဒ္ဓ တို့သည် "လောဘ, ဒေါသ, မောဟ" ဟူသော ဟိတ် ၃-ပါးတို့နှင့် ယှဉ်ကြသည်၊ သောဘန စေတသိက် ၂၂-ပါးတို့သည် "အလောဘ, အဒေါသ, အမောဟ" ဟူသော ဟိတ် ၃-ပါးနှင့် ယှဉ်ကြသည်။

**တစ်ရှိ ပဥ္စ**။ ။ပီတိသည် ဒေါသမူဒွေး၌ မယှဉ်နိုင်သည့်အတွက် ဒေါသဟိတ်မှ ဝဲပါးသော ဟိတ် ၅-ပါးနှင့် ယှဉ်သည်။

## သင်္ဂဟဂါထာများ

၁၆။ အကုသလာ၊ အကုသိုလ် ဖြစ်ကုန်သော။ ဟေတူ၊ ဟိတ်တို့သည်။ လောဘော၊ ၎င်း။ ဒေါသော၊ ၎င်း။ မောဟော၊ ၎င်း။ (ဣတိ၊ သို့။) တယော၊ ၃-ပါးတို့တည်း။ ကုသလာ ဗျာကတာ၊ ကုသိုလ် အဗျာကတ ဖြစ်ကုန်သော။ ဟေတူ၊ တို့သည်။ အလောဘော၊ ၎င်း။ အဒေါသော၊ ၎င်း။ အမောဟော၊ ၎င်း။ (ဣတိ၊ သို့။) တထာ၊ ထိုသုံးပါးစီတို့တည်း။

၁၇။ အဟေတုကာ၊ အဟိတ်စိတ်တို့ကို။ အဋ္ဌာရသ၊ ၁၈-ပါးတို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ဧက ဟေတုကာ၊ ဧကဟိတ် စိတ်တို့ကို။ ဒွေ၊ ၂-ပါးတို့ဟူ၍။ မတာ၊ ကုန်၏။ ဒွိ ဟေတုကာ၊ ဒွိဟိတ် စိတ်တို့ကို။ ဒွါဝီသတိ၊ ၂၂-ပါးဟူ၍။ မတာ၊ ကုန်၏။ တိ ဟေတုကာ၊ တိဟိတ် စိတ်တို့ကို။ သတ္တစတ္တာလီသ၊ ၄၇-ပါးဟူ၍။ မတာ၊ သိအပ်ကုန်၏။

---

ဒွါဒသ် ဆ။ ။ပီတိကြဉ် အညသမာန်း စေတသိက် ၁၂-ပါးတို့သည် ဟိတ် ၆-ပါးလုံးနှင့် ယှဉ်နိုင်သည်။

ဤသို့လျှင် ''ဟိတ်တပါးနှင့် ယှဉ်သော စေတသိက် ၃-ပါး၊ ဟိတ် ၂-ပါးနှင့် ယှဉ်သော စေတသိက် ၉-ပါး၊ ဟိတ် ၃-ပါးနှင့် ယှဉ်သော စေတသိက် ၂၇-ပါး၊ ဟိတ် ၅-ပါးနှင့် ယှဉ်သော စေတသိက် ၁-ပါး၊ ဟိတ် ၆-ပါးနှင့် ယှဉ်သော စေတသိက် ၁၂-ပါး'' အားဖြင့် စေတသိက် ၅၂-ပါးဖြစ်သတည်း။

ဆောင်။ ။လော ဒေါ ဝိစိ တပါးသိလော့၊ မော ဒိ မာနာ, ဣဿာ မစ္ဆရိယ, ကုက္ကုစ္စနှင့်, အလော အဒေါ, အမောတို့မှာ, နှစ်စီ သာတည်း၊ ဧွလာစေစု, ကြဉ်ဖယ်ပြုသည့်, အကုသလ, သောဘနဟု, သတ္တဝီသာ, 'စေ'တို့မှာလျှင်, သုံးသာယှဉ်ဘိ၊ ပီတိ ငါးပါး, ကြွင်းငြားအည, သမာနသည် ......ယှဉ်ရ ဟေတုခြောက်ပါးတည်း။

၁၆။ သင်္ဂဟ။ ။လောဘ ဒေါသ မောဟတို့ကို အကုသိုလ်၌ ယှဉ်သော ကြောင့် ''အကုသိုလ်ဟိတ်'' ဟု ဆိုထားသည်၊ အလောဘ အဒေါသ အမောဟတို့ကို ကုသိုလ်၌ ယှဉ်သောကြောင့် ''ကုသိုလ် ဟိတ်''ဟုငင်း ဝိပါက်ကြိယာ အဗျာကတ၌ ယှဉ်သောကြောင့် ''အဗျာကတ ဟိတ်''ဟုငင်း ဆိုထားပါသည်။

၁၇။ 'တတ္ထ ပဉ္စဒွါရာဝဇ္ဇန'စသော အကျယ်စကားရပ်ကို''အဟေတုကာ အဋ္ဌာရသ''ဟု အကျဉ်းချုံး ဆိုထားသည်၊ ထို့ကြောင့် 'အဋ္ဌာရသ'၏ အရကို ယင်း အကျယ် စကားရပ်အတိုင်း ကောက်ပါ။

## ကိစ္စသင်္ဂဟ

### ကိစ္စ ၁၄-ပါး

၁၀။ ကိစ္စသင်္ဂဟေ၊ ကိစ္စသင်္ဂဟ၌။ ကိစ္စာနိ နာမ၊ ကိစ္စတို့ မည်သည်၊ ပဋိသန္ဓိ ဘဝင်္ဂါဝဇ္ဇန ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ဇဝန တဒါရမဏ စုတိ ဝသေန၊ ပဋိသန္ဓေကိစ္စ ဘဝင်

'တတ္ထပိ ဒွေ မောမူဟစိတ္တာနိ' စသော အကျယ် စကားရပ်ကို ''ဧကဟေတုကာဒွေ''ဟုရင်း သေသာနိ ဒသ စသည်ကို ''ဒွါဝီသတိ ဒွိဟေတုကာ'' ဟုရင်း 'ဒွါဒသ ဉာဏသမ္ပယုတ္တာ'စသည်ကို''သတ္တ စတ္တာလီသ တိဟေတုကာ'' ဟုရင်း အကျဉ်းချုံး ဆိုထားသည်၊ ထို့ကြောင့် ဒွေ, ဒွါဝီသတိ, သတ္တ စတ္တာလီသတို့၏ အရကို အသီး အသီး သက်ဆိုင်ရာ အကျယ်စကားရပ်ကို ရှုလျက် ကောက်ပါ။

ဤသို့လျှင် ''ဧကဟိတ်စိတ် ၂-ပါး၊ ဒွိဟိတ်စိတ် ၂၂-ပါး၊ တိဟိစိတ် ၄၇-ပါး''အားဖြင့် သဟိတ်စိတ် ၇၁-ပါး ဖြစ်သတည်း။

**ဘုံ ပုဂ္ဂိုလ်အားဖြင့် ဝေဖန်ခြင်း**

ကာမဘုံ၌ ဟိတ် ၆-ပါးလုံးပင် ဖြစ်နိုင်သည်၊ အဟိတ်စိတ် ဧကဟိတ်စိတ် ဒွိဟိတ်စိတ်တို့မှာ မထူးခြားတော့ပါ၊ တိဟိတ်စိတ်ကား ၃၀-ပါးသာတည်း။

ကာမပုဂ္ဂိုလ် ၁၂-ယောက်တို့တွင် ပုထုဇဉ် ၄-ယောက် အောက်ဖလဋ္ဌာန် ၂-ယောက်တို့အား ဟိတ် ၆-ပါး ဖြစ်၏၊ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်အား ဒေါသဟိတ် မဖြစ်၊ ကြွင်း ၅-ပါးသာ ဖြစ်၏၊ မဂ္ဂဋ္ဌာန် ၄-ယောက်နှင့် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား အလောဘ အဒေါသ အမောဟ ဟိတ် ၃-ပါးသာ ဖြစ်၏။

ရူပဘုံ၌ ဒေါသမှ တပါး ဟိတ် ၅ ပါး ဖြစ်၏၊ အဟိတ်စိတ် ဧကဟိတ်စိတ် ဒွိဟိတ်စိတ် တိဟိတ်စိတ်တို့ကိုလည်း ခွဲစိတ်ဝေဖန်ပါ၊ ရူပပုဂ္ဂိုလ် ၉-ယောက်တို့တွင် ဈာန်လာဘ်ပုထုဇဉ် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့အား ဟိတ် ၅-ပါး ဖြစ်၏၊ မဂ္ဂဋ္ဌာန် ၄-ယောက် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဟိတ် ၃-ပါးသာ ဖြစ်၏။

အရူပဘုံ၌လည်း ဒေါသမှ တပါး ဟိတ် ၅-ပါးပင် ဖြစ်၏၊ တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် ၃-ယောက်တို့အား ဟိတ် ၅-ပါး၊ အထက်မဂ္ဂဋ္ဌာန် ၃-ယောက်နှင့် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဟိတ် ၃-ပါး ဖြစ်၏။

ကိစ္စ အာဝဇ္ဇန်းကိစ္စ ဒဿနကိစ္စ သဝနကိစ္စ ဃာယနကိစ္စ သာယနကိစ္စ ဖုသနကိစ္စ သမ္ပဋိစ္ဆနကိစ္စ သန္တီရဏကိစ္စ ဝုဋ္ဌောကိစ္စ ဇောကိစ္စ တဒါရုံကိစ္စ စုတိကိစ္စတို့၏ အပြားအားဖြင့်။ စုဒ္ဒသဝိဓာနိ၊ ၁၄-ပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

## ဌာန ၁၀-ပါး

၁၉။ ပန၊ ကား။ ပဋိသန္ဓိ ဘဝင်္ဂါဝဇ္ဇန ပဉ္စဝိညာဏ ဌာနာဒိ ဝသေန၊ ပဋိသန္ဓေဌာန ဘဝင်ဌာန အာဝဇ္ဇန်းဌာန ပဉ္စဝိညာဏဌာန အစရှိသည်တို့၏ အပြားအားဖြင့်။ တေသံ၊ ထိုကိစ္စရှိသော စိတ်တို့၏။ ဒသဓာ။ ၁၀-ပါး အပြားအားဖြင့်။ ဌာနဘေဒေါ၊ ဌာနတို့၏ အပြားကို။ ဝေဒိတဗ္ဗော၊ သိထိုက်၏။

---

**ကိစ္စသင်္ဂဟ**

၁၈။ ကိစ္စအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူ ရေတွက်၍ မပြမီ အရင်းခံ ကိစ္စအပြားကို ဦးစွာ ပြလိုသောကြောင့် 'ကိစ္စသင်္ဂဟေ ကိစ္စာနိနာမ' စသော စကားရပ်ကို မိန့်ဆိုရသည်။

ကိစ္စ ၁၄-ပါးတို့၏ သရုပ်ကို ပါဠိရှိတိုင်း ရေတွက်ပါ။

၁၉။ စက္ခုစသော ဝိညာဏ် ၅-ပါးတို့၏ ဖြစ်ရာဌာနကို ''ပဉ္စဝိညာဏ ဌာန''ဟု တဌာနတည်း သတ်မှတ်ပြသည်၊ အာဒိသဒ္ဒါဖြင့် သမ္ပဋိစ္ဆိုင်းဌာန စသည်တို့ကို ယူပါ၊ ဌာန ၁၀-ပါး သရုပ်ကိုလည်း ရေတွက်ပါ။

**ကိစ္စ+ဌာန**။ ။လူတို့၏ လုပ်ငန်းကို ''ကိစ္စ''ခေါ်၍ အလုပ်ရုံကို ''ဌာန'' ခေါ်သကဲ့သို့ ထို့အတူ စိတ်တည်းဟူသော ပရမတ္ထတရား၏ ပဋိသန္ဓိ (ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း) စသော အခြင်းအရာ လုပ်ငန်းအရပ်ရပ်ကို ''ကိစ္စ''ဟု ခေါ်သည်။

ယင်းကိစ္စကို ပြုလုပ်ဖို့ရာ (စုတိ စသော) ရှေ့စိတ်နှင့် (ပဋမဘဝင် စသော) နောက်စိတ် ၂-ခုတို့၏အကြား စိတ်တခု ဖြစ်လောက်ရာ ကာလကို ''ဌာန'' ဟုခေါ်သည်။

**ဆောင်**။ ။ထိုထိုစိတ်ခေတ်, ပရမတ်၏, စပ်ဟပ်ခြင်းရာ, စသည်မှာလျှင်, မည်ပါကိစ္စ၊ ယင်းကိစ္စကို, ပြုကြဖို့ရာ, ရှေ့လာစိတ်များ, နောက်စိတ်များ၏, အကြားကာလ, တခုမျှကား, ဌာနမည်ပါ၊ ခွဲဝေရာသည်....နှစ်ဖြာ၍သို့ ထူးသတည်း။

## ကိစ္စဌာနတို့ဖြင့် စိတ်ကိုဝေဖန်ခြင်း

၂၀။ တတ္ထ၊ ထိုကိစ္စသင်္ဂဟ၌။ ဝါ၊ ကိစ္စတို့တွင်။ ဒွေ၊ နှစ်ပါးကုန်သော။ ဥပေက္ခာသဟဂတ သန္တီရဏာနိစေဝ၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့ ၎င်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ မဟာဝိပါကာနိစ၊ မဟာဝိပါက် စိတ်တို့ ၎င်း။ နဝ၊ ကိုးပါး ကုန်သော၊ ရူပါရူပဝိပါကာနိစ၊ ရူပဝိပါက် အရူပ

**တနည်း။** ။ပဋိမတ်၊ စိတ်ခုတ်၏ ခြင်းအရာ၊
စပ်ဟပ်ပုံ—စသည်ရပ်ငယ်၊ ကိစ္စမှတ်ပါ၊
ယင်းကိစ္စ—ပြုရန်သာ၊ စိတ်ဖြာရာ ကာလ၊
စိတ်နှစ်ဖြာ—ကြားအရပ်ကို၊ မှတ်တော့ ဌာန။

### ကိစ္စဖြင့် စိတ်ကိုဝေဖန်ခြင်း

| စိတ် ၈၉ | | ပဋိ၊ ဘ၊ စု | အာဝဇ္ဇန်း | ပဉ္စဝိညာဏဌာန | | | | | သမ္ပဋိစ္ဆန | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရမ္မဏ | ကိစ္စပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဒဿန | သဝန | ဃာယန | သာယန | ဖုသန | | | | | | |
| စက္ခုဝိညာဏ် | | | | | | | | | | | | | | ၁ |
| သောတဝိညာဏ် | ၂ | | | | ။ | | | | | | | | | ၁ |
| ဃာနဝိညာဏ် | ၂ | | | | | ။ | | | | | | | | ၁ |
| ဇိဝှါဝိညာဏ် | ၂ | | | | | | ။ | | | | | ၊ | | ၁ |
| ကာယဝိညာဏ် | ၂ | | | | | | | ။ | | | | | | ၁ |
| သမ္ပဋိစ္ဆန်း | ၂ | | | | | | | | ။ | | | | | ၁ |
| [illegible] | ၁ | | | | | | | | | ။ | | | ။ | [illegible] |
| [illegible] | ၂ | ။ | | | | | | | | ။ | | | ။ | ၅ |
| [illegible] | ၁ | | ။ | | | | | | | | | | | ၁ |
| [illegible] | ၁ | | ။ | | | | | | | | ။ | | | [illegible] |
| [illegible] | ၅၅ | | | | | | | | | | | ။ | | ၁ |
| [illegible] | ၈ | ။ | | | | | | | | | | | ။ | ၄ |
| [illegible] | ၉ | ။ | | | | | | | | | | | | ၃ |
| ကိစ္စပေါင်း [illegible] | | ၁၉ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ၂ | [illegible] | ၃ | ၁ | ၅၅ | ၁၁ | |

(*ကိစ္စ[illegible] [illegible]တို့ကို ရေတွက်သည့်အခါ စုတိကိစ္စ စုတိဌာနကို နောက်ဆုံး ထား၍ ရေတွက်ပါ။)

ဝိပါက်တိုရင်း။ ဉာတိ၊ သို့။ ကျေနုဝိသတိ၊ တခုယုတ်နှစ်ဆယ်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ပဋိသန္ဓိ ဘဝင် စုတိ ကိစ္စာနိ နာမ၊ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စရှိသော စိတ်တို့မည်၏။

၂၁။ ပန၊ ကား။ အာဝဇ္ဇန ကိစ္စာနိ၊ အာဝဇ္ဇန်းကိစ္စရှိသော စိတ်တို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။

၂၂။ ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန ကိစ္စာနိစ၊ ဒဿနကိစ္စ သဝနကိစ္စ ဃာယနကိစ္စ သာယနကိစ္စ ဖုသနကိစ္စ သမ္ပဋိစ္ဆိုင်း ကိစ္စရှိသော စိတ်တို့သည်လည်း။ တသော၊ ထို့အတူ နှစ်ပါးစီတို့တည်း။

၂၃။ သန္တီရဏကိစ္စာနိ၊ သန္တီရဏကိစ္စရှိသော စိတ်တို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ (သန္တီရဏစိတ် ၃-ပါးပင်တည်း။)

---

၂၀။ ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါး၊ ဤ ၁၉-ပါးသော စိတ်တို့သည် ပဋိသန္ဓေကိစ္စ ဘဝင် ကိစ္စ စုတိကိစ္စ တပ်ကြသည်၊ "ပဋိသန္ဓေစိတ် ၁၉-ပါး၊ ဘဝင်စိတ် ၁၉-ပါး၊ စုတိစိတ် ၁၉-ပါး"ဟူသည်မှာလည်း ဤစိတ်များပင်တည်း။

ကာမပဋိသန္ဓေ ၁၀၊ ရူပ ပဋိသန္ဓေ ၅-ပါး၊ အရူပ ပဋိသန္ဓေ ၄-ပါး၊ တနည်း — အဟိတ် ပဋိသန္ဓေ ၂-ပါး၊ သဟိတ် ပဋိသန္ဓေ ၁၇-ပါး၊ (သဟိတ် ပဋိသန္ဓေတွင်လည်း ဒွိဟိတ်ပဋိသန္ဓေ ၄-ပါး၊ တိဟိတ်ပဋိသန္ဓေ ၁၃-ပါး) အားဖြင့် ၁၉-ပါးဖြစ်သတည်း။

သောမနဿပဋိသန္ဓေ ၈-ပါး၊ ဥပေက္ခာပဋိသန္ဓေ ၁၁-ပါးအားဖြင့်လည်း ၁၉-ပါးဖြစ်၏၊ စသည်ဖြင့် ခွဲစိတ်ဝေဖန်ပါ၊ အသေးစိတ် သရုပ်ကိုလည်း ရေတွက်ပါ၊ အကြွင်း သိလွယ်ပါပြီ။

**ကိစ္စတပ်။** ။"တပ်"ဟူသော စကားလုံးသည် တပ်နှစ်သက်သည် စသည်တို့၌ စိတ်စွဲလမ်းခြင်းကို ဟောသည်၊ အတပ်သိ စသည်တို့၌ "အသေအချာ" ဟူသော အနက်ကို ဟောသည်၊ ရေတပ်, ကြေးတပ် စသည်တို့၌ "အထပ်ထပ်"ဟူသော အနက်ကို ဟောသည်၊ 'ကြယ်သီးတပ်သည် ပစ္စည်းတပ်သည်' စသည်တို့၌ ယှဉ်တွဲခြင်းအနက်ကို ဟောသည်၊ ဤသို့ စသည်ဖြင့် အနက်များစွာကို ဟောနိုင်သည်။

ဤ၌လည်း ယှဉ်တွဲခြင်း အနက်ကိုပင် ဟောသည်၊ ထို့ကြောင့် ကိစ္စဝန္တ ကိစ္စအနေဖြင့် ယှဉ်စပ်နေသည်ကို "ကိစ္စတပ်သည်"ဟု ဆိုရပေသည်။

**ဆောင်။** ။ကိစ္စဝန္တ, ကိစ္စစွမ်းအား, ယှဉ်စပ်ထား, မှတ်သားကိစ္စတပ်။

၂၄။ မနောဒွါရာဝဇ္ဇနမေဝ၊ မနောဒွါရာဝဇ္ဇန်းသည်ပင်လျှင်။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌အရာ၌။ ဝေါဋ္ဌဗ္ဗနကိစ္စံ၊ ဝုဋ္ဌောကိစ္စကို။ သာဓေတိ၊ ပြီးစေ၏။ (မနောဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရဝီထိ၌ ဝုဋ္ဌော ကိစ္စတပ်သည်။)

၂၅။ အာဝဇ္ဇနဒွယ ဝဇ္ဇိတာနိ၊ အာဝဇ္ဇန်းဒွေးသည် ကြဉ်အပ်ကုန်သော။ ပဉ္စပညာသ၊ ၅၅-ပါးသော။ ကုသလာကုသလ ဖလ ကြိယ စိတ္တာနိ၊ ကုသိုလ် အကုသိုလ် ဖိုလ် ကြိယာစိတ်တို့သည်။ ဇဝနကိစ္စာနိ၊ ဇောကိစ္စ ရှိကုန်၏။

၂၆။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ မဟာဝိပါကာနိစေဝ၊ မဟာဝိပါက်စိတ်တို့ရင်း။ သန္တီရဏတ္တယဉ္စ၊ သန္တီရဏသုံးပါး အပေါင်းရင်း။ ဣတိ၊ သို့။ ဧကာဒသ၊ ၁၁-ပါးသော စိတ်တို့သည်။ တဒါရမ္မဏကိစ္စာနိ၊ တဒါရုံ ကိစ္စရှိကုန်၏။

## ဆိုင်ရာစိတ်တို့ တပ်နိုင်သည့် ကိစ္စများ

၂၇။ ပန၊ အပေါင်းရင်ပြီးအံ့။ တေသု၊ ထိုဆိုင်ရာကိစ္စရှိသော စိတ်တို့တွင်။ ဒွေ၊ နှစ်ပါးကုန်သော။ ဥပေက္ခာ သဟဂတ သန္တီရဏ စိတ္တာနိ၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့သည်။ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမ္မဏ

---

၂၅။ အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၅၅-ပါးသော စိတ်တို့သည် ဇောကိစ္စတပ်သော စိတ်တို့မည်၏။

ထိုတွင် အကုသိုလ် ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာအားဖြင့် ၂၉-ပါးသော ဇောတို့ကို "ကာမဇော တခုယုတ် သုံးဆယ်"ဟုခေါ်သည်၊ မဟဂ္ဂုတ် လောကုတ္တရာဇော ၂၆-ပါးကို "အပ္ပနာဇော"ဟု ခေါ်သည်၊ လောကီဇော လောကုတ္တရာဇော သောမနဿဇော ဥပေက္ခာဇော အဟိတ်ဇော ဧကဟိတ်ဇော ဒွိဟိတ်ဇော တိဟိတ်ဇော စသည်တို့ကိုလည်း ဖြစ်သင့်သည်အားလျော်စွာ ခွဲစိတ် ဝေဖန်ထားပါ။

၂၆။ မဟာဝိပါက် ၈-ပါး၊ သန္တီရဏ ၃-ပါး၊ ဤ ၁၁-ပါးသော စိတ်တို့သည်၊ တဒါရုံကိစ္စတပ်သော စိတ်တို့မည်၏၊ သောမနဿတဒါရုံမည်မျှ၊ ဥပေက္ခာတဒါရုံမည်မျှ စသည်ဖြင့်လည်း ရေတွက်စိစစ်ထားပါ။

သန္တီရဏ ဝသေန၊ ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံ သန္တီရဏကိစ္စတို့၏ အပြားအားဖြင့်။ ပဉ္စ ကိစ္စာနိ နာမ၊ ငါးကိစ္စရှိသော စိတ်တို့မည်၏။

၂၈။ အဋ္ဌ၊ ရှစ်ပါးကုန်သော၊ မဟာဝိပါကာနိ၊ မဟာဝိပါက်စိတ်တို့သည်။ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမဏ ဝသေန၊ ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံကိစ္စတို့၏ အပြားအားဖြင့်။ စတု ကိစ္စာနိ နာမ၊ လေးကိစ္စရှိသော စိတ်တို့မည်၏။

၂၉။ နဝ၊ ကိုးပါးကုန်သော။ မဟဂ္ဂတ ဝိပါကာနိ၊ မဟဂ္ဂုတ်ဝိပါက် စိတ်တို့သည်။ ပဋိသန္ဓိ ဘဝင် စုတိ ဝသေန၊ ပဋိသန္ဓေ ဘဝင် စုတိကိစ္စတို့၏ အပြားအားဖြင့်။ တိ ကိစ္စာနိ နာမ၊ သုံးကိစ္စရှိသော စိတ်တို့မည်၏။

၃၀။ သောမနဿသန္တီရဏံ၊ သောမနဿ သန္တီရဏစိတ်သည်။ သန္တီရဏ တဒါရမဏ ဝသေန၊ သန္တီရဏကိစ္စ တဒါရုံကိစ္စတို့၏ အပြားအားဖြင့်။ ဒုကိစ္စံ၊ နှစ်ကိစ္စရှိ၏။

၃၁။ ဝေါဋ္ဌဗ္ဗနံ၊ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) စိတ်သည်။ ဝေါဋ္ဌဗ္ဗနာဝဇ္ဇန ဝသေန၊ ဝုဋ္ဌောကိစ္စ အာဝဇ္ဇန်းကိစ္စတို့၏ အပြားအားဖြင့်။ တထာ၊ ထို့အတူနှစ်ကိစ္စရှိ၏။

၃၂။ ပန၊ ကား။ သေသာနိ၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဇဝန မနောဓာတုတ္တိက ဒွိပဉ္စဝိညာဏာနိ၊ ဇောငါးဆယ့်ငါး မနောဓာတ်သုံးပါး ဒွေးပဉ္စဝိညာဏ်တဆယ်တို့သည်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ ဧကကိစ္စာနိ၊ တကိစ္စစီရှိကုန်၏။ ဣတိ၊ ဤကား ကိစ္စအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။

---

၃၂။ **ယထာသမ္ဘဝံ**။　။ဇော ၅၅-သည် ဇောကိစ္စ တကိစ္စသာ တပ်သည်၊ မနောဓာတ် ၃-ခုတို့တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်း တကိစ္စသာ တပ်သည်၊ သမ္ပဋိစ္ဆိုင်းဒွေးသည် သမ္ပဋိစ္ဆိုင်း တကိစ္စသာ တပ်သည်၊ စက္ခုဝိညာဏ် ဒွေးသည် ဒဿန တကိစ္စသာ တပ်သည်၊ သောတဝိညာဏ် ဒွေးသည် သဝန တကိစ္စသာ တပ်သည်၊ ဃာနဝိညာဏ် ဒွေးသည် ဃာယန တကိစ္စသာ တပ်သည်၊ ဇိဝှါဝိညာဏ် ဒွေးသည် သာယန တကိစ္စသာ တပ်သည်၊ ကာယဝိညာဏ် ဒွေးသည် ဖုသန တကိစ္စသာ တပ်သည်၊ ဤကား ယထာသမ္ဘဝံအရ ဖြစ်သင့်သည်အားလျော်စွာ တကိစ္စတပ်ပုံတည်း။

## ကိစ္စဖြင့် စေတသိက်တို့ကို ဝေဖန်ခြင်း

**ဆောင်။** ။တကိစ္စတပ်, သတ္တရည်နှင့်, လေးတပ် နှစ်ပါး, ငါး နှစ်ဆယ့်တစ်, ခြောက်မှာ တစ်နှင့်, ၃ုနှစ် ထို့တူ, ကိုးမူ သုံးမျှ, စုဒ္ဒသ, သတ္တမှတ်လေပါ။

**တနည်း။** ။တစ်သာတပ်၊ သတ္တရည်မှန်သည်၊
လေး ကိစ္စာ—တပ်နှစ်ပါးငယ်၊ ငါး ကောဝီ၊
ခြောက်မှာတစ်—ခွန် တလီ၊ ကိုးတပ်သည် သုံးပါး၊
ဆယ့်လေးမှာ—ခွန်သာ မှတ်လိုရယ်၊ ပိုင်းဖြတ် ယူထား။

| စေတသိက် ၅၂ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|
| [illegible] | | | | | | | ‖ | | ၁ |
| [illegible] | ‖ | | | | | | ‖ | | ၄ |
| [illegible] | ‖ | | | | | | ‖ | ‖ | ၅ |
| [illegible] | ‖ | | | | ‖ | | ‖ | ‖ | ၆ |
| [illegible] | ‖ | ‖ | | | | ‖ | ‖ | ‖ | ၇ |
| [illegible] | ‖ | ‖ | | ‖ | ‖ | ‖ | ‖ | ‖ | ၉ |
| [illegible] | ‖ | ‖ | ‖ | ‖ | ‖ | ‖ | ‖ | ‖ | ၁၄ |
| [illegible] | [illegible] | [illegible] | ၁ | ၁၀ | [illegible] | ၁၁ | [illegible] | [illegible] | |

ဇယားကို ထက်အောက်ကြည့်ရှုလျှက်''ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ တပ်သော စေတသိက်တို့ကား အညသမာန်းစေတသိက် ၁၃-ပါး၊ ဝိရတိကြဉ်သောဘနစေတသိက် ၂၂-ပါး၊ ပေါင်း ၃၅-ပါးတို့တည်း'' စသည်ဖြင့် ဇယားကွက်ကုန်အောင် ရေတွက်ပါ၊ ဤနည်းမှာ ''ဂဟိတဂ္ဂဟဏနည်း'' ဖြစ်သည်။

ထို့ပြင် ဇယားကို လက်ဝဲလက်ျာ ကြည့်ရှုလျှက် အကုသိုလ်စေတသိက် ၁၄-ပါး၊ ဝိရတိ စေတသိက် ၃-ပါး၊ ပေါင်း ၁၇-ပါးသော စေတသိက်တို့သည် ဇောကိစ္စတကိစ္စသာတပ်ကြသည်။ (တကိစ္စတပ်, သတ္တရည်နှင့်။)

အပ္ပမညာဒွေးသည်''ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ဇောကိစ္စ'' အားဖြင့် ၄-ကိစ္စတပ်သည်။ (လေးတပ် နှစ်ပါး။)

## သင်္ဂဟဂါထာများ

၃၃။ ပဋိသန္ဓာဒယော နာမ၊ ပဋိသန္ဓေ အစရှိသည် မည်ကုန်သော။ စိတ္တုပ္ပါဒါ၊ စိတ်တို့ကို။ ကိစ္စဘေဒေန၊ ကိစ္စတို့၏ အပြားအားဖြင့်။ စုဒ္ဒသ၊ ၁၄-ပါးတို့ဟူ၍ရင်း။ ဌာန ဘေဒေန၊ ဌာနတို့၏ အပြားအားဖြင့်။ ဒသဓာ၊ ၁၀-ပါးပြားကုန်၏ ဟူ၍ရင်း။ ပကာသိတာ၊ ပြအပ်ကုန်၏။

၃၄။ ဧကဒွိတိစတုပဉ္စ ကိစ္စ ဋ္ဌာနာနိ၊ တကိစ္စ, တဌာန နှစ်ကိစ္စ, နှစ်ဌာန သုံးကိစ္စ,သုံးဌာန လေးကိစ္စ, လေးဌာန ငါးကိစ္စ, ငါးဌာနရှိသော စိတ်တို့ကို။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ အဋ္ဌသဋ္ဌိ၊ ၆၈ပါးဟူ၍ ရင်း။ တထာ၊ ထိုမှတပါး။ ဒွေ၊ နှစ်ပါးတို့ ဟူ၍ရင်း။ နဝ၊ ကိုးပါးတို့ဟူ၍ရင်း။ အဋ္ဌ၊ ရှစ်ပါးတို့ဟူ၍ရင်း။ ဒွေ၊ နှစ်ပါးတို့ဟူ၍ရင်း။ နိဒ္ဒိသေ၊ ညွှန်ပြရာ၏။

---

"ဝိရတီ အပ္ပမညာကြဉ်သော သောဘန စေတသိက် ၂၀၊ ဆန္ဒစေတသိက် ၁-ပါး" အားဖြင့် ၂၁-ပါးသော စေတသိက်တို့သည် "ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိစ္စကိ, ဇဝနကိစ္စ, တဒါရုံကိစ္စ" အားဖြင့် ၅-ကိစ္စတပ်ကြသည်။ (ငါး နှစ်ဆယ့်တစ်။)

ပီတိသည် "ပဋိသန္ဓေ, ဘဝင်, စုတိ, သန္တီရဏ, ဇဝန, တဒါရမဏကိစ္စ" အားဖြင့် ၆-ကိစ္စတပ်သည်။ (ခြောက်မှာ တစ်နှင့်။)

ဝီရိယသည် "ပဋိသန္ဓေ, ဘဝင်, စုတိ, အာဝဇ္ဇန်း, ဝုဋ္ဌော, ဇော, တဒါရုံကိစ္စ" အားဖြင့် ၇-ကိစ္စတပ်သည်။ (ခုနစ် ထို့တူ။)

ဝိတက်, ဝိစာရ, အဓိမောက္ခတို့သည် "ပဋိသန္ဓေ, ဘဝင်, စုတိ, အာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံကိစ္စ" အားဖြင့် ၉-ကိစ္စတပ်သည်။ (ကိုးမူ သုံးမျိုး။)

သဗ္ဗစိတ္တ သာဓာရဏစေတသိက် ၇-ပါးသည် ၁၄-ကိစ္စတပ်သည်၊ (စုဒ္ဒသ, သတ္တမှတ်လေပါ။) ဤသို့ "အဂ္ဂဟိတဂ္ဂဟဏနည်း" ပေါ်ထွက်လာအောင် ရေတွက်ပါ။

ဤသို့လျှင် "တကိစ္စတပ်သော စေတသိက် ၁၇-ပါး၊ လေးကိစ္စတပ်သော စေတသိက် ၂-ပါး၊ ငါးကိစ္စတပ်သော စေတသိက် ၂၁-ပါး၊ ခြောက်ကိစ္စတပ်သော စေတသိက် ၁-ပါး၊ ခုနစ်ကိစ္စတပ်သော စေတသိက် ၁-ပါး၊ ကိုးကိစ္စတပ်သော စေတသိက် ၃-ပါး၊ ဆယ့်လေးကိစ္စတပ်သော စေတသိက် ၇-ပါး" အားဖြင့် စေတသိက် ၅၂-ပါး ဖြစ်သတည်း။

**သင်္ဂဟ။** ။'ကိစ္စသင်္ဂဟေ ကိစ္စာနိနာမ' အစရှိသော အကျယ်စကားရပ်ကို 'ပဋိသန္ဓာဒယောနာမ' စသော ပထမဂါထာဖြင့် အကျဉ်းချုံးပြသည်၊ 'တေသု ပန' အစရှိသော နောက်ပိုင်း အကျယ်စကားရပ်ကို 'အဋ္ဌသဋ္ဌိ' စသော ဒုတိယ ဂါထာဖြင့် အကျဉ်းချုံးပြသည်။

## ယထာက္ကမ သရုပ်ပြ

| ကိစ္စနှင့်ဌာန | ဧက | ဒွိ | တိ | စတု | ပဉ္စ |
|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

### ဌာနဖြင့် ဝေဖန်ခြင်း

ကိစ္စနှင့် ဌာနတို့တွင် ကိစ္စဖြင့်သာ စိတ်တို့ကို ဝေဖန်ပြခဲ့ပါသည်၊ ဌာနဖြင့်မူကား ဝေဖန်ပြဆိုမှုကို မပြုရသေးပါ။

| ပဉ် | စက် | သမ္ပ | သန္တိ | ဝုဋ္ဌော | ဇော |
|---|---|---|---|---|---|
| ooo | ooo | ooo | ooo | ooo | ooo |

အထက်ပါ ဝီထိပုံစံဝယ် စိတ်တခု တခု၏ အောက်၌ 'o'လုံးကလေး ၃-လုံး ၃-လုံးစီ ရေးသားထားသည်ကို တွေ့ရပါလိမ့်မည်၊ ယင်း 'o'လုံးကလေး ၃-လုံးတွဲသည်ပင် "ဌာန"တခု ဖြစ်သည်။

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးတို့၏ အကြားသည်"ပဉ္စဝိညာဏဌာန" မည်၏၊ စက္ခုဝိညာဏ်နှင့် သန္တီရဏတို့၏ အကြားသည် "သမ္ပဋိစ္ဆိုင်းဌာန" မည်၏၊ သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌောတို့၏ အကြားသည် "သန္တီရဏဌာန"မည်၏၊ သန္တီရဏနှင့် ဇောတို့၏ အကြားသည် "ဝုဋ္ဌောဌာန"မည်၏-ဟု ဆိုလိုပါသည်။

ဌာနနှင့် စပ်၍ ဤမျှ အခြေခံရက တော်လောက်ပါပြီ၊ ဝီထိကို နားလည်သည့်အခါ အလိုအလျောက် သဘောပေါက်လာပါလိမ့်မည်။

### ဘုံအားဖြင့် ဝေဖန်ခြင်း

ကာမဘုံ၌ ကိစ္စ ၁၄-ပါး၊ ဌာန ၁၀-ပါးလုံးကိုပင် ရနိုင်ပါသည်၊ ရူပဘုံ၌မူကား "ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ, သဝနကိစ္စ, သမ္ပဋိစ္ဆနကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, စုတိကိစ္စ"အားဖြင့် ကိစ္စ ၁၀-ပါး၊ "ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဉ္စဝိညာဏ်ဌာန"စသော ဌာန ၉-ပါးတို့ကိုသာ ရနိုင်ပါသည်၊ အရူပဘုံ၌ "ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဇောကိစ္စ, စုတိကိစ္စ"အားဖြင့် ကိစ္စ ၅-ပါး၊ ဌာန ၅-ပါးတို့ကိုသာ ရနိုင်ပါသည်၊ ယင်း ကိစ္စ ဌာနများဖြင့် စိတ်တို့ကိုလည်း ထိုက်သည်အားလျော်စွာ ဝေဖန်ကြည့်ရှုစေလိုပါသည်။

## ဒွါရသင်္ဂဟ

## ဒွါရ ၆-ပါး

၃၅။ ဒွါရသင်္ဂဟေ၊ ဒွါရသင်္ဂဟ၌။ ဒွါရာနိနာမ၊ ဒွါရတို့မည်သည်။ စက္ခုဒွါရံ၊ စက္ခုဒွါရရင်း။ သောတဒွါရံ၊ ၎င်း။ ဃာနဒွါရံ၊ ၎င်း။ ဇိဝှါဒွါရံ၊ ၎င်း။ ကာယဒွါရံ၊ ၎င်း။ မနောဒွါရံ စ၊ မနောဒွါရရင်း။ ဣတိ၊ သို့။ ဆဗ္ဗိဓာနိ၊ ၆-ပါး အပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

### ဒွါရဖြင့် စိတ်ကို ဝေဖန်ခြင်း

၃၆၊ ၇၊ ၈။ တတ္ထ၊ ထို ၆-ပါးသော ဒွါရတို့တွင်။ စက္ခုမေဝ၊ စက္ခုပသာဒသည်ပင်။ စက္ခုဒွါရံ၊ စက္ခုဒွါရမည်၏။ တထာ၊ ထို့အတူ။ သောတာဒယော ဧဝ၊ သောတပသာဒ အစရှိသည်တို့သည်ပင်။ သောတဒွါရာဒီနိ၊ သောတဒွါရ အစရှိသည်တို့ မည်၏။ ပန၊ အထူးကား။ ဘဝင်္ဂံ၊ ဘဝင်စိတ်ကို။ မနောဒွါရန္တိ၊ မနောဒွါရ ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

၃၉။ တတ္ထ၊ ထို ၆-ပါးသော ဒွါရတို့တွင်။ ပဉ္စဒွါရာဝဇ္ဇန စက္ခုဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝန တဒါရမဏ ဝသေန၊ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ်ဒွေး သမ္ပဋိစ္ဆိုင်းဒွေး သန္တီရဏသုံးခု ဝုဋ္ဌော ကာမဇော တခုယုတ်ကိုးဆယ် တဒါရုံတို့၏အပြားအားဖြင့်။ ဆစတ္တာလီသ၊ ၄၆-ပါးသော။ စိတ္တာနိ၊ စိတ်တို့သည်။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ယထာ-

### ဒွါရသင်္ဂဟ

၃၅။ 'ဒွါရသင်္ဂဟေ ဒွါရာနိ နာမ' စသော စကားရပ်ဖြင့် အရင်းခံ ဒွါရတို့ကို ဦးစွာ ပြသည်။

ဒွါရသဒ္ဒါသည် "တံခါးပေါက်"ဟူသော အနက်ကို ဟော၏၊ တံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်း ဖြစ်သကဲ့သို့ ထို့အတူ စက္ခုပသာဒ စသည်တို့သည်လည်း သက်ဆိုင်ရာ ဝီထိစိတ်တို့၏ ဝင်ရောက် (ဖြစ်ပေါ်) ကြောင်း ဖြစ်၏၊ ဤသို့ တံခါးနှင့် တူသောကြောင့် စက္ခုပသာဒ စသည်တို့ကိုလည်း "ဒွါရ"ဟုပင် ခေါ်ရတော့သည်။

၃၆၊၇၊၈။ 'တတ္ထစက္ခုမေဝ' စသည်ဖြင့် ဒွါရ ၆-ပါး၏ ဝိဂ္ဂဟနှင့် တရားကိုယ်တို့ကို ပြသည်၊ (စက္ခုမေဝ ဒွါရံ—စက္ခုဒွါရံ စသည်၊) စက္ခုပသာဒရုပ်ကို "စက္ခုဒွါရ"ခေါ်သည်၊ သောတပသာဒရုပ်ကို "သောတဒွါရ"ခေါ်သည်၊ ဃာနပသာဒရုပ်ကို "ဃာနဒွါရ"ခေါ်သည်၊ ဇိဝှါပသာဒရုပ်ကို "ဇိဝှါဒွါရ" ခေါ်သည်၊ ကာယပသာဒရုပ်ကို "ကာယဒွါရ"ခေါ်သည်၊ ဘဝင်စိတ်ကို "မနောဒွါရ"ခေါ်သည်—ဟု ဆိုလိုသည်။

ရဟာ၊ (အာရုံ, ဘုံ, ပုဂ္ဂိုလ်, မနသိကာရ စသည်အလိုက်) ထိုက်သည်အား လျော်စွာ။ ဉာဏ္ဍ္ဇ္ဇတ္တိ၊ ဖြစ်ကုန်၏။

## ဒွါရဖြင့် စိတ်ကို ဝေဖန်ခြင်း

| စိတ် ၈၉ | | | ရုပ်ဒွါရ ၅ ပါး | | | | | မနောဒွါရ | ဒွါရဝိမုတ် | ဒွါရပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | စက္ခု | သောတ | ဃာန | ဇိဝှါ | ကာယ | | | |
| [illegible] | [illegible] | | ॥ | ॥ | ॥ | ॥ | ॥ | | | ၅ |
| [illegible] | [illegible] | ၂ | ॥ | | | | | | | : |
| | [illegible] | ၂ | | ॥ | | | | | | : |
| | [illegible] | ၂ | | | ॥ | | | | | : |
| | [illegible] | ၂ | | | | ॥ | | | | ၁ |
| | [illegible] | ၂ | | | | | ॥ | | | : |
| | [illegible] | ၂ | ॥ | ॥ | ॥ | ॥ | ॥ | | | ၅ |
| | [illegible] | [illegible] | ॥ | ॥ | ॥ | ॥ | ॥ | | | ၅ |
| | [illegible] | ၁ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | | ၆ |
| | [illegible] | ၂၉ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | | ၆ |
| | [illegible] | [illegible] | ॥ | ॥ | ॥ | ॥ | ॥ | ॥ | | ၆ |
| [illegible] | | ၂၆ | | | | | | ॥ | | : |
| [illegible] | [illegible] | [illegible] | | | | | | | ॥ | |
| | [illegible] | [illegible] | | | | | | | ॥ | |
| | [illegible] | ၉ | | | | | | | ॥ | |
| [illegible] | | | ၄၆ | ၄၆ | ၄၆ | ၄၆ | ၄၆ | [illegible] | ၁၉ | |

[illegible] ဥာဏ်ကြီးချက်။ ။ဇယား၌ အပေါ်, အောက် အမှတ်ရှိရာ . ရှုလျက် စက္ခုဒွါရ၌ "ပဉ္စဒွါရာဝဇ္ဇန်း ၁၊ [illegible] ၂၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါ[illegible]" သား[illegible] ၄၆-ပါးသော စိတ်များ ဖြစ်ကြသည်-ဟု သရုပ်ခွဲပါ၊ သောတဒွါရ စသည်တို့ကိုလည်း နည်းတူခွဲပါ။

[illegible] ဇယား၌ လက်ဝဲ, လက်ျာ အမှတ်ရှိရာကို ရှုလျက် ပဉ္စဒွါရာဝဇ္ဇန်း စိတ်[illegible] "စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ" ၅-ဒွါရ၌ ဖြစ်သည် [illegible] သော [illegible] ခွဲပါ။

**တထာ၊ ထိုအတူ။ ပဉ္စဒွါရာဝဇ္ဇန သောတဝိညာဏာဒိ ဝသေန၊ ပဉ္စဒွါရာဝဇ္ဇန်း သောတဝိညာဏ် အစရှိသည်တို့၏ အပြားအားဖြင့်။ သောတဒွါရာဒီသုပိ၊ သောတဒွါရ အစရှိသည်တို့၌လည်း။ ဆစတ္တာလီသေဝ၊ ၄၆-ပါးစီသာလျှင် ဖြစ်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ သို့။ သဗ္ဗထာပိ၊ အလုံးစုံသော အပြားအားဖြင့်လည်း။ ပဉ္စဒွါရေ၊ ငါးဒွါရ၌။ စတုပညာသ၊ ၅၄-ပါးသော။ စိတ္တာနိ၊ စိတ်တို့သည်။ ကာမာဝစရာနေဝ၊ ကာမာဝစရစိတ်တို့ချည်းသာတည်း။**

---

* သန္တီရဏသည် သန္တီရဏကိစ္စတပ်သည့်အခါ ၅-ဒွါရ၌ ဖြစ်သည်၊ တဒါရုံကိစ္စတပ်သည့်အခါ ၆-ဒွါရ၌ ဖြစ်သည်၊ ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်သည့်အခါ ဒွါရဝိမုတ် ဖြစ်သည်၊ မဟာဝိပါက်ကိုလည်း ရသင့်သည်အားလျော်စွာ ခွဲပါ။

၃၉။ တတ္ထ ပဉ္စဒွါရာဝဇ္ဇန အစရှိသော စကားရပ်ဖြင့် စက္ခုဒွါရ၌ ဖြစ်နိုင်သော စိတ်တို့ကို ပြသည်။

ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ (တဒါရုံ ၁၁-ပါး ရှိသော်လည်း သန္တီရဏကို ယူပြီး ဖြစ်သောကြောင့်) တဒါရုံ ၈၊ ပေါင်း ၄၆-ပါးသော စိတ်တို့သည် စက္ခုဒွါရ၌ ထိုက်သည်အားလျော်စွာ ဖြစ်ကြသည်-ဟု မှတ်ပါ။

**ယထာရဟံ**။　။စက္ခုဒွါရဝယ် ပဉ္စဒွါရာဝဇ္ဇန်း အစရှိသော ဝီထိစိတ်များ ဖြစ်ရာ၌ ၄၆-ပါးလုံး တပြိုင်နက် ဖြစ်ကြသည် မဟုတ်၊ အာရုံ ဘုံ ပုဂ္ဂိုလ် မနသိကာရအလိုက် ထိုက်သည်အားလျော်စွာသာ ဖြစ်ကြသည်။ ဖြစ်ပုံမှာ—

၁။ **အာရုံ**=ရူပါရုံက အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက်စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့ ဖြစ်၏၊ (အနိဋ္ဌေ အာရမဏေ အကုသလဝိပါကာနေဝ ပဉ္စဝိညာဏသမ္ပဋိစ္ဆန သန္တီရဏတဒါရမဏာနိ။) ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက်စက္ခုဝိညာဏ် စသည်တို့ ဖြစ်၏။ (ဣဋ္ဌေ ကုသလဝိပါကာနိ။) အတိဣဋ္ဌာရုံဖြစ်လျှင် သောမနဿသန္တီရဏ တဒါရုံတို့ဖြစ်၏၊ (အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏတဒါရမဏာနိ။) ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ဥပေက္ခာသန္တီရဏတဒါရုံတို့ ဖြစ်၏။

၂။ **ဘုံ**=ဘုံအားဖြင့် ကာမဘုံ၌ဖြစ်သော် ၄၆-ပါးလုံး ဖြစ်၏၊ ရူပဘုံ၌ ဖြစ်သော် တဒါရုံ မဖြစ်။

**၄၀။ ပန်၊ ကား။ မနောဒွါရေ၊ မနောဒွါရ၌။ မနောဒွါရာဝဇ္ဇန ပဉ္စပညာသဇဝနတဒါရမ္မဏဝသေန၊ မနောဒွါရာဝဇ္ဇန်း ဇော-၅၅ တဒါရုံ ၁၁-ပါးတို့၏ အပြားအားဖြင့်။ သတ္တသဋ္ဌိ၊ ၆၇-ပါးသော။ စိတ္တာနိ၊ စိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။**

**၄၁။ ဧကူနဝီသတိ၊ တခုယုတ် နှစ်ဆယ်သော။ စိတ္တာနိ၊ တို့သည်။ ပဋိသန္ဓိဘဝင် စုတိ ဝသေန၊ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတို့၏ အဖြစ် ဖြင့်။ (ပဝတ္တမာနာနိ၊ ဖြစ်ကုန်သည်ရှိသော်။) ဒွါရဝိမုတ္တာနိ၊ ဒွါရမှ လွတ် ကုန်၏။**

**ဆိုင်ရာစိတ်တို့ ဖြစ်နိုင်ရာ ဒွါရများ**

**၄၂။ ပန်၊ အပေါင်းကိုပြဦးအံ့။ တေသု၊ ထိုဆိုင်ရာဒွါရ၌ ဖြစ်သော စိတ်တို့တွင်။ ပဉ္စဝိညာဏာနိစေဝ၊ ဒွေးပဉ္စဝိညာဏ် ၁၀-ဘို့ရင်း။ မဟဂ္ဂတ လောကုတ္တရဇဝနာနိ စ၊ မဟဂ္ဂုတ် လောကုတ္တရာ ဇောတို့ရင်း။ဣတိ၊ သို့။ ဆတ္တိံသ၊ ၃၆-ပါးသော။ စိတ္တာနိ၊ တို့သည်။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ ဧကဒွါရိက စိတ္တာနိနာမ၊ တဒွါရ၌ ဖြစ်သော စိတ်တို့ မည်၏။**

---

၃။ ပုဂ္ဂိုလ် = ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် သေက္ခတို့သန္တာန်၌ ဖြစ်သော် ကုသိုလ်ဇော အကုသိုလ်ဇောများ ဖြစ်ကြ၏၊ ရဟန္တာသန္တာန်၌ ဖြစ်သော် ကြိယာဇောများသာ ဖြစ်၏။

၄။ **မနသိကာရ**=မနသိကာရအားဖြင့် ပုထုဇဉ်သေက္ခတို့သန္တာန်၌ ယောနိသောမနသိကာရ ရှိသော် ကုသိုလ်ဇောများ ဖြစ်၏၊ အယောနိသောမနသိကာရ ရှိသော် အကုသိုလ်ဇောများ ဖြစ်၏။

'တထာ ပဉ္စဒွါရာဝဇ္ဇန'အစရှိသော စကားရပ်ဖြင့် သောတဒွါရ အစရှိသည် တို့၌ ဖြစ်နိုင်သော စိတ်တို့ကို ပြသည်၊ ထိုတွင် သောတဝိညာဏာဒိ-၌ "အာဒိ" သဒ္ဒါဖြင့် ဃာန, ဇိဝှါ, ကာယဝိညာဏ်တို့ကို ယူပါ၊ သောတဒွါရာဒိသု-၌ အာဒိသဒ္ဒါဖြင့် ဃာန, ဇိဝှါ, ကာယဒွါရတို့ကို ယူပါ၊ သောတဒွါရိကစိတ် ၄၆-ပါး စသည်တို့ကို ဇယားကို ကြည့်ရှုလေ့လာပါ။

၄၀။ 'မနောဒွါရေပန' အစရှိသောစကားရပ်ဖြင့် မနောဒွါရ၌ ဖြစ်ထိုက်သော စိတ်တို့ကိုပြသည်၊ စိပ်သရုပ်ကို ဝိထိစဉ်ဖြင့် ပြထားသည်ကို သတိပြုပါ။

**၄၃။ ပန၊ ကား။ မနောဓာတုတ္တိကံ၊ မနောဓာတ် သုံးပါး အပေါင်းသည်။' ပဉ္စဒွါရိကံ၊ ငါး ဒွါရ၌ဖြစ်၏။**

**၄၄။ သုခ သန္တီရဏ ဝေါဋ္ဌဗ္ဗန ကာမာဝစရ ဇဝနာနိ၊ သောမနဿသန္တီရဏ ဝုဋ္ဌော ကာမဇောတို့သည်။ ဆဒွါရိကာနိ၊ ၆-ဒွါရ၌ ဖြစ်ကုန်၏။**

**၄၅။ ဥပေက္ခာ သဟဂတ သန္တီရဏ မဟာဝိပါကာနိ၊ ဥပေက္ခာသဟဂုတ်သန္တီရဏ မဟာဝိပါက်စိတ်တို့သည်။ ဆဒွါရိကာနိစေဝ၊ ရံခါ ၆-ဒွါရ၌လည်း ဖြစ်ကုန်၏။ ဒွါရဝိမုတ္တာနိစ၊ ရံခါ ၆-ဒွါရမှလည်း လွတ်ကုန်၏။**

**၄၆။ မဟဂ္ဂတ ဝိပါကာနိ၊ မဟဂ္ဂုတ် ဝိပါက်စိတ် ကိုးခုတို့သည်။ ဒွါရဝိမုတ္တာနေဝ၊ အခါခပ်သိမ်း ၆-ဒွါရမှ လွတ်ကုန်သည်သာလျှင်တည်း။ ဣတိ၊ ဤကား ဒွါရဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း၊**

---

၄၁။ 'ကေူနဝီသတိ'စသော စကားရပ်ဖြင့် ဒွါရဝိမုတ်စိတ်တို့ကို ပြသည်၊ ဒွါရ၌မဖြစ်ပဲ ဒွါရမှလွတ်နေသော စိတ်တို့ကို ''ဒွါရဝိမုတ်စိတ်''ဟုခေါ်သည်။ (ဒွါရ—ဒွါရမှ+ဝိမုတ္တ—လွတ်နေသောစိတ်များ၊)

၄၂။ 'တေသုပန' အစရှိသော စကားရပ်ဖြင့် စိတ်တမျိုးမျိုး၏ဖြစ်နိုင်သောဒွါရကို ပေါင်းယူ ရေတွက်ပြသည်။

**ယထာရဟံ။** ။ဒွေးပဉ္စဝိညာဏ် ၁၀-တို့တွင် စက္ခုဝိညာဏ်ဒွေးသည် စက္ခုဒွါရ၌ ဖြစ်၏၊ သောတဝိညာဏ်ဒွေးသည် သောတဒွါရ၌ ဖြစ်၏၊ ဃာနဝိညာဏ်ဒွေးသည် ဃာနဒွါရ၌ ဖြစ်၏၊ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဒွါရ၌ ဖြစ်၏၊ ကာယဝိညာဏ်ဒွေးသည် ကာယဒွါရ၌ ဖြစ်၏၊ မဟဂ္ဂုတ် လောကုတ္တရာ (အပ္ပနာ) ဇောတို့သည် မနောဒွါရ၌ ဖြစ်၏၊ ဤကား ထိုက်သည်အားလျော်စွာ ဖြစ်ပုံတည်း။

၄၅။ ဥပေက္ခာသန္တီရဏ စိတ်သည် သန္တီရဏကိစ္စ တဒါရုံကိစ္စတပ်ခိုက် ထိုက်သည် အားလျော်စွာ ၆-ဒွါရ၌ ဖြစ်၍ ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်ခိုက် ၆-ဒွါရမှ လွတ်သည်၊ မဟာဝိပါက်စိတ်သည် တဒါရုံကိစ္စ တပ်ခိုက် ၆-ဒွါရ၌ ဖြစ်၍ ပဋိသန္ဓေဘဝင် စုတိကိစ္စတပ်ခိုက် ၆-ဒွါရမှ လွတ်သည်။

၄၆။ မဟဂ္ဂုတ် ဝိပါက် ၉-ပါးတို့သည် ပဋိသန္ဓေ ဘဝင် စုတိကိစ္စတို့မှ တပါး အခြားကိစ္စ မတပ်နိုင်ကြကုန်၊ ထို့ကြောင့် အခြင်းခပ်သိမ်း ၆-ဒွါရမှ လွတ်ကြသည်။

**ဒွါရဖြင့် စေတသိက်တို့ကို ပေါင်းခြင်း**

. ဝိရတီ စေတသိက် ၃-ပါးသည် မနောဒွါရ၌သာ ဖြစ်သည်၊ ပဉ္စဒွါရ၌ မဖြစ်၊ အကုသိုလ်စေတသိက် ၁၄-ပါးသည် ၆-ဒွါရ၌ ဖြစ်သည်။

## သင်္ဂဟဂါထာများ

၄၇။ ကေဒ္ဒါရိက စိတ္တာနိ၊ တဒ္ဒါရုံ၌ဖြစ်သော စိတ်တို့သည်ရှင်း။ ပဉ္စ၊ ဆဒ္ဒါရိကာနိစ၊ ၅-ဒွါရ၌ ဖြစ်သောစိတ် ၆-ဒွါရ၌ ဖြစ်သောစိတ်တို့သည် ရှင်း။ ဆဒ္ဒါရိက ဝိမုတ္တာနိ၊ ရံခါ ၆-ဒွါရ၌ ဖြစ်၍ ရံခါ ၆-ဒွါရမှ လွတ်သောစိတ်တို့သည်ရှင်း။ သဗ္ဗထာ၊ အလုံးစုံသော အပြားအားဖြင့်။ ဝိမုတ္တာနိစ၊ ၆-ဒွါရမှ လွတ်သော စိတ်တို့သည်ရှင်း။

ယထာက္ကမံ၊ အစဉ်အားလျော်စွာ ။ဆတ္တိံသတိ၊ ၃၆-ပါးသည်ရှင်း။ တထာ၊ ထိုမှတပါး။ တိဏိ၊ ၃-ပါးတို့သည်ရှင်း။ ဧကတ္တိံသ၊၃၁-ပါးသည်ရှင်း။ဒသဓာ၊ ၁၀-ပါးပြားကုန်သည်ရှင်း။ နဝဓာ၊ ၉-ပါးပြားကုန်သည် ရှင်း။ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ သို့။ ပဉ္စဓာ၊ ၅-ပါးအပြားအားဖြင့်။ ပရိဒီပယေ၊ ပြရာ၏ ။

အပ္ပမညာစေတသိက် ၂-ပါးသည် မဟာကုသိုလ် မဟာကြိယာ ရူပကုသိုလ် ရူပကြိယာတို့၌ ယှဉ်ခိုက် ပဉ္စဒွါရ၌ ဖြစ်သည်၊ ရူပဝိပါက်၌ ယှဉ်ခိုက် ဒွါရမှ လွတ်သည်။

အညသမာန်း ၁၃၊-ကြွင်းသော သောဘန ၂၀၊ ပေါင်း ၃၃-ပါးသော စေတသိက်တို့သည် ရံခါ ၆-ဒွါရ၌ ဖြစ်၍ ရံခါ ၆-ဒွါရမှ လွတ်သည်။

**ဆောင်။** ။ဝိရတိ မနု, အကု ဆဒွါ, ပမညာကား, ရံခါမနော, ကြွင်း သောဘန, အညသမာ, တေတ္တိံသာ, ရံခါ ဆဒွါရိ။

**တနည်း။** ။ဝိရတိ၊ ဖြစ်လေဘိ မနောသာ၊
အကုသိုလ်—ဆယ့်လေးပါးငယ်၊ ဖြစ်ပွါး ခြောက်ဒွါ၊
မနော၌—ပမညာ၊ ရံတခါ လွတ်ရ၊
ကြွင်းတေတ္တိံ—ဆဒွါရိငယ်၊ ဝိမုတ်ဒွါရ။

### ၄၇။ ပဥ္စဝိဓယထာက္ကမ

| ကေဒ္ဒါရိက | ပဥ္စဒွါရိက | ဆဒ္ဒါရိက | ဆဒ္ဒါရိကဝိမုတ္တ | သဗ္ဗထာဝိမုတ္တ |
|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ရှင်းသင်္ချာတို့၏ သင်္ချေယျ သရုပ်ကိုလည်း သက်ဆိုင်ရာ အကျယ်စကား ရပ်ကိုပင် ကြည့်ရှု ရေတွက်ပါ၊ လွယ်ပါပြီ။

## အာရမဏသင်္ဂဟ

### အာရုံ ၆-ပါး

၄၇။ အာလမ္ဗနသင်္ဂဟေ၊ အာလမ္ဗနသင်္ဂဟ၌။ အာရမဏာနိနာမ၊ အာရုံတို့မည်သည်။ ရူပါရမဏံ၊ ရူပါရုံဖြစ်၍။ သဒ္ဒါရမဏံ၊ ၎င်း။ ဂန္ဓာရမဏံ၊ ၎င်း။ ရသာရမဏံ၊ ၎င်း။ ဖောဋ္ဌဗ္ဗာရမဏံ၊ ၎င်း။ ဓမ္မာရမဏံစ၊ ဓမ္မာရုံဖြစ်၍။ ဣတိ၊ သို့။ ဆဗ္ဗိဓာနိ၊ ၆-ပါးအပြားရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

### အာရုံဖြင့် စိတ်ကိုဝေဖန်ခြင်း

၄၉။ တတ္ထ၊ ထို ၆-ပါးသော အာရုံတို့တွင်။ ရူပမေဝ၊ အဆင်းသည်ပင်။ ရူပါရမဏံ၊ ရူပါရုံမည်၏။ တထာ၊ ထို့အတူ။ သဒ္ဒါဒယော ဝေ၊ အသံအစရှိသည်တို့သည်ပင်။ သဒ္ဒါရမဏာဒီနိ၊ သဒ္ဒါရုံအစရှိသည်တို့မည်၏။

---

**ဘုံအားဖြင့်ဝေဖန်ခြင်း**

ကာမဘုံ၌ ဒွါရ ၆-ပါးလုံး ဖြစ်နိုင်သည်၊ ရူပဘုံ၌ကား စက္ခုဒွါရ, သောတဒွါရ, မနောဒွါရ ၃-ပါးသာ ဖြစ်နိုင်သည်၊ အရူပဘုံ၌မူ မနောဒွါရ တပါးသာဖြစ်နိုင်ပါသည်၊ ထိုထိုဒွါရ၌ ဖြစ်သင့်သော စိတ်တို့ကိုလည်း ထိုက်သည်အားလျော်စွာ ခွဲ၍ ဝေဖန်ပါ။

### အာရမဏသင်္ဂဟ

၄၇။ 'အာလမ္ဗနသင်္ဂဟေ အာရမဏာနိနာမ' အစရှိသောစကားရပ်ဖြင့် အရင်းခံ အာရုံအပြားကို ဦးစွာ ပြသည်၊ ပါဠိအားလျော်စွာ သရုပ်ရေတွက်ပါ။

စိတ် စေတသိက်တို့၏ မွေ့လျော်ဖွယ်ရာ ဖြစ်သောကြောင့် အဆင်း စသည်တို့သည် "အာရမဏ (အာရုံ)" မည်ကြသည်။

စိတ် စေတသိက်တို့သည် အာရုံနှင့် ကင်း၍ ဖြစ်ရိုး မရှိကြ၊ အာရုံတခုခုကို စွဲမှီ၍သာ ဖြစ်ကြရသည်၊ ယင်းသို့ စိတ်စေတသိက်တို့က စွဲမှီအပ်သောကြောင့် အဆင်းစသည်တို့သည် "အာလမ္ဗန" လည်း မည်ကြပြန်သည်။ (အာရမဏနှင့် အာလမ္ဗန—ဟူသော သဒ္ဒါ ၂-ခုသည် "အာရုံ" ဟူသော အနက်ကိုချည်း ဟောကြသည်။)

၄၉၊ ၅၀။ "တတ္ထ ရူပမေဝ (ပ) သင်္ဂယှတိ" ဟူသော စကားရပ်ဖြင့် အာရုံ ၆-ပါး၏ ဝစနတ္ထနှင့် တရားကိုယ် အရကောက်ကို ပြသည်၊ (ရူပမေဝ အာရမဏံ—ရူပါရမဏံ စသည်၊) သဒ္ဒါဒယော၌ အာဒိသဒ္ဒါ၏ အရကား အနံ့, အရသာ, အတွေ့တို့တည်း၊ သဒ္ဒါရမဏာဒီနိ၌ အာဒိသဒ္ဒါ၏ အရကား ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့တည်း။

**၅၀။ ပန်၊ ကား။ ဓမ္မာရမဏ်၊ ဓမ္မာရုံကို။ ပသာဒ သုခုမရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိ ဝသေန၊ ပသာဒရုပ် သုခုမရုပ် စိတ် စေတသိက် နိဗ္ဗာန်ပညတ်တို့၏ အပြားအားဖြင့်။ ဆဓာ၊ ၆–ပါးအပြားအားဖြင့်။ သင်္ဂယှတိ၊ ပေါင်းယူအပ်၏။**

---

၁။ မြင်ရသော အဆင်းဟူသမျှသည် ရူပါရုံ မည်၏၊
၂။ ကြားရသော အသံဟူသမျှသည် သဒ္ဒါရုံ မည်၏၊
၃။ နမ်းရှူရသော အနံ့ဟူသမျှသည် ဂန္ဓာရုံ မည်၏၊
၄။ လျက်ရသော အရသာ ဟူသမျှသည် ရသာရုံ မည်၏၊
၅။ တွေ့ထိရသော အတွေ့ဟူသမျှသည် ဖောဋ္ဌဗ္ဗာရုံ မည်၏၊
၆။ ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်၊ ဤ-၆-မျိုးသော တရားသည် ''ဓမ္မာရုံ'' မည်၏–ဟုဆိုလိုသည်။

ဤအာရုံ ၆-ပါး တရားများကို စုပေါင်းကြည့်ပါက ''စိတ် ၈၉၊ စေတသိက်- ၅၂၊ ရုပ်- ၂၈၊ နိဗ္ဗာန်၊ ပညတ်''ဟု ပရမတ္ထတရား ၄-ပါးနှင့် ပညတ်တို့ကို တွေ့ရပါလိမ့်မည်၊ 'ကာမ' စသော မည်သည့်အုပ်စုဖြင့်ပင် ခွဲခွဲ ကာမူ အာရုံဘက်၌ ဤတရားများ ကုန်စင်အောင် ခွဲယူရမည်၊ ချဲ့ပါဦးမည်–

| | | | |
|---|---|---|---|
| ၁။ | ကာမအာရုံ | ကာစိတ် ၅၄၊ စေ ၅၂၊ ရုပ် ၂၈၊ | (အာရုံ-၆၊) |
| ၂။ | မဟဂ္ဂုတ်အာရုံ | မဟဂ္ဂုတ် စိတ် ၂၇၊ စေ-၃၅၊ | (ဓမ္မာရုံ) |
| ၃။ | အပ္ပမာဏအာရုံ | လောကုတ္တရာ စိတ် ၈၊ စေ ၃၆၊ နိဗ္ဗာန်၊ | (ဓမ္မာရုံ) |
| ၄။ | ပညတ်အာရုံ | ကသိုဏ်းပညတ် နာမပညတ်စသည်၊ | (ဓမ္မာရုံ) |

**တနည်းကား**

| | | | |
|---|---|---|---|
| ၁။ | ပစ္စုပ္ပန်အာရုံ | ဖြစ်ဆဲ စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈။ | (အာ ၆) |
| ၂။ | အတိတ်အာရုံ | ဖြစ်ပြီး ။ ။ ။ | (အာ ၆) |
| ၃။ | အနာဂတ်အာရုံ | ဖြစ်လတ္တံ့ ။ ။ ။ | (အာ ၆) |
| ၄။ | ကာလဝိမုတ်အာရုံ | နိဗ္ဗာန်၊ ပညတ် | ( ဓမ္မာရုံ ) |

**တနည်ကား**

| | | | |
|---|---|---|---|
| ၁။ | အဇ္ဈတ္တအာရုံ | မိမိသန္တာန်၌ဖြစ်သော စိတ်, စေ, ရုပ်၊ | (အာရုံ ၆) |
| ၂။ | ဗဟိဒ္ဓအာရုံ | အပ၌ဖြစ်သော စိတ်, စေ, ရုပ်, နိ, နတ္ထိဘော ပညတ်မှ တပါး ပညတ်အမျိုးမျိုး၊ | (အာ ၆) |
| ၃။ | အဇ္ဈတ္တ ဗဟိဒ္ဓဝိမုတ်အာရုံ | နတ္ထိဘော ပညတ်၊ | ( ဓမ္မာရုံ ) |

**၅၁။ တတ္ထ၊ ထို ၆-ပါးသော အာရုံတို့တွင်။ စက္ခုဒွါရိကစိတ္တာနံ၊ စက္ခုဒွါရိကစိတ်တို့၏။ သဗ္ဗေသမ္ပိ၊ အလုံးစုံတို့၏လည်း။ ရူပမေဝ၊ ရူပါရုံသည်သာ။ အာရမဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထို ရူပါရုံသည်လည်း။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သာတည်း။ တထာ၊ ထို့အတူ။ သောတဒွါရိကစိတ္တာဒီနမ္ပိ၊ သောတဒွါရိကစိတ် အစရှိသည်တို့၏လည်း။ သဒ္ဒါဒီနိ၊ သဒ္ဒါရုံ အစရှိသည်တို့သည်။ (အာရမဏာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။) တာနိ စ၊ ထို သဒ္ဒါရုံ အစရှိသည်တို့သည်လည်း။ ပစ္စုပ္ပန္နာနိယေဝ၊ ပစ္စုပ္ပန်တို့ချည်းသာတည်း။**

---

**တနည်းကား—**

၁။ ရုပ်အာရုံ = ရုပ် ၂၈၊ (အာရုံ-၆)
၂။ နာမ်အာရုံ = စိတ်, စေ, နိဗ္ဗာန်၊ (ဓမ္မာရုံ)
၃။ ပညတ်အာရုံ= ပညတ်အမျိုးမျိုး၊ (ဓမ္မာရုံ)

**တနည်းကား—**

၁။ ပရမတ်အာရုံ = စိတ်, စေ, ရုပ်, နိ၊ (အာရုံ-၆)
၂။ ပညတ်အာရုံ = ပညတ်အမျိုးမျိုး၊ (ဓမ္မာရုံ)

ဤသို့ အသီး အသီး (၆-ပါးတွဲတစု, ၄-ပါးတွဲ ၂-စု, ၃-ပါးတွဲ ၂-စု, ၂-ပါးတွဲ တစု၊) အုပ်စုတိုင်း အုပ်စုတိုင်းမှာ ယင်း အာရုံတရားများ အကြွင်း အကျန် မရှိ ပါဝင်သွားကြသည်ချည်းသာ ဖြစ်ပါသည်။

ထိုတွင် မိမိတို့ဆိုင်ရာ အုပ်စုထဲ၌ ပါဝင်သော အာရုံတမျိုးမျိုးကိုသာ အာရုံပြုလျှင် "ကေန်" ဟု ခေါ်သည်၊ ၂-မျိုး ၃-မျိုး စသည်ကို အာရုံပြုလျှင် "အနေကန်" ဟု ခေါ်သည်။

ဤအာရုံအခွဲနှင့် ကေန်, အနေကန် သဘောကို ပိုင်နိုင်အောင် လေ့လာထားသင့်သည်၊ ယင်းသို့ လေ့လာထားမှသာ နောက်၌ ပြဆိုထားသည်များကို နားလည်နိုင်ပါလိမ့်မည်။

၅၁။ 'တတ္ထ စက္ခုဒွါရိကစိတ္တာနံ' အစ 'ဂတိနိမိတ္တသမ္မတံ အာရမဏံ ဟောတိ' တိုင်အောင်သော စကားရပ်ဖြင့် ထိုထို စိတ်တို့၏ အာရုံကို ပြသည်။

စက္ခုဒွါရိကစိတ် ၄၆-ပါးသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုသည်၊
သောတဒွါရိကစိတ် ၄၆-ပါးသည် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုသည်၊
ဃာနဒွါရိကစိတ် ၄၆-ပါးသည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြုသည်၊
ဇိဝှါဒွါရိကစိတ် ၄၆-ါးသည် ပစ္စုပ္ပန် ရသာရုံကို အာရုံပြုသည်၊
ကာယဒွါရိကစိတ် ၄၆-ပါးသည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသည်။

**၅၂။ ပန၊ ကား။ မနောဒ္ဝါရိက စိတ္တာနံ၊ မနောဒ္ဝါရိက စိတ်တို့၏။ ဆဗ္ဗိဓမ္ပိ၊ ၆-ပါးအပြားရှိသည်လည်းဖြစ်သော။ အာရမဏံ၊ အာရုံသည်။ ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ ပစ္စုပ္ပန္နံ၊ပစ္စုပ္ပန်သည်ငှင်း။ အတီတံ၊ အတိတ်သည်ငှင်း။ အနာဂတံ၊အနာဂတ်သည်ငှင်း။ ကာလဝိမုတ္တဉ္စ၊ ကာလဝိမုတ်သည်ငှင်း။ ဟောတိ၊ ဖြစ်၏။**

---

၅၂။ မနောဒ္ဝါရ၌ ဖြစ်သော စိတ်တို့သည် ထိုက်သည်အားလျော်စွာ ပစ္စုပ္ပန်အတိတ် အနာဂတ် ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြုသည်။

**ယထာရဟံ**။ ။ကာမဇော အဘိညာဉ်ဇော အဘိညာဉ်မှကျန်သော မဟာဂ္ဂုတ် လောကုတ္တရာဇောတို့၏ အစွမ်းအားဖြင့် ထိုက်သလို အာရုံပြုသည်၊ ပြုပုံကား——

(၁) ဟသိတုပ္ပါဒ်ကြဉ် ကာမဇော ၂၈-ပါးသည် အာရုံ ၆-ပါး ကာလ ၃-ပါး ကာလဝိမုတ်ဟူသော နိဗ္ဗာန် ပညတ်ကို အာရုံပြု၏၊ ဟသိတုပ္ပါဒ်သည် ကာမအာရုံ ကာလ ၃-ပါးကို အာရုံပြု၏၊ နိဗ္ဗာန် ပညတ်ဟူသော ကာလဝိမုတ်ကို အာရုံမပြု။

(၂) ဤနေရာ၌ အဘိညာဉ်ဇောဟူသည် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်တို့တည်း။ ထိုတွင်——

ဒိဗ္ဗစက္ခုသည် ရူပါရုံပစ္စုပ္ပန်၊ ဒိဗ္ဗသောတသည် သဒ္ဒါရုံပစ္စုပ္ပန်၊ဣဒ္ဓိဝိဓသည် အာရုံ ၆-ပါး ကာလ ၃-ပါး၊ စေတောပရိယသည် ဓမ္မာရုံ အတိတ်အနာဂတ် ကာလ ၂-ပါး၊(တနည်း)သန္တတိအဒ္ဓါပစ္စုပ္ပန်၏အစွမ်းအားဖြင့်ကာလ၃-ပါး၊ ပုဗ္ဗေနိဝါသာနုဿတိသည် အာရုံ ၆-ပါး အတိတ်ကာလဝိမုတ်ဟူ၍ အသီးအသီး အာရုံပြု၏၊ ဤသို့လျှင် ဒိဗ္ဗစက္ခုစသော အဘိညာဉ် ဇောများသည် အာရုံ ၆-ပါး ကာလ ၃-ပါး ကာလဝိမုတ် ဟူသော နိဗ္ဗာန်ပညတ်ကို ထိုက်သလို အာရုံပြုကြသည်။

(၃) အဘိညာဉ်ဇောမှကျန်သော မဟာဂ္ဂုတ် လောကုတ္တရာဇောတို့တွင်—

ရူပါဝစရနှင့် ပထမ တတိယာရုပ္ပဇောတို့သည် ပညတ်ဓမ္မာရုံ ကာလဝိမုတ်- ဒုတိယ စတုတ္ထာ ရုပ္ပဇောတို့သည် မဟဂ္ဂုတ် ဓမ္မာရုံ အတိတ်ကာလ၊ လောကုတ္တရာဇောတို့သည် နိဗ္ဗာန်အာရုံ ကာလဝိမုတ်—ဟူ၍ အသီးအသီးအာရုံပြု၏၊ ဤသို့လျှင် မဟဂ္ဂုတ် လောကုတ္တရာဇောများသည် ကာလဝိမုတ် အတိတ် ကာလကို ထိုက်သလို အာရုံပြုကြသည်။

**၅၃။ ပဋိသန္ဓိ ဘဝင် စုတိသင်္ခါတာနံ၊ ပဋိသန္ဓေဘဝင် စုတိ-ဟု ဆိုအပ်ကုန်သော။ ဒွါရ ဝိမုတ္တာနဉ္စ၊ ဒွါရဝိမုတ် စိတ်တို့၏လည်း။ ဆဗ္ဗိဓမ္ပိ၊ ၆-ပါး အပြားရှိသည်လည်း ဖြစ်သော။ အာရမဏံ၊ အာရုံသည်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည် အားလျော်စွာ၊ ယေဘုယျေန၊ များသောအားဖြင့်။ ဘဝန္တရေ၊ အခြားမဲ့လွန်ခဲ့ပြီးသော ဘဝတပါး၌။ ဆဒ္ဒွါရဂ္ဂဟိတံ၊ ၆-ဒွါရသည် ယူအပ်သည်ရင်း။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သည်သော်ရင်း။ အတီတံ၊ အတိတ်သည်သော်ရင်း။ ပညတ္တိဘူတံဝါ၊ ပညတ်ဖြစ်၍ ဖြစ်သည်သော်ရင်း။ ကမ္မကမ္မနိမိတ္တ ဂတိနိမိတ္တ သမ္မတံ၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်- ဟု သမုတ်အပ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။**

---

၅၃။ ပဋိသန္ဓေကိစ္စဘဝင်ကိစ္စ စုတိကိစ္စတပ်သော ဒွါရဝိမုတ်စိတ်တို့သည် အများအားဖြင့် အခြားမဲ့ လွန်ခဲ့ပြီးသော (အတီတာနန္တရ) ဘဝဟောင်းက ဆဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန် အတိတ် ပညတ်ဖြစ်၍ "ကံ, ကမ္မနိမိတ်, ဂတိနိမိတ်" ဟု သမုတ်အပ်သော အာရုံ ၆-ပါးတို့တွင် တပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုသည်။

**ယထာသမ္ဘဝံ**။ ။ပဋိသန္ဓေ ဘဝင် စုတိဟုဆိုအပ်သော ဒွါရဝိမုတ်စိတ်များသည် ပစ္စုပ္ပန် အတိတ်ပညတ်ဖြစ်၍ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော ရူပါရုံစသော အာရုံ ၆-ပါးတို့တွင် တပါးပါးကို ထိုက်သလို အာရုံပြုကြသည်။ ပြုပုံကား—

(၁) ကာမပဋိသန္ဓေ ဘဝင်စိတ်တို့သည် ပဉ္စာရုံဖြစ်အံ့၊ ဆဒွါရ ပစ္စုပ္ပန် အတိတ်ကာလ ကမ္မနိမိတ်၊ စုတိစိတ်သည် ဆဒွါရ အတိတ်ကာလ ကမ္မနိမိတ်၊ ကာမပဋိသန္ဓေ ဘဝင်စုတိ ၃-ပါးစုံသည် ဓမ္မာရုံဖြစ်အံ့၊ မနောဒွါရ အတိတ်ကာလ ကံ ကမ္မနိမိတ် ဂတိနိမိတ်၊ ရူပါရုံဖြစ်အံ့၊ မနောဒွါရ ကေန် ပစ္စုပ္ပန်ကာလ ဂတိနိမိတ်—ဟူ၍ အသီးအသီး အာရုံပြု၏၊ ဤသို့လျှင် ကာမပဋိသန္ဓေ ဘဝင် စုတိစိတ်များသည် ဆဒွါရ ပစ္စုပ္ပန် အတိတ်ကာလ ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို ထိုက်သလို အာရုံပြုကြသည်။

(၂) မဟဂ္ဂုတ် ပဋိသန္ဓေဘဝင်စုတိတို့တွင် ရူပါဝစရနှင့် ပထမတတိယာရုပ္ပစိတ် ၇-ခုတို့သည် ဓမ္မာရုံ မနောဒွါရ ကသိုဏ်းပညတ်စသော ကမ္မနိမိတ်၊ ဒုတိယ စတုတ္ထာရုပ္ပစိတ် ၂-ခုတို့သည် ဓမ္မာရုံ မနောဒွါရ အတိတ်ကာလ မဟဂ္ဂုတ်ကမ္မနိမိတ်—ဟူ၍ အသီးအသီး အာရုံပြု၏၊ ဤသို့လျှင် မဟဂ္ဂုတ် ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့သည် မနောဒွါရ ပညတ် အတိတ်ကာလ ကမ္မနိမိတ်ကို ထိုက်သလို အာရုံပြုကြသည်။

## ထိုထို အာရုံကိုအာရုံပြုသော စိတ်များ

**၅၄။ တေသု၊ ထိုစိတ်တို့တွင်။ စက္ခုဝိညာဏာဒီနိ၊ စက္ခုဝိညာဏ် အစရှိသော စိတ်တို့သည်။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ရူပါဒိ ဧကေကာရမဏာနေဝ၊ ရူပါရုံ အစရှိသောတပါးတပါးစီသာ အာရုံရှိကုန်၏။**

---

**ယေဘုယျေန**။ ။"ပဋိသန္ဓေ ဘဝင်စုတိစိတ်တို့၏ အာရုံသည် လွန်ခဲ့ပြီး ကာမ ဘဝတုန်းက ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော အာရုံများ ဖြစ်၏" ဟူသောစကားသည် ယေဘုယျစကားတည်း၊ ဆဒွါရိက မရဏာသန္န ဇောသည် မယူအပ်သော အာရုံများလည်း ရှိသေး၏၊ ထိုအာရုံကား အသညသတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်၏ ပဋိသန္ဓေ အာရုံတည်း၊ ထို့ကြောင့် "ယေဘုယျေန" ဟု မိန့်သည်။

ချဲ့ဦးအံ့ အသညသတ်ဘုံ၌ ဖြစ်ဆဲပုဂ္ဂိုလ်သည် ကာမဘုံမှ လာခဲ့သူတည်း၊ အသညသတ်ဘုံမှ စုတေမည့်အခါ အသညသတ်ဘုံ၌ စိတ်စေတသိက်မရှိရကား မရဏာသန္နဇော ဇောခွင့်မရှိ၊ ထို့ကြောင့် အသညသတ် ဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေစိတ်၏ အာရုံသည် အခြားမဲ့ လွန်ခဲ့ပြီးစ အသညသတ်ဘဝ၌ ဆဒွါရိကမရဏာသန္နဇောသည် ယူအပ်သောအာရုံမဟုတ်၊ အသညသတ်ဘုံသို့ မရောက်မီ ရှေးရှေးဘဝက ပြုခဲ့၍ ယခုပဋိသန္ဓေ ကျိုးပေးခွင့်ကြုံသော အပရာပရိယဝေဒနီယကံသည် ထင်စေအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃-ပါး တို့တွင် တပါးပါးဖြစ်သည်။

'တေသု စက္ခုဝိညာဏာဒီနိ' မှစ၍ 'လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမဏာနိ' တိုင်အောင်သော စကားရပ်ဖြင့် ထိုထိုအာရုံကို အာရုံပြုနိုင်သော စိတ်များကို ပေါင်းစု ရေတွက်ပြသည်။

သရုပ်ခွဲရာ၌ လွယ်ကူ သက်သာစေရန် အုပ်စုဖွဲ့ပြခဲ့ပြီးသော အာရုံများ ကိုပင် အကျဉ်းအားဖြင့် ဆောင်ပုဒ်နှင့်တကွ ထပ်ပြပါဦးမည်။

**ဆောင်**။ ။ရူ ကာ ပန္န, အဇ္ဈတ္တ, ရူပ ပရမတ်၊
အစုခြောက်ဖြာ, ရသင့်ရာ, သေချာခွဲဝေမှတ်။

**ရူ**။ ။"ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ" ဟု အာရုံ ၆-မျိုးတစု၊

**ကာ**။ ။"ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, အပ္ပမာဏအာရုံ, ပညတ်အာရုံ" ဟု လေးမျိုးတစု၊

**ပန္န**။ ။"ပစ္စုပ္ပန်အာရုံ, အတိတ်အာရုံ, အနာဂတ်အာရုံ, ကာလဝိမုတ် အာရုံ" ဟု လေးမျိုးတစု၊

**၅၅။ ပန၊သာ။ မနောဓာတုတ္တိကံ၊မနောဓာတ် သုံးခုတို့၏ အပေါင်းသည်။ ရူပါဒိ ပဉ္စာရမဏံ၊ ရူပါရုံအစရှိသော ငါးပါးသော အာရုံရှိ၏။**

**၅၆။ သေသာနိ၊ ကြွင်းကုန်သော။ ကာမာဝစရ ဝိပါကာနိ၊ကာမာဝစရ ဝိပါက်စိတ်တို့ရင်း။ ဟသနစိတ္တဉ္စ၊ ဟသိတုပ္ပါဒ်စိတ်ရင်း။ ဣတိ၊ ဤ ၁၂-ပါးသောစိတ်တို့သည်။ သဗ္ဗထာပိ၊ အလုံးစုံသော အပြားအားဖြင့်လည်း။ ကာမာဝစရာ ရမဏာနေဝ၊ ကာမတရားသာလျှင် အာရုံရှိကုန်၏။**

**၅၇။ အကုသလာနိ၊ အကုသိုလ် စိတ်တို့ရင်း။ ဉာဏဝိပ္ပယုတ္တ ကာမာဝစရ ဇဝနာနိ စ၊ ဉာဏဝိပ္ပယုတ် ကာမာဝစရ ဇောတို့ရင်း။ ဣတိ၊ ဤ ၂၀-သော**

---

**အဇ္ဈတ္တ။** ။''အဇ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံ, အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်အာရုံ'' ဟု ၃-မျိုးတစု၊

**ရူပ။** ။''ရုပ်အာရုံ, နာမ်အာရုံ, ပညတ်အာရုံ'' ဟု ၃-မျိုးတစု၊

**ပရမတ်။** ။''ပရမတ်အာရုံ, ပညတ်အာရုံ'' ဟု ၂-မျိုးတစု၊

ဤသို့ အစု ၆-ပါးဖြင့် ရသင့်သည်အားလျော်စွာ ခွဲဝေ မှတ်သားရမည်၊ ထိုအာရုံတို့၏ အရကောက်ကို (၁၂၈)က ဆိုခဲ့ပြီးပါပြီ။

၅၄။ စက္ခုဝိညာဏ် ဒွေးသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုသည်။ (ရူ×ကာ×ပန်×အဇ်ဗ×ရုပ်×မတ်။)

သောတဝိညာဏ် ဒွေးသည် သဒ္ဒါရုံကို အာရုံပြုသည်။ (သဒ်×အကြွင်းတူပြီ။)

ဃာနဝိညာဏ် ဒွေးသည် ဂန္ဓာရုံကို အာရုံပြုသည်။ (ဂန်×အကြွင်းတူပြီ။)

ဇိဝှါဝိညာဏ် ဒွေးသည် ရသာရုံကို အာရုံပြုသည်။ (ရသ×အကြွင်းတူပြီ။)

ကာယဝိညာဏ် ဒွေးသည် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသည်။ (ဖော×တူပြီ။)

ဤစိတ်စုကို (၁၀) ဟု မှတ်ထားပါ။

၅၅။ မနောဓာတ် ၃-ခု(ပဉ္စဒွါရာဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဒွေး) သည်''ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ'' ဟု ဆိုအပ်သော အာရုံ ၅-ပါးကို အာရုံပြုသည်။(၅×ကာ×ပန်×အဇ်ဗ×ရုပ်×ပရမတ်။)(၃)ဟုမှတ်ထားခဲ့ပါ။

၅၆။ တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် ၁၊ ပေါင်း ၁၂-ပါးသော စိတ်တို့သည် ''ကာမစိတ် ၅၄,စေတသိက် ၅၂,ရုပ် ၂၈''ဟု ဆိုအပ်သော ကာမတရားကိုသာ အာရုံပြုသည်။ (၆×ကာ×၃×အဇ်ဗ×နာမ်ရုပ်×မတ်၊) (၁၂) ဟု မှတ်ထားပါ။

စိတ်တို့သည်။ **လောကုတ္တရဝဇ္ဇိတ သဗ္ဗာရမဏာနိ၊ လောကုတ္တရာသည် ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။**

၅၇။ ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိစေဝ၊ ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်စိတ်တို့ရင်း။ ပဉ္စမဇ္ဈာနသင်္ခါတံ၊ ပဉ္စမဈာန်ဟု ဆိုအပ်သော။ အဘိညာကုသလဉ္စ၊ အဘိညာဉ်ကုသိုလ်စိတ်ရင်း။ ဣတိ၊ ဤ ၅-ပါးသော စိတ်တို့သည်။ **အရဟတ္တ မဂ္ဂ ဖလ ဝဇ္ဇိတ သဗ္ဗာရမဏာနိ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်သည် ကြဉ်အပ်သော အလုံးစုံသော အာရုံ ရှိကုန်၏။**

၅၉။ ဉာဏသမ္ပယုတ္တ ကာမာဝစရ ကြိယာနိစေဝ၊ ဉာဏသမ္ပယုတ် **ကာမာဝစရ** ကြိယာစိတ်တို့ရင်း။ ကြိယာဘိညာ၊ ကြိယာအဘိညာဉ် စိတ်ရင်း။ **ဝေါဋ္ဌဗ္ဗနဉ္စ၊** ဝုဋ္ဌောစိတ်ရင်း။ ဣတိ၊ ဤ ၆-ပါးသော စိတ် တို့သည်။ **သဗ္ဗထာပိ၊ အလုံးစုံသော အပြားအားဖြင့်လည်း။ သဗ္ဗာရ မဏာနိ၊ အလုံးစုံသော အာရုံရှိကုန်၏။**

---

၅၇။ အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄၊ မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄၊ ပေါင်း ၂၀-သော စိတ်တို့သည် "လောကီစိတ် ၈၁, စေတသိက် ၅၂, ရုပ် ၂၈, ပညတ်" ဟု ဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြုသည်။ (၆ ကာ, ဂုတ်,ညတ် ၄ အဇ်, ၁ ၃ ၂။) (၂၀) ဟု မှတ်ထားပါ။

၅၈။ ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်စိတ် ၄၊ ကုသိုလ် အဘိ ညာဉ် ၁၊ ပေါင်း ၅-ပါးသော စိတ်တို့သည် အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော "စိတ် ၈၇၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်" ဟု ဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြုနိုင်သည်။ (၆×၄×၄×၃×၃×၂၊) (၆)ဟု မှတ်ပါ။

အထူး သိစွမ်းနိုင်သော ရူပါဝစရပဉ္စမဈာန် ဇောကိုပင် "အဘိညာဉ်"ဟု ခေါ်သည်။ (အဘိ—အလွန်+ဉ—သိစွမ်းနိုင်ခြင်း။)

၅၉။ ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာစိတ် ၄၊ ကြိယာ အဘိ ညာဉ် ၁၊ မနောဒွါရာဝဇ္ဇန်း ၁၊ ပေါင်း ၆-ပါးသော စိတ်တို့သည် "စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်"ဟု ဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြုနိုင်သည်။ (၆×၄×၄×၃×၃×၂၊) (၆)ဟုမှတ်ပါ။

**၆၀။ အာရုပ္ပေသု၊ အရူပါဝစရစိတ်တို့တွင်။ ဒုတိယ စတုတ္ထာနိ၊ ဒုတိယ စတုတ္ထ အရူပါဝစရစိတ်တို့သည်။ မဟဂ္ဂတာရမဏာနိ၊ မဟဂ္ဂုတ်တရားသာလျှင် အာရုံရှိကုန်၏။**

**၆၁။ သေသာနိ၊ ကြွင်းကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ မဟဂ္ဂတစိတ္တာနိ၊ မဟဂ္ဂုတ်စိတ်တို့သည်။ ပညတ္တာရမဏာနိ၊ ပညတ်တရားသာလျှင် အာရုံရှိကုန်၏။**

**၆၂။ လောကုတ္တရစိတ္တာနိ၊ လောကုတ္တရာစိတ်တို့သည်။ နိဗ္ဗာနာရမဏာနိ၊ နိဗ္ဗာန်တရားသာလျှင် အာရုံရှိကုန်၏။ ဣတိ၊ ဤကား အာရုံအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။**

---

ဤမျှသော စကားရပ်ဖြင့် ကာမာဝစရစိတ်များနှင့် အဘိညာဉ်ဒွေးတို့၏ အာရုံကို ပြသည်၊ ထိုတွင် (၁၀)+(၃)+(၁၂) တို့သည် သင်္ဂဟဂါထာ၌ ပဉ္စဝီသ ပရိတ္တမှိဝယ် "ပဉ္စဝီသ" အရ ဖြစ်လာပါလိမ့်မည်၊ (၂၀) သည် ဝီသာနုတ္တရမုတ္တမှိဝယ် "ဝီသ" အရဖြစ်လာပါလိမ့်မည်၊ (၅)သည် အဂ္ဂမဂ္ဂ ဖလုဇ္ဈိတေ ပဉ္စဝယ်"ပဉ္စ" အရ ဖြစ်လာပါလိမ့်မည်၊ (၆)သည် သဗ္ဗတ္ထ ဆဝယ် "ဆ"အရ ဖြစ်လာပါလိမ့်မည်။

၆၀။ ဝိညာနဉ္စာယတနစိတ် ၃-ပါး၊ နေဝသညာနာသညာယတနစိတ် ၃-ပါး၊ ပေါင်း ၆-ပါးသော စိတ်တို့သည် မဟဂ္ဂုတ်(ဓမ္မာရုံ)ကို အာရုံပြုသည်။ (ခ×ဂ္ဂုတ်×တိ×အဇ်×နာမ်×မတ်။) (၆)ဟုမှတ်ပါ။

၆၁။ အဘိညာဉ်ဒွေးမှ တပါး ရူပါဝစရစိတ် ၁၅-ပါး၊ အာကာသာနဉ္စာယတနစိတ် ၃-ပါး၊ အာကိဉ္စညာယတနစိတ် ၃-ပါး၊ ပေါင်း ၂၁-ပါးသော စိတ်တို့သည် ပညတ်(ဓမ္မာရုံ)ကို အာရုံပြုကြသည်။ (ခ×ညတ်×မုတ်×ဗ*×ညတ်×ညတ်) (၂၁) ဟုမှတ်ပါ။

၆၂။ လောကုတ္တရာစိတ် ၈-ခုသည် နိဗ္ဗာန် (အပ္ပမာဏ ဓမ္မာရုံ)ကို အာရုံပြုသည်။ (ခ×နိ×မုတ်×ဗ×နာမ်×မတ်၊) (၈) ဟုမှတ်ပါ။

ဤမျှသော စကားရပ်ဖြင့် အဘိညာဉ်ဒွေးမှ တပါးသော မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာစိတ်တို့၏ အာရုံကို ပြသည်၊ ထိုတွင် (၆) သည် သင်္ဂဟဂါထာ၌ ဆစိတ္တာနိ မဟဂ္ဂတေဝယ် 'ဆ' ၏ အရ ဖြစ်လာပါလိမ့်မည်၊ (၂၁) သည် ဧကဝီသတိ ဝေါဟာရေ ဝယ် 'ဧကဝီသတိ' အရ ဖြစ်လာပါလိမ့်မည်၊ (၈)သည် အဋ္ဌ နိဗ္ဗာန ဂေါစရေ ဝယ် 'အဋ္ဌ' ၏အရ ဖြစ်လာပါလိမ့်မည်၊ ထိုတွင် မဟဂ္ဂုတ်စိတ်များ၏ အာရုံကို အကျယ် ဝေဖန်ပြပါဦးမည်။

ဝိညာနဉ္စာယတနကုသိုလ်သည် ''ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်''ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြုသည်။

ဝိညာနဉ္စာယတနဝိပါက်စိတ်သည် ''ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်''ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြုသည်။

ဝိညာနဉ္စာယတနကြိယာသည် ''ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာ၊ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်''ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြုသည်။

နေဝသညာနာသညာယတန ကုသိုလ်, ဝိပါက်, ကြိယာတို့၏ အာရုံကို လည်း ''အာကာ''အစား ''အာကိံ''ကို ပြောင်းလဲ ထည့်သွင်း၍ ဆိုပါ။

ရူပါဝစရ ပထမဈာန်စိတ် ၃-ပါးသည် ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင် အစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၂၅-ပါး သော ပညတ်ဓမ္မာရုံကို အာရုံပြုသည်။

ရူပါဝစရ ဒုတိယဈာန်စိတ် ၃-ခု၊ တတိယဈာန်စိတ် ၃-ခု၊ စတုတ္ထဈာန် စိတ် ၃-ခု၊ ပေါင်း ၁၂-ခုသည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနဿတိ ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါ ပညတ်၊ ဤ ၁၄-ပါးသော ပညတ် ဓမ္မာရုံကို အာရုံပြုနိုင်သည်။

ရူပါဝစရပဥ္စမဈာန်စိတ် ၃-ခုသည် ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ ဥပေက္ခာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါ ပညတ်၊ ဤ ၁၂-ပါး သော ပညတ် ဓမ္မာရုံကို အာရုံပြုနိုင်သည်။

အာကာသာနဉ္စာယတနစိတ် ၃-ခုသည် အာကာသကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွါ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံ ပြုသည်။

အာကိဉ္စညာယတနစိတ် ၃-ခုသည်အာကာသာနဉ္စာယတနဈာန်၏ မရှိခြင်း တည်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြုသည်။

## သင်္ဂဟဂါထာများ

၆၃။ ပဉ္စဝီသ၊ ၂၅-ပါးသော။ စိတ္တာနိ၊ စိတ်တို့သည်။ ပရိတ္တမှိ၊ ကာမအာရုံ၌သာ။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဆ၊ ၆-ပါးကုန်သော။ စိတ္တာနိ၊ တို့သည်။ မဟဂ္ဂတေ၊ မဟဂ္ဂုတ်အာရုံ၌သာ။ ဟောန္တိ၊ ကုန်၏။ ဧကဝီသတိ၊ ၂၁-ပါးသော။ စိတ္တာနိ၊ တို့သည်။ ဝေါဟာရေ၊ ပညတ်အာရုံ၌သာ။ ဟောန္တိ၊ ကုန်၏။ အဋ္ဌ၊ ၈-ပါးကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ နိဗ္ဗာန ဂေါစရေ၊ နိဗ္ဗာန်အာရုံ၌သာ။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

"ရူ ကာ ပန္န, အဘိုတ္တ, ရူပ ပရမတ်၊

အစုခြောက်ဖြာ,ရသင့်ရာ,သေချာခွဲဝေမှတ်" ဟု ဆိုခဲ့သော အာရုံအပြားကို "(၁၀) (၃) (၁၂) (၂၀) (၅)(၆)(၆)(၂၁)(၈)" ဟု မှတ်သားထားခဲ့သော အာရမဏိက စိတ်များဖြင့် ရသင့်သည်အားလျော်စွာ ခွဲဝေပြပါဦးမည်၊ ဦးစွာ အကျဉ်းချုပ် ဇယားကို ပြ၍ နောက်မှ အသေးစိတ် ဇယားများကို ဆက်လက်ပြသွားပါမည်။

### အာရမဏသင်္ဂဟ အကျဉ်းချုပ်

| အာရမဏိက | အုပ်စုခြောက်ပါးအာရုံများ | | | | | |
|---|---|---|---|---|---|---|
| | ရူ ၆ | ကာ ၄ | ပန္န ၄ | အဘိ ၃ | ရူပ ၃ | မတ် ၂ |
| ၁၀ | ၅* | ကာ | ပန် | အဘိ | ရုပ် | မတ် |
| ၃ | ၅ | ကာ | ပန် | အဘိ | ရုပ် | မတ် |
| ၁၂ | ၆ | ကာ | ၃ | အဘိ | ရုပ် နာမ် | မတ် |
| ၂၀ | ၆ | ကာ ရူပ် ညတ် | ၄ | ၁ | ၃ | ၂ |
| ၅ | ၆ | ၄ | ၄ | ၃ | ၃ | ၁ |
| ၆ | ၆ | ၄ | ၄ | ၁ | ၃ | ၂ |
| ၆ | ၁ | ရူပ် | တိ | အဘိ | နာမ် | မတ် |
| ၂၁ | ၁ | ညတ် | ပုတ် | ၈* | ညာတ် | သတ် |
| ၈ | ၁ | နိ (အာယုမာကာ) | [illegible] | [illegible] | နာမ် | မတ် |

ဝိသ၊ ၂၀-သော၊ စိတ္တာနိ၊ တို့သည်၊ အနုတ္တရမုတ္တမှို၊ လောကုတ္တရာ ၉-ပါးမှ လွတ်သော အလုံးစုံသော အာရုံ၌၊ ဟောန္တိ၊ကုန်၏၊ ပဉ္စ၊ ၅-ပါး ကုန်သော၊ စိတ္တာနိ၊ စိတ်တို့သည်၊ အဂ္ဂမဂ္ဂဖလဝဇ္ဇိတေ၊ အရဟတ္တမဂ်အရဟတ္တ ဖိုလ်သည် ကြဉ်အပ်သော အလုံးစုံသော အာရုံ၌၊ ဟောန္တိ၊ ကုန်၏။ ဆ စ၊ ၆-ပါးသော စိတ်တို့သည်ကား၊ သဗ္ဗတ္ထ၊ အလုံးစုံသောအာရုံ၌၊ ဟောန္တိ၊ ကုန်၏၊ ဣတိ၊ သို့၊ တတ္ထ၊ ထို အာရမ္မဏသင်္ဂဟ၌၊ သတ္တဓာ၊ ၇-ပါးအပြား အားဖြင့်၊ သင်္ဂဟော၊ ပေါင်းယူခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ (သင်္ချာတို့၏ အရကို ညွှန်ပြထားခဲ့သည့်အတိုင်း ကောက်ပါ၊ သတ္တဓာ၏ အရကား ပထမဂါထာလာ ကေန် ၄-ပါး၊ ဒုတိယဂါထာလာ အနေကန် ၃-ပါးတို့ပင် တည်း။)

* ဤသို့ အမှတ်အသား ပြထားသော အာရုံများမှာ ယထာရဟသာ ဖြစ်သည်၊ ရသင့်သည်အား ယှော်စွာ ခွဲစိတ် ဝေဖန် ယူရမည်။

ဇယား ၆

| အာရမ္မဏိကစိတ် | | ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ | ရသာရုံ | ဖောဋ္ဌဗ္ဗာရုံ | ဓမ္မာရုံ | [illegible] |
|---|---|---|---|---|---|---|---|---|
| ၁၀ | [illegible] | ။ | | | | | | [illegible] |
| | [illegible] | | ။ | | | | | |
| | [illegible] | | | ။ | | | | [illegible] |
| | [illegible] | | | | ။ | | [illegible] | |
| | [illegible] | | | | | ။ | | [illegible] |
| [illegible] | | ။ | ။ | [illegible] | [illegible] | ။ | | [illegible] |
| [illegible] | | ။ | ။ | [illegible] | ။ | ။ | | [illegible] |
| [illegible] | | | | | | | ။ | |
| [illegible] | [illegible] | | | | | | [illegible] | |
| | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |

၁၂+၂၀+၅+၆+*ကို "မနောဒွါရာဝဇ္ဇန်း, ကာမဇော တခုယုတ် သုံးဆယ်, တဒါရုံကောဒသ,အဘိညာဉ်ဒွေး" ဟုဆိုပါ၊ ၆+၂၁+၈* ကို "အဘိညာဉ်ဒွေးမှတပါး ပဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅" ဟု ဆိုပါ။

ရူပါရုံကို ကေန် အာရုံပြုသော စိတ်ကား စက္ခုဝိညာဏ် ဒွေးတည်း၊ အနေကန် အာရုံပြုသော စိတ်ကား "မနောဓာတ် ၃-ခု, မနောဒွါရာဝဇ္ဇန်း, ကာမဇော တခုယုတ်သုံးဆယ်,တဒါရုံ ကောဒသ, အဘိညာဥ်ဒွေး" အားဖြင့် ၄၆-ပါးတို့တည်း၊ ကေန်,အနေကန် ၂-ရပ်ပေါင်းသော် ရူပါရုံကို အာရုံပြုနိုင်သော စိတ် ၄၈-ပါး ဖြစ်၏။ (ပ)

ဓမ္မာရုံကို ကေန် အာရုံပြုသော စိတ်ကား အဘိညာဥ်ဒွေးမှ တပါး မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါးတည်း၊ အနေကန် အာရုံပြုသော စိတ်ကား "မနောဒွါရာဝဇ္ဇန်း,ကာမဇော တခုယုတ်သုံးဆယ်, တဒါရုံကောဒသ, အဘိညာဥ် ဒွေး" အားဖြင့် ၄၃-ပါးတို့တည်း၊ ဓမ္မာရုံကို အာရုံပြုနိုင်သမျှသော စိတ်ကား ကေန် ၃၅၊ အနေကန်-၄၃၊ ပေါင်း ၇၆*ပါးတည်း။ (*ရူပပဥ္စမစျာန်ဇော ၂-ထပ်ပါနေသောကြောင့် နှုတ်ထားသည်။)

ရူပါရုံကိုသာ အာရုံပြု၍ သဒ္ဒါရုံကို အာရုံမပြုသော စိတ်၊ သဒ္ဒါရုံကိုသာ အာရုံပြု၍ ရူပါရုံကို အာရုံမပြုသော စိတ်၊ နှစ်ပါးစုံကို အာရုံပြုသောစိတ်၊ နှစ်ပါးစုံကို အာရုံမပြုသောစိတ် စသည်တို့ကိုလည်း ခွဲစိတ် ဝေဖန်ပါ၊ လေ့လာပါ။

## ကာ ၄

| အာရမဏိကစိတ် | | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|
| ၁၀ + ၃ + ၁၂ [illegible] | [illegible] | ။ | | | | [illegible] |
| ၈ [illegible] | [illegible] | ။ | ။ | | ။ | [illegible] |
| [illegible] | [illegible] | ။ | ။ | ။ | ။ | [illegible] |
| ၆ [illegible] | ၆ | | ။ | | | |
| [illegible] | [illegible] | | | | ။ | |
| ၁ [illegible] | [illegible] | | | ။ | | |
| [illegible] | [illegible] | ၂၅ | ၆ | [illegible] | [illegible] | |
| | [illegible] | ၃၁ | [illegible] | [illegible] | [illegible] | |

နည်းပေးခဲ့ပြီးသည် အတိုင်း သရုပ်ခွဲပါ၊ သိလွယ် ထင်ရှား ပါပြီ။

## ပန္န ၄

| အာရမ္မဏိကစိတ် | | ပစ္စုပ္ပန် | အတိတ် | အနာဂတ် | ကာလဝိမုတ် | အာရုံပေါင်း |
|---|---|---|---|---|---|---|
| ၁၀+၃ [ဖွဲ့ပဉ် မနော ၃] | ၁၃ | ॥ | | | | ၁ |
| ၁၂ [တဒါ ဟသိ] | ၁၂ | ॥ | ॥ | ॥ | | ၃ |
| ၂၀+၅+၆* | ၃၁ | ॥ | ॥ | ॥ | ॥ | ၄ |
| ၆ [ဝိညာဏေ၀] | ၆ | | ॥ | | | ၁ |
| ၂၁+၈ [ရူ အာကာ ကိ ကုတ်] | ၂၉ | | | | ॥ | ၁ |
| အာရမ္မဏိကစိတ်ပေါင်း | ကောန် | ၁၃ | ၆ | | ၂၉ | |
| | အဖနကန် | ၄၃ | ၄၃ | ၄၃ | ၃၁ | |

၂၀+၅+၆*ကို "အကုသိုလ် ၁၂, မနောဒွါရာဝဇ္ဇန်း,မဟာကုသိုလ် ၈, မဟာကြိယာ ၈, အဘိညာဉ်ဒွေး"ဟုဆိုပါ၊ အကြွင်း သိလွယ်ပါပြီ။

## အဇ် ၃

| အာရမ္မဏိကစိတ် | | | အဇ္ဈတ္တအာရုံ | ဗဟိဒ္ဓအာရုံ | ဒွိဝိမုတ် | အာရုံပေါင်း |
|---|---|---|---|---|---|---|
| | ၁၀+၃+၁၂ [ကာဝိ ပ.ရှုန်း ဟသိ] | ၂၅ | ॥ | ॥ | | ၂ |
| | ၂၀+၅+၆ | ၃၁ | ॥ | ॥ | ॥ | ၃ |
| | ၆ [ဝိညာဏေ၀] | ၆ | ॥ | | | ၁ |
| ၂၁+၈ | အာကိဉ္စညာယတနစိတ်* | ၃ | | | ॥ | ၁ |
| | ၁၈+၈ [ရူ အာကာ ကုတ်] | ၂၆ | | ॥ | | ၁ |
| အာရမ္မဏိကစိတ်ပေါင်း | ကောန် | | ၆ | ၂၆ | ၃ | |
| | အဖနကန် | | ၇၆ | ၅၆ | ၃၁ | |

၅၆-ကို "ကာမစိတ်စတုပညာသ, အဘိညာဉ်ဒွေး"ဟုဆိုပါ။

**အာကိဥ္စညာယတနစိတ်***။ ။အာကိဉ္စညာယတနစိတ်၏ အာရုံ ဖြစ်သော နတ္ထိဘာဝပညတ်သည် 'ပထမာရုပ္ပဝိညာဏ်' ဟူသော အဇ္ဈတ္တတရား၏ မရှိခြင်း အဘာဝပညတ်မျှသာ ဖြစ်သည်၊ ထို့ကြောင့် အဇ္ဈတ္တ သက်သက်လည်း မဟုတ်၊ ဗဟိဒ္ဓစစ်စစ်လည်း မဟုတ်ရကား ယင်း နတ္ထိဘာဝပညတ်အာရုံသည် အဇ္ဈတ္တ, ဗဟိဒ္ဓ ဝိမုတ်သာ ဖြစ်ရတော့သည်။

အာရုံ ၂-ပါးကို ပေါင်းစပ်ထားရုံမျှသာ ဖြစ်သောကြောင့် "အဇ္ဈတ္တဗဟိဒ္ဓအာရုံ" ကို တသီးတခြား ထည့်သွင်းပြဆိုမှုကို မပြုပဲ ချန်ထားခဲ့ရပါသည်။

## ၅ ၃-နှင့် မတ် ၂

| အာရမဏိကစိတ် | | ဝေဒနာ | | ဉာဏ်သမ္ပယုတ် | အာရုံပါဝင်ပုံ |
|---|---|---|---|---|---|
| | | သုခ | ဥပေက္ခာ | | |
| ၁၀+၃ [ဒွေ ပဉ္စဝိ မနောဓာတ်] | ၁၃ | ။ | | | ၁ |
| ၁၂ [တဒါ ဟသိ] | ၁၂ | ။ | ။ | | ၂ |
| ၂၀+၅+၆ | ၃၁ | ။ | ။ | ။ | ၃ |
| ၆+၈ [ဝိညာဏ နေဝ ကုတ်] | ၁၄ | | ။ | | ၁ |
| ၂၀ [ရူပ အာကာ အာကိ] | ၂၀ | | | ။ | ၁ |
| အာရမဏိကစိတ်ပေါင်း | ကေန် | ၁၃ | ၁၄ | ၂၀ | |
| | အနေကန် | ၄၃ | ၄၃ | ၃၁ | |
| | ကေန် | ၃၉ | | ၂၀ | |
| | အနေကန် | ၃၁ | | ၃၁ | |

## ကေန်

**ဆောင်**။ ။ပဉ္စာရုံမှာ, နှစ်ဆီသာတည်း၊ ဓမ္မာ သုံးဆယ့်ငါး, နှစ်ဆယ့်ငါး ကာ, မဟဂ္ဂါ ဆ, အပ္ပကား ရှစ်, နှစ်ဆယ့်တစ် ပညတ်, တေရသ် ပန်မှာ, တိတ် ခြောက်သာမှတ်, နာဂတ် မရှိ, ဝိမုတ် နှစ်ဆယ့်ကိုး, ပြုရိုးအဇ် ဆ, ဗဟိဒ္ဓ ဆဗ္ဗိ, သုံးလီ ဝိမုတ်, ရုပ် တေရသ, နာမ စုဒ္ဒသ်, ပရမတ္ထ, နဝတိ သာ, တစ်မှာ ၅ဝီ, ဒွေး နှစ်လီတည်း၊ ငါးလီ မှာသုံး, ဆယ့်နှစ် သုံးပင်, ပညတ်တွင် ရွေး, ဆယ့်လေး ကိုးလီ, ပဉ္စဝီ သုံးတန်, ကေန် ပေါင်းစု, အာရုံပြုသည်.... သောတုမှတ်ဖွယ်အချုပ်တည်း။

**တစ်မှာ၄၀ီ**။ ။ဒွေးပဥ္စဝိညာဏ် ၁၀၊ အာကာသာနဉ္စာယတနစိတ် ၃-ခု၊ အာကိဉ္စညာယတနစိတ် ၃-ခု၊ ဝိညာဏဉ္စာယတနကုသိုလ်, ဝိပါက် ၂-ခု၊နေဝသညာနာသညာယတနကုသိုလ်,ဝိပါက် ၂-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ပေါင်း ၂၈-ပါးသော စိတ်တို့သည် ထိုက်သည်အားလျော်စွာ အာရုံ တပါးစီကိုသာ အာရုံပြုကြသည်။

**ဒွေးနှစ်လီ**။ ။ဝိညာဏဉ္စာယတနကြိယာ ၁-ခု၊နေဝသညာနာသညာယတနကြိယာ ၁-ခု၊ ပေါင်း ၂-ပါးသော စိတ်တို့သည် အာရုံနှစ်ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုကြသည်။

**ငါးလီမှာ သုံး**။ ။မနောဓာတ် ၃-ပါးသည် အာရုံ ၅-ပါးကိုအာရုံပြုသည်။

**ဆယ့်နှစ် သုံးပင်**။ ။ရူပါဝစရပဥ္စမစျာန်စိတ် ၃-ပါးသည် အာရုံ ၁၂-ပါးကို အာရုံပြုသည်၊ ၁၂-ပါး စသည်တို့၏သရုပ်ကို ရှေ့ (၁၃၆) ၌ပြခဲ့ပြီ။

**ဆယ့်လေးကိုးလီ**။ ။ရူပါဝစရဒုတိယစျာန်စိတ် ၃-ပါး၊ တတိယစျာန်စိတ် ၃-ပါး၊ စတုတ္ထစျာန်စိတ် ၃-ပါး၊ ပေါင်း ၉-ပါးသော စိတ်တို့သည် အာရုံ ၁၄-ပါးကို အာရုံပြုကြသည်။

**ပဥ္စဝီသုံးတန်**။ ။ရူပါဝစရ ပထမစျာန်စိတ် ၃-ပါးတို့သည် အာရုံ ၂၅-ပါးကို အာရုံပြုကြသည်။

## အနေကန်

**ဆောင်**။ ။ပဥ္စာရုံမှာ, ဆစတ္တာတည့်၊ကာ မဟဂ္ဂုတ်,ဝိမုတ် ပညတ်,ပရမတ်ဟု, ခြောက်ရပ်တူလစ်, သုံးဆယ့်တစ်စီ၊ ပစ္စုပ် တီတ, နာဂတနှင့်, ဓမ္မ ရုပ် နာမ်, ခြောက်တန်ပေါင်းရုံး, လေးဆယ့်သုံးစီ၊ သုံးလီ အဇ္ဈတ်, စွဲလတ်မှီရောက်, ငါးဆယ့်ခြောက်သာ၊ အပ္ပမာဝယ်,ကောဒသ၊ စုပေါင်းပြသည် ...မှတ်ကြနေကန်အာရုံတည်း။

*ဝိမုတ်သည် ''ကာလဝိမုတ်, အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်''ဟု ၂-မျိုး ကွဲပြား၏။ ဇယားနှင့် တိုက်ဆိုင် ကောက်ယူပါ၊ လွယ်ပါပြီ။

## စေတသိက်အာရုံ

**ဆောင်**။ ။ငါးဆယ့်နှစ်ခု, စေတသိက်စုတွင်, အကုသလာ, လောကီသာတည်း၊ ဣဿာ ပမည်, ပယ်ကြဉ်အဇ္ဈ၊ လောကဖြစ်ဘိ, ဝိရတီမူ, ဝီတက္ကမိတ္ထ,သမုတ်ရသည့်,ကာမ နာမ် ရုပ်,ပစ္စုပ်မြဲမှတ်, စွဲမှီကပ်၏၊ နောက်ထပ် ဝိရတီ, လောကုတ်သည်ကား, ရွှေပြည်ခေမာ, အပ္ပမာဏ, ကာလဝိမုတ်,

## ဝတ္ထုသင်္ဂဟ

### ဝတ္ထု ၆-ပါး

**၆၄။ ဝတ္ထုသင်္ဂဟေ၊ ဝတ္ထုသင်္ဂဟ၌။ ဝတ္ထူနိနာမ၊ ဝတ္ထုတို့မည်သည်။ စက္ခုဝတ္ထု၊စက္ခုဝတ္ထုရင်း။သောတဝတ္ထု၊ရင်း။ဃာနဝတ္ထု၊ရင်း။ ဇိဝှါဝတ္ထု၊ ရင်း။ကာယဝတ္ထု၊ ရင်း။ ဟဒယဝတ္ထု၊ ဟဒယဝတ္ထု ရင်း။ ဣတိ၊ ဤသို့။ ဆဗ္ဗိဓာနိ၊ ၆-ပါး အပြားရှိကုန်သည်၊ ဘဝန္တိ၊ ဖြစ်ကုန်၏။**

### ဝတ္ထုဖြင့် ဘုံကိုဝေဖန်ခြင်း

**၆၅။ တာနိ၊ထို ၆-ပါးသောဝတ္ထုရုပ်တို့ကို။ကာမလောကေ၊ကာမဘုံ၌။ သဗ္ဗာနိပိ၊ အလုံးစုံတို့ကိုလည်း၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏။**

---

ဖွင့်ထုတ်လေအံ၊ ပညတ်ပမညာ, ဝိမုတ္တာဟု, အာရုံပြုလျှင်း၊ ကြွင်းလေသမျှ, တေတ္တိံသမှာ, ဘယ်ဟာတခု, အာရုံစုကို မပြုမရှိလေဘူးတည်း။

**အဓိပ္ပါယ်။**　　။အကုသိုလ် စေတသိက်တို့သည် လောကီကိုသာ အာရုံပြုသည်၊ ဣဿာနှင့် အပ္ပမညာတို့သည် အဇ္ဈတ္တကို အာရုံမပြုပါ၊ လောကီဝိရတီ ၃-ပါးသည် ''ဝီတက္ကမိတဗ္ဗဝတ္ထု'' ဟု ခေါ်ဝေါ် သမုတ် အပ်သော ပစ္စုပ္ပန်ဖြစ်သည့် ကာမစိတ် စေတသိက် ရုပ်တရားတို့ကို အာရုံပြု သည်၊ အနာဂတ်ကို အာရုံမပြုပါ၊ လောကုတ္တရာ ဝိရတီကား ''နိဗ္ဗာန်'' ဟူသော ကာလဝိမုတ် အပ္ပမာဏတရားကို အာရုံပြုသည်၊ အပ္ပမညာလည်း ကာလဝိမုတ်ဖြစ်သော သတ္တဝါပညတ်ကို အာရုံပြုသည်၊ ကြွင်းသော စေတ သိက် ၃၃-ပါးတို့ကား အလုံးသုံသော အာရုံကို အာရုံပြုနိုင်ကြသည်၊ မပြု နိုင်သော အာရုံမရှိ။ (''မစ္ဆရိယသည် ဗဟိဒ္ဓကို အာရုံမပြု၊ လောကီဝိရတီ သည် အနာဂတ်ကိုလည်း အာရုံပြုသည်'' ဟု ဆိုကြသေး၏။)

### ဝတ္ထုသင်္ဂဟ

၆၄။ ''ဝတ္ထုသင်္ဂဟေ (ပ) ဘဝန္တိ'' ဟူသော စကားရပ်ဖြင့် ဝတ္ထု အပြားကို ဦးစွာ ဝေဖန်ပြသည်။ (စက္ခုဝတ္ထု စသည်ဆိုလိုလျှက် စာအနေ အထား ကျဉ်းသွားအောင် ရှေးရှေးသော ဝတ္ထု သဒ္ဒါများကို ချေထား သည်။)

စိတ်စေတသိက်တို့၏ မှီရာ (ဖြစ်သော ပသာဒရုပ် ၅-ပါးနှင့် ဟဒယရုပ်) ကို ''ဝတ္ထု'' ဟု ခေါ်သည်၊ သရုပ်ကိုလည်း ရေတွက်ကြည့်ပါ။

၆၅။ ကာမဘုံ၌ ဝတ္ထုရုပ် အကုန်လုံး ရှိသည်။

၆၆။ ပန၊ ကာ။ ရူပလောကေ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌။ ဃာနာဒိတ္တယံ၊ ဃာနအစရှိသော ဝတ္ထုရုပ် ၃-ပါး အပေါင်းသည်။ နတ္ထိ၊ မရှိ။

၆၇။ ပန၊ ကာ။ အရူပလောကေ၊ အရူပဘုံ၌။ သဗ္ဗာနိပိ၊ အလုံးစုံ သော ဝတ္ထုရုပ်တို့သည်လည်း။ န သံဝိဇ္ဇန္တိ၊ မရှိကုန်။

## ဝတ္ထုဖြင့်စိတ်ကို ဝေဖန်ခြင်း

၆၈။ တတ္ထ၊ ထို ၆-ပါးသော ဝတ္ထုတို့တွင်။ ပဉ္စဝိညာဏ ဓာတုယော၊ ပဉ္စဝိညာဏ ဓာတ်တို့သည်။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ကေဗ္ဗေန၊ ကေန်အားဖြင့်။ ပဉ္စပသာဒဝတ္ထူနိ၊ ငါးပါးသောပသာဒဝတ္ထုတို့ကို။ နိဿာယေဝ၊ မှီကုန်၍သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

၆၆။ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ "ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု" ၃-ပါးမရှိ၊ "စက္ခုဝတ္ထု, သောတဝတ္ထု,ဟဒယဝတ္ထု" ၃-ပါး သာရှိသည်။

၆၇။ အရူပဘုံ၌ မည်သည့် ဝတ္ထုရုပ်မျှမရှိ။

## ဝတ္ထုဖြင့် စိတ်ကိုဝေဖန်ခြင်း

| စိတ် ၇ ပါး | | | စက္ခုဝတ္ထု | သောတဝတ္ထု | ကာယသာ | | | ဟဒယဝတ္ထု | | | ဝတ္ထုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဃာန | ဇိဝှါ | ကာယ | အမြဲမှီ | မှီမှီ | မမှီမှီ | |
| ပဉ္စဝိညာဏစိတ် | စက္ခုဝိညာဏစိတ် | ၂ | ။ | | | | | | | | ၁ |
| | သောတဝိညာဏစိတ် | ၂ | | ။ | | | | | | | ၁ |
| | ဃာနဝိညာဏစိတ် | ၂ | | | ။ | | | | | | ၁ |
| | ဇိဝှါဝိညာဏစိတ် | ၂ | | | | ။ | | | | | ၁ |
| | ကာယဝိညာဏစိတ် | ၂ | | | | | ။ | | | | ၁ |
| မနောဓာတ် | | ၃ | | | | | | ။ | | | ၁ |
| မနောဝိ | ပဋိသန္ဓေကာလရှုဘုံ၌သာဖြစ် | ၃၀ | | | | | | ။ | | | ၁ |
| | စတုဝေါ ပဉ္စဝေါ၌ဖြစ် | ၄၂ | | | | | | | ။ | | |
| | စတုဝေါကာရ၌သာဖြစ် | ၄ | | | | | | | | ။ | |
| စိတ်ပေါင်း | | | ၂ | ၂ | ၂ | ၂ | ၂ | ၃၃ | ၄၂ | ၄ | |

**၆၉။ ဝန၊ ကား။ ပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆန သင်္ခါတာ၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေး-ဟုဆိုအပ်သော။ မနောဓာတုစ၊ မနောဓာတ်သည်လည်း။ ဟဒယံ၊ ဟဒယဝတ္ထုကို။ နိဿိတာယေဝ၊ မှီလျက်သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။**

**၇၀။ ပန၊ ကား။ အဝသေသာ၊ ကြွင်းကုန်သော။ သန္တီရဏ မဟာဝိပါက ပဋိဃဒွယ ပဌမ မဂ္ဂ ဟသန ရူပါဝစရ ဝသေန၊ သန္တီရဏ မဟာဝိပါက် ဒေါသမူဒွေး သောတာပတ္တိမဂ် ဟသိတုပ္ပါဒ် ရူပါဝစရစိတ်တို့၏ အပြားဖြင့်။ (ပဝတ္တာ၊ ဖြစ်ကုန်သော။) မနောဝိညာဏဓာတု သင်္ခါတာစ၊ မနောဝိညာဏဓာတ် ဟု ဆိုအပ်ကုန်သော စိတ်တို့သည်လည်း။ ဟဒယံ၊ ကို။ နိဿာယေဝ၊ မှီကုန်၍သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။**

**၇၁။ ပန၊ ကား။ အဝသေသာကုသလကုသလကြိယာနုတ္တရဝသေန၊ ကြွင်းသော အကုသိုလ် ကုသိုလ် ကြိယာ လောကုတ္တရာတို့၏ အပြားဖြင့်။ (ပဝတ္တာ၊ ဖြစ်ကုန်သော။) မနောဝိညာဏဓာတုသင်္ခါတာစ၊ စိတ်တို့သည်**

---

၆၈။ **ယထာက္ကမံ**။ ။စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကို မှီသည်၊ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကိုမှီသည်၊ ဃာနဝိညာဏ ဓာတ်သည် ဃာနဝတ္ထုကို မှီသည်၊ ဇိဝှါဝိညာဏဓာတ်သည် ဇိဝှါဝတ္ထုကို မှီသည်၊ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကိုအမြဲမှီသည်။

၆၉။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးကို "မနောဓာတ်" ဟု ခေါ်သည်၊ ယင်း မနောဓာတ်သည်လည်း ဟဒယဝတ္ထုကို အမြဲမှီသည်။

၇၀။ ဒေါသမူ ၂၊ ဟသိတုပ္ပါဒ် ၁၊ တဒါရုံ ၁၁၊ ရူပါဝစရစိတ် ၁၅၊ သောတာပတ္တိမဂ်စိတ် ၁၊ ပေါင်း၃၀-သော မနောဝိညာဏ ဓာတ်တို့သည် ဟဒယဝတ္ထုကို အမြဲမှီ၍ ဖြစ်သည်။

"ဒွေးပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခု၊ ဒေါသမူ စသော မနောဝိညာဏဓာတ် ၃၀"အားဖြင့် ဆိုခဲ့ပြီးသော ၄၃-ပါးသော စိတ်တို့သည် ဝတ္ထုရုပ်ရှိသော ပဉ္စဝေါကာရဘုံ၌သာ ဖြစ်ကြသည်၊ ဆိုင်ရာဝတ္ထုရုပ်ကို အမြဲမှီကြသည်၊ သင်္ဂဟဂါထာ၌ တေစတ္တာလီသနိဿာယ ဝယ် 'တေစတ္တာလီသ' အရဖြစ်လာလိမ့်မည်။

၇၁။ ဆိုခဲ့ပြီးသည်မှတပါး လောဘမူစိတ် ၈၊ မောဟမူစိတ် ၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပါဝစရ

**လည်း။ နိဿာယ ဝါ၊ မှီကုန်၍ရှင်း။ အနိဿာယ ဝါ၊ မမှီကုန်ပဲရှင်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။**

**၇၂။ အာရုပ္ပဝိပါကဝသေန၊ အရူပါဝစရဝိပါက်၏အဖြစ်ဖြင့်။ (ပဝတ္တား၊ ကုန်သော။) မနောဝိညာဏဓာတုသင်္ခါတာစ၊ တို့သည်ကား။ ဟဒယံ၊ ကို။ အနိဿာယေဝ၊ မမှီကုန်ပဲသာလျှင်။ ပဝတ္တန္တိ၊ ကုန်၏။ ဣတိ၊ ဤကား ဝတ္ထုအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။**

**သင်္ဂဟဂါထာများ**

**၇၃။ ကာမေ၊ ကာမ ၁၁-ဘုံ၌။ ဆဝတ္ထုံ၊ ၆-ပါးသော ဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီကုန်သော။ သတ္တ၊ ခုနစ်ပါးသော ဓာတ်တို့ကို။ မတာ၊ သိအပ်ကုန်၏။ ရူပေ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌။ တိဝတ္ထုံ၊ သုံးပါးသော ဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီကုန်သော။ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိသော ဓာတ်တို့ကို။ မတာ၊ ကုန်၏။ အရူပေ၊ အရူပလေးဘုံ၌။ အနိဿိတာ၊ မမှီသော။ ဧကာ၊ တခုသော။ ဓာတု၊ မနောဝိညာဏဓာတ်ကို။ မတာ၊ သိအပ်၏။**

---

ကုသိုလ် ၄၊ အရူပါဝစရကြိယာ ၄၊ အထက်မဂ် ၃၊ ဖိုလ် ၄၊ ပေါင်း ၄၂-ပါးသော မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၍လည်း ဖြစ်ကြသည်၊ မမှီပဲလည်းဖြစ်ကြသည်။

ဤ ၄၂-ပါးသော စိတ်တို့သည် ပဉ္စဝေါကာရဘုံ၌လည်း ဖြစ်နိုင်သည်၊ စတုဝေါကာရဘုံ၌လည်း ဖြစ်နိုင်သည်၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကိုမှီ၍ ဖြစ်သည်၊ စတုဝေါကာရဘုံ၌ ဖြစ်ခိုက် မမှီပဲ ဖြစ်သည်၊ သင်္ဂဟဂါထာ၌ 'ဒွေစတ္တာလီသ' အရ ဖြစ်လာပါလိမ့်မည်။

၇၂။ ''အရူပါဝစရဝိပါက်စိတ် ၄-ပါး''ဟု ဆိုအပ်သော မနောဝိညာဏဓာတ်သည် (ဝတ္ထုရုပ်မရှိရာ စတုဝေါကာရဘုံ၌သာ ဖြစ်ရသောကြောင့်) ဟဒယဝတ္ထုကိုအမြဲမမှီပဲဖြစ်ရသည်၊ သင်္ဂဟဂါထာ၌'ပါကာရုပ္ပါအနိဿိတာ' အရဖြစ်လာပါလိမ့်မည်။

**သင်္ဂဟ**။ ။ကာမဘုံ၌ စက္ခုဝိညာဏဓာတ် အစရှိသော ဓာတ် ၇-ပါးတို့သည် ဝတ္ထုရုပ် ၆-ပါးကို ထိုက်သည်အားလျော်စွာ မှီ၍ ဖြစ်ကြရသည်၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ''စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်''ဟူသော ဓာတ် ၄-ပါးတို့သည်

၇၄။ **တေစတ္တာလီသ၊ ၄၃-ပါးသော စိတ်တို့သည်။ နိဿာယ၊ မှီကုန်ရှိသာလျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။ ဒွေစတ္တာလီသ၊ ၄၂-ပါးသော စိတ်တို့သည်။ နိဿာယစ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် မှီကုန်၍ လည်းကောင်း။ အနိဿာယ၊ စတုဝေါကာရဘုံ၌ ဖြစ်ခိုက် မမှီကုန်ပဲ လည်းကောင်း။ ဇာယရေ၊ ကုန်၏။ ပါကာရူပ္ပါ၊ အရူပဝိပါက်စိတ် ၄-ခုတို့သည်။ အနိဿိတာဝ၊ မမှီကုန်ပဲသာ။ ဇာယရေ၊ ဖြစ်ကုန်၏။**

**အဘိဓမ္မတ္ထသင်္ဂဟေ၊ ၌။ ပကိဏ္ဏကသင်္ဂဟဝိဘာဂေါ နာမ၊ ပကိဏ္ဏကသင်္ဂဟဝိဘာဂမည်သော။ တတိယော၊ သုံးပိုင်းတို့၏ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ သည်။ ဣတိ၊ ပြီးပြီ။**

---

"စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု" ဟူသော ဝတ္ထုရုပ် ၃-ပါးတို့ကို ထိုက်သည်အားလျော်စွာ မှီ၍ ဖြစ်ကြသည်၊ အရူပဘုံ၌ ဖြစ်သော မနောဝိညာဏဓာတ်တပါးကား မှီဖို့ရာ ရုပ်မရှိသောကြောင့် မမှီပဲ ဖြစ်ရသည်။

၇၄။ 'တေစတ္တာလီသ' စသည်တို့၏ အရကောက်ကို ညွှန်ပြခဲ့သည့်အတိုင်း ကောက်ပါ။

### ဓစတသိက်တို့ကို ဝေဖန်ခြင်း

**ဆောင်။** ။သဗ္ဗစိတ္တ, သာဓာရဏတို့, ဆဝတ္ထုကာ, ရုံခါမှီကြ၊ ဒေါစတုက္က, ပမညာကား, မြဲစွာဟဒယ, မှီပါရ၏၊ နဝတိ သာ, ကြွင်းစေမှာမူ, ရုံခါဟဒယ, မှီပါကြသည်....ပေါင်းက ငါးဆယ့်နှစ်ပါးတည်း။

**တနည်း။** ။သဗ္ဗသာ—ခုနစ်ခု၊ ဆဝတ္ထု ရုံတခါ၊
ခြောက်ပါးမူ—ဟဒယငယ်၊ မှီကြ မြဲစွာ၊
သုံးဆယ့်ကိုး—မှီကြရိုး ဟဒယာ၊ ရုံခါသာ မှတ်သား၊
ခွဲဝေဖန်—ပြည့်နှံခဲ့တယ်၊ ငါးဆယ့်နှစ်ပါး။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးသည် ဝတ္ထုရုပ် ၆-ပါးကို ရုံခါမှီသည်။ (ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဆဝတ္ထုကိုမှီ၍ စတုဝေါကာရဘုံ၌ ဖြစ်ခိုက် မမှီ—ဟူလို။)

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ကာမဘုံ၌သာ ဖြစ်ကြသည်၊ အပ္ပမညာသည် ကာမဘုံ, ရူပဘုံတို့၌သာ ဖြစ်သင့်သည်၊ ထို့ကြောင့် ယင်းစေတသိက် ၆-ပါးသည် ဟဒယဝတ္ထုကို အမြဲမှီကြရသည်။

ကြွင်းသော စေတသိက် ၃၉-ပါးကား ကာမဘုံ, ရူပဘုံတို့၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မှီ၍ အရူပဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မမှီပါ။

("အပ္ပမညာ ၂-ပါးသည် အရူပဘုံ၌လည်း ဖြစ်နိုင်၏"ဟုလည်း ယူကြသေးသည်။)

ပကိဏ်းပိုင်း ပြီး၏။

# ၄။ ဝီထိပိုင်း

## ပဋိညာဉ်

**၈။ ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ စိတ္တုပ္ပါဒါနံ စိတ် စေတသိက် တို့၏။ ဥတ္တရံ၊ ကောင်းမြတ်သော။ သင်္ဂဟံ၊ ပကိဏ္ဏကသင်္ဂဟကို။ ကတွာ၊ ပြုစီရင်ပြီး၍။ ဘူမိ ပုဂ္ဂလ ဘေဒေန၊ ဘူမိဘေဒ ပုဂ္ဂလဘေဒနှင့် တကွ။ ပုဗ္ဗာပရ နိယာမိတံ၊ ရှေ့စိတ် နောက်စိတ်တို့ကို ပိုင်းခြား မှတ်သားအပ်ရာ ဖြစ်သော—**

**ပဋိသန္ဓိ ပဝတ္တိယံ၊ ပဋိသန္ဓေအခါ ပဝတ္တိအခါ၌။ စိတ္တုပ္ပါဒါနံ၊ စိတ် စေတသိက်တို့၏။ ပဝတ္တိသင်္ဂဟံ နာမ၊ ဖြစ်ပုံကိုပြု ပဝတ္တိမည်သော သင်္ဂဟကို။ ယထာသမ္ဘဝတော၊ ဖြစ်သင့်သည့်အားလျော်စွာ။ သမာသေန၊ အကျဉ်း အားဖြင့်။ ပဝက္ခာမိ၊ ဆိုပေအံ့။**

**ကထံ၊ အဘယ်သို့ ဆိုအံ့နည်း—**

---

**ပဋိညာဉ်**

၁။ 'စိတ္တုပ္ပါဒါနမိစ္စေဝံ' အစရှိသော ၂-ဂါထာဖြင့် စကားစပ်နှင့် ပဋိညာဉ်ကို ပြသည်။

ဆိုခဲ့ပြီးသော နည်းဖြင့် စိတ်, စေတသိက်တို့၏ ကောင်းမြတ်သော ပကိဏ္ဏကသင်္ဂဟကို ပြုစီရင်ပြီး၍ ဘူမိဘေဒ ပုဂ္ဂလဘေဒနှင့်တကွ စိတ်, စေတသိက်တို့၏ ဖြစ်ပုံ ဖြစ်ဟန်ကို ပြသော ပဝတ္တိသင်္ဂဟကို ဖြစ်သင့်သည် အားလျော်စွာ အကျဉ်း ပြရပေတော့မည်-ဟု ဆိုလိုသည်၊ ဤပဋိညာဉ်သည် ဝီထိပိုင်း, ဝီထိမုတ်ပိုင်း ၂-ပိုင်းလုံးအတွက် ပဋိညာဉ် ဖြစ်သည်-ဟု မှတ်ပါ။

'ဘူမိဘေဒ'ဟူသည် ဝီထိပိုင်းဆုံးကာနီး၌ ပြထားသော ဘူမိဝိဘာဂနှင့် ဝီထိမုတ်ပိုင်းလာ ဘူမိစတုက္က စသည်တည်း၊ 'ပုဂ္ဂလဘေဒ'ဟူသည်မှာလည်း ဝီထိပိုင်းအဆုံးနား၌ ပြထားသော ပုဂ္ဂလဘေဒနှင့် ဝီထိမုတ်ပိုင်းလာ ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ပြဆိုထားသော ကဏ္ဍများတည်း။

ဆိုခဲ့ပြီးသော စိတ်တို့၏ ဖြစ်ပုံ ဖြစ်ဟန်သည်လည်း ''ပဋိသန္ဓေအခါဖြစ်ပုံ, ပဝတ္တိအခါဖြစ်ပုံ''ဟု နှစ်မျိုးရှိ၏၊ ထိုတွင် ပဝတ္တိအခါဖြစ်ပုံမှာ 'ပဉ္စဒွါရာ-ဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း' စသည်ဖြင့် ဒွါရ ၆-ပါး၌ ထိုက်သည်

## ဆဆက္ကမာတိကာ

**၂။ ဆ၊ ၆-ပါးကုန်သော။ ဝတ္ထုနိ၊ ဝတ္ထုတို့ရင်း။ ဆ၊ ကုန်သော။ ဒွါရာနိ၊ ဒွါရတို့ရင်း။ ဆ၊ ကုန်သော။ အာရမဏာနိ၊ တို့ရင်း။ ဆ၊ ကုန်သော။ ဝိညာဏာနိ၊ ဝိညာဏ်တို့ရင်း။ ဆ၊ ကုန်သော။ ဝီထိယော၊ ဝီထိတို့ရင်း။ ဆဓာ၊ ၆-ပါးပြားသော။ ဝိသယပ္ပဝတ္တိစ၊ ဝိသယပ္ပဝတ္တိရင်း။ ဣတိ၊ သို့။ ဝီထိသင်္ဂဟေ၊ ၌။ ဆ၊ ကုန်သော။ ဆက္ကာနိ၊ ဆက္ကတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။**

---

အားလျော်စွာ ရှေ့, နောက် စီကာ စဉ်ကာ ဖြစ်နေသောကြောင့် ''ဝီထိ'' ဟူသော အမည်ကို ရသည်၊ ထိုဝီထိကို ပြသော သင်္ဂဟကိုလည်း ''ဝီထိသင်္ဂဟ'' ဟူ၍ပင် ခေါ်ရသည်၊ ဤနေရာ၌ ဝီထိသဒ္ဒါသည် 'အစဉ်အတန်း' ဟူသော အနက်ကို ဟော၏။

ပဋိသန္ဓေ( ဘဝင်, စုတိ )အခါ ဖြစ်ပုံမှာကား စိတ်တမျိုးတည်းသာ ဖြစ်သောကြောင့်ရင်း, ဒွါရ၌ မဖြစ်သောကြောင့်ရင်း ''ဝီထိမုတ္တ'' ဟူသော အမည်ကို ရသည်၊ ထိုဝီထိမုတ်စိတ်များကို ပြရာသင်္ဂဟကိုလည်း ''ဝီထိမုတ္တသင်္ဂဟ'' ဟူ၍ပင် ခေါ်ရသည်။ (ဝီထိ—ဝီထိမှ+မုတ္တ—အလွတ် ဖြစ်သော စိတ်များ။)

အဘိဓမ္မာအလိုအားဖြင့် ပဋိသန္ဓေစိတ် (စေတသိက်, ကမ္မဇရုပ်) တို့၏ ဥပါဒ်ခဏကိုသာ ''ပဋိသန္ဓေ'' ဟု ခေါ်သည်၊ ပဋိသန္ဓေစိတ် (စေတသိက်, ကမ္မဇရုပ်) များ ဥပါဒ်ပြီးသည့်နောက် ဌီခဏမှစ၍ အမိဝမ်းထဲ အောင်းနေဆဲပင် ဖြစ်စေကာမူ ''ပဝတ္တိ'' ဟုသာ ခေါ်ရတော့သည်။

### ဆက္က

၂။ 'ဆဝတ္ထုနိ' အစရှိသော စကားရပ်ဖြင့် ဝီထိပိုင်း၌ အရေးတကြီး သိနားလည်ထားရမည့် ဆက္က ၆-ပါးတို့ကို အကျဉ်း ညွှန်ပြသည်။

ထိုထိုဝီထိ၌ ပါဝင်သမျှသော စိတ်တို့၏ ''မှီရာဝတ္ထု, ဖြစ်ရာဒွါရ, စွဲမှီအပ်သောအာရုံ, မှတ်သားကြောင်း ဝိညာဏ်, ဝီထိတို့၏အမည်, အာရုံထင်လာပုံ'' ဟူသော ၆-ချက်တို့ကို စေ့ပုံအောင် သိနားလည်မှသာ ''ဝီထိနှင့်စပ်၍ အကုန်နားလည်သည်'' ဟုဆိုသင့်သည်၊ ထို့ကြောင့် ဝတ္ထုဆက္က စသော ဆက္က ၆-ပါးတို့ကို ဦးစွာ လေ့လာထားရမည်၊ နားလည်စေရမည်-ဟု ဆိုလိုသည်။ (ဆက္က=၆-ခုတို့၏ အပေါင်း။)

**အမှာစကား**

**၃။ ပန၊ ဆက်ဦးအံ့။ ဝီထိမုတ္တာနံ၊ ဝီထိမုတ်စိတ်တို့၏၊ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ဝသေန၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏ အပြားအားဖြင့်။ ဝိသယပ္ပဝတ္တိ၊ အာရုံတို့၏ ဖြစ်ခြင်းသည်၊ တိဝိဓာ၊ သုံးပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

**၄။ တတ္ထ၊ ထို ၆-ပါးသော ဆက္ကတို့တွင်။ ဝတ္ထုဒွါရာရမဏာနိ၊ ဝတ္ထုဆက္က, ဒွါရဆက္က, အာရမဏဆက္ကတို့သည်။ ပုဗ္ဗေ၊ ရှေ့ပကိဏ္ဏက သင်္ဂဟ၌။ ဝုတ္တနယာနေဝ၊ ဆိုအပ်ပြီးသော နည်းရှိကုန်သည်သာတည်း။**

---

၃။ 'ဝီထိမုတ္တာနံ ပန စသော စကားရပ်ဖြင့် ဝီထိမုတ် စိတ်တို့၏ ဝိသယပ္ပဝတ္တိကို ပြသည်။

(''ပဋိသန္ဓေ, ဘဝင်, စုတိ''ဟု ဆိုအပ်သော) ဝီထိမုတ်စိတ်တို့မှာ ''ကံ, ကမ္မနိမိတ်, ဂတိနိမိတ်' ဟု ဝိသယပ္ပဝတ္တိ ၃-မျိုးသာရှိသည်၊ ဝီထိစိတ်တို့မှာကဲ့သို့ ၆-မျိုး မရှိပါ ဟု-ဆိုလိုသည်။

၄။ 'တတ္ထ ဝတ္ထုဒွါရာရမဏာနိ' အစရှိသော စကားရပ်ဖြင့် ဝတ္ထုဆက္က, ဒွါရ ဆက္က, အာရမဏ ဆက္ကတို့ကို ပကိဏ္ဏကသင်္ဂဟ၌ ပြဆိုထားခဲ့ပါပြီ၊ ယင်းဆိုအပ်ပြီးသည့်အတိုင်းပင် သိကြပါတော့၊ ဤ၌ အကျယ်မပြတော့ပါ-ဟု ဆိုခဲ့ပြီးသည်ကို ပြန်ညွှန်းသည်။

ယင်းသို့ ပကိဏ္ဏကသင်္ဂဟက ပြပြီးဖြစ်စေကာမူ ဝီထိပိုင်း၌ အရေးတကြီး နားလည်ရမည့် ဆက္က ၆-မျိုးတို့ကို စာသင်သားတို့ အမှတ်ရ လွယ်ကူစေရန် ရည်သန်၍ အပြည့်အစုံ တပေါင်းတည်း ထုတ်ပြလိုသောကြောင့် ဤဆက္က ၃-ပါးကို ထပ်ပြရသည်။

**ဆောင်။** ။ဝီထိပိုင်းမှာ, အရေးပါသည့်, ခြောက်ဖြာ ဆက္က, နားလည်ကြရန်, ကျိုးရည်သန်, သုံးတန်ဆက္က ထပ်၍ပြ။

**တနည်း။** ။ရေးကြီးရယ်တဲ့ ခွင့်ကျယ်၊
ဝီထိဝယ်—နားလည်ရမယ်၊ ဆက္က ခြောက်သွယ်၊
ပေါင်းရောရှု—သောတုငယ်၊ မှတ်လွယ်စေ အရေး၊
ထောက်ထားကာ—သုံးဆက္ကကို၊ ထပ်ပြ ရသေး။

## ဝိညာဏဆက္က

၅။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်ငါး။ သောတဝိညာဏံ၊ ငါး။ ဃာန ဝိညာဏံ၊ ငါး။ ဇိဝှါ ဝိညာဏံ၊ ငါး။ ကာယဝိညာဏံ၊ ငါး။ မနောဝိညာဏဉ္စ၊ မနောဝိညာဏ် ငါး။ ဣတိ၊ သို့။ ဆ၊ ၆-ပါးကုန်သော။ ဝိညာဏာနိ၊ ဝိညာဏ်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။

## ဝီထိဆက္က

၆။ ပန၊ ကား။ စက္ခုဒွါရဝီထိ၊ စက္ခုဒွါရ ဝီထိငါး။ သောတဒွါရ ဝီထိ၊ ငါး။ ဃာနဒွါရဝီထိ၊ ငါး။ ဇိဝှါဒွါရဝီထိ၊ ငါး။ ကာယဒွါရဝီထိ၊ ငါး။ မနောဒွါရဝီထိ၊ ငါး။ ဣတိ၊ သို့။ ဒွါရဝသေန ဝါ၊ ဒွါရနှင့် စပ်သဖြင့်ငါး။ စက္ခုဝိညာဏဝီထိ၊ စက္ခုဝိညာဏ ဝီထိငါး။ သောတဝိညာဏ ဝီထိ၊ ငါး။ ဃာနဝိညာဏဝီထိ၊ ငါး။ ဇိဝှါဝိညာဏဝီထိ၊ ငါး။ ကာယ ဝိညာဏ ဝီထိ၊ ငါး။ မနောဝိညာဏဝီထိစ၊ ငါး။ ဣတိ၊ သို့။ ဝိညာဏ ဝသေန ဝါ၊ ဝိညာဏ်နှင့် စပ်သဖြင့်ငါး။ ဒွါရပ္ပဝတ္တာ၊ ဒွါရ၌ဖြစ်ကုန်သော။ စိတ္တပ္ပဝတ္တိယော၊စိတ်တို့၏ဖြစ်ခြင်းဟူကုန်သော။ ဆ၊ကုန်သော။ ဝီထိယော၊ ဝီထိတို့ကို။ ယောဇေတဗ္ဗာ၊ ယှဉ်စေထိုက်ကုန်၏။

---

၅။ 'စက္ခုဝိညာဏံ' စသော စကားရပ်ဖြင့် ဆဝိညာဏာနိအရ အကျယ် ပြသည်၊ ထိုတွင် စက္ခုဝိညာဏ် စသည်တို့မှာ ဒွေးပဉ္စဝိညာဏ် ၁၀-တို့ပင် ဖြစ်ကြသည်၊ 'မနောဝိညာဏ်' ဟူသည်မှာကား ဒွေးပဉ္စဝိညာဏ် ၁၀-မှ တပါး သော စိတ်အားလုံးပင်တည်း။

၆။ 'ဆဝီထိယော ပန' စသည်ဖြင့် ဆဝီထိယောအရ အကျယ်ပြသည်၊ ဝီထိများကို "စက္ခုဒွါရဝီထိ, (ပ) မနောဒွါရဝီထိ" ဟု ဒွါရနှင့် စပ်၍လည်း အမည်ပေးနိုင်သည်၊ "စက္ခုဝိညာဏဝီထိ, (ပ) မနောဝိညာဏဝီထိ" ဟု ဝိညာဏ်နှင့် စပ်၍လည်း အမည်ပေးနိုင်သည်—ဟု ဆိုလိုသည်။

ယင်းစကားရပ်၌ ပါသော ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယောဖြင့် ထိုထိုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း စသော စိတ်တို့၏ ရှေ့, နောက် အစဉ်အားဖြင့် ဖြစ်ခြင်းကိုပင် "ဝီထိ"ဟု ခေါ်သည်—ဟူသောသဘော ကိုလည်း ပြသည်။

## ဝိသယပ္ပဝတ္တိဆက္က

၇။ ပဋ္ဌာဒွါရေ၊ ပဉ္စဒွါရ၌။ အတိမဟန္တံ၊ အလွန်များသော စိတ္တက္ခဏ ရှိသော အာရုံရင်း။ မဟန္တံ၊ များသော စိတ္တက္ခဏရှိသော အာရုံရင်း။ ပရိတ္တံ၊ နည်းသော စိတ္တက္ခဏရှိသော အာရုံရင်း။ အတိပရိတ္တံ၊ အလွန်နည်းသော စိတ္တက္ခဏရှိသော အာရုံရင်း။ ဣတိ၊ ဤသို့ရင်း။ မနောဒွါရေ ပန၊ မနော ဒွါရ၌ကား။ ဝိဘူတံ၊ ထင်ရှားသော အာရုံရင်း။ အဝိဘူတဉ္စ၊ မထင်ရှား သောအာရုံရင်း။ ဣတိ၊ ဤသို့ရင်း။ ဆဓာ၊ ၆-ပါးပြားသော။ ဝိသယပ္ပဝတ္တိ၊ အာရုံတို့၏ ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။

## စိတ်သက်နှင့် ရုပ်သက်

၈။ ကထံ၊ ဝိသယပ္ပဝတ္တိ ၆-ပါး အဘယ်သို့ ပြားသနည်း။

ဥပ္ပါဒ ဌိတိ ဘင်္ဂ ဝသေန၊ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတို့၏ အပြား အားဖြင့်။ ခဏတ္တယံ၊ ခဏငယ် ၃-ခုတို့၏ အပေါင်းသည်။ ဧကစိတ္တက္ခဏံ နာမ၊ တခုသော စိတ္တက္ခဏမည်၏။

---

၇။ 'အတိမဟန္တံ' စသော စကားရပ်ဖြင့် ဆဓာဝိသယပ္ပဝတ္တိ၏ အရ အကျယ်ပြသည်၊ ယင်း ဝိသယပ္ပဝတ္တိသည်—

၁။ အတိမဟန္တ= (အာရုံထင်လာသည့် ခဏမှစ၍ ချုပ်သည့် ခဏတိုင် အောင်ရေတွက်ပါလျှင်) အလွန်များသော စိတ္တက္ခဏရှိသောအာရုံ၊

၂။ မဟန္တ= (..................)များသော စိတ္တက္ခဏရှိသော အာရုံ၊

၃။ ပရိတ္တ= (..................) နည်းသော စိတ္တက္ခဏရှိသော အာရုံ၊

၄။ အတိပရိတ္တ=(..................)အလွန်နည်းသော စိတ္တက္ခဏရှိသော အာရုံ၊ ဤသို့ ပဉ္စဒွါရ၌ ၄-ပါး၊

၅။ ဝိဘူတ=ထင်ရှားသောအာရုံ၊

၆။ အဝိဘူတ=မထင်ရှားသော အာရုံ၊ ဤသို့ မနောဒွါရ၌ ၂-ပါး၊ ပေါင်း ၆-ပါးရှိသည်။

ဖြစ်ပေါ်လာသော, ထင်လာသော အာရုံမှ တပါး အာရုံ၏ ဖြစ်ခြင်း, ထင်လာခြင်းဟူ၍ မရှိ၊ ထို့ကြောင့် ဝိသယပ္ပဝတ္တိအရ အတိမဟန္တ စသော အာရုံများကိုပင် ထုတ်ပြရသည်။

**၉။ ပန၊ ကာဒ သတ္တရသာ၊ ၁၇-ချက်ကုန်သော။ တာနိ စိတ္တက္ခဏာနိ၊ ထိုစိတ္တက္ခဏတို့သည်။ ရူပဓမ္မာနံ၊ (ဝိညတ်ဒွေး, လက္ခဏ ရုပ်လေးခုမှတပါး ၂၂-ပါးသော) ရုပ်တရားတို့၏။ အာယု၊ အသက်ရှည်ရာ ကာလတည်း။**

---

ဂ။ 'ဥပ္ပါဒဋ္ဌိတိ (ပ) မာယု' ဟူသော စကားရပ်ဖြင့် နာမ်သက်နှင့် ရုပ်သက်တို့ကိုပြသည်။

**စိတ်သက်**။

၁။ ဥပ္ပါဒ=ဥပါဒ် (ဖြစ်ပေါ်လာမှု)။ ဥပါဒ်ခဏ=ဖြစ်ရာကာလ၊

၂။ ဋ္ဌိတိ=ဋ္ဌီ (ဖြစ်ပြီးသည့်နောက် တည်နေမှု)။ ဋ္ဌီခဏ = တည်နေရာ ကာလ၊

၃။ ဘင်္ဂ=ဘင် (ပျက်စီး ချုပ်ပျောက်မှု)။ ဘင်ခဏ=ပျက်ရာကာလ၊

ဤသို့ စိတ်တခု တခု၌ "ဥပါဒ်, ဋ္ဌီ, ဘင်=ဖြစ်, တည်, ပျက်" ဟု အခိုက်အတန့် ၃-ခု ခဏငယ် ၃-ခုရှိကြသည်။

အတိုဆုံးသော အချိန်ကာလလေးကိုပင် "ခဏငယ်" ဟု ဆိုရသည်၊ ထိုခဏငယ် ၃-ခုအပေါင်းသည် 'စိတ္တက္ခဏတခု' မည်၏၊ ယင်း စိတ္တက္ခဏကို "ခဏကြီး" ဟုလည်း ခေါ်ကြသည်၊ "မျက်စိတမှိတ်ခန့် ကာလအတွင်း၌ ဥပါဒ်, ဋ္ဌီ, ဘင်နှင့် ပြည့်စုံသော စိတ်ပေါင်း ကုဋေတသိန်းမက ရှေ့ နောက် ဆက်ကာ ဖြစ်, ပျက်နိုင်သည်" ဟု အဆိုရှိသည်။

**ရုပ်သက်**။

၉။ ရုပ်တရားတို့သည် စိတ္တက္ခဏ ၁၇-ချက်ကြာအောင် အသက်ရှည်ကြသည်၊ ရုပ်၏ အသက်သည် စိတ်၏ အသက် ၁၇-ချက်နှင့် ညီမျှသည်။

ယင်း ရုပ်တရားများမှာလည်း "ဥပါဒ်, ဋ္ဌီ, ဘင်" ဟု ခဏ ၃-မျိုး ရှိပြန်သည်၊ ထိုတွင် ရုပ်၏ ဥပါဒ်ခဏနှင့် စိတ်၏ ဥပါဒ်ခဏသည်၎င်း, ရုပ်၏ ဘင်ခဏနှင့် စိတ်၏ ဘင်ခဏသည်၎င်း တန်းတူညီမျှ ဖြစ်သည်၊ ဖြစ်ပြီးသည့် နောက်မချုပ်သေးပဲ တည်နေရာ (ရုပ်၏) ဋ္ဌီခဏကသာ ရှည်ကြာသည်၊ စိတ္တက္ခဏ ၁၆-ချက်နှင့် ခဏငယ်တချက်ခန့်ကြာသည်၊ ခဏငယ်သက်သက်ဖြင့် ရေတွက်ပါလျှင် (၁၆×၃+၁=) ၄၉-ချက်ခန့် ကြာသည်၊ ထို့ကြောင့် ရုပ်တရားသည် ခဏငယ် { ၁+၄၉+၁ / ဥ+ ဋ္ဌီ +ဘင် } =၅၁-ချက်ခန့် ကြာအောင် အသက်ရှည်သည်—ဟု မှတ်ပါ။

## ပဋ္ဌဒွါရဝီထိ

**၁၀။ ဧက စိတ္တက္ခဏာတီတာနိ၊ တခုသော စိတ္တက္ခဏကို လွန်ကုန်သည်။ ဟုတ္ဝာ၀ါ၊ ဖြစ်ကုန်၍သော်ငင်း။ ဗဟု စိတ္တက္ခဏာတီတာနိ၊ များသော စိတ္တက္ခဏကို လွန်ကုန်သည်။ ဟုတ္ဝာ၀ါ၊ ဖြစ်ကုန်၍သော်ငင်း။ ဌိတိပ္ပတ္တာနေဝ၊ ဌီခဏသို့ရောက်ကုန်သည် ဖြစ်၍သာလျှင်။ပဉ္စာရမဏာနိ၊ ၅-ပါးသော အာရုံတို့သည်။ ပဉ္စဒွါရေ၊ ၅-ဒွါရ၌။ အာပါတံ၊ ရှေ့ရှုကျခြင်းသို့၊ ၀ါ၊ထင်ခြင်းသို့။အာဂစ္ဆန္တိ၊ ရောက်ကုန်၏။**

---

သတ္တ၀ါတို့၏ သန္တာန်၌ အများအားဖြင့် စိတ်တခုပြီး တခု ဆက်ကာ ဆက်ကာ ဖြစ်နေတတ်သည်၊ ထိုစိတ်များသည် ဝီထိစိတ်သော်လည်း ဖြစ်နိုင်သည်၊ ဝီထိစိတ်မဟုတ်က ဘ၀င်စိတ်သော်လည်း ဖြစ်နိုင်သည်၊ အိပ်ပျော်နေစဉ် စသောအခါများမှာ ဘ၀င်စိတ်ချည်း ဖြစ်နေတတ်သည်၊ ယင်းသို့ ဘ၀င်စိတ် ဖြစ်နေသည့်အခါမှာ ထွေထွေထူးထူး ဘာကိုမျှ မသိနိုင်ပါ၊ အခြားမဲ့ လွန်ခဲ့ပြီးသော ဘ၀ဟောင်းက မရဏာသန္နဇော ယူပေးအပ်သော 'ကံ, ကမ္မနိမိတ်, ဂတိနိမိတ်' သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်နေသည်၊ ယင်း ဘ၀င်စိတ်တို့၏ အကြား အကြား၌ ထင်လာသော အာရုံသစ်ကို စွဲ၍ စိတ်အစဉ် တမျိုးမျိုး ဖြစ်ပေါ်လာတတ်သည်၊ ထိုသို့ဖြစ်ပေါ်လာမှုကိုပင် ''ဝီထိကျသည်'' ဟု ခေါ်သည်၊ ဝီထိစိတ် အစဉ်ကုန်သောအခါ ဘ၀င်ကျမြဲ ကျပြန်တော့သည်။

ဤသို့လျှင် ဘ၀င်တို့၏ အကြား အကြား၌ ထင်လာသော အာရုံသည် ရူပါရုံစသော ရုပ်အာရုံမျိုး ဖြစ်ခဲ့ပါလျှင် ဥပါဒ်ရာအခါ ထင်ရာအခါ ချုပ်ရာအခါတို့ကို စိတ္တက္ခဏဖြင့် သတ်မှတ် ရေတွက်ပြရလိမ့်မည်၊ ထို့ကြောင့် နာမ်သက်နှင့် ရုပ်သက်တို့ကို ကြိုတင် ပြဆို ထားခဲ့ရပေသည်။

၁၀။ 'ဧက စိတ္တက္ခဏာတီတာနိ၀ါ (ပ) အာပါတ မာဂစ္ဆန္တိ'ဖြင့် အာရုံ ၅-ပါး ထင်လာတတ်ပုံ သဘာ၀ကို ပြသည်။

အနည်းဆုံး စိတ္တက္ခဏတချက်ကို လွန်ပြီး၍ ဌီသို့ရောက်မှသာ, သို့မဟုတ် များစွာသော စိတ္တက္ခဏတို့ကို လွန်ပြီး၍ ဌီသို့ ရောက်မှသာ ပဉ္စာရုံတို့သည် ပဉ္စဒွါရ၌ ထင်လာနိုင်ကြသည်။

ရူပါရုံသည် စက္ခုဒွါရ၌, သဒ္ဒါရုံသည် သောတဒွါရ၌, ဂန္ဓာရုံသည် ဃာနဒွါရ၌, ရသာရုံသည် ဇိဝှါဒွါရ၌, ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရ၌ ထင်လာသည်၊ ဤသို့ အသီးအသီး စပ်ဟပ်ယူပါ။

## စက္ခုဒွါရိက အတိမဟန္တာရုံဝီထိ

**တသ္မာ၊ ထိုကြောင့်။ ဧက စိတ္တက္ခဏာတီတံ၊ လွန်ပြီးသော တခုသော စိတ္တက္ခဏရှိသော။ ရူပါရမ္မဏံ၊ ရူပါရုံသည်။ စက္ခုဿ၊ စက္ခုပသာဒ၏။ ဝါ၊ သို့။ အာပါတံ၊ ရှေ့ရှုကျခြင်းသို့။ ဝါ၊ ထင်ခြင်းသို့။ ယဒိ အာဂစ္ဆတိ၊ အကယ်၍ ရောက်လာအံ့။ တတော၊ ထိုသို့ ထင်လာသည်ရှိသော်။ ဝါ၊ ထိုသို့ ထင်လာခြင်းကြောင့်။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဘဝင်္ဂေ၊ ဘဝင်သည်။ စလိတေ၊ လှုပ်ပြီးသည်ရှိသော်။ ဘဝင်္ဂသောတံ၊ ဘဝင်အလျဉ်ကို။ ဝေါစ္ဆိန္ဒိတွာ၊ ဖြတ်**

---

ရူပါရုံ-စသော အာရုံ ၅-ပါးသည် စက္ခုပသာဒ-စသော ၅-ဒွါရ၌ ထင်လာသောအခါ ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်သေးပါ၊ ရုပ်တို့မည်သည် ဌီခဏ၌သာ အားရှိကြသည်၊ ထို့ကြောင့် အားအကောင်းဆုံး အာရုံသည် အကြည်လင်ဆုံး ပသာဒမှာ ထင်လာရသော်လည်း အနည်းဆုံး စိတ္တက္ခဏ တချက်ခန့် လွန်ပြီး၍ ဌီသို့ရောက်မှသာ ထင်လာနိုင်ပါသည်။

| | | | | |
|---|---|---|---|---|
| ၁။ | စက္ခုပသာဒ | ရူပါရုံ | အာလောက | မနသိကာရ၊ |
| ၂။ | သောတပသာဒ | သဒ္ဒါရုံ | အာကာသ | မနသိကာရ၊ |
| ၃။ | ဃာနပသာဒ- | ဂန္ဓာရုံ | ဝါယောဓာတ် | မနသိကာရ၊ |
| ၄။ | ဇိဝှါပသာဒ | ရသာရုံ | အာပေါဓာတ် | မနသိကာရ၊ |
| ၅။ | ကာယပသာဒ | ဖောဋ္ဌဗ္ဗာရုံ | ပထဝီဓာတ် | မနသိကာရ၊ |

အဆိုပါ ပဉ္စဝိညာဏ်၏ ဖြစ်ကြောင်း တရား လေးပါး လေးပါးတို့တွင် ပသာဒကသော်၎င်း, အာရုံကသော်၎င်း, လင်း အာကာ ဝါ အာ ပ တို့က သော်၎င်း တပါး ပါးက အားသေး ညံ့ဖျင်း ချို့ယွင်းနေခဲ့ပါလျှင် စိတ္တက္ခဏ ၂-ချက်ခန့်မှ စ၍ ၁၅-ချက်ခန့်တိုင်အောင် လွန်ပြီးနောက် ဌီသို့ အတော်ကြာ ရောက်ပြီးမှသာ ထင်လာနိုင်ပါသည်။

**ဆောင်**။ ။ပသာဒ အာ, အာလော ကာသ, ဝါ အာ ပကို, စဉ်ကျ ယူငင်, နောက်ဆုံးတွင်, ပါဝင် မနသိ။

**တနည်း**။ ။ပသာဒ၊ အာရမ္မဏ တွဲယှဉ်၊
'လင်း အာကာ' ဝါ အာ ပ' တို့ကို၊ စဉ်ကျ ယူငင်၊
မနသိ—နောက်ဆုံးတွင်၊ သီးသီးပင် ယှဉ်စပ်၊
ပဉ်ဝိညာဏ်—ဖြစ်ရန် ကြောင်းငယ်၊ စုပေါင်း ယူမှတ်။

'တသ္မာ'စသော စကားရပ်ဖြင့် စက္ခုဒွါရိက အတိမဟန္တာရုံဝီထိ ဖြစ်ပုံကို ပြသည်။

**ရှိ။ တမေဝ ရူပါရမဏံ၊ ထိုရူပါရုံကိုပင်။ အာဝဇ္ဇန္တံ၊ ဆင်ခြင်သကဲ့သို့ ဖြစ်သော။ ပဉ္စဒွါရာဝဇ္ဇန စိတ္တံ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈတိ၊ ချုပ်ပျက်၏။**

**တတော၊ ထိုသို့ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်ခြင်းကြောင့်။ တဿ၊ ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ်၏။ အနန္တရံ၊ အခြားမဲ့၌။ တမေဝရူပံ၊ ထိုရူပါရုံကိုပင်။ ပဿန္တံ၊ မြင်တတ်သော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်ရင်း။ သမ္ပဋိစ္ဆန္တံ၊ ခံယူသကဲ့သို့ ဖြစ်သော။ သမ္ပဋိစ္ဆနစိတ္တံ၊ သမ္ပဋိစ္ဆိုင်းစိတ်ရင်း။ သန္တီရယမာနံ၊ စုံစမ်းသကဲ့သို့ ဖြစ်သော။ သန္တီရဏစိတ္တံ၊ သန္တီရဏစိတ်ရင်း။ ဝဝတ္ထပေန္တံ၊ ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သကဲ့သို့ ဖြစ်သော။ ဝေါဋ္ဌဗ္ဗနစိတ္တဉ္စ၊ ဝုဋ္ဌောစိတ်ရင်း။ ဣတိ၊ ဤစိတ်တို့သည်။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ပျက်ကုန်၏။**

---

ထိုသို့ ပဉ္စာရုံတို့သည် ဥပါဒ်ပြီးသည့်နောက် စိတ္တက္ခဏတချက်ခန့် လွန်ပြီးမှ ဖြစ်စေ, များစွာသော စိတ္တက္ခဏကို လွန်ပြီးမှ ဖြစ်စေ ပဉ္စဒွါရမှာ ထင်လာတတ်သည့်အတွက် ရူပါရုံသည် ဥပါဒ်ပြီးနောက် စိတ္တက္ခဏ တချက်ခန့်ကို လွန်ပြီးမှ စက္ခုဒွါရမှာ ထင်လာခဲ့ပါလျှင် ထိုသို့ ရူပါရုံထင်လာမှုကြောင့် ဘဝင် ၂-ကြိမ် လှုပ်ရသည်၊ ထို့နောက် ဘဝင်အစဉ်ကို ဖြတ်လျက် ရူပါရုံကို ဆင်ခြင်သကဲ့သို့ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်၍ ချုပ်သည်။

အဆိုပါ စကားများအရ "ရူပါရုံသည် စက္ခုပသာဒမှာ ထင်လာသည့်အခါ စိတ္တက္ခဏ တချက်ခန့် ကာလကို လွန်ခဲ့ပြီ"ဟု မှတ်ပါ၊ ထိုလွန်ခဲ့ရာကာလ၌ ဖြစ်သော ဘဝင်စိတ်ကို"အတီတဘဝင်"ဟု ခေါ်သည်။ (အတီတ— အာရုံ ထင်လာရာ ကာလကို ထောက်၍ လွန်ခဲ့ပြီးသော+ဘဝင်—ဘဝင်။)

ထို့ပြင် ဘဝင်စိတ်သည် "ကံ,ကမ္မနိမိတ်, ဂတိနိမိတ်" ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုနေစဉ် ထင်လာသော အာရုံသစ်ကြောင့် ယူနေဆဲ အာရုံကို စွဲမြဲစွာလည်း မယူနိုင်၊ လွှတ်လည်း မလွှတ်နိုင်ပဲ ပင်ကိုယ်သဘောမှ ဖောက်ပြား၍ ၂-ကြိမ်တိုင် လှုပ်ချောက်ချားမှုကိုပင် "ဘဝင်္ဂစလန— ဘဝင်လှုပ်သည်"ဟု ခေါ်ရသည်။

သို့သော် ဒုတိယ ဘဝင်္ဂစလနကို ဘဝင်အစဉ် ပြတ်သောကြောင့်"ဘဝင်္ဂုပစ္ဆေဒ"ဟု နောက်ဆရာတို့ နာမည်တပ်ကြသည်။ (ဥပစ္ဆေဒ—ပြတ်စဲသော+ဘဝင်္ဂ—ဘဝင်။)

**တတော၊ ထိုဝုဋ္ဌောစိတ်မှ၊ ပရံ၊ နောက်၌။ ဇက္ကနတ္တိ သ ကာမာဝစရ ဇဝနေသု၊ တခုယုတ် သုံးဆယ်သော ကာမာဝစရဇောတို့တွင်။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော ဇောသည်။ လဒ္ဓပစ္စယံ၊ ရအပ်သော ယောနိသောမနသိကာရ စသော အကြောင်းရှိသည် ဖြစ်၍။ ယေဘုယျေန၊ များသောအားဖြင့်။ သ တ္တက္ခတ္တုံ၊ ၇-ကြိမ်။ ဇဝတိ၊ စော၏။**

---

**ဆောင်**။ ။အာရုံထင်ခါ, ကျော်လွန်လာသည့်, ထိုခါဖြစ်ပွါး, ဘဝင်များ, မည်ငြား အတိတ။

သဘာဝမှ, နှစ်ကြိမ်မျှပင်, ယွင်းလှုပ်ဖောက်ပြား, လှုပ်ချောက်ချား, မှတ်သား စလန။

**တနည်း**။ ။အာရုံသစ်၊ ထင်ရာစစ် သေချာ၊

လွန်ခဲ့လျှင်—ဘဝင်များကို၊ မှတ်သား တီတာ၊

အာရုံသစ်—ထင်သည့်ခါ၊ သဘာဝါ ဖောက်ပြား၊

နှစ်ကြိမ်တိုင်—စလနငယ်, လှုပ်ရ ချောက်ချား။

ထို ပဉ္စဒွါရာဝဇ္ဇန်းစိတ်ချုပ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ အခြားမဲ့၌ ထိုရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်, ခံယူသကဲ့သို့ ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်, စုံစမ်းသကဲ့သို့ ဖြစ်သော သန္တီရဏစိတ်, ''ရူပါရုံပါပဲ''ဟု ဆုံးဖြတ်သကဲ့သို့ဖြစ်သော ဝုဋ္ဌောစိတ်တို့သည် အစဉ်အတိုင်း ဖြစ်၍ ချုပ်သွားကြသည်၊ ဝုဋ္ဌောစိတ် ချုပ်ပြီးသည့်နောက် ကာမဇော တခုယုတ် သုံးဆယ်တို့တွင် တပါးပါးသော ဇောသည် အကြောင်းအားလျော်စွာ အများအားဖြင့် ၇-ကြိမ် စောသည်။

**လဒ္ဓပစ္စယ**။ ။ပုန်၏ အသင့်အတင့် နှလုံးသွင်းမှု ယောနိသောမနသိကာရ အကြောင်းရှိလျှင် ကုသိုလ်ဇော တပါးပါး စောသည်၊ မသင့်မတင့် နှလုံးသွင်းမှု အယောနိသောမနသိကာရ အကြောင်းရှိလျှင် အကုသိုလ်ဇော တပါးပါး စောသည်၊ အနုသယကင်းသော ရဟန္တာ သန္တာန်၌ ဖြစ်လျှင် ကြိယာဇော တပါးပါး စောသည်၊ ဤသို့ ဖြစ်ရသည်ကိုပင် ''အကြောင်းအားလျော်စွာ စောသည်''ဟု ဆိုရပါသည်။

**ဆောင်**။ ။ယောနိ အယောနိ,အကြောင်းရှိက,စောဘိကုသိုလ်, အကုသိုလ်တည်း၊ ထိုထိုနုသယ, ကင်းစင်ကြသည့်, အရဟန္တာ, သန္တာန်မှာမူ,ကြိယာဇောများ,တပါးပါး,ဖြစ်ပွါးလဒ္ဓ ပစ္စယ။

**တနည်း**။ ။ယောနိသော၊ ကြောင်းသဘော ရှိလျှင်၊

ဇောကုသိုလ်—တပါးပါးငယ်၊ ဖြစ်ပွါး အစဉ်၊

အယောနိ—ကြောင်းရှိလျှင်၊ အကုပင် ဖြစ်ပွါး၊

ရဟန္တာ—ဖြစ်ပါဘိလျှင်၊ ကြိ မှတ်သား။

**ဇဝနာနုဗန္ဓာနိ၊ ဇောသို့ အစဉ်လိုက်ကုန်သော။ ဒွေ၊ ၂-ကြိမ်ကုန်သော။ တဒါရမဏ ပါကာနိစ၊ တဒါရုံ ဝိပါက်စိတ်တို့သည်လည်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုဒုတိယတဒါရုံမှ။ ပရံ၊ နောက်၌။ ဘဝင်္ဂပါတော၊ ဘဝင်ကျခြင်းသည်။ ဟောတိ၊ ဖြစ်၏။**

**၁၁။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော အစဉ်ဖြင့်။ စုဒ္ဒသ၊ ၁၄-ကြိမ်ကုန်သော။ ဝီထိစိတ္တုပ္ပါဒါ၊ ဝီထိစိတ္တုပ္ပါဒ်တို့ရင်း။ ဒွေ၊ ၂-ကြိမ်ကုန်သော။ ဘဝင်္ဂစလနာနိ၊ ဘဝင်္ဂစလနတို့ရင်း။ ပုဗ္ဗေဝ၊ ရှေးဦးကပင်လျှင်။ အတီတံ၊ လွန်နှင့်ပြီးသော။ ဧကစိတ္တက္ခဏံ၊ တခုသော စိတ္တက္ခဏရင်း။ ဣတိကတ္ဂာ၊ ဤသို့ပြု၍။ သတ္တရသ စိတ္တက္ခဏာနိ၊ ၁၇-ချက်သော**

---

**ယောဘုယျေန**။ ။ကာမာဝစရဇောတို့သည် ပင်ကိုယ်ရိုးရာအခါမှာ ၆-ကြိမ်လည်း အနည်းငယ် ဇောနိုင်သေးသည်၊ စုတေ့ခါနီးနှင့် တွေဝေမိန်းမောရာ အခါမျိုးတို့၌မူ ၅-ကြိမ်မျှသာ ဇောနိုင်သည်၊ ထိုသို့အမြဲတမ်း ၇-ကြိမ် မဇောနိုင်ကြသောကြောင့် "အများအားဖြင့် ၇-ကြိမ်ဇောသည်"ဟု ယောဘုယျေန သဒ္ဒါကို ထည့်သွင်း မိန့်ဆိုရပါသည်။

**ဆောင်**။ ။မှတ်ကြသေချာ, ဇောကာမာတို့, ရိုးရာကာလ, ခြောက်ကြိမ်မျှလည်း, ဇောကြသည်သာ၊ သေခါနီးနေ, တွေဝေ မိန်းမော, ငါးကြိမ်ဇော၍, ဇောမှာ ခုနစ်, မြဲမဖြစ်သည် .... ဖွင့်လှစ်ယောဘုယျေနတည်း။

**တနည်း**။ ။အပ္ပကာ၊ ခြောက်ကြိမ်မျှ ရိုးရာ၊
နီးစုတေ—တွေဝေများငယ်၊ ငါးကြိမ်မျှသာ၊
ဤကဲ့သို့—ဇောကာမာ၊ မမြဲပါ ခုနစ်၊
ထို့ကြောင့်ပင်—ယောဘုယျကို၊ ထည့်ပြ ဖွင့်လှစ်။

ဇော၏အဆုံး၌ တဒါရုံ ၁၁-ပါးတို့တွင် တပါးပါးသည် ဇောနောက်သို့ လိုက်ပါလျက် ၂-ကြိမ် ထပ်ဖြစ်သည်၊ ဒုတိယတဒါရုံ ချုပ်ပြီးသည့်နောက် **ဝီထိစဉ်ကုန်သဖြင့်** ဘဝင်ဖက်သို့ စိတ်အစဉ် ကျရောက်ရလေတော့သည်။

၁၁။ ဤမျှဖြင့် ဝီထိစိတ် ၁၄-ကြိမ် ဘဝင်္ဂစလန ၂-ကြိမ် အတီတဘဝင်တကြိမ်၊ ပေါင်းစိတ္တက္ခဏ ၁၇-ကြိမ် ပြည့်တော့သည်၊ ယင်းသို့ စိတ္တက္ခဏ ၁၇-ချက်ပြည့်မှုကြောင့်ပင် ရူပါရုံလည်း ချုပ်ရတော့သည်၊ ဤအာရုံမျိုးကို "အတိမဟန္တာရုံ"ဟု ခေါ်သည်။

စိတ္တက္ခဏာတိုသည်။ ပရိပုဏ္ဏေန္တိ၊ ပြည့်ကုန်၏။ တတော၊ ထိုသို့ ၁၇-ချက် ပြည့်ခြင်းကြောင့်။ ('ပရံ'ရှိသည်ကားအပို။ ရှေးဆရာများက "တတော၊ ထိုဒုတိယတဒါရုံ၏ ဋ္ဌိကာလမှ။ ပရံ၊ ဘင်ကာလ၌"ဟု ပေးကြသည်။) နိရုဇ္ဈတိ၊ ချုပ်၏။ တေ အာရမဏံ၊ ဤအာရုံသည်။ အတိမဟန္တံနာမ၊ အတိမဟန္တ မည်သော။ ဂေါစရံ၊ အာရုံတည်း။

### မဟန္တာရုံဝီထိ

၁၂။ ပန၊ ကား။ ယာဝ တဒါရမ္မဏုပ္ပါဒါ၊ တဒါရုံ၊ ၂-ကြိမ် ဖြစ်ရာ ခဏတိုင်အောင်။ အပ္ပဟောန္တာတီတကံ၊ တည်ခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍ လွန်ခဲ့ပြီးသည်။ (ဟုတွာ၊ ဖြစ်၍။) အာပါတံ၊ ရှေးရှုကျခြင်းသို့။ ဝါ၊ ထင်ခြင်းသို့။ အာဂတံ၊ သော။ အာရမဏံ၊ သည်။ မဟန္တံနာမ၊ မဟန္တာရုံမည်၏။ တတ္ထ၊ ထိုမဟန္တာရုံ၌။ ဇဝနာဝသာနေ၊ ဇော၏ အဆုံး၌။ ဘဝင်္ဂပါတောဝ၊ ဘဝင်ကျခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ တဒါရမ္မဏုပ္ပါဒေါ၊ တဒါရုံတို့၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။

---

မှန်ပါသည်=ရူပါရုံသည် ဥပါဒ်သည်မှစ၍ ရေတွက်လျှင် "အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်"အားဖြင့် စိတ္တက္ခဏ ၁၇-ချက် ပြည့်ခဲ့ပြီ၊ ဥပါဒ်ခဲ့သော ရူပါရုံသည်လည်း ၁၇-ချက် အသက် ပြည့်ခြင်းကြောင့် ချုပ်ရတော့သည်။

ဤအာရုံသည် စိတ္တက္ခဏတချက် အလွန်မှာ ထင်လာသည်၊ ယင်းထင်လာသည်မှ စ၍ ရေတွက်လျှင် စိတ္တက္ခဏ ၁၆-ချက်ခန့် ရှိသည်၊ အသက် အရှည်ဆုံးဖြစ်သည်၊ ဤအာရုံထက် အသက်ရှည်သော အာရုံဟူ၍ မရှိတော့၊ ထို့ကြောင့် "အတိမဟန္တာရုံ"ဟူသော အမည်ကို ရသည်။

၁၂။ တဒါရုံ ၂-ကြိမ် မဖြစ်နိုင်လောက်အောင် အတီတဘဝင် လွန်ခဲ့ပြီးမှ ထင်လာသော အာရုံသည် "မဟန္တာရုံ"မည်၏၊ ထိုမဟန္တာရုံဝီထိ၌ ဇော၏ အဆုံးမှာ ဘဝင်သာ ကျရတော့သည်၊ တဒါရုံ မဖြစ်ရတော့ပါ။

အတိမဟန္တာရုံသည်လည်း ဥပါဒ်လျှင် ဥပါဒ်ချင်း ထင်လာနိုင်သည် မဟုတ်ပါ၊ စိတ္တက္ခဏ တချက်ခန့် လွန်ပြီးမှသာ ထင်လာခဲ့ပါသည်၊ သို့သော် ယင်းအတိမဟန္တာရုံ၏ လွန်ခြင်းသည် တဒါရုံ ၂-ကြိမ် ဖြစ်နိုင်လောက် အောင် လွန်ခြင်းမျိုးသာ ဖြစ်သည်၊ ဤမဟန္တာရုံ၏ လွန်ခြင်းမူကား တဒါရုံ ၂-ကြိမ်ဖြစ်နိုင်လောက်အောင် (မချုပ်ပဲ တည်နေနိုင်သော) လွန်ခြင်းမျိုး မဟုတ်ပါ။

## ပရိတ္တာရုံဝီထိ

**၁၃။ ယာဝ ဇဝနုပ္ပါဒါပိ၊ ဇော ၇-ကြိမ် ဖြစ်ရာကာလတိုင်အောင်လည်း။ အပ္ပဟောန္တာတီတကံ၊ သည်။ (ဟုတ္တာ၊ ၍။) အာပါတံ၊ သို့။ အာဂတံ၊ သော။ အာရမဏံ၊ သည်။ ပရိတ္တံနာမ၊ ပရိတ္တာရုံမည်၏။ တတ္ထ၊ ထိုပရိတ္တာရုံဝီထိ၌။ ဇဝနမ္ပိ၊ ဇော၏လည်း။ *အနုပ္ပဇ္ဇိတ္တွာ၊ မဖြစ်ခြင်းကြောင့်။ ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ ဝေါဋ္ဌဗ္ဗနမေဝ၊ ဝုဋ္ဌော စိတ်သည်သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ တတော၊ ထိုဝုဋ္ဌောမှ။ ပရံ၊ နောက်၌။ ဘဝင်္ဂပါတောဝ၊ ဘဝင်ကျခြင်းသည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ (*ကတ္တားကွဲဘိ, မတူရှိသော်,မိမိကတ္တား, သမ္ဗန်ထား၍, ဖြစ်ငြားဟိတ်မှာ, သက်စော့ရာသည်....မှတ်ပါတွာဒိ ပစ္စည်းသဘောတည်း။ နိယံ။)**

---

ထို့ကြောင့် မဟန္တာရုံသည် စိတ္တက္ခဏ ၂-ချက်, ၃-ချက် လွန်ပြီးမှ သက်ဆိုင်ရာ ပသာဒ၌ ထင်လာနိုင်သည်၊ ဇော ၇-ကြိမ် ဖြစ်ရာကာလတိုင်အောင် တည်နေရဦးမည် ဖြစ်သည့်အတွက် ၃-ချက်ထက်လည်း ပိုမလွန်သင့်ပါ။ ဤသို့လျှင်—

၁။ ''အတီတဘဝင် ၂-ချက်လွန်သော ပထမ မဟန္တာရုံဝီထိ,

၂။ အတီတဘဝင် ၃-ချက်လွန်သော ဒုတိယ မဟန္တာရုံဝီထိ'' ဟု မဟန္တာရုံဝီထိ ၂-မျိုးရှိနိုင်သည်။

ဤသို့ အနည်းဆုံး စိတ္တက္ခဏ ၂-ချက်လွန်ပြီးမှ ထင်လာနိုင်သောကြောင့် အာရုံထင်သည်မှ စ၍ ရေတွက်ပါလျှင် စိတ္တက္ခဏ ၁၄-ချက်, ၁၅-ချက်မျှသာ ကျန်ပါတော့သည်၊ အတိမဟန္တာရုံလောက် စိတ္တက္ခဏ မများတော့ပါ၊ သို့သော် ပရိတ္တာရုံလောက်ကား မနည်းသေး၊ ထို့ကြောင့် ''မဟန္တာရုံ'' ဟူသော အမည်ကိုရသည်။

စိတ္တက္ခဏ ၂-ချက်လွန်သော အာရုံ၌ တဒါရုံကျမည်ဆိုက တကြိမ်ကျထိုက်ပါသည်၊ သို့သော် တဒါရုံတို့မည်သည် ၂-ကြိမ်သာ ကျရိုးရှိသောကြောင့် ဇော၏ အဆုံးမှာ ဘဝင်သာ ကျရတော့သည်၊ တဒါရုံ မကျရတော့ပါ။

၁၃။ ဇော ၇-ကြိမ် မဖြစ်နိုင်လောက်အောင် အတီတဘဝင် လွန်ပြီးမှ ထင်လာသော အာရုံသည် ''ပရိတ္တာရုံ'' မည်၏၊ ထိုပရိတ္တာရုံဝီထိ၌ ဇောမဖြစ်တော့သည့်အတွက် ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ် ဖြစ်ရတော့သည်၊ ထိုဝုဋ္ဌော၏ နောက်၌ကား ဘဝင်သာ ကျရတော့သည်။

## အတိပရိတ္တာရုံဝီထိ

**၀၄။ ပန၊ ကား။ ယာဝ ဝေါဋ္ဌဗ္ဗနုပ္ပါဒါစ၊ ဝုဋ္ဌော နှစ်ကြိမ် ဖြစ်ရာ ကာလတိုင်အောင်လည်း။ အပ္ပဟောန္တာတီတကံ၊ သည်။ (ဟုတ္မာ၊ ၍။) အာပါတံ၊ သို့။ အာဂတံ၊ သော။ နိရောဓာသန္နံ၊ နီးကပ်သော ချုပ်ခြင်း ရှိသော။ ဝါ၊ ချုပ်လုခါနီး ဖြစ်သော။ အာရမဏံ၊ သည်။ အတိပရိတ္တံ နာမ၊ အတိပရိတ္တာရုံမည်၏။ တတ္ထ၊ ထို အတိပရိတ္တာရုံဝီထိ၌။ ဘဝင် စလနမေဝ၊ ဘဝင်လှုပ်ရုံသာလျှင်။ ဟောတိ၊ ၏။ ဝီထိစိတ္တုပ္ပါဒေါ၊ ဝီထိစိတ် တို့၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။**

"ဇော ၇-ကြိမ် မဖြစ်နိုင်လောက်အောင် အတီတဘဝင် လွန်ပြီးမှ ထင်လာသည်"ဟု ဆိုသဖြင့် အနည်းဆုံး စိတ္တက္ခဏ ၄-ချက် လွန်ပြီးမှ ထင်လာကြောင်း သိသာပါသည်၊ အနည်းဆုံး ဝုဋ္ဌော ၂-ကြိမ် ဖြစ်ရဦးမည် ဖြစ်သောကြောင့် စိတ္တက္ခဏ ၉-ချက်ထက် ပို၍လည်း မလွန်သင့်ပါ၊ ဤသို့လျှင် အတီတဘဝင် ၄-ချက်လွန်မှ ၉-ချက်လွန်ထိ ပရိတ္တာရုံ ၆-ဝီထိ ရှိနိုင်ပါသည်။

ဤအာရုံသည် အနည်းဆုံး စိတ္တက္ခဏ ၄-ချက်လွန်ပြီးမှ ထင်လာနိုင်သောကြောင့် မဟန္တာရုံလောက် စိတ္တက္ခဏ မများတော့ပါ၊ အာရုံထင်ပြီးသည်မှ စ၍ ရေတွက်ပါလျှင် အများဆုံး ၁၃-ချက်, အနည်းဆုံး ၈-ချက်မျှသာ ကျန်တော့သည်၊ ဤသို့လျှင် ထင်လာသည်မှ စ၍ ရေတွက်ပါက နည်းသော စိတ္တက္ခဏ အသက်ရှိသောကြောင့် "ပရိတ္တာရုံ"မည်ရလေတော့သည်။

၁၄။ ဝုဋ္ဌော ၂-ကြိမ် မဖြစ်နိုင်လောက်အောင် အတီတဘဝင် လွန်ပြီးမှ ထင်လာ၍ ချုပ်လုခါနီး ဖြစ်သော အာရုံသည် "အတိပရိတ္တာရုံ" မည်၏၊ ဤအတိပရိတ္တာရုံဝီထိ၌ ဘဝင်လှုပ်ရုံသာ လှုပ်တော့သည်၊ ဝီထိစိတ် မဖြစ်တော့ပါ။

"ဝုဋ္ဌော ၂-ကြိမ် မဖြစ်နိုင်လောက်အောင် အတီတဘဝင်လွန်ပြီးမှ ထင်လာသည်"ဟုဆိုသဖြင့် အနည်းဆုံး စိတ္တက္ခဏ ၁၀-ချက် လွန်ပြီးမှ ထင်လာကြောင်း သိသာသည်၊ ဘဝင် နှစ်ကြိမ် လှုပ်ရဦးမည် ဖြစ်သောကြောင့် ၁၅-ချက်ထက် ပို၍လည်း မလွန်သင့်ပါ၊ ဤသို့လျှင် အတီတဘဝင် ၁၀-ချက် လွန်မှ စ၍ ၁၅-ချက်လွန်အထိ အတိပရိတ္တာရုံ ၆-ဝီထိ ရှိနိုင်သည်။

ဤအာရုံသည် အနည်းဆုံး စိတ္တက္ခဏ ၁၀-ချက် လွန်ပြီးမှ ထင်နိုင်သောကြောင့် ပရိတ္တာရုံလောက်ပင် စိတ္တက္ခဏ မများတော့ပါ၊ အများဆုံး

## သောတဒွါရစသည်

၁၅။ ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ တထာ၊ ထို့အတူ။ သောတဒွါရာဒီသု၊ သောတဒွါရ အစရှိသည်တို့၌။ ဣတိ၊ သို့။ သဗ္ဗထာပိ၊ အလုံးစုံသော အပြားအားဖြင့်လည်း။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ တဒါရမ္မဏ ဇဝန ဝေါဋ္ဌဗ္ဗန မောဃဝါရ သင်္ခါတာနံ၊ "တဒါရမ္မဏဝါရ, ဇဝနဝါရ, ဝေါဋ္ဌဗ္ဗနဝါရ, မောဃဝါရ"ဟု ဆိုအပ်ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ ဝါရာနံ၊ ဝါရတို့၏။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ အာရမ္မဏဘူတာ၊ အာရုံ အကြောင်း ဖြစ်၍ ဖြစ်သော။ ဝိသယပ္ပဝတ္တိ၊ အာရုံတို့၏ ဖြစ်ခြင်းကို။ စတုဓာ၊ ၄-ပါး ပြား၏ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။

---

၇-ချက် အနည်းဆုံး ၂-ချက်မျှသာ ကျန်ပါတော့သည်၊ ဤသို့ ထင်လာသည်မှ စ၍ ရေတွက်ပါက အလွန်နည်းသော စိတ္တက္ခဏ အသက်ရှိသောကြောင့် "အတိပရိတ္တာရုံ"မည်ရလေတော့သည်။

**ဆောင်။** ။တိမဟန္တ, တချက်မျှတည့်၊ မဟန္တမှာ, နှစ်သုံးသာပေ၊ လေးဖြာအစ, ကိုးထိကျအောင်, လွန်ကပရိတ်၊ တိပရိတ်ဝယ်, တဆယ်စထား, တဆယ့်ငါးသည်...လွန်သွား အတီတဘဝင်တည်း။

**တနည်း။** ။အတီတ၊ တချက်မျှ တိမဟန်၊
နှစ် သုံးသာ—မဟန္တငယ်၊ ဖြစ်ရ နှစ်တန်၊
လေး စ-ပျိုး—ကိုးထိလွန်၊ ပရိတ္တံ ခြောက်မျှ၊
ဆယ် စ-ကာ—ဆယ့်ငါးထိလျှင်၊ တိပရိတ် ဆ။

၁၅။ 'ဣစ္စေဝံ' အစရှိသော စကားရပ်ဖြင့် ပဉ္စဒွါရ၏ ဝိသယပ္ပဝတ္တိကို နိဂုံးအုပ်သည်။

စက္ခုဒွါရ၌ ဝိသယပ္ပဝတ္တိ ၄-ပါး၊ ထို့အတူ သောတဒွါရ၌ ၄-ပါး၊ ဃာနဒွါရ၌ ၄-ပါး၊ ဇိဝှါဒွါရ၌ ၄-ပါး၊ ကာယဒွါရ၌ ၄-ပါး၊ ဤသို့ အစဉ်အတိုင်းဒွါရ ၅-ပါးလုံး၌ "တဒါရမ္မဏဝါရ,ဇဝနဝါရ,ဝေါဋ္ဌဗ္ဗနဝါရ, မောဃဝါရ"ဟူကုန်သော ဝါရ ၄-ပါးတို့၏ အာရုံဖြစ်သော ဝိသယပ္ပဝတ္တိ ၄-ပါး ပြားသည်—ဟု ဆိုလိုပါသည်။

## စက္ခုဒွါရဝီထိ ၁၅

| အာရုံ | ဝီထိစဉ် | ဝါရ |
|---|---|---|
| အတိမဟန္တာရုံ | တီ , န,ဒ,ပဉ်,စက်,သံ,တီ,ဝု,ဇဇဇဇဇဇဇ,ရုံရုံ | တဒါရမဏ |
| မဟန္တာရုံ | တီ ၂,န,ဒ,ပဉ်,စက်,သံ,တီ,ဝု,ဇဇဇဇဇဇဇ,ဘ<br>တီ ၃,န,ဒ,ပဉ်,စက်,သံ,တီ,ဝု,ဇဇဇဇဇဇဇ | ဇဝနဝါရ |
| ပရိတ္တာရုံ | တီ ၄,န,ဒ,ပဉ်,စက်,သံ,တီ,ဝု,ဝု,ဘဘဘဘဘ<br>တီ ၅,န,ဒ,ပဉ်,စက်,သံ,တီ,ဝု ဝု,ဘဘဘဘ<br>တီ ၆,န,ဒ,ပဉ်,စက်,သံ,တီ,ဝု ဝု,ဘဘဘ<br>တီ ၇,န,ဒ,ပဉ်,စက်,သံ,တီ,ဝု ဝု,ဘဘ<br>တီ ၈,န,ဒ,ပဉ်,စက်,သံ,တီ,ဝု ဝု,ဘ<br>တီ ၉,န,ဒ,ပဉ်,စက်,သံ,တီ,ဝု ဝု | ဝေါဋ္ဌဗ္ဗနဝါရ |
| အတိပရိတ္တာရုံ | တီ ၁၀,န န,ဘဘဘဘဘ<br>တီ ၁၁,န န,ဘဘဘဘ<br>တီ ၁၂,န န,ဘဘဘ<br>တီ ၁၃,န န,ဘဘ<br>တီ ၁၄,န န,ဘ<br>တီ ၁၅,န န | မောဃဝါရ |

### သင်္ကေတ

| | | |
|---|---|---|
| တီ=အတီတဘဝင် | စက်=စက္ခုဝိညာဏ် | ဇ=ဇော |
| န =ဘဝင်္ဂစလန | သံ=သမ္ပဋိစ္ဆိုင်း | ရုံ=တဒါရုံ |
| ဒ =ဘဝင်္ဂုပစ္ဆေဒ | တီ=သန္တီရဏ | ဘ=ဘဝင် |
| ပဉ်=ပဉ္စဒွါရာဝဇ္ဇန်း။ | ဝု=ဝုဋ္ဌော | (အကြွင်းကို နည်းမှီသိပါ။) |

**ယထာက္ကမံ**။ ။အတိမဟန္တာရုံကို တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့၏ အလှည့် အကြိမ်ကို ပြသောကြောင့် "တဒါရမဏဝါရ"ဟုခေါ်သည်၊ မဟန္တာရုံကို ဇောအဆုံးရှိသော ဝီထိစိတ်တို့၏ အလှည့်အကြိမ်ကို ပြသောကြောင့် "ဇဝနဝါရ"ဟု ခေါ်သည်၊ ပရိတ္တာရုံကို ဝုဋ္ဌောအဆုံးရှိသော ဝီထိစိတ်တို့၏ အလှည့်အကြိမ်ကို ပြသောကြောင့် "ဝေါဋ္ဌဗ္ဗနဝါရ"ဟု ခေါ်သည်၊ အတိပရိတ္တာရုံကို အချင်းခပ်သိမ်း ဝီထိစိတ် ပဖြစ်သောကြောင့် "မောဃဝါရ"ဟု ခေါ်သည်၊ ဤကား ယထာက္ကမံ (အစဉ်အားလျော်စွာ)ဖြစ်ပုံတည်း။

## ဝီထိစိတ်သရုပ်သင်္ဂဟဂါထာ

**၁၆။ ပဋ္ဌဒွါရေ၊ ပဋ္ဌဒွါရ၌။ ယထာရဟံ၊ (ဒွါရပစ္စယာ, အာရမဏ, စသည်အလိုက်) ထိုက်သည်အားလျော်စွာ။ ဝီထိစိတ္တာနိ၊ ဝီထိစိတ်တို့သည်။ သတ္တေဝ၊ ခုနစ်ပါးတို့သာတည်း။ စိတ္တုပ္ပါဒါ၊ စိတ်တို့၏ဖြစ်ခြင်းအားဖြင့်။ စတုဒ္ဒသ၊ ၁၄-ပါးတို့တည်း။ ဝိတ္ထာရာ၊ အကျယ်အားဖြင့်။ စတုပညာသ၊ ၅၄-ပါးတည်း။**

**ဧတ္ထ၊ ဤ ဝီထိသင်္ဂဟအရာ၌။ အယံ၊ ဤဆိုအပ်ပြီးသော စကားရပ်သည်။ ပဋ္ဌဒွါရေ၊ ပဋ္ဌဒွါရ၌။ ဝီထိစိတ္တပ္ပဝတ္တိ နယော၊ ဝီထိစိတ်တို့၏ ဖြစ်ပုံနည်းတည်း။**

---

ဤသို့ စက္ခုဒွါရ၌ "အတိမဟန္တာရုံတမျိုး, မဟန္တာရုံ ၂-မျိုး, ပရိတ္တာရုံ ၆-မျိုး, အတိပရိတ္တာရုံ ၆-မျိုး" အားဖြင့် ၁၅-မျိုးရှိသကဲ့သို့ သောတဒွါရ စသည်တို့၌လည်း ၁၅-မျိုးစီပင် ရှိနိုင်သည်၊ ထို့ကြောင့် ပဋ္ဌဒွါရဝီထိ (၁၅×၅=)၇၅-ဝီထိရှိသည်။

သောတဒွါရဝီထိစသည်တို့ကို ချလိုပါက "စက္ခုဝိညာဏ်" နေရာ၌ "သောတ ဝိညာဏ်" စသည်တို့ကို အစားထိုး လဲလှယ်ရုံမျှသာ ဖြစ်တော့သည်။

၁၆။ 'ဝီထိစိတ္တာနိ သတ္တေဝ' စသော ဂါထာသည် ပဋ္ဌဒွါရဝီထိစိတ်တို့ကို အကျဉ်းချုံး၍ ပေါင်းယူ ရေတွက်ပြသော သင်္ဂဟဂါထာ ဖြစ်သည်။

ပဋ္ဌဒွါရ၌ ထိုက်သည်အားလျော်စွာ ဝီထိစိတ်အမျိုးအစား သာမည အားဖြင့် ၇-ပါး, ဝီထိစိတ်အကြိမ် ဝိသေသအားဖြင့် ၁၄-ပါး, ဖြစ်နိုင်သမျှ စိတ်ပေါင်း ၅၄-ပါးဖြစ်သည်–ဟု ဆိုလိုသည်။

ဝီထိစိတ် အမျိုးအစားကား ပဋ္ဌဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ်စသည် ၁၊ သမ္ပဋိစ္ဆိုင်း ၁၊ သန္တီရဏ ၁၊ ဝုဋ္ဌော ၁၊ ဇော ၁၊ တဒါရုံ ၁၊ ပေါင်း ၇-ပါး တို့တည်း။ (သာမည။)

ဝီထိစိတ် အကြိမ်ကား ပဋ္ဌဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ်စသည် ၁၊ သမ္ပဋိစ္ဆိုင်း ၁၊ သန္တီရဏ ၁၊ ဝုဋ္ဌော ၁၊ ဇော ၇၊ တဒါရုံ ၂၊ ပေါင်း ၁၄-ကြိမ်တည်း။ (ဝိသေသ။)

ဖြစ်နိုင်သမျှ စိတ်အကျယ်ကား "သဗ္ဗထာပိ ပဋ္ဌဒွါရေ စတုပညာသ စိတ္တာနိ ကာမာဝစရာနေဝ" ဟူသော ဒွါရသင်္ဂဟ စကားနှင့် အညီ ကာမစိတ် ၅၄-ပါးတည်း။

## မနောဒွါရကာမဇောဝါရ
## ဝိဘူတာရုံဝီထိ

**၁၇။ ပန၊ကား။ မနောဒွါရေ၊မနောဒွါရ၌။ ဝိဘူတေ၊ ထင်ရှားသော။ အာရမ္မဏေ၊ အာရုံသည်။ အာပါထံ၊ သို့။ ယဒိ အာဂစ္ဆတိ၊ အကယ်၍ ရောက်လာအံ့။ တတော၊ ထိုသို့ ထင်လာသည်ရှိသော်။ ဝါ၊ ထိုသို့ ထင်လာခြင်းကြောင့်။ (ပရံ ပိုနေသည်၊ "တတော၊ ထိုသို့ ထင်လာသည်မှ။ ပရံ၊**

---

**ယထာရဟံ**။ ။စက္ခုဒွါရ၌ စက္ခုဝိညာဏ်ဒွေး၊ (ပ) ကာယဒွါရ၌ ကာယဝိညာဏ်ဒွေးဖြစ်သည်၊ ဤကား ဒွါရအလိုက် ဖြစ်ပုံတည်း၊ (ပဉ္စဝိညာဏ်အတွက်)ယောနိသော မနသိကာရ အကြောင်းရှိက ကုသိုလ်ဇော စောမည်၊ အယောနိသော မနသိကာရ အကြောင်းရှိက အကုသိုလ်ဇော စောမည်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်က ကြိယာဇော စောမည်၊ ဤကား ပစ္စယ အလိုက် ဖြစ်ပုံတည်း။ (ဇောများအတွက်။)

အနိဋ္ဌာရုံဖြစ်က အကုသလဝိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ဖြစ်မည်၊ ဣဋ္ဌာရုံဖြစ်က ကုသလဝိပါက် ဖြစ်မည်၊ အတိဣဋ္ဌာရုံ ဖြစ်က သောမနဿ သန္တီရဏ တဒါရုံ ဖြစ်မည်၊ ဤကား အာရမဏအလိုက် ဖြစ်ပုံတည်း။ (ဝိပါက်စိတ်များအတွက်။)

တနည်း—

မဟန္တာရုံဖြစ်က—ဝီထိစိတ္တာနိ ဆယေဝ, စိတ္တုပ္ပါဒါစ ဒွါဒသ၊
ဆစတ္တာလီသ ဝိတ္ထာရာ, ပဉ္စဒွါရေ ယထာရဟံ။
ပရိတ္တာရုံဖြစ်က—ဝီထိစိတ္တာနိ ပဉ္စေဝ, စိတ္တုပ္ပါဒါ ဆ သတ္တဝါ၊
သတ္တရသေဝ ဝိတ္ထာရာ, ပဉ္စဒွါရေ ယထာရဟံ။
အတိပရိတ္တာရုံဖြစ်က— 'ဝီထိစိတ္တာနိ နတ္ထေဝ' စသည်သာ ဖြစ်ဖွယ်ရာ ရှိတော့သည်။

၁၇။ မနောဒွါရ၌ ထင်ရှားသော အာရုံ တပါးပါး ထင်လာခဲ့ပါလျှင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ် ဖြစ်ပြီးသည့်နောက် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၏။

မနောဒွါရဝီထိကို—

"၁။ ကာမဇောဝါရ—ကာမဇောစိတ်တို့၏ ဖြစ်လှည့်၊
၂။ အပ္ပနာဇောဝါရ—အပ္ပနာဇောစိတ်တို့၏ ဖြစ်လှည့်"ဟု ၂-မျိုး ခွဲပြထားသည်။

**နောက်၌”ဟု ရှေးဆရာများ အနက်ပေးကြ၏။)ဘဝင်စလန မနောဒွါရာ-ဝဇ္ဇန ဇဝနာဝသာနေ၊ ဘဝင်စလန မနောဒွါရာဝဇ္ဇန်း ဇောတို့၏ အဆုံး၌။ တဒါရုမ္မဏ ပါကာနိ၊ တဒါရုံ ဝိပါက်စိတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုတဒါရုံမှ။ ပရံ၊နောက်၌။ ဘဝင်ပါတော၊သည်။ ဟောတိ၊၏။**

---

“မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ”ဟု မိန့်ဆိုခဲ့သည်အားလျော်စွာ “မနောဒွါရ”ဟူသည် ဘဝင်စိတ်ပင် ဖြစ်သည်၊ ယင်း ‘ဘဝင်စိတ်’ဟု ဆိုအပ်သော မနောဒွါရ၌ကား ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဖြစ်သော စိတ်, စေတသိက်, ရုပ်အားလုံးနှင့် ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ပညတ်အာရုံများပင် ထင်လာနိုင်သည်၊ မထင်လာနိုင်သော အာရုံဟူ၍ မရှိတော့ပါ၊ ယင်းသို့ ထင်လာသည့်အခါ ထင်ထင်ရှားရှား ထင်လာသော အာရုံကို “ဝိဘူ-တာရုံ” မထင်မရှား မှုန်မွှားမွှား ထင်လာသော အာရုံကို “အဝိဘူတာရုံ” ဟုခေါ်သည်။

ယင်း မနောဒွါရ၌ စိတ္တက္ခဏတချက်မျှသာ ရှိသော စိတ်, စေတသိက်, အတိတ် ရုပ်တရား, အနာဂတ်ရုပ်တရား, ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ်အာရုံများ ထင်လာသည့်အခါ “ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ဘယ် လောက်လွန်မှ ထင်လာသည်”ဟုလည်း မဆိုထိုက်၊ အတီတဘဝင်လည်း ချဖွယ် မလိုပါ။

အချို့သော ပစ္စုပ္ပန်ရုပ်အာရုံများ ထင်လာသည့်အခါမှသာ “ဥပါဒ် ပြီးနောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှ ထင်လာသည်”ဟုလည်း ဆိုသင့် သည်၊ အတီတဘဝင်လည်း ချသင့်သည်။

သို့သော် ဤသို့အာရုံများကို ခွဲခြားပြဆိုမှုကို မပြုပဲဘဝင်စလနမှ စ၍သာ ဝီထိစဉ်ကို အရှင် အနုရုဒ္ဓါဆရာ ပြဆိုထားပါသည်။

**ဆောင်။**　　။စိတ် စေတသိက်, တိတ် နာဂတ် ရုပ်, ဝိမုတ် ပညတ်, နိဗ္ဗာန် ဓာတ်တို့, ထင်လတ်ပါလျှင်, တီဘဝင်ကို, မလိုချဖွယ်၊ ပန် ရုပ်ဝယ်, ချဖွယ်သင့်ပါ၏။

**တနည်း။**　　။စေနှင့် စိတ်၊ တိတ် နာဂတ် ရုပ်၊
ပညတ်—နိဗ္ဗာန်ဓာတ်ငယ်၊ ထင်လတ်သည့် ခါ၊
အတီတဘဝင်ါ၊ ချဖွယ်ရာ မရှိ၊
ပစ္စုပ္ပန်—ရုပ်အချို့ဝယ်၊ ချဖို့သင့်၏။

## အဝိဘူတာရုံဝီထိ

၁၈။ ပန၊ကား၊၊ အဝိဘူတေ၊ မထင်ရှားသော။ အာရမဏေ၊ အာရုံ၌။ ဇဝနာဝသာနေ၊ ဇော၏ အဆုံး၌။ ဘဝင်္ဂပါတောဝ၊ ဘဝင်ကျခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ တဒါရမဏုပ္ပါဒေါ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဝိသယပ္ပဝတ္တိ ၆-ပါး ဤသို့ ပြားသတည်း။

## ဝီထိစိတ်သရုပ် သင်္ဂဟဂါထာ

၁၉။ ဧတ္ထ၊ ဤ ကာမဇော မနောဒွါရ၌။ ဝီထိစိတ္တာနိ၊ တို့ကို။ တီဏေဝ၊ ၃-ပါးတို့ဟူ၍သာလျှင်။ ဤရိတာနိ၊ ဆိုအပ်ကုန်၏။ စိတ္တုပ္ပါဒါ၊ စိတ်တို့၏ ဖြစ်ခြင်းအားဖြင့်။ ဒသ၊ ဆယ်ပါးတို့ဟူ၍။ ဤရိတာ၊ ကုန်၏။ ဝိတ္ထာရေန ပန၊ အကျယ်အားဖြင့်ကား။ ဧကစတ္တာလီသ၊ ၄၁-ပါးဟူ၍။ ဝိဘာဝယေ၊ ထင်စွာ ပြရာ၏။

---

၁၈။ မနောဒွါရ၌ မထင်ရှားသော အာရုံတပါးပါး ထင်လာသည့်အခါ (ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း) ဇော ၇-ကြိမ်၏ အဆုံး၌ ဘဝင်သာ ကျရတော့သည်၊ တဒါရုံ ဖြစ်ခွင့် မရှိတော့ပါ။

## အတီတဘဝင်မကျသော ဝီထိ

ဝိဘူတာရုံ ၁= န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ- တဒါရမဏဝါရ၊
အဝိဘူတာရုံ ၁= န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ——— ဇဝနဝါရ၊

## အတီတဘဝင်ကျသော ၇-ဝီထိ

ဝိဘူတာရုံ ၅ {
တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ
တီ ၂ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ
တီ ၃ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ
တီ ၄ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
တီ ၅ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ
} တဒါရမဏဝါရ

အဝိဘူတာရုံ ၂ {
တီ ၆ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ
တီ ၇ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ
} ဇဝနဝါရ

၁၉။ 'ဝီထိစိတ္တာနိ တီဏေဝ' စသော ဂါထာသည် ကာမဇော မနောဒွါရ ဝီထိ၌ ဆိုခဲ့သော ဝီထိစိတ်တို့ကို အကျဉ်းချုံး၍ ပေါင်းယူ ရေတွက်ပြသော သင်္ဂဟဂါထာ ဖြစ်သည်။

အယံ၊ ဤဆိုအပ်ခဲ့ပြီးသော စကားသည်။ ဧတ္ထ၊ ဤ ဝီထိသင်္ဂဟအရာ၌။ ပရိတ္တဇဝန ဝါရော၊ ကာမဇောဝါရတည်း။

## မနောဒွါရအပ္ပနာဇောဝါရ

၂၀။ ပန၊ ကား။ အပ္ပနာဇဝန ဝါရေ၊ အပ္ပနာဇော ဝါရ၌။ ဝိဘူတာ၊ ဝိဘူတာဘေဒေါ၊ "ဝိဘူတာရုံ, အဝိဘူတာရုံ"ဟု ကွဲပြားခြင်းသည်။ နတ္ထိ- မရှိ။ တဒါရမဏုပ္ပါဒေါ စ၊ တဒါရုံဘို့၏ ဖြစ်ခြင်းသည်လည်း။ တထာ၊ ထိုအတူ။ နတ္ထိ၊ မရှိ။

၂၁။ ဟိ၊ ချဲဦးအံ့။ တတ္ထ၊ ထို အပ္ပနာဇော ဝါရ၌။ အဋ္ဌန္နံ၊ ရှစ်ပါး ကုန်သော။ ဉာဏသမ္ပယုတ္တ ကာမာဝစရ ဇဝနာနံ၊ ဉာဏသမ္ပယုတ် ကာမာ- ဝစရဇောတို့တွင်။ အညတရသ္မိံ၊ အမှတ်မထား တပါးပါးသော ဇောသည်။ ပရိကမ္မောပစာရာနုလောမ ဂေါတြဘု နာမေန၊ "ပရိကံ, ဥပစာ, အနုလုံ,

---

ဤကာမဇော မနောဒွါရဝီထိ၌ ဝီထိစိတ် အမျိုးအစား ၃-ပါး, ဝီထိ စိတ်ဖြစ်သော အကြိမ် ၁၀-ပါး, ဖြစ်နိုင်သမျှ စိတ် ၄၁-ပါးဖြစ်သည်။

ဝီထိစိတ် အမျိုးအစား ၃-ပါးဟူသည်ကား မနောဒွါရာဝဇ္ဇန်း ၁-ပါး, ဇော ၁-ပါး, တဒါရုံ ၁-ပါးတို့ ပင်တည်း။ (သာမည။)

ဝီထိစိတ်ဖြစ်သောအကြိမ် ၁၀-ဟူသည်ကား မနောဒွါရာဝဇ္ဇန်း ၁-ကြိမ်, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်တို့ ပင်တည်း။ (ဝိသေသ။)

ဖြစ်နိုင်သမျှသော စိတ် ၄၁-ပါး ဟူသော်ကား မနောဒွါရာဝဇ္ဇန်း ၁-ပါး, ကာမဇော ၂၉-ပါး, တဒါရုံ ၁၁-ပါးတို့ပင်တည်း။

အဝိဘူတာရုံဖြစ်က ဝီထိစိတ်အမျိုးအစား ၂-ပါး, ဝီထိစိတ်ဖြစ်သော အကြိမ် ၈-ကြိမ်, ဖြစ်နိုင်သမျှစိတ် ၃၀-သာ ဖြစ်ဖွယ်ရာ ရှိပါသည်။

၂၀။ အပ္ပနာ ဇောဝါရ၌ "ဝိဘူတာရုံ, အဝိဘူတာရုံ" ဟု ၂-မျိုးကွဲ ပြားမှု မရှိ၊ 'ဝိဘူတာရုံ' တမျိုးတည်းသာ ရှိသည်၊ တဒါရုံတို့၏ ဖြစ်ခြင်းလည်း မရှိပါ။

၂၁။ ထိုအပ္ပနာ ဇောဝါရ၌ (ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာ- ဝဇ္ဇန်းတို့၏ အခြားမဲ့မှာ) မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ပါးတို့တွင် တပါးပါးသော ဇောသည် "ပရိကံ, ဥပစာ, အနုလုံ, ဂေါ တြဘု" ဟူသော နာမည်ဖြင့် ၄-ကြိမ်သာရင်း, (သို့မဟုတ် ပရိကံ မပါပဲ)

ဂေါတြဘု''ဟူသော နာမည်ဖြင့်။ စတုက္ကတ္တုံ ဇဝ ဝါ၊ ၄-ကြိမ်သာလျှင် သော်ရင်း။ တိက္ခတ္တုံ မေဝ ဝါ၊ ၃-ကြိမ်သာလျှင်သော်ရင်း။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈေ၊ ချုပ်သည်ရှိသော်။ အနန္တရမေဝ၊ ချုပ်သည်၏ အခြားမဲ့၌သာလျှင်။ ယထာရဟံ၊ တိက္ခ, မန္ဒ ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ။ စတုတ္ထံ ဝါ၊ ၄-ကြိမ်မြောက် သော်ရင်း။ ပဉ္စမံ ဝါ၊ ၅-ကြိမ်မြောက်သော်ရင်း။ ဆဗ္ဗီသတိ မဟဂ္ဂတ လောကုတ္တရ ဇဝနေသု၊ ၂၆-ပါးသော မဟဂ္ဂုတ် လောကုတ္တရာဇောတို့တွင်။ ယထာဘိနီဟာရဝသေန၊ အကြင် အကြင် သမထ ဝိပဿနာ ဘာဝနာ စိတ်ကို ရှေးရှုဆောင်ခြင်း၏ အစွမ်းဖြင့်။ ယံကိဉ္စိ၊ တစုံတခုသော။ ဇဝနံ၊ ဇောသည်။ အပ္ပနာဝီထိံ၊ အပ္ပနာအစဉ်သို့။ ဩတရတိ၊ သက်ရောက်၏။ တတော၊ ထို အပ္ပနာဝီထိသို့ သက်ရောက်ရာအခါမှ။ ပရံ၊ နောက်၌။ အပ္ပနာ ဝသာနေ၊ အပ္ပနာဇော၏ အဆုံး၌။ ဘဝင်္ဂပါတောဝ၊ သည်သာ လျှင်။ ဟောတိ၊ ၏။

---

၃-ကြိမ်မျှသာရင်း အစဉ်အတိုင်း ဖြစ်၍ ချုပ်ပြီးသည်၏ အခြားမဲ့၌ တိက္ခပညာ ပုဂ္ဂိုလ်ဖြစ်က ၄-ကြိမ်မြောက်မှာ ဖြစ်စေ,မန္ဒပညာပုဂ္ဂိုလ်ဖြစ်က ၅-ကြိမ်မြောက် မှာဖြစ်စေ ၂၆-ပါးသော မဟဂ္ဂုတ် လောကုတ္တရာ ဇောတို့တွင် တပါးပါး သော ဇောသည် အပ္ပနာ အစဉ်သို့ သက်ရောက်ရတော့သည်၊ ထိုအပ္ပနာ၏ အဆုံးမှာ ဘဝင်သာ ကျရတော့သည်။

ဈာန်, မဂ်ရခါနီး ဖိုလ်ဝင်စားခါနီး၌ ဖြစ်သော မဟာကုသိုလ်ဇော, ဈာန်ရခါနီး ဖိုလ်ဝင်စားခါနီး၌ ဖြစ်သော မဟာကြိယာ ဇောတို့သည် ဉာဏ်နှင့်ယှဉ်သော စိတ်များသာ ဖြစ်ထိုက်သည်၊ ထို့ကြောင့် မနော ဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈-ပါးတို့တွင် တပါးပါးကသာ စောရသည်၊ ဤ ဇောများကိုပင် ''ဥပစာရ သမာဓိဇောများ'' ဟု ခေါ်ကြသည်၊ (ဥပစာရ—ဈာန် မဂ် ဖိုလ်တို့၏ အနီး ဥပစာ၌ ဖြစ်သော+သမာဓိ—တည်ကြည်သောဇောများ။)

ယောဂီပုဂ္ဂိုလ်သည်=

''၁။ မန္ဒပညာပုဂ္ဂိုလ်=နုံ့သော ညံ့သော ပညာရှိသူ၊

၂။ တိက္ခပညာပုဂ္ဂိုလ်=ထက်မြက်သော ပညာရှိသူ'' ဟု ၂-မျိုးရှိ၏၊

မန္ဒပညာပုဂ္ဂိုလ်၌ အသိဉာဏ် နုံ့နှေးသောကြောင့် ဥပစာရသမာဓိဇော ၄-ကြိမ်စောမှ ကိစ္စပြီး၏၊ ထို့နောက် ၅-ကြိမ်မြောက်မှာ အပ္ပနာဇော စော

## ကာမဇောနောင် အပ္ပနာဇော စောပုံ

**၂၂။ တတ္ထ၊ ထိုအပ္ပနာဇောဝါရ၌။ သောမနဿ သဟဂတ ဇဝနစ-နန္တရံ၊ သောမနဿသဟဂုတ်ဇော၏ အခြားမဲ့၌။ အပ္ပနာပိ၊ အပ္ပနာဇော ကိုလည်း။ သောမနဿ သဟဂတာဝ၊ သောမနဿသဟဂုတ် အပ္ပနာဇော ကိုသာ။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိထိုက်၏။ ဥပေက္ခာ သဟဂတ ဇဝနာနန္တရံ၊ ဥပေက္ခာသဟဂုတ်ဇော၏ အခြားမဲ့၌။ အပ္ပနာပိ၊ ကိုလည်း။ ဥပေက္ခာ သဟဂတာဝ၊ ဥပေက္ခာသဟဂုတ် အပ္ပနာဇောကိုသာ။ ပါဋိကင်္ခိတဗ္ဗာ၊ အလို ရှိထိုက်၏။**

---

ရသည်၊ တိက္ခပညာပုဂ္ဂိုလ်၌ အသိဉာဏ် လျင်မြန်သောကြောင့် ဥပစာရ သမာဓိဇောများ ၃-ကြိမ်စောရုံမျှဖြင့် ကိစ္စပြီးနိုင်သည်၊ ထို့နောက် ၄-ကြိမ် မြောက်မှာ အပ္ပနာဇောများ စောရသည်၊ ဤကား ယထာရဟစောပုံတည်း။

ယင်းသို့ အပ္ပနာအစဉ်သို့ သက်ရောက်ရခြင်းမှာလည်း ဈာန်ရအောင် အားထုတ်သော ပုဂ္ဂိုလ်က မိမိ၏ သမထ ဘာဝနာစိတ်ကို ဈာန်သို့ ရောက် အောင် ရှေးရှုဆောင်ခြင်း, မဂ်ရအောင် အားထုတ်သော သူကလည်း မိမိ၏ ဝိပဿနာ ဘာဝနာစိတ်ကို မဂ်, ဖိုလ်သို့ ရောက်အောင် ရှေးရှုဆောင်ခြင်းတို့၏ စွမ်းအင်သတ္တိကြောင့် သက်ရောက်ရခြင်း ဖြစ်ပေသည်။

ဤစကားရပ်များဖြင့်အပ္ပနာဇောများ ဖြစ်ပုံမသိသာ မထင်ရှားသေးပါ၊ ဇဝန နိယမ လာ "အာဒိကမ္မိကဿပန" အစရှိသော စကားရပ်များနှင့် ညှိနှိုင်းတွဲစပ် ကြည့်ရှုမှသာ သိသာ ထင်ရှားလာပါလိမ့်မည်၊ ထို့ကြောင့် ဝီထိများကို ဇဝန နိယမသို့ ရောက်မှ ပြပါမည်၊ သို့သော် ဤနေရာ၌ အမှတ်ရ လွယ်ကူစေရန် မန္ဒပညာပုဂ္ဂိုလ်, တိက္ခပညာပုဂ္ဂိုလ်တို့၏ အစဆုံး ရအပ်သော (အာဒိကမ္မိက) ဈာနဝီထိတခုမျှကို ပြပါမည်။

ဘ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ　　(မန္ဒ)
ဘ န ဒ မ ဥ နု ဂေါ ဈာန် ဘ ဘ　　(တိက္ခ)

ဤအပ္ပနာ ဇောဝါရ၌ ထင်လာသော အာရုံသည် ကသိုဏ်းပညတ် စသောအာရုံ, နိဗ္ဗာန်အာရုံများ ဖြစ်သောကြောင့် အတီတဘဝင်ချဖွယ်လည်း မလိုပါ။

(ပ=ပရိကံ၊ ဥ=ဥပစာ၊ နု=အနုလုံ၊ ဂေါ=ဂေါတြဘူ။)

၂၂။ 'တတ္ထ' အစရှိသော စကားရပ်ဖြင့် ဥပစာရသမာဓိဇောနှင့် အပ္ပနာ ဇောတို့ကို ဝေဒနာဘေဒဖြင့် ခွဲဝေ သတ်မှတ်ပြသည်။

**တတ္ထာပိ၊ ထိုတူသော ဝေဒနာရှိသော ဇောဝါရ၌လည်း။ ကုသလ ဇဝနာနန္တရံ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇော ၄-ခုတို့၏ အခြားမဲ့၌။ ကုသလ ဇဝနဋ္ဌေ၀၊ မဟဂ္ဂုတ် လောကုတ္တရာ ကုသိုလ်ဇောသည်ရင်း။ ဟေဋ္ဌိမံ၊ အောက်ဖြစ်သော။ ဖလတ္တယဥ္စ၊ ဖိုလ်ဇော ၃-ခုအပေါင်းသည် ရင်း။ အပ္ပေတိ၊ အပ္ပနာဖြစ်၏။ ကြိယ ဇဝနာနန္တရံ၊ မဟာကြိယာ ဉာဏ သမ္ပယုတ်ဇော ၄-ခုတို့၏ အခြားမဲ့၌။ ကြိယဇဝနဋ္ဌေ၀၊ မဟဂ္ဂုတ်ကြိယာ ဇောသည်ရင်း။ အရဟတ္တဖလဥ္စ၊ အရဟတ္တဖိုလ်ဇောသည်ရင်း၊ အပ္ပေတိ၊ အပ္ပနာဖြစ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။**

---

သောမနဿသဟဂုတ် ဥပစာရသမာဓိဇော၏ အခြားမဲ့မှာ သောမနဿ သဟဂုတ် အပ္ပနာဇောသာ စောသည်၊ ဥပေက္ခာသဟဂုတ် ဥပစာရသမာဓိ ဇော၏ အခြားမဲ့မှာလည်း ဥပေက္ခာသဟဂုတ် အပ္ပနာဇောသာ စောသည်၊ ''ဥပစာရသမာဓိဇောနှင့် အပ္ပနာဇောများသည် သောမနဿသဟဂုတ်ချင်း, ဥပေက္ခာသဟဂုတ်ချင်း ရှေ့,နောက် တူရမည်''ဟုဆိုလိုသည်။

မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿသဟဂုတ်ဇော ၄-ပါးတို့၏ နောက်၌ မဟဂ္ဂုတ် သောမနဿသဟဂုတ်ဇော ၈-ပါး၊ မဂ် သောမနဿသဟဂုတ်ဇော ၁၆-ပါး၊ ဖိုလ် သောမနဿသဟဂုတ်ဇော ၁၆-ပါး၊ ပေါင်း ၄၀-စောနိုင်သည်။ (သင်္ဂဟဂါထာ၌ ''ဒွတ္တိံသ သုခ ပုညမှာ၊ သုခိတကြိယ်တော အဋ္ဌ''တို့၏ အရ ဖြစ်လာ ပါလိမ့်မည်။)

မဟာကုသိုလ်,မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ပါးတို့၏ နောက်၌ မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ်ဇော ၁၀-ပါး၊ မဂ် ဥပေက္ခာသဟဂုတ်ဇော ၄-ပါး၊ ဖိုလ် ဥပေက္ခာသဟဂုတ်ဇော ၄-ပါး၊ ပေါင်း ၁၈-ပါး စောနိုင်သည်။ (သင်္ဂဟဂါထာ၌''ဒွါဒသောပေက္ခကာပရံ၊ ဆသမ္ဘောန္တိ ဥပေက္ခကာ''တို့၏ အရ ဖြစ်လာပါလိမ့်မည်၊ ဤသို့ ဝေဒနာ ဘေဒအားဖြင့် ဦးစွာ ဝေဖန်ထားပါ။

'တတ္ထာပိ'အစရှိသော စကားရပ်ဖြင့် ဥပစာရသမာဓိဇောနှင့် အပ္ပနာဇော တို့ကို ပုဂ္ဂိုလ်စိတ်ရ (ပုဂ္ဂလဘေဒ) အားဖြင့် သတ်မှတ်ပြသည်။

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ခုတို့၏ နောက်၌ မဟဂ္ဂုတ်, လော ကုတ္တရာ ကုသိုလ်ဇောနှင့် အောက်ဖိုလ် ၃-ခုသာ စောနိုင်သည်။ (ပုထုဇဉ် သေက္ခအတွက်။)

မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ခုနောက်၌ မဟဂ္ဂုတ်ကြိယာဇော နှင့် အရဟတ္တဖိုလ်ဇော စောနိုင်သည်။ (ရဟန္တာအတွက်။)

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ခုတို့၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ပါး၊ လောကုတ္တရာ ကုသိုလ်ဇော ၂၀၊ အောက်ဖိုလ်ဇော ၁၅-ပါး၊ ပေါင်း ၄၄-ပါး ဇောနိုင်သည်။ (သင်္ဂဟဂါထာ၌ "ပုထုဇ္ဇနာနသေက္ခာနံ, ကာမပုညတိဟေတုတော" ဟု ပြဆိုပါလိမ့်မည်။)

မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ပါးတို့၏ နောက်၌ မဟဂ္ဂုတ် ကြိယာဇော ၉-ပါး၊ အရဟတ္တဖိုလ်ဇော ၅-ပါး၊ ပေါင်း ၁၄-ပါး ဇောနိုင်သည်။ (သင်္ဂဟဂါထာ၌ "တိဟေတု ကာမ ကြိယတော, ဝီတရာ-ဂါနမပ္ပနာ" ဟု ပြဆိုပါလိမ့်မည်။)

ဤသို့ ပုဂ္ဂလ ဘေဒအားဖြင့်လည်း ခွဲစိတ် ဝေဖန်ထားပါ၊ ထို့နောက် ဝေဒနာဘေဒနှင့် ပုဂ္ဂလဘေဒတို့ကို တွဲစပ် ခွဲစိတ် ဝေဖန်ပုံကို ပြပါမည်။

## ဝေဒနာဘေဒနှင့် ပုဂ္ဂလဘေဒတို့ကို တွဲစပ်ဝေဖန်ပုံ

| ဥပစာရ သမာဓိ ဇောများ | မဟဂ္ဂုတ် ▸ ၁၈ | | | | လောကုတ္တရာ ▸ ၄၀ | | | | | | ၂ ▸ ဆင့်ခွဲ | ပုဂ္ဂလဘေဒ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကုသိုလ် | | ကြိယာ | | မဂ် | | အောက်ဖိုလ် | | အရဟတ္တဖိုလ် | | | |
| | သော ၄ | ဥ ၅ | သော ၄ | ဥ ၅ | သော ၁၆ | ဥ ၄ | သော ၁၂ | ဥ ၃ | သော ၄ | ဥ ၁ | | |
| မဟာကု×သံ×သော ၂ | ။ | | | | ။ | | ။ | | | | ၃၂ | ၄၄ |
| မဟာကု×သံ×ဥ ၂ | | ။ | | | | ။ | | ။ | | | ၁၂ | |
| မဟာကြိ×သံ×သော ၂ | | | ။ | | | | | | ။ | | ၈ | ၁၄ |
| မဟာကြိ×သံ×ဥ ၂ | | | | ။ | | | | | | ။ | ၆ | |

မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿသဟဂုတ်ဇော ၂-ခု၏ နောက်၌ "မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် ၄-ပါး၊ မဂ် သောမနဿသဟဂုတ် ၁၆-ပါး၊ အောက်ဖိုလ် သောမနဿသဟဂုတ် ၁၂-ပါး" အားဖြင့် ၃၂-ပါးသော အပ္ပနာဇောတို့ ဖြစ်နိုင်သည်။ ('ဒွတ္တိံသ သုခပုညမှာ' ၏ အရဖြစ်သည်။)

မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ် ၂-ခု၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ပါး၊ မဂ် ဥပေက္ခာသဟဂုတ် ၄-ပါး၊ အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ၃-ပါး၊ ပေါင်း ၁၂-ပါးသော အပ္ပနာဇောတို့ ဖြစ်နိုင်သည်။ ('ဒွါဒသောပေက္ခကာ ပရံ' ၏ အရဖြစ်သည်။)

## သင်္ဂဟဂါထာများ

**၂၃။ သုခပုညမှာ၊ သောမနဿ သဟဂုတ် မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော ၂-ခုမှ။ ပရံ၊ နောက်၌။ ဒွတ္တိံသ။ ၃၂-ပါးသော အပ္ပနာဇောသည်။ သမ္ဘောတိ၊ ဖြစ်၏။ ဥပေက္ခကာ၊ ဥပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၂-ခုမှ၊ ပရံ၊ ၌။ ဒွါဒသ၊ ၁၂-ပါး သော အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ ဖြစ်ကုန်၏။ သုခိတ ကြိယတော၊ သောမနဿသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ် ဇော ၂-ခုမှ။ ပရံ၊ ၌။ အဋ္ဌ၊ ၈-ပါးသော အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ ကုန်၏။ ဥပေက္ခကာ၊ ဥပေက္ခာသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ် ဇော ၂-ခုမှ။ ပရံ၊ ၌။ ဆ ၆-ပါးသော အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ ကုန်၏။**

---

မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿသဟဂုတ်ဇော ၂-ခုမှ နောက်၌ မဟဂ္ဂုတ် ကြိယာ သောမနဿသဟဂုတ် ၄-ပါး၊ အရဟတ္တဖိုလ် သော-မနဿသဟဂုတ် ၄-ပါး၊ ပေါင်း ၈-ပါးသော အပ္ပနာဇောတို့ ဖြစ်နိုင်သည်။ ('သုခိတကြိယတော အဋ္ဌ'၏ အရတည်း။)

မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ် ၂-ခု၏ နောက်၌ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ၅-ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ် ၁-ပါး၊ ပေါင်း ၆-ပါးသော အပ္ပနာဇောတို့ ဖြစ်နိုင်သည်။ ('ဆသမ္ဘောန္တိ ဥပေက္ခကာ'၏အရတည်း။)

၂၃။ 'ဒွတ္တိံသသုခပုညမှာ'စသော ဂါထာသည် "တတ္ထ(ပ) အရဟတ္တ ဖလဉ္စ"ဟူသော အကျယ်စကား ၂ ရပ်ကို ကောက်ချက်ချကာ ပေါင်းယူ ပြထားသော သင်္ဂဟဂါထာ ဖြစ်သည်၊ အရကောက်မှာ ဆိုခဲ့ပြီးသည့်အတိုင်း ပင်ဖြစ်ပါသည်။

**ဆောင်။** ။ဟင်္ဂကု မဂ္ဂါ, အောက်ဖလာ, သောမှာ ဒွတ္တိံသ၊
ဟင်္ဂကု မဂ္ဂါ, အောက်ဖလာ, ဥမှာ ဒွါဒသ၊
မဟင်္ဂကြိယာ, ဆုံးဖလာ, သောမှာ အဋ္ဌမျှ၊
မဟင်္ဂကြိယာ, ဆုံးဖလာ, ဥမှာ ဆအရ။

**၂၄။ ပုထုဇ္ဇနာနံ၊ တိဟိတ်ပုထုဇဥ် ပုဂ္ဂိုလ်တို့၏ရင်း။ သေက္ခာနံ၊ အောက်ဖလဋ္ဌာန် ၃-ယောက်တို့၏ရင်း။ ကာမ ပုည တိဟေတုတော၊ တိဟိတ် ကာမကုသိုလ် ၄-ခုမှ။ ပရံ၊ ၌။ (စတုစတ္တာလီသ၊ ၄၄-ပါးသော။)အပ္ပနာ၊ အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ ကုန်၏။ ဝီတရာဂါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တိဟေတု ကာမ ကြိယတော၊ တိဟိတ် ကာမ ကြိယာ ၄-ခုမှ။ ပရံ၊ ၌။ (စုဒ္ဒသ၊ ၁၄-ပါးကုန်သော။) အပ္ပနာ၊ တို့သည်။ သမ္ဘောန္တိ၊ ကုန်၏။**

**အယံ၊ ဤဆိုအပ်ပြီးသော စကားသည်။ ဧတ္ထ၊ ဤ ဝီထိသင်္ဂဟ၌။ မနောဒွါရေ၊ မနောဒွါရ၌။ ဝီထိစိတ္တပ္ပဝတ္တိ နယော၊ ဝီထိစိတ်တို့၏ ဖြစ်ပုံ နည်းတည်း။**

---

၂၄။ 'ပုထုဇ္ဇနာနသေက္ခာနံ'စသော ဂါထာသည်'တတ္ထ'စသောအကျယ် စကားရပ်ကို အကျဉ်းချုံးကာ ပေါင်းယူပြထားသော သင်္ဂဟဂါထာဖြစ် သည်၊ အပေါင်း သရုပ် အဓိပ္ပါယ်တို့မှာ အကျယ်စကားရပ်၌ ပြဆိုခဲ့သည့် အတိုင်းပင် ဖြစ်သည်။

''ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်'' ဟု ပုထုဇဉ်ပုဂ္ဂိုလ် ၄-မျိုးရှိသည်၊ မဂ္ဂဋ္ဌာန် ၄-ယောက်, အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက် တို့ကို ''သေက္ခပုဂ္ဂိုလ်'' ဟု ခေါ်သည်၊ သို့သော် ဒုဂ္ဂတိအဟိတ်, သုဂတိ အဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့မှာ အပ္ပနာဇောများ မဖြစ်နိုင်၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် များမှာလည်း သက်ဆိုင်ရာ မဂ်စိတ်တခုစီမျှသာ ဖြစ်သည်၊ ကာမကုသိုလ်များ ဖြစ်ခွင့်မရှိ၊ ထို့ကြောင့် 'ပုထုဇ္ဇနာနသေက္ခာနံ'၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့ကိုသာ ယူရသည်။

ထိုတွင် တိဟိတ်ပုထုဇဉ်အဖြစ်၌ မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉-ပါးကို ရနိုင် သည်၊ သောတာပတ္တိမဂ်ကိုလည်း ရနိုင်သည်၊ ထို့ကြောင့် တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနောက်၌ မဟဂ္ဂုတ် ကုသိုလ်ဇော ၉-ပါး သောတာပတ္တိမဂ်ဇော ၅-ပါး ပေါင်း ၁၄-ပါးသော အပ္ပနာဇောများ စောခွင့်ရှိသည်။ ယင်းကိုပင်—

၁။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ သဟဂုတ်ဇော ၂-ခုနောက်၌ မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ပါး သောတာပတ္တိမဂ် သောမနဿ ၄-ပါး၊ ပေါင်း ၈-ပါးသော အပ္ပနာဇောများ စောခွင့်ရှိသည်။

၂။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ်ဇော ၂-ခုနောက်၌ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ပါး၊ သောတာပတ္တိမဂ် ဥပေက္ခာသဟဂုတ် ၁-ပါး၊ ပေါင်း ၆-ပါးသော အပ္ပနာဇောများ စောခွင့်ရှိသည်၊ ဤသို့ ဝေဒနာဘေဒအားဖြင့်လည်း ထပ်မံ ခွဲနိုင်ပါသေးသည်။

သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်အဖြစ်၌ မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉-ပါးကို ရနိုင်သည်၊ ဖလသမာပတ်ဝင်စားသည့်အခါ သောတာပတ္တိ ဖိုလ်ဇောလည်း စောနိုင်သည်၊ သကဒါဂါမိမဂ်ကိုလည်း ရနိုင်သည်၊ ထို့ကြောင့် သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနောက်၌ ၁၉-ပါးသော အပ္ပနာဇောများ စောခွင့်ရှိသည်၊ ယင်းကိုပင်—

၁။ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ သဟဂုတ်ဇော ၂-ခုနောက်၌ မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ပါး သောတာပတ္တိဖိုလ် သောမနဿ ၄-ပါး၊ သကဒါဂါမိမဂ် သောမနဿ ၄-ပါး ပေါင်း ၁၂-ပါးသော အပ္ပနာဇောများ စောနိုင်သည်။

၂။ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာ သဟဂုတ်ဇော ၂-ခုနောက်၌ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ပါး၊ သောတာပတ္တိဖိုလ် ဥပေက္ခာသဟဂုတ် ၁-ပါး၊ သကဒါဂါမိမဂ် ဥပေက္ခာသဟဂုတ် ၁-ပါး၊ ပေါင်း ၇-ပါးသော အပ္ပနာဇောများ ဖြစ်နိုင်သည်၊ ဤသို့လည်း ဝေဒနာဘေဒအားဖြင့်ထပ်ဆင့်၍ ခွဲစိတ်ဝေဖန်နိုင်ပါသေးသည်။

သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်၏မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ခုနောက်၌လည်း မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ သကဒါဂါမိဖိုလ်ဇော ၅-ပါး၊ အနာဂါမိမဂ်ဇော ၅-ပါး၊ ပေါင်း ၁၉-ပါးသော အပ္ပနာဇောများ စောခွင့်ရှိသည်၊ ဝေဒနာ ဘေဒအားဖြင့်လည်း ထပ်ဆင့် ခွဲစိတ် ဝေဖန်ပါ၊ သိနိုင်လောက်ပါပြီ။

အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ခုနောက်၌လည်း မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ အနာဂါမိ ဖိုလ်ဇော ၅-ပါး၊ အရဟတ္တမဂ်ဇော ၅-ပါး၊ ပေါင်း ၁၉-ပါးသော အပ္ပနာဇောများ စောခွင့်ရှိသည်၊ ဝေဒနာ ဘေဒအားဖြင့်လည်း ထပ်ခွဲပါဦး။

## တဒါရမဏနိယမ

**၂၅။ ပန၊ ကား။ ဣဋ္ဌေ၊ ဣဋ္ဌဝိထိသင်္ဂဟာအရာ၌။ သဗ္ဗတ္ထာပိ၊ အလုံးစုံသော ပဉ္စဒွါရ,မနောဒွါရ၌လည်း။ အနိဋ္ဌေ၊ အနိဋ္ဌဖြစ်သော။ အာရမဏေ၊ အာရုံ၌။ အကုသလဝိပါကာနေဝ၊ အကုသလဝိပါက်သာလျှင်ဖြစ်ကုန်သော။ ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏတဒါရမဏာနိ၊ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။**

**၂၆။ ဣဋ္ဌေ၊ ဣဋ္ဌဖြစ်သော။ အာရမဏေ၊ အာရုံ၌။ ကုသလဝိပါကာနိ ဧဝ၊ ကုသလဝိပါက်သာလျှင် ဖြစ်ကုန်သော။ ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမဏာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ (လိုက်ပေးပါ။)**

**၂၇။ ဝန၊ ကား။ အတိဣဋ္ဌေ၊ အတိဣဋ္ဌဖြစ်သော။ အာရမဏေ၊ ၌။ သောမနဿ သဟဂတာနေဝ၊ သောမနဿသဟဂုတ်သာလျှင်ဖြစ်ကုန်သော။ သန္တီရဏ တဒါရမဏာနိ၊ သန္တီရဏ တဒါရုံတို့သည်။ ဟောန္တိ၊ ကုန်၏။**

---

"တိဟေတုကာမ ကြိယတော, ဝီတရာဂါနမပ္ပနာ"၌"ဝီတရာဂါနံ" အရ အရဟတ္တဖလ်ဋ္ဌာန် ပုဂ္ဂိုလ်ကို ယူရသည်၊ ထိုအရဟတ္တ ဖလဋ္ဌာန် (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ပါးနောက်မှာ မဟဂ္ဂုတ် ကြိယာ ၉-ပါး၊ အရဟတ္တ ဖိုလ်ဇော ၅-ပါး၊ ပေါင်း ၁၄-ပါးသာ ဇောခွင့် ရှိသည်၊ ဝေဒနာ ဘေဒအားဖြင့်ခွဲ ပုံကို ပြဆိုခဲ့ပြီးပါပြီ။

၂၅။ "မည်သည့်ဇောနောင် မည်သည့်တဒါရုံ ဖြစ်သည်" ဟု တဒါရုံကို ပိုင်းခြား သတ်မှတ်ပြရာ ဖြစ်သော အခန်းကို "တဒါရမဏနိယမ" ဟု ခေါ်သည်၊ ပဓာနနည်းအားဖြင့် "တဒါရမဏနိယမ" ဆိုသော်လည်း ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့ကိုလည်း ပိုင်းခြား မှတ်သား၍ ပြပါလိမ့်မည်။ (တဒါရမဏ—တဒါရုံကို+နိယမ—ပိုင်းခြားမှတ်သားရာ အခန်း။)

"သဗ္ဗတ္ထာပိ (ပ) သောမနဿ သဟဂတာနေဝ သန္တီရဏတဒါရမဏာနိ၊" ဟူသော စကားရပ်ဖြင့် ဝိပါက်အမှန် ဖြစ်ပုံကို ပြသည်။

ပဉ္စဒွါရ, မနောဒွါရ အကုန်လုံးမှာပင် အနိဋ္ဌာရုံ၌ အကုသလဝိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သာ ဖြစ်ကြသည်။

၂၆။ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလဝိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, ဥပေက္ခာ သန္တီရဏ, ဥပေက္ခာ တဒါရုံတို့သာ ဖြစ်ကြသည်။

၂၇။ အတိဣဋ္ဌာရုံ၌ ကုသလဝိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သောမနဿသန္တီရဏ, သောမနဿ တဒါရုံတို့သာ ဖြစ်ကြသည်။

**တတ္ထာပိ၊ ထိုတဒါရုံတို့တွင်လည်း။ သောမနဿ သဟဂတ ကြိယ ဇဝနာဝသာနေ၊ သောမနဿ သဟဂုတ် ကြိယာဇော၏ အဆုံး၌။ သော-မနဿ သဟဂတာနေဝ၊ သောမနဿ သဟဂုတ်သာလျှင် ဖြစ်ကုန်သော။ တဒါရမဏာနိ၊ တဒါရုံတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။**

**ဥပေက္ခာ သဟဂတ ကြိယ ဇဝနာဝသာနေစ၊ ဥပေက္ခာ သဟဂုတ် ကြိယာဇော၏ အဆုံး၌လည်း။ ဥပေက္ခာ သဟဂတာနေဝ၊ ဥပေက္ခာ သဟဂုတ်သာလျှင် ဖြစ်ကုန်သော။ တဒါရမဏာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။**

---

ထိုတွင် လူလတ်တန်းစားတို့ အလိုမရှိထိုက်သော အာရုံမျိုးကို ''အနိဋ္ဌာရုံ'' ဟု ခေါ်သည်၊ 'အသေကောင်ပုပ်, ကျင်ကြီး ကျင်ငယ်' စသော 'မကောင်းသော အဆင်း, မကောင်းသော အသံ, မကောင်းသော အနံ့, မကောင်းသော အရသာ' စသည်တို့ပင်တည်း၊ ယင်း အာရုံများကို အချို့သော သတ္တဝါများက လိုလား နှစ်သက်နေကြသော်လည်း စင်စစ်အားဖြင့် အလိုမရှိထိုက်သော အာရုံများသာ ဖြစ်ကြပေသည်။

ရှေးအကုသိုလ်ကံက ပဝတ္တိကျိုးကို ပေးသောကြောင့် ယင်း အနိဋ္ဌာရုံများနှင့် ဆုံတွေ့ကြရသည်၊ သို့ဖြစ်၍ 'စက္ခုဝိညာဏ်' စသော အကျိုး ဝိပါက်များမှာ အဟိတ်ကုသလ ဝိပါက်သာ ဖြစ်ကြရသည်၊ ဇောများမှာမူ 'ယောနိသော မနသိကာရ' စသည်အလိုက် ထိုက်သည် အားလျော်စွာ စေ့ဉပါလိမ့်မည်။

လူလတ်တန်းစား ပုဂ္ဂိုလ်တို့ သာမန် အလိုရှိအပ်သော အာရုံမျိုးကို ''ဣဋ္ဌမဇ္ဈတ္တာရုံ'' ခေါ်သည်၊ 'သာမန်လောက်သာ လှသော အဆင်း, သာယာသော အသံ, ကောင်းသော အနံ့, ကောင်းသော အရသာ' စသည်တို့တည်း၊ ရှေး ကာမဝစရ ကုသိုလ်ကံက ပဝတ္တိကျိုးကို ပေးသည့်အတွက်သာ ဤအာရုံမျိုးနှင့် တွေ့ကြုံရသည်၊ သို့ဖြစ်၍ 'စက္ခုဝိညာဏ်' စသော ဝိပါက်များသည် အဟိတ်ကုသလ ဝိပါက်နှင့် မဟာဝိပါက်တို့သာ ဖြစ်ကြရသည်၊ သို့သော် အတိဣဋ္ဌာရုံ၌ သောမနဿ သန္တီရဏ, တဒါရုံတို့ကို ပြဆိုထားသောကြောင့် ဤဣဋ္ဌမဇ္ဈတ္တာရုံ၌ သန္တီရဏ, တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်များသာ ဖြစ်ကြရသည်။

လူလတ်တန်းစား ပုဂ္ဂိုလ်တို့ အလွန်အလိုရှိထိုက်သော အာရုံမျိုးကို ''အတိဣဋ္ဌာရုံ'' ဟုခေါ်သည်၊ 'ဘုရားစသောအာရုံမျိုးနှင့် အလွန်လှပသော အဆင်း, အလွန်ကောင်းသောအသံ' စ သည်တို့တည်း၊ ဤအတိဣဋ္ဌာရုံနှင့် တွေ့ကြုံသော အခါ သန္တီရဏနှင့် တဒါရုံတို့သည် သောမနဿ သဟဂုတ်သာ ဖြစ်ကြရသည်၊

**၂၀။ ပန၊ ကား။ ဒေါမနဿ သဟဂတာ ဇဝနာဝသာနေစ၊ ဒေါမနဿ သဟဂုတ်ဇော၏ အဆုံး၌လည်း။ တဒါရမဏာနိစေဝ၊ တဒါရုံတို့သည်ရှင်း။ ဘဝင်္ဂါနိစ၊ ဘဝင်တို့သည်ရှင်း။ ဥပေက္ခာ သဟဂတာနေဝ၊ ဥပေက္ခာ သဟဂုတ်တို့ချည်းသာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သောမနဿ ပဋိသန္ဓိကဿ၊ သောမနဿ ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်၏။ ဒေါမနဿသဟဂတဇဝနာဝသာနေ၊ ဒေါမနဿ သဟဂုတ်ဇော၏အဆုံး၌။ တဒါရမဏ သမ္ဘဝေ၊ တဒါရုံ၏ ဖြစ်သင့်ခြင်းသည်။ ယဒိ နတ္ထိ၊ အကယ်၍ မရှိအံ့။ (ဝေံသတိ၊ ဤသို့ မရှိသည်ရှိသော်။) တဒါ၊ ထိုအခါ၌။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ ပရိစိတ ပုဗ္ဗံ၊ ရှေး၌ လေ့ကျင့် အပ်ဘူးသော။ ပရိတ္တာရမဏံ၊ ကာမအာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပေက္ခာ သဟဂတ သန္တီရဏံ၊ ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်ကို။ အနန္တရိတွာ၊ အခြားမဲ့ပြု၍။ ဘဝင်္ဂ ပါတောဝ၊ သောမနဿ ဘဝင်ကျရခြင်းသည်သာ။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။**

---

ဤသို့ အာရုံ အားလျော်စွာ ဝေဒနာယှဉ်ပုံ မြဲသည် မှန်ကန်သည်ကိုပင် "ဝိပါက်အမှန်" ဟု ခေါ်သည်။

"တတ္ထာပိ (ပ) အာစရိယာ" ဟူသော စကားရပ်ဖြင့် ထိုထို ဇောနောင် ဖြစ်သင့်သော တဒါရုံကို သတ်မှတ်ပြသည်။

သောမနဿ သဟဂုတ်ကြီယာဇော (၅-ခု)၏ အဆုံးမှာ သောမနဿ သဟဂုတ်တဒါရုံ (၅-ပါး) ဖြစ်သည်။ (အတိဣဋ္ဌာရုံ၊ ဝိပါက်လည်း အမှန်၊ ဇော လည်း အမှန်။)

ဥပေက္ခာ သဟဂုတ်ကြီယာဇော (၄-ခု) ၏ အဆုံးမှာလည်း ဥပေက္ခာ သဟဂုတ် တဒါရုံ (၆-ပါး)သာ ဖြစ်သည်၊ အနိဋ္ဌာရုံနှင့် ဣဋ္ဌမဇ္ဈတ္တာရုံ၊ ဝိပါက်လည်း အမှန်၊ ဇောလည်းအမှန်။)

ဇောရော ဝိပါက်ပါ အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မှန်ကန် (မြဲ) သောကြောင့် "ဝိပါက်လည်း အမှန် ဇောလည်း အမှန်" ဟု ဆိုရသည်။

၂၀။ ဒေါမနဿ သဟပုတ်ဇော၏ အဆုံး၌လည်း ဥက္ခောတဒါရုံ ၆-ပါး သာ ဖြစ်ရသည်၊ တဒါရုံမဖြစ်ပဲ ဘဝင်ကျပြန်လျှင်လည်း ဥပေက္ခာ သဟ ဂုတ်ဘဝင်သာ ကျရမည်။ (ဇော့အပြန်။)

ထို့ကြောင့် သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇော၏အဆုံးမှာ အကြောင်း တစုံတရာကြောင့် **တဒါရုံ** ဖြစ်ခွင့် မရခဲ့ပါလျှင် ရှေ့က အလေ့အလာများသော ကာမအာရုံ တပါးပါးကို အာရုံပြုလျက် ဥပေက္ခာ သဟဂုတ်သန္တီရဏစိတ်က အာဂန္တုက ဘဝင်ကိစ္စတပ်၍ ဖြစ်ပေးရသည်၊ ထို့နောက် သောမနဿဘဝင် ကျခွင့် ရတော့သည်၊ ဤသို့ အဋ္ဌကထာဆရာများ မိန့်ဆိုကြသည်။

ထိုတွင် သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်မှာ ဖြစ်ရိုး ဖြစ်စဉ် ဘဝင်လည်း သောမနဿ ဘဝင်ပင် ဖြစ်ရမည်၊ မှန်ပါသည်=တဘဝ၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် တမျိုးတည်းသာ ဖြစ်ကြရသည်၊ ထို့ကြောင့်သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သောသူ၏ သန္တာန်၌ ဒေါသဇော၏ အဆုံးမှာ အကြောင်း တစုံတရာကြောင့် တဒါရုံ ဖြစ်ခွင့် မရခဲ့ပါလျှင် ဘဝင် ကျရပေလိမ့်မည်၊ ထိုကျရမည့် ဘဝင်သည် သောမနဿ ဘဝင် ဖြစ်သည့် အတွက် ဒေါသဇောနှင့် ဆန့်ကျင်သည်၊ ဇောအားလျော်စွာ ဥပေက္ခာဘဝင် ဖြစ်ရမည် ဆိုပြန်လျှင်လည်း မူလပဋိသန္ဓေနှင့် ဆန့်ကျင်သည်၊ ဤသို့ တဒါရုံလည်း ဖြစ်ခွင့်မရ ဘဝင်လည်းမကျသာပဲ အခက်ကြုံနေသည့်အခါ ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုက ဘဝင်ကိစ္စတပ်၍ ဖြစ်ပေးရသည်။

## အာဂန္တုက ဘဝင်ကျသောဝီထိ

တီ န ဒ ပဉ် စက် သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ *ဘ* ဘ ဘ၊ (စက္ခုဒွါရ။)

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ*ဘ* ဘ ဘ ဘ၊ (မနောဒွါရ။)

ဆိုခဲ့ပြီးသည်မှ ကြွင်းသော လောဘမူဇော ၈-ပါး၊ မောဟမူဇော ၂-ပါး မဟာကုသိုလ်ဇော ၈-ပါး၊ ပေါင်း ၁၈-ပါးသောဇောတို့၏ နောက်၌ တဒါရုံ ၁၁-ပါးလုံးပင် ဖြစ်ခွင့်ရှိသည်။

**ဆောင်**။ ။ဥပေက် ကြိယာ, ဒေါသာခြောက်နောက်, တဒါခြောက်တည်း၊ ကြိ သောနောက်ငါး, ကြွင်းငြားဆယ့်ရှစ်, နောင်ဇောဖြစ်သည် ......ဆယ့်တစ် . တဒါရုံ ပေါင်းတည်း။

**တနည်း**။ ။ဥ ကြိယ၊ ဒေါသ၏ နောက်မှာ၊
တဒါရုံ—ဖြစ်လာ ရောက်တယ်၊ ခြောက် ဥပေက္ခာ၊
ကြိ သောနောက်—ငါး တဒါ၊ ဖြစ်ရပါသောမနသ်၊
ကြွင်း နောက်ဝယ်—တဆယ်တစ်ငယ်၊ ဖြစ်၏ မချွတ်။

## တဒါရုံအင်္ဂါ

**၂၉။ တထာ၊ ထိုမှတပါး။ ကာမာဝစရ ဇဝနာဝသာနေ ဝေ၊ ကာမာဝစရဇော၏ အဆုံး၌သာလျှင်။ ကာမာဝစရ သတ္တာနံ ဝေ၊ ကာမာဝစရ သတ္တဝါတို့၏ သန္တာန်၌သာလျှင်။ အာရမဏ ဘူတေသု၊ အာရုံဖြစ်၍ ဖြစ်ကုန်သော။ ကာမာဝစရ ဓမ္မေသ္ဝေ၊ ကာမာဝစရ တရားတို့၌သာလျှင်။ တဒါရမဏံ၊ တဒါရုံကို။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ ဣတိ၊ တဒါရမဏနိယာမ အပြီးတည်း။**

**၃၀။ ကာမေ၊ ကာမဘုံ၌။ (ပရိယာပန္နာနံ၊ အကျုံးဝင်ကုန်သော။) ဇဝန သတ္တာလမ္ဗဏာနံ၊ ဇော သတ္တဝါ အာရုံတို့၏။ နိယမေ၊ အမှတ်အသားသည်။ သတိ၊ ရှိသသော်။ ဝိဘူတေ၊ ဝိဘူတာရုံ၌ရင်း။ အတိမဟန္တေစ၊ အတိမဟန္တာရုံ၌ရင်း။ တဒါရမဏံ၊ တဒါရုံကို။ ဤရိတံ၊ ဆိုအပ်၏။**

---

ထို့ပြင် ကာမာဝစရ ကုသိုလ်ဇော့နှင့် အကုသိုလ်ဇောတို့၌ အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မမြဲပါ၊ မမှန်ကန်ပါ၊ ထိုဇောတို့၏ ရှေ့, နောက်၌ ဖြစ်ကြရသော ဝိပါက်စိတ်တို့၌သာ ဝေဒနာယှဉ်ပုံ မြဲပါသည်၊ မှန်ကန်ပါသည်၊ ထို့ကြောင့် ''ဝိပါက်အမှန် ဇောအပြန်'' ဟုလည်း ဆိုကြပါသေးသည်။

**ဆောင်။** ။အာရုံလျော်စွာ, ဝေဒနာတို့, ဝိပါကိရိ, ယှဉ်ပါဘိ၍, 'ဝိ' လည်း အမှန်, ဇောအမှန်တည်း၊ ယှဉ်ဟန် ကုသိုလ်, အကုသိုလ် ဝယ်, ထိုထို ဝေဒနာ, မမှန်ပါပဲ, 'ဝိ' မှာ မှန်ကန်, ဇောအပြန်သည်........'ဝိ' မှန် ခေါ် ဆိုကြရိုးတည်း။

**တနည်း။** ။အာရုံလိုက်၊ ယှဉ်ထိုက်သည့် 'ဝေ'နှစ်တန်၊
ဝိ ကြိမှာ—မှန်ပါဘိတယ်၊ 'ဝိ' ဇော အမှန်၊
ကု အကု—ယှဉ် ဖောက်ပြန်၊ 'ဝိ'မှန်ကန် ထောက်ထား၊
ဝိပါက် မှန်—ဇောပြန် မှတ်လိုရယ်၊ ဆုံးဖြတ် အများ။

၂၉။ 'တထာ ကာမာဝစရ ဇဝနာဝသာနေ' အစရှိသော စကားရပ်ဖြင့် တဒါရုံကျကြောင်း အင်္ဂါကို ပြသည်။

၃၀။ 'ကာမေ' အစရှိသော ဂါထာဖြင့် ယင်း တဒါရုံအင်္ဂါပြ စကားရပ်ကိုပင် အကျဉ်းချုံး၍ ပေါင်းယူ ရေတွက် ပြထားသည်၊ သို့ဖြစ်၍ စကား ၂-ရပ်၏ အဓိပ္ပါယ်ကို တပေါင်းတည်း ပြပါမည်။

**တွေ ၊ ဤဝီထိသင်္ဂဟ၌၊ အယံ၊ ဤဆိုအပ်ပြီးသည်ကား၊ တဒါရမဏနိယမော၊ တဒါရုံကို မှတ်သားခြင်းတည်း။**

**ဇဝနနိယမ**

**၃၁။ စ၊ အဖို့တပါးကား၊ ဇဝနေသု၊ ဇောတို့တွင်၊ ပရိတ္တ ဇဝနဝီထိယံ၊ ကာမဇော ဝီထိ၌၊ ကာမာဝစရ ဇဝနာနိ၊ ကာမာဝစရဇောတို့သည်၊ သတ္တက္ခတ္တုံ၊ ဧဝ၀ါ၊ ခုနစ်ကြိမ်သာလျှင်သော်၎င်း၊ ဆက္ခတ္တုံမေဝဝါ၊ ခြောက်ကြိမ်သာလျှင်သော်၎င်း။ ဇဝန္တိ၊ စောကုန်၏။**

**၃၂။ ပန၊ ကား။ မန္ဒပ္ပဝတ္တိယံ၊ အဟုန်ရော့ရဲ နုံနုံနဲ့ဖြစ်ရာအခါ၌။ ဝါ၊ ဖြစ်ခြင်းကြောင့်။ မရဏကာလာဒီသု၊ စုတေခါနီးကာလ အစရှိသည်တို့၌။ ပဥ္စဝါရမေဝ၊ ငါးကြိမ်သာလျှင်။ ဇဝန္တိ၊ စောကုန်၏။**

---

ဝိဘူတာရုံအတိ မဟန္တာရုံဝီထိ၌—

၁။ ကာမဇော ဖြစ်ခြင်း၊

၂။ ကာမသတ္တဝါ ဖြစ်ခြင်း၊

၃။ ကာမအာရုံ ဖြစ်ခြင်း၊

ဤအင်္ဂါ ၃-ချက်စုံမှ တဒါရုံကျနိုင်သည်—ဟု ဆိုလိုပါသည်။-

၃၁။ ဇောတို့ကို ပိုင်းခြားမှတ်သား၍ ပြရာ စကားရပ်ကို ''ဇဝနနိယမ'' ဟု ခေါ်သည်။

''ဇဝနေသုစ (ပ) ဝဒန္တိ''ဟူသော စကားရပ်ဖြင့် ကာမာဝစရဇောတို့ကို ပိုင်းခြား သတ်မှတ် ပြသည်၊ 'ဇဝန္တိ' တိုင်အောင်သော စကားရပ်ဖြင့် ပကတိ ရှိးရာအခါမှာ စောပုံကို ပြသည်၊ မန္ဒပ္ပဝတ္တိယံ' စသော နောက်စကားရပ်ဖြင့် ဝိကတိ (ရှိးရာ မဟုတ်သော) အခါမှာ စောပုံကို ပြသည်။

ကာမာဝစရ ဇောတို့သည် ပကတိ ရှိးရာအခါမှာ ၇-ကြိမ်သော်လည်း စောနိုင်သည်၊ ၆-ကြိမ်သော်လည်း စောနိုင်သည်၊ ၇-ကြိမ်ထက် ပို၍လည်း မစောနိုင်၊ ၆-ကြိမ်အောက် လျော့၍လည်း မစောနိုင်၊ ဤအဓိပ္ပါယ်ကို 'ဆက္ခတ္တုံမေဝ ဝါ'၌ ပါသော 'ဧဝ' သဒ္ဒါဖြင့် ပြသည်။

၃၂။ မိုရာ ဝတ္ထုရုပ် အားနည်း၍ စိတ်ဇော အားသေးသည့်အတွက် စုတေခါနီးကာလ စသည်တို့၌ ၅-ကြိမ်သာ စောသည်။

ထိုတွင် မရဏကာလာဒီသု လာ 'အာဒိ' သဒ္ဒါဖြင့်—

၁။ မုစ္ဆာကာလ =ထိခိုက် ဒဏ်ရာရမှု, ရေနစ်မွန်းမှု စသည်တို့ကြောင့်တွေဝေမိန်းမော သေငယ်ဇောဖြင့် မေ့မျော၍ နေသည့်အခါမျိုး၊

**၃၃။ ပန၊ ကား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယမကပါဋိဟာရိယ ကာလာဒီသု၊ ရေမီးအစုံ ဖြစ်သော တန်ခိုးပြာဋိဟာကို ပြရာကာလ အစ ရှိသည်တို့၌။ လဟုကပ္ပဝတ္တိယံ၊ လျင်မြန်စွာ ဖြစ်ရာအခါ၌။ ဝါ၊ လျင်မြန် စွာ ဖြစ်ရခြင်းကြောင့်။ စတ္တာရိဝါ၊ လေးကြိမ်သော်လည်း ဖြစ်ကုန်သော။ ပဉ္စဝါ၊ ငါးကြိမ်သော်လည်း ဖြစ်ကုန်သော။ ပစ္စဝေက္ခဏစိတ္တာနိ၊ ပစ္စဝေ- က္ခဏာဇောစိတ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိပိ၊ ဤသို့လည်း။ ဝဒန္တိ၊ အဋ္ဌကထာဆရာတို့ဆိုကြကုန်၏။**

**၃၄။ ပန၊ ကား။ အာဒိကမ္မိကဿ၊ အစဆုံး ကမ္မဋ္ဌာန်းအားထုတ်မှု၌ ယှဉ်သော ပုဂ္ဂိုလ်၏။ ပဌမကပ္ပနာယံ၊ ရှေးဦးစွာ ဖြစ်သော အပ္ပနာ၌။ မဟဂ္ဂတဇဝနာနိ၊ မဟဂ္ဂုတ်ဇောတို့သည်။ ကေဝါလမေဝ၊ တကြိမ်သာလျှင်။**

---

၂။ ဝိသညီဘူတ=သတိကင်း၍ မေ့နေရာ အခါမျိုး၊

၃။ အတိတရုဏကာလ=မွေးဖွါးခါစ အခါမျိုး စသည်တို့ကိုယူရသည်။

**ဆောင်။** ။တွေ့ဝေ မိန်းမော, သေငယ်ဇောဖြင့်, မေ့မျောတသင်း, သတိကင်း၍, မေ့ခြင်းတဖြာ, မွေးဖွားခါစ, စသည်ကိုမျှ, မရဏ ကာလာ, ဒိဖြင့်သာ, ယူရာသင့်မြတ်လှ။

**တနည်း။** ။တွေ့မိန်းမော၊ မေ့မျော၍ နေရာ၊
မေ့ပျောက်နေ—သတိယွင်းတယ်၊ မွေးကင်းစခါ၊
ဤသို့လာ၊ စသောခါ ကာလ၊
မရဏာ—ကာလာဒိဝယ်၊ ယူဘိသင့်လှ။

၃၃။ ဘုရားရှင်၏ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို, ပြရာကာလ အစရှိသည်တို့၌ လျင်မြန်စွာ ဖြစ်ရသည့်အတွက် ပစ္စဝေက္ခဏာဇောများ ၄-ကြိမ်သော်လည်း စောနိုင်သည်၊ ၅-ကြိမ်သော်လည်း စောနိုင်သည်။

လျင်မြန်စွာ ဖြစ်ရာအခါမျိုး မဟုတ်လျှင်ကား ၇-ကြိမ်ပင် စောနိုင်သည်၊ ''တိက္ခိန္ဒြိယ (ထက်သောပညိန္ဒြေရှိသူ) အတွက် ၄-ကြိမ်, မုဒိန္ဒြိယ (နုသော ပညိန္ဒြေရှိသူ) အတွက် ၅-ကြိမ်'' ဟု၎င်း ''ဘုရားရှင်အတွက် ၄-ကြိမ်, သာဝ ကများအတွက် ၅-ကြိမ်'' ဟု၎င်း ယူကြသေးသည်၊ (ဋီထိုများမှာ သိသာ ထင်ရှားပါပြီ။)

၃၄။ 'အာဒိကမ္မိကဿ ပန' အစရှိသော စကားရပ်ဖြင့် အပ္ပနာဇော များကို သတ်မှတ်ပြသည်။

**ဇဝန္တိ၊ ကုန်၏။ အဘိညာဇဝနာနိစ၊ အဘိညာဥ်ဇောတို့သည်လည်း။ သဗ္ဗဒါပိ၊ အခါခပ်သိမ်းလည်း။ ကေဝါရမေဝ၊ သာလျှင်။ ဇဝန္တိ၊ကုန်၏။ တတော၊ ထိုတကြိမ်မှ။ ပရံ၊ ၌။ ဘဝင်္ဂပါတော၊ သည်။ ဟောတိ၊ ၏။**

**၃၅။ ပန၊ ကား။ စေတ္တာရော၊ ၄-ပါးကုန်သော။ မဂ္ဂုပ္ပါဒါ၊ ဥပါဒ်သောမဂ်တို့သည်။ ဧကစိတ္တက္ခဏိကာ၊ တခုသော စိတ္တက္ခဏရှိကုန်၏။ တတော၊ ထိုတကြိမ်မှ။ ပရံ၊ ၌။ ဒွေ တီဏိ ဖလစိတ္တာနိ၊ ၂-ကြိမ်, ၃-ကြိမ်သော ဖိုလ်စိတ်တို့သည်။ ယထာရဟံ၊ မန္ဒ, တိက္ခပုဂ္ဂိုလ်အလိုက်ထိုက်သည်အားလျော်စွာ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုဖိုလ်ဇောမှ။ ပရံ၊ ၌။ ဘဝင်္ဂပါတော၊ သည်။ ဟောတိ၊ ၏။**

---

ကမ္မဋ္ဌာန်းအားထုတ်စ ပုဂ္ဂိုလ်၏ ပဌမဆုံးရသော မဟဂ္ဂုတ်ဈာန်ဇောများသည် တကြိမ်သာ စောကြသည်။

ထိုထို ဈာန်အတွက် အစဦးဆုံး အားထုတ်သော ပုဂ္ဂိုလ်ကို "အာဒိကမ္မိကပုဂ္ဂိုလ်" ဟု ခေါ်သည်၊ ပဌမဈာန် စသည်တို့ကို ရပြီးနောက် ဒုတိယဈာန် စသည်တို့ကို အားထုတ်ပြန်လျှင်လည်း အာဒိကမ္မိကပင် ဖြစ်သည်။ (အာဒိ—အစဆုံး+ကမ္မ—ကမ္မဋ္ဌာန်းအားထုတ်မှု,ဈာန်ရမှု၌+ဣက—ယှဉ်သောပုဂ္ဂိုလ်။)

ပဌမအကြိမ်ဖြစ်သော အပ္ပနာသည် "ပဌမကပ္ပနာ" မည်သည်၊ ရှေးဦးဆုံးဖြစ်သော ဈာန်-ဟု ဆိုသည်။

**အာဒိကမ္မိကဈာနဝီထိ**

မန္ဒ — ဘ န ဒ, မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ
တိက္ခ— ဘ န ဒ မ ဥ နု ဂေါ ဈာန် ဘ ဘ ဘ ဘ

အဘိညာဉ်ဇောတို့မူကား ပဌမရစအခါမှာ ဖြစ်စေ, နောက်အခါမှာ ဖြစ်စေ, အခါခပ်သိမ်း တကြိမ်သာ စောသည်၊ အဘိညာဉ်အပြားနှင့် အဘိညာဉ်ဝီထိ ဖြစ်စဉ်ကို ကမ္မဋ္ဌာန်းပိုင်း၌ ရှုပါ၊ ဤနေရာ၌ ဝီထိပုံစံမျှသာ ပြသည်။

**အဘိညာဉ်ဝီထိ**

မန္ဒ — ဘ န ဒ မ ပ ဥ နု ဂေါ ဘိံ ဘ ဘ ဘ ဘ
တိက္ခ ဘ န ဒ မ ဥ နု ဂေါ ဘိံ ဘ ဘ ဘ ဘ ဘ

၃၅။ မဂ်ဇောတို့သည် တကြိမ်သာ ဖြစ်ရိုးရှိသည်၊ တကြိမ်ဖြစ်ပြီးသည့်နောက် မန္ဒပညာပုဂ္ဂိုလ်၌ ဖိုလ်ဇော ၂-ကြိမ်, တိက္ခပညာပုဂ္ဂိုလ်၌ ဖိုလ်ဇော ၃-ကြိမ် ဆက်စောသည်၊ ထို့နောက် ဘဝင်ကျရတော့သည်။

**၃၆။ နိရောဓသမာပတ္တိကာလေ၊ နိရောဓသမာပတ်ကို ဝင်စားခါနီး ကာလ၌။ ဒွိက္ခတ္တုံ၊ ၂-ကြိမ်။ စတုတ္ထာရုပ္ပဇဝနံ၊ စတုတ္ထ အာရုပ္ပဇော သည်။ ဇဝတိ၊ စော၏။ တတော၊ ထိုစတုတ္ထ အာရုပ္ပဇောမှ။ ပရံ၊ ၌။ နိရောဓံ၊ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့။ ဖုသတိ၊ ရောက်၏။**

**၃၇။ ဝုဋ္ဌာန ကာလေစ၊ နိရောဓသမာပတ်မှ ထရာကာလ၌လည်း။ အနာဂါမိဖလံဝါ၊ အနာဂါမိဖိုလ်ဇောသည်သော်၎င်း။ အရဟတ္တဖလံဝါ၊ အရဟတ္တဖိုလ်ဇောသည်သော်၎င်း။ ယထာရဟံ၊ အနာဂါမ်, ရဟန္တာအလိုက် ထိုက်သည်အားလျော်စွာ။ ဧကဝါရံ၊ တကြိမ်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ဘဝင်္ဂပါတောဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။**

---

**သောတာပတ္တိမဂ္ဂဝီထိ**

မန္ဒ = ဘ န ဒ မ ပ ဥ နု ဂေါ မဂ် ဖ ဖ ဘ ဘ ဘ

တိက္ခ= ဘ န ဒ မ ဥ နု ဂေါ မဂ် ဖ ဖ ဖ ဘ ဘ ဘ

**အထက်မဂ္ဂဝီထိ**

မန္ဒ = ဘ န ဒ မ ပ ဥ နု ဝေါ* မဂ် ဖ ဖ ဘ ဘ ဘ

တိက္ခ= ဘ န ဒ မ ဥ နု ဝေါ မဂ် ဖ ဖ ဖ ဘ ဘ ဘ

(*ဖ=ဖိုလ်၊ ဝေါ=ဝေါဒါန်၊ အထက်မဂ္ဂဝီထိများ၌ ဂေါတြဘုအစား ဝေါဒါန်ကို ထည့်သွင်းရသည်။)

၃၆၊၃၇။ နိရောဓသမာပတ်ဝင်စားခါနီး၌ နေဝသညာနာသညာယတန စျာန်ဇော ၂-ကြိမ် စောသည်၊ နိရောဓသမာပတ်မှ ထရာအခါမှာလည်း ဖိုလ်ဇောတကြိမ် ထိုက်သည်အားလျော်စွာ ဖြစ်ပြီးသည့်နောက် ဘဝင်ကျရ တော့သည်။

ထိုတွင် စိတ်, စေတသိက်, စိတ္တဇရုပ်တို့ အခိုက်အတန့်မျှ ချုပ်ခြင်းသို့ ကောင်းစွာ ရောက်နေသည်ကို "နိရောဓသမာပတ်ဝင်စားသည်" ဟု ခေါ် သည်၊ ထိုနိရောဓသမာပတ်ကို အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ ဝင်စား နိုင်သည်၊ ထို့ကြောင့် "အနာဂါမ်ပုဂ္ဂိုလ်အတွက် နေဝသညာနာသညာ-ယတနကုသိုလ်ဇော အနာဂါမိဖိုလ်ဇော, ရဟန္တာအတွက် နေဝသညာ-နာသညာယတနကြိယာဇော အရဟတ္တဖိုလ်ဇော" ဟု စျာန်ဇော, ဖိုလ်ဇော တို့ကို ယထာရဟ ယူရသည်။

**၃၈။ သဗ္ဗတ္ထာပိ၊ အလုံးစုံလည်းဖြစ်သော။ သမာပတ္တိဝီထိယံ၊ ဈာန သမာပတ္တိ, ဖလသမာပတ္တိဝီထိ၌။ ဘဝင်္ဂသောတော ဝိယ၊ ဘဝင်အလျဉ် သည်ကဲ့သို့။ ဝီထိနိယမော၊ ဇောအစဉ်ကို မှတ်သားဖွယ်သည်။ နတ္ထိ၊မရှိပြီ။ ဣတိ ကတွာ၊ ဤအကြောင်းကြောင့်။ ဗဟူနိပိ၊ များစွာသော ဇောတို့ကို လည်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဣတိ၊ ဇဝနနိယမ အပြီးတည်း။**

---

သမာပတ်အတွင်း၌ ချုပ်ငြိမ်းနေသော စိတ်, စေတသိက်, စိတ္တဇရုပ်များ ပြန်၍ ဖြစ်ပေါ်လာသည်ကိုပင် "နိရောဓသမာပတ်မှ ထသည်"ဟု ခေါ်သည်၊ အကျယ်ကို ကမ္မဋ္ဌာန်းပိုင်း၌ ရှုပါ။

**နိရောဓသမာပတ္တိဝီထိ**

မန္ဒ = ဘ န ဒ မ ပ ဉ နု ဂေါ ဈာန် ဈာန် (နိ) ဖ ဘ ဘ
တိက္ခ = ဘ န ဒ မ ဉ နု ဂေါ ဈာန် ဈာန် (နိ) ဖ ဘ ဘ

၃၈။ ဘဝင်ကျနေသည့်အခါ "ဘဝင်အကြိမ် မည်ရွေ့မည်မျှ ဖြစ်နေသည်"ဟု သတ်မှတ်ချက် မရှိသကဲ့သို့ ထို့အတူ "သမာပတ်အတွင်း၌ ဈာန်ဇော, ဖိုလ်ဇောများ မည်ရွေ့မည်မျှ ဖြစ်သင့်သည်"ဟု သတ်မှတ်ချက် မရှိပါ၊ အကြိမ်ပေါင်း များစွာပင် ဇောနိုင်ပါသည်။

'ဗဟူနိပိ'၌ 'ပိ'သဒ္ဒါဖြင့် ဈာန်ဝင်စားမှု, ဖိုလ်ဝင်စားမှု၌ အလေ့အလာ မရသေးခင် ၂-ကြိမ် ၃-ကြိမ် စသည်ဖြင့် အနည်းငယ်လည်း ဖြစ်နိုင်သေးသည်ကို ဆည်းသည်။

သမာပတ္တိသည် "ဈာနသမာပတ္တိ, ဖလသမာပတ္တိ"ဟု ၂-မျိုးရှိသည်၊ ဈာန်သို့ ကောင်းစွာ ရောက်ခြင်း, ဈာန်ဇောချည်း ထပ်ကာထပ်ကာ အကြိမ်များစွာ ဖြစ်နေခြင်းကို "ဈာနသမာပတ္တိ"ဟု ခေါ်သည်။(ဈာန—ဈာန်သို့+ သမာပတ္တိ—ကောင်းစွာ ရောက်ခြင်း=ဈာန်ဝင်စားခြင်း။)

ဖိုလ်သို့ ကောင်းစွာ ရောက်ခြင်း, ဖိုလ်ဇောချည်း ထပ်ကာထပ်ကာ အကြိမ်ပေါင်းများစွာ ဖြစ်နေခြင်းကို "ဖလသမာပတ္တိ"ဟု ခေါ်သည်။ (ဖလ— ဖိုလ်သို့+သမာပတ္တိ—ကောင်းစွာ ရောက်ခြင်း=ဖိုလ်ဝင်စားခြင်း။)

**ဈာနသမာပတ္တိဝီထိ**

မန္ဒ = ဘ န ဒ မ ပ ဉ နု ဂေါ ဈာန် ဈာန်(အကြိမ်များစွာ)ဘ ဘ
တိက္ခ = ဘ န ဒ မ ဉ နု ဂေါ ဈာန် ဈာန် (အကြိမ်များစွာ) ဘ ဘ ဘ

**ဖလသမာပတ္တိဝီထိ**

မန္ဒ = ဘ န ဒ မ နု နု နု နု ဖ ဖ ဖ (အကြိမ်များစွာ) ဘ ဘ
တိက္ခ = ဘ န ဒ မ နု နု နု ဖ ဖ ဖ(အကြိမ်များစွာ)ဘ ဘ ဘ

**သင်္ဂဟဂါထာ**

**၃၉။ ပရိတ္တာနိ၊ ကာမဇောတို့ကို။ သတ္တက္ခတ္တုံ၊ အလွန်အားဖြင့် ၇-ကြိမ်။ မတာနိ၊ သိအပ်ကုန်၏။ မဂ္ဂါဘိညာ၊ မဂ်ဇော, အဘိညာဉ်ဇောတို့ကို။ သကိံ၊ တကြိမ်။ မတာ၊ သိအပ်ကုန်၏။ အဝသေသာနိ၊ ကြွင်းကုန်သော။ ဇဝနာနိ၊ ဇောတို့ကို။ ဗဟူနိပိ၊ အကြိမ်များစွာတို့ကိုလည်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။**

**ဧတ္ထ၊ ဤ ဝီထိသင်္ဂဟ၌။ အယံ၊ ဤဆိုအပ်ပြီးသော စကားသည်။ ဇဝန နိယမော၊ ဇောကို ပိုင်းခြား မှတ်သားခြင်းတည်း။**

---

၃၉။ 'သတ္တက္ခတ္တုံ ပရိတ္တာနိ' စသော ဂါထာသည် ဇဝနနိယမသင်္ဂဟ ဂါထာ ဖြစ်သည်။

"သတ္တက္ခတ္တုံ ပရိတ္တာနိ=ကာမဇောတို့ ၇-ကြိမ်စောနိုင်သည်" ဟူသော စကားသည် အလွန်ဆုံး စောနိုင်သည်ကိုသာ ပိုင်းခြားပြဆိုသော စကား ဖြစ်သည်၊ ကာမဇောတို့ ၆-ကြိမ်, ၅-ကြိမ်, ၄-ကြိမ်လည်း စောနိုင်ကြောင်း မှာ အကျယ်ပါဠိရုပ်ဖြင့်ပင် သိသာ ထင်ရှားပါပြီ၊ ထို့ပြင် ဥပစာရသမာဓိဇော အဖြစ်ဖြင့် ၃-ကြိမ် ၄-ကြိမ်လည်း စောနိုင်ပါသေးသည်။

'မဂ္ဂါဘိညာသကိံ မတာ'ဖြင့်'အဘိညာ ဇဝနာနိစ(ပ) ဧကစိတ္တက္ခဏိကာ' ကို ချုံးပြထားသည်၊ အဓိပ္ပါယ်ထင်ရှားပါပြီ။

'အဝသေသာနိ လဗ္ဘန္တိ, ဇဝနာနိ ဗဟူနိပိ'ဖြင့် 'အာဒိကမ္မိကဿ ပန ပထမ ကပ္ပနာယံ မဟဂ္ဂတဇဝနာနိ ဧကဝါရမေဝ ဇဝန္တိ၊ တတော ပရံ ဒွေတိဏ္ဏိ ဖလ စိတ္တာနိ (ပ) ဗဟူနိပိ လဗ္ဘန္တိ' ကို ချုံးပြထားသည်။

ကြွင်းသော ဈာန်ဇော, ဖိုလ်ဇောတို့ကား အကြိမ်ပေါင်းများစွာလည်း စောနိုင်သည်၊ အကြိမ်အနည်းငယ်လည်း စောနိုင်သည်။ ('ဗဟူနိပိ' ၌ 'ပိ' သဒ္ဒါဖြင့် အကြိမ်အနည်းငယ်ကို ဆည်းသည်။)

ထိုတွင် သမာပတ်အတွင်း၌ ဈာန် ဇော, ဖိုလ်ဇောများသည် အကြိမ် များစွာ စောသော ဇောများ ဖြစ်ကြသည်။

အစဦးဆုံးရသော ဈာန်၌ ဈာန်ဇော တကြိမ်၊ နိရောဓသမာပတ်ဝင်စား ခါနီး စတုတ္ထာရုပ္ပဈာန်ဇော ၂-ကြိမ်၊ မဂ္ဂါနန္တရဖိုလ်ဇော ၂-ကြိမ်, ၃-ကြိမ်၊ နိရောဓသမာပတ်မှ အထမှာ ဖိုလ်ဇောတကြိမ်၊ ဤဇောများသည်'ပိ'သဒ္ဒါဖြင့် ပေါင်းဆည်းသော အကြိမ်အနည်းငယ် စောသော ဇောများ ဖြစ်သည်။

## ပုဂ္ဂလဘေဒ

**၄၀။ ·ပန၊ ကာ။ ထွော၊ ဤ ဝီထိစိတ်တို့တွင်။ * ဒု ဟေတုကာနံ၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ရင်း။ * အဟေတုကာနံ၊ အဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ရင်း။ ကြိယဇဝနာနိစေဝ၊ ကြိယာဇောတို့ကိုရင်း။ အပ္ပနာဇဝနာနိစ၊ အပ္ပနာဇောတို့ကိုရင်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ( *ရှေးနိဿယများ၌ ဆင့်ကတ္တားချည်း ပေးကြသည်။)**

---

**၄၀။ ပုဂ္ဂိုလ်အပြား။** ။ပုဂ္ဂိုလ်အပြားအားဖြင့်ခွဲစိတ်ဝေဖန်၍ ရထိုက်သော ဝီထိစိတ်များကို ပြရာအခန်းကို "ပုဂ္ဂလ ဘေဒ" ခေါ်သည်၊ "ပုဂ္ဂိုလ်စိတ်ရ" ဟုလည်း ခေါ်ကြသေးသည်။

"ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်, သုဂတိအဟိတ် ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ် ပုဂ္ဂိုလ် ၉-ယောက်" အားဖြင့် ပုဂ္ဂိုလ် ၁၂-ယောက်ရှိသည်။

ထိုတွင် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏဖြင့် ပဋိသန္ဓေ နေခဲ့သော ပုဂ္ဂိုလ်ကို (ဖြစ်ရာဘုံကိုလိုက်၍ 'ဒုဂ္ဂတိ'+ပဋိသန္ဓေကိုလိုက်၍ 'အဟိတ်'=ယင်း ၂-မျိုးကို ပေါင်းစပ်လျက်) "ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်" ဟု ခေါ်သည်။

အဟိတ်ကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ နေသောပုဂ္ဂိုလ်, (ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေသောအသညသတ် ပုဂ္ဂိုလ်တို့) ကို (ဖြစ်ရာဘုံကိုလိုက်၍ 'သုဂတိ'+ပဋိသန္ဓေလိုက်၍ 'အဟိတ်'= ယင်း ၂-မျိုးကို ပေါင်းစပ်လျက်) "သုဂတိအဟိတ်ပုဂ္ဂိုလ်" ဟု ခေါ်သည်။

'အလောဘ, အဒေါသ,ဟိတ် ၂-ပါး ပါရှိသော မဟာဝိပါက် ဉာဏ ဝိပ္ပယုတ်စိတ် ၄-ပါးတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေနေသူကို "ဒွိဟိတ်ပုဂ္ဂိုလ်" ဟု ခေါ်သည်။

'အလောဘ, အဒေါသ, အမောဟ' ဟိတ် ၃-ပါး ပါရှိသော မဟာ ဝိပါက် ဉာဏသမ္ပယုတ် ၄-ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉-ပါး၊ ဤ ၁၃-ပါးသော တိဟိတ်ပဋိသန္ဓေတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေနေသူကို "တိဟိတ်ပုဂ္ဂိုလ်" ဟု ခေါ်သည်၊ ယင်း တိဟိတ်ပုဂ္ဂိုလ်သည် "တိဟိတ်ပုထုဇဉ် ၁-ယောက်, မဂ္ဂဋ္ဌာန် ၄-ယောက်, ဖလဋ္ဌာန် ၄-ယောက်" အားဖြင့် ၉-ယောက်ရှိ၏။

ထိုတွင် သောတာပတ္တိမဂ်၏ ရှေး ဂေါတြဘုတိုင်အောင်ဖြစ်သင့်သော ရုပ်, နာမ် ဓမ္မ တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်ကို "တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်" ဟု ခေါ်သည်။

**၄၀။ တထာ၊ ထို့မှတပါး။ သုဂတိယံ၊ သုဂတိဘုံ၌။ (ဒု ဟေတုကာ- ဟေတုကာနံ၊ ဒွိဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌။) ဉာဏ သမ္ပယုတ္တဝိပါကာနိ စ၊ ဉာဏသမ္ပယုတ် ဝိပါက်စိတ်တို့ကိုလည်း။ န လဗ္ဘန္တိ၊ ကုန်။**

---

သောတာပတ္တိမဂ်၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်၌ ဖြစ်သောပုဂ္ဂိုလ်ကို "သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်" ဟု ခေါ်သည်။

သောတာပတ္တိမဂ္ဂါနန္တရဖိုလ်မှသကဒါဂါမိမဂ်၏ရှေးဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်, နာမ် ဓမ္မ တို့၏ ခဏတ္တယသမင်္ဂီ ပုဂ္ဂိုလ်ကို "သောတာ- ပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်" ဟုခေါ်သည်။

သကဒါဂါမိမဂ်၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်၌ ဖြစ်သော ပုဂ္ဂိုလ်ကို "သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်" ဟု ခေါ်သည်။

သကဒါဂါမိ မဂ္ဂါနန္တရဖိုလ်မှ အနာဂါမိမဂ်၏ ရှေး ဝေါဒါန်တိုင် အောင် ဖြစ်ထိုက်သမျှသော ရုပ်, နာမ် ဓမ္မ တို့၏ ခဏတ္တယသမင်္ဂီ ပုဂ္ဂိုလ်ကို "သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်" ဟု ခေါ်သည်။

အနာဂါမိမဂ်၏ ခဏတ္တယသမင်္ဂီအခိုက်အတန့်၌ဖြစ်သော ပုဂ္ဂိုလ်ကို "အနာ ဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်" ဟု ခေါ်သည်။

အနာဂါမိမဂ္ဂါနန္တရဖိုလ်မှ စ၍ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်တိုင်အောင် ဖြစ်ထိုက် (ပ) ပုဂ္ဂိုလ်ကို "အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်" ဟုခေါ်သည်။

အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်၌ ဖြစ်သော ပုဂ္ဂိုလ်ကို "အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်" ဟု ခေါ်သည်။

အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္စိမစိတ်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်, နာမ် ဓမ္မတို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်ကို "အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်" ဟု ခေါ်သည်။

မဂ္ဂဋ္ဌာန် ၄-ယောက်, ဖလဋ္ဌာန် ၄-ယောက်တို့ကို "အရိယာ ၈-ယောက်" ဟုလည်း ခေါ်ကြသေးသည်။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ် ၃-ယောက်တို့မှာ ကာမကြိယာဇော ၉-ပါး အပ္ပနာဇော ၂၆-ပါးတို့ကို မရ။

၄၁။ ထိုပုဂ္ဂိုလ် ၃-ယောက်တို့တွင် သုဂတိဘုံ၌ ဖြစ်သော "သုဂတိအဟိတ် ပုဂ္ဂိုလ်,ဒွိဟိတ်ပုဂ္ဂိုလ်" ၂-ယောက်တို့မှာ(ယခင်ဇောများအပြင်)မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ပါးကိုလည်း မရ။

**၄၂။ ပန၊ ကား။ ဒုဂ္ဂတိယံ၊ ဒုဂ္ဂတိဘုံ၌။ (အဟေတုကာနံ၊ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌။) ဉာဏဝိပ္ပယုတ္တာနိ၊ ဉာဏဝိပ္ပယုတ်ဖြစ်ကုန်သော။ မဟာဝိပါကာနိစ၊ မဟာဝိပါက်စိတ်တို့ကိုလည်း။ န လဗ္ဘန္တိ၊ ကုန်။**

**၄၃။ တိဟေတုကေသုစ၊ တိဟိတ်ပုဂ္ဂိုလ် ၉-ယောက် တို့တွင်ကား။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌။ ကုသလာကုသလ ဇဝနာနိ၊ ကုသိုလ်, အကုသိုလ်ဇောတို့ကို။ န လဗ္ဘန္တိ၊ ကုန်။**

**၄၄။ တထာ၊ ထိုမှတပါး။ သေက္ခပုထုဇ္ဇနာနံ၊ သေက္ခပုဂ္ဂိုလ်,ပုထုဇဉ် ပုဂ္ဂိုလ်တို့၏သန္တာန်၌။ ကြိယဇဝနာနိ၊ ကြိယာဇောတို့ကို။ န လဗ္ဘန္တိ၊ ကုန်။**

**၄၅။ သေက္ခာနံ၊ သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌။ ဒိဋ္ဌိဂတသမ္ပယုတ္တ ဝိစိကိစ္ဆာ ဇဝနာနိစ၊ ဒိဋ္ဌိဂတသမ္ပယုတ်ဇော, ဝိစိကိစ္ဆာဇောတို့ ကိုလည်း။ န လဗ္ဘန္တိ၊ ကုန်။**

---

၄၂။ ဒုဂ္ဂတိဘုံ၌ ဖြစ်သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏သန္တာန်၌(ဆိုခဲ့ပြီးသော စိတ်များအပြင်) မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါးကိုလည်း မရ။

ထို့ကြောင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ ပေါင်း ၃၇-ပါး သာ ရသည်။

သုဂတိ အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်၌ အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး၊ ပေါင်း ၄၁-ပါးသာရသည်။

၄၃။ တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်တို့တွင် ရဟန္တာများမှာ ကုသိုလ်, အကုသိုလ်ဇောများကို မရ။

၄၄။ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်နှင့် တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့မှာ ကြိယာဇောတို့ကို မရ။

သေက္ခပုဂ္ဂိုလ် ၇-ယောက်ရှိသော်လည်း မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့မှာ ဆိုင်ရာ မဂ်စိတ် တပါးစီမျှသာ ရသောကြောင့် သေက္ခအရ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့ကိုသာ ယူရသည်၊ ထို့ပြင် "ပုထုဇဉ်" ဟု သာမန် ဆိုထားသော်လည်း ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်တို့ကို ပြပြီးဖြစ်သောကြောင့် တိဟိတ်ပုထုဇဉ်ကိုသာ ယူရတော့သည်။

၄၅။ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်မှာ (ကြိယာဇောများအပြင်) ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂုတ် ၁-ပါး၊ ပေါင်း ၅-ပါးတို့ကို လည်း မရ။

**၄၆။ အနာဂါမိပုဂ္ဂလာနံပန၊ အနာဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ကား။ ပဋိဃဇဝနာနိစ၊ ဒေါသမူဇောတို့ကိုလည်း။ န လဗ္ဘန္တိ၊ ကုန်။**

**၄၇။ လောကုတ္တရဇဝနာနိစ၊ လောကုတ္တရာဇောတို့သည်ကား။ယထာရဟံ၊ ဖြစ်ထိုက်သည်အားလျော်စွာ။ အရိယာနမေဝ၊ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာလျှင်။ သမုပ္ပဇ္ဇန္တိ၊ သီးခြားကောင်းစွာ ဖြစ်ကြပါကုန်၏။ ဣတိ၊ ပုဂ္ဂလဘေဒ အပြီးတည်း။**

---

၄၆။ အနာဂါမ် ပုဂ္ဂိုလ်တို့မှာ (ဆိုခဲ့ပြီးသောဇောများအပြင်) ဒေါသမူဇောတို့ကိုလည်း မရ။

၄၇။ လောကုတ္တရာဇောတို့သည် ဖြစ်ထိုက်သည် အားလျော်စွာ အရိယာပုဂ္ဂိုလ်တို့မှာသာ အသီးသီး ဖြစ်ကြသည်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ်ဇော တခုသာဖြစ်သည်၊ (ပ) အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ဇော တခုသာ ဖြစ်သည်-ဟု ဆိုလိုသည်။

ထို့ကြောင့် တိဟိတ်ပုထုဇဉ်တို့မှာ အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ်ဇော ၉-ပါး၊ ပေါင်း၅၄-ပါး ဖြစ်နိုင်သည်။

သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ်ဇော ၄၊ ဒေါသဇော ၂၊ ဥဒ္ဓစ္စသဟဂုတ်ဇော ၁၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ် စိတ်—၁၇၊ မဟာကုသိုလ် ၈၊ မဟာဝိပါက် ၈၊မဟဂ္ဂုတ်ကုသိုလ် ၉၊သောတာပတ္တိဖိုလ် ၁၊ ပေါင်း ၅၀-ဖြစ်သည်။

သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ်ဇော ၄၊ ဒေါသဇော ၂၊ ဥဒ္ဓစ္စသဟဂုတ်ဇော ၁၊ ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် ၁၇၊ မဟာကုသိုလ် ၈၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ သကဒါဂါမိဖိုလ် ၁၊ ပေါင်း ၅၀-ပင် ဖြစ်သည်။

အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ်ဇော ၄၊ ဥဒ္ဓစ္စသဟဂုတ်ဇော ၁၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇၊ မဟာကုသိုလ်-၈၊ မဟာ-ဝိပါက် ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ အနာဂါမိဖိုလ်ဇော ၁၊ ပေါင်း ၄၈-ပါး ဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်မှာ အဟိတ်စိတ် ၁၈၊ မဟာဝိပါက် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကြိယာ ၉၊ အရဟတ္တဖိုလ်ဇော ၁၊ ပေါင်း ၄၄-ပါးဖြစ်သည်။

## ကာမပုဂ္ဂိုလ် ဝီထိစိတ်ရ

| ဝီထိစိတ် ၁၀ | | | | ပုထုဇဉ် ၄ | | | သေက္ခပုဂ္ဂိုလ် ၇ | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဒုဂ္ဂတိ | ၂ သုဂတိ | တိဟိတ် ၁ | မဂ်ဋ္ဌ ၄ | ၁ သောတာ | ၁ သကဒါ | ၁ အနာ | အရဟတ္တ | ပုဂ္ဂိုလ်ပေါင်း |
| အကုသိုလ် ၁၂ | လော ၈ | ဒိဋ္ဌိဂတသမ္ပယုတ် | ၄ | ။ | ။ | ။ | | | | | | ၄ |
| | | ဒိဋ္ဌိဂတဝိပ္ပယုတ် | ၄ | ။ | ။ | ။ | | ။ | ။ | ။ | | ၇ |
| | | ဒေါသမူဇော | ၂ | ။ | ။ | ။ | | ။ | ။ | | | ၆ |
| | မော ၂ | ဝိစိကိစ္ဆာသဟဂုတ် | ၁ | ။ | ။ | ။ | | | | | | ၄ |
| | | ဥဒ္ဓစ္စသဟဂုတ် | ၁ | ။ | ။ | ။ | | ။ | ။ | ။ | | ၇ |
| | | ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | ၁၇ | ။ | ။ | ။ | | ။ | ။ | ။ | ။ | ၈ |
| ကုသိုလ် ၈ | | ဉာဏသမ္ပယုတ် | ၄ | | | ။ | | ။ | ။ | ။ | ။ | ၅ |
| | | ဉာဏဝိပ္ပယုတ် | ၄ | | ။ | ။ | | ။ | ။ | ။ | ။ | ၇ |
| | | မဟာကုသိုလ်ဇော | ၈ | ။ | ။ | ။ | | ။ | ။ | ။ | | ၇ |
| | | ကာမကြိယာဇော | ၉ | | | | | | | | ။ | ၁ |
| | | မဟဂ္ဂုတ်ကုသိုလ်ဇော* | ၉ | | | ။ | | ။ | ။ | ။ | | ၄ |
| | | မဟဂ္ဂုတ်ကြိယာဇော* | ၉ | | | | | | | | ။ | ၁ |
| | | မဂ်စိတ် [ယထာရဟသာ] | ၄ | | | | ။ | | | | | ၁ဝီ |
| | | သောတာပတ္တိဖိုလ် | ၁ | | | | | ။ | | | | ၁ |
| | | သကဒါဂါမိဖိုလ် | ၁ | | | | | | ။ | | | ၁ |
| | | အနာဂါမိဖိုလ် | ၁ | | | | | | | ။ | | ၁ |
| | | အရဟတ္တဖိုလ် | ၁ | | | | | | | | ။ | ၁ |
| ပုဂ္ဂိုလ်စိတ်ရ | | ဈာန်မရ | | ၃၇ | ၄၁ | ၄၅ | ၁ | ၄၁ | ၄၁ | ၃၉ | ၃၅ | |
| | | ဈာန်ရ | | | | ၅၄ | | ၅၀ | ၅၀ | ၄၈ | ၄၄ | |

ဇယားကို အပေါ်နှင့် အောက်ကြည့်ပါက ပုဂ္ဂိုလ်စိတ်ရကို တွေ့ရပါလိမ့်မည်၊ ထိုတွင် "ဈာန်မရပုဂ္ဂိုလ်, ဈာန်ရပုဂ္ဂိုလ်" ဟု ၂-မျိုးခွဲထားရာ ဈာန်မရသော ပုဂ္ဂိုလ်အတွက် မဟဂ္ဂုတ်ဈာန်ဇောများကို နုတ်ထားရုံမျှသာ ဖြစ်ပါသည်၊ ထို့ပြင်ဈာန်ရ ပုဂ္ဂိုလ်သည်လည်း ဈာန် ၁-ပါးရသူ, ၂-ပါးရသူ စသည်ဖြင့် အမျိုးမျိုးရှိနိုင်ပါသေးသည်၊ သို့ပင်ဖြစ်စေကာမူ သရုပ်ခွဲ လွယ်ကူအောင် မဟဂ္ဂုတ်ဈာန် ၉-ပါးလုံးရသူအတွက် ပြထားပါသည်။

## သင်္ဂဟဂါထာ

**၄၇။ အသေက္ခာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌။ သမ္ဘဝါ၊ ဖြစ်သင့်သည်အားလျော်စွာ။ စတုစတ္တာလီသ၊ ၄၄-ပါးသော ဝီထိစိတ်ကို။ ဥဒ္ဒိသေ၊ ညွှန်ပြရာ၏။ သေက္ခာနံ၊ သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌။ဆပ္ပညာသ၊ ၅၆-ပါးသော ဝီထိစိတ်ကို။ သမ္ဘဝါ၊ စွာ။ ဥဒ္ဒိသေ၊ ၏။ အဝသေသာနံ၊ ကြွင်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌။ စတုပညာသ၊ ၅၄-ပါးသော ဝီထိစိတ်ကို။ သမ္ဘဝါ ဥဒ္ဒိသေ။**

**ဧတ္ထ၊ ဤ ဝီထိသင်္ဂဟ၌။ အယံ၊ ဤဆိုအပ်ပြီးသော စကားသည်။ ပုဂ္ဂလဘေဒေါ၊ ပုဂ္ဂိုလ်အပြားအားဖြင့် စိတ်တို့ကို ခွဲခြားခြင်းတည်း။**

---

ဇယားကို လက်ဝဲ,လကျာ ကြည့်ပါက ပုဂ္ဂိုလ်ပေါင်းကို တွေ့ရပါလိမ့်မည်၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုသည် "ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ် တိဟိတ်ပုထုဇဉ်" အားဖြင့် ပုဂ္ဂိုလ်လေးယောက်တို့၌ ဖြစ်သည် စသည်ဖြင့် ဇယားကုန်ဆုံးအောင် ဆိုတတ်ပါစေ။

မဂ်စိတ် ၄-ခုတို့ကိုမူ 'သောတာပတ္တိမဂ်စိတ်သည် သောတာပတ္တိမဂ္ဂဋ္ဌာန် ၌သာ ဖြစ်သည်' စသည်ဖြင့် ယထာရဟ ခွဲဆိုပါ။

**ဆောင်။** ။ဒုနှင့်သု ဒွိ, တိနှင့် သော သ, နာနှင့် အတို့, စိတ်ရမှတ်ဖွယ်, ကာမဝယ်ကား, သုံးဆယ်ခုနစ်, လေးဆယ့်တစ်ထား, လေးဆယ့်ငါးနှင့်, တပါးလေးဆယ်, သုံးဆယ်ကိုးပါး, သုံးဆယ့်ငါးတည့်၊ ရထားသည့်ဈာန်, ပေါင်းထည့်ပြန်က, ဈာန်ရသူများ, စိတ်ဖြစ်ပွါးသည်.... မှတ်သားလျော်စွာ့ လျော်စွာတည်း။

၄၇။ **အသေက္ခာနံ စတုစတ္တာလီသ။** ။ရဟန္တာ၌ စိတ်ပေါင်း ၄၄-ပါး ဖြစ်နိုင်သည်၊ သို့သော် ပုဂ္ဂိုလ်တိုင်း၌ ၄၄-ပါးချည်း အပြည့်အဝ ဖြစ်နိုင်သည် မဟုတ်ပါ၊ ဖြစ်သင့်သည် အားလျော်စွာသာ ဖြစ်နိုင်ပါသည်၊ မဟဂ္ဂုတ် ဈာန်ဇောများသည် ဈာန်ရသူ၏ သန္တာန်၌သာ ဖြစ်နိုင်ပါသည်။

ဈာန်ရသူပင်ဖြစ်စေကာမူ ဈာန်တပါးကိုရသူ၌ ၁-ပါးသာဖြစ်နိုင်ပါသည်၊ (ပ) ၈-ပါးကို ရသူ၌ ၈-ပါးသာ ဖြစ်နိုင်ပါသည်၊ ၉-ပါးလုံးကို ရသူ၌သာ အပြည့်အဝ ဖြစ်နိုင်ပါသည်၊ ထို့ပြင် ရူပပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ်များ ဖြစ်က ထိုထိုဘုံအလိုက် မရထိုက်သော ဝီထိစိတ်များကို ထပ်ကြဉ်ရပါဦးမည်။

## ဘူမိဝိဘာဂ

**၄၉။ ပန၊ ကား။ ကာမာဝစရ ဘူမိယံ၊ ကာမာဝစရဘုံ၌။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတာနိ ဝီထိစိတ္တာနိ၊ ဤဝီထိစိတ်တို့ကို။ ယထာရဟံ၊ ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ။ ဥပလဗ္ဘန္တိ၊ ရအပ်ကုန်၏။**

**၅၀။ ရူပါဝစရဘူမိယံ၊ ရူပါဝစရဘုံ၌။ ပဋိဃဇဝန တဒါရမဏဝဇ္ဇိတာနိ၊ ဒေါသမူဇော တဒါရုံသည် ကြဉ်အပ်ကုန်သော။ ဧတာနိ ဝီထိစိတ္တာနိ၊ တို့ကို။ ယထာရဟံ၊ စွာ။ ဥပလဗ္ဘန္တိ၊ ကုန်၏။**

---

**သေက္ခာနံ ဆပ္ပညာသ။** ။သေက္ခပုဂ္ဂိုလ် ၇-ယောက်၌ ဒွိဋ္ဌိဂတဝိပ္ပယုတ် ၄၊ ဒေါသမူဇော ၂၊ ဥဒ္ဓစ္စသဟဂုတ် ၁၊ ဟသိတုပ္ပါဒ် ကြဉ်သောအဟိတ်စိတ် ၁၇၊ မဟာကုသိုလ် ၈၊ မဟာဝိပါက် ၈၊ မဟာကြိယာ ကုသိုလ် ၈၊ အရဟတ္တဖိုလ်မှ တပါး လောကုတ္တရာဇော ၇၊ ပေါင်း ၅၆-ပါး ဖြစ်နိုင်သည်၊ ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ပုံကို 'အသေက္ခာနံ' စသည်၌ ပြဆိုခဲ့သည်ကို နည်းမှီ၍ ဇယားကိုလည်း ရှုလျက် ခွဲစိတ်ဝေဖန်ပါ။

**အဝသေသာနံ စတုပညာသ။** ။"ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်" ဟု ဆိုအပ်သော ပုထုဇဉ် ၄-ယောက်၌ စိတ်ပေါင်း ၅၄-ပါး ဖြစ်သည်၊ ယင်း ၅၄-ပါး၏ သရုပ်မှာ သိသာ ထင်ရှားပါပြီ၊ ဖြစ်သင့်သည် အားလျော်စွာ ဖြစ်ပုံကိုလည်း ဆိုခဲ့ပြီးသည်ကို နည်းမှီ၍ ခွဲစိတ် ဝေဖန်ပါ။

၄၉။ ဘုံအားဖြင့် ရသင့်သော ဝီထိစိတ်တို့ကို ခွဲစိတ် ဝေဖန်ပြဆိုရာ ဖြစ်သော အခန်းကို "ဘူမိဝိဘာဂ" ဟု ခေါ်သည်၊ "ဘုံစိတ်ရ" ဟုလည်း ခေါ်ကြပါသေးသည်။

ကာမာဝစရဘုံ၌ ဝီထိစိတ် ၈၀-လုံးကို ပုဂ္ဂိုလ်အလိုက် ထိုက်သည်အား လျော်စွာ ရနိုင်ပါသည်။ (ပုဂ္ဂိုလ်အလိုက် ထိုက်သည် အားလျော်စွာ ရနိုင်ပုံကို ပုဂ္ဂလဘေဒ၌ ပြခဲ့ပြီးပါပြီ။)

၅၀။ အသညသတ်ကြဉ်သော ရူပါဝစရ ၁၅-ဘုံ၌ ဒေါသမူဇော ၂၊ တဒါရုံကိစ္စတပ်သော မဟာဝိပါက် ၈၊ ပေါင်း ၁၀-တို့ကို မရထိုက်၊ (သန္တီရဏ ၃-ခုကား တဒါရုံကိစ္စအပြင် သန္တီရဏကိစ္စလည်း တပ်နိုင်သောကြောင့် ရူပါဝစရဘုံ၌ ဖြစ်ထိုက်သေးသည်။)

**၅၁။ အရူပါဝစရဘူမိယံ၊ အရူပါဝစရဘုံ၌။ ပဌမမဂ္ဂ ရူပါဝစရ ဟသန ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာနိစ၊ သောတာပတ္တိမဂ်, ရူပါဝစရစိတ်, ဟသိ တုပ္ပါဒ်, အောက်အောက်သော အရူပစိတ်တို့သည်လည်း ကြဉ်အပ်ကုန် သော။ တောနိ ဝီထိစိတ္တာနိ၊ တို့ကို။ ယထာရဟံ၊ စွာ။ လဗ္ဘန္တိ၊ ရအပ် ကုန်၏။**

**၅၂။ စ၊ ဆက်ဦးအံ့။ သဗ္ဗတ္ထာပိ၊ အလုံးစုံသော ဘုံတို့၌လည်း။ တံတံ ပသာဒရဟိတာနံ၊ ထိုထိုပသာဒမှ ကင်းသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌။ တံတံဒွါရိကဝီထိစိတ္တာနိ၊ ထိုထိုဒွါရ၌ ဖြစ်သော ဝီထိစိတ်တို့ကို။ န လဗ္ဘ- န္တေဝ၊ မရအပ်ကုန်သည်သာလျှင်တည်း။**

---

၅၁။ ။အရူပါဝစရဘုံ၌ သောတာပတ္တိမဂ် ၁၊ ရူပါဝစရဈာန်ဇော ၁၀၊ ဟသိတုပ္ပါဒ် ၁၊ (*အောက်အောက်သော အရူပါဝစရဇော) ပေါင်း ၁၂-ပါးတို့ကို မရထိုက်၊ 'စ' သဒ္ဒါဖြင့် ပေါင်းအပ်သော ဒေါသမူဇော တဒါရုံ တို့ကိုလည်း မရထိုက်။

(*အာကာသာနဉ္စာယတနဘုံ၌ အောက်ဈာန်ဇော မရှိသောကြောင့် အရူပါဝစရဈာန်ဇော ၈-ပါးရနိုင်သည်၊ ဝိညာနဉ္စာယတနဘုံ၌ အာ- ကာသာနဉ္စာယတနကြဉ်သော အရူပါဝစရဈာန်ဇော ၆-ပါး ရနိုင် သည်၊ အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာယတန, နေဝသညာနာ- သညာယတန အရူပါဝစရဈာန်ဇော ၄-ပါးသာ ရနိုင်သည်၊ နေဝ- သညာနာသညာယတနဘုံ၌ နေဝသညာနာသညာယတန ဈာန်ဇော ၂-ပါးသာ ရနိုင်ပါသည်။ (ဤသို့ ထိုက်သည်အားလျော်စွာ ရသင့် သောကြောင့် အရူပါဝစရဈာန်ဇောများကို ကြဉ်သည့်အထဲ၌ ထည့် မပေါင်းပဲ ချန်ထားခဲ့သည်။)

၅၂။ ။"ကာမ, ရူပ, အရူပ" ဟု ဆိုအပ်သော ဘုံအားလုံးမှာပင် ထိုထိုပသာဒ (ဒွါရ) မရှိသူတို့၏ သန္တာန်၌ ထိုထို ဒွါရ၌ ဖြစ်သော ဝီထိစိတ် တို့ကို မရထိုက်။

ရူပဘုံ၌ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒတို့ မရှိ၊ ထို့ကြောင့် ဃာနဝိညာဏ် ၂၊ ဇိဝှါဝိညာဏ် ၂၊ ကာယဝိညာဏ် ၂၊ ပေါင်း ၆-ပါးတို့ကို မရထိုက်။

အရူပဘုံ၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယပသာဒ ၅-ပါးလုံး မရှိ၊ ထို့ကြောင့် ပဉ္စဒွါရ၌ ဖြစ်သော ဒွေပဉ္စဝိညာဏ် ၁၀၊သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီ ရဏ ၃၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပေါင်း ၁၆-ပါးတို့ကို မရထိုက်။

၅၃။ ဝန၊ ကား။ အသညသတ္တာနံ၊ အသညသတ်ပုဂ္ဂိုလ်တို့၏ သန္တာနံ၌။ သဗ္ဗထာပိ၊ အလုံးစုံသော အပြားအားဖြင့်လည်း။ စိတ္တပ္ပဝတ္တိ၊ စိတ်၏ ဖြစ်ခြင်းသည်။ နတ္ထေဝ၊ မရှိသည်သာလျှင်တည်း။ ဣတိ၊ ဘူမိဝိဘာဂ အပြီးတည်း။

## သင်္ဂဟဂါထာ

၅၄။ ကာမေ၊ ကာမ ၁၁-ဘုံ၌။ အသီတိ၊ ၈၀-သော။ ဝိထိစိတ္တာနိ၊ ဝိထိစိတ်တို့ကို။ ယထာရဟံ၊ ထိုထိုပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ။ လဗ္ဘရေ၊ ရအပ်ကုန်၏။ ရူပေ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌။ စတုသဋ္ဌိ၊ ၆၄-ပါးသော။ ဝိထိစိတ္တာနိ၊ တို့ကို။ ယထာရဟံ၊ စွာ။ လဗ္ဘရေ၊ ကုန်၏။ တထာ၊ ထိုမှတပါး။ အရူပေ၊ အရူပလေးဘုံ၌။ ဒွေစတ္တာလီသ၊ ၄၂-ပါးသော။ ဝိထိစိတ္တာနိ၊ တို့ကို။ ယထာရဟံ၊ စွာ။ လဗ္ဘရေ၊ ကုန်၏။

ဧတ္ထ၊ ဤဝိထိသင်္ဂဟ၌။ အယံ၊ ဤဆိုအပ်ပြီးသော စကားသည်။ ဘူမိဝိဘာဂေါ၊ ဘုံအားဖြင့် ဝိထိစိတ်တို့ကို ခွဲခြား ဝေဖန်ခြင်းတည်း။

---

ယင်း မရထိုက်သော စိတ်တို့ကို ဖယ်ထုတ်လျက် ရထိုက်သော စိတ်တို့ကို ရေတွက်ပြပါမည်၊ နှုတ်တက်နေအောင် ရေတွက်ထားစေလိုပါသည်။

ရူပဘုံ၌ လောဘမူ ၈၊ မောဟမူ ၂၊ စက္ခုဝိညာဏ် ၂၊ သောတဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ ၃၊ အဟိတ်ကြိယာ ၃၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ ၉၊ လောကုတ္တရာ ၈၊ ပေါင်း ၆၄-ပါးသော ဝိထိစိတ်များ ဖြစ်နိုင်သည်။ ('ရူပေ စတုသဋ္ဌိ' အရဖြစ်ပါသည်။)

အရူပဘုံ၌ လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ အထက်မဂ် ၃၊ ဖိုလ် ၄-ပါး၊ ပေါင်း ၄၂-ပါးသော ဝိထိစိတ်များ ဖြစ်နိုင်သည်။ ('အရူပေ ဒွေစတ္တာလီသ' အရ ဖြစ်သည်။)

၅၃။ အသညသတ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဘယ်နည်းနှင့်မျှ စိတ်ဖြစ်မှု မရှိနိုင်ပါ။

၅၄။ **အသီတိ ဝိထိစိတ္တာနိ၊ ကာမေ။** ။ကာမဘုံ၌ ဝိထိစိတ် ၈၀-လုံးကို ထိုက်သည်အား လျော်စွာ ရနိုင်သည်၊ 'ဝိထိစိတ် ၈၀' ဟူသည်မှာ မဟဂ္ဂုတ်ဝိပါက် ၉-ပါးမှ တပါးသော စိတ်များပင်တည်း။

## နိဂုံး

**၅၅။ ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသော အစဉ်ဖြင့်။ ဆဒ္ဒါရိကစိတ္တပ္ပဝတ္တိ၊ ၆-ဒွါရ၌ ဖြစ်သော စိတ်တို့၏ ဖြစ်ပုံသည်။ ယထာသမ္ဘဝံ၊ ထိုထိုဒွါရ၌ ဖြစ်ထိုက်သည်အားလျော်စွာ။ ဘဝင်္ဂန္တရိတာ၊ အကြားအကြား ဘဝင် ခြားအပ်သည်။ ဟုတွာ၊ ဖြစ်၍။ ယာဝတာယုကံ၊ အသက်ရှည်သမျှ ကာလ ပတ်လုံး။ အဗ္ဗောစ္ဆိန္နာ၊ မပြတ်မစဲ။ ပဝတ္တတိ၊ ဖြစ်၏။**

---

**ရူပေစတုသဋ္ဌိ။** ။အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၌ ဝီထိစိတ် ၆၄-ပါး ထိုက်သည်အားလျော်စွာ ဖြစ်နိုင်သည်၊ တိဟိတ် ပုထုဇဉ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့နှင့် စပ်၍ ထိုက်သည်အားလျော်စွာ ဖြစ်ပုံကို ဇယားဖြင့် ပြမည်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အတွက်မူကား အထူး စိစစ်ဖွယ် မလိုတော့သည့်အတွက် ထည့်သွင်းပြဆိုမှုကို ပြုတော့မည် မဟုတ်ပါ။

**အရူပေ ဒွေစတ္တာလီသ။** ။အရူပဘုံ၌ ဝီထိစိတ် ၄၂-ပါး ထိုက်သည်အား လျော်စွာ ဖြစ်သည်၊ ထိုက်သည်အား လျော်စွာ ဖြစ်ပုံကို နောက်၌ ဇယားဖြင့် ပြထားသည်၊ 'စတုသဋ္ဌိ, ဒွေစတ္တာလီသ' တို့၏ သရုပ်ကို ရှေ့၌ ပြဆိုထားခဲ့သည့် အတိုင်း ရေတွက်ပါ။

### ထိုထိုဘုံ၌ ရသင့်သော ဝီထိစိတ်

| ဝီထိစိတ်-၈၀ | | ကာမ ၁၁ | ရူပ ၁၆ | အရူပ ၄ | ဘုံပေါင်း |
|---|---|---|---|---|---|
| ဒွေ ၂ မဟာဝိ ၈ ဃာ ၂ ဇိ ၂ ကာ ၂ | ၁၆ | ။ | | | ၁၁ |
| စက် ၂ သော ၂ မနောဓာတ် ၃ သန္တီ ၃ ဟသိ ၁ ရူကု ၅ ရူကြိ ၅ သောမဂ် ၁ | ၂၂ | ။ | ။ | | ၂၆ |
| လော ၈ မော ၂ မနော ၁ မဟာကု ၈ မဟာကြိ ၈ အရူကု ၄ အရူကြိ ၄ အထက်မဂ် ၃ ဖိုလ် ၄ | ၄၂ | ။ | ။ | ။ | ၃၀ |
| ရသောစိတ်ပေါင်း | | ၈၀ | ၆၄ | ၄၂ | |

ပထမဇယားကွက်ရှိ တရားများသည် ကာမဘုံ၌သာဖြစ်၍ ရူပ,အရူပဘုံတို့၌ မဖြစ်သော စိတ်များဖြစ်သည်၊ ဒုတိယဇယားကွက်ရှိ စိတ်များသည် ကာမ, ရူပ ၂-မျိုး (ပဥ္စဝေါကာရ ၂၆-ဘုံ)၌သာ ဖြစ်နိုင်သော စိတ်များ ဖြစ်သည်၊ တတိယဇယားကွက်ရှိ စိတ်များသည် "ကာမ, ရူပ, အရူပ" ဘုံ ၃၀-၌ ဖြစ်နိုင်သော စိတ်များဖြစ်သည်။

**အဘိဓမ္မတ္ထသင်္ဂဟေ၊ ဌ်။ ဝီထိသင်္ဂဟ ဝိဘာဂေါ နာမ၊ ဝီထိသင်္ဂဟ ဝိဘာဂမည်သော။ စတုတ္ထော၊ ၄-ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ သည်။ ဣတိ၊ ပြီးပြီ။**

၅၅။ 'ဣစ္စေဝံ' စသည်ကား ဝီထိပိုင်း တပိုင်းလုံးကို အုပ်ဖုံးသော 'နိဂုံး' ဖြစ်သည်၊ ဆိုအပ်ပြီးသည့် အားလျော်စွာ ဝီထိစိတ်များသည် တဝီထိနှင့် တဝီထိ အကြား အကြားမှာ ဘဝင်ခြားကာ ခြားကာဖြင့် အသက်ရှည်သမျှ ကာလ ပတ်လုံး ဆက်ကာ ဆက်ကာ ဖြစ်နေကြတော့သည်—ဟု ဆိုလိုပါသည်။

**ယထာရဟံအရ ရူပပုဂ္ဂိုလ်တို့၏စိတ်ရ**

| မဂ်စိတ်များမှတပါး ဝီထိစိတ်များနှင့် ရူပဝိပါက် | | | | တိဟိတ်ပုထု | ဖ သော | ဖ သကဒါ | ဖ အနာ | ဖ အရဟတ္တ | ပုဂ္ဂိုလ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| အကုသိုလ် ၁၀ | လော ၈ | ဒိဋ္ဌိဂတသမ္ပယုတ် | ၄ | ။ | | | | | ၁ |
| | | ဒိဋ္ဌိဂတဝိပ္ပယုတ် | ၄ | ။ | ။ | ။ | ။ | | ၄ |
| | မော ၂ | ဝိစိကိစ္ဆာသဟဂုတ် | ၁ | ။ | | | | | ၁ |
| | | ဥဒ္ဓစ္စသဟဂုတ် | ၁ | ။ | ။ | ။ | ။ | | ၄ |
| | | စ ၂၊ သော ၂၊ သံ ၂၊ တီ ၃၊ ဒွန်း ၂ | ၁၁ | ။ | ။ | ။ | ။ | ။ | ၅ |
| | | မဟာကုသိုလ်ဇော | ၈ | ။ | ။ | ။ | ။ | | ၄ |
| | | ကာမကြိယာဇော | ၈ | | | | | ။ | ၁ |
| | | မဟဂ္ဂုတ်ကုသိုလ် | ၈ | ။ | ။ | ။ | ။ | | ၄ |
| | | မဟဂ္ဂုတ်ကြိယာ | ၈ | | | | | ။ | ၁ |
| | | *ရူပဝိပါက် [ပဋိသန္ဓေစသည်အတွက်] | ၅ | ။ | ။ | ။ | ။ | ။ | ၅ |
| | | သောတာပတ္တိဖိုလ် | ၁ | | ။ | | | | ၁ |
| | | သကဒါဂါမိဖိုလ် | ၁ | | | ။ | | | ၁ |
| | | အနာဂါမိဖိုလ် | ၁ | | | | ။ | | ၁ |
| | | အရဟတ္တဖိုလ် | ၁ | | | | | ။ | ၁ |
| | | ပုဂ္ဂိုလ်စိတ်ရ | | ၄၃ | ၃၉ | ၃၉ | ၃၉ | ၃၅ | |

*ဇယား၌ ''ရူပဝိပါက် ၅—ခု'' ဟု ပြထားသော်လည်း ထိုထိုဘုံအလိုက် ထိုက်သည်အားလျော်စွာ ပထမဈာန် ၃-ဘုံ၌ ပထမဈာန်ဝိပါက်စိတ် တခု၊ ဒုတိယဈာန် ၃-ဘုံ၌ ဒုတိယဈာန် ဝိပါက်, တတိယဈာန်ဝိပါက် ၂-ခု၊ တတိယ

ချာန် ၃-ဘုံ၌ စတုတ္ထချာန် ဝိပါက် ၁-ခု၊ "ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသ" ဟု ဆိုအပ်သော စတုတ္ထချာန်ဘုံ၌ ပဉ္စမချာန် ဝိပါက်တခုသာ ဖြစ်ခွင့်ရှိသည်။

ရူပဘုံ၌ တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်, ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးယောက်တို့၏ သန္တာန်၌ အသီးအသီး ဖြစ်နိုင်သော စိတ်တို့ကို ဇယားကိုရှုလျက် ရေတွက်ကြည့်ပါ။

## ယထာနုပုဗ္ဗအရ အရူပပုဂ္ဂိုလ်တို့၏စိတ်ရ

| မဂ်စိတ်မှတပါးအရူပဘုံ၌ဖြစ်နိုင်သမျှသောစိတ် | | | | ပုထုဇဉ် | ၁ သော | ၁ သကဒါ | ၀ အနာ | ၁ အရဟတ္တ | ယှဉ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| အကုသိုလ် ၁၀ | လောဘ ၈ | ဒိဋ္ဌိဂတသမ္ပယုတ် | ၄ | ▮ | | | | | ၁ |
| | | ဒိဋ္ဌိဂတဝိပ္ပယုတ် | ၄ | ▮ | ▮ | ▮ | ▮ | | ၄ |
| | မောဟ ၂ | ဝိစိကိစ္ဆာသဟဂုတ် | ၁ | ▮ | | | | | ၁ |
| | | ဥဒ္ဓစ္စသဟဂုတ် | ၁ | ▮ | ▮ | ▮ | ▮ | | ၄ |
| | | မနောဒွါရာဝဇ္ဇန်း | ၁ | ▮ | ▮ | ▮ | ▮ | ▮ | ၅ |
| | | မဟာကုသိုလ်စိတ် | ၈ | ▮ | ▮ | ▮ | ▮ | | ၄ |
| | | မဟာကြိယာစိတ် | ၈ | | | | | ▮ | ၁ |
| | | အရူပကုသိုလ် | ၄ | ▮ | ▮ | ▮ | ▮ | | ၄ |
| | | *အရူပကြိယာ | ၄ | | | | | ▮ | ၁ |
| | | အရူပဝိပါက် [ပဋိသန္ဓေကိစ္စသည်အတွက်] | ၄ | ▮ | ▮ | ▮ | ▮ | ▮ | ၅ |
| | | သောတာပတ္တိဖိုလ် | ၁ | | ▮ | | | | ၁ |
| | | သကဒါဂါမိဖိုလ် | ၁ | | | ▮ | | | ၁ |
| | | အနာဂါမိဖိုလ် | ၁ | | | | ▮ | | ၁ |
| | | အရဟတ္တဖိုလ် | ၁ | | | | | ▮ | ၁ |
| | | ပုဂ္ဂိုလ်စိတ်ရ | | ၂၇ | ၂၉ | ၂၉ | ၂၉ | ၁၈ | |

*အရူပဝိပါက် ၄-ခုတို့သည် အစဉ်အားလျော်စွာ မိမိ မိမိတို့၏ ဘုံ၌ တပါးစီ တပါးစီသာ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ တပ်နိုင်ကြသည်၊ အထက် အထက်ဘုံများ၌ အောက်အောက် အရူပဇောများလည်း မဖြစ်နိုင်။

**ဆောင်**။ ။တိနှင့် သောသ, နာနှင့် အတို့, စိတ်ရမှတ်ဖွယ်, ရူပဝယ်ကား, လေးဆယ်သုံးမျိုး, သုံးဆယ့်ကိုးပါး, သုံးဆယ့်ငါးမျှ၊ အရူပဝယ်, သတ္တဝီသာ, တေဝီသာနှင့်, အဋ္ဌာရသ, လျော်စွာပြသည် ....မှတ်ကြစစ်စစ် ဆေးဆေးတည်း။

လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ ဤ ၁၉-ခုသော စိတ်တို့သည် အရူပ ၄-ဘုံ၌ ဖြစ်ကုန်သော အလုံးစုံသော တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ဆက်ဆံကုန်၏။

အာကာသာနဉ္စာယတနဘုံ၌ ဖြစ်သောတိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်အား ယင်း ၁၉-ပါးတွင် အရူပကုသိုလ် ၄-ခု၊ အာကာသာနဉ္စာယတနဝိပါက် ၁-ခု၊ ဤ ၅-ခုကို ထည့်သည်ရှိသော် ၂၄-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား ယခင် ၁၉-ပါး၌ ဝိညာဏဉ္စာယတန အစရှိသော အထက်အရူပကုသိုလ် ၃-ခု၊ ဝိညာဏဉ္စာယတနဝိပါက် ၁-ခု၊ ဤ ၄-ခုကိုထည့်၍ ၂၃-ခုသော စိတ်တို့သည် ဖြစ်ကုန်၏၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်သော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အား ယခင် ၁၉-ပါး၌ အာကိဉ္စညာယတနကုသိုလ်, နေဝသညာ နာသညာယတနကုသိုလ်, အာကိဉ္စညာယတနဝိပါက်၊ ဤ ၃-ပါးကို ထည့်၍ ၂၂-ခုသော စိတ်တို့သည် ဖြစ်ကုန်၏။

နေဝသညာနာ သညာ ယတနဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အား ယခင် ၁၉-ပါးသော စိတ်တို့၌ နေဝသညာ နာသညာယတနကုသိုလ်, ဝိပါက် ၂-ခုထည့်၍ ၂၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

ဒိဋ္ဌိဂုတ်ဝိပ္ပယုတ် ၄- ခု ဥဒ္ဓစ္စသဟဂုတ် မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ၈-ခု၊ ဤ ၁၄-ခုသောစိတ်တို့၌ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်အား သောတာပတ္တိဖိုလ်ကိုထည့်၍ ၁၅-ခု၊ သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်အား သကဒါဂါမိဖိုလ်ကိုထည့်၍ ၁၅-ခု၊ အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ကို ထည့်၍ ၁၅-ခု၊ ဤစိတ်တို့သည် အရူပဘုံ၌ ဖြစ်ကုန်သော အောက်ဖလဋ္ဌာန် ၃-ယောက်တို့အား ဆက်ဆံကုန်၏၊ အကြွင်းကို တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ် နည်းတူ ခွဲပါ။

မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ၈-ခု၊ အရဟတ္တဖိုလ် ၁-ခု၊ ဤ တဆယ်သော စိတ်တို့သည် အရူပ ၄-ဘုံ၌ ဖြစ်ကုန်သော ရဟန္တာပုဂ္ဂိုလ်အား ဆက်ဆံကုန်၏၊ ဘုံအားဖြင့် ထပ်ခွဲပါ။

**လေ့ကျက်ရန် နည်းဖြေ**

ကာမ ၁၁-ဘုံတို့တွင် ''အပါယ် ၄-ဘုံ၌ စိတ်ပေါင်းမည်မျှ ဖြစ်နိုင်ပါသနည်း'' ဟု အမေးပုစ္ဆာ ထွက်လာခဲ့ပါလျှင် အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တယောက်သာ ရှိနိုင်သည်၊ သို့ဖြစ်၍ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၏ စိတ်ရသည် ပင်လျှင် အပါယ်ဘုံစိတ်ရ ဖြစ်သင့်ကြောင်း သဘောဉာဏ် သက်ဝင်နိုင်ပါစေ။

ရူပဘုံ၌ တိဟိတ်ပုထုဇဉ်မှာသာ ဖြစ်၍ ရဟန္တာမှာ မဖြစ်သော စိတ်၊ ရဟန္တာမှာသာ ဖြစ်၍ တိဟိတ်ပုထုဇဉ်မှာ မဖြစ်သော စိတ်၊ တိဟိတ်ပုထုဇဉ်, ရဟန္တာ ၂-ဦးလုံးမှာ ဖြစ်သော စိတ်၊ ၂-ဦးလုံးမှာ မဖြစ်သော စိတ်တို့ ကိုလည်း ဇယားကိုရှုလျက် အသီးအသီး ရေတွက်ကြည့်ပါ၊ ဤသို့ စသည်ဖြင့် ဉာဏ်ရှိသလောက် လေ့လာနိုင်ပါသည်။

အကာသာနဉ္စာယတနဘုံ၌ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၂-ခု နောက်မှာ ဖြစ်သင့်သော အပ္ပနာဇောများ၊ ဥပေက္ခာသဟဂုတ်ဇော ၂-ခုနောက်မှာ ဖြစ်သင့်သော အပ္ပနာဇောများ စသည်တို့ကိုလည်း ရွေးချယ် စိစစ်ကြည့်ပါ။

ဝီထိပိုင်း ပြီးပါပြီ။

# ၅။ ဝီထိမုတ်ပိုင်း

## ပဋိညာဉ်

**၁။ ဝေ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ ဝီထိစိတ္တပ္ပဝတ္တသေန၊ ဝီထိစိတ်တို့၏အစွမ်းဖြင့်။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ပဝတ္တိသင်္ဂဟော နာမ၊ ဖြစ်ပုံကိုပြ ပဝတ္တိမည်သောသင်္ဂဟကို။ ဥဒ္ဒီရိတော၊ ဆိုအပ်ပြီ။ ဒါနိ၊ ယခုအခါ၌။ သန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ပဝတ္တိသင်္ဂဟော နာမ၊ ဖြစ်ပုံကိုပြ ပဝတ္တိမည်သော သင်္ဂဟကို။ ဝုစ္စတိ၊ ဆိုအပ်၏။**

### စတုက္ကမာတိကာ

**၂။ စတဿော၊ ၄-ပါးကုန်သော။ ဘူမိယော၊ ဘုံတို့ရင်း။ စတုဗ္ဗိဓာ၊ ၄-ပါးပြားသော။ ပဋိသန္ဓိ၊ ပဋိသန္ဓေရင်း။ စတ္တာရိ၊ ၄-ပါးကုန်သော။ ကမ္မာနိ၊ ကံတို့ရင်း။ စတုဓာ၊ ၄-ပါးပြားသော။ မရဏုပ္ပတ္တိစ၊ မရဏုပ္ပတ္တိ ဘုံပိုင်း။**

---

။ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သော စိတ် ၁၉-ပါးတို့ကို ဝီထိမှ အလွတ်ဖြစ်သောကြောင့် "ဝီထိမုတ်စိတ်"ဟု ခေါ်သည်၊ ယင်း ဝီထိမုတ်စိတ်တို့ကို ပြရာအပိုင်း အခန်းကိုလည်း "ဝီထိ-မုတ်ပိုင်း"ဟုပင် အမည်ပေးထားသည်၊ ထို ဝီထိမုတ်ပိုင်း၌ ဘုံနှင့်စပ်၍လည်း ကျယ်ဝန်းစွာ ပြဆိုထားပါသည်၊ ထို့ကြောင့် "ဘုံပိုင်း"ဟူ၍လည်း ခေါ်ကြပါသေးသည်။

၁။ 'ဝီထိစိတ္တဝသေနေဝံ'စသော ဂါထာဖြင့် စကားစပ်နှင့် ပဋိညာဉ်ကို ပြသည်၊ ဆိုခဲ့ပြီးသော နည်းဖြင့် ပဝတ္တိအခါမှာ ဝီထိစိတ်တို့၏ ဖြစ်ပုံကိုပြ ပဝတ္တိသင်္ဂဟကို ဆိုခဲ့ပါပြီ၊ ယခုအခါ၌ ပဋိသန္ဓေအခါမှာ (ဝီထိ-မုတ်စိတ်တို့၏)ဖြစ်ပုံကိုပြ ပဝတ္တိသင်္ဂဟကို ပြပါတော့မည်-ဟု ဆိုလိုသည်။

ထိုစကားရပ်၌ "ပဋိသန္ဓေအခါမှာ ဖြစ်ပုံကိုပြ ပဝတ္တိသင်္ဂဟ"ဆိုသော်လည်း ပဋိသန္ဓေကိစ္စတပ်သည့် အခါမျှသာမက ဘဝင်ကိစ္စတပ်သည့်အခါ, စုတိကိစ္စ တပ်သည့်အခါမှာလည်း ဝီထိမုတ်စိတ်တို့၏ဖြစ်ပုံကိုပါ ပြပါလိမ့်မည်။

၂။ 'စတဿော ဘူမိယော' စသော စကားရပ်ဖြင့် ဝီထိမုတ်ပိုင်း၏ အကျဉ်းဥဒ္ဒေသမာတိကာကို ပြသည်၊ ဝီထိမုတ်ပိုင်း၌ "ဘူမိစတုက္က, ပဋိသန္ဓိ-စတုက္က, ကမ္မစတုက္က, မရဏုပ္ပတ္တိစတုက္က"ဟု စတုက္က ၄-ပါးကို ဦးစွာ မှတ်သားထားပါ—ဟုဆိုလိုသည်။

**ဥင်း။ ဣတိ၊ ဤသို့။ ဝိထိမုတ္တသင်္ဂဟော၊ ဝိထိမုတ္တသင်္ဂဟာ၌။ စတ္တာရိ၊ ၄-ပါး ကုန်သော။ စတုက္ကာနိ၊ စတုက္ကတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။**

## ဘူမိစတုက္က

**၃။ တတ္ထ၊ ထို ၄-ပါးသော စတုက္ကတို့တွင်။ အပါယဘူမိ၊ အပါယ်ဘုံ ဥင်း။ ကာမသုဂတိဘူမိ၊ ကာမသုဂတိဘုံဥင်း။ ရူပါဝစရဘူမိ၊ ရူပါဝစရဘုံ ဥင်း။ အရူပါဝစရဘူမိစ၊ အရူပါဝစရဘုံဥင်း။ ဣတိ၊ ဤသည်တို့ကား။ စတဿော၊ ၄-ပါးကုန်သော။ ဘူမိယော နာမ၊ ဘုံတို့မည်၏။**

## အပါယ် ၄-ဘုံ

**၄။ တာသု၊ ထို ၄–ပါးသော ဘုံတို့တွင်။ နိရယော၊ ငရဲဥင်း။ တိရစ္ဆာနယောနိ၊ တိရစ္ဆာန် အစုအဝေးဥင်း။ ပေတ္တိဝိသယော၊ ပြိတ္တာတို့၏ နေရာဥင်း။ အသုရကာယောစ၊ အသုရကာယ်ဥင်း။ ဣတိ၊ သို့။ အပါယ ဘူမိ၊ အပါယ်ဘုံသည်။ စတုဗ္ဗိဓာ၊ ၄–ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

## ကာမသုဂတိ ၇-ဘုံ

**၅။ မနုဿာ၊ လူ့ဘုံဥင်း။ စာတုမဟာရာဇိကာ၊ စာတုမဟာရာဇ်ဘုံ ဥင်း။ တာဝတိံသာ၊ တာဝတိံသာဘုံဥင်း။ ယာမာ၊ ယာမာဘုံဥင်း။**

---

**ဘူမိစတုက္က**။ ။'တတ္ထ'မှစ၍ 'ဣဒမေတ္ထ ဘူမိစတုက္ကံ' တိုင်အောင်သော စကားရပ်ဖြင့် ဘူမိစတုက္ကကို အကျယ်ချဲ့ပြသည်၊ ထိုတွင် 'အပါယဘူမိ'စသည်ဖြင့် 'စတဿော ဘူမိယော'အရ ဘုံ ၄-မျိုးကို အကျဉ်း ရေတွက်ပြသည်။

၃။ အပါယ်ဘုံ, ကာမသုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံ၊ ဤသည်တို့ကား 'စတဿော ဘူမိယော' အရ ဘုံ ၄-မျိုးတည်း။

၄။ 'တာသု' အစရှိသော စကားရပ်ဖြင့် 'အပါယဘူမိ'အရ အကျယ် ပြသည်။

၁။ နိရယ=ချမ်းသာသုခ ရခွင့်မရှိသော ဘုံ၊ ငရဲဘုံ၊
၂။ တိရစ္ဆာနယောနိ=တိရစ္ဆာန်တို့၏ အပေါင်းအစု၊
၃။ ပေတ္တိဝိသယ=ပြိတ္တာတို့၏ နေရာ၊
၄။ အသုရကာယ=အသုရာအပေါင်း၊

ဤသို့ အပါယ်ဘုံ ၄-မျိုးရှိသည်။

**တုသိတာ၊ တုသိတာဘုံရှင်း။ နိမ္မာနရတိ၊ နိမ္မာနရတိဘုံရှင်း။ ပရနိမ္မိတဝသဝတ္တိစ၊ ပရနိမ္မိတဝသဝတ္တိဘုံရှင်း။ ဣတိ၊ သို့။ ကာမသုဂတိဘူမိ၊** ကာမသုဂတိဘုံသည်။ **သတ္တဝိဓာ၊ ၇–ပါးအပြားရှိသည်။ဟောတိ၊ ဖြစ်၏။**

၆။ ပန၊ ဆက်ဦးအံ့။ **ဧကာဒသဝိဓာပိ၊ ၁၁–ပါးအပြားရှိသည်လည်း ဖြစ်သော။ သာ အယံ၊ ထိုဘုံသည်။ ကာမာဝစရဘူမိစ္စေဝ၊ ကာမာဝစရဘုံ** ဟူ၍သာလျှင်။ သင်္ချ၊ ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့။ **ဂစ္ဆတိ၊ ရောက်၏။**

## ရူပ ၁၆–ဘုံ

၇။ **ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပါရိသဇ္ဇာဘုံရှင်း။ ဗြဟ္မပုရောဟိတာ၊ ဗြဟ္မပုရောဟိတာဘုံရှင်း။ မဟာဗြဟ္မာစ၊ မဟာဗြဟ္မာဘုံရှင်း။ ဣတိ၊ ဤ ၃-ဘုံသည်။ ပဌမဇ္ဈာနဘူမိ၊ ပဌမစျာန်ဘုံတည်း။**

၈။ **ပရိတ္တာဘာ၊ ပရိတ္တာဘာဘုံရှင်း။ အပ္ပမာဏာဘာ၊ အပ္ပမာဏာဘာဘုံရှင်း။ အာဘဿရာစ၊ အာဘဿရာဘုံရှင်း။ ဣတိ၊ ဤ ၃-ဘုံသည်။ ဒုတိယဇ္ဈာနဘူမိ၊ ဒုတိယစျာန်ဘုံတည်း။**

၉။ **ပရိတ္တသုဘာ၊ ပရိတ္တသုဘာဘုံရှင်း။ အပ္ပမာဏသုဘာ၊ အပ္ပမာဏသုဘာဘုံရှင်း။ သုဘကိဏှာစ၊ သုဘကိဏှာဘုံရှင်း။ ဣတိ၊ ဤ ၃–ဘုံသည်။ တတိယဇ္ဈာနဘူမိ၊ တတိယစျာန်ဘုံတည်း။**

---

၅။ 'မနုဿာ'အစရှိသော စကားရပ်ဖြင့်'ကာမသုဂတိဘူမိ'အရအကျယ် ပြသည်၊ လူ့ဘုံ, စာတုမဟာရာဇ်ဘုံ, တာဝတိံသာဘုံ, ယာမာဘုံ, နိမ္မာနရတိဘုံ, ပရနိမ္မိတဝသဝတ္တိဘုံ၊ ဤသို့ ကာမသုဂတိ ၇-ဘုံရှိသည်၊ ကောင်းသော လားရောက်ရာဘုံကို "သုဂတိဘုံ"ဟု ခေါ်သည်။ (သု—ကောင်းသော+ဂတိ—လားရောက်ရာဘုံ။)

၆။ ဆိုခဲ့ပြီးသော အပါယ် ၄-ဘုံ,ကာမသုဂတိ ၇-ဘုံ၊ ပေါင်း ၁၁-ဘုံကို "ကာမာဝစရဘုံ"ဟု ခေါ်သည်။

၇။ "ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ"ဟု ပဌမာဈာန် ၃-ဘုံ၊

၈။ "ပရိတ္တာဘာ,အပ္ပမာဏာဘာ,အာဘဿရာ"ဟု ဒုတိယစျာန် ၃-ဘုံ၊

၉။ "ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာ"ဟု တတိယစျာန် ၃-ဘုံ၊

**၁၀။ ဝေဟပ္ဖလာ၊ ဝေဟပ္ဖိုလ်ဘုံရင်း။ အသညသတ္တာ၊ အသညသတ်ဘုံရင်း။ သုဒ္ဓါဝါသာစ၊ သုဒ္ဓါဝါသ ၅-ဘုံရင်း။ ဣတိ၊ ဤ ၇-ဘုံသည်။ စတုတ္ထဇ္ဈာနဘူမိ၊ စတုတ္ထစျာန်ဘုံတည်း။ ဣတိ၊ သို့။ ရူပါဝစရဘူမိ၊ ရူပါဝစရဘုံသည်။ သောဠသဝိဓာ၊ ၁၆-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

**၁၁။ အဝိဟာ၊ အဝိဟာဘုံရင်း။ အတပ္ပါ၊ အတပ္ပါဘုံရင်း။ သုဒဿာ၊ သုဒဿာဘုံရင်း။ သုဒဿီ၊ သုဒဿီဘုံရင်း။ အကနိဋ္ဌာစ၊ အကနိဋ္ဌဘုံရင်း။ ဣတိ၊ သို့။ သုဒ္ဓါဝါသဘူမိ၊ သုဒ္ဓါဝါသဘုံသည်။ ပဉ္စဝိဓာ၊ ၅-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

## အရူပ ၄-ဘုံ

**၁၂။ အာကာသာနဉ္စာယတနဘူမိ၊ အာကာသာနဉ္စာယတနဘုံရင်း။ ဝိညာဏဉ္စာယတနဘူမိ၊ ဝိညာဏဉ္စာယတနဘုံရင်း။ အာကိဉ္စညာယတနဘူမိ၊ အာကိဉ္စညာယတနဘုံရင်း။ နေဝသညာနာသညာယတနဘူမိစ၊ နေဝသညာနာသညာယတနဘုံရင်း။ ဣတိ၊ ဤသို့။ အရူပဘူမိ၊ အရူပဘုံသည်။ စတုဗ္ဗိဓာ၊ ၄-ပါးအပြားရှိသည်။ ဟောတိ၊ ၏။**

---

၁၀၊ ၁၁။ "ဝေဟပ္ဖိုလ်, အသညသတ်, ("အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ"ဟု) သုဒ္ဓါဝါသ ၅-ဘုံ"အားဖြင့် စတုတ္ထစျာန် ၇-ဘုံ၊

ဤသို့ ရူပါဝစရ ၁၆-ဘုံ ရှိသည်၊ ဤစကားရပ်များဖြင့် 'ရူပါဝစရဘူမိ'၏ အကျယ်ကို ပြသည်။

၁၂။ 'အရူပါဝစရဘူမိ'၏ အကျယ်ကိုပြလို၍ 'အာကာသာနဉ္စာယတနဘူမိ'အစရှိသော စကားရပ်ကို မိန့်ဆိုသည်။

အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံ၊ ဤသို့ အရူပ ၄-ဘုံရှိသည်။

ဤသို့လျှင် "ကာမ ၁၁-ဘုံ, ရူပါဝစရ ၁၆-ဘုံ, အရူပါဝစရ ၄-ဘုံ" အားဖြင့် ဘုံပေါင်း ၃၁-ဘုံ ဖြစ်သည်၊ ထိုတွင် ကာမ ၁၁-ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့ကို "ပဉ္စဝေါကာရ ၂၆-ဘုံ"ဟုရင်း, အသညသတ်ဘုံကို "ဧကဝေါကာရဘုံ"ဟုရင်း, အရူပါဝစရဘုံကို "စတုဝေါကာရ ၄-ဘုံ"ဟုရင်း ခေါ်ကြသည်။

## ဘုံပုဂ္ဂိုလ်ရသင်္ဂဟဂါထာများ

၁၃။ သုဒ္ဓါဝါသေသု၊ သုဒ္ဓါဝါသဘုံတို့၌။ သဗ္ဗထာ၊ အလုံးစုံသော အပြားအားဖြင့်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်လည်း ဖြစ်ကုန်သော။ သောတာပန္နာစ၊ သောတာပန်လည်း ဖြစ်ကုန်သော။ သကဒါဂါမိနောစာပိ၊ သကဒါဂါမ်လည်း ဖြစ်ကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

၁၄။ အသညာပါယဘူမိသု၊ အသညသတ်ဘုံ, အပါယ်ဘုံတို့၌။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့ကို။ နော လဗ္ဘန္တိ၊ မရအပ်ကုန်။ သေသဋ္ဌာနေသု၊ ကြွင်းသော ဘုံဌာနတို့၌။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့ကိုရင်း။ အနရိယာပိစ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ကိုရင်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

ဣဒံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤ ဝီထိမုတ္တသင်္ဂဟ၌။ ဘူမိစတုက္ကံ၊ ဘူမိစတုက္ကတည်း။

---

၁၃၊ ၁၄။ ထိုထိုဘုံတို့၌ ရထိုက်သော ပုဂ္ဂိုလ်တို့ကို ပြလို၍ 'ပုထုဇ္ဇနာ န လဗ္ဘန္တိ' စသည်ကို မိန့်ဆိုရသည်။

သုဒ္ဓါဝါသဘုံများ၌ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့ကို အချင်းခပ်သိမ်း မရထိုက်ကုန်၊ အသညသတ်ဘုံ, အပါယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို မရထိုက်ကုန်၊ ကြွင်းသော ဘုံဌာနတို့၌ အရိယာပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို ရထိုက်ကုန်၏။

ထိုတွင် သုဒ္ဓါဝါသဘုံ၌ "ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့ကို မရ"ဟု ဆိုသဖြင့် တိဟိတ်ပုထုဇဉ်အဖြစ်မှ တဆင့်တက်လာရသော သောတာပတ္တိမဂ္ဂဋ္ဌာန်, သောတာပန်မှ တဆင့်တက်လာရသော သကဒါဂါမိမဂ္ဂဋ္ဌာန်, သကဒါဂါမ်မှ တဆင့်တက်လာရသော အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုလည်း ပယ်ပြီးဖြစ်တော့သည်၊ ထို့ကြောင့် သုဒ္ဓါဝါသဘုံ၌ "အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်"ဟု ဆိုအပ်သော အထက်အရိယာ ၃-ယောက်တို့ကိုသာ ရသင့်တော့သည်။

"အသညသတ်ဘုံ, အပါယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို မရ"ဟုဆိုသဖြင့် "ပုထုဇဉ် ၄-ယောက် ရနိုင်သည်"ဟု အဓိပ္ပါယ် သက်ရောက်နေသည်၊ သို့သော် အပါယ်ဘုံ၌ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ပဋိသန္ဓေတခုသာ ရှိကြောင်းကို ပဋိသန္ဓိစတုက္က၌ ပြထားပါသည်၊ ယင်း အကုသလ

ဝိပါက် ဉပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို "ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်" ခေါ်ရကြောင်းကိုလည်း ဝီထိပိုင်း ပုဂ္ဂလဘေဒ (၁ဂဂ) ၌ ပြခဲ့ပါပြီ၊ ထို့ကြောင့် "အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် တယောက်သာ ရသင့်သည်" ဟု မှတ်ပါ။

ထို့ပြင် သုဂတိအပါအဝင်ဖြစ်သော အသညသတ်ဘုံ၌ သမ္ပယုတ်ဟိတ် မရှိသော ရုပ်ပဋိသန္ဓေမျှသာ ရှိသည်၊ သို့ဖြစ်၍ ယင်း အသညသတ်ဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်ကို (ဖြစ်ရာဘုံသို့ လိုက်၍ 'သုဂတိ' + ပဋိသန္ဓေသို့ လိုက်၍ 'အဟိတ်'=အမည် ၂-ရပ်ကို ပေါင်းစပ်လျက်) "သုဂတိအဟိတ်" ဟု ခေါ်ရသည်၊ ထို့ကြောင့် "အသညသတ်ဘုံ၌လည်း သုဂတိအဟိတ် ပုဂ္ဂိုလ်တယောက်သာ ရသင့်သည်" ဟု မှတ်ပါ။

ကြွင်းသော ဘုံဌာနများတွင် လူနှင့် စာတုမဟာရာဇ်အပါအဝင်ဖြစ်သော 'ဝိနိပါတိက အသုရာ' ခေါ် နတ်အငယ်စားများသာ အဟိတ်ကုသလဝိပါက် ဉပေက္ခာ သဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ တည်နေနိုင်ကြသည်၊ ထို့ကြောင့် သုဂတိအဟိတ် ပုဂ္ဂိုလ်ကို လူ့ဘုံနှင့် စာတုမဟာရာဇ်ဘုံမှာသာ ရနိုင်သည်။

ဒွိဟိတ်ပဋိသန္ဓေသည် ကာမသုဂတိ ၇-ဘုံ၌သာ ရှိသည်၊ ထို့ကြောင့်ပင် ဒွိဟိတ် ပုဂ္ဂိုလ်ကိုလည်း ကာမသုဂတိ ၇-ဘုံ၌သာ ရသင့်သည်။

ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပါဝစရ ၁၀-ဘုံ၊ အရူပ ၄-ဘုံတို့၌ တိဟိတ်ပဋိသန္ဓေ ရှိသည်၊ ထို့ကြောင့် ယင်းဘုံများမှာ တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်ကို ရနိုင်သည်၊ ပဋိသန္ဓိစတုက္ကကိုလည်း ရှုပါ။

အရူပဘုံ၌ သောတာပတ္တိမဂ်ကို မရနိုင်ကြောင်း ဘူမိဘေဒ က ပြခဲ့ပါပြီ၊ ထို့ကြောင့် "အရူပ ၄-ဘုံ၌ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို မရနိုင်" ဟု မှတ်ပါ။

**ဆောင်**။ ။အပါယ်ဒု၊ လူ့,စာတု ဒုကြဉ်ပါ၊
ထက်နယ်ဝယ်—ဆယ့်ဒွိ,တိငယ်၊ ဝေထိ တိသာ၊
သညာ သု—ငါးသုဒ္ဓါ၊ ထက်ရိယာ သုံးယောက်၊
အရူဝယ်၊ စ-မဂ်ပယ်—တိဟိတ်ရှစ်ကို၊ စိစစ်ရွေးကောက်။

အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တယောက်သာရသည်(အပါယ်ဒု။)

လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်မှ တပါး ပုဂ္ဂိုလ် ၁၁-ယောက်ရသည်။ (လူ့စာတု ဒုကြဉ်ပါ။)

## ဘုံပုဂ္ဂိုလ်ရ

| ပုဂ္ဂိုလ် ၁၂ ယောက် | | | အပါယ် ၄ ဘုံ | လူ+စာတု ၂ | ထက်နတ် ၅ | ဝေတိုင်ရူ ၁၀ | အသညသတ် ၁ | သုဒ္ဓါဝါသ ၅ | အရူပ ၄ | ပုဂ္ဂိုလ်ဘုံရ |
|---|---|---|---|---|---|---|---|---|---|---|
| ပုထုဇဉ် ၄ | ဒုဂ္ဂတိအဟိတ် | ၁ | ။ | | | | | | | ၄ |
| | သုဂတိအဟိတ် | ၁ | | ။ | | | ▪ | | | ၃ |
| | ဒွိဟိတ် | ၁ | | ။ | ▪ | | | | | ၇ |
| | တိဟိတ် | ၁ | | ။ | ▪ | ▪ | | | ▪ | ၂၁ |
| အရိယာ ၈ | သောတာပတ္တိမဂ္ဂဋ္ဌာန် | ၁ | | ။ | ။ | ▪ | | | | ၁၇ |
| | သော-ဖ, သ-မဖ, အနာ-မ | ၄ | | ။ | ။ | ▪ | | | ▪ | ၂၁ |
| | အနာ-ဖ, အ-မဖ | ၃ | | ။ | ။ | ▪ | | ▪ | ▪ | ၂၆ |
| ဘုံပုဂ္ဂိုလ်ရ | | | ၁ | ၁၁ | ၁၀ | ၉ | ၁ | ၃ | ၆ | ၃၁ |
| ပုဂ္ဂိုလ်အပြားဝါကရား ၂၁၄ | | | ၄ | ၂၂ | ၅၀ | ၉၀ | ၁ | ၁၅ | ၃၂ | |

'တာဝတိံသာ'အစရှိသော နတ်ပြည် ၅-ထပ်၌ဒွိဟိတ်ပုဂ္ဂိုလ်,တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်၊ပေါင်း ၁၀-ယောက်သာရသည်။(ထက်နတ်ဝယ်ဆယ်ဒွိ,တိငယ်။)

ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၌ တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်သာ ရသည်။ (ဝေထိ တိသာ။)

အသညသတ်ဘုံ၌သုဂတိအဟိတ်ပုဂ္ဂိုလ်တယောက်သာရသည်။(သညသု။)

သုဒ္ဓါဝါသ ၅-ဘုံ၌ "အနာဂါမိ ဖလဋ္ဌာန်, အရဟတ္တ မဂ္ဂဋ္ဌာန်, အရဟတ္တ ဖလဋ္ဌာန်" ဟူသော အထက်အရိယာ ပုဂ္ဂိုလ် ၃-ယောက်သာ ရသည်။ (ငါးသုဒ္ဓါ၊ ထက်ရိယာ သုံးယောက်။)

အရူပ ၄-ဘုံ၌ သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မှ တပါး တိဟိတ်ပုဂ္ဂိုလ် ၈-ယောက် ရသည်။ (အရူပဝယ်၊ စ-မဂ်ပယ်-တိဟိတ် ရှစ်ကို။)

ရသော ပုဂ္ဂိုလ်ကိုတည်၊ ဖြစ်ရာဘုံ အသီးသီးဖြင့် မြှောက်၊ ရလဒ်များကို ပေါင်း၊ ပုဂ္ဂိုလ်အပြား ဝါကရား=(၂၁၄) ဖြစ်၏၊ ဇယား၌ အောက်ဆုံး အတန်းကို ရှုပါ။

**ဆောင်**။ ။ပုဂ်×ဘုံမြှောက်ကာ, လဒ်ချင်းသာ, ပေါင်းခါ ဝါကရား။

ဇယားကို လက်ဝဲ လကျာ်ရှုလျက် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်သည် အပါယ် ၄-ဘုံ၌သာ ဖြစ်သည်' စသည်ဖြင့်လည်း ခွဲပါ။

## ပဋိသန္ဓိစတုက္က

**၁၅။ အပါယပဋိသန္ဓိ၊ အပါယ်ပဋိသန္ဓေဒွေရင်း။ ကာမသုဂတိပဋိသန္ဓိ၊ ကာမသုဂတိပဋိသန္ဓေရင်း။ ရူပါဝစရပဋိသန္ဓိ၊ ရူပါဝစရပဋိသန္ဓေရင်း။ အရူပါဝစရပဋိသန္ဓိစ၊ အရူပါဝစရပဋိသန္ဓေရင်း။ ဣတိ၊ ဤသည်တို့ကား။ စတုဗ္ဗိဓာ၊ ၄-ပါးအပြားရှိသော။ ပဋိသန္ဓိနာမ၊ ပဋိသန္ဓေမည်၏။**

### အပါယ်ပဋိသန္ဓေ ၁-ပါး

**၁၆။ တတ္ထ၊ ထို ၄-ပါးသော ပဋိသန္ဓေတို့တွင်။ အကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ၊ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်။ အပါယဘူမိယံ၊ အပါယ်ဘုံ၌၊ ဩက္ကန္တိက္ခဏေ၊ သက်ရောက်ဆဲခဏ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဟုတွာ၊ ဖြစ်၍။ တတော၊ ထိုပဋိသန္ဓေအခါမှ။ ပရံ၊ နောက်၌။ ဘဝင်္ဂံ၊ ဘဝင်သည်ရင်း။ ပရိယောသာနေ၊ ဘဝအဆုံး၌။ စဝနံ၊ စုတိသည်ရင်း။ ဟုတွာ၊ ဖြစ်၍။ ဝေါစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဧကာ၊ တခုသော။ အယံ၊ ဤပဋိသန္ဓေသည်။ အပါယပဋိသန္ဓိ နာမ၊ အပါယ်ပဋိသန္ဓေမည်၏။**

---

၁၅။ "စတဿော ဘူမိယော" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီး၍ "စတုဗ္ဗိဓာ ပဋိသန္ဓိ" ဟူသော အကျဉ်း ဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြလိုသောကြောင့် 'အပါယ ပဋိသန္ဓိ' စသော စကားရပ်ကိုမိန့်တော်မူသည်။

အပါယ် ပဋိသန္ဓေ, ကာမသုဂတိ ပဋိသန္ဓေ, ရူပါဝစရ ပဋိသန္ဓေ, အရူပါဝစရ ပဋိသန္ဓေ၊ ဤသည်တို့ကား 'စတုဗ္ဗိဓာ ပဋိသန္ဓိ'အရ ပဋိသန္ဓေ ၄-မျိုးတို့တည်း။

ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်သောအားဖြင့် ဘဝဟောင်း အပြတ်တွင် ဘဝသစ်၌ စိတ်, စေတသိက်, ကမ္မဇရုပ်တို့၏ အစဆုံးဖြစ်ခြင်းကိုပင် "ပဋိသန္ဓေ"ဟု ခေါ်သည်။

၁၆။ 'အပါယပဋိသန္ဓိ'အရကို အကျယ်ပြလိုသောကြောင့် 'တတ္ထ' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်ဘုံ၌ သက်ရောက်စမှာ ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်သည်၊ ထို့နောက် (ပဝတ္တိအခါမှာ ဝီထိစိတ် မဖြစ်လျှင်) ဘဝင်ကိစ္စတပ်၍ ဖြစ်သည်၊ ဘဝအဆုံးမှာ စုတိကိစ္စတပ်၍ ဖြစ်သည်၊ အပါယ်ပဋိသန္ဓေကား ဤစိတ်တခုမျှသာတည်း။

## ကာမသုဂတိပဋိသန္ဓေ ၉-ပါး

**၁၇။ ပန၊ ကား။ ကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်။ ကာမသုဂတိယံ၊ ကာမသုဂတိဘုံ၌။ ဇစ္စန္ဓာဒီနံ၊ သန္ဓေကန်း အစရှိကုန်သော။ မနုဿာနဉ္စ၊ လူတို့၏လည်း။ ဘုမ္မဿိတာနံ၊ ဘုမ္မစိုးနတ်ကြီးတို့ကို မှီခိုနေကြကုန်သော။ ဝိနိပါတိကာသုရာနံစ၊ ဝိနိပါတိကအသုရာတို့၏လည်း။ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန၊ ပဋိသန္ဓေ, ဘဝင်, စုတိ၏ အစွမ်းဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။**

---

ဤ စကားရပ်ကို ထောက်၍ အပါယ်ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တယောက်သာ ရနိုင်ကြောင်း သိပါ။

၁၇။ 'ကာမသုဂတိပဋိသန္ဓိ'အရ အကျယ်ပြလိုသောကြောင့် 'ကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ' စသော စကားရပ်ကို မိန့်ဆိုတော်မူသည်။

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ ဇစ္စန္ဓ စသော လူများနှင့် ဘုမ္မစိုးနတ်ကြီးတို့ကို မှီခိုကပ်ရပ်နေကြသည့် ဝိနိပါတိက အသုရာတို့၏ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်လျက် ဖြစ်သည်။

ဤ စကားရပ်ကို ထောက်၍ လူ့ဘုံနှင့် စာတုမဟာရာဇ်ဘုံတို့မှာ သုဂတိအဟိတ်ပုဂ္ဂိုလ် ရနိုင်ကြောင်း သိနိုင်သည်။

ထိုဘုံ၌ စက္ခုပသာဒကို ဖြစ်စေနိုင်သော ကံမရှိသည့်အတွက် ဖြစ်ပေါ်ရမည့်အချိန်မှာ စက္ခုပသာဒ ဖြစ်ပေါ်မှု မရှိသောသူကို "ဇစ္စန္ဓ"ဟု ခေါ်သည်၊ ဖြစ်ပြီးမှ တစုံတခုသော ဘေးရန်ကြောင့် စက္ခုပျက်စီးရသူကား 'ဇစ္စန္ဓ' မဟုတ်ပါ။ (ဇာတိ—ပဋိသန္ဓေအားဖြင့်+အန္ဓ—ကန်းသူ=သန္ဓေကန်း။)

အာဒိသဒ္ဒါဖြင့်—

၁။ ဇစ္စဗဓိရ=ပဋိသန္ဓေအားဖြင့် နားထိုင်းသူ၊
၂။ ဇစ္စမူဂ=ပဋိသန္ဓေအားဖြင့် စကား မပီသူ, ထစ်အ-သူ၊
၃။ ဇစ္စဇဠ=ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်း, ဖျင်း အ-သူ၊
၄။ ဇစ္စုမ္မတ္တက=ပဋိသန္ဓေအားဖြင့် ရူးသွပ်သူ၊
၅။ ပဏ္ဍက=ကိလေသာ လှုံ့ထဲသူ—ကာမပူပန်မှု မငြိမ်းအေးနိုင်သူ၊
၆။ ဥဘတောဗျဉ္ဇနက=ဥဘတောဗျည်း၊ မိန်းမတလှည့်, ယောကျ်ားတလှည့် ဖြစ်သူ၊

**၁၀။ ပန်၊ ကာ။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ မဟာဝိပါကာနိ၊ မဟာဝိပါက်စိတ်တို့သည်။သဗ္ဗတ္ထာပိ၊ အလုံးစုံလည်း ဖြစ်သော။ ကာမသုဂတိယံ၊ ကာမသုဂတိဘုံ၌။ ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အစွမ်းဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။**

**၁၉။ နဝ၊ ၉-ပါးကုန်သော။ ဣမာ၊ ဤပဋိသန္ဓေတို့သည်။ ကာမသုဂတိပဋိသန္ဓေယော နာမ၊ ကာမသုဂတိ ပဋိသန္ဓေတို့မည်၏။**

**၂၀။ ပန်၊ ဆက်ဦးအံ့။ ဒသဝိဓာပိ၊ ၁၀-ပါးအပြားရှိသည်လည်း ဖြစ်သော။ သာ အယံ၊ ထိုပဋိသန္ဓေသည်။ ကာမာဝစရပဋိသန္ဓိစ္စေဝ၊ ကာမာ**

---

၇။ နပုံသက=မိန်းမအင်္ဂါလည်း မထင်ရှား, ယောကျ်ားအင်္ဂါလည်း မထင်ရှားသူ၊

၈။ မမ္မ=မန်းစွဲသူ၊ စကားပြောလျှင် အမျှင်မပြတ်ပဲ ဒရွတ်ဆွဲ ပြောသူ၊ ဤသို့ အစရှိသော လူရာ မဝင်သူ လူစင် မမှီသူများကို ယူပါ။

**ဆောင်။** ။ဇာတိဗဓိရ, မူဂ ဇဠာ, ဥမ္မတ္တာ ပဏ္ဍကော, ဥဘတော နပုံသက, မမ္မစရှိ, ယူကြဘိ, အာဒိဇစ္စန္ဓာ။

**တနည်း။** ။ဗဓိရ၊ မူဂရယ်နှင့် ဇဠာ၊
ဥမ္မတ္တာ-ပဏ္ဍကောငယ်၊ ဥဘော တဖြာ၊
နပုံသ-မမ္မရယ်တဲ့ စသည်သာ၊ မဝင်ပါ လူထဲ၊
ဇစ္စန္ဓာ-အာဒိရငယ်၊ ကျန ယူစွဲ။

မြေကြီးနှင့် စပ်သော သစ်ပင် တော တောင်ကို စောင့်သော နတ်များ, ကိုယ်စောင့်နတ်များ, အိမ်စောင့်နတ်များ စသည်တို့ကို “ဘုမ္မစိုးနတ်”ဟု ခေါ်သည်၊ အတော်အတန် တန်ခိုးသတ္တိ ရှိကြသည်။

ဝိနိပါတိကအသုရာတို့သည် ထိုဘုမ္မစိုးနတ်ကြီးများကို မှီခိုကပ်ရပ်၍ နေကြရသည်၊ စည်းစိမ် ဥစ္စာ အိပ်ရာ နေရာ ကောင်းစွာ မရှိပဲ ဖောက်ပြန် ပျက်စီးနေသော နတ်သေး နတ်မွှား နတ်အငယ်စားကလေးတွေသာ ဖြစ်ကြသည်။

၁၈။ မဟာဝိပါက် ၈-ပါးတို့သည် ကာမသုဂတိ ၇-ဘုံလုံးမှာပင် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်၍ ဖြစ်သည်။

၁၉။ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ၁-ပါး၊ မဟာဝိပါက် ၈-ပါး၊ ဤ ၉-ပါးသော ပဋိသန္ဓေတို့သည် “ကာမသုဂတိပဋိသန္ဓေ” မည်၏။

ဝစရ ပဋိသန္ဓေဟူ၍ သာလျှင်။ သဒ်၊ ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

## ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း

၂၁။ တေသု၊ ထိုပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင်။ စတုန္နံ၊ ၄-ပါးကုန်သော။ အပါယာနံ၊ အပါယ်ဘုံသားတို့၏ငင်း။ မနုဿာနံ၊ လူတို့၏ငင်း။ ဝိနိပါတိကာသုရာနဉ္စ၊ ဝိနိပါတိကအသုရာတို့၏ငင်း။ အာယုပ္ပမာဏဂဏနာယ၊ အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၏။ နိယမော၊ အမြဲသတ်မှတ်ချက်သည်။ နတ္ထိ၊ မရှိ။

---

၂၀။ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ၁-ပါး၊ ကာမသုဂတိပဋိသန္ဓေ ၉-ပါး၊ ပေါင်း ၁၀-ပါးကို "ကာမာဝစရပဋိသန္ဓေ"ဟု ခေါ်သည်။

၂၁။ ကာမာဝစရပုဂ္ဂိုလ်တို့၏ အသက်တမ်းကို ဆက်လက် ပြလိုသောကြောင့် 'တေသု' အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

အပါယ် ၄-ဘုံသား, *လူ(ဇမ္ဗူဒိပါကျွန်းသူ), ဝိနိပါတိကအသုရာတို့မှာ အသက်တမ်း အမြဲမရှိ၊ ရံခါ တိုး၏၊ ရံခါ ရှည်၏၊ ထို ပုဂ္ဂိုလ်တို့တွင် တချို့က တနံနက်မျှ အသက်ရှည်ကြသည်၊ တချို့က တရက်မျှ အသက်ရှည်ကြသည်၊ တချို့က တခဏမျှ အသက်ရှည်ကြသည်၊ တချို့က နှစ်ပေါင်းအသင်္ချေ အသက်ရှည်ကြသည်၊ ထို့ကြောင့် အဆိုပါ ပုဂ္ဂိုလ်တို့၏ အသက်တမ်းကို အတိအကျ သတ်မှတ်၍ မဖြစ်နိုင်ပါ။

(*တခြားကျွန်းသူတို့အတွက်မူ "ရွှေခုနစ်ရာ, နောက်ငါးရာ, မြောက်မှာ တထောင်သက်"ဟု သတ်မှတ်ချက် ရှိပါသေးသည်။)

ဆောင်။ ။အပါယ် လူ့ရွာ, ဝိနိပါတို့, ချို့မှာ နံနက်, ချို့ တရက်မျှ, ချို့က သင်္ချေယျာ, သက်ရှည်ပါ, သေချာသက်တမ်း မဖော်ညွှန်း။

တနည်း။ ။အပါယ၊ မနုဿ ဝိနိပါ၊
တချို့သူ—တနံနက်ငယ်၊ ချို့ တရက်သာ၊
ချို့ ခဏ—အချို့က သင်္ချေယျာ၊ သက်ဇီဝါ ရှည်ကြ၊
ထို့ကြောင့်ပင်—အသက်တမ်းကို၊ မညွှန်း တိကျ။

**၂၂။ ပန၊ ကား။ စာတုမ္မဟာရာဇိကာနံ၊ စာတုမဟာရာဇ်ဘုံသား ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ အာယုပ္ပမာဏံ၊ အသက်အတိုင်းအရှည်သည်။ ဒိဗ္ဗာနိ၊ နတ်၌ ဖြစ်ကုန်သော။ ပဉ္စဝဿသတာနိ၊ အနှစ် ၅၀၀–တို့တည်း။ မနုဿဂဏနာယ၊ လူတို့၏ အရေအတွက်ဖြင့်။ နဝုတိ ဝဿသတ-သဟဿပ္ပမာဏံ၊ အနှစ်ကိုးသန်း အတိုင်းအရှည်ရှိသည်။ ဟောတိ၊ ဖြစ်၏။**

**တာဝတိံသာနံ၊ တာဝတိံသာနတ်တို့၏။ အာယုပ္ပမာဏံ၊ အသက်အတိုင်းအရှည်သည်။ တတော၊ ထိုစာတုမဟာရာဇ်နတ်သက်ထက်။ စတုဂ္ဂုဏံ၊ လေးဆတက်၏။ ယာမာနံ၊ ယာမာနတ်တို့၏။ အာယုပ္ပမာဏံ၊ သည်။ တတော၊ ထိုတာဝတိံသာနတ်သက်ထက်။ စတုဂ္ဂုဏံ၊ ၏။ တုသိတာနံ၊ တုသိတာနတ်တို့၏။ အာယုပ္ပမာဏံ၊ သည်။ တတော၊ ထိုယာမာနတ်သက်ထက်။ စတုဂ္ဂုဏံ၊ ၏။ နိမ္မာနရတီနံ၊ နိမ္မာနရတိနတ်တို့၏။ အာယုပ္ပမာဏံ၊ သည်။ တတော၊ ထိုတုသိတာနတ်သက်ထက်။ စတုဂ္ဂုဏံ၊ ၏။ ပရနိမ္မိတဝသဝတ္တီနံ၊ ပရနိမ္မိတဝသဝတ္တိနတ်တို့၏။ အာယုပ္ပမာဏံ၊ သည်။ တတော၊ ထိုနိမ္မာနရတိနတ်သက်ထက်။ စတုဂ္ဂုဏံ၊ လေးဆတက်၏။**

**၂၃။ ဝသဝတ္တိသု၊ ဝသဝတ္တိနတ်တို့၌။ အာယုပ္ပမာဏံ၊ သည်။ ဝဿာနံ၊ နှစ်တို့၏။ နဝသတဉ္စ ကောဋိယော၊ ကုဋေကိုးရာတို့သည်၎င်း။ ကောဋိသ ကောဋိယော၊ နှစ်ဆယ့်တကုဋေတို့သည်၎င်း။ တထာ၊ ထိုမှတပါး။ သဋ္ဌိစ ဝဿသတသဟဿာနိ၊ အနှစ်ခြောက်သန်းတို့သည်၎င်း။ ဟောတိ၊ ဖြစ်၏။**

---

၂၂။ စာတုမဟာရာဇ်ဘုံသား နတ်များ၏ အသက်ပမာဏကား စာတုမဟာရာဇ်နတ် အရေအတွက်ဖြင့် နှစ်ပေါင်း ၅၀၀၊ လူ့အရေအတွက်ဖြင့် နှစ်ပေါင်း ကိုးသန်းတည်း။

တာဝတိံသာနတ်သက်ကား စာတုမဟာရာဇ်နတ်သက်၏ လေးဆတည်း၊
ယာမာနတ်သက်ကား တာဝတိံသာနတ်သက်၏ လေးဆတည်း၊
တုသိတာနတ်သက်ကား ယာမာနတ်သက်၏ လေးဆတည်း၊
နိမ္မာနရတိနတ်သက်ကား တုသိတာ နတ်သက်၏ လေးဆတည်း၊
ပရနိမ္မိတဝသတ္တိနတ်သက်ကား နိမ္မာနရတိနတ်သက်၏ လေးဆတည်း။

၂၃။ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက်ပမာဏသည် နှစ်ပေါင်း ၉၂၁-ကုဋေ ၆-သန်းတည်း၊ ဤကား လေးဆတက်သည့်အခါ ချိန်ကိုက်၍ ရအောင် (မိဂပဒဝလဉ္ဇန နည်းဖြင့်) ကျမ်းဆရာကိုယ်တိုင် ထည့်သွင်းပြဆိုထားသော လူ့အရေအတွက်တည်း။

ထိုတွင် စာတုမဟာရာဇ်နတ်သက် ၅၀၀-ကိုတည်၊ ၄-ဖြင့်မြှောက်၊ ၂၀၀၀-ဖြစ်၏၊ ယင်း ၂၀၀၀-သည် စာတုမဟာရာဇ်နတ် အရေအတွက်ဖြင့် ရေတွက်ထားသော တာဝတိံသာနတ်သက်ဖြစ်၏၊ တာဝတိံသာနတ် အရေအတွက်ဖြင့် ရေတွက်ထားသော တာဝတိံသာနတ်သက် မဟုတ်သေးပါ။

တာဝတိံသာနတ်တို့၏ နေ့တာ, ညဉ့်တာသည် စာတုမဟာရာဇ်နတ်တို့၏ နေ့တာ, ညဉ့်တာထက် ၂-ဆပိုရှည်သည်၊ ထို့ကြောင့် ယင်း ၂၀၀၀-ကိုတည်၊ ၂-ဖြင့်စား၊ ၁၀၀၀-ရ၏၊ ယင်း ၁၀၀၀-သည်သာလျှင် တာဝတိံသာနတ် အရေအတွက်ဖြင့် တာဝတိံသာနတ်သက် ဖြစ်၏၊ ဤသည်ကိုပင်ရည်ရွယ်၍ "ရက် ၂-ဆ၊ နှစ် ၂-ဆ တက်ရမည်"ဟု မိန့်ဆိုကြသည်၊ လူ့အရေအတွက်မှာမူ ၄-ဖြင့် မြှောက်ရုံမျှသာ ဖြစ်သည်။

အထက် အထက် နတ်တို့၏ နေ့တာ, ညဉ့်တာသည် အောက် အောက်နတ်တို့၏ နေ့တာ, ညဉ့်တာထက် ၂-ဆ ၂-ဆစီ ပိုရှည်ကြသည်ချည်း၊ ဆိုခဲ့ပြီးသည့်အတိုင်း တက်ကြည့်ပါ၊ အလွယ်တွက်လိုက နတ်သက်ကို ၂-ဖြင့်ရင်း, လူ့အရေအတွက်ကို ၄-ဖြင့်ရင်း ဆင့်ကာ ဆင့်ကာ မြှောက်ယူပါ။

**ဆောင်**။ ။နတ်သက်နှစ်ဆ, လူလေးဆ, တက်ကြ စဉ်တိုင်းသာ။

တနည်းအားဖြင့် ဆိုရပါမူ—

လူ့ပြည်၌ အနှစ် ၅၀-သည် စာတုမဟာရာဇ်ဘုံ၌ တနေ့နှင့် တညဉ့် (တရက်)ဖြစ်၏၊ ထိုနေ့, ညဉ့်တို့ဖြင့် ပိုင်းခြားအပ်သော ရက် ၃၀-သည် တလ ဖြစ်၏၊ ၁၂-လသည် တနှစ် ဖြစ်၏၊ ထိုရက်, လ, နှစ်တို့ဖြင့် ပိုင်းခြားအပ်သော အနှစ် ၅၀၀-သည် စာတုမဟာရာဇ်နတ်တို့၏ အသက်ဖြစ်၏။

လူတို့နှစ်အရေအတွက်ကား (၅၀၀×၁၂×၃၀×၅၀=) အနှစ်ကိုးသန်းရှိ၏။

စာတုမဟာရာဇ် ၂-ရက်သည် တာဝတိံသာ ၁-ရက်နှင့် ညီမျှ၏၊ ထို့ကြောင့် စာတုမဟာရာဇ်နတ်၏ တရက်ဖြစ်သော လူ့အနှစ် ၅၀-ကို ၂-ဆတက်သော် (၅၀×၂=) အနှစ်တရာသည် တာဝတိံသာ၌ တရက်ဖြစ်၏၊ ဤကား ရက် ၂-ဆတက်တည်း။

တဖန် စာတုမဟာရာဇ်နတ်သက် ၅၀၀-ကို ၂-ဆတက်သော် (၅၀၀×၂=) အနှစ် ၁၀၀၀-သည် တာဝတိံသာနတ်သက် ဖြစ်၏၊ ဤကား နှစ် ၂-ဆတက်တည်း။

## ရူပ ပဋ္ဌာနနေ ၆-ပါး

၂၄။ ပဌမဈာန ဝိပါကံ၊ ပဌမဈာနဝိပါကစိတ်သည်။ ပဌမဈာန ဘူမိယံ၊ ပဌမဈာနဘုံ၌။ ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ ပဋိသန္ဓေ, ဘဝင်, စုတိတို့၏အစွမ်းဖြင့် ပဝတ္တတိ၊ ဖြစ်၏။

၂၅။ တထာ၊ ထို့အတူ။ ဒုတိယဈာန ဝိပါကံ၊ ဒုတိယဈာန် ဝိပါက်စိတ်သည်၎င်း။ တတိယဈာန ဝိပါကဉ္စ၊ တတိယဈာန် ဝိပါက်စိတ်သည်၎င်း။ ဒုတိယဈာနဘူမိယံ၊ ဒုတိယဈာန်ဘုံ၌။ ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ ဖြင့်။ ပဝတ္တတိ၊ ၏။

၂၆။ စတုတ္ထဈာန ဝိပါကံ၊ စတုတ္ထဈာန်ဝိပါက်စိတ်သည်။ တတိယ-ဈာန ဘူမိယံ၊ တတိယဈာန်ဘုံ၌။ ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ ဖြင့်။ ပဝတ္တတိ၊ ၏။

၂၇။ ပဉ္စမဈာန ဝိပါကံ၊ ပဉ္စမဈာန် ဝိပါက်စိတ်သည်။ စတုတ္ထ-ဈာန ဘူမိယံ၊ စတုတ္ထဈာန်ဘုံ၌။ ပဋိသန္ဓိ ဘဝင် စုတိဝသေန၊ ဖြင့်။ ပဝတ္တတိ၊ ၏။

---

လူတို့ နှစ် အရေအတွက်အားဖြင့်ကား (၁၀၀၀×၁၂×၃၀×၁၀၀=) အနှစ် ၃-ကုဋေ ၆-သန်းရှိ၏။

ဆိုခဲ့ပြီးသည်ကိုပင် နည်းမှီ၍ အထက်နတ်သက်များကိုလည်း ဆက်လက် တွက်ကြည့်ပါ။

၂၄။ 'ရူပါဝစရပဋိသန္ဓိ'၏ အရ အကျယ်ပြလို၍ 'ပဌမဈာနဝိပါကံ' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

ပဌမဈာန်ဝိပါက်သည် ပဌမဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ် သည်။

၂၅။ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက်သည် ဒုတိယဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၏။

၂၆။ စတုတ္ထဈာန်ဝိပါက်သည် တတိယဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၏။

၂၇။ ပဉ္စမဈာန်ဝိပါက်သည် စတုတ္ထဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စတပ်၏။

**၂၈။ ပန၊ အထူးကား။ အသညသတ္တာနံ၊ အသညသတ် ပြဟ္မာတို့၏။ ရူပမေဝ၊ ရုပ်ချည်းသာလျှင်။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအတူ။ တတော၊ ထိုပဋိသန္ဓေခဏမှ။ ပရံ၊ နောက် ဖြစ်သော။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌ရင်း။ စဝနကာလေစ၊ စုတေရာ အခါ၌ရင်း။ ရူပမေဝ၊ ရုပ်ချည်းသာလျှင်။ ပဝတ္တိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။**

**ဆ၊ ၆-ပါးကုန်သော။ ဣမာ၊ ဤပဋိသန္ဓေတို့သည်။ ရူပါဝစရ ပဋိသန္ဓိယော နာမ၊ ရူပါဝစရ ပဋိသန္ဓေတို့ မည်၏။**

**ရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း**

**၂၉။ တေသု၊ ထိုပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင်။ ပြဟ္မပါရိသဇ္ဇာနံ၊ ပြဟ္မပါရိသဇ္ဇာဘုံသား ဖြစ်ကုန်သော။ ဒေဝါနံ၊ ပြဟ္မာတို့၏။ အာယုပ္ပ- မာဏံ၊ သည်။ ကပ္ပဿ၊ အသင်္ချေယျကပ်၏။ တတိယော ဘာဂေါ၊ သုံးဖို့ တဖို့တည်း။**

---

၂၈။ အသညသတ်ပြဟ္မာများမှာ ပဋိသန္ဓေအခါမှာလည်း ရုပ်ချည်း သာ ဖြစ်သည်၊ ပဝတ္တိအခါ, စုတိအခါမှာလည်း ရုပ်ချည်းသာ ဖြစ်၍ ချုပ်သည်၊ ဤသည်ကိုပင် အထောက်အထားပြု၍ အသညသတ်ဘုံ၌ သုဂတိ အဟိတ်ပုဂ္ဂိုလ် တယောက်သာ ရကြောင်းကို ဆိုခဲ့ရပေသည်။

ရူပါဝစရဝိပါက်စိတ် ၅-ခု၊ အသညသတ် ရုပ်ပဋိသန္ဓေတခု၊ ဤ ၆-ခု သော ပဋိသန္ဓေတို့သည် "ရူပါဝစရပဋိသန္ဓေ" မည်၏။

၂၉။ ရူပါဝစရပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့၏အသက်တမ်းကို ဆက်လက် ပြဆိုလိုသောကြောင့် 'တေသု' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

ထိုထိုလူတို့၏ အသက်တမ်းကို "အာယုကပ်"ဟုခေါ်သည်၊ ယင်း အာ ယုကပ်ဖြင့် မှတ်သားအပ်သော တက်ကပ်, ဆုတ်ကပ်တစုံကို "အန္တရကပ်"ဟု ခေါ်သည်၊ ယင်း အန္တရကပ်ပေါင်း ၆၄-ကပ်ကို "အသင်္ချေယျကပ်"ဟု ခေါ်သည်၊ "သံဝဋ္ဋ=ပျက်ဆဲအခါ, သံဝဋ္ဋဋ္ဌာယီ=အပျက်အတိုင်း တည်နေရာ အခါ, ဝိဝဋ္ဋ=ဖြစ်ဆဲတည်ဆဲအခါ, ဝိဝဋ္ဋဋ္ဌာယီ=ဖြစ်ပြီးနောက် တည်တန့်နေရာ အခါ"ဟူကုန်သော ထိုအသင်္ချေယျ ၄-ကပ်ကို "မဟာကပ်"ဟု ခေါ်သည်၊ "တကမ္ဘာ"ဟူသည်မှာလည်း ဤမဟာကပ်ပင်တည်း။

၃၀။ ပြဟ္မပုရောဟိတာနံ၊ ပြဟ္မပုရောဟိတာ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ ဥပဍ္ဎကပ္ပေါ၊ အသင်္ချေယျကပ် တဝက်တည်း။

၃၁။ မဟာပြဟ္မာနံ၊ မဟာပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ ဧကော ကပ္ပေါ၊ အသင်္ချေယျ တကပ်တည်း။

၃၂။ ပရိတ္တာဘာနံ၊ ပရိတ္တာဘာ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ ဒွေ ကပ္ပါနိ၊ မဟာကပ် ၂-ကပ်တို့တည်း။

၃၃။ အပ္ပမာဏာဘာနံ၊ အပ္ပမာဏာဘာ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ စတ္တာရိ ကပ္ပါနိ၊ မဟာကပ် ၄-ကပ်တို့တည်း။

၃၄။ အာဘဿရာနံ၊အာဘဿရ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ အဋ္ဌ ကပ္ပါနိ၊မဟာကပ် ၈-ကပ်တို့တည်း။

၃၅။ ပရိတ္တသုဘာနံ၊ ပရိတ္တသုဘာ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊သည်။ သောဠသကပ္ပါနိ၊ မဟာကပ် ၁၆-ကပ်တို့တည်း။

၃၆။ အပ္ပမာဏသုဘာနံ၊ အပ္ပမာဏသုဘာ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ ဒွတ္တိံသ ကပ္ပါနိ၊ မဟာကပ် ၃၂-ကပ်တို့တည်း။

၃၇။ သုဘကိဏှာနံ၊ သုဘကိဏှ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ စတုသဋ္ဌိကပ္ပါနိ၊ မဟာကပ် ၆၄-ကပ်တို့တည်း။

၃၈။ ဝေဟပ္ဖလာနံ၊ ဝေဟပ္ဖိုလ် ပြဟ္မာတို့၏၎င်း။ အသညသတ္တာနဥ္စ၊ အသညသတ် ပြဟ္မာတို့၏၎င်း။ အာယုပ္ပမာဏံ၊ သည်။ ပဉ္စ ကပ္ပသတာနိ၊ မဟာကပ် ၅၀၀-တို့တည်း။

---

ဤသို့ "အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ်" ဟု ကပ် ၄-မျိုးရှိရာ ပထမဈာန်သုံးဘုံသည် ကမ္ဘာပျက်သည့် အခါတိုင်း မလွတ်သောကြောင့် မဟာကပ် တကပ်လုံးပြည့်ဝအောင် မတည်နိုင်။

ထို့ကြောင့် ပထမဈာန် ပြဟ္မာတို့၏ အသက်ကို မဟာကပ်ဖြင့် မရေတွက်ပဲ မဟာကပ်၏ ၄-ပုံ တပုံဖြစ်သော အသင်္ချေယျကပ်ဖြင့်သာ ရေတွက်ရသည်။

ဒုတိယဈာန် အစရှိသော အထက်ဘုံများကား ကမ္ဘာပျက်တိုင်း မပါ၊ တခါတရံသာ ပါသည်၊ ထို့ကြောင့် ဒုတိယဈာန်ပြဟ္မာ စသည်တို့၏ အသက်တမ်းကို မဟာကပ်ဖြင့် ရေတွက်ရသည်။

ရေတွက်ပုံမှာ အနက်ဖြင့်ပင် သိသာထင်ရှားပါပြီ။

၃၉။ အဝိဟာနံ၊ အဝိဟ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ ကပ္ပသဟဿာနိ၊ မဟာကပ် တထောင်တို့တည်း။

၄၀။ အတပ္ပါနံ၊ အတပ္ပ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ ဒွေ ကပ္ပသဟဿာနိ၊ မဟာကပ် နှစ်ထောင်တို့တည်း။

၄၁။ သုဒဿာနံ၊ သုဒဿာပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ စတ္တာရိ ကပ္ပသဟဿာနိ၊ မဟာကပ် လေးထောင်တို့တည်း။

၄၂။ သုဒဿီနံ၊ သုဒဿီ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ အဋ္ဌ ကပ္ပသဟဿာနိ၊ မဟာကပ် ရှစ်ထောင်တို့တည်း။

၄၃။ အကနိဋ္ဌာနံ၊ အကနိဋ္ဌ ပြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ သောဠသ ကပ္ပသဟဿာနိ၊ မဟာကပ် တသောင်းခြောက်ထောင်တို့တည်း။

## အာရုပ္ပပဋိသန္ဓေ ၄-ပါး

၄၄။ ပဌမာရုပ္ပါဒိ ဝိပါကာနိ၊ ပဌမာရုပ္ပ အစရှိသော ဝိပါက်စိတ်တို့သည်။ ပဌမာရုပ္ပါဒိ ဘူမိသု၊ ပဌမ အရူပ အစရှိသော ဘုံတို့၌။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ပဋိသန္ဓိ ဘဝင် စုတိ ဝသေန၊ ပဋိသန္ဓေ,ဘဝင်,စုတိတို့၏ အစွမ်းဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

စတဿော၊ ၄-ပါးကုန်သော။ ဣမာ၊ ဤပဋိသန္ဓေတို့သည်။ အာရုပ္ပ ပဋိသန္ဓိယော နာမ၊ အာရုပ္ပပဋိသန္ဓေတို့မည်၏။

---

၄၄။ 'အရူပပဋိသန္ဓိ'၏ အကျယ်ကိုပြလို၍ 'ပဌမာရုပ္ပါဒိဝိပါကာနိ' အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူပါသည်။

အာကာသာနဉ္စာယတန ဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်၊ ဝိညာဏဉ္စာယတန ဝိပါက်စိတ်သည် ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်၊ အာကိဉ္စညာယတန ဝိပါက်စိတ်သည် အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်၊ နေဝသညာ နာသညာယတန ဝိပါက်စိတ်သည် နေဝသညာ နာသညာယတနဘုံ၌ ပဋိသန္ဓေ,ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်၊ ဤကား အရူပပဋိသန္ဓေ ၄-ပါးတည်း။

ဤသို့လျှင် ''ကာမပဋိသန္ဓေ ၁၀-ပါး, ရူပါဝစရပဋိသန္ဓေ ၆-ပါး, အရူပါဝစရပဋိသန္ဓေ ၄-ပါး''အားဖြင့် ပဋိသန္ဓေ ၂၀-ဖြစ်သတည်း။

ရူပါဝစရပဋိသန္ဓေ ၆-ပါး၌ ရုပ်ပဋိသန္ဓေ တခုပါဝင်နေသည့်အတွက် ယင်းကိုနုတ်ပါက ပဋိသန္ဓေစိတ် ၁၉-ပါးသာ ရှိနိုင်ပါသည်။

## အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း

၄၅။ စန၊ ဆက်ဦးအံ့။ တေသု၊ ထိုအာရုပ္ပ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင်။ အာကာသာနဉ္စာယတနူပဂါနံ၊ အာကာသာနဉ္စာယတန ဘုံသို့ ကပ်ရောက်ကုန်သော။ ဒေဝါနံ၊ ဗြဟ္မာတို့၏။ အာယုပ္ပမာဏံ၊ သည်။ ဝီသတိ ကပ္ပသဟဿာနိ၊ မဟာကပ် နှစ်သောင်းတို့တည်း။

၄၆။ ဝိညာဏဉ္စာယတနူပဂါနံ၊ ဝိညာဏဉ္စာယတနဘုံသို့ ကပ်ရောက်ကုန်သော။ ဒေဝါနံ၊ တို့၏။ အာယုပ္ပမာဏံ၊ သည်။ စတ္တာလီသ ကပ္ပသဟဿာနိ၊ မဟာကပ် လေးသောင်းတို့တည်း။

၄၇။ အာကိဉ္စညာယတနူပဂါနံ၊ အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်ကုန်သော။ ဒေဝါနံ၊ တို့၏။ အာယုပ္ပမာဏံ၊ သည်။ သဋ္ဌိ ကပ္ပသဟဿာနိ၊ မဟာကပ် ခြောက်သောင်းတို့တည်း။

၄၈။ နေဝသညာ နာသညာယတနူပဂါနံ၊ နေဝသညာနာသညာယတန ဘုံသို့ ကပ်ရောက်ကုန်သော။ ဒေဝါနံ၊ တို့၏။ အာယုပ္ပမာဏံ၊ သည်။ စတုရာသီတိ ကပ္ပသဟဿာနိ၊ မဟာကပ် ရှစ်သောင်းလေးထောင်တို့တည်း။

## တဘာဝ၌ တူမြဲတရား ၃-ပါး

၄၉။ ဧကဇာတီယံ၊ တခုသော ဘဝ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေစိတ်သည်၎င်း။ ဘဝင်္ဂ၊ ဘဝင်စိတ်သည်၎င်း။ တထာ၊ ထိုမှတပါး။ စဝနမာနသံ၊ စုတိစိတ်သည်၎င်း။ ဧကမေဝ၊ တမျိုးတည်းသာလျှင်၎င်း။ တထာ၊ ထို့အတူ။ ဧကဝိသယံ ဝေစ၊ တူသော အာရုံရှိသည်သာလျှင်၎င်း။ ဟောတိ၊ ဖြစ်၏။

ဣဒံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤဝိထိမုတ္တသင်္ဂဟ၌။ ပဋိသန္ဓိစတုက္ကံ၊ ပဋိသန္ဓိ စတုက္ကတည်း။

---

၄၅၊ ဂ။ အာရုပ္ပ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့၏ အသက်တမ်းကို ဆက်လက် ပြလိုသောကြောင့် 'တေသု ပန' စသော စကားရပ်ကို မိန့်ဆိုရပေသည်၊ အနက်ဖြင့်ပင် သိသာ ထင်ရှားပါပြီ။

၄၉။ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ သဘောသွားကို ဆက်လက် ပြလိုသောကြောင့် 'ပဋိသန္ဓိဘဝင်္ဂ' အစရှိသော ဂါထာကို မိန့်ဆိုရပါသည်။

## ကမ္မစတုက္က

**၅၀။ ဇနကံ၊ အကျိုးဝိပါက်ကို ဖြစ်စေတတ်သောကံငှင်း။ ဥပတ္ထမ္ဘကံ၊ ထောက်ပံ့ကူညီတတ်သောကံငှင်း။ ဥပပီဠကကံ၊ ကပ်၍နှိပ်စက်တတ်သောကံ ငှင်း။ ဥပဃာတကကံ၊ ကပ်၍သတ်တတ်သောကံငှင်း။ ဣတိ၊ ဤသည်တို့ ကား။ ကိစ္စဝသေန၊ ကိစ္စနှင့်စပ်သဖြင့်။ စတ္တာရိ၊ ၄-ပါးကုန်သော။ ကမ္မာနိ နာမ၊ ကံတို့မည်၏။**

---

တဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် တမျိုးတည်းသာ ဖြစ်ရသည်၊ အာရုံလည်း တူကြရသည်၊ ဥပမာအားဖြင့် ပဋိသန္ဓေစိတ်က အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြစ်၍ ကံကို အာရုံပြုပါလျှင် ပဝတ္တိအခါ၌ ဖြစ် ဖြစ်သမျှသော ဘဝင်စိတ်နှင့် စုတိစိတ်တို့သည်လည်း အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြစ်၍ ကံကိုပင် အာရုံ ပြုကြရတော့သည်—ဟုဆိုလိုသည်။

၅၀။ "စတုဗ္ဗိဓာ ပဋိသန္ဓိ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီးသည့်နောက် "စတ္တာရိ ကမ္မာနိ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ် နိဒ္ဒေသကို ပြတော်မူလိုသောကြောင့် 'ဇနကံ' အစရှိသော စကားရပ်ကို မိန့်တော်မူရပါသည်။

ကံ ၄ မျိုးတို့၏အပေါင်းကို "ကမ္မစတုက္က"ဟု ခေါ်သည်၊ 'ကံ'ဟူသည် မှာလည်း ကုသိုလ်, အကုသိုလ်စေတနာပင် ဖြစ်သည်။

'ဝိပါက်စိတ်, စေတသိက်'ဟူသော နာမ်ခန္ဓာနှင့် ကံအကြောင်းခံ၍ ဖြစ်လာရသော ခန္ဓာတို့ကို "အကျိုးတရား"ဟု ခေါ်သည်၊ ယင်းအကျိုး တရားတို့ကို ပဋိသန္ဓေအခါမှာဖြစ်စေ, ပဝတ္တိအခါမှာဖြစ်စေ, အခွင့်သာရာ အခါ၌ မိမိကိုယ်တိုင် ဖြစ်စေနိုင်သော ကံသည် "ဇနကကံ"မည်၏။

**ဆောင်**။ ။ဝိပါက် နာမ်ခန်, ကံရုပ် ခန်ကို, သန္ဓေ ပဝတ်, ဖြစ်စေတတ်,
ခေါ်မှတ် ဇနကံ။

**တနည်း**။ ။ဝိပါက်စိတ်၊ စေတသိက် နာမ်ခန္ဓာ၊
ကံကြောင်းခံ—ရုပ်ခန္ဓငယ်၊ ကျိုးဖလသာ၊
ခွင့်သင့်ရာ၊ သန္ဓေခါ ပဝတ်၊
ကိုယ်တိုင်ပင်—ဖြစ်စေကလျှင်၊ ဇန ကံမှတ်။

ကိုယ်တိုင်ကား အကျိုးမပေးနိုင်၊ သို့သော် ဘပါးသောကံ အကျိုး ပေးခွင့်ရအောင်, အကျိုးပေးခွင့်ရနေပြန်လျှင်လည်း အကျိုးပေးသန့်မာ

ကြီးထွားလာအောင်, အကျိုးပေးပြီးသည့် အခါမှာလည်း အကျိုးတရားများ ရှည်ကြာအောင် သင့်လျော် လျောက်ပတ်စွာ ကူညီ ထောက်မတတ်သော ကံသည် "ဥပတ္ထမ္ဘကကံ" မည်၏။

**ဆောင်**။ ။အကျိုးဖလ, ပေးခွင့်ရအောင်, ခွင့်ရလေပြန်, ကျိုးပေးသန်အောင်, ပေးပြန်ကျိုးများ, ကြာမြင့်ပွါးအောင်, တပါးကမ္မ, ကူထောက်က, ဥပထမ္ဘကံ။

**တနည်း**။ ။ကံတမျိုး၊ ကျိုးပေးခွင့် ရဖို့ရာ၊
ခွင့်ရပြန်—သန်မာထွားလို့ရယ်၊ ကြီးပွါးဖို့သာ၊
ပေးပြီးပါ၊ ရှည်ကြာဖို့ အရေး၊
သင့်လျော်စွာ—ကူညီတတ်လျှင်၊ ဥပတ် မည်ပေး။

တပါးသော ကံကို အကျိုးပေးခွင့် မရအောင်, အကျိုးပေးခွင့် ရပြန်လျှင်လည်း အကျိုးပေး မထက်သန်အောင် သိမ်ဖျင်းအောင်, ပေးပြီးသော အကျိုးကိုလည်း မဖွံ့ဖြိုး မတိုးပွါးအောင် ကပ်၍ နှိပ်စက်တတ်သော ကံသည် "ဥပပီဠကကံ" မည်၏။

**ဆောင်**။ ။အကျိုးပေးခွင့်, မရလင့်အောင်, ပေးခွင့်ရပြန်, ကျိုးမသန်အောင်, ပေးပြန်ကျိုးများ, မတိုးပွါးအောင်, တပါးကမ္မ, နှိပ်စက်က, ဥပ ပီဠကံ။

**တနည်း**။ ။ကျိုးပေးခွင့်၊ မရလင့်ဖို့ရာ၊
ရလေပြန်-သန်မာ ကင်းလို့ရယ်၊ သိမ်ဖျင်းဖို့သာ၊
ပေးပြီးပါ၊ မပွါးလာစေရေး၊
ကပ်၍ပင်–နှိပ်စက်ကလျှင်၊ ပီဠ မည်ပေး။

ကပ်၍ နှိပ်စက်ရုံမျှမက တပါးသော ကံကို လုံးဝ အကျိုးမပေးနိုင်အောင်, ပေးပြီးသော အကျိုးများကိုလည်း ပြတ်စဲသွားအောင် သတ်ဖြတ်တတ်သော ကံသည် "ဥပဃာတကကံ" မည်၏။

**ဆောင်**။ ။အကျိုးလုံးဝ, မပေးရအောင်, ပေးကြကျိုးများ, ပြတ်စဲသွားအောင်, တပါးကမ္မ, သတ်ဖြတ်က, ဥပ ဃာတကံ။

**တနည်း**။ ။ကပ်ယှဉ်လျက်၊ နှိပ်စက်ရုံမကပါ၊
တပါးကံ—အကျိုးပေးယ်၊ ကင်းဝေးအောင်သာ၊
ပေးပြီးသည့်—ကျိုးဖလာ၊ ပြတ်စိမ့်ငှါ သတ်ဖြတ်၊
ဃာတလီ—အမည်ရတယ်၊ တိကျ သတ်မှတ်။

ဤသို့ ဖြစ်စေခြင်းကိစ္စ, ထောက်ပံ့ခြင်းကိစ္စ, နှိပ်စက်ခြင်းကိစ္စ, သတ်ဖြတ်ခြင်းကိစ္စတို့နှင့် စပ်၍ ကံ ၄-မျိုးပြားသည်။

**၅၁။ ဂရုကံ၊ ကြီးလေးသော ကံရင်း။ အာသန္နံ၊ စုတေ့နီးခါ ဖြစ်ပေါ်လာသော ကံရင်း။ အာစိဏ္ဏံ၊ အမြဲမပြတ် လေ့ကျက်အပ်သော ကံရင်း။ ကဋတ္တာကမ္မဉ္စ၊ အမှတ်မထင် ပြုအပ်သော ကံရင်း။ ဣတိ၊ ဤသည်တို့ကား။ ပါကဒါန ပရိယာယေန၊ အကျိုးပေးလှည့် အစဉ်အားဖြင့်။ စတ္တာရိ၊ ကုန်သော။ ကမ္မာနိ နာမ၊ ကံတို့မည်၏။**

---

၅၁။ ပင်ကိုယ်အားဖြင့် ကြီးလေးသော မဟဂ္ဂုတ်ကုသိုလ်ကံများနှင့် ပဉ္စာနန္တရိယကံများကို "ဂရုကကံ"ဟု ခေါ်သည်၊ မဟဂ္ဂုတ်ကံများမှာ သိသာထင်ရှားပါပြီ။

ဒုတိယဘဝ၌ ကေန်အကျိုးပေးမည့်—

၁။ "မာတုဃာတက=အမိကိုသတ်မှု၊

၂။ ပိတုဃာတက=အဖကို သတ်မှု၊

၃။ အရဟန္တဃာတက=ရဟန္တာကို သတ်မှု၊

၄။ လောဟိတုပ္ပါဒက=ဘုရားရှင်၌ သွေးခြည်ဥအောင် ပြုမှု။

၅။ သံဃဘေဒက=သံဃာသင်းခွဲမှု"ဟူသော ကံ ၅-ပါးကို "ပဉ္စာနန္တရိယကံ"ဟု ခေါ်သည်။ (ပဉ္စ—ငါးပါး+အနန္တရ—အခြားမဲ့ဘဝ၌+ဣယ—အကျိုးပေးသော ကံ။)

သေခါနီးကာလ၌ အောက်မေ့အပ်, ပြုအပ်သော ကံသည် "အာသန္နကံ" မည်၏။

အမြဲမပြတ် ဝတ်ထား၍ လေ့ကျင့်အပ် တိုးပွါးစေအပ်လော ကံမျိုးသည် "အာစိဏ္ဏကံ" မည်၏။

ဂရုက, အာသန္န, အာစိဏ္ဏအခြေအနေသို့ မရောက်တတ်ပဲ ယခုဘဝတွင် အမှတ်တမဲ့ သာမန်ပြုအပ်သော ကံများနှင့် ရှေးရှေးဘဝက ပြုအပ်ခဲ့သော ကံများသည် "ကဋတ္တာကံ"မည်၏။

**ဆောင်**။ ။ပဉ္စာနန္တရိ, ဒိဋ္ဌိ နိယတာ, မဟဂ္ဂါ, မှတ်ပါ ဂရုက၊
သေခါနီးကပ်, အောက်မေ့အပ်, ပြုအပ် အာသန္န၊
အမြဲဝတ်ထား, လေ့ကျင့်ငြား, တိုးပွါး အာစိဏ္ဏ၊
အမှတ်မထင်, ပြုကြလျှင်, မည်တွင် ကဋတ္တ။

ပုဂ္ဂိုလ် တဦးတယောက်မှာ ဤကံ ၄-မျိုးလုံး ရှိနေခဲ့ပါလျှင် ဂရုကကံက အကျိုးပေးပါလိမ့်မည်၊ ဂရုကကံ မရှိပဲ နောက် ကံ ၃-ပါးသာ ရှိနေခဲ့ပါလျှင် အာသန္နကံကအကျိုးပေးပါလိမ့်မည်၊ အာသန္နကံလည်းမရှိပဲ နောက် ၂-ပါး

**၅၂။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ ဒိဋ္ဌဓမ္မဝေဒနီယကံဒုင်း။ ဥပပဇ္ဇဝေဒနီယံ၊ ဥပပဇ္ဇဝေဒနီယကံဒုင်း။ အပရာပရိယဝေဒနီယံ၊ အပရာပရိယဝေဒနီယကံဒုင်း။ အဟောသိကမ္မဥ္စ၊ အဟောသိကံဒုင်း။ ဣတိ၊ ဤသည်တို့ကား။ ပါကကာလ ဝသေန၊ အကျိုးပေးရာ ကာလနှင့် စပ်သဖြင့်။ စတ္တာရိ၊ ကုန်သော။ ကမ္မာနိ နာမ၊ ကံတို့မည်၏။**

**၅၃။ အကုသလံ၊ အကုသိုလ်ကံဒုင်း။ ကာမာဝစရကုသလံ၊ ကာမာဝစရ ကုသိုလ်ကံဒုင်း။ ရူပါဝစရ ကုသလံ၊ ရူပါဝစရ ကုသိုလ်ကံဒုင်း။**

---

သာ ရှိခဲ့ပါလျှင် အာစိဏ္ဏကံက အကျိုးပေးပါလိမ့်မည်၊ အာစိဏ္ဏကံလည်း မရှိပါမှသာ ကဋတ္တာကံက အကျိုးပေးပါလိမ့်မည်၊ ဤသို့ အကျိုးပေးလှည့် အစဉ်အားဖြင့် ကံ ၄-မျိုး ပြားပြန်သည်။ (ပါက—အကျိုး + ဒါန — ပေးခြင်း+ပရိယာယ—အလှည့်အကြိမ်။)

၅၂။ မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသော **ကံ**သည် "ဒိဋ္ဌဓမ္မဝေဒနီယကံ" မည်၏။ ဇော ၇-ကြိမ့်တို့တွင် ပထမဇော စေတနာတည်း။

နောက် ဒုတိယဘဝ၌ အကျိုးပေးသော ကံသည် "ဥပပဇ္ဇဝေဒနီယကံ"မည်၏၊ ဇော ၇-ကြိမ်တို့တွင် သတ္တမဇော စေတနာတည်း။

တတိယဘဝမှ စ၍ နိဗ္ဗာန်မရမီအတွင်း၌ အကျိုးပေးသော **ကံ**သည် "အပရာပရိယဝေဒနီယကံ" မည်၏၊ ဇော ၇-ကြိမ်တို့တွင် အလယ်ဇော ၅-ချက် စေတနာတည်း။

အကျိုးလုံးဝ မပေးသော ကံသည် "အဟောသိကံ"မည်၏၊ အကျိုးပေးရာ ကာလမှ လွန်သော ရှေးကံ ၃-ပါး။

**ဆောင်။** ။ပ-ဇောကမ္မ, ကျိုးပေးက, ဒိဋ္ဌ ဓမ္မသာ၊
ဇောသတ္တမ, ကျိုးပေးက, ဥပ ပဇ္ဇပါ၊
လယ်ဇောပဥ္စ, ကျိုးပေးက, အပရပရိယာ၊
ကျိုးပေးကာလ, လွန်ကမ္မ, အဟောသိကသာ။

ပစ္စုပ္ပန်ကာလ,အခြားမဲ့ ဒုတိယဘဝကာလ,တတိယဘဝမှ နိဗ္ဗာန်မရမချင်း ကာလ, လွန်လာသောကာလ၊ ဤသို့ အကျိုးပေးရာကာလနှင့် စပ်၍လည်း ကံ ၄-မျိုး ပြားပြန်သည်။

၅၃။ အကုသိုလ်ကံ, ကာမာဝစရကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံ, အရူပါဝစရ ကုသိုလ်ကံ၊ ဤသို့ အကျိုးပေးရာ ဘုံဌာနနှင့် စပ်၍လည်း **ကံ** ၄-မျိုး ပြားပြန်သည်။

**အရူပါဝစရ ကုသလဥ္စ၊ အရူပါဝစရ ကုသိုလ်ကံရင်း။ ဣတိ၊ ဤသည်တို့ကား။ ပါကဋ္ဌာန ဝသေန၊ အကျိုးပေးရာဋ္ဌာနနှင့် စပ်သဖြင့်။ စတုဓာ၊ ထိုအတူ။ စတ္တာရိ၊ ကုန်သော။ ကမ္မာနိ နာမ၊ ကံတို့မည်၏။**

## အကုသိုလ်ကံ ၃-ပါး

**၅၄။ တတ္ထ၊ ထို ၄-ပါးသောကံ တို့တွင်။ အကုသလံ၊ အကုသိုလ်ကံသည်။ ကာယကမ္မံ၊ ကာယကံရင်း။ ဝစီကမ္မံ၊ ဝစီကံရင်း။ မနောကမ္မဥ္စ၊ မနောကံရင်း။ ဣတိ၊ ဤသို့။ ကမ္မဒွါရဝသေန၊ ကမ္မဒွါရနှင့် စပ်သဖြင့်။ တိဝိဓံ၊ ၃-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

**၅၅။ ကထံ၊ အဘယ်သို့ ပြားသနည်း။**

---

ဤသို့ စတုက္က ၄-မျိုးဖြင့် ကမ္မစတုက္ကကို ခွဲဝဖန်ပြဆိုထားသည်၊ သို့သော် ဤစတုက္က ၄-ပါးလုံးသည် အဘိဓမ္မာနည်းများ မဟုတ်ပါ၊ ရှေ့ စတုက္က ၃-ပါးမှာ သုတ္တန်နည်းများဖြစ်၍ နောက်ဆုံး ပါကဋ္ဌာန စတုက္ကတခုမျှသာ အဘိဓမ္မာနည်းဖြစ်သည်၊ ထို့ကြောင့် ရှေ့စတုက္က ၃-ပါးကို သရုပ်မျှပြ၍ နောက်စတုက္ကကိုသာ အကျယ်ချဲ့ ပြထားပါသည်။

၅၄။ အကုသိုလ်ကံ၏အရ အကျယ်ပြလိုသောကြောင့်'တတ္ထ' အစရှိသော စကားရပ်ကို မိန့်ဆိုထားရပါသည်။

ကံတို့၏ဖြစ်ကြောင်းကို ''ကမ္မဒွါရ''ဟု ခေါ်သည်၊ ထိုကမ္မဒွါရသည်—

၁။ ''ကာယဒွါရ-ကာယဝိညတ်၊

၂။ ဝစီဒွါရ—ဝစီဝိညတ်၊

၃။ မနောဒွါရ-အတူတကွဖြစ်ရာဇောစိတ်'' ဟု ၃-မျိုးရှိသည်၊ သို့ဖြစ်၍ ထိုကမ္မဒွါရနှင့်စပ်၍ အကုသိုလ်ကံလည်း ''ကာယကံ, ဝစီကံ, မနောကံ'' ဟု ၃-မျိုး ပြားရသည်။

**ကာယကံ ၃-ပါး**

၅၅။ 'ကာယကမ္မံ'၏ အရကို အကျယ်ပြလိုသောကြောင့် 'ပါဏာတိပါတော'အစရှိသော စကားရပ်ကို ဆိုရသည်။

၁။ ပါဏာတိပါတ—သူ့အသက်ကို သတ်မှု၊

၂။ အဒိန္နာဒါန—သူ့ဥစ္စာကို တိုက်ခိုက် လုညှ့်ပတ် ခိုးယူမှု၊

၃။ ကာမေသုမိစ္ဆာစာရ—ကာမဂုဏ်အမှု၌ ယုတ်ယုတ်မာမာ မှားယွင်း ဖောက်ပြန်စွာ ပြုကျင့်မှု၊မသွားလာသင့်သူတို့၌ သွားလာလွန်ကျူးမှု၊

**ပါဏာတိပါတော၊ ပါဏာတိပါတရင်း။ အဒိန္နာဒါနံ၊ အဒိန္နာဒါနရင်း။ ကာမေသုမိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရရင်း။ ဣတိ၊ ဤ ၃-ပါးသည်။ ကာယဝိညတ္တိသင်္ခါတော၊ ကာယဝိညတ်ဟု ဆိုအပ်သော။ ကာယဒွါရေ၊ ကာယဒွါရ၌။ ဗာဟုလ္လဝုတ္တိတော၊ များစွာ ဖြစ်ခြင်းကြောင့်။ ကာယကမ္မံ နာမ၊ ကာယကံမည်၏။**

**၅၆။ မုသာဝါဒေါ၊ မုသာဝါဒရင်း။ ပိသုဏာဝါစာ၊ ပိသုဏာဝါစာရင်း။ ဖရုသဝါစာ၊ ဖရုသဝါစာရင်း။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပရင်း။ ဣတိ၊ ဤ ၄-ပါးသည်။ ဝစီဝိညတ္တိသင်္ခါတော၊ ဝစီဝိညတ်ဟု ဆိုအပ်သော။ ဝစီဒွါရေ၊ ဝစီဒွါရ၌။ ဗာဟုလ္လဝုတ္တိတော၊ ကြောင့်။ ဝစီကမ္မံ နာမ၊ ဝစီကံမည်၏။**

**၅၇။ အဘိဇ္ဈာ၊ အဘိဇ္ဈာရင်း။ ဗျာပါဒေါ၊ ဗျာပါဒရင်း။ မိစ္ဆာဒိဋ္ဌိစ၊ မိစ္ဆာဒိဋ္ဌိရင်း။ ဣတိ၊ ဤ ၃-ပါးကား။ ဝိညတ္တိယာ၊ ကာယဝိညတ်, ဝစီဝိညတ်ကို။ အညတြာပိ၊ ကြဉ်၍လည်း။ မနသ္မိံ ယေဝ၊ မနောဒွါရ၌ သာလျှင်။ ဗာဟုလ္လဝုတ္တိတော၊ များစွာဖြစ်ခြင်းကြောင့်။ မနောကမ္မံ နာမ၊ မနောကံ မည်၏။**

---

ဤ ၃-ပါးသည် 'ကာယဝိညတ်'ခေါ်သော ကာယဒွါရ၌ အဖြစ်များသောကြောင့် ကာယကံမည်၏။

**ဝစီကံ ၄-ပါး**

၅၆။ ဝစီကံ၏အရ အကျယ်ပြလိုသောကြောင့် 'မုသာဝါဒေါ' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

၁။ မုသာဝါဒ=မုသားပြောမှု၊ လိမ်ညာ ဝါဖြန်း၍ပြောဆိုမှု၊

၂။ ပိသုဏာဝါစာ=ချောပစ်ကုန်းတိုက်မှု၊

၃။ ဖရုသဝါစာ=ကြမ်းတမ်းသော စကားကို ပြောဆိုမှု၊ ဆဲရေး တိုင်းထွာမှု၊

၄။ သမ္ဖပ္ပလာပ=ပြိန်ဖျင်းသော စကားကို ပြောဆိုမှု၊

ဤ ၄-ပါးသည် ''ဝစီဝိညတ်'' ခေါ်သော ဝစီဒွါရ၌ အဖြစ်များသောကြောင့် ''ဝစီကံ'' မည်၏။

**မနောကံ ၃-ပါး**

၅၇။ 'မနောကမ္မံ'၏ အရ အကျယ်ကို ပြလိုသောကြောင့် 'အဘိဇ္ဈာ' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

**အဘိဓမ္မတ္ထ-၂၉**

**၅၈။ စေတသု၊ ထို ၁၀-ပါးတို့တွင်။ ပါဏာတိပါတော၊ ပါဏာတိပါတ သည့်ငှါး။ ဖရုသဝါစာ၊ ဖရုသဝါစာသည့်ငှါး။ ဗျာပါဒေါ၊ ဗျာပါဒ သည့်ငှါး။ ဒေါသမူလေန၊ ဒေါသမူလ,ဒေါသမူလရှိသော စိတ်ကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။**

**၅၉။ ကာမေသုမိစ္ဆာစာရော၊ကာမေသုမိစ္ဆာစာရသည့်ငှါး။အဘိဇ္ဈာ၊ အဘိဇ္ဈာသည့်ငှါး။ မိစ္ဆာဒိဋ္ဌိစ၊ မိစ္ဆာဒိဋ္ဌိသည့်ငှါး။ လောဘမူလေန၊ လောဘမူလ, လောဘမူလရှိသောစိတ်ကြောင့်။ဇာယန္တိ၊ဖြစ်ကုန်၏။**

---

၁။ အဘိဇ္ဈာ=သူတပါး စည်းစိမ်ကို မတရား ရယူလိုမှု၊

၂။ ဗျာပါဒ=သူတပါး သေကျေပျက်စီးရန် ကြံစည်မှု၊

၃။ မိစ္ဆာဒိဋ္ဌိ=မှားမှား ယွင်းယွင်း ယူမှု၊ အယူမှားမှု၊

ဤ ၃-ပါးတို့သည် ကိုယ်လည်း မလှုပ်, နှုတ်လည်းမပါ (အတူတကွဖြစ်ရာ ''အကုသိုလ်ဇောစိတ်'' ဟု ဆိုအပ်သော) မနောဒွါရ၌သာ အဖြစ်များ သောကြောင့် ''မနောကံ'' မည်၏။

'အညတြာပိ' ၌ 'ပိ'သဒ္ဒါဖြင့် ''ကာယဝိညတ်, ဝစီဝိညတ်ကို မကြည့် ပဲလည်း ဖြစ်၏'' ဟူသော အနက်ကို ပေါင်းသည်—ဟု ရှေးဆရာများ ယူဆ ကြသည်။

ဆိုခဲ့ပြီးသော ကာယကံ ၃-ပါး, ဝစီကံ ၄-ပါး, မနောကံ ၃-ပါးတို့ကို အပါယ်ရောက်ကြောင်းလမ်းခရီးသဖွယ် ဖြစ်သောကြောင့် ''အကုသလကမ္မ- ပထတရား ၁၀-ပါး''ဟု ခေါ်သည်၊ မကောင်းသော အကျင့်စရိုက် ဖြစ်သော ကြောင့် ''ဒုစရိုက် ၁၀-ပါး'' ဟုလည်း ခေါ်ကြသည်။

**ကံ၏ ဖြစ်ကြောင်းတရားများ**

ထိုထိုကံတို့၏ ဖြစ်ကြောင်းတရားများကို ပြလိုသောကြောင့် 'စေတသု ပန' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

၅၈။ ပါဏာတိပါတနှင့် ဖရုသဝါစာ၏ တရားကိုယ်သည် ဒေါသမူဒွေး၌ ရှိသော စေတနာ ဖြစ်၏၊ ထို့ကြောင့် ယင်း ပါဏာတိပါတနှင့် ဖရုသဝါစာ တို့သည် ဒေါသမူလကြောင့်လည်း ဖြစ်နိုင်သည်၊ ဒေါသမူလရှိသော စိတ် ကြောင့်လည်း ဖြစ်နိုင်သည်၊ ဗျာပါဒ၏ တရားကိုယ်ကား ဒေါသ ဖြစ်သည်၊ ထို့ကြောင့် ဗျာပါဒသည် ဒေါသမူလရှိသော စိတ်ကြောင့်သာ ဖြစ်ရသည်၊ ဒေါသမူလကြောင့် မဖြစ်နိုင်ပါ။

**၆၀။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိပိ၊ ၄-ပါးလုံးတို့သည် လည်း။ ဒွိဟိ၊ ၂-ပါးကုန်သော။ မူလေဟိ၊ လောဘမူလ ဒေါသမူလတို့ ကြောင့်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။**

**၆၁။ ပန၊ ဆက်ဦးအံ့။ စိတ္တုပ္ပါဒဝသေန၊ စိတ်ဖြစ်ခြင်း၏ အစွမ်းဖြင့်။ တေ၊ အကုသလံ၊ ဤအကုသိုလ်ကံသည်။ သဗ္ဗထာပိ၊ အလုံးစုံသောအပြား အားဖြင့်လည်း။ ဒွါဒသဝိဓံ၊ ၁၂-ပါးအပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။**

## ကာမာဝစရကုသိုလ်ကံ

**၆၂။ ကာမာဝစရကုသလမ္ပိ၊ ကာမာဝစရ ကုသိုလ်ကံ သည်လည်း။ ကာယဒွါရေ၊ ကာယဒွါရ၌။ ပဝတ္တံ၊ ဖြစ်သော။ ကာယကမ္မံ၊ ကာယကံ**

---

၅၉။ ကာမေသုမိစ္ဆာစာရ၏ တရားကိုယ်သည် လောဘမူ၌ ရှိသော စေတနာဖြစ်၏၊ မိစ္ဆာဒိဋ္ဌိ၏ တရားကိုယ်ကား ဒိဋ္ဌိစေတသိက်တည်း၊ ထို့ကြောင့် ကာမေသုမိစ္ဆာစာရနှင့် မိစ္ဆာဒိဋ္ဌိတို့သည် လောဘ မူလကြောင့်လည်း ဖြစ်နိုင်သည်၊ လောဘမူလရှိသော စိတ်ကြောင့်လည်း ဖြစ်နိုင်သည်၊ အဘိဇ္ဈာ၏ တရားကိုယ်ကား လောဘသာတည်း၊ ထို့ကြောင့် အဘိဇ္ဈာသည် လောဘ မူလကြောင့် မဖြစ်နိုင်ပါ၊ လောဘမူလရှိသော စိတ်ကြောင့်သာ ဖြစ်နိုင် ပါသည်။

၆၀။ ကြွင်းသော အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ တို့၏ တရားကိုယ်မှာ လောဘမူ, ဒေါသမူ စသည်၌ ရှိသော စေတနာတည်း၊ ထို့ကြောင့် ယင်း တရား ၄-ပါးတို့သည် ရံခါလောဘကြောင့် ဖြစ်၍ ရံခါ ဒေါသကြောင့် ဖြစ်သည်။

မောဟကြောင့် မဖြစ်ရသော အကုသလကမ္မပထ ဟူ၍ မရှိပါ၊ အကုသလ ကမ္မပထဖြစ်တိုင်း မောဟ အမြဲပါသည်၊ ထို့ကြောင့် မောဟကို အထူးမဆိုပဲ လောဘနှင့် ဒေါသကိုသာ ဆိုသည်။

၆၁။ အကုသိုလ် ၁၂-ပါးလုံးသည် ထိုက်သည်အားလျော်စွာ ပါဏာတိ-ပါတ စသော သဘောအားဖြင့် ဖြစ်ကြရသည်၊ ထို့ကြောင့် အကုသလ ကမ္မ-ပထတရားဆယ်ပါး ဆိုစေကာမူ စိတ်ဖြစ်ပုံအားဖြင့် (ဘယ်လိုပင် စိစစ်စိစစ်) အကုသိုလ်စိတ် ၁၂-ပါးသာတည်း။

၆၂။ 'ကာမာဝစရကုသလံ'၏ အကျယ်ကို ပြလိုသောကြောင့် 'ကာမာ ဝစရ ကုသလမ္ပိ' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

**ဝင်း။ ဝစီဒွါရေ၊ ဝစီဒွါရ၌။ ပဝတ္တံ၊ သော။ ဝစီကမ္မံ၊ ဝစီကံဝင်း။ မနောဒွါရေ၊ မနောဒွါရ၌။ ပဝတ္တံ၊ သော။ မနောကမ္မဥ္စ၊ မနောကံဝင်း။ ဣတိ၊ သို့။ ကမ္မဒွါရဝသေန၊ ကမ္မဒွါရနှင့်စပ်သဖြင့်။ တိဝိဓံ၊ ၃-ပါးအပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။**

**၆၃။ ဒါနသီလဘာဝနာဝသေန၊ ဒါန သီလ ဘာဝနာတို့၏ အပြားအားဖြင့်။ တထာ၊ ထို့အတူ။ တိဝိဓံ၊ ၃-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

---

အကုသိုလ်ကံကသာ ကမ္မဒွါရနှင့်စပ်၍ ၃-ပါး ပြားသည်မဟုတ်၊ ကာမာဝစရကုသိုလ်ကံကလည်း ကမ္မဒွါရနှင့်စပ်၍ "ကာယကံ, ဝစီကံ, မနောကံ"ဟု ၃-ပါးပင် ပြားသည်။

**ကာယကံ ၃-ပါး**

၁။ ပါဏာတိပါတ ဝိရတိ=ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၊

၂။ အဒိန္နာဒါန ဝိရတိ=အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း၊

၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ=ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း၊

**ဝစီကံ ၄-ပါး**

၁။ မုသာဝါဒ ဝိရတိ=မုသာဝါဒမှ ရှောင်ကြဉ်ခြင်း၊

၂။ ပိသုဏဝါစာ ဝိရတိ=ပိသုဏဝါစာမှ ရှောင်ကြဉ်ခြင်း၊

၃။ ဖရုသဝါစာ ဝိရတိ=ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း။

၄၊ သမ္ဖပ္ပလာပ ဝိရတိ=သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်း၊

**မနောကံ ၃-ပါး**

၁။ အနဘိဇ္ဈာ=အဘိဇ္ဈာမဖြစ်အောင် စောင့်စည်းခြင်း၊

၂။ အဗျာပါဒ=ဗျာပါဒမဖြစ်အောင် စောင့်စည်းခြင်း၊

၃။ သမ္မာဒိဋ္ဌိ=မှန်မှန်ကန်ကန် ယူခြင်း အယူမှန်ခြင်း၊

ဤ ၁၀-ပါးကို သုဂတိဘုံဘဝသို့ ရောက်ကြောင်း လမ်းကြောင်းသဖွယ်ဖြစ်သောကြောင့် "ကုသလ ကမ္မပထတရား"ဟု ခေါ်သည်၊ ကောင်းသောအမူအကျင့်များ ဖြစ်သောကြောင့် "သုစရိုက်တရား"ဟုလည်း ခေါ်သည်။

၆၃။ ကာယကံကုသိုလ် ဝစီကံကုသိုလ် မနောကံကုသိုလ်သည်ပင်လျှင် "ဒါန, သီလ, ဘာဝနာ" အားဖြင့် ၃-ပါးပြားပြန်သည်။

၆၄။ ပန၊ ဆက်ဦးအံ့။ စိတ္တုပ္ပါဒဝသေန၊ စိတ်ဖြစ်ခြင်း၏အစွမ်းဖြင့်။ တော၊ ဤကာမာဝစရကုသိုလ်ကံသည်။ အဋ္ဌဝိဓံ၊ ၈-ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

၆၅။ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ ဝသေန၊ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မတို့၏ အပြားအားဖြင့်။ ဒသဝိဓံ၊ ၁၀-ပါးအပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။

---

၆၄။ စိတ်ဖြစ်ပုံအားဖြင့် ဤကာမာဝစရကုသိုလ်ကံသည် ၈-ပါးပြားသည်၊ မဟာကုသိုလ်စိတ် ၈-ပါးပင်တည်း။

မဟာကုသိုလ်စိတ် ၈-ပါးသည်ပင် ထိုက်သည်အားလျော်စွာ 'ကာယကံ' စသော အနေအားဖြင့်လည်း ဖြစ်သည်၊ 'ဒါန' စသော အနေအားဖြင့်လည်း ဖြစ်သည်-ဟု ဆိုလိုသည်။

**၆၅။ ပုညကြိယဝတ္ထု**

၁။ ဒါန=စွန့်ကြဲ ပေးကမ်း လှူဒါန်းမှု၊

၂။ သီလ=ငါးပါး, ရှစ်ပါး, ဆယ်ပါး စသော သီလကို ထိန်းသိမ်းစောင့်ရှောက်မှု၊

၃။ ဘာဝနာ=သမထ, ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်မှု၊

၄။ အပစာယန=အသက်, သိက္ခာ, ဂုဏ်ကြီးသူတို့အား အရိုအသေ ပြုမှု၊

၅။ ဝေယျာဝစ္စ=သူများကုသိုလ်ကိစ္စ၌ ကူညီဆောင်ရွက်မှု၊

၆။ ပတ္တိဒါန=မိမိရသော ကုသိုလ်အဖို့ကို အမျှပေးဝေမှု၊

၇။ ပတ္တာနုမောဒန=မိမိသို့ ရောက်လာသော ကုသိုလ်အဖို့ကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှု၊

၈။ ဓမ္မဿဝန=တရားနာမှု၊

၉။ ဓမ္မဒေသနာ—လာဘ်လာဘကို မငဲ့ပဲ တရားဟောမှု၊

၁၀။ ဒိဋ္ဌိဇုကမ္မ=အယူကို ဖြောင့်မတ်စွာ ပြုမှု၊

ဤပုညကြိယဝတ္ထု ၁၀-ပါး အပြားအားဖြင့်လည်း ကာမာဝစရကုသိုလ်ကံ ၁၀-ပါး ပြားပြန်သည်။

**၆၆။ ပန၊ ဆက်ဦးအံ့။ ဝီသတိ ဝိဓမ္ပိ၊ ၂၀-အပြားရှိသည်လည်း ဖြစ်သော။ တံ တော်၊ ထိုကုသိုလ် အကုသိုလ်ကံသည်။ ကာမာဝစရကမ္မမိစ္စေဝ၊ ကာမာဝစရကံ ဟူ၍သာလျှင်။ သင်္ဂ ၊ ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။**

## ရူပါဝစရကုသိုလ်ကံ

**၆၇။ ပန၊ ကား။ ရူပါဝစရကုသလံ၊ ရူပါဝစရကုသိုလ်ကံသည်။ မနောကမ္မမေဝ၊ မနောကံတမျိုးသာတည်း။ တဥ္စ၊ ထိုမနောကံသည်လည်း။**

---

ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့် ပြုထိုက်သော ကောင်းမှုကုသိုလ်မျိုးကို "ပုညကြိယဝတ္ထု" ဟု ခေါ်သည်။ (ပုည—ကောင်းမှုကုသိုလ် +ကြိယ—ပြုသင့် ပြုထိုက်သော+ ဝတ္ထု—တည်ရာ။)

**၁၀-ပါးက ၃-ပါးဖြစ်ပုံ**

၁။ ပတ္တိဒါနနှင့် ပတ္တာနုမောဒနကို ဒါနသဘော ဖြစ်သောကြောင့် ဒါန၌ ထည့်သွင်းရေတွက်ပါ၊

၂။ အပစာယနနှင့် ဝေယျာဝစ္စကို စာရိတ္တသီလ ဖြစ်သောကြောင့် သီလ၌ ထည့်သွင်း ရေတွက်ပါ၊

၃။ ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတို့ကို ကုသိုလ်၏ ပွါးရာဖြစ်သော ကြောင့် ဘာဝနာ၌ ထည့်သွင်း ရေတွက်ပါ၊

ဤသို့ ထည့်သွင်းရေတွက်ပါလျှင် "ဒါန, သီလ, ဘာဝနာ" သုံးပါး၌ ပါဝင်သွားသည်၊ ဒါန, သီလ, ဘာဝနာ သုံးပါးမျှသာ ဖြစ်တော့သည်။

**ဆောင်။** ။ပတ္တိ ပတ္တာ, ဒါနသာတည့်၊ ပစာ ဝေယျ, သီလမှတ်သား၊ နောက်သုံးပါး, သွင်းထား ဘာဝနာ။

**တနည်း။** ။ဒါနသိ၊ ပတ္တိနှင့် နုမောဒါ၊
သီလတွင်—ပစာယင်ယ်၊ သွင်းရ ဝေယျာ၊
သဝန—ဒေသနာ၊ နောက်ဆုံးလာ ကမ္မ၊
ဘာဝနာ—မြတ်အတွင်းဝယ်၊ ထည့်သွင်း မှတ်ကြ။

၆၆။ အကုသိုလ်ကံ ၁၂-ပါး၊ ကာမာဝစရ ကုသိုလ်ကံ ၈-ပါး၊ ပေါင်း ၂၀-ကို "ကာမာဝစရကံ" ဟု ခေါ်သည်။

၆၇။ 'ရူပါဝစရ ကုသလံ'၏ အရ အကျယ်ပြလိုသောကြောင့်'ရူပါဝစရ ကုသလံပန' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

**ဘာဝနာမယံ၊ ဘာဝနာမယတည်း။ အပ္ပနာပတ္တံ၊ အပ္ပနာသို့ရောက်၏။ ဈာနင်္ဂဘေဒေန၊ ဈာန်အင်္ဂါတို့၏ အပြားအားဖြင့်။ ပဉ္စဝိဓံ၊ ၅-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

**အရူပါဝစရကုသိုလ်ကံ**

**၆၈။ တထာ၊ ထိုမှတပါး။ အရူပါဝစရကုသလဉ္စ၊ အရူပါဝစရကုသိုလ်ကံသည်လည်း။ မနောကမ္မံ၊ မနောကံသာတည်း။ တမ္ပိ၊ ထိုမနောကံသည်လည်း။ ဘာဝနာမယံ၊ ဘာဝနာမယတည်း။ အပ္ပနာပတ္တံ၊ အပ္ပနာသို့ရောက်၏။ အာရမ္မဏဘေဒေန၊ အာရုံတို့၏ အပြားအားဖြင့်။ စတုဗ္ဗိဓံ၊ ၄-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

**အကုသိုလ်ကံ၏အကျိုးပေးရာအုံ**

**၆၉။ ဧတ္ထ၊ ဤ ၄-မျိုးသော ကံတို့တွင်။ ဥဒ္ဓစ္စ ရဟိတံ၊ ဥဒ္ဓစ္စမှ ကင်းသော။ အကုသလကမ္မံ၊ အကုသိုလ်ကံသည်။ အပါယ ဘူမိယံ၊ အပါယ်ဘုံ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဇနေတိ၊ ဖြစ်စေ၏။**

---

ရူပါဝစရ ကုသိုလ်ကံသည် ကာမာဝစရ ကုသိုလ်ကံကဲ့သို့ ''ကာယကံ, ဝစီကံ, မနောကံ'' ဟု ၃-မျိုးမရှိ၊ မနောကံ တမျိုးသာတည်း၊ ကာမာဝစရ ကုသိုလ်ကံကဲ့သို့ ''ဒါန, သီလ, ဘာဝနာ'' ဟု ၃-မျိုးလည်း မပြားပါ၊ ဘာဝနာ တမျိုးသာ ဖြစ်ပါသည်၊ ယင်းသို့ မနောကံ, ဘာဝနာမယ ဖြစ်သော်လည်း ကာမာဝစရ မနောကံ, ဘာဝနာမျိုးမဟုတ်၊ အပ္ပနာသို့ရောက်သော ဘာဝနာမျိုး ဖြစ်သည်၊ ဈာန်အင်္ဂါတို့၏ ယှဉ်ပုံ ၅-မျိုး ပြားသောကြောင့် ရူပါဝစရ ကုသိုလ်ကံသည်လည်း ၅-မျိုး ပြားရတော့သည်။

၆၈။ 'အရူပါဝစရ ကုသလံ'၏ အရ အကျယ်ပြလိုသောကြောင့် 'တထာ အရူပါဝစရ ကုသလဉ္စ' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

အရူပါဝစရ ကုသိုလ်ကံသည်လည်း မနောကံ, ဘာဝနာမျှသာ ဖြစ်သည်၊ အပ္ပနာသို့ ရောက်သည်၊ အာရုံ ၄-မျိုး ပြားသောကြောင့် အရူပါဝစရ ကုသိုလ်ကံလည်း ၄-မျိုး ပြားရသည်။

၆၉။ ပါကဋ္ဌာနအားဖြင့်ပြားသောကံ ၄-မျိုးတို့၏အကျိုးပေးရာဋ္ဌာနကို ပြလိုသောကြောင့် 'ဧတ္ထာကုသလကမ္မ မုဒ္ဒစ္စရဟိတံ' အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူသည်၊ ထိုတွင် 'ဝိပစ္စတိ' တိုင်အောင်သော ပထမ စကားရပ်ဖြင့် အကုသိုလ်ကံ၏ အကျိုးပေးရာ ပါကဋ္ဌာနကို ပြသည်။

**ပဝတ္တိယံပန၊ ပဝတ္တိအခါ၌ကား။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဒွါဒသ ဝိဓံ၊ ၁၂-ပါး အပြားရှိသော အကုသိုလ်ကံသည်။ သတ္တ၊ ၇-ပါးကုန်သော။ အကုသလပါကာနိ၊ အကုသလဝိပါက်စိတ်တို့ကို။ သဗ္ဗတ္ထာပိ၊ အလုံးစုံလည်း ဖြစ်သော။ ကာမ လောကေ၊ ကာမဘုံ၌၎င်း။ ရူပ လောကေစ၊ ရူပဘုံ၌၎င်း။ ယထာရဟံ၊ (ဒွါရ အာရုံအလိုက်) ထိုက်သည်အားလျော်စွာ။ ဝိပစ္စတိ၊ ရင့်ကျက်စေ၏။ (အကျိုးကို ဖြစ်စေ၏။)**

## ကာမာဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

**၇၀။ ကာမာဝစရ ကုသလမ္ပိ၊ ကာမာဝစရ ကုသိုလ်ကံသည်လည်း။ ကာမသုဂတိယမေဝ၊ ကာမသုဂတိဘုံ၌သာလျှင်။ ပဋိသန္ဓိံ၊ ကို။ ဇနေတိ၊ ၏။**

**တထာ၊ ထိုကာမဘုံ၌သာလျှင်။ ပဝတ္တိယဉ္စ၊ ပဝတ္တိအခါ၌လည်း။ မဟာဝိပါကာနိ၊ မဟာဝိပါက်စိတ်တို့ကို။ ဇနေတိ၊ ၏။ အဟေတုကဝိပါကာနိ ပန၊ အဟိတ်ကုသလဝိပါက်တို့ကိုကား။ အဋ္ဌပိ၊ ၈-ပါးလုံးတို့ကိုလည်း။ သဗ္ဗတ္ထာပိ၊ အလုံးစုံလည်းဖြစ်သော။ ကာမ လောကေ၊ ၌၎င်း။ ရူပ လောကေ၊ ၌၎င်း။ ယထာရဟံ၊ စွာ။ ဝိပစ္စတိ၊ ၏။**

---

ဥဒ္ဓစ္စမှတပါးသော အကုသိုလ်ကံ ၁၁-ပါးသည် အပါယ် ၄-ဘုံ၌ ပဋိသန္ဓေ ကျိုးကို ပေးသည်၊ ဥဒ္ဓစ္စနှင့်တကွ အကုသိုလ်ကံ ၁၂-ပါးလုံးသည် ကာမ ၁၁-ဘုံ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌ 'အကုသလဝိပါက် ၇-ပါး' ဟူသော ပဝတ္တိကျိုးကို ထိုက်သည်အားလျော်စွာ ပေးနိုင်သည်။ ( ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယဝိညာဏ်တို့ မဖြစ်သောကြောင့် ''ယထာရဟံ=ထိုက်သည် အားလျော်စွာ'' ဟု ဆိုရသည်။)

ဤသို့လျှင် ပဋိသန္ဓေကျိုးအတွက် အပါယ် ၄-ဘုံ, ပဝတ္တိကျိုးအတွက် ပဉ္စဝေါကာရ ၂၆-ဘုံသည် အကုသိုလ်ကံ၏ ပါကဋ္ဌာန ဖြစ်သတည်း။

၇၀။ ကာမဝစရ ကုသိုလ်ကံ၏ ပါကဋ္ဌာနကို ပြလိုသောကြောင့် 'ကာမာဝစရ ကုသလမ္ပိ' အစရှိသောစကားရပ်ကို မိန့်ဆိုရပေသည်။

ကာမာဝစရ ကုသိုလ်ကံသည် ကာမသုဂတိ ၇-ဘုံ၌သာ ပဋိသန္ဓေကျိုးကို ပေးသည်၊ 'မဟာဝိပါက် ၈-ခု' ဟူသော ပဝတ္တိကျိုးကိုလည်း ကာမသုဂတိ ၇-ဘုံ၌သာ ပေးသည်၊ 'အဟိတ်ကုသလဝိပါက် ၈-ခု' ဟူသော ပဝတ္တိကျိုး ကိုကား ကာမ ၁၁-ဘုံ, အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ (ပဉ္စဝေါကာရ ၂၆-ဘုံ) တို့၌ ထိုက်သည် အားလျော်စွာ ပေးနိုင်သည်။

**၇၀။ တတ္ထာပိ၊ ထိုကာမာဝစရ ကုသိုလ်ကံတွင်လည်း။ တိဟေတုကံ၊ တိဟိတ်ဖြစ်သော။ ဥက္ကဋ္ဌံ၊ အမြတ် ဖြစ်သော။ ကုသလံ၊ ကုသိုလ်ကံသည်။ တိဟေတုကံ၊ တိဟိတ်ဖြစ်သော။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကျိုးကို။ ဒတွာ၊ ပေးပြီး၍။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ သောဠသ ဝိပါကာနိ၊ ၁၆-ပါးသော ဝိပါက်စိတ်တို့ကို။ ဝိပစ္စတိ၊ ၏။**

---

ဤသို့လျှင် ပဋိသန္ဓေကျိုးအတွက် ကာမသုဂတိ ၇-ဘုံ၊ 'မဟာဝိပါက်' ဟူသော ပဝတ္တိကျိုးအတွက် ကာမသုဂတိ ၇-ဘုံ၊ 'အဟိတ်ကုသလဝိပါက်' ဟူသော ပဝတ္တိကျိုးအတွက် ပဉ္စဝေါကာရ ၂၆-ဘုံသည် ကာမာဝစရကုသိုလ် ကံ၏ ပါကဋ္ဌာန ဖြစ်သတည်း။

ပဋိသန္ဓေကျိုးကို ပေးသော ကံကသာ ပဝတ္တိကျိုးကို ပေးနိုင်သည်မဟုတ်၊ အခြားသင့်လျော်သော ကံကလည်း ပဝတ္တိကျိုးကို ပေးနိုင်သည်၊ "အဟေတုကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ"ကို ထောက်ပါ။

**ကာမာဝစရကုသိုလ်ကံအပြား**

၇၁။ ကာမာဝစရကုသိုလ်ကံ၏အပြားနှင့်ထိုကံတို့၏အကျိုးများကိုခွဲခြား ပြလိုသောကြောင့် 'တတ္ထာပိ' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

ပြုလုပ်စဉ် အခိုက်အတန့်၌ ကံ၏ အကျိုးကို သိမြင်နားလည်သော ကမ္မ-သကတာဉာဏ် တွဲယှဉ်ပါဝင်သော ကုသိုလ်မျိုးကို ("အလောဘ, အဒေါသ, အမောဟ"ဟိတ် ၃-ပါး ပါရှိသောကြောင့်) "တိဟိတ်ကုသိုလ်"ဟု ခေါ်သည်၊ တရားကိုယ်မှာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး ဖြစ်သည်။

ပြုလုပ်စဉ် အခိုက်အတန့်၌ ကံ၏ အကျိုးကို သိမြင် နားလည်သော ဉာဏ် တွဲယှဉ်ပါဝင်မှု မရှိသော ကုသိုလ်မျိုးကို ("အလောဘ, အဒေါသ"ဟိတ် ၂-ပါးသာ ပါရှိသောကြောင့်) "ဒွိဟိတ်ကုသိုလ်"ဟု ခေါ်သည်၊ တရားကိုယ်မှာ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး ဖြစ်သည်။

ထိုကုသိုလ်တို့သည် မပြုခင်မှာ ဖြစ်စေ, ပြုပြီးသည့် နောက်ပိုင်းမှာ ဖြစ်စေ ကုသိုလ်စိတ်များ ခြံရံနေလျှင် သာလွန်မြင့်မြတ် ဥက္ကဋ္ဌအဖြစ်သို့ ရောက်၏၊ ပြုပြီးသော ကုသိုလ်ကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြန်လျှင်လည်း အလွန့်အလွန် မြင့်မြတ်လေတော့သည်။

မပြုခင်မှာ ဖြစ်စေ, ပြုပြီးသည့် နောက်ပိုင်းမှာ ဖြစ်စေ အကုသိုလ်များ ခြံရံနေလျှင် အညံ့စား ဩမကအဖြစ်သို့ ရောက်၏၊ ပြုပြီးသော ကုသိုလ်ကို သတိရတိုင်း နှလုံးမသာမယာဖြစ်ပါမူကား သာ၍ပင် ယုတ်ညံ့လေတော့သည်။

**၇၂။ တိဟေတုကံ၊ သော၊ ဩမကံ၊ အညွှံစားဖြစ်သော၊ ကုသလံ စ၊ ကုသိုလ်ကံသည်ရင်း၊ ဒွိဟေတုကံ၊ ဒွိဟိတ် ဖြစ်သော၊ ဥက္ကဋ္ဌ၊ သော၊ ကုသလံ စ၊ သည်ရင်း၊ ဒွိဟေတုကံ၊ ဒွိဟိတ် ဖြစ်သော၊ ပဋိသန္ဓိံ ၊ ကို၊ ဒတွာ၊ ၍။ ပဝတ္တေ၊ ၌၊ တိဟေတုက ရဟိတာနိ၊ တိဟိတ်မှ ကင်းကုန်သော၊ ဒွါဒသ ဝိပါကာနိ၊ ၁၂-ပါးသော ဝိပါက်စိတ်တို့ကို၊ ဝိပစ္စတိ၊ ၏။**

**၇၃။ ဒွိဟေတုကံ၊ သော၊ ဩမကံ၊ သော။ ကုသလံ ပန၊ ကုသိုလ်ကံသည်ကား။ အဟေတုကမေဝ၊ အဟိတ်သာလျှင် ဖြစ်သော၊ ပဋိသန္ဓိံ ၊ကို၊ ဒေတိ၊ ပေး၏၊ ပဝတ္တေ စ၊ ပဝတ္တိအခါ၌လည်း၊ အဟေတုက ဝိပါကာ နေဝ၊ အဟိတ် ဝိပါက်စိတ်တို့ကိုသာလျှင်၊ ဝိပစ္စတိ၊ ရင့်ကျက်စေ၏။**

---

**ဆောင်။** ။ကံကျိုးမြင်သိ, ဉာဏ်ယှဉ်ဘိလျှင်, မှတ်သိ တိဟေ၊ မယှဉ်နေက,, ဒွိဟေတုမှတ်၊ ကုသိုလ်ညံ့မူ, ဥက္ကဋ္ဌဖြစ်လာ၊ အကုသာ, ညံ့လာ ဩမက။

**တနည်း။** ။ကံကျိုးသိ၊ ဉာဏ်ယှဉ်ဘိ တိဟိတ်ဆို၊
ကျိုးမမြင်—ဉာဏ် မရှိလျှင်၊ ဒွိဟိတ်ဖို့ကို၊
ရှေ့နောက်ရပ်—ညံ့ပ်ကုသိုလ်၊ မှတ်စေလို ဥက္ကဋ္ဌ၊
အကုသာ—ညံ့ပ်လာ ရောလျှင်၊ ဩမကမှတ်။

ဆိုခဲ့ပြီးသည်အားလျော်စွာ "တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်, တိဟိတ်ဩမက ကုသိုလ်, ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်, ဒွိဟိတ်ဩမကကုသိုလ်"ဟု ကုသိုလ် ၄-မျိုး ပြားသင့်ကြောင်း သိမြင်နားလည်နိုင်လောက်ပါပြီ။

ထိုတွင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက် ဉာဏသမ္ပယုတ်ပဋိသန္ဓေကျိုးကို ပေး၍ မဟာဝိပါက် ၈-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၆-ပါးသော ပဝတ္တိကျိုးကို ပေးသည်။

၇၂။ တိဟိတ်ဩမကကုသိုလ်နှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေကျိုးကို ပေး၍ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသော ပဝတ္တိကျိုးကို ပေးသည်။

၇၃။ ဒွိဟိတ်ဩမကကုသိုလ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ပဋိသန္ဓေကျိုးကို ပေး၍ "အဟိတ်ကုသလဝိပါက် ၈-ပါး" ဟူသော ပဝတ္တိကျိုးကို ပေးသည်၊ ဤပြဆိုခဲ့ပြီးသော စကားရပ်သည် အများလက်ခံ အတည်ပြုထားသော တိပိဋကစူဠနာဂထေရ်၏ အယူအဆ သမာနဝါဒ ဖြစ်သည်။

## ကေစိဝါဒ

**၇၄။ အသင်္ခါရံ၊ အသင်္ခါရိကကုသိုလ်ကံသည်။ သသင်္ခါရဝိပါကာနိ၊ သသင်္ခါရိက ဝိပါက်စိတ်တို့ကို။ န ပစ္စတိ၊ မရင့်ကျက်စေ။ သသင်္ခါရံ၊ သသင်္ခါရိက ကုသိုလ်ကံသည်။ အသင်္ခါရဝိပါကာနိ၊ အသင်္ခါရိက ဝိပါက် စိတ်တို့ကို။ န ပစ္စတိ၊ မရင့်ကျက်စေ။ ဣတိ၊ ဤသို့။ ကေစန၊ အချို့ ဆရာတို့ ဆိုကြ၏။**

**တေသံ၊ ထိုဆရာတို့၏ အယူ၌။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ဒွါဒသ၊ ၁၂-ပါးကုန်သော။ ပါကာနိ၊ ဝိပါက်စိတ်တို့ကိုငင်း။ ဒသ၊ ၁၀-ပါးကုန်သော။ ပါကာနိ၊ တို့ကိုငင်း။ အဋ္ဌ၊ ၈-ပါးကုန်သော။**

---

**ပုဗ္ဗာပရဝိရောဓိဒေါသ**

ဝီထိပိုင်း ပုဂ္ဂလဘေဒ၌ "တထာ ဉာဏ သမ္ပယုတ္တ ဝိပါကာနိ စ သုဂတိယံ ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ န လဗ္ဘန္တိ"ဟု သုဂတိ အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့အား စိတ်ရတူကြောင်းကို ဆိုသည်။

ဤ ဝီထိမုတ္တသင်္ဂဟ၌ကား "ဒွိဟေတုကမောမကံ ပန ကုသလံ အဟေတုက-မေဝ ပဋိသန္ဓိံ ဒေတိ၊ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ= (ဒွိဟိတ်ဩမက ကုသိုလ်ကံသည် အဟိတ်ပဋိသန္ဓေကိုသာ ပေးသည်၊ ပဝတ္တိ အခါ၌လည်း အဟိတ်ဝိပါက်စိတ်တို့ကိုသာ ဖြစ်စေတတ်သည်)"ဟု သုဂတိ အဟိတ်ပုဂ္ဂိုလ်တို့အား သဟိတ်ဝိပါက်ကို မရနိုင်ကြောင်း 'ဧဝ'သဒ္ဒါနှင့်တကွ ဆိုထားသည်။

ရှေ့, နောက် စကား ၂-ရပ် ဆန့်ကျင်နေသည့်အတွက် ပုဗ္ဗာပရဝိရောဓိ ဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော၊ ဤသို့ စောဒနာဖွယ် ရှိနေ ပါသည်။

ရှေ့, နောက် ဆန့်ကျင်နေသည်မှာ မှန်ပါသည်၊ သို့သော် အရှင်အနုရုဒ္ဓါ ဆရာသည် အောက်ဝီထိသင်္ဂဟ ပုဂ္ဂလဘေဒ၌ မိမိ၏ အလို, မိမိ၏ အယူအဆကို တင်ပြထားသည်၊ ဤ ဝီထိမုတ္တသင်္ဂဟ၌ကား တိပိဋကစူဠနာဂထေရ်၏ အလို, တိပိဋကစူဠနာဂထေရ်၏ အယူအဆကို တင်ပြထားသည်၊ ယင်းသို့ (သင်ယူ သူများ အသိဉာဏ်တိုးပွါးအောင်) ဝါဒန္တရကို တင်ပြထားသည့် အရာမျှသာ ဖြစ်သည့်အတွက် "ပုဗ္ဗာပရဝိရောဓိဒေါသ သင့်ရောက်သည်"ဟု မဆိုထိုက် တော့ပါ။

**ပါကာနိ စ၊ တိုကိုရင်း။ ယထာဝုတ္တာနုသာရေန၊ အကြြင်အကြင်ဆိုအပ်ပြီးသည်ကို အစဉ်လျှောက်သဖြင့်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ ဥဒ္ဒိသေ၊ ပြရာ၏။**

၇၄။ မောရဝါပီအရပ်၌ သီတင်းသုံးနေတော်မူသော 'မဟာဒတ္တထေရ်' ဟူသော အချို့ဆရာတို့ကမူကား ''အသင်္ခါရိက ကုသိုလ်ကံသည် သသင်္ခါရိက အကျိုးကို မပေးနိုင်၊ သသင်္ခါရိက ကုသိုလ်ကံကလည်း အသင်္ခါရိက အကျိုးကို မပေးနိုင်''ဟု ဆိုကြ၏။

## ကံအပြား နှင့်အကျိုးတရား

| ကုသလဝိပါက် ၁၆ | | တိဟိတ် ဥက္ကဋ္ဌ | | တိဟိတ်ဩမက ဒွိ ဥက္ကဋ္ဌ | | ဒွိဟိတ်ဩမက |
|---|---|---|---|---|---|---|
| | | အ | သ | အ | သ | |
| မဟာဝိပါက် သံ၊ ၄ | အသင်္ခါရိက ၂ | ။ | | | | |
| | သသင်္ခါရိက ၂ | | ။ | | | |
| မဟာဝိပါက် ဝိ၊ ၄ | အသင်္ခါရိက ၂ | ။ | | ။ | | |
| | သသင်္ခါရိက ၂ | | ။ | | ။ | |
| အဟိတ်ကုသလဝိပါက် | ၈ | ။ | ။ | ။ | ။ | ။ |
| အကျိုးဝိပါက်ပေါင်း | ကေဝိဂါဒအရ | ၁၂ | ၁၂ | ၁၀ | ၁၀ | ၈ |
| | သမာနဝါဒအရ | ၁၆ | | ၁၂ | | ၈ |

ဆိုခဲ့ပြီးသည့်အတိုင်း ဖြစ်သင့်သည်အားလျော်စွာ ထိုဆရာတို့၏ အလိုအားဖြင့် ရေတွက်ပါလျှင်—

တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ် ၂-ပါး ဖြစ်အံ့၊ မဟာဝိပါက် အသင်္ခါ-ရိက ၄-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသော အကျိုးကို ပေး၏၊ အသင်္ခါရိက ၂-ပါး ဖြစ်အံ့၊ မဟာဝိပါက် သသင်္ခါရိက ၄-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသော အကျိုးကို ပေး၏။ (ဇယားကို အပေါ်နှင့် အောက် ကြည့်ပါ။)

တိဟိတ်ဩမက, ဒွိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိက ကုသိုလ်ဖြစ်အံ့၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ၂-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၀-ပါးသော အကျိုးကို ပေး၏၊ သသင်္ခါရိက ကုသိုလ်ဖြစ်အံ့၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ၂-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၀-ပါးသော အကျိုးကို ပေး၏။

ရူပါဝစရ ကုသိုလ်ကံ၏အကျိုး ပေးရာဘုံ

**၇၅။ ပန၊ ကား။ ရူပါဝစရကုသလံ၊ ရူပါဝစရကုသိုလ်ကို။ပဌမဇ္ဈာနံ၊ ပဌမစျာန်ကို။ ပရိတ္တံ၊ ပရိတ္တစျာန်ဖြစ်အောင်။ ဘာဝေတွာ၊ ဖြစ်စေ၍။ ဝါ၊ ဖြစ်စေခြင်းကြောင့်။ ဗြဟ္မပါရိသဇ္ဇေသု၊ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။**

**၇၆။ တဒေဝ၊ ထို့ပဌမ စျာန်ကိုပင်။ မဇ္ဈိမံ၊ မဇ္ဈိမစျာန်ဖြစ်အောင်။ ဘာဝေတွာ၊ ၍။ ဗြဟ္မပုရောဟိတေသု၊ ဗြဟ္မပုရောဟိတာ ဗြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၇၇။ ပဏီတံ၊ ပဏီတစျာန်ဖြစ်အောင်။ ဘာဝေတွာ၊ ၍။ မဟာဗြဟ္မေသု၊ မဟာဗြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၇၈။ တထာ၊ ထိုမှတပါး။ ဒုတိယဇ္ဈာနံ၊ ဒုတိယစျာန်ကိုလည်း။ တတိယဇ္ဈာနဉ္စ၊ တတိယစျာန်ကိုလည်း။ ပရိတ္တံ၊ အောင်။ ဘာဝေတွာ၊ ၍။ ပရိတ္တာဘေသု၊ ပရိတ္တာဘာဗြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၇၉။ မဇ္ဈိမံ၊ အောင်။ ဘာဝေတွာ၊ ၍။ အပ္ပမာဏာဘေသု၊ အပ္ပမာဏာဘာ ဗြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

---

ဒွိဟိတ်သြမက ကုသိုလ်ကား ထူးခြားမှု မရှိတော့ပါ၊ "အသင်္ခါရိက, သသင်္ခါရိက" ၂-မျိုးလုံးပင် 'အဟိတ်ကုသလဝိပါက် ၈-ပါး'တည်းဟူသော အကျိုးကိုသာ ပေးပါသည်၊ ဤသို့ ၅-မျိုး ဖြစ်လာပါသည်။

၇၅။ ရူပါဝစရ ကုသိုလ်ကံ၏ ပါကဋ္ဌာနကို ပြလို၍ 'ရူပါဝစရကုသလံ ပန' အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

ဤ ရူပါဝစရ ကုသိုလ်ကံ၏ ပါကဋ္ဌာနကို အပေါ်နိဿယဖြင့်ပင် သိမြင်နားလည်နိုင်လောက်ပါပြီ၊ အနည်းငယ် ထူးရာမျှကိုသာ ပြပါမည်။

**ပရိတ္တ မဇ္ဈိမ ပဏီတ။** ။စျာန်နှင့် ယှဉ်သော "ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသာ" ဟူသော အဓိပတိ တရား လေးပါးတို့တွင် အမှတ်မထား တပါးပါးသည် အဓိပတိ (အကြီးအကဲ) ဖြစ်လေ့ရှိ၏၊ ယင်းအဓိပတိ ဖြစ်သော တရားက အညံ့စား ဖြစ်နေလျှင် လျော့နေလျှင် ပရိတ္တစျာန် ဖြစ်၏၊ အလယ်အလတ် ဖြစ်နေလျှင် မဇ္ဈိမစျာန် ဖြစ်၏၊ ထက်မြက်နေလျှင် ပဏီတစျာန် ဖြစ်၏၊ ဤကား ပရိတ္တ, မဇ္ဈိမ, ပဏီတ အခွဲတည်း။

**၈၀။ ပဏီတံ၊ အောင်။ ဘာဝေတွာ၊ ၍။ အာဟဿရေသု၊ အာဘဿရ ပြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၈၁။ စတုတ္ထဈာနံ၊ စတုတ္ထဈာန်ကို။ ပရိတ္တံ၊ အောင်။ ဘာဝေတွာ၊ ၍။ ပရိတ္တသုဘေသု၊ ပရိတ္တသုဘာ ပြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၈၂။ မဇ္ဈိမံ၊ အောင်။ ဘာဝေတွာ၊ ၍။ အပ္ပမာဏသုဘေသု၊ အပ္ပမာဏသုဘာ ပြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၈၃။ ပဏီတံ၊ အောင်။ ဘာဝေတွာ၊ ၍။ သုဘကိဏှေသု၊ သုဘကိဏှာ ပြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၈၄။ ပဉ္စမဈာနံ၊ ပဉ္စမဈာန်ကို။ ဘာဝေတွာ၊ ၍။ ဝေဟပ္ဖလေသု၊ ဝေဟပ္ဖိုလ် ပြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၈၅။ တဒေဝ၊ ထို ပဉ္စမဈာန်ကိုပင်။ သညာဝိရာဂံ၊ သညာ၌ စက်ဆုပ် အောင်။ ဘာဝေတွာ၊ ၍။ အသညသတ္တေသု၊ အသညသတ် ပြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ၏။**

**၈၆။ ပန၊ အထူးကား။ အနာဂါမိနော၊ ပဉ္စမဈာန်ကို ရပြီးသော အနာဂါမ် ပုဂ္ဂိုလ်တို့သည်သာ။ သုဒ္ဓါဝါသေသု၊ သုဒ္ဓါဝါသ ပြဟ္မာတို့၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်၏။**

---

**ဆောင်။** ။မိပတိတရား, တပါးပါးတို့, ညံ့စား ဖြစ်လာ, ပရိတ္တာတည့်၊
လတ်မှာ မဇ္ဈိ, ထက်မြက်ဘိ, မှတ်သိ ပဏီတ။

**တနည်း။** ။ဈာန်ယှဉ်ဘိ၊ မိပတိတရားတွင်၊
မှတ်မထင်—တပါးပါးငယ်၊ ညံ့စား ဖြစ်လျှင်၊
ပရိတ္တ—ဈာနရယ်တဲ့ အမည်တွင်၊ လတ်ဖြစ်လျှင် မဇ္ဈိ၊
ထက်မြက်ပြီ—ပဏီတငယ်၊ ခွဲကြ လေဘိ။

၈၅။ ပဉ္စမဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် "ဤသညာသည် ဟိုအာရုံကို မှတ်, ဒီအာရုံကို မှတ်နှင့် မကောင်းတာကိုလည်း မှတ်တတ်သည်၊ ရောဂါ အိုင်းအမာသဖွယ်ဖြစ်သည်၊ ရပ်ချည်း ဖြစ်နေရလျှင် အပြစ်တစုံတရာ မရှိပဲ အေးမြချမ်းငြိမ်းဖွယ်ရာ ရှိသည်" စသည်ဖြင့် သညာနှင့်တကွ စိတ်, စေတသိက် အပေါ်မှာ အပြစ်မြင်လျက် ပဉ္စမဈာန်ကို ထပ်ကာ ထပ်ကာ ဝင်စား၏၊ ထိုပဉ္စမဈာန်သည် သညာကို စက်ဆုပ်သော သညာဝိရာဂ ဘာဝနာအဖြစ်သို့ ရောက်၏၊ ထိုပဉ္စမဈာန်မျိုးကြောင့် အသညသတ်ဘုံ၌ ဖြစ်ကြရတော့သည်။

၈၆။ ပဉ္စမဈာန်ကိုရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များသာ သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်ကြသည်၊ ယင်းသို့ ဖြစ်ကြရသည့်အခါမှာလည်း သဒ္ဓိန္ဒြေထက်လျှင်

## အရူပါဝစရ ကုသိုလ်ကံ၏အကျိုးပေးရာဘုံ

**၇၇။ အရူပါဝစရကုသလဉ္စ၊ အရူပါဝစရ ကုသိုလ်ကိုလည်း။ ယထာက္ကမံ၊ စွာ။ ဘာဝေတွာ၊ ၍။ အရူပေသု၊ အရူပ ပြဟ္မာတို့၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်ကုန်၏။**

## နိဂုံးဂါထာ

**၇၈။ ဣတ္ထံ၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်ဖြစ်သော။ ပုညံ၊ ကုသိုလ်ကံသည်။ ယထာဘူမိဝဝတ္ထိတံ၊ အကြင်အကြင် ပိုင်းခြားအပ်သောဘုံ၌။ သဒိသံ၊ တူသော။ ပါကံ၊ အကျိုးကို။ ပဋိသန္ဓိပဝတ္တိယံ၊ ပဋိသန္ဓေအခါ ပဝတ္တိအခါ၌။ ဇနေတိ၊ ဖြစ်စေ၏။**

**ဣဒံ၊ ဤသည်ကား။ စေတ္ထ၊ ဤ ဝီထိမုတ္တ သင်္ဂဟ၌။ ကမ္မစတုက္ကံ၊ ကမ္မစတုက္ကတည်း။**

---

အဝိဟာဘုံ၌ ဖြစ်ရသည်၊ ဂီရိယိန္ဒြေထက်လျှင် အတပ္ပါဘုံ၌ ဖြစ်ရသည်၊ သတိန္ဒြေထက်လျှင် သုဒဿာဘုံ၌ ဖြစ်ရသည်၊ သမာဓိန္ဒြေထက်လျှင် သုဒဿီဘုံ၌ ဖြစ်ရသည်၊ ပညိန္ဒြေထက်လျှင် အကနိဋ္ဌာဘုံ၌ ဖြစ်ရသည်။

ပဥ္စမစျာန်ကို ရပြီးသော အချို့သော အနာဂါမ်ပုဂ္ဂိုလ်များမှာ ဝေဟပ္ဖိုလ်ဘုံ၌လည်း ဖြစ်ခွင့် ရှိပါသေးသည်၊ သုဒ္ဓါဝါသဘုံ၌ကား အနာဂါမ်ပုဂ္ဂိုလ်မှတပါး အခြားပုဂ္ဂိုလ်များ ပဋိသန္ဓေမနေနိုင်ပါ။

**ဆောင်။** ။ဣန္ဒြေငါးပါး, ထက်စဉ်အားဖြင့်, ငါးပါးသုဒ္ဓါ, ဘုံတို့မှာ, ဖြစ်လာစဉ်တိုင်းမှတ်။

**တနည်း။** ။သဒ္ဓါကဲ၊ ဖြစ်လေမြဲ အဝိဟာ၊
ဝီရိလွန်—အာတပ္ပယ်၊ ဖြစ်ရ သေချာ၊
သတိထက်–သုဒဿာ၊ သမာဓိ ဒဿီ၊
ပညာလွန်—ကနိဋ္ဌဝယ်၊ ဖြစ်ရလေဘိ။

၇၇။ အရူပါဝစရကံ၏ ပါကဋ္ဌာနကို ပြလို၍ 'အရူပါဝစရကုသလဉ္စ' အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

အာကာသာနဉ္စာယတနစျာန်ကို ရလျှင် အာကာသာနဉ္စာယနဘုံ၌ ဖြစ်၏၊ (ပ) နေဝသညာနာသညာယတနစျာန်ကို ရလျှင် နေဝသညာနာသညာယတနဘုံ၌ ဖြစ်၏၊ ဤကား 'ယထာက္ကမံ'အရ အစဉ်အတိုင်း ဖြစ်ပုံတည်း။

၇၈။ 'ဣတ္ထံ' အစရှိသော ဂါထာသည် ရူပါဝစရကံ, အရူပါဝစရကံတို့၏ ပါကဋ္ဌာနကို နိဂုံးအုပ်သော ဂါထာဖြစ်သည်။

## မရဏုပ္ပတ္တိ စတုက္က

**၇၉။ အာယုက္ခယေန၊ အသက်တမ်း၏ ကုန်မှုကြောင့်စုတေရခြင်းငှင်း။ ကမ္မက္ခယေန၊ ကံစွမ်း၏ ကုန်မှုကြောင့် စုတေရခြင်းငှင်း။ ဥဘယက္ခယေန၊ အသက်တမ်း ကံစွမ်း ၂-ပါးစုံ၏ ကုန်မှုကြောင့် စုတေရခြင်းငှင်း။ ဥပစ္ဆေဒက ကမ္မုနာ စ၊ ကပ်၍ ဖြတ်တတ်သော ကံကြောင့် စုတေရခြင်းငှင်း။ ဣတိ၊ ဤသည်တို့ကား။ စတုဓာ ၊၄-ပါးပြားသော။ မရဏုပ္ပတ္တိ နာမ၊ မရဏုပ္ပတ္တိမည်၏။**

---

ဆိုခဲ့ပြီးသည့်အားလျော်စွာ မဟဂ္ဂုတ်ကုသိုလ်ကံသည် သတ်မှတ်ပိုင်းခြားထားသော ဘုံ၌ 'ပဋိသန္ဓေအခါ, ပဝတ္တိအခါ' ၂-ပါးလုံးမှာပင် တူသောအကျိုးကိုပေးသည်။

ပထမဈာန်ကုသိုလ်က ပထမဈာန်ဝိပါက်အကျိုးကို ပေးသည်၊ (ပ)နေဝသညာနာသညာယတနကုသိုလ်က နေဝသညာနာသညာယတနဝိပါက်အကျိုးကို ပေးသည်၊ ဤသို့ အကြောင်းကံနှင့် အကျိုးဝိပါက်တို့ တူသည်ကိုပင် ''တူသောအကျိုးကို ပေးသည်''ဟု ဆိုသည်။

ကာမာဝစရ ကုသိုလ်များကား 'တူသောအကျိုး, မတူသောအကျိုး' ၂-မျိုးလုံးကိုပင် ပေးနိုင်သည်၊ အကုသိုလ်ကံများမူကား မတူသော အကျိုးတမျိုးကိုသာ ပေးနိုင်သည်၊ ဤသို့လည်း မှတ်သားသင့်သေးသည်။

၇၉။ ''စတ္တာရိ ကမ္မာနိ''ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီးသည့်နောက် ''စတုဓာ မရဏုပ္ပတ္တိ''ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြတော်မူလိုရကား 'အာယုက္ခယေန' စသည်ကို မိန့်။

စုတေခြင်း၏ဖြစ်ပုံကိုပြသော စတုက္ကကို ''မရဏုပ္ပတ္တိစတုက္က''ဟု ခေါ်သည်၊ (မရဏ—သေခြင်း+ဥပ္ပတ္တိ—ဖြစ်ပုံ၊)

**သေခြင်း ၄-ပါး**

၁။ အာယုက္ခယမရဏ=အသက်တမ်း ကုန်မှုကြောင့် စုတေခြင်း၊

၂။ ကမ္မက္ခယမရဏ=ကံစွမ်း၏ ကုန်မှုကြောင့် စုတေခြင်း၊

၃။ ဥဘယက္ခယမရဏ= 'အသက်တမ်း, ကံစွမ်း' ၂-ပါးစုံ ကုန်မှုကြောင့် စုတေခြင်း၊

၄။ ဥပစ္ဆေဒကမရဏ=ကပ်၍ ဖြတ်တတ်သော ကံတမျိုးမျိုးကြောင့် စုတေရခြင်း၊

ဤသို့ သေရခြင်း ၄-မျိုးရှိသည်။

**၉၀။ ပန၊ ဆက်ဦးအံ့။ တထာစ၊ ထိုအကြောင်းတို့ကြောင့်သာလျှင်။ မရန္တာနံ၊ စုတေရသူတို့၏။ မရဏကာလေ၊ စုတေခါနီး အခါ၌။ ယထာ ရဟံ၊ (ထိုထိုဂတိ၌ဖြစ်) ထိုက်သည်အားလျော်စွာ။ အဘိမုခီဘူတံ၊ ရှေးရှုသကဲ့သို့ဖြစ်သော။ ဘဝန္တရေ၊ ဘဝတပါး၌။ ပဋိသန္ဓိဇနကံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော။ ကမ္မံဝါ၊ ကုသိုလ်ကံ အကုသိုလ်ကံသည်သော်၎င်း။**

**တံ ကမ္မကရဏကာလေ၊ ထိုကံကို ပြုရာအခါ၌။ ရူပါဒိကံ၊ ရူပါရုံ အစရှိသော။ ဥပလဒ္ဓပုဗ္ဗံ၊ ကံနှင့်ဆက်စပ် ရအပ်ဘူးသည်လည်း ဖြစ်သော။ ဥပကရဏဘူတဥ္စ၊ ကံပြီးမြောက်ရုံ အဆောက်အအုံဖြစ်၍လည်း ဖြစ်သော။ ကမ္မနိမိတ္တံဝါ၊ ကံ၏ အာရုံသည်သော်၎င်း။**

**အနန္တရံ၊ အခြားမဲ့၌။ ဥပ္ပဇ္ဇမာနဘဝေ၊ဖြစ်လတံ့သော ဘဝ၌။ ဥပလဘိတဗ္ဗံ၊ ရထိုက် (ရောက်ထိုက်) သည်လည်းဖြစ်သော။ဥပဘောဂဘူတဥ္စ၊အသုံး အဆောင် ဖြစ်၍လည်း ဖြစ်သော၊ဂတိနိမိတ္တံ ဝါ၊ လားရာဂတိ၌ အာရုံသည် သော်၎င်း။ ကမ္မဗလေန၊ ကံ၏ အစွမ်းကြောင့်။ ဆန္နံ၊ ၆-ပါးကုန်သော။ ဒွါရာနံ၊ ဒွါရတို့တွင်။ အညတရသ္မိံ၊ တပါးပါးသော ဒွါရ၌။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်လာ၏။**

---

**စုတေခါနီးအာရုံထင်ပုံ**

၉၀။ 'တထာစ' အစရှိသော စကားရပ်သည် သေခါနီးမှာ အာရုံထင် လာပုံကို ပြသော စကားရပ်ဖြစ်သည်။

ထိုအကြောင်းတရား ၄-ပါးတို့တွင် တပါးပါးသော အကြောင်းကြောင့် သေရသူတို့၏ သေခါနီးမှာနောက်ဘဝ၌ ပဋိသန္ဓေကျိုးကိုပေးမည့် ကံတပါး ပါးသော်လည်း ရှေးရှုပြူထွက်လာသကဲ့သို့(မနောဒွါရမှာ)ထင်လာတတ်သည်။

သို့မဟုတ် ကံပြုစဉ်အခါတုန်းက ကံနှင့်ဆက်စပ်၍ တိုက်ရိုက်ရအပ်ဘူးသော 'ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်' ဖြစ်စေ, ကံပြီးမြောက်ဖို့ရာ အခြံအရံမျှသာဖြစ်သော 'ဥပကရဏဘူတကမ္မနိမိတ်' ဖြစ်စေ ထင်လာတတ်သည်၊ ဤကမ္မနိမိတ်သည် ထိုက်သည် အားလျော်စွာ အာရုံ ၆-ပါးတွင် တပါးပါး ဖြစ်နိုင်သည်၊ ဒွါရ ၆-ပါးတို့တွင် တပါးပါးမှာ ထင်လာနိုင်သည်။

သို့မဟုတ် အခြားမဲ့ ဖြစ်ရမည့်ဘဝ၌ တိုက်ရိုက်ရောက်ထိုက်သော 'ဥပလ-ဘိတဗ္ဗဂတိနိမိတ်' ဖြစ်စေ, အတွင်း အပသုံးအဆောင် ဖြစ်သော 'ဥပဘောဂ ဂတိနိမိတ်' ဖြစ်စေ ထင်လာတတ်သည် ၊ဤ ဂတိနိမိတ်သည် ရူပါရုံတမျိုးသာ ရှိသည်၊ မနောဒွါရမှာသာ ထင်လာနိုင်သည်။

**တတော၊ ထိုထင်လာသော အခါမှ။ ပရံ၊ နောက်၌။ တထောပဋ္ဌိတံ၊ ထို အခြင်းအရာဖြင့် ထင်လာသော။ တခမ္ပ၀ အာရမဏံ၊ ထိုအာရုံကိုပင်။ အာရဗ္ဘ၊ အာရုံပြု၍။ ဝိ၁စ္စမာန ကမ္မာနုရူပံ၊ အကျိုးပေးလတ့်သော ကံအား လျော်စွာ။ ပရိသုဒ္ဓံ၊ စင်ကြယ်သည်မူသည်း ဖြစ်သော။ ဥပက္ကိလိဋ္ဌံ ဝါ၊ ညစ် နွမ်းသည်မူလည်း ဖြစ်သော။ ဥပလဘိတဗ္ဗ ဘ၀ါနုရူပံ၊ ရထိုက် ရောက် ထိုက်သော ဘ၀အားလျော်စွာ။ တတ္ထ၊ ထိုရထိုက် ရောက်ထိုက်သော ဘ၀၌။ ဩဏတံ၀၊ ညွတ်နေသကဲ့သို့။ စိတ္တသန္တာနံ၊ စိတ်အစဉ်သည်။ အဘိဏှံ၊ မပြတ်။ ဗာဟုလ္လေန၊ များသောအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။**

---

ထိုသို့ ထင်လာခြင်းသည် ပဋိသန္ဓေကျိုးကိုပေးမည့်ကုသိုလ်ကံ, အကုသိုလ်ကံ တို့၏ စွမ်းအားကြောင့်ပင် ဖြစ်သည်။

**ကမ္မနိမိတ်။** ။ထိုတွင် ကံပြုစဉ်တုန်းက တွေ့ကြုံရသမျှသော အာရုံများကို ''ကမ္မနိမိတ်'' ဟု ခေါ်သည်၊ ထိုကမ္မနိမိတ်သည် ''ဥပလဒ္ဓုပုဗ္ဗ ကမ္မနိမိတ်, ဥပကရဏဘူတကမ္မနိမိတ်''ဟု ၂-မျိုးရှိ၏။ (ကမ္မ—ကံ + နိမိတ္တ— အာရုံ၊)

ထိုတွင်—

၁။ ကံနှင့် ဆက်သွယ်၍ တိုက်ရိုက်ရအပ်ဘူးသော ပဓာန အာရုံသည်''ဥပ လဒ္ဓုပုဗ္ဗကမ္မနိမိတ်''မည်၏။

၂။ ကံပြီးမြောက်ဖို့ရာ အခြံအရံမျှသာ ဖြစ်သော အပဓာနအာရုံသည် ''ဥပကရဏ ဘူတကမ္မနိမိတ်'' မည်၏။

ဥပမာအားဖြင့်—ကျောင်းဆောက်လှူဒါန်းရာ၌ ကျောင်းသည်'ဥပလဒ္ဓ'၊ သက်န်းစသော အခြံအရံများသည် 'ဥပကရဏ' ဖြစ်သည်၊ ဘုရားကို ပန်းလှူ ရာ၌ ဘုရားသည် 'ဥပလဒ္ဓ'၊ ပန်းသည် 'ဥပကရဏ' ဖြစ်သည်၊ သား ငါးကို သတ်ဖြတ်ရာ၌ သား, ငါးသည် 'ဥပလဒ္ဓ'၊ ပိုက်ကွန် စသော လက်နက်များ သည် 'ဥပကရဏ' ဖြစ်သည်။

**ဆောင်။** ။ကျောင်းနှင့် ဘုရား, သား ငါး ဥပ, လဒ္ဓ မည်ညွှန်း, သင်္ကန်း ပန်းပါ, ပိုက်ကွန်မှာ, မှတ်ပါ ဥပ ကရဏ။

**တနည်း။** ။ကျောင်း သင်္ကန်း၊ ဘုရားပန်း ဝေဝေ၊
သား ငါးမှန်—ပိုက်ကွန်များငယ်၊ ရှေ့ထား နောက်နေ၊
ရှေ့ရှေ့က—ဥပရယ်တဲ့ လဒ္ဓေ၊ နောက်နောက်နေ ကရဏ၊
ထင်လာပုံ—အာရုံများကို၊ ခွဲခြား ကျနု။

**ဂတိနိမိတ်**။ ။လား ရောက်ရမည့် ဘဝ၌ တွေ့ကြုံရမည့် အာရုံဟူသမျှကို "ဂတိနိမိတ်"ဟု ခေါ်သည်၊ ဤဂတိနိမိတ်သည်လည်း "ဥပလဘိတဗ္ဗဂတိနိမိတ်, ဥပဘောဂဂတိနိမိတ်"ဟု ၂-မျိုး ပြားပြန်သည်။ (ဂတိ—လားရာဂတိ၌+နိမိတ္တ—တွေ့ကြုံထိုက်သော အာရုံ။)

ထိုတွင် —

၁။ တိုက်ရိုက်ရောက်ထိုက်သော အရပ်ကို "ဥပလဘိတဗ္ဗ"ဟုခေါ်သည်၊ လူ့ဘုံသွားမည့်သူဖြစ်လျှင် အမိဝမ်းရေ, ငရဲပြည်သွားမည့်သူ ဖြစ်လျှင် ငရဲဘုံ, ပြိတ္တာဖြစ်မည့်သူ ဖြစ်လျှင် တောတောင်စသည်, နတ်ပြည် သွားမည့်သူဖြစ်လျှင် နတ်ဗိမာန်စသည်တို့တည်း။

၂။ ထိုထိုဘုံဘဝ၌ တွေ့ကြုံရမည့် အတွင်း အပ သုံးအဆောင် အခြေအရံများကို "ဥပဘောဂ"ဟု ခေါ်သည်၊ ခွေး ကျီး ငရဲမီးလျှံ နတ်သမီး နတ်သား ပဒေသာပင် စသည်တို့တည်း။

**ဆောင်**။ ။အမိဝမ်းရေ, ငရဲပြေနှင့်, တောခြေ တောင်ယံ, နတ်ဗိမာန်, မှတ်ရန်လဘိတ။
ခွေး လင်းတ ကျီး, ငရဲမီးနှင့်,နတ်သမီး နတ်သား, စသည်ကား, မှတ်သား ဥဘောဂ။

**တနည်း**။ ။အမိဝမ်း၊ ငရဲခန်း တော တောင်ယံ၊
နတ်ဗိမာန်-စသည်ငြိလျှင်၊ လဘိတဋ္ဌ၊
သုံးဆောင်သင့်-ခွေးနှင့် ကျီး မီးလျှံ၊ နတ်မိမ္ဗန် နတ်သား၊
ပဒေသာ-ထင်လာကလျှင်၊ ဘောဂ ပိုင်းခြား။

## စုတေခါနီးစိတ်အစဉ်ဖြစ်ပုံ

"တတောပရံ(ပ)ဗာဟုလ္လေန"ဟူသော စကားရပ်သည် အာရုံထင်လာပြီးနောက် မစုတေခင် စိတ်အစဉ်ဖြစ်နေပုံကို ပြသော စကားရပ် ဖြစ်သည်။

ထိုသို့ အာရုံထင်လာပြီးသည့်နောက် ထင်လာသော အာရုံတပါးပါးကို အာရုံပြုလျက် ကုသိုလ်ကံက အကျိုးပေးတော့မည် ဖြစ်လျှင် သန့်စင်ကြည်လင်သော ကုသိုလ်စိတ်အစဉ်သည်၎င်း, အကုသိုလ်ကံက အကျိုးပေးတော့မည် ဖြစ်လျှင် ညစ်နွမ်းသော အကုသိုလ်စိတ်အစဉ်သည်၎င်း မပြတ်မလပ် အများအားဖြင့် ဖြစ်တတ်သည်၊ ထိုစိတ်အစဉ်သည် ရထိုက် ရောက်ထိုက်သော ဘဝအားလျော်စွာ ရောက်ရမည့် ဘဝသစ်၌ ညွတ်ကိုင်းနေသကဲ့သို့လည်း ဖြစ်နေသည်၊ အရပ်တပါးသို့ ခရီးသွားမည့် သူသည် ပြင်ဆင်မှုကိစ္စကို ပြုလုပ်နေသော်လည်း သွားရမည့် အရပ်သို့ စိတ်ညွတ်နေသကဲ့သို့တည်း။

**ပန၊ ကံအာရုံထင်လာပုံ တနည်းကား။ ဇနကဘူတံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သည်ဖြစ်၍ ဖြစ်သော။ တမေဝ ဝါ၊ထိုမှ၊ ထိုကံသည်ပင်လျှင်လည်း။ အဘိနဝကရဏ ဝသေန၊ မိမိကို အသစ်ပြုခြင်း၏ အစွမ်းဖြင့်။ ဒွါရပတ္တံ၊ မနောဒွါရသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။**

**၉၁။ ပစ္စာသန္နမရဏဿ၊ အလွန်နီးကပ်သော စုတေခြင်းရှိသော။ တဿ၊ ထိုသတ္တဝါ၏။ ဝီထိစိတ္တာဝသာနေ၊ ("ဇော, တဒါရုံ" ဟူသော) ဝီထိစိတ်၏ အဆုံး၌သော်၎င်း။ ဘဝင်္ဂက္ခယေဝါ၊ ဘဝင်အကုန်၌သော်၎င်း။ စဝနဝသေန၊ ရွေ့လျောခြင်း၏အစွမ်းဖြင့်။ ပစ္စုပ္ပန္နဘဝ ပရိယောသာနဘူတံ၊ ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်၍ ဖြစ်သော။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။**

---

**ကံအာရုံထင်ပုံတနည်း**

'တမေဝဝါ ပန' အစရှိသော စကားရပ်သည် ကံအာရုံထင်လာပုံကို တနည်းအားဖြင့် ပြသောစကားရပ် ဖြစ်သည်။

ကမ္မနိမိတ်, ဂတိနိမိတ်တို့သည် ကံ၏ အစွမ်းအားဖြင့် ဒွါရ၌ ထင်လာပါစေတော့၊ ကံသည်ကား ဘယ်နည်းဖြင့် ဒွါရ၌ ထင်လာနိုင်ပါသနည်း၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ကံအာရုံထင်လာပုံကို တနည်းအားဖြင့် ဆက်လက်ပြဆိုရပါသည်။

ပဋိသန္ဓေကျိုးကို ပေးတော့မည်ဖြစ်သော ကံသည်ပင်လျှင် မိမိကို အသစ်ပြုပြင်သည်၏ အစွမ်းဖြင့် ( ယခုလတ်တလော ပြုနေရသလို ) စိတ်အာရုံ၌ ပေါ်လွင် ထင်လာတတ်သည်၊ မနောဒွါရသို့ ရောက်သည်၊ မနောဒွါရ၌ ထင်သည်–ဟု ဆိုလိုသည်။

**တမေဝဝါ**။ ။'တမေဝဝါ'၌ 'ဧဝ'သဒ္ဒါသည် အဝဓာရဏအနက် ရှိ၏၊ ထို'ဧဝ'သဒ္ဒါဖြင့် ''ကံကသာ မိမိ၏အစွမ်းကြောင့် ဒွါရပတ္တ ဖြစ်သည်၊ ကမ္မနိမိတ်, ဂတိနိမိတ်တို့သည်မိမိ၏ အစွမ်းကြောင့် ဒွါရပတ္တ မဖြစ်ကုန်၊ကံ၏အစွမ်းကြောင့်သာ ဒွါရပတ္တဖြစ် ကုန်၏''ဟူသော အနက်ကိုပြသည်။

'ဝါ'သဒ္ဒါသည် သမ္ပိဏ္ဍနအနက် ရှိ၏၊ ယင်း 'ဝါ'သဒ္ဒါဖြင့် ''ကမ္မနိမိတ်, ဂတိနိမိတ်တို့သာ ကံ၏ အစွမ်းကြောင့် ထင်လာကုန်သည် မဟုတ်သေး၊ ကံလည်း ကံ၏အစွမ်းကြောင့်ထင်သေး၏''ဟူသော အနက်ကိုပေါင်းသည်။

**မရဏာသန္နဝီထိ**

၉၁။ 'ပစ္စာသန္နမရဏဿ' အစရှိသော စကားရပ်သည် မရဏာသန္နဝီထိ များကို ပြသောစကားရပ် ဖြစ်သည်။

တသ္မိံ၊ ထို စုတိစိတ်သည်။ နိရုဒ္ဓါဝသာနေ၊ အဆုံးသတ် ချုပ်သည် ရှိသော်။ တဿ၊ ထို စုတိစိတ်၏။ အနန္တရမေဝ၊ အခြားမဲ့၌သာလျှင်။ တထာဂဟိတံ၊ ထိုအခြင်းအရာဖြင့် မရဏာသန္နဇောသည် ယူအပ်ခဲ့သော။ အာရမ္မဏံ၊ ("ကံ,ကမ္မနိမိတ်, ဂတိနိမိတ်" ဟု ဆိုအပ်သော) အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ သဝတ္ထုကံ ဝေ ဝါ၊ မှီရာဝတ္ထု ရှိသည်သာလျှင်မူလည်း ဖြစ်သော။ အဝတ္ထုကံဝေဝါ၊ မှီရာဝတ္ထု မရှိသည်သာလျှင်မူလည်း ဖြစ်သော။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန၊ အဝိဇ္ဇာနုသယသည် ခြံရံအပ်သော။ တဏှာနုသယ မူလကေန၊ တဏှာနုသယလျှင် အရင်းခံရှိသော။ သင်္ခါရေန၊ ကုသိုလ် အကုသိုလ်ကံသည်။ ဇနိယမာနံ၊ ဖြစ်စေအပ်သော။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ် တရားတို့သည်။ ပရိဂ္ဂယှမာနံ၊ ခြံရံလျက် ယူအပ်သော။ သဟဇာတာနံ၊ တကွ ဖြစ်ဖက်တရားတို့၏။ အဓိဋ္ဌာန ဘာဝေန၊ တည်ရာ၏ အဖြစ်ကြောင့်။ ပုဗ္ဗင်္ဂမ ဘူတံ၊ ရှေ့သွားခေါင်းဆောင် ဖြစ်၍ဖြစ်သော။ ဘဝန္တရ ပဋိသန္ဓာနဝသေန၊ ဘဝတပါးကို စပ်ပေးခြင်း၏ အစွမ်းကြောင့်။ ပဋိသန္ဓိ သင်္ခါတံ၊ ပဋိသန္ဓေ ဟု ခေါ်ဆိုအပ်သော။ မာနသံ၊ စိတ်သည်။ ဥပ္ပဇ္ဇမာနမေဝ၊ ဥပါဒ်လျှင် ဥပါဒ်ချင်းသာလျှင်။ ဘဝန္တရေ၊ ဘဝတပါး၌။ ပတိဋ္ဌာတိ၊ တည်၏။

---

စုတေဖို့ရန် အလွန်နီးကပ်နေသော သတ္တဝါ၏ ဝီထိစိတ်အဆုံးမှာ ဖြစ်စေ, ဘဝင်အကုန်မှာ ဖြစ်စေ စုတိစိတ် ဖြစ်၍ ချုပ်သည်၊ ပစ္စုပ္ပန်ဘဝမှ ပြောင်းရွှေ့ ရွှေ့လျောသည်ကိုပင် "စုတေသည်–သေသည်" ဟု ခေါ်သည်၊ ထိုစုတိစိတ်သည် ပစ္စုပ္ပန်ဘဝ၏ နောက်ပိတ်ဆုံး စိတ်ပင် ဖြစ်သည်။

ထိုစကားရပ်၌ မရဏာသန္နဝီထိကျပြီးသည့်နောက် စုတေမည့်သတ္တဝါ၊ သို့မဟုတ်မရဏာသန္နဝီထိနောင် ဘဝင်အနည်းငယ်ကျပြီးသည်နေ၏ စုတေမည် သတ္တဝါတို့ကို "ပစ္စာသန္နမရဏ=စုတေဘို့ရန် အလွန် နီးကပ်နေသော သတ္တဝါ" ဟုဆိုရသည်။

"ဝီထိစိတ္တာဝသာနေ=ဝီထိစိတ်၏အဆုံးမှာ" ဟူသော စကားဖြင့်–

၁။ ဇောနောင် စုတိကျသော ဝီထိ၊

၂။ တဒါရုံနောင် စုတိကျသော ဝီထိတို့ကို ပြသည်။

"ဘဝင်္ဂက္ခယေဝါ=ဘဝင်အကုန်မှာ" ဟူသော စကားဖြင့်–

၃။ ဇော ဘဝင်နောင် စုတိကျသော ဝီထိ၊

၄။ တဒါရုံ ဘဝင်နောင် စုတိကျသော ဝီထိတို့ကို ပြသည်။

ဤစကား ၂-ရပ်ကို ပေါင်းစပ်လျက် အချုပ်အားဖြင့် မရဏာသန္န ၄-ဝီထိ ရှိကြောင်းကို သိရာ၏၊ ထိုမရဏာသန္နဝီထိသည် "ပဉ္စဒ္វါရဝီထိ, မနောဒွါရဝီထိ"အားဖြင့် ၂-မျိုးပင် ရှိနိုင်ပါသည်။

ဤနေရာ၌ ဝီထိဖြစ်ပုံကို သီးသန့်မပြသော်လည်း နောက်၌ ပြထားသည်ကို နည်းမှီ၍ ဝီထိအပြည့်အစုံ ချတတ်အောင် ကြိုးစားပါ။

**ပဋိသန္ဓေစိတ်ဖြစ်ပုံ**

"တဿ နိရုဒ္ဓါဝသာနေ (ပ) ပတိဋ္ဌာတိ ဘဝန္တရေ"ဟူသော **စကား** ရပ်ဖြင့် ပဋိသန္ဓေစိတ်ဖြစ်ပုံကို ဆက်လက်ပြဆိုထားသည်။

ထိုစုတိစိတ်ချုပ်ပြီးသည်၏ အဆုံးမှာ ကာလမခြားပဲ ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌ တည်သည်၊ ဘဝဟောင်းက ဥပါဒ်ခဲ့၍ ဤကျမှ ဘဝသစ်၌ တည်သည်မဟုတ်။

ထိုပဋိသန္ဓေစိတ်သည် မစုတေမီ (ဘဝဟောင်းက) မရဏာသန္နဇောတို့ ယူအပ်သော အာရုံကို ဆက်လက်၍ အာရုံပြုသည်။

ထိုပဋိသန္ဓေစိတ်သည် ကာမဘုံ ရူပဘုံ၌ ဖြစ်ခဲ့ပါလျှင် ဟဒယဝတ္ထုရုပ်ကို မှီ၍သာ ဖြစ်သည်၊ အရူပဘုံ၌ ဖြစ်ခဲ့ပါလျှင် ဝတ္ထုရုပ်ကို မမှီပဲသာ ဖြစ်သည်။

ထိုပဋိသန္ဓေစိတ်သည် အလိုအလျောက် ပေါ်ပေါက်လာရသည်လည်း မဟုတ်ပါ၊ ရှေးရှေးက ပြုခဲ့သော "ကုသိုလ်ကံ, အကုသိုလ်ကံ"တည်းဟူသော သင်္ခါရကြောင့်သာ ဖြစ်ပေါ်လာရသည်၊ "ကံ"ဟု ဆိုအပ်သော ထိုသင်္ခါရ၌ အဝိဇ္ဇာနုသယသည် ခြံရံလျက်ရှိသည်၊ တဏှာနုသယလည်း အရင်းခံလျက်ရှိသည်။

ဖဿ, ဝေဒနာ အစရှိသော ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်တရားများလည်း ထိုပဋိသန္ဓေစိတ်ကို ခြံရံလျှလျက်ပါလာကြသည်၊ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် တရားတို့၏ တည်ရာ မှီရာဖြစ်သောကြောင့် ထိုပဋိသန္ဓေစိတ်သည် ဖဿ, ဝေဒနာ အစရှိသော တရားတို့၏ ရှေ့သွား ခေါင်းဆောင်လည်း ဖြစ်သည်။

ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်ပေးတတ်သောကြောင့် "ပဋိသန္ဓိ=ပဋိသန္ဓေ"ဟူသော အမည်ကိုလည်း ရသည်။

**၉၂။ ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤစုတိ ပဋိသန္ဓေ အခန်း၌။ မရဏာသန္န ဝီထိယံ၊ မရဏာသန္နဝီထိ၌။ မန္ဒပ္ပဝတ္တာနိ၊ အဟုန်ရော့ရဲ့, နုံနုံ့နဲ့ဖြစ်ကုန်သော။ ဝါ၊ အဟုန်ရော့ရဲ့, နုံနုံ့နဲ့ ဖြစ်ခြင်းကြောင့်။ ပဉ္စဝ၊ ၅-ကြိမ်သာ လျှင် ဖြစ်ကုန်သော။ ဇဝနာနိ၊ ဇောတို့ကို။ ပါဠိကာ°ခိတဗ္ဗာနိ၊ အာ လိုရှိ ထိုက်ကုန်၏။**

---

**ယထာရဟံ**။ ။'ယထာရဟံ အဝိဇ္ဇာနုသယပရိက္ခိတ္တေန'စသော စကားရပ်၌ ယထာရဟံ၏ အဓိပ္ပါယ်ကို ဋီကာ၌ ၂-နည်းဖွင့်ပြထား၏၊ ကောက်ချက်ချ ရှင်းပြအံ့။

၁။ ကံပြုရာ ကာလသည် ဤပစ္စုပ္ပန်ဘဝဖြစ်အံ့၊ သခ်ါရအရ ဥပပဇ္ဇ-ဝေဒနီယ ကံကိုယူပါ၊ ရှေးဘဝဖြစ်အံ့၊ သခ်ါရအရ အပရာပရိယ-ဝေဒနီယ ကံကိုယူပါ။

၂။ အကျိုးပေးရာကာလသည် ဒုတိယဘဝဖြစ်အံ့၊ သခ်ါရအရ ဥပပဇ္ဇ-ဝေဒနီယကံကို ယူပါ၊ တတိယဘဝမှစ၍ နိဗ္ဗာန်မရမီဖြစ်အံ့၊ သခ်ါရအရ အရာပရိယဝေဒနီယကံကိုယူပါ။

**တနည်း**။

၁။ အကုသိုလ်ကံ အကျိုးပေးအံ့၊ ထို အကုသိုလ်ကံအားလျော်စွာ ကံသခ်ါရသည် (အဝိဇ္ဇာတဏှာနုသယတို့၏ အစွမ်းအားဖြင့်ရင်း၊ ဇောနှင့်တကွသော အဝိဇ္ဇာတဏှာနုသယတို့၏ အစွမ်းအားဖြင့်ရင်း) အဝိဇ္ဇာနုသယခြံရံအပ်၏၊ တဏှာနုသယလည်း အရင်းခံရှိ၏။

၂။ ကုသိုလ်ကံအကျိုးပေးအံ့၊ ထိုကုသိုလ်ကံအားလျော်စွာ ကံသခ်ါရသည် (အဝိဇ္ဇာတဏှာနုသယတို့၏ အစွမ်းအားဖြင့်သာ) အဝိဇ္ဇာ-နုသယခြံရံအပ်၏၊ တဏှာနုသယလည်း အရင်းခံရှိ၏။

ဤကား ယထာရဟံအဓိပ္ပါယ် ၂-နည်းတည်း။

**ကာမပဋိသန္ဓေ၏အာရုံ**

၉၂။ "မရဏာသန္နဝီထိယံ (ပ) ယထာရဟာမာရမဏံ ဟောတိ"ဟူသော စကားရပ်သည် ပဋိသန္ဓေစိတ်၏ အာရုံကိုပြသော စကားရပ် ဖြစ်သည်၊ ထို'မရဏာသန္နဝီထိယံ'အစရှိသော စကားရပ်ဖြင့် ကာမာဝစရပဋိသန္ဓေစိတ်၏ အာရုံကို ပြသည်။

မရဏာသန္နဝီထိ၌ စိတ်အားလုံးပင် ခပ်လျော့လျော့ ဖြစ်နေကြသည်၊ ဇောများလည်း အဟုန်မပြင်းလှပါ၊ သို့ဖြစ်၍ ၅-ကြိမ်သာ ဇောရသည်။

**တသ္မာ၊ ထို့ကြောင့်။ ပစ္စုပ္ပန္နာရမဏေသု၊ ပစ္စုပ္ပန် အာရုံတို့သည်။ အာပါတံ၊ ရှေးရှုကျခြင်းသို့။ အာဂတေသု၊ ရောက်ကုန်လသော်။ မရဏာသန္နဝီထိယံ၊ ထင်ရှား ရှိကုန်စဉ်သာလျှင်။ မရဏံ၊ စုတေခြင်းသည်။ ယဒိဟောတိ၊ အကယ်၍ဖြစ်အံ့။ တဒါ၊ ထိုအခါ၌။ ပဋိသန္ဓိ ဘဝင်္ဂါနမ္ပိ၊ ပဋိသန္ဓေ ဘဝင် စိတ်တို့၏လည်း။ ပစ္စုပ္ပန္နာရမဏတာ၊ ပစ္စုပ္ပန်အာရုံ ရှိကုန်သည်၏အဖြစ်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိတသ္မာ၊ ဤအကြောင်းကြောင့်။ ကာမာဝစရ ပဋိသန္ဓိယာ၊ ကာမာဝစရ ပဋိသန္ဓေ၏။ ဆဒ္ဒါရဂ္ဂဟိတံ၊ ၆-ဒွါရဖြင့် ယူအပ်သော။ ကမ္မနိမိတ္တံ၊ ကမ္မနိမိတ်လည်း ဖြစ်သော။ ဂတိနိမိတ္တဉ္စ၊ ဂတိနိမိတ်လည်း ဖြစ်သော။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်လည်း ဖြစ်သော။ အတီတံ၊ အတိတ်လည်း ဖြစ်သော။ အာရမဏံ၊ အာရုံကို။ ဥပလဗ္ဘတိ၊ ရအပ်၏။**

---

ထို့ကြောင့် မရဏာသန္နဝီထိ၌ ပစ္စုပ္ပန်အာရုံများ (ကမ္မနိမိတ်ဖြစ်စေ, ဂတိနိမိတ်ဖြစ်စေ) ထင်လာ၍ မချုပ်သေးပဲ ထင်ရှားရှိနေစဉ်ပင် စုတေခဲ့ပါလျှင် ပဋိသန္ဓေနှင့် ဘဝင်စိတ်တို့သည်လည်း မချုပ်သေးသော ပစ္စုပ္ပန် အာရုံကိုပင် ဆက်လက် အာရုံပြုနိုင်ကြသည်။

ဤအကြောင်းများကြောင့် ကာမာဝစရပဋိသန္ဓေ၏ အာရုံသည် ကမ္မနိမိတ်နှင့် ဂတိနိမိတ်ဖြစ်လျှင် မရဏာသန္နဇောက ၆-ဒွါရဖြင့် ထိုက်သည် အားလျော်စွာ ယူပေးအပ်သော အာရုံ ဖြစ်သည်၊ မချုပ်သေးလျှင် ပစ္စုပ္ပန် လည်း ဖြစ်နိုင်သည်၊ ချုပ်ပြီးလျှင် အတိတ်လည်း ဖြစ်နိုင်သည်၊ အနာဂတ်ကား မဖြစ်နိုင်ပါ။

ဝီထိချ၍ ရှင်းပြပါဦးမည်၊ ဝီထိနှင့် တိုက်ဆိုင်ညှိနှိုင်း၍ သဘောညက် သက်ဝင်အောင် လေ့လာပါ။

**ပစ္စုပ္ပန်အာရုံမရဏာသန္နဝီထိများ**

တီ န ဒ ပဉ် စက် သံ တီ ဝု ဇ ဇ ဇ ဇ ဇ စုတိ ပဋိ ဘ —၁၆
တီ န ဒ ပဉ် စက် သံ တီ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စုတိ ပဋိ ဘ—၁၆
တီ န ဒ မ ဇ ဇ ဇ ဇ ဇ စုတိ ပဋိ ဘ ဘ —၁၆
တီ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စုတိ ပဋိ ဘ —၁၆
တီ န ဒ မ ဇ ဇ ဇ ဇ ဇ ဘ ဘ စုတိ ပဋိ ဘ —၁၆
တီ န ဒ မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ စုတိ ပဋိ ဘ —၁၆

ဤ၌ စက္ခုဒွါရဝီထိမျှကိုသာ ပြထားသည်၊ ကြွင်းသော ပဉ္စဒွါရဝီထိ တို့ကိုလည်း နည်းတူပင် မှတ်ပါ။

**ကမ္မံ ပန၊ ကံအာရုံသည်ကား။ အတီတမေဝ၊ အတိတ် တမျိုးသာတည်း။ တဉ္စ၊ ထိုအတိတ်ကံကိုလည်း။ မနောဒွါရဂ္ဂဟိတံ၊ မနောဒွါရဖြင့် ယူအပ်၏။ ပန၊ ဆက်ဦးအံ့။ တာနိ သဗ္ဗာနိပိ၊ ထိုအလုံးစုံသော အာရုံတို့သည်လည်း။ ပရိတ္တဓမ္မဘူတာနေဝ၊ ကာမတရားချည်းသာ ဖြစ်ကုန်သော။ အာရမဏာနိ၊ အာရုံတို့တည်း။**

---

'ဇော' အဆုံးရှိသော ပဉ္စဒွါရဝီထိဖြစ်လျှင် အတီတဘဝင်မှစ၍ စုတိတိုင်အောင် အာရုံအသက် စိတ္တက္ခဏ ၁၄—ချက်သာ ရှိသေးသည်၊ ပစ္စုပ္ပန်အာရုံ မချုပ်သေး၊ ပဋိသန္ဓေသစ်နှင့် ဘဝင် ၂-ကြိမ်တို့ ပစ္စုပ္ပန်အာရုံကိုပင် ဆက်လက် အာရုံပြုကြသည်၊ တတိယဘဝင်မှစ၍ နောက်နောက် ဘဝင်များကား အတိတ်ကိုသာ အာရုံပြုကြရတော့သည်။

'တဒါရုံ' ဆုံးသော ပဉ္စဒွါရဝီထိ ဖြစ်လျှင် စုတိတိုင်အောင် အာရုံအသက် ၁၆-ချက် ရှိခဲ့ပြီ၊ ပဋိသန္ဓေသစ်ကသာ ပစ္စုပ္ပန်ကို အာရုံပြုနိုင်တော့သည်၊ ဘဝင်စိတ်တို့မှာ အတိတ်ကိုသာ အာရုံပြုကြသည်။

'ဇော' အဆုံးရှိသော မနောဒွါရဝီထိ ဖြစ်လျှင် စုတိတိုင်အောင် အာရုံအသက် ၁၀-ချက်သာ ရှိသေးသည်၊ ပဋိသန္ဓေသစ်နှင့် ဘဝင် ၆-ကြိမ်တို့ ပစ္စုပ္ပန်ကို အာရုံပြုကြသည်။

"တဒါရုံ"ဆုံးသော မနောဒွါရဝီထိ ဖြစ်လျှင် ပဋိသန္ဓေသစ်နှင့် ဘဝင် ၄-ကြိမ်တို့ ပစ္စုပ္ပန်ကို အာရုံပြုကြသည်၊ 'ဇော ဘဝင်'နောင် စုတိကျသော ဝီထိ, 'တဒါရုံ ဘဝင်'နောင် စုတိကျသော ဝီထိတို့ကိုလည်း စိစစ်ကြည့်ပါ။

ကံအာရုံမူကား အတိတ်တမျိုးသာတည်း၊ ယင်း အတိတ်ကံအာရုံကို မနောဒွါရဖြင့်သာ ယူအပ်၏၊ ပဋိသန္ဓေစိတ်သည် ကံကို အာရုံပြုသည့်အခါ မရဏာသန္နဇောက မနောဒွါရဖြင့် ယူပေးအပ်သော အတိတ်ကံကိုသာ အာရုံပြုသည်—ဟုဆိုလိုသည်။

ထို"ကံ,ကမ္မနိမိတ်,ဂတိနိမိတ်"ဟူသော အာရုံအားလုံးတို့သည် ကာမအာရုံချည်းသာ ဖြစ်ကြသည်။

**ဆဒွါရဂ္ဂဟိတံ**။ ။ကမ္မနိမိတ်ကို ဆဒွါရဖြင့် ယူအပ်၏၊ ဂတိနိမိတ်ကိုကား ၆-ခုမြောက်ဖြစ်သော မနောဒွါရဖြင့်သာယူအပ်၏။

**ပစ္စုပ္ပန္နမတီတံ**။ ။ကမ္မနိမိတ်သည် "ပစ္စုပ္ပန်,အတိတ်" ၂-မျိုးပင် ဖြစ်နိုင်သည်၊ ဂတိနိမိတ်မူကား ပစ္စုပ္ပန်တမျိုးသာ ဖြစ်နိုင်သည်၊ ဤသို့ ဖြစ်သင့်သည့်အားလျော်စွာသာ စပ်ဟပ်ယူရမည်၊ ထိုထိုကျမ်းဂန်

**၉၃။ ပန၊ ကား။ ရူပါဝစရပဋိသန္ဓိယာ၊ ရူပါဝစရပဋိသန္ဓေ၏။ ပညတ္တိဘူတံ၊ ပညတ်ဖြစ်၍ ဖြစ်သော။ ကမ္မနိမိတ္တမေဝ၊ ကမ္မနိမိတ်သည်သာလျှင်။ အာရမဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။**

**၉၄။ တထာ၊ ထို့အတူ။ အရူပါဝစရ ပဋိသန္ဓိယာစ၊ အရူပါဝစရ-ပဋိသန္ဓေစိတ်၏လည်း။ မဟဂ္ဂတဘူတံ၊ မဟဂ္ဂုတ်ဖြစ်၍လည်း ဖြစ်သော။ ပညတ္တိဘူတဥ္စ၊ ပညတ်ဖြစ်၍လည်း ဖြစ်သော။ ကမ္မနိမိတ္တမေဝ၊ ကမ္မနိမိတ်သည်ပင်လျှင်။ ယထာရဟံ၊ ( ဒုတိယ စတုတ္ထ, ပထမ တတိယ, ပဋိသန္ဓေ အလိုက်) ထိုက်သည်အားလျော်စွာ။ အာရမဏံ၊ အာရုံသည်။ ဟောတိ၊ ဖြစ်၏။**

---

များ၌ ပြဆိုလေ့ရှိသော 'ယထာသမ္ဘဝနည်း,ယထာလာဘနည်း' မျိုးပေတည်း၊ အကုန်လုံးခြုံ၍ ကောက်ချက်ချသော်—

၁။ ကံသည် အတိတ် ဓမ္မာရုံ မနောဒွါရိက ဖြစ်၏၊

၂။ ကမ္မနိမိတ်သည် ပစ္စုပ္ပန်,အတိတ်ဖြစ်သော အာရုံ ၆-ပါး ဆဒွါရိက ဖြစ်၏၊

၃။ ဂတိနိမိတ်မူကား ပစ္စုပ္ပန် ရူပါရုံ မနောဒွါရိက ဖြစ်၏၊

ဤသို့ သဘောတရား ၃-ချက် ပေါ်ထွက်လာ၏။

**ရူပပဋိသန္ဓေအာရုံ**

၉၃။ 'ရူပါဝစရပဋိသန္ဓိယာ ပန, စသည်ကား ရူပပဋိသန္ဓေ၏ အာရုံကို ပြသော စကားရပ်ပေတည်း။

ရူပါဝစရ ပဋိသန္ဓေ၏ အာရုံကား ပညတ် ကမ္မနိမိတ်သာ ဖြစ်သည်၊ မှန်၏=ရူပါဝစရစျာန်သည် 'ကသိုဏ်း ပညတ်' စသည်ကို အာရုံပြုသည်၊ ရူပါဝစရစျာန်က ပဋိသန္ဓေကျိုးကို ပေးတော့မည်ဆိုပါလျှင် စုတေခါနီး၌ ရူပစျာန်၏ အာရုံဖြစ်သော 'ကသိုဏ်း ပညတ်' စသည်တို့တွင် တပါးပါးသည် ကမ္မနိမိတ်အဖြစ်ဖြင့် ထင်လာရသည်၊ ထို့ကြောင့် စုတေ၏ အခြားမဲ့၌ ဖြစ်ပွားပြည်မှာ ဖြစ်သော ပဋိသန္ဓေစိတ်သည်လည်း ကသိုဏ်း စသော ပညတ် ကမ္မနိမိတ်ကိုပင် ဆက်လက်အာရုံပြုသည်။

**အရူပပဋိသန္ဓေအာရုံ**

၉၄။ 'တထာ အာရုပ္ပပဋိသန္ဓိယာ စ' စသည်ကား အရူပပဋိသန္ဓေ၏ အာရုံကို ပြသောစကားရပ်တည်း။

**၉၅။ ပန၊ ရှား။ အသညသတ္တာနံ၊ အသညသတ် ဘုံသားတို့၏။ ဇီဝိတနဝကမေဝ၊ ဇီဝိတနဝက ကလာပ်သည်သာလျှင်။ ပဋိသန္ဓိဘာဝေန၊ ပဋိသန္ဓေ၏ အဖြစ်ဖြင့်။ ပတိဋ္ဌာတိ၊ တည်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထို အသညသတ်ဘုံသားတို့သည်။ ရူပပဋိသန္ဓိကာ နာမ၊ ရုပ်ပဋိသန္ဓေရှိသူတို့ မည်၏။**

**၉၆။ အာရုပ္ပါ၊ အရူပ ဘုံသားတို့သည်။ အရူပပဋိသန္ဓိကာ၊ နာမ် ပဋိသန္ဓေရှိသူတို့တည်း။**

**၉၇။ သေသာ၊ ကြွင်းသော ဘုံသားတို့သည်။ ရူပါရူပ ပဋိသန္ဓိကာ၊ ရုပ်, နာမ်အစုံ ပဋိသန္ဓေရှိသူတို့တည်း။**

---

အရူပါဝစရပဋိသန္ဓေ၏ အာရုံသည်လည်း ရူပါဝစရပဋိသန္ဓေ၏ အာရုံ ကဲ့သို့ ကမ္မနိမိတ်ပင် ဖြစ်သည်၊ သို့သော် ရူပါဝစရပဋိသန္ဓေ၏ ကမ္မနိမိတ် ကဲ့သို့ ပညတ်တမျိုးတည်း မဟုတ်ပါ၊ မဟဂ္ဂုတ် ပညတ် ထိုက်သလိုပင် ဖြစ်ပါသည်၊

မှန်၏–ဝိညာနဉ္စာယတနပဋိသန္ဓေနှင့် နေဝသညာနာသညာယတန ပဋိ သန္ဓေ၏ အာရုံသည်အစဉ်အတိုင်း "ပထမာရုပ္ပဝိညာဏ်, တတိယာရုပ္ပဝိညာဏ်" ဟူသော မဟဂ္ဂုတ် ကမ္မနိမိတ် ဖြစ်သည်၊ အာကာသာနဉ္စာယတနပဋိသန္ဓေနှင့် အာကိဉ္စညာယတနပဋိသန္ဓေ၏ အာရုံသည် အစဉ်အတိုင်း ကောင်းကင် ပညတ်နှင့် နတ္ထိဘာဝပညတ် ကမ္မနိမိတ် ဖြစ်သည်၊ ဤကား 'ယထာရဟ= ထိုက်သည်အားလျော်စွာ' ဖြစ်ပုံတည်း။

**ရုပ်နာမ်ပဋိသန္ဓေခွဲခြားချက်**

'အသညသတ္တာနံ ပန' အစရှိသော စကားရပ်သည် 'ရုပ်ပဋိသန္ဓေနေသူ, နာမ်ပဋိသန္ဓေနေသူ' စသည်တို့ကို ပိုင်းခြား သတ်မှတ်ပြသော စကားရပ် ဖြစ်သည်။

၉၅။ အသညသတ်ဘုံသား ဗြဟ္မာများသည် ဇီဝိတနဝက ရုပ်ကလာပ် ဖြင့် ပဋိသန္ဓေနေကြရသည်၊ ထို့ကြောင့် ရုပ်ပဋိသန္ဓေနေသူတို့မည်၏။

၉၆။ အရူပဘုံသား ဗြဟ္မာများသည် နာမ်ပဋိသန္ဓေနေသူတို့ မည်၏။

၉၇။ ကြွင်းသော ကာမဘုံသား ရူပဘုံသား ပုဂ္ဂိုလ်များသည် ရုပ်, နာမ် အစုံ ပဋိသန္ဓေ နေသူတို့မည်၏။

**၉၈။ အာရုပ္ပစုတိယာ၊ အာရုပ္ပစုတိမှ။ ပရံ၊ နောက်၌။ ဟေဋ္ဌိမာရုပ္ပ-ဝဇ္ဇိတာ၊ အောက်အောက် အာရုပ္ပသည် ကြဉ်အပ်ကုန်သော။ အာရုပ္ပ-သန္ဓိ စ၊ အာရုပ္ပ ပဋိသန္ဓေတို့သည်ရင်း။ တထာ၊ ထိုမှဘပါး။ ကာမတိ-ဟေတုကာ၊ ကာမတိဟိတ် ပဋိသန္ဓေတို့သည်ရင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။**

**ရူပါဝစရစုတိယာ၊ ရူပါဝစရစုတိမှ။ ပရံ၊နောက်၌။အဟေတုရဟိတာ၊ အဟိတ်ပဋိသန္ဓေမှ တပါးသော ပဋိသန္ဓေတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ ကာမတိဟေတုမှာ၊ ကာမတိဟိတ်စုတိမှ။ ပရံ၊ နောက်၌။ သဗ္ဗာ၊ အလုံးစုံသော ပဋိသန္ဓေတို့သည်။ သိယုံ၊ ကုန်၏။ ဣတရာ ပန၊ ဆိုခဲ့ပြီးမှ တပါးသော ကာမအဟိတ် ဒွိဟိတ်စုတိမှကား။ ပရံ၊ ၌။ ကာမမေဿဝ၊ ကာမ ၁၁-ဘုံတို့၌သာလျှင်။ သိယုံ၊ ဖြစ်ကုန်၏။**

**အယံ၊ ဤဆိုအပ်ပြီးသော စကားရပ်သည်။ ဧတ္ထ၊ ဤဝီထိမုတ္တသင်္ဂဟ၌။ စုတိ ပဋိသန္ဓိက္ကမော၊ စုတိ ပဋိသန္ဓေအစဉ်ကို ပြသော စကားတည်း။**

---

. ထို့ကြောင့် အသညသတ်ဘုံကို "ဧက ဝေါကာရဘုံ" ဟူ၍၎င်း၊ အရူပဘုံကို "စတုဝေါကာရဘုံ" ဟူ၍၎င်း၊ ကြွင်းသော ကာမ ရူပ ၂၆-ဘုံကို "ပဉ္စ ဝေါကာရဘုံ" ဟူ၍၎င်း ခေါ်ဝေါ် သုံးစွဲကြသည်။ (ဧက—တပါး+ဝေါ-ကာရ—ခန္ဓာ၊ စတု—လေးပါး၊ ပဉ္စ—ငါးပါး။)

"ရုပ်ခန္ဓာ တပါးသာ ရှိသောဘုံကို ဧကဝေါကာရဘုံ, နာမ်ခန္ဓာ လေးပါးရှိသောဘုံကို စတုဝေါကာရဘုံ, ရုပ်, နာမ်အစုံ ခန္ဓာငါးပါးရှိသော ဘုံကို ပဉ္စ ဝေါကာရဘုံ" ခေါ်သည်—ဟု ဆိုလိုပါသည်။

**စုတိနောင် ပဋိသန္ဓေ**

၉၈။ 'အာရုပ္ပစုတိယာ' စသောဂါထာသည် ထိုထိုစုတိ၏ နောက်၌ ဖြစ်သင့်သော ပဋိသန္ဓေတို့ကို အကျဉ်းချုပ် ပြသောဂါထာ ဖြစ်သည်။

အာရုပ္ပစုတိ ၄-ခုမှနောက်၌ အောက်အောက်သော အာရုပ္ပကြဉ်သော အာရုပ္ပပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၈-ပါး ဖြစ်နိုင်သည်။

အထက်အထက် အရူပဘုံသို့ ရောက်ပြီးသောသူသည် ရူပစျာန်နှင့် အောက်အောက် အရူပစျာန်တို့ကို အားမထုတ်ကြတော့ပါ၊ ထို့ကြောင့် ရူပဘုံနှင့် အောက်အောက် အရူပဘုံတို့၌ ပြန်မဖြစ်တော့ပါ၊ မိမိဖြစ်ရာ ဘုံ၌ကား ထပ်၍ ဖြစ်နိုင်ပါသေးသည်။

ရူပါဝစရစုတိ ၅-ခုမှ နောက်၌ သဟိတ်ပဋိသန္ဓေ ၁၇-ပါး ဖြစ်နိုင်သည်၊ အသညသတ် ရုပ်စုတိမှ နောက်၌ကား ကာမ ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ ၈-ပါးသာ ဖြစ်နိုင်သည်။

ကာမတိဟိတ်စုတိ ၄-ခုမှ နောက်၌ ရုပ်ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေ ၂၀-လုံးပင် ဖြစ်နိုင်ပါသည်။

ကာမ ဒွိဟိတ်, အဟိတ်စုတိ ၆-ခုမှ နောက်၌ကား ကာမပဋိသန္ဓေ ၁၀-ပါးသာ ဖြစ်နိုင်ပါသည်။

ဤစကားသည် ပုထုဇဉ်, အရိယာ မခွဲခြားပဲ သာမညဆိုထားသော စကားမျှသာ ဖြစ်သည်၊ အရိယာဖြစ်ပြီးသော ဗြဟ္မာတို့သည် အထက်အထက် ဖြစ်သော ဘုံမှ အောက်အောက်ဘုံ၌ ပြန်ဖြစ်ရိုး မရှိပါ၊ ထိုဘဝ၌ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို မရသေးပါက မိမိဖြစ်ဆဲ ဖြစ်သော ဘုံနှင့် အထက်အထက်ဖြစ်သော ဘုံများ၌သာ ဖြစ်နိုင်ပါတော့သည်၊ ဘဝသိသ ဘဝဂ်၌ ဖြစ်နေသောပုဂ္ဂိုလ်များကား အခြားဘုံသို့ပင်ပြောင်း၍မဖြစ်တော့ပါ၊ထိုတွင် လည်း အကနိဋ္ဌဘုံ၌ ဖြစ်သောဗြဟ္မာသည် မိမိဘုံ၌ပင် ပြန်၍မဖြစ်တော့ပါ။

ဂါထာက ညွှန်ပြထားသည့်အတိုင်း ဇယားသဘောဖြင့်အသေးစိတ်ထပ်၍ သရုပ်ခွဲပြပါဦးမည်၊ ကြေညက်အောင် အပြန်ပြန် အလှန်လှန် သရုပ်ခွဲထားစေ လိုပါသည်။

## ထိုထိုစုတိနောက်၌ ဖြစ်သင့်သော ပဋိသန္ဓေ

| ပဋိသန္ဓေ ၂၀ / ၁၉ စုတိ | | | အရူပစုတိ ၄ | | | | ရူ ၆ | | ကာ ၁၀ | | စုတိပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၈ [illegible] | ၈ [illegible] | ၈ [illegible] | ၈ [illegible] | ၉ [illegible] | ၈ [illegible] | ၅ [illegible] | ၆ [illegible] | |
| အရူပ ၄ | အာကာသာနဉ္စာ ပဋိ | ၁ | ॥ | | | | ॥ | | ॥ | | ၁၀ |
| | ဝိညာဏဉ္စာယတန ပဋိ | ၁ | ॥ | ॥ | | | ॥ | | ॥ | | ၁၁ |
| | အာကိဉ္စညာယတန ပဋိ | ၁ | ॥ | ॥ | ॥ | | ॥ | | ॥ | | ၁၂ |
| | နေဝသညာ နာသညာ ပဋိ | ၁ | ॥ | ॥ | ॥ | ॥ | ॥ | | ॥ | | ၁၃ |
| ရူပ ၆ | ရူပါဝစရ ပဋိ | ၅ | | | | | ॥ | | ॥ | | ၉ |
| | အသညသတ်ရုပ် ပဋိ | ၁ | | | | | | | ॥ | | ၄ |
| ကာမ ၁၀ | ကာမတိဟိတ် ပဋိ | ၄ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၂၀ |
| | ဒွိဟိတ် ပဋိ | ၄ | | | | | ॥ | ॥ | ॥ | ॥ | ၁၆ |
| | အဟိတ် ပဋိ | ၂ | | | | | | | ॥ | ॥ | ၁၀ |
| | ပဋိသန္ဓေပေါင်း | | ၈ | ၇ | ၆ | ၅ | ၁၇ | ၈ | ၂၀ | ၁၀ | |

## ဘဝင်နှင့် စုတိဖြစ်ပုံ

**၉၉။ ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ ဂဟိတပဋိသန္ဓိကာနံ၊ ယူအပ်ပြီးသော ပဋိသန္ဓေ ရှိသူတို့၏။ ပဋိသန္ဓိ နိရောဓာနန္တရတော၊ ပဋိသန္ဓေစိတ်ချုပ်ခြင်း၏ အခြားမဲ့မှ။ ပဘုတိ၊ စ၍။ တမေဝါရမဏံ၊ ထို ပဋိသန္ဓေစိတ်၏ အာရုံကိုပင်။ အာရဗ္ဘ၊ အာရုံပြု၍။ တဒေဝ စိတ္တံ၊ ထို ပဋိသန္ဓေစိတ်သည်ပင်။ ယာဝစုတိစိတ္တုပ္ပါဒါ၊ စုတိစိတ်ဖြစ်ရာ ကာလတိုင်အောင်။ ဝီထိစိတ္တုပ္ပါဒေ၊ ဝီထိစိတ် ဖြစ်ခြင်းသည်။ အသတိ၊ မရှိလသော်။ ဘဝဿ၊ဘဝ၏။ အင်္ဂဘာဝေန၊ အကြောင်း၏ အဖြစ်ကြောင့်။ ဘဝင်္ဂသန္တတိ သင်္ခါတံ၊ ဘဝင်အစဉ် ဟု ဆိုအပ်သော။ မာနသံ၊ စိတ်သည်။ အဗ္ဗောစ္ဆိန္နံ၊မပြတ်မစဲ။နဒီသောတော ဝိယ၊ မြစ်ရေအလျဉ်ကဲ့သို့။ ပဝတ္တတိ၊ ဖြစ်၏။**

---

ဇယားအပေါ်နှင့် အောက်ကိုရှုလျက်—

"အာကာသာနဉ္စာယတနစုတိ၏ နောက်၌ အရူပ ပဋိသန္ဓေ ၄-ပါး-ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၈-ပါးသော ပဋိသန္ဓေတို့ ဖြစ်နိုင်သည်။

ဝိညာနဉ္စာယတနစုတိ၏ နောက်၌ ဝိညာနဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန ပဋိသန္ဓေ၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၇-ပါးသော ပဋိသန္ဓေတို့ ဖြစ်နိုင်သည်" စသည်ဖြင့် ဇယားကွန်အောင်ဆိုပါ။

ဇယား၌ လက်ဝဲလကျာကို ရှုလျက်—

"အာကာသာနဉ္စာယတန ပဋိသန္ဓေ၏ ရှေ၌ အာကာသာနဉ္စာယတနစုတိ တခု၊ ရူပစုတိ ၅-ခု၊ ကာမတိဟိတ်စုတိ ၄-ခု၊ ပေါင်း ၁၀-ပါးသော စုတိတို့ ဖြစ်နိုင်သည်။

ဝိညာနဉ္စာယတန ပဋိသန္ဓေ၏ ရှေ၌ အာကာသာနဉ္စာယတနစုတိ တခု၊ ဝိညာနဉ္စာယတန စုတိတခု၊ ရူပစုတိ ၅-ခု၊ ကာမတိဟိတ် စုတိ ၄-ခု၊ ပေါင်း ၁၁-ခုသော စုတိစိတ်တို့ ဖြစ်နိုင်သည်၊" စသည်ဖြင့် ဇယားကုန်အောင် ဆိုပါ၊ သဘောဉာဏ် သက်ဝင်အောင် လေ့လာပါ။

၉၉။ "ဣစ္စေဝံ (ပ) နိရုဇ္ဈတိ" ဟူသော စကားရပ်သည် ဘဝင်စိတ်နှင့် စုတိစိတ် ဖြစ်ပုံကို ပြသော စကားရပ် ဖြစ်သည်။

၁၀၀။ ပရိယောသာနေ စ၊ ဘဝအဆုံး၌လည်း။ စဝနဝသေန၊ ရွေ့လျော ခြင်း၏ အစွမ်းဖြင့်။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဟုတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

## သံသရာစက် လည်ပုံ

၁၀၁။ တတော၊ ထို စုတိစိတ်မှ။ ပရဥ္၊ နောက်၌လည်း။ ပဋိသန္ဓာဒယော၊ ပဋိသန္ဓေ အစရှိသော စိတ်တို့သည်။ ရထစက္ကမိဝ၊ ရထားစက်ဘီးသည်ကဲ့သို့။ ယထာက္ကမံ၊ အစဉ် အားလျော်စွာသာလျှင်။ ပရိဝတ္တန္တာ၊ အဆက်ဆက်လည်ကုန်လျက်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

---

ဆိုခဲ့ပြီးသောနည်းဖြင့် ပဋိသန္ဓေ နေသူတို့မှာ ပဋိသန္ဓေစိတ် ချုပ်ပြီးသည်၏ အခြားမဲ့၌ ထို ပဋိသန္ဓေစိတ်နှင့် အလားတူ စိတ်သည်ပင်လျှင် စုတိစိတ် မဖြစ်မီ အတွင်း၌ (ပဋိသန္ဓေနှင့် စုတိအကြားမှာ) ဝီထိစိတ် မဖြစ်ခဲ့ပါလျှင် အကြိမ်ပေါင်းများစွာဆက်၍ မြစ်ရေအလျဉ် စီးသကဲ့သို့ ဘဝင်ကိစ္စတပ်လျက် ဖြစ်သည်၊ ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြုသည်၊ ဘဝ၏ အကြောင်း ဖြစ်သောကြောင့် ဘဝမပြတ်အောင် ဆက်စပ် ပေးတတ်သောကြောင့် ထို စိတ်ကို ''ဘဝင်စိတ်'' ဟု ခေါ်ရသည်။

၁၀၀။ ဘ‌ဝအဆုံးမှာလည်း ထို ပဋိသန္ဓေစိတ်နှင့် အလားတူ စိတ်သည် ပင်လျှင် စုတိကိစ္စတပ်၍ ချုပ်သည်၊ ပဋိသန္ဓေ စိတ်၏ အာရုံကိုပင် အာရုံ ပြုသည်။

တဘဝ၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် တမျိုးတည်းသာ ဖြစ်၍ အာရုံတမျိုးတည်းကိုပင် အာရုံပြုကြသည်—ဟု ဆိုလိုသည်၊ ပဋိသန္ဓိ စတုက္က၏ အဆုံး၌—

''ပဋိသန္ဓိဘဝင်္ဂဥ္စ, တထာစဝနမာနသံ၊
ဧကမေဝ တထေဝေက—ဝိသယဉ္စေက ဇာတိယံ။''

ဟူသော စကားကိုလည်း ဆိုခဲ့ပါပြီ။

၁၀၁။ 'တတောပရဥ္' အစရှိသော စကားရပ်သည် သံသရာစက် လည်ပုံ ကိုပြသော စကားရပ် ဖြစ်သည်။

စုတိစိတ် ချုပ်ပြီးသည်နောက် ''ပဋိသန္ဓေ, ဘဝင်, စုတိ'' ဟူသော စိတ် တို့သည် ရထား လှည်းဘီး စက်ပမာ ဆက်ကာ ဆက်ကာ လည်လျက် ဖြစ်နေ ကြတော့သည်။

ရဟန္တာဖြစ်၍ နိဗ္ဗာန်ကိုရသည့် အခါကျမှသာ အလည် ရပ်ပါလိမ့်မည်၊ အလည်ရပ်ပုံတို့ နောက်၌ ပြထားပါသည်။

**၁၀၂။ ဣဟာ၊ ဤ ပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓိ ဘဝင် ဝီထိယော၊ ပဋိသန္ဓေ ဘဝင် ဝီထိစိတ်တို့သည်လည်းကောင်း။ စုတိ စ၊ စုတိစိတ်သည်လည်းကောင်း။ ပရိဝတ္တတိယထာ၊ ဆက်ကာ ဆက်ကာ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဘဝန္တရေ၊ ဘဝတပါး၌။ ပုန၊ တဖန်။ သန္ဓိ ဘဝင်* ဣတိ၊ ဗဋိသန္ဓေ ဘဝင် အစရှိသော။ အယံ စိတ္တသန္တတိ၊ ဤ စိတ်အစဉ်သည်။ ပရိဝတ္တတိ၊ ဆက်ကာ ဆက်ကာ ဖြစ်၏။ ('ဣတိ' သဒ္ဒါသည် အာဒျတ္ထ။)**

## သံသရာစက် ပြတ်ပုံ

**ပန၊ သံသရာစက် အလည်ရပ်ပုံကို ပြဦးအံ့။ ဗုဓာ၊ ပညာရှိတို့သည်။ စိရာယ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ သုဗ္ဗတာ၊ ကောင်းသောအကျင့် ရှိကြကုန်သည် ဖြစ်၍။ တေ၊ အဆက်မပြတ် လည်ပတ်တွင်တွင် ဤစိတ်, စေတသိက်အစဉ်ကို။ အဒ္ဓုဝံ၊ ဖြစ်ချည် ပျက်ချည် အမြဲမတည်ပါတကား ဟူ၍။ ပဋိသင်္ခါယ၊ ဉာဏ်ဖြင့်ထင်မြင် ရှုဆင်ခြင် ကုန်လတ်သော်။ အစ္စုတံ၊**

---

၁၀၂။ 'ပဋိသန္ဓိဘဝင်ဝီထိယော' အစရှိသော ဂါထာသည်လည်းသံသရာစက် လည်ပုံကိုပင် ပြလျက် ''ဝီထိပိုင်း, ဝီထိမုတ်ပိုင်း'' ၂-ပိုင်းလုံးကို နိဂုံးအုပ်သော ဂါထာဖြစ်သည်။

ဤဘဝ၌ ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိ စိတ်များ ဆက်ကာ ဆက်ကာ ဖြစ်သကဲ့သို့ နောက်ဘဝ၌လည်း ''ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိ'' ဟူသော ဤ စိတ်အစဉ်သည် ဆက်ကာ ဆက်ကာ ဖြစ်ရပြန်တော့သည်။

'ပဋိသင်္ခါယ' အစရှိသော ဂါထာသည် သံသရာစက် အလည်ရပ်ပုံကို ပြသော ဂါထာဖြစ်သည်။

သံသရာစက် အလည်ရပ်စေလိုလျှင်—

၁။ ဗုဓာ-တိဟိတ် ပဋိသန္ဓေ နေခဲ့သည့် တိဟိတ်ပုဂ္ဂိုလ် ဖြစ်စေရမည်။

၂။ စိရာယ သုဗ္ဗတာ=ကြာရှည်လေးမြင့် သီလကို စောင့်ထိန်းသူ, ဓုတင်ဆောက်တည်သူ, သမထ လုပ်ငန်းကို လုပ်နေသူ ဖြစ်စေရမည်။

၃။ ပဋိသင်္ခါယ ပနေတမဒ္ဓုဝံ-''ပဋိသန္ဓေ, ဘဝင်, စုတိ'' ဟု အဆက်မပြတ် လည်ပတ်နေသော စိတ်စေတသိက်တို့ကို ''ဖြစ်ချည် ပျက်ချည် အမြဲ တည်တန့်မှု မရှိသော အနိစ္စတရားပါတကားဟု'' ဝိပဿနာဉာဏ်ဖြင့် အနိစ္စလက္ခဏာ ထင်အောင် ရှုရမည်။

**ပျက်စီးခြင်းကင်း စုတေခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဓိဂန္တွာ၊ မဂ်ဖိုလ်နှစ်တန် အသိဉာဏ်ဖြင့် မှန်ကန်စွာ မျက်မှောက်ပြုခြင်းကြောင့်။ သု သမုစ္ဆိန္နသိနေဟ ဗန္ဓနာ၊ ကုန်ခန်း ပျက်ပျောက် ဖြတ်တောက်အပ်ပြီး တဏှာတည်းဟူသော အစေးအဖွဲ့ ရှိကြကုန်သည် ဖြစ်၍။ သမံ၊ ငါးပါးခန္ဓာ ငြိမ်းရာ မချွတ် နိဗ္ဗာန်ဓာတ်သို့။ ဆောန္တိ၊ ရောက်ကြရကုန်လတ့်။**

**အဘိဓမ္မတ္ထသင်္ဂဟေ၊ ဥဒ္ဒိ။ ဝီထိမုတ္တသင်္ဂဟ ဝိဘာဂေါ နာမ၊ ဝီထိမုတ္တသင်္ဂဟ ဝိဘာဂမည်သော။ ပဉ္စမော၊ ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဋ္ဌတိ၊ ပြီးပြီ။**

---

၄။ အဓိဂန္တွာ ပဒမစ္စုတံ=ယင်းသို့ ရှုဆင်ခြင်သည်ရှိသော် လက္ခဏာတွေ့ထင်လျက် ရွှေ့လျော ပျက်စီးခြင်း မရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်မျက်မှောက် ပြုနိုင်ပါလိမ့်မည်။

၅။ **သုသမုစ္ဆိန္န** သိနေဟ ဗန္ဓနာ သမမေဿန္တိ=ယင်းသို့ မဂ်စိတ်, ဖိုလ်စိတ်များ ဖြစ်ပေါ်လာသည့်အတွက် တဏှာကုန်ခန်း၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ကေန် ရောက်ရပါလိမ့်မည်၊ နောက်ဖြစ်စရာ ပဋိသန္ဓေလည်း မရှိတော့ပါ၊ ယင်းသို့ ပဋိသန္ဓေ မရှိသည့်အတွက် သံသရာစက်လည်း အလည်ရပ်ရ လေတော့သည်။

ဤလမ်းစဉ် ၅-ချက်ကို လက်တွေ့ ကျင့်သုံးကြည့်ပါ။

ဝီထိမုတ်ပိုင်း ပြီး၏။

# ၆။ ရုပ်ပိုင်း

**၁။ သပ္ပဘေဒ ပဝတ္တိကာ၊ ပဘေဒလည်းရှိကုန် ပဝတ္တိလည်းရှိကုန်သော။ စိတ္တစေတသိကား၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊သဘော တရားတို့ကို။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော ၅-ပိုင်းတို့ဖြင့်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဝိဘတ္တာ၊ ဝေဖန်အပ်ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဒါနိ၊ ယခုအခါ၌။ ရူပံ၊ ရုပ်ကို။ ပဝုစ္စတိ၊ ဆိုအပ်၏။**

---

**အနုသန္ဓေနှင့် ပဋိညာဉ်**

၁။ စကားစပ်နှင့် ပဋိညာဉ်ကို ပြခြင်းငှါ "ဧတ္တာဝတာ (ပ) ပဝုစ္စတိ" ဟူသော ဂါထာကို မိန့်ဆိုရသည်။

ပဘေဒလည်းရှိ ပဝတ္တိလည်းရှိသော စိတ်, စေတသိက်တရားတို့ကို အောက် ၅-ပိုင်းတို့ဖြင့် ဝေဖန်ပြီး ဖြစ်သောကြောင့် ယခုအခါ ရုပ်ကို ပြပါတော့မည်။

**ပဘေဒ**။ ။"ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ" ဟူသော အပြားတို့ကိုပင် "ပဘေဒ" ဟု ဆိုသည်၊ ထိုတွင် အကျဉ်း ခေါင်းစဉ်၍ ပြခြင်းသည် 'ဥဒ္ဒေသ' မည်၏၊ 'စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ' ၌ 'စိတ္တံ' သည် စိတ်ကို အကျဉ်း ချုပ်ပြသော ဥဒ္ဒေသစကား ဖြစ်သည်။ 'စေတသိကံ' သည်လည်း စေတသိက်ကို အကျဉ်းချုပ်ပြသော ဥဒ္ဒေသစကားပင်ဖြစ်သည်။

ထို အကျဉ်းဥဒ္ဒေသကို အကျယ် ချဲ့ပြခြင်းသည် 'နိဒ္ဒေသ' မည်၏၊ 'တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ' မှစ၍ စိတ်ပိုင်း တပိုင်းလုံးသည် "စိတ္တံ" ဟူသော အကျဉ်းပြ ဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသ ဖြစ်သည်၊ စေတသိက်ပိုင်း တပိုင်းလုံးသည် "စေတသိကံ" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသ ဖြစ်သည်။

တချိုးတဖုံထပ်၍ ချဲ့ပြခြင်းသည် "ပဋိနိဒ္ဒေသ" မည်၏၊ ပကိဏ်းပိုင်း တပိုင်းလုံးသည် စိတ်, စေတသိက် ၂-ပါးစုံကို တမျိုးတဖုံ ထပ်၍ချဲ့ပြသော ပဋိနိဒ္ဒေသ ဖြစ်သည်။

**ဆောင်**။ ။စိတ္တံ စေတသိကံ,ဥဒ္ဒေသံ တည့်၊ဆုံးညွှန်စိတ်ပိုင်း, စေအပိုင်းကို, နိဒ္ဒေသဆိုသင့်၊ ယင်းကိုတဖန်, ထပ်မံချဲ့ထွင်, ပကိဏ်းပင်, မည်တွင် ပဋိနိဒ်။

**၂။ သမုဒ္ဒေသာ၊ ရုပ်တို့ကို အကျဉ်းချုပ်ပြခြင်းအားဖြင့်ရင်း။ ဝိဘာ-ဂါ စ၊ ရုပ်တို့ကို အကျယ်ဝေဖန်ခြင်းအားဖြင့်ရင်း။ သမုဋ္ဌာနာ၊ ရုပ်တို့၏ ဖြစ်ကြောင်းအားဖြင့်ရင်း။ ကလာပ တော၊ ရုပ်တို့ကို ကလာပ်ဖွဲ့ခြင်း အားဖြင့်ရင်း။ ပဝတ္တိက္ကမတော စ၊ ရုပ်တို့၏ ဖြစ်စဉ်အားဖြင့်ရင်း။ ဣတိ၊ ဤသို့။ ဧတ္တ၊ ထိုရူပသင်္ဂဟ၌။ ပဉ္စဓာ၊ ၅-ပါးအပြားအားဖြင့်။ သင်္ဂဟော၊ ပေါင်းယူခြင်းသည်။ ဟောတိ၊ ၏။**

---

**တနည်း။** ။ဥဒ္ဒေသင့်၊ စိတ္တာံနှင့် စေတသိကာ၊
စိတ်ပိုင်းကုန်—စေပိုင်းလုံးငယ်၊ ဆုံးနိဒ္ဒေသာ၊
စိတ်စေတသိက်—ယင်းနှစ်တန်၊ ထပ်ချုံပြန် ပကိဏ်း၊
ပဋ္ဌိဆို—နိဒ္ဒေသငယ်၊ မှတ်ကြ မတိမ်း။

**ပဝတ္တိ။** ။စိတ်, စေတသိက်တို့၏ ဖြစ်ပုံ ဖြစ်ဟန်သည်ပင် 'ပဝတ္တိ' မည်၏၊ ယင်း ဖြစ်ပုံသည်လည်း "ဝီထိစိတ်အနေဖြင့် ဖြစ်ပုံ, ဝီထိမုတ်စိတ် အနေဖြင့်ဖြစ်ပုံ" ဟု ၂-မျိုးရှိသည်၊ ဝီထိစိတ်အနေဖြင့် ဖြစ်ပုံကို ဝီထိပိုင်းဖြင့် ပြခဲ့သည်၊ ဝီထိမုတ်စိတ် အနေဖြင့် ဖြစ်ပုံကို ဝီထိမုတ်ပိုင်းဖြင့် ပြခဲ့သည်။

**ဆောင်။** ။ဝီထိစိတ္တ, ဝိမုတ္တတို့, ဖြစ်ကြပုံဟန်, ခွဲပြညွှန်, မည်ပြန် ပဝတ္တိ။

**တနည်း** ။ဝီထိပါ၊ ဝိမုတ္တာသတ်မှတ်၊
ဖြစ်ကြပုံ၊ နည်းစုံပြလျှင်၊ ခေါ်ကြ ပဝတ်။

**သင်္ဂဟ ၅ပါး မာတိကာ**

၂။ ရုပ်ပိုင်း၌ ပြဆိုလတ့်သော သင်္ဂဟ ၅-ရပ်ကို အကျဉ်း ခေါင်းစဉ်၍ ပြခြင်းငှါ "သမုဒ္ဒေသာ (ပ) သင်္ဂဟော" ဟူသောဂါထာကို မိန့်ဆိုရပါသည်။

၁။ ရူပသမုဒ္ဒေသ=ရုပ် ၂၈-ပါးကို အကျဉ်းသရုပ်မျှ ထုတ်ပြ ရေတွက်ပြရာစကားရပ်၊

၂။ ရူပဝိဘာဂ=ဧကဝိဓ စသောနည်းဖြင့် ရုပ်တို့ကို ခွဲခြမ်းဝေဖန်ပြရာစကားရပ်၊

၃။ ရူပသမုဋ္ဌာန=ရုပ်ဖြစ်ကြောင်း တရားနှင့် ထိုအကြောင်းတရားကြောင့် ဖြစ်သော ရုပ်တို့ကို ပြဆိုရာ စကားရပ်၊

၄။ ရူပကလာပ= အတူတကွ ဖြစ်ဖက်ရုပ်များကို ပေါင်းစပ်ဖွဲ့စည်းပြရာစကားရပ်၊

၅။ ရူပ ပဝတ္တိက္ကမ=ရုပ်တို့၏ ဖြစ်ပျက်ပုံအစဉ်ကို ပြဆိုရာ စကားရပ်၊ ဤသို့ ရုပ်ပိုင်းမှာ သင်္ဂဟ ၅-ရပ်ပါရှိသည်။

## ရူပသမုဒ္ဒေသ

၃။ စတ္တာရိ၊ ၄-ပါးကုန်သော။ မဟာဘူတာနိ၊ မဟာဘုတ်တို့ပင်။ စတုန္နံ၊ ၄-ပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ ရူပံ စ၊ မှီ၍ဖြစ်သောရုပ်ပင်။ ဣတိ၊ ဤသို့။ ဒုဝိဓမ္ပိ၊ ၂-ပါး အပြားရှိသည် လည်း ဖြစ်သော။ ဧတံ ရူပံ၊ ဤရုပ်သည်။ ဧကာဒသဝိဓေန၊ ၁၁-ပါး အပြားအားဖြင့်။ သင်္ဂဟံ၊ ပေါင်းယူအပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

၄။ ကထံ၊ အဘယ်သို့ရောက်သနည်း။ ပထဝီဓာတု၊ ပထဝီဓာတ် သည်ပင်။ အာပေါဓာတု၊ အာပေါဓာတ်သည်ပင်။ တေဇောဓာတု၊ တေဇောဓာတ်သည်ပင်။ ဝါယောဓာတု၊ ဝါယောဓာတ်သည်ပင်။ ဘူတရူပံ နာမ၊ ဘူတရုပ်မည်၏။

---

၃။ ရုပ်တို့၏ အရင်းခံအပြားနှင့် ဝေဖန်အပ်သော အပြားတို့ကို အကျဉ်း ပြခြင်းငှါ 'စတ္တာရိ မဟာဘူတာနိ' စသော စကားရပ်ကို မိန့်ဆိုရသည်။

မဟာဘုတ် ၄-ပါး တမျိုး၊ မဟာဘုတ် ၄-ပါးကိုမှီ၍ဖြစ်သော ဥပါဒါရုပ် တမျိုး၊ ဤသို့ အရင်းခံ ရုပ် ၂-မျိုးသာ ရှိသည်၊ ယင်း ၂-မျိုးသော ရုပ်ကိုပင် ၁၁-ပါးသောအပြားအားဖြင့် သဘောတူရာ ပေါင်းယူရေတွက်၍ ပြပါမည်။

**မဟာဘူတ။** ။ကြီးကျယ်ထင်ရှားသော ရုပ်များကို "မဟာဘုတ်" ဟု ခေါ်သည်၊ မှန်၏- ထိုမဟာဘုတ်မည်သော ရုပ်များသည် အခြားရုပ်များထက် အထည်ကိုယ် ဒြပ်အားဖြင့်လည်း ကြီးကျယ်သည်၊ သဘောလက္ခဏာ အားဖြင့်လည်း ထင်ရှားသည်၊ ထို့ကြောင့် "မဟာဘုတ်" ဟူသော အမည်ကို ရကြသည်။ (မဟာ—ကြီးကျယ်သည် ဖြစ်၍+ဘူတ— ထင်ရှားသော ရုပ်များ၊)

**ဥပါဒါ။** ။မဟာဘုတ် ၄-ပါးကို မှီ၍ဖြစ်သော ရုပ်ကိုပင် "ဥပါဒါရုပ်" ဟု ခေါ်သည်၊ ဤဥပါဒါရုပ်သည် မဟာဘုတ်ကို ခြယ်လှယ် အမှုမ်း တင်သော ရုပ်များဖြစ်သည်၊ ၂၄-ပါးအပြားရှိသည်။

**မဟာဘုတ် ၄-ပါး**

၄။ "စတ္တာရိ မဟာဘူတာနိ" ဟူသော အကျဉ်းစကားရပ်၏ အကျယ်ကို ပြဖို့ရန် 'ပထဝီဓာတု' အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

**၅။ စက္ခု၊ စက္ခုသည်ရှင်း။ သောတံ၊ သောတသည်ရှင်း။ ဃာနံ၊ ဃာနသည်ရှင်း။ ဇိဝှါ၊ ဇိဝှါသည်ရှင်း။ ကာယော၊ ကာယသည်ရှင်း။ ပသာဒရုပ် နာမ၊ ပသာဒရုပ်မည်၏။**

---

၁။ ပထဝီဓာတု=မြေဓာတ်၊
၂။ အာပေါဓာတု=ရေဓာတ်၊
၃။ တေဇောဓာတု=အပူဓာတ်၊
၄။ ဝါယောဓာတု=လေဓာတ်၊

ဤဓာတ်ကြီး ၄-ပါးသည် 'ဘူတရုပ်' မည်၏၊ 'မဟာဘုတ်' လည်း မည်သေးသည်၊ မိမိသဘောကို ဆောင်နိုင်သောကြောင့် (မိမိသဘောအတိုင်း ထင်ရှားသောကြောင့်) ပထဝီစသည်တို့ကို ''ဓာတ်'' ဟု ခေါ်သည်။

**ဥပါဒါရုပ် ၂၄-ပါး**

၅။ ''စတုန္နံစ မဟာဘူတာနံ ဥပါဒါယရူပံ'' ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ် နိဒ္ဒေသကို ပြလိုသောကြောင့် ''စက္ခုသောတံ (ပ) ပဝုစ္စတိ'' ဟူသော စကားရပ်ကို မိန့်ဆိုရပေသည်။

**ပသာဒရုပ် ၅-ပါး**

''စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ'' ဟူသော ၅-ပါးသည် ''ပသာဒရုပ်'' မည်၏၊ ထိုတွင်—

၁။ မျက်စိအကြည်ဓာတ်ကို ''စက္ခုပသာဒ'' ဟုခေါ်သည်၊ ထိုစက္ခုပသာဒသည် မျက်လုံးအတွင်း မျက်နက်ဝန်းအလယ် သူငယ်ရိပ်ထင်ရာ အရပ်၌ ပျံ့နှံ့လျက် ဖြစ်, ပျက် တည်ရှိနေသည်၊

၂။ နားအကြည်ဓာတ်ကို''သောတပသာဒ''ဟုခေါ်သည်၊ ထိုသောတပသာဒသည် နားပေါက်အတွင်းဝယ် လက်စွပ်ကွင်း သဏ္ဍာန်ရှိသော အရပ်၌ ပျံ့နှံ့လျက် ဖြစ်,ပျက် တည်ရှိနေသည်၊

၃။ နှာခေါင်းအကြည်ဓာတ်ကို ''ဃာနပသာဒ''ဟုခေါ်သည်၊ ထိုဃာနပသာဒသည် နှာခေါင်းပေါက်အတွင်းဝယ် ဆိတ်ခွါသဏ္ဍာန်ရှိသော အရပ်၌ ပျံ့နှံ့တည်ရှိနေသည်၊

၄။ လျှာအကြည်ဓာတ်ကို''ဇိဝှါပသာဒ''ဟုခေါ်သည်၊ ထိုဇိဝှါပသာဒသည် လျှာ၏အလယ် ကြာပွင့်ဖတ်ဖျားနှင့်တူသောအရပ်ကို ပျံ့နှံ့လျက် တည်ရှိနေသည်၊

**၆။ ရူပံ၊ အဆင်းရောင်သည်ရှင်း။ သဒ္ဒေါ၊ အသံသည်ရှင်း။ ဂန္ဓော၊ အနံ့သည်ရှင်း။ ရသော၊ အရသာသည်ရှင်း။ အာပေါဓာတု ဝိဝဇ္ဇိတံ၊ အာပေါဓာတ်သည် ကြဉ်အပ်သော။ ဘူတတ္တယ သင်္ခါတံ၊ ဘူတရုပ် ၃-ခုတို့၏ အပေါင်းဟု ဆိုအပ်သော။ ဖောဋ္ဌဗ္ဗံ၊ တွေ့သိအပ်သော အာရုံ အထိသည်ရှင်း။ ဂေါစရရူပံ နာမ၊ ဂေါစရရုပ်မည်၏။**

---

၅။ ကိုယ်အကြည်ဓာတ်ကို "ကာယပသာဒ"ဟုခေါ်သည်၊ ထိုကာယ သာဒသည် အသားမာ၊ ခြောက်နေသောအရေ, ခြေသည်းဖျား, လက်သည်းဖျား, ဆံပင်ဖျား, အမွေးဖျားတို့မှတပါး တကိုယ်လုံး၌ ပျံ့နှံ့ဖြစ်ပျက်တည်နေသည်။

အကြည်ဓာတ်သဘောရှိသောကြောင့် စက္ခုစသည်တို့ကို "ပသာဒ"ဟု ခေါ်ရသည်။

**ဂေါစရရုပ် ၇-ပါး**

၆။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ 'ပထဝီ, တေဇော, ဝါယော' ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ၊ ဤရုပ် ၇-ပါးသည် ဂေါစရရုပ်မည်၏။

ထိုတွင်"ဖောဋ္ဌဗ္ဗာရုံ"ဟု ရုပ်အသီးအခြား မရှိပါ၊ တွေ့ထိရစကောင်းသော "ပထဝီ,တေဇော,ဝါယော" ဓာတ်ကြီး ၃-ပါးကိုပင် "ဖောဋ္ဌဗ္ဗာရုံ" ဟု ခေါ်ထားပါသည်။

**အာပေါဓာတု ဝိဝဇ္ဇိတံ။** ။အာပေါဓာတ်သည် ဓာတ်ကြီး ၄-ပါးတွင် အပါအဝင်ဖြစ်စေကာမူ သုခုမရုပ်ဖြစ်၍ အလွန် သိမ်မွေ့သည်၊ ထိတွေ့စမ်းသပ်၍ မရကောင်း၊ထို့ကြောင့်"ဖောဋ္ဌဗ္ဗာရုံ" ဟု ခေါ်ဝေါ်သုံးစွဲရန် မသင့်လျော်ရကား "အာပေါဓာတုဝိဝဇ္ဇိတံ" ဟု ဆိုရသည်၊ ဖောဋ္ဌဗ္ဗာရုံအဖြစ်မှ ကြဉ်ဖယ်ထားရသည်။

**ဆောင်။** ။အာပေါလျှော့, လွန်သိမ်မွေ့သဖြင့်, ထိတွေ့စမ်းသပ်, မရအပ်, ဖောဋ္ဌဗ်မည်မရ။

**တနည်း။** ။အာပေါဓာတ်၊ သိမ်မွေ့လတ်, အလွန်၊
ထိစိမ့်ငှာ—စမ်းပါဘိလျှင်၊ မထိ အမှန်၊
သို့အတွက်-ဖောဋ္ဌဗ္ဗ၊ ခေါ်ဆိုရန်မသင့်၊
သို့ကြောင့်သာ-အာပေါဓာတ်ငယ်၊ ကြဉ်အပ် ဟောဖွင့်။

**၇။ ဣတ္ထိတ္တံ၊ ဣတ္ထိ၏ဖြစ်ကြောင်းရုပ်သည်ရင်း။ ပုရိသတ္တံ၊ ပုရိသ၏ဖြစ်ကြောင်းရုပ်သည်ရင်း။ ဘာဝရူပံ နာမ၊ ဘာဝရုပ်မည်၏။**

**၈။ ဟဒယဝတ္ထု၊ ဟဒယဝတ္ထုသည်။ ဟဒယရူပံ နာမ၊ ဟဒယရုပ်မည်၏။**

**၉။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ ဇီဝိတရူပံ နာမ၊ ဇီဝိတရုပ်မည်၏။**

---

**ဘာဝရုပ် ၂-ပါး**

၇။ ဣတ္ထိဘာဝ, ပုရိသဘာဝ၊ ဤ ၂-ပါးသည် ''ဘာဝရုပ်''မည်၏၊ အထီး, အမဖြစ်ဖို့ရန် အကြောင်းခံရုပ်တမျိုးကို ''ဘာဝရုပ်''ဟုခေါ်သည်၊ ဣတ္ထိဘာဝရုပ်သည် အမသတ္တဝါတို့၏ တကိုယ်လုံး၌ ပျံ့နှံ့၍တည်၏၊ ပုရိသဘာဝရုပ်သည် အထီးသတ္တဝါတို့၏ တကိုယ်လုံး၌ ပျံ့နှံ့၍ တည်၏၊ အထီး, အမတို့၏ အင်္ဂါဇာတ်ကား ဘာဝရုပ်မဟုတ်ပါ။

**ဟဒယရုပ် ၁-ပါး**

၈။ ဟဒယဝတ္ထုသည် ''ဟဒယရုပ်''မည်၏၊ သားမြတ် ၂-ခုတို့၏ အလယ် ရင်တွင်း၌ နှလုံးအိမ်ရှိသည်၊ ထိုနှလုံးအိမ်၏အတွင်း၌ ပုန်းညက်စေ့ခန့်ကျယ်သော တွင်းငယ်ရှိသည်၊ ထိုတွင်းငယ်ထဲမှာ သွေးများစွာစုဝေးတည်နေသည်၊ ယင်းသွေးတို့ကို ပျံ့နှံ့လျက် ဟဒယဝတ္ထုရုပ်ပေါင်းများစွာ ဖြစ်,ပျက်တည်ရှိနေသည်။

**ဇီဝိတရုပ် ၁-ပါး**

၉။ ရုပ်ဇီဝိတိန္ဒြေသည် ''ဇီဝိတရုပ်''မည်၏၊ ဤရုပ်ဇီဝိတသည် ကမ္မဇရုပ်တို့၏ အသက်ပင် ဖြစ်သည်၊ ကာယပသာဒကဲ့သို့ တကိုယ်လုံးမှာ ပျံ့နှံ့လျက်တည်ရှိနေသည်။

**ဆောင်။** ။ဘာဝကာယ, ဇီဝိတနှင့်, သက္က သည်းခြေ, သွေးတည်နေ, စိုပြေကိုယ်လုံးမှာ။

**တနည်း။** ။ရုပ်ဘာဝ၊ ကာယနှင့် ဇီဝိတာ၊
သုက် သွေးတွေ-သည်းခြေများငယ်၊ ပြန့်ပွါးလျက်သာ၊
စိုဖပ်ဖပ်-ကိုယ်ကာယာ၊ တည်နေပါ အမြဲ၊
သုက်စသည်—ရုပ်အမည်-သူ့သဘောမှာ၊ အာပေါလွန်ကဲ။

သုက်, သွေး, သည်းခြေများသည် ရုပ်သီးခြား မဟုတ်ပါ၊ အာပေါဓာတ် လွန်ကဲသော ရုပ်အစုအဝေးများသာ ဖြစ်ပါသည်။

**၁၀။ ကဗဠီကာရော၊ အလုတ်အလွေးပြုအပ်သော။ အာဟာရော၊ အာဟာရသည်။ အာဟာရရူပံ နာမ၊ အာဟာရရုပ်မည်၏။**

**၁၁။ စ၊ ဆက်ဦးအံ့။ ဣတိ၊ ဤသို့။ အဋ္ဌာရသဝိဓမ္ပိ၊ ၁၈-ပါးအပြားရှိသည်လည်း ဖြစ်သော။ ဧတံ ရူပံ၊ ဤရုပ်သည်။ သဘာဝရူပန္တိ စ၊သဘာဝရုပ်ဟူ၍၎င်း။ သလက္ခဏရူပန္တိ စ၊ သလက္ခဏရုပ်ဟူ၍၎င်း။ နိပ္ဖန္နရူပန္တိ စ၊ နိပ္ဖန္နရုပ်ဟူ၍၎င်း။ ရူပရူပန္တိ စ၊ ရူပရုပ်ဟူ၍၎င်း။ သမ္မသနရူပန္တိ စ၊သမ္မသန ရုပ်ဟူ၍၎င်း။ သင်္ဂဟံ၊ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။**

---

**အာဟာရရုပ် ၁-ပါး**

၁၀။ အလုတ်အလွေးပြုအပ်သော အစာအာဟာရသည်''အာဟာရရုပ်'' မည်၏၊ ဤ၌ထမင်းလုတ်, ဆွမ်းလုတ်ကိုပင် ''အလုတ်''ဟုခေါ်သည်၊ အလျင်စလို ဝါးမျို စားသောက်သည်ကို ''အလွေး'' ဟုခေါ်သည်၊ ''အလုတ် ကယ်ရော၊ ငုံကာသာလွေးတော့သည်'' ဟူသော ဝန်ကြီး ပဒေသရာဇာ၏ လယ်သမားတျာချင်းကို ထောက်ပါ။

သို့ဖြစ်၍ အဖတ်ဖြစ်စေ,အရည်ဖြစ်စေ အစားအစာ ဟူသမျှကိုပင် ''ကဗဠီကာရ'' ခေါ်နိုင်သည်-ဟုမှတ်ပါ၊ ဤ စကားသည်လည်း တည်ရာဝတ္ထုနှင့် တကွ တွဲဖက် ပြဆိုထားသော စကားမျှသာ ဖြစ်သည်၊ အမှန်မှာ ထိုအစားအစာများ၌ ပါဝင်သော အဆီအနှစ် အစေး (ဗီတာမင်ဓာတ်မျိုး) ကိုသာ ''အာဟာရရုပ်'' ဟု ခေါ်သည်၊ ''ဩဇာ'' ဟုလည်း ခေါ်ကြပါသေးသည်။

**သဘာဝရုပ်စသည်**

၁၁။ ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄-ပါး (ရုပ်သီးခြား မဟုတ်သောကြောင့် ဖောဋ္ဌဗ္ဗာရုံကို သီးခြား မရေတွက်ရ။) ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး ပေါင်း ၁၈-ပါးသောရုပ်ကို—

၁။ 'ကက္ခဠတ္တ' အစရှိသော ကိုယ်ပိုင်လက္ခဏာ အသီးသီးရှိသောကြောင့် ''သဘာဝ ရုပ်'' ဟုလည်း ခေါ်သည်။

၂။ 'အနိစ္စတာ ဒုက္ခတာ အနတ္တတာ' အစရှိသော အများဆိုင်ရာ လက္ခဏာရှိသောကြောင့် ''သလက္ခဏရုပ်'' ဟုလည်း ခေါ်သည်။

၃။ ''ကံ, စိတ်, ဥတု, အာဟာရ'' ဟူသော အကြောင်းတရားတို့က ဖြစ်စေတတ်သောကြောင့် ''နိပ္ဖန္နရုပ်'' ဟုလည်း ခေါ်သည်။

**၁၂။ အာကာသဓာတု၊ အာကာသဓာတ်သည်။ ပရိစ္ဆေဒရူပံ နာမ၊ ပရိစ္ဆေဒရုပ်မည်၏။**

**၁၃။ ကာယဝိညတ္တိ၊ ကာယဝိညတ်သည်၎င်း။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်သည်၎င်း။ ဝိညတ္တိရူပံ နာမ၊ ဝိညတ်ရုပ်မည်၏။**

---

၄။ ရှေးအစဉ်မှ တမျိုးတဖုံ ဖောက်ပြန်တတ်သောကြောင့် ''ရူပရုပ်'' ဟုလည်း ခေါ်သည်။

၅။ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတင်၍သုံးသပ်ကောင်းသောကြောင့် ''သမ္မသနရုပ်'' ဟုလည်း ခေါ်သည်။

ကြွင်းကျန်သော ရုပ် ၁၀-ပါးတို့ကား ထိုကဲ့သို့ မဖြစ်နိုင်သောကြောင့် ''အသဘာဝရုပ်, အလက္ခဏရုပ်, အနိပ္ဖန္နရုပ်, အရူပရုပ်, အသမ္မသနရုပ်'' ဟု ခေါ်ရတော့သည်။

**ဆောင်။**　။ကက္ခဠတ္တ, စသည်လက္ခဏာ, ကိုယ်စီပါကြ, ဆယ့်ရှစ်ဝ, သဘာဝ ဟုခေါ်၊
အနိစ္စတာ, အစလာသည့်, လက္ခဏာသာမည, ပါရှိကြ, သလက္ခဏခေါ်၊
ကံ စိတ်စသား, ဆိုင်ရာများက, ဖြစ်ပွါးစေကြ, ဆယ့်ရှစ်ဝ, နိပ္ဖန္နဟုခေါ်၊
ရှေးအစဉ်မှ, ဖောက်ပြန်ကြ, ရူပရုပ်ဟုခေါ်၊
လက္ခဏာတင်, ဆင်ခြင်အပ်စွ, ဆယ့်ရှစ်ဝ, သမ္မသနခေါ်။

**ပရိစ္ဆေဒရုပ် ၁-ပါး**

၁၂။ အာကာသဓာတ်သည် ''ပရိစ္ဆေဒရုပ်'' မည်၏၊ ရုပ်ကလာပ်တို့ကို တခုနှင့် တခု မရောနှောရအောင် ပိုင်းခြားပေးတတ်သော အပေါက်အကြားကိုပင် ''အာကာသ''ဟု ခေါ်သည်၊ ဤအာကာသသည် ပရမတ္ထအစစ် မဟုတ်၊ ရုပ်ကလာပ် ၂-ခု ဖြစ်ပေါ်လာသည့်အခါ အလိုအလျောက် ပေါ်လာရသော ပညတ်သဘောမျှသာ ဖြစ်သည်၊ ဤ အာကာသမျှသာ မဟုတ်သေးပါ၊ အနိပ္ဖန္နရုပ် အကုန်လုံးသည်ပင် ပညတ်သဘောမျှသာ ဖြစ်ကြပါသည်။

**ဝိညတ်ရုပ် ၂-ပါး**

၁၃။ ကာယဝိညတ်နှင့် ဝစီဝိညတ်သည် ''ဝိညတ်ရုပ်'' မည်၏၊ မိမိအလိုကို သူတပါးအား သိစေနိုင်သော အမူအရာအထူးကို ''ဝိညတ်''ဟု ခေါ်သည်၊ ထို့ကြောင့် ကိုယ်ဖြင့် သိစေတတ်သော အမူအရာ ထူးသည်

**၀၄။ ရူပဿ၊ တိဇ နိပ္ဖန္နရုပ်၏။ လဟုတာ၊ ပေါ့ပါးသည်၏ အဖြစ်သည်ရင်း။ မုဒုတာ၊ နူးညံ့သည်၏အဖြစ်သည်ရင်း။ ကမ္မညတာ၊ အမှု၌ ကောင်းသည်၏ အဖြစ်သည်ရင်း။ ဝိညတ္တိဒွယံ၊ ဝိညတ်ရုပ်နှစ်ပါးအပေါင်းသည်ရင်း။ ဝိကာရရူပံ နာမ၊ ဝိကာရရုပ်မည်၏။**

**၁၅။ ရူပဿ၊ နိပ္ဖန္နရုပ်၏။ ဥပစယော၊ စ၍ဖြစ်ခြင်းဟူသမျှသည်ရင်း။ သန္တတိ၊ ဆက်စပ်ဖြစ်ပွါးခြင်းသည်ရင်း။ ဇရတာ၊ ရင့်ရော်သည်၏အဖြစ်သည်ရင်း။ အနိစ္စတာ၊ မမြဲသည်၏အဖြစ်သည်ရင်း။ လက္ခဏရူပံ နာမ၊ လက္ခဏရုပ်မည်၏။**

---

"ကာယဝိညတ်" မည်၏၊ နှုတ်ဖြင့် (စကားသံဖြင့်)သိစေတတ်သော အမူအရာ ထူးသည် "ဝစီဝိညတ်" မည်၏။

**ဝိကာရရုပ် ၅-ပါး**

၁၄။ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဝိညတ်ရုပ် ၂-ပါး၊ ပေါင်း ၅-ပါးသည် "ဝိကာရ" ရုပ် မည်၏။

ပေါ့ပါးမှု, နူးညံ့မှု, အမှု၌ကောင်းမှု, (ဖျတ်ဖျတ် လတ်လတ် သွက်သွက် လက်လက်ရှိမှု) ကိုယ်ဖြင့်သိစေမှု, နှုတ်ဖြင့် သိစေမှုတို့သည် ထူးခြားသော အမူအရာများ ဖြစ်ကြသည်၊ ထိုထူးခြားသော အမူအရာကိုပင် "ဝိကာရရုပ်" ဟု ခေါ်သည်။

**ရူပဿ**။ ။ယင်း ထူးခြားသောအမူအရာများသည် ရှေးအတိတ်ကံကြောင့် ဖြစ်သော ကမ္မဇရုပ်များ၌ မရှိနိုင်၊ "စိတ်, ဥတု, အာဟာရ" ဟူသော ပစ္စက္ခအကြောင်း သုံးပါးကြောင့်ဖြစ်သော တိဇရုပ်များမှသာ ရှိနိုင်သည်၊ ယင်း တိဇရုပ်တို့တွင်လည်း အနိပ္ဖန္နရုပ်များသည် ပရမတ္ထရုပ်အစစ် မဟုတ်ကြ၊ ပညတ်သဘောမျှသာဖြစ်ကြသည်၊ ထို့ကြောင့် ရူပဿ—အရ 'တိဇ နိပ္ဖန္နရုပ်' ကိုသာ ယူရပါတော့သည်။

**လက္ခဏရုပ် ၄-ပါး**

၁၅။ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ၊ ဤ ၄-ပါးသည် "လက္ခဏရုပ်" မည်၏။

နိပ္ဖန္နရုပ်များသည် ဆိုင်ရာ အကြောင်းတရားတို့က စီမံလိုက်သည့်အတွက် ဖြစ်လာရသည်၊ ဖြစ်လာလျှင် ရင့်ရသည်၊ ရင့်လာလျှင် ပျက်ရသည်၊ 'ယင်း

**၁၆။ ပန၊ အမှာအထား စကားတရပ် ကြားညှပ်ပြီးအံ့။ ထွေ၊ ဤလက္ခဏရုပ်၌။ ဇာတိရူပမေဝ၊ ဇာတိရုပ်တခုတည်းကိုပင်။ ဥပစယ သန္တ-တိနာမေန၊ ဥပစယဟူသောအမည် သန္တတိဟူသောအမည်ဖြင့်။ ပဝုစ္စတိ၊ ၂-မျိုးခွဲ၍ ဆိုအပ်၏။**

"ဖြစ်, တည်, ပျက်," လက္ခဏာကို တွေ့ရသဖြင့် နိပ္ဖန္နရုပ်များ၏ သင်္ခတ ဖြစ်ကြောင်းကို သိနိုင်လေသည်၊ ထို့ကြောင့်ပင် 'ဥပစယ' အစရှိသည်တို့ကို "လက္ခဏာရုပ်" ဟု ခေါ်သည်။

၁။ ဥပစယ=ပဋိသန္ဓေတည်စဉ်၌ ပထမ ဖြစ်ခြင်း, ထို့နောက် တဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည့်တိုင်အောင် အထက်အထက်၌ တိုးတက်၍ ဖြစ်ခြင်း။ (ဥပ—အစ၌, အထက်၌+စယဖြစ်ခြင်း၊)

၂။ သန္တတိ=တဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည်ကစ၍ အစဉ်မပြတ် ထပ်ကာ ထပ်ကာ ဖြစ်ခြင်း၊ ဥပါဒ်ခြင်း။ (သံ—ဆက်စပ်၍၊ ဝါ—ထပ်၍+တတိ—ကျယ်ပွါးခြင်း၊ ဖြစ်ခြင်း။)

၃။ ဇရတာ=ရုပ်တို့၏ ရင့်ရော်မှု ဌီ၊

၄။ အနိစ္စတာ=မမြဲမှု ပျက်စီးမှု ရုပ်တို့၏ဘင်၊

**ဆောင်။** ။ရုပ်မစုံသမျှ, ဥပါဒ်က, 'ပစယ'ဟုသိ၊
စုံပြီး နောက်မှာ, ဥပါဒ်လာ, မည်ပါသန္တတိ။

**တနည်း။** ။တဘဝ၊ ရုပ်ပြည့်ဝ မစုံခင်၊
ဥပါဒ်သာ—ပစယငယ်၊ ခေါ်ကြ အစဉ်၊
ရုပ်စုံပြီး၊ အသီးသီး—ဥပါဒ်ပင်၊ အမည်တွင် သန္တတိ၊
ဥပါဒ်သာ—နှစ်ဖြာခွဲလိုရယ်၊ ခေါ်မြဲ မှတ်သိ။

**ဥပစယနှင့် သန္တတိထူးသလား**

၁၆။ ဤဥပစယနှင့်သန္တတိတို့၏ ထူးခြားချက်ကို ဆရာမြတ်တို့၏ အလိုကို ပြလိုသောကြောင့်သာ ဆိုရပါသည်၊ ကျမ်းဆရာတို့၏ အလိုကျကား ဖြစ်မည် မထင်ပါ။

ကျမ်းဆရာ၏ အလိုအားဖြင့် ဥပစယနှင့် သန္တတိတို့ထူးခြားမှု မရှိပါ၊ ရုပ်၏ ဥပါဒ်အကုန်လုံးကိုပင် "ဥပစယ" ဟုလည်း ခေါ်နိုင်သည်၊ "သန္တတိ" ဟုလည်း ခေါ်နိုင်သည်-ဟု သိစေလိုသောကြောင့် "ဇာတိရူပမေဝ ပနေတ္ထ-ဥပစယသန္တတိနာမေန ပဝုစ္စတိ" ဟူသော အမှာအထား စကားရပ်ကို ကြားညှပ် ထည့်သွင်းထားပါသည်။

ဥတုတိ၊ ဤသို့။ ကောဒသဝိဓမ္ပိ၊ ၁၁-ပါး အပြား ရှိသည်လည်း ဖြစ်သော။ တော်ရူပံ၊ ဤရုပ်သည်။ သရူပဝသေန၊ ထရုပ်သဘောခင်း၏ အပြားအားဖြင့်။ အဋ္ဌဝီသတိဝိဓံ၊ ၂၈-ပါး အပြားရှိသည့်။ ဟောတိ၊ ဖြစ်၏။

၀၇။ ကထံ၊ ၂၈-ပါး အဘယ်သို့ ပြားသနည်း။

ဘူတပ္ပသာဒဝိသယာ၊ဘူတရုပ် ပသာဒရုပ် ဝိသယရုပ်တို့ရင်း။ ဘာဝေါ၊ ဘာဝရုပ်ရင်း။ ဟဒယံ၊ ဟဒယဝတ္ထုရင်း။ ဣစ္စပိ၊ ဤသို့လည်း။ ဇီဝိတာ-

ထို့ပြင် ဥပစယနှင့် သန္တတိ ၂-ပါးလုံးတို့၏ ပဋိသန္ဓေအခါမှာလည်း ဖြစ်နိုင်ကြောင်း, ပဝတ္တိအခါမှာလည်း ဖြစ်နိုင်ကြောင်းကို 'သဒ္ဒေါ ဝိကာရော ဇရတာ၊' စသည်ဖြင့် ရူပပဝတ္တိက္ကမ၏အဆုံးမှာမိန့်ဆိုထားပါသေးသည်။

'ဥတုတိ ကောဒသဝိဓမ္ပိတ်' စသည်ဖြင့် ရူပသမုဒ္ဒေသ၏ နိဂုံးကိုပြတော်မူသည်၊ ဤသို့ ၁၁-ပါးပြားသော ရုပ်က သရုပ်အားဖြင့် ၂၈-ပါး ဖြစ်လာပြန်သည်-ဟုဆိုလိုပါသည်။

**ရူပသမုဒ္ဒေသဇယား**

| အဋ္ဌဝီသတိဝိဓ \ ကောဒသ | | | ဘူတရုပ် | ဥပါဒါရုပ် ၂၄ ပါး | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ပသာဒ | ဂေါစရ | ဘာဝ | ဟဒယ | ဇီဝိတ | အာဟာရ | ပရိစ္ဆေဒ | ဝိညတ် | ဝိကာရ | လက္ခဏ |
| နိပ္ဖန္နရုပ် ၁၈ ပါး | ပ.ဝေ.ဝါ (မဟာဘုတ်) | ၃ | ။ | | ။ | | | | | | | | |
| | အာပေါ | ၁ | ။ | | | | | | | | | | |
| | စ.သော.ဃာ.ဇိ.ကာ | ၅ | | ။ | | | | | | | | | |
| | ရူပ.သဒ္ဒ.ဂန္ဓ.ရသ | ၄ | | | ။ | | | | | | | | |
| | ဣတ္ထိဘာဝ, ပုမ္ဘာဝ | ၂ | | | | ။ | | | | | | | |
| | ဟဒယဝတ္ထု | ၁ | | | | | ။ | | | | | | |
| | ဇီဝိတ | ၁ | | | | | | ။ | | | | | |
| | အာဟာရ (ဩဇာ) | ၁ | | | | | | | ။ | | | | |
| အနိပ္ဖန္နရုပ် [၁၀] | အာကာသ | ၁ | | | | | | | | ။ | | | |
| | ကာယ, ဝစီဝိညတ် | ၂ | | | | | | | | | ။ | ။ | |
| | လဟု.မုဒု.ကမ္မညတာ | ၃ | | | | | | | | | | ။ | |
| | ဥပ.သန္တ.ဇရ.အနိစ္စ | ၄ | | | | | | | | | | | ။ |
| | ရုပ်ပေါင်း | ၂၈ | ၄ | ၅ | ၇ | ၂ | ၁ | ၁ | ၁ | ၁ | ၂ | ၅ | ၄ |

**ဟာရရူပေဟိ၊ ဇီဝိတရုပ် အာဟာရရုပ်တို့နှင့်တကွ။ အဋ္ဌာရသဝိဓံ၊ ၁၈-ပါး အပြားရှိသော နိပ္ဖန္နရုပ်ရင်း။ တထာ၊ ထိုမှတပါး။ ပရိစ္ဆေဒေါ စ၊ ပရိစ္ဆေဒရုပ်ရင်း။ ဝိညတ္တိ၊ ဝိညတ်ရုပ်ရင်း။ ဝိကာရော၊ ဝိကာရရုပ်ရင်း။ လက္ခဏံ၊လက္ခဏရုပ်ရင်း။ ဣတိ စ၊ ဤသို့လည်း။ ဒသ၊ ၁၀-ပါးကုန်သော။ အနိပ္ဖန္နာ စ၊ အနိပ္ဖန္နရုပ်တို့ရင်း။ ဣတိ၊ ဤသို့။ အဋ္ဌဝီသတိဝိဓံ၊ ၂၈-ပါး အပြားရှိသည်။ ဘဝေ၊ ဖြစ်၏။**

**အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤရူပ ပရိစ္ဆေဒ၌။ ရူပသမုဒ္ဒေသော၊ ရူပ သမုဒ္ဒေသတည်း။**

## ရူပဝိဘာဂ

**၁၈။ ပန၊ ကား။ သဗ္ဗဥ္စ၊ အလုံးစုံလည်းဖြစ်သော။ ဧတံ ရူပံ၊ ဤရုပ်သည်။ အဟေတုကံ ဧဝ၊ အဟေတုက ချည်းသာတည်း။ သပ္ပစ္စယံ ဧဝ၊ သပ္ပစ္စယချည်းသာတည်း။သာသဝံ ဧဝ၊ သာသဝချည်းသာတည်း။ သင်္ခတံ ဧဝ၊သင်္ခတချည်းသာတည်း။ လောကိယံ ဧဝ၊ လောကိယချည်းသာတည်း။ ကာမာဝစရံ ဧဝ၊ ကာမဝစရချည်းသာတည်း။ အနာရမ္မဏံ ဧဝ၊ အနာရမ္မဏချည်းသာတည်း။ အပ္ပဟာတဗ္ဗမေဝ၊ အပ္ပဟာတဗ္ဗချည်းသာတည်း။**

---

ကောဒသဝိဓ, အဋ္ဌာရသဝိဓအပြားများနှင့်တကွ သင်္ဂဟဂါထာ၏ သဘောကိုပါ ဇယားကိုရှုလျက် လေ့လာပါ၊ လွယ်ပါပြီ။

**ကောဝိဓ**

၁၈။ ရုပ် ၂၈-ပါးကို ကောဝိဓ-စသောနည်းဖြင့် ဝေဖန်ပြလိုသောကြောင့် 'သဗ္ဗဥ္စပနေတံ ရူပံ' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

ရုပ်ဟူသမျှသည် သမ္ပယုတ်ဟိတ်မရှိသောကြောင့် 'အဟေတုက'ချည်း သာတည်း၊ 'သဟေတုက' ရုပ်ဟူ၍ မရှိ။

''ကံ, စိတ်, ဥတု,အာဟာရ'' ဟူသော အကြောင်းရှိသောကြောင့် 'သပ္ပစ္စယ'ချည်းသာတည်း၊ 'အပ္ပစ္စယ' ရုပ်မရှိ။

အာသဝေါတရားတို့၏ အာရုံ ဖြစ်သောကြောင့် 'သာသဝ' ချည်း သာတည်း၊ 'အနာသဝ' ရုပ်ဟူ၍မရှိ။

'ကံ' စသော အကြောင်းတို့သည် ပြုပြင်စီမံအပ်သောကြောင့် 'သင်္ခတ' ချည်းသာတည်း၊ 'အသင်္ခတ' ရုပ်ဟူ၍မရှိ။

သင်္ခါရလောက၌ ပါဝင်သောကြောင့် 'လောကိယ' ချည်းသာတည်း၊ 'လောကုတ္တရာ ရုပ်' ဟူ၍မရှိ။

**ဣတ္ထိ၊ ဤသို့ (အစရှိသည်ဖြင့်)။ ကေဝိဓမ္မိ၊ တစ်ပါးစီသာ အဖို့ရှိသော် လည်း။ အဇ္ဈတ္တိကဗာဟိရာဒိဝသေန၊ အဇ္ဈတ္တိကရုပ် ဗာဟိရရုပ် အစရှိသည် တို့၏အပြားအားဖြင့်။ ဗဟုဓာ၊ များသော အပြားအားဖြင့်။ ဘေဒံ၊ ပြားခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။**

**၁၉။ ကထံ၊ အဘယ်သို့ပြားသနည်း။**

**ပသာဒသင်္ခါတံ၊ပသာဒဟုဆိုအပ်သော။ပဉ္စဝိဓမ္မိ၊၅-ပါးအပြား ရှိသည် လည်းဖြစ်သောရုပ်သည်။ အဇ္ဈတ္တိကရူပံ နာမ၊အဇ္ဈတ္တိကရုပ်မည်၏။ ဣတရံ၊ ကျန် ၂၃-ပါးသောရုပ်သည်။ ဗာဟိရရူပံ၊ ဗာဟိရရုပ်မည်၏။**

---

ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် 'ကာမာဝစရ' ချည်းသာ တည်း၊ 'ကာမာဝစရမဟုတ်သောရုပ်' ဟူ၍မရှိ။

အာရုံကို မယူနိုင်သောကြောင့် 'အနာရမဏ'ချည်းသာတည်း၊ 'အာရ မဏိကရုပ်' ဟူ၍မရှိ။

'တဒင်္ဂ' စသည်၏ အစွမ်းအားဖြင့် မပယ်အပ်သောကြောင့်'အပ္ပဟာတဗ္ဗ' ချည်းသာတည်း၊ 'ပဟာတဗ္ဗရုပ်' ဟူ၍မရှိ။

ဤသို့ စသည်ဖြင့် စိစစ်ပါလျှင် တမျိုး တဖို့စီသာ ရှိနိုင်ပါသည်၊သို့သော်- 'အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်' အစရှိသော အပြားအားဖြင့်ကား များစွာပင် ကွဲပြားနိုင်ပါသေးသည်။

**အဇ္ဈတ္တိက,ဗာဟိရ**

၁၉။ ပသာဒရုပ် ၅-ပါးသည် ''အဇ္ဈတ္တိကရုပ်''မည်၏၊ ကျန် ၂၃-ပါး သောရုပ်သည် ''ဗာဟိရရုပ်'' မည်၏။

ကိုယ်ခန္ဓာအား ကျေးဇူးအများဆုံးဖြစ်သောကြောင့် ပသာဒရုပ် ၅-ပါး ကို ''အဇ္ဈတ္တိက (အတွင်း) ရုပ်'' ဟုခေါ်ရသည်၊ အဇ္ဈတ္တိကရုပ်လောက် ကျေးဇူးမများသောကြောင့် ကျန် ၂၃-ပါးသောရုပ်ကို ''ဗာဟိရ (အပြင်) ရုပ်''ဟုခေါ်ရသည်။

**ဆောင်**။ ။ကိုယ်ခန္ဓာအား, ကျေးဇူးများ၍, ခေါ်ငြားအဇ္ဈတ်, မများ တတ်, ခေါ်မှတ်ဗာဟိရာ။

**တနည်း**။ ။ခန္ဓာအား၊ ကျေးဇူးများ အလွန်၊
ပသာဒါ-ငါး အရှိယ်၊ အဇ္ဈတ္တိကံ၊
ဂုဏ်ကျေးဇူး-ထူး မသန်၊ ကြွင်းကျန်သည့်ရုပ်များ၊
ဗာဟိရာ-အမည်ရကြတယ်၊ တိကျ ပိုင်းခြား။

**၂၀။ ပသာဒဟဒယသခ်ါတံ၊ ပသာဒရုပ် ဟဒယရုပ် ဟုဆိုအပ်သော။ ဆဗ္ဗိဓမ္မိ၊ ၆-ပါးအပြားရှိသည်လည်း ဖြစ်သောရုပ်သည်။ဝတ္ထုရူပံ နာမ။ ဝတ္ထုရုပ်မည်၏။ ဣတရံ၊ ကျန် ၂၂-ပါးသောရုပ်သည်။ အဝတ္ထုရူပံ၊ အဝတ္ထု ရုပ်မည်၏။**

**၂၁။ ပသာဒဝိညတ္တိသခ်ါတံ၊ ပသာဒရုပ် ဝိညတ်ရုပ်ဟု ဆိုအပ်သော သတ္တဝိဓမ္မိ၊ ၇-ပါး အပြား ရှိသည်လည်း ဖြစ်သောရုပ်သည်။ ဒွါရရူပံနာမ၊ ဒွါရရုပ်မည်၏။ ဣတရံ၊ ကျန် ၂၁-ပါးသောရုပ်သည်။ အဒွါရရူပံ၊ အဒွါရ ရုပ်မည်၏။**

---

**ဝတ္ထုရုပ်, အဝတ္ထုရုပ်**

၂၀။ ပသာဒရုပ် ၅-ပါး၊ ဟဒယရုပ် ၁-ပါး၊ပေါင်း ၆-ပါးသော ရုပ်သည် "ဝတ္ထုရုပ်" မည်၏၊ ကျန် ၂၂-ပါးသောရုပ်သည် "အဝတ္ထု ရုပ်" မည်၏။

စိတ်, စေတသိက်တို့၏ မှီရာဖြစ်သောကြောင့် စကျူစသည်တို့သည် "ဝတ္ထုရုပ်" ဟူသောအမည်ကို ရကြသည်၊ စိတ်, စေတသိက်တို့၏ မှီရာ, မဟုတ်သောကြောင့် ကျန် ၂၂-ပါးသော ရုပ်တို့သည် "ဝတ္ထု" ဟူသော အမည်ကို မရနိုင်ကြပါ၊ (စိတ်, စေတသိက်တို့က မည်သို့မှီကြသည်ကို ဝတ္ထု သင်္ဂဟ၌ ပြထားခဲ့ပါပြီ။)

**ဒွါရရုပ် အဒွါရရုပ်**

၂၁။ ပသာဒရုပ် ၅-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ပေါင်း ၇-ပါးသောရုပ် သည် "ဒွါရရုပ်" မည်၏၊ ကျန် ၂၁-ပါးသောရုပ်သည် "အဒွါရရုပ်" မည်၏၊

ဝီထိစိတ်၏ ဖြစ်ကြောင်း, ကာယကံ ဝစီကံ၏ အထမြောက်ကြောင်း ဖြစ်သောကြောင့် စကျူစသော ရုပ် ၇-ပါး တို့သည် " ဒွါရရုပ် " မည် ကြသည်။

ထိုတွင်—

၁။ ပသာဒရုပ် ၅-ခုသည် ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သည်၊ ထို့ ကြောင့် "ဥပ္ပတ္တိဒွါရ" ဟူသောအမည်ကို ရသည်။

၂။ ဝိညတ်ဒွေးသည်ကာယကံ,ဝစီကံတို့၏ထမြောက်အောင်မြင်ကြောင်း ဖြစ်သည်၊ ထို့ကြောင့် "ကမ္မဒွါရ" ဟူသောအမည်ကိုရသည်။

**၂၂။ စသောဒဘာဝဇီဝိတာသင်္ခါတံ၊ ပသာဒရုပ် ဘာဝရုပ် ဇီဝိတရုပ် ဟု ဆိုအပ်သော။ အဋ္ဌဝိဓမ္ပိ၊ ၈-ပါးအပြားရှိသည်လည်း ဖြစ်သောရုပ်သည်။ ဣန္ဒြိယရူပံနာမ၊ ဣန္ဒြိယရုပ်မည်၏။ ဣတရံ၊ ကျန် ၂၀-သောရုပ်သည်။ အနိန္ဒြိယရူပံ၊ အနိန္ဒြိယ ရုပ်မည်၏။**

**၂၃။ ပသာဒဝိသယ သင်္ခါတံ၊ ပသာဒရုပ် ဝိသယရုပ်ဟု ဆိုအပ်သော။ ဒွါဒသဝိဓမ္ပိ၊ ၁၂-ပါး အပြား ရှိသည်လည်း ဖြစ်သောရုပ်သည်။ ဩဠာရိကရူပံ၊ဩဠာရိကရုပ်လည်း မည်၏။ သန္တိကေရူပံ၊သန္တိကေရုပ်လည်းမည်၏။ သပ္ပဋိဃရူပဉ္စ၊ သပ္ပဋိဃရုပ်လည်း မည်၏။ ဣတရံ၊ ကျန် ၁၆-ပါးသော ရုပ်သည်။ သုခုမရူပံ၊ သုခုမရုပ်လည်း မည်၏။ ဒူရေရူပံ၊ ဒူရေရုပ်လည်း မည်၏။ အပ္ပဋိဃရူပဉ္စ၊ အပ္ပဋိဃရုပ်လည်းမည်၏။**

---

ထိုကဲ့သို့ အကြောင်းမဟုတ်သောကြောင့် ကျန် ၂၁-ပါးသော ရုပ်များသည် ''အဒွါရရုပ်'' မည်သည်။

**ဣန္ဒြိယရုပ်, အနိန္ဒြိယရုပ်**

၂၂။ ပသာဒရုပ် ၅-ပါး၊ဘာဝရုပ် ၂-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ပေါင်း ၈-ပါးသော ရုပ်တို့သည်'' ဣန္ဒြိယရုပ်'' မည်၏၊ ကျန် ၂၀-သော ရုပ်သည် ''အနိန္ဒြိယရုပ်'' မည်၏။

ထိုတွင် မြင်ခြင်း အစရှိသော မိမိတို့၏ ဆိုင်ရာကိစ္စ၌ အစိုးရသော ကြောင့် 'စက္ခု' စသော ရုပ်၈-ပါးသည် ''ဣန္ဒြိယရုပ်'' မည်သည်၊ ထိုသို့ အစိုးရမှုမရှိသောကြောင့် ကျန် ၂၀-သော ရုပ်သည် ''အနိန္ဒြိယရုပ်'' မည်သည်။

**ဩဠာရိကရုပ်, သုခုမရုပ်စသည်**

၂၃။ ပသာဒရုပ် ၅-ပါး၊ ဝိသယရုပ် ၇-ပါး၊ ပေါင်း ၁၂-ပါးသော ရုပ်သည် ''ဩဠာရိကရုပ်''လည်းမည်၏၊ ''သန္တိကေရုပ်'' လည်းမည်၏၊ ''သပ္ပဋိဃရုပ်'' လည်းမည်၏၊ ကျန် ၁၆-ပါးသော ရုပ်သည် ''သုခုမရုပ်'' လည်း မည်၏၊ ''ဒူရေရုပ်''လည်း မည်၏၊ ''အပ္ပဋိဃရုပ်''လည်း မည်၏။

ထိုတွင် ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်သည့်အခါ ပေါ်လွင်ထင်ရှားစွာ သိရသောရုပ် ၁၂-ပါးသည် ''ဩဠာရိကရုပ်'' မည်၏၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်သည့်အခါ ပေါ်လွင်ထင်ရှားစွာ မသိရသော ရုပ် ၁၆-ခုသည် ''သုခုမရုပ်'' မည်၏။

**၂၄။ ကမ္မဇံ၊ ကမ္မဇရုပ်သည်။ ဥပါဒိန္နရူပံ၊ ဥပါဒိန္နရုပ်မည်၏။ ဣတရံ၊ ကျန် တိဇရုပ်သည်။ အနုပါဒိန္နရူပံ၊ အနုပါဒိန္န ရုပ်မည်၏။**

---

သိလွယ်သောကြောင့် ဩဠာရိကရုပ် ၁၂-ခုကို 'သန္တိကေ' ရုပ်ဟုလည်း ခေါ်သည်၊ သိဖို့ရန်မလွယ်ကူသောကြောင့် သုခုမရုပ် ၁၆-ခုကို "ဒူရေရုပ်" ဟုလည်း ခေါ်သည်။

ဓာတ်သဘာဝအလိုက် ထိခိုက်တတ်သောကြောင့် ဩဠာရိကရုပ် ၁၂-ခုကို "သပ္ပဋိဃရုပ်"ဟုလည်း ခေါ်သည်၊ ဓာတ်သဘာဝအလိုက် မထိခိုက်တတ်သောကြောင့် သုခုမရုပ် ၁၆-ခုကို "အပ္ပဋိဃရုပ်"ဟုလည်း ခေါ်သည်။

**ဆောင်။** ။ဉာဏ်စက္ခုဖြင့်, ရှုကြည့်သည့်ခါ, ထင်စွာသိဘိ, ဩဠာရိတည့်၊ မသိသုခု၊ သိလွယ်မှုကြောင့်, မည်ပြုသန္တိ၊ မလွယ်ဘိလျှင်, ဒူရေတွင်၏၊ ထို့ပြင်သဘာဝ, ဓာတ်ခိုက်ကြသော်, သပ္ပဋိဃာ၊ မခိုက်လာ,မည်ပါအပ္ပဋိဃ။

**တနည်း။** ။ပသာဒရယ်နဲ့၊ ဝိသယ ရုပ်တို့မှာ၊
ဉာဏ်ဖြင့်ပင်-ဆင်ခြင်ကြလျှင်၊ သိရ ထင်စွာ၊
ထို့ကြောင့်သာ၊ မည်ရပါ ဩဠာရိ၊
သို့မထင်-ဆယ့်ခြောက်ခုငယ်၊ သုခု မည်ရှိ။
သိလွယ်မှု၊ အမည်ပြု သန္တိကေ၊
သိမလွယ်-သုခုမကို၊ မှတ်ကြ ဒူရေ၊
ဓာတ်ခိုက်မိ-သပ္ပဋိ မည်ရလေ၊ မခိုက်နေ ရုပ်စု၊
မည်ရပါ-အပ္ပဋိငယ်၊ မှတ်သိ စေ့ငု။

## ဥပါဒိန္နရုပ်, အနုပါဒိရုန္နပ်

၂၄။ ကမ္မဇရုပ်သည် "ဥပါဒိန္နရုပ်"မည်၏၊ ကျန် တိဇရုပ်သည်" အနုပါဒိန္နရုပ်" မည်၏။

ကံက 'ငါ၏အကျိုး' ဟု စွဲယူအပ်သော ကံ၏အကျိုးဖြစ်သော ရုပ်ကို "ဥပါဒိန္နရုပ်"ဟု ခေါ်သည်၊ ကံ၏ အကျိုးမဟုတ်သော တိဇ ("စိတ်,ဥတု, အာဟာရ" ဟူသော အကြောင်း ၃-ပါးကြောင့် ဖြစ်သော) ရုပ်ကို "အနုပါဒိန္နရုပ်"ဟု ခေါ်သည်။ (ဥပ-တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သော လောကီကုသိုလ်, အကုသိုလ်ကံက+အာဒိန္န-ငါ၏ အကျိုးဟုစွဲယူအပ်သောရုပ်။)

၂၅။ ရူပါယတနံ၊ ရူပါရုံသည်။ **သနိဒဿန ရူပံ၊ သနိဒဿန ရုပ်မည်၏။** ဝုတ္တာဝရံ၊ ကျန် ၂၇-ပါးသော ရုပ်သည်။ **အနိဒဿန ရူပံ၊ အနိဒဿန ရုပ်မည်၏။**

၂၆။ အသမ္ပတ္တဝသေန၊ မိမိထံမှောက်သို့ မရောက်မထိ မငြိမကပ်သော အာရုံကိုယူတတ်သည်၏အစွမ်းဖြင့်။ (ပဝတ္တံ၊ ဖြစ်သော။) စက္ခာဒိဒွယံ၊ စက္ခုအစရှိသော ရုပ် ၂-ခုတို့၏အပေါင်းရင်း။ သမ္ပတ္တဝသေန၊ မိမိထံမှောက်သို့ ရောက်ထိငြိကပ်သော အာရုံကိုယူတတ်သည်၏ အစွမ်းဖြင့်။ (ပဝတ္တံ၊ သော။)ဃာနာဒိတ္တယံ၊ဃာနအစရှိသော ရုပ် ၃-ခုတို့၏အပေါင်းရင်း။ ဝုတ္တာ၊ ဤသို့။ ပဉ္စဝိဓမ္ပိ၊ ၅-ပါးအပြားရှိသည်လည်းဖြစ်သော ရုပ်သည်။ **ဂေါစရဂ္ဂါဟက ရူပံ၊ ဂေါစရဂ္ဂါဟကရုပ်မည်၏။** ဝုတ္တာဝရံ၊ ကျန် ၂၃-ပါးသောရုပ်သည်။ **အဂေါစရဂ္ဂါဟကရူပံ၊ အဂေါစရဂ္ဂါဟကရုပ်မည်၏။**

---

**သနိဒဿနရုပ် အနိဒဿနရုပ်**

၂၅။ ရူပါရုံသည် 'သနိဒဿနရုပ်မည်'၏၊ ကျန် ၂၇-ပါးသောရုပ်သည် 'အနိဒဿနရုပ်'မည်၏။

စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသောရုပ်ကို''သနိဒဿနရုပ်''ဟုခေါ်သည်၊ မမြင်စကောင်းသောရုပ်ကို ''အနိဒဿနရုပ်''ဟုခေါ်သည်။

**ဂေါစရဂ္ဂါဟကရုပ် အဂေါစရဂ္ဂါဟကရုပ်**

၂၆။ သမ္ပတ္တဂ္ဂါဟကမည်သော'စက္ခု'သောတ, ၂-ပါး၊အသမ္ပတ္တဂ္ဂါဟကမည်သော, ဃာန, ဇိဝှါ, ကာယ, ၃-ပါး၊ ပေါင်း ၅-ပါးသောရုပ်သည် 'ဂေါစရဂ္ဂါဟကရုပ်'မည်၏၊ ကျန် ၂၃-ပါးသော ရုပ်သည် 'အဂေါစရဂ္ဂါ-ဟကရုပ်' မည်၏။

အာရုံကို ယူတတ်သောကြောင့် ပသာဒရုပ် ၅-ပါးကိုပင်''ဂေါစရဂ္ဂါဟကရုပ်'' ဟုခေါ်သည်၊ သို့သော် မုချအားဖြင့် ခေါ်နိုင်သည်ကား မဟုတ်ပါ၊ ဥပစာအားဖြင့်သာ ခေါ်နိုင်ပါသည်။

စက္ခုပသာဒစသည်တို့သည် စက္ခုဝိညာဏ်စသည်တို့၏ မှီရာ ဌာနဖြစ်၍ စက္ခုဝိညာဏ်စသည်တို့သည် ထိုစက္ခုပသာဒစသည်ကို မှီတတ်သောဌာနီဖြစ်ကြ၏၊ ထို့ပြင်ဌာနဖြစ်သော စက္ခုပသာဒစသည်က မုချအားဖြင့် အာရုံကို

မယူတတ်၊ ဌာနီဖြစ်သော စက္ခုဝိညာဏ်စသည်တို့ကသာ ယူတတ်သည်၊ ယင်းသို့ အာရုံကိုယူတတ်သော ဌာနီစက္ခုဝိညာဏ် စသည်တို့၏ "ဂေါစရဂ္ဂါ-ဟက" ဟူသောအမည်ကို ဌာနဖြစ်သော စက္ခုပသာဒစသည်၌ တင်စားလျက် ဌာနဖြစ်သော စက္ခုပသာဒစသည်တို့ကိုလည်း "ဂေါစရဂ္ဂါဟက" ဟု ပင် ခေါ်ရသည်။

---

ထိုပသာဒရုပ် ၅-ပါးတွင်လည်း 'စက္ခု, သောတ' ၂-ပါးသည် မိမိ ထံမှောက်သို့မရောက်မထိ မငြိမကပ်သော အာရုံကို ယူကြသည်၊ ထို့ကြောင့် "အသမ္ပတ္တဂ္ဂါဟက" ဟူသောအမည်ကိုရကြသည်၊ ဃာနစသောရုပ် ၃-ခုသည် မိမိထံသို့ ထိစပ်ငြိကပ်မိသော အာရုံကို ယူကြသည်၊ ထို့ကြောင့် "သမ္ပတ္တဂ္ဂါ-ဟက" ဟူသောအမည်ကို ရကြသည်။

## ရူပဝိဘာဂ ဇယား

| ရုပ် ၂၈ | | အဇ္ဈတ္တိက | ဝတ္ထု | ဒွါရ | ဣန္ဒြိယ | ဩဠာရိက | ဥပါဒိန္န | သနိဒဿန | ဂေါစရဂ္ဂါဟိက | အဝိနိဗ္ဘောဂ | အင်္ဂါပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ပသာဒရုပ် | ၅ | ။ | ။ | ။ | ။ | ။ | ။ | | ။ | | ၇ |
| ဟဒယဝတ္ထု | ၁ | | ။ | | | | ။ | | | | ၂ |
| ဝိညတ်ရုပ် | ၂ | | | ။ | | | | | | | ၁ |
| ဘာဝ ၂, ဇီဝိတ ၁ | ၃ | | | | ။ | | | | | | ၂ |
| ဝိသယရုပ် ၇ — ရူပါရုံ | ၁ | | | | | ။ | ။ | ။ | | ။ | ၄ |
| ဝိသယရုပ် ၇ — သဒ္ဒါရုံ | ၁ | | | | | ။ | | | | | ၁ |
| ဝိသယရုပ် ၇ — ဂန္ဓာရုံ, ရသာရုံ | ၂ | | | | | ။ | ။ | | | ။ | ၃ |
| ဝိသယရုပ် ၇ — ပ, တေ, ဝါ [ဖော] | ၃ | | | | | ။ | ။ | | | ။ | ၃ |
| အာပေါ | ၁ | | | | | | ။ | | | ။ | ၂ |
| ဩဇာ | ၁ | | | | | | ။ | | | ။ | ၂ |
| အာကာသ | ၁ | | | | | | ။ | | | | ၁ |
| လဟုတာဒိတ္တယ, လက္ခဏ ၄ | ၇ | | | | | | | | | | |
| ရုပ်ပေါင်း | | ၅ | ၆ | ၇ | ၈ | ၁၂ | ၁၈ | ၁ | ၅ | ၈ | |
| ဆန့်ကျင်ဘက် — ရုပ်ပေါင်း | | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၆ | ၁၀ | ၂၇ | ၂၃ | ၂၀ | |
| ဆန့်ကျင်ဘက် — သက်ဆိုင်ရာအမည် | | ဗာဟိရ | အဝတ္ထု | အဒွါရ | အနိန္ဒြိယ | သုခုမ | အနုပါဒိန္န | အနိဒဿန | အဂေါစရဂ္ဂါဟိက | ဝိနိဗ္ဘောဂ | |

**၂၇။ ဝဏ္ဏော၊ အဆင်းအရောင်ရင်း။ ဂန္ဓော၊ အနံ့ရင်း။ ရသော၊ အရသာရင်း။ ဩဇာ၊ အဆီအနှစ်အစေးရင်း။ ဘူတစတုက္ကဉ္စ၊ မဟာဘုတ် ၄-ပါးတို့၏ အပေါင်းရင်း။ ဣတိ၊ ဤသို့။ အဋ္ဌဝိဓမ္ပိ၊ ၈-ပါးအပြား ရှိသည်လည်း ဖြစ်သောရုပ်သည်။ အဝိနိဗ္ဘောဂရူပံ၊ အဝိနိဗ္ဘောဂရုပ်မည်၏။ ဣတရံ၊ ကျန် ၂၀-သောရုပ်သည်။ ဝိနိဗ္ဘောဂရူပံ၊ ဝိနိဗ္ဘောဂရုပ် မည်၏။**

## နိဂုံး

**၂၈။ စ၊ နိဂုံးကိုဆိုဦးအံ့။ ဣစ္စေဝံ၊ ဤသို့အစရှိသော အပြားအားဖြင့်။ ဝိစက္ခဏာ၊ ပညာရှိတို့သည်။ အဋ္ဌဝီသတိဝိဓမ္ပိ၊ ၂၈-ပါး အပြားရှိသည်လည်း ဖြစ်သောရုပ်ကို။ အဇ္ဈတ္တိကာဒိဘေဒေန၊ အဇ္ဈတ္တိက အစရှိသော အပြားအားဖြင့်။ ယထာရဟံ၊ ဝေဖန်ထိုက်သည်အားလျော်စွာ။ ဝိဘဇန္တိ၊ ဝေဖန်ကြကုန်၏။**

**အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤရူပပရိစ္ဆေဒ၌။ ရူပဝိဘာဂေါ၊ ရူပ ဝိဘာဂတည်း။**

## ရူပသမုဋ္ဌာန

**၂၉။ ကမ္မံ၊ ကံရင်း။ စိတ္တံ၊ စိတ်ရင်း။ ဥတု၊ ဥတုရင်း။ အာဟာရောစ၊ အာဟာရရင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ ၄-ပါးတို့သည်။ ကမ္မသမုဋ္ဌာနာဒိနာမ၊ ရုပ်တို့ကို ဖြစ်စေတတ်သော အကြောင်းတို့မည်၏။**

---

**အဝိနိဗ္ဘောဂရုပ် ဝိနိဗ္ဘောဂရုပ်**

၂၇။ အဆင်း ရူပါရုံ ၁၊ အနံ့ ဂန္ဓာရုံ ၁၊ အရသာ ရသာရုံ ၁၊ ဩဇာ-အာဟာရရုပ် ၁၊ မဟာဘုတ် ၄-ပါး၊ ပေါင်း ၈-ပါးသောရုပ်သည် "အဝိ-နိဗ္ဘောဂရုပ်"မည်၏၊ ကျန် ၂၀-သောရုပ်သည် "ဝိနိဗ္ဘောဂရုပ်"မည်၏။

တခုစီခွဲခြား၍မရကောင်း၊ တပေါင်းတည်းသာ ဖြစ်ရသောကြောင့် 'ဝဏ္ဏ' စသည်တို့ကို "အဝိနိဗ္ဘောဂရုပ်" ဟု ခေါ်သည်၊ တခုစီ ခွဲခြား၍ရစကောင်းသောကြောင့် ကျန် ၂၀-သော ရုပ်တို့ကို "ဝိနိဗ္ဘောဂရုပ်" ဟု ခေါ်သည်။

၂၈။ ဤသို့ အစရှိသောအားဖြင့် ပညာရှိတို့သည် ရုပ် ၂၈-ပါးကို 'အဇ္ဈတ္တိက' အစရှိသော အပြားအားဖြင့် ထိုက်သည်အားလျော်စွာ ဝေဖန်ကြသည်။

**ရုပ်ဖြစ်ကြောင်း တရား ၄-ပါး**

၂၉။ "ကံ, စိတ်, ဥတု, အာဟာရ" ဟု ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား ၄-ပါးရှိသည်။

**၃၀။ တတ္ထ၊ ထို ၄-ပါးသော အကြောင်းတို့တွင်။ ကာမာဝစရ၊ ကာမာဝစရကုသိုလ်,အကုသိုလ် စေတနာ ၂၀-ငှင်း။ ရူပါဝစရဥ္စ၊ရူပါဝစရ ကုသိုလ် စေတနာ ၅-ပါးငှင်း။** ဣတိ၊ ဤသို့။ ပဉ္စဝီသတိဝိဓမ္ပိ၊ ၂၅-ပါး **အပြားရှိသည်လည်းဖြစ်သော။ အဘိသင်္ခတံ ပြုစီမံအပ်ပြီးသော။ကုသလာ- ကုသလကမ္မံ၊ ကုသိုလ်,အကုသိုလ်ကံသည်။** အဇ္ဈတ္တိကသန္တာနေ၊ အဇ္ဈတ္တ **သန္တာန်၌။ ကမ္မသမုဋ္ဌာနရူပံ၊ ကံကြောင့်ဖြစ်သော ရုပ်အပေါင်းကို။ ပဋိသန္ဓိံ၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို။** ဥပါဒါယ၊ **အစပြု၍။ ခဏေ ခဏေ၊ စိတ်၏ ခဏတိုင်း ခဏတိုင်း၌။** သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

---

### **ကံက ရုပ်ကို ဖြစ်စေပုံ**

၃၀။ '**ကံ**' ဟူသော အကြောင်းတရားက ရုပ်ဖြစ်စေပုံကို ပြလို၍ 'တတ္ထ ကာမာဝစရံ' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

အကုသိုလ် စေတနာ ၁၂-ပါး၊ ကာမာဝစရကုသိုလ် စေတနာ ၈-ပါး၊ ရူပါဝစရ ကုသိုလ် စေတနာ ၅-ပါး၊ ပေါင်း ၂၅-ပါးသော ကုသိုလ်, အကုသိုလ်စေတနာသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်းမှာ ရုပ်ကို ဖြစ်စေသည်၊ ထိုကံကြောင့်ဖြစ်သော ရုပ်ကိုလည်း ''ကမ္မဇရုပ်'' ဟုပင် ခေါ်ရသည်။

ထိုစေတနာများသည် မိမိသန္တာန်၌ ပြုစီမံအပ်ပြီး ဖြစ်စေအပ်ပြီးသော အတိတ်စေတနာများပင် ဖြစ်သည်။ (အဘိသင်္ခတံ။)

ထိုပြုစီမံအပ်ပြီး ဖြစ်စေအပ်ပြီးသော စေတနာသည်လည်း သူတပါး သန္တာန်မှာ သွား၍ အကျိုးပေးသည် မဟုတ်ပါ၊ မိမိသန္တာန်မှာသာ အကျိုး ပေးခွင့် သင့်ရာဘဝ၌ အကျိုးပေးသည်၊ ကမ္မဇရုပ်များကို ဖြစ်စေသည်။ (အဇ္ဈတ္တိကသန္တာနေ။)

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ်၏ (''ဥပါဒ်, ဠီ, ဘင်'' ဟုဆိုအပ်သော) ခဏတိုင်းခဏတိုင်းမှာဖြစ်ကြရသည်၊ဤသို့မှတ်သားထားပါ။

### **စိတ်က ရုပ်ကို ဖြစ်စေပုံ**

'အာရုပ္ပဝိပါက ဒွိပဉ္စဝိညာဏ ဝဇ္ဇိတံ' စသော စကားရပ်ဖြင့် ''စိတ်'' ဟူသော အကြောင်းတရားက ရုပ်ကို ဖြစ်စေပုံကို ပြသည်။

အရူပဝိပါက် ၄-ပါးနှင့် ဒွေးပဉ္စဝိညာဏ် ၁၀-မှတပါး ၇၅-ပါးသော စိတ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ မိမိတို့၏ ဥပါဒ်ခဏ ဥပါဒ်ခဏမှာသာ ရုပ်ကိုဖြစ်စေသည်၊ ယင်းစိတ်ကြောင့်ဖြစ်သော ရုပ်ကိုလည်း ''စိတ္တဇရုပ်'' ဟုပင်ခေါ်သည်။

၃၁။ အာရုပ္ပဝိပါကဒွိပဉ္စဝိညာဏဝဇ္ဇိတံ၊ အရူပဝိပါက် ဒွေးပဉ္စဝိညာဏ်သည် ကြဉ်အပ်သော။ ပဉ္စသတ္တတိဝိဓမ္ပိ၊ ၇၅-ပါး အပြားရှိသည်လည်းဖြစ်သော။ စိတ္တံ၊ စိတ်သည်။ စိတ္တသမုဋ္ဌာနရူပံ၊ စိတ်ကြောင့်ဖြစ်သော ရုပ်အပေါင်းကို။ ပဌမဘဝင်္ဂံ၊ ပဌမဘဝင်စိတ်၏ ဥပါဒ်ကို။ ဥပါဒါယ၊ အစပြု၍။ ဇာယန္တမေဝ၊ ဥပါဒ်လျှင် ဥပါဒ်ချင်းသာလျှင်။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

၃၂။ တတ္ထ၊ ထို ၇၅-ပါးသော စိတ်တို့တွင်။ အပ္ပနာဇဝနံ၊ အပ္ပနာဇောသည်။ ဣရိယာပထမ္ပိ၊ ဣရိယာပုထ်ကိုလည်း။ သန္နာမေတိ၊ ကောင်းစွာ ညွတ်စေ ဆောင်ထားလေ၏။

---

စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ရုပ်ကို ဖြစ်စေနိုင်သော စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်းမှာ ဖြစ်ကြရသည်၊ ဤသို့ မှတ်သားထားပါ။

## ရုပ်ကိုဖြစ်စေသော စိတ်တို့၏ သတ္တိထူး

'တတ္ထ အပ္ပနာဇဝနံ' အစရှိသော စကားရပ်ဖြင့် ရုပ်ကို ဖြစ်စေနိုင်သော စိတ်တို့၏ သတ္တိထူးကို ဆက်လက်ပြဆိုထားသည်။

### သတ္တိအားလျော်စွာ စိတ်က ရုပ်ကို ဖြစ်စေပုံ

| စိတ်တခုယုတ်ကိုးဆယ် [ ရူပပဉ္စမစျာန် ၂ ထပ်ပါဝင် ] | | ရုပ်သာမည | ဣရိယာပုထ် | ဝိညတ် | ပြုံးရယ်ခြင်း | |
|---|---|---|---|---|---|---|
| မနောဓာတ် ၃ တဒါရုံ ... ရူပဝိပါက် ၅ | ၁၉ | ။ | | | | ၁ |
| အဘိညာဏ်ဒွေးမှတပါး ... နာဇော | ၂၆ | ။ | ။ | | | ၂ |
| ဝုဋ္ဌော ၁ ဒေါ ကာဥပေက္ခာ ၁၄ အဘိ ၂ | ၁၉ | ။ | ။ | ။ | | ၃ |
| ကာမသောဘနဇော | ၁၃ | ။ | ။ | ။ | ။ | ၄ |
| အရူပဝိပါက် ၄ ဒွေးပဉ္စဝိညာဏ် ၁၀ | ၁၄ | | | | | |
| ရုပ်သာမညစသည်ကိုဖြစ်စေသောစိတ်ပေါင်း | — | ၇၅ | ၆၆ | ၃၂ | ၁၃ | |

၃၂။ ထို ၇၅-ပါးသော စိတ်တို့တွင် (အဘိညာဏ်ဒွေးမှတပါး) အပ္ပနာဇော ၂၆-ပါးသည် ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်သည်၊ ရုပ်သာမညကိုလည်းဖြစ်စေနိုင်သည်။ (ဤကား 'ပိ' သဒ္ဒါဖြင့် ပေါင်းထားအပ်သော အနက်တည်း၊ နောက်လည်း ဤနည်းချည်း မှတ်ပါ။)

**၃၃။ ပန၊ ကား။ ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာဘိညာ၊ ဝုဋ္ဌော ကာမဇောတခုယုတ်သုံးဆယ် အဘိညာဥ်ဒွေးတို့သည်။ ဝိညတ္တိမ္ပိ၊ ကာယဝိညတ်, ဝစီဝိညတ်ကိုလည်း။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေနိုင်ကုန်၏။**

**၃၄။ ပန၊ အထူးကား။ တေသု၊ ဤဝုဋ္ဌော ကာမဇော အဘိညာဥ်တို့တွင်။ တေရသ၊ ၁၃-ပါးကုန်သော၊ သောမနဿဇဝနာနိ၊ သောမနဿဇောတို့သည်။ ဟသနမ္ပိ၊ ပြုံးရယ်ခြင်းကိုလည်း။ ဇနေန္တိ၊ ဖြစ်စေကုန်၏။**

---

ထိုတွင် သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှုကို "ဣရိယာပုထ်"ဟု ဆိုသည်၊ ဣရိယာပုထ်နှင့်ဝိညတ်မပါသော ရုပ်များကို "ရုပ်သာမည"ဟုဆိုသည်။

၃၃။ ဝုဋ္ဌော ၁-ပါး၊ ကာမဇော ၂၉-ပါး၊ အဘိညာဥ် ၂-ပါး၊ ပေါင်း ၃၂-ပါးသောစိတ်တို့သည် 'ကာယဝိညတ်, ဝစီဝိညတ်' ၂-ပါးကိုလည်း ဖြစ်စေနိုင်သည်၊ ရုပ်သာမညကိုလည်း ဖြစ်စေနိုင်သည်၊ ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်သည်။

၃၄။ ဤ ၃၂-ပါးသော စိတ်တို့တွင် လောဘမူ သောမနဿ ၄-ပါး၊ ဟသိတုပ္ပါဒ် ၁-ပါး၊ မဟာကုသိုလ်သောမနဿ ၄-ပါး၊ မဟာကြိယာ သောမနဿ ၄-ပါး၊ ပေါင်း ၁၃-ပါးသော ကာမာဝစရ သောမနဿသဟဂုတ် ဇောတို့သည် ပြုံးရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်သည်၊ ဝိညတ်ကိုလည်း ဖြစ်စေနိုင်သည်။ (ရုပ်သာမညနှင့် ဣရိယာပုထ်ကိုကား ဝိညတ္တိမ္ပိ-တုန်းက ဆည်းခဲ့ပြီ။)

**ဆောင်။** ။မနောဓာတု, တဒါရုံက, ရူပဝိပါက်, ၁၉-ချက်မှာ, ရုပ်ကိုသာ တည်း၊ အပ္ပနာဇဝန, ဆဗ္ဗိသကား, ယာပထလည်း, ဖွဲ့တည်း ခိုင်စေ၊ တထွေဝုဋ္ဌော, ကာ'ဥ' ဇောနှင့်, ဒေါ အဘိညာ, ၁၉-မှာလျှင်, ၂-ဖြာဝိညတ်, ကိုလည်းတတ်၏၊ သောမနသ်ဟု, ၁၃-ခုကား, ရယ်မှုရွှင်ခြင်း, လည်း ပြုလျှင်း၏၊ ကြွင်းအာရုပ္ပ, ဝိပါကနှင့်, ပဉ္စဝိညာ, ၁၄-ဖြာသည်.... ဘယ်ဟာ ဖြစ်စေနိုင်ဘူးတည်း။ (ဆရာမြတ်တို့၏ ဆောင်ပုဒ်ကို အနည်းငယ် ပြင်ထားပါသည်။)

**တနည်း။** ။မနောဓာ—တဒါရမဏယ်နှင့်၊ ရူပါဝစရဝိပါကာ။ ဆယ့်ကိုးဆို—ထိုစိတ္တငယ်၊ ရုပ်ကိုမျှသာ။ အပ္ပနာ—ဇဝနတို့မှာလ၊ ပထပါ ထောက်ပံ့ကြပါသတဲ့၊ ဝုဒေါသာ—ဥပေက္ခာ ဇောကာမရယ်နှင့်၊ ဘိဉ်နှစ်ဝ၊ ဆယ်ကိုးဖြာ၊ ဝိညတ်ပါဆောင်ထမ်း။ သောမနာ ဇောကာမာ—တေရသ ရယ်က၊ ရယ်မှုပါဖြစ်စေ ရပါသတဲ့၊ အရူပါ- ဝိပါကရယ်နှင့်၊ ပဉ်ဝိညာ- စုဒ္ဒသတို့မှာ၊ ဘာမျှမစွမ်း။

**၃၅။ သီတုဏှောတုသမညာတာ၊ သီတဥတု, ဥဏှဥတု ဟု အသိအမှတ်ပြုအပ်သော။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဌိတိပ္ပတ္တာဝ၊ ဌီသို့ ရောက်မှသာလျှင်။ ဥတုသမုဋ္ဌာနရူပံ၊ ဥတုကြောင့် ဖြစ်သောရုပ်ကို။ အဇ္ဈတ္တဉ္စ၊ အဇ္ဈတ္တသန္တာန်၌ရင်း။ ဗဟိဒ္ဓါစ၊ ဗဟိဒ္ဓသန္တာန်၌ရင်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။**

---

ပြုံးရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ် ၁၃-ပါးတွင် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လောဘမူသောမနဿ ၄-ပါး၊မဟာကုသိုလ် သောမနဿ ၄-ပါး၊ ပေါင်း ၈-ပါးသော စိတ်တို့တွင် တပါးပါးဖြင့် ပြုံးရယ်ကြသည်။

''သောတာပန်, သကဒါဂါမ်, အနာဂါမ်'' ဟု ဆိုအပ်သော သေက္ခပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ်သောမနဿ ၂-ပါး၊ မဟာကုသိုလ် သောမနဿ ၄-ပါး၊ ပေါင်း ၆-ပါးတို့တွင် တပါးပါးဖြင့် ပြုံးရယ်ကြသည်။

ဘုရား, ရဟန္တာပုဂ္ဂိုလ်တို့သည် ဟသိတုပ္ပါဒ် ၁-ပါး၊ မဟာကြိယာ သောမနဿ သဟဂုတ် ၄-ပါး၊ ပေါင်း ၅-ပါးတို့တွင် တပါးပါးဖြင့် ပြုံးရယ်ကြသည်။

**ဆောင်။** ။ပုထုအဋ္ဌ, သေက္ခခြောက်သာ, ရဟန္တာ, ငါးဖြာ ရယ်ကြောင်းစိတ်။

**တနည်း။** ။ပု ရှစ်ဖြာ၊ သေက္ခမှာ ခြောက်ပါး၊
ရဟန္တာ—ငါး ရကောင်းတယ်၊ ရယ်ကြောင်း စိတ်များ။

**ဥတုကရုပ်ကို ဖြစ်စေပုံ**

'သီတုဏှောတုသမညာတာ' စသော စကားရပ်ဖြင့် ''ဥတု''. ဟူသော အကြောင်းတရားက ရုပ်ကို ဖြစ်စေပုံကို ပြသည်။

၃၅။ ။'ဥတု' ဟူသည် ''အအေးငွေ့, အပူငွေ့'' ဟူသော တေဇောဓာတ်ပင် ဖြစ်သည်၊ ဥတုနှင့် တေဇောဓာတ်မှာ အခေါ်သာကွဲသည်၊ သဘောအဓိပ္ပါယ် အတူတူပင်ဖြစ်သည်၊ ယင်း တေဇောဓာတ်သည် ဥပါဒ်ပြီးနောက် ဌီသို့ရောက်မှသာ ဥတုဇရုပ်ကို အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်မှာ ထိုက်သည်အားလျော်စွာ ဖြစ်စေသည်၊ ထို 'တေဇော' ဟူသော ဥတုကြောင့်ဖြစ်သော ရုပ်ကိုလည်း ''ဥတုဇရုပ်'' ဟုပင် ခေါ်သည်။

ဥတုဇရုပ်များသည် အဇ္ဈတ္တသန္တာန်မှာ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်ကြရသည်၊ ဗဟိဒ္ဓသန္တာန်မှာ ဖြစ်သော ဥတုဇရုပ်များကိုမူ ထိုကဲ့သို့သတ်မှတ်၍ မဖြစ်နိုင်ပါ။

**၃၆။ ဩဇာသင်္ခါတော၊ ဩဇာဟုဆိုအပ်သော။ အာဟာရော၊ အာဟာရသည်။ အာဟာရသမုဋ္ဌာနရူပံ၊ အာဟာရကြောင့် ဖြစ်သောရုပ်ကို။ အဇ္ဈောဟရဏကာလေ၊ မျိုအပ်ရာအခါ၌။ ဌာနပတ္တော၀၊ ဋ္ဌီသို့ရောက်မှသာလျှင်။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။**

---

ဤ၌ သက်ရှိသတ္တ၀ါတို့၏ ရုပ်ခန္ဓာအစဉ်ကို ''အဇ္ဈတ္တသန္တာန်''ဟုခေါ်သည်၊ အသက်ဝိညာဏ်မရှိသော သစ်ပင်, တော, တောင်, ရေ, မြေ သမုဒ္ဒရာ စသည်တို့၏ ရုပ်ခန္ဓာအစဉ်ကို ''ဗဟိဒ္ဓသန္တာန်''ဟု ခေါ်သည်။

အဇ္ဈတ္တသန္တာန်၌ ဥတုဇရုပ်ကလာပ် ၄-စည်းလုံး ဖြစ်နိုင်သည်၊ ဗဟိဒ္ဓသန္တာန်၌ ၂-စည်း ဖြစ်နိုင်သည်၊ ဤသည်ကိုပင် ''ယထာရဟံ—ထိုက်သည်အားလျော်စွာဖြစ်စေသည်''ဟုဆိုသည်။

**အာဟာရက ရုပ်ကိုဖြစ်စေပုံ**

'ဩဇာသင်္ခါတော' အစရှိသော စကားရပ်ဖြင့် 'အာဟာရ' ဟူသော အကြောင်းတရားက ရုပ်ဖြစ်စေပုံကို ပြသည်။

၃၆။ 'ဩဇာ'ဟူသော အာဟာရသည် မျိုအပ်သည့်အခါ ဋ္ဌီသို့ရောက်မှသာ အာဟာရဇရုပ်ကို ဖြစ်စေသည်၊ ထိုအာဟာရကြောင့် ဖြစ်သောရုပ်ကိုလည်း ''အာဟာရဇရုပ်''ဟုပင် ခေါ်ရသည်။

တစုံတခုသော စားဖွယ်, သောက်ဖွယ်ကို စားသောက်သည့်အခါ ထိုစားဖွယ်, သောက်ဖွယ် အတွင်း၌ ဩဇာလည်း ပါ၀င်နေသည်၊ ထိုဩဇာသည် 'ဥပါဒ်, ဋ္ဌီ,ဘင်'အားဖြင့် အစဉ်မပြတ် ဖြစ်ပျက်နေရာ ဥပါဒ်ပြီးနောက် ဋ္ဌီသို့အရောက်မှာ ရုပ်သစ်တမျိုးကို ဖြစ်ပွါးစေသည်၊ ထို 'ဩဇာ' ဟူသော အာဟာရကြောင့်ဖြစ်သောရုပ်ကိုလည်း ''အာဟာရဇရုပ်'' ဟု ပင် ခေါ်ရသည်၊ ဤသို့ဆိုလိုပါသည်။

အာဟာရဇရုပ်များသည် ဩဇာပျံ့နှံ့သည့်အခါမှစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်လာကြသည်၊ ဤသို့ မှတ်သားထားပါ။

**ဆိုင်ရာအကြောင်းကြောင့် ဖြစ်သော ရုပ်များ**

'တတ္ထ'အစရှိသော စကားရပ်ဖြင့် ဆိုင်ရာအကြောင်းများကြောင့် ဖြစ်သော ရုပ်တို့ကို စုပေါင်းပြဆိုသည်။

**၃၇။ တတ္ထ၊ ထိုရုပ်တို့တွင်။ ဟဒယဝတ္ထုဣန္ဒြိယရူပါနိ၊ ဟဒယ ဣန္ဒြိယရုပ်တို့သည်။ ကမ္မဇာနေဝ၊ ကမ္မဇရုပ်တို့ချည်းသာတည်း။**

**၃၈။ ဝိညတ္တိဒွယံ၊ ဝိညတ်ဒွေးသည်။ စိတ္တဇမေဝ၊ စိတ္တဇချည်းသာတည်း။**

**၃၉။ သဒ္ဒေါ၊ သဒ္ဒသည်။ စိတ္တောတုဇော၊ စိတ်,ဥတု ၂-မျိုးတို့ကြောင့် ဖြစ်၏။**

**၄၀။ လဟုတာဒိတ္တယံ၊ လဟုတာစသော ရုပ် ၃-ခုတို့၏ အပေါင်းသည်။ ဥတုစိတ္တာဟာရေဟိ၊ ဥတု,စိတ်, အာဟာရတို့ကြောင့်။ သမ္ဘောတိ၊ ဖြစ်၏။**

**၄၁။ အဝိနိဗ္ဘောဂရူပါနိ စေဝ၊ အဝိနိဗ္ဘောဂရုပ် ၈-ခုတို့သည်ရင်း။ အာကာသဓာတု စ၊ အာကာသဓာတ်သည်ရင်း။ စတူဟိ၊ ၄-ပါးသော အကြောင်းတို့ကြောင့်။ သမ္ဘူတာနိ၊ ဖြစ်ကုန်၏။**

**၄၂။ လက္ခဏရူပါနိ၊ လက္ခဏရုပ်တို့သည်။ ကုတောစိ၊ မည်သည့် အကြောင်းကြောင့်မျှ။ န ဇာယန္တိ၊ မဖြစ်ကုန်။**

---

၃၇။ ဟဒယရုပ် ၁-ပါး၊ ဣန္ဒြိယရုပ် ၈-ပါး၊ ဤ ၉-ပါးသော ရုပ်တို့သည် ကံတခုတည်းကြောင့်သာ ဖြစ်သည်၊ "ကမ္မဇကေန် ၉-ပါး" ဟု မှတ်ပါ။

၃၈။ ဝိညတ်ဒွေးသည် စိတ်တခုတည်းကြောင့်သာ ဖြစ်သည်၊ "စိတ္တဇကေန် ၂-ပါး" ဟုမှတ်ပါ။

ကမ္မဇကေန် ၉-ပါး၊ စိတ္တဇကေန် ၂-ပါး၊ ပေါင်း ၁၁-ပါးသည် "ကေဇ (အကြောင်းတပါးကြောင့်သာ ဖြစ်သော) ရုပ်" မည်၏။

၃၉။ သဒ္ဒသည် 'စိတ်,ဥတု' ၂-ပါးကြောင့် ထိုက်သည်အားလျော်စွာ ဖြစ်သည်၊ "ဒွိဇရုပ် ၂-ပါး" ဟုမှတ်ပါ။

၄၀။ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ပါးသည် "ဥတု, စိတ်, အာဟာရ" တို့ကြောင့် ထိုက်သည်အားလျော်စွာ ဖြစ်သည်၊ "တိဇရုပ် ၃-ပါး" ဟုမှတ်ပါ။

၄၁။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး၊ ပေါင်း ၉-ပါးသော ရုပ်တို့သည် အကြောင်း ၄-ပါးကြောင့်ထိုက်သည်အားလျော်စွာ ဖြစ်သည်၊ "စတုဇရုပ် ၉-ပါး" ဟု မှတ်ပါ။

၄၂။ လက္ခဏရုပ် ၄-ခုတို့သည် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်သည် မဟုတ်ပါ၊ "န ကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ) ရုပ် ၄-ပါး" ဟု မှတ်ပါ။

**၄၃။ ကမ္မစိတ္တောတုကာဟာရဇာနိ၊ ကမ္မဇ,စိတ္တဇ,ဥတုဇ, အာဟာရဇ ရုပ်တို့သည်။ အဋ္ဌာရသ၊ ၁၈–ပါးတို့ရှင်း။ ပန္နရသ၊ ၁၅·ပါးတို့ရှင်း။ တေရသ၊ ၁၃–ပါးတို့ရှင်း။ ဒွါဒသ စ၊ ၁၂–ပါးတို့ရှင်း။ ဣတိ၊ ဤသို့။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ဟောန္တိ၊ ဖြစ်ကုန်၏။**

ထိုထိုအကြောင်းကြောင့်ဖြစ်သောရုပ်များ

| ရုပ် ၂၈ ပါး | | ကမ္မဇ | စိတ္တဇ | ဥတုဇ | အာဟာရဇ | [illegible] |
|---|---|---|---|---|---|---|
| ပသာဒ ၅ ဘာဝ ၂ ဇီဝိတ ၁ ဟဒယ ၁ | ၉ | ။ | | | | ၁ |
| ဝိညတ်နွေး | ၂ | | ။ | | | ၁ |
| သဒ္ဒ | ၁ | | ။ | ။ | | ၂ |
| လဟုတာ မုဒုတာ ကမ္မညတာ | ၃ | | ။ | ။ | ။ | ၃ |
| အဝိနိဗ္ဘောဂရုပ် ၈ အာကာသဓာတ် ၁ | ၉ | ။ | ။ | ။ | ။ | ၄ |
| လက္ခဏာရုပ် | ၄ | | | | | |
| ထိုထိုအကြောင်းကြောင့်ဖြစ်သောရုပ်ပေါင်း | | ၁၈ | ၁၅ | ၁၃ | ၁၂ | |

ဇယားကို လက်ဝဲ, လကျာရှုပါက ဟဒယ, ဣန္ဒြိယ (ပသာဒ ၅, ဘာဝ ၂, ဇီဝိတ, ဟဒယ) ရုပ်တို့သည် ကံကြောင့်သာ ဖြစ်သည်၊ စသော ဆိုခဲ့ပြီးသော သဘောကိုပင် တွေ့ရပါမည်။

အပေါ်,အောက်ရှုပါက ကေဇ ၉-ပါး၊ စတုဇ ၉-ပါး၊ ပေါင်း ကမ္မဇ ရုပ် ၁၈-ပါးဖြစ်သည်၊ စသော သင်္ဂဟဂါထာလာ သဘောသွားကို တွေ့ရမည်။

'အဋ္ဌာရသ' စသောဂါထာဖြင့် ကမ္မဇရုပ်စသည်တို့ကို အကျဉ်းချုပ် ရေတွက်ပြသည်။

၄၃။ ကမ္မဇရုပ် ၁၈-ပါး၊ စိတ္တဇရုပ် ၁၅-ပါး၊ ဥတုဇရုပ် ၁၃-ပါး၊ အာဟာရဇရုပ် ၁၂-ပါး ဖြစ်သည်—ဟူ၏။

'ကမ္မဇရုပ် ၁၈-ပါး' ဟူသော်ကား ကမ္မဇကေန် ၉-ပါး၊ အနေကန် ၉-ပါးတို့တည်း၊ 'စိတ္တဇရုပ် ၁၅-ပါး' ဟူသော်ကား စိတ္တဇရုပ်ကေန် ၂-ပါး၊ အနေကန် ၁၃-ပါးတို့တည်း၊ 'ဥတုဇရုပ် ၁၃-ပါး, ဟူသော်ကား ဥတုဇရုပ် အနေကန် ၁၃-ပါးတည်း၊ အာဟာရဇရုပ် ၁၂-ပါး ဟူသော်ကား အာဟာရဇရုပ်အနေကန် ၁၂-ပါးတို့တည်း၊ ဇယားကိုလည်း ရှုပါ။

**၄၄။ ဟိ၊ အကြောင်းကို ပြဦးအံ့။ လက္ခဏာနိ၊ လက္ခဏာရုပ်တို့သည်။ ကေဝလံ၊ သက်သက်။ ဇာယမာနာဒိရူပါနံ၊ ဖြစ်ဆဲအစရှိသော ရုပ်ကလာပ်တို့၏။ သဘာဝတ္တာ၊ သဘောတံတွာ ဓမ္မဘာ၏အဖြစ်ကြောင့်။ ကေဟိစိ၊ ဘယ်အကြောင်းတို့ကြောင့်မျှ။ န ဇာယန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ဝကာသိတံ၊ ပြအပ်၏။**

**အယံ၊ ဤသည်ကား။ထွေ ဤ ရူပပရိစ္ဆေဒ၌။ ရူပသမုဋ္ဌာနနယော၊ ရူပသမုဋ္ဌာန်နည်းတည်း။**

**၄၅။ ကေပ္ပါဒါ၊ တူသော ဖြစ်ခြင်း ရှိကုန်သည်ရင်း။ ကေနိရောဓာ၊ တူသော ချုပ်ခြင်း ရှိကုန်သည်ရင်း။ ကေနိဿယာ၊ တူသော မှီရာ မဟာဘုတ်ရှိကုန်သည်ရင်း။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ သဟဝုတ္တိနော၊ အတူ**

---

**သမုဋ္ဌာန ဝိမုတ္တ**

'ဇာယမာနာဒိရူပါနံ' အစရှိသော ဂါထာဖြင့် လက္ခဏာရုပ် ၄-ခုတို့၏ 'န ကုတောစိသမုဋ္ဌာန်' မည်ခြင်း၏ အကြောင်း,'သမုဋ္ဌာနဝိမုတ္တ' ဖြစ်ခြင်း၏ အကြောင်းကို ပြတော်မူသည်။

၄၄။ လက္ခဏာရုပ်တို့သည် ဖြစ်ဆဲအစရှိသော ရုပ်တို့၏ သဘောလက္ခဏာမျှသာ ဖြစ်သောကြောင့် "န ကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ)" မည်ရပါသည်။

ချဲ့ပါဦးမည်=ဥပစယနှင့် သန္တတိတို့သည် ဖြစ်ဆဲရုပ်တို့၏ သဘောလက္ခဏာမျှသာ ဖြစ်သည်၊ ဇရတာသည် ရင့်ဆဲရုပ်တို့၏ သဘောလက္ခဏာမျှသာ ဖြစ်သည်၊ အနိစ္စတာသည် ပျက်ဆဲရုပ်တို့၏ သဘောလက္ခဏာမျှသာ ဖြစ်သည်၊ ထို့ကြောင့် "ဥပစယ,သန္တတိ,ဇရတာ, အနိစ္စတာ" ဟူသော လက္ခဏာရုပ် ၄-ခုတို့ကို "မည်သည့်အကြောင်းကြောင့် ဖြစ်သည်"ဟု မဆိုထိုက်ပါ။

ဥပစယနှင့် သန္တတိကို ပရိယာယ်အားဖြင့် "အကြောင်း ၄-ပါးကြောင့် ဖြစ်သည်" ဟု အဋ္ဌကထာဆရာများ မိန့်ဆိုထားပါသေးသည်၊ ယင်းမိန့်ဆိုချက်ကိုပင် အထောက်အထားပြု၍ "ကမ္မဇရုပ် ဓိသ, စိတ္တဇရုပ် သတ္တရသ, ဥတုဇရုပ် ပန္နရသ, အာဟာရဇရုပ် စုဒ္ဒသ"ဟု မာတိကာအရကောက်၍ ဆိုထားပါသည်။

**ကလာပ်အင်္ဂါ ၃-ပါး**

၄၅။ 'ကေပ္ပါဒါ' အစရှိသော စကားရပ်ဖြင့်ရုပ်ကလာပ်တို့၏ အင်္ဂါနှင့် အရေအတွက်ကို ပြတော်မူသည်။

**တကွ ဖြစ်ခြင်းရှိသော ရုပ်အပေါင်းတို့သည်။ ကေဝိသတိ၊ ၂၁-စည်းသော။ ရူပကလာပါ နာမ၊ ရုပ်ကလာပ်တို့မည်၏။**

၁။ ဧကုပ္ပါဒ=အတူတကွ ဖြစ်ခြင်း၊

၂။ ဧကနိရောဓ=အတူတကွ ချုပ်ခြင်း၊

၃။ ဧကနိဿယ=တူသောမှီရာ မဟာဘုတ်ရှိခြင်း။

ဤလက္ခဏာ ၃-ပါးနှင့် ပြည့်စုံ၍ အတူတကွဖြစ်သော ရုပ်အပေါင်းကို "ကလာပ်" ဟု ခေါ်သည်၊ ထိုရုပ်ကလာပ်သည် (ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်းအားဖြင့်) ၂၁-စည်းရှိ၏။

ကာယဝိညတ္တိနဝက ကလာပ်, ဝစီဝိညတ္တိ ဒသက ကလာပ်ဝယ် ဧကုပ္ပါဒ, ဧကနိဿယကား ဖြစ်ပါ၏၊ ဝိညတ်သည် စိတ်၏ ဘင်နှင့် ပြိုင်၍ ချုပ်ရကား ဧကနိရောဓ မဖြစ်ပါ၊ ဧကနိရောဓ မဖြစ်သော် အသို့လျှင် ကလာပ်မည် အံ့နည်း။

စေတသိက ပရိစ္ဆေဒ၌ ၄-ပါးသော စေတသိက်လက္ခဏာတွင် စတုဝေါကာရဘုံ၌ ဝတ္ထုရုပ် မရှိခြင်းကြောင့် ဧကဝတ္ထုက လက္ခဏာကို မရ၊ သို့ပင် မရသော်လည်း ပဉ္စဝေါကာရဘုံ၌ ရခြင်းကြောင့် ၄-ပါးသော လက္ခဏာကို ဆိုအပ်သကဲ့သို့ ဝိညတ်တစိတ် မရသော်လည်း တပါးသော ကလာပ်၌ရင်း, ကလာပ်ဖော်ရုပ်တို့၌ရင်း ရသင့်ရကား ၃-ပါးပင်ဆိုလေသည်၊ နည်း ၄၀-လာ 'ယေဘုယျနည်း' မျိုးတည်း။

## ကလာပ်ဖွဲ့ရန် အခြေခံ

စတုဇရုပ် ၉-ပါးတို့တွင် အာကာသကို ကြဉ်ထားပါက အဝိနိဗ္ဘောဂရုပ် ၈-ခုကျန်သည်၊ ယင်း အဝိနိဗ္ဘောဂရုပ် ၈-ခုသည် မူလအခြေခံ ရုပ်ဖြစ်သည်၊ အဝိနိဗ္ဘောဂရုပ် ၈-ခုမှ လွတ်သော ရုပ်ဝတ္ထုဟု မရှိသင့်၊ ရုပ်ဝတ္ထုသာ မှန်ပါက အဝိနိဗ္ဘောဂရုပ် ၈-ခု ပါဝင်ရသည်ချည်း။

သို့ဖြစ်၍ အဆိုပါ မူလအခြေခံဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ခုတို့၌ စတုဇရုပ်မှ တပါးသော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့ကို ဖြစ်ထိုက်သည် အားလျော်စွာ ပေါင်းထည့်ပါက ရုပ်ကလာပ် ၂၁-စည်း ဖြစ်လာပါလိမ့်မည်။

**၄၆။ တတ္ထ၊ ထို ၂၁-စည်းသော ရုပ်ကလာပ်တို့တွင်။ ဇီဝိတံ၊ ဇီဝိတ ရုပ်ကိုရင်း။ အဝိနိဗ္ဘောဂရူပဉ္စ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါးကိုရင်း။ စက္ခုနာ၊ စက္ခုပသာဒနှင့်။ သဟ၊ တကွဖြစ်သည်ရှိသော်။စက္ခုဒသကန္တိ၊ စက္ခုဒသက ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ တထာ၊ ထို့အတူ။ သောတာဒိဟိ၊ သောတ ပသာဒ အစရှိသည်တို့နှင့်။ သဒ္ဓိံ၊ တကွဖြစ်သည်ရှိသော်။ သောတဒသကံ၊ သောတဒသကဟူ၍ရင်း။ ဃာနဒသကံ၊ ဃာနဒသကဟူ၍ရင်း။ ဇိဝှါဒသကံ၊ ဇိဝှါဒသကဟူ၍ရင်း။ ကာယဒသကံ၊ ကာယဒသကဟူ၍ရင်း။ ဣတ္ထိဘာဝ**

---

၄၆။ ထို့ပြင် ဇီဝိတသည် ကမ္မဇရုပ်တို့၏ အသက်ဖြစ်၏၊ ကမ္မဇကလာပ်တိုင်းမှာ ဇီဝိတ ပါဝင်ရသည်၊ ဇီဝိတ မပါဝင်သော ကမ္မဇရုပ်ကလာပ်ဟူ၍ မရှိသင့်၊ ထို့ကြောင့် ကမ္မဇရုပ်ကလာပ်ကိုရေတွက်ရာ၌ ''သုဒ္ဓဋ္ဌက ကလာပ်'' ဟု မရေတွက်ရ၊ အယုတ်ဆုံးအားဖြင့် ဇီဝိတနဝက ကလာပ်မှ စတင် ရေတွက်ရသည်၊ ဇယားများနှင့် တိုက်ဆိုင်ညှိနှိုင်း၍ သဘောညာဏ် သက်ဝင်လာအောင် လေ့လာပါ။

**ကမ္မဇကလာပ် ၉-စည်း**

| အာကာသကြဉ်သော ကမ္မဇရုပ် (၁၇) | | ဇီဝိတနဝက | စက္ခုဒသက | သောတဒသက | ဃာနဒသက | ဇိဝှါဒသက | ကာယဒသက | ဣတ္ထိဘာဝ | ပုမ္ဘာဝဒသက | ဝတ္ထုဒသက |
|---|---|---|---|---|---|---|---|---|---|---|
| အဝိနိဗ္ဘောဂရုပ် | ၈ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ဇီဝိတ | ၁ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| စက္ခု | ၁ | | ။ | | | | | | | |
| သောတ | ၁ | | | ။ | | | | | | |
| ဃာန | ၁ | | | | ။ | | | | | |
| ဇိဝှါ | ၁ | | | | | ။ | | | | |
| ကာယ | ၁ | | | | | | ။ | | | |
| ဣတ္ထိဘာဝ | ၁ | | | | | | | ။ | | |
| ပုမ္ဘာဝ | ၁ | | | | | | | | ။ | |
| ဟဒယဝတ္ထု | ၁ | | | | | | | | | ။ |
| ရုပ်ပေါင်း | | ၉ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ |

[ ။ စာကိုယ်၌ ဇီဝိတနဝကကို နောက်ဆုံးထား၍ ပြသော်လည်း သရုပ်ခွဲရာ၌ အမြင်ရှင်းစေရန် ဇီဝိတနဝကကို ရှေ့တန်းတင်၍ ပြဆိုထားပါသည်။

ဒသကံ၊ ဣတ္ထိဘာဝဒသကဟူ၍ရင်း။ ပုမ္ဘာဝဒသကံ၊ ပုမ္ဘာဝဒသကဟူ၍ ရင်း။ ဝတ္ထုဒသကံ စ၊ ဝတ္ထုဒသကဟူ၍ရင်း။ ဣတိ၊ ဤသို့။ ယထာက္ကမံ၊ စွာ။ ယောဇေတဗ္ဗံ၊ ယှဉ်စေအပ်၏။ အဝိနိဗ္ဘောဂရူပမေဝ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါးကိုပင်။ ဇီဝိတေန၊ ဇီဝိတနှင့်။ သဟ၊ တကွဖြစ်သည်ရှိသော်။ ဇီဝိတနဝကန္တိ၊ ဇီဝိတနဝကဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ဣမေ နဝ၊ ဤ ၉-စည်းတို့သည်။ ကမ္မသမုဋ္ဌာနကလာပါ၊ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။ (ကမ္မဇရုပ်ကလာပ်တို့တည်း။)

၄၇။ ပန၊ ကား။ အဝိနိဗ္ဘောဂရူပံ၊ အဝိနိဗ္ဘောဂရုပ် ၈-ပါးသည်။ သုဒ္ဓဋ္ဌကံ၊ သုဒ္ဓဋ္ဌကမည်၏။ ဟဒေဝ၊ ထိုအဝိနိဗ္ဘောဂရုပ်သည်ပင်လျှင်။

---

## စိတ္တဇကလာပ် ၆-စည်း၊ ၈-စည်း

| အာကာသ ကြဉ်သော စိတ္တဇရုပ် [၁၄] | သုဒ္ဓဋ္ဌက | ကာယဝိညတ်နဝက | ဝစီဝိညတ်ဒသက | လဟုတာဒိဧကာဒသက | ကာယ·လဟုတာဒိဒွါဒသက | ဝစီ·သဒ္ဒ·လဟုတာဒိတေရသက | သဒ္ဒနဝက | သဒ္ဒ·လဟုတာဒိဒွါဒသက |
|---|---|---|---|---|---|---|---|---|
| အဝိနိဗ္ဘောဂရုပ် ၈ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ကာယဝိညတ် ၁ | | ။ | | | ။ | | | |
| ဝစီဝိညတ် ၁ | | | ။ | | | ။ | | |
| သဒ္ဒ ၁ | | | ။ | | | ။ | ။ | ။ |
| လဟုတာဒိ ၃ | | | | ။ | ။ | ။ | | ။ |
| ရုပ်ပေါင်း ၁၄ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၉ | ၁၂ |

၄၇။ ဝစီဝိညတ်သည် စိတ္တဇသဒ္ဒနှင့်ကင်း၍ မဖြစ်သင့်သော်လည်း စိတ္တဇ သဒ္ဒမှုကား ဝစီဝိညတ်နှင့်ကင်း၍ဖြစ်သင့်သည်သာ၊ ချေဆတ်သံ၊ ချောင်းဆိုးသံ၊ အိပ်ပျော်နေစဉ် ဟောက်သံ အစရှိသည်တို့သည် ဝိညတ်မပါသော စိတ္တဇသဒ္ဒ-များပင်ဖြစ်ကြသည်၊ သို့ဖြစ်၍ ဝိညတ်မပါသော သဒ္ဒနဝက ကလာပ်တမျိုး လည်း ဖြစ်သင့်သေးသည်၊ ထိုသို့ဖြစ်သည့်အခါမျိုးမှာ သဒ္ဒလဟုတာဒိ ဒွါ-ဒသက ကလာပ်ကိုလည်း ရထိုက်သည်၊ ထို့ကြောင့် စိတ္တဇကလာပ်ကား ၆-စည်းမျှ မကပဲ ၈-စည်းထိအောင် ရှိနိုင်ပါသည်။

ဇယားဌ် ပြထားသော ရှေ့ ၆-စည်းသည် အဘိဓမ္မတ္ထသင်္ဂဟ၌ ဆိုထားသည့် အတိုင်းပင် ဖြစ်ပါသည်၊ နောက် ၂-စည်းမျှသာ ထူးပါသည်။

ကာယဝိညတ္တိယာ၊ ကာယဝိညတ်နှင့်။ သဟ၊ တကွဖြစ်သည်ရှိသော်။ ကာယဝိညတ္တိနဝကံ၊ ကာယဝိညတ္တိနဝကမည်၏။ ဝစီဝိညတ္တိသဒ္ဒေဟိ၊ ဝစီဝိညတ် သဒ္ဒရုပ် ၂-ပါးတို့နှင့်။ သဟ၊ သော်။ ဝစီဝိညတ္တိဒသကံ၊ ဝစီဝိညတ္တိဒသကမည်၏။ လဟုတာဒီဟိ၊ လဟုတာအစရှိသော ရုပ် ၃-ခုတို့နှင့်။ သဒ္ဓိံ၊ သော်။ လဟုတာဒေကာဒသကံ၊ လဟုတာဒေကာဒသကမည်၏။ (ကာယဝိညတ္တိလဟုတာဒီဟိ၊ ကာယဝိညတ် လဟုတာအစရှိသော ရုပ် ၃-ပါးတို့နှင့်။ သဒ္ဓိံ၊ သော်။) ကာယဝိညတ္တိလဟုတာဒိဒွါဒသကံ၊ ကာယဝိညတ္တိလဟုတာဒိဒွါဒသကမည်၏။ (ဝစီဝိညတ္တိသဒ္ဒလဟုတာဒီဟိ၊ ဝစီဝိညတ် သဒ္ဒ လဟုတာစသော ရုပ် ၃-ပါးတို့နှင့်။ သဒ္ဓိံ၊ သော်။) ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသကဉ္စ၊ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသက လည်း မည်၏။ ဣတိ၊ ဤသို့။ဆ၊ ၆-စည်းတို့သည်။ စိတ္တသမုဋ္ဌာနကလာပါ၊ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။

၄၉။ သုဒ္ဓဋ္ဌကံ၊ သုဒ္ဓဋ္ဌကရင်း။ သဒ္ဒနဝကံ၊ သဒ္ဒနဝကရင်း။ လဟုတာဒေကာဒသကံ၊ လဟုတာဒေကာဒသကရင်း။ သဒ္ဒလဟုတာဒိဒွါဒသကဉ္စ၊ သဒ္ဒလဟုတာဒိဒွါဒသကရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ ၄-စည်းတို့သည်။ ဥတုသမုဋ္ဌာနကလာပါ၊ ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။

၅၀။ သုဒ္ဓဋ္ဌကံ၊ သုဒ္ဓဋ္ဌကရင်း။ လဟုတာဒေကာဒသကဉ္စ၊ လဟုတာဒေကာဒသကရင်း။ ဣတိ၊ ဤသို့။ ဒွေ၊ ၂-စည်းတို့သည်။ အာဟာရသမုဋ္ဌာနကလာပါ၊ အာဟာရဇရုပ်ကလာပ်တို့တည်း။

---

ဥတုဇ ၄-စည်းနှင့် အာဟာရဇ ၂-စည်း

| အာကာသကြဉ်သော ဥတုဇ ၁၂၊ အာဟာရဇ ၁၁၊ | | သုဒ္ဓဋ္ဌက | သဒ္ဒနဝက | လဟုတာဒိ | သဒ္ဒ·လဟုတာဒိ | ကလာပ်ပေါင်း |
|---|---|---|---|---|---|---|
| အဝိနိဗ္ဘောဂရုပ် | ၈ | ။ | ။ | ။ | ။ | [illegible] |
| သဒ္ဒ | ၁ | | ။ | | ။ | ၃ |
| လဟုတာဒိ | ၃ | | | ။ | ။ | ၂ |
| ပါဝင်သောရုပ်ပေါင်း | ၁၂ | ၈ | ၉ | ၁၁ | ၁၂ | |

၅၀။ တတ္ထ၊ ထို ၂၁—စည်းသော ရုပ်ကလာပ်တို့တွင်။ သုဒ္ဓဋ္ဌကံ၊ သုဒ္ဓဋ္ဌကရင်း။ သဒ္ဒနဝကဥ္စ၊ သဒ္ဒနဝကရင်း။ ဣတိ၊ ဤသို့။ ဒွေ၊ ၂-စည်းကုန်သော။ ဥတုသမုဋ္ဌာနကလာပါ၊ ဥတုဇရုပ်ကလာပ်တို့ကို။ ဗဟိဒ္ဓါပိ၊ ဗဟိဒ္ဓသန္တာန်၌လည်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ပန၊ ကား။ အဝသေသာ၊ ဥတုဇရုပ်ကလာပ် ၂ စည်းမှ ကြွင်းကုန်သော။ သဗ္ဗေပိ၊ အလုံးစုံသော ကလာပ်တို့ကိုလည်း။ အဇ္ဈတ္တမေဝ၊ အဇ္ဈတ္တသန္တာန်၌သာ။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဣတိ၊ ရူပကလာပအပြီးတည်း။

## သင်္ဂဟဂါထာများ

၅၁။ ကမ္မစိတ္တောတုကာဟာရသမုဋ္ဌာနာ၊ကမ္မဇ,စိတ္တဇ,ဥတုဇ,အာဟာရဇရုပ်ကလာပ်တို့သည်။ယထာက္ကမံ၊အစဉ်အားလျော်စွာ။ နဝ၊ ၉–စည်းတို့

---

### အဇ္ဈတ္တ, ဗဟိဒ္ဓ ကလာပ်ခွဲပုံ

'တတ္ထ သုဒ္ဓဋ္ဌကံ' အစရှိသော စကားရပ်ဖြင့် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ရုပ်ကလာပ်, ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ရုပ်ကလာပ်တို့ကို ခွဲခြားပြတော်မူသည်။

၅၀။ ထို ရုပ်ကလာပ် ၂၁-စည်းတို့တွင် ''သုဒ္ဓဋ္ဌက, သဒ္ဒနဝက''ဟူသော ဥတုဇကလာပ် ၂-စည်းတို့ကို ဗဟိဒ္ဓသန္တာန်၌လည်း ရထိုက်သည်။ (အဇ္ဈတ္တသန္တာန်၌လည်း ရသင့်သည်။)

ဤစကားရပ်အားလျော်စွာ သစ်ပင် တော တောင်စသော ဗဟိဒ္ဓသန္တာန်၌ ''အဝိနိဗ္ဘောဂရုပ် ၈-ပါး, သဒ္ဒ, အာကာသ, လက္ခဏရုပ် ၄-ပါး''အားဖြင့် ရုပ်ပေါင်း ၁၄-ပါး ဖြစ်သည်''ဟု မှတ်ပါ။

အဆိုပါ ဥတုဇ ၂-စည်းမှ ကြွင်းသော ရုပ်ကလာပ် အကုန်လုံးတို့ကို အဇ္ဈတ္တသန္တာန်၌သာ ရသင့်သည်။

ထို့ကြောင့် အဇ္ဈတ္တသန္တာန်၌သာ ရသင့်၍ ဗဟိဒ္ဓသန္တာန်၌ မရသင့်သော ရုပ်ကလာပ်များကား ''သုဒ္ဓဋ္ဌက, သဒ္ဒနဝက'' ဥတုဇရုပ်ကလာပ် ၂-စည်းမှ တပါး ကြွင်းသော ရုပ်ကလာပ် ၁၉-စည်းတို့တည်း။

''အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်'' ၂-ပါးစုံ၌ ရသင့်သော ရုပ်ကလာပ်များကား ''သုဒ္ဓဋ္ဌက, သဒ္ဒနဝက''ဟူသော ဥတုဇရုပ်ကလာပ် ၂-စည်းတည်း၊ ဤသို့ ခွဲစိတ်ဝေဖန်သင့်ပါသည်။

၅၁။ 'ကမ္မစိတ္တောတုကာဟာရ' အစရှိသော သင်္ဂဟဂါထာဖြင့် ဆိုခဲ့ပြီးသော ရုပ်ကလာပ်တို့ကို အကျဉ်းချုံး၍ စုပေါင်းပြတော်မူသည်။

**သည်ရှင်း။ ဆ၊ ၆-စည်းတို့သည်ရှင်း။ စတုရော၊ ၄-စည်းတို့သည်ရှင်း။ ဒွေ၊ ၂-စည်းတို့သည်ရှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ကလာပါ၊ ရုပ်ကလာပ်တို့သည်။ ဧကဝီသတိ၊ ၂၁-စည်းတည်း။**

**အာကာသံ၊ အာကာသဓာတ်ကိုရှင်း။ လက္ခဏာနိစ၊ လက္ခဏာရုပ်တို့ကိုရှင်း။ ကလာပါနံ၊ ရုပ်ကလာပ်တို့၏။ ပရိစ္ဆေဒလက္ခဏတ္တာ၊ အပိုင်းအခြား အမှတ်အသားတို့၏ အဖြစ်ကြောင့်။ ကလာပင်္ဂံ ဣတိ၊ ကလာပ်၏ အစိတ် အပိုင်းဟူ၍။ ဝိစက္ခဏာ၊ ပညာရှိတို့သည်။ န အာဟု၊ မဆိုကြကုန်။**

**အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤရုပ ပရိစ္ဆေဒ၌။ ကလာပယောဇနာ၊ ကလာပ်တို့ကို ယှဉ်စပ်ဖွဲ့ပြခြင်းတည်း။**

**၅၂။ ပန၊ ကား။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတာနိ ရူပါနိ၊ ဤရုပ်တို့ကို။ ကာမလောကေ၊ ကာမဘုံ၌။ ယထာရဟံ၊ (ဘာဝ ပသာဒ ရသည်အလိုက်) ထိုက်သည်အားလျော်စွာ။ အနူနာနိ၊ မယုတ် လျော့ကုန်သည်ဖြစ်၍။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ဥပလဗ္ဘန္တိ၊ ရအပ်ကုန်၏။**

---

ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် ၂-စည်း၊ ပေါင်း ကလာပ် ၂၁-စည်း ဖြစ်သည်၊ နဝ— စသည်တို့၏ သရုပ်ကို အကျယ်စကားရပ်ကို ကြည့်ရှုရေတွက်ပါ။

**ကလာပ်မဆိုက်သော ရုပ်၅ ပါး**

'ကလာပါနံ' အစရှိသော ဂါထာဖြင့် အာကာသဓာတ်နှင့် လက္ခဏာရုပ်တို့ ကလာပ်အစိတ်အပိုင်းမှာ မပါဝင်ရခြင်း၏ အကြောင်းကို ပြတော်မူသည်။

ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောကြောင့် "အာကာသကို ကလာပ်၏ အစိတ်အပိုင်း" ဟု မဆိုသင့်။

ကလာပ်တို့၏ အမှတ်အသားမျှသာ ဖြစ်သောကြောင့် "လက္ခဏာရုပ်တို့ကို လည်း ကလာပ်တို့၏ အစိတ်အပိုင်း" ဟုမဆိုသင့်။

ကလာပ် ၂-ခုစပ်လျှင် 'အာကာသ' ဟူသော အကြား အလိုအလျောက် ပါလာသည်၊ သို့ဖြစ်၍ အာကာသသည် ကလာပ်၏ အပြင်ဘက်ကို ရောက်နေ သည်၊ ကလာပ်၏ အစိတ်အပိုင်း မဖြစ်နိုင်၊ လက္ခဏာရုပ်တို့သည်လည်း ရုပ် ကလာပ်တို့၏ "ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း" ဟူသော အမှတ်အသားမျှသာ ဖြစ်သည်၊ ရုပ်အစစ်မဟုတ်၊ ရုပ်ကလာပ်တို့၏ အစိတ်အပိုင်း မဖြစ်နိုင်။

**ကာမဘုံ၌ ရုပ်ဖြစ်စဉ်**

၅၂။ ကာမဘုံ၌ ရုပ် ၂၈ ပါးလုံးကို ပဝတ္တိအခါမှာ ထိုက်သည်အား လျော်စွာ ယုတ်လျော့မှုမရှိပဲ အပြည့်အဝပင် ရနိုင်သည်။

**၅၃။ ပဋိသန္ဓိယံ ပန၊ ပဋိသန္ဓေအခါ၌ကား။ သံသေဒဇာနဉ္စဝ၊ သံသေဒဇသတ္တဝါတို့၏ သန္တာန်၌ရင်း။** ဩပပါတိကာနဥ္စ၊ ဩပပါတိက သတ္တဝါတို့၏ သန္တာန်၌ရင်း။ **ဥက္ကဋ္ဌဝသေန၊ အလွန်ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်။စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသက သင်္ခါတာနိ၊ စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ကာယဒသက ဘာဝဒသက ဝတ္ထုဒသက. ဟုဆိုအပ်ကုန်သော။ သတ္တဒသကာနိ၊ ၇-ပါး သော ဒသကတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။**

**ပန၊ ကား။** ဩမကဝသေန၊ **အယုတ်အလျော့ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်။ စက္ခု သောတ ဃာန ဘာဝ ဒသကာနိ၊ စက္ခု သောတ ဃာန ဘာဝဒသကတို့ကို။ ကဒါစိ၊ တရံတခါ၌။ န လဗ္ဘန္တိ၊ မရအပ်ကုန်။တသ္မာ၊ ထိုကြောင့်။ ဘေသံ၊ ထိုစက္ခု သောတ ဃာန ဘာဝတို့နှင့်။ ဝသေန၊ စပ် သဖြင့်။ ကလာပဟာနိ၊ ကလာပ်တို့၏ယုတ်လျော့ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။**

---

**ယထာရဟံ။** ။အမဖြစ်လျှင် ပုရိသဘာဝရုပ်ကို မရ၊ အထီးဖြစ်လျှင် ဣတ္ထိဘာဝရုပ်ကို မရ၊ ဘာဝရုပ်ချို့သူဖြစ်လျှင် ၂-ပါးလုံးကိုပင် မရ၊ စက္ခုစသည် ချို့တဲ့သူဖြစ်လျှင် စက္ခုအစရှိသော အချို့ရုပ်များကိုမရ၊ ထို့ကြောင့် "ယထာရဟံ—ဘာဝပသာဒ ရသည်အလိုက် ထိုက်သည် အား လျော်စွာ" ဟုဆိုရသည်။

**အနူနာနိ။** ။ယင်းသို့ ထိုထိုပုဂ္ဂိုလ်အလိုက် အချို့ရုပ်များကို မရထိုက်သော်လည်း ကာမဘုံအတွက်ကား မည်သည့်ရုပ်မျှ ယုတ်လျော့စရာ မရှိပါ၊ အကုန်လုံးကိုပင် ရသင့်ပါသည်၊ ထို့ကြောင့် "အနူနာနိ=ယုတ် လျော့မှုမရှိပဲ အပြည့်အဝရနိုင်သည်" ဟု ဆိုထားပါသည်။

'ပဋိသန္ဓိယံ ပန' စသော စကားရပ်ဖြင့် ကာမဘုံ၌ ပဋိသန္ဓေအခါမှာ ရုပ်ဖြစ်ပုံကို ပြတော်မူသည်။

၅၃။ ပဋိသန္ဓေအခါ၌ သံသေဒဇ, ဩပပါတိကသတ္တဝါတို့၏ သန္တာန်မှာ အလွန်ဆုံးအားဖြင့် "စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက" ဟု ဆိုအပ်သော ဒသက ၇-ပါး တို့ ဖြစ်နိုင်သည်၊ ထိုတွင် ရံခါ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဘာဝဒသကတို့ကို မရနိုင်ပါ၊ ထို့ကြောင့် ယင်းမရကောင်းသော ဒသကတို့ နှင့် စပ်လျဉ်း၍ ကလာပ်တို့၏ ယုတ်လျော့မှုကို သိသင့်သည်။

**သတ္တဝါအမျိုးအစား**

၁။ သံသေဒဇ သတ္တဝါ=ငြိကပ်တွယ်တာရာအရပ်၌ ဖြစ်သောသတ္တဝါ၊ ပဒုမ္မာကြာပန်း၌ ပဋိသန္ဓေတည်နေသော ပဒုမဝတီမိဖုရား၊ ဝါးပင်၌ ပဋိသန္ဓေတည်နေသော ဝေဠုဝတီမိဖုရား၊ ရေပုပ်,ငါးပုပ် စသည်၌ ပဋိသန္ဓေတည်နေသော ပိုးလောက် စ သောသတ္တဝါမျိုး။

၂။ ဩပပါတိကသတ္တဝါ=ဘဝဟောင်းမှ ခုန်လွှား၍ ကျလာသကဲ့သို့ ကိုယ်ခန္ဓာအထင်အရှားဖြစ်သူ၊ ကမ္ဘာဦးက လူများနှင့် နတ် စသော သတ္တဝါမျိုး။

၃။ ဂဗ္ဘသေယျက=အမိဝမ်းတွင်း အောင်း၍ ပဋိသန္ဓေ နေသော သတ္တဝါ။

ထိုတွင် ဂဗ္ဘသေယျကသတ္တဝါသည်—

၁။ ဇလာဗုဇ=သားအိမ်၌ ဖြစ်သောသတ္တဝါ၊ လူ ခွေး စသော သတ္တဝါမျိုး။

၂။ အဏ္ဍဇ=ဥခွံ၌ ဖြစ်သောသတ္တဝါ၊ ကြက်, ငှက် စသော သတ္တဝါမျိုး။

ဤသို့ ၂-မျိုးရှိပြန်သည်၊ ထို့ကြောင့် "သံသေဒဇ, ဩပပါတိက, ဂဗ္ဘသေယျက" ဟု ပုဂ္ဂိုလ် ၃-မျိုး၊ တနည်းအားဖြင့် "သံသေဒဇ, ဩပပါတိက, ဇလာဗုဇ, အဏ္ဍဇ" ဟု ပုဂ္ဂိုလ် ၄-မျိုးရှိသည်—ဟုမှတ်ပါ၊ "ယောနိ ၄-မျိုးလည်း ခေါ်ကြသည်။

၃၁-ဘုံ၌ ဖြစ်ကြသော သတ္တဝါတို့တွင် ဘုမ္မစိုးနတ်မှ တပါးသော နတ်ပြဟ္မာများ, 'နိဇ္ဈာမတဏှိက' ဟု ခေါ်သော ပြိတ္တာမျိုး, ငရဲဘုံတို့၌ ဥပပတ်ပဋိသန္ဓေတမျိုးသာရသည်၊ ကြွင်းသော ဂတိ(ဌာန)များ၌ ယောနိ ၄-ပါးလုံးကိုပင် ရနိုင်သည်။ (ယောနိ=အမျိုးဇာတ်။)

**ဆောင်**။ ။ကြဉ်လတ်ဘုမ္မာ, နတ်ပြဟ္မာနှင့်, နိဇ္ဈာမတဏှိက, ပေတ တဖြာ, ငရဲရွာဝယ်, တစ်သာဩပ, ကြွင်းဘဝ,ရကြ လေးယောနိ။

**တနည်း**။ ။ဘုမ္မစိုး၊ ပယ်ကြဉ်ရိုး နတ်ပြဟ္မာ၊
နိဇ္ဈာမာ—တဏှိကငယ်၊ ခေါ်ကြ ပြိတ္တာ၊
ငရဲရွာ၊ ဥပပတ်သာ အမြဲ၊
အကြွင်းမှာ—လေးယောနိငယ်၊ ရရှိ ဝေခွဲ။

**၅၄။ ပဒ၊ ကာ။ ဂဗ္ဘသေယျကသတ္တာနံ၊ ဂဗ္ဘသေယျကသတ္တဝါတို့၏ သန္တာနိ၌။ ကာယ ဘာဝ ဝတ္ထုဒသက သင်္ခါတာနိ၊ ကာယ ဘာဝ ဝတ္ထုဒသက ဟု ဆိုအပ်ကုန်သော။ တီဏိ၊ ၃-ပါးကုန်သော။ ဒသကာနိ၊ ဒသကတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ တတ္ထာပိ၊ ထို ၃-ပါးသော ဒသကတို့တွင်လည်း။ ဘာဝဒသကံ၊ ဘာဝဒသကကို။ ကဒါစိ၊ တရံတခါ၌။ နလဗ္ဘတိ၊ မရအပ်။**

**တတော၊ ထိုပဋိသန္ဓေအခါမှ။ ပရံ၊ နောက်၌။ ပဝတ္တိကာလေ၊ ပဝတ္တိအခါ၌။ ကမေန၊ အစဉ်အားဖြင့်။ ဝါ၊ တရွေ့ရွေ့။ (ဝဿမာနာနံ၊ ကြီးပွါးကုန်လသော်။) စက္ခုဒသကာဒီနိ စ၊ စက္ခုဒသက အစရှိသည်တို့သည်လည်း။ ဝါ၊ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသကတို့သည်လည်း။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။**

---

ရုပ် ၂၀။ ။ "သံသေဒဇပုဂ္ဂိုလ်နှင့် ဩပပါတိက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေခဏ၌ ကမ္မဇကလာပ် ၇-စည်း ဖြစ်နိုင်သည်" ဟု ဆိုထားရာ ပုဂ္ဂိုလ်တဦးတယောက်၏ သန္တာန်၌ ဘာဝရုပ် တခုခုသာ ဖြစ်သင့်သော ကြောင့် ဘာဝဒသကကို တခုမျှသာ ရေတွက်ထားသည်။ အမှန်မှာ ဇီဝိတနဝကမှတပါးသော ကမ္မဇကလာပ် ၈-စည်းပင် ဖြစ်နိုင်သည်။

ယင်း ရုပ်ကလာပ်များ ဖြစ်သည့်အခါ ရုပ်ကလာပ်တို့၏ အပိုင်းအခြား ဖြစ်သော အာကာသလည်း ဖြစ်လာရသည်၊ ရုပ်ကလာပ်တို့၏ အမှတ်အသား ဖြစ်သော ဥပစယနှင့်သန္တတိတို့လည်း ဖြစ်လာရသည်၊ ပဋိသန္ဓေ စိတ်, စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ဥပါဒ်ကိုသာ "ပဋိသန္ဓေ" ဟု ခေါ်ရသော ကြောင့် ဇရတာနှင့် အနိစ္စတာတို့ကား မဖြစ်နိုင်သေးပါ။

ထို့ကြောင့် သံသေဒဇပုဂ္ဂိုလ်နှင့် ဩပပါတိက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေခဏ၌ "(အာကာသနှင့်တကွ) ကမ္မဇရုပ် ၁၈-ပါး, ဥပစယ,သန္တတိ" အားဖြင့် ၂၀-သော ရုပ်များ ဖြစ်နိုင်ကြသည်။

၅၄။ ဂဗ္ဘသေယျက (ဇလာဗုဇ, အဏ္ဍဇ) သတ္တဝါများမှာ "ကာယ, ဘာဝ, ဝတ္ထု" ဟု ဆိုအပ်သော ဒသက ၃-ခု ဖြစ်သည်၊ ထို ၃-ပါးတို့တွင်လည်း ဘာဝဒသကကို တရံတခါ၌ မရသင့်၊ ပဋိသန္ဓေနောက် ပဝတ္တိအခါ၌ အစဉ်အတိုင်း ကြီးပွါးလာခဲ့သည်ရှိသော် (၁၁-သတ္တာဟ၊ ၇၇-ရက်လောက်ကြာမှ) စက္ခု, သောတ, ဃာန, ဇိဝှါဒသကတို့(၇-ရက် ၇-ရက်စီခြားကာ) ဖြစ်လာကြရသည်။

၃၅။ ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသော အစီအစဉ်ဖြင့်။ ပဋိသန္ဓိ၊ ပဋိသန္ဓေ စိတ်၏ ဥပါဒ်ခဏကို။ ဥပါဒါယ၊ အစပြု၍။ ကမ္မသမုဋ္ဌာနာ၊ ကမ္မဇရုပ်တို့ ၎င်း။ ဒုတိယစိတ္တံ၊ ပထမဘဝင်စိတ်၏ ဥပါဒ်ခဏကို။ ဥပါဒါယ၊ ၍။ စိတ္တ

---

**ချို့ကောင်းသောဒသက**။ ။ချို့ကောင်းသော ဒသကများနှင့် စပ်လျဉ်း၍ ဤသို့ ကောက်ချက်ချကာ မှတ်သားရာ၏၊ သံသေဒဇသတ္တဝါနှင့် ဂဗ္ဘသေယျကသတ္တဝါတို့၌ "စက္ခုဒသက, သောတဒသက, ဃာနဒသက, ဘာဝဒသက" အားဖြင့် ဒသကလေးမျိုး ချို့နိုင်သည်။

ဥပပတ်ပဋိသန္ဓေနေသော သတ္တဝါများတွင် အပါယ်ဘုံသား သတ္တဝါများမှသာ "စက္ခုဒသက, သောတဒသက, ဘာဝဒသက" အားဖြင့် ဒသက ၃-မျိုး ချို့ကောင်းသည်။

သုဂတိဘုံ၌ ဥပပတ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင် ကမ္ဘာဦးလူများမှသာ ဘာဝဒသက ချို့ကောင်းသည်၊ ကမ္ဘာဦးလူများကား ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်း မဟုတ်သေးပါ၊ အခြားသုဂတိဘုံက ဥပပတ်ပုဂ္ဂိုလ်များမှာ မည်သည့်ရုပ်ကလာပ်မျှ မချို့တဲ့ပါ။

**ဆောင်**။ ။စက္ခု သောတ, ဃာန ဘာဝေါ, ချို့ကောင်းရာကား, နှစ်ဖြာဂဗ္ဘ, သံသေဒမှတ်၊ ဥပပတ်မှာ, ပါယ်၌သာလျှင်, စက္ခာသောတ, ဘာဝချို့ဘိ၊ သုဂတိကား, ကပ်ဦးသား, ချို့ငြားဘောတခု။

**တနည်း**။ ။စက် သောတ၊ ဃာနရယ်တဲ့ ဘာဝေါ၊
ချို့ကောင်းရာ-သံသေဒငယ်၊ ဂဗ္ဘသေယျာ၊
ဥပပတ်-ပါယ်၌သာ၊ စက် သော ဘာချို့ကြ၊
သု ဩပါ-ကပ်ဦးသားငယ်၊ ချို့ငြားဘာဝ။

**ရုပ်-၁၆**။ ။ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေခဏ၌ "ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက" အားဖြင့်ဒသက၃-ခု ဖြစ်သည်ဟု ဆိုထားရာ ဘာဝဒသက ၂-မျိုးရှိနေသည့်အတွက် "သာမန်အားဖြင့် ဒသက ၄-ခုဖြစ်သည်"ဟု မှတ်သင့်သည်၊ ထိုတွင် အာကာသနှင့် ဥပစယ,သန္တတိတို့ကို ပေါင်းထည့်ပါက ရုပ်ပေါင်း ၁၆-ပါးဖြစ်ပါသည်၊ စက္ခု, သောတ, ဃာန, ဇိဝှါကြဉ်သောကမ္မဇရုပ် ၁၄-ပါးနှင့် ဥပစယ, သန္တတိတို့ပေတည်း၊ ပုဂ္ဂိုလ်တဦးတဦးအတွက် အလွန်ဆုံး ၁၅-ပါးသာ ရနိုင်ကြောင်းကိုလည်း သတိပြုပါ။

၃၅။ 'ဣစ္စေဝံ'အစရှိသော စကားရပ်ဖြင့် ရုပ်တို့၏ ဖြစ်စဉ်ကို ဆက်လက်ပြဆိုထားသည်။

**သမုဋ္ဌာနာ၊ စိတ္တဇရုပ်တို့ရင်း။ ဌိတိကာလံ၊ ပဋိသန္ဓေစိတ်၏ ဌိကာလကို။ ဥပါဒါယ၊ ၍။ ဥတုသမုဋ္ဌာနာ၊ ဥတုဇရုပ်တို့ရင်း။ ဩဇာဖရဏံ၊ ဩဇာပျံ့နှံ့ရာအခါကို။ ဥပါဒါယ၊ ၍။ အာဟာရသမုဋ္ဌာနာ စ၊ အာဟာရသမုဋ္ဌာန်ရုပ်တို့ရင်း။ ဣတိ၊ ဤသို့။ စတုသမုဋ္ဌာနရူပ ကလာပ သန္တတိ၊ ၄-ပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်သည်။ ကာမလောကေ၊ ကာမဘုံ၌။ ဒီပဇာလာ ဝိယ၊ ဆီမီးအလျှံသည်ကဲ့သို့ရင်း။ နဒီသောတော ဝိယ စ၊ မြစ်ရေအလျဉ်သည်ကဲ့သို့ရင်း။ ယာဝတာယုကံ၊ အသက်ရှည်သမျှကာလပတ်လုံး။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်မစဲတဖွဲဖွဲ။ ပဝတ္တတိ၊ ဖြစ်၏။**

---

ဆိုအပ်ခဲ့ပြီးသော အစီအစဉ်ဖြင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်းမှာ ကမ္မဇရုပ်များဖြစ်ကြသည်၊ ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ (ရုပ်ကိုဖြစ်စေတတ်သော စိတ်တို့၏) ဥပါဒ်တိုင်း ဥပါဒ်တိုင်းမှာ စိတ္တဇရုပ်များ ဖြစ်ကြသည်၊ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ (ခဏတိုင်း ခဏတိုင်း) ဥတုဇရုပ်များ ဖြစ်ကြသည်၊ ဩဇာပျံ့နှံ့ရာအခါမှ အစပြု၍ (ခဏတိုင်း ခဏတိုင်း) အာဟာရဇရုပ်များ ဖြစ်ကြသည်၊ ဤသို့ အကြောင်း ၄-ပါးကြောင့်ဖြစ်သော ရုပ်ကလာပ် အစဉ်သည်ကာမဘုံ၌ ဆီမီးအလျှံကဲ့သို့ရင်း, မြစ်ရေအလျဉ်ကဲ့သို့ရင်း အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်မစဲ ဖြစ်နေတော့သည်။

**ဒုတိယစိတ္တံ**။ ။တဘဝ၌ ပဋိသန္ဓေစိတ်သည် ပထမစိတ် ဖြစ်သည်၊ ထိုပဋိသန္ဓေစိတ်ကို ထောက်ဆ၍ ပဋိသန္ဓေ၏ နောက်၌ဖြစ်သော-ပထမဆုံးသော ဘဝင်စိတ်ကို ''ဒုတိယစိတ်'' ဟု ခေါ်သည်၊ ထို့ကြောင့် 'ဒုတိယစိတ္တံ' အရ ပဋိသန္ဓေနောင် ပထမဘဝင်ကို ယူရသည်။

**ဌိတိကာလံ**။ ။ပဋိသန္ဓေစိတ်နှင့် အတူဥပါဒ်သော ကမ္မဇရုပ်များ၌ 'ဥတု' ခေါ်သော တေဇောဓာတ် ပါလာသည်၊ ထိုတေဇောဓာတ်သည် ပဋိသန္ဓေစိတ်၏ ဌီခဏသို့ ရောက်လျှင် သူကိုယ်တိုင်လည်း ဌီသို့ရောက်လာရသည်၊ ထိုသို့ ဌီသို့ ရောက်လာရသည့်အခါမှာ ဥတုဇရုပ်များကိုဖြစ်စေနိုင်ကြသည်၊ ထို့ကြောင့်'ဌိတိကာလံ'အရ ပဋိသန္ဓေစိတ်၏ ဌီခဏကို ယူရသည်။

**ဩဇာဖရဏံ**။ ။သံသေဒဇ ပုဂ္ဂိုလ်နှင့်ဩပပါတိက ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေနေပြီးနောက် တစုံတခုသော စားဖွယ်,သောက်ဖွယ်ကို စားသောက်ရသည့် အခါမျိုး, အယုတ်ဆုံးအားဖြင့် မိမိ၏ တံတွေးကို မျိုချသော အခါမျိုးသည် ဩဇာပျံ့နှံ့ရာအခါ ဖြစ်သည်၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေတည်နေပြီးသည့်နောက် တသတ္တာဟ, ၂-သတ္တာဟလောက် အရောက်

၅၆။ ပန၊ ဖြစ်စဉ်မှတပါး ချုပ်စဉ်ကိုပြဦးအံ့။ မရဏကာလေ၊ စုတော ဓါနီးအခါ၌။ စုတိစိတ္တောပရိ သတ္တရသမ စိတ္တဿ၊ စုတိစိတ်မှ အထက် ၁၇–ချက်မြောက်သော စိတ်၏။ ဌိတိကာလံ၊ ဌီကာလကို။ ဥပါဒါယ၊ ၍။ ကမ္မဇရူပါနိ၊ ကမ္မဇရုပ်တို့သည်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ပုရေတရံ၊ ဌိခဏ၏ ရှေးဖြစ်သော ဥပါဒ်ခဏ၌။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်ပြီးသော။ ကမ္မဇရူပါနိ စ၊ ကမ္မဇရုပ်တို့သည်လည်း။ စုတိစိတ္တ သမကာလမေဝ၊ စုတိစိတ်နှင့် ညီမျှသော ကာလတိုင်အောင် သာလျှင်။ ပဝတ္တိတွာ၊ ဖြစ်တည်၍။ နိရုဇ္ဈန္တိ၊

---

တွင် မိခင်က တစုံတခုသော အစာအာဟာရကို စား, သောက်သည့်အခါမျိုးသည် ဩဇာပျံ့နှံ့ရာအခါ ဖြစ်သည်။

**ဒီပဇာလာ ဝိယ**။ ။မီးစာနှင့် ဆီတို့ကို အကြောင်းပြု၍ တောက်လောင်နေသော ဆီမီးသည် မျက်မြင်အားဖြင့်တခုတည်းကဲ့သို့ ထင်ရစေကာမူ မြင်ရ, ထင်ရသည့်အတိုင်း တခုတည်း မဟုတ်ပါ၊ ရှေးရှေး ဆီနှင့် မီးစာတို့ ကုန်ကျွမ်းသလောက် မီးတောက်ပါ ချုပ်၍ ချုပ်၍ အသွားမှာ နောက်နောက်ဆီနှင့် မီးစာတို့ကြောင့် မီးတောက် အသစ် အသစ် ပေါ်ထွက်လာပါသည်၊ထို့အတူသတ္တဝါတို့၏ရုပ်ခန္ဓာသည်လည်း မျက်မြင်အားဖြင့် တခုတည်း ထင်ရစေကာမူ ရှေးရှေး (''ကံ, စိတ်, ဥတု, အာဟာရ'' တည်းဟူသော) အကြောင်းတရားတို့ကြောင့် ဖြစ်သော ရုပ်ခန္ဓာအစဉ်က ချုပ်၍ ချုပ်၍ အသွားမှာ နောက်နောက် ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်သော ရုပ်အစဉ်များ အသစ် အသစ် ပေါ်ထွက်လာရသည်၊ ဤကဲ့သို့ ဖြစ်, ပျက် နေသည်ကိုပင်''ဆီမီးအလျှံကဲ့သို့ မပြတ်မစဲဖြစ်သည်''ဟုဆိုရသည်။

**နဒီသောတော ဝိယ**။ ။မြစ်ရေအလျဉ်ကို ကြည့်သည့်အခါမှာလည်း တခုတည်းပင် ထင်ရစေကာမူ တခုတည်း မဟုတ်ပါ၊ အမှန်မှာ ရှေးရှေးမြစ်ရေက စီးသွားလိုက်၊ နောက်နောက်မြစ်ရေက ရောက်လာလိုက်၊ ဤသို့ အဆက်မပြတ် ဖြစ်နေခြင်းသာ ဖြစ်ပါသည်၊ ထို့အတူ သတ္တဝါတို့၏ ရုပ်ခန္ဓာသည်လည်း တခုတည်း ထင်ရစေကာမူ တခုတည်း မဟုတ်ပါ၊အမှန်မှာ–ရှေးရှေး ရုပ်အစဉ်က ချုပ်ပျောက်လိုက်၊ နောက်နောက် ရုပ်အစဉ်က ပေါ်ပေါက်လာလိုက်၊ ရှေးရှေး ရုပ်အစဉ်က ချုပ်ပျောက်လိုက် နောက်နောက် ရုပ်အစဉ်က ပေါ်ပေါက်လာလိုက်၊ ဤသို့ အဆက်မပြတ် ဖြစ်နေခြင်းသာ ဖြစ်ပါသည်၊ ယင်းသို့ ဖြစ်နေသည်ကိုပင် ''မြစ်ရေအလျဉ်ကဲ့သို့ မပြတ်မစဲ ဖြစ်နေသည်'' ဟု ဆိုရပါသည်။


**ချုပ်ကုန်၏။ တတော၊ ထိုကမ္မဇရုပ်တို့ ချုပ်ရာအခါမှ။ ပရံ၊ နောက်၌။ စိတ္တဇာဟာရဇရူပဒ္ဓ၊ စိတ္တဇရုပ်, အာဟာရဇရုပ်တို့သည်လည်း။ ဝေါစ္ဆိဇ္ဇတိ၊ ပြတ်စဲ၏။ တတော၊ ထိုတိဇရုပ် ချုပ်ရာအခါမှ။ ပရံ၊ နောက်၌။ဥတုသမုဋ္ဌာနရူပ ဗရမ္ပရာ၊ ဥတုဇရုပ် အဆက်ဆက်တို့သည်။ ယာဝ မတကဠေဝရ သမ်ါတာ၈၊ စုတေပြီးနောင် အလောင်းကောင်ဟု ဆိုအပ်သည့်တိုင်အောင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။**

---

**ရှပ်ချုပ်စဉ်**

၅၆။ "မရဏကာလေ ပန" အစရှိသော စကားရပ်ဖြင့် ရုပ်တို့၏ ပျက်စဉ်ကို ပြတော်မူသည်။

ဤသို့ အကြောင်း ၄-ပါးကြောင့်ဖြစ်သော ရုပ်တို့ အစဉ်မပြတ်ဖြစ်ကာ, ချုပ်ကာ လာခဲ့ရာ စုတေဖို့ရန် နီးကပ်လာသည့်အခါ စုတိစိတ်မှ နောက်ဆုတ်ရေတွက်ပါလျှင် ၁၇-ချက်မြောက်သောစိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ်သစ်များ မဖြစ်ကြတော့ချေ၊ ထို ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ကြသော ကမ္မဇရုပ်များသည်လည်း စုတိစိတ်၏ ဘင်နှင့် ပြိုင်၍ ချုပ်ကြရတော့သည်၊ ထို ကမ္မဇရုပ် ချုပ်ပြီးသည်နောက် စိတ္တဇရုပ်, အာဟာရဇရုပ်တို့လည်း ပြတ်စဲကြသည်၊ ထိုသို့ကမ္မဇ, စိတ္တဇ, အာဟာရဇရုပ်တို့ ချုပ်ပြီးသည့်နောက် ဥတုဇရုပ် အဆက်ဆက်တို့သည် "အလောင်းကောင်" ဟု ခေါ်ဆိုရသည့်တိုင်အောင် ဖြစ်နေကြရသည်။




**ကမ္မဇ**။ ။ဝီထိပုံမှာ ပြထားသည့်အတိုင်း စုတိစိတ်မရောက်မီ ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်ထိအောင်သာ ကမ္မဇရုပ်များ ဖြစ်ကြရသည်၊ ဌီခဏမှစ၍ နောက်ပိုင်းမှာ ကမ္မဇရုပ်သစ်များ မဖြစ်ကြတော့ပါ၊ အဘယ်ကြောင့်နည်း၊ တဘဝအတွက် ရုပ်ဇီဝိတနှင့် နာမ် ဇီဝိတတို့ တပြိုင်နက်အပြီးသတ် ချုပ်သည်ကိုပင် "စုတေသည်၊ အသက်ကုန်သည်" ဟုဆိုရသည်၊ နောက် ဆက်လက်၍ ကမ္မဇရုပ်သစ်များ ဖြစ်နေပါက စုတေမှု, အသက်ကုန်မှုပင် မဖြစ်နိုင် သောကြောင့်တည်း။

**၅၇။ ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသော အစဉ်ဖြင့်၊ မတသတ္တာနံ၊ စုတေကုန်သော သတ္တဝါတို့၏ သန္တာန်၌။ ပုန ဒေဝ၊ တဖန်သာလျှင်၊ ဘဝန္တရေ၊ ဘဝဘပါး၌၊ ပဋိသန္ဓိ၊ ပဋိသန္ဓေကို၊ ဉပါဒါယ၊ အစပြု၍၊ တထာ၊ ထိုဆိုခဲ့ပြီးသည့်အတိုင်း၊ ရူပံ၊ ရုပ်သည်၊ ပဝတ္တတိ၊ ဖြစ်ပြန်၏။**

---

**စိတ္တဇ**။ ။ရဟန္တာတို့၏ စုတိစိတ်မှ တပါးသော စုတိစိတ်များသည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကြသည်၊ ထို့ကြောင့် စုတိစိတ်၏ဉပါဒ်ခဏ၌ အဆုံးသက်ဖြစ်ကြရသော စိတ္တဇရုပ်များသည် ကမ္မဇရုပ် ချုပ်ပြီးသည့်နောက် (စုတေပြီးနောက်) ခဏငယ် ၄၈-ချက်ခန့်ကြာမှ ချုပ်သည်၊ ရဟန္တာတို့၏ စိတ္တဇရုပ်မှာမူ ခဏငယ် ၄၅-ချက်ခန့်အကြာမှာ ချုပ်ပါလိမ့်မည်။

**အာဟာရဇ**။ ။အာဟာရဇရုပ်များကား ဝိညာဏ် အထောက်အပံ့ရှိသေးသောကြောင့် စုတိစိတ်၏ဘင်ခဏတိုင်အောင်ပင် ဖြစ်နိုင်ကြသည်၊ ထို့ကြောင့် စုပေ.ပြီးနောက် ခဏငယ် ၅၀-ခန့်ကြာမှ အာဟာရဇရုပ်များချုပ်ကြသည်၊ ခဏကြီးဖြင့်လည်း ရေတွက်ကြည့်ပါ။

**ဉတုဇ**။ ။ဉတုဇရုပ်များကား ရုပ်ကလာပ် ဆက်ကာ ဆက်ကာဖြင့် ကမ္ဘာပျက်သည်တိုင်အောင်ပင် ဖြစ်နေရစ်ကြသည်၊ သို့သော် တဘဝအတွက် ပုံသဏ္ဌာန်မပျက်သေးခင် ဖြစ်နေပုံကို ပြလိုသောကြောင့် "ယာဝ-မတကဠေဝရ သန်ါတာ ပဝတ္တန္တိ=အလောင်းကောင်ဟု ခေါ်ဆိုရသည်တိုင်အောင် ဖြစ်နေကြသည်" ဟု ဆိုထားသည်။

**သောင်**။ ။ကမ္မဇရုပ်, ချုပ်ပြီးနောက်မှ, စိတ္တဇတို့, ခဏအငယ်, လေးဆယ်ရှစ်မျ၊ ဟာရဇမူ, ခဏငါးဆယ်, ပျောက်ကွယ်ချုပ်ရ, ဉတုဇ, ဆက်ကြ ကမ္ဘာ ပျက်အောင်သာ။

**တနည်း**။ ။ကမ္မဇ၊ ချုပ်ပြီးမှ စိတ္တဇာ၊
ခဏငယ်–လေးဆယ်ရှစ်ငယ်၊ တွက်စစ် ရှည်ကြာ၊
ဟာရဇ -ငါးဆယ်သာ၊ တည်နေကာ ပျက်ပြား၊
ဉတုဇာ—ကမ္ဘာပျက်အောင်၊ ဖြစ်လျက် ဆက်သွား။

**ဘဝတပါး ရုပ်ဖြစ်ပွါး**

၅၇။ 'ဣစ္စေဝံ' အစရှိသော ဂါထာသည် တဘဝပြီး တဘဝ ဆက်ကာဆက်ကာရုပ်ဖြစ်နေပုံကို ပြသော ဂါထာ ဖြစ်သည်။

ပြဆိုခဲ့ပြီးသည့်အစဉ်အားလျော်စွာ စုတေသော သတ္တဝါတို့၏ နောက်ဘဝမှာ ပဋိသန္ဓေစိတ်၏ ဉပါဒ်မှစ၍ ဆိုခဲ့ပြီးသည့်အတိုင်း ရုပ်တရားများ ထပ်ဖြစ်ပြန်သည်

**၅၈။ ပန၊ ကစး။ ရူပလောကေ၊ ရူပဘုံ၌။ ဃာန ဇိဝှါ ကာယ ဘာဝ ဒသကာနိ စေဝ၊ ဃာန ဇိဝှါ ကာယ ဘာဝဒသကတို့ကိုရင်း။ အာဟာရဇ ကလာပါနိ စ၊ အာဟာရဇကလာပ်တို့ကိုရင်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တသ္မာ၊ ထိုကြောင့်။ တေသံ၊ ထို ရူပဗြဟ္မာတို့၏။ ပဋိသန္ဓိကာလေ၊ ပဋိသန္ဓေ အခါ၌။ စက္ခုသောတဝတ္ထုဝသေန၊ စက္ခု သောတ ဝတ္ထုတို့၏ အပြားအစးဖြင့်။ တီဏိ၊ ၃-ပါးကုန်သော။ ဒသကာနိ၊ ဒသကတို့ရင်း။ ဇီဝိတနဝကဉ္စ၊ ဇီဝိတနဝကရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ ၄-ပါးကုန်သော။ ကမ္မသမုဋ္ဌာနကလာပါ၊ ကမ္မသမုဋ္ဌာန်ကလာပ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ စိတ္တောတုသမုဋ္ဌာနာ စ၊ စိတ္တဇကလာပ် ဥတုဇ ကလာပ်တို့ကိုလည်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။**

---

**ရူပဘုံ၌ ရုပ်ဖြစ်စဉ်**

'ရူပလောကေ ပန' အစရှိသော စကားရပ်ဖြင့် ရူပဘုံ၌ ရထိုက်သော ရုပ်ကလာပ်တို့ကို ပြသည်။

၅၈။ ရူပဘုံ၌ ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက တို့ကိုမရထိုက်၊ ထို့ပြင် အာဟာရဇ ကလာပ်တို့ကိုလည်းမရထိုက်၊ ထို့ကြောင့် ယင်းရူပဗြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ "စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက,ဇီဝိတနဝက" ဟူသော ကမ္မဇကလာပ် ၄-စည်းတို့ကိုသာ ရထိုက်သည်၊ ပဝတ္တိအခါ၌ကား စိတ္တဇ, ဥတုဇရုပ်ကလာပ်တို့ကိုလည်း ရထိုက်သည်၊ ရူပဘုံ၌ ဥပပတ်ပဋိသန္ဓေသာရှိကြောင်းဆိုခဲ့ပြီ။

ဃာန, ဇိဝှါ, ကာယ, ဘာဝရုပ်တို့သည် ကာမစိတ်ဓာတ်ကို တိုးပွါးစေကြသည့် 'ရူပဘုံ' ဟူသည်မှာလည်းကာမဂုဏ် အာရုံယုတ်ကို စက်ဆုပ်ကြသော ဗြဟ္မာတို့၏ နေထိုင်ရာဌာန ဖြစ်ပေသည်၊ ထို့ကြောင့် ရူပဘုံ၌ ဃာန စသော ရုပ် ၅-ပါး မဖြစ်ကြပါ၊ ဘုရားဖူး, တရားနာ ကျေးဇူးများသော အရာလည်း ရှိသေးသောကြောင့် စက္ခုနှင့် သောတအတွက် ခြွင်းချက်ထားရသည်။

**ဆောင်။** ။ကာမစိတ်ဓာတ်, ပွါးစေတတ်၍, ဃာနတ္တယ, ဒွေဘာဝ, မရ ရူပမှာ။

**တနည်း။** ။ဃာနာဒိ၊ ဒွိဘာဝ ငါးဖြာ၊
ကာမဂုဏ်—အာရုံများကို၊ ပွါးတိုးစေပါ၊
ကာမယုတ်—စက်ဆုပ်ကြ များဗြဟ္မာ၊ နေထိုင်ရာ အရပ်၊
ကြောင်း လောက်လုံ—ဘုံရူပမှာ၊ ရုပ်ပဥ္စ လွတ်။

**၅၉။ ဓနု၊ ကာ၁း။ အသညသတ္တာနံ၊ အသညသတ်ပြဟ္မာတို့၏ သန္တာနန်၌။ စက္ခု သောတ ဃာန ဇိဝှါ သဒ္ဒါပိ၊ စက္ခုဒသက သောတဒသက ဝတ္ထုဒသက သဒ္ဒနဝကတို့ကိုလည်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တထာ၊ ထို့အတူ။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စိတ္တဇရူပါနိ၊ စိတ္တဇရုပ်တို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုအသညသတ်ပြဟ္မာတို့၏။ ပဋိသန္ဓိကာလေ၊ ပဋိသန္ဓေအခါ၌။ ဇီဝိတနဝကမေဝ၊ ဇီဝိတနဝကကလာပ်သည်သာလျှင်ရင်း။ ပဝတ္တိယဉ္စ၊ ပဝတ္တိအခါ၌လည်း။ သဒ္ဒဝဇ္ဇိတံ၊ သဒ္ဒသည် ကြဉ်အပ်သော။ ဥတုသမုဋ္ဌာနရူပံ၊ ဥတုဇရုပ်သည်ရင်း။ အတိရိစ္စတိ၊ ကြွင်းကျန်၏။**

---

ရုပ် ၁၅။ ။ "ရူပပြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ ကမ္မဇကလာပ် ၄-စည်းဖြစ်နိုင်သည်" ဟုဆိုထားရာ ယင်းကလာပ်၄-စည်းဖြစ်က အာကာသဓာတ်နှင့် ဥပစယ, သန္တတိတို့လည်း ကေန်ပင် ဖြစ်လာရပါလိမ့်မည်၊ ထို့ကြောင့် ရူပပြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ "အဝိနိဗ္ဘောဂရုပ် ၈-ပါးနှင့် ဇီဝိတ, စက္ခု, သောတ, ဝတ္ထု, အာကာသဓာတ်, ဥပစယ, သန္တတိ" အားဖြင့် ရုပ်ပေါင်း ၁၅-ပါး ဖြစ်နိုင်သည်၊ တနည်းအားဖြင့် ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝကြဉ်သော ကမ္မဇရုပ် ၁၃-ပါးနှင့် ဥပစယ, သန္တတိတို့ ပင်တည်း။

**ဇီဝိတနဝက။** ။ရူပပြဟ္မာတို့၏ သန္တာန်၌ ဇီဝိတနဝကကလာပ်ကို အဘယ်ကြောင့် ရသနည်း၊ ရူပပြဟ္မာတို့အား ကာယပသာဒ မရှိသောကြောင့် ဇီဝိတနဝကကလာပ်သည် ကာယဒသက၏ အရာ၌ တည်သည် ဖြစ်၍ ရူပပြဟ္မာတို့၏ သန္တာန်၌ ဇီဝိတနဝကကလာပ်ကို ရပါသည်။

ထို့ပြင် ရူပဘုံ၌၊ "ကံ, စိတ်, ဥတု" ဟူသော ရုပ်ဖြစ်ကြောင်း ၃-ပါး၊ "ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်" ဟု ရုပ် ၃-မျိုးသာရှိသည်၊ ထို့ကြောင့် ပဝတ္တိအခါ၌ ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝမှတပါးသော ရုပ် ၂၃-ပါးသာ ဖြစ်နိုင်သည်၊ သင်္ဂဟဂါထာဝယ် 'တေဝီသရူပါသု' ၌ 'တေဝီသ' ၏အရဖြစ်လာပါလိမ့်မည်။

**အသညသတ်ရုပ်ဖြစ်စဉ်**

၅၉။ အသညသတ်ပြဟ္မာတို့၏ သန္တာန်၌ စက္ခု, သောတ, ဝတ္ထု, သဒ္ဒတို့ကိုလည်း မရထိုက်၊ စိတ္တဇရုပ် အကုန်လုံးတို့ကိုလည်း မရထိုက်၊ ထို့ကြောင့် အသညသတ်ပြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ ဇီဝိတနဝက ကလာပ်တစည်းသာ ရထိုက်သည်။

**၆၀။ ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသော အစဉ်ဖြင့်။ ကာမရူပါသညီ သခ်ါ-တော့သို၊ ကာမ ရူပ အသည့်သတ် ဟုဆိုအပ်ကုန်သော။ တိသု၊ ၃-ပါးကုန်သော။ဌာနေသု၊ ဘုံဌာနတို့၌။ ပဋိသန္ဓိ ပဝတ္တိဝသေန၊ ပဋိသန္ဓေ ပဝတ္တိတို့၏ အပြားအားဖြင့်။ ဒုဝိဓာ၊ ၂-ပါးအပြားရှိသော။ ရူပပဝတ္တိ၊ ရုပ်တို့၏ ဖြစ်ပျက်ပုံကို။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။**

---

ပဝတ္တိအခါမှာလည်း (ယင်း ဇီဝိတနဝကကလာပ်နှင့်) သဒ္ဒမှတပါးသော ဥတုဇရုပ်မျှသာ ကြွင်းတော့သည်။

ထိုတွင် "စက္ခု, သောတ, ဝတ္ထု, သဒ္ဒတို့ကိုလည်း မရထိုက်" ဟု ဆိုသဖြင့် "ရှေးရူပဗြဟ္မာများမှာ မရထိုက်သော ဃာန, ဇိဝှါ, ကာယ, ဘာဝဒသက နှင့် အာဟာရဇရုပ်တို့ကိုလည်း မရထိုက်" ဟူသောအနက်သည် ပါဝင်ပြီးပင် ဖြစ်ပါတော့သည်၊ ယင်းအနက်တို့ကို 'အပိ' သဒ္ဒါဖြင့် ပေါင်းသည်။

အသညသတ်ဗြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ ဇီဝိတနဝက ကလာပ်တမျိုး၊ ယင်းရုပ် ၉-ခု၌ အာကာသနှင့် ဥပစယ,သန္တတိတို့ကို ထည့်က ရုပ်ပေါင်း ၁၂-ပါးသာ ဖြစ်နိုင်၏။

ပဝတ္တိအခါ၌ ဇီဝိတနဝကကလာပ်တစည်း၊ "သဒ္ဒဌက, လဟုတာ-ဒေကာဒသက" ဟူသောဥတုဇကလာပ် ၂-စည်း၊ ပေါင်း ကလာပ် ၃-စည်း၊ ထိုတွင် အာကာသနှင့် လက္ခဏာရုပ်တို့ကို ပေါင်းထည့်ပါက ရုပ်ပေါင်း ၁၇-ပါးဖြစ်နိုင်ပါသည်၊ ယင်း ၁၇-ပါးကား ဇီဝိတနဝက ၉-ပါးနှင့် အာကာသ, လဟုတာဒိတ္တယ, လက္ခဏာရုပ် ၄-ခုတို့ပင်တည်း၊ သင်္ဂဟဂါထာ၌ 'သတ္တရသေဝသညီနံ' ဝယ် 'သတ္တရသ' အရ ဖြစ်လာပါလိမ့်မည်။

အသညသတ်ဘုံ၌ "ကံ, ဥတု" ဟု ဆိုအပ်သော ရုပ်ကိုဖြစ်စေတတ်သော အကြောင်း ၂-ပါး၊ "ကမ္မဇရုပ်, ဥတုဇရုပ်" ဟု ရုပ် ၂-မျိုးသာ ရှိသည်။

**ဆောင်။**　။ဇီဝိတ၊ နဝက 'အာကာသာ၊
လဟုတာ ဒိတ္တယငယ်၊ လက္ခဏာပါ၊
ဆယ့်ခုနှစ်သာ၊ အသဉ်မှာ ဖြစ်လတ်၊
သန္ဓိခါ—ဒွါဒသငယ်၊ တိကျဆုံးဖြတ်။

၆၀။ 'ဣစ္စေဝံ' အစရှိသည်ဖြင့် ဆိုခဲ့ပြီးသည်ကို နိဂုံး အုပ်တော်မူသည်၊ အဓိပ္ပါယ်မှာ အပေါ်နိဿယဖြင့်ပင် သိသာ ထင်ရှားပါပြီ။

## သင်္ဂဟဂါထာများ

၆၁။ ကာမေသု၊ ကာမဘုံတို့၌။ အဋ္ဌဝီသတိ၊ ၂၈-ပါးသော။ ရူပါနိ၊ ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရူပီသု၊ အသညသတ်မှတပါးသော ရူပ ၁၅-ဘုံတို့၌။ တေဝီသ၊ ၂၃-ပါးသော။ ရူပါနိ၊ ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အသညီနံ၊ အသညသတ်ပြဟ္မာတို့၏ သန္တာန်၌။ သတ္တရသေဝ၊ ၁၇-ပါးသော ရုပ်တို့သည်သာ။ ဟောန္တိ၊ ဖြစ်ကုန်၏။ အရူပေ၊ အရူပဘုံ၌။ ကိဉ္စိပိ၊ ဘယ်ရုပ်တခုမျှလည်း။ နတ္ထိ၊ မရှိ။

သဒ္ဒေါ၊ သဒ္ဒရုပ်ကိုရင်း။ ဝိကာရော၊ ဝိကာရရုပ် ၅-ခုကိုရင်း။ ဇရတာ၊ ဇရတာရုပ်ကိုရင်း။ မရဏဉ္စ၊ အနိစ္စတာရုပ်ကိုရင်း။ ဥပပတ္တိယံ၊ ပဋိသန္ဓေ အည်နေခါဝ ဥပါဒ်ခဏ၌။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ပဝတ္တေတု၊ ပဝတ္တိ အခါ၌ကား။ ကိဉ္စိပိ၊ ဘယ်ရုပ်တခုကိုမျှလည်း။ န နလဗ္ဘတိ၊ မရအပ်သည် မဟုတ်။ (ရအပ်သည်သာ။)

အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤရူပပရိစ္ဆေဒ၌။ ရူပပဝတ္တိက္ကမော၊ ရူပပဝတ္တိက္ကမတည်း။

၆၂။ ပန၊ ကား။ လောကုတ္တရသင်္ခါတံ၊ လောကုတ္တရာဟုဆိုအပ် သော။ စတုမဂ္ဂဉာဏေန၊ ၄-ပါးသောမဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊ မျက်

---

၆၁။ 'အဋ္ဌဝီသတိ ကာမေသု' အစရှိသော ဂါထာသည် ဆိုခဲ့ပြီးသည် ကိုပင် အကျဉ်းချုံး၍ စုပေါင်းပြဆိုသော သင်္ဂဟဂါထာ ဖြစ်သည်။

အဓိပ္ပါယ်နှင့်တကွ သချ်ာသဒ္ဒါတို့၏ အရကောက်မှာ ဆိုခဲ့ပြီးသော စကားရပ်များဖြင့်ပင် သိသာ ထင်ရှားပါပြီ။

**ပဋိသန္ဓေအခါမှာ မရသောရုပ်**

'သဒ္ဒေါ ဝိကာရော ဇရတာ' အစရှိသော ဂါထာသည် ပဋိသန္ဓေအခါမှာ မရထိုက်သော ရုပ်တို့ကို စုပေါင်း ပြဆိုထားသော သင်္ဂဟဂါထာ ဖြစ်သည်။

ပဋိသန္ဓေအခါ၌ သဒ္ဒရုပ်, ဝိညတ်ဒွေး, လဟုတာဒိတ္တယ, ဇရတာ, အနိစ္စတာ တို့ကိုမရနိုင်၊ကမ္မဇရုပ် ၁၇-ခုနှင့် ဥပစယ, သန္တတိ၊ ပေါင်း ၂၀-တို့ကိုသာ ရနိုင်သည်။

ပဝတ္တိအခါမှာ 'မရနိုင်သောရုပ်' ဟူ၍ မရှိ၊ ရုပ် ၂၈-ပါးလုံးကိုပင် ထိုက်သည် အားလျော်စွာ ရနိုင်သည်။

**မှောက်ပြုထိုက်သော။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တရားတို့၏။ အာရမဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝါနသင်္ခါတာယ၊ ဝါနဟု ဆိုအပ်သော။ တဏှာယ၊ တဏှာမှ၊ နိက္ခန္တတ္တာ၊ ထွက်မြောက်စာတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာနဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။**

**၆၃။ တဒေတံ၊ ထိုနိဗ္ဗာန်သည်။ သဘာဝတော၊ သဘောအားဖြင့်။ ဧကဝိဓမ္ပိ၊ တမျိုးတည်းသာ အဖို့ရှိပါသော်လည်း။ သဥပါဒိသေသနိဗ္ဗာနဓာတု၊ သဥပါဒိသေသနိဗ္ဗာနဓာတ်၎င်း။ အနုပါဒိသေသနိဗ္ဗာနဓာတု စ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်၎င်း။ ဣတိ၊ သို့။ ကာရဏပရိယာယေန၊ မှတ်သားကြောင်း ပရိယာယ်အားဖြင့်။ ဒုဝိဓံ၊ ၂-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

---

"စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ" ဟူသော မာတိကာစဉ်၌ 'ရူပံ' ၏ အရ အကျယ်ပြပြီး၍ 'နိဗ္ဗာနံ' ၏အရ အကျယ်ပြလိုရကား 'နိဗ္ဗာနံ ပန' စသော စကားရပ်ကိုဆိုရသည်။

၆၂။ နိဗ္ဗာန်ကို "ဝါန" ဟု ခေါ်သော တဏှာမှ ထွက်မြောက် တတ်သောကြောင့် "နိဗ္ဗာန်" ဟု ခေါ်သည်၊ ယင်း နိဗ္ဗာန်သည် 'လောကုတ္တရာ' ဟု ဆိုအပ်သော တရားတမျိုးဖြစ်သည်၊ မဂ်ဉာဏ် ၄-ပါးဖြင့် မျက်မှောက် ပြုထိုက်သောတရားမျိုး, မဂ်ဖိုလ်၏ အာရုံဖြစ်သောတရားမျိုးလည်းဖြစ်သည်။

ထိုစကားရပ်၌ "နိဗ္ဗာနံ" ဟူသော ရှေ့ပုဒ်သည် 'နိဗ္ဗာန်' ဟူသော သဘော တရားကို ပြသော ပုဒ်ဖြစ်သည်၊ "နိဗ္ဗာနံ" ဟူသော နောက်ပုဒ်သည် 'နာမည်ကို' ပြသော ပုဒ်ဖြစ်သည်။

ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို ဆက်စပ်ပေးတတ်သောကြောင့် တဏှာကို "ဝါန" ဟု ခေါ်ရသည်၊ တဏှာ၏ အာရုံ အပြု မခံရခြင်းကိုပင် "တဏှာမှ လွတ်မြောက်သည်" ဟု ဆိုရသည်။

မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်ရခြင်းမျိုးကို "မျက်မှောက်ပြုသည်" ဟု ဆိုရသည်၊ နိဗ္ဗာန်ကို ကာမာဝစရဉာဏ်ဖြင့်လည်း သိမြင်နိုင်သည်၊ မဂ်ဉာဏ်ဖြင့်လည်း သိမြင်နိုင်သည်၊ ထိုတွင် မဂ်ဉာဏ်ကိုမရခင် ကာမာဝစရ ဉာဏ်ဖြင့် သိမြင်ခြင်း မျိုးကား မှန်းဆ၍သိခြင်းမျိုးသာဖြစ်သည်၊ မဂ်ဉာဏ်၄-ပါးတို့ဖြ င့်သိမြင်ခြင်း မျိုးကသာ မျက်စိဖြင့် မြင်ရသကဲ့သို့ ပိုင်ပိုင်နိုင်နိုင် သိခြင်းမျိုး ဖြစ်သည်။

၆၃။ ထိုနိဗ္ဗာန်သည် ငြိမ်းအေးခြင်း သဘောအားဖြင့် တမျိုးတည်းသာ ရှိပါသော်လည်း "သဥပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်" ဟု အကြောင်းပရိယာယ် (ကာရဏူပစာ) အားဖြင့် ၂-ပါးပြားသည်။

**၆၄။ တထာ၊ ထိုမှတပါး။ သဥပါဒိ၊ သဥပါဒိသေသနိဗ္ဗာနဓာတ်၊ အနုပါဒိ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်။ ဒုဝိဓ၊ နှစ်ပါး ရှိသည်။ ဟောတိ၊ ဖြစ်၏။**

**၆၄။ တထာ၊ ထိုမှတပါး။ သုညတံ၊ သုညတနိဗ္ဗာန်ဝင်း။ အနိမိတ္တံ၊ အနိမိတ္တနိဗ္ဗာန်ဝင်း။ အပ္ပဏိဟိတဥ္စ၊ အပ္ပဏိဟိတနိဗ္ဗာန်ဝင်း။ ဣတိ၊ သို့။ အာကာရဘေဒေန၊ အခြင်းအရာတို့၏ အပြားအားဖြင့်။ တိဝိဓံ၊ ၃–ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။**

---

ထိုတွင် ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ် မချုပ်သေးခင် (ပရိနိဗ္ဗာန် မဝင်စံခင်) အာရုံပြုအပ်သော နိဗ္ဗာန်သည် ''သဥပါဒိသေသ နိဗ္ဗာနဓာတ်'' မည်၏။ (သ—ရှိသည်+ဥပါဒိ—ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်+သေသ— ကိလေသာတို့မှ ကြွင်းကျန်ရစ်သော။)

ကိလေသာတို့မှ ကြွင်းကျန်ရစ်သည့် ဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ် ချုပ်ပြီး နောက် (ပရိနိဗ္ဗာန် ဝင်စံသည့်အခါ) ရအပ်သော နိဗ္ဗာန်သည် ''အနုပါဒိ သေသ နိဗ္ဗာနဓာတ်'' မည်၏။ (န–မရှိတော့+ဥပါဒိ+သေသ။)

''ဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ်တို့၏ ရှိခြင်း သဥပါဒိသေသ, မရှိခြင်း အနုပါဒိသေသ''ဟူသောအမည်သည် မှတ်သားကြောင်း လက္ခဏာ၏ အမည် ဖြစ်သည်၊ ထို အကြောင်း လက္ခဏာ၏ ''သဥပါဒိသေသ, အနုပါဒိသေသ'' ဟူသောအမည်ကို အကျိုးလက္ခဖြစ်သော နိဗ္ဗာန်၌တင်စား၍ ကာရဏူပစာ အားဖြင့် အကျိုးဖြစ်သော နိဗ္ဗာန်ကိုလည်း ''သဥပါဒိသေသ နိဗ္ဗာနဓာတ်, အနုပါဒိသေသ နိဗ္ဗာနဓာတ်''ဟု ခေါ်ဝေါ် သုံးစွဲခြင်းကိုပင် ''ကာရဏပရိ-ယာယ—အကြောင်းပရိယာယ်''ဟု ဆိုသည်။

**ဆောင်။** ။ဝိပါက်နာမ, ကမ္မဇတို့, မချုပ်သေးမူ, အာရုံပြုက, သဥ မှတ်ကြ၊ ချုပ်ပြီးမှသာ, ရအပ်ပါ, နုပါဒိသေသ။

**တနည်း။** ။ဝိပါက၊ ကမ္မဇရုပ်ါ၊
မချုပ်ခင်—အာရုံပြုလျှင်၊ သဥ မှတ်ပါ၊
ချုပ်ပြီးမှ—ရအပ်ပါ၊ အနုပ ါ ခေါ်ရိုး၊
ကြောင်းအမည်—ကျိုးတင်စားလို့ရယ်၊ ခွဲခြား နှစ်မျိုး။

၆၄။ တဖန်''သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်''ဟု အခြင်းအရာတို့၏ အပြားအားဖြင့် ၃-ပါး ပြားပြန်သည်။

ရာဂ, ဒေါသ, မောဟနှင့် ခန္ဓာ ၅-ပါးတို့၏ ဆိတ်သုဉ်းပုံအခြင်းအရာကို စွဲမှတ်၍ ''သုညတနိဗ္ဗာန်''ဟု ခေါ်သည်။

အထည်ကိုယ် ပုံပန်းသဏ္ဌာန် မရှိပုံ အခြင်းအရာကို စွဲမှတ်၍ ''အနိမိတ္တ-နိဗ္ဗာန်'' ဟု ခေါ်သည်။

၆၅။ အစ္စုတံ၊ စုတေ ရွေ့လျော သေရခြင်းသဘောလည်း မရှိသော။ အစ္စန္တံ၊အဆုံးအပိုင်းအခြားကိုလည်း လွန်ပြီးထသော။ အသင်္ခတံ၊ကံစသော အကြောင်း ၄-ပါးတို့တွင် ဘယ်အကြောင်းတခုမျှ မပြုအပ်သည်လည်း ဖြစ်ထသော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သောတရားလည်း မရှိထသော။ ပဒံ၊ ရောက်သင့်ရောက်ရန် လျော်ကန်သင့်မြတ် ထင်ရှားရှိသော ဓာတ် တမျိုးကို။ ဝါနမုတ္တာ၊ တဏှာမှ လွတ်တော်မူကြကုန်ပြီးသော။ မဟေသယော၊ မဟာဣသိ မုနိထွဋ်ရှင်တင် ဘုရားရှင်တို့သည်။ နိဗ္ဗာနမိတိ၊ နိဗ္ဗာန် ဟူ၍။ ဘာသန္တိ၊ ဟောတော်မူကြကုန်၏။

## ပရမတ္ထ ၄-ပါးနိဂုံး

ဣတိ၊ ဤ ၆-ပါးသော ပရိစ္ဆေဒဖြင့်။ (နိဒ္ဒိဋ္ဌံ၊ အကျယ်ပြအပ်သော။) စိတ္တံ၊ စိတ်ရင်း။ စေတသိကံ၊ စေတသိက်ရင်း။ ရူပံ၊ ရုပ်ရင်း။နိဗ္ဗာနံ၊နိဗ္ဗာန် ရင်း။ ဣစ္စပိ၊ ဤသို့လျှင်။ ပရမတ္ထံ၊ ပရမတ္ထတရားကို။ စတုဓာဝ၊ ၄-ပါး အပြားအားဖြင့်သာလျှင်။ တထာဂတာ၊ ဘုရားရှင်တို့သည်။ ပကာသေန္တိ၊ ထင်ရှားပြတော်မူကြကုန်၏။

---

ပုပ္ပူဆာဆာတဏှာပဏိဓိဖြင့်လည်း မတောင့်တအပ်,ပုပ္ပူဆာဆာ တောင့်တ တတ်သော တဏှာပဏိဓိလည်းမရှိပုံ အခြင်းအရာကိုစွဲ၍ "အပ္ပဏိဟိတနိဗ္ဗာန်" ဟု ခေါ်သည်။

**ဆောင်။** ။ရာ ဒေါ် မောဟာ, ငါးခန္ဓာ၏, ဆိုတ်ကာသုဉ်းလတ်, ခြင်းရာ မှတ်၍, ခေါ်အပ်သုည၊ သဏ္ဍာနလျှင်, ကင်းပ ခြင်းရာ, မှတ်ပါအနိ၊ ပဏိဓိဟူ, ပုပ္ပူဆာဆာ, တဏှာကင်းလွတ်, ခြင်း ရာမှတ်, ခေါ်အပ် အပ္ပဏိ။

**တနည်း။** ။ရာဂ ဒေါ၊ မောဟနှင့် ငါးခန္ဓာ၊
ဆိတ်သုဉ်းပုံ–ခြင်းရာ မှတ်လို့ရယ်၊ ခေါ်အပ် သုညာ၊
ထည်ပုံပန်း—သဏ္ဍာနာ၊ မရှိပါ အနိ၊
ပူဆာဆာ—တဏှာလွတ်ပါတဲ့၊ ခြင်းအရာ—စွဲကာ မှတ်တော့ တယ်၊ အပ္ပဏိဟိ။

## နိဗ္ဗာန်ဂုဏ်ပုဒ် အကျဉ်းချုပ်

၆၅။ 'ပဒမစ္စုတမစ္စန္တံ' အစရှိသော ဂါထာသည် နိဗ္ဗာန် ဂုဏ်ပုဒ်ကို အကျဉ်းချုပ် ပြဆိုသော သင်္ဂဟ ဂါထာဖြစ်သည်။

**အဘိဓမ္မတ္ထသင်္ဂဟေ၊ ဥ္။ ရူပသင်္ဂဟဝိဘာဂေါ နာမ၊ ရူပသင်္ဂဟဝိဘာဂ မည်သော။ ဆဋ္ဌော၊ ၆-ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ၊ ပြီး‌ပြီ။**

---

ရောက်ဖို့ရန် သင့်လျော် ထိုက်တန်သည့် ထင်ရှားရှိသော ဓာတ်တမျိုးကို တကျွာမှ လွတ်တော်မူကြပြီးသော ဘုရားရှင် အဆူဆူတို့က "နိဗ္ဗာန်"ဟု ဟောတော်မူကြသည်၊ ယင်းနိဗ္ဗာန်သည် စုတေရွေ့လျော သေရခြင်း သဘော လည်းမရှိပါ၊အဆုံးအပိုင်း‚အခြားကိုလည်းလွန်မြောက်ပြီးဖြစ်၍၊အကြောင်း တရား ၄-ပါးတို့၏ ပြုပြင်ခြင်းမှလည်းကင်း၏၊ ထိုနိဗ္ဗာန်ထက် လွန်မြတ် သော တရားလည်း မရှိတော့ပါ။

'ဣတိ ဓိဋ္ဌံ' အစရှိသော ဂါထာသည် ပရမတ္ထတရား ၄ -ပါးလုံးကို နိဂုံး အုပ်သော ဂါထာ ဖြစ်သည်။

အဓိပ္ပါယ်မှာ နိဿယဖြင့်ပင် ထင်ရှားပါပြီ။

ရုပ်ပိုင်း ပြီး၏။

# ၇။ သမုစ္စည်းပိုင်း

**၁။ ဒွါသတ္တတိဝိဓာ၊ ၇၂-ပါး အပြားရှိကုန်သော။ သလက္ခဏာ၊ မိမိဆိုင်ရာ လက္ခဏာဒရှိကုန်သော။ ဝတ္ထုဓမ္မာ၊ ပရမတ်အလို အထည်ကိုယ်ဝတ္ထု ရစကောင်းသော တရားတို့ကို။ ဝုတ္တာ၊ ဆိုအပ်ကုန်ပြီ။ ဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုတရားတို့၏။ ယထာယောဂံ၊ ယှဉ်ထိုက်သည်အားလျော်စွာ။ သမုစ္စယံ၊ သဘောတူချင်း ပေါင်းသင်းစုပြ သမုစ္စယသင်္ဂဟကို။ ပဝက္ခာမိ၊ ဆိုပေအံ့။**

**၂။ အကုသလသင်္ဂဟော၊ အကုသလသင်္ဂဟရင်း။ မိဿကသင်္ဂဟော၊ မိဿကသင်္ဂဟရင်း။ ဗောဓိပက္ခိယသင်္ဂဟော၊ ဗောဓိပက္ခိယသင်္ဂဟရင်း။**

---

**ပဋိညာဉ်**

'ဒွါသတ္တတိဝိဓာ' အစရှိသော ဂါထာဖြင့် စကားစပ်နှင့် ပဋိညာဉ်ကို ပြတော်မူသည်။

၁။ မိမိဆိုင်ရာ လက္ခဏာရှိကြသည့် တရားကိုယ် ရစကောင်းသော ၇၂-ပါးသော တရားတို့ကို ပြဆိုပြီးပါပြီ၊ ယခုအခါ ထိုတရားတို့ကို ထိုက်သည်အားလျော်စွာ စုစည်း၍ ပြပါတော့မည်–ဟု ဆိုလိုပါသည်။

**ဝတ္ထုဓမ္မာ။** ။ထိုတွင် တရားကိုယ် ရစကောင်းသော ဝတ္ထုဓမ္မများကား (စိတ်နှင့် စေတသိက်ဟုဆိုအပ်သော) "နာမ်တေပညာသ=၅၃, နိပ္ဖန္နရုပ်အဋ္ဌာရသ=၁၈, နိဗ္ဗာန်"အားဖြင့် ၇၂-ပါးတို့တည်း။

**ဆောင်။** ။နာမ်တေပညံ့, ရုပ်နိပ္ဖန်, နိဗ္ဗာန်ဟူဘိ, ဒွါသတ္တတိ။

**တနည်း။** ။နာမ်တေပဏ်၊ ရုပ်နိပ္ဖန် နိဗ္ဗာန၊
ခုနစ်ဆယ်–နှစ်ပါးစုငယ်၊ ဝတ္ထုဓမ္မ။

**သမုစ္စယသင်္ဂဟ။** ။ပရမတ္ထတရားတို့ကို သဘောတူချင်း ပေါင်းသင်းစုစည်းပြရာ အပိုင်းကို "သမုစ္စယသင်္ဂဟ – သမုစ္စည်းပိုင်း"ဟု ခေါ်သည်။

**ဥဒ္ဒေသ**

၂။ 'အကုသလသင်္ဂဟော'အစရှိသော ဂါထာဖြင့် သမုစ္စည်းပိုင်း၌ ပြဆိုမည့် သင်္ဂဟ ၄-ရပ်၏ ခေါင်းစဉ်မာတိကာ ဥဒ္ဒေသကို ပြတော်မူသည်။

**သဗ္ဗသင်္ဂဟော စ၊ သဗ္ဗသင်္ဂဟရင်း။ ဣတိ၊ သို့။ သမုစ္စယသင်္ဂဟော၊သမုစ္စယသင်္ဂဟကို။ စတုဗ္ဗိဓော၊ ၄-ပါး အပြားရှိ၏ဟူ၍။ ဝေဒိတဗ္ဗော၊သိထိုက်၏။**

## အကုသလသင်္ဂဟ

**၃။ ကထံ၊ သင်္ဂဟ ၄-ပါး အဘယ်သို့ ပြားသနည်း။**

**တာဝ၊ မိဿကသင်္ဂဟစသည်တို့မှ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌေ၊ ညွှန်ပြအပ်သော။) အကုသလသင်္ဂဟေ၊ အကုသလသင်္ဂဟ၌။ အာသဝါ၊ အာသဝတို့သည်။ ကာမာသဝေါ၊ ကာမာသဝရင်း။ ဘဝါသဝေါ၊ ရင်း။ဒိဋ္ဌာသဝေါ၊ ရင်း။ အဝိဇ္ဇာသဝေါ၊ ရင်း။ ဣတိ၊ သို့။ စတ္တာရော၊ ၄-ပါးတို့တည်း။**

---

၁။ အကုသလင်္ဂဟ=အကုသိုလ်တရားကို ပေါင်းစုပြရာအခန်း၊

၂။ မိဿကသင်္ဂဟ=ကုသိုလ်, အကုသိုလ်, အဗျာကတတရားတို့ကို ရောနှောပေါင်းစုပြရာအခန်း၊

၃။ ဗောဓိပက္ခိယသင်္ဂဟ=မဂ်ဉာဏ်၏ အပင်းအသင်းဖြစ်သော တရားတို့ကို ပေါင်းစုပြရာအခန်း၊

၄။ သဗ္ဗသင်္ဂဟ=ပရမတ္ထ တရား အားလုံးကို ပေါင်းစုရေတွက်ပြရာအခန်း၊

ဤသို့ သမုစ္စယသင်္ဂဟ၌ အခန်းကဏ္ဍ ၄-ခု ပါဝင်သည်။

**အာသဝ ၄-ပါး**

"ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ" ဟု အာသဝတရား ၄-ပါးရှိသည်။

**အာသဝ**။ ။အာသဝသဒ္ဒါ၏ ဟောရင်းအနက်မှာ စိမ်ရည်အရက်ပင် ဖြစ်သည်၊ ဤအရာ၌ ယင်းစိမ်ရည်အရက်နှင့်တူသော လောဘ, ဒိဋ္ဌိ, မောဟတို့ကို (သဒိသူပစာအားဖြင့်) "အာသဝ" ဟုဆိုထားသည်၊ ထို လောဘ, ဒိဋ္ဌိ, မောဟတို့သည် အနမတဂ္ဂသံသရာဝယ် "ရုပ်ခန္ဓာ, နာမ်ခန္ဓာ အစဉ်" ဟု ဆိုအပ်သော အရက်အိုးတို့၌ ထုံထား စိမ်ထားသကဲ့သို့ ဖြစ်သည်၊ အခိုးလည်း ပြင်းလှပေသည်၊ သတ္တိလည်း ထက်လှပေသည်။

ထို'အာသဝ' စသော တရားတို့၏ ဝတ္ထုမြမ္မများကိုလည်း ထုတ်ပြပါဦးမည်၊ ယင်းသို့ဝတ္ထုဓမ္မများကို ထုတ်နှုတ် ပြဆိုခြင်းကိုပင် " တရားကိုယ်အရကောက်ပြသည်" ဟုဆိုရပါသည်။

## ၄။ ဩဃာ၊ ဩဃတို့သည်။ ကာမောဃော၊ ကာမောဃငင်း။ (ပ) ငင်း။ ဣတိ၊ သို့။ စတ္တာရော၊ ၄-ပါးတို့တည်း။

ဝတ္ထုအာရုံကာမဂုဏ်၌ တပ်မက်တတ်သော တဏှာသည် 'ကာမာသဝ' မည်၏၊ တရားကိုယ်မှာ လောဘမူစိတ် ၈-ပါး၌ ရှိသော လောဘစေတသိက် ဖြစ်သည်။

ရူပဈာန်, အရူပဈာန်နှင့် ''ထိုဈာန်၏ အကျိုးဝိပါက်'' ဟူသော ဘဝ၌ တပ်နှစ်သက်မှုတဏှာသည် ဘဝါသဝမည်၏၊ တရားကိုယ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄-ခု၌ ရှိသော လောဘစေတသိက်ပင် ဖြစ်သည်။

ဒိဋ္ဌာသဝ၏ တရားကိုယ်မှာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ ရှိသော ဒိဋ္ဌိ စေတသိက် ဖြစ်သည်။

သိတတ်သောဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟသည် 'အဝိဇ္ဇာ' မည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂-ခု၌ရှိသော 'မောဟ' ဖြစ်သည်။

**ဆောင်။**　။စိမ်ရည်ရက်၊ ဟောင်ရင်းနက် အာသဝါ၊
သဒိသ္ဓ—ညီတူညှိလို့ရယ်၊ မှတ်သိကြပါ၊
နမတင်—သံသရာ၊ ကိုယ်ခန္ဓာ အရက်အိုး၊
ထုံလောဘာ—ဒိဋ္ဌိ မောဟငယ်၊ ပြင်းလှ အခိုး။

### ဩဃ ၄-ပါး

၄။ ''ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ'' ဟု ဩဃ— ၄-ပါးရှိသည်၊ ဩဃသဒ္ဒါ၏ ဟောင်ရင်းအနက်မှာ အဟုန်ပြင်းထန်သော ရေအလျဉ်ဖြစ်သည်၊ ဤအရာ၌ကား ထိုရေအလျဉ်နှင့်တူသော လောဘ, ဒိဋ္ဌိ, မောဟကို သဒိသူပစာအားဖြင့် ''ဩဃ'' ဟု ဆိုထားသည်၊ မှန်ပါသည်= ရေအလျဉ်သည် သတ္တဝါတို့ကို လွှမ်းဖိနှစ်မြှုပ်၍ သတ်တတ်သည်၊ ထို့အတူ လောဘ, ဒိဋ္ဌိ, မောဟတို့သည်လည်း မိမိကိန်းရာ သတ္တဝါကို ဝဋ္ဋဒုက္ခ၌ လွှမ်းဖိနှစ်မြှုပ်၍ သတ်တတ်သည်၊ ထို့ကြောင့် ''ဩဃ'' ဟူသော အမည်ကို လည်း ရကြသည်၊ တရားကိုယ်အရကောက်မှာ အာသဝနှင့်မထူးတော့ပါ။

**ဆောင်။**　။ရေလျဉ်ပြင်း၊ ဟောင်ရင်းနက် ဩဃာ၊
သဒိသ္ဓ—ညီတူညှိလို့ရယ်၊ မှတ်သိကြပါ၊
မိမိကိန်း—သတ္တဝါ၊ လွှမ်းဖိကာ မြှုပ်သတ်၊
ဆိုခဲ့ပါ—လော ဒိဋ္ဌိ မောတို့ကို၊ ဩဃဟုမှတ်။

**၅။ ယောဂါ၊ ယောဂတို့သည်။ ကာမယောဂေါ၊ ကာမယောဂရင်း။ (ပ) ရင်း။ ဣတိ၊ သို့။ စတ္တာရော၊ ၄-ပါးတို့တည်း။**

**၆။ ဂန္ထာ၊ ဂန္ထတို့သည်။ အဘိဇ္ဈာ၊အဘိဇ္ဈာမည်သော။ ကာယဂန္ထော၊ ကာယဂန္ထရင်း။ ဗျာပါဒေါ၊ ဗျာပါဒမည်သော။ ကာယဂန္ထော၊ ရင်း။ သီလဗ္ဗတပရာမာသော၊သီလဗ္ဗတပရာမာသမည်သော။ကာယဂန္ထော၊ ရင်း။ ဣဒံသစ္စာဘိနိဝေသော၊ ဣဒံသစ္စာဘိနိဝေသမည်သော။ ကာယဂန္ထော၊ ကာယဂန္ထရင်း။ ဣတိ၊ သို့။ စတ္တာရော၊ ၄-ပါးတို့တည်း။**

---

**ယောဂ ၄-ပါး**

၅။ "ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ"ဟု ယောဂ ၄-ပါးရှိသည်။

ဝတ္ထု ၂-ခုတို့ကိုအစေးဖြင့်ကပ်၍ စပ်ဟပ်ထားဘိသကဲ့သို့ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ မကွဲမကွာ ခိုင်မြဲစွာ စပ်ဟပ်ပေးတတ်သော "လောဘ, ဒိဋ္ဌိ, မောဟ" ဟူသော တရား ၃-ပါးကိုပင် "ယောဂ"ဟု ခေါ်သည်၊ တရားကိုယ် အရကောက်မှာ အာသဝနှင့်တူပါပြီ၊ ဝေနေယျတို့၏ အလိုသို့ လိုက်၍ "အာသဝ ဩဃ, ယောဂ"ဟု ၃-မျိုးခွဲလျက် ဟောထားရုံမျှသာ ဖြစ်သည်။

**ဆောင်။** ။စေးဖြင့်ကပ်၊ စပ်ဟပ်သည့်ပမာ၊
သတ္တဝါ—ဝဋ်ဆင်းရဲဝယ်၊ မြဲစွဲစိမ့်ငှါ၊
မြဲစွာဟပ်—စပ်ထားပါ၊ သုံးဖြာသော တရား၊
ဆိုခဲ့ပါ—လော ဒိဋ် မောတို့ကို၊ ယောဂမှတ်သား။

**ဂန္ထ ၄-ပါး**

၆။ "အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတပရာမာသ-ကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထ"ဟု ဂန္ထ ၄-ပါးရှိသည်။

သံကွင်းချင်းဆက်၍ ဖွဲ့နှောင်ထားသကဲ့သို့ သတ္တဝါတို့၏ နာမကာယနှင့် ရူပကာယတို့ကို ဝဋ်ဆင်းရဲမှ မထွက်ခွါရအောင် မလွတ်မြောက်ရအောင် (စုတိပြီးလျှင် ပဋိသန္ဓေ, ပဋိသန္ဓေပြီးလျှင် စုတိအားဖြင့်) ဆက်စပ်ပေးတတ်သော လောဘ, ဒေါသ, ဒိဋ္ဌိတရားတို့ကို "ဂန္ထ"ဟု ခေါ်သည်။

အာရုံတခုခုကို ရှေးရှုကြံစည်ခြင်း, လိုချင်ခြင်းသည် "အဘိဇ္ဈာ"မည်၏၊ တရားကိုယ်မှာ လောဘစေတသိက် ဖြစ်သည်၊ အကုသလကမ္မပထ၌ သူတပါး စည်းစိမ်းဥစ္စာကို မတရားလိုချင်သော လောဘကိုသာ ကောက်ရသည်၊ ဤ၌

**၇။ ဥပါဒါနာနိ၊ ဥပါဒါန်တို့သည်။ ကာမုပါဒါနံ၊ ကာမုပါဒါန်ရင်း။ (ပ)ရင်း။ ဣတိ၊ သို့။ စတ္တာရိ၊ ၄–ပါးတို့တည်း။**

ကား လောဘဟူသမျှကိုပင် ကောက်ရသည်။ (အဘိ–ရှေ့ရှု+ဈာ–ကြံစည်ခြင်း။)

စိတ်ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်ကြောင်း ဒေါသသည် "ဗျာပါဒ" မည်၏၊ အကုသလကမ္မပထ၌ သူတပါးကို သေစေလိုသော ဒေါသကိုသာ ကောက်ရသည်၊ ဤ၌ကား ဒေါသမှန်သမျှကိုပင် ကောက်ရသည်။ (ဝိ–စိတ်၏ ဖောက်ပြန်ပျက်စီးခြင်းသို့+အာပါဒ–ရောက်ကြောင်း ဒေါသ။)

"နွား, ခွေး စသည်တို့၏ အကျင့်ကို ကျင့်လျှင် ကိလေသာမှလည်း စင်ကြယ်သည်၊ သံသရာမှလည်း လွတ်မြောက်နိုင်သည်" ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းတတ်သော တရားကို "သီလဗ္ဗတပရာမာသ" ခေါ်သည်၊ တရားကိုယ်မှာ ဒိဋ္ဌိစေတသိက်ပင် ဖြစ်သည်၊ (သီလ–နွား, ခွေး စသည်တို့၏ အလေ့+ဝတ–နွား, ခွေးစသည်သို့၏ အကျင့်+ပရ–မှားမှား ယွင်းယွင်း+အာမာသ–သုံးသပ်စွဲလမ်းခြင်း။)

အလွဲလွဲအမှားမှား ယူပြီးလျှင် "ငါ့အယူသာ မှန်သည်၊ ကျန်အယူအားလုံး အလွဲအမှားချည်း ဖြစ်သည်"ဟု လွန်လွန်ကဲကဲ စွဲလမ်းခြင်းသည် "ဣဒံသစ္စာဘိနိဝေသ" မည်၏။ (ဣဒံ– ဤငါ့အယူသာ+သစ္စံ= အမှန်ဟု+ အဘိ–လွန်လွန်ကဲကဲ+နိဝေသ=နှလုံးသွင်းမှု,စွဲလမ်းမှု၊)

**ဆောင်။**　။သံကွင်းဆက်၊ ဖွဲ့နှောင်ယှက်ပမာ၊
ရုပ်နှင့်နာမ်–နှစ်ကာယကို၊ ဝဋ်မှထွက်ခွါ၊
မလွတ်ရ–ဖွဲ့တတ်ပါ၊ လော ဒေါသာ ဒိဋ္ဌိ၊
ဤသုံးဖြာ–ဆိုးဝါးလှတယ် ဂန္ထဟုသိ။

**ဥပါဒါန် ၄-ပါး**

၇။ "ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန်" ဟု ဥပါဒါန်၄-ပါးရှိသည်။

မြွေက ဖားကို ဖမ်းထားသကဲ့သို့ မစွန့်နိုင် မလွတ်ရက်ပဲ စွဲစွဲလမ်းလမ်း ခိုင်မြဲစွာ အာရုံပြုတတ် ယူထားတတ်သော တရားကို "ဥပါဒါန်" ဟု ခေါ်သည်။

ငါးပါးအာရုံ ကာမဂုဏ်၌ စွဲလမ်းတတ်သော တရားသည် "ကာမုပါ-ဒါန်" မည်၏၊ တရားကိုယ်မှာ လောဘစေတသိက် ဖြစ်သည်။

ဧ။ တထာပဝတ္တံ၊ ထိုယူပုံအခြင်းအရာအားဖြင့် ကွဲပြားလျက်ဖြစ်သော။ ဒိဋ္ဌိဂတာဒမဝ၊ဒိဋ္ဌိစေတသိက်ကိုပင်။ သီလဗ္ဗတပရာမာသော၊ သီလဗ္ဗတပရာမာသဟူ၍ရင်း။ ဣဒံသစ္စာဘိနိဝေသော၊ ဣဒံသစ္စာဘိနိဝေသဟူ၍ရင်း။ အတ္တဝါဒုပါဒါနဉ္စ၊ အတ္တဝါဒုပါဒါန်ဟူ၍ရင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။

၁၄။ ဝတ္ထုတော၊ ပရမတ်အလိုတရားကိုယ်အားဖြင့်။ အာသဝေါဃာ စ၊ အာသဝ ဩဃတို့ကိုရင်း။ ယောဂါ စ၊ ယောဂတို့ကိုရင်း။ ဂန္ထာ စ၊ ဂန္ထတို့ကိုရင်း။ တယော၊ ၃-ပါးတို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဥပါဒါနာ၊ ဥပါဒါန်တို့ကို။ ဒုဝေ၊ ၂-ပါးတို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ နီဝရဏာ၊ နီဝရဏတို့သည်။ အဋ္ဌ၊ ၈-ပါးတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။

---

**တရားကိုယ် ကောက်ရန်အမှာ**

၁၃။ 'အာသဝါဒီသု ပနေတ္ထ' စသည်ဖြင့် အကုသလသင်္ဂဟဝယ် တရားကိုယ် ကောက်ရန် အမှာအထား စကားတရပ် ကြားညှပ်လျက် မှတ်ချက်ချကာ ပြတော်မူသည်။

အကုသလသင်္ဂဟ၌ အာသဝ, ဩဃ, ယောဂ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇဉ်တို့၌ ကာမ၏အရ, ဘဝ၏အရ ထိုကာမနှင့် ဘဝတို့ကို အာရုံပြုသောတဏှာကို ယူရမည်၊ ယူပုံ အခြင်းအရာအားဖြင့် ကွဲပြားလျက်ဖြစ်သောကြောင့် ဒိဋ္ဌိစေတသိက် တခုတည်းကိုပင် ''သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ, အတ္တဝါဒုပါဒါ'' ဟု အမည်အမျိုးမျိုးဖြင့် ဆိုရသည်။

ဤ၌ ကာမသဒ္ဒါသည် ဝတ္ထုအာရုံ ကာမဂုဏ်ကို ဟောသည်၊ ဘဝသဒ္ဒါလည်း ရူပဈာန်, အရူပဈာန်နှင့် ထို ဈာန်တို့၏ အကျိုးဝိပါက်ကိုဟောသည်၊ သို့သော် ဤအကုသလ သင်္ဂဟဝယ် အာရုံဌာနဖြစ်သော ကာမဂုဏ်နှင့် ဘဝတို့၏ ကာမ ဟူသောအမည် ဘဝ ဟူသော အမည်ကို အာရမဏိက ဌာနီဖြစ်သောတဏှာအပေါ်၌ တင်စား၍ ဌာနူပစာအားဖြင့် အာရမဏိကဖြစ်သောတဏှာကို ''ကာမ, ဘဝ'' ဟု ဟောထားသည်၊ ထို့ကြောင့် ကာမအရ ကာမတဏှာ, ဘဝအရ ဘဝတဏှာတို့ကိုသာ ယူရသည်။

**သင်္ဂဟဂါထာများ**

၁၄။ 'အာသဝေါဃာ စ' စသော ၂-ဂါထာဖြင့် ဆိုခဲ့ပြီးသည်တို့ကို ပေါင်းရုံး၍ ပြတော်မူသည်။

တရားကိုယ်အားဖြင့် အာသဝ ဩဃ ယောဂ ဂန္ထတို့ ၃-ပါးစီဖြစ်သည်၊ ဥပါဒါန် ၂-ပါး ဖြစ်သည်၊ နီဝရဏ ၈-ပါးဖြစ်သည်။

**၁၂။ ကိလေသာ၊ ကိလေသာတို့သည်။ လောဘော၊ လောဘရင်း။ (ဝ)အနောတ္တပ္ပံ၊ အနောတ္တပ္ပရင်း။ ဣတိ၊ သို့။ ဒသ၊ တို့ဘည်း။**

**၁၃။ ပန၊ အမှာအထား စကားတရပ် ကြားညှပ်ပြအံ့။ ထွေ၊ ဤ အကုသလသင်္ဂဟဝယ်။ အာသဝါဒီသု၊ အာသဝ အစရှိသည်တို့၌။ ကာမ ဘဝနာမေန၊ ကာမနာမည် ဘဝနာမည်ဖြင့်။ တဗ္ဗတ္ထုကာ၊ ထိုကာမ ဘဝ ဟူသော မှီရာအာရုံရှိသော။ တဏှာ၊ တဏှာကို။ အဓိပ္ပေတာ၊ အလိုရှိအပ်**

---

**ကိလေသာ ၁၀-ပါး**

၁၂။ "လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ" ဟု ကိလေသာ ၁၀-ပါးရှိသည်။

စိတ်ကို ပြောင်လက်လက် မဖြစ်စေပဲ ညစ်ပေအောင် ပြုတတ်သော လောဘ, ဒေါသ စသည်တို့ကို "ကိလေသာ" ဟု ခေါ်သည်၊ တရားကိုယ်မှာ သိသာထင်ရှားပါပြီ။

**ဆောင်။** ။စိတ်မပြောင်၊ ညစ်ပေအောင် ပြုတတ်၊
လောဒေါသာ–စသည်စုကို၊ ကိလေဟုမှတ်။

**တထောင့်ငါးရာ ကိလေသာ**

ယင်းကိလေသာ၏ အာရုံဖြစ်သော တရားတို့သည် "နာမ်တေဘူမကသ, နိပ္ဖန္နရုပ် အဋ္ဌာရသ, လက္ခဏရုပ် ၄-ပါးအားဖြင့် ၇၅-ပါး ဖြစ်သည်၊ ယင်း ၇၅-ပါးကို တည်လျက် "အဇ္ဈတ္တသန္တာန်မှာဖြစ်သော အာရုံ, ဗဟိဒ္ဓ-သန္တာန်မှာ ဖြစ်သောအာရုံ" ဟု ၂-ပါး ပြားသင့်သောကြောင့် သန္တာန် ၂-ပါးဖြင့် မြှောက်က (၇၅×၂=) ၁၅၀-ဖြစ်သည်။ ကိလေသာ ၁၀-ပါး တို့သည် ယင်း ၁၅၀-သော အာရုံကို အသီး အသီး အာရုံပြုနိုင်သောကြောင့် ကိလေသာ ၁၀-ပါးဖြင့် ထပ်မြှောက်က (၁၅၀×၁၀=)၁၅၀၀ ဖြစ်၏၊ ယင်းကိုပင် "၁၅၀၀–ကိလေသာ" ဟု ဆိုကြသည်။

**ဆောင်။** ။နာမ်တေဘူမကသ, နိပ္ဖန္နနှင့်, လက္ခဏရုပါ, ပေါင်းထားပါ၍, နှစ်ဖြာသန္တာန်, ဆယ်တန်ကိလေ, ဆင့်မြှောက်လေ, ကိုလေ ထောင့်ငါးရာ။

**တနည်း။** ။အာရုံမှန်–နာမ်တေဘူမကသရယ်နှင့်၊ ဌာရသနိပ္ဖန္နာ၊
လက္ခဏာ–ရုပ်လေးပါးငယ်၊ ပေါင်းထား တည်ပါ၊
အဇ္ဈတ္တ–ဗဟိဒ္ဓါ၊ သန် နှစ်ဖြာမြှောက်ထား၊
ကိလေသာ–ဆယ်ဖြာဆင့်လျှင်၊ ထောင်နှင့် ရာငါး။

**အနုသယာ၊ အနုသယတို့သည်။ ဆဋ္ဌေဝ၊ ၆-ပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သံယောဇနာ၊ သံယောဇဉ်တို့ကို။ နဝ၊ ၉-ပါးတို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ကိလေသာ၊ ကိလေသာတို့ကို။ ဒသ၊ ၁၀-ပါးတို့ဟူ၍။ မတာ၊ ကုန်၏။ ဣတိ၊ သို့။ အယံ ပါပသင်္ဂဟော၊ ဤအကုသလသင်္ဂဟကို။ နဝဓာ၊ ၉-ပါးအပြားအားဖြင့်။ ဝုတ္တော၊ ဆိုအပ်ပြီ။**

---

အနုသယ ၆-ပါး ဖြစ်သည်၊ သံယောဇဉ် ၉-ပါး ဖြစ်သည်၊ ကိလေသာ ၁၀-ပါးပင် ဖြစ်သည်၊ ဤသို့ အကုသလသင်္ဂဟကို (အာသဝအစရှိသော) ၉-ပါးသော အပြားအားဖြင့် ဆိုထားပါသည်။

အမည်အားဖြင့် အာသဝ ၄-ပါးရှိသော်လည်း တရားကိုယ်အားဖြင့် ရေတွက်လျှင် "လောဘ, ဒိဋ္ဌိ, မောဟ" ဟု ၃-ပါးသာဖြစ်သည်၊ ဤသို့ စသည်ဖြင့် သရုပ်သဒ္ဒါတို့၏ သင်္ချေယျကို ပြဆိုထားခဲ့သည်အားလျော်စွာ ရေတွက်ပါ။

**အကုသလသင်္ဂဟ လေ့လာရန်**

| အကုသိုလ်စေတသိက် ၁၄ ပါး | | အာသဝ | ဩဃ | ယောဂ | ဂန္ထ | ဥပါဒါန် | နီဝရဏ | အနုသယ | သံယောဇဉ် | ကိလေသာ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| လောဘ | ၁ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၉ |
| ဒိဋ္ဌိ | ၁ | ။ | ။ | ။ | ။ | ။ | | ။ | ။ | ။ | ၈ |
| မောဟ | ၁ | ။ | ။ | ။ | | | ။ | ။ | ။ | ။ | ၇ |
| ဒေါသ | ၁ | | | | ။ | | ။ | ။ | ။ | ။ | ၅ |
| ထိန | ၁ | | | | | | ။ | | | ။ | ၂ |
| မိဒ္ဓ | ၁ | | | | | | ။ | | | | ၁ |
| ဥဒ္ဓစ္စ | ၁ | | | | | | ။ | | ။ | ။ | ၃ |
| ကုက္ကုစ္စ | ၁ | | | | | | ။ | | | | ၁ |
| ဝိစိကိစ္ဆာ | ၁ | | | | | | ။ | ။ | ။ | ။ | ၄ |
| မာန | ၁ | | | | | | | ။ | ။ | ။ | ၃ |
| ဣဿာ မစ္ဆရိယ | ၂ | | | | | | | | ။ | | ၁ |
| အဟိရိက အနောတ္တပ္ပ | ၂ | | | | | | | | | ။ | ၁ |
| တရားကိုယ်ပေါင်း | ၁၄ | ၃ | ၃ | ၃ | ၃ | ၂ | ၈ | ၆ | ၉ | ၁၀ | |

## မိဿကသင်္ဂဟ

**၁၅။ မိဿကသင်္ဂဟေ၊ မိဿကသင်္ဂဟ၌။ ဟေတူ၊ ဟိတ်တို့သည်။ လောဘော၊ လောဘရင်း။ (ပ) ရင်း။ ဣတိ၊ သို့။ ဆ၊ ၆-ပါးတို့တည်း။**

**၁၆။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ဝိတက္ကော၊ ဝိတက်ရင်း။ (ပ) ရင်း။ ဣတိ၊ သို့။ သတ္တ၊ ၇-ပါးတို့တည်း။**

ဇယားအပေါ်နှင့် အောက်ကိုရှုလျက် အာသဝ၏ တရားကိုယ်ကား "လောဘ, ဒိဋ္ဌိ, မောဟ"အားဖြင့် ၃-ပါးတည်း-စသည်ဖြင့် ရေတွက်ပါ။

လက်ဝဲ, လကျာရှုလျက် လောဘသည် "အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန, နီဝရဏ, အနုသယ, သံယောဇန, ကိလေသာ" ၉-ဌာန၌ ပါဝင်သည် စသည်ဖြင့် ရေတွက်ပါ။

**ဟိတ် ၆-ပါး**

"လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ"ဟု ဟိတ် ၆-ပါးရှိသည်။

ရေသောက်မြစ်သည် မိမိနှင့်တကွဖြစ်သော သစ်ပင်ကို စည်ပင်စေရန် ခိုင်မြဲစေရန် ကူညီထောက်ပံ့သကဲ့သို့ ထို့အတူ မိမိနှင့် အတူတကွ ဖြစ်ကြသော ရုပ်တရား, နာမ်တရားတို့ကို ခိုင်မာစေ ပြန့်ပွါးစေဖို့ရန် ထောက်ကူသမှု ကျေးဇူးပြုတတ်သော တရားကို "ဟေတု—ဟိတ်"ဟုခေါ်သည်၊ တရားကိုယ် မှာထင်ရှားပါပြီ။

**ဆောင်။** ။ရေသောက်မြစ်၊ တကွဖြစ် သစ်ပင်ကို၊
စည်ပင်စေ—မြဲခိုင်ခံ့ဖို့ရယ်၊ ထောက်ပံ့သလို၊
တူတကွ—ဖြစ်ကြသည့် ရုပ်, နာမ်ကို၊ ခိုင်စေလို ပြန့်ပွါး၊
ထောက်ခံကာ—ကျေးဇူးပြုတယ်၊ 'ဟိတ်'ဟု မှတ်သား။

**ဈာန်င် ၇-ပါး**

"ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ" ဟု ဈာန်အင်္ဂါ ၇-ပါး ရှိသည်။

ဆိုင်ရာအာရုံကို စူးစူးစိုက်စိုက် အာရုံပြုတတ်ရှုတတ်သောဝိတက် ဝိစာရ စသောတရားအပေါင်းတို့ကို "ဈာန်"ဟု ခေါ်သည်၊ ထို "ဈာန်" ဟုခေါ်သော တရားအပေါင်း၏ တခုစီတခုစီသော အစိတ် အစိတ် အင်္ဂါများကို "ဈာန်အင်္ဂါ"ဟုခေါ်သည်။

**ဆောင်။** ။စူးစိုက်ကာ၊ အာရုံပြု တရားပေါင်း၊
ဈာန်ခေါ်တွင်—တခုစီ စိတ်အင်မျိုးငယ်၊ ဈာန်င်ထပ်လောင်း။

**၁၇။ မဂ္ဂင်္ဂါနို၊ မဂ္ဂင်တို့သည်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ ဇင်း။ (ပ) မိစ္ဆာ သမာဓိ၊ မိစ္ဆာသမာဓိဇင်း။ ဣတိ၊ သို့။ ဒွါဒသ၊ ၁၂-ပါးတို့တည်း။**

---

ဝိတက်ယှဉ်ရာစိတ် ၅၅-ပါး၌ ရှိသော ဝိတက်စေတသိက်သည် "ဝိတက်ဈာနင်" မည်၏၊ ဝိစာရယှဉ်ရာ စိတ်ပေါင်း ၆၆-ပါး၌ ရှိသော ဝိစာရ စေတသိက်သည် "ဝိစာရဈာနင်" မည်၏၊ပီတိယှဉ်ရာစိတ် ၅၁-ပါး၌ ရှိသော ပီတိစေတသိက်သည် "ပီတိဈာနင်"မည်၏။ ဒွေပဉ္စဝိညာဏ်မှတပါး စိတ် ၇၉-ခု၌ ရှိသော ဧကဂ္ဂတာ စေတသိက်သည် "ဧကဂ္ဂတာဈာနင်မည်၏။ ('ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ' ဟူသော အမှာစကားအားလျော်စွာ ပဉ္စ ဝိညာဏ်ကို ကြဉ်ကောက်ရသည်။)

သောမနဿသဟဂုတ် ၆၂-ပါး၌ ရှိသော ဝေဒနာစေတသိက်သည် "သောမနဿဈာနင်" မည်၏၊ ဒေါသမူဒွေး၌ ရှိသော ဝေဒနာစေတသိက် သည် "ဒေါမနဿဈာနင်"မည်၏၊ စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေး, ဃာနဝိညာဏ်ဒွေး,ဇိဝှါဝိညာဏ်ဒွေးကြဉ်သော ဥပေက္ခာသဟဂုတ် ၄၇-ပါး၌ ရှိသော ဝေဒနာစေတသိက်သည် "ဥပေက္ခာဈာနင်" မည်၏၊ "ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ"ဟု တရားကိုယ် ၅-ပါးသာရသည်။

**မဂ္ဂင် ၁၂-ပါး**

"သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာ ဝါယာမ, မိစ္ဆာသမာဓိ" ဟု မဂ္ဂင် ၁၂-ပါးရှိသည်။

သုဂတိဘုံဘဝ ဒုဂ္ဂတိဘုံဘဝသို့ သွားရောက်ခိုလှုံဖို့ရာ လမ်းကြောင်းဖြစ် သော တရားအပေါင်းကို "မဂ္ဂ"ဟု ခေါ်သည်၊ မှန်၏=သမ္မာဒိဋ္ဌိအစရှိ သော တရားအပေါင်းသည် သုဂတိသို့ ရောက်ဖို့ရာ လမ်းကြောင်း ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိအစရှိသော တရားအပေါင်းကား ဒုဂ္ဂတိသို့ရောက်ဖို့ရာ လမ်းကြောင်း ဖြစ်၏၊ ထိုမဂ္ဂမည်သော တရားအပေါင်း၏ တခုစီတခုစီသော အစိတ် အင်္ဂါများကိုသာ "မဂ္ဂင်" ဟု ခေါ်ရသည်။

**ဆောင်။**　။ဂတိစုံ၊ ရောက်ခိုလှုံ လမ်းကြောင်း၊
မဂ်ခေါ်တွင်၊ တခုစီ—စိတ်အင်များငယ်၊ မဂ္ဂင် ထပ်လောင်း။

သမ္မာဒိဋ္ဌိစသည်တို့၏ တရားကိုယ်ကို သောဘနစိတ်၌ ယှဉ်ထိုက်သမျှသော ပညာစသည်တို့ကိုသာ ကောက်ရမည်၊ အဘယ့်ကြောင့်နည်း၊ သမ္မာသဒ္ဒါသည်

'အကောင်း'ဟူသော အနက်ကိုဟောသည်၊ 'အကောင်း' ဟူသည်မှာလည်း မဖောက်မပြန် လမ်းမှန်ကျမှုပင် ဖြစ်သည်၊ ထို့ကြောင့်တည်း။

တိဟိတ်စိတ်၌ ရှိသော ကောင်းစွာသိမြင်မှု ပညာသည် "သမ္မာဒိဋ္ဌိ" မည်၏၊ "ကာမာဝစရသောဘနစိတ် ၂၄-ခု ပထမဈာန် ၁၁-ခု" အားဖြင့် စိတ် ၃၅-ခု၌ ရှိသော ကောင်းစွာကြံစည်မှု ဝိတက်သည် "သမ္မာသင်္ကပ္ပ" မည်၏၊ "မဟာကုသိုလ်စိတ် ဂ-ခု လောကုတ္တရာစိတ် ဂ-ခု"အားဖြင့် စိတ် ၁၆-ခု၌ ရှိသော သမ္မာဝါစာစေတသိက်သည် "သမ္မာဝါစာ"မဂ္ဂင်မည်၏၊ သမ္မာကမ္မန္တစေတသိက်သည် "သမ္မာကမ္မန္တ" မဂ္ဂင်မည်၏၊ သမ္မာအာဇီဝ စေတသိက်သည်"သမ္မာအာဇီဝ"မဂ္ဂင်မည်၏၊ သောဘနစိတ်တခုယုတ်ခြောက်ဆယ်၌ ရှိသော ဝီရိယစေတသိက်သည် "သမ္မာဝါယာမမဂ္ဂင်"မည်၏၊ သတိစေတသိက်သည် "သမ္မာသတိမဂ္ဂင်" မည်၏၊ ဧကဂ္ဂတာ စေတသိက်သည် "သမ္မာသမာဓိ" မဂ္ဂင်မည်၏။

မိစ္ဆာဒိဋ္ဌိစသည်၌ ပါဝင်သော 'မိစ္ဆာသဒ္ဒါ'သည် 'မှားယွင်းဖောက်ပြန်ခြင်း'ဟူသော အနက်ကိုဟောသည်၊ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိစသည်တို့၏ အရကို အကုသိုလ်စိတ်၌ ထိုက်သည်အားလျော်စွာယှဉ်သော 'ဒိဋ္ဌိစေတသိက်' သည်တို့ကို ကောက်ယူရမည်။

မှားယွင်းဖောက်ပြန် မဟုတ်မမှန် ရှုမြင်တတ်သော သဘောတရားသည် "မိစ္ဆာဒိဋ္ဌိ" မည်၏၊ တရားကိုယ်မှာ 'ဒိဋ္ဌိစေတသိက်'ပင် ဖြစ်သည်။

မှားယွင်း ဖောက်ပြန် မဟုတ်မမှန်ကြံစည်မှုသည် "မိစ္ဆာသင်္ကပ္ပ"မည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ်၌ ယှဉ်သော 'ဝိတက်' ဖြစ်သည်။

မှားယွင်း ဖောက်ပြန် မဟုတ်မမှန် အားထုတ်မှုသည် "မိစ္ဆာဝါယာမ" မည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ်၌ ယှဉ်သော 'ဝီရိယ'ဖြစ်သည်။

မှားယွင်း ဖောက်ပြန် မဟုတ်မမှန် တည်ကြည်မှုသည် "မိစ္ဆာသမာဓိ" မည်၏၊ တရားကိုယ်မှာ ဝိစိကိစ္ဆာသဟဂုတ်မှတပါး အကုသိုလ်စိတ် ၁၁-ပါး၌ ရှိသော 'ဧကဂ္ဂတာစေတသိက်'ဖြစ်သည်။ ('တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ' ကို ထောက်ပါ။)

မဂ္ဂင် ၁၂-ပါးရှိသော်လည်း "ပညာ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကန္တမ္မ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ" ဟု တရားကိုယ် ၉-ပါးသာရသည်။

**၁၀။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေဒင်း။ (ပ) အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေဒင်း။ ဣတိ၊ သို့။ ဗာဝီသတိ၊ ၂၂-ပါး တည်း။**

---

**ဣန္ဒြေ ၂၂-ပါး**

၁၀။ ''စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ'' ဟု ဣန္ဒြေ ၂၂-ပါးရှိသည်။

မိမိဆိုင်ရာကိစ္စ၌ အလွန်အစိုးရသော မိမိနှင့်သက်ဆိုင်သော တရားတို့ကို မိမိအလိုအတိုင်းဖြစ်စေနိုင်သော တရားများကို ''ဣန္ဒြေ''ဟုခေါ်သည်။

**ဆောင်**။ ။ကိုယ့်ဆိုင်ရာ၊ ကိစ္စမှာ လွန်မင်း၊
စိုးရပါ—ဣန္ဒြိယံ၊ မှတ်သိ ရှင်းရှင်း။

စက္ခုပသာဒရုပ်သည် ''စက္ခုန္ဒြေ'' မည်၏၊ (ပ) ကာယပသာဒရုပ်သည် ''ကာယိန္ဒြေ''မည်၏၊ ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေ'' မည်၏၊ ပုရိသဘာဝရုပ် သည် ''ပုရိသိန္ဒြေ''မည်၏။ (ရုပ်ဣန္ဒြေ ၇-ပါး။)

ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်သည် ''ဇီဝိတိန္ဒြေ'' မည်၏၊ (ရုပ် နာမ် ၂-မျိုး ရောသောဣန္ဒြေ ၁-ပါး၊ ကြွင်းသော မနိန္ဒြေ စသည်တို့ကား နာမ် ဣန္ဒြေများ ဖြစ်ကြသည်။)

စိတ်တခုယုတ် ကိုးဆယ်သည် ''မနိန္ဒြေ'' မည်၏၊ သုခသဟဂုတ်ကာယ ဝိညာဏ်၌ ရှိသော ဝေဒနာ စေတသိက်သည် ''သုခိန္ဒြေ'' မည်၏၊ ဒုက္ခသဟ ဂုတ် ကာယဝိညာဏ်၌ ရှိသော ဝေဒနာ စေတသိက်သည် ''ဒုက္ခိန္ဒြေ'' မည်၏၊ သောမနဿ သဟဂုတ် ၆၂-ခု၌ ရှိသော ဝေဒနာ စေတသိက်သည် ''သော မနဿိန္ဒြေ'' မည်၏၊ ဒေါသမူဒွေး၌ ရှိသော ဝေဒနာစေတသိက်သည် ''ဒေါမနဿိန္ဒြေ'' မည်၏၊ ဥပေက္ခာသဂုတ် ၅၅-ပါး၌ ရှိသော ဝေဒနာ စေတသိက်သည် ''ဥပေက္ခိန္ဒြေ'' မည်၏။ (ဝေဒနိန္ဒြေ ၅-ပါး။)

သောဘနစိတ်၌ ရှိသော သဒ္ဓါစေတသိက်သည် ''သဒ္ဓိန္ဒြေ'' မည်၏၊ ဝီရိယ ယှဉ်ရာ စိတ် ၇၃-ပါး၌ ရှိသော ဝီရိယ စေတသိက်သည် ''ဝီရိယိန္ဒြေ'' မည်၏၊ သောဘန စိတ်၌ ရှိသော သတိ စေတသိက်သည် ''သတိန္ဒြေ'' မည်၏၊ ဝီရိယ မယှဉ်သော စိတ် ၁၆-ပါးနှင့် ဝိစိကိစ္ဆာ သဟဂုတ်မှတပါး ကြွင်းသော စိတ် ၇၂-ပါး၌ ရှိသော ဧကဂ္ဂတာ စေတသိက်သည် ''သမာဓိန္ဒြေ'' မည်၏။

**၁၉။ ဗလာနိ၊ ဗိုလ်တို့သည်။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်ရင်း။ (ပ) အနော-တ္တပ္ပဗလံ၊ အနောတ္တပ္ပဗိုလ်ရင်း။ (ဣတိ၊ သို့) နဝ၊ ၉-ပါးတို့ဘည်း။**

**၂၀။ အဓိပတီ၊ အဓိပတိတို့သည်။ ဆန္ဒာဓိပတိ၊ ဆန္ဒာဓိပတိရင်း။ (ပ) ဝီမံသာဓိပတိ၊ ဝီမံသာဓိပတိရင်း။ ဣတိ၊ သို့။ စတ္တာရော၊ ၄-ပါးတို့တည်း။**

---

တိဟိတ်ဇိတ် ၃၇-ပါး၌ရှိသော ပညာစေတသိက်သည် "ပညိန္ဒြေ" မည်၏၊ သောတာပတ္တိမဂ်၌ ရှိသော ပညာစေတသိက်သည် "အနညာတညဿာမီတိ-န္ဒြေ" မည်၏၊ အထက်မဂ် ၃-ခု၊ အောက်ဖိုလ် ၃-ခု၌ ရှိသော ပညာ စေတသိက်သည် "အညိန္ဒြေ" မည်၏၊ အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက်သည် "အညာတာဝိန္ဒြေ" မည်၏၊ (ပညိန္ဒြေ ၄-ပါး။)

ဣန္ဒြေ ၂၂-ပါး ရှိသော်လည်း တရားကိုယ် ၁၆-ပါးမျှသာ ရသည်၊ ပြန်ရေတွက်ကြည့်ကြပါ။

**ဗိုလ် ၉-ပါး**

၁၉။ "သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်" ဟု ဗိုလ် ၉-ပါးရှိသည်၊ ထိုထိုကိစ္စ၌ ဆန့်ကျင်ဘက်တရားကြောင့် မလှုပ်ရှားနိုင် မြဲခိုင်သော တရားကို "ဗိုလ်" ဟု ခေါ်သည်၊ တရားကိုယ် အရကောက်မှာ ထင်ရှားပါပြီ။

**ဆောင်။** ။သီးသီးသာ၊ ကိုယ့်ဆိုင်ရာ ကိစ္စ၊
မလှုပ်ယိုင်—မြဲခိုင်ဘိတယ်၊ မှတ်သိ ဗလ။

**အဓိပတိ ၄-ပါး**

၂၀။ "ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ" ဟု အဓိပတိတရား ၄-ပါး ရှိသည်။

မိမိနှင့်အတူဖြစ်ဖက်တရားတို့၏ အကြီးအကဲ အရှင်သခင်ဖြစ်သော တရားကို "အဓိပတိ" ဟု ခေါ်သည်။

**ဆောင်။** ။တကွသာ၊ ဖြစ်လာသည့် တရားများ၊
ကြီးကဲမှန်—ဓိပတိငယ်၊ မည်ရှိ ထင်ရှား။

ဒွိဟိတ်ဇော၊ တိဟိတ်ဇော ၅၂-ခု၌ရှိသော ဆန္ဒစေတသိက်သည် "ဆန္ဒာဓိပတိ" မည်၏၊ ဝီရိယစေတသိက်သည် "ဝီရိယာဓိပတိ" မည်၏၊ ဒွိဟိတ်ဇော-

**၂၁။ အာဟာရာ၊ အာဟာရတို့သည်။ ကဗဠီကာရောအာဟာရော၊ ကဗဠီကာရာဟာရရင်း။ ဒုတိယော၊ ဒုတိယဖြစ်သော။ ဖဿော၊ ဖဿာဟာရရင်း။ တတိယော၊ တတိယဖြစ်သော။ မနောသဉ္စေတနာ၊ မနောသဉ္စေတနာဟာရရင်း။ စတုတ္ထံ၊ စတုတ္ထဖြစ်သော။ ဝိညာဏံ၊ ဝိညာဏာဟာရရင်း။ ဣတိ၊ သို့။ စတ္တာရော ၄–ပါးတို့တည်း။**

---

တိဟိတ်ဇော ၅၂-ခုသည် ''စိတ္တာဓိပတိ''မည်၏၊ တိဟိတ်ဇော ၃၄-ခု၌ ရှိသော ပညာစေတသိက်သည် ''ဝီမံသာဓိပတိ''မည်၏၊ (စူးစမ်းဆင်ခြင် သိမြင်တတ်သော ပညာကို ''ဝီမံသာ''ဟု ခေါ်သည်။)

**အဓိပတိနှင့်ဣန္ဒြေ။** ။အဓိပတိဖြစ်သော တရားများသည် တကွဖြစ်ဖက် စိတ်, စေတသိက်များတွင် တပါးတည်းသာ အဓိပတိ တပ်၏၊ အခြား စိတ် စေတသိက်များ၏ အလိုသို့ မလိုက်ရ၊ အခြား စိတ်, စေတသိက် များကသာ အဓိပတိတပ်သော တရား၏ အလိုသို့ လိုက်၍ ဆိုင်ရာကိစ္စကို ဆောင်ရွက်ကြရသည်။

ဣန္ဒြေကား တကွဖြစ်ဖက်တရားစု၌ ဣန္ဒြေထိုက်သော တရား '၂-ခု, ၃-ခု' စသည်ပါလျှင် မိမိကိစ္စမှတပါး အခြားကိစ္စများ၌ အခြား အခြားသော ဣန္ဒြေတို့၏ အလိုသို့ လိုက်ပါရ၍ မိမိဆိုင်ရာကိစ္စ၌သာ အစိုးရသည်၊ ဤသို့ အဓိပတိနှင့် ဣန္ဒြေတို့ အစိုးရပုံချင်း ထူးခြား ကွဲပြားသည်။

**ဆောင်။** ။ဓိပတိ၊ ပြိုင်မရှိ အုပ်စိုးပါ၊
ဣန္ဒြေ—သူ့ကိစ္စကို၊ သူ့လိုက်ျသာ၊
လိုက်ပြီးက—ကိုယ့်ဆိုင်ရာဝယ်၊ ကိုယ်ကသာ လွှမ်းမိုး၊
ဓိနှင့် ဣန်—သို့ ကွဲပြားတယ်၊ ထူးခြား လေရိုး။

**အာဟာရ ၄-ပါး**

၂၁။ ''ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ''ဟု အာဟာရ ၄-ပါး ရှိသည်။

မိမိဆိုင်ရာအကျိုးကို ဆောင်ရွက်နိုင် ဖြစ်စေနိုင်ကြသည့် အဇ္ဈတ္တသန္တာန အစဉ်မှာ အလွန်ကျေးဇူးများသော တရားကို ''အာဟာရ''ဟု ခေါ်သည်။

ဩဇာရုပ်သည် ''ကဗဠီကာရအာဟာရ''မည်၏၊ စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော ဖဿစေတသိက်သည် ''ဖဿာဟာရ''မည်၏၊ စေတနာစေတသိက်သည် ''မနောသဉ္စေတနာဟာရ''မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် ''ဝိညာဏာဟာရ''မည်၏။

**၂၂။ ပန၊ အမှာအထား စကားအစရပ် ကြားညှပ်ပြဦးအံ့။ ဧတ္ထ၊ ဤမိဿကသင်္ဂဟ၌။ ဣန္ဒြိယေသု၊ ဣန္ဒြေတို့တွင်။ သောတာပတ္တိမဂ္ဂဉာဏံ၊ သောတာပတ္တိမဂ်ဉာဏ်ကို။ အနညာတညဿာ မိတိန္ဒြိယံတိ၊ အနညာ၀တညဿာမိတိန္ဒြေဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။**

**၂၃။ အရဟတ္တဖလဉာဏံ အရဟတ္တဖိုလ်ဉာဏ်ကို။ အညာတာဝိန္ဒြိယံတိ၊ အညာတာဝိန္ဒြေဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။**

**၂၄။ မဇ္ဈေ၊ အလယ်၌။ ဆ ဉာဏာနိ၊ အထက်မဂ် အောက်ဖိုလ် ၆-ပါးသော ဉာဏ်တို့ကို။ အညိန္ဒြိယာနီတိ၊ အညိန္ဒြေတို့ဟူ၍။ ပဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။**

---

ထိုတွင် ကဗဠီကာရအာဟာရသည် ဩဇာနှင့်တကွ ဖြစ်သော ရုပ် ၈-ပါးတို့ကို(အာဟာရဇအဋ္ဌကလာပ်ရုပ်ကို)ဆောင်ရွက်သည်၊ ဖြစ်စေသည်။

ဖဿာဟာရသည် ဝေဒနာတည်းဟူသော အကျိုးကို ဆောင်ရွက်သည်၊ ဖြစ်စေသည်။ (ဖဿပစ္စယာ ဝေဒနာ။)

စေတနာဟာရသည် ပဋိသန္ဓေဝိညာဏ်ဟူသော အကျိုးကို ဆောင်ရွက်သည်၊ ဖြစ်စေသည်။ (သင်္ခါရပစ္စယာ ဝိညာဏံ။)

ဝိညာဏာဟာရသည် တကွဖြစ်ဖက် စေတသိက်ဟူသော နာမ်နှင့် ရုပ်တရားကို ဆောင်ရွက်သည်၊ ဖြစ်စေသည်။ (ဝိညာဏပစ္စယာ နာမရူပံ။)

**ဆောင်။** ။ဩဇာဋ္ဌ၊ ရူပနှင့် ဝေဒနာ၊
ပဋိသန်—ဝိညာဏငယ်၊ နာမ ရူပါ၊
ထိုက်သည်အား—လျော်စွာ၊ ကျိုးဖလာ ဆောင်ကြ၊
ကိုယ်ခန္ဓာ—လွန်တရာ ကျေးဇူးများတယ်၊ မှတ်သား ဟာရ။

**တရားကိုယ်အရကောက်ရန်အမှာ**

‘ဣန္ဒြိယေသု ပနေတ္ထ’ အစရှိသော စကားရပ်ဖြင့် မိဿကသင်္ဂဟအတွက် တရားကိုယ်ကောက်ရန် အထူးမှတ်ချက်ကို ဆက်လက်ပြတော်မူသည်။

၂၂။ မိဿကသင်္ဂဟ၌ ဣန္ဒြေတို့တွင် သောတာပတ္တိမဂ်ဉာဏ်ကို “အနညာ-တညဿာမိတိန္ဒြေ”ဟု ဆိုသည်။ (အနညာတံ—မသိအပ်ဘူးသော သစ္စာ ၄-ပါးကို+ဉဿာမိတိ—သိအံ့ဟု ဖြစ်သော ဣန္ဒြေတည်း။)

၂၃။ အရဟတ္တဖိုလ်ဉာဏ်ကို “အညာတာဝိန္ဒြေ”ဟု ဆိုသည်။ (အညာ-တာဝိနော—သိပြီးသော ရဟန္တာပုဂ္ဂိုလ်၏+ဣန္ဒြိယံ—ဣန္ဒြေတည်း။)

၂၇။ ဇီဝိတိန္ဒြိယဋ္ဌ၊ ဇီဝိတိန္ဒြေသည်လည်း။ ရူပါရူပ ၀သေန၊ ရုပ်ဇီဝိတ နာမ်ဇီဝိတတို့၏ အပြားအားဖြင့်။ ဒုဝိဓံ၊ ၂-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

၂၆။ ပဉ္စဝိညာဏေသု၊ ဒွေးပဉ္စဝိညာဏ်တို့၌။ ဈာနင်္ဂါနိ၊ ဈာနင်တို့ကိုရင်း။ အဝီရိယေသု၊ ဝီရိယမရှိသောစိတ် ၁၆-ပါးတို့၌။ ဗလာနိ၊ ဗိုလ်တို့ကိုရင်း။ အဟေတုကေသု၊ အဟိတ်စိတ်တို့၌။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့ကိုရင်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

---

၂၄။ အထက်မဂ်, အောက်ဖိုလ် ၆-ပါးသော အလယ်ဉာဏ်တို့ကို "အညိန္ဒြေ"ဟု ဆိုသည်။

၂၇။ ဇီဝိတိန္ဒြေကား "ရုပ်ဇီဝိတ, နာမ်ဇီဝိတ"ဟု ၂-ပါး ပြားသည်။

၂၆။ ဒွေးပဉ္စဝိညာဏ်တို့၌ ဈာနင်တို့ကို မရထိုက်၊ ဝီရိယမရှိသော စိတ် ၁၆-ပါးတို့၌ ဗိုလ်တို့ကို မရထိုက်၊ အဟိတ်စိတ်တို့၌ မဂ္ဂင်တို့ကို မရထိုက်။

ထိုတွင် အာရုံသို့ တင်ပေးမည့် ဝိတက်နှင့် မယှဉ်သောကြောင့် ပဉ္စဝိညာဏ်တို့၌ ရှိသော ကေဂ္ဂတာ, ဝေဒနာတို့သည် 'ဈာနင်'အမည် မရထိုက်။

**ဆောင်**။ ။ဝိတက်ပင်၊ မယှဉ်သည့်အတွက်၊
ပဉ္စဝိညာဉ်–ဈာနင်ငယ်၊ မရဆက်ဆက်။

ဝီရိယကွာကင်း တရားဖျင်းတို့ကို "ဗိုလ်"ဟု မဆိုထိုက်သောကြောင့် ဝီရိယမယှဉ်သော စိတ် ၁၆-ပါး၌ ကေဂ္ဂတာသည် 'သမာဓိဗိုလ်'ဟူသော အမည်ကို မရထိုက်။

**ဆောင်**။ ။ဝီရိပင်၊ မယှဉ်သည့်အတွက်၊
ဗိုလ်မမည်–ဆယ့်ခြောက်ပါးဝယ်၊ ယှဉ်ငြား ကေဂ်။

ရေသောက်မြစ်သဖွယ် ခိုင်မြဲသော ဟိတ်ပါမှသာ "သုဂတိလမ်းကြောင်း, ဒုဂ္ဂတိလမ်းကြောင်း"ဟု ဆိုထိုက်သည်၊ ဟိတ်မပါက မဆိုထိုက်၊ အဟိတ်စိတ်ဟူသည်မှာလည်း သမ္ပယုတ်ဟိတ်မရှိသော တရားမျိုး ဖြစ်ပေသည်၊ ထို့ကြောင့် အဟိတ်စိတ်၌ ရှိသော ဝိတက်, ဝီရိယ, ကေဂ္ဂတာတို့သည် 'မဂ္ဂင်'အမည် မရထိုက်ပါ။

**ဆောင်**။ ။ဟိတ်နှင့်လျှင်၊ မယှဉ်သည့်အတွက်၊
အဟိတ်တွင်–မဂ္ဂင်ငယ်၊ မရဆက်ဆက်။

## မိဿကသင်္ဂဟသရုပ်ခွဲလေ့လာရန်

| မိဿကသင်္ဂဟ၌ပါဝင်သောတရား ၃၆ ပါး | | ဟေတု | ဈာနင် | မဂ္ဂင် | ဣန္ဒြေ | ဗိုလ် | အဓိပတိ | အာဟာရ | ဌာနပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လောဘ,ဒေါသ,မောဟ | ၃ | ။ | | | | | | | ၁ |
| အလောဘ,အဒေါသ | ၂ | ။ | | | | | | | ၁ |
| အမောဟ (ပညာ) | ၁ | ။ | | ။ | ။ | ။ | ။ | | ၅ |
| ဝိတက် | ၁ | | ။ | ။ | | | | | ၂ |
| ဝိစာရ, ပီတိ | ၂ | | ။ | | | | | | ၁ |
| ဧကဂ္ဂတာ | ၁ | | ။ | ။ | ။ | ။ | | | ၄ |
| ဝေဒနာ | ၁ | | ။ | | ။ | | | | ၂ |
| သမ္မာဝါစာ,ကမ္မန္တ,အာဇီဝ | ၃ | | | ။ | | | | | ၁ |
| ဝီရိယ | ၁ | | | ။ | ။ | ။ | ။ | | ၄ |
| သတိ | ၁ | | | ။ | ။ | ။ | | | ၃ |
| ဒိဋ္ဌိ | ၁ | | | ။ | | | | | ၁ |
| ရုပ်ဣန္ဒြေ ၇+ဇီဝိတ ၂ | ၉ | | | | ။ | | | | ၁ |
| စိတ် | ၁ | | | | ။ | | ။ | ။ | ၃ |
| သဒ္ဓါ | ၁ | | | | ။ | ။ | | | ၂ |
| ဟိရီ, ဩတ္တပ္ပ, အဟိရိက, အနောတ္တပ္ပ | ၄ | | | | | ။ | | | ၁ |
| ဆန္ဒ | ၁ | | | | | | ။ | | ၁ |
| ဩဇာ,ဖဿ,စေတနာ | ၃ | | | | | | | ။ | ၁ |
| တရားကိုယ်ပေါင်း | ၃၆ | ၆ | ၇ | ၉ | ၁၆ | ၉ | ၄ | ၄ | |

ဇယား၌ အပေါ်နှင့် အောက်ကို ကြည့်ပါက တရားကိုယ်များကို တွေ့ရပါလိမ့်မည်၊ လက်ဝဲ လက်ျာကြည့်ပါက ထိုတရားတို့၏ ရသင့်သော ဌာနကို တွေ့ရပါလိမ့်မည်၊ ဆိုခဲ့ပြီးသည့်အတိုင်း သရုပ်ခွဲပါ။

ထို့ပြင် ဟေတုတဌာန၌သာ ပါဝင်၍ 'ဈာနင်'စသော ၆-ဌာနတို့၌ မပါဝင်သော တရားများကား "လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ" ၅-ပါးတို့တည်း။

"ဟေတု,မဂ္ဂင်,ဣန္ဒြိယ,ဗလ,အဓိပတိ"၅ ဌာန၌သာ ပါဝင်၍ "ဈာနင်, အာဟာရ" ၂-ဌာနတို့၌ မပါဝင်သော တရားများကား ပညာတည်း၊ ဤသို့စသည်ဖြင့်လည်း သရုပ်ခွဲထားပါ။

**၂၇။ တထာ၊ ထိုမှတပါး။ ဝိစိကိစ္ဆာစိတ္တေ၊ ဝိစိကိစ္ဆာစိတ်၌။ ကေဂ္ဂတာ၊ ကေဂ္ဂတာသည်။ မဂ္ဂိန္ဒြိယဗလဘာဝံ၊ မဂ္ဂင် ဣန္ဒြေ ဗိုလ်အဖြစ်သို့။ န ဂစ္ဆတိ၊ မရောက်။**

**၂၈။ ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ၊ ဒွိဟိတ်ဇော တိဟိတ်ဇောတို့၌သာလျှင်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ အဓိပတိ၊ အဓိပတိကို။ ဧကောဝ၊ တပါးတည်းကိုသာလျှင်။ လဗ္ဘတိ၊ ရအပ်၏။**

**၂၉။ ဝတ္တုတော၊ ပရမတ်အလို တရားကိုယ်အားဖြင့်။ ဟေတူ၊ ဟိတ်တို့ကို။ ဆ၊ ၆ပါးတို့ဟူ၍။ ဤရိတာ၊ ဆိုအပ်ကုန်၏။ ဈာနင်္ဂါ၊ ဈာနင်တို့ကို။ ပဉ္စ၊ ၅-ပါးတို့ဟူ၍။ ဤရိတာ၊ ကုန်၏။ မဂ္ဂင်္ဂါ၊ မဂ္ဂင်တို့ကို။ နဝ၊ ၉-ပါးတို့ဟူ၍။ ဤရိတာ၊ ကုန်၏။ ဣန္ဒြိယဓမ္မာ စ၊ ဣန္ဒြေတရားတို့ကိုကား။ သောဠသ၊ ၁၆-ပါးတို့ဟူ၍။ ဤရိတာ၊ ကုန်၏။ ဗလဓမ္မာ၊ ဗိုလ်တရားတို့ကို။ နဝ၊ ၉-ပါးတို့ဟူ၍။ ဤရိတာ၊ ကုန်၏။**

---

၂၇။ ဝိစိကိစ္ဆာစိတ်၌ ကေဂ္ဂတာသည် မဂ္ဂင်လည်း မထိုက်၊ ဣန္ဒြေလည်း မထိုက်၊ ဗိုလ်လည်း မထိုက်ပါ။

ဤ၌ မှတ်ဖွယ်အထူးကား — ဝိစိကိစ္ဆာစိတ်နှင့်ယှဉ်သော ကေဂ္ဂတာသာ ဣန္ဒြေ မမည်သည် မဟုတ်၊ အဝီရိယစိတ် ၁၆-ပါး၌ ယှဉ်သော ကေဂ္ဂတာလည်း ဣန္ဒြေ မမည်ပါ၊ ထို့ကြောင့်ပင် ''ဝီရိယမယှဉ်သော စိတ် ၁၆-ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်မှတပါး ကြွင်းသောစိတ် ၇၂-ပါး၌ ရှိသော ကေဂ္ဂတာစေတသိက်သည် 'သမာဓိန္ဒြေ' မည်၏'' ဟု ဆိုခဲ့ရပေသည်။

၂၈။ ဒွိဟိတ်ဇော, တိဟိတ်ဇောတို့၌သာ ဖြစ်သင့်သည်အားလျော်စွာ အဓိပတိကို တပါးတည်းသာ ရသင့်သည်။

**ယထာသမ္ဘဝံ**

အဓိပတိတို့သည် အဓိပတိအဖြစ်ဖြင့် ၄-ပါး ပြိုင်တူ ဖြစ်ရိုး မရှိကြ၊ ဆန္ဒ ဦးဆောင်၍ ဆန္ဒထက်သန်ရာအခါ၌ ဆန္ဒသည် အဓိပတိ အမည်ရ၏၊ ဝီရိယ စိတ္တ ဝီမံသတို့ ဦးဆောင်၍ ဝီရိယ စိတ္တ ဝီမံသတို့ ထက်သန်ရာအခါ၌ အသီးသီး တပါးစီသာ အဓိပတိ အမည်ရ၏၊ ''အဓိပတိ ၄-ပါးတို့တွင် တပါးပါး ဦးဆောင်၍ အဓိပတိ အမည်ရခိုက် ကျန် ၃-ပါးက နောက်လိုက်ဖြစ်ရသည်'' ဟု ဆိုလိုသည်၊ ဤကား ယထာသမ္ဘဝံ အဓိပ္ပါယ်တည်း။

**သင်္ဂဟဂါထာများ**

၂၉။ 'ဆဟေတူ'စသော ဂါထာများသည် ဆိုခဲ့ပြီးသည်ကို အကျဉ်းချုံး၍ စုရုံးပြဆိုသော သင်္ဂဟဂါထာများ ဖြစ်သည်။

အဓိပတိ၊ အဓိပတိတို့ကို။ စတ္တာရော၊ ၄-ပါးတို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ အာဟာရာ၊ အာဟာရတို့ကို။ တထာ၊ ထို့အတူ ၄-ပါးတို့ဟူ၍။ ဝုတ္တာ၊ ကုန်၏။ ဣတိ၊ ဤသို့။ ကုသလာဒိသမာကိဏ္ဏော၊ ကုသိုလ် အစရှိသည်တို့ဖြင့် ရောပြွမ်းသော။ မိဿကသင်္ဂဟော၊ မိဿကသင်္ဂဟကို။ သတ္တဓာ၊ ၇-ပါးအပြားအားဖြင့်။ ဝုတ္တော၊ ဆိုအပ်ပြီ။

## ဗောဓိပက္ခိယသင်္ဂဟ

၃၀။ ဗောဓိပက္ခိယသင်္ဂဟော၊ ဗောဓိပက္ခိယသင်္ဂဟ၌။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ ကာယာနုပဿနာသတိပဋ္ဌာနံ၊ ကာယာနုပဿနာ သတိပဋ္ဌာန်ရင်း။ (ပ) ရင်း။ ဣတိ၊ သို့။ စတ္တာရော၊ ၄-ပါးတို့တည်း။

---

တရားကိုယ်အားဖြင့် ဟိတ် ၆-ပါး၊ ဈာနင် ၅-ပါး၊ မဂ္ဂင် ၉-ပါး၊ ဣန္ဒြေ ၁၆-ပါး၊ ဗိုလ် ၉-ပါး၊ အဓိပတိ ၄-ပါး၊ အာဟာရ ၄-ပါးဖြစ်သည်၊ ဤသို့ 'ကုသိုလ်' အစရှိသည်တို့ဖြင့် ရောပြွမ်းသော မိဿကသင်္ဂဟကို ၇-ပါးသော အပြားအားဖြင့် ဆိုထားသည်၊ သချာတို့၏အရကောက်မှာ လွယ်ပါပြီ။

**သတိပဋ္ဌာန် ၄-ပါး**

၃၀။ ဗောဓိပက္ခိယသင်္ဂဟ၌ "ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်,စိတ္တာနုပဿနာသတိပဋ္ဌာန်,ဓမ္မာနုပဿနာသတိပဋ္ဌာန်" ဟု သတိပဋ္ဌာန် ၄-ပါးရှိသည်။

မဂ်ဉာဏ်၏ အပင်းအသင်း၌ ဖြစ်သော တရားကို "ဗောဓိပက္ခိယတရား" ဟုခေါ်သည်၊ ထို့ကြောင့် ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်ကို ကောက်ရာ၌ မဂ်,ဖိုလ်နှင့် ယှဉ်သောတရားများကိုသာ ထိုက်သလို ကောက်ရသည်။

မိမိဆိုင်ရာအာရုံ၌ လွန်လွန် ကဲကဲ စွဲမြဲစွာ တည်သော သတိထူးကို "သတိပဋ္ဌာန်" ဟုခေါ်သည်။

**ဆောင်**။ ။အာရုံမှာ၊ လွန်ကဲစွာတည်ဘိ၊<br>
သတိပဋ္ဌာန်—အမည်ရတယ်၊ ထူးလှ သတိ။

တရားကိုယ်မှာ မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော ဆဗ္ဗိသဉ္စ်ရှိသော သတိစေတသိက်ချည်းသာ ဖြစ်သည်။

**၃၁။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့သည်။ ဥပ္ပန္နာနံ၊ ဥပ္ပန္နဟုဆိုအပ်ကုန်သော။ ပါပကာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဝါယာမော၊ အားထုတ်ခြင်းဂုင်း။ အနုပ္ပန္နာနံ၊ အနုပ္ပန္နဟုဆိုအပ်ကုန်သော။ ပါပကာနံ၊ အကုသိုလ်တရားတို့၏။ အနုပ္ပါဒါယ၊ မဖြစ်ခြင်းငှါ။ဝါယာ-မော၊ ဂုင်း။ အနုပ္ပန္နာနံ၊ အနုပ္ပန္နဟုဆိုအပ်ကုန်သော။ ကုသလာနံ၊ ကုသိုလ်တရားတို့၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ဝါယာမော၊ ဂုင်း။ ဥပ္ပန္နာနံ၊ ဥပ္ပန္နဟုဆိုအပ်ကုန်သော။ ကုသလာနံ၊ တို့၏။ ဘိယျောဘာဝါယ၊ တိုးပွါးသည်၏အဖြစ်ဟူသောအကျိုးငှါ။ ဝါယာမော။အားထုတ်ခြင်းဂုင်း။ ဣတိ၊ သို့။ စတ္တာရော၊ တို့တည်း။**

---

**၄-မျိုးခွဲဟောရခြင်း။** ။ထိုသို့တရားကိုယ်အားဖြင့် သတိစေတသိက်တပါးတည်းသာ ဖြစ်ပါသော်လည်း ''ကာယ,ဝေဒနာ, စိတ္တ, ဓမ္မ''ဟု အာရုံ ၄-မျိုးပြားခြင်း, ''အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ''ဟု ရှုပုံအခြင်းအရာ ၄-မျိုးပြားခြင်း, ''သုဘ,သုခ,နိစ္စ,အတ္တ''ဟု ထင်မှားမှုကို ပယ်ခွါခြင်းကိစ္စက ၄-မျိုးပြားခြင်းကြောင့် ၄-မျိုးခွဲ၍ ဟောတော်မူသည်။

**ဆောင်။** ။သတိတစ်—ဖြစ်စေကာ၊
အာရုံမှာ—လေးပါးပြားတယ်၊ လေးပါး ခြင်းရာ၊
ပယ်ခွါခြင်း—မှုကိစ္စာ၊ လေးမျိုးသာ ပြားလတ်၊
သို့ကြောင့်ပင်—မြတ်ဘုရားငယ်၊ လေးပါး ဟောမှတ်။

**သမ္မပ္ပဓာန် ၄-ပါး**

၃၁။ ဥပ္ပန္နဖြစ်သော အကုသိုလ်တို့ကို ပယ်ဖို့ရန် အားထုတ်ခြင်း၊
အနုပ္ပန္နဖြစ်သော အကုသိုလ်တို့၏ မဖြစ်ဖို့ရန် အားထုတ်ခြင်း၊
အနုပ္ပန္နဖြစ်သော ကုသိုလ်တရားတို့၏ ဖြစ်ခြင်းငှါ အားထုတ်ခြင်း၊
ဥပ္ပန္နဖြစ်သော ကုသိုလ်တရားတို့၏ တိုးပွါးဖို့ရန် အားထုတ်ခြင်း၊
ဤသို့ သမ္မပ္ပဓာန် ၄-ပါးရှိသည်။

ကောင်းစွာအားထုတ်မှုကို ''သမ္မပ္ပဓာန်''ဟု ခေါ်သည်၊ ဤသမ္မပ္ပဓာန်ကိစ္စ ၄-ပါးသည် ရဟန္တာများနှင့် မသက်ဆိုင်တော့ပါ၊ ရဟန္တာများမှာ ထိုသို့အားထုတ်ဖွယ်ရာလည်း မလိုတော့ပါ၊ ထို့ကြောင့် ရဟန္တာတို့ သန္တာန်မှာသာ ဖြစ်သော ကြိယာစိတ်၌ရှိသော ဝီရိယကို သမ္မပ္ပဓာန်အရ မကောက်ယူသင့်၊ ထို့ပြင် ဤသမ္မပ္ပဓာန်ကိစ္စသည် ဖိုလ်တရားများနှင့်လည်း မသက်ဆိုင်ပါ၊ ထို့ကြောင့် သမ္မပ္ပဓာန်အရ ကုသိုလ်စိတ်ကေဝီသ၌ ရှိသော ဝီရိယစေတသိက်ကိုချည်းသာ ကောက်ရပါသည်။

ထိုသို့ တရားကိုယ်အားဖြင့် ဝီရိယစေတသိက် တပါးတည်းသာ ဖြစ်ပါသော်လည်း 'အကုသိုလ်ကိုပယ်ခြင်း' အစရှိသော ကိစ္စက ၄-ပါးရှိသောကြောင့် သမ္မပ္ပဓာန် ၄-ပါး ဟောထားရပါသည်။

**ဆောင်**။ ။ကုသိုလ်၌၊ ယှဉ်နေခိုက် ဝီရိယာ၊
သမ္မပ္ပဓာန်—လေးပါးရကို၊ တိကျကောက်ပါ၊
ဝီရိယ—တပါးမျှဖြစ်စေကာ၊ လေးကိစ္စာ ပြားလတ်၊
ထို့ကြောင့်သာ—လေးမျိုးထားလို့ရယ်၊ ခွဲခြား ဟောမှတ်။

**ဥပ္ပန္နပါပက**။ ။ရှေးကဖြစ်စေ ယခုဘဝမှာဖြစ်စေ တကယ်ဖြစ်ပြီးသော အကုသိုလ်ကို "ဥပ္ပန္နပါပက" ဟု ခေါ်သည်၊ ဖြစ်ပြီး အကုသိုလ်နှင့် (ပါဏာတိပါတချင်း စသည်ဖြင့်)တူသော မဖြစ်သေးသော အကုသိုလ်ကိုလည်း "ဥပ္ပန္နပါပက"ဟုပင် ခေါ်ရသည်။

**အနုပ္ပန္နပါပက**။ ။သံသရာတခွင် ကျင်လည်ရသော သတ္တဝါများ၌ "မဖြစ်ဘူးသော အကုသိုလ်"ဟူ၍ မရှိတော့ပါ၊ ထို့ကြောင့် ဤဘဝ၌ လုံးဝမဖြစ်ဘူးသေးသော အကုသိုလ်ကို "အနုပ္ပန္နပါပက" ဟု ခေါ်သည်၊ အာရုံအသစ်အဆန်းတခုကို စွဲ၍ မဖြစ်သေးသော အကုသိုလ်မျိုးကိုလည်း "အနုပ္ပန္နပါပက"ဟုပင်ခေါ်ရသည်။

**ဆောင်**။ ။ဖြစ်ပြီးကြ၊ ယင်းတူမျှ အကုသိုလ်၊
ဥပ္ပန္နာ—ပါပကငယ်၊ မည်ရခေါ်ဆို၊
ဤဘဝ—မဖြစ်ကြအကုသိုလ်၊ အာရုံကို စွဲလျက်၊
မဖြစ်ပြန်—နုပ္ပန္နငယ်၊ ကျန ဟောမြွက်။

**အနုပ္ပန္နကုသလ**။ ။ဤဘဝ၌ မဖြစ်ဘူးသေးသော'သမထဝိပဿနာ'စသော လောကီကုသိုလ်မျိုးသည် "အနုပ္ပန္နကုသလ" မည်သည်၊ သံသရာ၌ တရံတဆစ်မျှ မဖြစ်ခဲ့ဘူးသော မဂ်ကုသိုလ်မျိုးသည်လည်း "အနုပ္ပန္နကုသလ"ပင် မည်သည်။

**ဥပ္ပန္နကုသလ**။ ။ဤဘဝ၌ဖြစ်စေ ရှေးရှေးဘဝ၌ဖြစ်စေ ဖြစ်ပြီးသော 'ဒါန, သီလ' စသော လောကီကုသိုလ်များသည် "ဥပ္ပန္နကုသလ" မည်သည်။

**ဆောင်**။ ။ဤဘဝ၊ မဖြစ်ကြ ကီကုသိုလ်၊
သံသရာ· ဖြစ်လာကင်းတယ်၊ လေးသင်း မဂ်ကို၊
ကုသလ—နုပ္ပန္နခေါ်ဆို၊ ဤ ထိုထိုဘဝ၊
ဖြစ်လေပြီ—လောကီကုငယ်၊ မှတ်ပြု ပန္န။

**၃၂။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့သည်။ ဆန္ဒိဒ္ဓိပါဒေါ၊ ဆန္ဒိဒ္ဓိပါဒ်၎င်း။ (ပ) ဝီမံသိဒ္ဓိပါဒေါ၊ ဝီမံသိဒ္ဓိပါဒ်၎င်း။ ဣတိ၊ သို့။ စတ္တာရော၊ တို့တည်း။**

**၃၃။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေ၎င်း။ (ပ) ပညိန္ဒြိယံ၊ ပညိန္ဒြေ၎င်း။ ဣတိ၊ သို့။ ပဉ္စ၊ ၅-ပါးတို့တည်း။**

**၃၄။ ဗလာနိ၊ ဗိုလ်တို့သည်။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်၎င်း။ (ပ) ပညာဗလံ၊ ပညာဗိုလ်၎င်း။ ဣတိ၊ သို့။ ပဉ္စ၊ တို့တည်း။**

---

**ဣဒ္ဓိပါဒ် ၄-ပါး**

၃၂။ "ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်"ဟု ဣဒ္ဓိပါဒ် ၄-ပါး ရှိသည်။

ပြီးစီးထမြောက်သော ဈာန် မဂ် ဖိုလ် တည်းဟူသော အကျိုးတို့၏ အခြေခံ အကြောင်းတရားကို "ဣဒ္ဓိပါဒ်"ဟု ခေါ်သည်၊ ထို့ကြောင့် ကုသိုလ်စိတ်၌ ယှဉ်ခိုက် ဆန္ဒ ဝီရိယ ပညာနှင့် ကုသိုလ်စိတ်များကိုသာ ယထာရဟ တရားကိုယ် ကောက်ရမည်။

**ဆောင်။** ။ပြီးစီးကြ၊ ထမြောက်ရ ဈာန် မဂ် ဖိုလ်၊
အခြေခံ—အကြောင်းရပ်ကို၊ ဣဒ္ဓိပါဒ်ဆို၊
သို့ကြောင်းဟိတ်-စိတ်ကုသိုလ်၊ သင့်သလို ယှဉ်တတ်၊
ဆန္ဒ ဝီ—စသည်များငယ်၊ မှတ်သား ကောက်အပ်။

**ဣန္ဒြေ ၅-ပါး**

၃၃။ "သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ"ဟု ဣန္ဒြေ ၅-ပါး ရှိသည်။

**ဗိုလ် ၅-ပါး**

၃၄။ "သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်"ဟု ဗိုလ် ၅-ပါး ရှိသည်။

ဤ ဣန္ဒြေနှင့် ဗိုလ်တို့၌ မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇောတို့၌ ရှိသော 'သဒ္ဓါ'စသည်ကို တရားကိုယ် ကောက်ပါ။

၃၅။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ သတိသမ္ဗောဇ္ဈင်္ဂါ၊ သတိ-သမ္ဗောဇ္ဈင်ရင်း။ (ပ)ရင်း။ ဣတိ၊ သို့။ သတ္တ၊ ၇-ပါးတို့တည်း။

၃၆။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့သည်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိရင်း။ (ပ)ရင်း။ ဣတိ၊ သို့။ အဋ္ဌ၊ ၈-ပါးတို့တည်း။

---

**ဗောဇ္ဈင် ၇-ပါး**

၃၅။ "သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်" ဟု ဗောဇ္ဈင် ၇-ပါး ရှိသည်။

သစ္စာ ၄-ပါးကို သိကြောင်း 'ဗောဓိ'မည်သော တရားအပေါင်း၏ အစိတ် အစိတ်ကို "ဗောဇ္ဈင်"ခေါ်သည်၊ မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇောဉ် ရှိသော 'သတိ'စသည်ကိုပင် ကောက်ပါ။

**ဆောင်**။ ။လေးသစ္စာ၊ သိကြောင်းမှာ ဗောဓိ၊
သီးသီးပင်—တခုစီ စိတ်အင်တို့ကို၊ 'ဗောဇ္ဈင်'ဟု သိ။

မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇောတို့၌ ရှိသော သတိ စေတသိက်သည် "သတိသမ္ဗောဇ္ဈင်"မည်၏၊ ပညာ စေတသိက်သည် "ဓမ္မဝိစယ-သမ္ဗောဇ္ဈင်"မည်၏၊ ဝီရိယ စေတသိက်သည် "ဝီရိယသမ္ဗောဇ္ဈင်"မည်၏၊ ပီတိ စေတသိက်သည် "ပီတိသမ္ဗောဇ္ဈင်"မည်၏၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ စေတသိက်သည် "ပဿဒ္ဓိသမ္ဗောဇ္ဈင်"မည်၏၊ ဧကဂ္ဂတာ စေတသိက်သည် "သမာဓိသမ္ဗောဇ္ဈင်"မည်၏၊ တတြမဇ္ဈတ္တတာ စေတသိက်သည် "ဥပေက္ခာသမ္ဗောဇ္ဈင်"မည်၏။

**မဂ္ဂင် ၈-ပါး**

၃၆။ "သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ-အာဇီဝ, သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ"ဟု မဂ္ဂင် ၈-ပါးရှိသည်။

မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇောဉ် ရှိသော ပညာစေတသိက်သည် "သမ္မာဒိဋ္ဌိ"မည်၏ စသည်ဖြင့် အရကောက်ပါ။

၇၇။ ပန၊ အမှာအထား စကားတရပ် ကြားညှပ်ပြီးအံ့။ တွေ၊ ဤ ဗောဓိပက္ခိယသင်္ဂဟ၌။ သမ္မာသတိကော ဝ၊ သမ္မာသတိတပါးတည်းကိုပင်။ စတ္တာရောသတိပဋ္ဌာနာတိ၊ စတ္တာရောသတိပဋ္ဌာနာဟူ၍၊ ပဝုစ္စတိ၊ ဆိုအပ်၏။

၇၈။ တထာ၊ ထို့အတူ။ သမ္မာဝါယာမော၊ သမ္မာဝါယာမတပါး တည်းကိုပင်။ စတ္တာရောသမ္မပ္ပဓာနာတိ စ၊ စတ္တာရောသမ္မပ္ပဓာနာဟူ၍ လည်း။ ပဝုစ္စတိ၊ ဆိုအပ်၏။

---

## ဗောဓိပက္ခိယသင်္ဂဟလေ့လာရန်

| ဗောဓိပက္ခိယတရားကိုယ် ၁၄ ပါး | | သတိပဋ္ဌာန် ၄ | သမ္မပ္ပဓာန် ၄ | ဣဒ္ဓိပါဒ် ၄ | ဣန္ဒြေ ၅ | ဗိုလ် ၅ | ဗောဇ္ဈင် ၇ | မဂ္ဂင် ၈ | ဌာနပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ဆန္ဒ စိတ္တ | ၂ | | | ၊ | | | | | ၁ |
| တတြမဇ္ဈတ္တတာ ပီတိ ပဿဒ္ဓိ | ၃ | | | | | | ၊ | | ၁ |
| ဝိတက် ဝိရတီ ၃ ပါး | ၄ | | | | | | | ၊ | ၁ |
| သဒ္ဓါ | ၁ | | | | ၊ | ။ | | | ၂ |
| ဧကဂ္ဂတာ | ၁ | | | | ။ | ။ | ၊ | ၊ | ၄ |
| ပညာ | ၁ | | | ။ | ။ | ။ | ၊ | ၊ | ၅ |
| *သတိ | ၁ | ။ | | | ။ | ။ | ၊ | ၊ | ၈ |
| *ဝီရိယ | ၁ | | ။ | ၊ | ။ | ။ | ၊ | ။ | ၉ |
| တရားကိုယ်ပေါင်း | ၁၄ | ၁ | ၁ | ၄ | ၅ | ၅ | ၇ | ၈ | |

*သတိအတွက် သတိပဋ္ဌာန်ကို ၄-ဌာန, *ဝီရိယအတွက် သမ္မပ္ပဓာန်ကို ၄-ဌာန ယူထားသည်၊ ဇယားသဘောကို နားလည်လောက်ပြီ။

**တရားကိုယ်အတွက် မှာထားချက်**

'တွေ ပန' စသော စကားရပ်ဖြင့် ဗောဓိပက္ခိယသင်္ဂဟ၌ တရားကိုယ်အတွက် ညွှန်ကြားချက်ကို ဆက်လက်ပြဆိုသည်။

၇၇။ သတိပဋ္ဌာန်၏ တရားကိုယ်မှာ သမ္မာသတိ ခေါ်သော သတိ စေတသိက်တပါးသာ ဖြစ်သည်။

၇၈။ သမ္မပ္ပဓာန်၏ တရားကိုယ်မှာလည်း သမ္မာဝါယာမ ခေါ်သော ဝီရိယတပါးသာ ဖြစ်သည်။

**၃၉။ ဆန္ဒော၊ ဆန္ဒစေတသိက်ရင်း။ စိတ္တံ၊ စိတ်ရင်း။ ဥပေက္ခာ စ၊ တတြမဇ္ဈတ္တုပေက္ခာရင်း။ သဒ္ဓါ၊ သဒ္ဓါ၊ ရင်း။ပဿဒ္ဓိပီတိဒွယာ၊ပဿဒ္ဓိပီတိ တို့ရင်း။ သမ္မာဒိဋ္ဌိ စ၊ ပညာရင်း။ သင်္ကပ္ပေါ၊ ဝိတက်ရင်း။ ဝါယာမော၊ ဝီရိယရင်း။ ဝိရတ္တိတ္တယံ၊ ဝိရတိ ၃-ပါးအပေါင်းရင်း။**

**သမ္မာသတိ၊ သတိရင်း။ သမာဓိ၊ ဧကဂ္ဂတာရင်း။ ဣတိ၊ သို့။သဘာဝ-တော၊ သဘောအားဖြင့်။ ဧတေ၊ ဤဗောဓိပက္ခိယတရားတို့သည်။ စုဒ္ဒသ၊ ၁၄-ပါးတို့ဘည်း။ ပဘေဒေန၊ အပြားအားဖြင့်။ သတ္တတိံသ၊ ၃၇-ပါး တည်း။ တတ္ထ၊ ထိုဗောဓိပက္ခိယတရားတို့၌။ သင်္ဂဟော၊ သင်္ဂဟသည်။ သတ္တဓာ၊ ၇-ပါးပြား၏။**

**၄၀။ သင်္ကပ္ပပဿဒ္ဓိ စ၊ ဝိတက် ပဿဒ္ဓိတို့သည်ရင်း။ ပီတုပေက္ခာ၊ ပီတိ တတြမဇ္ဈတ္တတာတို့သည်ရင်း။ ဆန္ဒော စ၊ ဆန္ဒသည်ရင်း။ စိတ္တံ၊ စိတ်သည်**

---

**တရားကိုယ်ပဘေဒသင်္ဂဟ**

'ဆန္ဒော (ပ)တတ္ထ သင်္ဂဟော'ဟူသော ၂-ဂါထာဖြင့် ဗောဓိပက္ခိယတရား တို့၏ တရားကိုယ် နာမည်အပြား သင်္ဂဟအပြားတို့ကို ပြသည်။

၃၉။ ဗောဓိပက္ခိယတရားတို့သည် "ဆန္ဒ, စိတ်, တတြမဇ္ဈတ္တတာ စေတ-သိက်, သဒ္ဓါ, ပဿဒ္ဓိ, ပီတိ, ပညာ, ဝိတက်, ဝီရိယ, သမ္မာဝါစာ, သမ္မာ-ကမ္မန္တ, သမ္မာအာဇီဝ, သတိ, ဧကဂ္ဂတာ"ဟု တရားကိုယ်အားဖြင့် ၁၄-ပါး ရှိသည်။ (ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ ၂-ပါးကို တပေါင်းတည်းပြု၍ "ပဿဒ္ဓိ" ဟု တခုတည်း ယူထားသည်။)

သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါး၊ ဤသို့ နာမည် အပြား အားဖြင့် ၃၇-ပါး ဖြစ်သည်။

"သတိပဋ္ဌာနသင်္ဂဟ, သမ္မပ္ပဓာနသင်္ဂဟ, ဣဒ္ဓိပါဒသင်္ဂဟ, ဣန္ဒြိယသင်္ဂဟ, ဗလသင်္ဂဟ, ဗောဇ္ဈင်္ဂသင်္ဂဟ, မဂ္ဂင်္ဂသင်္ဂဟ"ဟု သင်္ဂဟ ၇-ပါး ပြားသည်။

**ဖြစ်ရာဌာန**

"သင်္ကပ္ပပဿဒ္ဓိ စ (ပ) ဝိဘာဂေါ"ဟူသော ဂါထာဖြင့် တရားကိုယ် ၁၄-ပါးတို့၏ ဖြစ်ရာဌာနကို ခွဲခြား ဝေဖန်ပြသည်။

၄၀။ ဝိတက်, ပဿဒ္ဓိ, ပီတိ တတြမဇ္ဈတ္တတာ, ဆန္ဒ, စိတ္တ, ဝီရတိ ၃-ပါး၊ ပေါင်း ၉-ပါးတို့သည် တဋ္ဌာနစီသာ ရှိကုန်၏၊ ထိုတွင် ဝိတက်သည်

ၡင်း။ ဝီရတိတ္တယဥ္စ၊ ဝိရတီ ၃–ပါးအပေါင်းသည့်ၡင်း။ နဝ၊ ၉–ပါးသော တရားတို့သည်။ ကေဌာနာ၊ တဌာနစီသာရှိကြကုန်၏။ ဝီရိယံ၊ ဝီရိယသည်။ နဝဋ္ဌာနံ၊ ၉–ဌာနရှိ၏။ သတိ၊ သတိသည်။ အဋ္ဌဋ္ဌာနာ၊ ၈–ဌာနရှိ၏။ သမာဓိ၊ ဧကဂ္ဂတာသည်။ စတုဋ္ဌာနော၊ ၄–ဌာနရှိ၏။ ပညာ၊ ပညာသည်။ ပဉ္စဋ္ဌာနာ၊ ၅–ဌာနရှိ၏။ သဒ္ဓါ၊ သဒ္ဓါသည်။ ဒုဋ္ဌာနာ၊ ၂–ဌာနရှိ၏။ ဣတိ၊ သို့။ ဥတ္တမသတ္တတ္တိံသဓမ္မာနံ၊ မြတ်သော ၃၇–ပါးသော ဗောဓိပက္ခိယ တရားတို့၏။ ပဝရော၊ ကောင်းမြတ်သော။ ဧသော ဝိဘာဂေါ၊ ဤခွဲစိတ် ဝေဖန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၄၁။ သဗ္ဗေ၊ အလုံးစုံသောဗောဓိပက္ခိယတရားတို့သည်။ လောကုတ္တရေ၊ လောကုတ္တရာစိတ်၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ သင်္ကပ္ပပီတိယော၊ သင်္ကပ္ပပီတိ တို့သည်ကား။ ဝါ၊ အချို့သော လောကုတ္တရာစိတ်၌။ န ဟောန္တိ၊ မဖြစ်ကုန်။ ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ၊ သီလဝိသုဒ္ဓိစသော ၆–ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်ရာ အခါ၌။ လောကိယေပိ၊ လောကီကုသိုလ်ကြိယာစိတ်၌လည်း။ ယထာ ယောဂံ၊ ယှဉ်ထိုက်သည်အားလျော်စွာ။ ဟောန္တိ၊ ဖြစ်နိုင်ကုန်၏။

---

"သမ္မာသင်္ကပ္ပမဂ္ဂင်" ဟူသော တဌာနဌ်သာ ပါဝင်သည်—စသည်ဖြင့် ဇယား နှင့် တိုက်ဆိုင် လေ့လာပါ။

ဝီရိယသည် ၉-ဌာန၌ ပါဝင်၏၊ ထိုကိုးဌာနတို့ကား သမ္မပ္ပဓာန် ၄, ဝီရိ-ယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမ မဂ္ဂင်တို့ တည်း၊ နောက်လည်း ဤကဲ့သို့ ရသင့်သည် အားလျော်စွာ ရေတွက်ပါ။

သတိသည် ၈-ဌာန၌ ပါဝင်၏၊ ဧကဂ္ဂတာသည် ၄-ဌာန၌ ပါဝင်၏၊ ပညာသည် ၅-ဌာန၌ ပါဝင်၏၊ သဒ္ဓါသည် "သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ် ဟူသော ၂-ဌာန၌ ပါဝင်၏၊ ဤသို့လျှင် ဗောဓိပက္ခိယတရား ၃၇-ပါးတို့က မွန်မြတ် သည်အားလျော်စွာ ခွဲစိတ် ဝေဖန်ခြင်းမှာလည်း မွန်မြတ်လှပေသည်။

**ဖြစ်ရာစိတ်**

'သဗ္ဗေ လောကုတ္တရေ ဟောန္တိ' အစရှိသော ဂါထာဖြင့် ဗောဓိပက္ခိယ တရားတို့ ရထိုက်ရာ စိတ်ကို သတ်မှတ် ပြတော်မူသည်။

၄၁။ ဗောဓိပက္ခိယ တရားအားလုံးသည် လောကုတ္တရာစိတ်၌ ဖြစ်ကုန်၏၊ သင်္ကပ္ပ, ပီတိတို့သည် အချို့သော လောကုတ္တရာစိတ်၌ မဖြစ်ကုန်၊ 'သီလ ဝိသုဒ္ဓိ' စသော ၆-ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်ရာအခါ၌ လောကီကုသိုလ် ကြိယာစိတ်၌လည်း ယှဉ်ထိုက်သည် အားလျော်စွာ ဖြစ်ကုန်၏။

## သဗ္ဗသင်္ဂဟ

**၄၂။ သဗ္ဗသင်္ဂဟ၊ သဗ္ဗသင်္ဂဟ၌။ ခန္ဓာ၊ ခန္ဓာတို့သည်။ ရူပက္ခန္ဓာ၊ ရူပက္ခန္ဓာငါး။ (ပ)ငါး။ ဣတိ၊ သို့။ ပဉ္စ၊ ၅–ပါးတို့တည်း။**

**၄၃။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာတို့သည်။ ရူပုပါဒါနက္ခန္ဓာ၊ ရူပုပါဒါနက္ခန္ဓာငါး။ (ပ)ငါး။ ဣတိ၊ သို့။ ပဉ္စ၊ တို့တည်း။**

---

ဤသို့ သာမညအားဖြင့် ပေါင်းစု ဆိုထားစေကာမူ "သတိပဋ္ဌာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့အရ မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော၌ ယှဉ်သော တရားများကို ကောက်ယူရမည်၊ သမ္မပ္ပဓာန်နှင့် ဣဒ္ဓိပါဒ်တို့အရ ကုသိုလ်နှင့်ယှဉ်သော တရားတို့ကိုသာ ကောက်ယူရမည်" ဟု ဝိသေသအားဖြင့် ခွဲခြား မှတ်သားရာ၏။

**ဆောင်။** ။သတိပ၊ ဣန် ဗ ဗော မဂ္ဂင်၊
စိတ်မဟာ–ကုသလရယ်နှဲ့၊ ကြိယ အပြင်၊
ဇဝနအပ္ပနာတွင်၊ ယှဉ်သမျှ ကောက်ထိုက်၊
နှစ်မျိုးသာ၊ ပဓာန-ဣဒ္ဓိပါဒ်တို့ကို၊ ကောက်အပ် ကု၌။

**သတိပဋ္ဌာန်နှင့် ပဋ္ဌာန်း**

၁။ သတိပဋ္ဌာန်–အာရုံ၌ စွဲမြဲစွာ သက်ဝင် တည်နေတတ်သောတရား၊ သတိစေတသိက်ကို သတိပဋ္ဌာန်–ဟုခေါ်သည်။

၂။ ပဋ္ဌာန်း–အထူးထူးအပြားပြား များသောအကြောင်း ပစ္စယသတ္တိ, သတ္တိမန္တ ပစ္စည်းတရားတို့ကို ဟောရာကျမ်းကို "ပဋ္ဌာန်း" ဟု ခေါ်သည်။

**ခန္ဓာ ၅-ပါး**

"ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ" ဟု ခန္ဓာ ၅-ပါးရှိသည်။

ခန္ဓသဒ္ဒါသည်'အပေါင်းအစု' ဟူသောအနက်ကို ဟောသည်၊ ထို့ကြောင့် "အတိတ်, အနာဂတ်စသော အားဖြင့် ပေါင်းစုသော ရုပ် အစရှိသည်တို့ကို 'ခန္ဓာ' ခေါ်သည်" ဟု မှတ်ပါ၊ တရားကိုယ် အရကောက်မှာ နောက်၌ ထင်ရှားပါလိမ့်မည်။

**ဥပါဒါနက္ခန္ဓာ ၅-ပါး**

၄၃။ "ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာ" ဟု ဥပါဒါနက္ခန္ဓာ ၅-ပါး ရှိသည်။

**၄၄။ အာယတနာနိ၊ အာယတနတို့သည်။ စက္ခာယတနံ၊ စက္ခာယတန ၎င်း။ (ပ)၎င်း။ ဣတိ၊ သို့။ ဒွါဒသ၊ ၁၂-ပါးတို့တည်း။**

ဥပါဒါန် တရားတို့၏ အာရုံဖြစ်သော ခန္ဓာကို "ဥပါဒါနက္ခန္ဓာ" ဟု ခေါ်သည်၊ ဥပါဒါန် တရားတို့ ဟူသည်မှာလည်း လောဘနှင့် ဒိဋ္ဌိသာတည်း၊ ယင်းလောဘနှင့် ဒိဋ္ဌိတို့သည် လောကီတရားများကိုသာ အာရုံပြုနိုင်ကြသည်၊ လောကုတ္တရာ တရားများကို အာရုံမပြုနိုင်ကြ၊ထို့ကြောင့် ဥပါဒါနက္ခန္ဓာအရ လောကီစိတ်၊ စေတသိက်နှင့် ရုပ်တရားများကိုသာ ယူရသည်၊ လောကုတ္တရာ တရားများကို မယူရ။

**ခန္ဓာ ၂-မျိုးဟောရခြင်း။** ။ထိုတွင် ရထိုက်သမျှသောလောကီလောကုတ္တရာ တရားအားလုံးကို သိမ်းသွင်းပေါင်းယူ၍ ခန္ဓာ ဖွဲ့ခြင်းငှါ ပထမခန္ဓ ဒေသနာကို ဟောတော်မူသည်။

ယောဂီများ ဝိပဿနာ ရှုဖို့အတွက်လောကီတရား သက်သက်မျှကိုသာ ခန္ဓာ ဖွဲ့ပြခြင်းငှါ ဥပါဒါနက္ခန္ဓာ ဒေသနာတော်ကို ဆက်လက် ဟောတော်မူသည်။

**ဆောင်။** ။ကီနှင့်ကုတ်၊ မယုတ်ယွင်း ဓမ္မာ၊
သိမ်းသွင်းယူ—ပေါင်းကာပြလို့ရယ်၊ ဟောရ ခန္ဓာ၊
ယောဂီများ—ရှုဖို့ရာ၊ လောကီသာ သက်သက်၊
ဥပါဒါ—ခန္ဓာစုကို၊ ဟောပြုဆက်လက်။

**အာယတန ၁၂-ပါး**

၄၄။ "စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာ-ယတန, ဖောဋ္ဌဗ္ဗာယတန,ဓမ္မာယတန" ဟု အာယတန ၁၂-ပါးရှိသည်။

စိတ်,စေတသိက်တို့၏ ဖြစ်ကြောင်းတရားကို "အာယတန" ဟုခေါ်သည်။

စက္ခုပသာဒသည် 'စက္ခာယတန' မည်၏၊ (ပ) ကာယပသာဒသည် 'ကာ-ယာယတန' မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် 'မနာယတန' မည်၏၊ ရူပါရုံသည် 'ရူပါယတန' မည်၏၊ (ပ) 'ပထဝီ, တေဇော, ဝါယော' ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် 'ဖောဋ္ဌဗ္ဗာယတန' မည်၏၊ ဓမ္မာယတန၏ တရားကိုယ်ကား နောက်၌ ထင်ရှား ပါလိမ့်မည်။

**၄၅။ ဓာတုယော၊ ဓာတ်တို့သည်။ စက္ခုဓာတု၊ စက္ခုဓာတ်ငင်း။ (ပ)ငင်း။ ဣတိ၊ သို့။ အဋ္ဌာရသ၊ ၁၈-ပါးတို့တည်း။**

**၄၆။ အရိယသစ္စာနိ၊ အရိယသစ္စာတို့သည်။ ဒုက္ခံ၊ ဒုက္ခဟူသော။ အရိယသစ္စံ၊ အရိယသစ္စာငင်း။ ဒုက္ခသမုဒယော၊ ဒုက္ခ၏ ဖြစ်ကြောင်း ဖြစ်သော။ အရိယသစ္စံ၊ ငင်း။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ ငင်း။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ ငင်း။ ဣတိ၊ သို့။ စတ္တာရိ၊ ၄-ပါးတို့တည်း။**

---

**ဓာတ် ၁၈-ပါး**

၄၅။ "စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ်" ဟု ဓာတ် ၁၈-ပါးရှိသည်။

မိမိသဘောကို ဆောင်တတ် · မိမိသဘောလက္ခဏာအတိုင်း ထင်ရှားစွာ ဖြစ်တတ်သော တရားကို "ဓာတ်" ဟု ခေါ်သည်။

'စက္ခုဓာတ်' စသည်တို့၏ အရကောက်မှာ 'စက္ခာယတန' စသည်တို့၏ အရကောက်နှင့် တူပါပြီ၊ စက္ခုဝိညာဏ်ဒွေးသည် 'စက္ခုဝိညာဏဓာတ်' မည်၏၊ သောတဝိညာဏ်ဒွေးသည် 'သောတဝိညာဏဓာတ်' မည်၏၊ (ပ) ကာယဝိညာဏ်ဒွေးသည် 'ကာယဝိညာဏဓာတ်' မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေးသည် 'မနောဓာတ်' မည်၏၊ ကြွင်းသောစိတ် ၇၆-ပါးသည် 'မနောဝိညာဏဓာတ်' မည်၏၊ ဓမ္မဓာတ်၏ အရကောက်ကား နောက်၌ ထင်ရှားပါလိမ့်မည်။

**သစ္စာ ၄-ပါး**

၄၆။ "ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ"ဟု သစ္စာ ၄-ပါးရှိသည်။

ဒုက္ခ, ဒုက္ခ၏ဖြစ်ကြောင်း, နိရောဓ, နိရောဓသို့ရောက်ကြောင်း သဘောအားဖြင့် မှန်ကန်ကြသော တရားတို့ကို "သစ္စာ" ဟုခေါ်သည်၊ ယင်းသစ္စာ ၄-ပါးကိုပင် အရိယာပုဂ္ဂိုလ်တို့ သိအပ်သောကြောင့် "အရိယသစ္စာ"ဟုလည်း ခေါ်ပြန်သည်၊ တရားကိုယ်အရကောက်မှာ နောက်၌ ထင်ရှားပါလိမ့်မည်။

**၄၇။ ပန၊ အမှာအထား စကားတရပ် ကြားညှပ်ပြီးအံ့။ ဧတ္တေ၊ ဤသဗ္ဗသင်္ဂဟ၌။ စေတသိက သုခုမရူပ နိဗ္ဗာန ဝသေန၊ စေတသိက် သုခုမရုပ် နိဗ္ဗာန်တို့၏ အပြားအားဖြင့်။ ကေ့ဝနသတ္တတိ ဓမ္မာ၊ တခုယုတ်ခုနစ်ဆယ်သော တရားတို့သည်။ ဓမ္မာယတန ဓမ္မဓာတူတိ၊ ဓမ္မာယတန ဓမ္မဓာတ်ဟူ၍။ သင်္ခ်ါ၊ ခေါ်ဝေါ်အပ်ကုန်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။**

**၄၈။ မနာယတနမေဝ၊ မနာယတနတခုတည်းကပင်။ သတ္တဝိညာဏဓာတုဝသေန၊ ၇-ပါးသော ဝိညာဏဓာတ်တို့၏ အပြားအားဖြင့်။ ဘိဇ္ဇတိ၊ ပြား၏။**

**၄၉။ ရူပဉ္စ၊ ရုပ်ငှင်း။ ဝေဒနာ၊ ဝေဒနာစေတသိက်ငှင်း။ သညာ၊ သညာ စေတသိက်ငှင်း။ သေသ စေတသိကာ၊ ဝေဒနာသညာမှကြွင်းသော စေတသိက် ၅၀-တို့ငှင်း။ တထာ၊ ထိုမှတပါး။ ဝိညာဏံ၊ ဝိညာဏ်ငှင်း။**

---

**တရားကိုယ်အတွက် အထူးမှတ်ချက်**

သဗ္ဗသင်္ဂဟအတွက် အရေးပါသော မှတ်ချက်ကို ဆက်ပြလို၍ 'ဧတ္တေပန' စသော စကားရပ်ကို မိန့်ဆိုထားသည်။

**ဓမ္မာယတန ဓမ္မဓာတ်။** ။ထိုတွင် ''စေတသိကသုခုမ (ပ) ဂစ္ဆန္တိ'' ဟူသော စကားရပ်ဖြင့် 'ဓမ္မာယတန, ဓမ္မဓာတ်'တို့၏တရားကိုယ်ကို ပြတော်မူသည်။

၄၇။ စေတသိက် ဒွေးပညာသ သုခုမရုပ်သောဠသ နိဗ္ဗာန် (ဤတခုယုတ်ခုနစ်ဆယ်သောတရား) သည် 'ဓမ္မာယတန' မည်၏၊ 'ဓမ္မဓာတ်' လည်းမည်၏။

**သတ္တဝိညာဏဓာတ်။** ။'မနာယတနမေဝ (ပ)ဘိဇ္ဇတိ' ဖြင့် သတ္တဝိညာဏဓာတ်တို့၏ တရားကိုယ် အရကောက်ကို ပြသည်။

၄၈။ မနာယတန တခုတည်းကပင် ဝိညာဏဓာတ် ၇-ပါး ကွဲပြားရသည်၊ '' ဝိညာဏဓာတ် ၇-ပါးအရ ထိုက်သည် အားလျော်စွာ စိတ်တခုယုတ်ကိုးဆယ်ကို ဝေဖန်ကောက်ယူပါ'' ဟု ဆိုလိုသည်၊ ကောက်ပြခဲ့ပါပြီ။

**ခန္ဓာ ၅-ပါး တရားကိုယ်။** ။'ရူပဉ္စ' စသော ဂါထာဖြင့် ခန္ဓာ ၅-ပါး၏ တရားကိုယ်အရကောက်ကို ပြသည်။

၄၉။ ရုပ် အဋ္ဌဝီသသည် 'ရူပက္ခန္ဓာ' မည်၏၊ ဝေဒနာ စေတသိက်သည် 'ဝေဒနာက္ခန္ဓာ' မည်၏၊ သညာစေတသိက်သည် 'သညာက္ခန္ဓာ' မည်၏၊ ဝေ,

ဣတိ၊ သို့။ ဧတေ ပဉ္စ၊ ဤ ၅-မျိုးတို့ကို။ပဉ္စက္ခန္ဓာတိ၊ ၅-ပါးသော ခန္ဓာတို့ဟူ၍။ ဘာသိတာ၊ ဆိုအပ်ကုန်၏။

၅၀။ တေဘူမကာ၊ဘုံ ၃-ပါး၌ဖြစ်ကုန်သော။တထာ၊ ထို ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို။ပဉ္စုပါဒါနက္ခန္ဓာတိ၊ ၅-ပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဘေဒါဘာဝေန၊ အတိတ် အနာဂတ်စသောအားဖြင့် အကွဲအပြား မရှိခြင်းကြောင့်။ ခန္ဓသင်္ဂဟနိဿဋံ၊ ခန္ဓာအတွင်း၌ သွင်းယူခြင်းမှလွတ်၏။

---

ဒနာ သညာမှကြွင်းသော စေတသိက် ၅၀-သည်‘သင်္ခါရက္ခန္ဓာ’ မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် ‘ဝိညာဏက္ခန္ဓာ’ မည်၏၊ ဤ ၅-ပါးကို ‘‘ပဉ္စက္ခန္ဓာ’’ ဟု ဆိုအပ်ကုန်၏။

**ဥပါဒါနက္ခန္ဓာတရားကိုယ်။** ။‘ပဉ္စုပါဒါနက္ခန္ဓာတိ တထာ တေဘူမကာ မတာ’ဖြင့်ဥပါဒါနက္ခန္ဓာတို့၏တရားကိုယ်ကို ပြသည်။

၅၀။ ‘‘ကာမ, ရူပ, အရူပ’’ဟူသော ဘုံသုံးပါး၌ ဖြစ်သော (လောကီဖြစ်သော)ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို ဥပါဒါနက္ခန္ဓာအရ ကောက်ယူရမည်—ဟု ဆိုလိုသည်။

ထို့ကြောင့် ရုပ်အဋ္ဌဝီသသည် ‘ရူပုပါဒါနက္ခန္ဓာ’မည်၏၊ လောကီစိတ် ၈၁-ပါး၌ယှဉ်သော ဝေဒနာစေတသိက်သည် ‘ဝေဒနုပါဒါနက္ခန္ဓာ’မည်၏၊ သညာစေတသိက်သည် ‘သညုပါဒါနက္ခန္ဓာ’မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀-သည် ‘သင်္ခါရုပါဒါနက္ခန္ဓာ’မည်၏၊ လောကီစိတ် ၈၁-ပါးသည် ‘ဝိညာဏုပါဒါနက္ခန္ဓာ’ မည်၏၊ ဤသို့အရကောက်ပါ။

**ခန္ဓဝိမုတ်။** ။‘ဘေဒါဘာဝေန နိဗ္ဗာနံ, ခန္ဓသင်္ဂဟနိဿဋံ’ဖြင့် နိဗ္ဗာန်ကို ခန္ဓာ မဖွဲ့ရခြင်း၏ အကြောင်းကို ပြသည်၊ ‘‘အတိတ် အနာဂတ် စသောအားဖြင့် ကွဲပြားမှုမရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့သင့်’’ ဟု ဆိုလိုသည်။

တရားတမျိုးမျိုးသည် ‘‘အတိတ်, အနာဂတ်, ပစ္စုပ္ပန်’’ဟု ကွဲပြားနေခဲ့ပါလျှင် ထို ‘အတိတ်တရား, အနာဂတ်တရား, ပစ္စုပ္ပန်တရား’ ၃-မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

‘‘အဇ္ဈတ္တ (ခန္ဓာကိုယ်အတွင်း၌တည်သော)တရား,ဗဟိဒ္ဓ (ခန္ဓာကိုယ်၏ အပြင်၌တည်သော) တရား’’ဟု ၂-မျိုးကွဲပြားလျှင်လည်း ထိုတရား ၂-မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

**၅၁။ ဒွါရာလမ္ဗန ဘေဒေန၊ ဒွါရ ၆–ဖုံ အာရုံ ၆=ပါးတို့၏ ကွဲပြား ခြင်းကြောင့်။ အာယတနာနိ၊ အာယတနတို့သည်လည်း။ ဒွါဒသ၊ ၁၂–ပါး တို့သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။ဒွါရာလမ္ဗန တဒုပ္ပန္န ပရိယာယေန၊ဒွါရ ၆–ဖုံ အာရုံ ၆–တန် ထိုဒွါရအာရုံတို့၌ဖြစ်သော ဝိညာဏ် ၆–သွယ် ပရိယာယ် အမြွက်အားဖြင့်။ ဓာတုယော၊ ဓာတ်တို့သည်။ (အဋ္ဌာရသ၊ ၁၈=ပါးတို့ သည်။)ဘဝန္တိ၊ ဖြစ်ကုန်၏။**

---

''ဩဠာရိက(ရုန့်ရင်းသော) တရား, သုခုမ (သိမ်မွေ့သော) တရား''ဟု ကွဲပြားလျှင်လည်း ထို ၂-မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

''ဟီန (ယုတ်ညံ့သော) တရား, ပဏီတ (မွန်မြတ်သော)တရား''ဟု ကွဲပြားနေလျှင်လည်း ထို ၂-မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

''ဒူရေ (အသိခက်သဖြင့် ဉာဏ်နှင့်ဝေးသော) တရား, သန္တိကေ(အသိ လွယ်သဖြင့် ဉာဏ်နှင့်နီးသော)တရား''ဟု ကွဲပြားနေပြန်လျှင်လည်း ထို ၂- မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

နိဗ္ဗာန်ကား ကာလသုံးပါးမှလွတ်၍ ကာလဝိမုတ်ဖြစ်သည်၊ ''အတိတ်, အနာဂတ်, ပစ္စုပ္ပန်''အားဖြင့် ကွဲပြားမှုမရှိ၊ ကိုယ်ခန္ဓာ၏ အပြင်ဘက်မှာတည် သောကြောင့် ဗဟိဒ္ဓတမျိုးသာ ဖြစ်သည်၊ 'အဇ္ဈတ္တ, ဗဟိဒ္ဓ' ကွဲပြားမှုမရှိ၊ သိမ်မွေ့သောကြောင့် သုခုမတမျိုးသာ ဖြစ်သည်၊ 'ဩဠာရိက, သုခုမ' ကွဲပြားမှုမရှိ၊ မြတ်သောကြောင့် ပဏီတတမျိုးသာ ဖြစ်သည်၊ 'ဟီန, ပဏီတ'ကွဲပြားမှုမရှိ၊ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေတမျိုးသာ ဖြစ်သည်၊ 'ဒူရေ,သန္တိကေ' ၂-မျိုးကွဲပြားမှု မရှိ၊ ဤသို့ 'ကာလ ၃-ပါး, စသော အားဖြင့် ကွဲပြားမှုမရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရ။

**ဆောင်**။　။သုံးကာလ၊ အဇ္ဈတ္တ ဗဟိဒ္ဓါ၊
ဩဠာရာ–သုခုမငယ်၊ ပဏီတ ဟီနာ၊
ဒူရနှင့် သန္တိကာ၊ ကွဲမှုသာ ဖွဲ့ရ၊
ထိုသို့သာ၊ နိဗ္ဗာန်မှာ-ပြားမရှိတယ်၊ ဝိမုတ်ခန္ဓ။

**အာယတနဓာတ်ပြားပုံ**။　။'ဒွါရာလမ္ဗနဘေဒေန'စသောဂါထာဖြင့် အာယန ၁၂-ပါး, ဓာတ် ၁၈-ပါး ကွဲပြားရခြင်း၏ အကြောင်းကို ပြသည်။

၅၁။ ထိုတွင်'ဒွါရာလမ္ဗနဘေဒေန, ဘဝန္တာယတနာနိစ'ဖြင့် အာယတန ၁၂-ပါးကွဲပြားရခြင်း၏ အကြောင်းကို ပြသည်။

**၅၂။ တေဘူမကံ၊ ဘုံသုံးပါး၌ဖြစ်သော။ ဝဋ္ဋံ၊ ဝဋ္ဋတရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်၏။ တဏှာ၊ တဏှာသည်။ သမုဒယော၊ သမုဒယသစ္စာမည်သည်။ ဘဝေ၊ ဖြစ်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိရောဓော နာမ၊ နိရောဓသစ္စာမည်၏။ လောကုတ္တရော၊ လောကုတ္တရာဖြစ်သော။ မဂ္ဂေါ၊ မဂ္ဂင်တရားကိုယ် ၈-ပါးကို။ မဂ္ဂေါ၊ မဂ္ဂသစ္စာဟူ၍ မတော၊ သိအပ်၏။**

---

''ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ကွဲပြားခြင်းကြောင့် အာယတန ၁၂-ပါး ဖြစ်ရသည်''ဟု ဆိုလိုသည်။

စက္ခုဒွါရနှင့် ရူပါရုံသည် စက္ခုဒွါရိကစိတ်(စေတသိက်)တို့၏ ဖြစ်ကြောင်း ဖြစ်သည်၊ (ပ)မနောဒွါရနှင့် ဓမ္မာရုံသည် မနောဒွါရိကဝီထိစိတ်(စေတသိက်) တို့၏ ဖြစ်ကြောင်းဖြစ်သည်၊ ဤသို့ စိတ်,စေတသိက်တို့၏ ဖြစ်ကြောင်း ဒွါရနှင့် အာရုံတို့ ၆-ပါးစီပြားသောကြောင့် အာယတန ၁၂-ပါး ပြားလာရသည်၊ ထို့ကြောင့်ပင် ''စိတ်,စေတသိက်တို့၏ ဖြစ်ကြောင်းတရားကို အာယတန ခေါ်သည်''ဟု ဆိုခဲ့ရပေသည်။

'ဒွါရာလမ္ဗတဒုပ္ပန္န, ပရိယာယေန ဓာတုယော'ဖြင့် ဓာတ် ၁၈-ပါးပြားရခြင်း၏ အကြောင်းကိုပြသည်။

''ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ဝိညာဏ် ၆-ပါးပြားခြင်းကြောင့် ဓာတ် ၁၈-ပါး ဖြစ်ရသည်''ဟု ဆိုလိုသည်။

| | | |
|---|---|---|
| ၁။ စက္ခုဒွါရ | ရူပါရုံ | စက္ခုဝိညာဏ် |
| ၂။ သောတဒွါရ | သဒ္ဒါရုံ | သောတဝိညာဏ် |
| ၃။ ဃာနဒွါရ | ဂန္ဓာရုံ | ဃာနဝိညာဏ် |
| ၄။ ဇိဝှါဒွါရ | ရသာရုံ | ဇိဝှါဝိညာဏ် |
| ၅။ ကာယဒွါရ | ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ် |
| ၆။ မနောဒွါရ | ဓမ္မာရုံ | မနောဝိညာဏ် |

ဤသို့ ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ထိုဒွါရအာရုံကို မှီ၍ ဖြစ်သော ဝိညာဏ် ၆-ပါး အစဉ်အားဖြင့် ဓာတ် ၁၈-ပါးပြားသည်။

''မနောဓာတ်ကို မနောဒွါရ,ဓမ္မဓာတ်ကို ဓမ္မာရုံ''ဟုဆိုခြင်းသည် မုချ မဖြစ်နိုင်ပါ၊ ပရိယာယ်အားဖြင့်သာ ဖြစ်နိုင်သည်၊ ထို့ကြောင့် ''ပရိယာ-ယေန''ဟု အရှင်အနုရုဒ္ဓါဆရာ ထည့်သွင်းပြဆိုထားပါသည်။

**သစ္စာတရားကိုယ်။** ။'ဒုက္ခံ တေဘူမကံ' စသောဂါထာဖြင့် သစ္စာ ၄-ပါး၏ တရားကိုယ်အရကောက်ကို ပြသည်၊

၅၂။ လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈-သည် 'ဒုက္ခသစ္စာ' မည်၏၊ ဤတရားများကိုပင် 'ဘုံ ၃-ပါး၌

**၅၃။ မဂ္ဂယုတ္တာ၊ မဂ်နှင့်ယှဉ်လတ် မဂ်စိတ္တုပ္ပါဒ် ၂၉-ပါးတို့သည်ငင်း။ ဖလာ စေဝ၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးတို့သည်ငင်း။ စတုသစ္စဝိနိဿဋ္ဌာ၊ သစ္စာ ၄-ပါးမှ လွတ်ကုန်၏။ ဣတိ၊ ဤသို့။ သဗ္ဗသင်္ဂဟော၊ သဗ္ဗသင်္ဂဟကို။ ပဉ္စပ္ပ- ဘေဒေန၊ ၅-ပါးသောအပြားအားဖြင့်။ ဝုတ္တော၊ ဆိုအပ်၏။**

**အဘိဓမ္မတ္ထသင်္ဂဟေ၊ ၌။ သမုစ္စယသင်္ဂဟဝိဘာဂေါ နာမ၊ သမုစ္စယ သင်္ဂဟဝိဘာဂမည်သော။ သတ္တမော၊ ၇-ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ သည်။ ဣတိ၊ ပြီးပြီ။**

---

အကျုံးဝင်သောတရား' ဟု ဆိုထားသည်၊ လောဘကိုမူ သီးခြားဆိုလတ္တံ့ ဖြစ်၍ကြဉ်ရသည်၊ လောဘသည် 'သမုဒယသစ္စာ' မည်၏၊ နိဗ္ဗာန်သည် 'နိရောဓ သစ္စာ' မည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော ''သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ; သမ္မာသမာဓိ'' ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈-ပါးသည် 'မဂ္ဂသစ္စာ' မည်၏။

**သစ္စဝိမုတ်။** ။'မဂ္ဂယုတ္တာ ဖလာစေဝ, စတုသစ္စဝိနိဿဋ္ဌာ' ဖြင့် သစ္စဝိမုတ် (သစ္စာမှလွတ်သော) တရားတို့ကို ပြသည်။

၅၃။ မဂ်စိတ္တုပ္ပါဒ် ၂၉-ပါး, ဖိုလ်စိတ္တုပ္ပါဒ် ၃၈-ပါးတို့သည် 'သစ္စ- ဝိမုတ်' ဖြစ်ကုန်၏။

မဂ်စိတ် ၄-ပါး၌ စေတသိက် ၃၆-ပါးယှဉ်သည်၊ မဂ္ဂင် ၈-ပါးကို မဂ္ဂသစ္စာ ဖွဲ့ပြီးဖြစ်သောကြောင့် ထို ၃၆-ပါးမှ ပယ်နုတ်လိုက်က စေတသိက် ၂၈-ပါး ကျန်သည်၊ ထိုတွင် မဂ်စိတ်တို့ကို တခုတည်းပြု၍ ထည့်ပါက ၂၉-ပါး ဖြစ်လာသည်၊ ယင်းကိုပင် ''မဂ်စိတ္တုပ္ပါဒ် ၂၉-''ဟုခေါ်သည်။

ဖိုလ်စိတ် ၄-ပါး၌လည်း စေတသိက် ၃၆-ပါးပင် ယှဉ်သည်၊ ထိုတွင် ဖိုလ်စိတ်တို့ကို တခုတည်းပြု၍ထည့်လိုက်က ၃၇-ပါး ဖြစ်လာသည်၊ယင်းကိုပင် ''ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု''ဟုခေါ်သည်။

**သစ္စဝိမုတ်နှင့်သစ္စာ။** ။ဖိုလ်စိတ်၌ရှိသော မဂ္ဂင်တရားကိုယ် ၈-ပါးကို မဂ္ဂင် ချင်းတူသောကြောင့် သဒိသူပစာအားဖြင့် မဂ္ဂသစ္စာ ၌ သွင်းသင့်သည်။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ပါးနှင့် ဖိုလ်စိတ္တုပ္ပါဒ် ၂၉-ပါးတို့ကို ''သဗ္ဗေ သင်္ခါရာ ဒုက္ခာ'' ဟု ဟောထားသောကြောင့် ဒုက္ခသစ္စာအတွင်း၌ သွင်းသင့်သည်၊ ဤသို့ ထည့်သွင်းလိုက်ပါက သစ္စာ ၄-ပါးမှ လွတ်သော တရားဟူ၍မရှိတော့ပါ။

**ဆောင်**။ ။ဖိုလ်စိတ်ရှိ၊ အဌင်္ဂိမဂ်တို့ကို၊
သဒိသူ—ပစ္စာရငယ်၊ သွင်းမဂ္ဂဆို၊
စိတ္တုပ္ပါဒ်—အကြွင်းကို၊ ဒုက္ခဆိုဟောထား၊
ထို့ကြောင့်သာ—ဒုက္ခတွင်းဝယ်၊ သွတ်သွင်းယူထား။

**နိဂုံး**။ ။'ဣတိပဥ္စပ္ပဘေဒေန, ပဝုတ္တော သဗ္ဗသင်္ဂဟော'ဖြင့် သဗ္ဗသင်္ဂဟ၏ နိဂုံးကို ပြသည်။

ဤသို့ သဗ္ဗသင်္ဂဟကို ''ခန္ဓ,ဥပါဒါနက္ခန္ဓ, အာယတန, ဓာတု, သစ္စာ'' ဟူသော ၅-ပါး အပြားအားဖြင့် ဆိုထားခဲ့သည်—ဟုဆိုလိုသည်။

သမုစ္စည်းပိုင်း ပြီး၏။

# ၈။ ပစ္စည်းပိုင်း

**၁။ ယေသံသင်္ခတဓမ္မာနံ၊ စိတ်စေ ရုပ သင်္ခတမှန် အကြောင်ပစ္စယုပ္ပန် တရားတို့အား။ ယေဓမ္မာ၊ ရုပ်နာမ်နှစ်ချပ် ပရမတ်နှင့် ပညတ်ဟူငြား အကြောင်ပစ္စည်းတရားတို့သည်။ ယထာ၊ အကြောင်အကြောင် ဟေတုသတ္တိ အာရမဏသတ္တိအစရှိသော အခြင်းအရာဖြင့်။ ပစ္စယာ၊ ဖြစ်စေ, တည်စေ နှစ်ထွေ သတ်မှတ် ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံဝိဘာဂံ၊ ထိုပစ္စည်း, ပစ္စယုပ္ပန် ကျေးဇူးပြုဟန်သတ္တိအပြားကို။ ဣဟ၊ ဤပစ္စယသင်္ဂဟ၌။ ဣဒါနိ၊ ယခုအခါ၌။ ယထာရဟံ၊ ကြောင်းကျိုးသတ္တိ ရှိသည့်အလိုက် ထိုက်သည်အားလျော်စွာ။ အဟံ၊ ငါသည်။ ပဝက္ခာမိ၊ ဆိုပေအံ့။**

---

**ပဋိညာဉ်။** ။'ယေသံ သင်္ခတဓမ္မာနံ' အစရှိသောဂါထာသည် ပဋိညာဉ်ကို ပြသော ဂါထာဖြစ်သည်။

၁။ ယခုအခါဤပစ္စည်းပိုင်း၌ ပစ္စည်းတရား, ပစ္စယုပ္ပန်တရား, ကျေးဇူးပြုဟန် သတ္တိအပြားကို ထိုက်သည်အားလျော်စွာ ပြပါမည်—ဟု ဆိုလိုသည်။

ထိုတွင် 'ယေသံသင်္ခတဓမ္မာနံ' ဟူသော ပါဌ်ဖြင့် ပစ္စယုပ္ပန်တရားကို ပြသည်၊ အကြောင်းပစ္စည်းကြောင့် ဖြစ်ရသောအကျိုးတရားကို ''ပစ္စယုပ္ပန်'' ဟု ခေါ်သည်၊ ထို့ကြောင့် ပစ္စယုပ္ပန်တရားထဲ၌ သင်္ခတဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈-တို့သာ ထိုက်သည်အားလျော်စွာ ပါဝင်နိုင်ပေသည်၊ အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တို့ မပါဝင်နိုင်ချေ။

'ယေဓမ္မာ' ဟူသောပါဌ်ဖြင့် ပစ္စည်းတရားကိုပြသည်၊ အကျိုး ပစ္စယုပ္ပန် တရားတို့၏စွဲ၍ဖြစ်ကြောင်း (တည်နေကြောင်း) တရားကို ''ပစ္စယ—ပစ္စည်း'' ဟုခေါ်သည်၊ ထိုပစ္စည်းတရားထဲ၌ 'စိတ်, စေတသိက်, ရုပ်' ဟူသော အကျိုး ပစ္စယုပ္ပန် တရားတို့၏ အကြောင်း ဖြစ်ထိုက်သမျှသော သင်္ခတ တရားများလည်း ပါဝင်နိုင်သည်၊ နိဗ္ဗာန်ဟူသော အသင်္ခတ တရားလည်း ပါဝင်နိုင်သည်၊ ပညတ်တရားလည်း ပါဝင်နိုင်သည်၊ ထို့ကြောင့်ပင် ''ယေဓမ္မာ'' ဟု သာမန်အားဖြင့် ဆိုထားရသည်။

''ပစ္စယာယထာ'' ဟူသောပါဌ်ဖြင့် 'ဟေတုသတ္တိ, အာရမဏသတ္တိ'၊ အစရှိသော ၂၄-ပစ္စည်းတို့၏ ကျေးဇူးပြုနိုင်သော အခြင်းအရာသတ္တိကို ပြသည်။

**၂။ ပဋိစ္စသမုပ္ပါဒနယော၊ ပဋိစ္စသမုပ္ပါဒ်နည်းရင်း။ ပဋ္ဌာနနယော စ၊ ပဋ္ဌာန်းနည်းရင်း။ ဣတိ၊ သို့။ ပစ္စယသင်္ဂဟော၊ ပစ္စယသင်္ဂဟကို။ ဒုဝိဓော၊ ၂-ပါးအပြားရှိ၏ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။**

**၃။ တတ္ထ၊ ထိုနည်း ၂-ပါးတို့တွင်။ တဗ္ဘာဝဘာဝီဘာဝါကာရမတ္တောပလက္ခိတော၊ ထိုအဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သင်္ခါရအစရှိသော အကျိုးတရားတို့၏ ဖြစ်ပုံ အခြင်းအရာ**

---

ထိုတွင် ပစ္စယသဒ္ဒါသည် သဒ္ဒါနက်အားဖြင့် "အကြောင်းဟူသော အနက်ကို ဟောသည်၊ လက္ခဏာ (အများမှတ်သားအပ်သော) အနက်အားဖြင့် "ဥပကာရကၕ—ကျေးဇူးပြုသည်" ဟူသောအနက်ကို ဟောသည်၊ 'ကျေးဇူးပြုသည်' ဟူသည်မှာလည်း မဖြစ်သေးသော အကျိုးပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း, ဖြစ်ပြီးသော အကျိုးပစ္စယုပ္ပန် တရားတို့ကို တည်တံ့အောင် ထောက်ပံ့ခြင်းပင်တည်း။

'တံဝိဘာဂံ' ၌ 'တံ'၏အရ "ယေသံသင်္ခတ ဓမ္မာနံ, ယေဓမ္မာ, ယထာ" တို့၌ ပါဝင်သော 'ယ' သဒ္ဒါ ၃-မျိုးကို ပြန်ခဲ့ရသည်၊ ဝိဘာဂသဒ္ဒါကား "ဝေဖန်အပ်သောအထူးအပြား" ဟူသောအနက်ကို ဟောသည်၊ထို့ကြောင့် "တံဝိဘာဂံ—ထိုပစ္စည်း ပစ္စယုပ္ပန် ကျေးဇူးပြုဟန် သတ္တိအပြားကို"ဟု အနက်မြန်မာ ပြန်ဆိုရပါသည်။

**ဆောင်**။ ။ပရမတ်၊ ပညတ်ရယ်တဲ့ ပစ္စည်းမှာ၊
စိတ်နှင့်စေ—ရုပ်ကုန်မျှရယ်၊ ယူရ ပန္နာ၊
ကျေးဇူးပြု—ခြင်းအရာ၊ ဟောတာဒိသတ္တိ၊
ခွဲဝေဖန်—ပစ္စည်းပိုင်းဝယ်၊ ဟုတ်တိုင်း မှတ်သိ။

**နည်း ၂-ပါးနှင့် ထူးခြားချက်**

"ပဋိစ္စသမုပ္ပါဒနယော (ပ) ပဝုစ္စတိ" ဟူသော စကားရပ်ဖြင့် ပစ္စည်းပိုင်း၌ ပါဝင်သော နည်း ၂-ပါးနှင့် ထိုနည်း ၂-ပါးတို့၏ ထူးခြားပုံကို ပြသည်။

၂။ ပစ္စည်းပိုင်း၌ "ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း"ဟူ၍ နည်း ၂-ပါး ပါဝင်သည်။

၃။ ထိုနည်း ၂-ပါးတို့တွင် အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပုံမျှကို ပြ၍ ပစ္စယသတ္တိကို မပြသောနည်းသည် "ပဋိစ္စသမုပ္ပါဒ်နည်း" မည်၏။

မျှဖြင့် မှတ်အပ်သောနည်းသည်။ ပဋိစ္စသမုပ္ပါဒနယော၊ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။ ပဋ္ဌာနနယော ပန၊ ပဋ္ဌာန်းနည်းကိုကား။ အာဟာရပစ္စယဋ္ဌိတိံ၊ အထူးပြု၍ဖြစ်သောပစ္စည်းဟု ဆိုအပ်သော အကျိုးတရားတို့၏ တည်ရာ အကြောင်းကို၊ အာရဗ္ဘ၊ အစွဲပြု၍။ ပဝုစ္စတိ၊ ဟောတော်မူအပ်၏။

ပန၊ ဆက်ဦးအံ့။ ဥဘယံ၊ နည်း ၂-ပါးကို။ ဝေါမိဿိတွာ၊ ရောနှော၍၊ အာစရိယာ၊ အဋ္ဌကထာဆရာတို့သည်။ ပပဉ္စေန္တိ၊ ချဲ့ဖွင့်ကြကုန်၏။

## ပဋိစ္စသမုပ္ပါဒ်နည်း

၄။ တတ္ထ၊ ထိုနည်း ၂-ပါးတို့တွင်။ အဝိဇ္ဇာပစ္စယာ၊ လေးပါးသစ္စာ ပုဗ္ဗန္တာပရန္တ သုံးပါးမျှနှင့် ပဋိစ္စသမုပ္ပါဒ် ဤရှစ်ရပ်ကို မပြတ်ပိတ်ကာ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာပုည အာနေဉ္ဇဟု သုံးဝကွဲပြား သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

---

"အကြောင်းတရား, အကျိုးတရား, ပစ္စယသတ္တိ" ၃-မျိုးကို စုံလင်စွာ ပြသောနည်းသည် "ပဋ္ဌာန်းနည်း" မည်၏—ဟုဆိုလိုသည်။

**ဆောင်**။　။စည်းပန်မျှ၊ ထုတ်ဖော်ပြလေပါ၊
　　သတ္တိကို—ထူးမပြတယ်၊ ပဋိစ္စမှာ၊
　　စည်းပန်မျှ—မကပါ၊ ပစ္စယာသတ္တိ၊
　　ပဋ္ဌာန်းမှာ—စုံစွာပြတယ်၊ ထူး ဤမျှသိ။

**သီးသန့်ပြမည်**။　။ပဋိစ္စသမုပ္ပါဒ်နည်းကို ဖွင့်ဆိုသော အဋ္ဌကထာဆရာသည် ပဋ္ဌာန်းနည်းကိုပါ ရောနှောထည့်သွင်း ဖွင့်ပြထားသည်၊ ငါတို့မူကား နည်း ၂-ပါးကို မရောနှောပဲ သီးသန့် ပြဆိုပါမည်။

### အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်

၄။ သိသင့် သိထိုက်သော အရာဌာနကို မသိတတ်သော မသိအောင် ဖုံးလွှမ်း ပိတ်ကာထားတတ်သော တရားသည် 'အဝိဇ္ဇာ' မည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော မောဟ စေတသိက်ပေတည်း။

ထို အဝိဇ္ဇာမည်သော မောဟသည် "ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓ သစ္စာ, မဂ္ဂသစ္စာ" ဟူသော သစ္စာ ၄-ပါးကိုလည်း မသိအောင် ဖုံးလွှမ်း တတ်သည်၊ အတိတ်ကဖြစ်ခဲ့သော ခန္ဓာ အာယတန ဓာတ် အဖို့ အစုဟူသော 'ပုဗ္ဗန္တ'၊ အနာဂတ်၌ ဖြစ်မည့် ခန္ဓာ အာယတန ဓာတ် အဖို့စုဟူသော 'အပ ရန္တ'၊ အတိတ်က ဖြစ်ခဲ့သော ခန္ဓာ အာယတန ဓာတ် အဖို့စုနှင့် အနာဂတ်၌

ဖြစ်မည့် ခန္ဓာ အာယတန ဓာတ် အဖို့ အစုဟူသော 'ပုဗ္ဗန္တာပရန္တ'၊ ဤတရား ၃-မျိုးကိုလည်း မသိအောင် ဖုံးလွှမ်း ပိတ်ကာထားတတ်သည်၊ ပဋိစ္စသမုပ္ပါဒ် တရားသဘောကိုလည်း မသိအောင် ဖုံးလွှမ်း ပိတ်ကာထားတတ်သည်။

ဤ ၈-ဌာနတို့နှင့် စပ်လျဉ်း၍ မသိမြင်ခြင်းမျိုးကိုသာ "အဝိဇ္ဇာ" ဟု ခေါ်ရသည်၊ ဉာဏ်ကြီးရှင်တို့၏ အရာဖြစ်သော အချက်အလက်များကို ပိုင်ပိုင် နိုင်နိုင် မသိခြင်းမှာ အဝိဇ္ဇာ မဟုတ်ပါ၊ မိမိတို့၏ ဉာဏ်သတ္တိညံ့ဖျင်းမှုမျှသာ ဖြစ်ပါသည်။

'ရုပ်, နာမ်' ဟူသောအကျိုး (သင်္ခတ) တရားကို ပြုပြင် စီမံတတ်သော လောကီကုသိုလ် အကုသိုလ်စေတနာကို "သင်္ခါရ" ဟု ခေါ်သည်၊ ထိုသင်္ခါရ သည်လည်း "ပုညာဘိ သင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္စာဘိသင်္ခါရ"ဟု ၃-ပါး ပြားသေးသည်၊ သင်္ခါရနှင့် အဘိသင်္ခါရသည် အနက်တူ၏။

ထိုတွင် မဟာကုသိုလ်စိတ် ၈-ခု, ရူပကုသိုလ် ၅-ခု၌ ယှဉ်သော စေတနာ ၁၃-ပါးသည် "ပုညာဘိ သင်္ခါရ" မည်၏၊ အကုသိုလ်စိတ်၌ ယှဉ်သော စေတနာ ၁၂-ပါးသည် "အပုညာဘိသင်္ခါရ" မည်၏၊ အရူပကုသိုလ်၌ ယှဉ် သော စေတနာ ၄-ပါးသည် "အာနေဉ္စာဘိ သင်္ခါရမည်၏။

(ဤ၌ အာနေဉ္စသဒ္ဒါသည် "မတုန်မလှုပ်" ဟူသော အနက်ကို ဟော သည်၊အရူပဈာန်များသည် သမာဓိအားကောင်းလှသည့်အတွက် ဆန့်ကျင်ဖက် တရားတို့က ဘယ်လိုပင် လှုပ်ချောက်ချားအောင် ပြုလုပ်စေကာမူ မတုန်လှုပ် မချောက်ချားတော့ပါ၊ မယိမ်းမယိုင် မြဲနိုင် တည်တံ့လှပါသည်၊ ထို့ ကြောင့် "အာနေဉ္စ"ဟူသောအမည်ကို ရကြသည်။)

အဝိဇ္ဇာ မကင်းသေးသော သူတို့သည် အဝိဇ္ဇာ၏ ဖုံးလွှမ်း ပိတ်ကာထားမှု ကြောင့် ယခု တွေ့ကြုံရမည့် ဆင်းရဲ ဒုက္ခ, ဘဝသံသရာ၌ တွေ့ကြုံရမည့် ဆင်းရဲ ဒုက္ခတို့ကို အမှန်အတိုင်း မမြင် နိုင်ကြသည့်အတွက် "အပုညာဘိသင်္ခါရ" ခေါ်သော အကုသိုလ်များကိုလည်း ပြုလုပ်ကြသည်၊ "ပုညာဘိသင်္ခါရ" ခေါ်သော ကုသိုလ်များကိုလည်း ပြုလုပ်ကြသည်၊ "အာနေဉ္စာဘိသင်္ခါရ" ခေါ်သော ကုသိုလ်များကိုလည်း ပြုလုပ်ကြသည်၊ ဤသို့ သင်္ခါရ သုံးပါး သည်ပင်လျှင် အဝိဇ္ဇာကို အခြေခံ၍ ဖြစ်ပေါ်လာရသည်။

အဝိဇ္ဇာကင်းပြီးသော ရဟန္တာအရှင်မြတ်များမှုကား အရဟတ္တ မဂ်ဖြင့် ပယ်ပြီးဖြစ်သည့်အတွက် အကုသိုလ်များကို မပြုလုပ်ကြတော့ပါ၊ 'ဒါန, သီလ, စသောကုသိုလ်ကောင်းမှုမျိုးကိုမူကား ပြုလုပ်ကြပါသေးသည်၊ သို့သော် သူတို့ ပြုလုပ်သမျှ ကုသိုလ်ကောင်းမှု အစုစုတို့သည် အဝိဇ္ဇာ မရှိတော့သည့်အတွက် ပုညာဘိသင်္ခါရလည်း မဖြစ်တော့ပါ၊ အာနေဉ္စာဘိ သင်္ခါရလည်း မဖြစ် တော့ပါ၊ ကြိယာမျှသာ ဖြစ်ရပါတော့သည်။

**သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်၊ ဝိညာဏံ၊ လောကီသက်သက် ဝိပါက်တရား ၃၂-ပါးသော ဝိညာဏ်သည်၊ သမ္ဘဝတိ၊ ၏။**

**ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်၊ နာမရူပံ၊ ဝိပါက်ယှဉ်ဘိ စေတသိက ကမ္မဇဟု နာမ်ရုပ်စုသည်၊ သမ္ဘဝတိ၊ ၏။**

---

**သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်**

ဤ၌ ဝိညာဏ်အရ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ထိုက်သည် အားလျော်စွာဖြစ်သော လောကီဝိပါက် ၃၂-ပါးကိုသာ ယူရသည်၊ ဝဋ်တရားတို့ကို ပြဆိုရာ ဖြစ်သောကြောင့် လောကုတ္တရာ ဝိပါက်များကို မယူရ။

ထိုတွင် ပုညာဘိ သင်္ခါရကြောင့် အဟိတ်ကုသလဝိပါက် ၈-ပါး, မဟာဝိပါက် ၈-ပါး, ရူပဝိပါက် ၅-ပါး၊ ပေါင်း ၂၁-ပါးသောဝိညာဏ်ဖြစ်သည်၊ အပုညာဘိ သင်္ခါရကြောင့် "အကုသလဝိပါက်" ဟု ဆိုအပ်သော ဝိညာဏ် ၇-ပါး ဖြစ်သည်၊ အာနေဉ္ဇာဘိ သင်္ခါရကြောင့် "အရူပဝိပါက်" ဟုဆိုအပ်သော ဝိညာဏ် ၄-ပါးဖြစ်သည်၊ ကမ္မစတုက္ကက ဆိုခဲ့ပြီးသည့် အတိုင်းပင် ဖြစ်သည်။

(အကြောင်း သင်္ခါရ၌ ဥဒ္ဓစ္စစေတနာနှင့် အဘိညာဉ် စေတနာကို ကြဉ်ရမည်၊ အကျိုးသင်္ခါရ၌ကား ကြဉ်ရန်မလိုပါ။)

**ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်**

ဤ၌လည်း ဝိညာဏ်အရ လောကီဝိပါက် ဝိညာဏ်ကိုပင် ယူရသည်၊ နာမရူပံအရ ထိုဝိပါက် ဝိညာဏ်၌ ယှဉ်သော စေတသိက်နှင့် ကမ္မဇရုပ်များကိုသာ ယူရသည်၊ ဝိပါက် ဝိညာဏ်ကိုကား နာမ်အမည် ရပါသော်လည်း အကြောင်း အနေဖြင့် ယူပြီး ဖြစ်သောကြောင့် မယူရတော့ပါ။

ပဋိသန္ဓေ ဝိညာဏ် ဖြစ်လာသည့်အခါ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များလည်း အတူတကွ ဖြစ်လာကြသည်၊ ထိုတွင် ဝိညာဏ်သည် ရှေ့သွား ခေါင်းဆောင်ဖြစ်သည်၊ ဝိညာဏ် ဖြစ်သည့်အတွက်သာ စေတသိက်နှင့် ကမ္မဇရုပ်များ ဖြစ်ကြရသည်၊ ဝိညာဏ်မဖြစ်က ဖြစ်နိုင်ဖွယ်ရာပင် မရှိပါ၊ ပဝတ္တိအခါ၌ဖြစ်သော စေတသိက်နှင့် ကမ္မဇရုပ် များသော်မှလည်း ပဋိသန္ဓေ ဝိညာဏ်နှင့် ကင်းကွာ၍ မဖြစ်နိုင် ကြပါ၊ ဤသည်ကိုပင် ရည်ရွယ်၍ ဋီကာဆရာကလည်း "တဒုဘယမ္ပိ ဣမ ပဋိသန္ဓိ ဝိညာဏ သဂဟတန္တိ ဒဋ္ဌဗ္ဗံ" ဟု မိန့်ဆိုထားသည်။

**နာမရူပ ပစ္စယာ၊ နာမ်, ရုပ် နာမ် ရုပ် ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ အဇ္ဈတ္တိကာယတန ၆–ပါး, ၆–ခု မြောက်သော မနာ-ယတန တရားသည်။ သမ္ဘဝတိ၊ ၏။**

---

ထို့ကြောင့် ဝိညာဏ်သည် နာမ်, ရုပ်ဖြစ်ဖို့ရန် အားကြီးသော အကြောင်း ဖြစ်သည်၊ နာမ်, ရုပ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၊ ဤ နေရာ၌ ကင်း၍ မဖြစ်နိုင်ခြင်းသဘောကိုပင် သုတ္တန်နည်းအားဖြင့် "ပကတူ-ပနိဿယသတ္တိ"ဟု ဆိုထားပါသည်။

## နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်

ဤ၌လည်း နာမ, ရူပ အရ မထူးတော့ပါ၊ ဆိုခဲ့ပြီးသော နာမ, ရူပ များပင် ဖြစ်သည်၊ "အဇ္ဈတ္တိကာယတန ၆-ပါး"ဟူသည်ကား စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန တို့ပင်တည်း။

မနာယတနအရကိုလည်း စိတ်အကုန်လုံးကို မယူရ၊ လောကီဝိပါက် ၃၂-ပါးကိုသာ ယူရသည်၊ ဤအာယတန ၆-ပါးသည် ပဉ္စဝေါကာရဘုံ၌သာ အပြည့်အစုံရှိနိုင်သည်၊ အရူပဘုံ၌ကား ၆-ခုမြောက်ဖြစ်သော မနာယတန တခုသာ ရှိနိုင်သည်။

ထိုတွင် ပဉ္စဝေါကာရဘုံ၌ လောကီဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ ဖြစ်လာသည့်အခါမှာ စေတသိက်နာမ်သည် ဝိပါက်ဝိညာဏ် တည်းဟူသော မနာယတနကိုသာ သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၊ အတူတကွ ဖြစ်စေသည်၊ ကမ္မဇရုပ်များ ဖြစ်သည့်အတွက်ကြောင့်ပင် 'စက္ခာယတန' စသော အဇ္ဈတ္တိကာယတန ၅-ပါးလည်း ဖြစ်လာရသည်၊ ကမ္မဇရုပ်များ မဖြစ်က ရုပ်အာယတန ၅-ပါးလည်း မဖြစ်နိုင်။

ထို့ပြင် နာမ်က ရုပ်အာယတနကိုရင်း, ရုပ်က နာမ်အာယတနကိုရင်း သုတ္တန် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသည်၊ အတူတကွ ဖြစ်စေကြသည်၊ ဤသို့ ပဉ္စဝေါကာရဘုံဝယ် "နာမ်, ရုပ်" ၂-ပါးလုံးက အာယတန ၆-ပါးကို ကျေးဇူးပြုနိုင်ကြသည်။

ထို့ပြင် ပဉ္စဝေါကာရဘုံ၌သော်မှလည်း ဝိပါက်ဝိညာဏ် မဖြစ်သည့် အခါမှာ ရုပ်ကသာ ရုပ်အာယတန ၅-ပါးကို ဖြစ်စေနိုင်သည်၊ အရူပဘုံ၌မူ နာမ်ကသာ မနာယတနကို ဖြစ်စေသည်၊ ထို မနာယတနသည်လည်း အဇ္ဈတ္တိ-ကာယတန ၆-ပါးတို့တွင် ၆-ခုမြောက် အာယတန ဖြစ်ပေသည်။

**သဠာယတန ပစ္စယာ၊ အာယတန ၆-ပါး ဟူသော အကြောင်းကြောင့်။ ဖဿော၊ စက္ခုသမ္ဖဿ စသည် ကွဲပြား ၆ ဒွါရ၌ ဖြစ်သော ဖဿတရားသည်။ သမ္ဘဝတိ၊ ၏။**

**ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ စက္ခုသမ္ဖဿဇာ အစလာသည့် ဒွါရစွမ်းအား ၆-ပါး ပြားသော ဝေဒနာတရားသည်။ သမ္ဘဝတိ၊ ၏။**

---

ထို့ကြောင့် "နာမရူပပစ္စယာ၊ နာမ်ရုပ် နာမ်ရုပ် ဟူသော အကြောင်းကြောင့်။ သဠာယတန်၊ အဇ္ဈတ္တိကာယတန ၆-ပါး, ၆-ခုမြောက်သော မနာယတနတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏"ဟု အနက်မြန်မာပြန်ဆိုရသည်။

**သဠာယတနကြောင့် ဖဿဖြစ်သည်**

ဤ၌လည်း သဠာယတနအရ မထူးတော့ပါ၊ ဆိုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်ပါသည်၊ "သမ္ဖဿ ၆-ပါး"ဟူသည်ကား စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿတို့ပေတည်း၊ ထိုတွင် စက္ခုပသာဒ၌မှီသော ဖဿသည် "စက္ခုသမ္ဖဿ"မည်၏၊ တရားကိုယ်မှာ စက္ခုဝိညာဏ်၌ယှဉ်သော ဖဿစေတသိက်ပင်ဖြစ်သည်၊ ထိုစက္ခု-သမ္ဖဿသည် စက္ခာယတနမရှိလျှင် မဖြစ်နိုင်၊ စက္ခာယတနရှိမှသာ ဖြစ်နိုင်သည်၊ 'သောတသမ္ဖဿ'စသည် ဖြစ်ပုံကိုလည်း နည်းမှီ၍ သိမြင်နိုင်လောက်ပါပြီ။

ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော လောကီဝိပါက် ၂၂-ပါး၌ ယှဉ်သော ဖဿသည် "မနောသမ္ဖဿ" မည်၏၊ ထိုမနောသမ္ဖဿသည်လည်း မနာ-ယတနမရှိလျှင် မဖြစ်နိုင်၊ မနာယတနရှိမှသာ ဖြစ်နိုင်သည်၊ ထို့ကြောင့် "အာယတန ၆-ပါးကြောင့် ဖဿ ၆-ပါး ဖြစ်သည်"ဟု ဆိုရသည်၊ တရားကိုယ်မှာ လောကီဝိပါက်၌ ယှဉ်သော ဖဿ ၃၂-ပါးပင်တည်း၊ ဖဿနှင့် သမ္ဖဿသည် အနက်အားဖြင့် မထူးပါ။

**ဖဿကြောင့် ဝေဒနာဖြစ်သည်**

"ဖဿ"ဟူသော အတွေ့ဓာတ်မဖြစ်သမျှ "ဝေဒနာ"ဟူသော ခံစားမှုလည်း မဖြစ်နိုင်၊ "ဖဿ"ဟူသော အတွေ့ဓာတ်ဖြစ်ပေါ်လာလျှင်"ဝေဒနာ" ဟူသော ခံစားမှုလည်း ဖြစ်ပေါ်လာရသည်၊ ထို့ကြောင့် "ဖဿကြောင့် ဝေဒနာဖြစ်သည်"ဟု ဟောတော်မူသည်။

ထိုဝေဒနာသည်လည်း "စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာ-ဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယ-

**ဝေဒနာပစ္စယာ၊ ဝေဒနာဟူသောအကြောင်းကြောင့်။ တဏှာ၊ ကာမဘဝ ဝိဘဝဟု သုံးဝတဏှာ အာရုံခြောက်ပြန်ဆင့်ပွါး တရားရှစ်ပါးသော တဏှာတရားသည်။ သမ္ဘဝတိ၊ ၏။**

---

သမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာ''ဟု ဒွါရနှင့် စပ်၍ ၆-ပါးပင်ပြားသည်၊ သမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကိုပင် ''သမ္ဖဿဇာဒေနာ''ဟု ခေါ်သည်၊ တရားကိုယ်မှာ လောကီဝိပါက် ၃၂-ခု၌ယှဉ်သော ဝေဒနာစေတသိက်ပင် ဖြစ်သည်။

**နည်း ၂-မျိုး။** ။ပဋိစ္စသမုပ္ပါဒ် ဟောပုံသည် ''အဘိဓမ္မာနည်း, သုတ္တန်နည်း''ဟု ၂-မျိုးရှိသည်၊ စိတ်တခုယုတ်ကိုးဆယ်သည် ဝိညာဏ်မည်၏၊ စေတသိက်ဒွေးပညာသ ရုပ်အဋ္ဌဝီသသည် နာမ်ရုပ် မည်၏၊ စိတ်တခုယုတ် ကိုးဆယ် ပသာဒရုပ် ၅-ခုသည် သဠာယတန မည်၏၊ စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော ဖဿစေတသိက်သည် ဖဿ မည်၏၊ စိတ်တခုယုတ်ကိုးဆယ်၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။

ဤသို့ အဘိဓမ္မာနည်းအားဖြင့် ဝိညာဏ် နာမ်ရုပ် မနာယတန ဖဿ ဝေဒနာတို့၏ အရကို အကြွင်းအကျန်မရှိအောင် ကောက်ရသည်၊ မာတိကထာအရကောက်၌ ဤအဘိဓမ္မာနည်းအလိုအားဖြင့် ကောက်ပြထားသည်၊ ဤနည်း၌ 'အတိတ်အကြောင်း, ပစ္စုပ္ပန်အကျိုး'စသည် ခွဲရန်လည်း မလိုတော့ပါ။

သုတ္တန်နည်း အလိုအားဖြင့်မူကား 'အတိတ်အကြောင်း, ပစ္စုပ္ပန်အကျိုး' စသည်ခွဲခြားရမည်ဖြစ်၍ 'ဝိညာဏ်' စသည်တို့၏ အရကို လောကီဝိပါက်, ထိုဝိပါက်၌ယှဉ်သော စေတသိက်, ကမ္မဇရုပ်တို့ကိုသာ ထိုက်သည်အားလျော်စွာ ကောက်ယူရသည်၊ ဤအဘိဓမ္မတ္ထသင်္ဂဟ၌မူကား သုတ္တန်နည်းအလိုအားဖြင့်သာ ကောက်ရသည်၊ သို့မှလည်း ဖလပဉ္စကအရနှင့် ညီညွတ်ဖွယ်ရာရှိပါသည်။

**ဆောင်။** ။ဝိဉ် နာမ၊ မန ဖသ် ဝေဒနာ၊
ခြွင်းမချန်—ကောက်ပြန်ဘိတယ်၊ နည်းဘိဓမ္မာ၊
ဤ၌ကား—လောကီသာ၊ ဝိပါကာ ကောက်အပ်၊
သို့မှသာ—ပဉ္စကငယ်၊ ညီမျှ မချွတ်။

**ဝေဒနာကြောင့်တဏှာဖြစ်သည်**

ခံစားမှုဝေဒနာကို အကြောင်းပြု၍ တပ်မက်မှုတဏှာ ဖြစ်ပေါ်လာရသည်၊ ထိုတဏှာသည်လည်း''ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ'' ဟု ၆ သုံးပါးရှိသည်။

**တဏှာပစ္စယာ၊ တဏှာဟူသောအကြောင်းကြောင့်။ ဥပါဒါန်၊ ကာမုပါဒါန် စသည်လေးပါး ဥပါဒါန်တရားသည်။ သမ္ဘဝတိ၊ ၏။**

ထိုတွင် အာရုံ ၆-ပါးကို သာယာတပ်မက်သော တဏှာသည် "ကာမတဏှာ" မည်၏၊ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သောတဏှာသည် "ဘဝတဏှာ" မည်၏၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သောတဏှာသည် "ဝိဘဝတဏှာ" မည်၏။

ထို ၃-ပါးတို့တွင်လည်း တပါးတပါးသည် "ရူပါရုံကို တပ်မက်တတ်သော ရူပတဏှာ, သဒ္ဒါရုံ စသည်ကို တပ်မက်တတ်သော သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မာရုံကို တပ်မက်တတ်သော ဓမ္မတဏှာ" ဟု ၆-မျိုးစီပြားပြန်သည်၊ ထို့ကြောင့် (၃×၆=) ၁၈-ပါး ဖြစ်လာရသည်။

တဖန် "အတိတ်တဏှာ, အနာဂတ်တဏှာ, ပစ္စုပ္ပန်တဏှာ" ဟု ၃-ပါးစီ ပြားပြန်သောကြောင့် (၁၈×၃=) ၅၄-ပါး ဖြစ်လာရသည်။

တဖန် "အဇ္ဈတ္တတဏှာ, ဗဟိဒ္ဓတဏှာ" ဟု ၂-မျိုးစီပြားပြန်သောကြောင့် (၅၄×၂=) ၁၀၈-ပါး ဖြစ်လာရသည်၊ တရားကိုယ်ကား လောဘမူဋ္ဌ်ယှဉ်သော လောဘစေတသိက်ပင် ဖြစ်သည်။

**ဆောင်။** ။ကာ ဘဝ၊ ဝိဘဝရယ်တဲ့ သုံးတဏှာ၊
ခြောက်အာရုံ—သုံးကာလငယ်၊ နှစ်ဝသန္တာ၊
ရှေ့တည်သင့်—နောက်ဖြင့်သာ၊ မြှောက်ယူပါဆက်လက်၊
ရာ့ရှစ်ဖြာ—တဏှာများငယ်၊ ဖြစ်ပွါးပေါ်ထွက်။

**တဏှာကြောင့် ဥပါဒါန်ဖြစ်သည်**

လွန်လွန်ကဲကဲ စွဲလမ်းမှုကို "ဥပါဒါန်" ခေါ်သည်၊ ယင်းဥပါဒါန်သည် "ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်" အားဖြင့် ၄-ပါးပြားသည်၊ တရားကိုယ်အားဖြင့် တဏှာနှင့် ဒိဋ္ဌိသာတည်း။

**တဏှာနှင့်ကာမုပါဒါန်။** ။အကြောင်းဖြစ်သောတဏှာနှင့် အကျိုးဖြစ်သော ကာမုပါဒါန်တို့၏ ထူးခြားပုံကို ဆက်ပြပါဦးမည်၊ အားသေးသောလိုချင်တပ်မက်မှုသည် တဏှာမည်၏၊ အားကြီးသော လိုချင်တပ်မက်မှုသည် ကာမုပါဒါန်မည်၏၊ တနည်းကား=တစုံတခုသော အာရုံကို မရသေးခင် လိုချင်တောင့်တမှုသည် တဏှာမည်၏၊ ရပြီးသည်နောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် ကာမုပါဒါန်မည်၏။

တဏှာသည် အပ္ပိစ္ဆတာ (မလိုချင်မှု)၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ဥပါဒါန်သည် သန္တောသ(တင်းတိမ်ရောင့်ရဲမှု)၏ ဆန့်ကျင်ဘက်ဖြစ်သည်။

## ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ကမ္မဘဝ ဥပပတ္တိဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။

တဏှာသည်ရှာဖွေမှုကြောင့် ဖြစ်သော ဆင်းရဲဒုက္ခ၏ အကြောင်းရင်း ဖြစ်သည်၊ကာမုပါဒါန်သည် စောင့်ရှောက် ရခြင်းကြောင့် ဖြစ်သော ဆင်းရဲ ဒုက္ခ၏အကြောင်းရင်းဖြစ်သည်။

ဤသို့ အကြောင်းဖြစ်သောတဏှာနှင့် အကျိုးဖြစ်သော ကာမုပါဒါန်တို့ ထူးခြားကြသည်။

**ဆောင်**။ ။ဒုဗ္ဗလ၊ ဗလဝရယ်တဲ့တနည်းမှာ၊
မရခင်–လိုချင်မှုရယ်နဲ့၊ ရပြီးလျှင်–ခုံမင်မှုငယ်၊ တဏှုပါဒါ၊
အပ္ပိစ္ဆ—သန္တောသသာ၊ ဆန့်ကျင်လာ စဉ်သင့်၊
ရှာဒုက္ခာ–အကြောင်းရင်းငယ်နဲ့၊ စောင့်ဒုက္ခာ—အကြောင်းရင်း တို့ကို၊ ရှင်းလင်းခဲ့ဖွင့်။

### ဥပါဒါန်ကြောင့် ဘဝဖြစ်သည်

ဘဝသည် "ကမ္မဘဝ,ဥပပတ္တိဘဝ"ဟု ၂-မျိုးရှိသည်၊ ထိုတွင် လောကီ ကုသိုလ် ၁၇၊ အကုသိုလ် ၁၂-၌ယှဉ်သော စေတနာ ၂၉-ပါးသည် "ကမ္မ ဘဝ"မည်၏၊ သင်္ခါရနှင့် အရကောက်တူသည်။

ထိုကံကြောင့်ဖြစ်သော လောကီဝိပါက်စိတ်, စေတသိက်, ကမ္မဇရုပ်များ သည် "ဥပပတ္တိဘဝ" မည်၏၊ ဤဥပပတ္တိဘဝအပြားကို ခေတုကထာ အရ ကောက်၌ တွေ့ရပါလိမ့်မည်။

**သင်္ခါရနှင့် ကမ္မဘဝ**။ ။"အရကောက်တူပါလျှင် သင်္ခါရနှင့် ကမ္မဘဝတို့ အဘယ်သို့ ထူးခြား ပါသနည်း"ဟု တွေးတော စဉ်းစားဖွယ်ရာ ရှိပါသည်၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဖို့ရန် အတိတ်ဘဝက ဖြစ်ခဲ့သော စေတနာသည် "သင်္ခါရ"မည်၏။ (အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ။)

အနာဂတ်ဘဝ၌ အကျိုးပေးဖို့ရန် ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စေတနာ သည် "ကမ္မဘဝ"မည်၏။ (မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ။)

သင်္ခါရနှင့်ကမ္မဘဝတို့ ဤသို့ ထူးခြားကြသည်။

**ဆောင်**။ ။အတိတ်မှာ၊ ဖြစ်ခဲ့သည့်စေတနာတို့ကိုလ၊ သင်္ခါမှတ်ကြ၊
ပစ္စုပ္ပန်၊ ဖြစ်နေသည့်စေတနာမှန်လျှင်တော့၊ ကမ္မဘဝ။

**ဘဝပစ္စယာ၊ ကမ္မဘဝဟူသောအကြောင်းကြောင့်။ ဇာတိ၊ လောကီ ဝိပါက ကမ္မဇဟု နာမ်ရုပ်စု၏ ဥပါဒ်ခြင်းသည်။ သမ္ဘဝတိ၊ ၏။**

**ဇာတိပစ္စယာ၊ ဇာတိဟူသောအကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာ မရဏသည်၎င်း။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ ဝမ်းနည်း ခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်း တို့သည်၎င်း။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။**

---

**ဘဝကြောင့်ဇာတိဖြစ်သည်**

ကုသိုလ်ကံ, အကုသိုလ်ကံကသာ ဇာတိကို ဖြစ်စေနိုင်သည်၊ ထို့ကြောင့် ဘဝပစ္စယာ၌ ဘဝအရ ကမ္မဘဝကိုသာ ယူရသည်၊ ဥပပတ္တိဘဝကို မယူရ၊ ထို့ပြင် ဇာတိ၏ အရကိုလည်း , လောကီဝိပါက်စိတ်, စေတသိက်, ကမ္မဇရုပ် တို့၏ ဖြစ်ခြင်းဥပါဒ်ကိုသာ ယူရသည်၊ ဓာတုကထာ၌ကဲ့သို့ ရုပ်နာမ်အားလုံး တို့၏ ဥပါဒ်ကိုမယူရ။

**ဇာတိကြောင့် ဇရာမရဏဖြစ်သည်၊ ဝမ်းနည်းခြင်း ငိုကြွေးခြင်း ကိုယ် ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့လည်း ဖြစ်သည်**။

လောကီဝိပါက်စိတ်, စေတသိက်, ကမ္မဇရုပ်တို့၏ ရင့်ခြင်းဒို့သည် ''ဇရာ'' မည်၏၊ ပျက်ခြင်းဘင်သည် ''မရဏ'' မည်၏၊ ဝမ်းနည်းခြင်းသည် ''သောက'' မည်၏၊ တရားကိုယ်မှာ ဒေါသမူဒွေး၌ရှိသော ဒေါမနဿ ဝေဒနာဖြစ်သည်၊ တစုံတရာ ပျက်စီးဆုံးရှုံးမှုကြောင့် တမ်းတငိုကြွေးခြင်း သည် ''ပရိဒေဝ'' မည်၏၊ တရားကိုယ်မှာ စိတ္တဇဝိပ္ပလ္လာသသဒ္ဒရုပ် ဖြစ်သည်၊ ကိုယ်ဆင်းရဲမှုသည် ''ဒုက္ခ'' မည်၏၊ တရားကိုယ်မှာ ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်၌ ယှဉ်သော ဝေဒနာစေတသိက် ဖြစ်သည်၊ စိတ်ဆင်းရဲမှု နှလုံး မသာယာမှုသည် ''ဒေါမနဿ'' မည်၏၊ တရားကိုယ်မှာ ဒေါသမူဒွေး၌ရှိသော ဝေဒနာစေတသိက် ဖြစ်သည်၊ သောကပရိဒေဝတို့ထက် လွန်ကဲလျက် အသံမျှ မထွက်နိုင်အောင် ရှိုက်ကြီးတငင်ဖြစ်ကာ အတွင်းဆွေးဆွေးခြင်းသည် ''ဥပါ ယာသ'' မည်၏၊ တရားကိုယ်မှာ ဒေါသမူဒွေး၌ယှဉ်သော ဒေါသစေတသိက် ဖြစ်သည်။ (ဥပ—လွန်စွာ+အာယာသ—ပင်ပန်းခြင်း။)

**ထူးခြားချက်**။ ။သောက ပရိဒေဝ ဥပါယာသတို့၏ ထူးခြားပုံကို အိုး ဖြင့် ဆီချက်သည်နှင့် နှိုင်းယှဉ်ပြကြသည်၊ ထိုတွင် ဝမ်း နည်းခြင်းသောကသည် အိုးအတွင်းမှာ ဆီကျက်နေခြင်းနှင့်တူသည်၊ ငိုသံ ထွက်ခြင်း ပရိဒေဝသည် ကျက်အားကြီး၍ ဆီများ ဝေလျံတက်ခြင်းနှင့် တူသည်၊အတွင်းဆွေးမွေ့ဆွေးကာ လွန်စွာ ပူလောင်ခြင်းဥပါယာသသည်ဝေလျံ

**စေ၊ ဤ "အဝိဇ္ဇာ" အစရှိသော အကြောင်းတို့ကြောင့်သာ။ ကေဝလဿ၊ ချမ်းသာမဖက် သက်သက်သော။ ဝါ၊အလုံးစုံသော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခစု၏။ သမုဒယော၊ ဖြစ်ပုံသည်။ ဟောတိ၊ ထင်ရှား၏။**

**အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤပစ္စယသင်္ဂဟ၌။ ပဋိစ္စသမုပ္ပါဒနယော၊ ပဋိစ္စသမုပ္ပါဒ်နည်းတည်း။**

**၅။ တတ္ထ၊ ထိုပဋိစ္စသမုပ္ပါဒ်၌။ တယော၊ ၃-ပါးကုန်သော။ အဒ္ဓါ၊ ကာလတို့ကိုရင်း။ ဒွါဒသ၊ ၁၂-ပါးကုန်သော။ အင်္ဂါနိ၊ အင်္ဂါတို့ကိုရင်း။ ဝီသတိ၊ ၂၀-သော။ အာကာရာ၊အပြားတို့ကိုရင်း။ တိသန္ဓိ၊၃-ပါးသော အစပ်**

---

ပြီးနောက် ကျန်ရစ်သော ဆီများ၏ ကုန်ခန်းသွားအောင် ကျက်ခြင်းနှင့် တူသည်။

**ဆောင်**။ ။အိုးအတွင်း၊ ဆီကျက်ခြင်း တဖြာ၊
နောက်တဖန်—အလွန်ကျက်လို့ရယ်၊ လျှံတက်ဝေပါ၊
ကုန်အောင်ကျက်—ဤသုံးဖြာ၊ စဉ်တိုင်းသာနှိုင်းညှိ၊
တူ သောကာ—ပရိ ဥငယ်၊ ထူးမှု မှတ်သိ။

**ပါဠိတော်နိဂုံး**။ ။"ဧဝမေတဿ (ပ) သမုဒယော ဟောတိ" ဟူသော စကားရပ်သည် ပဋိစ္စသမုပ္ပါဒ်ကို နိဂုံးအုပ်သော စကားရပ် ဖြစ်သည်၊ "ဤ 'အဝိဇ္ဇာ' အစရှိသော အကြောင်းတို့ကြောင့်သာ ချမ်းသာ မဖက် ဆင်းရဲစုသက်သက်၏ဖြစ်ခြင်း ထင်ရှားပါသည်၊ဗြဟ္မာ ဗိသကြိုး တန်ခိုး ကြီးမား နတ်ဘုရားတို့ ဖန်ဆင်းသည့်အတွက် ဖြစ်ရသည်မဟုတ်ပါ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ၏ ဖြစ်ခြင်းလည်း မဟုတ်ပါ၊ ဒုက္ခ-အစု၏ ဖြစ်ခြင်းမျှသာ ဖြစ်ပါသည်" ဟု ဆိုလိုသည်။

**သိမှတ်ဖွယ်ရာ ဥပဒေသ**

ပဋိစ္စသမုပ္ပါဒ်နည်းဝယ် သိမှတ်ဖွယ်ရာများကို ဆက်လက်ပြလိုသောကြောင့် 'တတ္ထ တယော အဒ္ဓါ' စသော အကျဉ်းဥဒ္ဒေသ ခေါင်းစဉ် မာတိကာကို ဆိုသည်။

၅။ "ကာလ ၃-ပါး, အင်္ဂါ ၁၂-ပါး, အပြား-၂၀, အစပ် ၃-ပါး, အဖို့အစု ၄-ပါး, ဝဋ် ၃-ပါး, မူလ ၂-ပါးတို့ဖြင့် ပဋိစ္စသမုပ္ပါဒ် နည်းကို ခွဲစိတ်ဝေဖန်၍ သိသင့်သေးသည်၊ သိအောင် ကြိုးစားအားထုတ်ရမည်" ဟု ဆိုလိုသည်။

ကိုငှင်း။ စတုသခ်ေပါ၊ ၄-ပါးသော အဖွဲ့အစုတို့ကိုငှင်း။ တီဏိ၊ ၃-ပါးကုန်သော။ ဝဋ္ဋာနိ၊ ဝဋ္ဋတို့ကိုငှင်း။ ဒွေ၊ ၂-ပါးကုန်သော။ မူလာနိစ၊ မူလတို့ကိုငှင်း။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။

၆။ ကထံ၊ အဘယ်သို့ သိအပ်ကုန်သနည်း။

အဝိဇ္ဇာသင်္ခါရာ၊ အဝိဇ္ဇာ သင်္ခါရတို့သည်။ အတီတော၊ အတိတ်ဘဝဟူသော။ အဒ္ဓါ၊ ကာလမည်၏။ ဇာတိဇရာမရဏံ၊ ဇာတိဇရာမရဏသည်။ အနာဂတော၊ အနာဂတ်ဟူသော။ အဒ္ဓါ၊ ၏။ မဇ္ဈေ၊ အလယ်၌။ အဋ္ဌ၊ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝဟုဆိုအပ်သော) ၈-ပါးသော တရားတို့သည်။ ပစ္စုပ္ပန္နော၊ ပစ္စုပ္ပန်ဘဝဟူသော။ အဒ္ဓါ၊ ၏။ တီဏိ၊ သို့။ တယော၊ ၃ ပါးကုန်သော။ အဒ္ဓါ၊ ကာလတို့ကို။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။

---

ဆိုခဲ့ပြီးသော အကျဉ်းဥဒ္ဒေသ မာတိကာ၏ အကျယ်ဝိတ္ထာရကို ပြလိုသော ကြောင့် "ကထံ အဝိဇ္ဇာသင်္ခါရာ (ပ) ဝေဒိတဗ္ဗာနိ" ဟူသောစကားရပ်ကို ဆိုတော်မူသည်။

**ကာလ ၃-ပါး**

၆။ အဝိဇ္ဇာသင်္ခါရတို့သည် အတိတ်ကာလမည်၏၊ ဇာတိ ဇရာ မရဏသည် အနာဂတ်ကာလ မည်၏၊ အလယ်၌ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝတို့သည် ပစ္စုပ္ပန်ကာလ မည်၏၊ ဤသို့ ကာလ ဖြင့် ခွဲစိတ်ဝေဖန်၍ နားလည်ရမည်။

ထိုတွင် ကာလဟူသည် ထင်ရှားရှိသည်မဟုတ်၊ ပညတ်သဘောမျှသာ ဖြစ်သည်၊ ထို့ကြောင့် ကာလ၌ ဖြစ်သော ပရမတ်တို့ကိုသာ ဌာနူပစာအားဖြင့် 'အတိတ်ကာလ' စသည်ဖြင့် အမည်တပ်၍ ကောက်ယူရသည်၊ ဌာနကို ဆိုထား ပါလျက် ဌာနီကို ယူရသည်ကိုပင် "ဌာနူပစာ" ဟု ခေါ်သည်။

ဤ ပဋ္ဌိစ္စ သမုပ္ပါဒ်ဝယ် အတိတ်ဘဝ၌ အကျုံးဝင်သော 'အဝိဇ္ဇာ' အစ ရှိသော အကြောင်းတို့ကိုသာ အလိုရှိထိုက်သည်၊ ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင် သော အကြောင်းတို့ကို အလိုမရှိထိုက်၊ ထို့ကြောင့် အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ကာလ မည်ရသည်။

ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သော "တဏှာ, ဥပါဒါန်" အစရှိသော အကြောင်းကြောင့် အနာဂတ်၌ ဖြစ်ရခြင်းကြောင့် ဇာတိ ဇရာ မရဏသည် အနာဂတ် ကာလမည်ရသည်။

**၇။ အဝိဇ္ဇာ၊ အဝိဇ္ဇာဝဋ်ရင်း။ သင်္ခါရာ၊ သင်္ခါရတို့ရင်း။ (ပ) ဇာတိ၊ ဇာတိရင်း။ ဇရာမရဏံ၊ ဇရာမရဏာရင်း။ ဤထိ၊ သို့။ ဒွါဒသ၊ ၁၂-ပါး ကုန်သော။ အင်္ဂါနိ၊ အင်္ဂါတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။**

**၈။ ဝနှ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်ပါဠိ၌။ သောကာဒိဝစနံ၊ သောကအစရှိသောသဒ္ဒါသည်။ နိဿန္ဒဖလနိဒဿနံ၊ ဇာတိအတွက် အဆက်ဆက်အကျိုးကို ပြခြင်းမျှသာတည်း။**

---

အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော အကျိုး၏ အဖြစ်ကြောင့်ရင်း, အနာဂတ်အကျိုး၏ ပစ္စုပ္ပန်အကြောင်း ဖြစ်သောကြောင့်ရင်း 'ဝိညာဏ်' အစရှိသော အလယ် ၈-ပါးသည် ပစ္စုပ္ပန် ကာလမည်ရသည်၊ ထို ၈-ပါးတို့တွင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့သည် ပစ္စုပ္ပန်အကျိုးများ ဖြစ်ကြသည်၊ တဏှာ ဥပါဒါန် ကမ္မဘဝတို့သည် ပစ္စုပ္ပန် အကြောင်းများ ဖြစ်ကြသည်။

**အင်္ဂါ ၁၂-ပါး**

၇။ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ၊ ဤ အင်္ဂါ ၁၂-ရပ်ဖြင့်လည်း ပဋိစ္စသမုပ္ပါဒ်ကို နားလည်ထားရမည်။

ထိုတွင် ''အင်္ဂါ''ဟူသည် မပါလျှင်မပြီး အရေးကြီးသော အစိတ်အပိုင်းများပင် ဖြစ်သည်၊ ယင်းအစိတ်အပိုင်း တခုခုပျက်စီးပါက ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်း အလည်ရပ်ရ ပေလိမ့်မည်။

ဇရာမရဏတို့သည် သတ္တဝါတိုင်းမှာ ဖြစ်ကြရသည်၊ ဇရာမရဏ မဖြစ်သော သတ္တဝါဟူ၍ မရှိ၊ ထို့ကြောင့် ဇရာမရဏတို့သည် ဇာတိ၏ မုချအကျိုးရင်း ဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၌ အရေးကြီးသော အစိတ်အပိုင်း တခု အနေဖြင့် ပါဝင်ခွင့်ရှိသည်။

**ဇာတိ၏ အကျိုးဆက်**

၈။ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသတို့မူကား သတ္တဝါတိုင်းမှာ ဖြစ်ကြသည်မဟုတ်ပါ၊ အချို့ နတ် လူများနှင့် ဗြဟ္မာများ [illegible] 'သောက' စသည်တို့ဖြစ်ပင် မဖြစ်နိုင်ပါ၊ ထို့ကြောင့် 'သောက' စသည်တို့သည် ဇာတိ၏ မုချအကျိုးရင်း မဟုတ်ကြ၊ ဆက်သွယ်၍ ဖြစ်ဖွယ်ရာရှိသော အကျိုးဆက်မျှသာ ဖြစ်ကြသည်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၌ မပါလျှင်မပြီးအရေးကြီးသော အစိတ်အပိုင်း အနေဖြင့် ပါဝင်ခွင့်လည်း မရှိတော့ပါ။

**၉။ ပန၊ ကား။ ဧတ္ထ၊ ဤပဋိစ္စသမုပ္ပါဒ်၌။ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန၊ အဝိဇ္ဇာသင်္ခါရတို့ကို ယူသဖြင့်။ တဏှုပါဒါနဘဝါပိ၊ တဏှာ ဥပါဒါန် ကမ္မဘဝတို့သည်လည်း။ ဂဟိတာ၊ ယူအပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တထာ၊ ထို့အတူ။ တဏှုပါဒါနဘဝဂ္ဂဟဏေန၊ တဏှာ ဥပါဒါန် ကမ္မဘဝတို့ကိုယူသဖြင့်လည်း။ အဝိဇ္ဇာသင်္ခါရာ၊ အဝိဇ္ဇာ သင်္ခါရတို့သည်။ ဂဟိတာ၊ ကုန်သည်။ ဘဝန္တိ၊ ကုန်၏။ ဇာတိဇရာမရဏဂ္ဂဟဏေန၊ ဇာတိ ဇရာ မရဏတို့ကို ယူသဖြင့်လည်း။ ဝိညာဏာဒိ ဖလပဥ္စကမေဝ၊ ဝိညာဉ်အစရှိသောအကျိုး ၅-ပါးအပေါင်းကိုသာလျှင်။ ဂဟိတံ၊ ယူအပ်၏၊ ဣတိကတွာ၊ ဤအကြောင်းကြောင့်–**

---

**အပြားနှစ်ဆယ် သုံးသွယ်အစပ် လေးရပ်အဖို့**

၉။ အပြားနှစ်ဆယ်, သုံးသွယ်အစပ်, လေးရပ်သော အဖို့စုအတို့ကို ပြလိုသောကြောင့် "အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန (ပ) စတုသင်္ခေပါ စ ဘဝန္တိ" ဟူသောစကားရပ်ကို မိန့်ဆိုရသည်။

ထိုတွင် "အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန (ပ) ဣတိကတွာ" ဟူသောစကားရပ်သည် အတိတ်အကြောင်း ၅-ပါး, ပစ္စုပ္ပန်အကျိုး ၅-ပါး, ပစ္စုပ္ပန်အကြောင်း ၅-ပါး, အနာဂတ်အကျိုး ၅-ပါး ဖြစ်ပေါ်လာပုံကို ပြသော အခြေခံစကားရပ် ဖြစ်သည်။

အဝိဇ္ဇာ နှင့် သင်္ခါရကို ယူသဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကိုလည်း ယူပြီး ဖြစ်သည်။

"အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ" ဟု အတိတ်ကာလအရ အဝိဇ္ဇာ သင်္ခါရတို့ကို ယူခဲ့သည်၊ ထိုတွင် အဝိဇ္ဇာသည် ကိလေသာ၌ ပါဝင်သည်၊ ကိလေသဝဋ် ဖြစ်သည်၊ တဏှာနှင့် ဥပါဒါန်တို့သည်လည်း ကိလေသဝဋ်ပင် ဖြစ်သည်၊ ထိုသို့ ကိလေသဝဋ်ချင်း တူသောကြောင့် အဝိဇ္ဇာကိုယူသဖြင့် တဏှာနှင့် ဥပါဒါန်တို့ကို ယူပြီးဖြစ်တော့သည်၊ ထို့ပြင် သင်္ခါရသည် ကမ္မဝဋ် ဖြစ်သည်၊ ကမ္မဘဝလည်း ကမ္မဝဋ်ပင် ဖြစ်သည်၊ ထိုသို့ ကမ္မဝဋ်ချင်းတူသောကြောင့် သင်္ခါရကို ယူလိုက်သဖြင့် ကမ္မဘဝကိုလည်း ယူပြီး ဖြစ်တော့သည်၊ ဤသို့လျှင် "အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ" ဟု အတိတ် အကြောင်း ၅-ပါးဖြစ်သည်။

**ဆောင်။** ကိလေဝဋ်၊ တူမျှလတ် တဏှုပါ၊
အဝိဇ္ဇာ—ယူလိုက်ကလျှင်၊ တက္ကပါလာ၊
ကမ္မဝဋ်—တူမျှပါ၊သင်္ခါရာယူထား၊
ကမ္မဆို—ထိုဘဝငယ်၊ မုချပါသွား။

**၁၀။ အတီတေ၊ အတိတ်ဘဝ၌။ ပဉ္စ၊ ၅–ပါးကုန်သော။ ဟေတဝေါ၊ အကြောင်းတို့ရင်း။ ဣဒါနိ၊ ဤပစ္စုပ္ပန်ဘဝ၌။ ဖလပဉ္စကံ၊ အကျိုး ၅-ပါး အပေါင်းရင်း။ ဣဒါနိ၊ ဤပစ္စုပ္ပန်ဘဝ၌။ ပဉ္စ၊ ၅ပါးကုန်သော။ ဟေတဝေါ၊ အကြောင်းတို့ရင်း။ အာယတိံ၊ နောင်အနာဂတ်ဘဝ၌။ ဖလပဉ္စကံ၊**

---

**သင်္ခါရနှင့် ကမ္မဘဝ။** ။အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌သင်္ခါရ၏အရနှင့် ဥပါဒါန ပစ္စယာဘဝေါ၌ ကမ္မဘဝ၏ အရတို့သည် စေတနာချင်းတူသော်လည်း "အတိတ်စေတနာ, ပစ္စုပ္ပန်စေတနာ" ဟု ကွဲပြားကြသဖြင့် ထူးခြားကြကြောင်းကိုဆိုခဲ့ပါပြီ၊ ဤနေရာ၌ကား အတိတ်အကြောင်း ၅-ပါးတွင် သင်္ခါရနှင့် ကမ္မဘဝတို့ကို ပေါင်းစု ယူထားသဖြင့် "ကာလကွဲပြားမှုရှိသည်" ဟုမဆိုနိုင်တော့ပါ၊ သို့ဖြစ်၍ "သင်္ခါရနှင့်ကမ္မဘဝတို့အဘယ်ပုံ ထူးခြားသနည်း" ဟု စဉ်းစားဖွယ် ရှိလာပြန်သည်။

ထိုထို ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုလုပ်ရာ၌ အထမမြောက်မီ ရှေးအဖို့၌ ဖြစ်သောပုဗ္ဗစေတနာသည် "သင်္ခါရ" မည်၏၊ အထမြောက်သော မုဉ္စစေတနာသည် "ကမ္မဘဝ" မည်၏။

တနည်းကား–ဇော ၇-ကြိမ်တို့တွင် ရှေ့ဇော ၆-ကြိမ်၌ ယှဉ်သော စေတနာသည် "သင်္ခါရ" မည်၏၊ သတ္တမဇော၌ ယှဉ်သော စေတနာသည် "ကမ္မဘဝ" မည်၏။

တနည်းကား–စေတနာနှင့် ယှဉ်သောစိတ်, စေတသိက်သည် "သင်္ခါရ" မည်၏၊ စေတနာဟူသမျှသည် "ကမ္မဘဝ" မည်၏၊ ဤသို့ ထိုထို ပါဠိတော်အားလျော်စွာ ကောက်ယူလိုက်ပါက ဤနေရာ၌လည်း သင်္ခါရနှင့် ကမ္မဘဝတို့ ထူးခြား ကွဲပြားကြသည်သာ။

**ဆောင်။** ။ရှေးပုဗ္ဗ၊ မုဉ္စရယ်တဲ့ စေတနာ၊
ဇော ခြောက်ကြိမ်–သတ္တမဝယ်၊ ယှဉ်ကြတဖြာ၊
စိတ္တုပ္ပါဒ်–စေတနာ၊ သီးသီးသာ ခွဲထား၊
ရှေးရှေးလာ–သင်္ခါရရယ်နှင့်၊ နောက်နောက်မှာ–ကံဘဝယ်၊
ကျနပိုင်းခြား။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကား ပစ္စုပ္ပန် ဘဝ အကျိုး ၅-ပါးတို့တည်း၊ ဤ အကျိုး ၅-ပါးလုံးပင် ပဋိစ္စသမုပ္ပါဒ် ပါဠိ၌ တိုက်ရိုက်လာရှိသည်။

တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို ယူသဖြင့် အဝိဇ္ဇာ, သင်္ခါရတို့ကိုလည်း ယူပြီး ဖြစ်တော့သည်။

**အကျိုး ၅-ပါးအပေါင်းရှင်း။ ဣတိ၊ ဤသို့။ ဝီသတိ၊ ၂၀-သော။ အာ-ကာရာ၊ အပြားတို့သည်ရှင်း။ တိသန္ဓိ၊ ၃-ပါးသော အစပ်သည်ရှင်း။ စတု သင်္ခေပါ၊ ၄-ပါးသော အဖို့အစုတို့သည်ရှင်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။**

ပစ္စုပ္ပန်ကာလ၌ "တဏှာ, ဥပါဒါန်, ကမ္မဘဝ" ဟူသော အကြောင်း ၃-ခုသာ ပါရှိသည်၊ ယင်း ၃-ပါးကို ယူလိုက်သဖြင့် ထိုက်သည်အားလျော်စွာ ကိလေသဝဋ်ချင်း ကမ္မဝဋ်ခြင်းတူသောကြောင့် အဝိဇ္ဇာ, သင်္ခါရတို့ကိုလည်း ယူပြီးဖြစ်တော့သည်၊ ဤသို့လျှင် ပစ္စုပ္ပန်ဘဝ၌ "တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ" ဟု အကြောင်း ၅-ပါး ဖြစ်ပြန်သည်။

ဇာတိ, ဇရာ, မရဏတို့ကို ယူသဖြင့် 'ဝိညာဏ်' အစရှိသောအကျိုး ၅-ပါး အပေါင်းကိုလည်း ယူပြီး ဖြစ်တော့သည်။

ဇာတိ ဇရာ မရဏတို့မှာ တရားကိုယ် သီးခြားမရှိ၊ 'ဝိညာဏ်' စသည်တို့၏ ဥပါဒ်, ဌီ, ဘင်မျှသာဖြစ်သည်၊ ထို့ကြောင့် 'ဇာတိ ဇရာမရဏံ အနာဂတေ အဒ္ဓါ'၌ အနာဂတ်ကာလအရ ဇာတိ ဇရာ မရဏတို့ကိုယူလိုက်သဖြင့် 'ဝိညာဏ်' အစရှိသော အကျိုး ၅-ပါးကိုလည်း ယူပြီးပင် ဖြစ်တော့သည်၊ ဤသို့လျှင် အနာဂတ်ဘဝ၌ "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ဟု အကျိုး ၅-ပါး ဖြစ်ပြန်သည်။

**အပြား ၂၀**

ထို့ကြောင့် အတိတ်ဘဝ၌ "အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ" ဟု အကြောင်း ၅-ပါး။

ပစ္စုပ္ပန်ဘဝ၌ "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ဟု အကျိုး ၅-ပါး၊ တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ"ဟု အကြောင်း ၅-ပါး။

အနာဂတ်ဘဝ၌ "ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ"ဟု အကျိုး ၅-ပါး။

ဤသို့အားဖြင့် အပြား ၂၀-ဖြစ်သည်၊ ယင်း အပြား ၂၀-ကိုပင် "အခြင်းအရာ ၂၀" ဟုလည်း ခေါ်ကြသေးသည်။

**သုံးသွယ်အစပ်**။ ။အတိတ်အကြောင်းနှင့် ပစ္စုပ္ပန် အကျိုးတစပ်၊ ပစ္စုပ္ပန် အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းတစပ်၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ် အကျိုးတစပ်၊ ဤသို့ အစပ် ၃-ပါးဖြစ်သည်။

**လေးရပ်အဖို့**။ ။"အတိတ်အကြောင်း တဖို့, ပစ္စုပ္ပန်အကျိုး တဖို့, ပစ္စုပ္ပန်အကြောင်းတဖို့, အနာဂတ်အကျိုး တဖို့" အားဖြင့် ၄-ဖို့ ၄-ပုံဖြစ်သည်၊ "အလ္လာ ၄-ပါး" ဟုလည်း ခေါ်ကြပါသေးသည်။

**၁၁။ စ၊ အဖို့တပါးကား။ အဝိဇ္ဇာတဏှုပါဒါနာ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည်။ ကိလေသဝဋ္ဋံ၊ ကိလေသဝဋ္ဋမည်၏။ ကမ္မဘဝသင်္ခါတော၊ ကမ္မဘဝဟုဆိုအပ်သော။ ဘဝေကဒေသော၊ ဘဝတစိတ်သည်ရင်း။ သင်္ခါ-ရာစ၊ သင်္ခါရတို့သည်ရင်း။ ကမ္မဝဋ္ဋံ၊ ကမ္မဝဋ္ဋမည်၏။ ဥပပတ္တိဘဝသင်္ခါ-တော၊ ဥပပတ္တိဘဝဟုဆိုအပ်သော။ ဘဝေကဒေသော၊ ဘဝတစိတ်သည် ရင်း။ အဝသေသာ စ၊ ကြွင်းကျန်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏတို့သည်ရင်း။ ဝိပါကဝဋ္ဋံ၊ ဝိပါကဝဋ္ဋ မည်၏။ ဣတိ၊ ဤသို့။ တီဏိ၊ ၃-ပါးကုန်သော။ ဝဋ္ဋာနိ၊ ဝဋ္ဋတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။**

**၁၂။ အဝိဇ္ဇာတဏှာဝသေန၊ အဝိဇ္ဇာတဏှာတို့၏ အပြားအားဖြင့်။ ဒွေ၊ ၂-ပါးကုန်သော။ မူလာနိ စ၊ မူလတို့ကိုလည်း။ ဝေဒိတဗ္ဗာနိ၊ သိထိုက် ကုန်၏။**

---

**ဝဋ္ဋ် ၃-ပါး**

၁၁။ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် "ကိလေသဝဋ္ဋ်" မည်၏၊ ကမ္မ-ဘဝနှင့် သင်္ခါရတို့သည် "ကမ္မဝဋ္ဋ်" မည်၏၊ ဥပပတ္တိဘဝ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏတို့သည် "ဝိပါကဝဋ္ဋ်" မည်၏။

ဤ၌ ဝဋ္ဋသဒ္ဒါသည် ဘီးများ လည်နေသကဲ့သို့ လှည့်လည်ခြင်းအနက်ကို ဟောသည်၊ ထို့ကြောင့် "အကြောင်းပြီးလျှင် အကျိုး, အကျိုးပြီးလျှင် အကြောင်း" ဟု အကြောင်း အကျိုးမပြတ်ပဲ ဆက်စပ်လည်နေသော ပဋိစ္စ-သမုပ္ပါဒ် တရားများကိုလည်း "ဝဋ္ဋ—ဝဋ္ဋ်" ဟု ခေါ်သည်၊ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် တရားများကိုပင် ဝဋ္ဋ် ၃-ပါးဖြင့် ခွဲပြရသည်။

**ဝဋ္ဋ်မြစ် ၂-ပါး**

၁၂။ "အဝိဇ္ဇာ, တဏှာ" ဟူသော မူလ-၂ပါးနှင့် စပ်၍လည်း ပဋိစ္စ-သမုပ္ပါဒ်ကို သိနားလည်ထိုက်သည်။

ထိုတွင် ရင်းမြစ်အစကို မူလဟုခေါ်သည်။

၁။ "အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ဟု ရှေ့ပိုင်း တပိုင်း၊

၂။ "တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ" ဟု နောက်ပိုင်း တပိုင်း၊ ဤသို့ ၂-ပိုင်း ပိုင်းကြည့်ပါ၊ ရှေ့ပိုင်း၌ အဝိဇ္ဇာသည် ရင်းမြစ်မူလ

**၁၃။ စ၊ ဆက်ဦးအံ့။ တေသမေဝမူလာနံ၊ အဝိဇ္ဇာနှင့်တဏှာ ထိုနှစ်ဖြာသော မူလတို့၏ပင်လျှင်။ နိရောဓေန၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ပျက်ခြင်းကြောင့်။ ဝဋ္ဋံ၊ ကြောင်းကျိုးဆက်စပ် လည်ပတ်နေပြားဗဋိစ္စသမုပ္ပါဒ်ဝဋ္ဋတရားသည်။ နိရုဇ္ဈတိ၊ မလည်ဆက်လက် ချုပ်ပျက်ရတော့၏။**

**ဇရာမရဏမုစ္ဆာယ၊အိုခြင်း သေခြင်း တွေဝေမိန်းမောကြောင်း သောကစသော တရားအပေါင်းသည်။ အဘိဏှသော၊ မပြတ်မလပ်၊ ပီဠိတာနံ၊ နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၏ သန္တာန်၌။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ သမုပ္ပါဒါ၊ဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာ စ၊ အဝိဇ္ဇာသည်လည်း။ ပဝတ္တတိ၊ ဖြစ်ပြန်၏။**

---

ဖြစ်ကြောင်းကိုရင်း, နောက်ပိုင်း၌ တဏှာသည် ရင်းမြစ်မူလဖြစ်ကြောင်းကို ရင်း တွေ့ရပါလိမ့်မည်။

**ဝဋ္ဋပြတ်ပုံ**

၁၃။ 'တေသ မေဝ စ မူလာနံ နိရောဓေန နိရုဇ္ဈတိ'ဖြင့် ပဋိစ္စသမုပ္ပါဒ် ချုပ်ပျက်ပုံကို ပြသည်၊ "အဝိဇ္ဇာနှင့် တဏှာဟူသော မူလရင်းမြစ် ၂-ခုကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ဖျက်ဆီးလိုက်သည့်အခါ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်း အလည်ရပ်လျက် ချုပ်ပျက်ရတော့သည်" ဟု ဆိုလိုသည်။

**အဝိဇ္ဇာ၏ အကြောင်း**

'ဇရာမရဏမုစ္ဆာယ (ပ) အဝိဇ္ဇာ စ ပဝတ္တတိ' ဖြင့် အဝိဇ္ဇာ၏ အကြောင်းကို ပြသည်၊အိုခြင်း သေခြင်း(တွေဝေ မိန်းမောကြောင်းဖြစ်သော)ဝမ်းနည်းခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း အတွင်းဆွေး ဆွေးခြင်း တရားတို့သည် သတ္တဝါများကို အမြဲမပြတ် နှိပ်စက်နေကြသည်၊ ယင်း တရားတို့၏ နှိပ်စက်မှုကို ခံနေကြရသော သတ္တဝါတို့၏ သန္တာန်မှာ အာသဝေါ တရားများ ဖြစ်ပွါးလာခြင်းကြောင့်ပင် အဝိဇ္ဇာလည်း ဖြစ်လာရသည်။

ထိုတွင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ဖြစ်လျှင် ထိုက်သည်အားလျော်စွာ အဝိဇ္ဇာလည်း အတူတကွဖြစ်စေ, ရှေ့နောက်ဖြစ်စေ ပါလာရတော့သည်၊ ထိုသောကစသော တရားအပေါင်းကား 'ကာမာသဝ' စသော အာသဝေါတရားတို့ကြောင့် ဖြစ်ရသည်၊ ထို့ကြောင့် "အာသဝ ကြောင့် အဝိဇ္ဇာဖြစ်သည်" ဟု မှတ်ပါ။

**ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။ အဗဒ္ဓံ၊ အဆက်မပြတ် ဖွဲ့စပ်အပ်သော။ အနာဒိကံ၊ ဘယ်အခါကာလ အတာယ်မှုစသည်ဟု အစလည်းမရှိထသော။ တေဘူမကံ၊ ဘုံ ၃-ပါးတွင် အကျုံးဝင်ထသော။ ဝဋ္ဋံ၊ ကိလေကမ္မ ဝိပါကဟု သုံးဝအပြား ဝဋ်တရားကို။ ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဟူ၍။ မဟာမုနိ၊ မုနိထွတ်ထား မြတ်ဘုရားသည်။ ပဋ္ဌပေသိ၊ ဟောထားတော်မူခဲ့လေပြီ။**

## ပဋ္ဌာန်းနည်း

**၁၄။ ဟေတုဗစ္စယော၊ ဟေတုပစ္စည်းရင်း။ (ပ) အဝိဂတဗစ္စယော၊ အဝိဂတဗစ္စည်းရင်း။ ဣတိ၊ ဤသို့။ (ပစ္စယ၊ ပစ္စည်းတို့သည်။ စတုဝီသတိ၊ ၂၄-ပါးတည်း။)**

**အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤပစ္စယသင်္ဂဟ၌။ ပဋ္ဌာန နယော၊ ပဋ္ဌာန်းနည်းတည်း။**

---

**ဆောင်။** ။အာသဝေါ၊ ဖြစ်သောကြောင့် သောကာ၊
ပရိဒေ—စသည်များငယ်၊ ဖြစ်ပွါးသည့်ခါ၊
မကင်းသင့်—အဝိဇ္ဇာ၊ ပါဝင်လာ သို့တွက်၊၊
အကြောင်းမှာ— အာသဝပါတဲ့၊ အဝိဇ္ဇာ-ဖြစ်ပုံ ပြတော့တယ်၊
မှတ်ကြဆက်လက်။

**နိဂုံး။** ။'ဝဋ္ဋမာဗန္ဓမိစ္စေဝံ' စသော ဂါထာဖြင့် နိဂုံးကိုပြသည်၊ "ကိလေသ-ဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်" ဟု သုံးပါးပြားသော ဝဋ်တရားကို ဘုရားရှင်က ပဋိစ္စသမုပ္ပါဒ် ဟု ဟောထားတော်မူခဲ့သည်၊ ယင်းပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် ကြောင်းကျိုးစပ်ကာ မပြတ်လည်နေပါသည်၊ "ဘယ်အခါက စဖြစ်ခဲ့သည်၊ ဘယ်တရားက စဖြစ်ခဲ့သည်" ဟု အစလည်းမရှိပါ၊ ဘုံသုံးပါး၌ အကျုံးဝင်သော တရားမျိုးသာ ဖြစ်ပါသည်၊ လောကုတ္တရာတရားမျိုးကား မဖြစ်နိုင်ပါ။

**အကျယ်တနည်းကား**

၁၄။ ဟေတုပစ္စယော၊ ရေသောက်မြစ်လျှင်, ကိုယ့်သစ်ပင်ကို, စိမ်းရှင်ညွန့်ဝေ, စည်ပင်စေထ, ထောက်ပံ့မသို့, တကွဖြစ်ဟန်, ရုပ်နှင့်နာမ်ကို, စွမ်းသန်စေမှု, ဟေတုပစ္စယသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ် ၆-ပါး ပစ္စည်းတရားရင်း။

အာရမ္မဏပစ္စယော၊ တောင်ဝှေးကြိုးတန်း, လူမစွမ်းကို, မပန်းရလေ, ထိုင်ထစေသို့, စိတ်စေလေးဖြာ, နာမ်ခန္ဓာအား,မှီရာလွန်ကြူး, အာရမ္မဏ ပစ္စယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံ ၆-ပါး ပစ္စည်း တရားငင်း။

အဓိပတိပစ္စယော၊ စကြာဘုန်းငှ,မျှားဗိုလ်လူကို, ပြိုင်သူမရှိ,အုပ်စိုးဘိသို့, သာမိနာမ, ရူပပဝတ်, သဟဇာတ်နှင့် လေးမြတ်လည်းပြု, ရှစ်ခုလောဘ,အဋ္ဌ မဟာ, ကုသလာတည့်, ကြိယာသမ်, ရှစ်တန်လောကုတ်, လွှမ်းမိုးချုပ်လျက်, စိုးအုပ်လွန်ကြူး, အဓိပတိသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော "ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသာ" ဟူသော သဟဇာတာဓိပတိ၊နိပ္ဖန်ရုပ္ပ,ဥာရသနှင့်, ဒေါသမောဟ, ဒုက္ခကြဉ်ဖယ်, ရှစ်ဆယ်လေးတန်, စိတ်နိဗ္ဗာန်ဟူသော အာရမ္မဏာဓိပတိ- ပြားဘိ ၂-ပါး, အဓိပတိပစ္စည်းတရားငင်း။

အနန္တရပစ္စယော၊ သားကြီးရိပ်ရာ,ရစိမ့်ငှါလျှင်, စကြာမင်းဖျား, နတ်ရွာ လားသို့, အခြားမဲ့မှာ, ဖြစ်ပွါးလာသည့်, နာမက္ခန်ဇာတ်, ကြားမပြတ် အောင်, စွမ်းဆောင်ကွန့်မြူး အနန္တရသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ရဟန္တာစုတိ, ကြဉ်ဘိပယ်ထား, ရှေးရှေးသောနာမ်ခန္ဓာလေးပါး, အနန္တရပစ္စည်းတရားငင်း။

သမနန္တရပစ္စယော၊ သားကြီးရိပ်ရာ, ရစိမ့်ငှါလျှင်, စကြာမင်းဖျား, တောထွက်သွားသို့, အခြားမဲ့မှာ, ဖြစ်ပွါးလာသည့်, နာမက္ခန်ဇာတ်, ကြားမပြတ်အောင်, ပိုင်းဖြတ်ခွဲခြား, မထင်ရှားပဲ, တသားတည်းသာ, ကဲ့ပမာသို့,လွန်စွာပြန့်ပြူး, သမနန္တရသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ရဟန္တာစုတိ,ကြဉ်ဘိပယ်ထား, ရှေးရှေးသော နာမက္ခန္ဓာလေးပါး, သမနန္တရ ပစ္စည်းတရားငင်း။

သဟဇာတပစ္စယော၊ အလင်းဖြစ်မှု, ဆီမီးပြုသို့, ပေါင်းစုတူကွ, ဖြစ်လာ ကြသည့်, နာမရူပါ,ဘူတုပါနှင့်, ဝိပါဝတ္ထု, တရားစုအား, ဥပါဒ်အတူ, ဖြစ်စေခြင်းဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နာမက္ခန္ဓာ, မဟာဘူတ, ဝိပါကနှင့်, ဟဒယဟူပြား, သဟဇာတ ပစ္စည်းတရားငင်း။

အညမညပစ္စယော၊ သစ်သားသုံးခွ, ချင်းချင်းမ-သို့, တကွဖြစ်လာ, နာမ် ခန္ဓာချင်း, ဘုတ်ချင်းချင်းနှင့်, ချင်းချင်းဟဒယ, ဝိပါကအား,ထောက်ထား လှန်ပင်း, အချင်းချင်းဟူသော အညမညသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမက္ခန္ဓာ, မဟာဘူတ, ဝိပါကနှင့်, ဟဒယဟူပြား, အည-မည ပစ္စည်းတရားငင်း။

နိဿယပစ္စယော၊ သစ်ပင်အား မြေ, ထောက်ပံ့လေသို့, နှစ်ထွေသဟဇ, နာမ်ရူပနှင့်, စိတ္တကမ္မ, ပဋ္ဌပမာ, သတ်ဝိညာအား, တည်ရာမှီရာဟူသော အဓိဋ္ဌာနာကာရ နိဿယာကာရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နာမက္ခန္ဓာ, မဟာဘူတ, ဝိပါကနှင့်,ဟဒယဟူသော သဟာတနိဿယ၊ ပဝတ္တိစု, ဆဝတ္ထုဟူသော ပုရေဇာတနိဿယ၊ ပြားကြ ၂-ပါး, နိဿယပစ္စည်း တရားရင်း။

ဥပနိဿယပစ္စယော၊ မိုးကိုအားထား, ဝတ္ထုများကို, ကြီးမားသွန်ဖြိုး, ရွာသည့်မိုးသို့, သုံးမျိုးကွဲပြား, စိတ်စေအားလျှင်, အားကြီးသောမှီရာ အကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နိပ္ဖန်ရုပ်, ဋ္ဌာရသနှင့်, ဒေါသ မောဟ, ဒုက္ခကြဉ်ဖယ်, ရှစ်ဆယ်လေးတန်, စိတ်နိဗ္ဗာန်, ဟူသော အာရမဏူပနိဿယ၊ ရဟန္တာစုတိ, ကြဉ်ဘိုပယ်ထား, ရှေးရှေးသော နာမက္ခန္ဓာလေးပါးဟူသော အနန္တရူပ-နိဿယ၊ ဗလဝစိတ်,စေတသိက် ရုပ်, ပညတ်ဟူသော ပကတူပနိဿယ၊ ပြားကြ သုံးပါး, ပစ္စည်းတရားရင်း။

ပုရေဇာတပစ္စယော၊ နောက်နောက်ဖြစ်လာ, လူများစွာကို, ကမ္ဘာအစ, ပေါ်ထွန်းပသည့်, နေလမသွေ, နောက်ဖြစ်လေသည့်, စိတ်စေတို့အား, ရှေ့ဖြစ်ပွါးလျက်, ထင်ရှားတည်ကာ, ပုရေဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဝတ္တိစု, ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ၊ ရုပ်နိပ္ဖန်, ပစ္စုပ္ပန်ဟူသော အာရမဏပုရေဇာတ၊ ပြားကြ ၂-ပါး, ပုရေဇာတပစ္စည်း တရားရင်း။

ပစ္ဆာဇာတပစ္စယော၊ လင်းတပေါက်စ,ကိုယ်ကာယအား, ဟာရအာသာ, စေတနာသို့, ရှေ့မှာဖြစ်ကြ, ရုပ်ဓမ္မအား, နောက်မှပင့်မြှောက်, ပင့်ထောက်ခိုင်မာ, ပစ္ဆာဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နောက်နောက် ပဥ္စဝေါကာ, နာမ်ခန္ဓာ ၄-ပါး, ပစ္စည်းတရားရင်း။

အာသေဝနပစ္စယော၊ နောက်သင်စရာ, ကျန်းဂံမ်စာအား, ရှေ့မှာ သင်ထား,ကျမ်းဂန်လားသို့, အခြားမပြတ်,မျိုးဇာတ်တူစွာ,ကုသလာကုသလ, ကြိယသဘော, နောက်နောက် ဇောအား, ရှိန်မြင့်မားအောင်, ခွန်အား ဟုန်ပြင်း,ယူစေလျှင်း၍, ထုံခြင်းဟူသော အာသေဝနသတ္တိထူးဖြင့်, ကျေးဇူး ပြုခြင်းလက္ခဏာရှိသော ဆုံးဇောကြဉ်ဘိ, လောကီရှေးရှေး, လေးဆယ့် ခုနစ်ပါး, အာသေဝနပစ္စည်းတရားရင်း။

ကမ္မပစ္စယော၊ သစ်ပင်တို့အား, မျိုးစေ့လားသို့, ကြွင်းငြားသဟဇာ, နာမ်ရုပါနှင့်, ဝိပါကမ္မဇ, ဒွေဓမ္မအား, လုံ့လသည်းစွာ, အမူအရာဟူသော

သတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာရှိသော, သဟဇာတာ, စေတနာ ဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ်, အကုသိုလ်စေတနာ ဟူသော နာနာက္ခဏိကကမ္မ၊ ပြားကြ ၂-ပါး, ကမ္မပစ္စည်းတရားရင်း။

ဝိပါကပစ္စယော၊ အခြားလူအေး, ငြိမ်သက်အေးဖို့, လူအေးကလျှင်, ပြုစီရင်သို့, တူပင်ဖြစ်လတ်, သဟဇာတ်အား, ငြိမ်ဝပ်လွန်ကြူး, ဝိပါက သတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါကပစ္စည်းတရားရင်း။

အဟာရပစ္စယော၊ မယိမ်းမယိုင်, မြဲခိုင်သောအား, ထောက်သည့်ကျား သို့, နှစ်ပါးသဟဇာ, နာမ်ရုပ်နှင့်, လေးဖြာသန္တတိ, စတုသမုဋ္ဌာနိက ရုပ်အား, ဆောင်ထား ထောက်ပံ့ခြင်းဟူသော အာဟာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ စေတနာ ဝိညာဏ်ဟူသော နာမ် အာဟာရ၊ အဇ္ဈတ်ဗဟိ, စတုသမုဋ္ဌာနိကဩဇာ ဟူသော ရုပ်အာဟာရ၊ ပြားကြနှစ်ပါး, အာဟာရပစ္စည်းတရားရင်း။

ဣန္ဒြိယပစ္စယော၊ တပြည်အတွင်း, ချင်းချင်းမဆန့်, ခွဲခန့်အုပ်စီး, ဝန်ကြီး ပမာ, သဟဇာတ, နာမ်ရုပ်နှင့်, ပဉ္စဝိညာ, တူစွာကလာပ, ကမ္မဇအား, အခြားမသွေ, မိမိသို့လိုက်စေခြင်းဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာရှိသော 'ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ' ဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယုက, ပသာဒစု, ရုပ်ငါးခု ဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယ၊ ပြားကြသုံးပါး, ဣန္ဒြိယ ပစ္စည်းတရားရင်း။

ဈာနပစ္စယော၊ သစ်ပင် တောင်ငူ, တက်သသူသည်, အောက်လူတို့အား, ပြောသည့်လားသို့, နှစ်ပါးရုပ်နာမ်, သဟဇံအား, ထင်ရှားတပ်တပ်, ကပ်၍ ရှုခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာရှိသော ပဉ္စဝိညာဏ်ကြဉ်, စိတ်မှာယှဉ်သည့်, ဈာနင်တရား ကိုယ် ၅-ပါး, ပစ္စည်းတရားရင်း။

မဂ္ဂပစ္စယော၊ ထိုဤမှာသို့, ဆောင်ယူပို့သည့်, ကုတို့မသွေ, သဟေ တုကတ်, သဟဇာတ်အား, ဖြူဆွတ်မည်းညစ်, ဤအဖြစ်မှ, ပြန်လှစ်ဆူလှယ်, ထုတ်ဆယ်ဆောင်ယူ, ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေး ဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ်, မဂ္ဂင်တရားကိုယ် ၉-ပါး, ပစ္စည်းတရားရင်း။

သမ္ပယုတ္တပစ္စယော၊ စတုမဓု, ရောသည့်မှုသို့, လေးဆူနာမ်အား, လေးပါး အင်္ဂါ, မကွာချင်းချဲင်း, ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာ ၄-ပါး, သမ္ပယုတ္တပစ္စည်းတရားရင်း။

**၁၅။ တုး ပစ္စည်းပစ္စယုပ္ပန်, နှစ်တန်စွမ်းအား, ခွဲခြားပြဦးအံ့။ နာမံ၊ နာမ်သည်။ နာမဿ၊ နာမ်အချင်းချင်းအား။ ဆဓာ၊ ၆-ပစ္စယသတ္တိတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ နာမံ၊ နာမ်သည်။ နာမ ရူပိနံ၊ နာမ်ရုပ် ၂-ပါးတို့အား။ ပဉ္စဓာ၊ ၅-ပစ္စယ သတ္တိတို့ဖြင့်။**

---

ဝိပ္ပယုတ္တပစ္စယော၊ ရသာခြောက်ပါး, ရောစပ်ထားသို့, နှစ်ပါးရုပ်နာမ်, စည်းပန်တကွ, ဆုံမိကြလည်း, သမသဘော, မရောနှောခြင်းဟူသော ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဉ္စဝေါကာရ, ရူပသမုဋ္ဌာနိက စိတ်စေ,သန္ဓေဝိပါက, ဟဒယဟူသော သဟဇာတဝိပ္ပယုတ်၊ ပဝတ္တိစု, ဆဝတ္ထုဟူသော ပုရေဇာတဝိပ္ပယုတ်၊ နောက်နောက် ပဉ္စဝေါကာ, နာမ်ခန္ဓာလေးပါးဟူသော ပစ္ဆာဇာတဝိပ္ပယုတ်၊ သမုတ် ၃-ပါး, ဝိပ္ပယုတ္တပစ္စည်းတရားရင်း။

အတ္ထိပစ္စယော၊ မြေမြင်းမိုသည့်, ထိုထိုစိမ်းရှင်, မြက်သစ်ပင်အား,ထင်ရှားရှိမှု, ထောက်ပံ့ပြုသို့, နှစ်ခုရှိခိုက်, အထိုက်လျော်က, ဥပထမ္ဘကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သ ပု ပစ္ဆာ, အာဟာ ဣန္ဒြိယ, ပြားကြ ၅-ပါး, အတ္ထိပစ္စည်းတရားရင်း။

နတ္ထိပစ္စယော၊ မိုက်မှောင်ဖြစ်စေ, ငြိမ်းသေလေပြီး ဆီမီးပုံသွေး, ဖြစ်ခွင့်ပေး၍, ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်းတရားရင်း။

ဝိဂတပစ္စယော၊ နေရောင်ပျောက်ကင်း, လရောင်လင်းသို့, ချုပ်ကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်း တရားရင်း။

အဝိဂတပစ္စယော၊ ငါးတို့ပျော်ရာ, မဟာသမုဒ်, ရေအစုတ်သို့, မချုပ်တင်းလင်း,မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းတရားရင်း။

ဣတိ၊ ဤသို့။ စတုဝီသတိ၊ ရေတွက်ပိုင်းခြား, ၂၄-ပါးသော။ ပစ္စယာ၊ ထိုထိုအကျိုး, ဖွံ့ဖြိုးစေငြား, အကြောင်းတရားတို့သည်။ မဟာပကရဏေ၊ အနန္တနယ, သမန္တပဋ္ဌာန်း, ခုနစ်ခုမြောက်ဖြစ်သော အဘိဓမ္မာကျမ်း၌။ ဌိတာ၊ ထင်ရှားမှုသေ, တည်ရှိကြပေ၏။

**ပစ္စည်း ၆-မျိုး ဥဒ္ဒေသ**

၁၅။ ''ဆဓာ နာမံ တု နာမဿ (ပ) ဆဗ္ဗိဓာ ပစ္စယာ ကထံ''ဟူသော ၂-ဂါထာသည် ပစ္စည်းတရား ပစ္စယုပ္ပန်တရားအားလျော်စွာ ကွဲပြားလာသော ပစ္စည်း ၆-မျိုးတို့၏ အကျဉ်းဥဒ္ဒေသ မာတိကာမျှကို ပြသောဂါထာများဖြစ်သည်။

ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ပုန၊ တဖန်။ နာမံ၊ နာမ်သည်။ ရူပဿ၊ ရုပ်အား။ ကေခါ၊ တပစ္စယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ရူပံစ၊ ရုပ်သည်လည်း။ နာမဿ၊ နာမ်အား။ ကေခါ၊ တပစ္စယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ပညတ္တိနာမရူပါနိ၊ ပညတ်နာမ်ရုပ်တို့သည်။ နာမဿ၊ နာမ်အား။ ဒွိဓာ၊ ၂–ပစ္စယသတ္တိတို့ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဒွယံစ၊ နာမ်ရုပ် ၂-ပါးအပေါင်းသည်ကား။ ဒွယဿ၊ နာမ်ရုပ် ၂–ပါး အပေါင်းအား။ နဝဓာ၊ ၉-ပစ္စယသတ္တိတို့ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ပစ္စယာ၊ ၂၄–ပစ္စည်းတို့သည်။ ဆဗ္ဗိဓာ၊ ၆–ပါးသော အပြားအားဖြင့်။ ဌိတာ၊ တည်ကုန်၏။

ကထံ၊ ပစ္စည်း ၆–ပါး အဘယ်သို့ပြားသနည်း။

၁၆။ အနန္တရနိရုဒ္ဓါ၊ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့စုတိကြဉ်သော

---

ဤပစ္စည်းပိုင်း၌ ပစ္စည်းပစ္စယုပ္ပန်တူရာ စုပေါင်းထားသော ယင်း၆-မျိုးတို့ကို ၂၄-ပစ္စည်းစုံအောင် အကျယ်ဖွင့်ပြလျက် အဆုံး၌ "ပညတ္တိနာမရူပါနံ, ဝသေန တိဝိဓာ ဌိတာ" ဟု နိဂုံးအုပ်ထားသည်။

၂၄-ပစ္စည်းတို့ကို ပစ္စည်းတရား ပစ္စယုပ္ပန်တရား သဘောတူရာ ခွဲခြားဝေဖန်ပါက–

၁။ နာမ်က နာမ်အား ကျေးဇူးပြုသောပစ္စည်း .... ၆-ပါး
၂။ နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်း .... ၅-ပါး
၃။ နာမ်က ရုပ်အား ကျေးဇူးပြုသော ပစ္စည်း — ၁-ပါး
၄။ ရုပ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း .... ၁-ပါး
၅။ ပညတ်,နာမ်, ရုပ်တို့က နာမ်အား ကျေးဇူးပြုသောပစ္စည်း ၂-ပါး
၆။ နာမ်, ရုပ် ၂-ပါးက နာမ်, ရုပ် ၂-ပါးအား ကျေးဇူးပြုသော ပစ္စည်း .... .... ၉-ပါး

ဤသို့ ၆-မျိုး ဖြစ်လာပါသည်၊ 'ဆဓာ' စသော သင်္ချာတို့၏ သင်္ချေယျမှာ နောက်၌ ထင်ရှား လာပါလိမ့်မည်။

**နာမ်က နာမ်အား ၆-ပစ္စည်း**

၁၆။ 'အနန္တရနိရုဒ္ဓါ (ပ) ဆဓာ နာမံ နာမဿ ပစ္စယော'ဖြင့် "ဆဓာ **နာမန္တု** နာမဿ" ဟူသော အကျဉ်း ဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

**အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်။ ပင္လယ္ပ္ပန္နာနံ၊ အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်, စေတသိက် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားတို့အား။ အနန္တရသမနန္တရနတ္ထိဝိဂတဝသေန၊ အနန္တရသတ္တိ သမနန္တရသတ္တိ နတ္ထိသတ္တိ ဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။**

**ပုရိမာနိ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ဇဝနာနိ၊ အဆုံးဇောကြဉ်သော လောကီဇောသတ္တစတ္တာလီသတို့သည်။ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ဇဝနာနံ၊ ပထမဇော, ဖိုလ်ဇောကြဉ်သော ဇောကေပညာသတို့အား။ အာသေဝနာသေန၊ အာသေဝနသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။**

---

နာမ်က နာမ်အား ကျေးဇူးပြုသော ၆-ပစ္စည်းဟူသည် အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, အဝိဂတ ပစ္စည်းတို့ပင် ဖြစ်သည်—ဟု ဆိုလိုသည်။

ထိုတွင် ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော အလုံးစုံသော စိတ်တခု ယုတ်ကိုးဆယ် စေတသိက် ဒွေးပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတပ်သော တရားတို့မည်၏။

ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သောနာမက္ခန္ဓာ၄-ပါး၊ ဤတရားတို့သည် အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်၏။

အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ ဤတရားတို့သည် အာသေဝန ပစ္စည်းတပ်သော တရားတို့မည်၏။

ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ကေပညာသ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည် သမ္ပယုတ္တ ပစ္စည်းတပ်သော တရားတို့မည်၏။

အချင်းချင်းမှထောက်အပ်သော အလုံးစုံသောပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်၏။

**သဟဇာတာ၊ တကွဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်,စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်။ အညမညံ၊ အချင်းချင်း။ ဝါ၊ တပါးသည် တပါး အား။ သမ္ပယုတ္တဝသေန၊ သမ္ပယုတ္တသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။**

**ဣတိစ၊ ဤသို့လျှင်။ နာမံ၊ နာမ်သည်။ နာမဿ၊ နာမ်အား။ ဆဓာ၊ ၆-ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။**

**၁၇။ ဟေတုဈာနင်္ဂမဂ္ဂင်္ဂါနိ၊ ဟိတ်, ဈာနင်, မဂ္ဂင်တို့သည်။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ နာမ်ရုပ်တို့အား။ ဟေတာဒိဝသေန၊ 'ဟိတ်'အစရှိသောသတ္တိဖြင့်။ ဝါ၊ ဟေတုသတ္တိ,ဈာနသတ္တိ,မဂ္ဂသတ္တိ ဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။**

---

ထိုတွင် အချင်းချင်းမှ ထောက်အပ်သော'' ဟူသည် ''အချင်းချင်းမှ ထောက်ဆအပ်သော'' ပင် ဖြစ်သည်၊ မှန်၏=နာမက္ခန္ဓာ လေးပါးတို့သည် အချင်းချင်းကို ထောက်ဆ၍ ပစ္စယုပ္ပန် ဖြစ်ကြသည်၊ ဝေဒနာက္ခန္ဓာက ပစ္စည်း ဖြစ်လျှင် ထိုဝေဒနာက္ခန္ဓာကို ထောက်ဆ၍ ကျန်နာမက္ခန္ဓာ ၃-ပါးသည် ပစ္စယုပ္ပန်ဖြစ်ရသည်၊ ကျန်နာမက္ခန္ဓာ ၃-ပါးက ပစ္စည်းဖြစ်လျှင် ထိုနာမက္ခန္ဓာ ၃-ပါးကို ထောက်ဆ၍ ဝေဒနာက္ခန္ဓာက ပစ္စယုပ္ပန် ဖြစ်ရသည်၊ ဤသို့စသည် ဖြင့် အချင်းချင်းကို ထောက်ဆ၍ ပစ္စယုပ္ပန် ဖြစ်ကြရသည်။

ဤသို့ ပစ္စည်း, ပစ္စယုပ္ပန်တရားတို့ကို တိတိ ကျကျ ကောက်တတ်အောင် လေ့လာထားပါ၊ နှုတ်တက်နေပါစေ၊ သို့မှသာ 'ပဋ္ဌာန်းအရကောက်' စသည်တို့ကို တဆင့်တက်၍ လေ့လာသင်ယူသည့်အခါ လွယ်ကူသက်သာမှုကို ရနိုင်ပါလိမ့်မည်၊ အသေးစိတ် အဓိပ္ပါယ်များကိုမူ 'ပဋ္ဌာန်းအရကောက်' စသည်တို့ကို လေ့လာသင်ယူရင်း နားလည် သွားပါလိမ့်မည်။

ဤပစ္စည်းများ၌ ပစ္စည်းဖက်မှာရော ပစ္စယုပ္ပန်ဖက်မှာပါ နာမ်ချည်း ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်၊ နောက်၌လည်း ဤနည်းအတိုင်း ထိုထို ပစ္စည်း အားလျော်စွာ ဝေဖန်ကြည့်ရှုပါ။

**နာမ်က နာမ်အား ၅-ပစ္စည်း**

'ဟေတု (ပ) ပဥ္စဓာ နာမံ နာမရူပါနံ ပစ္စယော ဟောတိ'ဖြင့် ''နာမံ-ပဥ္စဓာ နာမရူပါနံ'' ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

၁၇။ ''နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ၅-ပစ္စည်း'' ဟူသည် ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါကပစ္စည်းများပင် ဖြစ်သည်။

**သဟဇာတာ၊ တကွဖြစ်သော။ စေတနာ၊ စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာသည်။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ စိတ်တခုယုတ် ကိုးဆယ်, စေတနာကြဉ်သော စေတသိက် ငါးပညာသ, စိတ္တဇရုပ်,ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ ကမ္မဝသေန၊ သဟဇာတကမ္မသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်သည်။**

---

ထိုတွင် 'ဟေတုဈာနင်္ဂမဂ္ဂင်္ဂါနိ' စသောပါဠိကို—

၁။ ဟေတူ သဟဇာတာနံ နာမရူပါနံ ဟေတုဝသေန,

၂။ ဈာနင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဈာနဝသေန,

၃။ မဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ မဂ္ဂဝသေန,

ဤသို့ ၃-ဝါကျခွဲယူပါ၊ ရထိုက်သည် အားလျော်စွာ သရုပ်ဖော်၍ အနက်ယောဇနာလျက် ပစ္စည်း, ပစ္စယုပ္ပန် ခွဲပြပါဦးမည်။

၁။ ဟေတူ၊ ဟိတ် ၆-ပါးတို့သည်။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ သဟိတ်စိတ် ကေသတ္တတိ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေးပညာသ,သဟိတ်စိတ္တဇရုပ်,သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အား။ ဟေတုဝသေန၊ ဟေတုသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၆-ပါးတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့မည်၏။

သဟိတ်စိတ် ကေသတ္တတိ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေးပညာသ, သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၂။ ဈာနင်္ဂါနိ၊ ဈာနင်တရားကိုယ် ၅-ပါးတို့သည်။သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်, စေတသိက်ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ ဈာန ဝသေန၊ ဈာနသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ၊ ဤဈာနင် တရားကိုယ် ၅-ပါးတို့သည် ဈာနပစ္စည်းတပ်သော တရားတို့မည်၏။

ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်, စေတသိက် ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

**နာနာက္ခဏိကာ၊ အသီးသီးသော ခဏ၌ ဖြစ်သော။ စေတနာ၊ အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ၃၃-ခုသည်။ ကမ္မာဘိနိဗ္ဗတ္တာနံ၊ ကံကြောင့်ဖြစ်ကုန်သော။ နာမရူပါနံ၊ ဝိပါက်စိတ်ဆတ္တိံသ, စေတသိက် အဋ္ဌတ္တိံသ နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား။ ကမ္မဝသေန၊ နာနာက္ခဏိက ကမ္မသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။**

**ဝိပါကက္ခန္ဓာ၊ ဝိပါက်စိတ်ဆတ္တိံသ, စေတသိက်အဋ္ဌတ္တိံသ, နာမက္ခန္ဓာ လေးပါးတို့သည်။ အညမညံ၊ အချင်းချင်းအားလည်း။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ ရူပါနံ၊ (ဝိညတ်ရွေးကြဉ်သော) စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်း။ ဝိပါကဝသေန၊ ဝိပါကသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။**

**ဣတိ၊ သို့။ နာမံ၊ နာမ်သည်။ နာမရူပါနံ၊ နာမ်ရုပ်တို့အား။ ပဉ္စဓာ၊ ၅-ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။**

---

၁။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တရားကိုယ် ၉-ပါးတို့သည်။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ သဟိတ်စိတ် ကေသတ္တတိ, စေတသိက် ရွေးပညာသ,သဟိတ် စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ မဂ္ဂဝသေန၊ မဂ္ဂသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ၊ ဤ မဂ္ဂင်တရားကိုယ် ၉-ပါးတို့သည် မဂ္ဂပစ္စည်းတပ်သော တရားတို့မည်၏။

သဟိတ်စိတ်ကေသတ္တတိ, စေတသိက် ရွေးပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ကမ္မပစ္စည်းသည် ''သဟဇာတကမ္မ, နာနာက္ခဏိက ကမ္မ'' အားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင်—

စိတ်တခုယုတ် ကိုးဆယ်၌ ရှိသောစေတနာ၊ ဤတရားတို့သည် သဟဇာတ ကမ္မပစ္စည်းတပ်သော တရားတို့မည်၏။

စိတ်တခုယုတ်ကိုးဆယ်, စေတနာကြဉ်သော စေတသိက်ကေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

**၁၀။ ပစ္ဆာဇာတာ၊ နောက်နောက်၌ဖြစ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်,စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပဋိသန္ဓေအစရှိသော နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်။ ပုရေဇာတဿ၊ ရှေးရှေး၌ ဖြစ်သော။ ဣမဿ၊ ဤသို့သဘောရှိသော။ ကာယဿ၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား။ ပစ္ဆာဇာတဝသေန၊ပစ္ဆာဇာတသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။**

**ဣတိ၊ သို့။ နာမံ၊ သည်။ ရူပဿ၊ ရုပ်အား။ ဧကဓာ၊ တပစ္စယ သတ္တိဖြင့်သာလျှင်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။**

---

အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ ၃၃-ခု၊ ဤတရားတို့သည် နာနာက္ခဏိက ကမ္မပစ္စည်းတပ်သော တရားတို့မည်၏။

ဝိပါက်စိတ် ဆတ္တိံသ, စေတသိက် အဌတ္တိံသ, ပဋိသန္ဓေ ကမ္မဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာနာက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဌတ္တိံသ, အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဤတရားတို့သည် ဝိပါက ပစ္စည်းတပ်သော တရားတို့မည်၏။

အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဌတ္တိံသ နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ယထာရဟ ပြုအပ်သော (ဝိညတ် ဒွေးကြဉ်သော) စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဝိပါက ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

**နာမ်က ရုပ်အား ၁-ပစ္စည်း**

၁၀။ 'ပစ္ဆာဇာတာ-(ပ) ဧကဓာ နာမံ ရူပဿ ပစ္စယော ဟောတိ' ဖြင့် ''နာမံဧကဓာ ပုန ရူပဿ'' ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ် နိဒ္ဒေသကိုပြသည်။

''နာမ်က ရုပ်အား ကျေးဇူးပြုသော တပစ္စည်း'' ဟူသည် ပစ္ဆာဇာတ ပစ္စည်းပင် ဖြစ်သည်၊ ထိုတွင်—

ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပဌမ ဘဝင်အစရှိသော နောက်နောက်၌ ဖြစ်သော နာမက္ခန္ဓာ ၄-ပါး၊ ဤတရား တို့သည် ပစ္ဆာဇာတ ပစ္စည်းတပ်သော တရားတို့မည်၏။

**၁၉။ ဆ၊ ခြောက်ပါးကုန်သော။ ဝတ္ထုနိ၊ ဝတ္ထုရုပ်တို့သည်။တနည်း ဆဝတ္ထူနိ၊ "မန္ဒာယုက, အမန္ဒာယုက,မဇ္ဈိမာယုက"အားဖြင့် ၃-ပါးတို့-တွင် မဇ္ဈိမာယုက ဖြစ်၍ အတိတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု, (ပ)ကာယဝတ္ထု, ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, နိရောဓသမာပတ်မှထသောအခါ ရှေ့ စိတ္တက္ခဏတချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော *ဆဝတ္ထုဟုဆိုအပ်သော ၆-ပါးသော ဝတ္ထုရုပ်တို့သည်။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ သတ္တန္နံ၊ ၇-ပါးကုန်သော။ ဝိညာဏဓာတူနံ၊ အရူပဝိပါက်လေးခုကြဉ်သော ဝိညာဏဓာတ်တို့အား။ ပုရေဇာတဝသေန၊ ပုရေဇာတသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ဟောန္တိ၊ ကုန်၏။**

---

*'ပဋိသန္ဓေ' အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ၊ ဤတရားတို့သည် ပစ္ဆာဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

**ရုပ်ကနာမ်အား ၁-ပစ္စည်း**

၁၉။ 'ဆဝတ္ထူနိ (ပ) ဧကဓာဝ နာမံ ရူပဿ ပစ္စယော ဟောတိ' ဖြင့် "ရူပံ နာမဿဧကဓာ" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ် နိဒ္ဒေသကို ပြသည်။

"ရုပ်က နာမ်အား ကျေးဇူးပြုသော တပစ္စည်း" ဟူသည် ပုရေဇာတ ပစ္စည်းပင် ဖြစ်သည်။

ဤ ပုရေဇာတပစ္စည်းသည် "ဝတ္ထုပုရေဇာတ, အာရမဏပုရေဇာတ" အားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင်—

ပဝတ္တိအခါ ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်းတပ်သော တရားတို့မည်၏၊ တနည်းကား- "မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက" အားဖြင့် ၃-ပါးသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (ပ) ကာယဝတ္ထု၊ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသောအခါ ရှေးစိတ္တက္ခဏ တချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက် မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတ **ပစ္စည်း**တပ်သော တရားတို့မည်၏။

**ပဥ္စာရမဏာနိ စ၊ ၅-ပါးသော အာရုံတို့သည်လည်း॥ ပဥ္စဝိညာဏဝီထိယာ၊ ပဥ္စဝိညာဏဝီထိအား॥ ပုရေဇာတဝသေန၊ အာရမဏပုရေဇာတသတ္တိဖြင့်॥ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ (မပြည့်စုံပါ၊ ပစ္စည်းပစ္စယုပ္ပန်တရားကျန်နေသည်။)**

**ဣတိ၊ ဤသို့॥ ရူပံ၊ ရုပ်သည်॥ နာမဿ၊ နာမ်အား॥ ဆဓာ၊ ၆-ပစ္စယသတ္တိဖြင့်သာလျှင်။ ပစ္စယော၊ သည်॥ ဟောတိ၊ ၏။**

**၂၁॥ ပညတ္တိနာမရူပါနိ၊ ပညတ်, နာမ်, ရုပ်တို့သည်॥ နာမဿေဝ၊ နာမ်အားသာလျှင်॥ အာရမဏဝသေန၊ အာရမဏသတ္တိဖြင့်၎င်း။ ဥပနိဿယဝသေန စ၊ ဥပနိဿယသတ္တိဖြင့်၎င်း။ ဣတိ၊ သို့။ ဒွိဓာ၊ ၂-ပစ္စယသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏॥**

---

ပဥ္စဝေါကာရပဝတ္တိအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ်၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်၏။

ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဤတရားတို့သည် အာရမဏပုရေဇာတပစ္စည်း တပ်သော တရားတို့မည်၏။

ကာမစိတ်စေတုပညာသ အဘိညာဉ်ဒွေး အပ္ပမညာကြဉ်သော စေတသိက် ပညာသ၊ ဤတရားတို့သည် အာရမဏပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်၏။

> (သင်္ဂြိုဟ်ပါဠိ၌ ပစ္စယနိဒ္ဒေသကိုမှီ၍ "ပဥ္စာရမဏာနိ ပဥ္စဝိညာဏဝီထိယာ" မျှသာပြဆိုထားပါသည်၊ စက္ခုံ အနိစ္စတော ဒုက္ခတော စသည်ဖြင့် ဟောထားသော ပဋ္ဌာဝ ါရ ပဋ္ဌာန်းပါဠိတော်နှင့် မညီ၊ ထို့ကြောင့် ပဋ္ဌာဝ ါရ ပါဠိတော်နှင့် ညီအောင် အရကောက်ကို ပြင်ထားပါသည်။)

**ပညတ်နာမ်ရုပ်က နာမ်အား ၂-ပစ္စည်း**

၂၀။ 'အာရမဏဝသေန (ပ) နာမဿေဝ ပစ္စယာ ဟောန္တိ' ဖြင့် "ပညတ္တိနာမရူပါနိ နာမဿ ဒွိဓာ" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

"ပညတ်နာမ်ရုပ်က နာမ်အား ကျေးဇူးပြုသော ၂-ပစ္စည်း" ဟူသည် အာရမဏပစ္စည်း, ဥပနိဿယပစ္စည်းတို့ပင် ဖြစ်သည်။ ထိုတွင်—

၂၁။ တတ္ထ၊ ထို ၂-ပါးတို့တွင်။ **အာရမဏံ၊ အာရမဏပစ္စည်းသည်။ ရူပါဒိဝသေန၊ ရူပါရုံအစရှိသည်တို့၏ အပြားအားဖြင့်။ ဆဗ္ဗိဓံ၊ ၆-ပါး အပြားရှိသည်။ ဟောတိ၊ ၏။**

**၂၂။ ပန၊ ကား။ ဥပနိဿယော၊ ဥပနိဿယပစ္စည်းသည်။ အာရမဏူ-ပနိဿယော၊ အာရမဏူပနိဿယရင်း။ အနန္တရူပနိဿယော၊ အနန္တရူပ-နိဿယရင်း။ ပကတူပနိဿယော စ၊ ပကတူပနိဿယရင်း။ ဣတိ၊ သို့။ တိဝိဓော၊ ၃-ပါးအပြားရှိသည်။ ဟောတိ၊ ၏။**

**၂၃။ တတ္ထ၊ ထို ၃-ပါးတို့တွင်။ ဂရုကတံ၊ အလေးအမြတ်ပြုအပ်သော။ အာရမဏမေဝ၊ ဣဋ္ဌဖြစ်သော နိဗ္ဗန္နရုပ် အဇ္ဈာရသ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄-ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု၊ နိဗ္ဗာန် ဟုဆိုအပ်သော အာရုံ ၆-ပါးသည်ပင်လျှင်။ အာရမဏူပနိဿယော၊ အာရမဏူပနိဿယပစ္စည်း မည်၏။**

---

စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်၊ ဤအာရုံ ၆-ပါး ပစ္စည်းတရားတို့သည် အာရမဏ ပစ္စည်းတပ်သော တရားတို့မည်၏။

စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေးပညာသ၊ ဤ တရားတို့သည် အာရမဏ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်၏။

ဥပနိဿယပစ္စည်းသည် "အာရမဏူပနိဿယ, အနန္တရူပနိဿယ, ပကတူ-ပနိဿယ" အားဖြင့် ၃-ပါး အပြားရှိ၏၊ ထိုတွင်—

အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဇ္ဈာရသ၊ ဒေါသမူ ဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄-ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု၊ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမဏူပနိဿယ ပစ္စည်းတပ်သော တရားတို့ မည်၏။

အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် ၄၅-ခု၊ ဤတရားတို့သည် အာရမဏူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်၏။

**၂၄။ အနန္တရနိရုဒ္ဓါ၊ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော ပစ္စုပ္ပန် ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်းမည်၏။**

**၂၅။ ဝန၊ ကား။ ရာဂါဒယော၊ ရာဂအစရှိကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်၎င်း။ သဒ္ဓါဒယော၊ သဒ္ဓါအစရှိကုန်သော။ ဓမ္မာ၊ ကုသိုလ်တရားတို့သည်၎င်း။ သုခံ၊ ကာယိကသုခသည်၎င်း။ ဒုက္ခံ၊ ကာယိက ဒုက္ခသည်၎င်း။ ပုဂ္ဂလော၊ ကလျာဏမိတ္တစသောပုဂ္ဂိုလ်သည်၎င်း။ ဘောဇနံ၊ သပ္ပါယအစရှိသော ဘောဇဉ်သည်၎င်း။ ဥတု၊ သပ္ပါယအစရှိသော ဥတု သည်၎င်း။ သေနာသနဥ္စ၊ သပ္ပါယအစရှိသောကျောင်း, အိပ်ရာနေရာသည် ၎င်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ အဇ္ဈတ္တဥ္စ၊ အဇ္ဈတ္တသန္တာန် ၌၎င်း။ ဗဟိဒ္ဓါ စ၊ ဗဟိဒ္ဓသန္တာန်၌၎င်း။ ကုသလာဒိဓမ္မာနံ၊ ကုသိုလ် အစ ရှိသော တရားတို့အား၎င်း။ ကမ္မံ၊ ဗလဝဖြစ်သောကုသိုလ် အကုသိုလ်ကံ**

---

၂၄။ ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော အလုံးစုံသော စိတ်တခု ယုတ် ကိုးဆယ်, စေတသိက် ဒွေးပညာသ, ပစ္စုပ္ပန် ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ဤတရားတို့သည် အနန္တရူပနိဿယပစ္စည်းတပ်သော တရားတို့မည်၏။

ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ ၄-ပါး၊ ဤ တရားတို့သည် အနန္တရူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၂၅။ ဗလဝဖြစ်သော ရှေးရှေးသော စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, ပစ္စည်းတိုက်သော အချို့သော ပညတ်၊ ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတပ်သော တရားတို့မည်၏။

နောက်နောက်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ၊ ဤတရားတို့သည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားတို့မည်၏။

**ယထာရဟံ**

ရာဂ,သဒ္ဓါ,သုခ,ဒုက္ခတို့သည် အဇ္ဈတ္တသန္တာန်၌ဖြစ်၏၊ ပုဂ္ဂလ, ဘောဇန, ဥတု, သေနာသနတို့သည် ဗဟိဒ္ဓသန္တာန်၌ဖြစ်၏၊ ဤကား ယထာရဟံ အဓိပ္ပါယ်တည်း။

(‘ရာဂါဒယော ပန ဓမ္မာ’အစရှိသော ပါဋ္ဌိမျာကို ဤ၌ အကျယ်ဖွင့်ဆိုမှု မပြုတော့ပါ၊ ပဋ္ဌာန်းပဥ္စာဝါရကို လေ့လာသည့်အခါ ရှင်းလင်းလွယ်ကူစွာ သိမြင်နားလည်လာပါလိမ့်မည်။)

သည်။ ဝိပါကာနံ၊ ဝိပါက်စိတ်သတ္တိသ နာမက္ခန္ဓာတို့အားရင်း။ (ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။) ဣတိ စ၊ ဤသို့လျှင်၊ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းသည်။ ဗဟုဓာ၊ များသောအပြားအားဖြင့်။ ဟောတိ၊ ဖြစ်၏။

၂၆။ နာမရူပါနိ၊ နာမ်ရုပ်တို့သည်။ နာမရူပါနံ၊ နာမ်ရုပ်တို့အား။ အဓိပတိဝသေန၊ အဓိပတိသတ္တိရင်း။ သဟဇာတဝသေန၊ သဟဇာတသတ္တိရင်း။ အညမညဝသေန၊ အညမညသတ္တိရင်း။ နိဿယဝသေန၊ နိဿယသတ္တိသည်ရင်း။ အာဟာရဝသေန၊ အာဟာရသတ္တိရင်း။ ဣန္ဒြိယဝသေန၊ ဣန္ဒြိယသတ္တိရင်း။ ဝိပ္ပယုတ္တဝသေန၊ ဝိပ္ပယုတ္တသတ္တိရင်း။ အတ္ထိဝသေန၊ အတ္ထိသတ္တိရင်း။ အဝိဂတဝသေန စ၊ အဝိဂတသတ္တိရင်း။ ဣတိ၊ ဤသို့။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ နဝဓာ၊ ၉-ပစ္စယသတ္တိဖြင့်။ ပစ္စယာ၊ ကူနိသည်။ ဘဝန္တိ၊ ကူနိ၏။

('အဓိပတိဝသေန သဟဇာတဝသေန' စသည်ဆိုလိုလျက် ဝါကျကျဉ်းအောင် ရှေးရှေးသော 'ဝသေန' သဒ္ဒါများကို ချေထားသည်။ အဆုံး၌ 'ဝသေန' သဒ္ဒါတခုကိုသာ ပြထားသည်။ "ဝသေနစာတိ"ဟု စသဒ္ဒါ ပါသင့်သည်။)

၂၇။ တတ္ထ၊ ထိုကိုးပါးတို့တွင်။ ဂရုကတံ၊ အလေးအမြတ်ပြုအပ်သော။ အာရမ္မဏံ၊ "ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄-ခု,ဒေါသ

---

**နာမ်ရုပ်က နာမ်ရုပ်အား ၉-ပစ္စည်း**

'အဓိပတိ(ပ)ဘဝန္တိ'ဖြင့် "ဒွယံ ဒွယဿ နဝဓာ" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

၂၆။ "နာမ်ရုပ် ၂-ပါးက နာမ်ရုပ် ၂-ပါးအား ကျေးဇူးပြုသော ၉-ပစ္စည်း" ဟူသည် အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတတို့ ဖြစ်သည်။

၂၇။ ထိုတွင် အဓိပတိပစ္စည်းသည် "အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ"အားဖြင့် ၂-ပါးအပြားရှိ၏၊ ထိုတွင်—

အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ(ပ) နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်းတပ်သော တရားတို့မည်၏။

**ဋ္ဌသော မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု,နိဗ္ဗာန်" ဟုဆိုအပ်သော အာရုံ ၆-ပါးသည်။ နာမာန်၊ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခု, မဟာကုသိုလ်စိတ် ၈-ခု, မဟာကြိယာဉာဏသမ္ပယုတ် စိတ် ၄-ခု, လောကုတ္တရာစိတ် ၈-ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် ၄၅-ခု နာမက္ခန္ဓာတို့အား။ အာရမဏာဓိပတိဝသေန၊ အာရမဏာဓိပတိသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။**

**တေ့ပွိဓောပိ၊ ၄-ပါးအပြားရှိသည်လည်း ဖြစ်သော။ သဟဇာတာဓိပတိ၊ "အဓိပတိတပ်ခိုက်တပ်နေ သာဓိပတိဇော ၅၂-ခုဌ်ရှိသော ဆန္ဒ, ဝီရိယ, ဝီမံသ, သာဓိပတိဇော ၅၂-ခု"ဟုဆိုအပ်သော သဟဇာတာဓိပတိ သည်။ သဟဇာတာန်၊ တကွဖြစ်ကုန်သော။ နာမရူပါန်၊ အဓိပတိပစ္စည်း ကို ရခိုက်ရနေ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ကေပညာသ သာဓိပတိစိတ္တဇရုပ်တို့အား။ သဟဇာတဝသေန၊ သဟဇာတာဓိပတိသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။**

---

အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခု (ပ) စေတသိက် ၄၅-ခု၊ ဤတရားတို့သည် အာရမဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်၏။

အဓိပတိပစ္စည်းတပ်ခိုက် တပ်နေ မောဟမူဒွေး ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခုဌ် ရှိသော "ဆန္ဒ, ဝီရိယ, ဝီမံသ, သာဓိပတိဇော ၅၂-ခု ဟု ဆိုအပ်သော စိတ်" အားဖြင့် အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်းတပ်သော တရားတို့ မည်၏။

အဓိပတိပစ္စည်းကို ရခိုက်ရနေ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိ ဇော ၅၂-ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ကေပညာသ၊ သာဓိပတိ စိတ္တဇရုပ်၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်၏။

"အဓိပတိတပ်ခိုက်" ဟူသောစကားသည် အနေကန်ကို ရည်ညွှန်းသော စကားဖြစ်သည်၊ ကာမဇောကို ရည်ရွယ်သည်၊ မှန်၏=ကာမဇော၌ ပါသော ဆန္ဒ စသည်တို့သည် တခုံတခါမှသာ အဓိပတိသတ္တိရှိသည်။

ဣတိ စ၊ ဤသို့လျှင်။ အဓိပတိပစ္စယော၊ အဓိပတိပစ္စည်းသည်။ ဒုဝိဓော၊ ၂-စပါးအပြားရှိသည်။ ဟောတိ၊ ၏။

၂၈။ စိတ္တ စေတသိကာ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရားတို့သည်။ အညမညံ၊ အချင်းချင်းအားရင်း။ သဟဇာတ-ရူပါနံ၊ တကွဖြစ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

မဟာဘူတာ၊ မဟာဘုတ်တို့သည်။ အညမညံ၊ အချင်းချင်းအား ရင်း။ ဥပါဒါရူပါနဉ္စ၊ ဥပါဒါရုပ်တို့အားရင်း။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ဝတ္ထုဝိပါကာ၊ ဟဒယဝတ္ထုပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာတို့သည်။ အညမညံ၊ အား။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဣတိ စ၊ ဤသို့လျှင်။ သဟဇာတပစ္စယော၊ သဟဇာတပစ္စည်းသည်။ တိဝိဓော၊ ၃-ပါးအပြားရှိသည်။ ဟောတိ၊ ၏။

---

"တပ်နေ"ဟူသောစကားသည် ဧကန်ကို ပြသောစကား ဖြစ်သည်၊ မဟဂ္ဂုတ်, လောကုတ္တရာဇောတို့ကို ရည်ရွယ်သည်။

၂၈။ အချင်းချင်းအားရင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ် စေတသိက်ဒွေး ပညာသဟူသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး။

အချင်းချင်းအားရင်း ဥပါဒါ ရုပ်အားရင်း တပ်သော အလုံးစုံသော မဟာဘုတ် ၄-ပါး၊ အချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သော တရားတို့မည်၏။

အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ-နာမက္ခန္ဓာ ၄-ပါး၊ ဥပါဒါရုပ်နှင့်တကွ အလုံးစုံသော မဟာဘုတ် ၄-ပါး၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ ဟဒယ ဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဤတရားတို့ သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားတို့မည်၏။

**၂၉။ စိတ္တ စေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရားတို့သည်။ အညမညံ၊ အချင်းချင်းအား။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ မဟာဘူတာ၊ မဟာဘုတ်တို့သည်။ အညမညံ၊ အချင်းချင်းအား။ ပစ္စယာ ဟောန္တိ။ ပဋိသန္ဓိက္ခဏေ၊ ၌။ ဝတ္ထုဝိပါကာ၊ တို့သည်။ အညမညံ၊ အား။ ပစ္စယာ ဟောန္တိ။ ဣတိ စ၊ ဤသို့လျှင်။ အညမညပစ္စယော၊ အညမညပစ္စည်းသည်။ တိဝိဓော၊ ၃-ပါးအပြား ရှိသည်။ ဟောတိ၊ ၏။**

**၃ဝ။ စိတ္တ စေတသိကာ၊စိတ် စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။ အညမညံ၊ အားရင်း။ သဟဇာတရူပါနံ၊ တို့အားရင်း။ပစ္စယာ ဟောန္တိ။**

---

၂၉။ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊အချင်းချင်းအားတပ်သော "စိတ္တဇ,ပဋိသန္ဓေကမ္မဇ,ဗာဟိရ, အာဟာရဇ,ဥတုဇ, အသညသတ်ကမ္မဇ,,ပဝတ္တိကမ္မဇ" အားဖြင့် မဟာဘုတ် ၄-ပါး၊အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားတို့မည်၏။

အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသောပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းမှထောက်အပ်သော အလုံးစုံသော မဟာဘုတ် ၄-ပါး၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု, ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဤတရားတို့သည်အညမညပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃ဝ။ နိဿယပစ္စည်းသည်"သဟဇာတနိဿယ, ပုရေဇာတနိဿယ"အား ဖြင့် ၂-ပါးအပြားရှိ၏၊ (ပါဠိ၌ လာသော တိဝိဓောနှင့် မဆိုင်ပါ၊) ထိုတွင် အချင်းချင်းအားရင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇ ရုပ်အားရင်း တပ်သော (ပ) နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတနိဿယပစ္စည်းတပ်သော တရားတို့မည်၏။

အချင်းချင်းမှ ထောက်အပ်သော (ပ) ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဤတရားတို့သည် သဟဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရား တို့မည်၏။

ပုရေဇာတနိဿယ သည်လည်း "ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထာရမ္မဏ-ပုရေဇာတနိဿယ"အားဖြင့် ၂-ပါး အပြားရှိပြန်၏။ (သဟဇာတနိဿယ တတိယအချက်နှင့် ဤ ပုရေဇာတနိဿယ ၂-ပါးလုံးကိုပင် 'ဆဝတ္ထုနိ' အစရှိသောပုဒ်ဖြင့် ပြသည်-ဟု ကြံပါ၊) ထိုတွင်—

**မဟာဘူတာ၊ တို့သည်။ အညမညံ၊ အားရင်း။ ဥပါဒါရူပါနံ၊ တို့အားရင်း။ ပစ္စယာ ဟောန္တိ။**

**ဆ၊ ၆-ပါးကုန်သော။ ဝတ္ထူနိ၊ ဝတ္ထုရုပ်တို့သည်။ တနည်း–ဆဝတ္ထူနိ၊ မန္ဒာယုက (ပ)ကာယဝတ္ထု၊ ပဋိသန္ဓေအခါ၌ရှိသော ရှေးရှေးသော စိတ်နှင့် (ပ)၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဆဝတ္ထုဟုဆိုအပ် သော ၆-ပါးသော ဝတ္ထုရုပ်တို့သည်။ သတ္တန္နံ၊ ၇-ပါးကုန်သော၊ ဝိညာဏ ဓာတူနံ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ဝိညာဏဓာတ်တို့အား။ ပစ္စယာ ဟောန္တိ။**

**ဣတိ စ၊ ဤသို့လျှင်။ နိဿယပစ္စယော၊ နိဿယပစ္စည်းသည်။ တိဝိဓော၊ ၃-ပါးအပြားရှိသည်။ ဟောတိ၊ ၏။**

**၃၁။ ကဗဠီကာရော၊ အလုတ်အလွေးပြုအပ်သော။ အာဟာရော၊ ခဲဖွယ်ဘောဇဉ်၌တည်သော ဩဇာသည်။ ဣမဿ၊ ဤသို့သဘော**

---

ပဝတ္တိအခါ ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း တပ်သော တရားတို့မည်၏၊ တနည်းကား– မန္ဒာယုက (ပ) မရဏာသန္န အခါ စုတိမှပြန်၍ ရေသည်ရှိသော် ၁၇-ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း တပ်သော တရားတို့မည်၏။

ပဉ္စဝေါကာရပဝတ္တိအခါ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏ ဓာတ်၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်၏။

မရဏာသန္နအခါ စုတိမှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေ-ဇာတနိဿယ ပစ္စည်းတပ်သော တရားတို့မည်၏။

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း, ကာမဇောတခုယုတ် သုံးဆယ်, တဒါရုံကောဒသ, ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတီ အပ္ပမညာ ကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃၁။ အာဟာရပစ္စည်းသည် ''ရုပ်အာဟာရ,နာမ်အာဟာရ'' အားဖြင့် ၂-ပါး အပြားရှိ၏၊ ထိုတွင်–

**ရှိသော။ ကာယဿ၊ အာဟာရဇကာယအား။ တနည်းကား-ကဗဠီကာ-ရော၊ သော။ အာဟာရော၊ အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိက ဩဇာ, ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာသည်။ ဣမဿ၊ သော။ ကာ-ယဿ၊ ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကကာယအား။ ပစ္စယော၊ ရူပအာဟာရသတ္တိဖြင့် ကျေးဇူး ဟောတိ၊ ၏။**

**အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရော၊ အာဟာရတရားကိုယ် ၃-ပါးတို့သည်။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ စိတ် တခုယုတ် ကိုးဆယ်, စေတသိက်ဒွေးပညာသ,စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တို့အား။ ပစ္စယာ၊ နာမ်အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ကုန်၏။**

**ဣတိ စ၊ ဤသို့လျှင်။ အာဟာရပစ္စယော၊ အာဟာရပစ္စည်းသည်။ ဒုဝိဓော၊ ၂-ပါးအပြားရှိသည်။ ဟောတိ၊ ၏။**

---

''ကဗဠီကာရအာဟာရ''ဟု ဆိုအပ်သော ခဲဖွယ်ဘောဇဉ် အစရှိသည်၌ တည်သော ဗဟိဒ္ဓဩဇာ၊ ဤတရားတို့သည် ရုပ်အာဟာရ ပစ္စည်းတပ်သော တရားတို့ မည်၏။

အာဟာရ သမုဋ္ဌာနိကရုပ်၊ ဤတရားတို့သည် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

တနည်းကား- အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ၊ ဗဟိဒ္ဓ သန္တာန်၌ရှိသော ဥတုဇဩဇာ၊ ဤ တရားတို့သည် ရုပ်အာဟာရ ပစ္စည်း တပ်သော တရားတို့မည်၏။

ကလာပ်တူဩဇာကြဉ်သော ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမု-ဋ္ဌာနိကရုပ်၊ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်၏။

''ဖဿ, စေတနာ, ဝိညာဏ်'' ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး၊ ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတပ်သော တရားတို့မည်၏။

စိတ်တခုယုတ် ကိုးဆယ်, စေတသိက်ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃၂။ ပဥ္စ၊ ၅-ပါးကုန်သော။ ဝသာဒ၊ ပသာဒတို့သည်။ တနည်းကား=ပဥ္စပသာဒါ၊ မန္ဒာယုက(ပ)ကာယပသာဒတို့သည်။ ပဥ္စန္နံ၊ ၅-ပါးကုန်သော။ ဝိညာဏာနံ၊ ဝိညာဏ်တို့အား။ ဝါ၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့အား။ ပစ္စယာ၊ ဝတ္ထုပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ကုန်၏။

ရူပဇီဝိတိန္ဒြိယံ၊ ပဝတ္တိ, ပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေသည်။ ဥပါဒိန္နရူပါနံ၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား။ ပစ္စယော၊ ရူပဇီဝိတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ၊ ဣန္ဒြေတရားကိုယ် ၈-ပါးတို့သည်။ သဟဇာတာနံ၊ တကွဖြစ်ကုန်သော။ နာမရူပါနံ၊ စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ ပစ္စယာ၊ သဟဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ကုန်၏။

---

၃၂။ ဣန္ဒြိယပစ္စည်းသည် "ပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ, သဟဇာတိန္ဒြိယ" အားဖြင့် ၃-ပါးအပြားရှိ၏၊ ထိုတွင်—

"မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက" အားဖြင့် ၃-ပါးပြားသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တချက်အလွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (ပ) ကာယဝတ္ထု၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်းတပ်သော တရားတို့မည်၏။

ဒွေးပဥ္စဝိညာဏ် ၁၀, သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ပဝတ္တိ ပဋိသန္ဓေအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်းတပ်သော တရားတို့မည်၏။

ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၈-ခု, ၉-ခု၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

"ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ" ဟူသော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်းတပ်သော တရားတို့မည်၏။

ဣတိ စ၊ ဤသို့လျှင်။ ဣန္ဒြိယပစ္စယော၊ ဣန္ဒြိယပစ္စည်းသည်။ တိဝိဓော၊ ၃-ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

၃၃။ ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ဝတ္ထု၊ ဟဒယဝတ္ထုသည်။ ဝိပါကာနံ၊ ပဋိသန္ဓေနာမက္ခန္ဓာတို့အားရင်း။ စိတ္တ စေတသိကာ ဓမ္မာ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်, ဖြစ်နေ အရူပဝိပါက် ၄-ခု ဒွေပဉ္စဝိညာဏ်-၁၀ ရဟန္တာတို့ စုတိကြည်သော စိတ် ၇၅-ခု, စေတသိက် ဒွေး ပညာသ, ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာတို့သည်။ သဟဇာတာနံ၊ တကွဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ သဟဇာတဘာဝေန၊ သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

စိတ်တခုယုတ် ကိုးဆယ်, စေတသိက် ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတိန္ဒြိယ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃၃။ ဝိပ္ပယုတ္တပစ္စည်းသည် "သဟဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်, ပုရေဇာတ ဝိပ္ပယုတ်" အားဖြင့် ၃-ပါး အပြားရှိ၏၊ ထိုတွင်—

ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်, ဖြစ်နေ အရူပဝိပါက် ၄-ခု ဒွေပဉ္စဝိညာဏ် ၁၀-ရဟန္တာတို့ စုတိကြည်သော စိတ် ၇၅-ခု, စေတသိက် ဒွေးပညာသဟူသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်းတပ်သော တရားတို့မည်၏။

စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြည်သော ပထမဘဝင်အစရှိသော နောက်နောက်ဖြစ်သော နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်းတပ်သော တရားတို့မည်၏။

ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ၊ ဤတရားတို့သည် ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

**ပစ္ဆာဇာတာ၊ နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တ စေတသိကာ၊ စိတ်, စေတသိက် ဖြစ်ကုန်သော။** ဓမ္မာ၊ ပဋိသန္ဓေ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပထမဘဝင် အစရှိသော နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်။ **ပုရေဇာတဿ၊ ရှေးရှေး၌ ဖြစ်သော။ ဣမဿ၊ ဤသို့ သဘောရှိသော။ ကာယဿ၊ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော** စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော **ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား။ ပစ္ဆာဇာတဝသေန၊ ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။**

**ဆ၊ ၆-ပါးကုန်သော။ ဝတ္ထူနိ၊ ဝတ္ထုရုပ်တို့သည်။ တနည်းကား—** ဆံ ဝတ္ထူနိ၊ မန္ဒာယုက, အမန္ဒာယုက (ပ) ၁၇-ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဆ ဝတ္ထု ဟု ဆိုအပ်သော ၆-ပါးသော ဝတ္ထုရုပ်တို့ **သည်။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ သတ္တန္နံ၊ ၇-ပါးကုန်သော။ ဝိညာဏ-** ဓာတူနံ၊ **အရူပဝိပါက် ၄-ခုကြဉ်သော ဝိညာဏဓာတ်တို့အား။ ပုရေ-ဇာတဝသေန၊ ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။**

**ဣတိ စ၊ ဤသို့လျှင်။ ဝိပ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စည်းသည်။ တိဝိဓော၊ ၃-ပါး အပြားရှိသည်။ ဟောတိ၊ ၏။**

---

ပုရေဇာတဝိပ္ပယုတ်သည် "ဝတ္ထုပုရေဇာတဝိပ္ပယုတ်, ဝတ္ထာရမဏပုရေဇာတဝိပ္ပယုတ်" အားဖြင့် ၂-ပါးအပြားရှိ၏၊ ထိုတွင်—

ပဝတ္တိအခါ ဆဝတ္ထု၊ တနည်းကား—"မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက" အားဖြင့် သုံးပါးသော စက္ခုဝတ္ထုတို့တွင် (ပ) ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်းတပ်သော တရားတို့မည်၏။

ပဉ္စဝေါကာရပဝတ္တိအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ်၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်၏။

မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားသည် ဝတ္ထာရမဏပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်းတပ်သော တရားမည်၏။

**၃၄။ သဗ္ဗထာ၊ အလုံးစုံသော အပြားအားဖြင့်။ သဟဇာတံ၊ သဟဇာတပစ္စည်းရင်း။ ပုရေဇာတံ၊ ပုရေဇာတပစ္စည်းရင်း။ ပစ္ဆာဇာတဥ္စ၊ ပစ္ဆာဇာတပစ္စည်းရင်း။ ကဗဠီကာရောအာဟာရော၊ ကဗဠီကာရအာဟာရရင်း။ ဝါ၊ ရုပ်အာဟာရပစ္စည်းရင်း။ ရူပဇီဝိတံ၊ ရူပဇီဝိတိန္ဒြိယပစ္စည်းရင်း။ ဣတိ၊ ဤသို့။ ပဉ္စဝိဓော၊ ၅-ပါး အပြားရှိသော။ ဣတိ အယံ၊ ဤပစ္စည်းသည်။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းသည်ရင်း။ အဝိဂတပစ္စယော စ၊ အဝိဂတပစ္စည်းသည်ရင်း။ ဟောတိ၊ ဖြစ်၏။**

**၃၅။ စ၊ ဆက်ဦးအံ့။ အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု၊ အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်းတို့၌။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့သည်။ သမောဓာနံ၊ ပေါင်းဆုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။**

---

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း, ကာမဇောတနဲ့ယုတ် သုံးဆယ်, တဒါရုံကောဒသ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ဤတရားတို့သည် ဝတ္ထာရမဏ ပုရေဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်၏။

၃၄။ 'သဟဇာတံ (ပ) ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယော စ' ဖြင့် အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏ အပြားကို ပြသည်။

၁။ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ=သဟဇာတပစ္စည်းနှင့်တူ၏၊

၂။ ပုရေဇာတတ္ထိ၊ ပုရေဇာတအဝိဂတ=ငတ်ပု၊ အာပုနှင့်တူသည်၊

၃။ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ=ပစ္ဆာဇာဟနှင့်တူသည်၊

၄။ ရူပအာဟာရတ္ထိ၊ ရူပအာဟာရအဝိဂတ=ရုပ်အာဟာရနှင့်တူသည်၊

၅။ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ=ရူပဇီဝိတိန္ဒြိယနှင့်တူသည်။

ဤသို့ အတ္ထိပစ္စည်း ၅-မျိုး၊ အဝိဂတပစ္စည်း ၅-မျိုးရှိသည်၊ ပစ္စည်း, ပစ္စယုပ္ပန်တို့ကိုလည်း ဆိုခဲ့ပြီးသည် အားလျော်စွာ အသီးသီးခွဲစိတ် ဝေဖန်ပါ။

**ပစ္စည်းအကျဉ်း ၄-မျိုး**

၃၅။ 'အာရမ္မဏူပနိဿယ (ပ) ဂစ္ဆန္တိ' ဖြင့် အကျဉ်းချုပ်အားဖြင့် ပစ္စည်း ၄-မျိုးသာ ရှိကြောင်းကို ပြသည်။

ပစ္စည်းအားလုံးတို့သည် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ၊ ဤ လေး ပစ္စည်းတွင် ပါဝင်ကြသည်။

**၃၆။ ပန၊ မှတ်ဖွယ်အထူး ဆက်ပြဦးအံ့။ တေ္တ၊ ဤပဋ္ဌာန်းနည်း၌။ သဗ္ဗတ္ထာပိ၊ အလုံးစုံသော သဟဇာတမျိုးတို့၌လည်း။ သဟဇာတရူပန္တိ၊ 'သဟဇာတရူပ"ဟူသည်ကား။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ စိတ္တသမုဋ္ဌာနာနံ၊ စိတ္တဇရုပ်တို့၏ရင်း။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ကဋတ္တာရူပါနဉ္စ၊ ကမ္မဇရုပ်တို့၏ရင်း။ ဝသေန၊ အပြားအားဖြင့်။ ဒုဝိဓံ၊ ၂-ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။**

---

ထိုတွင် အာရမဏမျိုး ၈-ပါးသည်အာရမဏပစ္စည်း၌ ပါဝင်သည်၊အနန္တရမျိုး ၇-ပါးသည်၊ အနန္တရူပနိဿယာ၌ပါဝင်သည်၊ ပကတူပနိဿယမျိုး ၂-ပါးသည် ပကတူပနိဿယ၌ ပါဝင်သည်၊နာနာက္ခဏိက ကမ္မမျိုးပစ္စည်းတပါးသည် ကမ္မပစ္စည်း၌ ပါဝင်သည်၊ သဟဇာတမျိုး ၁၅-ပါးသည် သဟဇာတတို့၌ ပါဝင်သည်၊ ဝတ္ထုပုရေဇာတမျိုး ၆-ပါးသည် ပုရေဇာတတို့၌ ပါဝင်သည်၊ ပစ္ဆာဇာတမျိုး ၄-ပါးသည် ပစ္ဆာဇာတတို့၌ ပါဝင်သည်၊ ရူပအာဟာရမျိုး ၃-ပါးသည် ရူပအာဟာရတို့၌ ပါဝင်သည်၊ ရူပဇီဝိတိန္ဒြိယမျိုး ၃-ပါးသည် ရူပဇီဝိတိန္ဒြိယတို့၌ ပါဝင်သည်၊ ဤသို့ အသွယ်အပွါးနှင့်တကွ ၂၄-ပစ္စည်းကို အကျဉ်းချုံး၍ ပေါင်းယူလိုက်လျှင် အာရမဏ, ဥပနိဿယ, ကမ္မ, အတ္ထိ၊ ဤ ၄-ပစ္စည်းတို့၌ ထိုက်သည်အားလျော်စွာ ပါဝင်ကြရလေသည်၊ ရှစ်ပစ္စည်းကိုးမျိုးအခွဲကို ပဋ္ဌာနပန်းကုံး၌ ရှုပါ။

**ဆောင်။** ။အာရုစ်ဝ၊ ပါဝင်ရ အာရမ်မှာ၊
နန္တရူ—ပကတူမျိုးတိုင်ယ်၊ ပါရိုး ဥပါ၊
မျိုးကမ္မ—တပါးသာ၊ ကမ္မမှာ သွင်းညှိ၊
သဟဇာ— ဝတ္ထုမျိုးငယ်နှင့်၊ ပစ္ဆာ ဟာ ရုပ်ဇ္ဈာန် မျိုးတို့ကို၊
သွင်းရိုး အတ္ထိ။

**သဟဇာတရူပ။** ။'သဟဇာတရူပန္တိ ပနေတ္တ' အစရှိသော စကားရပ်သည် မှတ်သားဖွယ်ရာအချက်ကို ဆက်လက်ပြဆိုသော စကားရပ် ဖြစ်သည်။

၃၆။ သဟဇာတမျိုး ဟူသမျှဝယ် 'သဟဇာတရူပ' အရ ပဝတ္တိအခါဖြစ်လျှင် စိတ္တဇရုပ်ကို ယူရမည်၊ ပဋိသန္ဓေအခါဖြစ်လျှင် ကမ္မဇရုပ်ကို ယူရမည်၊ ဤသို့ "စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်" ဟု သဟဇာတရုပ် ၂-မျိုးရှိသည်—ဟု ဆိုလိုသည်။

၃၇။ ဣတိ၊ ဤသို့။ ဆမ္ဘဝါ၊ ဖြစ်ထိုက်သည့်အားလျော်စွာ။ တေ-ကာလိကာ၊ ကာလ ၃-ပါး၌လည်း ဖြစ်ကုန်သော။ ကာလဝိမုတ္တာ စ၊ ကာလ ၃-ပါးမှလည်း လွတ်ကုန်သော။ အဇ္ဈတ္တာ စ၊ အဇ္ဈတ္တသန္တာန်၌လည်း ဖြစ်ကုန်သော။ ဗဟိဒ္ဓါ စ၊ ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ကုန်သော။ သင်္ခတာ စ၊ သင်္ခတလည်း ဖြစ်ကုန်သော။ အသင်္ခတာ စ၊ အသင်္ခတလည်း ဖြစ်ကုန်သော။ တထာ၊ ထိုမှတပါး။ ပညတ္တိ နာမ ရူပါနံ၊ ပညတ်နာမ်ရုပ်တို့၏။ ဝသေန၊ အပြားအားဖြင့်။ တိဓာ၊ ၃-ပါးအပြားအားဖြင့်။ ဌိတာ၊ တည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ပဋ္ဌာနေ၊ ပဋ္ဌာန်းအရာ၌။ သဗ္ဗထာ၊ အလုံးစုံသော အပြားအားဖြင့်။ စတုဝီသတိ၊ ၂၄-ပါးသော။ ပစ္စယာ နာမ၊ ပစ္စည်းတို့ မည်သည်။ ဟောန္တိ၊ ကုန်၏။

---

## 'တေကာလိက' စသည်အခွဲ

'ဣတိ တေကာလိကာ' စသော ဂါထာများသည် ၂၄-ပစ္စည်းကို တေကာလိက စသည်ဖြင့် ခွဲပြသော ဂါထာများ ဖြစ်သည်။

၃၇။ ပဋ္ဌာန်း၌ နည်းအမျိုးမျိုးဖြင့် ဟောထားသော ၂၄-ပစ္စည်းတို့သည် ''တေကာလိက, ကာလဝိမုတ္တ''အားဖြင့်လည်းပြားသည်၊ ''အဇ္ဈတ္တ, ဗဟိဒ္ဓ'' အားဖြင့်လည်း ပြားသည်၊ ''သင်္ခတ, အသင်္ခတ'' အားဖြင့်လည်း ပြားသည်၊ ''ပညတ်, နာမ်, ရုပ်'' အားဖြင့်လည်း ပြားသည်—ဟုဆိုလိုသည်။

ထိုတွင် ''တေကာလိကတရား'' ဟူသည် စိတ်, စေတသိက်, ရုပ်တရားတို့တည်း၊ ''ကာလဝိမုတ်'' ဟူသည်ကား နိဗ္ဗာန်နှင့် ပညတ်တည်း။

ဟေတု, သဟဇာတ, အညမည, နိဿယ,ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတ၊ ဤ ၁၅-ပစ္စည်း တို့သည် ပစ္စုပ္ပန်ကာလနှင့် ယှဉ်ကုန်၏၊ အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ၊ ဤ ၅-ပစ္စည်းတို့သည် အတိတ်ကာလနှင့် ယှဉ်ကုန်၏၊ ကမ္မပစ္စည်းသည် ''ပစ္စုပ္ပန်, အတိတ်ကာလ'' ၂-ပါးနှင့် ယှဉ်၏၊ အာရမဏ,အဓိပတိ,ဥပနိဿယ၊ဤ ၃-ပါးသော ပစ္စည်းတို့သည်တိကာလိက,၊ ကာလဝိမုတ္တပစ္စည်းတို့မည်၏။

**ဆောင်**။ ။ဟေ သဟ၊ အည နိ ပု ပစ္ဆာ၊
ဝိ ဟာ ဣန်၊ ဈာ မဂ္ဂယ်၊ သမ္ပ ဝိပ္ပါ၊
အတ် အဝိ-ပန်ချည်းသာ၊ နန် နန် အာ နတ် ဝိ၊
အတိတ်သာ-ကမ္မမှာ ပန်တီတရယ်နဲ့၊ တိကာလာ-
ဝိမုတ္တယ်၊ ဥပ အာ ဓိ။

''အဇ္ဈတ္တိက''ဟူသည် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန တို့တည်း၊ ထိုမှ ကြွင်းသော တရားတို့ကား ဗဟိဒ္ဓတို့တည်း၊ ဤသို့ အဇ္ဈတ္တ ဒုက်ဖြင့် ၂၄-ပစ္စည်းတို့ကို ဝေဖန်ရမည်။

သို့ဖြစ်ရကား ဟေတု, ကမ္မ, ဈာန, မဂ္ဂ၊ ဤ ၄-ပစ္စည်းတို့သည် ဗဟိဒ္ဓ ပစ္စည်းဖြစ်သည်၊ ကြွင်း ၂၀-သော ပစ္စည်းတို့သည် အဇ္ဈတ္တိကလည်းဖြစ်သည်၊ ဗဟိဒ္ဓလည်း ဖြစ်သည်။

**ဆောင်။** ။ဟေ ကံ ဈာ၊ မဂ္ဂမှာ ဗဟိ၊
ကြွင်းနှစ်ဆယ်-ရွေးချယ် စစ်လို့ရယ်၊ အဇ်, ဗ မှတ်သိ။

''သင်္ခတ''ဟူသည် အကြောင်းတရားတို့ ပြုပြင်စီမံအပ်သော စိတ်, စေ- တသိက်, ရုပ်တို့တည်း၊ ''အသင်္ခတ'' ဟူသည် နိဗ္ဗာန်, ပညတ်တည်း။

ထို့ကြောင့် အာရမဏ, အဓိပတိ, ဥပနိဿယ၊ ဤ ၃-ပစ္စည်း တို့သည် ''သင်္ခတ, အသင်္ခတ'' ၂-ပါးပင် ဖြစ်သည်၊ ကျန် ၂၀-သော ပစ္စည်း တို့သည် အသင်္ခတ တမျိုးသာ ဖြစ်သည်။

**ဆောင်။** ။ဓိ ဥ အာ၊ သင်္ခတာ, သင်္ခတ၊
ကြွင်းသိလွယ်-နှစ်ဆယ်တစ်ငယ်၊ စိစစ် သင်္ခ။

ထို့ပြင် ဟေတု, အနန္တရ, သမနန္တရ, ပစ္ဆာဇာတ, အာသေဝန, ကမ္မ, ဝိပါက, ဈာန, မဂ္ဂ, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ၊ ဤ ၁၂-ပစ္စည်း တို့သည် နာမ်ဖြစ်သော ပစ္စည်းများ မည်၏။ (ဆဓာ နာမန္တ၊ နာမဿ၊ ပဥ္စဓာ နာမရူပိနံ၊ ဧကဓာ ပုန ရူပဿ၊ ၃-မျိုးပေါင်းဖြစ်သည်။)

ပုရေဇာတပစ္စည်းသည် ရုပ်ဖြစ်သော ပစ္စည်းမည်၏။ (ရူပံ နာမဿ ဧ- ကဓာ၊ အရ ဖြစ်သည်။)

အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၉-ပစ္စည်းတို့သည် ''နာမ်, ရုပ်'' ၂-ပါး ဖြစ်သော ပစ္စည်းတို့ မည်၏။ (ဒွယံ ဒွယဿ နဝဓာ အရဖြစ်သည်။)

အာရမဏ, ဥပနိဿယ၊ ဤ ၂-ပစ္စည်းတို့သည် ပညတ်, နာမ်, ရုပ် ဖြစ်သော ပစ္စည်းတို့မည်၏၊ (ပညတ္တိနာမရူပါနိ, နာမဿ ဒွိဓာ၊ အရဖြစ်သည်။)

**ဆောင်။** ။ဟေတုနန် နန်—ပစ် ကမ္မနှင့်၊ အာသေ ပါက ဈာ မဂ္ဂါ၊
သမ် နတ် ဝိကို—နာမ်မှတ်သားလို့၊ ပုရေကိုကား ရုပ်ဟုသာ၊
ဓိ သ အညာ—နိ ဟာရတဲ့၊ ဣန္ဒ ဝိပ္ပ အတ် အ မှာ၊
နာမ်,ရုပ်မချွတ်၊ အာ ဥမှတ်၊ ပညတ်, နာမ်, ရူပါ၊
အဲဒါက....သေချာသတ်မှတ်—ပညတ် နာမ် ရုပ် အခွဲပါ။

၃၇။ တတ္ထ၊ ထိုပညတ်နာမ်ရုပ်တို့တွင်။ ရူပက္ခန္ဓောစ၊ ရူပက္ခန္ဓာကိုသာလျှင်။ ရူပဓမ္မာ၊ ရုပ်တရားတို့ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ စိတ္တစေတသိက-သင်္ခါတာ၊ စိတ် စေတသိက် ဟု ဆိုအပ်ကုန်သော။ စတ္တာရော၊ ၄-ပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့ငင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ငင်း။ ဣတိ၊ သို့။ ပဉ္စဝိဓမ္ပိ၊ ၅-ပါး အပြားရှိသည်လည်းဖြစ်သော တရားကို။ အရူပန္တိ စ၊ အရူပဟူ၍ငင်း။ နာမန္တိ စ၊ နာမ်ဟူ၍ငင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။

၃၉။ ပန၊ ကား။ တတော၊ ထိုနာမ်ရုပ်မှ။ အဝသေသာ၊ ကြွင်းသော။ ပညတ္တိ၊ ပညတ်သည်။ ပညာပိယတ္တာ၊ အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်။ ပညတ္တိ၊ အတ္ထပညတ်ငင်း။ ပညာပနတော၊ အပြားအားဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့်။ ပညတ္တိ စ၊ သဒ္ဒပညတ်ငင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ ၂-ပါး အပြားရှိသည်။ ဟောတိ၊ ၏။

---

'ပညတ္တိနာမရူပါနံ' အရ ရုပ်, နာမ်, ပညတ်ကို ခွဲခြားပြလိုသောကြောင့် ''တတ္ထ ရူပဓမ္မာ (ပ) လောကသင်္ကေတနိမ္မိတာ'' ဟူသော စကားရပ်ကို ဆက်လက်ပြဆိုထားသည်။

## ရုပ် နာမ်

ထိုတွင် ''ရူပဓမ္မာ (ပ) ပဝုစ္စတိ'' ဟူသော စကားရပ်သည် ''ရုပ်, နာမ်'' ၂-ပါးကို ခွဲခြားပြသော စကားရပ် ဖြစ်သည်။

၃၇။ ''ရူပက္ခန္ဓာကိုပင် ရုပ်တရား''ဟု ဆိုရသည်၊ ''ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာနှင့် နိဗ္ဗာန်တို့ကိုပင် နာမ်'' ဟု ဆိုရသည်။

## ပညတ် ၂-မျိုး

''တတော (ပ) ဒုဝိဓာ ဟောတိ''ဖြင့် ပညတ် ၂-မျိုးကို အကျဉ်းပြသည်။

၃၉။ ထိုတွင် 'ပညာပိယတ္တာ ပညတ္တိ' ဖြင့် အတ္ထပညတ်ကို ပြသည်၊ ''အပြားအားဖြင့် သိစေအပ်သောကြောင့် အတ္ထပညတ်မည်၏'' ဟု ဆိုလိုသည်။

'ပညာပနတော ပညတ္တိ'ဖြင့် သဒ္ဒပညတ်ကို ပြသည်၊ ''အပြားအားဖြင့် သိစေတတ်သောကြောင့် သဒ္ဒပညတ်မည်၏''ဟု ဆိုလိုသည်။

**၄၀။ ကထံ၊ ပညတ် ၂-ပါး အဘယ်သို့ပြားသနည်း။**

**တံထံဘူတဝိပရိဏာမာကာရံ၊ ထိုသို ပဘဝိ အစရှိသော မဟာဘုတ်တို့၏ ထူးခြားဖုံဖုံ ထက်ဝန်းကျင်မှ ညွှတ်ကိုင်းပေါင်းစုလျက် တည်နေပုံ အခြင်းအရာကို။ ဥပါဒါယ၊ စွဲ၍။ တထာ တထာ၊ ထိုထို ဘူမိ ပဗ္ဗာ အစရှိသော အပြားအားဖြင့်။ ပညတ္တာ၊ အပြားအားဖြင့် သိစေအပ်သော။ ဘူမိပဗ္ဗတာဒိကာ၊ ဘူမိ, ပဗ္ဗတ အစရှိသော သန္တာနပညတ်ရင်း။**

**သမ္ဘာရသန္နိဝေသာကာရံ၊ သစ် ဝါးစသော အဆောက်အဦတို့၏ စုဝေး တည်နေပုံ အခြင်းအရာကို။ ဥပါဒါယ၊ စွဲ၍။ တထာ တထာ၊ ထိုထို ဂေဟ ရထ သကဋ အစရှိသော အပြားအားဖြင့်။ ပညတ္တာ၊ သော။ ဂေဟ ရထ သကဋာဒိကာ၊ ဂေဟ ရထ သကဋ အစရှိသော သမူဟ ပညတ်ရင်း။**

**ခန္ဓပဉ္စကံ၊ ခန္ဓာ ၅-ပါးအပေါင်းကို။ ဥပါဒါယ၊ ၍။ တထာ တထာ၊ ထိုထို ပုရိသ ပုဂ္ဂလ အစရှိသော အပြားအားဖြင့်။ ပညတ္တာ၊ သော။ ပုရိသပုဂ္ဂလာဒိကာ၊ ပုရိသ ပုဂ္ဂလ အစရှိသော သတ္တပညတ်ရင်း။ စန္ဒာဝဋ္ဋနာဒိကံ၊ လ နေ နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ျာရစ်လှည့်လျက် ထွက်ပုံ ဝင်ပုံ အစရှိသည်ကို။ ဥပါဒါယ၊ ၍။ တထာ တထာ၊ ထိုထို ဒိသာ ကာလ အစရှိသော အပြားအားဖြင့်။ ပညတ္တာ၊ သော။ ဒိသာကာလာဒိကာ၊ ပုဗ္ဗဒိသာ အစရှိသော ဒိသာပညတ်, ပုဗ္ဗဏှ အစရှိသော ကာလ ပညတ်ရင်း။**

---

**အတ္ထပညတ်**

၄၀။ ထိုထို ဘူမိပဗ္ဗတ စသည်ဖြင့် သမုတ်အပ်သော အရာဝတ္ထု၊ အထည်ကိုယ်ဖြစ်စုသည် မဟာဘုတ်တို့၏ အစီအစဉ်ကို စွဲ၍ဖြစ်သောကြောင့် ''သန္တာနပညတ်''မည်၏။

ဂေဟ ရထ သကဋစသည်ဖြင့် ပညတ်အပ်သော အထည်ကိုယ်ဝတ္ထု ဖြစ်စုသည် အဆောက်အဦတို့၏ ပေါင်းစုနေပုံကို စွဲ၍ ဖြစ်သောကြောင့် ''သမူဟ ပညတ်''မည်၏။

အသမ္ဘုဋ္ဌာကာရံ၊ မဟာဘုတ်ချင်း မထိမစပ်ပုံအခြင်းအရာကို။ ဥပါဒါ-ယ၊ ၍။ တထာ တထာ၊ ထိုထို ကူပ ဂူဟာ အစရှိသော အပြားအားဖြင့်။ ပညတ္တာ၊ သော။ ကူပဂူဟာဒိကာ၊ ကူပ ဂူဟာ အစရှိသော အာကာသ ပညတ်ရင်း။

တံတံဘူတနိမိတ္တံ၊ ပထဝီကသိုဏ်း အစရှိသော ထိုထိုမဟာဘုတ်အစရုံ ကိုရင်း။ ဘာဝနာဝိသေသဉ္စ၊ ပရိကမ္မဘာဝနာ အစရှိသော ဘာဝနာ အစဉ်ထူးကိုရင်း။ ဥပါဒါယ၊ ၍။ တထာ တထာ၊ ထိုထို ကသိဏနိမိတ္တ အစရှိသော အပြားအားဖြင့်။ ပညတ္တာ၊ သော။ ကသိဏနိမိတ္တာဒိကာ၊ ကသိုဏ်းပညတ် ပရိကမ္မနိမိတ် အစရှိသော နိမိတ္တပညတ်ရင်း။

ဣတိ ဧဝ မာဒိပ္ပ ဘေဒါ ပန၊ ဤသို့ အစရှိသော အနက်ကိုကား။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ အဝိဇ္ဇမာနာ ပိ၊ ထင်ရှားမရှိသော်လည်း။ အတ္ထစ္ဆာယာကာရေန၊ မဟာဘုတ်စသော ပရမတ္ထတို့၏ အရိပ်အရောင် ဖြစ်သော အခြင်းအရာအားဖြင့်။ စိတ္တုပ္ပါဒါနံ၊ စိတ်, စေတသိက်တို့၏။ အာရမဏဘူတာ၊ အာရုံဖြစ်၍ဖြစ်သည်ရင်း။ တံတံ၊ ထိုထိုအရာဝတ္ထုကို။ ဥပါဒါယ၊ စိတ်ဖြင့်ကပ်ယူ၍။ ဝါ၊ စွဲ၍။ ဥပနိဓာယ၊ ထောက်ဆ၍။ ကာရဏံ၊ ပညတ်ခြင်း၏ အကြောင်းကို။ ကတွာ၊ ပြု၍။ တထာ တထာ၊ ထိုထို အပြားအားဖြင့်။ ပရိကပ္ပိယမာနာ၊ ကြံဆ၍ ယူအပ်သည်ရင်း။ ဟုတွာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။ သင်္ခါယတိ၊ ကောင်းစွာပြောဆို အပ်၏။ သမညာယတိ၊ အညီအမျှသိအပ်၏။ ဝေါဟရီယတိ၊ ခေါ်ဝေါ် သုံးစွဲအပ်၏။ ပညာပီယတိ၊ အပြားအားဖြင့် သိစေအပ်၏။ ဣတိ၊ ထို့ကြောင့်။ ပညတ္တီတိ၊ ပညတ္တိဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ အယံ ပညတ္တိ၊ ဤအတ္ထပညတ်သည်။ ပညာပီယတ္တာ၊ အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်။ ပညတ္တိ နာမ၊ အတ္ထပညတ်မည်၏။

---

ပုရိသ ပုဂ္ဂလ စသည်ဖြင့် ပညတ်အပ်သော အထည်ကိုယ်ဝတ္ထု ဖြစ်စုသည် သတ္တဝါကို စွဲ၍ ဖြစ်သောကြောင့် "သတ္တပညတ်" မည်၏၊ ခန္ဓာပဉ္စကကို စွဲ၍ဖြစ်သောကြောင့် "ဥပါဒါပညတ်" ဟုလည်း ဆိုသင့်သည်။

ကူပ ဂူဟာ စသည်ဖြင့် ပညတ်အပ်သော အရာများကို ဟာလာဟင်းလင်း အာကာသကို စွဲ၍ ပညတ်အပ်သောကြောင့် "အာကာသပညတ်" ဟု ခေါ်သည်။

**၄၁။ ပန၊ ကား။ ပညာပနတော၊ အပြားအားဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့်။** ပညတ္တိ၊ **သဒ္ဒပညတ်ကို။ နာမံ နာမကမ္မာဒိနာမေန၊ နာမ နာမကမ္မ အစရှိသော အမည်ဖြင့်။ ပရိဒီပိတာ၊ ပြအပ်၏။**

**သာ၊** ထိုသဒ္ဒပညတ်သည်။ ဝိဇ္ဇမာနပညတ္တိ၊ ဝိဇ္ဇမာနပညတ်ရင်း။ **အဝိဇ္ဇမာန ပညတ္တိ၊ အဝိဇ္ဇမာနပညတ်ရင်း။ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ၊ ဝိဇ္ဇမာနေန** အဝိဇ္ဇမာန ပညတ်ရင်း။ **အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်ရင်း။ ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ္တိ၊ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်ရင်း။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ၊ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ရင်း။** ဣတိ၊ ဤသို့။ ဆဗ္ဗိဓာ၊ ၆–ပါး **အပြားရှိသည်။ ဟောတိ၊ ၏။**

---

**သဒ္ဒပညတ်**

သဒ္ဒပညတ်ကို ‘နာမ,နာမကမ္မ’ အစရှိသော အမည်များဖြင့် ထင်ရှားအောင် ပြသင့်သည်။

ထိုတွင် သဒ္ဒပညတ်ဟူသမျှသည် မိမိတို့ကိုယ်တိုင်ကလည်း အနက်သို့ညွတ်တတ်၏၊ မိမိသို့လည်း အနက်တို့ကို ညွှတ်စေတတ်၏၊ ထို့ကြောင့် “နာမ–နာမ်”မည်ကြသည်။

သဒ္ဒပညတ်ဟူသမျှသည် ရှေးပညာရှင်တို့ ပြုစီရင်အပ် မှည့်ခေါ်အပ်သော နာမည်ချည်းသာ ဖြစ်ကြသည်၊ ထို့ကြောင့်“နာမကမ္မ”လည်း မည်ပြန်သည်။

သဒ္ဒပညတ်ဟူသမျှသည် ရှေးပညာရှင်တို့ ပညတ်တင်ထားအပ်သော နာမည်များသာ ဖြစ်ကြသည်၊ ထို့ကြောင့် “နာမဓေယျ” လည်း မည်ပြန်သည်။

သဒ္ဒပညတ်ဟူသမျှသည် ထုတ်ဖော်ရွတ်ဆိုအပ်သော နာမည်များပင် ဖြစ်ကြသည်၊ ထို့ကြောင့် “နာမနိရုတ္တိ”လည်း မည်ပြန်လည်။

သဒ္ဒပညတ်ဟူသမျှသည် အနက်ဒြပ် အတ္ထပညတ်ကို ထင်ရှားပြတတ်သော နာမည်များပင် ဖြစ်ကြသည်၊ ထို့ကြောင့် “နာမဗျဉ္ဇန”လည်း မည်ပြန်သည်။

သဒ္ဒပညတ်ဟူသမျှသည် အနက်ကို ရည်မှတ်၍ ရွတ်ဆိုအပ် ပြောဆိုအပ်သော နာမည်ချည်းသာ ဖြစ်ကြသည်၊ ထို့ကြောင့် “နာမာဘိလာပ”လည်း မည်ကြပြန်သည်။

**ဆောင်။**　။နာမ် ကမ် ဓေ နိ, ဗျဉ် အဘိ, ရှေးရှိ နာမာ,
　　နောက်ငါးမှာ။

**ထိုသဒ္ဒပညတ်သည်** ဝိဇ္ဇမာနပညတ် စသောအားဖြင့် ၆-ပါးပြားသည်။

၄၂။ ပန၊ ခွဲဦးအံ့။ တတ္ထ၊ ထို ၆-ပါးတို့တွင်။ ယဒါ၊ အကြင် အခါ၌။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော။ ရူပဝေဒနာဒိံ၊ ရုပ်, ဝေဒနာ အစရှိသည်ကို။ ဇောတယ၊ ဤသဒ္ဒပညတ် ဖြင့်။ ပညာပေန္တိ၊ အပြားအားဖြင့် သိစေကြကုန်၏။ တဒါ၊ ထိုအခါ၌။ အယံ၊ ဤသဒ္ဒပညတ်ကို၊ ဝိဇ္ဇမာနပညတ္တီတိ၊ ဝိဇ္ဇမာနပညတ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ယဒါ ပန၊ အကြင်အခါ၌ကား။ ပရမတ္ထတော၊ ဖြင့်။ အဝိဇ္ဇမာနံ၊ ထင်ရှားမရှိသော။ ဘူမိပဗ္ဗတာဒိံ၊ ဘူမိ,ပဗ္ဗတအစရှိသည်ကို။ ဇောတယ၊ ဤ သဒ္ဒပညတ်ဖြင့်။ ပညာပေန္တိ၊ ကုန်၏။ တဒါ၊ ၌။ အယံ၊ ဤသဒ္ဒပညတ်ကို။ အဝိဇ္ဇမာနပညတ္တီတိ၊ အဝိဇ္ဇမာနပညတ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ အဖို့တပါးကား။ ဥဘိန္နံ၊ ဝိဇ္ဇမာန အဝိဇ္ဇမာန အားဖြင့် နှစ်ပါးသော အနက်တို့၏။ ဝေါမိဿကဝသေန၊ ရောနှောခြင်း၏ အစွမ်းဖြင့်။ သေသာ၊ ကြွင်းသော ပညတ်တို့ကို။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ဆဠဘိညောတိ၊ ဆဠဘိညဟူ၍၎င်း။ ဣတ္ထိသဒ္ဒေါတိ၊ ဣတ္ထိသဒ္ဒဟူ၍၎င်း။ စက္ခုဝိညာဏံတိ၊ စက္ခုဝိညာဏဟူ၍၎င်း။ ရာဇပုတ္တောတိ စ၊ ရာဇပုတ္တဟူ၍၎င်း။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။

---

၄၂။ ထိုတွင် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ်မျိုးကို ရည်မှတ်ခေါ်ဝေါ်ရသော သဒ္ဒပညတ်မျိုးသည် ''ဝိဇ္ဇာမာနပညတ်''မည်၏၊ ရူပ, ဝေဒနာ စရှိသော ပညတ်မျိုးတည်း။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အထည်ကိုယ်ဝတ္ထု အနက်ဒြပ်စုကို ရည်မှတ်ခေါ်ဝေါ်သောသဒ္ဒပညတ်မျိုးသည် ''အဝိဇ္ဇမာနပညတ်'' မည်၏၊ ဘူမိ, ပဗ္ဗတ အစရှိသော ပညတ်မျိုးတည်း။

'ဝိဇ္ဇမာနေန အဝိဇ္ဇာမာန' အစရှိသော နောက်ပညတ် ၄-မျိုးကား ရှေ့ ၂-ပါးကိုရောနှောပေါင်းဖက်သောအားဖြင့် ဖြစ်ပေါ်လာသော မိဿကပညတ်များသာဖြစ်သည်။

(ဆဠဘိည—အဘိညာဉ် ၆-ပါးရှိသူ)=အဘိညာဉ် ၆-ပါးသည် ပရမတ္ထ အားဖြင့် ထင်ရှားရှိသည်၊ ဝိဇ္ဇမာနတည်း၊ အဘိညာဉ်ရှိသောသူ (ပုဂ္ဂိုလ်) ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ အဝိဇ္ဇမာနတည်း၊ ဤသို့ ''ဝိဇ္ဇမာန, အဝိဇ္ဇာမာန'' ၂-ခု ရောစပ်နေသောကြောင့် ''ဆဠဘိညော'' ဟူသော သဒ္ဒပညတ်သည် ''ဝိဇ္ဇမာနေန အဝိဇ္ဇာမာနပညတ်''မည်သည်။

**၄၃။ ဝစီဃောသာနုသာရေန၊ စကားသံကို အစဉ်လိုက်သဖြင့်။ သောတဝိညာဏဝီထိယာ၊ သောတဝိညာဏဝီထိ တဒနုဝတ္တိကာမနောဒွါရဝီထိ၏။ ပဝတ္တာနန္တရုပ္ပန္နမနောဒွါရဿ၊ ဖြစ်သည်၏အခြားမဲ့၌ ဖြစ်သောမနောဒွါရဝီထိ၏။ ဂေါစရာ၊ အာရုံဖြစ်သော။ ယဿာ၊ အကြင်နာမပညတ်ကို။ အနုသာရေန၊ အစဉ်လိုက်သဖြင့်။ တတော၊ ထိုတတိယ မနောဒွါရဝီထိမှ။ ပရံ၊ နောက်၌။ အတ္ထာ၊ အနက်ဒြပ်အတ္ထပညတ်တို့ကို။ ဝိညာယန္တိ၊ သိအပ်ကုန်၏။ သာယံ ပညတ္တိ၊ ထိုနာမပညတ်ကို။ လောကသင်္ကေတနိမ္မိတာ၊ လောကသင်္ကေတ အနေကျအောင် တစတစ စီစဉ် တီထွင်ဖန်ဆင်းအပ်၏ ဟူ၍။ ဝိညေယျာ၊ သိထိုက်၏။**

---

(ဣတ္ထိသဒ္ဒေါ—မိန်းမအသံ)=ဤ၌ ‘မိန်းမဟူသည်’ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အရာဝတ္ထုမဟုတ်၊ အဝိဇ္ဇမာနတည်း၊ ‘အသံ’ ဟူသော သဒ္ဒရုပ်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော အရာဖြစ်သည်၊ ဝိဇ္ဇမာနတည်း၊ ထိုသို့ “အဝိဇ္ဇမာန, ဝိဇ္ဇမာန” ၂-ခုကို ရောနှော ပညတ်ထားသောကြောင့် “ဣတ္ထိသဒ္ဒေါ” ဟူသော သဒ္ဒပညတ်ကို “အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်” ဟု ဆိုရသည်။

(စက္ခုဝိညာဏံ—စက္ခုပသာဒ၌ မှီသောဝိညာဏ်)= ဤ၌ စက္ခုပသာဒ ကလည်း ထင်ရှားရှိသည်၊ ဝိညာဏ်ကလည်းထင်ရှားရှိသည်၊ ၂-ခုလုံးပင် ဝိဇ္ဇမာနဖြစ်ကြသည်၊ထိုသို့ ဝိဇ္ဇမာန ၂-ခုကိုရောစပ် ပညတ်ထားသောကြောင့် “စက္ခုဝိညာဏံ” ဟူသော သဒ္ဒပညတ်ကို “ဝိဇ္ဇာမာနေန ဝိဇ္ဇမာနပညတ်” ဟု ဆိုရသည်။

(ရာဇပုတ္တော—မင်းသား)=ဤ၌ မင်းကလည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ သားကလည်း ထင်ရှားမရှိ၊ ၂-ခုလုံးပင် အဝိဇ္ဇာမာနချည်း ဖြစ်နေသည်၊ ထိုသို့ အဝိဇ္ဇာမာန ၂-ရပ်ကို ရောစပ်၍ ပညတ်ထားသောကြောင့် “ရာဇပုတ္တော” ဟူသော သဒ္ဒပညတ်ကို “အဝိဇ္ဇာမာနေန အဝိဇ္ဇမာနပညတ်” ဟု ဆိုရသည်။

## ပညတ် ၂-မျိုးကို သိပုံနှင့် နာမပညတ် ဖြစ်လာပုံ

၄၃။ ‘ဝစီဃောသာနုသာရေန (ပ) လောကသင်္ကေတနိမ္မိတာ’ဖြင့် သဒ္ဒပညတ်, အတ္ထပညတ်ကိုသိသောဝီထိနှင့် သဒ္ဒပညတ် ဖြစ်ပေါ်လာပုံကို ပြသည်။

၁။ “ဂေါ” ဟူသော စကားသံကို ကြားရသောအခါ ထို “ဂေါ” ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုလျက် သောတဝိညာဏဝီထိ ဖြစ်သည်။

**အဘိဓမ္မတ္ထသင်္ဂဟေ၊ ဥဒ္ဒေသပစ္စယသင်္ဂဟဝိဘာဂေါ နာမ၊ ပစ္စယသင်္ဂဟဝိဘာဂ မည်သော၊ အဋ္ဌမော၊ ၈-ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော၊ ပရိစ္ဆေဒေါ၊ သည်။ ဣတိ၊ ပြီးပြီ။**

---

၂။ ထို့နောက် ချုပ်သွားပြီးသော အတိတ်သဒ္ဒါရုံကိုပင် အာရုံပြုလျက် တဒနုဝတ္တိကာမနောဒွါရဝီထိ ဖြစ်ရပြန်သည်။
(ထို့ကြောင့်''သောတဝိညာဏဝီထိယာ—သောတဝိညာဏဝီထိ တဒနုဝတ္တိကာမနောဒွါရ ဝီထိ၏'' ဟု အနက်မြန်မာ ပြန်ဆိုမှုကို ပြုရသည်။)

၃။ ထို့နောက် ''ဂေါ'' ဟူသော သဒ္ဒပညတ်ကို အာရုံပြုလျက် မနောဒွါရ ဝီထိ ဖြစ်ရပြန်သည်။

၄။ ထို့နောက် ''နွား'' ဟူသောအနက်ဒြပ်အတ္ထပညတ်ကို အာရုံပြုလျက် မနောဒွါရဝီထိ ဖြစ်ရသည်၊ ထိုစတုတ္ထ မနောဒွါရဝီထိဖြင့်သာ အနက်ဒြပ် အတ္ထပညတ်တို့ကို သိရသည်။

**ဆောင်**။ ။ပထမ၊ သောတဖြင့် ပန်သဒ္ဒါ၊
ဒုတိဆို—တဒနုငယ်၊ သိမှု တီတာ၊
တတိယ—သဒ္ဒရယ်တဲ့ ပညတ္တာ၊ ဆက်လက်ကာ သိရှိ၊
စတုတ္ထာ—နက်ဒြပ်ငယ်၊ ပိုင်းဖြတ်၍သိ။

ထိုနာမပညတ်အမျိုးမျိုးကို သတ္တဝါတို့၏ အမှတ်သင်္ကေတ အနေသို့ ရောက်လာအောင် ရှေးလူကြီးသူမတို့က တစ တစ စီစဉ်လာရသည်၊ တီထွင်လာရသည်၊ တချို့မှာ ကာလ ရှည်ကြာလာသည့်အခါ ပျောက်ကွယ်သွားကြသည်၊ တချို့မှာ ကာလရှည်ကြာလှာသော်လည်း ပျောက်ကွယ်မသွားပဲ ဆက်လက် တည်ရှိနေကြသည်။

ထို့ကြောင့် ယခုလက်ရှိ အခြေအနေမှာ ပြောမကုန် ဆိုမကုန်အောင် သဒ္ဒပညတ် စကားလုံးတွေ ပေါ်ပေါက်လာရသည်၊ များပြားလာရသည် ယခုလည်း အသစ် အသစ် စကားလုံးများ ဆန်းပြား ပေါ်ထွက်နေဆဲပင် ဖြစ်ပါသည်၊ နောက်လည်း သတ္တဝါတွေ ရှိနေသမျှ ပေါ်ထွက်နေပေဦးမည်။

ပစ္စည်းပိုင်း ပြီး၏။

# ၉။ ကမ္မဋ္ဌာန်းပိုင်း

**၁။ ဣတော၊ ဤပစ္စယသင်္ဂဟမှ။ ပရံ၊ နောက်၌။ သမထဝိပဿနာနံ၊ သမထဝိပဿနာဟုဆိုအပ်ကုန်သော။ ဘာဝနာနံ၊ ဘာဝနာတို့၏။ ဒုဝိဓမ္ပိ၊ ၂-ပါး အပြားရှိသည်လည်း ဖြစ်သော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ပဝက္ခာမိ၊ ဆိုပေအံ့။**

---

## ပဋိညာဉ်

၁။ 'သမထဝိပဿနာနံ' စသော ဂါထာဖြင့် ပဋိညာဉ်ကို ပြုသည်၊ ပစ္စယသင်္ဂဟ၏ နောက်မှာ သမထဘာဝနာ, ဝိပဿနာဘာဝနာ သမထ ကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို အစဉ်အတိုင်း ပြပါမည်-ဟု ဆိုလိုသည်။

**ဘာဝနာ**။ ။သမထတရား, ဝိပဿနာ တရားတို့သည် လွန်စွာအကျိုး များသော တရားများဖြစ်သည်၊ မိမိတို့သန္တာန်မှာ မဖြစ်သေးလျှင်လည်း ဖြစ်စေသင့်သည်၊ ဖြစ်ပြီးလျှင်လည်း ထပ်ကာ ထပ်ကာ ဖြစ်စေသင့်သည်၊ ထို့ကြောင့် "ဘာဝနာ" ဟူသော အမည်ကိုရကြသည်။ (ဘာဝေတဗ္ဗာတိ-ဘာဝနာ။)

**သမထ**။ ။ထို ဘာဝနာသည် ဆိုခဲ့ပြီးသည် အားလျော်စွာ "သမထဘာဝနာ, ဝိပဿနာဘာဝနာ" ဟု ၂-မျိုး ရှိသည်၊ ထိုတွင် နီဝရဏစသည်တို့ကို ငြိမ်းသက်စေနိုင်သော သမာဓိကို "သမထဘာဝနာ" ဟု ခေါ်သည်၊ ဤ သမထဘာဝနာ သမထကမ္မဋ္ဌာန်းကို ပွါးများအားထုတ်လျှင် မဟဂ္ဂုတ်ဈာန်များကို ရနိုင်သည်။ (သမေတီတိ-သမထော။)

**ဝိပဿနာ**။ ။ဘုံသုံးပါး၌ဖြစ်သော ရုပ်တရား, နာမ်တရားတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ" စသည်ဖြင့် ရှုတတ်သော ဉာဏ်ပညာကို "ဝိပဿနာ ဘာဝနာ" ဟု ခေါ်သည်၊ ဤ ဝိပဿနာဘာဝနာ ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွါးများအားထုတ်လျှင် မဂ်တရား, ဖိုလ်တရားကို ရနိုင်သည်။ **(ဝိဝိဓေန ပဿတီတိ-ဝိပဿနာ။)**

## သမထကမ္မဋ္ဌာန်းနည်း

၂။ တတ္ထ၊ ထိုသမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့တွင်။ သမထသင်္ဂဟေ၊ သမထကမ္မဋ္ဌာနသင်္ဂဟ၌။ တာဝ၊ ရှေးဦးစွာ။ ဒသ၊ ၁၀-ပါးကုန်သော။ ကသိဏာနိ၊ ကသိုဏ်းတို့ရှင်း။ ဒသ၊ ၁၀-ပါးကုန်သော။ အသုဘာ၊ အသုဘတို့ရှင်း။ ဒသ၊ ကုန်သော။ အနုဿတိယော၊ အနုဿတိတို့ရှင်း။ စတဿော၊ လေးပါးကုန်သော။ အပ္ပမညာယော၊ အပ္ပမညာတို့ရှင်း။ ဧကာ၊ တပါးသော။ သညာ၊ အာဟာရေပဋိကူလသညာရှင်း။ ဧကံ၊ တပါးသော။ ဝဝတ္ထာနံ၊ စတုဓာတုဝဝတ္ထာန်ရှင်း။ စတ္တာရော၊ ၄-ပါးကုန်သော။ အာရုပ္ပါ စ၊ အာရုပ္ပတို့ရှင်း။ ဣတိ၊ ဤသို့။ သတ္တဝိဓေန၊ ၇-ပါးအပြားအားဖြင့်။ သမထကမ္မဋ္ဌာနသင်္ဂဟော၊ သမထကမ္မဋ္ဌာနသင်္ဂဟကို။ ဝေဒိတဗ္ဗော၊ သိထိုက်၏။

၃။ ရာဂစရိတာ၊ ရာဂစရိုက်ရှင်း။ ဒေါသစရိတာ၊ ဒေါသစရိုက်ရှင်း။ မောဟစရိတာ၊ မောဟစရိုက်ရှင်း။ သဒ္ဓါစရိတာ၊ သဒ္ဓါစရိုက်ရှင်း။ ဗုဒ္ဓိစရိတာ၊ ဗုဒ္ဓိစရိုက်ရှင်း။ ဝါ၊ ပညာစရိုက်ရှင်း။ ဝိတက္ကစရိတာ စ၊ ဝိတက်စရိုက်ရှင်း။ ဣတိ ဤသို့။ ဆဗ္ဗိဓေန၊ ၆-ပါးအပြားဖြင့်။ စရိတသင်္ဂဟော၊ စရိတသင်္ဂဟကို။ ဝေဒိတဗ္ဗော၊ သိထိုက်၏။

---

**ကမ္မဋ္ဌာန်း။** ။ဘာဝနာ ၂-ပါးကို ပွါးများအားထုတ်မှု၏တည်ရာဖြစ်သော ပထဝီကသိုဏ်းစသော အာရုံ, ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ် အာရုံများကို ''ကမ္မဋ္ဌာန်း'' ဟု ခေါ်သည်။ (ကမ္မဿ ဌာနံ-ကမ္မဋ္ဌာနံ။)

**ကမ္မဋ္ဌာန်း ၄၀။** ။ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ အပ္ပမညာ ၄-ပါး၊ အာဟာရေ ပဋိကူလသညာ ၁-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ကမ္မဋ္ဌာန်း ၄၀-ဖြစ်သည်၊ 'ကသိုဏ်း, အသုဘ' စသော ၇-ပါးကိုပင် ''သတ္တဝိဓေန'' ဟု ဆိုထားသည်။

**စရိုက်။** ။ပင်ကိုရိုးရာ ဓမ္မတာထက် ပိုလွန်၍ အဖြစ်များခြင်းကို ''စရိုက်'' ဟု ခေါ်သည်၊ သို့ဖြစ်၍ 'ရာဂအဖြစ်များသူ' စသည်တို့ကို 'ရာဂစရိုက်ရှိသူ' စသည်ဖြင့် ခေါ်ရသည်။

**ဆောင်။** ။ဓမ္မတာ၊ ရိုးရာထက် လွန်များ၊
စရိုက်သာ-ခေါ်ပါရတယ်၊ မှတ်ကြ ခြောက်ပါး။

၄။ ပရိကမ္မဘာဝနာ၊ ပရိကမ္မဘာဝနာဝဋင်း။ ဥပစာရဘာဝနာ၊ ဥပစာရဘာဝနာဝင်း။ အပ္ပနာဘာဝနာ စ၊ အပ္ပနာဘာဝနာဝင်း။ ဣတိ၊ သို့။ တိဿော၊ ၃-ပါးကုန်သော။ ဘာဝနာ၊ ဘာဝနာတို့ကို။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။

၅။ ပရိကမ္မနိမိတ္တံ၊ ပရိကမ္မနိမိတ်ဝင်း။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ဝင်း။ ပဋိဘာဂနိမိတ္တဉ္စ၊ ပဋိဘာဂနိမိတ်ဝင်း။ ဣတိ၊ သို့။ တီဏိ၊ ၃-ပါးကုန်သော။ နိမိတ္တာနိ စ၊ နိမိတ်တို့ကိုလည်း။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။

၆။ ကထံ၊ အဘယ်သို့ သိထိုက်ကုန်သနည်း။

ပထဝီကသိဏံ၊ မြေကသိုဏ်းဝင်း။ ဝါ၊ အားလုံးကုန်စင် တပြိုင်နက် ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော မြေဝင်း။ အာပေါကသိဏံ၊ ရေကသိုဏ်းဝင်း။ တေဇောကသိဏံ၊ မီးကသိုဏ်းဝင်း။ ဝါယောကသိဏံ၊ လေကသိုဏ်းဝင်း။ နီလကသိဏံ၊ ညိုသောအဆင်းကသိုဏ်းဝင်း။ ပီတ-ကသိဏံ၊ ရွှေသောအဆင်းကသိုဏ်းဝင်း။ လောဟိတကသိဏံ၊ နီသောအဆင်းကသိုဏ်းဝင်း။ ဩဒါတကသိဏံ၊ ဖြူသောအဆင်းကသိုဏ်းဝင်း။ အာကာသကသိဏံ၊ ကောင်းကင်အပေါက် ကသိုဏ်းဝင်း။ အာလောကကသိဏဉ္စ၊ အလင်းရောင်ကသိုဏ်းဝင်း။ ဝါ၊ အားလုံးကုန်စင် တပြိုင်နက်ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော အလင်းရောင်ဝင်း။ ဣတိ ဣမာနိ၊ ဤသည်တို့သည်။ ဒသ၊ ကုန်သော။ ကသိဏာနိ နာမ၊ ကသိုဏ်းတို့မည်၏။

၇။ ဥဒ္ဓုမာတကံ၊ သေပြီးနောက်မှာ, ဖူးရောင်လာ၍, လွန်စွာန်ပုပ်, စက်ဆုပ်ဖွယ်ရာ မသာလောင်းဝင်း။ ဝိနီလကံ၊ အဖြူအနီ, စသည်ရောယှက်, ညိုနက်ညစ်ပုပ်, စက်ဆုပ်ဖွယ်ရာ မသာလောင်းဝင်း။ ဝိပုဗ္ဗကံ၊ ပြည်တစက်

---

**ကသိုဏ်း။** ။ကသိဏသဒ္ဒါသည် "အလုံးစုံ" ဟူသော အနက်ကိုဟောသည်၊ ကမ္မဋ္ဌာန်းအလုပ် အားထုတ်သော ယောဂီပုဂ္ဂိုလ်က အလုံးစုံ အကုန်အစင် တပြိုင်နက် ထင်မြင်အောင် ဆင်ခြင် ကြည့်ရှုအပ်သော အာရုံကိုလည်း "ကသိုဏ်း" ဟု ခေါ်သည်၊ ထိုအာရုံနှင့်အလားတူစွာ ထင်ပေါ်လာသော ပဋိဘာဂနိမိတ်ကိုလည်း သဒိသူပစာအားဖြင့် "ကသိုဏ်း" ဟူ၍ပင် ခေါ်သည်၊ ထို ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ရအပ်သော ဈာန်ကိုလည်း အဆင့်ဆင့်တင်စားသောအားဖြင့် "ကသိဏဈာန်" ဟုပင် ခေါ်သည်။

**အသုဘ။** ။အသုဘ သဒ္ဒါသည် "မတင့်မတယ်" ဟူသော အနက်ကို ဟောသည်၊ ဤနေရာ၌ကား သေပြီးသည့်နောက် ကိုယ်ခန္ဓာ

**စက်**, ယိုစီးထွက်လျက်, **စက်ဆုပ်ဖွယ်ရာ မသာလေစင်းရင်း**။ **ဝိစ္ဆိဒ္ဒကံ**၊ အလယ်ခြားနား, ဖြတ်ပိုင်းထား၍, **ဆိုးဝါးညှံ့ယုတ်, စက်ဆုပ်ဖွယ်ရာ မသာ လောင်းရင်း**။ **ဝိက္ခာယိတကံ**၊ **အိမ်ခွေး ခွေးအ,စသည်မျိုးစွာ, သတ္တဝါတို့,** လိုရာအသား, နည်းစုံအားဖြင့်, **ခဲစားညှံ့ယုတ်, စက်ဆုပ်ဖွယ်ရာ မသာ လောင်းရင်း**။ **ဝိက္ခိတ္တကံ**၊ ထူထူပိုင်းဖြတ်, ထိုဤရပ်ဝယ်, **ပစ်အပ်ညှံ့ယုတ်, စက်ဆုပ်ဖွယ်ရာ မသာလောင်းရင်း**။ **ဟတဝိက္ခိတ္တကံ**၊ **ကျီးခြေစသား, ပုံစံ အားဖြင့်, ဓားဖြင့်မှင်းလတ်, ထိုဤရပ်ဝယ်, ပစ်အပ်ညှံ့ယုတ်, စက်ဆုပ် ဖွယ်ရာ မသာလောင်းရင်း**။ **လောဟိတကံ**၊ **သွေးယိုသွင်သွင်, ကပ်လိမ်း တင်၍, အမြင်မဖွယ်, မတင့်တယ်သော မသာလောင်းရင်း**။ **ပုဠုဝကံ**၊ **ပိုး လောက်ပြွမ်းစု, ထွက်နေမှုကြောင့်, ကြည့်ရှုမဖွယ်, မတင့်တယ်သော မသာ လောင်းရင်း**။ **အဋ္ဌိကဥ္စ**၊ **အရိုးအစု, တခုဖြစ်စေ, အသရေယုတ်, စက်ဆုပ် ဖွယ်ရာ မသာလောင်းရင်း**။ **ဣတိ ဣမေ**၊ **ဤသည်တို့ကား**။ **ဒသ**၊ **ကုန်သော**။ **အသုဘာ နာမ**၊ **အသုဘတို့မည်၏**။

**ဂ**။ **ဗုဒ္ဓါနုဿတိ**၊ ဘုရားမြတ်ပုံ, ဂုဏ်ပေါင်းစုံကို, **အာရုံမပြတ်, အဖန် ဖန် အောက်မေ့အမှတ်ရတတ်သော သတိရင်း**။ **ဓမ္မာနုဿတိ**၊ **မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်ဘန်တရား, ဂုဏ်ခြောက်ပါးကို, ပွါးများထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိရင်း**။ **သံဃာနုဿတိ**၊ **ရှစ်ပါးအရိယာ, မြတ်သံဃာ၏, လွန်စွာမြင့်မား, ဂုဏ်ကိုးပါးကို, ပွါးများထပ်ထပ်, အောက်**

နှင့်စပ်၍ အမျိုးမျိုးပေါ်ပေါက်လာတတ်သော ပုံပန်းသဏ္ဌာန် အမျိုးမျိုးကို "အသုဘ" ဟု ခေါ်သည်၊ 'ဥဒ္ဓုမာတက' စသည်တို့၏ အကျဉ်းချုပ် အဓိပ္ပါယ်ကို အနက်မြန်မာပြန်ဆိုထားသည့်အတိုင်းပင် မှတ်ပါ။

**အနုဿတိ**။ ။အာရုံတခုခုကို အဖန်ဖန် အထပ်ထပ် အောက်မေ့ဆင်ခြင် တတ်သော သတိစေတသိက်ကို "အနုဿတိ" ဟု ခေါ်သည်၊ ဗုဒ္ဓါနုဿတိ' စသည်၌ သတိစေတသိက်သည် "အာရမဏိက ကမ္မဋ္ဌာန်း" ဖြစ်သည်၊ 'ဘုရားဂုဏ်တော်' စသည်တို့သည် ထိုသတိ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းများ ဖြစ်သည်။

**အနုပါ, မပါ**။ ။'ဗုဒ္ဓါနုဿတိ' အစရှိသော ရှေးရှစ်ပါးကား ဥပစာရ သမာဓိ၏ အာရုံမျှသာ ဖြစ်သောကြောင့် အနုသဒ္ဒါနှင့် ဆိုအပ်သည်၊ နောက် ၂-ပါးကား အပ္ပနာသမာဓိ၏ အာရုံဖြစ်သောကြောင့် အနုသဒ္ဒါမပါပဲ ဆိုအပ်ပေသည်။

**မွဲ့အမှတ်ရတတ်သော သတိရင်း။ သီလာနုဿတိ, မိမိစောင့်အပ်, သီလမြတ်၏, ဖြူဆွတ်အလွန်, သန့်စင်ဟန်ကို, ဖဖန်ဖန်အထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိရင်း။ စာဂါနုဿတိ၊ ကိုယ်ကလောက်လုံ့, စွန့်ကြဲပုံကို, အားရုံမပြတ်, အဖန်ဖန်အောက်မေ့အမှတ်ရတတ်သော သတိရင်း။ ဒေဝတာနုဿတိ၊ နတ်ပြဟ္မာများ, သက်သေထား၍, ကိုးစားလောက်လုံ, မိမိဂုဏ်ကို, အားရုံမပြတ်, အဖန်ဖန်အောက်မေ့အမှတ်ရတတ်သောသတိရင်း။ မရဏာနုဿတိ၊ သေခြင်းသဘော, သံဝေဇနော်လျက်, တွေးတောမပြတ်, အဖန်ဖန်အောက်မေ့အမှတ်ရတတ်သော သတိရင်း။ ကာယဂတာသတိ၊ ဆံပင်စသား, စုဝေးများ၌, ဖြစ်ပွါးတုံဘိ, အောက်မေ့အမှတ် ရတတ်သော သတိရင်း။ အာနာပါနဿတိ စ၊ ထွက်သက်ဝင်သက်, အချက်ချက်၌, ဆက်ဆက်မပြတ်, အောက်မေ့အမှတ်ရတတ်သော သတိရင်း။ ဣတိ ဣမာ၊ ဤသည်တို့ကား။ ဒသ၊ ကုန်သော။ အဿနုတိယော နာမ၊ အနုဿတိတို့မည်၏။**

---

ရှေး ဆရာတော်ကြီးတို့ကား—

၃၂-ပါးသော အစု၌ "ကေသာ, လောမာ, နခါ, ဒန္တာ, တစော" ဟူ၍ရင်း၊ "တစော, ဒန္တာ, နခါ, လောမာ, ကေသာ" ဟူ၍ရင်း အနုလောမ, ပဋိလောမအားဖြင့် သရဇ္ဈာယ်ခြင်းကို ပြုအပ်သောကြောင့် ကာယဂတာသတိ၌ အနုံသဒ္ဒါမပါပဲ ဆိုထားသည်။

လွန်လေပြီးသော ထွက်သက်, ဝင်သက်ကိုလည်း အာရုံမပြုရ၊ လာလတံ့သော ထွက်သက်, ဝင်သက်ကိုလည်း အာရုံမပြုရ၊ ပစ္စုပ္ပန် ဖြစ်သော ထွက်သက်, ဝင်သက်ကိုလည်း တကြိမ်သာ အာရုံပြု၍ အောက်မေ့ရသောကြောင့် အာနာပါနဿတိ၌လည်း အနုသဒ္ဒါမပါပဲ ဆိုထားသည်၊ ဤသို့ မိန့်တော်မူကြကုန်၏။

အချို့ဆရာတို့ကား သုခုစ္စာရဏအကျိုးငှါ ချေသည်-ဟူကုန်၏၊ နှစ်သက်ရာကို မှတ်ကြပါ။

ဤကား ချောင်းဒေါင်းရွာနေ သုဓမ္မာလင်္ကာရာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့ အမည်ရှိသော ထေရ်၏ အဘိဓမ္မတ္ထသင်္ဂဟနိဿယမူသစ်လာ အဆုံးအဖြတ်များပေတည်း။

**မေတ္တာ။** ။သတ္တဝါများ၏ ကောင်းကျိုးစီးပွါးကို လိုလားခြင်း ချစ်ခင်မြတ်နိုးခြင်းသဘောတရားသည် "မေတ္တာ" မည်၏၊ တရားကိုယ်မှာ အဒေါသစေတသိက်ပင် ဖြစ်သည်၊ သို့သော် 'ဘုရားဖူး, တရားနာ'

**၉။ မေတ္တာ၊ မေတ္တာရင်း။ ကရုဏာ၊ ကရုဏာရင်း။ မုဒိတာ၊ မုဒိတာရင်း။ ဥပေက္ခာစ၊ ဥပေက္ခာရင်း။ ဣတိ ဣမာ၊ ဤသည်တို့ကား။ စတဿော၊ ၄-ပါးကုန်သော။ အပ္ပမညာယော နာမ၊ အပ္ပမညာတို့မည်၏။ ဗြဟ္မဝိဟာ-ရောတိ စ၊ ဗြဟ္မဝိဟာရဟူ၍လည်း။ ပဝုစ္စတိ၊ ဆိုအပ်၏။**

---

စသောအခါမျိုး၌ ယှဉ်တွဲပါလာသော အဒေါသစေတသိက်ကား မေတ္တာ မဟုတ်ပါ၊ သို့ဖြစ်၍ "အဒေါသစေတသိက်ကို မေတ္တာ"ဟု ဆိုသော်လည်း အဒေါသစေတသိက်တိုင်း မေတ္တာမည်သည်ကား မဟုတ်ပါ။

**ကရုဏာ။** ။ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနား ကြင်နာခြင်း သဘောသည် "ကရုဏာ"မည်၏။

**မုဒိတာ။** ။သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော သည် "မုဒိတာ"မည်၏။

**ဥပေက္ခာ။** ။သတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်းသဘော(ချစ်ခင် ဝမ်းသာ သနားကြင်နာမှုမပြုပဲ သင့်တင့်အောင် ရှုတတ်သော သဘော) သည် "ဥပေက္ခာမည်"၏၊ တရားကိုယ်မှာ တတြမဇ္ဈတ္တတာ စေတသိက်ဖြစ်သည်၊ သို့သော် တတြမဇ္ဈတ္တတာမှန်သမျှကိုမူ "ဥပက္ခာ"ဟု မခေါ်ရပါ။

**အပ္ပမညာ။** ။ဤမျှသော သတ္တဝါကိုသာ အာရုံပြုသည်၊ ဤမျှသော သတ္တဝါကို အာရုံ မပြု၊ ပုဂ္ဂိုလ် တဦးတယောက်ကို အာရုံပြု သည့်အခါမှာလည်း အထက်ပိုင်းကိုသာ အာရုံပြုသည်၊ အောက်ပိုင်းကို အာရုံမပြု၊ ဤသို့ စသည်ဖြင့် အရေအတွက် အားဖြင့်လည်း ပိုင်းခြားကန့် သတ်မှုမရှိ၊ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းအားဖြင့်လည်း ပိုင်းခြားကန့် သတ်မှုမရှိသော သတ္တဝါများကို "အပ္ပမာဏ"ဟု ခေါ်သည်။

ထိုသို့ ပိုင်းခြားကန့်သန့်မှုမရှိသော "အပ္ပမာဏ" ခေါ်ဆိုရသော သတ္တဝါ ပညတ်ကို အာရုံပြု၍ ဖြစ်သောတရားကို "အပ္ပမညာ" ဟု ခေါ်ရသည်။

**ဆောင်။** ။ဤမျှဟု၊ ပိုင်းခြားမှုကင်းကွာ၊ အပ္ပမာဏာ၊
သတ္တဝါ၊ အာရုံပြုတရား၊
အပ္ပမဉ်—မည်တွင်ဘိတယ်၊ မှတ်သိ လေးပါး။

**ဗြဟ္မဝိဟာရ။** ။ဤအပ္ပမညာ ၄-ပါးကို ပွါးများ၍ နေထိုင်ခြင်းသည် မြင့်မြတ်အထက်တန်းကျသော နေထိုင်ခြင်းမျိုး ဖြစ်သည်၊ တနည်းအားဖြင့် ဆိုရပါမူ မြင့်မြတ်အထက်တန်းကျသူတို့၏ နေထိုင်ခြင်းမျိုး

**၁၀။ အာဟာရေ၊ အစာအာဟာရ၌။ ပဋိကူလသညာ၊ စက်ဆုပ်ဖွယ် ဟု အမှတ်ပြုသောသညာသည်။ ဧကာ၊ တပါးသော။ သညာနာမ၊ သညာ မည်၏။**

**၁၁။ စတုဓာတုဝဝတ္ထာနံ၊ ဓာတ် ၄-ပါးကို ပိုင်းခြားမှတ်သားခြင်း သည်။ ဧကံ၊ တခုသော။ ဝဝတ္ထာနံ နာမ၊ ဝဝတ္ထာန်မည်၏။**

**၁၂။ အာကာသာနဉ္စာယတနာဒယော၊ အာကာသာနဉ္စာယတနစျာန် အစရှိသည်တို့သည်။ စတ္တာရော၊ ၄-ပါးကုန်သော။ အာရုပ္ပါနာမ၊ အာ ရုပ္ပတို့မည်၏။ ဣတိ၊ ဤသို့။ သဗ္ဗထာပိ၊ အလုံးစုံသော အပြားအားဖြင့် လည်း။ သမထနိဒ္ဒေသေ၊ သမထနိဒ္ဒေသ၌။ စတ္တာလီလ၊ ၄၀-သော။ ကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်းတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။**

---

ဖြစ်သည်၊ ထို့ကြောင့် ဤအပ္ပမညာ ၄-ပါးကို "ဗြဟ္မဝိဟာရ"ဟုလည်း ခေါ်ကြပြန်သည်။

ဤ'မေတ္တာ'စသည်တို့လည်း အာရမဏိကကမ္မဋ္ဌာန်းများသာ ဖြစ်သည်၊ အတိုင်းမသိသော သတ္တပါပညတ်ကို ထိုက်သည်အားလျော်စွာ အာရုံပြု ကြသည်။

**အာဟာရေပဋိကူလသညာ**။ ။စားစရာ, သောက်စရာ ဖြစ်သော အစာ အာဟာရ၌ "စက်ဆုပ်ဖွယ်" ဟု ထင်မှတ် လာအောင် ရှုတတ်သော သညာကို "အာဟာရေ ပဋိကူလသညာ" ဟု ခေါ်သည်၊ ဤအာဟာရေ ပဋိကူလသညာ သည်လည်း အာရမဏိက ကမ္မဋ္ဌာန်းပင်ဖြစ်သည်၊ အစာအာဟာရကိုပင် အာရုံပြုသည်။

**စတုဓာတုဝဝတ္ထာနံ**။ ။ခန္ဓာကိုယ်၌ "ပထဝီ, အာပေါ, တေဇော, ဝါယော" ဟူသော ဓာတ်ကြီး ၄-ပါးကို ပိုင်းခြား တတ်သောဉာဏ်သည် "စတုဓာတုဝဝတ္ထာန်"မည်၏၊ ဤစတုဓာတုဝဝတ္ထာန် သည်လည်း အာရမဏိကကမ္မဋ္ဌာန်းပင် ဖြစ်သည်၊ ယင်း၏အာရုံကမ္မဋ္ဌာန်းကား ဓာတ်ကြီး ၄-ပါးပင်တည်း။

**အာရုပ္ပ**။ ။'အာကာသာနဉ္စာယတနစျာန်'အစရှိသည်တို့သည်လည်း အာရ- မဏိက ကမ္မဋ္ဌာန်းများပင် ဖြစ်သည်၊ 'ကောင်းကင်ပညတ်' စသော ၄-ပါးတို့သည် ထိုတရားတို့၏ အာရုံကမ္မဋ္ဌာန်းများဖြစ်ကြသည်။

## သပ္ပါယဘေဒ

၀၃။ ပန၊ ဆက်ဦးအံ့။ စရိတာသု၊ စရိုက်တို့တွင်။ ဒသ၊ ၁၀-ပါးကုန်သော။ အသုဘာ၊ အသုဘာတို့ရင်း။ ကာယဂတာသတိသင်္ခါတာ၊ ကာယဂတာသတိဟု ဆိုအပ်သော။ ကောဋ္ဌာသဘာဝနာစ၊ ကောဋ္ဌာသဘာဝနာသည်ရင်း။ ရာဂစရိတဿ၊ ရာဂစရိုက်ရှိသူအား။ သပ္ပါယာ၊ လျော်ကပ်ကုန်၏။

၁၄။ စတဿော၊ ၄-ပါးကုန်သော။ အပ္ပမညာယော၊ အပ္ပမညာတို့သည်ရင်း။ နီလာဒီနိ၊ နီလအစရှိကုန်သော။ ဝါ၊ "နီလ,ပီတ,လောဟိတ, ဩဒါတ"ဟုဆိုအပ်ကုန်သော။ စတ္တာရိ၊ ၄-ပါးကုန်သော။ ကသိဏာနိစ၊ ကသိုဏ်းတို့သည်ရင်း။ ဒေါသစရိတဿ၊ ဒေါသစရိုက်ရှိသူအား။ သပ္ပါယာနိ၊ လျော်ကပ်ကုန်၏။

၁၅။ အာနာပါနံ၊ အာနာပါနသည်။ မောဟစရိတဿ၊ မောဟစရိုက်ရှိသူအားရင်း။ ဝိတက္ကစရိတဿစ၊ ဝိတက်စရိုက်ရှိသူအားရင်း။ သပ္ပါယံ၊ လျော်ကပ်၏။

၁၆။ ဗုဒ္ဓါနုဿတိအာဒယော၊ ဗုဒ္ဓါနုဿတိအစရှိကုန်သော။ ဝါ၊ "ဗုဒ္ဓါနုဿတိ,ဓမ္မာနုဿတိ,သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ" ဟု ဆိုအပ်ကုန်သော။ ဆ၊ ၆-ပါးသော ကမ္မဋ္ဌာန်းတို့သည်။ သဒ္ဓါစရိတဿ၊ သဒ္ဓါစရိုက်ရှိသူအား။ သပ္ပါယာ၊ လျော်ကပ်ကုန်၏။

---

**သပ္ပာယဘေဒ**။ ။ထိုထို စရိုက်ရှိသူအတွက် အသင့်တော်ဆုံး ကမ္မဋ္ဌာန်းကို ဖော်ညွှန်းပြသိုရာအပိုင်းကို "သပ္ပါယဘေဒ"ဟုခေါ်သည်၊ ရာဂ, ဒေါသ, မောဟ, ဝိတက္က စရိုက်တို့သည် မကောင်းသော စရိုက်များဖြစ်သည်၊ ယင်းစရိုက်များလျော့ပါးဖို့ရန် စရိုက်၏ဆန့်ကျင်ဘက်ကမ္မဋ္ဌာန်းကို အားထုတ်သင့်သည်၊ သဒ္ဓါစရိုက်,ဗုဒ္ဓိစရိုက်တို့သည် ကောင်းသော စရိုက်များဖြစ်သည်၊ ယင်းစရိုက်များ တိုးတက်လာအောင် စရိုက်အားလျော်သော ကမ္မဋ္ဌာန်း, စရိုက်၏ အကြိုက်ဖြစ်သော ကမ္မဋ္ဌာန်းကို အားထုတ်သင့်သည်။

**ဆောင်**။ ။ရာ ဒေါသ၊ မောဟရယ်တဲ့ ဝိတက္ကာ၊
မှုမမှန်—ခွတ်ခံဆိုးတို့ကို၊ နှိမ်ချိုးဖို့ရာ၊
ကြိုက်မဟုတ်—အားထုတ်ပါ၊ သဒ္ဓါနှင့်ဗုဒ္ဓိ၊
စရိုက်မှန်—ခွတ်ခံ တိုးအောင်၊ ကြိုက်မျိုး ရွေးဘိ။

၁၇။ မရဏဉ္စုပသမသညာ၁၀ဝတ္ထာနာနိ၊ မရဏာနုဿတိ, ဥပသမာ နုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်တို့သည်။ ဗုဒ္ဓိစရိ တဿ၊ ဗုဒ္ဓိစရိုက်ရှိသူအား။ သပ္ပါယာနိ၊ လျောက်ပတ်ကုန်၏။

၁၈။ ပန၊ ကား။ သေသာနိ၊ ဆိုခဲ့ပြီးသည်မှ ကြွင်းကုန်သော။ သဗ္ဗာ နိပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်းတို့သည်။ ဝါ၊ ဘူတစတုက္ကာ,အာကာ အာလောက, ကသိုဏ်းဆနှင့်, အာရုပ္ပလေးခန်း, ဆယ်ပါးသောကမ္မဋ္ဌာန်းတို့သည်။ သဗ္ဗေသမ္ပိ၊ အလုံးစုံသောသူတို့အား လည်း။ သပ္ပါယာနိ၊ လျောက်ပတ်ကုန်၏။

တတ္ထာပိ၊ ထိုဆယ်ပါးသော ကမ္မဋ္ဌာန်းတို့တွင်လည်း။ ကသိဏေသု၊ ဘုတ်ကြီးလေးဖြာ,အာကာ အာလောက, ခြောက်ပါးမျှသော ကသိုဏ်း တို့၌။ ပုထုလံဝေ၊ ကောက်နယ်တလင်းနှယ်,လွန်ပြန့်ကျယ်သော ကသိုဏ်း ဝန်းသည်သာ။ မောဟစရိတဿ၊ မောဟစရိုက်ရှိသူအား။ သပ္ပါယံ၊ လျောက်ပတ်၏။ ခုဒ္ဒကံဝေ၊ တပေမျှကျယ်, ကျဉ်းငယ်သော ကသိုဏ်းဝန်း သည်သာ။ ဝိတက္ကစရိတဿ၊ ဝိတက်စရိုက်ရှိသူအား။ သပ္ပါယံ၊ ၏။ ဣတိ၊ သပ္ပါယဘေဒအပြီးတည်း။

အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤကမ္မဋ္ဌာနသင်္ဂဟ၌။ သပ္ပါယ ဘေဒေါ၊ သပ္ပါယဘေဒတည်း။

---

## စရိုက်ကမ္မဋ္ဌာန်းသင့်ရာညွှန်း

| ကမ္မဋ္ဌာန်း ၄၀ | | ရာဂစရိုက် | ဒေါသစရိုက် | မောဟ+ဝိတက် | သဒ္ဓါစရိုက် | ဗုဒ္ဓိစရိုက် | စရိုက်ပေါင်း |
|---|---|---|---|---|---|---|---|
| အသုဘ ၁၀ ကာယဂတာသတိ | ၁၁ | ။ | | | | | ၁ |
| အပ္ပမညာ ၄ နီလ ပီတ လောဟိတ ဩဒါတ | ၈ | | ။ | | | | ၁ |
| အာနာပါနသာတိ | ၁ | | | ။ | | | ၂ |
| ဗုဒ္ဓါနုဿတိ စသော အနုဿတိ | ၆ | | | | ။ | | [illegible] |
| မရဏ ဥပသမ သညာ ဝဝတ္ထာန် | ၄ | | | | | ။ | |
| ပ အာ တေ ဝါ အာ အာ အာရုပ္ပ ၄ | ၁၀ | ။ | ။ | ။ | ။ | ။ | [illegible] |
| ကမ္မဋ္ဌာန်းပေါင်း | | ၂၁ | ၁၈ | ၁၁ | ၁၆ | ၁၄ | |

## ဘာဝနာဘေဒ

**၁၉။ ပန၊ ကာ။ ဘာဝနာသု၊ ဘာဝနာတို့တွင်။ သဗ္ဗတ္ထာပိ၊ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌လည်း။ ပရိကမ္မဘာဝနာ၊ ပရိကမ္မဘာဝနာကို။ လဗ္ဘတေဝ၊ ရအပ်သည်သာတည်း။**

ဗုဒ္ဓါနုဿတိအာဒီသု၊ ဗုဒ္ဓါနုဿတိ **အစရှိကုန်သော။ အဋ္ဌသု၊ ၈-ပါးသော ကမ္မဋ္ဌာန်းတို့ရင်း။ သညာဝဝတ္ထာနေသု စ၊ အာဟာရေပဋိကူလသညာ စတုဓာတုဝဝတ္ထာန်တို့ရင်း။ ဣတိ၊ သို့။ ဒသသု၊ ကုန်သော။** ကမ္မဋ္ဌာနေသု၊ ကမ္မဋ္ဌာန်းတို့၌။ **ဥပစာရဘာဝနာဝ၊ ဥပစာရဘာဝနာသည်သာလျှင်။ သမ္ပဇ္ဇတိ၊ပြည့်စုံ၏။ အပ္ပနာ၊ အပ္ပနာဘာဝနာသည်။ နတ္ထိ၊ မရှိ။**

**၂၀။ ပန၊ ကာ။ သေသေသု၊ ကြွင်းကုန်သော။ သမတ္တိံသကမ္မဋ္ဌာနေသု၊ အတိအကျ ၃၀-သော ကမ္မဋ္ဌာန်းတို့၌။ အပ္ပနာဘာဝနာ ပိ၊ အပ္ပနာဘာဝနာသည်လည်း။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။**

---

**ဘာဝနာဘေဒ**။ ။ကမ္မဋ္ဌာန်း ၄၀-ကို ဘာဝနာ ၃-ပါး အပြားအားဖြင့် ရသင့်သည်အားလျော်စွာ ဝေဖန်ပြရာ အပိုင်းအခန်းကို ''ဘာဝနာဘေဒ'' ဟု ခေါ်သည်။

**ပရိကမ္မဘာဝနာ**။ ။ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်အစဦးစွာ ကမ္မဋ္ဌာန်းတခုခုကို အာရုံပြုလျက် 'ပထဝီ ပထဝီ' စသည်ဖြင့် နှုတ်ကရွတ်၍သော်လည်း စီးဖြန်းပွါးများမှုကို ပြုရသည်၊ စိတ်က မှန်း၍သော်လည်း စီးဖြန်းပွါးများမှုကို ပြုရသည်၊ ယင်းသို့ ဦးစွာစီးဖြန်းပွါးများမှုကို ''ပရိကမ္မဘာဝနာ''ဟု ခေါ်သည်၊ သို့ဖြစ်၍ မည်သည့် ကမ္မဋ္ဌာန်းမှာမဆို ပရိကမ္မဘာဝနာလိုပါသည်၊ ဤပရိကမ္မဘာဝနာမှသာ အထက်အထက်ဘာဝနာများသို့ အဆင့်ဆင့် တက်ယူရသည်။

**ဥပစာရဘာဝနာ**။ ။အပ္ပနာဘာဝနာ၏ အနီးအပါး၌ဖြစ်သော ဘာဝနာကို ''ဥပစာရဘာဝနာ'' ဟု ခေါ်သည်၊ အထက်အဆိုပါ ပရိကမ္မဘာဝနာသည်ပင် တဖြည်းဖြည်းရင့်လာသည့်အခါ 'ဥပစာရဘာဝနာ' အမည်ရသည်၊ 'ဗုဒ္ဓါနုဿတိ' စသော ကမ္မဋ္ဌာန်း ၁၀-ပါးကို ပွါးများအားထုတ်လျှင် ဥပစာရဘာဝနာတိုင်အောင်သာ ရောက်နိုင်သည်၊ အပ္ပနာဘာဝနာသို့ မရောက်နိုင်။

**၂၁။ တတ္တာပိ၊ ထိုအတိုအကျ ၃၀-သော ကမ္မဋ္ဌာန်းတို့ဘွင်လည်း။ ဒ္ဒသကသိဏာနိ၊ ကသိုဏ်း ၁၀-ပါးတို့သည်ရင်း။ အာနာပါနဥ္စ၊ အာနာပါနသည်ရင်း။ ပဉ္စကဇ္ဈာနိကာနိ၊ ဈာန် ၅-ပါးအပေါင်းနှင့် ယှဉ်ကုန်၏၊**

**၂၂။ ဒသအသုဘာ၊ အသုဘ ၁၀-ပါးတို့သည်ရင်း။ ကာယဂတာသတိ စ၊ ကာယဂတာသတိသည်ရင်း။ ပဌမဇ္ဈာနိကာ၊ ပဌမဈာန်နှင့် ယှဉ်ကုန်၏။**

**၂၃။ မေတ္တာဒယော၊ မေတ္တာအစရှိကုန်သော။ တယော၊ ၃-ပါးသော ဗြဟ္မဝိဟာရတို့သည်။ စတုက္ကဇ္ဈာနိကာ၊ ဈာန် ၄-ပါးအပေါင်းနှင့် ယှဉ်ကုန်၏။**

**၂၄။ ဥပေက္ခာ၊ ဥပေက္ခာဗြဟ္မဝိဟာရသည်။ ပဉ္စမဇ္ဈာနိကာ၊ ပဉ္စမ ဈာန်နှင့် ယှဉ်၏။ ဣတိ၊ ဤသို့။ ရူပါဝစရဇ္ဈာနိကာနိ၊ ရူပါဝစရဈာန်နှင့်**

---

**အပ္ပနာဘာဝနာ**။ ။ဥပစာရဘာဝနာထက် လွန်ကဲစွဲမြဲစွာ ဆိုင်ရာအာရုံ၌ သက်ဝင်တည်နေတတ်သော ဈာန်များကို "အပ္ပနာဘာဝနာ" ဟု ခေါ်သည်၊ ကျန် ၃၀-သော ကမ္မဋ္ဌာန်းကို အားထုတ်လျှင် ဥပစာရဘာဝနာသို့လည်း ရောက်နိုင်သည်၊ အပ္ပနာဘာဝနာသို့လည်း ရောက်နိုင်သည်။

**ရူပဈာန်၏အာရုံကမ္မဋ္ဌာန်း**

၂၁။ ကသိုဏ်း ၁၀-ပါးနှင့် အာနာပါနဿတိ တို့သည် ရူပဈာန် ၅-ပါးလုံး၏ အာရုံဖြစ်ကြသည်၊ ယင်းကမ္မဋ္ဌာန်း တို့တွင် တပါးပါးကို အားထုတ်လျှင် ရူပဈာန် ၅-ပါးလုံးကို ရနိုင်သည်။ (ပဉ္စ—ဈာန်ငါးပါး+က—အပေါင်း။)

၂၂။ အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိတို့သည် ပဌမဈာန်၏ အာရုံဖြစ်သည်၊ ယင်းကမ္မဋ္ဌာန်းတို့တွင် တပါးပါးကို အားထုတ်လျှင် ပဌမ ဈာန်ကိုသာ ရနိုင်သည်။

၂၃။ မေတ္တာ, ကရုဏာ, မုဒိတာတို့သည် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့၏ အာရုံဖြစ်သည်၊ ယင်း ဗြဟ္မဝိဟာရ ၃-ပါး တို့တွင် တပါးပါးကို အားထုတ်လျှင် အောက်ဈာန် ၄-ပါးကို ရနိုင်သည်။ (စတု—ဈာန်လေးပါး+က—အပေါင်း။)

၂၄။ ဥပေက္ခာဗြဟ္မဝိဟာရသည် ရူပါဝစရပဉ္စမဈာန်၏ အာရုံဖြစ်သည်၊ ဥပေက္ခာဗြဟ္မဝိဟာရကို အားထုတ်လျှင် ရူပါဝစရပဉ္စမဈာန်ကို ရနိုင်သည်။

**ယှဉ်ကုန်သော။ ကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်းတို့သည်။ ဆဗ္ဗီသတိ၊ ၂၆-ပါး တည်း။**

**၂၅။ ပန၊ ကား။ စတ္တာရော၊ ၄-ပါးကုန်သော။ အာရုပ္ပါ၊ အာရုပ္ပ-ကမ္မဋ္ဌာန်းတို့သည်။ အာရုပ္ပဇ္ဈာနိကာ၊ အာရုပ္ပစျာန်နှင့် ယှဉ်ကုန်၏။ ဣတိ၊ ဘာဝနာဘေဒအပြီးတည်း။**

**အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤကမ္မဋ္ဌာနသင်္ဂဟ၌။ ဘာဝနာဘေဒေါ၊ ဘာဝနာဘေဒတည်း။**

---

ဤသို့လျှင် "ကသိုဏ်းပညတ် ၁၀-ပါး, အသုဘပညတ် ၁၀-ပါး, ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသ ပညတ်, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်-ဝင်သက် ပညတ်, မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မဝိဟာရ ၄-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်" အားဖြင့် ရူပါဝစရစျာန်၏ အာရုံဖြစ်သော ပညတ် ၂၆-ပါးဖြစ်သည်။

## ရူပါဝစရစျာန်၏ အာရုံ

| ရူပစျာန်၏အာရုံကမ္မဋ္ဌာန်း ၂၆ပါး | | ပထမစျာန် | ဒု+တ+စ | ပဉ္စမစျာန် | စျာန်ပေါင်း |
|---|---|---|---|---|---|
| ကသိုဏ်း ၁၀ အာနာပါနသတိ ၁ | ၁၁ | ။ | ။ | ။ | ၅ |
| အသုဘ ၁၀ ကာယဂတာသတိ ၁ | ၁၁ | ။ | | | ၁ |
| မေတ္တာ ကရုဏာ မုဒိတာ | ၃ | ။ | ။ | | ၄ |
| ဥပေက္ခာ | ၁ | | | ။ | ၁ |
| ထိုထိုစျာန်၏ကမ္မဋ္ဌာန်းအာရုံပေါင်း | | ၂၅ | ၁၄ | ၁၂ | |

ပထမစျာန်စိတ် ၃-ပါးသည် ကသိုဏ်းပညတ် ၁၀-ပါး, အသုဘ ၁၀-ပါး, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်-ဝင်သက် ပညတ်, ကာယ-ဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ်, မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၂၅-ပါးသော ပညတ်ကို အာရုံပြုသည်၊ အာရမဏသင်္ဂဟ က ပြဆိုခဲ့သော "ပဉ္စဝီ သုံးတန်" ၏ အကျယ်ဖြစ်သည်၊ "ဆယ့်လေးကိုးလီ၊ ဆယ့်နှစ်သုံးပင်" တို့၏ အရကိုလည်း ဇယားကို ရှုလျက် အကျယ်ဖော်ထုတ်ပါ။

## ဂေါစရဘေဒ

၂၆။ **ပန၊ ကား။ နိမိတ္တေသု၊ နိမိတ်တို့တွင်။ ပရိကမ္မနိမိတ္တံ၊ ပရိကမ္မနိမိတ်ကိုရင်း။ ဥဂ္ဂဟနိမိတ္တဉ္စ၊ ဥဂ္ဂဟနိမိတ်ကိုရင်း။ သဗ္ဗတ္ထာပိ၊ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌လည်း။ ယထာရဟံ၊ အားရှုံအလိုက် ထိုက်သည်အားလျော်စွာ၊ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ လဗ္ဘန္တေဝ၊ ရအပ်ကုန်သည်သာ။**

---

**အရူပစျာန်၏ အာရုံကမ္မဋ္ဌာန်း**

၂၇။ အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါးတို့သည် အစဉ်အတိုင်း အာရုပ္ပစျာန် ၄-ပါး၏ အာရုံဖြစ်သည်၊ ယင်း ကမ္မဋ္ဌာန်း ၄-ပါးကို အားထုတ်လျှင် အစဉ်အတိုင်း အရူပစျာန် ၄-ပါးကို ရနိုင်သည်။

ဤသို့လျှင် ''ကောင်းကင်ပညတ်, ပထမာရုပ္ပဝိညာဏ်, နတ္ထိဘာဝပညတ်, တတိယာရုပ္ပဝိညာဏ်'' အားဖြင့် အရူပါဝစရ စျာန်၏ အာရုံ ဖြစ်သော ကမ္မဋ္ဌာန်း ၄-ပါးဖြစ်သတည်း။

**ပညတ်, ပရမတ်**။ ။ရူပါဝစရစျာန်၏ အာရုံဖြစ်သော ပညတ် ၂၆-ပါး၊ အာရုပ္ပစျာန်၏ အာရုံဖြစ်သော ပညတ် ၂-ပါးအားဖြင့် ပညတ်ကမ္မဋ္ဌာန်း ၂၈-ပါးဖြစ်သည်၊ ကြွင်း ၁၂-ပါးသော ကမ္မဋ္ဌာန်းကား ပရမတ္ထကမ္မဋ္ဌာန်းဖြစ်သည်။

**ဆောင်**။ ။ကသိဏ၊ အသုဘ ကောဋ္ဌာသာ၊
အာနာ ဖြဟ်-ဆဗ္ဗိသငယ်၊ ရူပတွက်သာ၊
ကောင်းကင် နတ်-အာရုပ္ပါ၊ ၄ဝီသာ ပညတ်၊
ကြွင်းသေသာ၊ ဆယ့်နှစ်ဖြာ-ပရမငယ်၊ တိကျ ခွဲမှတ်။

**ဂေါစရဘေဒ**။ ။ကမ္မဋ္ဌာန်းတို့ကို အာရုံ ၃-ပါး အပြားအားဖြင့် ရသင့်သည်အားလျော်စွာ ခွဲခြမ်းဝေဖန်ပြရာ အပိုင်းအခန်းကို ''ဂေါစရဘေဒ'' ဟု ခေါ်သည်၊ ဤနေရာ၌ ''ဂေါစရသဒ္ဒါ, နိမိတ္တသဒ္ဒါ'' ၂-ခုလုံးပင် ''အာရုံ'' ဟူသော အနက်ကို ဟောသည်။

**ပရိကမ္မ, ဥဂ္ဂဟ**။ ။ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ကမ္မဋ္ဌာန်းအကုန်လုံးမှာပင် ထိုက်သည်အားလျော်စွာ ပရိယာယ် အားဖြင့် ရသင့်သည်၊ထိုတွင် ပရိကမ္မဘာဝနာ၏အာရုံကို''ပရိကမ္မနိမိတ်''ဟုခေါ်သည်၊ စိတ်ဖြင့် မှန်းဆ၍ ယူအပ်သော အာရုံကို ''ဥဂ္ဂဟနိမိတ်'' ဟု ခေါ်သည်၊

**၂၇။ ပဋိဘာဂနိမိတ္တံ ပန၊ ပဋိဘာဂနိမိတ်ကိုကား။ ကသိဏာသုဘ ကောဋ္ဌာသအာနာပါနေသွေဝ၊ ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ဆံအစရှိသော ကောဋ္ဌာသ, အာနပါနတို့၌သာလျှင်။ လဗ္ဘတိ၊ ရအပ်၏။ ဟိ၊ မှန်၏။ တတ္ထ၊ ထိုကသိုဏ်း, အသုဘ, ကောဋ္ဌာသ, အာနာပါန တို့၌။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပစာရ သမာဓိ၊ ဥပစာရသမာဓိသည်၎င်း။ အပ္ပနာသမာဓိ စ၊ အပ္ပနာသမာဓိသည် ၎င်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။**

---

ဤဥဂ္ဂဟနိမိတ်ကိုလည်း ပရိကမ္မဘာဝနာကပင် အာရုံပြုပါသည်၊ သို့သော် "ဥဂ္ဂဟနိမိတ်"ဟူသော အမည်ထူးကို ရထားသောကြောင့် "ပရိကမ္မနိမိတ်" ဟု မခေါ်ရတော့ပါ။

**ယထာရဟံ။** ။ဤ "ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ပရိယာယ်အားဖြင့် ရသင့်သည်" ဟု ဆိုစေကာမူ ကမ္မဋ္ဌာန်း ၄၀-လုံးမှာပင် ပရိယာယ်အားဖြင့် ရသင့်သည်မဟုတ်ပါ၊ 'ဗုဒ္ဓါနုဿတိ' အစရှိသော အချို့ ကမ္မဋ္ဌာန်း များမှာသာ ပရိယာယ်အားဖြင့် ရသင့်ပါသည်၊ မှန်၏='ဗုဒ္ဓါ-နုဿတိ' လေ့လာရာ၌ မူလ စီးဖြန်းစ-ကပင် 'ဘုရားဂုဏ်တော်' စသည်တို့ကို စိတ်ဖြင့်မှန်း၍ စီးဖြန်းရသည်၊ "ဘယ်အခိုက်မှာ ပရိကမ္မနိမိတ်, ဘယ်အခိုက်မှာ ဥဂ္ဂဟနိမိတ်" ဟု အထင်အရှား ခွဲခြား၍မရပါ၊ "ဂုဏ်တော်များမထင်ရှား သေးသည့်အခါမှာ ပရိကမ္မနိမိတ်, အတော် ထင်ရှားလာသည့် အခါမှာ ဥဂ္ဂဟနိမိတ်"ဟု အမှန်းအတား ပရိယာယ်အားဖြင့်သာ ခွဲခြား၍ ရနိုင်သည်။

ပဋိဘာဂနိမိတ်ရကောင်းသော "ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကာယဂတာသတိ, အာနာပါနဿတိ"ဟူသော အချို့သော ကမ္မဋ္ဌာန်းများ မှာကား "ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်" နှစ်ပါးကို ကွဲပြားခြားနား မှုချ အားဖြင့်ပင် ရသင့်ပါသည်၊ ထို့ကြောင့် "ယထာရဟံ- အာရုံအလိုက် ထိုက်သည်အားလျော်စွာ" ဟု ဆိုရသည်။

**ဆောင်။** ။ပရိကမ္မ, ဥဂ္ဂဟာတို့, ဗုဒ္ဓါနုဿတိ, အစရှိသည့်, ပဋိဘာဂ, နိမိတ္တာကို့, မရပယ်ညွှန်း, ကမ္မဋ္ဌာန်းဝယ်, ပရိယာယ်သာ၊ ကြွင်းဝယ် မုချ, ကေန်ရသည်.... ခွဲကြအာရုံ လျော်စွာတည်း။

**ပဋိဘာဂ။** ။ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ်, အာနာ-ပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်-ဝင်သက်တို့၌သာ ပဋိဘာဂနိမိတ်ကို ရသင့်သည်။

## ၂၈။ ကထံ၊ အဘယ်သို့ ဖြစ်ကုန်သနည်း။

**ဟိ၊ ချဲ့ဦးအံ့။ အာဒိကမ္မိကဿ၊ ရှေးဦးစတင် ကမ္မဋ္ဌာန်း အားထုတ်မှု၌ ယှဉ်သည်ဖြစ်၍။ ပထဝီမဏ္ဍလာဒီသု၊ ပထဝီကသိုဏ်းဝန်းအစရှိသည်တို့၌။ နိမိတ္တံ၊ အာရုံကို။ ဥဂ္ဂဏှန္တဿ၊ ယူသော ယောဂီပုဂ္ဂိုလ်၏။ တံ အာရမ္မဏံ၊ ထိုအာရုံကို။ ပရိကမ္မနိမိတ္တန္တိ၊ ပရိကမ္မနိမိတ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ သာစဘာဝနာ၊ ထိုဘာဝနာသည်လည်း။ ပရိကမ္မဘာဝနာ နာမ၊ ပရိကမ္မ ဘာဝနာမည်၏။**

---

'ဗုဒ္ဓါနုဿတိ' အစရှိသော ကမ္မဋ္ဌာန်း ၁၀ ပါး တို့၌မူကား ပဋိဘာဂ နိမိတ်ကို မရသင့်ပါ၊ အဘယ့်ကြောင့်နည်း၊ 'ပဋိဘာဂနိမိတ်' ဟူသည် စီးဖြန်းခါစ မူလအာရုံနှင့်တူသော အာရုံတမျိုးပင် ဖြစ်သည်၊ စီးဖြန်းခါစ မူလအာရုံမျိုး မဟုတ်ပါ၊ ဘုရားဂုဏ်တော် စသည်တို့ကား စီးဖြန်းခါစနှင့် ဘာဝနာအသားကျရာ နောက်အခါမှာ တမျိုးတဖုံကွဲပြား၍ ထင်လာရိုး မရှိသောကြောင့်တည်း။

မှန်၏=ကသိုဏ်း, အသုဘ, ကောဋ္ဌာသ, အာနာပါနတို့၌ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ ဖြစ်ကြရသည်။

သို့ဖြစ်၍ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာက အာရုံပြုသည်၊ ပဋိဘာဂနိမိတ်ကို ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတို့က အာရုံပြုသည်၊ ပဋိဘာဂနိမိတ် မရကောင်းသော ကမ္မဋ္ဌာန်းတို့၌ကား ထိုက်သည် အားလျော်စွာ ဥပစာရဘာဝနာ, အပ္ပနာဘာဝနာတို့က ဥဂ္ဂဟနိမိတ်ကိုသာ အာရုံပြုကြသည်၊ ဤသို့ ခွဲခြားမှတ်သားထားပါ။

**ဆောင်**။ ။ရင်းမူလ၊ ပရိကမ္မဘာဝနာ၊
ပ-ဥဂ်ဆို-နိမိတ်ဒွိကို၊ ရှုဘိသေချာ၊
ဥပနှင့်-အပ္ပနာ၊ ပဋိဘာရှုတတ်၊
ပဋိဘာ-မရှိသည်မှန်ပါက၊ ဥဂ္ဂဟာ-နိမိတ္တကို၊ ရှုရမြဲမှတ်။

### ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ

၂၈။ ပထဝီကသိုဏ်းကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် အငယ်ဆုံးတပေ, အကြီးဆုံး ကောက်နယ်တလင်းခန့်ရှိသော ပထဝီကသိုဏ်းဝန်းကို ပြုလုပ်ထားရသည်၊ ထို့နောက် ယင်းကသိုဏ်းဝန်းကို မျက်လုံးဖြင့် စူးစိုက် ကြည့်ရှုလျက် ''ပထဝီ ပထဝီ'' ဟု ပါဠိလိုဖြစ်စေ ''မြေ မြေ'' ဟုမြန်မာလို ဖြစ်စေ အလိုရှိသလို နှုတ်က ရွတ်၍သော်လည်း ပွါးများနိုင်သည်၊ နှုတ်က

၂၉။ ပန၊ ကဲသို့။ ယဒါ၊ အကြင်အခါ၌။ တံ နိမိတ္တံ၊ ထိုပရိကမ္မနိမိတ်သည်။ စိတ္တေန၊ စိတ်ဖြင့်။ သမုဂ္ဂဟိတံ၊ ကောင်းစွာယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ စက္ခုနာ၊ မျက်စိဖြင့်။ ပဿန္တဿေဝ၊ မြင်ရဘိသကဲ့သို့။ မနောဒွါရဿ၊ မနောဒွါရ၏။ အာပါထံ၊ ရှေ့ရှုကျခြင်းသို့။ အာဂတံ၊ ရောက်လာသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တံမေဝအာရမ္မဏံ၊ ထိုအာရုံသည်ပင်လျှင်။ ဥဂ္ဂဟနိမိတ္တံ နာမ၊ ဥဂ္ဂဟနိမိတ်မည်၏။ သာစဘာဝနာ၊ ထိုဘာဝနာသည်လည်း။ သမာဓိယတိ၊ တည်ကြည်၏။ ဝါ၊ သမာဓိရ၏။

၃၀။ ပန၊ ကား။ တထာ၊ ထိုဆိုအပ်ပြီးသော အခြင်းအရာဖြင့်။ သမာဟိတဿ၊ တည်ကြည်သော။ တဿ၊ ဤယောဂီပုဂ္ဂိုလ်သည်။ တတော၊ ထိုဥဂ္ဂဟနိမိတ်ထင်ရာအခါမှ။ ပရံ၊ နောက်၌။ တသ္မိံ ဥဂ္ဂဟနိမိတ္တေ၊ ထိုဥဂ္ဂဟနိမိတ်၌။ ပရိကမ္မသမာဓိနာ၊ ပရိကမ္မသမာဓိဖြင့်။ ဘာ-

---

မရှုတ်ဆိုပဲ စိတ်ထဲက ဆင်ခြင်၍သော်လည်း ပွါးများနိုင်သည်၊ ရံခါ မျက်လုံးမှိတ်ထားလျက်လည်း ပွါးများနိုင်သည်၊ ဤသို့ကြည့်တခါ မှိတ်တလှည့်ဖြင့် ဥဂ္ဂဟနိမိတ် မထင်သမျှ ကြိုးပမ်းအားထုတ်ရမည်။

ဤသို့ မျက်လုံးဖြင့် ကြည့်ရှုအပ် မျက်စိဖြင့်မှန်းဆအပ်သော အာရုံကို ''ပရိကမ္မနိမိတ်'' ဟု ခေါ်သည်၊ ကြည့်ရှုမှန်းဆ၍ ပွါးများမှုကို ''ပရိကမ္မ ဘာဝနာ'' ဟုခေါ်သည်။

**ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မ ဘာဝနာ**

၂၉။ ဤသို့ မှိတ်တုံ ဖွင့်တုံ အာရုံပြု၍ ပွါးများယင်း မျက်စိမှိတ်၍ ဆင်ခြင်သည့်အခါ မျက်စိဖြင့် တိုက်ရိုက် မြင်နေရသကဲ့သို့ စိတ်အာရုံထဲမှာ ထင်ထင်ရှားရှား ပေါ်လာတတ်သည်၊ ထိုသို့ စိတ်အာရုံထဲမှာ ထင်ထင်ရှားရှား ပေါ်လာသော အာရုံကို ''ဥဂ္ဂဟနိမိတ်'' ဟု ခေါ်သည်၊ ထို ဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မ ဘာဝနာသည်လည်း ရှေးကထက် သမာဓိ အားကောင်းလာပါပြီ၊ တည်ကြည်လာပါပြီ။

**ပဋိဘာဂနိမိတ်နှင့် ဥပစာရ ဘာဝနာ**

၃၀။ ထိုပရိကမ္မ ဘာဝနာဖြင့် ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ စိတ်တည်ကြည်နေသော ယောဂီပုဂ္ဂိုလ်သည် ထို ဥဂ္ဂဟ နိမိတ်ကိုပင် ပရိကမ္မ ဘာဝနာဖြင့် ဆက်လက်ပွါးများ အားထုတ်ပြန်သည်ရှိသော် ထို ဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဌာန် ပမာဏ တူမျှသော အာရုံတမျိုးသည် စိတ်၌ မြဲမြံသက်စွာ တည်နေသည်၊ စိတ်

**ဝန်၊ ပွါးများမှုကို။ အနုယုဥ္ဇန္တဿ၊ အဖန်ဖန်အားထုတ်ပြန်သည်ရှိသော်။ ယဒါ၊ အကြင်အခါ၌။ တပ္ပဋိဘာဂံ။ ထိုဥဂ္ဂဟနိမိတ်နှင့်တူသော။ ဝတ္ထုဓမ္မဝိမုစ္စိတံ၊ ဝတ္ထုဒြဗ်ပရမတ်သဘောမှ လွတ်သော။ ပညတ္တိသင်္ခါတံ၊ ပညတ် ဟုဆိုအပ်သော။ ဘာဝနာမယံ၊ ဘာဝနာကြောင့် ဖြစ်ပေါ်လာသော။ အာရမ္မဏံ၊ အာရုံသည်။ စိတ္တေ၊ စိတ်၌။ သန္နိသိန္နံ၊ ငြိမ်သက်စွာတည်နေသည်။ သမပ္ပိတံ၊ ကောင်းစွာ သွင်းထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တံ ပဋိဘာဂနိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကို။ သမုပ္ပန္နန္တိ၊ ကောင်းစွာဖြစ်ပြီဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်သည်။**

**၁၁။ တတော၊ ထိုပဋိဘာဂနိမိတ်ထင်လာရာအခါမှ။ ပဋ္ဌာယ၊ စ၍။ ပရိဗန္ဓဝိပ္ပဟီနာ၊ သမာဓိ၏ ဘေးရန်ဖြစ်သော နီဝရဏကို ပယ်ရှားတတ်သော။ ကာမာဝစရသမာဓိသင်္ခါတာ၊ ကာမာဝစရသမာဓိ ဟုဆိုအပ်သော။ ဥပစာရဘာဝနာ၊ ဥပစာရဘာဝနာသည်။ နိပ္ဖန္နာ နာမ၊ ပြီးသည်မည်သည်။ ဟောတိ၊ ဖြစ်၏။**

---

ထဲ၌ ကောင်းစွာ သွင်းထားသကဲ့သို့ ဖြစ်သည်၊ မပျောက်မပျက် ကွင်းကွင်းကွက်ကွက် ထင်လာသည်၊ ထိုအာရုံသည် အထည်ကိုယ် ဝတ္ထုဒြဗ် ပရမတ်မဟုတ်တော့ပါ၊ ပညတ်မျှသာ ဖြစ်ပါတော့သည်၊ ဘာဝနာ သညာ၏ အစွမ်းကြောင့်ဖြစ်ပေါ်လာရသည်၊ ထို ဥဂ္ဂဟနိမိတ်နှင့် အလားတူစွာ ထင်လာသော အာရုံသည်ပင် "ပဋိဘာဂနိမိတ်" မည်ပါသည်၊ ပဋိဘာဂနိမိတ် ကောင်းစွာ ဖြစ်ပေါ်လာပါပြီ။

၁၁။ ထို ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာသည်မှစ၍ ဘာဝနာ စိတ်အစဉ်သည်လည်း ပရိကမ္မ ဘာဝနာ အဆင့်အတန်းကို လွန်ပြီးလျှင် ဥပစာရဘာဝနာ အဆင့်အတန်းသို့ ရောက်လာခဲ့ပါပြီ၊ ထို ဥပစာရ ဘာဝနာသည် 'ပရိဗန္ဓ' အမည်ရသော 'ကာမစ္ဆန္ဒ' စသော နီဝရဏ ၅-ပါးကို ပယ်ခွါနိုင်သည်၊ သမာဓိ ပြဋ္ဌာန်းသော ကာမာဝစရ ဇောစိတ်ပင် ဖြစ်သည်။

**ဥပစာရစျာန်**။ ။ဤ ဥပစာရ ဘာဝနာ ဖြစ်ပေါ်လာသည့်အခါမှာ 'ကာမစ္ဆန္ဒ' စသော နီဝရဏများ ကင်းကွာ၍ 'ဝိတက်' စသော စျာန်အင်္ဂါ ငါးပါးတို့သည် ကိုယ့်ကိစ္စကိုကိုယ် အထင်အရှား ဆောင်ရွက်နေကြလေပြီ၊ ထို့ကြောင့် ဤ ဥပစာရ ဘာဝနာကိုပင် "ဥပစာရစျာန်" ဟုလည်း ခေါ်ကြပါသေးသည်၊ "အပ္ပနာ၏ အနီးအပါး၌ ဖြစ်သောစျာန်" ဟု ဆိုလိုသည်။

**၃၂။ တတော၊ ထိုဥပစာရဘာဝနာ ဖြစ်ရာ အခါမှ၊ ပရံ၊ နောက်၌။ တမေဝပဋိဘာဂနိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကိုပင်။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိဖြင့်။ သမာသေဝန္တဿ၊ ကောင်းစွာ မှီဝဲသည်ရှိသော်။ ရူပါဝစရပထမဇ္ဈာနံ၊ ရူပါဝစရပထမစျာန်သည်။ အပ္ပေတိ၊ သက်ရောက်၏။**

**၃၃။ တတော၊ ထိုပထမစျာန်မှ။ ပရံ၊ နောက်၌။ တမေဝပထမဇ္ဈာနံ၊ ထိုပထမစျာန်ကိုပင်။ အာဝဇ္ဇနံ၊ (စျာန်၏အင်္ဂါ, ဆင်ခြင်ရာဝယ်, ဇောမှာလေးငါး, ဘင်မများပဲ, ဆက်သွားဆင်ခြင်, အာ၏ပင်လျှင်, စွမ်းအင်ထွက်ပေါ်)အာဝဇ္ဇနဝသီဘော်ရင်း။ သမာပဇ္ဇနံ၊ (ဝင်စားလိုလျှင်, ပိုဘဝင်တို့, ကြားဝင်မကျ, ထိုခဏဝယ်, လိုသမျှစျာန်, အမြန်ဖြစ်ပေါ်) သမာပဇ္ဇနဝသီဘော်ရင်း။ အဓိဋ္ဌာနံ၊ (ရေလျဉ်မြစ်တား, တံရိုးလားသို့, ဆီးတားဘဝင်, စျာန်အစဉ်ကို, ထားချင်သမျှ, ထားလို့ရအောင်, စွမ်းဆောင်ထင်ပေါ်) အဓိဋ္ဌာနဝသီဘော်ရင်း။ ဝုဋ္ဌာနံ၊ (မှန်းသည့်ခဏ, စျာန်မှသရန်, စွမ်းသန်ထင်ပေါ်) ဝုဋ္ဌာနဝသီဘော်ရင်း။ ပစ္စဝေက္ခဏာ စ၊ (စျာန်၏ အင်္ဂါ, ဆင်ခြင်ရာဝယ်,ဇောမှာလေးငါး,ဘဝင်မများပဲ,ဆက်သွားဆင်ခြင်, ဇော၏**

---

**ပဋိဘာဂနိမိတ်နှင့် အပ္ပနာ ဘာဝနာ**

၃၂။ ပဋိဘာဂနိမိတ်ထင်လာ၍ ဥပစာရ ဘာဝနာသို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် ထိုထင်လာသော ပဋိဘာဂနိမိတ်ကို အာရုံပြုလျက် ဆက်လက်အားထုတ်လျှင် ထက်မြက်သော ဉာဏ်ကြီးရှင်တို့မှာ မကြာမီပင် ရူပါဝစရ ပထမစျာန် ဖြစ်ပေါ် လာရတော့သည်။

ထိုမျှလောက် ဉာဏ် မထက်မြက်သူတို့မှာ ရပြီးသော ပဋိဘာဂနိမိတ်ကိုပင် ပျောက်ကွယ်မသွားအောင် အထူး စောင့်ရှောက်ရမည်၊ အဆက်မပြတ် အထပ်ထပ် အားထုတ်ရမည်၊ ယင်းသို့ အားထုတ်ခြင်းကိုပင် "ကောင်းစွာမှီဝဲသည်" ဟု ဆိုသည်၊ ထိုသို့ အားထုတ်ပါလျှင် ရူပါဝစရ ပထမစျာန်ကေန်ပင် ဖြစ်ပေါ် လာရတော့သည်၊ ယင်း 'ပထမစျာန်' စသည်တို့ကိုပင် "အပ္ပနာ ဘာဝနာ" ဟု ခေါ်သည်။

၃၃။ ပထမစျာန် ရပြီးသည့်အပြင် 'ဒုတိယစျာန်' စသည်တို့ကို ရလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိရပြီးသော ပထမစျာန်ကို ဝသီဘော် ၅-ပါးတို့ဖြင့် အစွမ်းသတ္တိ ထက်မြက်လာအောင် လေ့လာထားရမည်၊ အသားကျအောင် အထပ်ထပ် ဝင်စားရမည်၊ ဝသီဘော် ၅-ပါး၏ အဓိပ္ပါယ်ကို နိဿယနှင့် ဆောင်ပုဒ်အတိုင်းပင် အကျဉ်းမှတ်ပါ။

ပင်လျှင်, စွမ်းအင် ထွက်ပေါ်) ပစ္စဝေက္ခဏာဝသီဘော်ရင်း။ ဍတိ၊ သို့။ ပဥ္စဟိ၊ ၅-ပါး ကုန်သော။ဈာနဟိ ဝသိတာဟိ၊ ဤဝသီဘော်တို့ဖြင့်။ ဝသီဘူတံ၊ ဝသီဘော်သို့ ရောက်သည်ကို။ ကတွာ၊ ပြု၍။ ဝိတက္ကာဒိကံ၊ ဝိတက် အစရှိသော။ ဩဠာရိကင်္ဂံ၊ ရုန့်ရင်းသော ဈာန်အင်္ဂါကို။ ပဟာနာယ၊ ပယ်ခြင်းငှါရင်း။ ဝိစာရာဒိသုခုမင်္ဂုပ္ပတ္တိယာ၊ဝိစာရအစရှိသော သိမ်မွေ့သော ဈာန်အင်္ဂါ၏ ဖြစ်ပေါ်လာခြင်းငှါရင်း။ ပဒဟတော၊ အားထုတ်သည်ရှိသော်။ ယထာက္ကမံ၊ အစဉ်အားလျော်စွာ။ ဒုတိယဇ္ဈာနာဒယော၊ ဒုတိယဈာန်အစရှိသည်တို့သည်။ ယထာရဟံ၊ ကသိုဏ်း စသော အာရုံအလိုက် ထိုက်သည်အားလျော်စွာ။ အပ္ပနာ၊ သက်ရောက်ကုန်၏။

---

**ဆောင်**။　။ဈာန်အင်္ဂါ—ဆင်ခြင်မှုမှာလ၊ များဘဝင်—ခြားဝင်မခုပ်ရယ်နဲ့၊ ဆက်သွားကာ—ဆင်ခြင် ပြုလျှင်တော့၊ မည်ရမှု—အာဝဇ္ဇာ။ ဝင်စားချင်—ပိုဘဝင် မခြားပဲရယ်နဲ့၊ လျင်စွာပင်—ဈာန်ဝင်စား လျှင်တော့၊ခေါ်ထားသမာ။တန့်ထားချင်—ဘဝင်မကျရအောင်ပ၊ ဈာန်အစဉ်—ထားနိုင်ကလျှင်၊ မည်သညာ—ဓိဋ္ဌာနပါကဲ့၊ လိုခဏ ထနိုင်ပါ၊ ဝုဋ္ဌာနာ မည်လတ်။ အာဝဇ္ဇာ—ဝသီမြောက်လျှင်လ၊ ဝေက္ခဏာ—အပြီးရောက်တော့တယ်၊စစ်ပေါက်မြဲမှတ်။

ထိုသို့ ပထမဈာန်ကို အစွမ်းကုန်ထက်အောင် လေ့လာ၍ ဈာန်အင်္ဂါစုကို ဆင်ခြင်မှု များလာသည့်အခါ "ဝိတက်" ဟူသော ဈာန်အင်္ဂါအပေါ်မှာ အပြစ်မြင်လာသည်၊ "ကြမ်းတမ်းသည်" ဟု ထင်လာသည်၊ "ဝိတက်မပါမှ စိတ် ငြိမ်သက်ဖွယ်ရာရှိသည်၊ ဝိတက်မပါသောဈာန်က ပိုလွန်ကောင်းမည်" ဟုလည်း ထင်လာသည်၊ ဤသို့ ထင်လာသည် အားလျော်စွာ ဝိတက်အလျှင်း မပါအောင် ပယ်ခွါဖို့ရန်ရှင်း ပထမ ဈာန်အခိုက်မှာထက် သိမ်မွေ့သော ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါတို့ ဖြစ်ပေါ်လာရန်ရင်း ပဋိဘာဂနိမိတ်ကိုပင် ဆက်လက်ပွါးများ အားထုတ်ခဲ့လျှင် "ဒုတိယဈာန်" ဟူသော အပ္ပနာ ဘာဝနာ ဖြစ်ပေါ်လာရပြန်သည်။

တတိယဈာန်ကို ရလိုပြန်လျှင် ဝိစာရကို အပြစ်မြင်ရမည်၊ 'ပီတိ' စသည်တို့ကို "သိမ်မွေ့သည်" ဟုထင်ရမည်၊ စတုတ္ထဈာန်ကို ရလိုပြန်လျှင် ပီတိကို အပြစ်မြင်ရမည်၊ 'သုခ' စသည်တို့ကို "သိမ်မွေ့သည်" ဟု ထင်ရမည်၊ ပဉ္စမဈာန်ကို ရလိုပြန်လျှင် 'သုခ' စသည်ကို အပြစ်မြင်ရမည်၊ ပယ်ခွါဖို့ရန် အားထုတ်ရမည်၊ 'ဥပေက္ခာ' စသည်တို့ကို "သိမ်မွေ့သည်" ဟု ထင်လာရမည်၊ ထိုသို့ ထင်လာသည်အားလျော်စွာ သုခကို ပယ်ခွါဖို့ရန်ရင်းဥပေက္ခာ, ဧကဂ္ဂတာ

**၃၄။ ဧ္လာစတ္တံ၊ ဤသို့လျှင်။ ပထဝီကသိဏာဒီသု၊ ပထဝီကသိုဏ်း အစရှိကုန်သော။ ဒွါဝီသတိကမ္မဋ္ဌာနေသု၊ ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်ကို။ ဥပလဗ္ဘတိ၊ ရအပ်၏။**

**၃၅။ ပန၊ ကား။ အဝသေသေသု၊ ကြွင်းသော ကမ္မဋ္ဌာန်းတို့တွင်။ အပ္ပမညာ၊ အပ္ပမညာတို့သည်။ သတ္တပညတ္တိယံ၊ သတ္တဝါပညတ်၌။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။**

**၃၆။ ပန၊ ကား။ အာကာသဝဇ္ဇိတကသိဏေသု၊ အာကာသသည် ကြဉ်အပ်သောကသိုဏ်း ၉-ပါးတို့တွင်။ ယံကိဉ္စိ၊ အမှတ်မထား တပါး ပါးသော။ ကသိဏံ၊ ကသိုဏ်းကို။ ဥဂ္ဃါဋေတွာ၊ ခွါ၍။ လဒ္ဓံ၊ ရအပ်သော။ အာကာသံ၊ ကောင်းကင်ပညတ်ကို။ (အာရဗ္ဘ၊ အာရုံပြု၍။) အနန္တဝသေန၊ အဆုံးမရှိသည်၏အဖြစ်ဖြင့်။ ပရိကမ္မံ၊ ပရိကမ်ကို။ ကရောန္တဿ၊ ပြုသော ပုဂ္ဂိုလ်၏။ ပဌမာရုပ္ပံ၊ ပထမာရုပ္ပစျာန်သည်။ အပ္ပေတိ၊ သက်ရောက်၏။**

---

စျာန်အင်္ဂါတို့ဖြစ်ပေါ်လာဖို့ရန်ငင်း ပဋိဘာဂ နိမိတ်ကိုပင် ဆက်လက်ပွါးများ အားထုတ်ခဲ့ပါလျှင် "ဥပေက္ခာ, ဧကဂ္ဂတာစျာန်အင်္ဂါ" ၂-ပါးနှင့်ယှဉ်သော "ပဉ္စမစျာန်" ဟူသော အပ္ပနာဘာဝနာ ဖြစ်ပေါ်လာရပြန်သည်။

၃၄။ ဤသို့လျှင်"ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကာယဂတာသ, အာနာပါန" ဟူသောကမ္မဋ္ဌာန်း ၂၂-ပါးတို့၌ ပဋိဘာဂနိမိတ်ကို ရနိုင်သည်။

၃၅။ အဝသေသ၏ အပါဒါန်ကား ဆိုခဲ့ပြီးသော ပဋိဘာဂနိမိတ်ကို ရကောင်းသော ကမ္မဋ္ဌာန်း ၂၂-ပါးဖြစ်သည်၊ အဝသေသ၏အရကား အပ္ပ-မညာ ၄-ပါးနှင့် အာရုပ္ပ ၄-ပါးဖြစ်သည်။

၃၆။ ရူပါဝစရ ပဉ္စမစျာန်ကို ရပြီးသည့်နောက် ပထမာရုပ္ပစျာန်ကို ရလိုပြန်လျှင် အာကာသမှတပါး ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ဘာဝနာဖြင့် ပယ်ခွါရမည်၊ ရလာထင်လာသော ကောင်းကင်ပညတ်ကို အာရုံပြုလျက် "အာကာသော အနန္တော, အာကာသော အနန္တော" ဟု နှုတ်ဖြင့် ရွတ်ဆို၍လည်း အားထုတ်နိုင်သည်၊ စိတ်ဖြင့်မှန်း၍ လည်းပွါးများ အားထုတ်နိုင်သည်၊ ဤသို့ပွါးများ အားထုတ်မှုကိုပင် "ပရိကမ်ပြုသည်" ဟု ဆိုသည်၊ ထိုသို့ အားထုတ်ယင်း ဘာဝနာအသားတက်၍ အဆင့်ဆင့်ရင့်ကာ **ဥပစာရ** ဘာဝနာ, အပ္ပနာဘာဝနာသို့ ရောက်ရ လေတော့သည်။

**၃၇။ တမေဝပထမာရုပ္ပဝိညာဏံ၊ ထိုပထမာရုပ္ပဝိညာဏ်ကိုပင်။ (အာရုဗ္ဘ၊ ၍။) အနန္တဝသေန၊ အဆုံးအပိုင်းအခြား မရှိသည်၏ အဖြစ်ဖြင့်။ ပရိကမ္မံ၊ ပရိကမ်ကို။ ကရောန္တဿ၊ ပြုလုပ်လင့်။ ဒုတိယာရုပ္ပံ၊ ဒုတိယာရုပ္ပ ဈာန်သည်။ အပ္ပေတိ၊ သက်ရောက်၏။**

**၃၈။ ပန၊ ကား။ တမေဝ ပထမာရုပ္ပဝိညာဏာဘာဝံ၊ ထို ပထမာရုပ္ပ ဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကိုပင်။ (အာရုဗ္ဘ၊ ၍။) နတ္ထိ ကိဉ္စီတိ၊ နတ္ထိ ကိဉ္စိဟူ၍။ ပရိကမ္မံ၊ ကို။ ကရောန္တဿ၊ ၏။ တတိယာရုပ္ပံ၊ တတိယာရုပ္ပဈာန်သည်။ အပ္ပေတိ၊ သက်ရောက်၏။**

**၃၉။ တတိယာရုပ္ပံ၊ တတိယာရုပ္ပဝိညာဏ်ကို။ (အာရုဗ္ဘ၊ ၍။) ဧတံ၊ ဤ တတိယာရုပ္ပဝိညာဏ်သည်။ သန္တံ၊ ငြိမ်သက်ပေစွ။ ဧတံ၊ ဤတတိယာရုပ္ပဝိညာဏ်သည်။ ပဏီတံ၊ မွန်မြတ်ပေစွ။ ဣတိ၊ ဤသို့။ ပရိကမ္မံ၊ ကို။ ကရောန္တဿ၊ ၏။ စတုတ္ထာရုပ္ပံ၊ စတုတ္ထာရုပ္ပဈာန်သည်။ အပ္ပေတိ၊ သက်ရောက်၏။**

**၄၀။ စ၊ အဖို့တပါးကား။ အဝသေသေသု၊ ကြွင်းကျန်ကုန်သော။ ဒသသု၊ ၁၀-ပါးကုန်သော။ ကမ္မဋ္ဌာနေသု၊ ကမ္မဋ္ဌာန်းတို့၌။ ဗုဒ္ဓဂုဏာဒိကံ၊**

---

ပထမာရုပ္ပဈာန်ကို ရပြီးသည့်နောက် ဒုတိယာရုပ္ပဈာန်ကို ရလိုပြန်လျှင် မိမိရထားသော ပထမာရုပ္ပဝိညာဏ်ကိုပင် အာရုံပြု၍ ''ဝိညာဏံ အနန္တံ၊ ဝိညာဏံ အနန္တံ'' ဟု ပရိကမ်ပြုသည့်အခါ ဒုတိယာရုပ္ပဈာန်ကို ရရှိပြန်တော့သည်။

၃၈ ။ဒုတိယာရုပ္ပဈာန်ကို ရပြီးသည့်နောက် တတိယာရုပ္ပဈာန်ကို ရလိုပြန်လျှင် ပထမာရုပ္ပဝိညာဏ်၏မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၍ ''နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ'' ဟု ပရိကမ်ပြုသည့်အခါ တတိယာရုပ္ပဈာန်ကို ရရှိပြန်တော့သည်။

၃၉။ တတိယာရုပ္ပဈာန်ကို ရပြီးသည့်နောက် စတုတ္ထာရုပ္ပဈာန်ကို ရလိုပြန်လျှင် မိမိရထားသော တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ ''သန္တံ ဧတံ၊ ပဏီတံ ဧတံ'' ဟုပရိကမ် ပြုသည့်အခါ စတုတ္ထာရုပ္ပဈာန်ကို ရရှိပြန်တော့သည်။

**အပ္ပနာသို့ မရောက်စေနိုင်သော ကမ္မဋ္ဌာန်းများ**

၄၀။ အပ္ပနာသို့ ရောက်စေနိုင်သော ကမ္မဋ္ဌာန်း ၃၀-တို့၏ ဘာဝနာနှင့် နိမိတ်တို့ကို ပြပြီးပါပြီ၊ အပ္ပနာသို့ မရောက်စေနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါး တို့၏ ဘာဝနာနှင့် နိမိတ်တို့ကို မပြရသေးပါ၊ ကြွင်းကျန်နေပါသေးသည်။

**ဘုရားဂုဏ်တော်အစရှိသော။ အာရမဏံ၊ အာရုံကို။ အာရဗ္ဘ၊ အစရုံပြု၍။ ပရိကမ္မံ၊ ပရိကမ်ကို။ ကတွာ၊ ပြု၍။ တသ္မိံ နိမိတ္တေ၊ ထို ဘုရားဂုဏ်တော် အစရှိသော အာရုံကို။ သာဓုကံ၊ ကောင်းစွာ။ ဥဂ္ဂဟိတေ၊ ယူအပ်သည် ရှိသော်။ တတ္ထေဝ၊ ထိုဘုရားဂုဏ်တော်အစရှိသော အာရုံ၌ပင်လျှင်။ ပရိကမ္မဉ္စ၊ ပရိကမ် ဘာဝနာသည်လည်း။ သမာဓိယတိ၊ ကောင်းစွာတည် ကြည်၏။ ဥပစာရော စ၊ ဥပစာရဘာဝနာသည်လည်း။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။**

**၄၁။ ပန၊ ဆက်ဦးအံ့။ အဘိညာဝသေန၊ အဘိညာဉ်၏ အစွမ်းဖြင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ ရူပါဝစရပဉ္စမဇ္ဈာနံ၊ ရူပါဝစရပဉ္စမစျာန်သည်။ အဘိညာပါဒကပဉ္စမဇ္ဈာနာ၊ အဘိညာဉ်၏ အခြေခံဖြစ်သော ပဉ္စမ စျာန်မှ။ ဝုဋ္ဌဟိတွာ၊ ထပြီး၍။ အဓိဋ္ဌေယျာဒိကံ၊ အဓိဋ္ဌာန်အပ်သော အာရုံအစရှိသည်ကို။ အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ ပရိကမ္မံ၊ ပရိကမ်ကို။ ကရောန္တဿ၊ ပြုသောပုဂ္ဂိုလ်၏။ ရူပါဒီသု၊ ရူပါရုံ အစရှိကုန်သော။ အာရမဏေသု၊ အာရုံတို့၌။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ အပ္ပေတိ၊ သက်ရောက်၏။**

---

ထိုကမ္မဋ္ဌာန်း ၁၀-ပါးတို့တွင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော သူသည် အရဟံဂုဏ်တော်ကို စီးဖြန်းပွါးများလိုလျှင် ထို အရဟံဂုဏ်တော်ကို အာရုံပြု၍ "ဣတိပိ သော ဘဂဝါ အရဟံ" ဟု ပရိကမ်ပြုရမည်၊ ဂုဏ်တော် သည် "ပရိကမ္မနိမိတ်" မည်၏၊ ပွါးများအားထုတ်မှုသည် "ပရိကမ္မ ဘာဝနာ" မည်၏။

ထို ဂုဏ်တော်အာရုံကို ကောင်းစွာယူမိလျှင် "ဥဂ္ဂဟနိမိတ် ထင်လာပြီ" ဟု ဆိုသင့်ပါသည်၊ ထိုသို့ ဥဂ္ဂဟနိမိတ် ထင်လာသည့်အခါမှာ ပရိကမ္မဘာဝနာလည်း တည်ကြည်လာပါပြီ၊ ထိုထက် သမာဓိ ရလာသောအခါ နီဝရဏ ကိလေသာများလည်း ကင်းကွာနေပါပြီ၊ ဥပစာရ ဘာဝနာ အဆင့်အတန်းသို့ ရောက်ရှိလာပါပြီ၊ ထိုထက် တိုးတက်၍ကား အပ္ပနာ ဘာဝနာ မဖြစ်နိုင်ပါ၊ ဤ၌ သဒိသူပစာ အားဖြင့်သာ "ဥပစာရ ဘာဝနာ" ဟု ဆိုရပါသည်။

'ဗုဒ္ဓဂုဏာဒိကံ' ၌ 'အာဒိ' သဒ္ဒါဖြင့် တရားဂုဏ်တော်စသော ကျန် ကမ္မဋ္ဌာန်း ၉-ပါးကို ယူပါ။

**အဘိညာဉ်**

၄၁။ အထူးအားဖြင့် သိတတ်သော ရူပါဝစရ ကုသိုလ်၊ ကြိယာ ပဉ္စမ စျာန်မှာယှဉ်သောဉာဏ်ကို "အဘိညာဉ်" ဟုခေါ်သည်၊ ထိုဉာဏ်နှင့် ယှဉ်သော ကြောင့် ပဉ္စမ စျာန်ကိုလည်း "အဘိညာဉ်" ဟုပင် ခေါ်ရသည်။

**၄၂။ စ၊ ဆက်ဦးအံ့။ အဘိညာ နာမ၊ အဘိညာဉ်မည်သည်။ ဣဒ္ဓိဝိဓံ၊ ဣဒ္ဓိဝိဓအဘိညာဉ်ရင်း။ ဒိဗ္ဗသောတံ၊ ဒိဗ္ဗသောတအဘိညာဉ်ရင်း။ ပရစိတ္တဝိဇာနနာ၊ ပရစိတ္တဝိဇာနနအဘိညာဉ်ရင်း။ ပုဗ္ဗေနိဝါသာနုဿတိ၊ ပုဗ္ဗေနိ-**

---

ပါရမီထူး ရှိသူများကား မဂ်ကိုရရုံ, ပဉ္စမစျာန်ကို ရရုံမျှဖြင့်ပင် အဘိ-ညာဉ်ကို ရနိုင်ကြသည်၊ ယင်းသို့ ပါရမီရှိသူများ မဟုတ်ပါလျှင် သမာပတ် ၈-ပါး (စျာန် ၉-ပါး) ကို ရအောင် အားထုတ်ရသည်၊ ယင်း သမာပတ်များကို ကသိုဏ်း ၁၀-ပါးဝယ် အမျိုးမျိုး အဖုံဖုံ အစုန်အဆန် ပြန်လှန်ခုန်ကျော်လျက် ဝသီဘော်မြောက်အောင် သွက်သွက်ကြီး လေ့လာ ထားရသည်၊ မိမိစိတ်ကို နူးညံ့အောင် ပြုပြင်ထားရသည်၊ ဤသို့ လေ့လာထားမှသာ အဘိညာဉ်ကို ပြည့်စုံစေနိုင်သည်။

[ပါဒကစျာန်, အဓိဋ္ဌာန်နှင့်, တဖန်ပါဒက, ဖြစ်ပြီးမှ, ကျတုံအဘိညာ။] ဟူသည်နှင့်အညီ ဆိုခဲ့ပြီးသည့်အတိုင်း စိတ်ကိုဆုံးမ၍ အဘိညာဉ်တခုခုကို ဖြစ်စေလိုလျှင် ရှေးဦးစွာ အဘိညာဉ်၏ အခြေခံဖြစ်သော ရူပါဝစရ ပဉ္စမစျာန်ကို ဝင်စားရသည်။

ထို ပဉ္စမ စျာန်မှ ထပြီးနောက် အဘိညာဉ်ဆိုင်ရာ အဓိဋ္ဌာန်အပ်သော အာရုံတခုခုကို မှန်း၍ ''သတံ ဟောမိ၊ သဟဿံ ဟောမိ'' စသည်ဖြင့် ပရိကမ်ပြုသော ကာမဇော မနောဒွါရ ဝီထိဖြစ်သည်၊ ထိုဝီထိကို အဓိဋ္ဌာန်ပြုသော ဝီထိဖြစ်၍ ''အဓိဋ္ဌာနဝီထိ'' ဟုလည်း ခေါ်သည်။

ထို့နောက် ကသိုဏ်းတပါးပါးကို အာရုံပြု၍ ရူပါဝစရ ပဉ္စမစျာန်ကို ဝင်စားသော သမာပဇ္ဇနဝီထိ ဖြစ်ပြန်သည်၊ ထိုဝီထိသည်လည်း အဘိညာဉ်၏ အခြေခံဖြစ်သော ပါဒကစျာနဝီထိပင်ဖြစ်သည်။(ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ ပါဒကစျာန ဝီထိကို မပြဆိုခဲ့ပါ။)

ထို့နောက် ပရိကမ်ပြုအပ်ပြီးသော 'သတ, သဟဿနိမ္မိတ' စသော ဆိုင်ရာ အာရုံတခုခုကိုအာရုံပြု၍ ရူပါဝစရ ပဉ္စမစျာန်စိတ်သည် ''အဘိညာဉ်'' ဟူသောအမည်ဖြင့် အပ္ပနာသို့ ရောက်သည်။

### အဘိညာဉ်အပြား

၄၂။ ယင်းအဘိညာဉ်သည်—

၁။ ဣဒ္ဓိဝိဓ=တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော အဘိညာဉ်၊

၂။ ဒိဗ္ဗသောတ= နတ်တို့၏ သောတပသာဒကဲ့သို့ ဝေးသော အသံ, တိုးသော အသံကိုလည်း ကြားနိုင်သော အဘိညာဉ်၊

၃။ ပရစိတ္တဝိဇာနနာ=သူများစိတ်ကို သိနိုင်သော အဘိညာဉ်၊

**ဝါသာနုဿတိအဘိညာဉ်ရင်း။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရင်း။ ဣတိ၊ ဤသို့။ ပဉ္စဓာ၊ ၅-ပါးပြား၏။**

**အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤ ကမ္မဋ္ဌာနသင်္ဂဟ၌။ ဂေါစရဘေဒေါ၊ ဂေါစရဘေဒတည်း။**

**စ၊ နိဂုံးကား။ သမထကမ္မဋ္ဌာနနယော၊ သမထကမ္မဋ္ဌာန်းနည်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

---

၄။ ပုဗ္ဗေနိဝါသာနုဿတိ=ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့သမျှ အကြောင်းကို ပြန်ပြောင်း၍ အောက်မေ့နိုင်သော အဘိညာဉ်၊

၅။ ဒိဗ္ဗစက္ခု=နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးသောအဆင်းကို လည်း မြင်နိုင်သော အဘိညာဉ်။

ဤသို့ ၅-ပါးပြားသည်။

၁—ဒိဗ္ဗစက္ခု၊ ၂—ဒိဗ္ဗသောတ၊ ၃—ဣဒ္ဓိဝိဓ၊ ၄—ပရစိတ္တ ဝိဇာနနာ၊ ၅—ပုဗ္ဗေနိဝါသာနုဿတိ၊

၆။ ယထာကမ္မူပဂ=ကံအားလျော်စွာ ထိုထိုဘုံ၌ ဖြစ်ရသူများကို မြင်နိုင် သော အဘိညာဉ်၊

၇။ အနာဂတံသ=နောင်အနာဂတ်၌ ဖြစ်မည့် အကြောင်းအရာများကို သိမြင်နိုင်သော အဘိညာဉ်၊

ဤသို့ ပဋ္ဌာန်း ပါဠိတော် စသည်တို့မှာ အဘိညာဉ် ၇-ပါး ခွဲခြား ဟော ထားပါသည်။

ယင်း ၇-ပါးတို့တွင် ယထာ ကမ္မူပဂနှင့် အနာဂတံသတို့ကို ဒိဗ္ဗစက္ခုနှင့် မကင်းသောကြောင့် ဒိဗ္ဗစက္ခု၌ ပေါင်းယူ ထည့်သွင်းထား၍ အဘိညာဉ် ၅-ပါး ဖြစ်လာရပါသည်။

ယင်း ၅-ပါးတွင် အာသဝက္ခယ အဘိညာဉ်ကို ထည့်စွက်ပါက အဘိ- ညာဉ် ၆-ပါးဖြစ်လာရပြန်သည်။ (အာသဝေါ တရားတို့ကို ကုန်ခန်းစေနိုင် သော အရဟတ္တ မဂ်ဉာဏ်ကို "အာသဝက္ခယ အဘိညာဉ်"ဟု ခေါ်သည်။)

**ဆောင်။** ။စက် သောတ၊ ဣဒ် ပရ ပုဗ် ယထာ၊
နာဂတံ—ပေါင်းခုနစ်ငယ်၊ တွက်စစ်ဘိညာ၊
ငါးပါးဖြစ်—စက္ခုမှာ၊ ယထာ နာ—ထည့်ထား၊
ယင်းငါးမှာ—အာသဝက်ကို၊ ထည့်စွက် ခြောက်ပါး။

## ဝိပဿနာကမ္မဋ္ဌာန်းနည်း

**၄၃။ ပန၊ ကား။ ဝိပဿနာကမ္မဋ္ဌာနေ၊ ဝိပဿနာကမ္မဋ္ဌာန်း၌။ သီလဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိရင်း။ စိတ္တဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိရင်း။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ရင်း။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ရင်း။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ရင်း။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ရင်း။ ဉာဏဒဿနဝိသုဒ္ဓိ စ၊ ရင်း။ ဣတိ၊ ဤသို့။ သတ္တဝိဓေန၊ ၇-ပါးအပြားအားဖြင့်။ ဝိသုဒ္ဓိသင်္ဂဟော၊ ဝိသုဒ္ဓိသင်္ဂဟကို။ ဝေဒိတဗ္ဗော၊ သိထိုက်၏။**

**၄၄။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာရင်း။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာရင်း။ အနတ္တလက္ခဏံ စ၊ အနတ္တလက္ခဏာရင်း။ ဣတိ၊ ဤသို့။ တီဏိ၊ ကုန်သော။ လက္ခဏာနိ၊ လက္ခဏာတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။**

**၄၅။ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာရင်း။ ဒုက္ခာနုပဿနာ၊ ရင်း။ အနတ္တာနုပဿနာ စ၊ ရင်း။ ဣတိ၊ သို့။ တိဿော၊ ၃-ပါးကုန်သော။ အနုပဿနာ၊ အနုပဿနာတို့ကို။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။**

**၄၆။ သမ္မသနဉာဏံ၊ သမ္မသနဉာဏ်ရင်း။ ဥဒယဗ္ဗယဉာဏံ၊ ရင်း။ ဘင်္ဂဉာဏံ၊ ရင်း။ ဘယဉာဏံ၊ ရင်း။ အာဒီနဝဉာဏံ၊ ရင်း။ နိဗ္ဗိဒါဉာဏံ၊ ရင်း။ မုစ္စိတုကမျတာဉာဏံ၊ ရင်း။ ပဋိသင်္ခါဉာဏံ၊ ရင်း။ သင်္ခါရုပေက္ခာဉာဏံ၊ ရင်း။ အနုလောမဉာဏံ စ၊ ရင်း။ ဣတိ၊ သို့။ ဒသ၊ ၁၀-ပါးကုန်သော။ ဝိပဿနာဉာဏာနိ၊ ဝိပဿနာဉာဏ်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။**

---

**ဝိပဿနာနည်းဝယ် သိမှတ်ဖွယ်**

ဤ ဝိပဿနာကမ္မဋ္ဌာန်းနည်း၌ ဝိသုဒ္ဓိ ၇-ပါး၊ လက္ခဏာ ၃-ပါး၊ အနုပဿနာ ၃-ပါး၊ ဝိပဿနာဉာဏ် ၁၀-ပါး၊ ဝိမောက္ခ ၃-ပါး၊ ဝိမောက္ခမုခ ၃-ပါး၊ ဤ ၆-မျိုးကို ဦးစွာ ကြိုတင် နားလည် ထားသင့်သည်။

**ဝိသုဒ္ဓိ။** ။ထိုတွင် အထူး စင်ကြယ်သောတရားကို ''ဝိသုဒ္ဓိ''ဟု ခေါ်သည်၊ သရုပ်မျှကိုသာ ရေတွက် မှတ်သားထားပါဦး၊ နောက်၌ အကျယ် ပြပါလိမ့်မည်။

**လက္ခဏာ။** ။သင်္ခါရတရားတို့၏ အမှတ်အသားကို''လက္ခဏာ''ဟု ခေါ်သည်၊ ယင်း ၃-ပါးကိုပင် လှေယာဉ်, လှည်းယာဉ်အလား နိဗ္ဗာန်သို့ သွားကြောင်း ဖြစ်သောကြောင့် ''လက္ခဏတ္တယ—လက္ခဏာယာဉ် ၃-ပါး'' ဟုလည်း ခေါ်ကြသည်။

၄၇။ သုညတော၊ သုညတမည်သော။ ဝိမောက္ခော၊ ဝိမောက္ခရင်း။ အနိမိတ္တော၊ မည်သော။ ဝိမောက္ခော၊ ရင်း။ အပ္ပဏိဟိတော၊ မည်သော။ ဝိမောက္ခော စ၊ ရင်း။ ဣတိ၊ သို့။ တယော၊ ၃-ပါးကုန်သော။ ဝိမောက္ခာ၊ ဝိမောက္ခတို့ကို။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။

၄၈။ သုညတာနုပဿနာ၊ သုညတာနုပဿနာရင်း။ အနိမိတ္တာနုပဿနာ၊ ရင်း။ အပ္ပဏိဟိတာနုပဿနာ စ၊ ရင်း။ ဣတိ၊ သို့။ တီဏိ၊ ၃-ပါးကုန်သော။ ဝိမောက္ခမုခါနိ စ၊ ဝိမောက္ခမုခတို့ကိုလည်း။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။

## ဝိသုဒ္ဓိဘေဒ

၄၉။ ကထံ၊ အဘယ်သို့ သိအပ်ကုန်သနည်း။

ပါတိမောက္ခသံဝရသီလံ၊ ပါတိမောက္ခသံဝရသီလရင်း။ ဣန္ဒြိယသံဝရသီလံ၊ ရင်း။ အာဇီဝပါရိသုဒ္ဓိသီလံ၊ ရင်း။ ပစ္စယသန္နိဿိတသီလဉ္စ၊ ရင်း။ ဣတိ၊ သို့။ စတုပါရိသုဒ္ဓိသီလံ၊ စတုပါရိသုဒ္ဓိသီလသည်။ သီလဝိသုဒ္ဓိ နာမ၊ သီလဝိသုဒ္ဓိမည်၏။

---

**အနုပဿနာ**။ ။သင်္ခါရတရားတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု အဖန်ဖန်ရှုတတ်သော ဉာဏ်ကို "အနုပဿနာ" ဟု ခေါ်သည်၊ ဝိပဿနာဉာဏ်ပင်တည်း။

**ဝိပဿနာဉာဏ်**။ ။ဆိုခဲ့ပြီးသော အနုပဿနာဉာဏ်သည်ပင်လျှင် 'သမ္မသနဉာဏ်' စသည်ဖြင့် ၁၀-ပါးပြားပြန်သည်၊ ဤ ၁၀-ပါးကိုပင် "ဝိပဿနာဉာဏ် ၁၀-ပါး"ဟုခေါ်သည်။

**ဝိမောက္ခ**။ ။ကိလေသာတို့မှ လွတ်သော မဂ်တရား,ဖိုလ်တရားကို "ဝိမောက္ခ" ဟု ခေါ်သည်။

**ဝိမောက္ခမုခ**။ ။ဝိမောက္ခအမည်ရသော မဂ်,ဖိုလ်သို့ ဝင်ရောက်ဖို့ရာတံခါးဂိတ်ဝအလား အဝင်ဝဖြစ်သော ဝိပဿနာ တရားသည် "ဝိမောက္ခမုခ" မည်၏၊ ဤ၌ မုခသဒ္ဒါသည် "အဝင်ဝ" ဟူသောအနက်ကို ဟောသည်။

**၁**။ **သီလဝိသုဒ္ဓိ**

၄၉။ ဝိနည်းပိဋကတ်၌ ပညတ်ထားသမျှသော သိက္ခာပုဒ်သီလဟူသမျှကို စောင့်ရှောက်ထိန်းသိမ်းခြင်းသည် "ပါတိမောက္ခသံဝရသီလ" မည်၏။

**၅၀။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိဝင်း။ အပ္ပနာသမာဓိ စ၊အပ္ပနာသမာဓိဝင်း။ ဣတိ၊ သို့။ ဒုဝိဓောပိ၊ ၂-ပါးအပြားရှိသည်လည်းဖြစ်သော။ သမာဓိ၊ သမာဓိသည်။ စိတ္တဝိသုဒ္ဓိ နာမ၊ စိတ္တဝိသုဒ္ဓိမည်၏။**

**၅၁။ လက္ခဏရသပစ္စုပဋ္ဌာနဝသေန၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့၏ အစွမ်းဖြင့်။ နာမရူပပရိဂ္ဂဟော၊ နာမ်ရုပ်တို့ကို ပိုင်းခြား၍ယူနိုင်ခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။**

---

"စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန" ၆-ဝသော ဣန္ဒြေတို့ကို အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းသည် "ဣန္ဒြိယသံဝရသီလ"မည်၏။

"ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး"ပစ္စည်း ၄-ပါးတို့ကို မအပ်မစပ် မတရားသောနည်းဖြင့် မရှာဖွေပဲ အပ်စပ်သောနည်း တရားသောနည်းဖြင့် သာလျှင် ရှာဖွေသုံးဆောင်မှုသည် "အာဇီဝပါရိသုဒ္ဓိသီလ"မည်၏။

တရားသောနည်းလမ်းဖြင့် ရလာသော ပစ္စည်း ၄-ပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲမှုသည် "ပစ္စယသန္နိဿိတသီလ"မည်၏။

ဤ ၄-ပါးကို "စတုပါရိသုဒ္ဓိသီလ" ဟု ခေါ်သည်၊ "ထက်ဝန်းကျင်မှ စင်ကြယ်သော သီလ ၄-မျိုး"ဟုဆိုလိုသည်၊ ရဟန်းတော်များမှာ ဤသီလ ၄-မျိုးလုံး လုံခြုံမှသာ သီလဝိသုဒ္ဓိ ဖြစ်သည်၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်တော့မည်ဆိုလျှင် လူဝတ်ကြောင် စသည်တို့မှာလည်း မိမိတို့ဆိုင်ရာ သီလ ၄-မျိုး စင်ကြယ်ရမည်ပင်။

## ၂။ စိတ္တဝိသုဒ္ဓိ

၅၀။ သမထကမ္မဋ္ဌာန်းနည်း၌ ပြခဲ့သော ဥပစာရဘာဝနာကို "ဥပစာရသမာဓိ"ဟု ခေါ်သည်၊ အပ္ပနာဘာဝနာကို "အပ္ပနာသမာဓိ"ဟု ခေါ်သည်၊ ထိုဥပစာရဘာဝနာ, အပ္ပနာဘာဝနာသို့ ရောက်သောစိတ်အစဉ်သည် နီဝရဏ ကိလေသာအနှောက်အယှက်တို့မှကင်းဝေး၏၊သန့်ရှင်းစင်ကြယ်၏၊ ထို့ကြောင့်ပင် "စိတ္တဝိသုဒ္ဓိ" ဟူသောအမည်ကို ရရှိလေတော့သည်။

## ၃။ ဒိဋ္ဌိဝိသုဒ္ဓိ

ကမ္မဋ္ဌာန်းကို ရှုမှတ်နေသော ပုဂ္ဂိုလ်၏ ပင်ကိုယ်သဘော (လက္ခဏာ) အားဖြင့်ဖြစ်စေ စွမ်းအင်သတ္တိကိစ္စ (ရသ) အားဖြင့် ဖြစ်စေ ရှုမှတ်သူ၏ အသိဉာဏ်ထဲမှာ ပေါ်လွင်ထင်ရှားလာပုံအမူအရာ (ပစ္စုပဋ္ဌာန်)အားဖြင့် ဖြစ်စေ နာမ်ရုပ်တို့ကို အမှန်အတိုင်းသိမြင်မှုကို "နာမရူပပရိစ္ဆေဒဉာဏ်" ဟု ခေါ်သည်၊ ထိုဉာဏ်သည်ပင်လျှင် အတ္တဒိဋ္ဌိအညစ်အကြေးမှ သန့်ရှင်းစင်ကြယ်သောကြောင့် "ဒိဋ္ဌိဝိသုဒ္ဓိ"လည်း မည်သည်။

**၅၂။ စ၊ အဖွိတပါ။ကား။ တေသမေဝနာမရူပါနံ၊ ထိုနာမ်ရုပ်တို့၏ ပင်လျှင်။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းကို ပိုင်းခြား၍ ယူနိုင်ခြင်းသည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။**

**၅၃။ ပန၊ ကား။ တတော၊ ထိုကင်္ခါဝိတရဏဝိသုဒ္ဓိမှ။ ပရံ၊ နောက်၌။ တထာ၊ ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်။ ပရိဂ္ဂဟိတေသု၊ ပိုင်းခြား၍ယူအပ်ကုန်ပြီးသော။ သပ္ပစ္စယေသု၊ အကြောင်းနှင့်တကွဖြစ်ကုန်သော။ အတီတာဒိဘေဒဘိန္နေသု၊ အတိတ်အစရှိသော**

ဒိဋ္ဌိဝိသုဒ္ဓိကို ပြဆိုသောအရာ၌ သင်္ဂြိုဟ်ပါဠိတိုင်းမှာပင် ''လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာန ဝသေန'' ဟု ပဒဋ္ဌာန်ပုဒ်ပါလျက်ရှိသည်၊ လိုမည်မထင် အဘယ့်ကြောင့်နည်းဟူမူ ဒိဋ္ဌိဝိသုဒ္ဓိ၏ အရာ၌ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်၊ တို့၏ အစွမ်းအားဖြင့်သာ နာမ်ရုပ်တို့ကို သိမ်းဆည်းသင့်သည်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအရာ၌ ပဒဋ္ဌာန်၏အစွမ်းအားဖြင့် နာမ်ရုပ်တို့ကို သိမ်းဆည်းသင့်သည်၊ ထို့ကြောင့် လိုမည်မထင်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ ''တေသမေဝစနာမရူပါနံ ပစ္စယပရိဂ္ဂဟော'' ပါဌ်ဖြင့် နာမ်ရုပ်ကို ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းသော အရာကိုပြသည်၊ ဆင်ခြင်ကြပါ၊ သင့်မူ ယူရာ၏၊ မသင့်မူ စွန့်ရာ၏။

ဤကား တလုတ်မြို့နယ် ချောင်းဒေါင်းရွာနေ သုဓမ္မာလင်္ကာရာဘိဝံ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့အမည်ရှိသော ထေရ် ၁၂၀၆-ခုနှစ် ရေးသား စီရင်အပ်သော သင်္ဂြိုဟ်နိဿယမူသစ် (သံ-ကျော)၌ လာသော အဆုံး အဖြတ်တည်း။

## ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

၅၂။ ကမ္မဋ္ဌာန်းရှုမှတ်ခိုက်မှာပင် နာမ်,ရုပ်တို့၏ အကြောင်းကို ထိုက်သည်အားလျော်စွာ တွေ့မြင်၍ ''အကြောင်း နာမ်,ရုပ်ကြောင့် အကျိုး နာမ်,ရုပ်မျှသာ ဖြစ်ပေါ်နေသည်''ဟု ဆုံးဖြတ်နိုင်သော ဉာဏ်သည်''ပစ္စယ-ပရိဂ္ဂဟဉာဏ်'' မည်သည်၊ ဤဉာဏ်သည်ပင်လျှင် 'ငါဟာရှေးက ဖြစ်မှ ဖြစ်ဘူးခဲ့ရဲ့လား' စသော ၁၆-ပါးသော ယုံမှားမှု, 'အလုံးစုံကို သိနိုင်တဲ့ ဘုရားဆိုတာ ရှိမှရှိနိုင်ပါ့မလား' စသော ၈-ပါးသော ယုံမှားမှုတို့ကို လွန်မြောက်ပယ်ခွါနိုင်သောကြောင့် ''ကင်္ခါဝိတရဏဝိသုဒ္ဓိ''လည်းမည်သည်။

## ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

၅၃။ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပြီးသည့်နောက် ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ပိုင်းခြား၍ သိမြင်ပြီးသော နာမ်တရား, ရုပ်တရား ကင်္ခါဝိတရဏသုဒ္ဓိဖြင့် ဖြစ်ကြောင်း ကုန်စင်သိမြင်ပြီးသော နာမ်တရား, ရုပ်တရားတို့သည် 'အတိတ်, အနာဂတ်,

**အပြားအားဖြင့် ပြားကုန်သော။ တေဘူမကသင်္ခါရေသု၊ တေဘူမကသင်္ခါရတို့၌။ ခန္ဓာဒိနယံ၊ ခန္ဓာအစရှိသောနည်းကို။ အာရဗ္ဘ၊ အစွဲပြု၍။ ကလာပဝသေန၊ အပေါင်း၏ အစွမ်းဖြင့်။ သံခိပိတွာ၊ ချုံး၍။ ခယဋ္ဌေန၊ ကုန်ခန်းခြင်းအနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စတည်း။ ဘယဋ္ဌေန၊ ကြောက်ဖွယ်မှဟေး ဘေးဟူသောအနက်သဘောကြောင့်။ဒုက္ခံ၊ဒုက္ခတည်း။ အသာရကဋ္ဌေန၊ အတ္တအနှစ် မရှိသည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်။အနတ္တာ၊ အတ္တမဟုတ်။ ဣတိ၊ သို့။ အဒ္ဓါဝသေန၊ ကာလနှင့်**

---

ပစ္စုပ္ပန်’ စသည်ဖြင့် ၁၁-ပါးကွဲပြားသည်၊ ထိုနာမ်တရား, ရုပ်တရားတို့သည် သင်္ခါရတရားများပင် ဖြစ်သည်၊ ဝိပဿနာရှုသည့်အခါမှာလည်း မိမိတို့ တွေ့ကြုံဆဲဖြစ်သော ထို တေဘူမက လောကီသင်္ခါရတရားတို့ကိုသာ ရှုနိုင်ပါသည်၊ ယင်းသို့ရှုသည့် အခါမှာလည်း ‘ခန္ဓာ ၅-ပါး, ဒွါရ ၆-ပါး, အာရုံ ၆-ပါး’’ စသည်ကို အစွဲပြု၍—

၁။ ကလာပသမ္မသနနည်း=ခန္ဓာတခုခုကို အပေါင်းပြု၍ သုံးသပ်ခြင်း၊

၂။ အဒ္ဓါသမ္မသနနည်း—အတိတ်ဘဝ၌ဖြစ်သော ရုပ်ခန္ဓာ, ပစ္စုပ္ပန်ဘဝ၌ ဖြစ်သောရုပ်ခန္ဓာစသည်ဖြင့် ဘဝခွဲခြား၍ သုံးသပ်ခြင်း၊

၃။ သန္တတိသမ္မသနနည်း= အအေးရုပ်အစဉ်, အပူရုပ်အစဉ် စသည်ဖြင့် တဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲ၍ သုံးသပ်ခြင်း၊

၄။ ခဏသမ္မသနနည်း=ရုပ်အစဉ်တမျိုးတည်း၌ပင်လျှင် ‘‘ဥပါဒ်, ဌီ, ဘင်’’ ဟူသော လက္ခဏာအားဖြင့် သုံးသပ်ခြင်း၊

ဤနည်း ၄-ပါးဖြင့် အစဉ်အတိုင်းရှုရမည်၊ လက္ခဏာထင်အောင် ဆင်ခြင် သုံးသပ်ရမည်၊ ယင်းသို့ ဆင်ခြင်သုံးသပ်သော စိတ်အစဉ်မှာ ဉာဏ်နှင့်ယှဉ် လျက်ရှိသည်၊ ထိုဉာဏ်ကိုပင် ‘‘သမ္မသနဉာဏ်’’ ဟု ခေါ်သည်၊ အကျယ်ပြ ပါဦးမည်။—

**၁။ ကလာပသမ္မသန**

သဗ္ဗံ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန၊ (ပ) သဗ္ဗံ ဝိညာဏံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ရုပ်မှန်သမျှ ကုန်ခန်းပျက်စီးခြင်း သဘောရှိတဲ့အတွက် မမြဲပါတကား၊ ကြောက်မက်ဖွယ် သဘောရှိတဲ့အတွက် ဒုက္ခချည်းပါတကား၊ အနှစ်သာရ မရှိတဲ့အတွက် အတ္တမဟုတ်ပါတကား။ (ပ) ဝိညာဏ်မှန်သမျှ (ပ) တကား။

**စပ်သဖြင့်ရင်း။ သန္တတိဝသေန၊ အစဉ်နှင့် စပ်သဖြင့်ရင်း။ ခဏဝသေန ဝါ၊ ခဏနှင့် စပ်သဖြင့်ရင်း။ သမ္မသနဉာဏေန၊ သမ္မသနဉာဏ်ဖြင့်။ လက္ခဏတ္တယံ၊ လက္ခဏာ ၃-ပါး အပေါင်းကို။ သမ္မသန္တဿ၊ သုံးသပ်သူလည်းဖြစ်သော။ တေသ္ဝေ၊ ထို တေဘူမကသင်္ခါရတို့၌ပင်။ ပစ္စယဝသေန၊ အကြောင်းနှင့် စပ်သဖြင့်ရင်း။ ခဏဝသေန၊ ခဏနှင့် စပ်သဖြင့်ရင်း။ ဥဒယဗ္ဗယဉာဏေန၊**

## ၂။ အဒ္ဓါသမ္မသန

ယံ အတီတေ ရူပံ၊ တံ ယသ္မာ အတီတေယေဝ ခီဏံ၊ နယိမံ ဘဝံ သမ္ပတ္တန္တိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ယံ အနာဂတံ အနန္တရဘဝေ နိဗ္ဗတ္တိဿတိ၊ တံပိ တတ္ထေဝ ခီယိဿတိ၊ န တတော ပရံ ဘဝံ ဂမိဿတိ၊ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ယံ ပစ္စုပ္ပန္နံ ရူပံ၊ တံပိ ဣဓေဝ ခီယတိ၊ န ဣတော ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ ဒ နတ္တာ အသာရကဋ္ဌေန။

အတိတ်ဘဝ၌ ဖြစ်သော ရုပ်သည် အတိတ်ဘဝ၌ပင် ချုပ်ခဲ့ပြီ၊ ဤပစ္စုပ္ပန် ဘဝသို့မရောက်၊ ထိုသို့ ကုန်ခန်းပျက်စီးခြင်း သဘောရှိတဲ့အတွက် အနိစ္စပါ တကား၊ ကြောက်မက်ဖွယ်သဘောရှိတဲ့အတွက် ဒုက္ခပါတကား၊ အနှစ်သာရ မရှိတဲ့အတွက် အနတ္တပါတကား။

## ၃။ သန္တတိသမ္မသန

အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့မရောက်၊ ဤသို့ ကုန်ခန်းပျက်စီး ခြင်းသဘောရှိတဲ့ အတွက် အနိစ္စပါတကား၊ ကြောက်ဖွယ် သဘောရှိတဲ့ အတွက် ဒုက္ခပါတကား၊ အနှစ်သာရမရှိတဲ့အတွက် အနတ္တပါတကား။

ထိုင်နေသောအခါဖြစ်သော ရုပ်အစဉ်သည် ထသောအခါဖြစ်သော ရုပ် အစဉ်သို့မရောက်၊ ဤသို့ (ပ)—

ပထမအရွယ်မှာဖြစ်သော ရုပ်အစဉ်သည် ဒုတိယအရွယ်မှာ ဖြစ်သော ရုပ်အစဉ်သို့မရောက်၊ ဤသို့ (ပ) အနတ္တပါတကား၊ ဤသို့စသည်ဖြင့် ဆင်ခြင်သုံးသပ်ရာ၏။

## ၄။ ခဏသမ္မသန

အတိတ်ခဏ၌ ဖြစ်သောရုပ်သည်အတိတ်ခဏ၌ပင် ချုပ်လေပြီ၊ ပစ္စုပ္ပန်ခဏ သို့မရောက်၊ ဤသို့ (ပ) အနတ္တပါတကား။

**ဥဒယဗ္ဗယဉာဏ်ဖြင့်။ ဥဒယဗ္ဗယံ၊ အဖြစ်, အပျက်ကို။ သမနုပဿန္တဿ စ၊ အဖန်ဖန် ကြည့်ရှုသူလည်းဖြစ်သော။ (ယောဂါဝစရ၊ ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်၌။)**

**ဩဘာသော၊ ကိုယ်ရောင် ကိုယ်ဝါဝင်း။ ပီတိ၊ နှစ်သက်ခြင်းဝင်း။ ပဿဒ္ဓိ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်းဝင်း။ အဓိမောက္ခော စ၊ သက်ဝင် ယုံကြည်သောသဒ္ဓါဝင်း။ ပဂ္ဂဟော၊ စိတ်ကို ချီးမြှောက်တတ်သော ဝီရိယ ဝင်း။ သုခံ၊ သုခဝေဒနာဝင်း။ ဉာဏံ၊ ထက်မြက်လျင်မြန် အမြင်သန်သော**

---

အတီတာဘဝင်စိတ်သည် ဘဝင်္ဂစလနသို့ မရောက်၊ ဤသို့ (ပ) အနတ္တပါ တကား၊ ဤသို့စသည်ဖြင့် ရုပ်ဝီထိ, နာမ်ဝီထိအစဉ်ကို ကြည့်၍ ပွါးများရာ၏။

ဤသို့ တေဘူမကသင်္ခါရ၌ 'ကလာပသမ္မသန' စသောနည်းဖြင့် ''အနိစ္စ' ဒုက္ခ, အနတ္တ'' ဟု သုံးသပ် ဆင်ခြင်တတ်သောဉာဏ်ကို ''သမ္မသနဉာဏ် ဟု ခေါ်သည်။

မျက်မှောက်သိရသော 'ဖြစ်ဆဲရုပ်, နာမ်' စသည်တို့၌ လက္ခဏာရေး ၃· ပါးကို သုံးသပ်ဆင်ခြင်၍ ယုံးမှားမရှိ ဆုံးဖြတ်နိုင်သောသူအား အနိစ္စ, ဒုက္ခ, အနတ္တသဘောကို စူးစမ်း ဆင်ခြင်ရန် အထူးကြောင့်ကြ မစိုက်တော့ပဲ ဖြစ်ခိုက် ဖြစ်ခိုက် နာမ်, ရုပ်ကို မှတ်ရုံသာမှတ်လျက် ''အစနှင့်အဆုံး'' ဟူသော အဖြစ် အပျက်ကို ရှင်းလင်းစွာ သိမြင်သော ဝိပဿနာပေက္ခာ ဖြစ်ပေါ်လာသည်၊ ထို အခါမှစ၍ ဖြစ်ခိုက် ပစ္စုပ္ပန်ရုပ်, နာမ်တို့၏ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာသည်။

ထို့ပြင်ယခုမှတ်သိ ဖြစ်ပျက်ခိုက်ရုပ်,နာမ်သည် မပေါ်လာမီက ဘယ်နေရာ မှာမျှ စုဝေးတည်နေခဲ့သည် မဟုတ်၊ ပျောက်ကွယ်သွားသော အခါမှာလည်း ဘယ်နေရာကိုမျှ ပြောင်းရွှေ့သွားသည် မဟုတ်၊ ပျောက်ကွယ် ပြီးသော အခါမှာလည်း ဘယ်နေရာမှာမျှ စုဝေးတည်နေတော့သည် မဟုတ်၊ အမှန်မှာ သူ့အကြောင်း အားလျော်စွာ သည်နေရာမှာပင်ပေါ်လာ၍ သည်နေရာမှာပင် လုံးလုံး ပျောက်ကွယ်သွားသည်၊ ဤသို့လည်း ဆုံးဖြတ်နိုင်သည်၊ သဘော ကျနိုင်သည်။

**ဝိပဿနုပက္ကိလေသ ၁၀**-ပါး။ ။ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်စ ရှေ့ပိုင်းကာလ၌-

၁။ ဩဘာသ=ကိုယ်ရောင်ကိုယ်ဝါ၊

၂။ ပီတိ=ဝိပဿနာဉာဏ်နှင့် ယှဉ်သော ပီတိ၊

၃။ ပဿဒ္ဓိ=ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ စေတသိက်၊

**ဝိပဿနာဉာဏ်ရင်း။ ဥပဋ္ဌာန်၊ အာရုံ၌ စွဲမြဲစွာတည်သော သတိရင်း။ ဥပေက္ခာ စ၊ တတြမဇ္ဈတ္တုပေက္ခာ အာဝဇ္ဇနုပေက္ခာရင်း။ နိကန္တိ စ၊ ဝိပဿနာကို နှစ်သက်မှု နူးညံ့သောတဏှာရင်း။**

**ဣတိ၊ ဤသို့။ ဩဘာသာဒိဝိပဿနုပက္ကိလေသပရိဗန္ဓပဋိဂ္ဂဟာဝသေန၊ ဩဘာသအစရှိသော ဝိပဿနာ၏ညစ်ညူးကြောင်းဘေးရန်တို့ကို ပိုင်းခြား၍ ယူခြင်း၏ အစွမ်းဖြင့်။ မဂ္ဂါမဂ္ဂလက္ခဏဝဝတ္ထာနံ၊ ဝိပဿနာ၏ လမ်းမှန် လမ်းမမှန် လက္ခဏာကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သောဉာဏ်သည်။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နာမ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။**

---

၄။ အဓိမောက္ခ=ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာသက်ဝင်ယုံကြည်သောသဒ္ဓါ၊
၅။ ပဂ္ဂဟ=ဝိပဿနာစိတ်ကို အားပေး ချီးမြှောက်ထောက်ပံ့ တတ်သော ဝီရိယ၊
၆။ သုခ=အလွန်ချမ်းမြသော သုခဝေဒနာ၊
၇။ ဉာဏ=သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်၊
၈။ ဥပဋ္ဌာန=ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိ၊
၉။ ဥပေက္ခာ=တတြမဇ္ဈတ္တုပေက္ခာ, အာဝဇ္ဇနုပေက္ခာ၊
၁၀။ နိကန္တိ=သိမ်မွေ့သော တဏှာ၊

ဤ ၁၀-ပါးသော ဝိပဿနာဉာဏ်၏ ညစ်နွမ်းကြောင်း ဘေးရန်အန္တရာယ်များဖြစ်ပေါ်လာတတ်သည်၊ ထိုတွင် ဩဘာသစသော ၉-ပါးတို့ကို "တဏှာ, မာန, ဒိဋ္ဌိ" ဟူသော ညစ်နွမ်းကြောင်းတို့၏ တည်ရာ ဖြစ်သောကြောင့်သာ (ဌာနျူပစာ, ဖလူပစာအားဖြင့်) "ဝိပဿနာ၏ ညစ်နွမ်းကြောင်း ဘေးရန်" ဟု ဆိုရသည်၊ အကုသိုလ် ဖြစ်သောကြောင့် ဆိုရသည်မဟုတ်ပါ၊ နိကန္တိမူကား ညစ်နွမ်းကြောင်းအစစ်လည်း ဖြစ်သည်၊ ညစ်နွမ်းကြောင်းတို့၏ တည်ရာလည်း ဖြစ်သည်။

ဤသို့ ဩဘာသ စသည်တို့ ဖြစ်ပေါ်လာသည့်အခါမှာ ပရိယတ် အခြေခံ မရှိသော အချို့ယောဂီသည် "ငါ့မှာ ဤကဲ့သို့ ရှေးက ကိုယ်ရောင် ကိုယ်ဝါများ တကြိမ်တခါမျှ မထွက်စဘူး၊ ယခုကိုယ်ရောင်ကိုယ်ဝါများထွက်ပေါ်လာခဲ့ပြီ၊ ဤ ကိုယ်ရောင်ကိုယ်ဝါကို ဖြစ်စေနိုင်သော စိတ်သည် မဂ်စိတ်, ဖိုလ်စိတ်ပင်ဖြစ်သည်၊ ငါမဂ်, ဖိုလ်ကို ရခဲ့ပြီ" ဟု ထင်မြင် ယူဆတတ်သည်၊ "မဂ်, ဖိုလ်ကို ရသည့် အတွက်ကြောင့်သာ ဤသို့ ထူးခြားစွာ ဖြစ်ပေါ်လာရသည်" ဟုလည်း ထင်မြင် ယူဆတတ်သည်။

ဤသို့ ထင်မြင်ယူဆသော ပုဂ္ဂိုလ်သည် ရှုမှတ်မှု ဝိပဿနာလမ်းစဉ်မှ လွဲချော်၍ သွားရလေတော့သည်၊ အထက်ဉာဏ်များ တရားထူးများကို ရအောင်

**၁၄။ ပန၊ ကား။ တထာ၊ ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်။ ပရိပန္ထဝိမုတ္တဿ၊ ဘေးရန်မှလွတ်ပြီးသော။ တဿ၊ ထို ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌။ ဥဒယဗ္ဗယဉာဏတော၊ ဥဒယဗ္ဗယဉာဏ်မှ။ ပဋ္ဌာယ၊ စ၍။**

ကြိုးကြိုးစားစား ရှုမှတ်မှုကို မပြုတော့ပါ၊ လုံ့ဝရှုမှတ်မှုကို မပြုပဲသော်လည်း နေတတ်သည်၊ ဖြစ်ပေါ်လာသော 'ကိုယ်ရောင်ကိုယ်ဝါ' စသည်တို့ကိုသာ တဏှာစွဲ, မာနစွဲ, ဒိဋ္ဌိစွဲတို့ဖြင့် စွဲလမ်း၍နေလေတော့သည်။

ပရိယတ်အခြေခံရှိသော အချို့ယောဂီမှုကား ဤ 'ကိုယ်ရောင်ကိုယ်ဝါ' စသည်တို့သည် ဝိပဿနာဉာဏ် ညစ်နွမ်းကြောင်း ဘေးရန်များ ဖြစ်သည်၊ မဂ်ဖိုလ်ကို ရသည့်အတွက် ဖြစ်ပေါ်လာသည်လည်း မဟုတ်၊ မဂ်ဖိုလ်လည်း မဟုတ်၊ ဤတရားများကို စဉ်းစားဆင်ခြင်၍နေခြင်းသည် ဝိပဿနာလမ်းမှန် မဟုတ်၊ ဤတရားများသည် ရှေးကမရှိပဲ ယခုမှသာ ဖြစ်ပေါ်လာကြသည်၊ ထို့ကြောင့် အမြဲမရှိသော တရားများသာ ဖြစ်သည်၊ ဆင်းရဲသောတရားများသာဖြစ်သည်၊ အတ္တမဟုတ်သော တရားများသာဖြစ်သည်၊ ရှုမှတ်ရမည့်တရားချည်းသာဖြစ်သည်၊ ပေါ်တိုင်း ပေါ်တိုင်းကို ထင်ရှားရှိသည့်အခိုက်မှာ ရှုမှတ်ခြင်းကသာ ဝိပဿနာလမ်းမှန် ဖြစ်သည်၊ ဤသို့ ဆင်ခြင်ဆုံးဖြတ်နိုင်သည်၊ ပေါ်လာတိုင်းသော ရုပ်, နာမ် အမူအရာများကို ရှုမှတ်လျက်သာ နေတော့သည်၊ 'ကိုယ်ရောင်ကိုယ်ဝါ' စသည်တို့ကို မစဉ်းစား မဆင်ခြင်တော့ပါ။

ဤသို့ ရှုမှတ်မှုကိုသာ အလေးဂရုပြု၍ မပြတ်မလပ်ရှုမှတ်နေသော ပုဂ္ဂိုလ်မှာ နာမ်,ရုပ်တို့၏ ဖြစ်ပျက်မှုသည် အထူးသန့်ရှင်းစင်ကြယ်စွာ ထင်ပေါ်လာသည်၊ လက္ခဏာ ၃-ပါးလည်း အထူးသန့်ရှင်းစင်ကြယ်စွာ ထင်ပေါ်လာသည်။

ဤသို့လျှင် ''ကိုယ်ရောင်ကိုယ်ဝါ စသည်တို့သည် မဂ်,ဖိုလ် မဟုတ်၊ မဂ်, ဖိုလ်ကြောင့် ဖြစ်ပေါ်လာကြသည်လည်း မဟုတ်၊ ဤ'ကိုယ်ရောင်ကိုယ်ဝါ' စသည်တို့ကို စဉ်းစားဆင်ခြင်မှုသည်လည်း ဝိပဿနာလမ်းမှန် မဟုတ်၊ ပေါ်လာသမျှသော ရုပ်နာမ်တို့ကို ထင်ရှားရှိခိုက်မှာ မပြတ်မလပ် ရှုမှတ်ခြင်းကသာ ဝိပဿနာလမ်းမှန်ဖြစ်သည်''ဟု ဆင်ခြင်ဆုံးဖြတ်နိုင်သောဉာဏ်သည်''မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ''မည်၏။

**၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**

၁၄။ **ဆိုခဲ့ပြီး**သည့်အတိုင်း ဝိပဿနာဉာဏ်၏ ညစ်နွမ်းကြောင်း ဘေးရန်**တို့မှ လွတ်ပြီးသော** ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်မှစ၍ အစဉ်အတိုင်း

ယာဝ နုလောမာ၊ အနုလောမဉာဏ်တိုင်အောင်။ တိလက္ခဏံ၊ လက္ခဏာယာဉ် ၃-ပါးသို့။ (အာရောပေတွာ၊ တင်၍။) ဝိပဿနာပရိပါယ၊ ဝိပဿနာဉာဏ် အဆက်ဆက်အားဖြင့်။ ပဋိပဇ္ဇန္တဿ၊ လွန်စွာ ကြိုးကုတ် အားထုတ်သည် ရှိသော်။ နဝ၊ ၉-ပါးကုန်သော။ ဝိပဿနာဉာဏာနိ၊ ဝိပဿနာဉာဏ်တို့သည်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

၅၅။ ပန၊ ဆက်ဦးအံ့။ ဝေံ၊ ဤဝိပဿနာအစဉ်ဖြင့်။ ပဋိပဇ္ဇန္တဿ၊ ကျင့်ကြံကြိုးကုတ် အားထုတ်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏ သန္တာန်၌။ ဝိပဿနာပရိပါကံ၊ ဝိပဿနာဉာဏ်၏ ရင့်သန်ခြင်းကို။ အာဂမ္မ၊ စွဲ၍။ ဣဒါနိ၊ ယခုပင်။ အပ္ပနာ၊ အပ္ပနာသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်တော့လတံ့။ ဣတိ၊ ဤသို့ဆိုထိုက်ရာခဏ၌။ ဘဝင်္ဂံ၊ ဘဝင်ကို။ ဝေါစ္ဆိန္ဒိတွာ၊ ဖြတ်၍။ ဥပ္ပန္န-မနောဒွါရာဝဇ္ဇနာနန္တရံ၊ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌။ ဒွေ တီဏိ၊ နှစ်ကြိမ်, သုံးကြိမ်ကုန်သော။ ဝိပဿနာစိတ္တာနိ၊ ဝိပဿနာစိတ်တို့သည်။ ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ အနိစ္စာဒိလက္ခဏံ၊ အနိစ္စအစရှိသော လက္ခဏာကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပရိကမ္မောပစာ-ရာနုလောမနာမေန၊ "ပရိကမ်,ဥပစာ,အနုလုံ"ဟူသော အမည်အားဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

---

တိုးတက်၍ ဆက်လက်ကြိုးစားအားထုတ်သည်ရှိသော် အနုလောမ ဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးတို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာကြသည်၊ ထိုဝိပဿနာဉာဏ် ၉-ပါးကိုပင် "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ" ဟု ခေါ်သည်၊ "မဂ်ဗိုလ်သို့ ရောက်ဖွယ် စင်ကြယ်သောဉာဏ်အမြင်"ဟုဆိုသည်။

၅၅။ ဤသို့ ဉာဏ်စဉ်အတိုင်း အားထုတ်လာခဲ့ရာ ဝိပဿနာဉာဏ်ရင့်သန်သည့်အတွက် အပ္ပနာခေါ်သော မဂ်ဉာဏ်ဖြစ်ခါနီးမှာ "ဘဝင်္ဂစလန, ဘဝင်္ဂု-ပစ္ဆေဒ" ဟု ဘဝင်အစဉ်ပြတ်သည်၊ မနောဒွါရာဝဇ္ဇန်းစိတ်လည်း ဖြစ်ပေါ်လာသည်။

ထို့နောင် တိက္ခပုဂ္ဂိုလ်ဖြစ်က "ဥပစာ, အနုလုံ" ဟု ဝိပဿနာဇောစိတ် ၂-ကြိမ်ဖြစ်သည်၊ မန္ဒပုဂ္ဂိုလ်ဖြစ်က "ပရိကမ်, ဥပစာ,အနုလုံ" ဟု ဝိပဿနာဇောစိတ် ၃-ကြိမ်ဖြစ်သည်၊ ထိုဝိပဿနာဇောစိတ်များသည် နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးပါ၊ အနိစ္စ, ဒုက္ခ, အနတ္တတို့တွင် တပါးပါးကို အာရုံပြုကြသည်၊ တေဘူမကသင်္ခါရကိုသာ အာရုံပြုကြသည်။

**၅၆။ ယာ၊ အကြင် သင်္ခါရုပေက္ခာဉာဏ်သည်။ သိခါပတ္တာ၊ အထွတ်အထိပ်သို့ရောက်၏။ သာနုလောမာ၊ အနုလောမဉာဏ်နှင့် တကွဖြစ်သော။ သာ သင်္ခါရုပေက္ခာ၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကို။ ဝုဋ္ဌာနဂါမိ နီဝိပဿနာတိ စ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူ၍လည်း။ ပဝုစ္စတိ၊ ဆိုအပ်၏။**

**၅၇။ တတော၊ ထိုအနုလုံမှ။ ပရံ၊ နောက်၌။ ဂေါတြဘုစိတ္တံ၊ ဂေါတြဘုစိတ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာလမ္ဗိတွာ၊ အာရုံပြု၍။ ပုထုဇ္ဇန-ဂေါတ္တံ၊ ပုထုဇဉ်အနွယ်ကို။ အဘိဘုဝန္တံ၊ လွှမ်းမိုးလျက်ရင်း။ အရိယဂေါတ္တံ၊ အရိယာအနွယ်သို့။ အဘိသမ္ဘောန္တဉ္စ၊ရောက်လျက်ရင်း။ ပဝတ္တတိ၊ ဖြစ်၏။**

**၅၈။ တဿ၊ ထိုဂေါတြဘုစိတ်၏။ အနန္တရမေဝ၊ အခြားမဲ့၌ပင်လျှင်။ မဂ္ဂေါ၊ မဂ်သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိဇာနန္တော၊ ပိုင်းခြား၍ သိလျက်ရင်း။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ပဇဟန္တော၊ ပယ်စွန့်လျက်ရင်း။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောန္တော၊ မျက်မှောက်**

---

၅၆။ ''ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်'' ဟူသည် အထွတ်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်တို့ပင် ဖြစ်သည်၊ ထိုတွင် သင်္ခါရုပေက္ခာဉာဏ်ကို ၃-ပိုင်းပိုင်း၍ အနုလောမဉာဏ်နှင့် ကပ်နေသော အပိုင်းကို ''အထွတ်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ်'' ဟုခေါ်သည်၊ ''အနုလောမဉာဏ်'' ဟူသည်မှာလည်း ''ပရိကမ်,ဥပစာ,အနုလုံ'' အမည်ရသော ဝိပဿနာဉာဏ်များပင် ဖြစ်သည်။

၅၇။ အနုလုံနောက်၌ ဂေါတြဘုစိတ် ဖြစ်သည်၊ ထို ဂေါတြဘုစိတ်သည် ပရိကမ်,ဥပစာရ, အနုလုံတို့ကဲ့သို့ တေဘူမက သင်္ခါရတရား လက္ခဏာ ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုသည် မဟုတ်ပါ၊ နိဗ္ဗာန်ကိုသာ အာရုံပြုပါသည်။
ဂေါတြဘုစိတ်၏ နောက်မှာ မဂ်စိတ် ဖြစ်ပေါ်လာလျှင် အရိယာနွယ်သို့ ရောက်သွားပါပြီ၊ သို့ဖြစ်၍ ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးကျော်လွှန်သော တရားလည်း ဖြစ်ပေသည်၊ အရိယာအနွယ်သို့ ရောက်သော အရိယာအနွယ်ကို ဖြစ်ပေါ်စေတတ်သော တရားလည်း ဖြစ်ပေသည်။

၅၈။ ဂေါတြဘုစိတ်၏ အခြားမဲ့၌ မဂ်စိတ်သည် ကိစ္စ ၄-ချက်ကို တပြိုင်နက်ပြီးစေလျက် အပ္ပနာဝီထိသို့ရောက်သည်၊ထင်ရှားစေပါဦးမည်=ဆီမီးသည် ''မီးစာကိုလောင်ခြင်း, အမှောင်ကိုပယ်ခြင်း, အလင်းကိုပြုခြင်း, ဆီကိုကုန်စေခြင်း'' ဟူသော ကိစ္စ ၄-ချက်ကို တပြိုင်နက် ပြီးစေသကဲ့သို့ မဂ်တရားလည်း

ပြီးလျက်ရင်း။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဘာဝနာဝသေန၊ ဖြစ်စေခြင်း၏ အစွမ်းဖြင့်။ အပ္ပနာဝီထိ၊ အပ္ပနာဝီထိသို့။ ဩတရတိ၊ သက်ရောက်၏။

၅၉။ တတော၊ ထိုမဂ်စိတ်တကြိမ်မှ။ ပရံ၊ နောက်၌။ ဒွေ တီဏိ၊ ၂-ကြိမ် ၃-ကြိမ်ကုန်သော။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့၏။ ပဝတ္တိတွာ၊ ဖြစ်ခြင်းကြောင့်။ ဘဝင်္ဂပါတောဝ၊ ဘဝင်ကျခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ("ကတ္တားကွဲဘိ,မတူရှိသော်, မိမိကတ္တား, သမ္မန်ထား၍, ဖြစ်ငြား ဟိတ်မှာ,သက်တော့ရာသည်....မှတ်ပါတွာဒိပစ္စည်း သဘောတည်း"ဟူသည် နှင့် အညီတည်း။)

ပုန၊ တဖန်။ ဘဝင်္ဂံ၊ ဘဝင်ကို။ ဝေါစ္ဆိန္ဒိတွာ၊ ဖြတ်၍။ ပစ္စဝေက္ခဏ–ဉာဏာနိ၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

၆၀။ ပဏ္ဍိတော၊ လောကုတ္တရာပညာရှိသည်။ မဂ္ဂံ၊ မဂ်ကိုရင်း။ ဖလဉ္စ၊ ဖိုလ်ကိုရင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုရင်း။ ပစ္စဝေက္ခတိ၊ အမှန်ဆင်ခြင်၏။ ဟီနေ၊ ပယ်အပ်ကုန်ပြီးသော။ ကိလေသေ၊ ကိလေသာတို့ကိုရင်း။ သေသေ၊

"ဒုက္ခသစ္စာ ဟူသည် လောကီစိတ်, စေတသိက်, ရုပ်တရားမျှသာ ဖြစ်သည်၊ ဤထက် အပိုအလွန်မရှိ" ဟု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း-ဟူသော ပရိဉာကိစ္စ၊ "သမုဒယသစ္စာ တဏှာ လောဘကို ပယ်စွန့်ခြင်း" ဟူသော ပဟာန ကိစ္စ၊ "နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း" ဟူ သောသစ္ဆိကိရိယာကိစ္စ၊ "မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်ပေါ်စေခြင်း" ဟူသော ဘာဝနာကိစ္စ၊ ဤကိစ္စ ၄-ချက်ကို တပြိုင်နက် ပြီးစီးစေနိုင်သည်။

၅၉။ ထိုသို့ မဂ်စိတ် တကြိမ် ဖြစ်ပြီးသည့်နောက် မန္ဒပုဂ္ဂိုလ်ဖြစ်က ဖိုလ်ဇော ၂-ကြိမ်, တိက္ခပုဂ္ဂိုလ်ဖြစ်က ဖိုလ်ဇော ၃-ကြိမ် ဖြစ်ပြီးသည့်အတွက် ဘဝင်ကျရလေတော့သည်။

မဂ္ဂဝီထိနောက် ဘဝင်အပြတ်မှာ ပစ္စဝေက္ခဏာ ဝီထိများ ဖြစ်ကြသည်၊ ထို ပစ္စဝေက္ခဏာဝီထိများ၌ ပါသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် ဇောနှင့် ယှဉ်သောဉာဏ်များကို "ပစ္စဝေက္ခဏာ ဉာဏ်" ဟု ခေါ်သည်။

**၆၀။ ပစ္စဝေက္ခဏာဉာဏ်ဆယ့်ကိုးတန်**။ ။မဂ်,ဖိုလ်ရပြီးသော ပညာရှိမှာ မိမိ ရထားသော မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, နိဗ္ဗာန်ကိုဆင်ခြင် သော ပစ္စဝေက္ခဏာဝီထိ, ဤ ၃-မျိုးကား ကေန် ဖြစ်ရသည်။

**ကြွင်းကျန်ကုန်သော။ ကိလေသေ စ၊ ကိလေသာတို့ကိုရင်း။ ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်သူလည်းရှိ၏။ န ပစ္စဝေက္ခတိ ဝါ၊ မဆင်ခြင်သူလည်းရှိ၏။**

**ဧဝံ၊ ဤဆိုအပ်ပြီးသည့်အတိုင်း။ ဆဗ္ဗိသုဒ္ဓိကမေန၊ ဝိသုဒ္ဓိ ၆-ပါး အစဉ်အားဖြင့်။ ဘာဝေတဗ္ဗော၊ ဖြစ်စေထိုက်သော။ စတုဗ္ဗိဓော၊ ၄-ပါး အပြားရှိသော။ မဂ္ဂေါ၊ မဂ်ကို။ ဉာဏဒဿနဝိသုဒ္ဓိ နာမ၊ ဉာဏဒဿန ဝိသုဒ္ဓိမည်၏ ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။**

**ဧတ္တာ၊ ဤဝိပဿနာကမ္မဋ္ဌာန်း၌။ အယံ၊ ဤဆိုအပ်ပြီးကား။ ဝိသုဒ္ဓိဘေဒေါ၊ ဝိသုဒ္ဓိဘေဒတည်း။**

---

မဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့ကို ပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဤ ၂-မျိုးကား အချို့ပုဂ္ဂိုလ်မှာသာ ဖြစ်သည်၊ အချို့ပုဂ္ဂိုလ်မှာ မဖြစ်ပါ။

ဤသို့လျှင် ''သောတာပတ္တိ မဂ်ရပြီးနောက် ၅-ဝီထိ, သကဒါဂါမိမဂ် ရပြီးနောက် ၅-ဝီထိ, အနာဂါမိမဂ် ရပြီးနောက် ၅-ဝီထိ, အရဟတ္တမဂ် ရပြီးနောက် ကြွင်းကျန်သော ကိလေသာ မရှိတော့သည့်အတွက် ၄-ဝီထိ'' အားဖြင့် ပစ္စဝေက္ခဏာဝီထိ ၁၉-ဝီထိ ဖြစ်ခွင့်ရှိသည်၊ ယင်း ၁၉-ဝီထိကိုပင် 'ပစ္စဝေက္ခဏာဉာဏ်, ၁၉-တန်'' ဟုလည်း ခေါ်ကြသည်။

### ၇။ ဉာဏဒဿန ဝိသုဒ္ဓိ

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အောက်ဝိသုဒ္ဓိ ၆-ပါးကို အစဉ်အတိုင်း အားထုတ်လျက် ဖြစ်စေထိုက်သော မဂ် (ဉာဏ်) ၄-ပါးကို ''ဉာဏဒဿနဝိသုဒ္ဓိ'' ဟု ခေါ်သည်၊ ''ဆိုင်ရာ ကိလေသာတို့မှ စင်ကြယ်၍ သစ္စာ ၄-ပါးကို တိုက်ရိုက်သိမြင်သောဉာဏ်'' ဟု ဆိုလိုသည်။

မဂ်၏ ရှေ့နား အနုလုံသို့ ရောက်လျှင် အောက်ဝိသုဒ္ဓိ ၆-ပါးပြီးသည်၊ ထို့ကြောင့် ''မဂ် ၄-ပါးကို ဉာဏဒဿန ဝိသုဒ္ဓိခေါ်သည်'' ဟု ဆိုလိုသည်။

**ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်။** ။သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ အခိုက်တို့၌ ရုပ်တရား, နာမ်တရားတို့ကို လက္ခဏာတင် မဆင်ခြင် မသုံးသပ်ရ သေးသောကြောင့် သမ္မသနဉာဏ် မဖြစ်သေးပါ။

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအခိုက်၌ကား သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်းတစိတ် ဖြစ်သည်။

## ဝိမောက္ခဘေဒ

၆၁။ တတ္ထ၊ ထို 'အနိစ္စာနုပဿနာ' အစရှိသော ဥဒ္ဒေသ၌။ အနတ္တာ-နုပဿနာ၊ အနတ္တာနုပဿနာသည်။ အတ္တာဘိနိဝေသံ၊ 'အတ္တ' ဟူ၍ စွဲလမ်းခြင်းကို။ မုဉ္စန္တီ၊ စွန့်လွှတ်နိုင်သည်။ (ဟုတွာ၊ဖြစ်၍။ဝါ၊ဖြစ်ခြင်းကြောင့်။) သုညတာနုပဿနာ နာမ၊ သုညတာနုပဿနာမည်သော။ ဝိမောက္ခမုခံ၊ ဝိမောက္ခမုခသည်။ ဟောတိ၊ ဖြစ်၏။

၆၂။ အနိစ္စာနုပဿနာ၊ သည်။ ဝိပလ္လာသနိမိတ္တံ၊ ဝိပလ္လာသနိမိတ်ကို။ မုဉ္စန္တိ၊ သည်။ (ဟုတွာ၊ ၍။ ဝါ၊ ကြောင့်။) အနိမိတ္တာနုပဿနာ နာမ၊ မည်သော။ ဝိမောက္ခမုခံ၊ သည်။ ဟောတိ၊ ၏။

၆၃။ ဒုက္ခာနုပဿနာ၊ သည်။ တဏှာပဏိဓိံ၊ တောင့်တတတ်သော တဏှာကို။ မုဉ္စန္တိ၊ သည်။ (ဟုတွာ၊ ၍။ ဝါ၊ ကြောင့်။) အပ္ပဏိဟိတာ-နုပဿနာ နာမ၊ မည်သော။ ဝိမောက္ခမုခံ၊ သည်။ ဟောတိ၊ ၏။

---

ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအခိုက်၌ ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းတစိတ်နှင့် ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်တို့ ဖြစ်သည်။

ဉာဏဒဿန ဝိသုဒ္ဓိအခိုက်၌ကား ဝိပဿနာဉာဏ် မလိုတော့ပါ။

**ဆောင်။** ။သိ စိတ္တ၊ ဒိဋ္ဌိ ကင်္ခါ လေးဖြာ၊<br>
လက္ခဏာ—မသုံးသပ်တယ်၊ ဉာဏ်လွတ်လေပါ၊<br>
မဂ္ဂါမဂ်—အခိုက်မှာ၊ ဉာဏ်သမ္မာ ဥဒအ စ၊<br>
ပဋိ္ဌဝယ်—ဥနောက်မှလျှင်၊ နှုရောက် နဝ။

၆၁။ "အနတ္တ" ဟု ရှုသောဝိပဿနာသည် "အတ္တရှိသည်" ဟု ထင်မှတ်စွဲလမ်းမှုကို ပယ်စွန့်နိုင်သည်၊ ထို့ကြောင့် "သုညတာနုပဿနာ" ဟူသော အမည်ကိုရလျက် ဝိမောက္ခသို့ ဝင်ရာလမ်းပေါက် တမျိုး ဖြစ်သည်။ (သုညတ—အတ္တမှ ကင်းဆိတ်၏ဟု + အနုပဿနာ—ရှုတတ်သောဉာဏ်။)

၆၂။ "အနိစ္စ" ဟု ရှုသော အနုပဿနာသည် ရုပ်, နာမ် အပေါင်းကို တလုံးတခဲတည်း ပုံပန်းသဏ္ဌာန် အနေအားဖြင့် ထင်မှားမှုကိုစွန့်လွှတ်နိုင်သည်။ ထို့ကြောင့် "အနိမိတ္တာနုပဿနာ" ဟူသောအမည်ကို ရလျက် ဝိမောက္ခသို့ ဝင်ရာ လမ်းပေါက်တမျိုး ဖြစ်သည်။ (အနိမိတ္တ—ပုံပန်းသဏ္ဌာန်မရှိဟု + အနု-ပဿနာ—ရှုတတ်သောဉာဏ်။)

၆၄။ တသ္မာ၊ ထို့ကြောင့်။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ အနတ္တတော၊ အနတ္တအားဖြင့်။ ယဒိ ဝိပဿတိ၊ အကယ်၍ ရှုအံ့။ ဧဝံ သတိ၊ ဤသို့ရှုသည်ရှိသော်။ မဂ္ဂေါ၊ မဂ်သည်။ သုညတောဒိမောက္ခောနာမ၊ သုညတဝိမောက္ခမည်သည်။ ဟောတိ၊ ၏။

၆၅။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ယဒိ ဝိပဿတိ၊ အံ့။ ဧဝံ သတိ၊ သော်။ မဂ္ဂေါ၊ သည်။ အနိမိတ္တောဝိမောက္ခောနာမ၊ မည်သည်။ ဟောတိ၊ ၏။

၆၆။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ယဒိ ဝိပဿတိ၊အံ့။ ဧဝံသတိ၊ သော်။ မဂ္ဂေါ၊ သည်။ အပ္ပဏိဟိတောဝိမောက္ခော နာမ၊ မည်သည်။ ဟောတိ၊၏။

၆၃။ "ဒုက္ခ"ဟု ရှုသော ဝိပဿနာသည် တောင့်တတတ်သော တဏှာကို ပယ်ခွါနိုင်သည်၊ ထို့ကြောင့် "အပ္ပဏိဟိတာနုပဿနာ" ဟူသော အမည်ကို ရလျက် ဝိမောက္ခသို့ဝင်ရာလမ်းပေါက်(ဂိတ်ဝ)တမျိုးဖြစ်သည်၊ (အပ္ပဏိဟိတ-တောင့်တဖွယ်မရှိဟု + အနုပဿနာ—ရှုတတ်သောဉာဏ်။)

ဝုဋ္ဌာနဂါမိနီဝိပဿနာအခိုက်သို့ မရောက်မီ "အနိစ္စ"ဟုလည်း ရှုကောင်း ရှုပေလိမ့်မည်၊ "ဒုက္ခ"ဟုလည်း ရှုကောင်း ရှုပေလိမ့်မည်၊ "အနတ္တ" ဟုလည်း ရှုကောင်း ရှုပေလိမ့်မည်၊ မည်သို့ပင် ရှုသည်ဖြစ်စေ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာအခိုက်မှာကား တမျိုးတည်းကိုသာ ရှုရသည်။

၆၄။ ထို့ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ က "အနတ္တ" ဟု ရှုသဖြင့် သုညတဝိမောက္ခမုခ ဖြစ်ခဲ့ပါလျှင် မဂ်လည်း "သုညတဝိမောက္ခ" ဟူသော အမည်ကို ရလေတော့သည်။

၆၅။ ဝုဋ္ဌာနဂါမိနီဝိပဿနာက "အနိစ္စ" ဟု ရှုသဖြင့် အနိမိတ္တဝိမောက္ခမုခ အမည်ရခဲ့ပါလျှင် မဂ်လည်း "အနိမိတ္တဝိမောက္ခ" အမည်ရလေတော့သည်။

၆၆။ ဝုဋ္ဌာနဂါမိနီဝိပဿနာက "ဒုက္ခ" ဟု ရှုသဖြင့် အပ္ပဏိဟိတ-ဝိမောက္ခမုခ အမည်ရပါခဲ့လျှင် မဂ်လည်း "အပ္ပဏိဟိတဝိမောက္ခ" အမည်ရလေတော့သည်။

ဤသို့လျှင် မဂ်၏ ဖြစ်ပေါ်လာကြောင်း ဝိပဿနာနှင့်စပ်၍ မဂ်မှာ "သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ" ဟူသော အမည် ၃-မျိုးရသည်။

မဂ္ဂဝီထိ၌ မဂ်နှင့် တဆက်တည်း ဖြစ်ပေါ်လာရသော ဖိုလ်သည်လည်း မဂ်နှင့်စပ်၍ အမည် ၃-မျိုးပင် ရသည်၊ မဂ်က သုညတဝိမောက္ခ အမည်

**ဂ္ဂတိစ၊ ဤသို့လည်း၊ မဂ္ဂေါ၊ မဂ်သည်။ ဝိပဿနာဂမနဝသေန၊ မဂ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာနှင့် စပ်သဖြင့်။ တိဏ္ဏ၊ ၃-မျိုး ကုန်သော။ နာမာနိ၊ အမည်တို့ကို။ လဘတိ၊ ရ၏။ တထာ၊ ထို့အတူ။ ဖလဥ္စ၊ ဖိုလ်သည်လည်း။ မဂ္ဂဝီထိယံ၊ မဂ္ဂဝီထိ၌။ မဂ္ဂါဂမနဝသေန၊ ဖိုလ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သော မဂ်နှင့်စပ်သဖြင့်။ တိဏ္ဏ၊ ၃-မျိုးကုန်သော။ နာမာနိ၊ အမည်တို့ကို။ လဘတိ၊ ရ၏။**

**၆၇။ ပန၊ ကား။ ဖလသမာပတ္တိဝီထိယံ၊ ဖလသမာပတ္တိဝီထိ၌။ ယထာဝုတ္တနယေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဝိပဿန္တာနံ၊ ဝိပဿနာရှုကုန်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌။ ယထာသကံ၊ အကြင်အကြင် မိမိ၏ ဥစ္စာဖြစ်သော။ ဖလံ၊ ဖိုလ်သည်။ ဥပ္ပဇ္ဇမာနမ္ပိ၊ ဖြစ်ပါသော်လည်း။**

---

ရလျှင် မဂ်နောက်၌ ဖြစ်သောဖိုလ်များသည်လည်း "သုညတဝိမောက္ခ"ပင် မည်သည်၊ မဂ်က အနိမိတ္တဝိမောက္ခအမည်ရလျှင် မဂ်နောက်၌ ဖြစ်သော ဖိုလ်များလည်း "အနိမိတ္တဝိမောက္ခ" ပင် မည်သည်၊မဂ်က အပ္ပဏိဟိတဝိမောက္ခ အမည်ရလျှင် မဂ်နောက်၌ဖြစ်သော ဖိုလ်များလည်း "အပ္ပဏိဟိတဝိမောက္ခ" ပင် မည်သည်—ဟု ဆိုလိုသည်။

**ဂ္ဂန္ဒြေအလိုက်မဂ်ဖိုလ်ဖြစ်ပုံ။** ။သဒ္ဓိန္ဒြေလွန်ကဲသောသူသည် "အနိစ္စ" ဟု အရှု များသောကြောင့် အနိမိတ္တဝိမောက္ခမုခဖြင့် အနိမိတ္တဝိမောက္ခမဂ်, ဖိုလ်ကို ရတတ်သည်။

သမာဓိန္ဒြေလွန်ကဲသောသူသည် "ဒုက္ခ"ဟု အရှုများသောကြောင့် အပ္ပဏိဟိတဝိမောက္ခမုခဖြင့် အပ္ပဏိဟိတဝိမောက္ခမဂ်,ဖိုလ်ကို ရတတ်သည်။

ပညိန္ဒြေလွန်ကဲသောသူသည် "အနတ္တ" ဟု အရှုများသောကြောင့် သုညတဝိမောက္ခမုခဖြင့် သုညတဝိမောက္ခမဂ်, ဖိုလ်ကို ရတတ်သည်။

**ဆောင်။** ။သဒ္ဓါပွါး၊ အရှုများ အနိစ္စာ၊
သမာဓိန်—လွန်ကဲကလျှင်၊ ဒုက္ခဟုသာ၊
ပညာကဲ—သွန်သူမှာ၊ အနတ္တာရှုတတ်၊
ဝိမောက္ခာ—မဂ်,ဖိုလ်များငယ်၊ ပိုင်းခြား ဆုံးဖြတ်။

၆၇။ မိမိရပြီးသော ဖိုလ်ကိုဝင်စားလိုလျှင် ဝိပဿနာရှုရပြန်သည်၊ ဝိပဿနာက သုညတဝိမောက္ခမုခဖြစ်လျှင် ဝိပဿနာနှင့်စပ်၍ ဖိုလ်လည်း "သုညတဝိမောက္ခ" ဟူသောအမည်ကို ရသည်၊ ဖိုလ်၏ ရှေ့ကဖြစ်သော ဝိပဿနာက အနိမိတ္တဝိမောက္ခမုခဖြစ်လျှင် ဖိုလ်လည်း "အနိမိတ္တဝိမောက္ခမုခ"

**ဝိပဿနာဂမနဝသေနေဝ၊ ဖိုလ်၏ဖြစ်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာနှင့်စပ်သဖြင့်သာလျှင်။ သုညတာဝိမောက္ခောတိစ၊ သုညတဝိမောက္ခစသည် ဟူ၍လည်း။ ပဝုစ္စတိ၊ ဆိုအပ်၏။**

**ပန၊ ကား။ အာရမ္မဏဝသေန၊ နိဗ္ဗာန်အာရုံနှင့် စပ်သဖြင့်၎င်း။ သရသဝသေန စ၊ မိမိသဘောနှင့်စပ်သဖြင့်၎င်း။ နာမတ္တယံ၊ သုညတဝိမောက္ခ စသော အမည် ၃-မျိုးတို့၏ အပေါင်းသည်။ သဗ္ဗတ္ထ၊ အလုံးစုံသော မဂ္ဂဝီထိ, ဖလဝီထိ၌။ သဗ္ဗေသမ္ပိ၊ အလုံးစုံသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်း။ သမမေဝ စ၊ တူသည်သာလျှင်တည်း။**

**ဧတ္တာ၊ ဤဝိပဿနာကမ္မဋ္ဌာန်း၌။ အယံ၊ ဤ ဆိုအပ်ပြီးသည်ကား။ ဝိမောက္ခဘေဒေါ၊ ဝိမောက္ခဘေဒတည်း။**

---

အမည်ရသည်၊ ဖိုလ်၏ ရှေ့ကဖြစ်သော ဝိပဿနာက အပ္ပဏိဟိတဝိမောက္ခမုခ ဖြစ်လျှင် ဖိုလ်လည်း "အပ္ပဏိဟိတဝိမောက္ခ" အမည်ကို ရသည်၊ မဂ်ရပြီး စ-က မဂ်နှင့်စပ်၍ရခဲ့သော အမည်နှင့် မသက်ဆိုင်တော့ပါ။

မဂ်က သုညတမဂ်ဖြစ်၍ ဖလသမာပတ်ဝင်စားသည့်အခါမှာ ဝိပဿနာက အနိမိတ္တဝိပဿနာပင် ဖြစ်စေကာမူ မဂ်၏နောက်သို့ လိုက်ဖွယ်ရာမလိုတော့ပါ၊ ယခုလောလောဆယ် ရှေ့သွားဖြစ်သော ဝိပဿနာနောက်သို့သာ လိုက်ရတော့သည်၊ ဤသို့စသည်ဖြင့် မှတ်ပါ။

မဂ်,ဖိုလ်တို့သည် ဝိပဿနာနှင့်စပ်၍သာ သုညတဝိမောက္ခ စသော အမည်ကိုရကြသည်မဟုတ်ပါ၊ အာရုံနှင့်စပ်၍လည်း ရနိုင်ပါသည်၊ မိမိသဘောအားဖြင့်လည်း ရနိုင်ပါသည်။

မဂ်, ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြသည်၊ ထိုအာရုံဖြစ်သော နိဗ္ဗာန်သည် သုညတလည်း မည်သည်၊ အနိမိတ္တလည်း မည်သည်၊ အပ္ပဏိဟိတလည်း မည်သည်၊ ထို့ကြောင့် မဂ်, ဖိုလ်တို့သည် အာရုံနှင့်ဆက်သွယ်၍ သုညတဝိမောက္ခလည်း မည်သည်၊ အနိမိတ္တဝိမောက္ခလည်း မည်သည်၊ အပ္ပဏိဟိတဝိမောက္ခလည်း မည်သည်၊ ဤနာမည် ၃-မျိုးကို တပြိုင်နက် ရနိုင်ကြသည်။

ထို့ပြင် မဂ်,ဖိုလ်တရားတို့သည် ရာဂ,ဒေါသ,မောဟတို့နှင့် အတ္တမှ ကင်းဆိတ်သော သုညတ သဘောရှိသည်၊ အထည်ကိုယ် ပုံဟန် သဏ္ဌာန်နိမိတ်လည်း မရှိကြချေ၊ တောင့်တတ်တတ်သော တဏှာပဏိဓိလည်း မရှိကြချေ၊ ထို့ကြောင့် မဂ်, ဖိုလ်တရားတို့သည် မိမိ၏ ပင်ကိုယ်သဘောအတိုင်းပင် "သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ"ဟူသော အမည် ၃-မျိုးကို တပြိုင်နက် ရနိုင်ကြသည်။

**ပုဂ္ဂလဘေဒ**

**၆၈။ ပန၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤမဂ်ဖိုလ်တို့တွင်။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်ကို။ ဘာဝေတွာ၊ ဖြစ်စေသည်ရှိသော်။ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန၊ ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ခြင်းဖြင့်။ ပဟီနာပါယဂမနော၊ ပယ်အပ်ပြီးသော အပါယ်ရောက်ကြောင်းတရားရှိသည်။ ဟုတွာ၊ ဖြစ်၍။ သတ္တက္ခတ္တုပရမော နာမ၊ သတ္တက္ခတ္တုပရမမည်သော။ သောတာပန္နော၊ သောတာပန်သည်။ ဟောတိ၊ ၏။**

---

ဤသို့လျှင် အာရုံနှင့်စပ်၍ ရသောအမည် ၃-မျိုး၊ မိမိသဘောအားဖြင့် ရသောအမည် ၃-မျိုးတို့သည် အလုံးစုံသော ပုဂ္ဂိုလ်တို့၌ 'မဂ္ဂဝီထိ'အခိုက်မှာလည်း မထူးခြားတော့ပါ၊ ဖလသမာပတ္တိဝီထိအခိုက်မှာလည်း မထူးခြားတော့ပါ၊ ထပ်တူထပ်မျှသာလျှင် ဖြစ်ပါတော့သည်။

(ဝိပဿနာက ''အနိစ္စ, ဒုက္ခ, အနတ္တ''ဟု တပြိုင်နက် မရှုနိုင်ပါ၊ တမျိုးတမျိုးသာ ရှုနိုင်ပါသည်၊ ထို့ကြောင့် ဝိပဿနာနှင့် စပ်၍ရသော အမည်တို့သည် မဂ်,ဖိုလ်တမျိုးလျှင် အမည်တမျိုးစီသာ ဖြစ်နိုင်ပါသည်၊ အာရုံနှင့်စပ်၍ ရသော အမည်, မိမိသဘောအားဖြင့် ရသောအမည်တို့ကား တပြိုင်နက် ၃-မျိုးလုံးပင် ဖြစ်နိုင်ကြသည်။)

**သောတာပန်**

၆၈။ သောတာပတ္တိမဂ်ကိုရလျှင် ကိလေသာ ၁၀-ပါးတို့တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကုန်အစင်ပယ်သည်၊ ကျန်ဥဒ္ဓစ္စမှတပါးသော ကိလေသာများကိုကား အပါယ်ကို ရောက်စေနိုင်သည့် ကြမ်းတမ်းသော သတ္တိလောက်ကိုသာ ပယ်သည်၊ ထို့ကြောင့် သောတာပန်ဖြစ်လျှင် အပါယ်ရောက်ကြောင်း တရားများကို မပြုလုပ်တော့ပြီ၊ ကာမဘုံ၌လည်း အလွန်ဆုံး ၇-ကြိမ်မျှသာ ပဋိသန္ဓေနေနိုင်တော့သည်၊ ၇-ကြိမ်ထက်ပိုလွန်၍ ကာမဘုံ၌ ပဋိသန္ဓေမနေတော့ပါ၊ ဗြဟ္မာ့ပြည်၌ကား ၇-ကြိမ်ထက်ပိုလွန်၍လည်း ပဋိသန္ဓေနေနိုင်ပါသေးသည်။

သောတာပန်ပုဂ္ဂိုလ်သည် အကုသိုလ်စိတ် ၁၂-ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး, ဝိစိကိစ္ဆာသဟဂုတ် ၁-ပါး၊ ပေါင်း ၅-ပါးကို အကြွင်းမဲ့ပယ်သည်၊ ကြွင်းသော ဥဒ္ဓစ္စသဟဂုတ်မှတပါး အကုသိုလ်စိတ် ၆-ပါး၏ အပါယ်ကျစေနိုင်သော အစွမ်းသတ္တိမျှကိုသာ ပယ်သည်၊ ဥဒ္ဓစ္စသဟဂုတ်ကိုကား အပါယ်ကျစေနိုင်သော အစွမ်းသတ္တိမရှိသည့်အတွက် လုံးဝမပယ်သေးပါ။

**၆၉။ သကဒါဂါမိမဂ္ဂံ၊ သကဒါဂါမိမဂ်ကို။ ဘာဝေတွာ၊ ဖြစ်စေသည် ရှိသော်။ ရာဂဒေါသမောဟာနံ၊ ရာဂ ဒေါသ မောဟတို့ကို။ တနုကရတ္တာ၊ နည်းပါးအောင် ပြုတတ်သည့်အတွက်။ သကိဒေဝ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤကာမဘုံသို့။ အာဂန္တွာ၊ ပဋိသန္ဓေနေလာခြင်းကြောင့်။ သကဒါဂါမိနာမ၊ သကဒါဂါမ်မည်သည်။ ဟောတိ၊ ဖြစ်၏။**

**၇၀။ အနာဂါမိမဂ္ဂံ၊ အနာဂါမိမဂ်ကို။ ဘာဝေတွာ၊ သော်။ ကာမရာဂဗျာပါဒါနံ၊ ကာမရာဂ,ဗျာပါဒတို့ကို။ အနဝသေသပ္ပဟာနေန၊ အကြွင်းမရှိအောင် ပယ်သည့်အတွက်။ ဣတ္ထတ္တံ၊ ဤကာမဘုံသို့။ အနာဂန္တွာ၊ ပဋိသန္ဓေ မနေလာခြင်းကြောင့်။ အနာဂါမိနာမ၊ အနာဂါမ်မည်သည်။ ဟောတိ၊ ၏။**

---

၁။ ကောဝိဇိ သောတာပန်= ကာမဘုံ၌ ပဋိသန္ဓေမျိုးစေ့ (ခန္ဓာမျိုးစေ့) တကြိမ်သာရှိသူ၊ တကြိမ်ပဋိသန္ဓေနေပြီးနောက် ရဟန္တာဖြစ်မည့်သူ၊

၂။ ကောလံကောလသောတာပန်=အမျိုးကောင်းတခုမှအမျိုးကောင်း တခုသို့ ကူးပြောင်း၍ ပဋိသန္ဓေနေသူ၊ ကာမဘုံ၌ ၂-ကြိမ်မှ ၆-ကြိမ်တိုင်အောင် ပဋိသန္ဓေနေနိုင်သည်၊ ထို့နောက် ရဟန္တာ ဖြစ်မည့်သူ၊

၃။ သတ္တက္ခတ္တုပရမသောတာပန်=ကာမဘုံ၌ ၇-ကြိမ် ပဋိသန္ဓေနေပြီး လျှင် ရဟန္တာဖြစ်မည့်သူ၊

ဤသို့သောတာပန် ၃-မျိုးရှိသည်။

**သကဒါဂါမ်**

၆၉။ သကဒါဂါမိမဂ်ကိုရလျှင် ရာဂ,ဒေါသ, မောဟတို့ကို နည်းပါး ရုံမျှသာ ပြုနိုင်သည်၊ မည်သည့်ကိလေသာကိုမျှ အကြွင်းမဲ့မပယ်နိုင့်ပါ၊ ဤကာမဘုံ၌ တကြိမ်သာ ပဋိသန္ဓေလာနေနိုင်သည်၊ သို့သော် ကာမဘုံချင်း ပြောင်းရွှေ့လာနေခြင်းသာ ဖြစ်သည်၊ ဗြဟ္မာ့ပြည်မှ လာနေသည်မဟုတ်ပါ။

ထိုသို့ ကာမဘုံ၌ တကြိမ်မျှသာ ပဋိသန္ဓေလာနေနိုင်သောကြောင့်''သက- ဒါဂါမ်''ဟူသောအမည်ကို ရရှိလေတော့သည်။ (သကိံ—တကြိမ်+အာဂါမီ- ပဋိသန္ဓေ လာနေသူ။)

**အနာဂါမ်**

၇၀။ ကာမဂုဏ် ၅-ပါး၌ တပ်မက်သော တဏှာကို ''ကာမရာဂ''ဟု ခေါ်သည်၊ ဒေါသကိုလေသာကို ''ဗျာပါဒ''ဟုခေါ်သည်။

၇၁။ အရဟတ္တမဂ္ဂ၊ အရဟတ္တမဂ်ကို။ ဘာဝေတွာ၊ သော်။ အနဝသေသကိလေသပ္ပဟာနေန၊ အကြွင်းမရှိအောင် ကိလေသာတို့ကို ပယ်ခြင်းကြောင့်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော။ လောကေ၊ လောက၌။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သောအလှူခံပုဂ္ဂိုလ်ဖြစ်သော။ အရဟာနာမ၊ ရဟန္တာမည်သည်။ ဟောတိ၊ ၏။

ဣတိ၊ ဤဝိပဿနာကမ္မဋ္ဌာန်း၌။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ပုဂ္ဂလဘေဒေါ၊ ပုဂ္ဂလဘေဒတည်း။

## သမာပတ္တိဘေဒ

၇၂။ ပန၊ ဆက်ဦးအံ့။ ဣတိ၊ ဤသမာပတ်တို့တွင်။ ဖလသမာပတ္တိဝီထိယော၊ ဖလသမာပတ်ဝီထိတို့သည်။ သဗ္ဗေသမ္ပိ၊ အလုံးစုံသော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏သည်း။ ယထာသကဖလဝသေန၊ အကြင်အကြင် မိမိဥစ္စာဖြစ်သော ဖိုလ်၏အစွမ်းဖြင့်။ သာဓာရဏာဝ၊ ဆက်ဆံကုန်သည်သာတည်း။

---

အနာဂါမိမဂ်ကိုရလျှင် ထိုကာမရာဂနှင့် ဗျာပါဒတို့ကို လုံးဝပယ်ပြီးဖြစ်၍ ကာမဘုံသို့ ပဋိသန္ဓေမနေလာသောကြောင့် ''အနာဂါမိ'' ဟူသော အမည်ကို ရရှိလေတော့သည်၊ အနာဂါမိများသည် ကာမရာဂကို ပယ်ပြီးဖြစ်သည့်အတွက်ကာမဂုဏ်ခံစားခြင်းလည်း မရှိတော့ပါ၊ ဗျာပါဒကို ပယ်ပြီးဖြစ်သည့် အတွက် ဒေါသလည်း မထွက်တော့ပါ။

**ရဟန္တာ**

၇၁။ အရဟတ္တမဂ်ကိုရလျှင် အောက်မဂ်များ မပယ်နိုင်၍ ကျန်နေသော ကိလေသာ ၇-ပါးကို အကြွင်းမဲ့ပယ်သည်၊ အာသဝေါတရားတို့လည်း ကုန်ပြီးဖြစ်သည်၊ လောက၌ အမြတ်ဆုံးသော အလှူခံပုဂ္ဂိုလ်လည်း ဖြစ်သည်၊ ''ရဟန္တာ'' ဟူသောအမည်ကိုလည်း ရရှိလေတော့သည်။

**ဖလသမာပတ်**

၇၂။ ဖလသမာပတ်ဝင်စားသည့်အခါ မည်သည့် အရိယာပုဂ္ဂိုလ်မဆို မိမိဖိုလ်နှင့်သာ သက်ဆိုင်သည်၊ မိမိဆိုင်ရာ ဖိုလ်ကိုသာ ဝင်စားနိုင်သည်။

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်သည်၊ (ပ) ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုသာ ဝင်စားနိုင်သည်—ဟု ဆိုလိုသည်။

**၇၃။ ပန၊ ကား။ နိရောဓသမာပတ္တိသမာပဇ္ဇနံ၊ နိရောဓသမာပတ် ဝင်စားခြင်းကို။ အနာဂါမိနဉ္စ၊ အနာဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ရှင်း။ အရဟန္တာနဉ္စ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ရှင်း။ လဗ္ဘတိ၊ ရအပ်၏။**

**တတ္ထ၊ ထိုနိရောဓသမာပတ်ကို ဝင်စားရာ၌။ ယထာက္ကမံ၊ အစဉ်အား လျော်စွာ။ ပထမဇ္ဈာနာဒိမဟဂ္ဂတသမာပတ္တိံ၊ ပထမဈာန်အစရှိသော မဟဂ္ဂုတ်သမာပတ်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ ဝုဋ္ဌာယ၊ သမာပတ်မှ ထပြီးလျှင်။ တတ္ထ ဂတေ၊ ထိုထိုသမာပတ်မှ ထပြီးရာဓော၌ပင်လျှင်။ ဝိပဿန္တော၊ ဝိပဿနာရှုလျက်။ ယာဝအာကိဉ္စညာယတနံ၊ အာကိဉ္စညာယ တနဈာန်တိုင်အောင်။ ဂန္တွာ၊ စိတ်အစဉ်ဖြင့်သွား၍။ တတော၊ ထိုအာကိဉ္စ ညာယတနဈာန်မှ။ ပရံ၊ နောက်၌။ အဓိဋ္ဌေယျာဒိကံ၊ အဓိဋ္ဌာန်ခြင်း အစ ရှိသော။ ပုဗ္ဗကိစ္စံ၊ ပုဗ္ဗကိစ္စ ၄-ပါးကို။ ကတွာ၊ ပြုပြီး၍။ နေဝသညာနာ သညာယတနံ၊ နေဝသညာနာသညာယတနဈာန်ကို။ သမာပဇ္ဇတိ၊ ဝင်စား၏။ တဿ၊ ထို နေဝသညာနာသညာယတန ဈာန်၏။ ဒွိန္နံ၊ ၂-ကြိမ်ကုန်သော။ အပ္ပနာဇဝနာနံ၊ အပ္ပနာဇောတို့၏။ ပရတော၊ နောက် ၌။ စိတ္တသန္တတိ၊ စိတ်အစဉ်သည်။ ဝေါစ္ဆိဇ္ဇတိ၊ ပြတ်၏။ တတော၊ ထို စိတ်အစဉ် ပြတ်ခြင်းကြောင့်။ နိရောဓသမာပန္နောနာမ၊ နိရောဓသမာ ပတ်သို့ရောက်သည်မည်သည်။ ဝါ၊ နိရောဓသမာပတ်ဝင်စားသည် မည်သည်။ ဟောတိ၊ ဖြစ်၏။**

---

**နိရောဓသမာပတ်**

၇၃။ သမာပတ် ၈-ပါး (ဈာန် ၉-ပါး) ကို ရပြီးသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်သည်။

ထိုအနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်ဝင်စားလိုလတ် သော် မိမိရပြီးသော လောကီဈာန်တို့တွင် ပထမဈာန်ကို ဝင်စားရသည်၊ ယင်းပထမဈာန်မှ ထပြီးနောက် ပထမဈာန်၌ပါသော "စိတ်,စေတသိက်" ဟူသော သင်္ခါရကို "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု ဝိပဿနာရှုရသည်၊ ထိုနည်း တူစွာ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, အာကာသာနဉ္စာယ- တနဈာန်, ဝိညာနဉ္စာယတနဈာန်တို့ကို ဝင်စားရသည်၊ ဈာန်မှ ထတိုင်း ထတိုင်း ဈာန်၌ပါသော သင်္ခါရကို ဝိပဿနာရှုရသည်၊ထို့နောက် အာကိဉ္စ- ညာယတနဈာန်ကို ဝင်စားရသည်၊ ဈာန်မှအထတွင် ဝိပဿနာမရှုတော့ပဲ—

**၇၄။ ပန၊ ဆက်ဦးအံ့။ ဝုဋ္ဌာနကာလေ၊ သမာပတ်မှ ထရာကာလ၌။ အနာဂါမိနော၊ အနာဂါမ်ပုဂ္ဂိုလ်၏ သန္တာန်၌။ အနာဂါမိဖလစိတ္တံ၊ အနာဂါမိဖိုလ်စိတ် သည်ရင်း။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌။ အရဟတ္တဖလစိတ္တံ၊ အရဟတ္တဖိုလ်စိတ်သည်ရင်း။ ကေဝါ့ချမေဝ၊ တကြိမ် တည်းသာလျှင်။ ပဝတ္တိတ္ဝာ၊ ဖြစ်ပြီးသည်ရှိသော်။ ဘဝင်္ဂပါတော၊ ဘဝင် ကျခြင်းသည်။ ဟောတိ၊ ၏။ တတော၊ ထိုဘဝင်မှ။ ပရံ၊ နောက်၌။ ပစ္စဝေက္ခဏဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ပဝတ္တတိ၊ ဖြစ်၏။**

**ဧတ္ထ၊ ဤဝိပဿနာသင်္ဂဟ၌။ အယံ၊ ဆိုအပ်ပြီးသည်ကား။ သမာပတ္တိ- ဘေဒေါ၊ သမာပတ္တိဘေဒတည်း။**

**စ၊ နိဂုံးကား။ ဝိပဿနာကမ္မဋ္ဌာနနယော၊ ဝိပဿနာ ကမ္မဋ္ဌာန်း နည်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

---

၁။ နာနာဗဒ္ဓအဝိကောပန=အခြားနေရာ၌ ရှိနေသော မိမိ၏ ဘဏ္ဍာကို "ရန်သူတို့ မဖျက်ဆီးနိုင်ပါစေသတည်း"ဟုအဓိဋ္ဌာန်ခြင်း၊ (မိမိနှင့် စပ်နေသော သင်္ကန်းစသည်ကိုကား အဓိဋ္ဌာန်ရန်မလိုပါ၊ သမာပတ် အစွမ်းကြောင့် ပျက်လည်းမပျက်စီးနိုင်ပါ။)

၂။ သံဃပဋိမာနန=သံဃာက မျှော်လင့်စောင့်ဆိုင်းသည့်အခါ "အခေါ် မလာမီ သမာပတ်မှထအံ့"ဟု ဆင်ခြင်ခြင်း၊

၃။ သတ္ထုပက္ကောသန="ဘုရားရှင် ခေါ်တော်မူလိုသည့်အခါ အခေါ် မလွှတ်မီ သမာပတ်မှထအံ့"ဟု ဆင်ခြင်ခြင်း၊

၄။ အဒ္ဓါနပရိစ္ဆေဒ=မိမိအသက်ရှည်ရာကာလကို ပိုင်းခြားခြင်း၊

ဤပုဗ္ဗကိစ္စကို ပြုပြီးသောအခါ ကာမဇောမနောဒွါရဝီထိတို့ ဖြစ်သည်၊ ထို့နောက် နေဝသညာနာသညာယတနစျာန်ကို ဝင်စားရသည်၊ စျာန်ဇော ၂-ကြိမ်အဆုံးမှာ စိတ်အစဉ် ပြတ်စဲသည်၊ စိတ်အစဉ်ပြတ်လျှင် စေတသိက်နှင့် စိတ္တဇရုပ်များလည်း ဖြစ်ခွင့်မရှိတော့ပါ၊ ဤသို့ စိတ်,စေတသိက်, စိတ္တဇရုပ် တို့၏ ချုပ်ငြိမ်းခြင်းကိုပင်"နိရောဓသမာပတ်ဝင်စားသည်"ဟုခေါ်သည်။

၇၄။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိ ဖိုလ်ဇောတကြိမ် ဖြစ်သည်၊ ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ဇောတကြိမ် ဖြစ်သည်၊ ထို့နောက် ဘဝင်ကျသည်၊ ဘဝင်နောက်မှာ ပစ္စဝေက္ခဏာဝီထိ ဖြစ်သည်။

၇၅။ ဇန၊ တိုက်တွန်းဦးအံ့။ သာသနေ၊ဗုဒ္ဓမြတ်စွာသာသနာတော်၌။ ပဋိပတ္တိရသဿာဒံ၊ ပဋိပတ္တိအရသာ, သာယာဖွယ်ကောင်း, စျာန်ချမ်းသာ ဖိုလ်ချမ်းသာ ၂-ပါးအပေါင်းကို။ ပတ္ထယန္တေန၊ လိုလား တောင့်တသော ပုဂ္ဂိုလ်သည်။ ဣစ္စေဝံ၊ ဤဆိုအပ်ပြီးသောအစဉ်ဖြင့်။ ဥတ္တမံ၊မွန်မြတ်သော။ ဘာဝနာဒွယံ၊ သမထ, ဝိပဿနာ ဘာဝနာ ၂-ပါးအပေါင်းကို။ ဘာဝေ တဗ္ဗံ၊ ဖြစ်စေအပ် ဖြစ်စေထိုက်၏။

အဘိဓမ္မတ္ထသင်္ဂဟေ၊ ၌။ ကမ္မဋ္ဌာနသင်္ဂဟဝိဘာဂေါနာမ၊ ကမ္မဋ္ဌာန သင်္ဂဟဝိဘာဂမည်သော။ နဝမော၊ ၉-ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းသည်။ ဣတိ၊ ပြီးပြီ။

---

ဥယျောဇဉ်

၇၅။ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ စျာန်ချမ်းသာ, ဖိုလ်ချမ်းသာတို့သည် သာယာဖွယ် အကောင်းဆုံးသော ချမ်းသာများ ဖြစ်သည်၊ မှန်ကန်သော ပဋိပတ်၏အရသာများလည်း ဖြစ်သည်၊ ယင်း''စျာန်ချမ်းသာ,ဖိုလ်ချမ်းသာ'' ၂-ပါးကို လိုလားတောင့်တသော ပုဂ္ဂိုလ်သည် ဆိုခဲ့ပြီးသော အစဉ်ဖြင့် ''သမထ,ဝိပဿနာ''ဘာဝနာ ၂-ပါးကို ပွါးများရမည်၊ အားထုတ်ရမည်။

ကမ္မဋ္ဌာန်းပိုင်း ပြီးပါပြီ။

# ကျမ်းပြီး နိဂုံး

(က) စာရိတ္တသောဘိတဝိသာလကုလောဒယေန၊
သဒ္ဓါဘိဝုဍ္ဎ ပရိသုဒ္ဓ ဂုဏောဒယေန၊
နမ္ဗဝှယေန ပဏိဓာယ ပရာနုကမ္ပံ၊
ယံ ပတ္ထိတံ ပကရဏံ ပရိနိဋ္ဌိတံ တံ။

(က) စာရိတ္တသောဘိတဝိသာလကုလောဒယေန၊ စာရိတ္တကြွယ်, လွန်တင့်တယ်၍, ကြီးကျယ်မျိုးရိုး, ပွါးတိုးသက်ဆင်း, ဖြစ်ပွါးရခြင်းလည်း ရှိပေသော။ သဒ္ဓါဘိဝုဍ္ဎပရိသုဒ္ဓဂုဏောဒယေန၊ သဒ္ဓါတိုးပွါး,စင်ကြယ်သော ဂုဏ်အများတို့၏, မြင့်မားတိုးတက်ခြင်းလည်း ရှိပေထသော။ နမ္ဗဝှယေန၊ နမ္ဗ အမည်ရှိသော ဒါယကာသည်။ ပရာနုကမ္ပံ၊ သူတပါးအား, သနားကြင်နာ, ကရုဏာကို။ ပဏိဓာယ၊ စိတ်ဝယ်သွင်းမှု, အရင်းပြု၍။ ယံပကရဏံ၊ အကြင် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို။ ပတ္ထိတံ၊ ရေးသားဖို့ရန်, ရှေးရှု တောင်းပန်အပ်ခဲ့ပါပြီ။ တံ ပကရဏံ၊ ထို အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းသည်။ ပရိနိဋ္ဌိတံ၊ လုံးစုံဝန်းကျင်, ပြီးစီးအောင်မြင်ခဲ့ပါပြီ။

နမ္ဗ မည်သော ဒါယကာသည် အကျင့်စာရိတ္တအားဖြင့် အလွန်တင့်တယ်သည်၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော မျိုးရိုးမှ သက်ဆင်းဖြစ်ပွါးလာသူလည်း ဖြစ်သည်၊ တိုးတက်သော သဒ္ဓါတရားလည်း ရှိသည်၊ စင်ကြယ်ပေါ်များ တိုးပွါးသော သူတော်ကောင်းတို့၏ ဂုဏ်နှင့်လည်း ပြည့်စုံသည်။

ထိုသို့ အမျိုးဂုဏ်, အကျင့်ဂုဏ်နှင့် ပြည့်စုံသည့် နမ္ဗမည်သော ဒါယကာက အဘိဓမ္မာအရာ၌ တွေဝေနေသော ရဟန်း ရှင် လူများကို တွေ့မြင်ရသည့် အခါမှာ ထိုသူများအပေါ်၌ သနားကြင်နာ ကရုဏာသက်ဝင်လာသည်၊ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ရေးသားစီရင်ပေးပါမည့်အကြောင်း အကျွန်ုပ် (အရှင်အနုရုဒ္ဓါ)ထံ လာရောက်တောင်းပန်သည်။

ဤသို့ နမ္ဗ မည်သော ဒါယကာ တောင်းပန်သဖြင့် ဤအဘိဓမ္မတ္ထသင်္ဂြိုဟ် ကျမ်းကို ရေးသားစီရင်လာခဲ့ရာ ယခုအခါ လုံးဝပြီးစီး အောင်မြင်ခဲ့ပါပြီ။

## **အာသီသပတ္ထနာ**

(ခ) ပုညေန တေန ဝိပုလေန တု မူလသောမံ၊
ဓညာ ဓိဝါသ မုဒိတော ဒိတ မာယုဂန္တံ၊
ပညာဝဒါတ ဂုဏသောဘိတလဇ္ဇီ ဘိက္ခူ၊
မညန္တု ပုညဝိဘဝေါဒယ မင်္ဂလာယ။

(ခ) တု၊ တောင့်တချက်ကို ပြဆိုဦးအံ့။ ဝိပုလေန၊ ကြီးကျယ်များပြား၊ လွန်တိုးပွါးသော။ တေန ပုညေန၊ ကျမ်းဂန်ပြုစု၊ ထိုကောင်းမှုကြောင့်။ ပညာဝဒါတဂုဏသောဘိတလဇ္ဇီ၊ မဂ်ပညာ၏ စင်ကြယ်ကြောင်း၊ သီလအစ ရှိသော ဂုဏ်အပေါင်းဖြင့် တင့်တယ်သည့်၊ လဇ္ဇီသူတော်ကောင်းဖြစ်ကုန်သော။ ဘိက္ခူ၊ အဆက်ဆက်ထွန်းပေါ်၊ ရဟန်းတော်တို့သည်။ ဓညာဓိဝါသံ၊ ဘုန်းရှိသူတို့၏သာ၊ နေထိုင်ရာလည်းဖြစ်ပေသော။ မူလသောမံ၊ မူလသောမ မည်ရ ဝှံချီ၊ ကျောင်းတိုက်ကြီးကို။ အာယုဂန္တံ၊ ယုဂ်လေးကြိမ်သည်း၊ ကမ္ဘာဆုံးသည့် တိုင်အောင်။ ပုညဝိဘဝေါဒယမင်္ဂလာယ၊ ကောင်းမှုစည်းစိမ်၊ အရှိန်ပွါးတိုး၊ မင်္ဂလာအကျိုးငှါ။ မညန္တု၊ အမြဲမပြတ်၊ အမှတ်ရကြပါစေကုန်သတည်း။

အကျွန်ုပ်တို့၏ နေထိုင်ရာ ဤမူလသောမကျောင်းတိုက်ကြီးသည် သာမည ကျောင်းတိုက်ကြီးမျိုး မဟုတ်ပါ၊ ဘုန်းရှင် ကံရှင် သမ္ဘာရှင်တို့၏သာ နေထိုင်ရာ ဖြစ်ပါသည်၊ ဤသီဟိုဠ်ကျွန်း၌ အကျော်ကြားဆုံး ကျောင်းတိုက် လည်း ဖြစ်ပါသည်။

အကျွန်ုပ်သည် ဤ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ရေးသားစီရင်သည့်အတွက် ကြီးကျယ်များပြားသော ကုသိုလ်ကောင်းမှုကို ရရှိပါသည်၊ ထိုကုသိုလ် ကောင်းမှုကြောင့် နောင်အဆက်ဆက် ပေါ်ထွန်းလာသော ရဟန်းတော်တို့ သည် အရိယာမဂ်ပညာ၏ စင်ကြယ်ကြောင်း သီလအစရှိသော ဂုဏ် အပေါင်းဖြင့် တင့်တယ်သည့် လဇ္ဇီသူတော်ကောင်းချည်း ဖြစ်ကြ၍ အကျွန်ုပ် တို့၏ နေထိုင်ရာ မူလသောမကျောင်းတိုက်ကြီးကို ကမ္ဘာဆုံးသည့်တိုင်အောင် ကုသိုလ်ကောင်းမှုတို့၏ တိုးပွါးရာ မင်္ဂလာအောင်မြေအလို့ငှါ အမြဲမပြတ် အမှတ်တရ စောင့်ရှောက်ရစ်ကြပါစေ။

အနုရုဒ္ဓါစရိယေန၊ အနုရုဒ္ဓါ မြတ်ဆရာသည်။ ရစိတံ၊ ရေးသားပြုပြင် **စီရင်အပ်သော။** အဘိဓမ္မတ္ထသင်္ဂဟံ နာမ၊ အဘိဓမ္မတ္ထသင်္ဂဟ မည်သော။ **ပကရဏံ၊** ကျမ်းသည်။ ဋ္ဌိတံ၊ ပြီးပြီ။

## အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး

## ၏

# နိဂုံး

နိဋ္ဌာပိတာ ဘိဓမ္မတ္ထ—သင်္ဂဟဿ စ ဝဏ္ဏနာ၊
တာယူပတ္ထမ္ဘိတာ ကိံ နု၊ လဘေယျုံ ပဝရံ ဝရံ။

စ၊ ကျမ်း၏အဆုံး, ကမ္ပတ်ဖုံး၍, နိဂုံးစကား, မြွက်ဆိုကြားပါဦးအံ့။ မယာ၊ နက်ကျယ်လွန်စွာ, ဘိဓမ္မာကို, လေ့လာသူများ, သိဉာဏ်ပွါးအောင်, ကြိုးစားအားထုတ်, အကျဉ်းရုပ်သည်။ အဘိဓမ္မတ္ထသင်္ဂဟဿ၊ သွင်ပြင်တမျိုး, မြင်မရိုးသည့်, နည်းမျိုးစုံပြွမ်း, အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏။ ဝဏ္ဏနာ၊ အနက်ပြည့်ကြွယ်, အဓိပ္ပါယ်ဆောင်ပုဒ်, သရုပ်ဇယား, သွင်းထားပေါင်းကာ, အဘိဓမ္မတ္ထသင်္ဂဟပန်းကုံးတည်းဟူသော အဖွင့်သံဝဏ္ဏနာကို။ နိဋ္ဌာပိတာ၊ ချီးကျူးစရာကုံးလုံ, ဆည်းပူးစရာအဖုံဖုံဖြင့်,နည်းစုံဖြန့်ဝေ,ပြီးဆုံးစေခဲ့လေပြီ။

တာယ၊ နည်းထူးများမြတ်, ဆည်းပူးသွတ်၍, ပြုအပ်သချာ, ထို အဘိဓမ္မတ္ထသင်္ဂဟပန်းကုံးတည်းဟူသော အဖွင့်သံဝဏ္ဏနာသည်။ ဥပတ္ထမ္ဘိတာ၊ အနက်ဖြင့် တသွယ်, အဓိပ္ပါယ်ဖြင့် တနဲ, သရုပ်ခွဲဖြင့် တတန်, အဖန်ဖန် အထပ်ထပ်, ထောက်ပံ့ကူညီအပ်ကုန်သော သူတို့သည်။ တနည်း=တာယူ-ပတ္ထမ္ဘိတာ၊ ထို အဘိဓမ္မတ္ထ, သင်္ဂဟပန်းကုံး, မှည့်ထုံးမကွာ, သံဝဏ္ဏနာ၏, သချာကျန, အကူအညီကို ရရှိကြသူတို့သည်။ ပဝရံ၊ နိုင်ငံအတွင်း, ပြိုင်စံကင်းအောင်, အောင်ခြင်းမြင့်မြတ်, ပထမကျော်တည်းဟူသော ဆုလာဘ်ကို ၎င်း။ ဝရံ၊ ငယ် လတ် ကြီးတန်း, ရည်ရွယ်မှန်းတိုင်း, အောင်ခန်း အောင်မှု, အောင်မြင်ခြင်းတည်းဟူသော ဆုကို၎င်း။ကိံ နုလဘေယျုံ၊ ကူညီဟန်ကလည်း လမ်းမှန်, အကူခံကလည်း စွမ်းသန်ပါလျှင်, ဝန်းရံများစွာ, ကောင်းကျိုးတွေ လာတတ်ပါ၍, အဘယ်မှာလျှင် မရတုံပဲ ရှိကြပါတော့မည်နည်း။ လဘေယျုံ ဧဝ၊ မြေကြီးလက်ခတ်, မလွဲတတ်သို့, မချွတ်သေချာ, ရကြရာတော့သည် သာတည်း။

## ဤကျမ်းစာသည်

အခြေခံ မူလတန်း,

ပထမငယ်တန်း,

ပထမလတ်တန်း,

ပထမကြီးတန်း,

များအတွက် တဆင့်ပြီးတဆင့် လေ့လာနိုင်အောင် အထူး စီစဉ်ထားသော ကျမ်းစာဖြစ်ပါသည်။

## ဤကျမ်းစာ၌

ခေတ်မီဆန်းသစ်သောနည်း,

ရှင်းလင်းလွယ်ကူသောနည်း,

ပေါ်လွင်ထင်ရှားသောနည်း,

တိကျလျင်မြန် အမြင်သန်စေသောနည်း,

ဤသို့ ကြည့်ရှုလေ့လာသူများအား အထောက်အကူ ပေးနိုင်သောနည်းကောင်းနည်းမှန်များကိုသာ ရွေးချယ်တင်ပြထားပါသည်။

## ထို့ကြောင့် ဤကျမ်းစာသည်

- စာသင်သားတိုင်း လက်ကိုင်ထားသင့်သော ကျမ်းစာကောင်းတစောင်ဖြစ်ပါသည်။
- ဗုဒ္ဓအဘိဓမ္မာ ဆိုင်ရာ အသိဉာဏ်ကို လျင်မြန်စွာ ရင့်သန်အောင် ရွက်ဆောင်ပေးပါလိမ့်မည်။
- မာတိကာ,ဓာတုကထာ,ယမိုက်,ပဋ္ဌာန်း ညဝါကျမ်းများကို တက်လှမ်းသင်ယူရာ၌ လွယ်ကူသက်သာအောင် ကြီးမားသော ထောက်ပံ့ကူညီမှုကို ပြုပါလိမ့်မည်။
- သက်ဆိုင်ရာ စာမေးပွဲများ၌ အထက်တန်းမှ အောင်မြင်ရန်လည်း တာဝန်ယူပါလိမ့်မည်။